http://www.dhammadownload.com

ခရမ်းမြို့
ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်
ဒုတိယ ကိုင်းကုန်းဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တတေဇ
ပြုစု၍
အရှင်အာစိဏ္ဏ (စာချ) တည်းဖြတ်သော

ကိုင်းကုန်းသင်္ဂြိုဟ်

ဆိုရိုးကျမ်း

ဗုဒ္ဓသာသနာ ၂၅၆၂ ခု၊ ပြည့်နှစ်ဆန်း ၅ ရက်

http://www.dhammadownload.com

သင်္ကြိဟ်ကို ဆိုရိုးလုပ်၍ ပို့ချကျွဲ့

၁။ မြန်မာပြန်လည်း ကိစ္စပြီးခြင်း။

၂။ သရုပ်ခွဲပြီးလည်း ဖြစ်ခြင်း။

၃။ ဋီကာကျော်လာအဓိပ္ပါယ် အချို့ကိုလည်းနားလည်စေခြင်း။

၄။ စာသင်သားများ ဉာဏ်ထုတ်ပြီး စဉ်းစားယူရမည့်အချက်များ (ဉာဏ်စမ်းများ)ကိုလည်း သိရပြီးဖြစ်ခြင်း။

ဤကဲ့သို့ တစ်ချက်နှုတ် လေးချက်
ဖြတ်သည်ကို တွေ့ရပေမည်။

http://www.dhammadownload.com

၁၄၀၀

ရန်ကုန်တိုင်းဒေသကြီး

ခရမ်းပြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်

ပဓာနမဟာနာယကဆရာတော်

သာသနဓဇသိရိပဝရဓမ္မာစရိယ

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တဝေဓမဟာထေရ်

သည်

စနစ်သစ်ပညာရေး

အခြေပြုမူလတန်းနှင့် ငယ်၊ လတ်၊ ကြီးတန်းဝင်

သောတဇနတို့အကျိုးငှာ

စီရင်ရေးသား၍

အချင်အာစိဏ္ဏ (စာချ) တည်းဖြတ်သော

ကိုင်းကုန်းသဂြိဟ်ဆိုရိုးကျမ်း

(ဦးကာကျော်အဓိပ္ပါယ် ကောက်နှတ်ချက်များ ပါဝင်သည်။)

အဋ္ဌမအကြိမ်

သာသနာ - ၂၅၅၅ ကောဇာ - ၁၃၇၃ ခရစ် ၂၀၁၁

http://www.dhammadownload.com

သဂြိုဟ်ကို ဆိုရိုးလုပ်၍ ပို့ချကာ၌

၁။ မြန်မာပြန်လည်း ကိန္နဝြိုးခြင်း၊

၂။ သရုပ်ခွဲပြီးလည်း ဖြစ်ခြင်း

၃။ ဋီကာကျော်လာ အဓိပ္ပါယ်အချို့ကိုလည်း နားလည်စေခြင်း

၄။ စာသင်သားများ ဉာဏ်ထုတ်ပြီး
စဉ်းစား ယူရမည့်အချက်များ
(ဉာဏ်စမ်းများ)ကိုလည်း သိရှိပြီးဖြစ်ခြင်း၊
ဤကဲ့သို့ တစ်ချက်ခုတ်
လေးချက်ပြတ်သည်ကို တွေ့ရပေမည်။

http://www.dhammadownload.com

သာသနာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် - ၁၁၅ / ၂၀၁၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၂၉/၂၀၀၁/၇

စာမူအမည်	-	**ကိုင်းကုန်းသင်္ကြိုဟ်ဆိုရိုးကျမ်း**
ပုံနှိပ်သူ	-	အဖေ့မေတ္တာပုံနှိပ်တိုက်
		အမှတ် ၅၄ ၁၅ လမ်း၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	-	ဦးသန်းဆွေ (မြဲ - ၀၁၄၇၃)
		စစ်သည်တော် စာပေ
		အမှတ် ၁၁၃၁ (က)၊ ဥယျာဉ်လမ်း၊
		၁၉-ရပ်ကွက်၊ ဒဂုံတောင်ပိုင်း၊ ရန်ကုန်။
အဖုံးရိုက်	-	အဖေ့မေတ္တာပုံနှိပ်တိုက်
စာအုပ်ချုပ်	-	ဦးလှဌေး
အတွင်း/အဖုံး-ဖလင်	-	ကိုမြတ်စိုး
ကွန်ပျူတာ	-	ထူး (၂)
ဖြန့်ချိရေး	-	ဒေါ်ညွန့်ဝေ ပိဋကတ် စာအုပ်ဆိုင်
		ဆိုင်အမှတ် ၃၈၊ ရွှေတိဂုံတောင်ဘက်မုခ်၊
		ဒဂုံစာတိုက်၊ ရန်ကုန်မြို့။
မူပိုင်	-	ဦးသက်တင် + ဒေါ်ရင်ရွှေ
		အမှတ် - ၃၃၃ (ခ)၊ ဦးအောင်ဇေယျလမ်း၊
		မဟာမြိုင်ပန်းခြံ၊ ၈-ရပ်ကွက်၊ ရွှေပြည်သာမြို့။
အကြိမ်	-	အဋ္ဌမအကြိမ်
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	

ခရစ် - ၂၀၁၁ ကောဇာ - ၁၃၇၃ သာသနာ ၂၅၅၅

http://www.dhammadownload.com



ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီး၏ ဒုတိယ ကိုင်းကုန်းဆရာတော်
ဘဒ္ဒန္တတေဇ (အဂ္ဂမဟာပဏ္ဍိတ)၊ (၁၂၇၂ - ၁၃၅၂)

http://www.dhammadownload.com


http://www.dhammadownload.com

ခရမ်းမြို့ ၊ ကိုင်းကုန်းကျောင်းတိုက်ကြီး၏

ဒုတိယ ကိုင်းကုန်းဆရာတော်

ဘဒ္ဒန္တတေဇ (အဂ္ဂမဟာပဏ္ဍိတ)


အား



နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းအပ်သော

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

http://www.dhammadownload.com



http://www.dhammadownload.com

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	နှစ်ဖက်လှ-စာဂဟော	
	"ထပ်ဆင့်တည်းဖြတ်, ဖြည့်စွက်ရေးသားသူ၏	
	မှတ်တမ်းအနုသန္ဓေ"	
	ပဏာမနှင့် ပဋိညာဉ်ဂါထာ	
	သင်ဟသရုပ်များ	
၁။	စိတ်ပိုင်း	၁
၂။	စေတသိက်ပိုင်း	၉၄
၃။	ပကိဏ်းပိုင်း	၁၇၉
၄။	ဝီထိပိုင်း	၂၃၁
၅။	ဝီထိမုတ်ပိုင်း(ဘုံပိုင်း)	၂၈၇
၆။	ရုပ်ပိုင်း	၃၄၉
၇။	သမုစ္စည်းပိုင်း	၄၁၁
၈။	ပစ္စည်းပိုင်း	၄၇၁
၉။	ကမ္မဋ္ဌာန်းပိုင်း	၅၁၉
	ဦးကာကျော်ကောက်နုတ်ချက် အဓိဂါဃ်များ	
	မာတိကာ	
၁။	စိတ်ပိုင်း	၆၁၇
၂။	စေတသိက်ပိုင်း	၆၇၅
၃။	ပကိဏ်းပိုင်း	၇၀၉
၄။	ဝီထိပိုင်း	၇၂၅
၅။	ဝီထိမုတ်ပိုင်း (ဘုံပိုင်း)	၇၅၀
၆။	ရုပ်ပိုင်း	၇၉၈

http://www.dhammadownload.com

http://www.dhammadownload.com

နှစ်ဖက်လှေ စာဂဇော

သဗ္ဗညုတ္ထတ်ထား ဂေါတမရှင်တော်ဘုရားသည် တပည့်သားရဟန်းသာမဏေများ အတွက် ပညတ်ချထားတော်မူခဲ့သော ဝိနည်းပိဋကတ်တော်သည် အပြစ်အားလျော်စွာ ဆုံးမ တားမြစ်တော်မူချက်များဖြစ်၍ ''ယထာပရာဓ သာသနာ'' မည်ပါသည်။ ဝေနေယျသတ္တဝါများအား ဟောကြားတော်မူခဲ့သော တရားများအနက် သုတ္တန်ပိဋကတ်တော်သည် တရားတော်ကို ခံယူနာကြားသူများ၏ အဆင့်အတန်း စိတ်နေစရိုက်နှင့် အံကိုက်အောင် ဟောကြားတော် မူချက်များဖြစ်၍ ''ယထာနုလောမ သာသနာ'' မည်ပါသည်။ အဘိဓမ္မာပိဋကတ်တော်မူကား တစ်လောကလုံးရှိ တရားသဘောဟူသမျှကို ကုန်အောင်စုံစွာ ဟောကြားတော်မူချက် များဖြစ်၍ ''ယထာဓမ္မ သာသနာ'' မည်ပါသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်မြတ်ကို တာဝတိံသာ နတ်ပြည်၌ နတ်,ဗြဟ္မာတို့အား အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်။ လူ့ပြည်၌ ရှင်သာရိပုတ္တရာအား အကျဉ်းချုပ် ဟောကြားတော်မူခဲ့သည်။ ရှင်သာရိပုတ္တရာက မရွှိမဒေသသား ရဟန်းတော်များအား မကျဉ်းမကျယ် ပြန်လည်ဟောကြားတော်မူခဲ့သည်။ ရှင်သာရိပုတ္တရာ ဟောလိုက်သည့် အချိန်မှစ၍ လူတို့၏ ကမ္ဘာလောကတွင် ယခင်ကမဟောဘူးသေးသော ဗုဒ္ဓအဘိဓမ္မာ တရားသည် သစ်ဆန်းစွာ ထင်ရှားလာခဲ့ လေသည်။

မြတ်စွာဘုရားရှင် ဝါတော်ခုနစ်ဝါအရွှေ့ အဘိဓမ္မာ စ,တင်ပေါ်လာသည်ဖြစ်ရာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့် (၄၅)ဝါအထိ (၃၈)နှစ်တာ ကာလပတ်လုံး မြတ်စွာဘုရားလက်ထက်တော်ကြီး၌ ရဟန်းတော်များသည် အဘိဓမ္မာတရားတော်အကြောင်းကို မေးမြန်းခဲ့ကြသည်။ အချင်းချင်းဆွေးနွေးခဲ့ကြသည်။ ဆရာများထံမှ သင်ယူခဲ့ကြသည်။ မပျောက်မပျက်အောင် ထိန်းသိမ်းခဲ့ကြလေသည်။

http://www.dhammadownload.com

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်၍ ပထမသံဂါယနာ တင်သောအခါ ယင်းအဘိဓမ္မာတရားတော်ကို သီးခြားပိဋကတ်တစ်ပုံအဖြစ် တန်ဖိုးထားပြီး "အဘိဓမ္မာပိဋက" ဟူ၍ ပါဠိဘာသာဖြင့် သံဂါယနာ တင်တော်မူလိုက်ကြလေသည်။ နောက်နောင်သံဂါယနာ တင်တိုင်း ဤအဘိဓမ္မာပိဋကကို မလွတ်တမ်းဆက်လက်အထပ်ထပ် သံဂါယနာ တင်ထားကြပေသည်။

အာယ်ကြောင့်နည်း ....

ဤအဘိဓမ္မာတရားတော်သည် စဟောပြီဆိုကတည်းက နတ်,ဗြဟ္မာပေါင်း ကုဋေရှစ်သောင်းမျှကို တစ်ချီတည်း ကျွတ်တမ်းဝင်စေတော့သည်။ သံသရာဝဲသြဃမှ အပြီးအပိုင် လွတ်စေတော့သည်။ အဘိဓမ္မာကို သင်ယူသူအဆက်ဆက်တို့မှာလည်း အထက်တန်းစားကြီးဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်ကိုရ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ အထောက်အပံ့ကောင်းကြီး ဖြစ်ခဲ့ကြလေသည်။

ထို့မျှမကသေး၊ မြတ်စွာဘုရား၏ အခြားသော သာသနာနှစ်ရပ်ဖြစ်သည့် ဝိနည်းနှင့် သုတ္တန်တို့ကို ဟုတ်မှန်စွာ သိမြင်ရေးအတွက် ကြီးမားသော အထောက်အကူဖြစ်ချေသေးသည်။ မှန်ပေသည်၊ အဘိဓမ္မာသဘာဝကို အခြေမခံဘိလျှင် ဝိနည်းတရားမှာလည်း ဟန်မကျ၊ သုတ္တန်အရာမှာလည်း စကောစကဖြစ်ပေရာသည်။ သို့ဖြစ်၍ အဘိဓမ္မာသည် ဝိနည်းသာသနာနှင့် သုတ္တန်သာသနာတည်းဟူသော စကားလုံးကလေးများ လှလှပပ တန်းစီရပ်တည်နိုင်ရေးအတွက် အခြေခံမျဉ်းဖြောင့်သဖွယ်လည်း ဖြစ်ဘိသည်။

ထို့ပြင် အဘိဓမ္မာဘာသာရပ်သည် နက်နဲခက်ခဲပြီး ကျယ်ပြန့်လှသည့်အတွက် ခေတ်ကာလနောက်ပိုင်းသို့ရောက်လာသောအခါ လူသားတို့ ဉာဏ်မမီနိုင်တော့သဖြင့် တဖြည်းဖြည်း တိမ်ကောပျောက်သွားဖွယ်ရာလည်း ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဘုရားရှင်နှင့် လက်ယာတော်ရံ ပညာဓိကဒ်ရ ရှင်သာရိပုတ္တရာကစ၍ ဟောကြားလိုက်ကတည်းက အဖိုးတန် အဘိဓမ္မာပညာရပ်ကြီးကို တလေးတစား လက်ခံသင်ယူထိန်းသိမ်း သိမ်းပိုက်ခဲ့ကြသည်။ ယနေ့အထိ နှစ်ပေါင်း ၂၅၃၀-ကျော်မျှ ပါဠိဘာသာဗုဒ္ဓအဘိဓမ္မာသည် အဆက်ရှည်ကြာ တည်နေခဲ့လေပြီ။

သို့ရာတွင် ခေတ်တို့သည် ပြောင်းလာသည်နှင့်အမျှ လူတို့သည်လည်း ပြောင်းလဲ

http://www.dhammadownload.com

လာခဲ့သည်။ လူယဉ်ကျေးမှု လူကိရိယာများလည်း ပြောင်းလဲလာခဲ့ကြသည်။ ယင်းသို့ ခေတ်ပြောင်း ကာလပြောင်းမှာ အဘိဓမ္မာပညာရပ်ကြီး မပွန်းမပဲ့ ကင်္ကဲကစောင်း မဖြစ်စေဘဲ ခေတ်စနစ်နှင့်ညီအောင် တဲ့ပေး,လှည့်ပေးလာခဲ့သည့် အဘိဓမ္မာသမားကြီးများ၏ ကျေးဇူးကိုမူ သတိမပြုဘဲ မနေသင့်ချေ။

အကျဉ်းချုပ်ဆိုရမူ ဗုဒ္ဓသာသနာတော်နှစ် (၂၃၅)တွင် ဓမ္မာဒိပ်၌ တတိယသံဂါယနာ တင်ချိန် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က မြတ်စွာဘုရား အကျဉ်းမျှသာ ထားခဲ့သော မာတိကာကို အခြေခံ၍ ပါဠိဘာသာဖြင့် 'ကထာ-ဝတ္ထု အဘိဓမ္မာ' ကျမ်းတစ်ကျမ်း ဖြစ်ပေါ်အောင် အကျယ်ဟောပေးခဲ့သည် မဟုတ်လော။

သာသနာနှစ် (၄၅၀)မှာလည်း လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း၌ သီဟိုဠ်သံဃာများက အဘိဓမ္မာပိဋကကို ပေထက်အက္ခရာတင်၍ ခိုင်မြဲအောင်လုပ်လိုက်ကြပြန်သည်။ အခြေအနေက တောင်းဆိုလာသည့်အတွက် ယင်းသို့ ပြုလုပ်ရသည်ကို မည်သူမျှ မငြင်းနိုင်ကြချေ။

ယင်းသည့်နောက်နှစ်ပေါင်း (၄၅၀)အထိ ဘုရားဟောအဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကျမ်းရင်းများကို သင်အံပို့ချလေ့လာခဲ့ကြသည်။ သို့ရာတွင် နှစ်တွေစားစားလာသည်နှင့်အမျှ နောက်ပိုင်းရောက်လေလေ အဘိဓမ္မာ သဘာဝ ခက်ရာခက်ဆစ်များ၌ လူတို့ ဉာဏ်မမှီနိုင်လေလေ ဖြစ်လာသည်။

ထိုအချိန်တွင် သာသနာနှစ် (၉၃၀)ခန့်၌ ပေါ်ထွန်းသော ဗုဒ္ဓမတညူ (ဘုရားရှင်၏ အလိုကိုသိသော) ရှင်မဟာဗုဒ္ဓဃောသသည် "ပါဠိတော်ကျမ်းတွေအတိုင်း ရှိနေရုံဖြင့် မဖြစ်တော့ဘူး၊ ရှေးအဋ္ဌကထာဟောင်းကြီးများဖြင့်လည်း မလုံလောက်တော့ဘူး။ သို့ဖြစ်၍ ယင်းပါဠိတော်များ၏ အဖွင့်သစ်များကို ရေးသားပေတော့မှ ဖြစ်မည်" ဟု ဆုံးဖြတ်ကာ သီဟိုဠ်နိုင်ငံ၌ပင် အဘိဓမ္မာအဋ္ဌကထာကြီး သုံးကျမ်းကို ပါဠိဘာသာဖြင့် ရေးသားပြုစုပေးရပေသည်။

ဓမ္မသင်္ဂဏီပါဠိတော်ကို ဖွင့်ပြသော အဋ္ဌကထာကျမ်းကို (အဋ္ဌသာလိနီ အဋ္ဌကထာ) ဟုခေါ်သည်။ ဝိဘင်းပါဠိတော်ကြီးကို ဖွင့်ပြသော အဋ္ဌကထာကျမ်းကို (သမ္မောဟဝိနောဒနီ အဋ္ဌကထာ)ဟုခေါ်သည်။ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိက်၊ ပဋ္ဌာန်း ဟူသော ပါဠိတော်ငါးကျမ်းကို ဖွင့်ပြသည့် အဋ္ဌကထာကျမ်းကို (ပဉ္စပကရဏ အဋ္ဌကထာ)

http://www.dhammadownload.com

ဟုခေါ်သည်။

ယင်းသို့ အာဘိဓမ္မာ အဋ္ဌကထာသစ်များကို ရေးပေးရခြင်းသည် ထိုခေတ်လူသားများအနေဖြင့် ပါဠိတော်မျှဖြင့် မလုံလောက်တော့၍ (၀၀) ဉာဏ်မမှိုန်ငြိတော့၍ အယူအဆတိမ်းယိမ်းသွားမှာစိုး၍ အယူမှန်သဘောမှန်ဖြစ်စေရန်အတွက် ပါဠိတော်များ၏အဖွင့် အဋ္ဌကထာများကို ရေးပေးရခြင်းဖြစ်ကြောင်း သိစေအပ်ပေသည်။

ရှင်မဟာဗုဒ္ဓဃောသက ပါဠိတော်လာ အနက်အဓိပ္ပါယ်များကို လူတွေနားလည်အောင် အကျယ်တဝင့် ဖွင့်ဆိုရေးသားနေစဉ် ရှင်မဟာဗုဒ္ဓဃောသနှင့် ပြောင်းပြန်လုပ်သော သီဟိုဠ်ပညာကျော်တစ်ပါးကလည်း သူ့အလုပ်ကို လုပ်လျက်ပင် ထိုအရှင်က အာဘိဓမ္မာကို စတင်သင်ယူသူများ အလွယ်တကူ သက်ဝင်ကျက်စားနိုင်ရန်အတွက် အာဘိဓမ္မာသဘာဝ အကျဉ်းချုပ်များကို ပါဠိဘာသာဖြင့် ရေးသားစီရင်တော်မူသည်။ ထိုအရှင်မှာ အရှင်ဗုဒ္ဓဒတ္တဖြစ်တော်မူ၏။ သူပြုစုသော အာဘိဓမ္မာ အကျဉ်းချုပ်ကျမ်းများမှာ "အာဘိဓမ္မဝတာရ" နှင့် "ရူပါရူပဝိဘာဝ" တို့ဖြစ်လေသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ ခေတ်နောက် နှစ်ပေါင်း (၂၀၀)ကျော် (သာသနာနှစ်-၁၂၀၀)ခန့် ရောက်ပြန်သောအခါ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာကျမ်းများကိုပင် အဖွင့်အဓိပ္ပါယ်ကဲ့ကောင်းစွာမသင်ယူနိုင်ဖြစ်လာပြန်သဖြင့် ရှင်အာနန္ဒာအမည်ရှိသော သီဟိုဠ်သား အာဘိဓမ္မာပါရဂူကြီးတစ်ပါးက အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာကြီးသုံးကျမ်းကို သဘောပေါက်အောင် အဖွင့်ဋီကာသုံးကျမ်း ထပ်ရေးရပြန်လေသည်။ ထိုဋီကာများသည် ပါဠိ ဘာသာဋီကာ လောကတွင် အစဦးစွာပေါ်သော ဋီကာများဖြစ်၍ "မူလ" ဟူသော ဂုဏ်ထူးကိုရပြီး မူလဋီကာများဟူ၍ အသိအမှတ်ပြုခံရပေသည်။

ထိုသီဟိုဠ်နိုင်ငံမှာပင် ဆရာတော်ဓမ္မပါလက မူလဋီကာကိုထပ်မံ ဖွင့်ဆိုပေးခဲ့ပြန်သည်။ သူ၏အဖွင့်ဋီကာများကိုကား "အနုဋီကာ" ဟုခေါ်ကြသည်။

သာသနာနှစ် (၁၅၀၀)ခန့်ရောက်သောအခါ သီဟိုဠ်နိုင်ငံ၌ပင် အရှင်အနုရုဒ္ဓါအမည်ရှိသော အာဘိဓမ္မာပညာရှင်တစ်ပါးက "အာဘိဓမ္မတ္ထသင်္ဂဟ" ဟူသော အမည်ဖြင့် အာဘိဓမ္မကျမ်းတစ်ဆူကို ပါဠိဘာသာဖြင့် ပြုစုလိုက်လေသည်။ ထိုအချိန်မှနောက်၌လည်း သီဟိုဠ်သာသနာလောကတွင် ပါဠိဘာသာဖြင့်တစ်မျိုး၊ တိုင်းရင်းသီဟိုဠ်ဘာသာဖြင့်တစ်ဖုံ

http://www.dhammadownload.com

အဘိဓမ္မာအထောက်အကူပြု ကျမ်းအဖုံဖုံပြုစုခဲ့ကြသည်။

ထိုသို့ ဓမ္မုဒ်ပဟုခေါ်သော ယခုအိန္ဒိယနှင့် သီဟိုဠ်(ခေါ်)သီရိလင်္ကာနိုင်ငံတို့တွင် အဘိဓမ္မာကျမ်းများ အဘိဓမ္မာတရားများ ထွန်းကားနေစဉ် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံ အထူးသဖြင့် သုဝဏ္ဏဘူမိသထုံဒေသ၌လည်း အဘိဓမ္မာကျမ်းများနှင့် အဘိဓမ္မာတရားများ ရောက်ရှိနေကြပြီးဖြစ်သည်။ သို့သော် သမိုင်းအရ မထင်ရှားကြသေးပေ။

သာသနာနှစ် (၁၆၀၁)၊ မြန်မာသက္ကရာဇ် (၄၁၉)တွင် သထုံမှပါဠိဘာသာ ပိဋကတ်တော်များကို ပုဂံနေပြည်တော်သို့ ပင့်ယူခဲ့ရာ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ အဘိဓမ္မာ သာသနာသည် ပွင့်လင်းထင်ရှားလာတော့သည်။

တစ်ခုသတိပြုရန်မှာ ပုဂံခေတ်ဦးကာလ၌ မြန်မာစာပေသည် ကောင်းစွာ မထွန်းကားသေးချေ။ မြန်မာ့စာပေထက် ပါဠိဘာသာစာပေက ပို၍ အသုံးများနေပေသေးသည်။ သို့ဖြစ်၍ အဘိဓမ္မာကို သင်ယူကြသော ပုဂံသူ, ပုဂံသားတို့သည် ပါဠိဘာသာဖြင့် အများဆုံးသင်ယူကြသည်။ အဘိဓမ္မာကောင်းစွာတတ်သော စာချဉ်ရင် ကျွမ်းကျင်းသည်ပင် ပုဂံသူ, ပုဂံသားများအတွက် အဘိဓမ္မာကျမ်းစာကို ပါဠိဘာသာဖြင့် ရေးပေးရလေသည်။ သူ၏ကျမ်းမှာ "ပရမတ္ထဓိနှ" မဟုတ်ပါလော။

မြန်မာစာပေနှင့် ဘာသာစကားကိုတတ်အောင် ပုဂံတစ်ခေတ်လုံး ထူထောင်လာကြရာ ပင်းယခေတ်လောက်အရောက်တွင် မြန်မာစာပေသည် ပါဠိကိုမှီလာပေပြီ။ ထို့ကြောင့် ပင်းယခေတ်တွင် ပါဠိအဘိဓမ္မာကျမ်းများပေါ်သကဲ့သို့ မြန်မာဘာသာရေး အဘိဓမ္မာစာပေများလည်း စတင်မွေးဖွားလာပြီဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခေတ်ပြောင်းသည်နှင့်အမျှ လူနှင့်လူတို့၏ အသိဉာဏ်သည်လည်း ပြောင်း၍လာပေရာ ခေတ်ပေါ်လူသားတို့နှင့် အံဝင်ခွင်ကျအောင် (၀၂) ထိုခေတ်သူ, ခေတ်သားတို့ အဘိဓမ္မာတရားသဘောကို နားလည်အောင် ပြုပြင်ပုံသွင်းလာကြရသည်မှာ ဓမ္မတာပင်ဖြစ်ချေသည်။

ယင်းသို့မှ မလုပ်ပေးနိုင်လျှင် ထိုထိုခေတ်လူတို့က မမှီမကမ်းဖြစ်ပြီး အဖိုးတန် ပညာရပ်ဖြစ်သော အဘိဓမ္မာတရားသည် လူနှင့်ကင်းကွာသွားမည် မဟုတ်ပါလော။

http://www.dhammadownload.com

အင်းဝခေတ်တွင် ပါဠိဘာသာလည်း အားကောင်းသည်။ မြန်မာဘာသာလည်း ထိပ်တန်းရောက်နေသည်။ ဤသို့အားပြိုင်မှုရှိနေသည့်အတိုင်း အဘိဓမ္မာတရားကို ပါဠိဖြင့် ရေးသောကျမ်း များစွာပေါ်ထွက်သကဲ့သို့ ပါဠိဘာသာနှင့် မြန်မာဘာသာကိုပေါင်းကူးလာသော ပါဠိတစ်ကျော့၊ မြန်မာတစ်ကျော့ရေးသည့် နိဿယကျမ်းများလည်း ပေါ်ထွက်လာလေသည်။ ဋီကာကျော်၏အဖွင့် နာမည်ကျော် "မဏိသာရမဉ္ဇူသာဋီကာ"မှာ ပါဠိဘာသာရေးကျမ်းဖြစ်သကဲ့သို့ နေရင်းဆရာတော် ရှင်အရိယာလင်္ကာရ၏"အဘိဓမ္မတ္ထဝိဘာဝိနီ" (ဋီကာကျော်)နိဿယမှာ ပါဠိတစ်ချက် အနက်တစ်ချက် တွဲစပ်ဖော်ပြထားသည့် မိုဃ်းပြုနိဿယကျမ်းမဟုတ်ပါလော။

ဘာသာစာပေအမြင်ဖြင့် နိဿယကျမ်းများ၏သဘောကို ပမာတင်ရသော် မြတ်စွာဘုရား၏ ဓာတ်တော်ကြွတ်ကို ဘယ်ညာလက်နှစ်စုံဖြင့် ချီမသယ်ဆောင်သကဲ့သို့ မြန်မာနှင့် ပါဠိဘာသာပေါင်းစပ်၍ အဘိဓမ္မာပိဋကကို ခံဆောင်သည်ပိုး ဆောင်ရွက်လာကြခြင်း ဖြစ်သည်ဟု ဆိုရချိမ့်မည်။

ထိုကဲ့သို့ ပါဠိနှင့်မြန်မာယှဉ်တွဲ၍ အဘိဓမ္မာကျမ်းများကို လေ့လာခဲ့ရာမှ သာသနာတော်နှစ် (၂၁၇၃)၌ (သာလွန်မင်းကြီး) လက်ထက်တော်တွင် ကျော်လေးပါးအပါအဝင် (အင်းဝ) ရှင်မုနိန္ဒဃောသ (တောင်ဖီလာဆရာတော်)က အဘိဓမ္မာအရကောက်ကျမ်းများကို ပြုစုပေးတော်မူလိုက်လေသည်။ မာတိကာအရကောက်ကျမ်း၊ ဓာတုကထာအရကောက်ကျမ်း စသည်ဖြစ်၏။ ဆရာတော်သည် အဋ္ဌသာလိနီ အဋ္ဌကထာကြီးမှ အဋ္ဌကထာကဏ္ဍကို မိုဃ်းပြု၍ ပါဠိကို အခြေတည်သော်လည်း မြန်မာဘာသာများစွာဖြင့် သရုပ်သဘော အရကောက်များကို ရေးသားပေးခြင်းဖြစ်ပေသည်။

ပုံစံအားဖြင့် "ကုသလာ ဓမ္မာ" ဟူသောပါဠိကို အခြေတည်ပြီး "ကုသလာ ဓမ္မာ-ဟူသော ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတီသ-ရှိ၏" စသည်ဖြင့် သရုပ်သဘောကို ကွက်ကွက်ကွင်းကွင်းကြီး ကောက်ပြသောကျမ်းတို့ ဖြစ်ပေသည်။ ဤအဘိဓမ္မာ အရကောက်ကျမ်းများသည် တစ်ခေတ်ဆန်း၍ တစ်မူထူးစေရုံမျှမက အဘိဓမ္မာသာသနာ့နိုင်ငံတော်ကြီး၌ သူရဲကောင်းကြီးတစ်ဦး ပေါ်လာသကဲ့သို့ အကျိုးအလွန်များခဲ့ပေသည်။ ထို့ကြောင့် ထွင်ဉာဏ်ရှိသော တောင်ဖီလာဆရာတော်၏ ကျေးဇူးကို

http://www.dhammadownload.com

မမှေသင့်ကြပေ။

ထို့နောက် ဆက်လက်၍ အဘိဓမ္မာကျမ်းများရေးသားပြီး အဘိဓမ္မာဘာသာကို ဖြန့်ဝေလာခဲ့ကြရာ ပါဠိဘာသာဖြင့် ကျမ်းများရေးသားပြုစုသည့်နည်းတူ ပါဠိဘာသာကို မထိုင်ထားပြီး မြန်မာဘာသာဖြင့် ရှင်းလင်းရေးသားသော ကျမ်းဂန်များလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ မိမိတို့၏ကျမ်းကို အမည်ပေးရာ၌လည်း အထုံးအဖွဲ့ ခက်ရာခက်ဆစ်ကို ရှင်းလင်းသည့်သဘောဖြင့် ''ဂဏ္ဌိ''ဟုလည်းကောင်း၊ ကြည့်လွယ်မြင်လွယ်အောင် ပြသည့်သဘောဖြင့် ''ကြေးမုံ''ဟူ၍လည်းကောင်း ''အမေး၊ အဖြေ''ဟူ၍ လည်းကောင်း ဤသို့စသည်ဖြင့် အမည်အမျိုးမျိုးမှည့်၍ အဘိဓမ္မာဆိုမီးတိုင်များကို ထွန်းညှိကြလေသည်။

သုတေသီတို့၏ အဆိုအရ မြန်မာပြည်ဖြစ် ပါဠိဘာသာ အဘိဓမ္မာကျမ်းပေါင်း (၄၂)ကျမ်း၊ နိဿယနှင့် မြန်မာပြန်ကျမ်းပေါင်း (၈၈)ကျမ်း၊ သို့မဟုတ် (၁၂၂)ကျမ်း၊ အထွေထွေ အဘိဓမ္မာကျမ်းပေါင်း (သာသနာနှစ်-၂၅၁၅-အထိ) ၁၇၄-ကျမ်းဟူ၍ သိရပေသည်။ ဤနောက်၌လည်း အဘိဓမ္မာမီးရှူးတန်ဆောင်များ ထွန်းညှိလျက်ရှိပေသည်။

ရှင်အနုရုဒ္ဓ၏ အဘိဓမ္မာသင်္ဂြိဟ်ကျမ်းနှင့်ပတ်သက်၍ ပါဠိဘာသာ အဖွင့်ကျမ်းများမှတစ်ပါး ပါဠိမြန်မာနှစ်ဘာသာ နိဿယကျမ်းများ၊ မြန်မာပြန်ကျမ်းများ စုစုပေါင်း (၃၀)ကျော်မျှ ရှိနေပြီဖြစ်ကြောင်း တွေ့ရပေသည်။

ယင်းကျမ်းတို့ကို လက်လှမ်းမီသမျှ ဖော်ပြရပါသော် အောက်ပါအတိုင်းပင် ဖြစ်ပါ၏။

အဘိဓမ္မတ္ထသင်္ဂဟနိဿယ	-ရှင်မုနိန္ဒဃောသ၊ ဗဟင်းဆရာတော်။(၁၁၄၄-ခန့်)၊
အဘိဓမ္မတ္ထသင်္ဂဟနိဿယ	-ရှင်မုနိန္ဒာဘိဓဇ၊ ကျီးသဲလေးထပ်ဆရာတော်၊ (၁၁၇၉-၁၂၅၆)၊
အဘိဓမ္မတ္ထသင်္ဂဟနိဿယ	-ဦးကေလာသ (ဦးသံဖွိ)၊
အဘိဓမ္မတ္ထသင်္ဂဟနိဿယ	-ရှင်ဇာဂရ (မိုးထိ)၊
အဘိဓမ္မတ္ထသင်္ဂဟနိဿယ	-ရှင်အဂ္ဂဝံသ (တောင်သာ)၊
အဘိဓမ္မတ္ထသင်္ဂြိဟ်ဂဏ္ဌိ	-ရှင်ဉာဏဝရ၊ ကျော်အောင်စံထားဆရာတော်(၁၁၉၄)၊

http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂြိဟ်ဂဏ္ဌိ - ရှင်ဇာဂရ၊ ဘုရားကြီးဆရာတော် (၁၂၀၅)၊
အဘိဓမ္မတ္ထသင်္ဂြိဟ်ဂဏ္ဌိ - ရှင်ဝရသမ္မောခိ၊ ရေစကြီဆရာတော် (၁၂၂၈)၊
အဘိဓမ္မတ္ထသင်္ဂြိဟ်စုဒ်စောဒနာဂဏ္ဌိ - သုဓမ္မာလင်္ကာရ၊ အလုံလေးထပ်ကြီးဆရာတော်၊
အဘိဓမ္မတ္ထသင်္ဂြိဟ်ပုစ္ဆာကျမ်း - အမည်မသိ၊
အဘိဓမ္မတ္ထသင်္ဂြိဟ်ပုစ္ဆာအဖြေ - ရှင်အာစရ (၁၂၃၁)၊
အဘိဓမ္မတ္ထသင်္ဂြိဟ်ဂဏ္ဌိသစ်အကျဉ်း - ဦးတိသ (၁၂၃၉)၊
အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းရိုးကြီး - ရှင်အဂ္ဂဓမ္မ၊ နန်းကျောင်းဆရာတော်၊
အဘိဓမ္မတ္ထသင်္ဂြိဟ်အရကောက် - ရှင်ဓမ္မာဘိနန္ဒ၊ ပထမဗားကရာဆရာတော်၊
အဘိဓမ္မတ္ထသင်္ဂြိဟ်အရကောက် - ရှင်သာဂရ၊ စတုတ္ထဆင်တဲဆရာတော်၊
အဘိဓမ္မတ္ထသင်္ဂြိဟ်အရကောက် - မြို့ပြင်ကြီးဆရာတော်၊
သင်္ဂြိဟ်အရကောက်စကားပြောပုံကျမ်း - ရှင်ပညာ၊ (၁၂၅၆)၊
မြန်မာအဘိဓမ္မာကျမ်း - နိဗ္ဗိန္နဆရာတော်၊ ပြည်မြို့၊ (၁၂၈၈)၊
သင်္ကြံဟအမေး အဖြေ - ရှင်ဓောတိပါလ (၁၂၉၁)၊
အခြေပြုသင်္ဂြိဟ် - ရှင်ဇနကာဘိဝံသ (၁၂၉၅)၊
သင်္ဂြိဟ်အရသာ - ရှင်အရိယ၊ ညောင်လေးပင်တောရ(၁၃၀၀)၊
အဘိဓမ္မဝုဠ္ဍတ္ထဒီပနီကျမ်း - မေဓာဝီဆရာဆိုင် (၁၃၀၁)၊
သင်္ဂြိဟ်အဓိပ္ပါယ် - ဒေါ်ခင်မြင့် (၁၃၁၅)၊
မူလတန်းသင်္ဂြိဟ် - ဦးကံသာ (၁၃၁၆)၊
ပခုက္ကူသင်္ဂြိဟ် - ရှင်ရာဇိန္ဒ (၁၃၁၇)၊
သင်္ဂြိဟ်မြန်မာပြန် - ဦးတင်လှ၊ မန္တလေးတက္ကသိုလ် (၁၃၂၂)၊
သင်္ဂြိဟ်သရုပ်အခြေပြုကျမ်း - ဦးကျော် (၁၃၂၆)၊
မစိုးရိမ်သင်္ဂြိဟ် - -
သင်္ဂြိဟ်မြန်မာပြန် - ဒေါ်ဝိဇ္ဇေသီ၊
နှစ်ဖက်လှသင်္ဂြိဟ်မြန်မာပြန် - နှစ်ဖက်လှ ဦးကျော်လွင် (၁၃၄၈)၊

ဆက်ပါစကားကို ပြန်ကောက်ရသည်ရှိသော် မြန်မာသက္ကရာဇ် ၁၂၄၇-ခု

http://www.dhammadownload.com

(သာသနာနှစ်-၂၄၂၉)တွင် မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ရောက်ချိန်မှစ၍ ပါဠိဘာသာသည် တဖြည်းဖြည်းအားနည်းလာခဲ့ရာ ယခုအခါတွင် ပါဠိဘာသာကို ကောင်းစွာတတ်ကျွမ်းမှု လွန်စွာနည်းပါးလာပြီဖြစ်သည်။ မြန်မာစာပေမှာလည်း အားနည်းလာခဲ့သည်။ ယခုခေတ် ကာလလူအများအနေဖြင့် မြန်မာစကားကို ကောင်းစွာနားလည်နိုင်ကြသည်။ အဘိဓမ္မာကို စာလိုရေးပြီးသင်ခြင်းထက် စကားလိုပြောပြီးသင်ခြင်းက လူငယ်များအဖို့ ပိုပြီးသိလွယ်ပေသည်။ ယနေ့သည်ကား ဤအဆင့်သို့ ရောက်နေပေပြီ။

ဒုတိယကိုင်းကုန်းဆရာတော် ရှင်တေဇ(ဘဒ္ဒန္တတေဇ)သည်ကား အဘိဓမ္မာသင်္ဂြိဟ်ကို ဆိုရိုးပြု၍ ရှင်ရဟန်းများအား နှစ်ပေါင်းများစွာ ပို့ချခဲ့ရာ အောင်မြင်မှုရခဲ့ပေသည်။ ဘာသာစကားသည် လိုရင်းမဟုတ်၊ အဘိဓမ္မာ၏ သရုပ်သဘောကို သိရှိဖို့ရာလိုရင်းဖြစ်ရကား လိုရင်းကိုဆိုက်ရောက်ကြောင်း တွေ့ရှိရပေသည်။

သင်္ဂြိဟ်ကို ဆိုရိုးလုပ်၍ပို့ချရာ၌ (၁) မြန်မာပြန်လည်းကိစ္စပြီးသည်။

(၂) သရုပ်ခွဲပြီးလည်းဖြစ်သည်။

(၃) ဋီကာကျော်လာအဓိပ္ပါယ်အချို့ကိုလည်း နားလည်စေပါသည်။

(၄) စာသင်သားများ ဉာဏ်ထုတ်ပြီး စဉ်းစားယူရမည့် အချက်များ (ဉာဏ်စမ်းများ)ကိုလည်း သိရှိပြီးဖြစ်သည်။

ဤကဲ့သို့ တစ်ချက်ခုတ် လေးချက်ပြတ်သည်ကို တွေ့ရပေသည်။

ထိုပြင် သင်္ဂြိဟ်သင်ယူသူများ စိတ်ပါဝင်စားမှု ရှိစေရန်အတွက် ခေတ်အလိုက် ဖြေဆိုရမည့် အဘိဓမ္မာစာမေးပွဲ အခြေပြုမူလတန်းစာမေးပွဲ (ငယ်,လတ်,ကြီး)၊ ပထမပြန်စာမေးပွဲစသည်တို့အတွက်လည်းမေးကွက်၊ ဖြေကွက်ကလေးများ ဖော်ပြထားသည်ကို တွေ့ရပေသည်။

ဤစာအုပ်တွင် သင်္ဂြိတ်ကိုးပိုင်းလုံးအပြင် ဋီကာကျော်အောက်(၆)ပိုင်းကိုပါ ဆိုရိုးဖြုထည့်သွင်းထားသဖြင့် ပထမငယ်၊ ပထမလတ်တန်းဝင် စာသင်သားများနှင့် အဘိဓမ္မဝဏ်ထူးဆောင် (ဋီကာကျော်)စာမေးပွဲ ပထမဆင့်, ဒုတိယဆင့် သင်တန်းသားများအတွက်ပါ

http://www.dhammadownload.com

ဖူလုံကြောင်း တွေ့ရပါသည်။

အထက်ပါ မြန်မာပြည်ဖြစ် သင်္ဂြိုဟ်ကျမ်းစာရင်းကို ပြန်ကြည့်လျှင် သင်္ဂြိုဟ်ဆိုရိုးကျမ်းဟူ၍ မပါရှိသေးသည်ကို တွေ့ရပါလိမ့်မည်။ သို့ဖြစ်၍ ယခု "ကိုင်းကုန်းသင်္ဂြိုဟ်ဆိုရိုးကျမ်း" သည်ကား သူ့အမျိုးအစားတွင် "တဟန်သစ်" ပြီး "တခေတ်ဆန်း" စေသည့် ကျမ်းဟုဆိုသော် ဆိုသင့်ရာပါသည်။ ဤသည်မှာလည်း ပြောင်းလဲလာသော ခေတ်အခြေအနေနှင့် အံကိုက်အောင် အဘိဓမ္မာသာသနာပြု ပုဂ္ဂိုလ်များ၏ စေတနာရောင်ပြန်ဟပ်မှုဖြစ်ပါပေသည်။

ဤနိဒါန်းကို နိဝုံးမချုပ်မီ ဤစာအုပ်ကို အသုံးပြုမည့်သူများအား ကြိုတင်ပြောရမည့်စကား ကျန်ပါသေးသည်။ ယင်းကား အခြားမဟုတ်ပါ။ "ဒီလောက်ကောင်းတဲ့စာမူကို ဒီလိုစက္ကူမျိုးနှင့် ရိုက်ရသလား" ဟု ဒေါမနဿ မပွားမိကြရန် ဖြစ်ပါသည်။ ထိုပြင် စက္ကူညံ့၍ မထင်သောနေရာများ၌လည်း သည်းခံဖတ်ရှုကြရန် ဖြစ်ပါသည်။ နွားကောင်းတို့၏ ကြန့်အင်လက္ခဏာနှင့် ပြည့်စုံသော နွားပိန်တစ်ကောင်ကို တွေ့သောအခါ "ပိန်ရကောင်းလား" ဟု အပြစ်မတင်ဘဲ ကြည့်သောသူက အသားထိုးပြီး ကြည့်သကဲ့သို့ ဤစာအုပ်ကိုလည်း "နွားပိန်အသားထိုးကြည့်နည်း" ဖြင့် ကြည့်တော်မူကြပါရန် ကြိုတင်၍ ပြောကြားလိုရင်းဖြစ်ပါသည်။

ဤစာရေးသူသည် ပုံလွန်တော်မူပြီးသော ပထမကိုင်းကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဒဿနမဟာထေရ် (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)၏ ငယ်တပည့်ရင်းဖြစ်ခဲ့သည့် အားလျော်စွာ ကိုင်းကုန်းနှင့် ပဋ္ဌာန်းဆက်မကင်းပါသဖြင့် ဤနိဒါန်းကို ရေးသားပူဇော်ရုံမျှမက ဤစာအုပ်ဖြစ်ပေါ်လာအောင် အခက်အခဲများစွာဖြင့် ကြိုးစားပုံနှိပ်ပေးရပါသည်။

ဤသို့ ပုံနှိပ်ရာ၌ ကိုင်းကုန်းကျောင်းထွက်တစ်ဦးဖြစ်သော ကိုင်းကုန်းကျောင်းသားဟောင်း ဟိန်းစိုးပုံနှိပ်တိုက်ပိုင်ရှင် (စာရေးသူ၏ညီအရင်း) ဦးဇကိုက အကျိုးအမြတ်ကို ပဓာနမထားဘဲ စာအုပ်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းအားသစ်ပေးသည့် ကျေးဇူးကိုလည်း အသိအမှတ်ပြုအပ်ပါသည်။ ထို့အပြင် - "ဤ-ကိုင်းကုန်းသင်္ဂြိုဟ်ဆိုရိုးကျမ်း" စာမူကိုလည်း ဘည်းဖြတ်ပေး, အစမှအဆုံးတိုင်လက်နှိပ်စက်ရိုက်၍လည်း အကူအညီပေးသော

http://www.dhammadownload.com

အရှင်အာစိဏ္ဏ (သာသနဓဇမဟာစရိယ-ဂဏဝါစက-စာချ-ကိုင်းကုန်း)၏ ကျေးဇူးကိုလည်း အသိအမှတ်ပြုအပ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာသာသနာ ဆထက်ထမ်းပိုးတိုး၍
ပြန့်ပွားပါစေသတည်း။

နှစ်ဖက်လှ-ဦးကျော်လွင်
သ.စ.အ ဓမ္မာစရိယ
မဟာဝိဇ္ဇာ၊ အထက်တန်းရွှေနေ
၁၃၄၉-ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်၊ တနလာနေ့
(၁.၉.၈၇)

http://www.dhammadownload.com

http://www.dhammadownload.com

ပဏာမနှင့် ပဋိညာဉ်ဂါထာ



စန္ဒိမံ ဓမ္မရံသိဉ္စ၊ သံဃဓောတိ ပရိဗ္ဗာရံ။
အာစာရေဝိ သဒါ ဝန္ဒေ၊ ကဿံ သင်္ကဟဝေါဟာရံ။

စန္ဒိမဉ္စ၊ သုံးဘုံပြည့်ကြွယ် လောကလယ်၌ အံ့ဖွယ်မကုန် နန္ဒဂုဏ်ဖြင့် လွှမ်းခြုံထိန်လင်း ဘုရားတည်းဟူသော လမင်းကိုလည်းကောင်း။ ဓမ္မရံသိဉ္စ၊ လူနတ်ဗြဟ္မာများ ဓနာဇ၏ သန်ချာများမြောင် မိစ္ဆာမှောင်ကို ပယ်ရှောင်ရှင်းခွာ အလင်းဖြာသည့် တရားတည်းဟူသော အရောင်အဝါကိုလည်းကောင်း။ ပရိဗ္ဗာရံ၊ မိုးတိမ်ကင်းစင် ထက်ဝေဟင်၌ စည်ပင်လင်းဖြာ ကြယ်တာရာသို့ ဘဂဝါဗုဒ္ဓဓမ္မတိစ္ဆေကို ရိုသေထင်လင်း ခြံရံခြင်းရှိပေသော။ သံဃဓောတိဉ္စ၊ သုပွဋိပန္နော ဂုဏ်ပေါင်းခသည့် များလှပေါကြွယ် သံဃာကြယ်ကိုလည်းကောင်း။ အဟံ၊ များစွာသောင်းသောင်း ငှက်အပေါင်းတို့ ခိုအောင်းပျော်ရာ သစ်ရိပ်သာသို့ သာယာတင့်လျှမ်း မြို့ခရမ်းဝယ် တင့်ဆန်းပညာသင်လိုစွာဖြင့် ဌာနေဝေနိုး ရပ်သီးသီးမှ စုစည်းရောက်လာ များသိဿာတို့ ပျော်ရာခညောင်းကိုင်းကုန်းကျောင်း၌ အပေါင်းသိဿာ များဓနာကို ယထာဘူတ နည်းညွှန်ပြသော တေဓမည်ခေါ် တပည့်တော်သည်။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဝန္ဒေ-ဝန္ဒာမိ၊ ဂန္ထန္ဓရာယ် မငြိတွယ်ဘဲ ပြုဖွယ်ကျမ်းမြတ် ပြီးဆုံးလတ်အောင် ရည်မှတ်ဆန္ဒာ ပတ္ထနာဖြင့် သဒ္ဓါရိကျိုး ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ အာစာရေဝိ၊ သင်္ကြိဟ်သဒ္ဒါ အစဖြာသည့် ဂန္ထာဂန္ထ အဝဝကို ကျနသေချာ တတ်မြောက်လာအောင် ပညာစနစ် နည်းမှန်စစ်လျက် ဖွင့်လှစ်သင်ကြား ကျေးဇူးများသည့် ကြီးမားဂုဏာ အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇ မဟာရဋ္ဌဂုရု မှတ်ရှုခပ်နှိပ် ဘွဲ့တံဆိပ်ရ၊ ဘဒ္ဒန္တသုဒဿန ထေရမဟာ မြတ်ဆရာနှင့် တစ်ဖြာ ဘဒ္ဒန္တစန္ဒိန္ဒ ၊ ဘဒ္ဒန္တဉာဏောဘာသ၊ ဘဒ္ဒန္တဝိသုဒ္ဓ-ဟု နာမမည်ခေါ် ဆရာမော်တို့ကိုလည်း။ အဟံ၊ နောင်သော်ကောင်းရန် အကြောင်းဖန်၍ တောင်းပန်လျှောက်

http://www.dhammadownload.com

ထား တပည့်များ၏ လိုလားအာသာ ယာစနာကို ငဲ့ကာထောက်ဆ ကျမ်းပြုရသည့် တေဖ မည်ခေါ် တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သင်ကြားပေးဖူး မြတ်ကျေးဇူးကို ရည်စူးခါခါ အောက်မေ့စွာဖြင့် သဒ္ဒါရိုကျိုး ရိုခိုးပါ၏။ ဝန္ဒိတွာ၊ သုံးပါးရတနာ မြတ်ဆရာကို သဒ္ဒါရိုကျိုး ရိုခိုးပြီး၍။ သင်္ဂဟဝေါဟာရ၊ အဘိဓမ္မာလက်သန်း သင်္ဂြိဟ်ကျမ်းဝယ် ပြည့်လျှမ်းဥဇုဝုစ် ဝင်္ကဝုစ်ဟု သရုပ်နက်နဲ စာပေဝဲကို ခက်ခဲမတွယ် ကူးမြောက်လွယ်အောင် နှုတ်ဝယ်ရွရွ ရွတ်ဆိုရမည့် ဂန္ထမည်ဆန်း **"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း"** ကို။ ကသိ-ကရိသာမိ၊ ဆရာများထံ သင်အံလေ့လာ နည်းဖြာဖြာနှင့် ဦးကာကျမ်းလာ ဝဏ္ဏနာကို မှီကာထောက်ရှု အားကိုးပြု၍ သောတုနဆွေ များသိသေတို့ ထွေထွေကြဲဆ မပန်းရအောင် မှန်းဆဉာဏ်ယှဉ် စီရင်ပေအံ့သတည်း။

http://www.dhammadownload.com

"ထပ်ဆင့်တည်းဖြတ်, ဖြည့်စွက်ရေးသားသူ၏
မှတ်တမ်းအနုသန္ဓေ"
"နေဝင်သော်လည်း လ, ထွက်သည့်ပမာ"

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့သော အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် "**အဂ္ဂမဟာပဏ္ဍိတ အတိဓေ မဟာရဋ္ဌဂုရု**" ဘွဲ့တံဆိပ်တော်ရ ပထမကိုင်းကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဒဿန မဟာထေရ်မြတ်သည် -

"ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်"ကြီးကို သာသနာတော်နှစ် ၂၄၇၅-ခု ကောဇာသက္ကရာဇ် ၁၂၉၃ - ခုနှစ် နယုန်လမှစ,တင်၍ စာသင်တိုက်အဖြစ်တည်ထောင်ပြီး စာပေကျမ်းဂန်သင်ကြားပို့ချခြင်း "ဂန္ထဓုရ" သာသနာပြုလုပ်ငန်းတာဝန်ကို အားကျိုးမာန်တက်ထမ်းဆောင်ခဲ့ရာ စာသင်တိုက်တည်စနှစ်က စာသင်သံဃာ (၁၀) ပါးမျှသာရှိခဲ့သော်လည်း တနှစ်ထက်တစ်နှစ်များပြားလာကာ, ဘဝနတ်နန်း စံမြန်းတော်မူသည့် ၁၃၄၇- ခုနှစ်အထိ (၅၃) နှစ်တာကာလအတွင်း -

တနှစ်တနှစ်လျှင် စာသင်သား သံဃာ (၃၅၀) ကျော် ရှိသည့်တိုင် တိုးတက်အောင်မြင်ခဲ့သည်။

ဆရာတော်ထံမှ ပထမငယ်, ပထမလတ်, ပထမကြီးတန်းနှင့် ဓမ္မာစရိယစာချုတန်း ပါဠိဂုဏ်ထူးတန်း, မြန်မာဂုဏ်ထူးတန်း-အောင်ပန်းတို့ကို ဆင်မြန်းပန်ဆင်သွားခဲ့ကြသည့် စာသင်သား တပည့်သံဃာများမှာလည်း ထောင်ချီ၍ရှိခဲ့သည်။

ဆရာတော်သည် စာပေကျမ်းဂန်သင်ကြားပို့ချတော်မူရင်း -

၁။ သုသုဗောဓိပနီ
၂။ အရဟံ ဂုဏဒီပနီ
၃။ ပဗ္ဗဇ္ဇာဒီ ပကာသနီ
၄။ သေလဓောဒကဒီပနီ
၅။ ပါရမီဒီပနီ
၆။ ကထိနဒီပနီ

http://www.dhammadownload.com

၇။ အာမဂန္ဓဒီယနီ

၈။ နဝဂံသီလအဆုံးအဖြတ်စာတမ်း

၉။ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်သမိုင်းနှင့်အုပ်ချုပ်ပုံ စည်းကမ်းဥပဒေစာတမ်း။

၁၀။ ပါဠိဘာသာဖြင့်ရေးသားသော "ပါစိတျာဒိပါဠိအဋ္ဌကထာ အတ္ထယောဇနာကျမ်း"ကြီး -

စသော စာပေကျမ်းဂန်တို့ကို ရေးသားကာ "ဂန္ဆကာရက၊သာသနာပြုလုပ်ငန်း" ကိုလည်း ဆောင်ရွက်တော်မူခဲ့သဖြင့် နိုင်ငံတော်အစိုးရမှ -

၁၃၁၉-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်။

၁၃၄၄-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် -

တို့ကိုဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။

အဂ္ဂါဘိဓဇ ဆရာတော်ဘုရားကြီး ဦးဆောင်တော်မူသော ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသည် စာချဉ်းကြီးပြည့်ပြည့်စုံစုံ၊ ကောင်းမွန်သည့် စာချုပ်ညီးအတွေ့အကြုံ၊ သံမဏိစည်းကမ်းအဖုံဖုံတို့ကြောင့် -

အောက်မြန်မာပြည် စာသင်တိုက်လောကတွင် "နေအသွင်ကဲ့သို့" ထင်ရှားကျော်ကြားတော်မူခဲ့သည်။

စာပေကျမ်းဂန်သင်ကြားပို့ချခြင်း ဂန္ဆကရ စာပေကျမ်းဂန်ရေးသားပြုစုခြင်း ဂန္ဆကာရက၊ ကျောက်သင်္ဘောဝိနိစ္ဆယ စသည်ကဲ့သို့သော အဆုံးအဖြတ်များကို ဘုရားဟောပဋ္ဌကတ်တော်နှင့် ညီနှိုင်း၍ ကျမ်းကျင်လိမ္မာစွာအဆုံးအဖြတ်ပေးနိုင်ခြင်း တေပိဋကဝိနိစ္ဆယ၊ ပိဋကတ္တယဆေက စသောသာသနာပြုလုပ်ငန်းတို့ကို (၅၃) နှစ်တိုင်တိုင်လုပ်ဆောင်ခြင်းဖြင့် သာသနာပြုတော်မူခဲ့သော အဂ္ဂါဘိဓဇကိုင်းကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဒဿန မဟာထေရ်မြတ်သည်။ သက်တော် ၈၆-နှစ်သိက္ခာတော် ၆၇-ဝါအရ သာသနာတော်နှစ် ၂၅၈-ခု ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ် ဦးကဆုန်လဆန်း (၂) ရက် (၂၀-၄-၁၉၈၅) စနေနေ့-ညနေ ၄-နာရီ ၁၅-မိနစ်အချိန်တွင် တစ်ဘဝတာ ခန္ဓာသတ်မှတ် ရုပ်နာမ်ဓာတ်တို့၊ချုပ်ပြတ် ငြိမ်းကာ ဘဝနတ်နန်း စံမြန်းတော်မူခဲ့ပါသည်။

http://www.dhammadownload.com

အဂ္ဂါဘိဓဇ ကိုင်းကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဒဿနဘဝနတ်နန်း စံမြန်းတော်မူသွားသဖြင့် -

"ကိုင်းကုန်းသာသနာ နေဝင်သွားပြီးလား, ကိုင်းကုန်းသာသနာရောင်ဝါမှေးမှိန်သွားမည် လား" ဟု တွေးတောကာ ကိုင်းကုန်းမာမကသူတော်စင်များက စိုးရိမ်နေကြသည်။ သို့သော်-

၁၃၄၇ ခု စာသင်နှစ်မှစတင်၍ တိုက်အုပ်ဆရာတော် **ဘဒ္ဒန္တတေဇက** ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပခန္ဓ မဟာနာယက ဒုတိယကိုင်းကုန်းဆရာတော်အဖြစ် ဆက်လက်တာဝန်ယူပြီး ကျောင်းတိုက်နှင့်သံဃာ, စာပေသင်ကြားမှုစသော လုပ်ဆောင်ဘွယ်ရာအဖြာဖြာတို့ကို အဂ္ဂါဘိဓဇကိုင်းကုန်းဆရာတော်ဘုရားကြီး ချမှတ်ခဲ့, ရေးဆွဲခဲ့သည့် စည်းကမ်း, နည်းလမ်းဥပဒေများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အဂ္ဂါဘိဓဇ ဆရာတော်ဘုရားကြီးရှိစဉ်ကကဲ့သို့ပင် အရှိန်အဟုန်မပျက် တိုးတက်အောင်မြင်ခဲ့သဖြင့် "**နေဝင်သွားသော်လည်း လ, ထွက်လာသည့်ပမာ**" ကိုင်းကုန်းသာသနာသည် ချမ်းမြေ့စွာ ဆက်လက်၍အလင်းရောင်ဖြာခဲ့ပါသည်။

၁၂၉၃ ခုနှစ် နယုန်လမှနေ၍ အဂ္ဂါဘိဓဇဆရာတော်ဘုရားကြီးတည်ထောင် တော်မူခဲ့သော ကိုင်းကုန်းသာသနာသည် ယခု ၁၃၇၃-ခု နယုန်လတွင် အနှစ် (၈၀) ပြည့်ခဲ့ပြီဖြစ်သော်လည်း စည်းကမ်းနည်းလမ်း စနစ်တို့ကောင်းမွန်မှုကြောင့် ယနေ့တိုင် အမှောင်မလွှမ်းသောညချမ်းကဲ့သို့ "**ထာဝရလသာနေဆဲ**" ပင်ဖြစ်ပါသည်။

"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း"
ဖြစ်ပေါ်လာပုံသမိုင်း

စာရေးသူသည် (၁၃) နှစ်သားအရွယ် သာမဏေငယ်ဘဝဖြင့် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ၁၃၂၇ ခု စာသင်နှစ်တွင် ရောက်ရှိခဲ့ပြီး စာသင်သားဘဝဖြင့် ၁၀-နှစ်၊ စာချဉ်းကြီးဘဝဖြင့် အနှစ်၂၀- ဂန္ထဓုရ သာသနာ့တာဝန်ကို ထမ်းဆောင်ခြင်းဖြင့် မိမိတို့အတွက် "**အမေ့အိမ်**" ဟုဂုဏ်ယူဝင့်ကြွား တင်စားပြောဆိုရမည့် "**ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး**" နှင့်ဆရာသမားများကိုပြန်လည် ကျေးဇူးဆပ်ခွင့်ရခဲ့ပါသည်။

http://www.dhammadownload.com

ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ စာရေးသူ စာပေကျမ်းကန်သင်ကြား ပို့ချပေးခြင်းဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်နေရသည့်အချိန် ၁၃၄၉ ခုနှစ် နယုန်လပြည့် ကျော် (၃) ရက် (၁၄-၆-၈၇) တနင်္ဂနွေနေ့ နံနက် (၁၀) နာရီခန့်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ အရာရှိဒကာတစ်ဦး ဒုတိယကိုင်းကုန်း ဆရာတော် ဘဒ္ဒန္တတေဇ ထံမှောက်ရောက်ရှိလာပြီး (နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လိုရ်) -

ကျမ်းတစ်ဆောင်ပြုစုပေးပါရန်နှင့် ထေရပွတ္တိရေးသားပေးပါရန် လျှောက်ထားပါသည်။ (၉-၈-၈၇) နေ့တွင် ကျမ်းစာနှင့် ထေရပွတ္တိလာယူမည်ဖြစ်ကြောင်းလည်း လျှောက်ထားသွားခဲ့ပါသည်။

ထိုခေတ် ထိုအခါက နိုင်ငံတော်အစိုးရမှ တနှစ်လျှင် အဘိဓေမဟာရဋ္ဌဂုရု ၁-ပါး အဂ္ဂမဟာပဏ္ဍိတ ၂-ပါးမှအများဆုံး ၅-ပါးအထိသာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပါသည်။ စာပေကျမ်းကန်မည်မျှ ကျွမ်းကျင်လိမ္မာတတ်မြောက်စေကာမူ အနည်းဆုံး ကျမ်းတစ်ဆောင်မျှ မပြုစုမရေးသားနိုင်လျှင် ဘွဲ့တံဆိပ်တော်ဆက်ကပ်လေ့မရှိပါ။ ထို့ကြောင့် ဒုတိယကိုင်းကုန်း ဆရာတော် ဘဒ္ဒန္တတေဇအား ကျမ်းတစ်ဆောင်ပြုစုပေးပါရန် လာရောက်လျှောက်ထားခြင်း ဖြစ်ပါသည်။

ယင်းသို့လျှောက်ထားလာခြင်းကြောင့် ဒုတိယကိုင်းကုန်းဆရာတော် ဘဒ္ဒန္တတေဇက မိမိနှစ်ပေါင်းများစွာ ဆိုရိုးပြု ချုပ့်ပေးလာသည့် သင်္ဂြိဟ်မှတ်စုဆိုရိုးများကို ၁၃၄၂ - ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းသည့် စနစ်သစ်ပညာရေးမူနှင့်အညီ -

ဥဇ္ဈစ်မ်းများပါ ဖြည့်စွက်ရေးသားပြီးစာရေးသူအား တည်းဖြတ်ပေးရန်နှင့် လက်နှိပ်စက်ရိုက်ပေးရန် တာဝန်ပေးပါသဖြင့် စာရေးသူက အစမှအဆုံးတိုင်မှီငြိမ်းပြု ကျမ်းများနှင့် ညှိနှိုင်းတိုက်ဆိုင်တည်းဖြတ်ပေးကာ စာမူချောအပြီးထိ အောင်သုခ-အရှင်ဥက္ကံသ (သာသနဓဇ ဓမ္မာစရိယ)၊ ပြသတိုက်ကျောင်း ပြသတိုက်ကျေးရွာ တွံတေးမြို့နယ်-ဦးကျော်မြင့် (သာသနဓဇ ဓမ္မာစရိယ) ကိုကွိုတန်း၊ ခရမ်းမြို့ တို့နှင့်အတူ လက်နှိပ်စက်ရိုက်ပေးရ ပါသည်။ သင်္ဂြိဟ် ၉-ပိုင်းသရုပ်အပြင်-သင်္ဂြိဟ်အောက် ၆-ပိုင်း ဋီကာကျော်အဓိပ္ပါယ် ကောက်နုတ်ချက်များကိုလည်း စာသင်သားများလွယ်လင့်တကူ

http://www.dhammadownload.com

ကျတ်မှတ်နိုင်စေရန်ရည်ရွယ်လျက် ထည့်သွင်းရိုက်နှိပ်ခဲ့ပါသည်။

သို့ရာတွင် စာမူနှင့်ထေရပွတ္တိ လာယူမည့်ရက်နီးကပ်လာသဖြင့် ပစ္စည်းပိုင်း၌ ပဌာန်းနည်းအစမှ ပစ္စည်းပိုင်းအဆုံးအထိနှင့် ကမ္မဋ္ဌန်းပိုင်း၌ ဂေါစရဘောဒအစမှ ကမ္မဋ္ဌာန်းပိုင်း အဆုံးအထိ ပြည့်ပြည့်စုံစုံရေးရန် အချိန်မရတော့၍ မှတ်စုအကျဉ်းမျှကိုသာ ထည့်သွင်းရိုက်နိုင်ခဲ့ပြီး ပထမကြိမ်းတန်းအတွက် ဋီကာကျော်အထက် ၃-ပိုင်းအဓိပ္ပါယ်ကောက်နုတ်ချက်ကိုမူ ထည့်သွင်းရိုက်နှိပ်နိုင်ခြင်းမရှိခဲ့ပါ။ သာသနာရေးဦးစီးဌာနသို့ ပေးလိုက်ရသော စာမူ၏ အမည်ကို **"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း"** ဟုအမည်ပေးကာ ကမ္မည်းမော်ကွန်း တည်ထွန်းရစ်စေခဲ့ ပါသည်။

"အမှတ်မထင် အောင်မြင်ခဲ့"

သာသနာရေးဦးစီးဌာနသို့ ဆရာတော်၏ထေရပွတ္တိနှင့် **"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း"** စာမူ ပေးလိုက်ပြီး ၂-ပတ်ခန့်အကြာတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်မှ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် အကြံပြုလာသဖြင့် **"စာသင်သားများမှတ်စုရေးခြင်းလည်းသက်သာ, စာပေသင်ကြားပို့ချ သင်္ဂြိဟ်သရုပ်ခွဲရာ၌လည်းခရီးရောက်တွင်ကျယ်, အဘိဓမ္မာသုတေသီများလည်း လွယ်ကူစွာသဘောပေါက် နားလည်နိုင်စေရန်"** ဟုရည်ရွယ်လျက်စာအုပ်အဖြစ်ရိုက်နှိပ်ပေးပါရန် နှစ်ဖက်လှ ဦးကျော်လွင် အားတာဝန်ပေးအပ်ခဲ့ပါသည်။

နှစ်ဖက်လှ ဦးကျော်လွင်၏ တာဝန်ယူဆောင်ရွက်ပေးမှုကြောင့် စာအုပ်ထွက်ပေါ်လာ၍ ဖြန့်ဝေခမ္မဒါနပြုသောအခါ စာသင်သားများ စာချယ်များနှင့် အဘိဓမ္မာ သုတေသီတို့၏ **"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း တည်းဟူသောအဘိဓမ္မာပန်းခင်းသို့ဖြတ်သန်းသွားလာရင်း သင်းပျံ့စွာထွက်ပေါ်လာသည့် အဘိဓမ္မာမွှေးရနံ့ကို နှစ်ချိုက်စွာရှုရှိုက်"** အားပေးမှုကြောင့် ပထမအကြိမ်မှသည်, သတ္တမအကြိမ် ရိုက်နှိပ်ထုတ်ဝေရသည့်အထိ **"အမှတ်မထင် အောင်မြင်"** ခဲ့ပါသည်။

ဤကား **"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း"** ဟု ကျမ်းစာတစ်ဆောင်ဖြစ်ပေါ်လာရပုံသမိုင်းကြောင်းမှတ်တမ်း ဖြစ်ပါသည်။

http://www.dhammadownload.com

အဋ္ဌမအကြိမ် ရိုက်နှိပ်ခြင်းနှင့်ထပ်ဆင့်တည်းဖြတ်
ဖြည့်စွက်ရေးသားခြင်း

သတ္တမအကြိမ်ရိုက် စာအုပ်များကုန်သွားပြီဖြစ်၍ အဋ္ဌမအကြိမ်ရိုက်နှိပ်ပေး ပါရန် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ "ဒေါ်ညွှန့်ဝေဝိဋ္ဌကတ်တော်စာပေဖြန့်ချိရေး" မှ လျှောက်ထားလာသဖြင့် ယခုအဋ္ဌမအကြိမ် ရိုက်နှိပ်ရခြင်းဖြစ်ပါသည်။

အဋ္ဌမအကြိမ် ရိုက်နှိပ်ရာ၌ စာအုပ်ပုံစံ, ဆိုက်နှင့်စာလုံးအရွယ်အစားပမာဏ ပြောင်းလဲကာ ထပ်ဆင့်တည်းဖြတ်ပြင်ဆင်လျက်၄င်း၊ စာအုပ်ပြုစုစဉ်က အချိန်မရ၍ မှတ်စုအကျဉ်းလေး မျှသာ ထည့်သွင်းရိုက်နှိပ်ခဲ့ရသည့် "ပစ္စည်းဝိုင်းတွင် ပဋ္ဌာန်းနည်းအစမှ ပစ္စည်းဝိုင်းအဆုံးထိ၊ ကမ္မဋ္ဌာန်းဝိုင်းတွင် -

ဂေါစရဘောဒအစမှ ကမ္မဋ္ဌာန်းဝိုင်းအဆုံးကျမ်းပြီးနိဂုံးနှင့် အာသီသ တိုင်အောင်သော သင်္ဂီဟပါဠိတို့" ၏ တပိုဒ်ချင်းစီ, တပိုဒ်ချင်းစီ၏ -

၁။ ဆိုလိုရင်း (ကျမ်းရင်း)အဓိပ္ပါယ်

၂။ ကျမ်းရင်းလာသင်္ဂီဟသရုပ်

၃။ စာမေးပွဲမေးကွင်းမေးကွက်, ခက်ဆစ်သဘောအဓိပ္ပါယ်

၄။ ဥဏ်စမ်း -

တို့ကို အခြေပြုသင်္ကြိုဟ်စသော ကျမ်းအဆောင်ဆောင်တို့နှင့် ညှိနှိုင်းကာ ဆိုရိုးပြုလျက် (ဆရာတော်၏ကိုယ်စား) စာရေးသူမှ စာမျက်နှာ (၁၅၆) မျက်နှာ ပြည့်ပြည့်စုံစုံဖြည့်စွက်ရေးသားလျက်၄င်း၊ ထည့်သွင်းရိုက်နှိပ်ထားပါသည်။ စာအုပ်ထူသွား, ကြီးသွားမည်ဖြစ်၍ ပထမကြိုးတန်းအတွက် ဋီကာကျော်အထက် ၃-ပိုင်းအဓိပ္ပါယ်ကောက်နုတ်ချက်များကို သီးသန့်စာအုပ် (၁) အုပ်ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ပါသည်။

စာရေးသူ၏ ဖြည့်စွက်ရေးသားမှုသည် - "သရုပ်,သဘောအဓိပ္ပါယ်, ခက်ဆစ်, ဥဏ်စမ်း,တို့ ပြည့်လျှမ်းခြင်းတည်းဟူသော ယန်းမျိုးစုံတို့ပွင့်လန်းကာ, ကောင်းခြင်း အဖုံဖုံ မွှေးရနံ့မျိုးစုံတို့ သင်းထုံလွှမ်းသည့် ကိုင်းကုန်းသင်္ကြိုဟ်ဆိုရိုးကျမ်း တည်းဟူသော-အဘိဓမ္မာပန်းခင်းကြီး" ထဲမှ စိုက်ပျိုးရန်အချိန်မရလို့ ချန်လှပ်ခဲ့ရတဲ့ မြေကွက်လပ်

http://www.dhammadownload.com

လေးတစ်ခုမှာ စေတနာ,သဒ္ဓါပြည့်ဝစွာဖြင့် ကောင်းနိုးရာရာ ပန်းမျိုးစေ့ကိုကြဲချလို့ ကွက်လပ်ပြည့်အောင်ဖြည့်စွက် စိုက်ပျိုးပေးခြင်းမျိုးသာ ဖြစ်ပါသည်။

စာရေးသူ၏ဆန္ဒမှာ- နိုင်ငံကျော် ဂန္ထဝင်မြောက် စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏

"ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ချိုက်၊
တွေးဖွယ်ထိုက်ရာ၊ တပိုဒ်တလေ၊
တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်၊
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း"

ဟူသော "သစ္စာ" ဆိုတဲ့ ကဗျာလေးရဲ့စာသားအတိုင်းသာဖြစ်ပါသည်။

ပန်းမျိုးစုံတို့ပွင့်လန်း၍ မွှေးရနံ့မျိုးစုံတို့သင်းထုံလွှမ်းသည့် "**ကိုင်းကုန်းသင်္ကြိပ်ဆိုရိုးကျမ်းတည်းဟူသော အဘိဓမ္မာပန်းခင်း**"ကြီးထဲမှ

နှစ်သက်ရာ ပန်းကိုချ၍
မြတ်နိုးရာ ပန်းကိုယူလို့
ပန်းရနံ့ကို မွှေးကြ၍ကြမည့် -

စာရှူသူ စာသင်သားများနှင့် အဘိဓမ္မာသုတေသီတို့ ဘဝရဲ့အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်ဘို့ရန်အတွက် "**အဋ္ဌတစ်ချပ် သဲတစ်ပွင့်မျှ**" အထောက်အကူရသည်ဟု ဆိုပါလျှင်စာရေးသူအနေဖြင့် ဖြည့်စွက်ရေးသားရကျိုးနပ်ပါပြီ။

အဘိဓမ္မာပန်းရနံ့များကို မြန်မာမှသည်, ကမ္ဘာဆီသို့ ပျံနှံ့မွှေးကြိုင်အောင် စွမ်းဆောင်မှုပေးနိုင်သည့် သာသနာ့အာဇာနည်အရှင်မြတ်များအဖြစ် မြန်မာနှင့်ကမ္ဘာ့အလယ်မှာ ထယ်ထယ်ဝါဝါ ရပ်တည်နိုင်လျက် "**ဓမ္မဒူတသာသနာပြု ပုဂ္ဂိုလ်ထူး**" များဖြစ်နိုင်ကြပါစေဟုတောင်းဆုပြုပါသည်။

http://www.dhammadownload.com

အဘိဓမ္မာပန်းရုံ
ကမ္ဘာနှံ့အောင်
သင်းပျံ့မွှေးကြိုင်ပါစေသော်

မြတ်သောမနောဖြင့်
အရှင်အာစိဏ္ဏ (စာချ)
သာသနဓဇဓမ္မာစရိယ
ယခင်/ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်
ခရမ်းမြို့။

ယခု/ အရှင်အာစိဏ္ဏ
သာသနဓဇဓမ္မာစရိယ၊ ဂန္ဓဝါစကပဏ္ဍိတ
ပဓာနမဟာနာယက
အောင်မော်စံ စာသင်တိုက်
ရှခင်းသာရပ်ကွက်၊ သာကေတမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

(၁၅-၆-၂၀၁၁)
၁၃၇၃ ခု၊ နယုန်လွဆန်း ၁၄ ရက် - ဗုဒ္ဓဟူးနေ့
နံနက် ၅ နာရီ

××××××××

http://www.dhammadownload.com

စိတ်ပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့် ပဋိညာဉ်

သမ္မာသမ္ဗုဒ္ဓ မတုလံ၊
သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊
အဘိဓမ္မတ္ထ-သင်္ဂဟံ။

ဟူသော ဤဂါထာသည် ပဏာမနှင့် ပဋိညာဉ်ကိုပြသော ဂါထာဖြစ်ပါသည်။

ထိုဂါထာ၌ သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။ အဘိဝါဒိယ- ဟူသော ပါဠိဖြင့် 'ရတနာသုံးပါး အပေါင်းအား ရှိခိုးခြင်း' ဟုဆိုအပ်သော ရတနတ္တယပဏာမကို ပြပါသည်။

ဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပါဠိဖြင့် ''ငါသည် ဤအဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော သင်္ဂြိဟ်ကျမ်းကို ရေးသားပြုပြင် စီရင်ရပေတော့အံ့'' ဟူသော ဝန်ခံမှုပဋိညာဉ်ကို ပြပါသည်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း ခေါ်ဆိုပုံ

အဘိဓမ္မာ(၇)ကျမ်း၌ ဟောတော်မူအပ်ကုန်သော အလွန်ကျယ်ဝန်းသော ကုသိုလ်စသော အနှံက်တို့ကို အကျဉ်းအားဖြင့် ယူရာယူကြောင်း သင်္ဂြိဟ်ရာသင်္ဂြိဟ်ကြောင်းဖြစ်သော ကြောင့် ဤကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းဟု ခေါ်ဆိုရပါသည်။

အရကောက်များ

အဘိဓမ္မတ္ထသင်္ဂဟံ-ဟူသောပါဠိ၌ အဘိဓမ္မဟူသောဟုဒ်၏ အရကား... ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်းဟုဆိုအပ်သော အဘိဓမ္မာ(၇)ကျမ်းကို ရပါသည်။

http://www.dhammadownload.com

အဘိဓမ္မတ္ထ-ဟူသောပုဒ်၏ အရကား... အဘိဓမ္မာ(၇)ကျမ်းဌ ဟောတော်မူ အပ်သော ကုသိုလ်စသော အနက်တို့ကို ရပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ ဟူသောပုဒ်အရကား... ဤအဘိဓမ္မတ္ထသင်္ဂဟသင်္ကြိုဟ်ကျမ်းကို ရပါသည်။

ပရမတ္ထတရာ(၄)ပါး

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ- အစရှိသော ဤဂါထာသည် ပရမတ္ထတရားလေးပါး၏ အကျဉ်း ဥဒ္ဒေသမာတိကာကိုပြသော ဂါထာဖြစ်ပါသည်။ ပရမတ္ထတရားလေးပါး၏ နိဒါန်းကို ပြသော ဂါထာဟူ၍လည်း ခေါ်ပါသည်။

ပရမတ္ထမည်ပုံနှင့်ပရမတ္ထတရား(၄)ပါး

မဖောက်မပြန် မြတ်သောသဘော ဖြစ်ခဲ့လေသောကြောင့် ပရမတ်မည်ပါသည်

တနည်း....မြတ်သောသဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ အာရုံဖြစ်ခဲ့လေသောကြောင့် ပရမတ်မည်ပါသည်။

ထိုပရမတ္ထတရားသည် စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်အားဖြင့် လေးပါးအပြား ရှိပါသည်။

သာဓကကား။ ။ တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ (ပ) သဗ္ဗထာ ဖြစ်ပါသည်။

စိတ်မည်ပုံ

အာရုံကို သိတတ်ခဲ့လေသောကြောင့် စိတ်မည်ပါသည်။

တနည်း.... သမ္မယုတ်တရားတို့၏ အာရုံကို သိကြောင်းဖြစ်ခဲ့လေသောကြောင့် စိတ်မည်ပါသည်။

တနည်း.... အာရုံကို သိကာမျှမတ္တ ဖြစ်ခဲ့လေသောကြောင့် စိတ်မည်ပါသည်။

စေတသိက်မည်ပုံ

စိတ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ဖြင့် စိတ်၌ဖြစ်တတ်ခဲ့လေသောကြောင့် စေတသိက်မည်ပါသည်။

တနည်း.... စိတ်၌ယှဉ်တတ်ခဲ့လေသောကြောင့် စေတသိက်မည်ပါသည်။

http://www.dhammadownload.com

ရုပ်မည်ပုံ

အချမ်းအပူ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတရားတို့ကြောင့် ဖောက်ပြန်တတ်ခဲ့လေသောကြောင့် ရုပ်မည်ပါသည်။

တနည်း....အချမ်းအပူ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတရားတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်တတ်၊ ထိုအချမ်းအပူ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတရားတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေအပ်ခဲ့လေသောကြောင့် ရုပ်မည်ပါသည်။

နိဗ္ဗာန်မည်ပုံ

ဘဝကြီး, ဘဝငယ် အသွယ်သွယ်ကို ချုပ်စပ်တတ်သည်၏ အဖြစ်ကြောင့် ဝါနဟု ဆိုအပ်သော တဏှာမှထွက်မြောက်တတ်ခဲ့လေသောကြောင့် နိဗ္ဗာန်မည်ပါသည်။

တနည်း....ရာဂအစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့၏ငြိမ်းအေးကြောင်းဖြစ်ခဲ့လေသောကြောင့် နိဗ္ဗာန်မည်ပါသည်။

အရကောက်များ

တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော-ဒ္ဒ အဘိဓမ္မတ္ထအရကား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ယညတ်ဟုဆိုအပ်သော အဘိဓမ္မတ္ထတရား (၅)ပါးကို ရပါသည်။ ပရမတ္ထတောအရကား-စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထတရား(၄)ပါးကို ရပါသည်။

ဘုံစိတ်အပြား(၄)ပါး (စိတ်အကျဉ်း ၄-မျိုး)

တတ္ထ စိတ္တံ တာဝ စတုဘူမိဓ ဟောတိ-အစရှိသော ပါဠိသည် စိတ်(၄)မျိုး၏ အကျဉ်း ဥဒ္ဒေသမာတိကာကိုပြသော ပါဠိဖြစ်ပါသည်။ ဘုံစိတ်အပြားလေးပါးပြ သင်္ဂီဟ ပါဠိဟူ၍လည်း ခေါ်ပါသည်။

စိတ်သည် အကျဉ်းအားဖြင့် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်အားဖြင့် လေးပါးအပြားရှိပါသည်။ ဘုံစိတ်အပြား လေးပါးဟူ၍လည်း ခေါ်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။ တတ္ထ စိတ္တံ တာဝ (ပ) လောကုတ္တရဇ္ဈောတိ ဖြစ်ပါသည်။

ကာမာဝစရစိတ်စသည် မည်ပုံ

ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ခဲ့လေသောကြောင့် ကာမာဝစရစိတ်မည်ပါသည်။

ရူပဘုံ၌ (အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌) များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ခဲ့လေသောကြောင့် ရူပါဝစရစိတ်မည်ပါသည်။

အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ခဲ့လေသောကြောင့် အရူပါဝစရစိတ်မည်ပါသည်။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် ထွက်မြောက်ဆဲ ထွက်မြောက်ပြီးဖြစ်ခဲ့လေသောကြောင့် လောကုတ္တရာစိတ်မည်ပါသည်။

အကုသိုလ်စိတ် (၁၂)ပါး

လောဘမူစိတ် (၈)ပါး

လောဘမူစိတ်သည် (၈)ပါးအပြားရှိပါသည်။ (၈)ပါးဟူသော်ကား -

သောမနဿသဟဂုတ်	ဒိဋ္ဌိဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌိဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌိဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌိဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌိဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌိဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌိဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌိဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၈)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဝေဒနာဘေဒဖြင့် ဝေဖန်ပုံ

လောဘမူစိတ်(၈)ပါးသည် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်စိတ် လေးပါး၊ ဥပေက္ခာသဟဂုတ်စိတ်လေးပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။

ထို(၈)ပါးတို့တွင် သောမနဿသဟဂုတ်စိတ်(၄)ပါးဟူသော်ကား-

သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၄)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၄)ပါးဟူသော်ကား -

ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး။
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး

အားဖြင့် (၄)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၄)ပါး တို့ကို ပေါင်းလိုက်သည်ရှိသော် လောဘမူစိတ်(၈)ပါးဖြစ်ပါသည်။

သမ္ပယောဂဘေဒဖြင့် ဝေဖန်ပုံ

လောဘမူစိတ်(၈)ပါးသည် သမ္ပယောဂဘေဒအားဖြင့် သမ္ပယုတ်စိတ်(၄)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါးအားဖြင့် (၈)ပါးအပြားရှိပါသည်။

ထို(၈)ပါးတို့တွင် သမ္ပယုတ်စိတ်(၄)ပါးဟူသော်ကား-

သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

http://www.dhammadownload.com

အားဖြင့် (၄)ပါး ဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၄)ပါးဟူသော်ကား -

သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၄)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သမ္ပယုတ်စိတ် (၄)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောဘမူစိတ်(၈)ပါးဖြစ်ပါသည်။

သင်္ခါရဘေဒဖြင့် ဝေဖန်ပုံ

လောဘမူစိတ်(၈)ပါးသည် သင်္ခါရဘေဒအားဖြင့် အသင်္ခါရိကစိတ်(၄)ပါး၊ သသင်္ခါရိကစိတ်(၄)ပါးအားဖြင့် (၈)ပါးအပြားရှိပါသည်။

ထို(၈)ပါးတို့တွင် အသင်္ခါရိကစိတ်(၄)ပါးဟူသော်ကား-

သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၄)ပါးဖြစ်ပါသည်။

သသင်္ခါရိကစိတ်(၄)ပါးဟူသော်ကား-

သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် အသခ်ါရိကစိတ်(၄)ပါး၊ သသခ်ါရိကစိတ်(၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောဘမူစိတ်(၈)ပါး ဖြစ်ပါသည်။

ဟေတုဘေဒဖြင့် ဝေဖန်ပုံ

လောဘမူစိတ်(၈)ပါးသည် ဟေတုဘေဒအားဖြင့် လောဘဟိတ်၊ မောဟဟိတ်ဟူဆိုအပ်သော ဟိတ်(၂)ပါးရှိသည်၏အဖြစ်ကြောင့် ဒွိဟိတ်စိတ်သာ ဖြစ်ပါသည်။

လောဘမူစိတ်(၈)ပါး စက်လှည့်ပုံ

လောဘမူစိတ်(၈)ပါးကို မူ,မူလိအားဖြင့် စက်လှည့်လိုက်သည်ရှိသော် မူအားဖြင့် သောမနဿမူ, ဉပေက္ခာမူ, သမ္မယုတ်မူ, ဝိပ္ပယုတ်မူအားဖြင့် (၄)ပါးအပြားရှိပါသည်။

ထိုလေးပါးတို့တွင် သောမနဿမူ၌ မူလိအားဖြင့် သမ္မယုတ်မူလိ၊ ဝိပ္ပယုတ်မူလိ၊ အသခ်ါရိကမူလိ၊ သသခ်ါရိကမူလိ အားဖြင့် (၄)ပါးအပြားရှိပါသည်။

ထိုလေးပါးတို့တွင် သောမနဿမူ, သမ္မယုတ်မူလို၌ သောမနဿသာဖြစ်၍ သမ္မယုတ်မဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။

(၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသခ်ါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသခ်ါရိကစိတ်(၁)ပါး၊

အားဖြင့် (၂)ပါးဖြစ်ပါသည်။

သမ္မယုတ်သာဖြစ်၍ သောမနဿမဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။

(၂)ပါးဟူသော်ကား-

ဉပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္မယုတ်	အသခ်ါရိကစိတ်(၁)ပါး၊
ဉပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္မယုတ်	သသခ်ါရိကစိတ်(၁)ပါး၊

အားဖြင့် (၂)ပါးဖြစ်ပါသည်။

သောမနဿလည်းဖြစ် သမ္မယုတ်လည်းဖြစ်သောစိတ်သည် (၂-ပါးစုံဖြစ်သောစိတ်သည်) (၂)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

(၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

သောမနဿလည်းမဖြစ် သမ္ပယုတ်လည်းမဖြစ်သောစိတ်သည် (၂-ပါးစုံမဖြစ်သောစိတ်သည်) (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

သောမနဿမူ ဝိပ္ပယုတ်မူလိဒ်-သောမနဿသာဖြစ်၍ ဝိပ္ပယုတ်မဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်သာဖြစ်၍ သောမနဿမဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား....

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

နှစ်ပါးစုံဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

နှစ်ပါးစုံမဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌိဂတသမ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌိဂတသမ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

သောမနဿမူ အသင်္ခါရိကမူလိ၌-သောမနဿသာဖြစ်၍ အသင်္ခါရိကမဖြစ်သော စိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-
သောမနဿသဟဂုတ်　　ဒိဋ္ဌိဂတသမ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်　　ဒိဋ္ဌိဂတဝိပ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

အသင်္ခါရိကသာဖြစ်၍ သောမနဿမဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌိဂတသမ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌိဂတဝိပ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

နှစ်ပါးစုံဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-
သောမနဿသဟဂုတ်　　ဒိဋ္ဌိဂတသမ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်　　ဒိဋ္ဌိဂတဝိပ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

နှစ်ပါးစုံမဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌိဂတသမ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌိဂတဝိပ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် လောဘမူစိတ်(၈)ပါးဖြစ်ပါသည်။

ဒုတိယဝါရ ။ ။ ဤအထက်ပါ စက်လှည့်ပုံနည်းကိုမှီ၍ ဥပေက္ခာမူကိုလည်း မူလိလေးခု ဖြင့် စက်လှည့်ပါ၊ မခဲယဉ်းပြီ။

သမ္မယုတ်မူ၌ မူလိအားဖြင့် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား- အသင်္ခါရိကမူလိ, သသင်္ခါရိကမူလိအားဖြင့် (၂)ပါးဖြစ်ပါသည်။

ထို(၂)ပါးတို့တွင် သမ္မယုတ်မူ အသင်္ခါရိကမူလိ၌-သမ္မယုတ်သာဖြစ်၍ အသင်္ခါရိက မဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါးဖြစ်ပါသည်။

အသင်္ခါရိကသာဖြစ်၍ သမ္မယုတ်မဖြစ်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါးဖြစ်ပါသည်။

နှစ်ပါးစုံဖြစ်သောစိတ်သည် (သမ္မယုတ်လည်းဖြစ်၊ အသင်္ခါရိကလည်းဖြစ်သောစိတ်သည်) (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္မယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၂)ပါးဖြစ်ပါသည်။

နှစ်ပါးစုံမဖြစ်သောစိတ်သည် (သမ္မယုတ်လည်းမဖြစ်၊ အသင်္ခါရိကလည်း မဖြစ်သောစိတ်သည်) (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊

http://www.dhammadownload.com

အားဖြင့် (၂)ပါးဖြစ်ပါသည်။

ဤသို့လျှင် လောဘမူစိတ်(၈)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ သမ္မယုတ်မူ သသခ်ါရိကမူလိဒ္ဌလည်း ၄င်းနည်းတူ လှည့်လေ။ ဝိပ္ပယုတ်မူလိဒ္ဌလည်း ထို့အတူ အသခ်ါရိကမူလိ သသခ်ါရိကမူလိ (၂)ပါးဖြင့်လှည့်လေ။ မခဲယဉ်းပြီ။

ဒေါသမူစိတ်(၂)ပါး

ဒေါသမူစိတ်သည် (၂)ပါးအပြားရှိပါသည်။ (၂)ပါးဟူသော်ကား-

ဒေါမနဿသဟဂုတ်　　ပဋိဃသမ္ပယုတ်　　အသခ်ါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ်　　ပဋိဃသမ္ပယုတ်　　သသခ်ါရိကစိတ်(၁)ပါး၊

အားဖြင့် (၂)ပါးဖြစ်ပါသည်။ (ပဋိဃသမ္ပယုတ်စိတ်(၂)ပါးဟူ၍လည်း ခေါ်ပါသည်။)

သာဓကကား ။ ။ ဒေါမနဿသဟဂတံ (ပ) ပဋိဃသမ္ပယုတ္တစိတ္တာနိ နာမဖြစ်ပါသည်။

ဝေဒနာဘေဒ

ဒေါသမူစိတ်(၂)ပါးသည် ဝေဒနာဘေဒအားဖြင့် ဒေါမနဿသဟဂုတ်စိတ်သာ ဖြစ်ပါသည်။

သမ္မယောဂဘေဒ

ဒေါသမူစိတ်(၂)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

သခ်ါရဘေဒ

ဒေါသမူစိတ်(၂)ပါးသည် သခ်ါရဘေဒအားဖြင့် -

ဒေါမနဿသဟဂုတ်　　ပဋိဃသမ္ပယုတ်　　အသခ်ါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ်　　ပဋိဃသမ္ပယုတ်　　သသခ်ါရိကစိတ်(၁)ပါး၊

အားဖြင့် (၂)ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ဟေတုဘေဒ

ဒေါသမူစိတ်(၂)ပါးသည် ဟေတုဘေဒအားဖြင့် ဒေါသဟိတ်,မောဟဟိတ်ဟု ဆိုအပ်သော ဟိတ်(၂)ပါးရှိသည်၏အဖြစ်ကြောင့် ဒွိဟိတ်စိတ်သာ ဖြစ်ပါသည်။

မောဟမူစိတ်(၂)ပါး

မောဟမူစိတ်သည် (၂)ပါးအပြားရှိပါသည်။ (၂)ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် (၁)ပါး

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် (၁)ပါးအားဖြင့် (၂)ပါးဖြစ်ပါသည်။ (မောဟမူလစိတ်နှစ်ပါးဟူ၍လည်း ခေါ်ပါသည်။)

သာဓကကား ။ ။ ဥပေက္ခာသဟဂတံ (ပ) မောမူဟစိတ္တာနိ နာမ ဖြစ်ပါသည်။

ဝေဒနာဘေဒ

မောဟမူစိတ်(၂)ပါးသည် ဝေဒနာဘေဒအားဖြင့် ဥပေက္ခာသဟဂုတ်စိတ်သာ ဖြစ်ပါသည်။

သမ္ပယောဂဘေဒ

မောဟမူစိတ်(၂)ပါးသည် သမ္ပယောဂဘေဒအားဖြင့် -

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် (၁)ပါး၊

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် (၁)ပါးအားဖြင့် (၂)ပါးအပြားရှိပါသည်။

မောဟမူစိတ်(၂)ပါးသည် သခ်ါရဘေဒအားဖြင့်-

(အသခ်ါရိကစိတ်လည်းမဟုတ်၊ သသခ်ါရိကစိတ်လည်းမဟုတ်ပါ) သခ်ါရဝိမုတ်စိတ်သာဖြစ်ပါသည်။

ဟေတုဘေဒ

မောဟမူစိတ်(၂)ပါးသည် ဟေတုဘေဒအားဖြင့် -

မောဟဟုဆိုအပ်သော ဟိတ်တစ်ပါးသာရှိသည်၏အဖြစ်ကြောင့် ဧကဟိတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

နိဝုံး

ဤသို့လျှင် လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါး အားဖြင့် ဤ(၁၂)ပါးသော စိတ်တို့သည် မိတ်ဆွေ၏ ဆန့်ကျင်ဖက်ဖြစ်သောသူသည် ရန်သူမည်သကဲ့သို့ ကုသိုလ်၏ ဆန့်ကျင်ဖက်ဖြစ်ခဲ့လေသောကြောင့် အကုသိုလ်စိတ်တို့ မည်ပါသည်။

သာဓကကား ။　　။ ဣစ္စေဝံ (ပ) သမတ္တာနိ ဖြစ်ပါသည်။

* * * * *

အကုသိုလ်စိတ် (၁၂)ပါးကို ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

အကုသိုလ်စိတ်(၁၂)ပါးသည် ဝေဒနာဘေဒအားဖြင့် -

သောမနဿသဟဂုတ်စိတ်(၄)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာ-သဟဂုတ်စိတ်(၆)ပါးအားဖြင့် (၁၂)ပါး ဖြစ်ပါသည်။

ထို(၁၂)ပါးတို့တွင် သောမနဿသဟဂုတ်စိတ်(၄)ပါးဟူသော်ကား-

သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်	ဒိဋ္ဌဂတဝိပ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၄)ပါး ဖြစ်သည်။

ဒေါမနဿသဟဂုတ်စိတ်(၂)ပါး ဟူသော်ကား-

ဒေါမနဿသဟဂုတ်	ပဋိဃသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ်	ပဋိဃသမ္ပယုတ်	သသင်္ခါရိကစိတ်(၁)ပါး၊

အားဖြင့် (၂)ပါး ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၆)ပါး ဟူသော်ကား-

ဥပေက္ခာသဟဂုတ်	ဒိဋ္ဌဂတသမ္ပယုတ်	အသင်္ခါရိကစိတ်(၁)ပါး၊

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္မယုတ် သသခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္မယုတ်စိတ် (၁)ပါး၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္မယုတ်စိတ် (၁)ပါး အားဖြင့် (၆)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၄)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အကုသိုလ်စိတ်(၁၂)ပါး ဖြစ်ပါသည်။

သမ္မယောဂဘေဒ

အကုသိုလ်စိတ်(၁၂)ပါးသည် သမ္မယောဂဘေဒအားဖြင့် -
သမ္မယုတ်စိတ်(၈)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။
ထို(၁၂)ပါးတို့တွင် သမ္မယုတ်စိတ်(၈)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္မယုတ် အသခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္မယုတ် သသခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္မယုတ် အသခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္မယုတ် သသခါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ် ပဋိဃသမ္မယုတ် အသခါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ် ပဋိဃသမ္မယုတ် သသခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္မယုတ်စိတ် (၁)ပါး၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္မယုတ်စိတ် (၁)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၄)ပါး ဟူသော်ကား-

သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသခါရိကစိတ်(၁)ပါး၊

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌဂတဝိပ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌဂတဝိပ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၄)ပါးဖြစ်ပါသည်။

ဤသို့လျှင် သမ္မယုတ်စိတ်(၈)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် အကုသိုလ်စိတ်(၁၂)ပါး ဖြစ်ပါသည်။

သင်္ခါရဘေဒ

အကုသိုလ်စိတ်(၁၂)ပါးသည် သင်္ခါရဘေဒအားဖြင့် -

အသင်္ခါရိကစိတ်(၅)ပါး၊ သသင်္ခါရိကစိတ်(၅)ပါး၊ သင်္ခါရဝိမုတ်စိတ်(၂)ပါး အားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ထို(၁၂)ပါးတို့တွင် အသင်္ခါရိကစိတ်(၅)ပါး ဟူသော်ကား -

သောမနဿသဟဂုတ်　　ဒိဋ္ဌဂတသမ္မယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်　　ဒိဋ္ဌဂတဝိပ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌဂတသမ္မယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌဂတဝိပ္ပယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ်　　ပဋိဃသမ္မယုတ်　　အသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၅)ပါး ဖြစ်ပါသည်။

သသင်္ခါရိကစိတ်(၅)ပါးဟူသော်ကား-

သောမနဿသဟဂုတ်　　ဒိဋ္ဌဂတသမ္မယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်　　ဒိဋ္ဌဂတဝိပ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌဂတသမ္မယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　　ဒိဋ္ဌဂတဝိပ္ပယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
ဒေါမနဿသဟဂုတ်　　ပဋိဃသမ္မယုတ်　　သသင်္ခါရိကစိတ်(၁)ပါး၊
အားဖြင့် (၅)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

သခ်ါရုဝိမုတ်စိတ်(၂)ပါး ဟူသော်ကား-

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် စိတ်(၁)ပါး၊

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် စိတ်(၁)ပါး အားဖြင့် (၂)ပါး၊ ဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ်(၅)ပါး၊ သသခ်ါရိကစိတ်(၅)ပါး၊ သခ်ါရုဝိမုတ်စိတ်(၂)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အကုသိုလ်စိတ်(၁၂)ပါး ဖြစ်ပါသည်။

ဟေတုဘေဒ

အကုသိုလ်စိတ်(၁၂)ပါးသည် ဟေတုဘေဒအားဖြင့် -

ဧကဟိတ်စိတ် (၂)ပါး၊ ဒွိဟိတ်စိတ်(၁၀)ပါး အားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ထို(၁၂)ပါးတို့တွင် ဧကဟိတ်စိတ်(၂)ပါးဟူသော်ကား-မောဟမူစိတ်(၂)ပါး ဖြစ်ပါသည်။

ဒွိဟိတ်စိတ်(၁၀)ပါးဟူသော်ကား-လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး အားဖြင့် (၁၀)ပါးဖြစ်ပါသည်။

ဤသို့လျှင် ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၁၀)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် အကုသိုလ်စိတ်(၁၂)ပါးဖြစ်ပါသည်။

မူလဘေဒ

အကုသိုလ်စိတ်(၁၂)ပါးသည် မူလဘေဒအားဖြင့် လောဘမူလစိတ်(၈)ပါး၊ ဒေါသမူလစိတ်(၂)ပါး၊ မောဟမူလစိတ်(၂)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ထို(၁၂)ပါးတို့တွင် လောဘမူလစိတ်(၈)ပါးဟူသော်ကား-(ဆိုခဲ့သော)လောဘမူစိတ်(၈)ပါး ဖြစ်ပါသည်။

ဒေါသမူလစိတ်(၂)ပါးဟူသော်ကား-(ဆိုခဲ့သော) ဒေါသမူစိတ်(၂)ပါး ဖြစ်ပါသည်။

မောဟမူလစိတ် (၂)ပါးဟူသော်ကား-(ဆိုခဲ့သော)မောဟမူစိတ်(၂)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

သင်္ဂဟဂါထာ

လောဘမူစိတ်သည် ဝေဒနာအစရှိသောအပြားဖြင့်(၀၊)ဝေဒနာအပြား၊ သမ္မယောဂအပြား၊ သခ်ါရအပြားဖြင့် ပြားသောကြောင့် (၈)ပါးပြားရပါသည်။

ဒေါသမူစိတ်သည် သခ်ါရအပြားဖြင့် ပြားသောကြောင့် (၂)ပါးပြားရပါသည်။

မောဟမူစိတ်သည် သမ္မယောဂအပြားဖြင့် ပြားသောကြောင့် (၂)ပါးပြားရပါသည်။

သာဓကကား။　　။ အဋ္ဌဓာ လောဘမူလာနိ (၀) သိယုံ ဖြစ်ပါသည်။

* * * * *

ဝေဒနာဘေဒစိတ်စသည်များ

အကုသိုလ်စိတ်(၁၂)ပါးတို့တွင် -

လောဘမူစိတ်(၈)ပါးသည် ဝေဒနာဘေဒစိတ် မည်ပါသည်။

ဒေါသမူစိတ်(၂)ပါးသည် သခ်ါရဘေဒစိတ် မည်ပါသည်။

မောဟမူစိတ်(၂)ပါးသည် သမ္မယောဂဘေဒစိတ် မည်ပါသည်။

တနည်း....အကုသိုလ်စိတ်(၁၂)ပါးတို့တွင် - ဝေဒနာဘေဒ,သမ္မယောဂဘေဒ, သခ်ါရဘေဒအမည်ရသောစိတ်သည် (၈)ပါးဖြစ်ပါသည်။ (၈)ပါးဟူသော်ကား-

လောဘမူစိတ်(၈)ပါး ဖြစ်ပါသည်။

ဝေဒနာဘေဒ, သမ္မယောဂဘေဒစိတ်လည်း မည်ပါသည်။ ဝေဒနာဘေဒ, သခ်ါရဘေဒစိတ်လည်း မည်ပါသည်။ သမ္မယောဂဘေဒ, သခ်ါရဘေဒစိတ်လည်း မည်ပါသည်။

အကုသိုလ်စိတ်(၁၂)ပါးတို့တွင် သမ္မယောဂဘေဒမည်သောစိတ်သည် (၁၀)ပါး ဖြစ်ပါသည်။ (၁၀)ပါးဟူသော်ကား-

လောဘမူစိတ်(၈)ပါး၊ မောဟမူစိတ်(၂)ပါးအားဖြင့် (၁၀)ပါးဖြစ်ပါသည်။

သမ္မယောဂဘေဒသာ အမည်ရသောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါး ဟူသော်ကား-

မောဟမူဒွေး ဖြစ်ပါသည်။

http://www.dhammadownload.com

အကုသိုလ်စိတ်(၁၂)ပါးတို့တွင် သဒ်ါရဏောဒမည်သောစိတ်သည် (၁၀)ပါးဖြစ်ပါသည်။ (၁၀)ပါးဟူသော်ကား-

လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါးအားဖြင့် (၁၀)ပါးဖြစ်ပါသည်။

သဒ်ါရဏောဒသာအမည်ရသောစိတ်သည်(၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား-

ဒေါသမူဒွေး ဖြစ်ပါသည်။

အကုသိုလ်စိတ်ပြီး၏။

* * * * *

အဟိတ်စိတ် (၁၈)ပါး

အကုသလဝိပါက်စိတ်(၇)ပါး

အကုသလဝိပါက်စိတ်သည် (၇)ပါး အပြားရှိပါသည်။ (၇)ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ်	စက္ခုဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သောတဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဃာနဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဇိဝှါဝိညာဏ်စိတ်	(၁)ပါး၊
ဒုက္ခသဟဂုတ်	ကာယဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သမ္ပဋိစ္ဆိန်းစိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သန္တီရဏစိတ်	(၁)ပါးအားဖြင့် (၇)ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ ဥပေက္ခာသဟဂတံ (ပ) နာမ ဖြစ်ပါသည်။

ဝေဒနာဘေဒစသည် ဝေဖန်ပုံ

အကုသလဝိပါက်စိတ်(၇)ပါးသည် ဝေဒနာဘေဒအားဖြင့်-

ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးအားဖြင့် (၇)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ထို(၇)ပါးတို့တွင်-ဒုက္ခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ်	စက္ခုဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သောတဝိညာဏ်စိတ်	(၁)ပါး။
ဥပေက္ခာသဟဂုတ်	ဃာနဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဇိဝှါဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သမ္ပဋိစ္ဆိန်းစိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သန္တီရဏစိတ်	(၁)ပါးအားဖြင့် (၆)ပါး ဖြစ်ပါသည်။

ဤသို့လျှင် ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အကုသလဝိပါက်စိတ်(၇)ပါးဖြစ်ပါသည်။

သမ္မယောဂဘေဒ

အကုသလဝိပါက်စိတ်(၇)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် ဖြစ်ပါသည်။

သခ်ါရဘေဒ

အကုသလဝိပါက်စိတ်(၇)ပါးသည် သခ်ါရဘေဒအားဖြင့် (အသခ်ါရိကလည်းမဟုတ်၊ သသခ်ါရိကလည်းမဟုတ်ပါ) သခ်ါရဝိမုတ်စိတ်သာဖြစ်ပါသည်။

ဟေတုဘေဒ

အကုသလဝိပါက်စိတ်(၇)ပါးသည် ဟေတုဘေဒအားဖြင့် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်ဟိတ်မရှိသည်၏အဖြစ်ကြောင့် အဟိတ်စိတ်သာ ဖြစ်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး

အဟိတ်ကုသလဝိပါက်စိတ်သည် (၈)ပါးအပြားရှိပါသည်။ (၈)ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ်	စက္ခုဝိညာဏ်စိတ်	(၁)ပါး၊

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်	သောတဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဃာနဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	ဇိဝှါဝိညာဏ်စိတ်	(၁)ပါး၊
သုခသဟဂုတ်	ကာယဝိညာဏ်စိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သမ္ပဋိစ္ဆိန်းစိတ်	(၁)ပါး၊
သောမနဿသဟဂုတ်	သန္တီရဏစိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	သန္တီရဏစိတ်	(၁)ပါးအားဖြင့် (၈)ပါး ဖြစ်ပါသည်။
သာဓကကား။	။ ဥပေက္ခာသဟဂတံ (၁) စိတ္တာနိ နာမ ဖြစ်ပါသည်။	

ဝေဒနာစသည်ဖြင့် ဝေဖန်ပုံ

အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးသည် ဝေဒနာဘေဒအားဖြင့်-

သုခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါး အားဖြင့် (၈)ပါးဖြစ်ပါသည်။

ထို(၈)ပါးတို့တွင် သုခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-သုခသဟဂုတ် ကာယဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-သောမနဿသဟဂုတ် သန္တီရဏစိတ်(၁)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးဟူသော်ကား-ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်(၁)ပါး၊ သောတဝိညာဏ်စိတ်(၁)ပါး၊ ဃာနဝိညာဏ်စိတ်(၁)ပါး၊ ဇိဝှါဝိညာဏ်စိတ်(၁)ပါး၊ သမ္ပဋိစ္ဆိန်းစိတ်(၁)ပါး၊ သန္တီရဏစိတ်(၁)ပါးအားဖြင့် (၆)ပါးဖြစ်ပါသည်။

ဤသို့လျှင်....

သုခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး ဖြစ်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးသည် သမ္ပယောဂဘေဒအားဖြင့် သမ္ပယုတ်

http://www.dhammadownload.com

လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်ဖြစ်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးသည် **သခ်ါရဘေဒ** အားဖြင့် (အသခ်ါရိကလည်း မဟုတ်၊ သသခ်ါရိကလည်းမဟုတ်) သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးသည် **ဟေတုဘေဒ** အားဖြင့် ယုဉ်ဖော်ယုဉ်ဖက် သမ္မယုတ်ဟိတ်မရှိသည်၏အဖြစ်ကြောင့် အဟိတ်စိတ်သာ ဖြစ်ပါသည်။

အဟိတ်ကြိယာစိတ်(၃)ပါး

အဟိတ်ကြိယာစိတ်သည်(၃)ပါးအပြားရှိပါသည်။ (၃)ပါးဟူသော်ကား-

ဥပေက္ခာသဟဂုတ်	ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်	(၁)ပါး၊
ဥပေက္ခာသဟဂုတ်	မနောဒ္ဝါရာဝဇ္ဇန်းစိတ်	(၁)ပါး၊
သောမနဿသဟဂုတ်	ဟသိတုပ္ပါဒ်စိတ်	(၁)ပါးအားဖြင့် (၃)ပါးဖြစ်ပါသည်။

ဝေဒနာစသည်ဖြင့် ဝေဖန်ပုံ

အဟိတ်ကြိယာစိတ်(၃)ပါးသည် **ဝေဒနာဘေဒ**အားဖြင့်-သောမနဿသဟဂုတ်စိတ် (၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂)ပါးအားဖြင့် (၃)ပါးဖြစ်ပါသည်။

ထို(၃)ပါးတို့တွင် သောမနဿသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်(၁)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၂)ပါးဟူသော်ကား-ဥပေက္ခာသဟဂုတ် ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ် မနောဒ္ဝါရာဝဇ္ဇန်းစိတ်(၁)ပါးအားဖြင့် (၂)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂)ပါးတို့ကိုပေါင်းလိုက်သည်ရှိသော် အဟိတ်ကြိယာစိတ်(၃)ပါးဖြစ်ပါသည်။

အဟိတ်ကြိယာစိတ်(၃)ပါးသည် **သမ္မယောဂဘေဒ** အားဖြင့် သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်ဖြစ်ပါသည်။

အဟိတ်ကြိယာစိတ်(၃)ပါးသည် **သခ်ါရဘေဒ** အားဖြင့် (အသခ်ါရိကလည်းမဟုတ်၊ သသခ်ါရိကလည်းမဟုတ်ပါ) သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

အဟိတ်ကြိယာစိတ်(၃)ပါးသည် **ဟေတုဘေဒ**အားဖြင့် ယုဉ်ဖော်ယုဉ်ဖက်

http://www.dhammadownload.com

သမ္မယုတ်ဟိတ်မရှိသည်၏ အဖြစ်ကြောင့် အဟိတ်စိတ်သာ ဖြစ်ပါသည်။

နိဂုံး

ဤသို့လျှင် အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး အဟိတ်ကြိယာစိတ်(၃)ပါးအားဖြင့် ဤ(၁၈)ပါးသော စိတ်တို့သည် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်ဟိတ်မရှိသည်၏ အဖြစ်ကြောင့် အဟိတ်စိတ်တို့မည်ပါသည်။

သာဓကကား။ ။ ဣဏ္ဍစွေဝံ (ပ) သမစ္စာနိ ဖြစ်ပါသည်။

ဝေဒနာစသည်ဖြင့် ဝေဖန်ပုံ

အဟိတ်စိတ်(၁၈)ပါးသည် ဝေဒနာဘေဒအားဖြင့် -

သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁၄)ပါးအားဖြင့် (၁၈)ပါး ဖြစ်ပါသည်။

ထို(၁၈)ပါးတို့တွင် သုခသဟဂုတ်စိတ်(၁)ပါး ဟူသော်ကား .... သုခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါး ဖြစ်ပါသည်။ ဒုက္ခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား.... ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ်(၂)ပါး ဟူသော်ကား.... သောမနဿသဟဂုတ်သန္ဓိရဏစိတ်(၁)ပါး...

သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်(၁)ပါးအားဖြင့် (၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၁၄)ပါးဟူသော်ကား ...

အကုသလဝိပါက်၌ ဥပေက္ခာ(၆)ပါး၊ အဟိတ်ကုသလဝိပါက်၌ ဥပေက္ခာ(၆)ပါး အဟိတ်ကြိယာ၌ ဥပေက္ခာ(၂)ပါးအားဖြင့် (၁၄)ပါးဖြစ်ပါသည်။

ဤသို့လျှင် သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အဟိတ်စိတ်(၁၈)ပါးဖြစ်ပါသည်။

အဟိတ်စိတ်(၁၈)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်လည်းမဟုတ် ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်ဖြစ်ပါသည်။

http://www.dhammadownload.com

အဟိတ်စိတ်(၁၈)ပါးသည် သခ်ါရဘေဒအားဖြင့် အသခ်ါရိကလည်းမဟုတ် သသခ်ါရိကလည်းမဟုတ်ပါ၊ သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

အဟိတ်စိတ်(၁၈)ပါးသည် ဟေတုဘေဒအားဖြင့် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ် ဟိတ်မရှိသည်၏ အဖြစ်ကြောင့် အဟိတ်စိတ်သာဖြစ်ပါသည်။

အဟိတ်စိတ်(၁၈)ပါးသည် ဇာတိဘေဒအားဖြင့် ဝိပါက်စိတ်(၁၅)ပါး ကြိယာစိတ် (၃)ပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။

ထို(၁၈)ပါးတို့တွင် ဝိပါက်စိတ်(၁၅)ပါး ဟူသော်ကား....

အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးအားဖြင့် (၁၅)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၃)ပါးဟူသော်ကား၊ အဟိတ်ကြိယာစိတ်(၃)ပါး ဖြစ်ပါသည်။

ကြောင်း-ကျိုးခွဲပုံ

အဟိတ်စိတ်(၁၈)ပါးတို့တွင် ဝိပါက်စိတ်(၁၅)ပါးသည် အကျိုးဖြစ်သော စိတ် မည်ပါသည်။

ကြိယာစိတ်(၃)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သော စိတ်မည်ပါသည်။

သင်္ဂဟဂါထာ

အဟိတ်စိတ်(၁၈)ပါးတို့တွင် အကုသလဝိပါက်စိတ်သည် စက္ခုအစရှိသော မှီရာ သမ္မဋ္ဌိဗ္ဗိန်း အစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ပြားသောကြောင့် (၇)ပါးပြားရပါသည်။ အဟိတ်ကုသလဝိပါက်စိတ်သည် စက္ခုအစရှိသောမှီရာ၊ သမ္မဋ္ဌိဗ္ဗိန်းအစရှိသောကိစ္စတို့၏ အပြားဖြင့် ပြားသောကြောင့် (၈)ပါးပြားရပါသည်။

အဟိတ်ကြိယာစိတ်သည် အာဝဇ္ဇန်းအစရှိသောကိစ္စတို့၏ အပြားအားဖြင့် ပြားသောကြောင့် (၃)ပါးပြားရပါသည်။

သာဓကကား ။ ။ သတ္တာကုသလပါကာနိ (ပ) အဟေတုကာ ဖြစ်ပါသည်။

http://www.dhammadownload.com

နိဿယဘေဒစိတ်၊ ကိစ္စဘေဒစိတ်

အဟိတ်စိတ်(၁၈)ပါးတို့တွင် စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာန ဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေးဟုဆိုအပ်သော ဒွေးပဉ္စဝိညာဏ် (၁၀)သည် နိဿယဘေဒစိတ်မည်ပါသည်။ (၀၂)မှီရာ၏အစွမ်းဖြင့် ပြားသောစိတ်မည်ပါသည်။

သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ(၃)ခု၊ အာဝဇ္ဇန်းဒွေး၊ ဟသိတုပ္ပါဒ်စိတ်(၁)ပါးအားဖြင့် ဤ(၈)ပါးသောစိတ်တို့သည် ကိစ္စဘေဒစိတ်မည်ပါသည်။ (၀၂)ကိစ္စတို့၏အစွမ်းဖြင့် ပြားသောစိတ်မည်ပါသည်။

ဂါထာ

ပါပါဟေတုကမုတ္တာနိ- အစရှိသော ဂါထာသည် သောဘနစိတ်တို့၏ နိဒါန်းနှင့် အကျဉ်းဥဒ္ဒေသကိုပြသော ဂါထာဖြစ်ပါသည်။ သောဘနစိတ်တို့၏ ရှေ့တော်ပြေး ဂါထာ ဟူ၍လည်းခေါ်ပါသည်။

ထိုဂါထာ၌ "ပါပါဟေတုကမုတ္တာနိ၊ သောဘနာနီတိ ဝုစ္စရေ။ ဧကူနသဋ္ဌိ စိတ္တာနီ" ဟူသော ပါဠိဖြင့် အကုသိလ်စိတ်, အဟိတ်စိတ်တို့မှလွတ်ကုန်သော ကာမာဝစရသောဘန စိတ်(၂၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျဉ်း (၈)ပါးအားဖြင့် ဤတစ်ခုယုတ်(၆၀)သော စိတ်တို့၏ သောဘနစိတ်မည်သည်၏ အဖြစ်ကို ပြပါသည်။

"အထေက နဝုတီဝိဝါ" ဟူသောပါဠိဖြင့် အကုသိလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော ကာမာဝစရသောဘနစိတ်(၂၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ်(၄၀)အားဖြင့် ဤ(၉၁)ပါးသောစိတ်တို့၏ သောဘန စိတ်မည်သည်၏ အဖြစ်ကိုပြပါသည်။

သောဘနစိတ်အကျဉ်း(၅၉)ပါး အကျယ်(၉၁)ပါးပြဂါထာ

အကုသိလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော အကျဉ်းအားဖြင့် တစ်ခုယုတ် (၆၀)၊ အကျယ်အားဖြင့် (၉၁)ပါးကုန်သောစိတ်တို့သည် တင့်တယ်သောဂုဏ်ကို ဆောင်နိုင်

http://www.dhammadownload.com

ခဲ့လေသောကြောင့်လည်းကောင်း၊ အပြစ်ကင်းသော အလောဘစသောဟိတ်တို့နှင့် ယှဉ်ခဲ့လေသောကြောင့်လည်းကောင်း သောဘနစိတ်တို့ မည်ပါသည်။

သာဓကကား ။　　။ ပါပါဟေတုကမုတ္တာနိ (၀) အထေက နဝုတ္တိဝိဝါဖြစ်ပါသည်။

အသောဘနစိတ်(၃၀)

အကုသိုလ်စိတ်(၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါးအားဖြင့် ဤ(၃၀)သောစိတ်တို့သည် တင့်တယ်သောဂုဏ်ကို မဆောင်နိုင်ခဲ့လေသောကြောင့်လည်းကောင်း၊ အပြစ်ကင်းသော အလောဘစသောဟိတ်တို့နှင့် မယှဉ်ခဲ့လေသောကြောင့်လည်းကောင်း အသောဘနစိတ်တို့ မည်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

ထိုအသောဘနစိတ်(၃၀)သည် **ဝေဒနာဘေဒ**အားဖြင့်-

သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၆)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂၀)အားဖြင့် အသောဘနစိတ်(၃၀)ဖြစ်ပါသည်။

ထို(၃၀)တို့တွင် သုခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-သုခသဟဂုတ် ကာယဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

ဒုက္ခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ်(၂)ပါးဟူသော်ကား-ဒေါသမူဒွေး ဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ်(၆)ပါးဟူသော်ကား-အကုသိုလ်စိတ်၌ သောမနဿ(၄)ပါး၊ အဟိတ်စိတ်၌ သောမနဿ(၂)ပါးအားဖြင့် (၆)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၂၀)ဟူသော်ကား-အကုသိုလ်စိတ်၌ ဥပေက္ခာ(၆)ပါး၊ အဟိတ်စိတ်၌ ဥပေက္ခာ(၁၄)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

ဤသို့လျှင် သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ သောမနဿသဟဂုတ်စိတ်(၆)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂၀)တို့ကို ပေါင်းလိုက်သည်ရှိသော် အသောဘနစိတ်(၃၀)ဖြစ်ပါသည်။

http://www.dhammadownload.com

အသောဘနစိတ်(၃၀)သည် သမ္မယောဂဘောဒအားဖြင့်-

သမ္မယုတ်စိတ်(၈)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် (၁၈)ပါးအားဖြင့် (၃၀) ဖြစ်ပါသည်။

ထို(၃၀)တို့တွင် သမ္မယုတ်စိတ်(၈)ပါးဟူသော်ကား-

လောဘမူစိတ်၌ သမ္မယုတ်စိတ် ၄-ပါး

ဒေါသမူစိတ်၌ သမ္မယုတ်စိတ် ၂-ပါး

မောဟမူစိတ်၌ သမ္မယုတ်စိတ် ၂-ပါးအားဖြင့် (၈)ပါး ဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၄)ပါး ဟူသော်ကား-

လောဘမူစိတ်၌ ဝိပ္ပယုတ်စိတ် ၄-ပါး ဖြစ်ပါသည်။

သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် (၁၈)ပါးဟူသော်ကား-

အဟိတ်စိတ် ၁၈-ပါးဖြစ်ပါသည်။

အသောဘနစိတ်(၃၀)သည် သခ်ါရဘောဒအားဖြင့်-

အသခ်ါရိကစိတ်(၅)ပါး၊ သသခ်ါရိကစိတ်(၅)ပါး၊ သခ်ါရဝိမုတ်စိတ်(၂၀)အားဖြင့် (၃၀)ဖြစ်ပါသည်။

ထို(၃၀)တွင် အသခ်ါရိကစိတ်(၅)ပါးဟူသော်ကား-

လောဘမူစိတ်၌ အသခ်ါရိကစိတ် ၄-ပါး၊

ဒေါသမူစိတ်၌ အသခ်ါရိကစိတ် ၁-ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။

သသခ်ါရိကစိတ်(၅)ပါး ဟူသော်ကား-

လောဘမူစိတ်၌ သသခ်ါရိကစိတ် ၄-ပါး၊

ဒေါသမူစိတ်၌ သသခ်ါရိကစိတ် ၁-ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ်(၂၀)ဟူသော်ကား-

မောဟမူစိတ်(၂)ပါး၊ အဟိတ်စိတ်(၁၈)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ်(၅)ပါး၊ သသခ်ါရိကစိတ်(၅)ပါး၊ သခ်ါရဝိမုတ်စိတ်(၂၀)တို့ကို ပေါင်းလိုက်သည်ရှိသော် အသောဘနစိတ်(၃၀)ဖြစ်ပါသည်။

အသောဘနစိတ်(၃၀)သည် ဟေတုဘောဒအားဖြင့်-

http://www.dhammadownload.com

ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၁၀)ပါး၊ အဟိတ်စိတ်(၁၈)ပါးအားဖြင့် (၃၀)ဖြစ်ပါသည်။

ထို(၃၀)တို့တွင် ဧကဟိတ်စိတ်(၂)ပါးဟူသော်ကား-မောဟမူစိတ်(၂)ပါး ဖြစ်ပါသည်။

ဒွိဟိတ်စိတ်(၁၀)ပါးဟူသော်ကား-လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါးအားဖြင့် (၁၀)ပါးဖြစ်ပါသည်။

အဟိတ်စိတ်(၁၈)ပါးဟူသော်ကား-အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ အဟိတ်ကြိယာစိတ်(၃)ပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။

• ဤသို့လျှင် ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၁၀)ပါး၊ အဟိတ်စိတ်(၁၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အသောဘာနစိတ်(၃၀)ဖြစ်ပါသည်။

အသောဘာနစိတ်(၃၀)သည် **ဇာတိဘေဒအားဖြင့်**-

အကုသိုလ်စိတ်(၁၂)ပါး၊ ဝိပါက်စိတ်(၁၅)ပါး၊ ကြိယာစိတ်(၃)ပါးအားဖြင့် (၃၀) ဖြစ်ပါသည်။

ထို(၃၀)တို့တွင် အကုသိုလ်စိတ်(၁၂)ပါးဟူသော်ကား-လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၁၅)ပါးဟူသော်ကား-

အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးအားဖြင့် (၁၅)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၃)ပါးဟူသော်ကား-အဟိတ်ကြိယာစိတ်(၃)ပါးဖြစ်ပါသည်။

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ ဝိပါက်စိတ်(၁၅)ပါး၊ ကြိယာစိတ်(၃)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် အသောဘာနစိတ်(၃၀)ဖြစ်ပါသည်။

ကြောင်း-ကျိုးခွဲပုံ

အသောဘာနစိတ်(၃၀)တို့တွင် အကုသိုလ်စိတ်(၁၂)ပါးသည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

http://www.dhammadownload.com

ဝိပါက်စိတ်(၁၅)ပါးသည် အကျိုးဖြစ်သောစိတ်မည်ပါသည်။

ကြိယာစိတ်(၃)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သော စိတ်မည်ပါသည်။ (၀၀)အကြောင်း, အကျိုး(၂)ပါးစုံမှ အလွတ်ဖြစ်သောစိတ်မည်ပါသည်။

ပါပါဟေတုက ဂါထာမှအဆက်

ပါပါဟေတုကမုတ္တာနိဟူသောပါဠိ၌-

ပါပအရကား-အကုသိုလ်စိတ်(၁၂)ပါးကို ရပါသည်။

အဟေတုကအရကား-အဟိတ်စိတ်(၁၈)ပါးကို ရပါသည်။

ပါပါဟေတုကမုတ္တာနိအရကား-အကုသိုလ်စိတ်,အဟိတ်စိတ်တို့မှ လွတ်ကုန်သော အကျဉ်းအားဖြင့် တခုယုတ်(၆၀)၊ အကျယ်အားဖြင့်(၉၁)ပါးသော သောဘနစိတ်တို့ကို ရပါသည်။

ကုနသဋ္ဌိစိတ္တာနိဟူသောပါဠိ၌-

ကုနသဋ္ဌိအရကား-ကာမာဝစရသောဘနစိတ်(၂၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ် အကျဉ်း(၈)ပါးအားဖြင့် သောဘနစိတ် အကျဉ်း တခုယုတ်(၆၀)ကို ရပါသည်။

အထေက နဝုတ္တိဝိဝါ ဟူသောပါဠိ၌-

ကေနဝုတ္တိအရကား-ကာမာဝစရသောဘနစိတ်(၂၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ်(၄၀)အားဖြင့် သောဘနစိတ်အကျယ် (၉၁)ပါးကို ရပါသည်။

အသောဘနစိတ်ပြီးပြီ။

* * * * *

ကာမာဝစရသောဘနစိတ်(၂၄)ပါး

မဟာကုသိုလ်စိတ်(၈)ပါး

ကာမာဝစရကုသိုလ်စိတ်သည် (၈)ပါးအပြားရှိပါသည်။ (၈)ပါးဟူသော်ကား-

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်(၁)ပါး၊

http://www.dhammadownload.com

သောမနဿသဟဂုတ်　ဉာဏဝိပ္ပယုတ်　အသင်္ခါရိကစိတ်(၁)ပါး၊
သောမနဿသဟဂုတ်　ဉာဏဝိပ္ပယုတ်　သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　ဉာဏသမ္ပယုတ်　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　ဉာဏသမ္ပယုတ်　သသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　ဉာဏဝိပ္ပယုတ်　အသင်္ခါရိကစိတ်(၁)ပါး၊
ဥပေက္ခာသဟဂုတ်　ဉာဏဝိပ္ပယုတ်　သသင်္ခါရိကစိတ်(၁)ပါး အားဖြင့်
(၈)ပါးဖြစ်ပါသည်။ မဟာကုသိုလ်စိတ်(၈)ပါးဟူ၍လည်း ခေါ်ပါသည်။

ဝေဒနာစသည်ဖြင့် ဝေဖန်ပုံ

မဟာကုသိုလ်စိတ်(၈)ပါးသည် **ဝေဒနာဘေဒအားဖြင့်**-သောမနဿသဟဂုတ်စိတ်
(၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၄)ပါး အားဖြင့် (၈)ပါးဖြစ်ပါသည်။

ထို(၈)ပါးတို့တွင် သောမနဿသဟဂုတ်စိတ်(၄)ပါးဟူသော်ကား-(ဆိုခဲ့ပြီးသော
နည်းများကိုမှီးလျက် ရေတွက်ပါ၊ မခဲယဉ်းပြီ။)

ဥပေက္ခာသဟဂုတ်စိတ်(၄)ပါးဟူသော်ကား-(ရေတွက်ပါ။)

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၄)ပါးတို့ကို
ပေါင်းလိုက်သည်ရှိသော် မဟာကုသိုလ်စိတ်(၈)ပါးဖြစ်ပါသည်။

မဟာကုသိုလ်စိတ်(၈)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**-
သမ္မယုတ်စိတ်(၄)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါး အားဖြင့် (၈)ပါးဖြစ်ပါသည်။
ထို(၈)ပါးတို့တွင် သမ္မယုတ်၊ ဝိပ္ပယုတ်တို့ကို ရေတွက်ပါ။
မဟာကုသိုလ်စိတ်(၈)ပါးသည် **သင်္ခါရဘေဒအားဖြင့်**-
အသင်္ခါရိကစိတ်(၄)ပါး၊ သသင်္ခါရိကစိတ်(၄)ပါး အားဖြင့် (၈)ပါးဖြစ်ပါသည်။
ထို(၈)ပါးတို့တွင် (ရေတွက်ပါ။)
မဟာကုသိုလ်စိတ်(၈)ပါးသည် **ဟေတုဘေဒအားဖြင့်**-
ဒွိဟိတ်စိတ်(၄)ပါး၊ တိဟိတ်စိတ်(၄)ပါး အားဖြင့် (၈)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ထို(၈)ပါးတို့တွင် ဒွိဟိတ်စိတ်(၄)ပါးဟူသော်ကား-ဉာဏဝိပ္ပယုတ်စိတ်(၄)ပါး ဖြစ်ပါသည်။

တိဟိတ်စိတ်(၄)ပါးဟူသော်ကား-ဉာဏသမ္ပယုတ်စိတ်(၄)ပါး ဖြစ်ပါသည်။

ဤသို့လျှင် ဒွိဟိတ်စိတ်(၄)ပါး၊ တိဟိတ်စိတ်(၄)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် မဟာကုသိုလ်စိတ်(၈)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ ထို့အတူ မဟာဝိပါက်စိတ်(၈)ပါး၊ မဟာကြိယာစိတ် (၈)ပါးတို့ကိုလည်း အသီးသီး သရုပ်ရေတွက်ပါ၊ မခဲယဉ်းတော့ပြီ။

နိဂုံး

ဤသို့လျှင် မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟာကြိယာစိတ် (၈)ပါးအားဖြင့် ဤ(၂၄)ပါးသောစိတ်တို့သည် ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ခဲ့လေသောကြောင့်လည်းကောင်း၊ တင့်တယ်သောဂုဏ်ကို ဆောင်နိုင်ခဲ့လေသော ကြောင့်လည်းကောင်း၊ အပြစ်ကင်းသော အလောဘစသောဟိတ်တို့နှင့် ယှဉ်ခဲ့လေသော ကြောင့်လည်းကောင်း ကာမာဝစရသောဘနစိတ်တို့မည်ပါသည်။

သာဓကကား ။ ။ ဣစ္စေဝံ (ပ) သမတ္တာနိ ဖြစ်ပါသည်။

ကာမာဝစရသောဘနစိတ်(၂၄)ပါးသည် **ဝေဒနာဘေဒအား**ဖြင့် သောမနဿသဟဂုတ်စိတ် (၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၁၂)ပါးအားဖြင့် (၂၄)ပါးဖြစ်ပါသည်။

ထို ၂၄ ပါးတို့တွင် သောမနဿသဟဂုတ်စိတ် (၁၂)ပါးဟူသော်ကား-

မဟာကုသိုလ်စိတ်၌ သောမနဿသဟဂုတ်စိတ် (၄)ပါး၊

မဟာဝိပါက်စိတ်၌ သောမနဿသဟဂုတ်စိတ် (၄)ပါး၊

မဟာကြိယာစိတ်၌ သောမနဿသဟဂုတ်စိတ် (၄)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၁၂)ပါးဟူသော်ကား-

မဟာကုသိုလ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါး၊

မဟာဝိပါက်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါး၊

http://www.dhamma.com/download.com

မဟာကြိယာစိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁၂)ပါး တို့ကိုပေါင်းလိုက်သည်ရှိသော် ကာမာဝစရသောဘာနစိတ်(၂၄)ပါး ဖြစ်ပါသည်။

ကာမာဝစရသောဘာနစိတ်(၂၄)ပါးသည် သမ္မယောဂဘေဒအားဖြင့်-

သမ္မယုတ်စိတ်(၁၂)ပါး၊ ဝိပ္ပယုတ်စိတ်(၁၂)ပါးအားဖြင့် (၂၄)ပါးဖြစ်ပါသည်။ ထို(၂၄)ပါးတို့တွင် (ရေတွက်ပါ။)

ကာမာဝစရသောဘာနစိတ်(၂၄)ပါးသည် **သင်္ခါရဘေဒအားဖြင့်**-

အသင်္ခါရိကစိတ်(၁၂)ပါး၊ သသင်္ခါရိကစိတ်(၁၂)ပါးအားဖြင့် (၂၄)ပါးဖြစ်ပါသည်။ ထို(၂၄)ပါးတို့တွင် (ရေတွက်ပါ။)

ကာမာဝစရသောဘာနစိတ်(၂၄)ပါးသည် **ဟေတုဘေဒအားဖြင့်** ဒွိဟိတ်စိတ် (၁၂)ပါး၊ တိဟိတ်စိတ်(၁၂)ပါးအားဖြင့် (၂၄)ပါးဖြစ်ပါသည်။

ထို(၂၄)ပါးတို့တွင် ဒွိဟိတ်စိတ်(၁၂)ပါးဟူသော်ကား-ဉာဏဝိပ္ပယုတ်စိတ်(၁၂)ပါး ဖြစ်ပါသည်။

တိဟိတ်စိတ်(၁၂)ပါးဟူသော်ကား-ဉာဏသမ္မယုတ်စိတ်(၁၂)ပါးဖြစ်ပါသည်။

ဤသို့လျှင် ဒွိဟိတ်စိတ်(၁၂)ပါး၊ တိဟိတ်စိတ်(၁၂)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် ကာမာဝစရသောဘာနစိတ်(၂၄)ပါး ဖြစ်ပါသည်။

ကာမာဝစရသောဘာနစိတ်(၂၄)ပါးသည် **ဇာတိဘေဒအားဖြင့်**-

ကုသိုလ်စိတ်(၈)ပါး၊ ဝိပါက်စိတ်(၈)ပါး၊ ကြိယာစိတ်(၈)ပါးအားဖြင့် (၂၄)ပါး ဖြစ်ပါသည်။

ထို(၂၄)ပါးတို့တွင် ကုသိုလ်စိတ်(၈)ပါးဟူသော်ကား-မဟာကုသိုလ်စိတ်(၈)ပါး ဖြစ်ပါသည်။

ဝိပါက်စိတ်(၈)ပါးဟူသော်ကား-မဟာဝိပါက်စိတ်(၈)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၈)ပါးဟူသော်ကား-မဟာကြိယာစိတ်(၈)ပါးဖြစ်ပါသည်။

ဤသို့လျှင် ကုသိုလ်စိတ်(၈)ပါး၊ ဝိပါက်စိတ်(၈)ပါး၊ ကြိယာစိတ်(၈)ပါး တို့ကို ပေါင်းလိုက်သည်ရှိသော် ကာမာဝစရသောဘာနစိတ်(၂၄)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

အကြောင်း-အကျိုးခွဲပုံ

ကာမာဝစရသောဘာနစိတ်(၂၄)ပါးတို့တွင်-

မဟာကုသိုလ်စိတ်(၈)ပါးသည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

မဟာဝိပါက်စိတ်(၈)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

မဟာကြိယာစိတ်(၈)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သော စိတ်မည်ပါသည်။ (၀၊)အကြောင်း, အကျိုးနှစ်ပါးမှ လွတ်သောစိတ်မည်ပါသည်။

သင်္ဂဟဂါထာ

မဟာကုသိုလ်စိတ်ကို ဝေဒနာ ဉာဏ် သင်္ခါရအပြားဖြင့် ရေတွက်ပုံ

မဟာကုသိုလ်စိတ်သည် ဝေဒနာအပြားဖြင့် သောမနဿသဟဂုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁)ပါးအားဖြင့် (၂)ပါးအပြားရှိပါသည်။

မဟာကုသိုလ်စိတ်သည် ဉာဏ်အပြားဖြင့် သောမနဿသဟဂုတ် ဉာဏသမ္မယုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္မယုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ်(၁)ပါးအားဖြင့် (၄)ပါးအပြားရှိပါသည်။

မဟာကုသိုလ်စိတ်သည် သင်္ခါရအပြားဖြင့် အသင်္ခါရိကစိတ်(၄)ပါး၊ သသင်္ခါရိကစိတ်(၄)ပါးအားဖြင့် (၈)ပါးအပြားရှိပါသည်။

သင်္ဂဟဂါထာအရ ပေါင်း၍ရေတွက်ပုံ

ကာမာဝစရသောဘာနစိတ်သည် ဝေဒနာအပြားဖြင့် မဟာကုသိုလ်စိတ်၌ သောမနဿ၊ ဥပေက္ခာ(၂)ပါး၊ မဟာဝိပါက်စိတ်၌ သောမနဿ၊ ဥပေက္ခာ(၂)ပါး၊ မဟာကြိယာစိတ်၌ သောမနဿ၊ ဥပေက္ခာ(၂)ပါးစီပြားသောကြောင့် (၆)ပါးအပြားရှိပါသည်။

ကာမာဝစရသောဘာနစိတ်သည် ဉာဏ်အပြားအားဖြင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာစိတ်တို့၌-သောမနဿသဟဂုတ် ဉာဏသမ္မယုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်စိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္မယုတ်စိတ်(၁)ပါး၊

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ်(၁)ပါးအားဖြင့် (၄)ပါးစီပြားသောကြောင့် (၁၂)ပါး အပြားရှိပါသည်။

ကာမာဝစရသောဘနစိတ်သည် သခ်ါရအပြားအားဖြင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာစိတ်တို့၌ အသခ်ါရိကစိတ်(၄)ပါး၊ သသခ်ါရိကစိတ်(၄)ပါးအားဖြင့် (၈)ပါးစီပြားသောကြောင့် (၂၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဝေဒနာဉာဏသခ်ါရဘေဒေန (ပ) မတာ ဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါး

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ ကာမာဝစရ သောဘန စိတ်(၂၄)ပါးအားဖြင့် (၅၄)ပါးသောစိတ်တို့သည် ကာမ ၁၁-ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်ခဲ့လေသောကြောင့် ကာမာဝစရစိတ်တို့မည်ပါသည်။ (ကာမစိတ် ၅၄-ပါးဟူ၍လည်းခေါ်ပါသည်။)

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

ကာမစိတ်(၅၄)ပါးသည် **ဝေဒနာဘေဒ**အားဖြင့်-

သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ် (၁၈)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၃၂)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ထို(၅၄)ပါးတို့တွင် သုခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-သုခသဟဂုတ်ကာယ ဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

ဒုက္ခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါး ဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ်(၁၈)ပါးဟူသော့်ကား-

အကုသိုလ်စိတ်၌	သောမနဿသဟဂုတ်စိတ်	(၄)ပါး၊
အဟိတ်စိတ်၌	သောမနဿသဟဂုတ်စိတ်	(၂)ပါး၊
ကာမာဝစသောဘနစိတ်၌	သောမနဿသဟဂုတ်စိတ်	(၁၂)ပါး အားဖြင့်

http://www.dhammadownload.com

(၁၈)ပါးဖြစ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ်(၂)ပါးဟူသော်ကား-ဒေါသမူဒွေးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၃၂)ပါးဟူသော်ကား-

အကုသိုလ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၆)ပါး၊

အဟိတ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၁၄)ပါး၊

ကာမာဝစရသောဘနစိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၁၂)ပါး အားဖြင့် (၃၂)ပါးဖြစ်ပါသည်။

ဤသို့လျှင် သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၆၈)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၃၂)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကာမစိတ်(၅၄)ပါးဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါးသည် သမ္မယောဂဘေဒအားဖြင့်-

သမ္မယုတ်စိတ်(၂၀)ပါး၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်(၁၈)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ထို(၅၄)ပါးတို့တွင် သမ္မယုတ်စိတ်(၂၀)ပါးဟူသော်ကား-

အကုသိုလ်စိတ်၌ သမ္မယုတ်စိတ်(၈)ပါး၊ ကာမာဝစရသောဘနစိတ်၌ သမ္မယုတ်စိတ်(၁၂)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၁၆)ပါးဟူသော်ကား-အကုသိုလ်စိတ်၌ ဝိပ္ပယုတ်စိတ်(၄)ပါး၊ ကာမာဝစရသောဘနစိတ်၌ ဝိပ္ပယုတ်စိတ်(၁၂)ပါးအားဖြင့် (၁၆)ပါးဖြစ်ပါသည်။

သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပဖုတ်လည်းမဟုတ်သောစိတ် (၁၈)ပါးဟူသော်ကား အဟိတ်စိတ်(၁၈)ပါးဖြစ်ပါသည်။

ဤသို့လျှင် သမ္မယုတ်စိတ်(၂၀)၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်(၁၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကာမစိတ်(၅၄)ပါးဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါးသည် သစိါရဘေဒအားဖြင့်

http://www.dhammadownload.com

အသခ်ါရိကစိတ်(၁၇)ပါး၊ သသခ်ါရိကစိတ်(၁၇)ပါး သခ်ါရဝိမုတ်စိတ်(၂၀)အား ဖြင့် (၅၄)ပါးဖြစ်ပါသည်။

ထို(၅၄)ပါးတို့တွင် အသခ်ါရိကစိတ်(၁၇)ပါးဟူသော်ကား-

အကုသိုလ်စိတ်၌　　အသခ်ါရိကစိတ်　　(၅)ပါး၊

ကာမာဝစရသောဘနစိတ်၌ အသခ်ါရိကစိတ်　　(၁၂)ပါးအားဖြင့် (၁၇)ပါး ဖြစ်ပါသည်။

သသခ်ါရိကစိတ်(၁၇)ပါးဟူသော်ကား-

အကုသိုလ်စိတ်၌　　သသခ်ါရိကစိတ်　　(၅)ပါး၊

ကာမာဝစရသောဘနစိတ်၌ သသခ်ါရိကစိတ်　　(၁၂)ပါးအားဖြင့် (၁၇)ပါး ဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ်(၂၀)ဟူသော်ကား-

မောဟမူစိတ်(၂)ပါး၊ အဟိတ်စိတ်(၁၈)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ်(၁၇)ပါး၊ သသခ်ါရိကစိတ်(၁၇)ပါး၊ သခ်ါရဝိမုတ် စိတ် (၂၀)တို့ကို ပေါင်းလိုက်သည်ရှိသော် ကာမစိတ်(၅၄)ပါးဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါးသည် **ဟေတုဘေဒအားဖြင့်**-

အဟိတ်စိတ်(၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၂၂)ပါး၊ တိဟိတ်စိတ် (၁၂)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ထို(၅၄)ပါးတို့တွင် အဟိတ်စိတ်(၁၈)ပါးဟူသော်ကား-

အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ အဟိတ် ကြိယာစိတ်(၃)ပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။

ဧကဟိတ်စိတ်(၂)ပါးဟူသော်ကား-မောဟမူဒွေးဖြစ်ပါသည်။

ဒွိဟိတ်စိတ်(၂၂)ပါးဟူသော်ကား-

အကုသိုလ်စိတ်၌　　ဒွိဟိတ်စိတ်　　(၁၀)ပါး၊

ကာမာဝစရသောဘနစိတ်၌ ဒွိဟိတ်စိတ်　　(၁၂)ပါးအားဖြင့် (၂၂)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

တိဟိတ်စိတ် (၁၂)ပါးဟူသော်ကား-ကာမာဝစရသောဘာနစိတ်၌ တိဟိတ်စိတ် (၁၂)ပါးဖြစ်ပါသည်။

ဤသို့လျှင် အဟိတ်စိတ်(၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၂၂)ပါး၊ တိဟိတ်စိတ်(၁၂)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကာမစိတ်(၅၄)ပါးဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါး ဇာတိဘေဒပြဂါထာ

ကာမေ တေဝီသ ပါကာနိ-စသော ဂါထာသည် ကာမစိတ်(၅၄)ပါးကို ဇာတိဘေဒဖြင့် ဝေဖန်ပြသော ဂါထာဖြစ်ပါသည်။ ကာမစိတ်နိဂုံးကိုပြသော ဂါထာဟူ၍လည်းခေါ်ပါသည်။

ကာမစိတ်(၅၄)ပါးသည် ဇာတိဘေဒအားဖြင့်-

အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၈)ပါး၊ ဝိပါက်စိတ်(၂၃)ပါး၊ ကြိယာစိတ် (၁၁)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ကာမေ တေဝီသ ပါကာနိ (ပ) သဗ္ဗထာ ဖြစ်ပါသည်။

ထို (၅၄)ပါးတို့တွင် အကုသိုလ်စိတ်(၁၂)ပါးဟူသော်ကား-

လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ကုသိုလ်စိတ်(၈)ပါးဟူသော်ကား-မဟာကုသိုလ်စိတ်(၈)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၂၃)ပါးဟူသော်ကား-အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် (၂၃)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၁၁)ပါးဟူသော်ကား-အဟိတ်ကြိယာစိတ်(၃)ပါး၊ မဟာကြိယာစိတ် (၈)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၈)ပါး၊ ဝိပါက်စိတ်(၂၃)ပါး၊ ကြိယာစိတ်(၁၁)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကာမစိတ်(၅၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

အကြောင်း-အကျိုးခွဲပုံ

ကာမစိတ်(၅၄)ပါးတို့တွင် အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၈)ပါးတို့သည် အကြောင်းဖြစ်သောစိတ် မည်ပါသည်။

ဝိပါက်စိတ်(၂၃)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ်(၁၁)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သော စိတ်မည်ပါသည်။ (၀၊)အကြောင်း, အကျိုးနှစ်ပါးမှ လွတ်သောစိတ်မည်ပါသည်။

ဂါထာအရကောက်

ကာမေ တေဝီသ ပါကာနိ-ဒ္ဒ တေဝီသအရကား-အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် ဝိပါက်စိတ်(၂၃)ပါး ရပါသည်။

ဝိပါက်စိတ်(၂၃)ပါးသည် **ဝေဒနာဘေဒအားဖြင့်**-

သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ် (၅)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၁၆)ပါးအားဖြင့် (၂၃)ပါးဖြစ်ပါသည်။ ထို ၂၃-ပါးတို့တွင် (ရေတွက်လေ၊ မခဲယဉ်းပြီ။)

ဝိပါက်စိတ်(၂၃)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**-

သမ္မယုတ်စိတ်(၄)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါး၊ သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ် လည်းမဟုတ်သောစိတ် (၁၅)ပါးအားဖြင့် (၂၃)ပါးဖြစ်ပါသည်။ ထို ၂၃-ပါးတို့တွင် (ရေတွက်လေ။)

ဝိပါက်စိတ်(၂၃)ပါးသည် **သဒ္ဓါရဘေဒအားဖြင့်**-

အသင်္ခါရိကစိတ်(၄)ပါး၊ သသင်္ခါရိကစိတ်(၄)ပါး၊ သင်္ခါရဝိမုတ်စိတ်(၁၅)ပါး အားဖြင့် (၂၃)ပါးဖြစ်ပါသည်။ ထိုတွင်(ရေတွက်လေ။)

ဝိပါက်စိတ်(၂၃)ပါးသည် **ဟေတုဘေဒအားဖြင့်**-

အဟိတ်စိတ်(၁၅)ပါး၊ ဒွိဟိတ်စိတ်(၄)ပါး၊ တိဟိတ်စိတ်(၄)ပါးအားဖြင့် (၂၃)ပါး ဖြစ်ပါသည်။ ထိုတွင်(ရေတွက်လေ။)

http://www.dhammadownload.com

ပုညာပုညာနိ ဝိသတိ-ဠ် ဝိသတိအရကား-အကုသိလ်စိတ်(၁၂)ပါး၊ မဟာကုသိလ်စိတ်(၈)ပါးအားဖြင့် ကုသိလ်, အကုသိလ်စိတ်(၂၀)ကို ရပါသည်။

ထိုကုသိလ် အကုသိလ်စိတ်(၂၀)သည် **ဝေဒနာဘေဒအားဖြင့်**-

သောမနဿသဟဂုတ်စိတ်(၈)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁၀)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။ ထိုတွင် (ရေတွက်လေ။)

ထိုကုသိုလ်စိတ်, အကုသိုလ်စိတ်(၂၀)သည် **သမ္မယောဂဘေဒအားဖြင့်**-

သမ္မယုတ်စိတ်(၁၂)ပါး၊ ဝိပ္ပယုတ်စိတ်(၈)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။ ထိုတွင် (ရေတွက်ပါလေ။)

ထိုကုသိုလ်, အကုသိုလ်စိတ်(၂၀)သည် **သခ်ါရဘေဒအားဖြင့်**-

အသခ်ါရိကစိတ်(၉)ပါး၊ သသခ်ါရိကစိတ်(၉)ပါး၊ သခ်ါရဝိမုတ်စိတ်(၂)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။ ထိုတွင် (ရေတွက်ပါလေ။)

ထိုကုသိုလ်, အကုသိုလ်စိတ်(၂၀)သည် **ဟေတုဘေဒအားဖြင့်**-

၈ကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၁၄)ပါး၊ တိဟိတ်စိတ်(၄)ပါးအားဖြင့် (၂၀) ဖြစ်ပါသည်။ ထိုတွင် (ရေတွက်ပါလေ။)

၈ကာဒသကြိယာစေတိ-ဠ် ၈ကာဒသအရကား-အဟိတ်ကြိယာစိတ်(၃)ပါး၊ မဟာကြိယာစိတ်(၈)ပါးအားဖြင့် ကြိယာစိတ်(၁၁)ပါးကို ရပါသည်။

ထိုကြိယာစိတ်(၁၁)ပါးသည် **ဝေဒနာဘေဒအားဖြင့်**-

သောမနဿသဟဂုတ်စိတ်(၅)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။ ထိုတွင်(ရေတွက်ပါ။)

ကြိယာစိတ်(၁၁)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**-

သမ္မယုတ်စိတ်(၄)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်း မဟုတ်သောစိတ် (၃)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။ထိုတွင် (ရေတွက်ပါ။)

ကြိယာစိတ်(၁၁)ပါးသည် **သခ်ါရဘေဒအားဖြင့်**-

အသခ်ါရိကစိတ်(၄)ပါး သသခ်ါရိကစိတ်(၄)ပါး၊ သခ်ါရဝိမုတ်စိတ်(၃)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။ ထိုတွင် (ရေတွက်ပါ။)

http://www.dhammadownload.com

ကြိယာစိတ်(၁၁)ပါးသည် ဟေတုဘေဒအားဖြင့်-

အဟိတ်စိတ်(၃)ပါး၊ ဒွိဟိတ်စိတ်(၄)ပါး၊ တိဟိတ်စိတ်(၄)ပါးအားဖြင့် (၁၁)ပါး ဖြစ်ပါသည်။ ထိုတွင် (ရေတွက်ပါ။)

စတုပညာသ သဗ္ဗထာ-၌စတုပညာသအရကားး-

ဝိပါက်စိတ်(၂၃)ပါး၊ ကုသိုလ်၊ အကုသိုလ်စိတ်(၂၀)၊ ကြိယာစိတ်(၁၁)ပါးအားဖြင့် ကာမစိတ်(၅၄)ပါးကို ရပါသည်။

ကာမစိတ်(၅၄)ပါးပြီး၏။

* * * * *

ရူပါဝစရစိတ် ၁၅-ပါး

ရူပကုသိုလ်စိတ်(၅)ပါး

ရူပါဝစရကုသိုလ်စိတ်သည် (၅)ပါးအပြားရှိပါသည်။ (ဟူသော်ကား)-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါ(၅)ပါးနှင့်တကွ ဖြစ်သော ပဌမစျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါ(၄)ပါးနှင့်တကွ ဖြစ်သော ဒုတိယစျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊

ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါ(၃)ပါးနှင့်တကွ ဖြစ်သော တတိယစျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊

သုခ, ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါ(၂)ပါးနှင့်တကွ ဖြစ်သော စတုတ္ထစျာန် နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊

ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါ(၂)ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။

သာဓကကား ။　　။ ဝိတက္ကဝိစာရ (ပ) စိတ္တာနိ နာမ ဖြစ်ပါသည်။

http://www.dhammadownload.com

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

ရူပါဝစရကုသိုလ်စိတ်(၅)ပါးသည် ဝေဒနာဘေဒအားဖြင့် သောမနဿ(၄)ပါး၊ ဥပေက္ခာ(၁)ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။

ထို(၅)ပါးတို့တွင် သောမနဿ(၄)ပါးဟူသော်ကား-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၅)ပါးနှင့် တကွဖြစ်သော ပထမဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊ (ပ) ဒုတိယဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊ တတိယဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊ စတုတ္ထဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါးအားဖြင့် (၄)ပါးဖြစ်ပါသည်။

ဥပေက္ခာ(၁)ပါးဟူသော်ကား-

ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ရူပါဝစရကုသိုလ်စိတ်(၅)ပါးဖြစ်ပါသည်။

ရူပါဝစရကုသိုလ်စိတ်(၅)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**-သမ္မယုတ်စိတ်သာဖြစ်ပါသည်။

ရူပါဝစရကုသိုလ်စိတ်(၅)ပါးသည် **သခ်ါရဘေဒအားဖြင့်**-သခ်ါရဝိမုတ်စိတ်သာဖြစ်ပါသည်။

ရူပါဝစရကုသိုလ်စိတ်(၅)ပါးသည် **ဟေတုဘေဒအားဖြင့်**-အလောဘ၊ အဒေါသ၊ အမောဟဟုဆိုအပ်သော ဟိတ်(၃)ပါးရှိသည်၏အဖြစ်ကြောင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

ရူပါဝစရကုသိုလ်စိတ်(၅)ပါးသည် **ဈာနဘေဒအားဖြင့်**-ပထမဈာန်စိတ်(၁)ပါး၊ ဒုတိယဈာန်စိတ်(၁)ပါး၊ တတိယဈာန်စိတ်(၁)ပါး၊ စတုတ္ထဈာန်စိတ်(၁)ပါး၊ ပဉ္စမဈာန်စိတ်(၁)ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။

မှတ်ချက်။ ။ ထို့အတူ ရူပါဝစရဝိပါက်စိတ်(၅)ပါး၊ ရူပါဝစရကြိယာစိတ်(၅)ပါးတို့ကိုလည်း အသီးသီးရေတွက်၍ ဝေဒနာဘေဒစသည်ခွဲပါ။ (မခဲယဉ်းပြီ)

http://www.dhammadownload.com

နိဂုံး

ဤသို့လျှင် ရူပါဝစရကုသိုလ်စိတ်(၅)ပါး၊ ရူပါဝစရဝိပါက်စိတ်(၅)ပါး၊ ရူပါဝစရကြိယာစိတ်(၅)ပါးအားဖြင့် ဤ(၁၅)ပါးသော စိတ်တို့သည် အသည်းသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်ခဲ့လေသောကြောင့် ရူပါဝစရစိတ် တို့မည်ပါသည်။

သာဓကကား ။　　။ ဣစ္စေဝံ (ပ) သမတ္တာနိ ဖြစ်ပါသည်။

ဝေဒနာစသည်ဖြင့် ဝေဖန်ပုံ

ရူပါဝစရစိတ်(၁၅)ပါးသည် **ဝေဒနာဘေဒအားဖြင့်**-

သောမနဿသဟဂုတ်စိတ်(၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၃)ပါးအားဖြင့် (၁၅)ပါး ဖြစ်ပါသည်။

ထို(၁၅)ပါးတို့တွင် သောမနဿသဟဂုတ်စိတ်(၁၂)ပါးဟူသော်ကား-

ရူပါဝစရကုသိုလ်စိတ်၌ သောမနဿ(၄)ပါး၊ ရူပါဝစရဝိပါက်စိတ်၌ သောမနဿ (၄)ပါး၊ ရူပါဝစရကြိယာစိတ်၌ သောမနဿ(၄)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၃)ပါးဟူသော်ကား-

ရူပါဝစရကုသိုလ်စိတ်၌ ဥပေက္ခာ(၁)ပါး၊ ရူပါဝစရဝိပါက်စိတ်၌ ဥပေက္ခာ(၁)ပါး၊ ရူပါဝစရကြိယာစိတ်၌ ဥပေက္ခာ(၁)ပါးအားဖြင့် (၃)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၃)ပါး တို့ကို ပေါင်းလိုက်သည်ရှိသော် ရူပါဝစရစိတ်(၁၅)ပါးဖြစ်ပါသည်။

ရူပါဝစရစိတ်(၁၅)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**-သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

ရူပါဝစရစိတ်(၁၅)ပါးသည် **သခ်ါရဘေဒအားဖြင့်**-သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

ရူပါဝစရစိတ်(၁၅)ပါးသည် **ဟေတုဘေဒအားဖြင့်**-တိဟိတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

ရူပါဝစရစိတ်(၁၅)ပါးသည် ဈာနဘေဒအားဖြင့် - ပထမဈာန်စိတ်(၃)ပါး၊ ဒုတိယဈာန်စိတ်(၃)ပါး၊ တတိယဈာန်စိတ်(၃)ပါး၊ စတုတ္ထဈာန်စိတ်(၃)ပါး၊ ပဉ္စမဈာန်စိတ်(၃)ပါးအားဖြင့် ရူပါဝစရစိတ်(၁၅)ပါးဖြစ်ပါသည်။ ထိုတွင်.....(ရေတွက်ပါ။)

ရူပါဝစရစိတ်(၁၅)ပါးသည် ဇာတိဘေဒအားဖြင့် -

ကုသိုလ်စိတ်(၅)ပါး၊ ဝိပါက်စိတ်(၅)ပါး၊ ကြိယာစိတ်(၅)ပါးအားဖြင့် (၁၅)ပါးဖြစ်ပါသည်။

ထို(၁၅)ပါးတို့တွင် ကုသိုလ်စိတ်(၅)ပါးဟူသော်ကား (ရေတွက်ပါ။ ဝိပါက်, ကြိယာလည်း နည်းတူရေတွက်ပါ။)

ဤသို့လျှင် ကုသိုလ်စိတ်(၅)ပါး၊ ဝိပါက်စိတ်(၅)ပါး၊ ကြိယာစိတ်(၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ရူပါဝစရစိတ်(၁၅)ပါးဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

ရူပါဝစရစိတ်(၁၅)ပါးတို့တွင် ကုသိုလ်စိတ်(၅)ပါးသည် အကြောင်းဖြစ်သောစိတ် မည်ပါသည်။

ဝိပါက်စိတ်(၅)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ်(၅)ပါးသည် အကြောင်း,အကျိုးနှစ်ပါးမှလွတ်သောစိတ် မည်ပါသည်။ (၀၊) အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။

ပဋိဂိကစိတ်စသည်ခွဲပုံ

ရူပါဝစရစိတ်(၁၅)ပါးတို့တွင် ပထမဈာန်စိတ်(၃)ပါးသည် ပဋိဂိကဈာန်စိတ်မည်ပါသည်။ (၀၊) ဈာန်အင်္ဂါ(၅)ပါးရှိသော စိတ်မည်ပါသည်။

ဒုတိယဈာန်စိတ်(၃)ပါးသည် စတုရင်္ဂိကဈာန်စိတ် မည်ပါသည်။ (၀၊) ဈာန်အင်္ဂါ(၄)ပါးရှိသော စိတ်မည်ပါသည်။

တတိယဈာန်စိတ်(၃)ပါးသည် တိဝင်္ဂိကဈာန်စိတ်မည်ပါသည်။ (၀၊) ဈာန်အင်္ဂါ(၃)ပါး ရှိသောစိတ် မည်ပါသည်။

http://www.dhammadownload.com

စတုတ္ထစျာန်စိတ်(၃)ပါး၊ ပဉ္စမစျာန်စိတ်(၃)ပါးအားဖြင့် ဤ(၆)ပါးသောစိတ်တို့သည် ဒုဝံဂိကစျာန်စိတ် မည်ပါသည်။ (ဝါ) စျာန်အင်္ဂါနှစ်ပါးရှိသောစိတ် မည်ပါသည်။

(တနည်း) ရူပါဝစရစိတ်(၁၅)ပါးတို့တွင် ပထမစျာန်စိတ်(၃)ပါးသည် ဝိတက္ကာဒိပဉ္စင်္ဂိကစျာန်စိတ် မည်ပါသည်။ (ဝါ) ဝိတက်အစရှိသော စျာန်အင်္ဂါ(၅)ပါးရှိသောစိတ် မည်ပါသည်။

ဒုတိယစျာန်စိတ်(၃)ပါးသည် ဝိစာရာဒိစတုရင်္ဂိကစျာန်စိတ် မည်ပါသည်။ (ဝါ) ဝိစာရအစရှိသော စျာန်အင်္ဂါ(၄)ပါးရှိသောစိတ် မည်ပါသည်။

တတိယစျာန်စိတ်(၃)ပါးသည် ပီတျာဒိတိဝံဂိကစျာန်စိတ် မည်ပါသည်။ (ဝါ) ပီတိအစရှိသော စျာန်အင်္ဂါ(၃)ပါးရှိသောစိတ် မည်ပါသည်။

စတုတ္ထစျာန်စိတ်(၃)ပါးသည် သုခါဒိဒုဝံဂိကစျာန်စိတ် မည်ပါသည်။ (ဝါ) သုခအစရှိသော စျာန်အင်္ဂါ(၂)ပါးရှိသောစိတ် မည်ပါသည်။

ပဉ္စမစျာန်စိတ်(၃)ပါးသည် ဥပေက္ခာဒိဒုဝံဂိကစျာန်စိတ် မည်ပါသည်။ (ဝါ) ဥပေက္ခာ အစရှိသော စျာန်အင်္ဂါနှစ်ပါးရှိသောစိတ် မည်ပါသည်။

သင်္ဂဟဂါထာ

ရူပါဝစရစိတ်သည် ပထမစျာန်အစရှိသော စျာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားဖြင့် ပြားသောကြောင့် (၅)ပါးအပြားရှိပါသည်။

ထိုရူပါဝစရစိတ်သည် ကုသိုလ်၊ ဝိပါက်၊ ကြိယာတို့၏အပြားဖြင့် (ဝါ) ကုသိုလ်(၅) ပါး၊ ဝိပါက်(၅)ပါး၊ ကြိယာ(၅)ပါးတို့၏ အပြားဖြင့် ပြားသောကြောင့် (၁၅)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ပဉ္စမ စျာနဘေဒေန (၀) ဘဝေ ဖြစ်ပါသည်။ ရူပါဝစရ စိတ်(၁၅) ပါးသည် စျာနဘေဒစိတ်မည်ပါသည်။

ရူပါဝစရစိတ် ပြီး၏။

* * * * *

http://www.dhammadownload.com

အရူပါဝစရစိတ်(၁၂)ပါး

ကုသိုလ်စိတ်(၄)ပါး

အရူပါဝစရကုသိုလ်စိတ်သည် (၄)ပါးအပြားရှိပါသည်။ (၄)ပါးဟူသော်ကား-

အာကာသာနဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊
ဝိညာဏဉ္စာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊
အာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊
နေဝသညာနာသညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်(၁)ပါး၊ အားဖြင့် (၄)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ အာကာသာနဉ္စာယတန ကုသလစိတ္တံ (ပ) နာမ ဖြစ်ပါသည်။

ဝေဒနာစသည်ဖြင့် ဝေဖန်ပုံ

ထိုအရူပါဝစရကုသိုလ်စိတ်(၄)ပါးသည် **ဝေဒနာဘေဒအားဖြင့်** - ဥပေက္ခာသဟဂုတ်စိတ်သာဖြစ်ပါသည်။

အရူပါဝစရကုသိုလ်စိတ်(၄)ပါးသည် **သမ္မယောဂဘေဒအားဖြင့်** သမ္မယုတ်စိတ်သာဖြစ်ပါသည်။

အရူပါဝစရကုသိုလ်စိတ်(၄)ပါးသည် **သခ်ါရဘေဒအားဖြင့်** သခ်ါရဝိမုတ်စိတ်သာဖြစ်ပါသည်။

အရူပါဝစရကုသိုလ်စိတ်(၄)ပါးသည် **ဟေတုဘေဒအားဖြင့်** တိဟိတ်စိတ်သာဖြစ်ပါသည်

အရူပါဝစရကုသိုလ်စိတ်(၄)ပါးသည် **ဈာနဘေဒအားဖြင့်** ပဉ္စမဈာန်စိတ်သာ ဖြစ်ပါသည်။

အရူပါဝစရကုသိုလ်စိတ်(၄)ပါးသည် **အာလမ္ဗဏဘေဒအားဖြင့်** ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်(၁)ပါး၊ ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြုသောစိတ်(၁)ပါး၊ နတ္ထိဘောပညတ်ကို အာရုံပြုသောစိတ်(၁)ပါး၊ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုသော

http://www.dhammadownload.com

စိတ်(၁)ပါးအားဖြင့် (၄)ပါးဖြစ်ပါသည်။

ထို(၄)ပါးတို့တွင် ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်(၁)ပါးဟူသော်ကား အာကာသာနဉ္စာယတန(ဈာန်နှင့်ယှဉ်သော)ကုသိုလ်စိတ်(၁)ပါးဖြစ်ပါသည်။

ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြုသောစိတ်(၁)ပါးဟူသော်ကား-ဝိညာနဉ္စာယတန (ဈာန်နှင့်ယှဉ်သော)ကုသိုလ်စိတ်(၁)ပါးဖြစ်ပါသည်။

နတ္ထိဘောပညတ်ကိုအာရုံပြုသောစိတ်(၁)ပါးဟူသော်ကား-အာကိဉ္စညာယတန (ဈာန်နှင့်ယှဉ်သော)ကုသိုလ်စိတ်(၁)ပါးဖြစ်ပါသည်။

တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုသောစိတ်(၁)ပါးဟူသော်ကား-နေဝသညာ နာသညာယတန (ဈာန်နှင့်ယှဉ်သော)ကုသိုလ်စိတ်(၁)ပါးဖြစ်ပါသည်။

ဤသို့လျှင် အာလမ္ဗဏဘေဒအားဖြင့် အရူပကုသိုလ်စိတ်(၄)ပါးဖြစ်ပါသည်။ မှတ်ချက်။ ။ ဝိပါက်၊ ကြိယာတို့ကိုလည်း ဤနည်းအတူ ရေတွက်လေ။ (မခဲယဉ်းပြီ)

နိဂုံး

ဤသို့လျှင် ကုသိုလ်စိတ်(၄)ပါး၊ ဝိပါက်စိတ်(၄)ပါး၊ ကြိယာစိတ်(၄)ပါးအားဖြင့် ဤ(၁၂)ပါးသောစိတ်တို့သည် အရူပ(၄)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်ခဲ့လေသောကြောင့် အရူပါဝစရစိတ်တို့ မည်ပါသည်။

ဝေဒနာဘေဒစသည် ဝေဖန်ပုံ

အရူပါဝစရစိတ်(၁၂)ပါးသည် **ဝေဒနာဘေဒအားဖြင့်** ဥပေက္ခာသဟဂုတ်စိတ်သာ ဖြစ်ပါသည်။

အရူပါဝစရစိတ်(၁၂)ပါးသည် **သမ္ပယောဂဘေဒအားဖြင့်** သမ္ပယုတ်စိတ်သာ ဖြစ်ပါသည်။

အရူပါဝစရစိတ်(၁၂)ပါးသည် **သင်္ခါရဘေဒအားဖြင့်** သင်္ခါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

အရူပါဝစရစိတ်(၁၂)ပါးသည် ဟေတုဘေဒအားဖြင့် အလောဘ၊ အဒေါသ၊ အမောဟ-ဟုဆိုအပ်သော ဟိတ်(၃)ပါးရှိသည်၏အဖြစ်ကြောင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

အရူပါဝစရစိတ်(၁၂)ပါးသည် ဈာနဘေဒအားဖြင့် ပဉ္စမဈာန်စိတ်သာ ဖြစ်ပါသည်။

အရူပါဝစရစိတ်(၁၂)ပါးသည် ဇာတိဘေဒအားဖြင့် ကုသိုလ်စိတ်(၄)ပါး၊ ဝိပါက်စိတ်(၄)ပါး၊ ကြိယာစိတ်(၄)ပါးအားဖြင့်(၁၂)ပါးဖြစ်ပါသည်။ ထိုတွင်-(ရေတွက်လေ။)

အကြောင်း-အကျိုးခွဲပုံ

အရူပါဝစရစိတ်(၁၂)ပါးတို့တွင် ကုသိုလ်စိတ်(၄)ပါးသည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

ဝိပါက်စိတ်(၄)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ်(၄)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။ (ဝါ) အကြောင်း, အကျိုးနှစ်ပါးမှ လွတ်သောစိတ်မည်ပါသည်။

သင်္ဂဟဂါထာ

အရူပါဝစရစိတ်သည် ကောင်းကင်အာရုံအစရှိသော (၄)ပါးသောအာရုံတို့၏အပြားဖြင့် ပြားသောကြောင့် (၄)ပါးအပြားရှိပါသည်။

ကုသိုလ်၊ ဝိပါက်၊ ကြိယာတို့၏အပြားဖြင့် (ဝါ) ကုသိုလ်(၄)ပါး၊ ဝိပါက်(၄)ပါး၊ ကြိယာ(၄)ပါးအပြားတို့ဖြင့် ပြားသောကြောင့် ထိုအရူပါဝစရစိတ်သည် (၁၂)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ အာလမ္ဗဏပွဘောဒေန (လ) ပုန ဒွါဒသဓာ ဖြစ်ပါသည်။

အာလမ္ဗဏဘေဒစိတ်

အရူပါဝစရစိတ်(၁၂)ပါးသည် အာလမ္ဗဏဘေဒစိတ် မည်ပါသည်။

http://www.dhammadownload.com

မဟဂ္ဂုတ်စိတ်(၂၇)ပါး

ဤသို့လျှင် ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် ဤ(၂၇)ပါး သောစိတ်တို့သည် မြတ်သည်၏အဖြစ်သို့ ရောက်သောကြောင့်လည်းကောင်း၊ မြတ်ကုန်သော ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့သည် ရောက်အပ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်စိတ် တို့မည်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

မဟဂ္ဂုတ်စိတ်(၂၇)ပါးသည် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်စိတ်(၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁၅)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

ထို(၂၇)ပါးတို့တွင် သောမနဿသဟဂုတ်စိတ်(၁၂)ပါးဟူသော်ကား-

ရူပါဝစရကုသိုလ်စိတ်၌ (၄)ပါး၊ ရူပါဝစရဝိပါက်စိတ်၌ (၄)ပါး၊ ရူပါဝစရကြိယာ စိတ်၌ (၄)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၁၅)ပါးဟူသော်ကား -

ရူပါဝစရစိတ်၌ (၃)ပါး၊ အရူပါဝစရစိတ် (၁၂)ပါးအားဖြင့် (၁၅)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၁၅)ပါး တို့ကိုပေါင်းလိုက်သည်ရှိသော် မဟဂ္ဂုတ်စိတ်(၂၇)ပါးဖြစ်ပါသည်။

မဟဂ္ဂုတ်စိတ်(၂၇)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

မဟဂ္ဂုတ်စိတ်(၂၇)ပါးသည် သခ်ါရဘေဒအားဖြင့် သခ်ါရဝိမုတ်စိတ်သာဖြစ်ပါသည်။

မဟဂ္ဂုတ်စိတ်(၂၇)ပါးသည် ဟေတုဘေဒအားဖြင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

မဟဂ္ဂုတ်စိတ်(၂၇)ပါးသည် ဈာနဘေဒအားဖြင့် ပထမဈာန်စိတ်(၃)ပါး၊ ဒုတိယ ဈာန်စိတ်(၃)ပါး၊ တတိယဈာန်စိတ်(၃)ပါး၊ စတုတ္ထဈာန်စိတ်(၃)ပါး၊ ပဉ္စမဈာန်စိတ်(၁၅)ပါး အားဖြင့် (၂၇)ပါးဖြစ်ပါသည်။ ထိုတွင် (ရေတွက်လေ။)

မဟဂ္ဂုတ်စိတ်(၂၇)ပါးသည် ဓာတိဘေဒအားဖြင့်-ကုသိုလ်စိတ်(၉)ပါး၊ ဝိပါက် စိတ်(၉)ပါး၊ ကြိယာစိတ်(၉)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ထို(၂၇)ပါးတို့တွင် ကုသိုလ်စိတ်(၉)ပါးဟူသော်ကား ရူပါဝစရကုသိုလ်စိတ်(၅)ပါး၊ အရူပါဝစရကုသိုလ်စိတ်(၄)ပါးအားဖြင့် (၉)ပါးဖြစ်ပါသည်။ (ဝိပါက်၊ ကြိယာနည်းတူသိလေ။)

ဤသို့လျှင် ကုသိုလ်စိတ်(၉)ပါး၊ ဝိပါက်စိတ်(၉)ပါး၊ ကြိယာစိတ်(၉)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် မဟဂ္ဂုတ်စိတ်(၂၇)ပါးဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

မဟဂ္ဂုတ်စိတ်(၂၇)ပါးတို့တွင် -

ကုသိုလ်စိတ်(၉)ပါးသည် အကြောင်းဖြစ်သောစိတ် မည်ပါသည်။

ဝိပါက်စိတ်(၉)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ်(၉)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။ (ဝါ) အကြောင်း,အကျိုး နှစ်ပါးမှ လွတ်သောစိတ်မည်ပါသည်။

ပဋိဃကစိတ်စသည် ခွဲပုံ

မဟဂ္ဂုတ်စိတ်(၂၇)ပါးတို့တွင် -

ပထမစျာန်စိတ်(၃)ပါးသည် ပဋိဃကစျာန်စိတ် မည်ပါသည်။

ဒုတိယစျာန်စိတ်(၃)ပါးသည် စတုရ်ဂိကစျာန်စိတ် မည်ပါသည်။

တတိယစျာန်စိတ်(၃)ပါးသည် တိဝ်ဂိကစျာန်စိတ် မည်ပါသည်။

စတုတ္ထစျာန်စိတ်(၃)ပါး၊ ပဉ္စမစျာန်စိတ်(၁၅)ပါး-အားဖြင့် ဤ(၁၈)ပါးသောစိတ်တို့သည် ဒုဝ်ဂိကစျာန်စိတ် မည်ပါသည်။

လောကီစိတ်ဧကသီတိ

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ ကာမာဝစရသောဘာနစိတ်(၂၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် ဤ(၈၁)ပါးသောစိတ်တို့သည် ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခါရလောကဌ် အကျုံးဝင်သည်၏အဖြစ်ဖြင့် ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခါရလောကဌ် ယှဉ်တွဲခဲ့လေသောကြောင့် လောကီစိတ်တို့မည်ပါသည်။

http://www.dhammadownload.com

ဝေဒနာဘေဒစသည် ဝေဖန်ပုံ

လောကီစိတ်(၈၁)ပါးသည် ဝေဒနာဘေဒအားဖြင့် -

သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၃၀)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၄၇)ပါးအားဖြင့် (၈၁)ပါး ဖြစ်ပါသည်။

ထို(၈၁)ပါးတို့တွင် သုခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-သုခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါးဖြစ်ပါသည်။

ဒုက္ခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား-ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်(၁)ပါး ဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ်(၃၀)ဟူသော်ကား-အကုသိုလ်သောမနဿ(၄)ပါး၊ အဟိတ်စိတ်၌ သောမနဿ(၂)ပါး၊ ကာမာဝစရသောဘနစိတ်၌ သောမနဿ(၁၂)ပါး၊ ရူပါဝစရစိတ်၌ သောမနဿ(၁၂)ပါးအားဖြင့် (၃၀)ဖြစ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ်(၂)ပါးဟူသော်ကား... ဒေါသမူဒွေး ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၄၇)ပါးဟူသော်ကား... အကုသိုလ်စိတ်၌ ဥပေက္ခာ(၆)ပါး၊ အဟိတ်စိတ်၌ ဥပေက္ခာ(၁၄)ပါး၊ ကာမာဝစရသောဘနစိတ်၌ ဥပေက္ခာ(၁၂)ပါး၊ ရူပါဝစရစိတ်၌ ဥပေက္ခာ(၃)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် (၄၇)ပါးဖြစ်ပါသည်။

ဤသို့လျှင် သုခသဟဂုတ်စိတ်(၁)ပါး၊ (လ) ဥပေက္ခာသဟဂုတ်စိတ်(၄၇)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောကီစိတ်(၈၁)ပါးဖြစ်ပါသည်။

သမ္မယောဂစသည် ဝေဖန်ပုံ

လောကီစိတ်(၈၁)ပါးသည် သမ္မယောဂဘေဒအားဖြင့်.... သမ္မယုတ်စိတ်(၄၇)ပါး၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်(၁၈)ပါးအားဖြင့် (၈၁)ပါးဖြစ်ပါသည်။ ထို(၈၁)ပါးတို့တွင် -

သမ္မယုတ်စိတ်(၄၇)ပါးဟူသော်ကား.... အကုသိုလ်စိတ်၌ သမ္မယုတ်စိတ်(၈)ပါး၊ ကာမာဝစရသောဘနစိတ်၌ သမ္မယုတ်စိတ်(၁၂)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် (၄၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဝိပ္ပယုတ်စိတ်(၁၆)ပါးဟူသော်ကား.... အကုသိုလ်စိတ်၌ ဝိပ္ပယုတ်စိတ်(၄)ပါး၊ ကာမာဝစရသောဘာနစိတ်၌ ဝိပ္ပယုတ်စိတ်(၁၂)ပါးအားဖြင့် (၁၆)ပါးဖြစ်ပါသည်။

သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်(၁၈)ပါးဟူသော်ကား... အဟိတ်စိတ်(၁၈)ပါးဖြစ်ပါသည်။

ဤသို့လျှင် သမ္မယုတ်စိတ်(၄၇)ပါး၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်(၁၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောကီစိတ်(၈၁)ပါးဖြစ်ပါသည်။

လောကီစိတ်(၈၁)ပါးသည် **သင်္ခါရဘေဒအားဖြင့်** -

အသင်္ခါရိကစိတ်(၁၇)ပါး၊ သသင်္ခါရိကစိတ်(၁၇)ပါး၊ သင်္ခါရဝိမုတ်စိတ်(၄၇)ပါးအားဖြင့် (၈၁)ပါးဖြစ်ပါသည်။ ထို(၈၁)ပါးတို့တွင် -

အသင်္ခါရိကစိတ်(၁၇)ပါးဟူသော်ကား... အကုသိုလ်စိတ်၌ အသင်္ခါရိကစိတ်(၅)ပါး၊ ကာမာဝစရသောဘာနစိတ်၌ အသင်္ခါရိကစိတ်(၁၂)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

သသင်္ခါရိကစိတ်(၁၇)ပါးဟူသော်ကား... အကုသိုလ်စိတ်၌ သသင်္ခါရိကစိတ်(၅)ပါး၊ ကာမာဝစရသောဘာနစိတ်၌ သသင်္ခါရိကစိတ်(၁၂)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

သင်္ခါရဝိမုတ်စိတ်(၄၇)ပါးဟူသော်ကား... မောဟမူစိတ်(၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် (၄၇)ပါးဖြစ်ပါသည်။

ဤသို့လျှင် အသင်္ခါရိကစိတ်(၁၇)ပါး၊ သသင်္ခါရိကစိတ်(၁၇)ပါး၊ သင်္ခါရဝိမုတ်စိတ်(၄၇)ပါးတို့ကိုပေါင်းလိုက်သည်ရှိသော် လောကီစိတ်(၈၁)ပါးဖြစ်ပါသည်။

ဟေတုဘေဒ

လောကီစိတ်(၈၁)ပါးသည် ဟေတုဘေဒအားဖြင့် -

အဟိတ်စိတ်(၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၂၃)ပါး၊ တိဟိတ်စိတ်(၃၉)ပါးအားဖြင့် (၈၁)ပါးဖြစ်ပါသည်။ ထို(၈၁)ပါးတို့တွင် -

အဟိတ်စိတ်(၁၈)ပါးဟူသော်ကား... အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလ ဝိပါက်စိတ်(၈)ပါး၊ အဟိတ်ကြိယာစိတ်(၃)ပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

၈ကဟိတ်စိတ်(၂)ပါးဟူသော်ကား... မောဟမူဒွေးဖြစ်ပါသည်။

၌ဟိတ်စိတ်(၂၂)ပါးဟူသော်ကား... လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ်(၁၂)ပါးအားဖြင့် (၂၂)ပါးဖြစ်ပါသည်။

တိဟိတ်စိတ်(၃၉)ပါးဟူသော်ကား... ကာမာဝစရသောဘန ဉာဏသမ္ပယုတ်စိတ်(၁၂)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် (၃၉)ပါးဖြစ်ပါသည်။

ဤသို့လျှင် အဟိတ်စိတ်(၁၈)ပါး၊ ၈ကဟိတ်စိတ်(၂)ပါး၊ ၌ဟိတ်စိတ်(၂၂)ပါး၊ တိဟိတ်စိတ်(၃၉)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောကီစိတ်(၈၁)ပါးဖြစ်ပါသည်။

ဈာနဘေဒ

လောကီစိတ်(၈၁)ပါးသည် ဈာနဘေဒအားဖြင့် -

ပထမဈာန်စိတ်(၃)ပါး၊ ဒုတိယဈာန်စိတ်(၃)ပါး၊ တတိယဈာန်စိတ်(၃)ပါး၊ စတုတ္ထဈာန်စိတ်(၃)ပါး၊ ပဉ္စမဈာန်စိတ်(၁၅)ပါး၊ ဈာန်မဟုတ်သောစိတ်(၅၄)ပါးအားဖြင့် (၈၁)ပါးဖြစ်ပါသည်။ ထို(၈၁)ပါးတို့တွင် -

ပထမဈာန်စိတ်(၃)ပါးဟူသော်ကား - ရူပါဝစရကုသိုလ်စိတ်၌ ပထမဈာန်စိတ်(၁)ပါး၊ ရူပါဝစရဝိပါက်စိတ်၌ ပထမဈာန်စိတ်(၁)ပါး၊ ရူပါဝစရကြိယာစိတ်၌ ပထမဈာန်စိတ်(၁)ပါးအားဖြင့် (၃)ပါးဖြစ်ပါသည်။

မှတ်ချက်။　　။ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်စိတ်များကိုလည်း အတူကောက်ပါ။

ပဉ္စမဈာန်စိတ်(၁၅)ပါးဟူသော်ကား... ရူပါဝစရပဉ္စမဈာန်စိတ်(၃)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် (၁၅)ပါးဖြစ်ပါသည်။

ဈာန်မဟုတ်သောစိတ်(၅၄)ပါးဟူသော်ကား... အကုသိုလ်စိတ်(၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ ကာမာဝစရသောဘနစိတ်(၂၄)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ဤသို့လျှင် ပဌမဈာန်စိတ်(၃)ပါး၊ ဒုတိယဈာန်စိတ်(၃)ပါး၊ တတိယဈာန်စိတ်(၃)ပါး၊ စတုတ္ထဈာန်စိတ်(၃)ပါး၊ ပဉ္စမဈာန်စိတ်(၁၅)ပါး၊ ဈာန်မဟုတ်သောစိတ်(၅၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောကီစိတ်(၈၁)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဇာတိဘေဒ

လောကီစိတ်(၈၁)ပါးသည် ဇာတိဘေဒအားဖြင့် -

အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၁၇)ပါး၊ ဝိပါက်စိတ်(၃၂)ပါး၊ ကြိယာစိတ်(၂၀)အားဖြင့် (၈၁)ပါးဖြစ်ပါသည်။ ထို(၈၁)ပါးတို့တွင် -

အကုသိုလ်စိတ်(၁၂)ပါးဟူသော်ကား... လောဘမူစိတ်(၈)ပါး၊ ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ကုသိုလ်စိတ်(၁၇)ပါးဟူသော်ကား... မဟာကုသိုလ်စိတ်(၈)ပါး၊ ရူပါဝစရကုသိုလ်စိတ်(၅)ပါး၊ အရူပါဝစရကုသိုလ်စိတ်(၄)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၃၂)ပါးဟူသော်ကား အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးအားဖြင့် (၃၂)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၂၀)ဟူသော်ကား... အဟိတ်ကြိယာစိတ်(၃)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၁၇)ပါး၊ ဝိပါက်စိတ်(၃၂)ပါး၊ ကြိယာစိတ်(၂၀)တို့ကိုပေါင်းလိုက်သည်ရှိသော် လောကီစိတ်(၈၁)ပါးဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

လောကီစိတ်(၈၁)ပါးတို့တွင် -

အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၁၇)ပါးတို့သည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

ဝိပါက်စိတ်(၃၂)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ်(၂၀)သည် အကြောင်းလည်း ဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။ (၀၊) အကြောင်းအကျိုးတရားနှစ်ပါးမှ လွတ်သောစိတ်မည်ပါသည်။

http://www.dhammadownload.com

ဘူမိဘေဒ

လောကီစိတ်(၈၁)ပါးသည် ဘူမိဘေဒအားဖြင့် -

ကာမစိတ်(၅၄)ပါး၊ ရူပစိတ်(၁၅)ပါး၊ အရူပစိတ်(၁၂)ပါးအားဖြင့် (၈၁)ပါးဖြစ်ပါသည်။ ထို(၈၁)ပါးတို့တွင် (ရေတွက်လေ၊ မခဲယဉ်းပြီ)

လောကီစိတ်(၈၁)ပါးပြီး၏။

* * * * *

လောကုတ္တရာစိတ်

လောကုတ္တရာစိတ်အကျဉ်း(၈)ပါး

မဂ်စိတ်(၄)ပါး

လောကုတ္တရာကုသိုလ်စိတ်သည် (၀၊) မဂ်စိတ်သည် (၄)ပါးအပြားရှိပါသည်။ (၄)ပါးဟူသော်ကား -

သောတာပတ္တိမဂ်စိတ်(၁)ပါး၊ သကဒါဂါမိမဂ်စိတ်(၁)ပါး၊ အနာဂါမိမဂ်စိတ်(၁)ပါး၊ အရဟတ္တမဂ်စိတ်(၁)ပါးအားဖြင့် မဂ်စိတ်(၄)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ သောတာပတ္တိမဂ္ဂစိတ္တံ (ပ) စိတ္တာနိ နာမ ဖြစ်ပါသည်။

မဂ်စိတ်(၄)ပါးသည် **ဧဝနာဘေဒအားဖြင့်**... ဦးကာလာစကားရပ်ကိုထောက်သော် သောမနဿသဟဂုတ်သာဖြစ်သင့်ပါသည်။

(တနည်း) မဂ်စိတ်(၄)ပါးသည် ဧဝနာဘေဒအားဖြင့် လောကုတ္တရာစိတ်အကျယ် (၄၀)ကိုထောက်သော် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့နှင့် ယှဉ်ခိုက် သောမနဿသဟဂုတ်စိတ် ဖြစ်ပါသည်။

ပဉ္စမစျာန်နှင့်ယှဉ်ခိုက် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပါသည်။

သမ္မယောဂဘေဒ

မဂ်စိတ်(၄)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

သခ်ါရဘေဒ

မဂ်စိတ်(၄)ပါးသည် သခ်ါရဘေဒအားဖြင့် သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

ဟေတုဘေဒ

မဂ်စိတ်(၄)ပါးသည် ဟေတုဘေဒအားဖြင့် အလောဘ၊ အဒေါသ၊ အမောဟဟု ဆိုအပ်သော ဟိတ်(၃)ပါးရှိသည်၏အဖြစ်ကြောင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

ဖိုလ်စိတ်(၄)ပါး

လောကုတ္တရာဝိပါက်စိတ်သည် (၀၀) ဖိုလ်စိတ်သည် (၄)ပါးအပြားရှိပါသည်။ (၄)ပါးဟူသော်ကား....

သောတာပတ္တိဖိုလ်စိတ်(၁)ပါး၊ သကဒါဂါမိဖိုလ်စိတ်(၁)ပါး၊ အနာဂါမိဖိုလ်စိတ် (၁)ပါး၊ အရဟတ္တဖိုလ်စိတ်(၁)ပါးအားဖြင့် ဖိုလ်စိတ်(၄)ပါးဖြစ်ပါသည်။

သာဓကကား။ ။ သောတာပတ္တိဖလစိတ္တံ (ပ) စိတ္တာနိ နာမ ဖြစ်ပါသည်။

ဝေဒနာဘေဒ

ဖိုလ်စိတ်(၄)ပါးသည် ဝေဒနာဘေဒအားဖြင့် ဋီကာလာစကားရပ်ကို ထောက်သော် သောမနဿသာ ဖြစ်သင့်ပါသည်။

(တနည်း) ဖိုလ်စိတ်(၄)ပါးသည် ဝေဒနာဘေဒအားဖြင့်... လောကုတ္တရာစိတ် အကျယ် (၄၀)ကိုထောက်သော် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် တို့နှင့်ယှဉ်ခိုက် သောမနဿသဟဂုတ်စိတ် ဖြစ်ပါသည်။

ပဉ္စမစျာန်နှင့်ယှဉ်ခိုက် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပါသည်။

သမ္မယောဂဘေဒ

ဖိုလ်စိတ်(၄)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

သခ်ါရဘေဒ

ဖိုလ်စိတ်(၄)ပါးသည် သခ်ါရဘေဒအားဖြင့် သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

ဟေတုဘေဒ

ဖိုလ်စိတ်(၄)ပါးသည် ဟေတုဘေဒအားဖြင့် အလောဘ၊ အဒေါသ၊ အမောဟဟု ဆိုအပ်သော ဟိတ်(၃)ပါးရှိသည်၏အဖြစ်ကြောင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

နိဂုံး

ဤသို့လျှင် လောကုတ္တရာကုသိုလ်စိတ်(၄)ပါး၊ လောကုတ္တရာဝိပါက်စိတ်(၄)ပါး အားဖြင့် (၈)ပါးသောစိတ်တို့သည် ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏အဖြစ်ဖြင့် ထွက်မြောက်ဆဲ၊ ထွက်မြောက်ပြီးဖြစ်သော ကြောင့် လောကုတ္တရာစိတ်မည်ပါသည်။

သာဓကကား ။ ။ ဣဏ္ဍေဝံ (ပ) သမတ္တာနိ ဖြစ်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည် **ဝေဒနာဘေဒအားဖြင့်** -

(သုက္ခဝိပဿကပုဂ္ဂိုလ်၏ ဝိပဿနာနိယမ၏အစွမ်းဖြင့်ရသော မဂ်သည် ဈာန်အင်္ဂါ(၅)ပါးရှိသော ပဌမဈာန်ဖြစ်သည်ဟု ဋီကာဋ္ဌဆိုသောကြောင့် ယင်းဋီကာကျော်လာ စကားရုပ်ကိုထောက်သော်) သောမနဿသဟဂုတ် ဖြစ်သင့်ပါသည်။

(တနည်း) **လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည် ဝေဒနာဘေဒအားဖြင့်....**

(ဈာနနိယမပုဂ္ဂိုလ်၏အစွမ်းဖြင့်ပြားသော) လောကုတ္တရာစိတ်အကျယ်(၄၀)ကို ထောက်သော် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့နှင့်ယှဉ်ခိုက် သောမနဿသဟဂုတ်စိတ် ဖြစ်ပါသည်။ ပဉ္စမဈာန်နှင့်ယှဉ်ခိုက် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပါသည်။

မှတ်ချက် ။ ။ သုက္ခဝိပဿကပုဂ္ဂိုလ်၏ ဝိပဿနာနိယမ၏ အစွမ်းဖြင့်ရသောမဂ်သည် ဈာန်အင်္ဂါ(၅)ပါးရှိလျှင် ပထမဈာန်နှင့်အလားတူသဖြင့် သောမနဿဖြစ်သင့်၍ လောကုတ္တရာစိတ်အကျဉ်း(၈)ပါး ပြားရခြင်းမှာလည်း ဝိပဿနာနိယမပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် ပြားခြင်းဖြစ်ရကား ယင်းသုက္ခဝိပဿကပုဂ္ဂိုလ်၏ ဝိပဿနာနိယမ၏အစွမ်းဖြင့်ရသော မဂ်ကို ထောက်ဆလျှင် လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည်

http://www.dhammadownload.com

သောမနဿဖြစ်သင့်သည်ဟု အောက်ပါဋီကာစကားရပ်ကိုထောက်ထား၍ အချို့ယူဆကြသည်။

သို့အတွက် ဤကျမ်း၌ (၂)နည်းလုံးဖော်ပြလိုက်ပါသည်။ နှစ်သက်ရာယူကြပါကုန်။

ဋီကာကျော်ပါဋ္ဌိ။ ။ ဝေဒနာနိယမော ပန သဗ္ဗတ္ထာပိ ဝုဋ္ဌာနဂါမိနိဝိပဿနာနိယမေန ဟောတိ။ တထာ သုက္ခဝိပဿကဿ သကလဿာနဂ်ာမိနိယမော။ တဿ ဟိ ပါဒကဇ္ဈာနာဒီနံ အဘာဝေန တေသံ ဝသေန နိယမာဘာဝတော ဝိပဿနာ နိယမေန ပဋိဂေါ ဟောတီတိ။ (ဋီကာကျော်၊ ဆဋ္ဌ။) (၃၀၂)

လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည် **သမ္မယောဂဘေဒအားဖြင့်** သမ္မယုတ်စိတ်သာဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည် **သခ်ါရဘေဒအားဖြင့်** သခ်ါရဝိမုတ်စိတ်သာဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည် **ဟေတုဘေဒအားဖြင့်** အလောဘ၊ အဒေါသ၊ အမောဟဟုဆိုအပ်သော ဟိတ်(၃)ပါးရှိသည်၏အဖြစ်ကြောင့် တိဟိတ်စိတ်သာဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း(၈)ပါးသည် **ဇာတိဘေဒအားဖြင့်** ကုသိုလ်စိတ်(၄)ပါး၊ ဝိပါက်စိတ်(၄)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။ ထို(၈)ပါးတို့တွင် -

ကုသိုလ်စိတ်(၄)ပါးဟူသော်ကား မဂ်စိတ်(၄)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၄)ပါးဟူသော်ကား ဖိုလ်စိတ်(၄)ပါးဖြစ်ပါသည်။

ဤသို့လျှင် မဂ်စိတ်(၄)ပါး၊ ဖိုလ်စိတ်(၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောကုတ္တရာစိတ်အကျဉ်း(၈)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ကြောင်း၊ကျိုးခွဲပုံ

ထို(၈)ပါးတို့တွင် ကုသိုလ်စိတ်(မင်္ဂလစိတ်)သည် အကြောင်းဖြစ်သောစိတ် ဖြစ်ပါသည်။ ဝိပါက်စိတ်(ဖိုလ်စိတ်)သည် အကျိုးဖြစ်သောစိတ် ဖြစ်ပါသည်။

သင်္ဂဟဂါထာ

လောကုတ္တရာစိတ်သည် (၄)ပါးအပြားရှိသော သောတာပတ္တိမဂ်အစရှိကုန်သော အင်္ဂဝိကမဂ်တို့နှင့်ယှဉ်သော အပြားအားဖြင့်ပြားသောကြောင့် (၄)ပါးပြားရပါသည်။ ထို့အတူ လောကုတ္တရာဝိပါက်စိတ်သည် ထိုကုသိုလ်၏သာလျှင် ဝိပါက်စိတ်၏အကျိုး၏အဖြစ်ကြောင့် (၄)ပါးပြားရပါသည်။

သာဓကကား ။ ။ စတုမဂ္ဂပ္ပဘေဒေန (၀) မတံ ဖြစ်ပါသည်။

သောဘနစိတ်အကျဉ်(၅၉)ပါး

ဤသို့လျှင် ကာမာဝစရသောဘနစိတ်(၂၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးအားဖြင့် တစ်ခုယုတ်(၆၀)သောစိတ်တို့သည် တင့်တယ်သောဂုဏ်ကို ဆောင်နိုင်ခဲ့လေသောကြောင့်လည်းကောင်း၊ အပြစ်ကင်းသော အလောဘစသော ဟိတ်တို့နှင့် ယှဉ်ခဲ့လေသောကြောင့်လည်းကောင်း သောဘနစိတ်တို့မည်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)သည် **ဝေဒနာဘေဒအားဖြင့်** -

သောမနဿသဟဂုတ်စိတ်(၃၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂၇)ပါးအားဖြင့် သောဘနစိတ်တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။ ထိုတစ်ခုယုတ်(၆၀)တို့တွင် -

သောမနဿသဟဂုတ်စိတ်(၃၂)ပါးဟူသော်ကား··· ကာမာဝစရသောဘနစိတ်၌(၁၂)ပါး၊ ရူပါဝစရစိတ်၌(၁၂)ပါး၊ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးအားဖြင့် သောမနဿသဟဂုတ်စိတ်(၃၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၂၇)ပါးဟူသော်ကား··· ကာမာဝစရသောဘနစိတ်၌(၁၂)ပါး၊ ရူပါဝစရစိတ်၌(၃)ပါး၊ အရူပါဝစရစိတ် (၁၂)ပါးအားဖြင့် ဥပေက္ခာသဟဂုတ်

http://www.dhammadownload.com

စိတ်(၂၇) ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၃၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂၇)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျဉ်းတစ်ခုယုတ်(၆၀)ဖြစ်ပါသည်။

(တနည်း) သောဘနစိတ်အကျဉ်းတစ်ခုယုတ်(၆၀)သည် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်စိတ်(၂၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂၇)ပါး၊ သောမနဿလည်းဖြစ်၊ ဥပေက္ခာလည်းဖြစ်သောစိတ်(၈)ပါးအားဖြင့် သောဘနစိတ်အကျဉ်းတစ်ခုယုတ်(၆၀)ဖြစ်ပါသည်။ ထိုတစ်ခုယုတ်(၆၀)တို့တွင် -

သောမနဿသဟဂုတ်စိတ်(၂၄)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌(၁၂) ပါး၊ ရူပါဝစရစိတ်၌(၁၂)ပါးအားဖြင့် သောမနဿသဟဂုတ်စိတ်(၂၄)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၂၇)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌(၁၂)ပါး၊ ရူပါဝစရစိတ်၌(၃)ပါး၊ အရူပါဝစရစိတ်(၁၂)ပါးအားဖြင့် ဥပေက္ခာသဟဂုတ်စိတ်(၂၇) ပါးဖြစ်ပါသည်။

သောမနဿလည်းဖြစ်၊ ဥပေက္ခာလည်းဖြစ်သောစိတ်(၈)ပါးဟူသော်ကား... လောကုတ္တရာစိတ်အကျဉ်း(၈)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ်(၂၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၂၇)ပါး၊ သောမနဿလည်းဖြစ်၊ ဥပေက္ခာလည်းဖြစ်သောစိတ်(၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။

သမ္မယောဂဘေဒ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)သည် သမ္မယောဂဘေဒအားဖြင့် -

သမ္မယုတ်စိတ်(၄၇)ပါး၊ ဝိပ္ပယုတ်စိတ်(၁၂)ပါးအားဖြင့် သောဘနစိတ်အကျဉ်းတစ်ခုယုတ်(၆၀)ဖြစ်ပါသည်။ ထိုဇာစ်ခုယုတ်(၆၀)တို့တွင် -

သမ္မယုတ်စိတ်(၄၇)ပါးဟူသော်ကား ကာမာဝစရသောဘနစိတ်၌(၁၂)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးအားဖြင့်

http://www.dhammadownload.com

သမ္မယုတ်စိတ်(၄၇)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၁၂)ပါးဟူသော်ကား ကာမာဝစရသောဘာနစိတ်၌ ဝိပ္ပယုတ်စိတ်(၁၂)ပါးဖြစ်ပါသည်။.

ဤသို့လျှင် သမ္မယုတ်စိတ်(၄၇)ပါး၊ ဝိပ္ပယုတ်စိတ်(၁၂)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။

သခ်ါရဘေဒ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)သည် သခ်ါရဘေဒအားဖြင့် -

အသခ်ါရိကစိတ်(၁၂)ပါး၊ သသခ်ါရိကစိတ်(၁၂)ပါး၊ သခ်ါရဝိမုတ်စိတ်(၃၅)ပါး အားဖြင့် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။ ထိုတစ်ခုယုတ်(၆၀)တို့တွင်-

အသခ်ါရိကစိတ်(၁၂)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌ အသခ်ါရိကစိတ်(၁၂)ပါးဖြစ်ပါသည်။

သသခ်ါရိကစိတ်(၁၂)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌ သသခ်ါရိကစိတ်(၁၂)ပါးဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ်(၃၅)ပါးဟူသော်ကား... မဟဂ္ဂုတ်, လောကုတ္တရာစိတ်(၃၅)ပါး ဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ်(၁၂)ပါး၊ သသခ်ါရိကစိတ်(၁၂)ပါး၊ သခ်ါရဝိမုတ် စိတ်(၃၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ် ပါသည်။

ဟေတုဘေဒ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)သည် ဟေတုဘေဒအားဖြင့် -

ဒွိဟိတ်စိတ်(၁၂)ပါး၊ တိဟိတ်စိတ်(၄၇)ပါးအားဖြင့် သောဘနစိတ်အကျဉ်း တစ်ခု ယုတ်(၆၀)ဖြစ်ပါသည်။ ထို တစ်ခုယုတ်(၆၀)တို့တွင် -

ဒွိဟိတ်စိတ်(၁၂)ပါးဟူသော်ကား...ကာမာဝစရသောဘနစိတ်၌ ဉာဏဝိပ္ပယုတ် စိတ် (၁၂)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

တိဟိတ်စိတ်(၄၇)ပါးဟူသော်ကား...ကာမာဝစရသောဘာနစိတ်၌ ဉာဏသမ္မယုတ်စိတ်(၁၂)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးအားဖြင့် တိဟိတ်စိတ်(၄၇)ပါးဖြစ်ပါသည်။

ဤသို့လျှင် ဒွိဟိတ်စိတ်(၁၂)ပါး၊ တိဟိတ်စိတ်(၄၇)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။

ဇာတိဘေဒ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)သည် ဇာတိဘေဒအားဖြင့် -

ကုသိုလ်စိတ် (၂၁) ပါး၊ ဝိပါက်စိတ် (၂၁)ပါး၊ ကြိယာစိတ် (၁၇)ပါးအားဖြင့် သောဘနစိတ်အကျဉ်း တစ်ခုယုတ် (၆၀)ဖြစ်ပါသည်။ ထိုတစ်ခုယုတ် (၆၀) တို့တွင်-

ကုသိုလ်စိတ် (၂၁) ပါးဟူသော်ကား ... မဟာကုသိုလ်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)ပါး၊ လောကုတ္တရာကုသိုလ်စိတ် (၄) ပါးအားဖြင့် ကုသိုလ်စိတ် (၂၁)ပါးဖြစ်ပါသည်။

ဝိပါက်စိတ် (၂၁)ပါးဟူသော်ကား... မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါး လောကုတ္တရာဝိပါက်စိတ် (ဖိုလ်စိတ်)(၄)ပါးအားဖြင့် ဝိပါက်စိတ် (၂၁)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၁၇)ပါးဟူသော်ကား...မဟာကြိယာစိတ်(၈)ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။ ဤသို့လျှင် ကုသိုလ်စိတ်(၂၁)ပါး၊ ဝိပါက်စိတ်(၂၁)ပါး၊ ကြိယာစိတ် (၁၇)ပါး တို့ကိုပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)တို့တွင်-

ကုသိုလ်စိတ် (၂၁)ပါးသည် အကြောင်းဖြစ်သောစိတ် မည်ပါသည်။

ဝိပါက်စိတ် (၂၁)ပါးသည်အကျိုးဖြစ်သောစိတ်မည်ပါသည်။

http://www.dhammadownload.com

ကြိယာစိတ် (၁၇)ပါးသည် အကြောင်းလည်းမဟုတ်, အကျိုးလည်းမဟုတ်သော စိတ်မည်ပါသည်။ (၀၊) အကြောင်း, အကျိုးတရားနှစ်ပါးမှလွတ်သောစိတ် မည်ပါသည်။

ဘူမိဘေဒ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)သည် ဘူမိဘေဒအားဖြင့်-

ကာမာဝစရစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျဉ်း (၈)ပါးအားဖြင့် သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ဖြစ်ပါသည်။ ထိုတစ်ခုယုတ်(၆၀)တို့တွင်-

ကာမာဝရသောဘနစိတ် (၂၄)ပါးဟူသော်ကား.... မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါးအားဖြင့် ကာမာဝရသောဘနစိတ် (၂၄)ပါးဖြစ်ပါသည်။

ရူပါဝရစိတ်(၁၅)ပါးဟူသော်ကား... ရူပါဝစရကုသိုလ်စိတ် (၅)ပါး၊ ရူပါဝစရဝိပါက်စိတ်(၅)ပါး၊ ရူပါဝစရကြိယာစိတ်(၅)ပါးအားဖြင့် ရူပါဝစရစိတ်(၁၅)ပါးဖြစ်ပါသည်။

အရူပါဝရစိတ်(၁၂)ပါးဟူသော်ကား.... အရူပကုသိုလ်စိတ်(၄)ပါး၊ အရူပဝိပါက်စိတ်(၄)ပါး၊ အရူပကြိယာစိတ် (၄)ပါးအားဖြင့် အရူပါဝစရစိတ် (၁၂)ပါးဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း(၈)ပါးဟူသော်ကား.... မဂ်စိတ် (၄)ပါး၊ ဖိုလ်စိတ်(၄)ပါးအားဖြင့် လောကုတ္တရာစိတ်အကျဉ်း (၈)ပါးဖြစ်ပါသည်။

ဤသို့လျှင်ကာမာဝစရသောဘစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး လောကုတ္တရာစိတ်အကျဉ်း (၈)ပါးတို့ကိုပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျဉ်းတခုယုတ် (၆၀) ဖြစ်ပါသည်။

စက်လှည့်

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)တို့တွင်-

ကာမာဝစရသာမည်၍ သောဘနမမည်သောစိတ်သည် မရှိပါ။

သောဘနသာမည်၍ ကာမာဝစရမမည်သောစိတ်သည် (၃၅)ပါးရှိပါသည်။ (၃၅)ပါး ဟူသော်ကား....

http://www.dhammadownload.com

မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅)ပါးဖြစ်ပါသည်။

ကာမာဝစရလည်းမည် သောဘနလည်းမည်သောစိတ်သည် (၀၀) နှစ်ပါးစုံမည် သောစိတ်သည် (၂၄)ပါးရှိပါသည်။ (၂၄) ပါးဟူသော်ကား....

ကာမဝစရသောဘနစိတ် (၂၄)ပါးဖြစ်ပါသည်။

ကာမဝစရလည်းမမည်၊ သောဘနလည်းမမည်သောစိတ်သည် မရှိပါ။

ဉာဏ်စမ်း

သောဘနစိတ်အကျဉ်း တစ်ခုယုတ် (၆၀)တို့တွင်- အလည်တည့်တည့်တည့်ကျသောစိတ် သည်-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၅)ပါးနှင့်တကွ ဖြစ်သော ရူပါဝစရပထမဈာန် ဝိပါက်စိတ်(၁)ပါးဖြစ်ပါသည်။

စိတ်အကျဉ်း (၈၉) ပါး

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ ကာမာဝစရသော ဘနစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ် အကျဉ်း (၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျဉ်း (၈၉)ပါးဖြစ်ပါသည်။ စိတ်တစ်ခုယုတ်(၉၀)ဟူ၍လည်း ခေါ်ပါသည်။

ဝေဒနာဘေဒ

စိတ်တစ်ခုယုတ်(၉၀)သည် ဣန္ဒြေအားဖြင့်ပြားသော (ဣန္ဒြိယဘေဒဖြင့်ပြားသော) ဝေဒနာဘေဒအားဖြင့်-

သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၁)ပါး၊ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၊ သောမနဿသဟဂုတ်စိတ် (၃၈)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၄၇)ပါးအားဖြင့် စိတ်တစ်ခုယုတ်(၉၀) ဖြစ်ပါသည်။ ထိုတစ်ခုယုတ်(၉၀)သော စိတ်တို့တွင်-

သုခသဟဂုတ်စိတ် (၁)ပါးဟူသော်ကား...သုခသဟဂုတ်ကာယဝိညာဏ်စိတ် (၁)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဒုကွသဟဂုတ်စိတ် (၁)ပါးဟူသော်ကား...ဒုကွသဟဂုတ်ကာယဝိညာဏ်စိတ် (၁)ပါး ဖြစ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ် (၂)ပါးဟူသော်ကား...ဒေါသမူဒွေး ဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ် (၁၈)ပါးဟူသော်ကား...

အကုသိုလ်စိတ်၌	သောမနဿသဟဂုတ်စိတ်	(၄)ပါး၊
အဟိတ်စိတ်၌	သောမနဿသဟဂုတ်စိတ်	(၂)ပါး၊
ကာမာဝစရသောဘနစိတ်၌	သောမနဿသဟဂုတ်စိတ်	(၁၂)ပါး၊
ရူပါဝစရစိတ်၌	သောမနဿသဟဂုတ်စိတ်	(၁၂)ပါး

လောကုတ္တရာစိတ်အကျဉ်း သောမနဿသဟဂုတ်စိတ် (၈)ပါး အားဖြင့် (၁၈)ပါး ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ်(၄၇)ပါးဟူသော်ကား....

အကုသိုလ်စိတ်၌	ဥပေက္ခာသဟဂုတ်စိတ်	(၆)ပါး၊
အဟိတ်စိတ်၌	ဥပေက္ခာသဟဂုတ်စိတ်	(၁၄)ပါး၊
ကာမာဝစရသောဘနစိတ်၌	ဥပေက္ခာသဟဂုတ်စိတ်	(၁၂)ပါး၊
မဟဂ္ဂုတ်စိတ်၌	ဥပေက္ခာသဟဂုတ်စိတ်	(၁၅) ပါးအားဖြင့် (၄၇)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သုခသဟဂုတ်စိတ် (၁)ပါး၊ ဒုကွသဟဂုတ်စိတ်(၁)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ သောမနဿသဟဂုတ်စိတ် (၁၈)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၄၇)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်တစ်ခုယုတ်(၉၀)ဖြစ်ပါသည်။

(တနည်း) စိတ်တစ်ခုယုတ်(၉၀)သည် **ဝေဒနာဘေဒအားဖြင့်**....

သုခသဟဂုတ်စိတ်	(၁)ပါး၊
ဒုကွသဟဂုတ်စိတ်	(၁)ပါး၊
ဒေါမနဿသဟဂုတ်စိတ်	(၂)ပါး၊
သောမနဿသဟဂုတ်စိတ်	(၁၀)ပါး၊
ဥပေက္ခာသဟဂုတ်စိတ်	(၄၇)ပါး၊

http://www.dhammadownload.com

သောမနဿသလဲ့ည်းဖြစ်၊ ဥပေက္ခာလည်းဖြစ်သောစိတ် (၈)ပါး အားဖြင့် စိတ်တစ်ခုယုတ် (၉၀)ဖြစ်ပါသည်။

သမ္မယောဂဘေဒ

စိတ်တစ်ခုယုတ် (၉၀)သည် သမ္မယောဂဘေဒအားဖြင့်...

သမ္မယုတ်စိတ် (၅၅)ပါး၊
ဝိပ္ပယုတ်စိတ် (၁၆)ပါး၊
သမ္မယုတ်, ဝိပ္ပယုတ်မဟုတ်သောစိတ် (၁၈)ပါး အားဖြင့် စိတ်တစ်ခုယုတ် (၉၀) ဖြစ်ပါသည်။ ထိုစိတ်တစ်ခုယုတ် (၉၀)တို့တွင်-

သမ္မယုတ်စိတ် (၅၅)ပါးဟူသော်ကား...

အကုသိုလ်စိတ်၌ သမ္မယုတ်စိတ် (၈)ပါး၊
ကာမာဝစရသောဘနစိတ်၌ သမ္မယုတ်စိတ် (၁၂)ပါး၊
မဟဂ္ဂုတ်စိတ် (၂၇)ပါး၊
လောကုတ္တရာစိတ်အကျဉ်း (၈)ပါး အားဖြင့်သမ္မယုတ်စိတ်(၅၅)ပါး ဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ် (၁၆)ပါးဟူသော်ကား....

အကုသိုလ်လောဘမူစိတ်၌ ဝိပ္ပယုတ်စိတ် (၄)ပါး၊
ကာမာဝစရသောဘနစိတ်၌ ဝိပ္ပယုတ်စိတ် (၁၂)ပါးအားဖြင့်ဝိပ္ပယုတ်စိတ် (၁၆)ပါးဖြစ်ပါသည်။

သမ္မယုတ်,ဝိပ္ပယုတ်မဟုတ်သောစိတ် (၁၈)ပါးဟူသော်ကား... အဟိတ်စိတ် (၁၈)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သမ္မယုတ်စိတ် (၅၅)ပါး၊ ဝိပ္ပယုတ်စိတ် (၁၆)ပါး၊ သမ္မယုတ်, ဝိပ္ပယုတ်မဟုတ်သောစိတ် (၁၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်တစ်ခုယုတ် (၉၀) ဖြစ်ပါသည်။

http://www.dhammadownload.com

သခ်ါရဘေဒ

စိတ်တစ်ခုယုတ် (၉၀)သည် **သခ်ါရဘေဒအားဖြင့်**-

အသခ်ါကစိတ် (၁၇)ပါး၊ သခ်ါရိကစိတ်(၁၇)ပါး၊ သခ်ါရဝိမုတ်စိတ် (၅၅)ပါး အားဖြင့် စိတ်တစ်ခုယုတ် (၉၀) ဖြစ်ပါသည်။ ထို (၈၉)ပါးတို့တွင်-

အသခ်ါရိကစိတ် (၁၇)ပါးဟူသော်ကား···အကုသိုလ်စိတ်၌ အသခ်ါရိကစိတ် (၅)ပါး၊ ကာမာဝစရသောဘာနစိတ်၌ အသခ်ါရိကစိတ် (၁၂)ပါးအားဖြင့် အသခ်ါရိကစိတ် (၁၇)ပါး ဖြစ်ပါသည်။

သသခ်ါရိကစိတ်(၁၇)ပါးဟူသော်ကား···အကုသိုလ်စိတ်၌ သသခ်ါရိကစိတ် (၅)ပါး၊ ကာမာဝစရသောဘာနစိတ်၌ သသခ်ါရိကစိတ်(၁၂)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ် (၅၅)ပါးဟူသော်ကား··· မောဟမူဒွေး၊ အဟိတ်စိတ် (၁၈)ပါး၊ မဟဂ္ဂုတ်စိတ်(၂၇)ပါး၊ လောကုတ္တရာစိတ်အကျဉ်း (၈)ပါးအားဖြင့် သခ်ါရဝိမုတ်စိတ် (၅၅)ပါး ဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ် (၁၇)ပါး၊ သသခ်ါရိကစိတ် (၁၇)ပါး၊ သခ်ါရဝိမုတ်စိတ် (၅၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်တစ်ခုယုတ် (၉၀)ဖြစ်ပါသည်။

ဟေတုဘေဒ

စိတ်တစ်ခုယုတ် (၉၀)သည် **ဟေတုဘေဒအားဖြင့်** -

အဟိတ်စိတ်(၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၂၂)ပါး၊ တိဟိတ်စိတ် (၄၇)ပါးအားဖြင့် စိတ်တစ်ခုယုတ်(၉၀)ဖြစ်ပါသည်။ ထိုစိတ်တစ်ခုယုတ် (၉၀)တို့တွင်-

အဟိတ်စိတ် (၁၈)ပါးဟူသော်ကား··· အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ အဟိတ်ကြိယာစိတ်(၃)ပါးအားဖြင့် အဟိတ်စိတ်(၁၈)ပါးဖြစ်ပါသည်။

ဧကဟိတ်စိတ် (၂)ပါးဟူသော်ကား·· မောဟမူဒွေး ဖြစ်ပါသည်။

http://www.dhammadownload.com

ဒွိဟိတ်စိတ် (၂၂)ပါးဟူသော်ကား-လောဘမူစိတ် (၈)ပါး၊ ဒေါသမူဒွေး၊ ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် (၁၂)ပါး,အားဖြင့် ဒွိဟိတ်စိတ် (၂၂)ပါး ဖြစ်ပါသည်။

တိဟိတ်စိတ် (၄၇)ပါးဟူသော်ကား... ကာမာဝစရသောဘဏစိတ်၌ ဉာဏသမ္မယုတ်စိတ်(၁၂)ပါး၊ မဟဂ္ဂုတ်,လောကုတ္တရာစိတ် (၃၅)ပါး အားဖြင့် တိဟိတ်စိတ် (၄၇)ပါးဖြစ်ပါသည်။

ဤသို့လျှင်၊ အဟိတ်စိတ် (၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး ဒွိဟိတ်စိတ်(၂၂)ပါး၊ တိဟိတ်စိတ်(၄၇)ပါး တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်တစ်ခုယုတ် (၉၀) ဖြစ်ပါသည်။

ဇာတိဘေဒပြု သင်္ဂဟဂါထာ

ဒွါဒသာကုသလာနေဝံ-အစရှိသော ဤဂါထာသည် စိတ်တစ်ခုယုတ်(၉၀)ကို ဇာတိဘေဒအားဖြင့် ဝေဖန်၍ပြသော ဂါထာဖြစ်ပါသည်။ 'ဇာတိဘေဒ စိတ္တသင်္ဂဟ' ဂါထာဟူ၍လည်း ခေါ်ပါသည်။

ဇာတိဘေဒ

စိတ်တစ်ခုယုတ်(၉၀)သည် ဇာတိဘေဒအားဖြင့်...

အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၂၁)ပါး၊ ဝိပါက်စိတ်(၃၆)ပါး၊ ကြိယာစိတ် (၂၀)အားဖြင့် စိတ်တစ်ခုယုတ်(၉၀)ဖြစ်ပါသည်။

သာဓကကား။ ။ ဒွါဒသာကုသလာနေဝံ (ပ) ဝီသတိ ဖြစ်ပါသည်။

ထိုစိတ်တစ်ခုယုတ်(၉၀)တို့တွင် - အကုသိုလ်စိတ်(၁၂)ပါးဟူသော်ကား... (ရေတွက်ပါ။)

ကုသိုလ်စိတ်(၂၁)ပါးဟူသော်ကား... မဟာကုသိုလ်စိတ် (၈)ပါး၊ မဟဂ္ဂုတ် ကုသိုလ်စိတ် (၉)ပါး၊ လောကုတ္တရာကုသိုလ်စိတ် (၄)ပါးအားဖြင့် (၂၁)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၃၆)ပါးဟူသော်ကား...အဟိတ်စိတ်၌ ဝိပါက်စိတ်(၁၅)ပါး၊ မဟာ ဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါး၊ လောကုတ္တရာဝိပါက်စိတ်(၄)ပါးအားဖြင့် ဝိပါက်စိတ်(၃၆)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ကြိယာစိတ် (၂၀)ဟူသော်ကား... အဟိတ်ကြိယာစိတ် (၃)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါးအားဖြင့် ကြိယာစိတ်(၂၀)ဖြစ်ပါသည်။

ဤသို့လျှင် အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၂၁)ပါး၊ ဝိပါက်စိတ်(၃၆)ပါး ကြိယာစိတ်(၂၀)တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်တစ်ခုယုတ် (၉၀)ဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

စိတ်တစ်ခုယုတ်(၉၀)တို့တွင် အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ် (၂၁)ပါးတို့သည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

ဝိပါက်စိတ် (၃၆)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ် (၂၀)သည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။

ဈာနဘေဒ

စိတ်တစ်ခုယုတ်(၉၀)သည် ဈာနဘေဒအားဖြင့် ပထမဈာန်စိတ်(၃)ပါး၊ ဒုတိယဈာန်စိတ်(၃)ပါး၊ တတိယဈာန်စိတ်(၃)ပါး၊ စတုတ္ထဈာန်စိတ်(၃)ပါး၊ ပဉ္စမဈာန်စိတ်(၁၅)ပါး၊ ဈာန်မဟုတ်သော စိတ်(၅၄)ပါး၊ ဈာန် (၅)ပါးလုံးနှင့် သက်ဆိုင်သောစိတ် (၈)ပါးအားဖြင့် စိတ်တစ်ခုယုတ်(၉၀) ဖြစ်ပါသည်။ ထိုစိတ်တစ်ခုယုတ် (၉၀) တို့တွင် (ရေတွက်ပါ၊ မခဲယဉ်းပြီ။)

ဂါထာအရကောက်များ

ဒွါဒသာကုသလာနေဝံ-၌ ဒွါဒသအရကား-အကုသိုလ်စိတ်(၁၂)ပါးကို ရပါသည်။

ကုသလာနေကဝီသတိ-၌ ဧကဝီသတိအရကား- ကုသိုလ်စိတ်(၂၁)ပါးကို ရပါသည်။

ဆတ္တိံသေဝ ဝိပါကာနိ-၌ ဆတ္တိံသအရကား-ဝိပါက်စိတ်(၃၆)ပါးကို ရပါသည်။

ကြိယစိတ္တာနိ ဝီသတိ-၌ ဝီသတိအရကား-ကြိယာစိတ် (၂၀)ကို ရပါသည်။

http://www.dhammadownload.com

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

ကုသလာနေကဝိသတိ-၌ ဧကဝိသတိအရ ကုသိုလ်စိတ်(၂၁)ပါးသည် ဝေဒနာဘေဒအားဖြင့်-

သောမနဿသဟဂုတ်စိတ်(၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၉)ပါးအားဖြင့် ကုသိုလ်စိတ်(၂၁)ပါးဖြစ်သည်။ ထို (၂၁)ပါးတို့တွင်-

သောမနဿသဟဂုတ်စိတ်(၁၂)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ သောမနဿသဟဂုတ်စိတ် (၄)ပါး၊ ရူပါဝစရကုသိုလ်စိတ်၌ သောမနဿသဟဂုတ်စိတ်(၄)ပါး၊ လောကုတ္တရာကုသိုလ်စိတ်၌ သောမနဿသဟဂုတ်စိတ် (၄)ပါးအားဖြင့် သောမနဿသဟဂုတ်စိတ် (၁၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၉)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါး၊ ရူပါဝစရကုသိုလ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၁)ပါး၊ အရူပါဝစရကုသိုလ်စိတ် (၄)ပါး အားဖြင့် (၉)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၁၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၉)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကုသိုလ်စိတ်(၂၁)ပါးဖြစ်ပါသည်။

သမ္မယောဂဘေဒ

ကုသိုလ်စိတ်(၂၁)ပါးသည် သမ္မယောဂဘေဒအားဖြင့်-

သမ္မယုတ်စိတ် (၁၇)ပါး၊ ဝိပ္ပယုတ်စိတ် (၄)ပါးအားဖြင့် ကုသိုလ်စိတ် (၂၁)ပါးဖြစ်ပါသည်။ ထို (၂၁)ပါးတို့တွင် -

သမ္မယုတ်စိတ်(၁၇)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ သမ္မယုတ်စိတ်(၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ်၌ ကုသိုလ်စိတ် (၁၃)ပါး အားဖြင့် သမ္မယုတ်စိတ် (၁၇)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ် (၄)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ ဝိပ္ပယုတ်စိတ်(၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် သမ္မယုတ်စိတ် (၁၇)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကုသိုလ်စိတ် (၂၁)ပါးဖြစ်ပါသည်။

သခ်ါရဘေဒ

ကုသိုလ်စိတ် (၂၁)ပါးသည် **သခ်ါရဘေဒအားဖြင့်**-

အသခ်ါရိကစိတ် (၄)ပါး၊ သသခ်ါရိကစိတ် (၄)ပါး၊ သခ်ါရဝိမုတ်စိတ်(၁၃)ပါး အားဖြင့် ကုသိုလ်စိတ် (၂၁)ပါးဖြစ်ပါသည်။ ထို (၂၁)ပါးတို့တွင်-

အသခ်ါရိကစိတ်(၄)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ အသခ်ါရိကစိတ် (၄)ပါး ဖြစ်ပါသည်။

သသခ်ါရိကစိတ် (၄)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ သသခ်ါရိကစိတ် (၄)ပါး ဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ်(၁၃)ပါးဟူသော်ကား...မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊ လောကုတ္တရာကုသိုလ်စိတ် (၄)ပါးအားဖြင့် သခ်ါရဝိမုတ်စိတ်(၁၃)ပါးဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ် (၄)ပါး၊ သသခ်ါရိကစိတ် (၄)ပါး၊ သခ်ါရဝိမုတ်စိတ် (၁၃)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကုသိုလ်စိတ် (၂၁)ပါးဖြစ်ပါသည်။

ဟေတုဘေဒ

ကုသိုလ်စိတ် (၂၁)ပါးသည် **ဟေတုဘေဒအားဖြင့်**-

ဒွိဟိတ်စိတ် (၄)ပါး၊ တိဟိတ်စိတ် (၁၇)ပါးအားဖြင့် ကုသိုလ်စိတ် (၂၁)ပါး ဖြစ်ပါသည်။

ထို(၂၁)ပါးတို့တွင်-

ဒွိဟိတ်စိတ်(၄)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ ဉာဏဝိပ္ပယုတ်စိတ် (၄)ပါး ဖြစ်ပါသည်။

တိဟိတ်စိတ် (၁၇)ပါးဟူသော်ကား...မဟာကုသိုလ်စိတ်၌ ဉာဏသမ္မယုတ်စိတ် (၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၁၃)ပါးအားဖြင့် တိဟိတ်စိတ် (၁၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဘူမိဘေဒ

ကုသိုလ်စိတ် (၂၁)ပါးသည် ဘူမိဘေဒအားဖြင့်-

ကာမာဝစရကုသိုလ်စိတ် (၈)ပါး၊ ရူပါဝစရကုသိုလ်စိတ်(၅)ပါး၊ အရူပါဝစရကုသိုလ်စိတ် (၄)ပါး၊ လောကုတ္တရာကုသိုလ်စိတ် (၄)ပါးအားဖြင့် ကုသိုလ်စိတ်(၂၁)ပါးဖြစ်ပါသည်။ ထို(၂၁)ပါတို့တွင်-

မဟာကုသိုလ်စိတ် (၈)ပါးဟူသော်ကား... မဟာကုသိုလ်စိတ် (၈)ပါးဖြစ်ပါသည်။ ရူပါဝစရကုသိုလ်စိတ် (၅)ပါးဟူသော်ကား... ရူပါဝစရကုသိုလ်စိတ် (၅)ပါးဖြစ်ပါသည်။

အရူပါဝစရကုသိုလ်စိတ် (၄)ပါးဟူသော်ကား...အရူပါဝစရကုသိုလ်စိတ်(၄)ပါးဖြစ်ပါသည်။

လောကုတ္တရာကုသိုလ်စိတ် (၄)ပါးဟူသော်ကား...လောကုတ္တရာကုသိုလ်စိတ် (၄)ပါး ဖြစ်ပါသည်။

ဤသို့လျှင် မဟာကုသိုလ်စိတ်(၈)ပါး၊ ရူပါဝစရကုသိုလ်စိတ်(၅)ပါး၊ အရူပါဝစရကုသိုလ်စိတ် (၄)ပါး၊ လောကုတ္တရာကုသိုလ်စိတ် (၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ကုသိုလ်စိတ်(၂၁)ပါးဖြစ်ပါသည်။

မှတ်ချက်။ ။ ဆတ္တိသေဝ ဝိပါကာနိ၊ ကြိယစိတ္တာနိ ဝိသတိ-တိုဋ္ဌပါသော ဆတ္တိသနှင့် ဝိသတိသဒ္ဒါတို့၏ သဒ္ဒေါ်ယျအရ ဝိပါက်နှင့် ကြိယာစိတ်တို့ကိုလည်း ဝေဒနာဘေဒစသောဘေဒစုံဖြင့် ဝေဖန်၍ သရုပ်ခွဲကြလေ။ မခဲယဉ်းပြီ။

စတုပညာသဓာ ကာမေ-အစရှိသော ဤဂါထာသည် စိတ်အကျဉ်း(၈၉)ပါးကို (စိတ်တစ်ခုယုတ်(၉၀)ကို) ဘူမိဘေဒဖြင့် ဝေဖန်ပြသောဂါထာဖြစ်ပါသည်။ "ဘူမိဘေဒစိတ္တ သင်္ဂဟဂါထာ" ဟူ၍လည်းခေါ်ပါသည်။

ဘူမိဘေဒဖြင့် ဝေဖန်ပုံ

စိတ်တစ်ခုယုတ် (၉၀)သည် (၀၁)စိတ်အကျဉ်း (၈၉)ပါးသည် ဘူမိဘေဒအားဖြင့် ကာမာဝစရစိတ်(၅၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာ

http://www.dhammadownload.com

စိတ်(၈)ပါးအားဖြင့် (၈၉)ပါးဖြစ်ပါသည်။

သာဓကကား။　။စတုပညာသဓာ ကာမေ (ပ) တထာ ဖြစ်ပါသည်။

နိဂုံးနိဒါန်း

ဣတ္ထမေကူန နဝုတိ ပဘေဒ- အစရှိသောဂါထာသည် စိတ်အကျဉ်း၏နိဂုံးနှင့် စိတ်အကျယ်၏နိဒါန်းကိုပြသော ဂါထာဖြစ်ပါသည်။

ဂါထာဆိုရိုး

စိတ်ကိုဆိုအပ်ခဲ့ပြီးသော ဇာတိဘေဒ, ဘူမိဘေဒ အပြားအားဖြင့် တစ်ခုယုတ်(၉၀) အပြားရှိသည်ကိုပြု၍ ပညာရှိတို့ ဝေဖန်ခဲ့ကြပါသည်။ တစ်နည်းသော်ကား-စိတ်အကျယ် (၁၂၁)ပါး အပြားရှိသည်ကိုပြု၍ ပညာရှိတို့ ဝေဖန်ခဲ့ကြပါသည်။

သာဓကကား။　။ဣတ္ထမေကူန နဝုတိ (ပ) ဝိစက္ခဏာ ဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျယ်(၄၀)

သောတာပတ္တိမဂ်စိတ်(၅)ပါး

သောတာပတ္တိမဂ်စိတ်သည် (၅)ပါးအပြားရှိပါသည်။ (၅)ပါးဟူသော်ကား-

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့် တကွဖြစ်သော ပထမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်(၁)ပါး၊

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၄)ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်(၁)ပါး။။

ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၃)ပါးနှင့်တကွဖြစ်သော တတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁) ပါး၊

သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၂) ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး၊

ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်

http://www.dhammadownload.com

သာဓကကား။ ။ဝိတက္ကဝိစာရ (ပ) မဂ္ဂစိတ္တာနိ နာမ ဖြစ်ပါသည်။

ဝေဒနာဘေဒ

သောတာပတ္တိမဂ်စိတ် (၅)ပါးသည် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်စိတ် (၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၁) ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။ ထို (၅)ပါးတို့တွင်-

သောမနဿသဟဂုတ်စိတ် (၄)ပါးဟူသော်ကား...ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော ပထမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး၊ ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့် တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး၊ ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၃)ပါးနှင့်တကွ ဖြစ်သော တတိယဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး၊ သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး အားဖြင့်(၄)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၁)ပါးဟူသော်ကား... ဥပေက္ခာ, ဧကဂ္ဂတာတည်း ဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၁) ပါးတို့ကိုပေါင်းလိုက်သည်ရှိသော် သောတာပတ္တိမဂ်စိတ် (၅) ပါးဖြစ်ပါသည်။

သမ္မယောဂဘေဒ

သောတာပတ္တိမဂ်စိတ် (၅)ပါးသည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

သခ်ါရဘေဒ

သောတာပတ္တိမဂ်စိတ် (၅)ပါးသည် သခ်ါရဘေဒအားဖြင့် သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

ဟေတုဘေဒ

သောတာပတ္တိမဂ်စိတ်(၅)ပါးသည် ဟေတုဘေဒအားဖြင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

ဇာတိဘေဒ

သောတာပတ္တိမဂ်စိတ် (၅)ပါးသည် ဇာတိဘေဒအားဖြင့် ကုသိုလ်စိတ်သာဖြစ်ပါသည်။

ဈာနဘေဒ

သောတာပတ္တိမဂ်စိတ် (၅)ပါးသည် ဈာနဘေဒအားဖြင့်... ပထမဈာန်စိတ် (၁)ပါး၊ ဒုတိယဈာန်စိတ် (၁)ပါး၊ တတိယဈာန်စိတ် (၁)ပါး၊ စတုတ္ထဈာန်စိတ် (၁)ပါး၊ ပဉ္စမဈာန်စိတ် (၁)ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။ ထို(၅)ပါးတို့တွင်-

ပထမဈာန်စိတ် (၁)ပါးဟူသော်ကား... ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော ပထမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါးဖြစ်ပါသည်။

ဒုတိယဈာန်စိတ်(၁)ပါးဟူးသော်ကား... ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး ဖြစ်ပါသည်။

တတိယဈာန်စိတ်(၁)ပါးဟူးသော်ကား...ပီတိ,သုခ,ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၃)ပါးနှင့်တကွဖြစ်သော တတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး ဖြစ်ပါသည်။

စတုတ္ထဈာန်စိတ် (၁)ပါးဟူသော်ကား...သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါးဖြစ်ပါသည်။

ပဉ္စမဈာန်စိတ်(၁)ပါးဟူသော်ကား...ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါ (၂)ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် ပထမစျာန်စိတ် (၁)ပါး၊ ဒုတိယစျာန်စိတ်(၁)ပါး၊ တတိယစျာန်စိတ်(၁)ပါး၊ စတုတ္ထစျာန်စိတ်(၁)ပါး၊ ပဉ္စမစျာန်စိတ်(၁)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောတာပတ္တိမဂ်စိတ်(၅)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ အထက်ပါ သောတာပတ္တိမဂ်စိတ် (၅)ပါး ဆိုရိုးကိုမှီ၍ ကျန်သကဒါဂါမိမဂ်စိတ်(၅)ပါး၊ အနာဂါမိမဂ်စိတ်(၅)ပါး၊ အရဟတ္တမဂ်စိတ်(၅)ပါးတို့၏ ဆိုရိုးကို သိလေတော့၊ မခဲယဉ်းပြီ။

မဂ်စိတ်အကျယ် (၂၀)

ဤသို့လျှင်... သောတာပတ္တိမဂ်စိတ် (၅)ပါး၊ သကဒါဂါမိမဂ်စိတ် (၅)ပါး၊ အနာဂါမိမဂ်စိတ် (၅)ပါး၊ အရဟတ္တမဂ်စိတ် (၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် မဂ်စိတ်အကျယ် (၂၀)ဖြစ်ပါသည်။

သာဓကကား ။ ။ တထာသကဒါဂါမိမဂ္ဂ(ပ)သမဝိသတိ မဂ္ဂစိတ္တာနိ နာမဖြစ်ပါသည်။

မှတ်ချက် ။ ။ တထာ သကဒါဂါမိမဂ္ဂ အနာဂါမိဂ္ဂ အရဟတ္တမဂ္ဂစိတ္တဥွေတိ သမဝိသတိ မဂ္ဂစိတ္တာနိ နာမ-ဟူသော သင်္ဂဟပါဠိသည် အထက် မဂ်စိတ်အကျယ်များကို ပြသော သင်္ဂဟပါဠိ ဖြစ်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

မဂ်စိတ်အကျယ် (၂၀)သည် ဝေဒနာဘေဒအားဖြင့်

သောမနဿသဟဂုတ်စိတ် (၁၆)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါးအားဖြင့် မဂ်စိတ် အကျယ် (၂၀) ဖြစ်ပါသည်။ ထို (၂၀)တို့တွင်-

သောမနဿသဟဂုတ်စိတ် (၁၆)ပါးဟူသော်ကား...

သောတာပတ္တိမဂ်စိတ် (၅)ပါး၌ သောမနဿသဟဂုတ်စိတ် (၄)ပါး၊

သကဒါဂါမိမဂ်စိတ် (၅)ပါး၌ သောမနဿသဟဂုတ်စိတ် (၄)ပါး၊

အနာဂါမိမဂ်စိတ် (၅)ပါး၌ သောမနဿသဟဂုတ်စိတ် (၄)ပါး၊

အရဟတ္တမဂ်စိတ် (၅)ပါး၌ သောမနဿသဟဂုတ်စိတ် (၄)ပါးအားဖြင့်

သောမနဿသဟဂုတ်စိတ် (၁၆)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်စိတ် (၄) ပါးဟူသော်ကား...

သောတာပတ္တိမဂ်စိတ် (၅)ပါး၌ ဥပေက္ခာသဟဂုတ်စိတ်(၁)ပါး၊
သကဒါဂါမိမဂ်စိတ် (၅)ပါး၌ ဥပေက္ခာသဟဂုတ်စိတ် (၁)ပါး၊
အနာဂါမိမဂ်စိတ် (၅)ပါး၌ ဥပေက္ခာသဟဂုတ်စိတ် (၁)ပါး၊
အရဟတ္တမဂ်စိတ် (၅)ပါး၌ ဥပေက္ခာသဟဂုတ်စိတ် (၁)ပါး- အားဖြင့်
ဥပေက္ခာသဟဂုတ်စိတ် (၄) ပါး ဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၁၆)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါး တို့ကို ပေါင်းလိုက်သည်ရှိသော် မဂ်စိတ်အကျယ် (၂၀) ဖြစ်ပါသည်။

သမ္မယောဂဘေဒ

မဂ်စိတ်အကျယ်(၂၀)သည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

သခ်ါရဘေဒ

မဂ်စိတ်အကျယ်(၂၀)သည် သခ်ါရဘေဒအားဖြင့် သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

ဟေတုဘေဒ

မဂ်စိတ်အကျယ်(၂၀)သည် ဟေတုဘေဒအားဖြင့် တိဟိတ်စိတ်သာ ဖြစ်ပါသည်။

ဓာတိဘေဒ

မဂ်စိတ်အကျယ်(၂၀)သည် ဓာတိဘေဒအားဖြင့် ကုသိုလ်စိတ်သာ ဖြစ်ပါသည်။

ဈာနဘေဒ

မဂ်စိတ်အကျယ်(၂၀)သည် ဈာနဘေဒအားဖြင့်-

ပထမဈာန်စိတ် (၄)ပါး၊ ဒုတိယဈာန်စိတ် (၄)ပါး၊ တတိယဈာန်စိတ်(၄)ပါး၊ စတုတ္ထဈာန်စိတ် (၄)ပါး၊ ပဉ္စမဈာန်စိတ် (၄)ပါးအားဖြင့် မဂ်စိတ်အကျယ်(၂၀)ဖြစ်ပါသည်။ ထိုမဂ်စိတ် (၂၀)တို့တွင်-

http://www.dhammadownload.com

ပထမစျာန်စိတ် (၄)ပါးဟူသော်ကား...ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာတည်း ဟူသော စျာန်အင်္ဂါ (၅)ပါးနှင့်တကွဖြစ်သော ပထမစျာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် (၁)ပါး၊

ဝိတက်, ဝိစာရ (ပ) ပထမစျာန်နှင့်ယှဉ်သော သကဒါဂါမိမဂ်စိတ် (၁)ပါး၊
ဝိတက်, ဝိစာရ (ပ) ပထမစျာန်နှင့်ယှဉ်သော အနာဂါမိမဂ်စိတ် (၁)ပါး၊
ဝိတက်, ဝိစာရ (ပ) ပထမစျာန်နှင့်ယှဉ်သော အရဟတ္တမဂ်စိတ် (၁)ပါး၊

အားဖြင့် (၄)ပါးဖြစ်ပါသည်။

ဒုတိယစျာန်စိတ် (၄)ပါးဟူသော်ကား (ရေတွက်ပါ။)
တတိယစျာန်စိတ်(၄)ပါးဟူသော်ကား (။)
စတုတ္ထစျာန်စိတ်(၄)ပါးဟူသော်ကား (။)
ပဉ္စမစျာန်စိတ်(၄)ပါးဟူသော်ကား (။)

ဤသို့လျှင် ပထမစျာန်စိတ် (၄)ပါး၊ ဒုတိယစျာန်စိတ်-(၄)ပါး၊ တတိယစျာန်စိတ် (၄)ပါး၊ စတုတ္ထစျာန်စိတ် (၄)ပါး၊ ပဉ္စမစျာန်စိတ် (၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် မဂ်စိတ်အကျယ်(၂၀) ဖြစ်ပါသည်။

မှတ်ချက်။ ။ဖိုလ်စိတ်အကျယ်(၂၀)ကို မဂ်စိတ်အကျယ် (၂၀)ဆိုရိုးကိုနည်းမှီ၍ သိပါ။ (မခဲယဉ်းပြီ)

ဖိုလ်စိတ်အကျယ် (၂၀)

ဤသို့လျှင် သောတာပတ္တိဖိုလ်စိတ် (၁)ပါး၊ သကဒါဂါမိဖိုလ်စိတ် (၁)ပါး၊ အနာဂါမိဖိုလ်စိတ်(၁)ပါး၊ အရဟတ္တဖိုလ်စိတ်(၁)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ဖိုလ်စိတ် အကျယ်(၂၀)ဖြစ်ပါသည်။

သာဓကကား။ ။ တထာ ဖလစိတ္တာနိ ၈ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဖိုလ်စိတ်အကျယ် (၂၀)ကိုလည်း မဂ်စိတ်အကျယ် (၂၀)ကဲ့သို့ ဝေဒနာ ဘေဒစသော ဘေဒစုံဖြင့် ဝေဖန်ပါ၊ မဂ်စိတ်နှင့်အတူတူပင် ဖြစ်ပါသည်။ တထာ ဖလစိတ္တာနိ ၈-ဟူသော သင်္ဂဟပါဠိသည် ဖိုလ်စိတ် အကျယ် (၂၀)ပြ သင်္ဂဟပါဠိဖြစ်ပါသည်။

http://www.dhammadownload.com

လောကုတ္တရာစိတ်အကျယ် (၄၀)

ဤသို့လျှင် မဂ်စိတ်အကျယ် (၂၀)၊ ဖိုလ်စိတ်အကျယ် (၂၀) တို့ကို ပေါင်းလိုက်သည်ရှိသော် လောကုတ္တရာစိတ်အကျယ် (၄၀)ဖြစ်ပါသည်။

ထိုသို့ မဂ်စိတ်အကျယ် (၂၀)၊ ဖိုလ်စိတ်အကျယ်(၂၀)ရှိသည်၏အဖြစ်ကြောင့် တစ်ခုယုတ်(၉၀)အပြားရှိသောစိတ်သည် (၁၂၁)ပါး ပြားလာရပါသည်။

သာဓကကား။ ။ ဣတိ သမစတ္တာလီသ လောကုတ္တရစိတ္တာနိ ဘဝန္တိတိ ဖြစ်ပါသည်။

ဘေဒစုံဖြင့် ဝေဖန်ပုံ

လောကုတ္တရာစိတ်အကျယ် (၄၀)သည် **ဝေဒနာဘေဒအားဖြင့်** သောမနဿသဟဂုတ်စိတ် (၃၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၈)ပါးအားဖြင့် (၄၀)ဖြစ်ပါသည်။ ထို (၄၀)တို့တွင်-

သောမနဿသဟဂုတ်စိတ် (၃၂)ပါး ဟူသော်ကား... မဂ်စိတ်အကျယ် (၂၀)၌ သောမနဿသဟဂုတ်စိတ် (၁၆)ပါး၊ ဖိုလ်စိတ်အကျယ်(၂၀)၌ သောမနဿသဟဂုတ်စိတ် (၁၆)ပါးအားဖြင့် (၃၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၈)ပါးဟူသော်ကား... မဂ်စိတ်အကျယ် (၂၀)၌ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါး၊ ဖိုလ်စိတ်အကျယ် (၂၀)၌ ဥပေက္ခာသဟဂုတ်စိတ် (၄)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၃၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၈)ပါးတို့ကိုပေါင်းလိုက်သည်ရှိသော် လောကုတ္တရာစိတ်အကျယ် (၄၀)ဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျယ်(၄၀)သည် **သမ္မယောဂဘေဒအားဖြင့်** သမ္မယုတ်စိတ်သာဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျယ်(၄၀)သည် **သခါရဘေဒအားဖြင့်** သခါရဝိမုတ်စိတ်သာဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျယ် (၄၀)သည် **ဟေတုဘေဒအားဖြင့်** အလောဘ၊ အဒေါသ၊ အမောဟဟူဆိုအပ်သော ဟိတ်သုံးပါးရှိသည်၏အဖြစ်ကြောင့် တိဟိတ်စိတ်သာဖြစ်ပါသည်။

http://www.dhammadownload.com

လောကုတ္တရာစိတ်အကျယ် (၄၀)သည် **ဇာတိဘေဒအားဖြင့်** ကုသိုလ်စိတ်(၂၀)၊ ဝိပါက်စိတ် (၂၀)အားဖြင့် (၄၀)ဖြစ်ပါသည်။ ထို(၄၀)တို့တွင်-

ကုသိုလ်စိတ်(၂၀) ဟူသော်ကား... မဂ်စိတ်အကျယ် (၂၀)ဖြစ်ပါသည်။

ဝိပါက်စိတ်(၂၀) ဟူသော်ကား... ဖိုလ်စိတ်အကျယ် (၂၀)ဖြစ်ပါသည်။

ဤသို့လျှင် ကုသိုလ်စိတ် (၂၀)၊ ဝိပါက်စိတ် (၂၀)တို့ကို ပေါင်းလိုက်သည်ရှိသော် လောကုတ္တရာစိတ်အကျယ် (၄၀)ဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

ထို(၄၀)တို့တွင် ကုသိုလ်စိတ် (၂၀)သည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

ဝိပါက်စိတ်(၂၀)သည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

လောကုတ္တရာစိတ်အကျယ်(၄၀)သည် **ဈာနဘေဒအားဖြင့်**-

ပထမဈာန်စိတ် (၈)ပါး၊ ဒုတိယဈာန်စိတ် (၈)ပါး၊ တတိယဈာန်စိတ် (၈)ပါး၊ စတုတ္ထဈာန်စိတ် (၈)ပါး၊ ပဉ္စမဈာန်စိတ် (၈)ပါးအားဖြင့် (၄၀)ဖြစ်ပါသည်။ ထို(၄၀)တို့တွင်-

ပထမဈာန်စိတ် (၈)ပါးဟူသော်ကား... မဂ်စိတ်အကျယ် (၂၀)၌ ပထမဈာန်စိတ် (၄)ပါး၊ ဖိုလ်စိတ်အကျယ် (၂၀)၌ ပထမဈာန်စိတ်(၄)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။ မှတ်ချက်။ ။ ဒုတိယဈာန်(၈)ပါး စသည်တို့ကိုလည်း ရေတွက်ပါလေ။

ဤသို့လျှင် ပထမဈာန်(၈)ပါး၊ (ပ) ပဉ္စမဈာန် (၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် လောကုတ္တရာစိတ်အကျယ် (၄၀)ဖြစ်ပါသည်။

သင်္ဂဟဂါထာ

ဈာနင်္ဂယောဂဘေဒေန- အစရှိသောဂါထာသည် လောကုတ္တရာစိတ်အကျယ် (၄၀)ကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာဖြစ်ပါသည်။ လောကုတ္တရာစိတ်အကျယ် (၄၀)ပြားရခြင်း အကြောင်းပြဂါထာဟူ၍လည်း ခေါ်ပါသည်။

ဂါထာဆိုရိုး

ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဈာသယတို့တွင် တစ်ပါးပါးနှင့်တူသည်၏ အဖြစ်ကြောင့် တစ်ခုတစ်ခုသော လောကုတ္တရာစိတ်ကို ပထမဈာန်အစရှိသော ဈာန်အင်္ဂါတို့

http://www.dhammadownload.com

နှင့်ယှဉ်သောအပြားဖြင့် (၅)ပါး, (၅)ပါးအပြားရှိသည်ကို ပြု၍သာလျှင် (၈)ပါးအပြားရှိသော လောကုတ္တရာစိတ်ကို (၄၀)အပြားရှိ၏ဟူ၍ ဆိုရပါသည်။

သာဓကကား ။　။ ဈာနင်္ဂယောဂဘေဒေန (ပ) ဝိဓန္တိ စ ဖြစ်ပါသည်။

သောဘနစိတ်အကျယ်(၉၁)ပါး

ဤသို့လျှင် ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)တို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်ပုံ

သောဘနစိတ်အကျယ် (၉၁)ပါးသည် **ဝေဒနာဘေဒအားဖြင့်**-

သောမနဿသဟဂုတ်စိတ် (၅၆)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၃၅)ပါးအားဖြင့် (၉၁)ပါး ဖြစ်ပါသည်။ ထို(၉၁)ပါးတို့တွင်-

သောမနဿသဟဂုတ်စိတ် (၅၆)ပါးဟူသော်ကား.... ကာမာဝစရသောဘနစိတ်၌ သောမနဿသဟဂုတ်စိတ် (၁၂)ပါး၊ ရူပါဝစရစိတ်၌ သောမနဿသဟဂုတ်စိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)၌ သောမနဿသဟဂုတ်စိတ် (၃၂)ပါးအားဖြင့် (၅၆)ပါး ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၃၅)ပါးဟူသော်ကား...ကာမာဝစရသောဘနစိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၁၅)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)၌ ဥပေက္ခာသဟဂုတ်စိတ် (၈)ပါးအားဖြင့် ဥပေက္ခာသဟဂုတ်စိတ် (၃၅)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၅၆)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၃၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။

သောဘနစိတ်အကျယ်(၉၁)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**-

http://www.dhammadownload.com

သမ္မယုတ်စိတ် (၇၉)ပါး၊ ဝိပ္ပယုတ်စိတ် (၁၂)ပါးအားဖြင့် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။ ထို(၉၁)ပါးတို့တွင်-

သမ္မယုတ်စိတ် (၇၉)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌ သမ္မယုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)အားဖြင့် သမ္မယုတ်စိတ် (၇၉)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ် (၁၂)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌ ဝိပ္ပယုတ်စိတ် (၁၂)ပါး ဖြစ်ပါသည်။

ဤသို့လျှင် သမ္မယုတ်စိတ် (၇၉)ပါး၊ ဝိပ္ပယုတ်စိတ် (၁၂)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။

သောဘနစိတ်အကျယ် (၉၁)ပါးသည် **သခ်ါရဘေဒအားဖြင့်**-

အသခ်ါရိကစိတ် (၁၂)ပါး၊ သသခ်ါရိကစိတ် (၁၂)ပါး၊ သခ်ါရဝိမုတ်စိတ်(၆၇)ပါးအားဖြင့် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။ ထို(၉၁)ပါးတို့တွင်-

အသခ်ါရိကစိတ်(၁၂)ပါးဟူသော်ကား...ကာမာဝစရသောဘနစိတ်၌ အသခ်ါရိကစိတ်(၁၂)ပါးဖြစ်ပါသည်။

သသခ်ါရိကစိတ် (၁၂)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ်၌ သသခ်ါရိကစိတ် (၁၂)ပါးဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ် (၆၇)ပါးဟူသော်ကား... မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာ စိတ်အကျယ်(၄၀)အားဖြင့် (၆၇)ပါးဖြစ်ပါသည်။

ဤသို့လျှင် အသခ်ါရိကစိတ် (၁၂)ပါး၊ သသခ်ါရိကစိတ် (၁၂)ပါး၊ သခ်ါရဝိမုတ်စိတ် (၆၇)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။

သောဘနစိတ်အကျယ် (၉၁)ပါးသည် **ဟေတုဘေဒအားဖြင့်**-

ဒွိဟိတ်စိတ် (၁၂)ပါး၊ တိဟိတ်စိတ် (၇၉)ပါးအားဖြင့် သောဘနစိတ်အကျယ် (၉၁)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဒွိဟိတ်စိတ် (၁၂)ပါးဟူသော်ကား ... ကာမာဝစရသောဘာနစိတ်၌ ဉာဏဝိပ္ပယုတ်စိတ် (၁၂)ပါးဖြစ်ပါသည်။

တိဟိတ်စိတ် (၇၉)ပါးဟူသော်ကား... ကာမာဝစရသောဘာနစိတ်၌ ဉာဏသမ္မယုတ်စိတ်(၁၂)ပါး၊ မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)အားဖြင့် (၇၉)ပါး ဖြစ်ပါသည်။

ဤသို့လျှင် ဒွိဟိတ်စိတ် (၁၂)ပါး၊ တိဟိတ်စိတ် (၇၉)ပါးတို့ကို ပေါင်းလိုက်သည် ရှိသော် သောဘာနစိတ်အကျယ် (၉၁)ပါး ဖြစ်ပါသည်။

သောဘာနစိတ်အကျယ် (၉၁)ပါးသည် **ဇာတိဘေဒအားဖြင့်**-

ကုသိုလ်စိတ်(၃၇)ပါး၊ ဝိပါက်စိတ် (၃၇)ပါး ကြိယာစိတ် (၁၇)ပါးအားဖြင့် သောဘာနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။ ထို (၉၁)ပါးတို့တွင်-

ကုသိုလ်စိတ် (၃၇)ပါးဟူသော်ကား.... ကာမာဝစရသောဘာနစိတ်၌ ကုသိုလ်စိတ် (၈) ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာကုသိုလ်စိတ် (၂၉)ပါးအားဖြင့် (၃၇)ပါးဖြစ်ပါသည်။

ဝိပါက်စိတ် (၃၇)ပါးဟူသော်ကား... ကာမာဝစရသောဘာနစိတ်၌ ဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာဝိပါက်စိတ် (၂၉)ပါးအားဖြင့် (၃၇)ပါးဖြစ်ပါသည်။

ကြိယာစိတ် (၁၇)ပါးဟူသော်ကား... ကာမာဝစရသောဘာနစိတ်၌ ကြိယာစိတ် (၈)ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

ဤသို့လျှင် ကုသိုလ်စိတ် (၃၇)ပါး၊ ဝိပါက်စိတ် (၃၇)ပါး၊ ကြိယာစိတ် (၁၇)ပါး တို့ကို ပေါင်းလိုက်သည်ရှိသော် သောဘာနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

သောဘာနစိတ်အကျယ် (၉၁)ပါးတို့တွင်-

ကုသိုလ်စိတ် (၃၇)ပါးသည် အကြောင်းဖြစ်သောစိတ် မည်ပါသည်။

ဝိပါက်စိတ် (၃၇)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။ ကြိယာစိတ် (၁၇)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ် (၀၁) အကြောင်း, အကျိုးနှစ်ပါးမှလွတ်သောစိတ်မည်ပါသည်။

http://www.dhammadownload.com

ဈာနဘေဒ

သောဘနစိတ်အကျယ်(၉၁)ပါးသည် ဈာနဘေဒအားဖြင့်-

ပထမဈာန်စိတ် (၁၁)ပါး၊ ဒုတိယဈာန်စိတ် (၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါး၊ ပဉ္စမဈာန်စိတ် (၂၃)ပါး၊ ဈာန်မဟုတ်သောစိတ် (၂၄)ပါးအားဖြင့် (၉၁)ပါးဖြစ်ပါသည်။ ထို(၉၁)ပါးတို့တွင်-

ပထမဈာန်စိတ် (၁၁)ပါးဟူသော်ကား.... ရူပါဝစရစိတ်၌ ပထမဈာန်စိတ်(၃)ပါး၊ လောကုတ္တရာစိတ်အကျယ်၌ ပထမဈာန်စိတ် (၈)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။

ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်စိတ် (၁၁)ပါးဟူသော်ကား... အသီးသီး ရေတွက်လေ၊ (မထူးပြီ)။

ပဉ္စမဈာန်စိတ် (၂၃)ပါးဟူသော်ကား.... ရူပါဝစရစိတ်၌ ပဉ္စမဈာန်စိတ် (၃)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ်၌ ပဉ္စမဈာန်စိတ် (၈)ပါးအားဖြင့် ပဉ္စမဈာန်စိတ် (၂၃)ပါးဖြစ်ပါသည်။

ဈာန်မဟုတ်သောစိတ် (၂၄)ပါးဟူသော်ကား... ကာမာဝစရသောဘနစိတ် (၂၄)ပါး ဖြစ်ပါသည်။

ဤသို့လျှင် ပထမဈာန်စိတ် (၁၁)ပါး၊ ဒုတိယဈာန်စိတ် (၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါး၊ ပဉ္စမဈာန်စိတ် (၂၃)ပါး၊ ဈာန်မဟုတ်သောစိတ် (၂၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျယ်(၉၁)ပါးဖြစ်ပါသည်။

ဘူမိဘေဒ

သောဘနစိတ်အကျယ်(၉၁)ပါးသည် ဘူမိဘေဒအားဖြင့်-

ကာမာဝစရစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)အားဖြင့် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။ ထို(၉၁)ပါးတို့တွင်-

ကာမာဝစရစိတ်(၂၄)ပါးဟူသော်ကား.... (ရေတွက်ပါ၊ ရူ၊ အရူ၊ လောကုတ္တရာ တို့ကိုလည်း ရေတွက်ပါ။)

http://www.dhammadownload.com

ဤသို့လျှင် ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ (ပ) လောကုတ္တရာစိတ်အကျယ် (၄၀)တို့ကို ပေါင်းလိုက်သည်ရှိသော် သောဘနစိတ်အကျယ် (၉၁)ပါးဖြစ်ပါသည်။

စိတ်အကျယ် (၁၂၁)ပါး

ဤသို့လျှင် အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ အရူပါဝစရစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

တနည်း ။ ။ ကာမစိတ် (၅၄)ပါး၊ မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀) တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

တနည်း ။ ။ လောကီစိတ်(၈၁)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။

ဝေဒနာဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် ဣန္ဒြိယဘေဒအားဖြင့်ပြားသောဝေဒနာဘေဒ အားဖြင့် သုခသဟဂုတ်စိတ် (၁)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၁)ပါး၊ သောမနဿသဟဂုတ်စိတ် (၆၂)ပါး၊ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါးအားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။ ထို(၁၂၁)ပါးတို့တွင်-

သုခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား… သုခသဟဂုတ်ကာယဝိညာဏ်စိတ် (၁)ပါးဖြစ်ပါသည်။

ဒုက္ခသဟဂုတ်စိတ်(၁)ပါးဟူသော်ကား… ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် (၁)ပါးဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ် (၆၂)ပါးဟူသော်ကား… အကုသိုလ်စိတ်၌ သောမနဿသဟဂုတ်စိတ်(၄)ပါး၊ အဟိတ်စိတ်၌ သောမနဿသဟဂုတ်စိတ် (၂)ပါး၊ ကာမာဝစရသောဘနစိတ်၌ သောမနဿသဟဂုတ်စိတ်(၁၂)ပါး၊ ရူပါဝစရစိတ်၌ သောမန

http://www.dhammadownload.com

ဿသဟဂုတ်စိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ်၌ သောမနဿသဟဂုတ်စိတ်(၃၂)ပါးအားဖြင့် သောမနဿသဟဂုတ်စိတ်(၆၂)ပါးဖြစ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ်(၂)ပါးဟူသော်ကား… ဒေါသမူဒွေးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါးဟူသော်ကား… အကုသိုလ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါး၊ အဟိတ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် (၁၄)ပါး၊ ကာမာဝစရသောဘနစိတ်၌ ဥပေက္ခာသဟဂုတ်စိတ်(၁၂)ပါး၊ မဟဂ္ဂုတ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ်(၁၅)ပါး လောကုတ္တရာစိတ်အကျယ်၌ ဥပေက္ခာသဟဂုတ်စိတ် (၈)ပါးအားဖြင့် ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါးဖြစ်ပါသည်။

ဤသို့လျှင် သုခသဟဂုတ်စိတ် (၁)ပါး၊ ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ်(၆၂)ပါး၊ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ်(၅၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။

(တနည်း) ဝေဒနာဘေဒ

စိတ်အကျယ်(၁၂၁)ပါးသည် အနုဘဝနလက္ခဏာအားဖြင့်ပြားသော ဝေဒနာဘေဒအားဖြင့် သုခသဟဂုတ်စိတ် (၆၃)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၃) ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါး အားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ် ပါသည်။ ထိုတွင်-

သုခသဟဂုတ်စိတ် (၆၃)ပါးဟူသော်ကား… သုခသဟဂုတ်စိတ်(၁)ပါး၊ သောမနဿသဟဂုတ်စိတ် (၆၂)ပါး အားဖြင့် သုခသဟဂုတ်စိတ် (၆၃)ပါးဖြစ်ပါသည်။

ဒုက္ခသဟဂုတ်စိတ်(၃)ပါးဟူသော်ကား… ဒုက္ခသဟဂုတ်စိတ်(၁)ပါး၊ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး အားဖြင့် (၃)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါးဟူသော်ကား… (ရေတွက်ပါ)။

သမ္မယောဂဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် သမ္မယောဂဘေဒအားဖြင့်-

သမ္မယုတ်စိတ် (၈၇)ပါး၊ ဝိပ္ပယုတ်စိတ် (၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် (၁၈)ပါးအားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ထို့တွင်-

သမ္မယုတ်စိတ် (၈၇)ပါးဟူသော်ကား... အကုသိုလ်စိတ်၌ သမ္မယုတ်စိတ် (၈)ပါး၊ ကာမာဝစရသောဘာနစိတ်၌ သမ္မယုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀) အားဖြင့် (၈၇)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ် (၁၆)ပါးဟူသော်ကား... အကုသိုလ်စိတ်၌ ဝိပ္ပယုတ်စိတ်(၄)ပါး၊ ကာမာဝစရသောဘာနစိတ်၌ ဝိပ္ပယုတ်စိတ် (၁၂)ပါးအားဖြင့် (၁၆)ပါးဖြစ်ပါသည်။

သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် (၁၈)ပါးဟူသော်ကား....အဟိတ်စိတ် (၁၈)ပါးဖြစ်ပါသည်။

ဤသို့လျှင် သမ္မယုတ်စိတ် (၈၇)ပါး၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် (၁၈)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ်(၁၂၁)ပါးဖြစ်ပါသည်။

သင်္ခါရဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် သင်္ခါရဘေဒအားဖြင့်-

အသင်္ခါရိကစိတ် (၁၇)ပါး၊ သသင်္ခါရိကစိတ် (၁၇)ပါး၊ သင်္ခါရဝိမုတ်စိတ် (၈၇)ပါး အားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။ ထိုတွင်-

အသင်္ခါရိကစိတ် (၁၇)ပါးဟူသော်ကား.... (ရေတွက်ပါ၊ သသင်္ခါရိကစိတ်တို့ကိုလည်း ရေတွက်ပါလေ။)

သင်္ခါရဝိမုတ်စိတ် (၈၇)ပါးဟူသော်ကား... မောဟမူစိတ် (၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)အားဖြင့် (၈၇)ပါးဖြစ်ပါသည်။

ဤသို့လျှင် အသင်္ခါရိကစိတ် (၁၇)ပါး၊ သသင်္ခါရိကစိတ် (၁၇)ပါး၊ သင်္ခါရဝိမုတ်စိတ် (၈၇)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ်(၁၂၁)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဟေတုဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် ဟေတုဘေဒအားဖြင့်-

အဟိတ်စိတ် (၁၈)ပါး၊ ဧကဟိတ်စိတ် (၂)ပါး၊ ဒွိဟိတ်စိတ်(၂၂)ပါး၊ တိဟိတ်စိတ် (၇၉)ပါးအားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။ ထိုတွင်-(ဧကဟိတ်စိတ်၊ ဒွိဟိတ်စိတ်၊ အဟိတ်စိတ်တို့ကို ရေတွက်ပါ။)

တိဟိတ်စိတ် (၇၉)ပါးဟူသော်ကား... ကာမာဝစရသောဘာနုစိတ်၌ ဉာဏသမ္မယုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၆၇)ပါးအားဖြင့် (၇၉)ပါးဖြစ်ပါသည်။

ဤသို့လျှင် အဟိတ်စိတ် (၁၈)ပါး၊ ဧကဟိတ်စိတ် (၂)ပါး၊ ဒွိဟိတ်စိတ် (၂၂)ပါး၊ တိဟိတ်စိတ်(၇၉)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁) ပါးဖြစ်ပါသည်။

ဇာတိဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် ဇာတိဘေဒအားဖြင့်-

အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ် (၃၇)ပါး၊ ဝိပါက်စိတ်(၅၂)ပါး၊ ကြိယာစိတ် (၂၀)အားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။ ထိုတွင် အကုသိုလ်စိတ် (၁၂)ပါး (မထူးပြီ။)

ကုသိုလ်စိတ်(၃၇)ပါးဟူသော်ကား... ကာမာဝစရသောဘာနုစိတ်၌ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)ပါး၊ လောကုတ္တရာစိတ်အကျယ်၌ ကုသိုလ်စိတ် (၂၀)အားဖြင့် (၃၇)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၅၂)ပါးဟူသော်ကား... အဟိတ်စိတ်၌ ဝိပါက်စိတ် (၁၅)ပါး၊ ကာမာဝစရသောဘာနုစိတ်၌ မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်စိတ်၌ ဝိပါက်စိတ် (၉)ပါး၊ လောကုတ္တရာစိတ်အကျယ်၌ ဝိပါက်စိတ်(၂၀)အားဖြင့် (၅၂)ပါးဖြစ်ပါသည်။

ကြိယာစိတ်(၂၀)ဟူသော်ကား... အဟိတ်စိတ်၌ ကြိယာစိတ်(၃)ပါး၊ ကာမာဝစရသောဘာနုစိတ်၌ မဟာကြိယာစိတ် (၈)ပါး၊ မဟဂ္ဂုတ်စိတ်၌ ကြိယာစိတ်(၉)ပါးအားဖြင့် (၂၀)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် အကုသိုလ်စိတ် (၁၂)ပါး၊ ကုသိုလ်စိတ် (၃၇)ပါး၊ ဝိပါက်စိတ်(၅၂)ပါး၊ ကြိယာစိတ် (၂၀)တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

အကုသိုလ်စိတ်(၁၂)ပါး၊ ကုသိုလ်စိတ်(၃၇)ပါးသည် အကြောင်းဖြစ်သောစိတ် မည်ပါသည်။

ဝိပါက်စိတ် (၅၂)ပါးသည် အကျိုးဖြစ်သောစိတ် မည်ပါသည်။

ကြိယာစိတ်(၂၀)သည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။ (ဝါ)အကြောင်း, အကျိုးနှစ်ပါးစုံမှလွတ်သောစိတ်မည်ပါသည်။

ဈာနဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် ဈာနဘေဒအားဖြင့်-

ပထမဈာန်စိတ်(၁၁)ပါး၊ ဒုတိယဈာန်စိတ် (၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါး၊ ပဉ္စမဈာန်စိတ် (၂၃)ပါး၊ ဈာန်မဟုတ်သောစိတ် (၅၄)ပါးအားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။ ထိုအကျယ် (၁၂၁)ပါးတို့တွင်-

ပထမဈာန်စိတ် (၁၁)ပါးဟူသော်ကား... ရူပါဝစရစိတ်၌ ပထမဈာန်စိတ် (၃)ပါး၊ လောကုတ္တရာစိတ်၌ ပထမဈာန်စိတ် (၈)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။

ထို့အတူ ဒု,တ,စ-ဈာန်တို့ကိုလည်း ပထမဈာန်နည်းတူ ရေတွက်ပါ။

ပဉ္စမဈာန် (၂၃)ပါးဟူသော်ကား... မဟဂ္ဂုတ်စိတ်၌ ပဉ္စမဈာန်စိတ် (၁၅)ပါး၊ လောကုတ္တရာ စိတ်အကျယ် (၄၀)၌ ပဉ္စမဈာန်စိတ် (၈)ပါးအားဖြင့် (၂၃)ပါးဖြစ်ပါသည်။

ဈာန်မဟုတ်သောစိတ် (၅၄)ပါးဟူသော်ကား... အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ ကာမာဝစရသောဘာနစိတ် (၂၄)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ဤသို့လျှင် ပထမဈာန်စိတ် (၁၁)ပါး၊ (ပ) ဈာန်မဟုတ်သော်စိတ် (၅၄)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ်(၁၂၁)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဘူမိဘေဒ

စိတ်အကျယ် (၁၂၁)ပါးသည် ဘူမိဘေဒအားဖြင့်-

ကာမစိတ်(၅၄)ပါး၊ ရူပါဝစရစိတ်(၁၅)ပါး၊ အရူပါဝစရစိတ်(၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)အားဖြင့် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။ ထိုတွင် (ရေတွက်တော့၊ မခဲယဉ်းပြီ။)

ဤသို့လျှင် ကာမစိတ်(၅၄)ပါး၊ (ပ) လောကုတ္တရာစိတ်အကျယ် (၄၀)တို့ကို ပေါင်းလိုက်သည်ရှိသော် စိတ်အကျယ် (၁၂၁)ပါးဖြစ်ပါသည်။

လောကီ,လောကုတ္တရာစျာန်စိတ်အပေါင်း

ယထာစ ရူပါဝစရံ အစရှိသောဤ (၂)ဂါထာသည် လောကီ, လောကုတ္တရာစျာန်စိတ်အပေါင်းကိုပြသော (၂)ဂါထာဖြစ်ပါသည်။ (ဝါ)လောကီစျာန်စိတ်, လောကုတ္တရာစျာန်စိတ်တို့ကို စုပေါင်း၍ ပထမစျာန်စသော စျာန်စိတ်တို့ မည်မျှစီရှိကြောင်းကို ရေတွက်ပြသော သင်္ဂဟ(၂)ဂါထာဖြစ်ပါသည်။

ဂါထာဆိုရိုး

ရူပါဝစရစိတ်ကိုလည်းကောင်း၊ လောကုတ္တရာစိတ်ကိုလည်းကောင်း ပထမစျာန်အစရှိသော စျာန်အင်္ဂါတို့နှင့်ယှဉ်သောအပြားဖြင့် ဆိုအပ်သကဲ့သို့ ထို့အတူ အရူပါဝစရစိတ် (၁၂)ခုကိုလည်း ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်သည်ဖြစ်၍ ပဋ္ဌမစျာန်နှင့်စျာန်အင်္ဂါ တူမျှသည်၏အဖြစ်ကြောင့် ပဋ္ဌမစျာန်၏အဖြစ်တည်းဟူသော ဝေါဟာရဖြင့် ဆိုရပါသည်။ ထိုကြောင့် လောကီ, လောကုတ္တရာစိတ်အပေါင်း၌ (စိတ်အကျယ် ၁၂၁-ပါး၌) စျာန်စိတ်တို့သည် ပထမစျာန်စိတ် (၁၁)ပါး၊ ဒုတိယစျာန်စိတ် (၁၁)ပါး၊ တတိယစျာန်စိတ် (၁၁)ပါး၊ စတုတ္ထစျာန်စိတ် (၁၁)ပါး၊ ပဉ္စမစျာန်စိတ် (၂၃)ပါးအားဖြင့် (၆၇)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ယထာ စ ရူပါဝစရံ (ပ) ဘဝေ ဖြစ်ပါသည်။

အရူပစိတ်ကို ပဋ္ဌမစျာန်ဟုဆိုရခြင်းအကြောင်း

အာရုပ္ပဘဝိ ပဋ္ဌမေ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ အရူပစိတ် (၁၂)ခုကို ဥပေက္ခာ, ဧကဂ္ဂတာနှင့်ယှဉ်သည်ဖြစ်၍ ပဋ္ဌမစျာန်နှင့် စျာန်အင်္ဂါတူမျှသည်၏အဖြစ်ကြောင့်

http://www.dhammadownload.com

(ဈာန်၅-ပါးတို့တွင်) ပဉ္စမဈာန်၌ ထည့်သွင်းရေတွက်ရပါသည်။

မှတ်ချက်။ ။ အာရုပ္ပဈာဝိ ပဉ္စမေ-အရ အရူပစိတ်ကို ပဉ္စမဈာန်ဟုဆိုရာ၌ မုချအားဖြင့် ဆိုသည်မဟုတ်ပါ။ ရူပပဉ္စမဈာန်နှင့် ဈာန်အင်္ဂါတူမျှသောကြောင့် သဒိသူပစာအားဖြင့် ပဉ္စမဈာန်ဟု ဆိုခြင်းဖြစ်ပါသည်။

ဈာန်စိတ် (၆၇)ပါး

ဤသို့လျှင် မဟဂ္ဂုတ်စိတ် (၂၇)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)တို့ကို ပေါင်းလိုက်သည်ရှိသော် ဈာန်စိတ် (၆၇)ပါးဖြစ်ပါသည်။

ဘေဒစုံဖြင့်ဝေဖန်ပုံ

ဈာန်စိတ်(၆၇)ပါးသည် **ဝေဒနာဘေဒအားဖြင့်**-

သောမနဿသဟဂုတ်စိတ် (၄၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၂၃)ပါးအားဖြင့် (၆၇)ပါးဖြစ်ပါသည်။ ထို(၆၇)ပါးတို့တွင်-

သောမနဿသဟဂုတ်စိတ် (၄၄)ပါးဟူသော်ကား…မဟဂ္ဂုတ်စိတ်၌ သောမနဿ (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)၌ သောမနဿ (၃၂)ပါးအားဖြင့် (၄၄)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၂၃)ပါးဟူသော်ကား… မဟဂ္ဂုတ်စိတ်၌ ဥပေက္ခာ (၁၅)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)၌ ဥပေက္ခာသဟဂုတ်စိတ် (၈)ပါးအားဖြင့် (၂၃)ပါးဖြစ်ပါသည်။

ဤသို့လျှင် သောမနဿသဟဂုတ်စိတ် (၄၄)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၂၃)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ဈာန်စိတ် (၆၇) ပါးဖြစ်ပါသည်။

ဈာန်စိတ် (၆၇)ပါးသည် **သမ္မယောဂဘေဒအားဖြင့်**- သမ္မယုတ်စိတ်သာ ဖြစ်ပါသည်။

ဈာန်စိတ် (၆၇)ပါးသည် **သခ်ါရဘေဒအားဖြင့်**- သခ်ါရဝိမုတ်စိတ်သာ ဖြစ်ပါသည်။

ဈာန်စိတ် (၆၇)ပါးသည် **ဟေတုဘေဒအားဖြင့်**- တိဟိတ်စိတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

ဈာန်စိတ် (၆၇)ပါးသည် စာတိဘောဒအားဖြင့်- ကုသိုလ်စိတ် (၂၉)ပါး၊ ဝိပါက်စိတ် (၂၉)ပါး၊ ကြိယာစိတ် (၉)ပါးအားဖြင့် ဈာန်စိတ် (၆၇)ပါးဖြစ်ပါသည်။ ထို(၆၇)ပါးတို့တွင်-

ကုသိုလ်စိတ် (၂၉)ပါးဟူသော်ကား... မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)ပါး၊ လောကုတ္တရာကုသိုလ်စိတ်အကျယ် (၂၀)အားဖြင့် (၂၉)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၂၉)ပါး ဟူသော်ကား...မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါး၊လောကုတ္တရာဝိပါက်စိတ် အကျယ်(၂၀)၊ အားဖြင့် (၂၉) ပါးဖြစ်ပါသည်။

ကြိယာစိတ် (၉)ပါးဟူသော်ကား... မဟဂ္ဂုတ်ကြိယာစိတ် (၉)ပါးဖြစ်ပါသည်။

အကြောင်း-အကျိုးခွဲပုံ

ကုသိုလ်စိတ် (၂၉)ပါးသည် အကြောင်းဖြစ်သောစိတ်မည်ပါသည်။

ဝိပါက်စိတ် (၂၉)ပါးသည် အကျိုးဖြစ်သောစိတ်မည်ပါသည်။

ကြိယာစိတ် (၉)ပါးသည် အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်သောစိတ် မည်ပါသည်။ (၀၊) အကြောင်း, အကျိုးနှစ်ပါးစုံမှလွတ်သောစိတ် မည်ပါသည်။

ဈာနဘေဒ

ဈာန်စိတ် (၆၇)ပါးသည် ဈာနဘေဒအားဖြင့်-

ပထမဈာန်စိတ်(၁၁)ပါး၊ ဒုတိယဈာန်စိတ် (၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါး၊ ပဉ္စမဈာန်စိတ် (၂၃)ပါးအားဖြင့် ဈာန်စိတ် (၆၇)ပါးဖြစ်ပါသည်။ ဓမ္မတ်ချက် ။ ။ ထိုတွင် ပထမဈာန်စိတ်စသည်တို့ကို ဆိုခဲ့ပြီးသောနည်းအတိုင်း ရေတွက်ပါ၊ မခဲယဉ်းပြီ။

ဘူမိဘေဒ

ဈာန်စိတ် (၆၇)ပါးသည် ဘူမိဘေဒအားဖြင့်-

ရူပစိတ်(၁၅)ပါး အရူပစိတ် (၁၂)ပါး၊ လောကုတ္တရာစိတ်အကျယ် (၄၀)အားဖြင့် ဈာန်စိတ် (၆၇)ပါးဖြစ်ပါသည်။ ထိုတွင် (ရေတွက်ပါ)

http://www.dhammadownload.com

ကုသိုလ်,ဝိပါက်အကျယ်နှင့် စိတ်အကျယ်

သတ္တတိသဝိဓံ ပုညံ အစရှိသောဤဂါထာသည် ကုသိုလ်, ဝိပါက်အကျယ်နှင့် စိတ်အကျယ်ကိုပြသော ဂါထာဖြစ်ပါသည်။ စိတ်အကျယ် (၁၂၁)ပါးကို ဇာတိဘေဒအားဖြင့် ဝေဖန်ပြသောဂါထာဟူ၍လည်း ခေါ်ကြပါသေးသည်။ ကုသိုလ်, ဝိပါက်အကျယ်ကို အကျဉ်းချုပ်ပြခြင်းနှင့်တကွ စိတ်အားလုံး၏အချုပ်ကိုပြသော ဂါထာဟူ၍လည်း ခေါ်ကြပါသေးသည်။

မှတ်ချက် ။ ။ ဤဂါထာ၌ စိတ်အကျယ်တွင်ပါဝင်သော ကုသိုလ်စိတ် (၃၇)ပါး၊ ဝိပါက်စိတ်(၅၂)ပါးကိုသာပြ၍ အရေအတွက်သချိုင်္ဂ မတိုးပွါးသောကြောင့် အကုသိုလ်နှင့် ကြိယာစိတ်တို့၏ သင်္ချာကိုမပြ၊ ထိုသို့မပြသော်လည်း ယင်းအကုသိုလ်စိတ်(၁၂)ပါးနှင့် ကြိယာ (၂၀)တို့ကိုပါ ထည့်၍ပေါင်းသော် စိတ်အကျယ်(၁၂၁)ပါးဖြစ်သည်။ ထို့ကြောင့် ထိုဂါထာ၌ စိတ်အကျယ်ကို ဇာတိဘေဒဖြင့် ဝေဖန်ပြသကဲ့သို့ဖြစ်သောကြောင့် စိတ်အကျယ် (၁၂၁)ပါး ဇာတိဘေဒပြဂါထာဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

သင်္ချာတို့၏သဧျိယျ အရကောက်များ

သတ္တတိသဝိဓံ ပုညံ-၌ သတ္တတိသသင်္ချာ၏ သဧျိယျအရကား-

မဟာကုသိုလ်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)ပါး၊ လောကုတ္တရာကုသိုလ်စိတ်အကျယ်(၂၀)အားဖြင့် ကုသိုလ်စိတ် (၃၇)ပါးကို ရပါသည်။

ဒွိပညာသဝိဓံ ထထာ-၌ ဒွိပညာသသင်္ချာ၏ သဧျိယျအရကား-

အဟိတ်ဝိပါက်စိတ် (၁၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါး၊ လောကုတ္တရာဝိပါက်စိတ်အကျယ် (၂၀)အားဖြင့် ဝိပါက်စိတ် (၅၂)ပါးကို ရပါသည်။

ဧကဝီသသတံ ဗုဓာ-၌ ဧကဝီသသတံသင်္ချာ၏ သဧျိယျအရကား-

အကုသိုလ်စိတ် (၁၂)ပါး၊ ကုသိုလ်စိတ်(၃၇)ပါး၊ ဝိပါက်စိတ် (၅၂)ပါး၊ ကြိယာစိတ် (၂၀)အားဖြင့် စိတ်အကျယ်(၁၂၁)ပါးကို ရပါသည်။

http://www.dhammadownload.com

ဥာဏ်စမ်းများ

အကုသိုလ်စိတ် (၁၂)ပါးတို့တွင် အလယ်တည့်တည့်ကျသောစိတ်တို့သည်-

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် (၁)ပါး၊

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် (၁)ပါးအား ဖြင့် (၂)ပါးဖြစ်ပါသည်။

ကာမစိတ်(၅၄)ပါးတို့တွင် အလယ်တည့်တည့်ကျသောစိတ်တို့သည်-

သောမနဿသဟဂုတ် သန္တီရဏစိတ် (၁)ပါး၊

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၁)ပါး၊

အာဝဇ္ဇန်းဒွေး အား ဖြင့် (၄)ပါးဖြစ်ပါသည်။

လောကီစိတ်(၈၁)ပါးတို့တွင် အလယ်တည့်တည့်ကျသောစိတ်သည်-

မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် (၁)ပါး ဖြစ်ပါသည်။

စိတ်တစ်ခုယုတ် (၉၀)တို့တွင် အလယ်တည့်တည့်ကျသောစိတ်သည်-

မဟာဝိပါက် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် (၁)ပါးဖြစ်ပါသည်။

သောဘနစိတ်အကျဉ်းတစ်ခုယုတ် (၆၀)တို့တွင် အလယ်တည့်တည့်ကျသောစိတ်သည်-

ရူပါဝစရဝိပါက် ပထမစျာန်စိတ် ဖြစ်ပါသည်။

သောဘနစိတ်အကျယ် (၉၁)ပါးတို့တွင် အလယ်တည့်တည့်ကျသောစိတ်သည်-

အာကိဉ္စညာယတနစျာန်နှင့်ယှဉ်သော ဝိပါက်စိတ်(၁)ပါး ဖြစ်ပါသည်။

စိတ်အကျယ် (၁၂၁)ပါးတို့တွင် အလယ်တည့်တည့်ကျသောစိတ်သည်-

ရူပါဝစရဝိပါက် ဒုတိယစျာန်စိတ် (၁)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

မုချာဓာရ၊ ဥပစာဓာရ ဘူမိဘေဒစိတ်ခွဲပုံ

စိတ်တစ်ခုယုတ်(၉၀)တို့တွင်-

လောကီစိတ် (၈၁)ပါးသည် မုချာဓာရဘူမိဘေဒစိတ် မည်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း (၈)ပါးသည် ဥပစာဓာရဘူမိဘေဒစိတ် မည်ပါသည်။

စိတ်ဝိုင်း

သရုပ်ဆိုရိုးပြီး၏။

* * * * *

http://www.dhammadownload.com

စေတသိက်ပိုင်း

စေတသိက် (၅၂)ပါးလုံးနှင့်သက်ဆိုင်သော လက္ခဏာ(၄)ပါး

စေတသိက်၏လက္ခဏာ (စေတသိက် ၅၂-ပါးလုံးနှင့်သက်ဆိုင်သောလက္ခဏာ) တို့သည်-

ဧကုပ္ပါဒ = (စိတ်နှင့်တကွဖြစ်ခြင်း)

ဧကနိရောဓ = (စိတ်နှင့်တကွချုပ်ခြင်း)

ဧကာလမ္ဗဏ = (စိတ်နှင့်တူသောအာရုံရှိခြင်း)

ဧကဝတ္ထုက = (စိတ်နှင့်တူသောမှီရာရှိခြင်း) အားဖြင့် (၄)ပါးအပြား ရှိပါသည်။

သမ္မယောဂလက္ခဏာ (၄)ပါးဟူ၍လည်း ခေါ်ပါသည်။ စေတောယုတ္တလက္ခဏာ (၄)ပါးဟူ၍လည်းခေါ်ပါသည်။ စိတ်နှင့်စပ်၍ ဖြစ်တတ်သောတရား၏ လက္ခဏာ(၄)ပါး ဟူ၍လည်း ခေါ်ပါသည်။

သာဓကကား ။ ။ ဧကုပ္ပါဒါ နိရောဓာ စ (ပ) မတာ ဖြစ်ပါသည်။

အညသမာနိးစေတသိက်

သဗ္ဗစိတ္တသာဓာရဏစေတသိတ် (၇)ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့သည်-

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ-အားဖြင့် (၇)ပါးဖြစ်ပါသည်။ ဤ(၇)ပါးသောစေတသိတ်တို့သည် အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ မည်ပါသည်။

သာဓကကား ။ ။ ကထံ ဖဿော (ပ) နာမ ဖြစ်ပါသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏လက္ခဏာ

ထို(၇)ပါးတို့တွင်-

http://www.dhammadownload.com

ဖဿစေတသိက်သည် အာရုံကို တွေ့ထိခြင်းလက္ခဏာရှိပါသည်။

ဝေဒနာစေတသိက်သည် အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိပါသည်။

သညာစေတသိက်သည် အာရုံ၏သဘောကိုမှတ်ခြင်းလက္ခဏာရှိပါသည်။

စေတနာစေတသိက်သည် အာရုံ၌ သမ္မယုတ်တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာရှိပါသည်။

ဧကဂ္ဂတာစေတသိက်သည် တစ်ခုတည်းသောအာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းလက္ခဏာရှိပါသည်။

ဇီဝိတိန္ဒြေစေတသိက်သည် သဟဇာတ်ဖြစ်သော ရုပ်နာမ်တရားတို့ကို စောင့်ခြင်း အစိုးရခြင်းလက္ခဏာရှိပါသည်။

မနသိကာရစေတသိက်သည် အာရုံ၌နှလုံးသွင်းခြင်းလက္ခဏာရှိပါသည်။

ပကိဏ်းစေတသိက်(၆)ပါး

ပကိဏ်းစေတသိက်သည် (၆)ပါးအပြားရှိပါသည်။ (၆)ပါးဟူသော်ကား-

ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ,ဆန္ဒ-အားဖြင့် (၆)ပါးဖြစ်ပါသည်။ ဤ(၆)ပါးသောစေတသိက်တို့သည် ပြိုးပြမ်းယှဉ်သည်၏အဖြစ်ကြောင့် ပကိဏ်းစေတသိက်တို့မည်ပါသည်။

ပကိဏ်းစေတသိက်တို့၏လက္ခဏာများ

ထို(၆)ပါးတို့တွင်-

ဝိတက်စေတသိက်သည် သမ္မယုတ်တရားတို့ကို အာရုံသို့ရှေးရှုတင်ခြင်း လက္ခဏာရှိပါသည်။

ဝိစာရစေတသိက်သည် အာရုံ၌သမ္မယုတ်တရားတို့ကို သုံးသပ်စေခြင်း လက္ခဏာရှိပါသည်။

အဓိမောက္ခစေတသိက်သည် အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိပါသည်။

ဝီရိယစေတသိက်သည် သမ္မယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း လက္ခဏာရှိပါသည်။

http://www.dhammadownload.com

ပီတိစေတသိက်သည် အာရုံကို နှစ်သက်ခြင်းလက္ခဏာရှိပါသည်။
ဆန္ဒစေတသိက်သည် ပြုလိုကာမတ္တသာ လက္ခဏာရှိပါသည်။

အညသမာန်းစေတသိက် (၁၃)ပါး

ဤသို့လျှင် သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး၊ ပကိဏ်းစေတသိက် (၆)ပါး အားဖြင့် ဤ (၁၃)ပါးသောစေတသိက်တို့သည် သောဘနစိတ်၌ယှဉ်ခိုက် အသောဘနစိတ် မှတစ်ပါး သောဘနစိတ်နှင့်တူသည်၏အဖြစ်၊

အသောဘနစိတ်၌ယှဉ်ခိုက် သောဘနစိတ်မှတစ်ပါး အသောဘနစိတ်နှင့်တူသည်၏ အဖြစ်ကြောင့် အညသမာန်းစေတသိက်တို့မည်ပါသည်။

သာဓကကား ။ ။ စဝမေတေ (ပ) ဝေဒိတဗ္ဗာ ဖြစ်ပါသည်။

အညအပါဒါန်အရကောက်

အညသမာနာတိ ဝေဒိတဗ္ဗာ-၌ (သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး၊ ပကိဏ်း စေတသိက် (၆)ပါးဟုဆိုအပ်သော (၁၃)ပါးသောစေတသိက်တို့၏) သောဘနစိတ်၌ယှဉ် ခိုက်အသောဘနစိတ်သည် အညဓ၏အပါဒါန်ဖြစ်ပါသည်။

သောဘနစိတ်သည် အညဓ၏အရုလည်းဖြစ်ပါသည်။ သမာနဓ၏အရုလည်းဖြစ်ပါ သည်။

တနည်း ။ ။ ယင်း(၁၃)ပါးသောစေတသိက်တို့၏ အသောဘနစိတ်၌ယှဉ်ခိုက် သောဘနစိတ်သည် အညဓ၏အပါဒါန်ဖြစ်ပါသည်။ အသောဘနစိတ်သည် အညဓ၏အရ လည်းဖြစ်ပါသည်။ သမာနဓ၏အရုလည်း ဖြစ်ပါသည်။

အကုသိုလ်စေတသိက် (၁၄)ပါး

အကုသိုလ်စေတသိက်တို့သည် (၁၄)ပါးအပြားရှိပါသည်။ ဟူသော်ကား-

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ-အားဖြင့် (၁၄)ပါးအပြားရှိပါသည်။ ဤ(၁၄)ပါးသော စေတသိက်တို့သည် အကုသိုလ်စိတ်၌သာ ယှဉ်သည်၏အဖြစ်ကြောင့်

http://www.dhammadownload.com

အကုသိုလ်စေတသိက်တို့မည်ပါသည်။
သာဓကကား ။　　။ မောဟော (ပ) နာမ ဖြစ်ပါသည်။

အကုသိုလ်စေတသိက်တို့၏လက္ခဏာများ

ထို(၁၄)ပါးတို့တွင်-
မောဟစေတသိက်သည် အာရုံ၏သဘောကိုဖုံးလွှမ်းခြင်းလက္ခဏာရှိပါသည်။
အဟိရိကစေတသိက်သည် ကာယဒုစရိုက်စသည်မှ မရှက်ခြင်းလက္ခဏာရှိပါသည်။
အနောတ္တပ္ပစေတသိက်သည် ကာယဒုစရိုက်စသည်မှ မလန့်ခြင်းလက္ခဏာ ရှိပါသည်။
ဥဒ္ဓစ္စစေတသိက်သည် စိတ်၏မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်းလက္ခဏာရှိပါသည်။
လောဘစေတသိက်သည် အာရုံ၌ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာရှိပါသည်။
ဒိဋ္ဌိစေတသိက်သည် မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိပါသည်။
မာနစေတသိက်သည် မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း လက္ခဏာရှိပါသည်။
ဒေါသစေတသိက်သည် ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်းလက္ခဏာရှိပါသည်။
ဣဿာစေတသိက်သည် သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းလက္ခဏာရှိပါသည်။
မစ္ဆရိယစေတသိက်သည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာရှိပါသည်။
ကုက္ကုစ္စစေတသိက်သည် ပြုအပ်ပြီးသောဒုစရိုက်၊ မပြုမိလိုက်သော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်းလက္ခဏာရှိပါသည်။
ထိနစေတသိက်သည် စိတ်၏မခံခြင်း လက္ခဏာရှိပါသည်။
မိဒ္ဓစေတသိက်သည် စေတသိက်တို့၏ မခံခြင်းလက္ခဏာရှိပါသည်။
ဝိစိကိစ္ဆာစေတသိက်သည် အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိပါသည်။

သောဘနသာဓာရဏစေတသိက် (၁၉)ပါး

သောဘနသာဓာရဏစေတသိက်သည် (၁၉)ပါးအပြားရှိပါသည်။ ဟူသော်ကား-
သဒ္ဓါ, သတိ, ဟီရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿတိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ,

http://www.dhammadownload.com

စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ-အားဖြင့် (၁၉) ပါးဖြစ်ပါသည်။ ဤ(၁၉)ပါးသော စေတသိက်တို့သည် သောဘနစိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သောဘနသာဓာရဏစေတသိက်တို့ မည်ပါသည်။

သာဓကကား ။ ။ သဒ္ဓါ (ပ) နာမ ဖြစ်ပါသည်။

သောဘနသာဓာရဏစေတသိက်တို့၏ လက္ခဏာများ

ထို(၁၉)ပါးတို့တွင်-

သဒ္ဓါစေတသိက်သည် ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကိုကြည်စေခြင်း လက္ခဏာရှိပါသည်။

သတိစေတသိက်သည် ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကိုအောက်မေ့စေခြင်း လက္ခဏာရှိပါသည်။

ဟီရိစေတသိက်သည် ကာယဒုစရိုက်အစရှိသည်မှ ရှက်ခြင်းလက္ခဏာရှိပါသည်။

ဩတ္တပ္ပစေတသိက်သည်ကာယဒုစရိုက်အစရှိသည်မှ လန့်ခြင်းလက္ခဏာရှိပါသည်။

အလောဘစေတသိက်သည် အာရုံ၌ငြိသောအားဖြင့် မတပ်ခြင်းလက္ခဏာရှိပါသည်။

အဒေါသစေတသိက်သည်ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်းလက္ခဏာရှိပါသည်။

တတြမဇ္ဈတ္တတာစေတသိက်သည် ထိုထိုသို့သောအာရုံတို့၌ သမ္မယုတ်တရားတို့ကို လျှစ်လျူရှုခြင်း လက္ခဏာရှိပါသည်။

ကာယပဿဒ္ဓိစေတသိက်သည် စေတသိက်တို့၏ငြိမ်းခြင်း လက္ခဏာရှိပါသည်။

စိတ္တပဿဒ္ဓိစေတသိက်သည် စိတ်၏ငြိမ်းခြင်းလက္ခဏာရှိပါသည်။

ကာယလဟုတာ စေတသိက်သည်စေတသိက်တို့၏ ပေါ့ခြင်းလက္ခဏာရှိပါသည်။

စိတ္တလဟုတာ စေတသိက်သည်စိတ်တို့၏ ပေါ့ခြင်းလက္ခဏာရှိပါသည်။

ကာယမုဒုတာစေတသိက်သည် စေတသိက်တို့၏နူးညံ့ခြင်း လက္ခဏာရှိပါသည်။

စိတ္တမုဒုတာစေတသိက်သည် စိတ်၏နူးညံ့ခြင်း လက္ခဏာရှိပါသည်။

http://www.dhammadownload.com

ကာယကမ္မညတာစေတသိက်သည် စေတသိက်တို့၏အမှုဋ္ဌ ကောင်းသောအဖြစ်လျှင် လက္ခဏာရှိပါသည်။

စိတ္တကမ္မညတာစေတသိက်သည် စိတ်၏အမှုဋ္ဌ ကောင်းသောအဖြစ်လျှင် လက္ခဏာရှိပါသည်။

ကာယပါဂုညတာစေတသိက်သည် စေတသိက်တို့၏လေ့လာခြင်း လက္ခဏာရှိပါသည်။

စိတ္တပါဂုညတာစေတသိက်သည် စိတ်၏လေ့လာခြင်း လက္ခဏာရှိပါသည်။

ကာယုဇုကတာစေတသိက်သည် စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်းလက္ခဏာရှိပါသည်။

စိတ္တုဇုကတာစေတသိက်သည် စိတ်၏ဖြောင့်စွာဖြစ်ခြင်း လက္ခဏာရှိပါသည်။

ဝိရတီစေတသိက် (၃)ပါး

ဝိရတီစေတသိက်တို့သည် (၃)ပါးအပြားရှိပါသည်။ ဟူသော်ကား-

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-အားဖြင့် (၃)ပါးဖြစ်ပါသည်။ ဤ(၃)ပါးသော စေတသိက်တို့သည် ဝိရမိတမ္ပဝတ္ထုမှ ကြဉ်တတ်သည်၏အဖြစ်ကြောင့် ဝိရတီစေတသိက်တို့ မည်ပါသည်။

သာဓကကား ။ ။ သမ္မာဝါစာ (ပ) နာမ ဖြစ်ပါသည်။

ဝိရတီစေတသိက် (၃)ပါးတို့၏လက္ခဏာများ

ထို(၃)ပါးတို့တွင်- သမ္မာဝါစာစေတသိက်သည် အာဇီဝဟေတုကိုမဲ့မူ၍ (ဝါ) အသက်မွေးခြင်းလျှင် အကြောင်းမရှိသော မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-တည်းဟူသော ဝစီဒုစရိုက် (၄)ပါးမှ ကြဉ်ခြင်းလက္ခဏာရှိပါသည်။

သမ္မာကမ္မန္တစေတသိက်သည် အာဇီဝဟေတုကိုမဲ့မူ၍ (ဝါ) အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-တည်းဟူသော ကာယဒုစရိုက် (၃)ပါးမှ ကြဉ်ခြင်းလက္ခဏာရှိပါသည်။

သမ္မာအာဇီဝစေတသိက်သည် အာဇီဝဟေတုကိုငဲ့သည်ဖြစ်၍ (ဝါ) အသက်မွေးခြင်း

http://www.dhammadownload.com

လျှင် အကြောင်းရှိသော ဝစီဒုစရိုက် (၄)ပါး, ကာယဒုစရိုက် (၃)ပါးမှ ကြဉ်ခြင်းလက္ခဏာ ရှိပါသည်။

အပ္ပမညာစေတသိက် (၂)ပါး
ပညိန္ဒြေစေတသိက် (၁)ပါးနှင့် လက္ခဏာများ

အပ္ပမညာစေတသိက်သည် (၂)ပါးအပြားရှိပါသည်။ (သော်ကား)-

ကရုဏာ, မုဒိတာ-အားဖြင့် (၂)ပါးဖြစ်ပါသည်။ ဤ(၂)ပါးသောစေတသိက်တို့သည် အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြုသည်၏အဖြစ်ကြောင့် အပ္ပမညာစေတသိက်တို့မည်ပါသည်။ ထို(၂)ပါးတို့တွင်-

ကရုဏာစေတသိက်သည် အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍သနားခြင်းလက္ခဏာရှိပါသည်။

မုဒိတာစေတသိက်သည် အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းလက္ခဏာရှိပါသည်။

ပညိန္ဒြေစေတသိက်(၁)ပါး

ပညိန္ဒြေစေတသိက်တစ်ပါးဟူသော်ကား...ပညာ,ဉာဏ်, အမောဟဟုဆိုအပ်သော ပညိန္ဒြေစေတသိက်(၁)ပါး ဖြစ်ပါသည်။

ပညိန္ဒြေစေတသိက်၏လက္ခဏာ

ထိုပညိန္ဒြေစေတသိက်သည် အနိစ္စအစရှိသောအစွမ်းဖြင့် ထိုးထွင်း၍သိသည်ဖြစ်၍ ထိုသို့သိခြင်း၌ အစိုးရခြင်းလက္ခဏာရှိပါသည်။

သောဘနစေတသိက် (၂၅)ပါး,

ဤသို့လျှင် သောဘနသာဓာရဏစေတသိက် (၁၉)ပါး၊ ဝိရတီစေတသိက် (၃)ပါး၊ အပ္ပမညာစေတသိက် (၂)ပါး၊ ပညိန္ဒြေစေတသိက် (၁)ပါးအားဖြင့် (၂၅)ပါးသောစေတသိက်တို့သည် သောဘနစိတ်၌သာ ထိုက်သည်အားလျော်စွာ ယှဉ်တတ်သည်၏အဖြစ်ကြောင့် သောဘနစေတသိက်တို့မည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ကရုဏာ မုဒိတာ (ပ) ဝေဒိတမ္မာ ဖြစ်ပါသည်။

စေတသိက် (၅၂)ပါး

ဤသို့လျှင် အညသမာန်းစေတသိက် (၁၃)ပါး၊ အကုသိုလ်စေတသိက် (၁၄)ပါး၊ သောဘနစေတသိက် (၂၅)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စေတသိက် (၅၂)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဇေတ္တာဝတာ စ (ပ) ပဝုစ္စရေ ဖြစ်ပါသည်။

သမ္မယောဂနည်းပြဂါထာ

တေသံ စိတ္တာဝိယုတ္တာနံ အစရှိသောဂါထာသည် သမ္မယောဂနည်း၏ နိဒါန်းကိုပြသောဂါထာဖြစ်ပါသည်။

စိတ်၌ အမြဲယှဉ်ကုန်သောစေတသိက်တို့၏ စိတ်၌ အသီးသီးယှဉ်၌ခြင်းကို သမ္မယောဂနည်းဟုခေါ်ပါသည်။

သာဓကကား ။ ။ တေသံ စိတ္တာဝိယုတ္တာနံ (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

သမ္မယောဂနည်းအကျဉ်း (၄) နည်း

သတ္တ သမ္မတ္တ ယုဒ္ဓန္တိ အစရှိသောဂါထာသည် သမ္မယောဂနည်း၏အကျဉ်းဥဒ္ဒေသနှင့် မာတိကာကိုပြသော ဂါထာဖြစ်ပါသည်။

သမ္မယောဂနည်းသည် အကျဉ်းအားဖြင့် (၄)နည်းရှိပါသည်။ (ဟူသော်ကား)-

သမ္မစိတ္တသာမာရဏာစေတသိက် (၇)ခုတို့၏ အလုံးစုံသောစိတ်တစ်ခုယုတ် (၉၀)၊ အကျယ်(၁၂၁)ပါးတို့၌ ယှဉ်ခြင်းသမ္မယောဂနည်းတစ်နည်း၊

ပကိဏ်းစေတသိက် (၆)ခုတို့၏ အလုံးစုံသောစိတ်၌ ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

အကုသိုလ်စေတသိက် (၁၄)ခုတို့၏ အကုသိုလ်စိတ် (၁၂)ခုတို့၌ ယှဉ်သင့်သည်အားလျော်စွာယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

သောဘနစေတသိက် (၂၅)ခုတို့၏ သောဘနစိတ်တစ်ခုယုတ် (၆၀)၊ အကျယ်

http://www.dhammadownload.com

(၉၁)ပါးတို့၌ ယှဉ်သင့်သည်အားလျော်စွာယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်းအားဖြင့် (၄) နည်းဖြစ်ပါသည်။

သာဓကကား ။ ။ သတ္တ သဗ္ဗတ္ထ ယုဖ္ဖန္တိ (ပ) သောဘနာ ဖြစ်ပါသည်။

ဂါထာအရကောက်

သတ္တ သဗ္ဗတ္ထ ယုဖ္ဖန္တိ-၌ သတ္တ-အရကား... သဗ္ဗစိတ္တသာဓာရဏာစေတသိက် (၇)ခုကို ရပါသည်။

သဗ္ဗတ္ထ-အရကား... အလုံးစုံသောစိတ်တစ်ခုယုတ် (၉၀)၊ အကျယ်(၁၂၁)ပါးကို ရပါသည်။

ယထာယောဂံ ပကိဏ္ဏကာ-၌ ပကိဏ္ဏကာ-အရကား... ပကိဏ်းစေတသိက် (၆)ခုကို ရပါသည်။

စုဒ္ဒသာ ကုသလေသွေဝ-၌ စုဒ္ဒသ-အရကား... အကုသိုလ်စေတသိက် (၁၄)ခုကို ရပါသည်။

အကုသလေသု-အရကား... အကုသိုလ်စိတ် (၁၂)ခုကို ရပါသည်။

သောဘနေသွေဝသောဘနာ-၌ သောဘနေသု-အရကား... သောဘနစိတ်တစ်ခုယုတ်(၆၀)၊ အကျယ်(၉၁)ပါးတို့ကို ရပါသည်။

သောဘနာအရကား... သောဘနစေတသိက် (၂၅)ခုတို့ကို ရပါသည်။

အညသမာန်းစေတသိက် သမ္မယောဂနည်း (၇)ပါး

သဗ္ဗစိတ္တသာဓာရဏာစေတသိက် (၇)ခုတို့သည် အလုံးစုံသောစိတ်တစ်ခုယုတ်(၉၀)၊ အကျယ်(၁၂၁)ပါးတို့၌ ယှဉ်ပါသည်။

သာဓကကား။ ။ ကထံ သဗ္ဗစိတ္တ (ပ) လဗ္ဘန္တိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ စိတ်တစ်ခုယုတ်(၉၀)၊ အကျယ် (၁၂၁)ပါးတို့ကလည်း သဗ္ဗစိတ္တ သာဓာရဏာစေတသိက် (၇)ပါး၌ ငြိနှံ့၍ယှဉ်သည်။

http://www.dhammadownload.com

ပကိဏ်းစေတသိက် သမ္မယောဂနည်း

ဝိတက်ယှဉ်၊ မယှဉ်သောစိတ်များ

ဝိတက်စေတသိက်သည် (၅၅)ပါးသောစိတ်တို့၌ ယှဉ်နိုင်ပါသည်။ (သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)ကြဉ်သော ကာမစိတ် (၄၄)ပါး၊ ပထမစျာန်စိတ် (၁၁)ပါး အားဖြင့် (၅၅)ပါးဖြစ်ပါသည်။

ဝိတက်စေတသိက်သည် (၆၆)ပါးသောစိတ်တို့၌ မယှဉ်နိုင်ပါ။ (သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)၊ ဒုတိယစျာန်စိတ် (၁၁)ပါး၊ တတိယစျာန်စိတ် (၁၁)ပါး၊ စတုတ္ထစျာန်စိတ် (၁၁)ပါး၊ ပဉ္စမစျာန်စိတ်(၂၃)ပါးအားဖြင့် (၆၆)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ပကိဏ္ဏကေသု ပန (ပ) ဥပ္ပန္နတိ ဖြစ်ပါသည်။

ဝိစာရယှဉ်၊ မယှဉ်သောစိတ်များ

ဝိစာရစေတသိက်သည် (၆၆)ပါးသောစိတ်တို့၌ ယှဉ်နိုင်ပါသည်။ (သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)ကြဉ်သော ကာမစိတ်(၄၄)ပါး၊ ပထမစျာန်စိတ် (၁၁)ပါး ဒုတိယစျာန်စိတ်(၁၁)ပါးအားဖြင့် (၆၆)ပါးဖြစ်ပါသည်။

ဝိစာရစေတသိက်သည် (၅၅)ပါးသောစိတ်တို့၌ မယှဉ်နိုင်ပါ။ (သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)၊ တတိယစျာန်စိတ် (၁၁)ပါး၊ စတုတ္ထစျာန်စိတ် (၁၁)ပါး၊ ပဉ္စမစျာန်စိတ် (၂၃)ပါးအားဖြင့် (၅၅)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဝိစာရော ပန (ပ) စိတ္တေသု ဖြစ်ပါသည်။

ဝိတက်နှင့် ဝိစာရ စက်လှည့်ပုံ

စိတ်အကျယ် (၁၂၁)ပါးတို့တွင် (တို့၌) ဝိတတ်သာယှဉ်၍ ဝိစာရမယှဉ်သောစိတ် သည်မရှိပါ။

ဝိစာရသာယှဉ်၍ ဝိတက်မယှဉ်သောစိတ်သည် (၁၁)ပါးဖြစ်ပါသည်။(သော်ကား..)

ဒုတိယစျာန်စိတ် (၁၁)ပါးဖြစ်ပါသည်။

ဝိတက်, ဝိစာရနှစ်ပါးစုံ ယှဉ်နိုင်သောစိတ်သည်(၅၅)ပါးဖြစ်ပါသည်။(သော်ကား..)

http://www.dhammadownload.com

ဒွေးပဋ္ဌဝိညာဏ်(၁၀)ကြဉ်သော ကာမစိတ် (၄၄)ပါး၊ ပထမစျာန်စိတ် (၁၁)ပါး အားဖြင့် (၅၅)ပါးဖြစ်ပါသည်။

ဝိတက်,ဝိစာရနှစ်ပါးစုံ မယှဉ်နိုင်သောစိတ်သည် (၅၅)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒွေးပဋ္ဌဝိညာဏ်(၁၀)၊ တတိယစျာန်စိတ် (၁၁)ပါး၊ စတုတ္ထစျာန်စိတ် (၁၁)ပါး၊ ပဉ္စမစျာန်စိတ် (၂၃)ပါးအားဖြင့် (၅၅)ပါးဖြစ်ပါသည်။

အဓိမောက္ခယှဉ်၊ မယှဉ်သောစိတ်များ

အဓိမောက္ခစေတသိက်သည် (၇၈)ပါးသောစိတ်တို့၌ ယှဉ်နိုင်ပါသည်။ (သော်ကား...)

ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော အကုသိုလ်စိတ် (၁၁)ပါး၊ သမ္မဋ္ဌိန်းဒွေး၊ သန္ဋိရဏသုံးခု၊ အာဝဇ္ဇန်းဒွေး၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅)ပါးအားဖြင့် (၇၈)ပါးဖြစ်ပါသည်။

အဓိမောက္ခစေတသိက်သည် (၁၁)ပါးသောစိတ်တို့၌ မယှဉ်နိုင်ပါ။ (သော်ကား...)

ဒွေးပဋ္ဌဝိညာဏ် (၁၀)၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ အဓိမောက္ခော (ပ) စိတ္တေသု ဖြစ်ပါသည်။

ဝီရိယယှဉ်၊ မယှဉ်သောစိတ်များ

ဝီရိယစေတသိက်သည် (၇၃)ပါးသောစိတ်တို့၌ ယှဉ်နိုင်ပါသည်။ (သော်ကား...)

အကုသိုလ်စိတ် (၁၂)ပါး မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ်(၃၅)ပါး အားဖြင့် (၇၃)ပါးဖြစ်ပါသည်။

ဝီရိယစေတသိက်သည် (၁၆)ပါးသောစိတ်တို့၌ မယှဉ်နိုင်ပါ။ (သော်ကား...)

ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဋ္ဌဝိညာဏ် (၁၀)၊ သမ္မဋ္ဌိန်းဒွေး၊ သန္ဋိရဏသုံးခုအားဖြင့် (၁၆)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဝီရိယံ (ပ) စိတ္တေသု ဖြစ်ပါသည်။

http://www.dhammadownload.com

အဓိမောက္ခနှင့် ဝီရိယ စက်လှည့်ပုံ

စိတ်တစ်ခုယုတ်(၉၀)တို့တွင်-အဓိမောက္ခသာယှဉ်၍ ဝီရိယမယှဉ်သော စိတ်သည် (၆)ပါး ဖြစ်ပါသည်။ (သော်ကား...)

ပဥ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏသုံးခုအားဖြင့် (၆)ပါးဖြစ်ပါသည်။

ဝီရိယသာယှဉ်၍ အဓိမောက္ခမယှဉ်သောစိတ်သည်(၁)ပါးဖြစ်ပါသည်။ (သော်ကား..)

ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါးဖြစ်ပါသည်။

အဓိမောက္ခ၊ ဝီရိယနှစ်ပါးစုံယှဉ်နိုင်သော စိတ်သည်(၇၂)ပါးဖြစ်ပါသည်။ (သော်ကား..)

ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော အကုသိုလ်စိတ် (၁၁)ပါး၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅) ပါးအားဖြင့်(၇၂)ပါးဖြစ်ပါသည်။

အဓိမောက္ခ ဝီရိယနှစ်ပါးစုံ မယှဉ်နိုင်သောစိတ်သည် (၁၀)ပါး ဖြစ်ပါသည်။ (သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)ဖြစ်ပါသည်။

ဝိတိယှဉ်၊ မယှဉ်သောစိတ်များ

ဝိတိစေတသိက်သည် (၅၁)ပါးသောစိတ်တို့၌ ယှဉ်နိုင်ပါသည်။ (သော်ကား...)

ကာမ သောမဿသဟဂုတ်စိတ် (၁၈)ပါး၊ ပထမဈာန်စိတ် (၁၁)ပါး၊ ဒုတိယဈာန်စိတ်(၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါးအားဖြင့် (၅၁)ပါးဖြစ်ပါသည်။

ဝိတိစေတသိက်သည် (၇၀)သောစိတ်တို့၌ မယှဉ်နိုင်ပါ။ (သော်ကား...)

ဒေါသမူဒွေး၊ ဥပေက္ခာသဟဂုတ်စိတ် (၅၅)ခု၊ ကာယဝိညာဏ်ဒွေး၊ စတုတ္ထဈာန်စိတ် (၁၁)ပါးအားဖြင့် (၇၀) ဖြစ်ပါသည်။

http://www.dhammadownload.com

ဝိရိယနှင့် ပီတိ စက်လှည့်ပုံ

စိတ်အကျယ် (၁၂၁)ပါးတို့တွင်-

ဝိရိယသာယှဉ်၍ ပီတိမယှဉ်နိုင်သောစိတ်သည် (၅၅)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒေါသမူဒွေး၊ အကုသိုလ်ဥပေက္ခာ(၆)ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ကာမာဝစရသောဘန ဥပေက္ခာ(၁၂)ပါး၊ စတုတ္ထဈာန်စိတ်(၁၁)ပါး၊ ပဉ္စမဈာန်စိတ် (၂၃)ပါးအားဖြင့် (၅၅)ပါးဖြစ်ပါသည်။

ပီတိသာယှဉ်၍ ဝိရိယမယှဉ်နိုင်သောစိတ် (၁)ပါးဖြစ်ပါသည်။ (သော်ကား...)

သောမနဿသဟဂုတ် သန္ဓိရဏစိတ် (၁)ပါးဖြစ်ပါသည်။

ဝိရိယ၊ ပီတိနှစ်ပါးစုံ ယှဉ်နိုင်သောစိတ်သည် (၅၀)ဖြစ်ပါသည်။ (သော်ကား...)

လောဘမူသောမနဿ (၄)ပါး၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောဘန သောမနဿ (၁၂)ပါး၊ ပထမဈာန် (၁၁)ပါး၊ ဒုတိယဈာန် (၁၁)ပါး၊ တတိယဈာန်(၁၁)ပါးအားဖြင့် (၅၀)ဖြစ်ပါသည်။

နှစ်ပါးစုံမယှဉ်နိုင်သောစိတ်သည် (၁၅)ပါးဖြစ်ပါသည်။ (သော်ကား...)

ပဋိဃဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဏ် (၁၀)ပါး၊ သမ္ပဋိစ္ဆိန်းဒွေး၊ ဥပေက္ခာသန္ဓိရဏ (၂)ပါး အားဖြင့် (၁၅)ပါးဖြစ်ပါသည်။

ဆန္ဒယှဉ်၊ မယှဉ်သောစိတ်များ

ဆန္ဒစေတသိက်သည်တစ်ခုယုတ်(၇၀)သောစိတ်တို့၌ ယှဉ်နိုင်ပါသည်။(သော်ကား.)

မောဟမူဒွေးကြွဉ်သော အကုသိုလ်စိတ် (၁၀)ပါး၊ ကာမာဝစရသောဘနစိတ် (၂၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅)ပါးအားဖြင့် တစ်ခုယုတ် (၇၀)ဖြစ်ပါသည်။

ဆန္ဒစေတသိက်သည် (၂၀)သောစိတ်၌ မယှဉ်နိုင်ပါ။ (သော်ကား...)

မောဟမူဒွေး၊ အဟိတ်စိတ် (၁၈)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

http://www.dhammadownload.com

ဝိတိနှင့် ဆန္ဒစက်လှည့်ပုံ

စိတ်အကျယ် (၁၂၁)ပါးတို့တွင်-ဝိတိသာယှဉ်၍ ဆန္ဒမယှဉ်နိုင်သောစိတ်သည် (၂)ပါးဖြစ်ပါသည်။ (သော်ကား...)

သောမနဿသဟဂုတ် သန္ဓိရဏစိတ်နှင့် ဟသိတုပ္ပါဒ်စိတ်တို့ဖြစ်ပါသည်။

ဆန္ဒသာယှဉ်၍ ဝိတိမယှဉ်နိုင်သောစိတ်သည် (၅၂)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒေါသမူဒွေး၊ လောဘမူဥပေက္ခာ (၄)ပါး၊ ကာမာဝစရသောဘနစိတ်၌ ဥပေက္ခာ (၁၂)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါး၊ ပဉ္စမဈာန်စိတ် (၂၃)ပါးအားဖြင့် (၅၂)ပါးဖြစ်ပါသည်။

(၂)ပါးစုံယှဉ်နိုင်သောစိတ်သည် (၄၉)ပါးဖြစ်ပါသည်။ (သော်ကား...)

လောဘမူသောမနဿ (၄)ပါး၊ ကာမာဝစရသောဘနသောမနဿ (၁၂)ပါး၊ ပထမဈာန်စိတ် (၁၁)ပါး၊ ဒုတိယဈာန်စိတ် (၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါးအားဖြင့် (၄၉)ပါးဖြစ်ပါသည်။

နှစ်ပါးစုံမယှဉ်နိုင်သောစိတ်သည် (၁၈)ပါးဖြစ်ပါသည်။ (သော်ကား...)

မောဟမူဒွေး၊ ဒွေးပဋိဃာဏ် (၁၀)၊ သမ္ပဋိစ္ဆိန်းဒွေး၊ အာဝဇ္ဇန်းဒွေး၊ ဥပေက္ခာသဟဂုတ်သန္ဓိရဏ (၂)ပါး အားဖြင့် (၁၈)ပါးဖြစ်ပါသည်။

သမ္မယောဂနည်း (၇)နည်း

အညသမာန်းစေတသိက်(၁၃)ပါး၌ သမ္မယောဂနည်း(၇)နည်းဖြစ်ပါသည်။ (သော်ကား...)

သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့၏ အလုံးစုံသောစိတ်တစ်ခုယုတ် (၉၀) အကျယ်(၁၂၁)ပါးတို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဝိတက်စေတသိက်သည် (၅၅)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဝိစာရစေတသိက်သည် (၆၆)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

အဓိမောက္ခစေတသိက်သည် (၇၈)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်း

http://www.dhammadownload.com

တစ်နည်း၊

ဝိရိယစေတသိက်သည် (၇၃)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဝိတိစေတသိက်သည် (၅၁)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဆန္ဒစေတသိက်သည် တစ်ခုယုတ် (၇၀)သောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်း တစ်နည်းအားဖြင့် (၇)နည်းဖြစ်ပါသည်။

ဉာဏ်စမ်း

စိတ်အကျယ်(၁၂၁)ပါး၌ ပကိဏ်းစေတသိက်(၆)ပါးလုံးယှဉ်နိုင်သောစိတ်သည် (၂၇)ပါးဖြစ်ပါသည်။ (သော်ကား...)

အကုသိုလ်သောမနဿ (၄)ပါး၊ ကာမာဝစရသောဘန သောမနဿ (၁၂)ပါး၊ ပထမစျာန်စိတ် (၁၁)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

ပကိဏ်းစေတသိက်(၆)ပါးလုံး မယှဉ်နိုင်သောစိတ်သည်(၁၀)ပါးဖြစ်ပါသည်။ (သော်ကား..)

ဒွေးပဉ္စဝိညာဏ် (၁၀)ပါးဖြစ်ပါသည်။

ပကိဏ်းစေတသိက်တို့ မယှဉ်စိတ်ပြဂါထာ

တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ- အစရှိသောဂါထာသည် ပကိဏ်းစေတသိက်တို့ မယှဉ်သောစိတ်ကိုပြသော ဂါထာဖြစ်ပါသည်။

ထိုဂါထာ၌ ဆသဋ္ဌိအရကား-ဝိတက်မယှဉ်သော (၆၆)ပါးသောစိတ်တို့ကို ရပါသည်။(သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)ပါး၊ ဒုတိယစျာန်စိတ် (၁၁)ပါး၊ တတိယစျာန်စိတ် (၁၁)ပါး၊ စတုတ္ထစျာန်စိတ် (၁၁)ပါး၊ ပဉ္စမစျာန်စိတ် (၂၃)ပါးအားဖြင့် (၆၆)ပါးဖြစ်ပါသည်။

ပဉ္စပညာသအရကား-ဝိစာရမယှဉ်သော (၅၅)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ)

ဧကာဒသအရကား-အဓိမောက္ခမယှဉ်သော (၁၁)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ)

http://www.dhammadownload.com

သောဠသအရကား-ဝီရိယမယှဉ်သော (၁၆)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ)

သတ္တတိအရကား-ပီတိမယှဉ်သော (၇၀)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

ဝီသတိအရကား-ဆန္ဒမယှဉ်သော (၂၀)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

သာဓကကား ။ ။ တေ ပန စိတ္တုပ္ပါဒါ (ပ) ပကိဏ္ဏကဝိဝန္ဓိတာ ဖြစ်ပါသည်။

ပကိဏ်းစေတသိက်တို့ ယှဉ်စိတ်ပြဂါထာ

ပဉ္စပညာသ ဆသဋ္ဌိ အစရှိသောဂါထာသည် ပကိဏ်းစေတသိက်(၆)ပါးတို့၏ယှဉ်သောစိတ်ကိုပြသော ဂါထာဖြစ်ပါသည်။

ထိုဂါထာ၌ ပဉ္စပညာသအရကား- ဝိတက်ယှဉ်သော (၅၅)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...)

ဒွေးပဉ္စဝိညာဏ် (၁၀)ကြဉ်သော ကာမစိတ်(၄၄)ပါး၊ ပထမစျာန်စိတ်(၁၁)ပါး အားဖြင့်(၅၅)ပါးဖြစ်ပါသည်။

ဆသဋ္ဌိအရကား-ဝိစာရယှဉ်သောစိတ် (၆၆)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

အဋ္ဌသတ္တတိအရကား- အဓိမောက္ခယှဉ်သော (၇၈)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

တိသတ္တတိအရကား- ဝီရိယယှဉ်သော (၇၃)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

ဧကပညာသအရကား- ပီတိယှဉ်သော (၅၁)ပါးသောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

ဧကူနသတ္တတိအရကား- ဆန္ဒယှဉ်သော တစ်ခုယုတ်(၇၀)သောစိတ်တို့ကို ရပါသည်။ (သော်ကား...ရေတွက်ပါ။)

http://www.dhammadownload.com

သာဓကကား ။ ။ ပဋ္ဌပညာသ ဆသဋ္ဌိ (ပ) ပကိဏ္ဏကာ ဖြစ်ပါသည်။

အကုသိုလ်စေတသိက် သမ္မယောဂနည်း

အကုသိုလ်စေတသိက်တို့၏ ယှဉ်ဘက်စိတ်တရားများ

အကုသိုလ်စေတသိက် (၁၄)ပါးတို့တွင် မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ အားဖြင့် ဤ(၄)ပါးသောစေတသိက်တို့သည် အလုံးစုံသောအကုသိုလ်စိတ် (၁၂)ခုတို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သဗ္ဗာကုသလသာဓာရဏာစေတသိက်တို့ မည်ပါသည်။

ထို(၄)ပါးသော စေတသိက်တို့သည် အလုံးစုံသောအကုသိုလ်စိတ်(၁၂)ပါးတို့၌ ယှဉ်နိုင်ပါသည်။

သာဓကကား။ ။ အကုသလေသု ပန (ပ) လဗ္ဘန္တိ ဖြစ်ပါသည်။

လောဘစေတသိက်သည် လောဘမူစိတ်(၈)ပါး၌သာ ယှဉ်နိုင်ပါသည်။

သာဓကကား။ ။ လောဘော အဋ္ဌသု လောဘသဟဂတစိတ္တေသွေဝ လဗ္ဘတိ ဖြစ်ပါသည်။

ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိဂတသမ္မယုတ်စိတ် (၄)ပါး၌သာ ယှဉ်နိုင်ပါသည်။

သာဓကကား။ ။ ဒိဋ္ဌိ' စတ္ထာသု ဒိဋ္ဌိဂတသမ္မယုတ္တေသု ဖြစ်ပါသည်။

မာနစေတသိက် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ပါး၌သာ ယှဉ်နိုင်ပါသည်။

သာဓကကား။ ။ မာနော စတ္ထာသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု ဖြစ်ပါသည်။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-အားဖြင့် ဤ(၄)ပါးသော စေတသိက်တို့သည် ဒေါသမူစိတ်(၂)ပါး(ဒေါသမူဒွေး)၌သာ ယှဉ်နိုင်ပါသည်။

သာဓကကား။ ။ ဒေါသော (ပ) စိတ္တေသု ဖြစ်ပါသည်။

ထိန, မိဒ္ဓစေတသိက် (၂)ခုအပေါင်းသည် သသင်္ခါရိကစိတ် (၅)ပါး၌သာယှဉ်နိုင်ပါသည်။

သာဓကကား။ ။ ထိနမိဒ္ဓံ ပဋ္ဌသု သသင်္ခါရိကစိတ္တေသု ဖြစ်ပါသည်။

ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်နိုင်ပါသည်။

http://www.dhammadownload.com

သာဓကကား။　　။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာသဟဂတစိတ္တေယေဝါတိ ဖြစ်ပါသည်။

သင်္ဂဟဂါထာ သမ္မယောဂနည်း(၅)နည်း

အကုသိုလ်စေတသိက်(၁၄)ပါး၌သမ္မယောဂနည်း(၅)နည်းရှိပါသည်။ (သော်ကား.)

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ-ဟုဆိုအပ်သော သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါးတို့၏ အလုံးစုံသော အကုသိုလ်စိတ် (၁၂)ခုတို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

လောဘ, ဒိဋ္ဌိ, မာနစေတသိက် (၃)ပါးတို့၏ လောဘမူစိတ်(၈)ပါး၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-အားဖြင့် ဤ(၄)ပါးသောစေတသိက်တို့၏ဒေါသမူစိတ်(၂)ပါး၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်း၏ သသင်္ခါရိကစိတ် (၅)ပါး၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဝိစိကိစ္ဆာစေတသိက်၏ ဝိစိကိစ္ဆသဟဂုတ်စိတ်၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း အားဖြင့်(၅)နည်းဖြစ်ပါသည်။

သာဓကကား ။　　။ သဗ္ဗာပုညေသု စတ္တာရော (၀) ပဋိစ္စ ဖြစ်ပါသည်။

ဂါထာအရကောက်များ

သဗ္ဗာ ပုညေသု စတ္တာရော-၌ စတ္တာရောအရကား- မောဟ, အဟိရိက, အနောတ္တပ္ပ ဥဒ္ဓစ္စ-ဟုဆိုအပ်သော မောစတုတ်(၄)ပါးကို ရပါသည်။

မှတ်ချက် ။　　။ ကြွင်းသင်္ခါ၏သဧျိယျ သရုပ်တို့ကိုလည်း ဤနည်းအတူအရကောက်ပါ။

စက်လှည်ပုံ

အကုသိုလ်စိတ် (၁၂)ပါး၌-မောဟသာယှဉ်၍ လောဘမယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၄)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ် (၂)ပါးအားဖြင့် (၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

လောဘသာယှဉ်၍ မောဟမယှဉ်နိုင်သော အကုသိုလ်စိတ်သည် မရှိပါ။

မောဟ၊ လောဘနှစ်ပါးစုံယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၈)ပါးဖြစ်ပါသည်။ (သော်ကား...)

လောဘမူစိတ် (၈)ပါးဖြစ်ပါသည်။

မောဟ၊ လောဘနှစ်ပါးစုံမယှဉ်နိုင်သော အကုသိုလ်စိတ်သည် မရှိပါ။

အကုသိုလ်(၁၂)ပါးဌ- ဒိဋ္ဌိသာယှဉ်နိုင်၍ မာနမယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၄)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါးဖြစ်ပါသည်။

မာနသာ ယှဉ်နိုင်၍ ဒိဋ္ဌိမယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၄)ပါး ဖြစ်ပါသည်။ (သော်ကား...) ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ပါးဖြစ်ပါသည်။

ဒိဋ္ဌိ၊ မာနနှစ်ပါးစုံယှဉ်သော အကုသိုလ်စိတ်သည် မရှိပါ။

ဒိဋ္ဌိ၊ မာနနှစ်ပါးစုံမယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၄)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂)ပါးအားဖြင့် (၄)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ ဤနည်းကိုမှီ၍ အကုသိုလ်စိတ်၌ စက်လှည့်ပါကုန်။

မောဟ ဒေါသစက်လှည့်

အကုသိုလ်စိတ် (၁၂)ပါးဌ-မောဟသာယှဉ်နိုင်၍ ဒေါသမယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၁၀)ပါးဖြစ်ပါသည်။ (သော်ကား...)

လောဘမူစိတ် (၈)ပါး၊ မောဟမူစိတ် (၂)ပါးအားဖြင့် (၁၀)ပါးဖြစ်ပါသည်။

ဒေါသသာယှဉ်၍ မောဟမယှဉ်နိုင်သော အကုသိုလ်စိတ်သည် မရှိပါ။

မောဟ၊ ဒေါသနှစ်ပါးစုံယှဉ်နိုင်သော အကုသိုလ်စိတ်သည် (၂)ပါးဖြစ်ပါသည်။ (သော်ကား...)

ဒေါသမူစိတ် (၂)ပါးဖြစ်ပါသည်။

မောဟ၊ ဒေါသနှစ်ပါးစုံမယှဉ်နိုင်သော အကုသိုလ်စိတ်သည် မရှိပါ။

http://www.dhammadownload.com

သမ္မယောဂနည်း၌ပင် သရုပ်ခွဲပြသော
အဟိတ်စိတ် သင်္ဂဟနည်း

အဟိတ်စိတ်(၁၈)ပါး၌-စေတသိက် (၁၂)ပါးယှဉ်ပါသည်။ (သော်ကား...)

ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

အဟိတ်စိတ်သည် အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုလသဝိပါက်စိတ် (၈)ပါး၊ အဟိတ်ကြိယာစိတ် (၃)ပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။ ထို(၁၈)ပါးတို့တွင်-

အကုသလဝိပါက်စိတ်(၇)ပါး၌ စေတသိက်(၁၀)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...)

ဆန္ဒ, ဝီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက်(၁၀)ပါးဖြစ်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၌ စေတသိက်(၁၁)ပါးယှဉ်ပါသည်။ (သော်ကား...)

ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါးဖြစ်ပါသည်။

အဟိတ်ကြိယာစိတ်(၃)ပါး၌ စေတသိက် (၁၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...)

ဆန္ဒကြဉ်သော အညသမာန်းစေတသိက်စိတ် (၁၂)ပါးဖြစ်ပါသည်။

အဟိတ်စိတ် (၁၈)ပါးသည်နိဿယဘေဒစိတ် (၁၀)ပါး၊ (ဒွေးပဉ္စဝိညာဏ်၁၀)၊ ကိစ္စဘေဒစိတ် (၈)ပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။

ထို(၁၈)ပါးတို့တွင် နိဿယဘေဒစိတ် (၁၀)ပါး၌ စေတသိက် (၇)ပါးယှဉ်ပါသည်။ (သော်ကား...)

သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးဖြစ်ပါသည်။

ကိစ္စဘေဒစိတ် (၈)ပါး၌ စေတသိက် (၁၂)ပါးယှဉ်ပါသည်။ (သော်ကား...)

ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

(တနည်း)... ကိစ္စဘေဒစိတ် (၈)ပါးဟူသော်ကား ... သမ္မဋ္ဌိန်းဒွေး၊ သန္တီရဏ (၃)ခု၊ အာဝဇ္ဇန်းဒွေး၊ ဟသိတုပ္ပါဒ်အားဖြင့် (၈)ပါးဖြစ်သည်။

ထိုကိစ္စဘေဒစိတ် (၈)ပါးတို့တွင် သမ္မဋ္ဌိန်းဒွေး၌ စေတသိက်(၁၀)ပါးယှဉ်ပါသည်။(သော်ကား...)

http://www.dhammadownload.com

ဆန္ဒ, ဝီတိ, ဝီရိယ ကြည်သော အညသမာန်းစေတသိက်(၁၀)ပါး ဖြစ်ပါသည်။

သန္တိရဏစိတ် (၃)ခုဒ်- (၁၁)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒ၊ ဝီရိယ ကြဉ်သောအညသမာန်းစေတသိက် (၁၁)ပါးဖြစ်ပါသည်။

အာဝဇ္ဇန်းဒွေးဒ်-စေတသိက်(၁၁)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒ၊ ဝီတိကြဉ် သော အညသမာန်းစေတသိက်(၁၁)ပါးဖြစ်ပါသည်။

ဟသိတုပ္ပါဒ်စိတ်ဒ် စေတသိက်(၁၂)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒ ကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

တနည်းကား ။ ။ အဟိတ်စိတ်သည် ဟသိတုပ္ပါဒ် (၁)ပါး၊ သောမနဿသဟဂုတ်သန္တိ ရဏစိတ်(၁)ပါး၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း သမ္ပဋိစ္ဆိန်းဒွေး-ဟုဆိုအပ်သော မနော ဓာတ်(၃)ခု၊ အဟိတ်ပဋိသန္ဓေ(၂)ခုအစုံ၊ ဒွေးပဉ္စဝိညာဏ် (၁၀)အားဖြင့် (၁၈)ပါးအပြားရှိပါသည်။ ထိုအဟိတ်စိတ် (၁၈)ပါးတို့တွင်-

ဟသိတုပ္ပါဒ်စိတ်ဒ်- စေတသိက်(၁၂)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒကြဉ် သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

မနောဒ္ဓါရာဝဇ္ဇန်းဟုဆိုအပ်သော ဥပ္ပေခွာစိတ်ဒ် စေတသိက် (၁၁)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒ, ဝီတိကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါးဖြစ်ပါသည်။

သောမနဿသဟဂုတ် သန္တိရဏစိတ်ဒ် စေတသိက် (၁၁)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါးဖြစ်ပါသည်။

ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေး-ဟုဆိုအပ်သော မနောဓာတ် (၃)ခု၊ ဥပေက္ခာသဟ ဂုတ်သန္တိရဏစိတ် (၂)ပါးဟုဆိုအပ်သော အဟိတ်ပဋိသန္ဓေ (၂)ခုအစုံဒ် စေတသိက် (၁၀)ပါးယှဉ်ပါသည်။ (သော်ကား...)

ဆန္ဒ, ဝီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် (၁၀)ပါးဖြစ်ပါသည်။

ဒွေးပဉ္စဝိညာဏ် (၁၀)ဒ် စေတသိက် (၇)ပါးယှဉ်ပါသည်။ (သော်ကား...) သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

စက်လှည့်

အညသမာန်းစေတသိက် (၁၃)ပါးတို့တွင် ပဋဒ္ဓါရာဝဇ္ဇန်းစိတ်သာယှဉ်၍ မနောဒ္ဓါရာဝဇ္ဇန်းမယှဉ်နိုင်သော အညသမာန်းစေတသိက် မရှိပါ။

မနောဒ္ဓါရာဝဇ္ဇန်းစိတ်သာယှဉ်နိုင်၍ ပဋဒ္ဓါရာဝဇ္ဇန်းစိတ်မယှဉ်နိုင်သော အညသမာန်းစေတသိက်သည် (၁)ပါးဖြစ်ပါသည်။ (သော်ကား...) ဝိရိယစေတသိက် (၁)ပါးဖြစ်ပါသည်။

ပဋဒ္ဓါရာဝဇ္ဇန်း, မနောဒ္ဓါရာဝဇ္ဇန်းနှစ်ပါးစုံယှဉ်နိုင်သော အညသမာန်းစေတသိက်သည် (၁၀)ပါးဖြစ်ပါသည်။ (သော်ကား...) ဆန္ဒ, ပီတိ, ဝိရိယကြွင်းသော အညသမာန်းစေတသိက်(၁၀)ပါးဖြစ်ပါသည်။

ပဋဒ္ဓါရာဝဇ္ဇန်း, မနောဒ္ဓါရာဝဇ္ဇန်း နှစ်ပါးစုံမယှဉ်နိုင်သော အညသမာန်းစေတသိက်သည် (၂)ပါးဖြစ်ပါသည်။ (သော်ကား...) ဆန္ဒ, ပီတိအားဖြင့် (၂)ပါးဖြစ်ပါသည်။

စေတသိက်(၅၂)ပါးတို့တွင်-

ပဋဒ္ဓါရာဝဇ္ဇန်းစိတ်သာယှဉ်နိုင်၍ မနောဒ္ဓါရာဝဇ္ဇန်းစိတ် မယှဉ်နိုင်သောစေတသိက်သည် မရှိပါ။

မနောဒ္ဓါရာဝဇ္ဇန်းစိတ်၌သာ ယှဉ်နိုင်၍ ပဋဒ္ဓါရာဝဇ္ဇန်းစိတ်၌ မယှဉ်နိုင်သော စေတသိက်သည် (၁)ပါးဖြစ်ပါသည်။ (သော်ကား...) ဝိရိယစေတသိက်ဖြစ်ပါသည်။

ပဋဒ္ဓါရာဝဇ္ဇန်း, မနောဒ္ဓါရာဝဇ္ဇန်း (၂)ပါးစုံယှဉ်နိုင်သော စေတသိက်သည် (၁၀)ပါးဖြစ်ပါသည်။ (သော်ကား...) ဆန္ဒ, ပီတိ, ဝိရိယကြွင်းသော အညသမာန်းစေတသိက် (၁၀)ပါးဖြစ်ပါသည်။

ပဋဒ္ဓါရာဝဇ္ဇန်း, မနောဒ္ဓါရာဝဇ္ဇန်း (၂)ပါးစုံမယှဉ်နိုင်သော စေတသိက်သည် (၄၁)ပါးဖြစ်ပါသည်။ (သော်ကား...) ဆန္ဒ, ပီတိ, အကုသိုလ်စေတသိက် (၁၄)ပါး၊ သောဘန စေတသိက် (၂၅)ပါးအားဖြင့် (၄၁)ပါးဖြစ်ပါသည်။

အကုသိုလ်စိတ် (၁၂)ပါး သင်္ဂဟနည်း

အကုသိုလ်စိတ် (၁၂)ပါး၌ စေတသိက် (၂၇)ပါးယှဉ်ပါသည်။ (သော်ကား...)

http://www.dhammadownload.com

အညသမာန်းစေတသိက် (၁၃)ပါး၊ အကုသိုလ်စေတသိက် (၁၄)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

အကုသိုလ်စိတ် (၁၂)ပါးဟူသော်ကား-လောဘမူစိတ် (၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။ ထို(၁၂)ပါးတို့တွင်လောဘမူစိတ် (၈)ပါး၌ စေတသိက် (၂၂)ပါးယှဉ်ပါသည်။ (သော်ကား...)

အညသမာန်းစေတသိက် (၁၃)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ထိန,မိဒ္ဓ-အားဖြင့် (၂၂)ပါးဖြစ်ပါသည်။

ဒေါသမူစိတ်၌ စေတသိက် (၂၂)ပါးယှဉ်ပါသည်။ (သော်ကား...) ဝိတိက္ကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ-အားဖြင့် (၂၂)ပါးဖြစ်ပါသည်။

မောဟမူစိတ် (၂)ပါး၌ စေတသိက် (၁၆)ပါးယှဉ်ပါသည်။ (သော်ကား...) ဆန္ဒ, ဝိတိ-ကြဉ်သော အညသမာန်းစေတသိက်(၁၁)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါး၊ ဝိစိကိစ္ဆာစေတသိက် (၁)ပါး အားဖြင့် (၁၆)ပါးဖြစ်ပါသည်။

ဝေဒနာဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အကုသိုလ်စိတ် (၁၂)ပါးသည် ဝေဒနာဘေဒအားဖြင့် သောမနဿသဟဂုတ်စိတ် (၄)ပါး၊ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၆)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။ ထို(၁၂)ပါးတို့တွင်-

သောမနဿသဟဂုတ်စိတ် (၄)ပါး၌ စေတသိက်(၂၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် (၄)ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ-အားဖြင့် (၂၂)ပါးဖြစ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၌ (၂၂)ပါး၊ (ယှဉ်ပုံတူပြီ။)

ဥပေက္ခာသဟဂုတ်စိတ်(၆)ပါး၌ စေတသိက်(၂၂)ပါးယှဉ်ပါသည်။ (သော်ကား...)

ဝိတိက္ကြဉ်သော အညသမာန်းစေတသိက်(၁၂)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက်(၄)ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာအားဖြင့်(၂၂)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

သမ္မယောဂဘေဒအားဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အကုသိုလ်စိတ် (၁၂)ပါးသည် သမ္မယောဂဘေဒအားဖြင့်-သမ္မယုတ်စိတ်(၈)ပါး၊ ဝိပ္ပယုတ်စိတ်(၄)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။ ထို(၁၂)ပါးတို့တွင်-

သမ္မယုတ်စိတ်(၈)ပါး၌ စေတသိက် (၂၆)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ မာနကြဉ်သော အကုသိုလ်စေတသိက် (၁၃)ပါးအားဖြင့် (၂၆)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၄)ပါး၌ စေတသိက်(၂၁)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ သမ္မာကုသလသာဓာရဏစေတသိက် (၄)ပါး၊ လောဘ, မာန, ထိန, မိဒ္ဓအားဖြင့် (၂၁)ပါးဖြစ်ပါသည်။

သခ်ါရဘေဒအားဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အကုသိုလ်စိတ် (၁၂)ပါးသည် သခ်ါရဘေဒအားဖြင့်-အသခ်ါရိကစိတ်(၅)ပါး၊ သသခ်ါရစိတ် (၅)ပါး၊ သခ်ါရဝိမုတ်စိတ် (၂)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။ ထို(၁၂)ပါးတို့တွင်-

အသခ်ါရကစိတ်(၅)ပါး၌ စေတသိက် (၂၄)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက်(၁၃)ပါး၊ သမ္မာကုသလသာဓာရဏစေတသိက် (၄)ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စအားဖြင့် (၂၄)ပါးဖြစ်ပါသည်။

သသခ်ါရိကစိတ် (၅)ပါး၌ စေတသိက် (၂၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စေတသိက် (၁၃)ပါးအားဖြင့် (၂၆)ပါးဖြစ်ပါသည်။

ဟေတုဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အကုသိုလ်စိတ်(၁၂)ပါးသည် ဟေတုဘေဒအားဖြင့်- ဧကဟိတ်စိတ် (၂)ပါး၊ ဒွိဟိတ်စိတ်(၁၀)ပါးအားဖြင့် (၁၂)ပါးဖြစ်ပါသည်။ ထို(၁၂)ပါးတို့တွင်-

ဧကဟိတ်စိတ် (၂)ပါး၌ စေတသိက် (၁၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒ, ဝီရိကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါး၊ မောစတုက် (၄)ပါး၊ ဝိစိကိစ္ဆာ

http://www.dhammadownload.com

အားဖြင့် (၁၆)ပါးဖြစ်ပါသည်။

ဒွိဟိတ်စိတ်(၁၀)ပါး၌ စေတသိက် (၂၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ မောစတုက် (၄)ပါး၊ လောဘြိ (၃)ပါး၊ ဒေါစတုက် (၄)ပါး၊ ထိန, မိဒ္ဓအားဖြင့် (၂၆)ပါးဖြစ်ပါသည်။

အသောဘနစိတ်(၃၀)ကို အသေးစိတ် စေတသိက်ယှဉ်ပုံ

အသောဘနစိတ်သည် (၃၀)ရှိပါသည်။ (သော်ကား...) အကုသိုလ်စိတ် (၁၂)ပါး၊ အဟိတ်စိတ် (၁၈)ပါးအားဖြင့် (၃၀)ဖြစ်ပါသည်။

အသောဘနစိတ် (၃၀)၌ စေတသိက် (၂၇)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ အကုသိုလ်စေတသိက် (၁၄)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ စေတသိက်ယှဉ်ပြရာ၌ သဗ္ဗာကုသလဓာရဏာစေတသိက် (၄)ပါးကို မောစတုက်(၄)ပါးဟူ၍လည်းကောင်း၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ(၄)ပါးကို ဒေါစတုက်(၄)ပါးဟူ၍လည်းကောင်း၊ လောဘ, ဒိဋ္ဌိ, မာန(၃)ပါးကို လောဘြိ (၃) ပါးဟူ၍လည်းကောင်း အကျဉ်းခေါ်ဝေါ်သုံးစွဲပါသည်။

ဝေဒနာဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အသောဘနစိတ် (၃၀)သည် ဝေဒနာဘေဒအားဖြင့် သုခသဟဂုတ်စိတ် (၁)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၁)ပါး၊ သောမနဿသဟဂုတ်စိတ် (၆)ပါး၊ ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၂၀) အားဖြင့် (၃၀)ဖြစ်ပါသည်။ ထို(၃၀)တို့တွင်-

သုခသဟဂုတ်စိတ် (၁)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၁)ပါးတို့၌ စေတသိက် (၇)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) သဗ္ဗစိတ္တသာဓာရဏာစေတသိက် (၇)ပါးဖြစ်ပါသည်။

သောမနဿသဟဂုတ်စိတ် (၆)ပါး၌ စေတသိက် (၂၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ မောစတုတ် (၄)ပါး၊ လောဘြိ(၃)ပါး၊ ထိန, မိဒ္ဓအားဖြင့် (၂၂)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၌ စေတသိက်(၂၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား…) ဝိတိက္ကဉ်သော အညသမာန်းစေတသိက် (၁၂)ပါး၊ မောစတုတ် (၄)ပါး၊ ဒေါစတုက်(၄)ပါး၊ ထိန, မိဒ္ဓအားဖြင့် (၂၂)ပါးဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် (၂၀)၌ စေတသိက် (၂၂)ပါးယှဉ်ပါသည်။ (သော်ကား…) ဝိတိက္ကဉ်သော အညသမာန်းစေတသိက် (၁၂)ပါး၊ မောစတုတ် (၄)ပါး၊ လောဘ, ဒိဋ္ဌ, မာန, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာအားဖြင့် (၂၂)ပါးဖြစ်ပါသည်။

သမ္မယောဂဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အသောဘနစိတ် (၃၀)သည် သမ္မယောဂဘေဒအားဖြင့် သမ္မယုတ်စိတ် (၈)ပါး၊ ဝိပ္ပယုတ်စိတ် (၄)ပါး၊ သမ္မယုတ်, ဝိပ္ပယုတ် မဟုတ်သောစိတ် (၁၈)ပါးအားဖြင့် (၃၀)ဖြစ်ပါသည်။ ထို(၃၀)တို့တွင်-

သမ္မယုတ်စိတ်(၈)ပါး၌ စေတသိက်(၂၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား…) အညသမာန်းစေတသိက် (၁၃)ပါး၊ မာနကြဉ်သော အကုသိုလ်စေတသိက် (၁၃)ပါးအားဖြင့် (၂၆)ပါးဖြစ်ပါသည်။

ဝိပ္ပယုတ်စိတ်(၄)ပါး၌ စေတသိက် (၂၁)ပါးယှဉ်နိုင်ပါသည်။ (သော်ကား…) အညသမာန်းစေတသိက်(၁၃)ပါး၊ မောစတုက်(၄)ပါး၊ လောဘ, မာန, ထိန, မိဒ္ဓ အားဖြင့် (၂၁)ပါးဖြစ်ပါသည်။

သမ္မယုတ်, ဝိပ္ပယုတ်မဟုတ်သောစိတ် (၁၈)ပါး၌ စေတသိက် (၁၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား…) ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

သခ်ါရဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အသောဘနစိတ် (၃၀)သည် သခ်ါရဘေဒအားဖြင့်- အသခ်ါရိကစိတ် (၅)ပါး၊ သသခ်ါရိကစိတ် (၅)ပါး၊ သခ်ါရဝိမုတ်စိတ် (၂၀)အားဖြင့် (၃၀)ဖြစ်ပါသည်။ ထို(၃၀)တို့တွင်-

အသခ်ါရိကစိတ် (၅)ပါး၌ စေတသိက် (၂၄)ပါးယှဉ်နိုင်ပါသည်။ (သော်ကား…) အညသမာန်းစေတသိက် (၁၃)ပါး၊ မောစတုက် (၄)ပါး၊ လောဘြိ (၃)ပါး၊ ဒေါစတုက်

http://www.dhammadownload.com

(၄)ပါး အားဖြင့် (၂၄)ပါးဖြစ်ပါသည်။

သသခ်ါရိကစိတ် (၅)ပါး၌ စေတသိက် (၂၆)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက်(၁၃)ပါး၊ မောစတုက် (၄)ပါး၊ လောတြိ(၃)ပါး၊ ဒေါစတုက် (၄)ပါး၊ ထိန, မိဒ္ဓအားဖြင့် (၂၆)ပါးဖြစ်ပါသည်။

သခ်ါရဝိမုတ်စိတ် (၂၀)၌ စေတသိက် (၁၇)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါး၊ မောစတုက်(၄)ပါး၊ ဝိစိကိစ္ဆာအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

ဟေတုဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အသောဘနစိတ်(၃၀)သည် ဟေတုဘေဒအားဖြင့်- အဟိတ်စိတ်(၁၈)ပါး၊ ဧက ဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ်(၁၀)ပါးအားဖြင့် အသောဘနစိတ်(၃၀)ဖြစ်ပါသည်။ ထို(၃၀) တို့တွင်-

အဟိတ်စိတ် (၁၈)ပါး၌ စေတသိက် (၁၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

ဧကဟိတ်စိတ်(၂)ပါး၌ စေတသိက်(၁၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါး၊ မောစတုက် (၄)ပါး၊ ဝိစိကိစ္ဆာ အားဖြင့်(၁၆)ပါးဖြစ်ပါသည်။

ဒွိဟိတ်စိတ်(၁၀)ပါး၌ စေတသိက် (၂၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စေတသိက် (၁၃)ပါး အားဖြင့်(၂၆)ပါးဖြစ်ပါသည်။

ဇာတိဘေဒအားဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အသောဘနစိတ် (၃၀)သည် ဇာတိဘေဒအားဖြင့် အကုသိုလ်စိတ် (၁၂)ပါး၊ ဝိပါက်စိတ်(၁၅)ပါး၊ ကြိယာစိတ်(၃)ပါးအားဖြင့် အသောဘနစိတ်(၃၀) ဖြစ်ပါသည်။ ထို(၃၀)တို့တွင်-အကုသိုလ်စိတ်(၁၂)ပါး၌စေတသိက်(၂၇)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက်(၁၃)ပါး၊ အကုသိုလ်စေတသိက်(၁၄)ပါးအားဖြင့်

http://www.dhammadownload.com

(၂၇)ပါးဖြစ်ပါသည်။

ဝိပါက်စိတ်(၁၅)ပါးနှင့် စေတသိက် (၁၁)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက်(၁၁)ပါးဖြစ်ပါသည်။

ကြိယာစိတ် (၃)ပါးနှင့် စေတသိက်(၁၂)ပါး ယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒ-ကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

မူလဘေဒဖြင့်ခွဲ၍ စေတသိက်ယှဉ်ပုံ

အသောဘာနစိတ် (၃၀)သည် မူလဘေဒအားဖြင့် လောဘမူလစိတ် (၈)ပါး၊ ဒေါသမူလစိတ် (၂)ပါး၊ မောဟမူလစိတ် (၂)ပါး၊ အဟိတ်စိတ် (၁၈)ပါးအားဖြင့် အသောဘာန စိတ်(၃၀)ဖြစ်ပါသည်။ ထို(၃၀)တို့တွင်-

လောဘမူလစိတ်(၈)ပါးနှင့် စေတသိက် (၂၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက် (၁၃)ပါး၊ မောစတုက် (၄)ပါး၊ လောကြို (၃)ပါး၊ ထိန, မိဒ္ဓ အားဖြင့် (၂၂)ပါးဖြစ်ပါသည်။

ဒေါသမူလစိတ် (၂)ပါးနှင့် စေတသိက် (၂၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဝိတိကြဉ်သောအညသမာန်းစေတသိက် (၁၂)ပါး၊ မောစတုက် (၄)ပါး၊ ဒေါစတုက် (၄)ပါး၊ ထိန, မိဒ္ဓအားဖြင့် (၂၂)ပါးဖြစ်ပါသည်။

မောဟမူလစိတ်(၂)ပါးနှင့် စေတသိက် (၁၆)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒ, ဝိတိကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါး၊ မောစတုက် (၄)ပါး၊ ဝိစိကိစ္ဆာ အားဖြင့်(၁၆)ပါးဖြစ်ပါသည်။

အဟိတ်စိတ်(၁၈)ပါးနှင့် စေတသိက် (၁၂)ပါးယှဉ်နိုင်ပါသည်။ (သော်ကား...) ဆန္ဒကြဉ်သော အညသမာန်းစေတသိက် (၁၂)ပါးဖြစ်ပါသည်။

* * * * *

http://www.dhammadownload.com

သောဘနစေတသိက် သမ္မယောဂနည်း (၄)ပါး

သောဘနသာဓာရဏစေတသိက်တို့၏ ယှဉ်ဘက်စိတ်များ

သောဘနစေတသိက်(၂၅)ပါးတို့တွင်-

သောဘနသာဓာရဏစေတသိက် (၁၉)ပါးတို့သည် အလုံးစုံသော သောဘနစိတ် တစ်ခုယုတ်(၆၀)၊ အကျယ်(၉၁)ပါးတို့၌ ယှဉ်ပါသည်။

သာဓကကား ။ ။ သောဘနေသု ပန (ပ) သဒ္ဓိန္ဒ္ရိ ဖြစ်ပါသည်။

ဝိရတိယှဉ်သောစိတ်များ

ဝိရတိစေတသိက်(၃)ပါးသည်(၁၆)ပါးသောစိတ်တို့၌ ယှဉ်ပါသည်။(သော်ကား...) လောကုတ္တရာစိတ်(၈)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါးအားဖြင့် ၊(၁၆)ပါးဖြစ်ပါသည်။ ထို(၁၆)ပါးတို့တွင်-

ဝိရတိစေတသိက်(၃)ပါးသည် လောကုတ္တရာစိတ် (၈)ပါး၌ ထိုထိုသို့သော ဒုစရိုက်၊ ဒုရာဇီဝတို့ကိုပယ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ခဝ်သိမ်းသောအခြင်းအရာအားဖြင့် အမြဲတစ်ပြိုင်နက်ယှဉ်ပါသည်။

မဟာကုသိုလ်စိတ်(၈)ပါး၌ ရံခါ, အသီးသီးယှဉ်ပါသည်။

သာဓကကား ။ ။ ဝိရတိယော ပန (ပ) ဝိသုံ ဝိသုံ ဖြစ်ပါသည်။

အပ္ပမညာဒွေး ယှဉ်သောစိတ်များ

အပ္ပမညာဒွေးသည် (သမာနဝါဒအားဖြင့်) (၂၈)ပါးသောစိတ်တို့၌ ယှဉ်ပါသည်။ (သော်ကား...)

ပဋ္ဌမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်(၁၂)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာကြိယာစိတ်(၈)ပါးအားဖြင့် (၂၈)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ အပ္ပမညာယော ပန (ပ) ဇာယန္တိ ဖြစ်ပါသည်။

အပ္ပမညာဒွေးသည် ကေစိဝါဒအားဖြင့် (၂၀)သောစိတ်တို့၌ယှဉ်ပါသည်။ (သော်ကား.၂)

http://www.dhammadownload.com

ပဋ္ဌမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ် (၁၂)ပါး မဟာကုသိုလ်သောမနုဿသဟဂုတ်စိတ် (၄)ပါး၊ မဟာကြိယာသောမနုဿသဟဂုတ်စိတ် (၄)ပါးအားဖြင့် (၂၀) ဖြစ်ပါသည်။

သာဓကကား ။ ။ ဥပေက္ခာသဟဂတောသု (ပ) ကေစိ ဝဒန္တိ ဖြစ်ပါသည်။

စက်လှည့်၍ စေတသိက်ယှဉ်ပုံ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)တို့တွင် အပွမညာဒွေးသမာနဝါဒအားဖြင့် သာယှဉ်၍ ကေစိဝါဒအားဖြင့် မယှဉ်သောစိတ်သည် (၈)ပါးရှိပါသည်။ (သော်ကား...)

မဟာကုသိုလ် ဥပေက္ခာသဟဂုတ်စိတ် (၄)ပါး၊ မဟာကြိယာဥပေက္ခာသဟဂုတ်စိတ်(၄)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။

ကေစိဝါဒအားဖြင့်သာယှဉ်၍ သမာနဝါဒအားဖြင့် မယှဉ်သောစိတ်သည် မရှိပါ။

(၂)ပါးစုံယှဉ်သောစိတ်သည် (၂၀)ရှိပါသည်။ (သော်ကား...) ပဋ္ဌမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ် (၁၂)ပါး၊ မဟာကုသိုလ်သောမနုဿသဟဂုတ်စိတ် (၄)ပါး၊ မဟာကြိယာသောမနုဿသဟဂုတ်စိတ် (၄)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

(၂)ပါးစုံမယှဉ်သောစိတ်သည် (၃၁)ပါးဖြစ်ပါသည်။ (သော်ကား...) မဟာဝိပါက်စိတ် (၈)ပါး၊ ပဋ္ဌမစျာန်စိတ် (၁၅)ပါး၊ လောကုတ္တရာစိတ်အကျဉ်း (၈)ပါးအားဖြင့်(၃၁)ပါးဖြစ်ပါသည်။

ပညိန္ဒြေယှဉ်သောစိတ်များ

ပညိန္ဒြေစေတသိက်သည် (၄၇)ပါးသောစိတ်တို့၌ ယှဉ်ပါသည်။ (သော်ကား...) ကာမာဝစရသောဘနဉာဏသမ္မယုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅)ပါးအားဖြင့် (၄၇)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ပညာ ပန (ပ) ဂဏ္ဌတိ ဖြစ်ပါသည်။

http://www.dhammadownload.com

သင်္ဂဟဂါထာ

သောဘနစေတသိက် (၂၅)ပါး၌ သမ္မယောဂနည်းသည် (၄)နည်းရှိပါသည်။ (သော်ကား...)

သောဘနသာဓာရဏစေတသိက် (၁၉)ခုတို့၏ အလုံးစုံသော သောဘနစိတ်တစ်ခုယုတ်(၆၀)၊ အကျယ် (၉၁)ပါးတို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ဝိရတီစေတသိက် (၃)ခုတို့၏ (၁၆)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

အပ္ပမညာစေတသိက်(၂)ပါးတို့၏ (၂၈)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊

ပညိန္ဒြေစေတသိက်၏ (၄၇)ပါးသောစိတ်တို့၌ယှဉ်ခြင်း သမ္မယောဂနည်းတစ်နည်း၊ အားဖြင့် (၄)နည်းဖြစ်ပါသည်။

သာဓကကား ။ ။ ကျေနဝိသတိ ဓမ္မာ (ပ) သောဘနေသွေဝ သောဘနာ ဖြစ်ပါသည်။

ဂါထာအရကောက်များ

ကျေနဝိသတိ ဓမ္မာ၊ ဇာယန္တေကုနသဋ္ဌိသု-၌ ကျေနဝိသတိအရကား-သောဘနသာဓာရဏစေတသိက် (၁၉)ပါးကို ရပါသည်။

ကျေနသဋ္ဌိအရကား-သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ကို ရပါသည်။

တယော သောဠသစိတ္တေသု-၌ တယောအရကား ... ဝိရတီစေတသိက် (၃)ပါးကို ရပါသည်။

သောဠသအရကား... လောကုတ္တရာစိတ် (၈)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါးအားဖြင့် (၁၆)ပါးသောစိတ်တို့ကို ရပါသည်။

အဋ္ဌဝီသတိယဲ ဒွယ်-၌ အဋ္ဌဝီသတိအရကား... ပဉ္စမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ် (၁၂)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါးအားဖြင့် (၂၈)ပါးသောစိတ်တို့ကို ရပါသည်။

ဒွယ်အရကား... အပ္ပမညာဒွေးကို ရပါသည်။

http://www.dhammadownload.com

ပညာ ပကာသိတာ သတ္တစတ္တာလီသဝိဓေသုဝိ-၌ ပညာအရကား... ပညိန္ဒြေ စေတသိက်(၁)ပါးကို ရပါသည်။

သတ္တစတ္တာလီသအရကား... ဉာဏသမ္မယုတ် ကာမာဝစရသောဘနစိတ် (၁၂)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ်(၃၅)ပါးအားဖြင့် (၄၇)ပါးကို ရပါသည်။

သမ္မယုတ္တာ စတုဓေဝံ-၌ စတုဓာအရကား...သမ္မယောဂနည်း (၄)နည်းကို ရပါသည်။

သောဘနေသွေဝ သောဘနာ-၌ သောဘနေသုအရကား... သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)ကို ရပါသည်။

သောဘနာအရကား... သောဘနစေတသိက် (၂၅)ပါးကို ရပါသည်။

သမ္မယောဂနည်း(၁၆)နည်း

ဤသို့လျှင် အညသမာန်းစေတသိက် (၁၃)ပါး၌ သမ္မယောဂနည်း (၇)နည်း၊ အကုသိုလ်စေတသိက် (၁၄)ပါး၌ သမ္မယောဂနည်း (၅)နည်း၊ သောဘနစေတသိက် (၂၅) ပါး၌ သမ္မယောဂနည်း (၄)နည်းတို့ကို ပေါင်းလိုက်သည်ရှိသော် သမ္မယောဂနည်း (၁၆)နည်းဖြစ်ပါသည်။

သောဘနစိတ်များကို အုပ်စုအလိုက် စေတသိက်ယှဉ်ပုံ

သောဘနစိတ်အကျဉ်း တစ်ခုယုတ်(၆၀)၊ အကျယ်(၉၁)ပါးတို့တွင် -

ကာမာဝစရသောဘနစိတ်(၂၄)ပါး၌ စေတသိက်(၃၈)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက်(၁၃)ပါး၊ သောဘနစေတသိက်(၂၅)ပါးအားဖြင့် (၃၈)ပါးဖြစ်ပါသည်။

ကာမာဝစရသောဘနစိတ်(၂၄)ပါးတို့တွင်-

မဟာကုသိုလ်စိတ်(၈)ပါး၌ အညသမာန်းစေတသိက်(၁၃)ပါး၊ သောဘန စေတသိက် (၂၅)ပါးအားဖြင့် (၃၈)ပါးယှဉ်ပါသည်။

မဟာဝိပါက်စိတ် (၈)ပါး၌ အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတီ, အပ္ပမညာ ကြဉ်သော သောဘနစေတသိက် (၂၀)အားဖြင့် စေတသိက် (၃၃)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

မဟာကြိယာစိတ် (၈)ပါး၌ အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတီကြဉ်သော သောဘနစေတသိက် (၂၂)ပါးအားဖြင့် (၃၅)ပါး ယှဉ်ပါသည်။

ရူပါဝစရစိတ်(၁၅)ပါး၌ စေတသိက်(၃၅)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက်(၁၃)ပါး၊ ဝိရတီကြဉ်သော သောဘနစေတသိက် (၂၂)ပါးအားဖြင့် (၃၅)ပါး ဖြစ်ပါသည်။

အရူပစိတ် (၁၂)ပါး၌ စေတသိက် (၃၀)ယှဉ်ပါသည်။ (သော်ကား...) ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်းစေတသိက်(၁၀)ပါး၊ ဝိရတီ, အပ္ပမညာကြဉ်သော သောဘန စေတသိက် (၂၀)အားဖြင့် (၃၀)ဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း (၈)ပါး၊ အကျယ်(၄၀)၌ စေတသိက် (၃၆)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာန်းစေတသိက်(၁၃)ပါး၊ အပ္ပမညာကြဉ်သော သောဘန စေတသိက် (၂၃)ပါးအားဖြင့် (၃၆)ပါးဖြစ်ပါသည်။

(အမှာ) စိတ်ကို စေတသိက်ယှဉ်ပြရာ၌ သင်္ကြိုဟ်ကျမ်းလာ သင်္ဂဟနည်းအတိုင်း ယှဉ်ပြရာတွင် အချို့စာသင်သားငယ်များ သဘောပေါက်ကြသော်လည်း အချို့စာသင်သားငယ်များမှာ သဘောမပေါက်ကြသည်ကို တွေ့ရသဖြင့် သမ္မယောဂနည်း (စေတသိက်တို့ စိတ်၌ ယှဉ်သောနည်း)၌ပင်ဆိုခဲ့ပြီး အကုသိုလ်စိတ်, အဟိတ်စိတ်တို့ကို ဘေဒစုံဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပြသကဲ့သို့ သမ္မယောဂနည်းလာ ပါဠိများကိုရွတ်ဆိုရှင်းပြလျက် စေတသိက်ယှဉ်ပြရာ (စိတ်တစ်ခု၌ ပူးတွဲယှဉ်နိုင်ခွင့်ရှိသော စေတသိက်များကို ရှာဖွေပြရာ) စာသင်သားငယ်များ သဘောပေါက်နားလည်လာကြသည်ကို တွေ့ရပါသည်။

သို့အတွက် ဤသင်္ကြိုလ်ဆိုရိုးကျမ်း၌လည်း သမ္မယောဂနည်း (စေတသိက်တို့ စိတ်၌ ယှဉ်သောနည်း)၌ပင် သင်္ဂဟနည်း(စိတ်၌ စေတသိက်တို့ယှဉ်သောနည်း)ကို ထည့်သွင်းရေးသားလိုက်ပါသည်။ ထိုသို့ရေးသားရာတွင် စိတ်ရှိသမျှအကုန်လုံး တစ်ခုစီလိုက်၍ စေတသိက်ယှဉ်ပြနေလျှင် ကျမ်းလေးမည်စိုး၍ သင်္ကြိုလ်ကျမ်း၌ တိုက်ရိုက်မလာသည့် စေတသိက်ယှဉ်နည်းကိုသာ အကျဉ်းချုံး၍ရေးသားပါမည်။

စိတ်ပိုင်း စိတ်အုပ်စုဖွဲ့စည်းပုံအရအကုသိုလ်စိတ်၊ အဟိတ်စိတ်၊ ကာမာဝစရ သောဘနစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်၊ လောကုတ္တရာစိတ်-ဟု စိတ်အုပ်စု (၆)အုပ်စု

http://www.dhammadownload.com

ရှိသည့်အနက် အထက်၌ အကုသိုလ်စိတ်၊ အဟိတ်စိတ် ယင်းစိတ်နှစ်မျိုးပေါင်းသော အသောဘနစိတ် (၃၀)တို့ကို စိတ်တစ်ခုချင်းအလိုက်လည်းကောင်း၊ ဘေဒစုံဖြင့်ဝေဖန်၍ လည်းကောင်း၊ နမူနာအနေဖြင့် စေတသိက်ယှဉ်ပြခဲ့ပြီးဖြစ်ပါသည်။ ကျန်ကာမာဝစရ သောဘနစိတ်၊ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ် အုပ်စုများ၌လည်း အထက်ပါနည်းကို မှီး၍ စိတ်တစ်ခုချင်းအလိုက်ဖြစ်စေ၊ ဘေဒစုံဖြင့်ဝေဖန်၍ဖြစ်စေ စေတသိက်ယှဉ်ကြည့်ပါလေ။ ဤမှနောက်၌ကား သင်္ဂြိဟ်ကျမ်း စေတသိက်ယှဉ်ပုံနည်းတွင် တိုက်ရိုက်မပါဝင်သော ကာမစိတ် (၅၄)ပါး၊ လောကီစိတ် (၈၁)ပါး၊ စိတ်တစ်ခုယုတ် (၉၀)၊ သောဘနစိတ်အကျဉ်း တစ်ခုယုတ် (၆၀)၊ အကျယ် (၉၁)ပါး၊ စိတ်အကျယ် (၁၂၁)ပါးတို့ကိုသာ ဘေဒစုံဖြင့်ဝေဖန်၍ အကျဉ်းချုံးကာ စေတသိက်ယှဉ်ပြပါမည်။

သမ္မယောဂနည်း၌ပင် သင်္ဂဟနည်းကို ခွဲပြရာ၌-

(၁) အညသမာန်းစေတသိက် သမ္မယောဂနည်း သရုပ်ခွဲပြီးလျှင် အဟိတ်စိတ် သင်္ဂဟနည်း၊

(၂) အကုသိုလ်စေတသိက် သမ္မယောဂနည်း သရုပ်ခွဲပြီးလျှင် အကုသိုလ်စိတ် သင်္ဂဟနည်း၊

(၃) သောဘနစေတသိက် သမ္မယောဂနည်း သရုပ်ခွဲပြီးလျှင် ကျန်ကာမသောဘန စိတ်သင်္ဂဟနည်း....

ရူပစိတ်, အရူပစိတ်, မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်, ကာမစိတ်(၅၄), လောကီစိတ်(၈၁), သောဘနစိတ်အကျဉ်း(၅၉), အကျယ်(၉၁), ဈာန်စိတ်(၆၇), စိတ် အကျယ်(၁၂၁)ပါး သင်္ဂဟနည်းတို့ကို စိတ်တစ်ခုချင်းအလိုက်ဖြစ်စေ၊ ဘေဒစုံဖြင့် ဝေဖန်၍ ဖြစ်စေသမ္မယောဂနည်းလာပါဠိများကို ရွတ်ဆိုရှင်းပြလျက် သရုပ်ခွဲပြလိုက်လျှင် (စေတသိက် ယှဉ်ပြလိုက်လျှင်)စိတ်အကျယ် (၁၂၁)ပါးတွင် စေတသိက်မယှဉ်ဘူးသော (မယှဉ်တတ် သော) စိတ်ဟူ၍မရှိတော့ဘဲ လွယ်ကူစွာသဘောပေါက် နားလည်သွားကြပါလိမ့်မည်။

သင်္ဂြိဟ်ကျမ်းတွင် တိုက်ရိုက်စေတသိက်ယှဉ်ပြထားသော လောကုတ္တရာစိတ်၊ မဟဂ္ဂုတ်စိတ်၊ ကာမသောဘနစိတ်၊ အကုသိုလ်စိတ်၊ အဟိတ်စိတ် သင်္ဂဟနည်းတို့သို့ရောက် သောအခါ၌လည်း အချိန်မကြန့်ကြာဘဲ လွယ်ကူစွာ သရုပ်ခွဲနိုင်သည့်ပြင် တိကမာတိကာ၊

http://www.dhammadownload.com

ဒုကမာတိကာ အရကောက်တွင် ပါဝင်သောစိတ်တို့ကို စေတသိက်ယှဉ်ပြုရာ၌လည်း အခက်အခဲမရှိဘဲ ယှဉ်နိုင်ကြပါလိမ့်မည်။

စိတ်ယှဉ် စေတသိက်ယှဉ် ဝေါဟာရ

ဝိတက်စေတသိက်သည် (၅၅)ပါးသောစိတ်တို့၌ယှဉ်၏ စသည်ဖြင့် စိတ်တို့ကို ပိုင်းခြားသည်၏အစွမ်းဖြင့် ပြသောနည်းကို သမ္မယောဂနည်းဟုလည်းကောင်း (စိတ်ယှဉ်ဟုလည်းကောင်း)ခေါ်၍ မဟာကုသိုလ် ပထမဈေး၌ စေတသိက် (၃၈)ပါးယှဉ်၏ စသည်ဖြင့် စေတသိက်တို့၏အစုကို ပိုင်းခြားသည်၏အစွမ်းဖြင့်ပြသောနည်းကို သင်္ဂဟနည်းဟုလည်းကောင်း (စေတသိက်ယှဉ်ဟုလည်းကောင်း)ခေါ်ဝေါသုံးစွဲကြသည်။

* * * * *

ကာမစိတ်(၅၄)ပါး သင်္ဂဟနည်း

ကာမစိတ်(၅၄)ပါး၌ စေတသိက်(၅၂)ပါးယှဉ်ပါသည်။ (သော်ကား...) အညသမာနံစေသိက် (၁၃)ပါး၊ အကုသိုလ်စေတသိက် (၁၄)ပါး၊ သောဘနစေတသိက် (၂၅)ပါး အားဖြင့် (၅၂)ပါးဖြစ်ပါသည်။

အမှာ ။ ။ စေတသိက်ယှဉ်ပြုရာ၌ အညသမာနံးစေတသိက် (၁၃)ပါးကို အည(၁၃)၊ သဗ္ဗာကုသလသာမာရဏစေတသိက် (၄)ပါးကို မောစတုက်(၄)၊ လောဘ, ဒိဋ္ဌိ, မာန(၃)ပါးကို လောတြိ(၃)၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ (၄)ပါးကို ဒေါစတုက်(၄)၊ သောဘနစေတသိက်(၂၅)ပါးကို သောဘန(၂၅)ဟု အကျဉ်းနည်းဖြင့် ရေးသားမည်။

ကာမစိတ် (၅၄)ပါးကို ဝေဒနာဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပြပုံ

ကာမစိတ်(၅၄)ပါးသည် ဝေဒနာဘေဒအားဖြင့်...

သုခ(၁)၊ ဒုက္ခ(၁)၊ သောမနဿ (၁၈)၊ ဒေါမနဿ (၂)၊ ဥပေက္ခာသဟဂုတ် စိတ်(၃၂)အားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ထိုကာမစိတ် (၅၄)ပါးတို့တွင် သုခသဟဂုတ်စိတ်၊ ဒုက္ခသဟဂုတ်စိတ်တို့၌ သဗ္ဗ

http://www.dhammadownload.com

စိတ္တသာဓာရဏာစေတသိက် (၇)ပါးယှဉ်ပါသည်။ သောမနဿသဟဂုတ်စိတ် (၁၈)ပါး၌ အည(၁၃)၊ မောစတုက် (၄)၊ လောတြိ (၃)၊ ထိန, မိဒ္ဓ၊ သောဘန(၂၅)အားဖြင့် (၄၇)ပါး ယှဉ်ပါသည်။ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၌ စေတသိက် (၂၂)ပါး ယှဉ်ပါသည်။ (သော်ကား...) ရှေးဌိဆိုခဲ့ပြီ၊ ရေတွက်ပါ။

ဥပေက္ခာသဟဂုတ်စိတ် (၃၂)ပါး၌ ပီတိကြဉ်-အည(၁၂)၊ မောစတုက် (၄)၊ လောတြိ(၃)၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ၊ သောဘန (၂၅)အားဖြင့် စေတသိက် (၄၇)ပါး ယှဉ်ပါသည်။

သမ္မယောဂဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

ကာမစိတ် (၅၄)ပါးသည် သမ္မယောဂဘေဒဖြင့် သမ္မယုတ်စိတ် (၂၀)၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ သမ္မယုတ်လည်းမဟုတ်, ဝိပ္ပယုတ်လည်းမဟုတ်သောစိတ်(၁၈)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

ထိုတွင် သမ္မယုတ်စိတ် (၂၀)၌ အည(၁၃)၊ မာနကြဉ်သော အကုစေ (၁၃)၊ သောဘန (၂၅)အားဖြင့် (၅၁)ပါး ယှဉ်ပါသည်။

ဝိပ္ပယုတ်စိတ် (၁၆)ပါး၌ အည (၁၃)၊ မောစတုက် (၄)၊ လောဘ, မာန, ထိန, မိဒ္ဓ, ပညာန်းကြဉ် သောဘန (၂၄)အားဖြင့် (၄၅)ပါးယှဉ်ပါသည်။

သမ္မယုတ်လည်းမဟုတ်. ဝိပ္ပယုတ်လည်းမဟုတ်သောစိတ် (၁၈)ပါး၌ ဆန္ဒကြဉ် သော အည(၁၂)ပါး ယှဉ်ပါသည်။

သခ်ါရဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

ကာမစိတ် (၅၄)ပါးတို့တွင် အသခ်ါရိကစိတ် (၁၇)ပါး၌ အည (၁၃)၊ မောစတုက် (၄)၊ လောတြိ (၃)၊ ဒေါစတုက် (၄)၊ သောဘန (၂၅) အားဖြင့် (၄၉)ပါး ယှဉ်ပါသည်။

သသခ်ါရိကစိတ် (၁၇)ပါး၌ အည(၁၃)၊ ဝိစိကိစ္ဆာကြဉ် အကုစေ(၁၃)၊ သောဘန(၂၅)အားဖြင့် (၅၁)ပါး ယှဉ်ပါသည်။

သခ်ါရဝိမုတ်စိတ် (၂၀)၌ ဆန္ဒကြဉ် အည(၁၂)၊ မောစတုက် (၄)၊ ဝိစိကိစ္ဆာ အားဖြင့် (၁၇)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

ဟေတုဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

ကာမစိတ် (၅၄)ပါးတို့တွင် အဟိတ်စိတ် (၁၈)ပါး၌ ဆန္ဒကြဉ် အညဉ(၁၂)ပါး ယှဉ်နိုင်ပါသည်။

ဧကဟိတ်စိတ် (၂)ပါး၌ ဆန္ဒ, ဝီတိကြဉ် အညဉ(၁၁)၊ မောစတုက် (၄)၊ ဝိစိကိစ္ဆာ အားဖြင့် (၁၆)ပါး ယှဉ်ပါသည်။

ဒွိဟိတ်စိတ် (၂၂)ပါး၌ အညဉ (၁၃)၊ ဝိစိကိစ္ဆာကြဉ် အကုသိလ်စေ (၁၃)၊ ပညိန္ဒြေကြဉ် သောဘန (၂၄)အားဖြင့် (၅၀) ယှဉ်ပါသည်။

တိဟိတ်စိတ် (၁၂)ပါး၌ အညဉ(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါး ယှဉ်ပါသည်။

ဇာတိဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

ကာမစိတ် (၅၄)ပါးတို့တွင် အကုသိလ်စိတ် (၁၂)ပါး၌ စေတသိက် (၂၀)ပါးယှဉ်ပါသည်။ ကုသိလ်စိတ် (၈)ပါး၌ စေတသိက် (၃၈)ပါးယှဉ်သည်။ (ရေတွက်ပါ)

ဝိပါက်စိတ် (၂၃)ပါး၌ အညဉ(၁၃)၊ ဝိရတီ, အပ္ပမညာကြဉ်သော သောဘနစေ (၂၀)အားဖြင့် (၃၃)ပါး ယှဉ်ပါသည်။

ကြိယာစိတ် (၁၁)ပါး၌ အညဉ(၁၃)၊ ဝိရတီကြဉ် သောဘန (၂၂) အားဖြင့်(၃၅)ပါး ယှဉ်ပါသည်။

လောကီစိတ်(၈၁)ပါး၌ စေတသိက်ယှဉ်ပုံ

လောကီစိတ် (၈၁)ပါး၌ အညဉ(၁၃)၊ အကုသိလ်စေ (၁၄)၊ သောဘနစေတသိက် (၂၅)အားဖြင့် (၅၂)ပါး ယှဉ်ပါသည်။

ဝေဒနာဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

လောကီစိတ်(၈၁)ပါးတို့တွင်-

သုခ(၁)၊ ဒုက္ခ (၁)တို့၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး ယှဉ်ပါသည်။

သောမနဿသဟဂုတ်စိတ် (၃၀)၌ အညဉ(၁၃)၊ မောစတုက်(၄)၊ လောဘြို(၃)၊ ထိန, မိဒ္ဓ, သောဘန (၂၅)အားဖြင့် (၄၇)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

ဒေါမနဿ(၂)ပါး အထက်၌ဆိုခဲ့ပြီ။ ဥပေက္ခာသဟဂုတ်စိတ်(၄၇)ပါး၌ ဝိတိုက်ကြွင်အည(၁၂)၊ မောစတုက်(၄)၊ လောဘြို(၃)၊ ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ၊ သောဘန (၂၅)အားဖြင့် (၄၇)ပါး ယှဉ်ပါသည်။

သမ္မယောဂဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

လောကီစိတ် (၈၁)ပါးတို့တွင်-

သမ္မယုတ်စိတ်(၄၇)ပါး၌ မာနကြွင်သော စေတသိက်(၅၁)ပါး ယှဉ်ပါသည်။ (ရေတွက်ပါ)။

ဝိပ္ပယုတ်စိတ် (၁၆)ပါး၌ စေတသိက် (၄၅)ပါး ယှဉ်ပါသည်။ (အထက်၌ဆိုခဲ့ပြီ၊ ရေတွက်ပါ)။

သမ္မယုတ်, ဝိပ္ပယုတ်မဟုတ်သောစိတ်(၁၈)ပါး၌ ဆန္ဒကြွင် အည(၁၂) ယှဉ်သည်။

သခ်ါရဘေဒဖြင့် ဝေဖန်၌ စေတသိက်ယှဉ်ပုံ

လောကီစိတ် (၈၁)ပါးတို့တွင်-

အသခ်ါရိကစိတ် (၁၇)ပါး၌ စေတသိက်(၄၇)ပါးယှဉ်၍၊ သသခ်ါရိကစိတ် (၁၇)ပါး၌ စေတသိက်(၅၁)ပါး ယှဉ်သည်။ (ကာမစိတ်၌ ဆိုခဲ့ပြီ၊ ရေတွက်ပါ။)

သခ်ါရဝိမုတ်စိတ် (၄၇)ပါး၌ အည(၁၃)၊ မောစတုက် (၄)၊ ဝိစိကိစ္ဆာ၊ ဝိရတီကြွင် သောဘန (၂၂)အားဖြင့် (၄၀)ယှဉ်ပါသည်။

ဟေတုဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

လောကီစိတ် (၈၁)ပါးတို့တွင်-

အဟိတ်စိတ်(၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိစိတ်(၂၂)ပါးတို့၌ယှဉ်သော စေတသိက်များ၊ (ကာမစိတ်၌ ဆိုခဲ့ပြီ၊ ရေတွက်ပါ။)

တိဟိတ်စိတ်(၃၉)ပါး၌ အည(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါးယှဉ်ပါသည်။

ဇာတိဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

လောကီစိတ်(၈၁)ပါးတို့တွင်-

http://www.dhammadownload.com

အကုသိုလ်စိတ်(၁၂)ပါး၌ စေ(၂၇)ယှဉ်၍ ကုသိုလ်စိတ်(၁၇)ပါး၌ စေ(၃၈)ပါး ယှဉ်သည်။ (ရေတွက်ပါ။)

ဝိပါက်စိတ်(၂၃)ပါး၌ အည(၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အား ဖြင့် (၃၅)ပါး ယှဉ်ပါသည်။

ကြိယာစိတ်(၂၀)၌ အည(၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အား ဖြင့် (၃၅)ပါး ယှဉ်ပါသည်။

မှတ်ချက်။ ။ လောကီစိတ်(၈၁)ပါးကို ဈာနဘေဒဖြင့် ဝေဖန်၍လည်း စေတသိက်ယှဉ်ပါလေ၊ မခဲယဉ်းတော့ပြီ။

စိတ်တစ်ခုယုတ်(၉၀) (စိတ်အကျဉ်း ၈၉-ပါး) သင်္ဂဟနည်း

စိတ်တစ်ခုယုတ်(၉၀) (စိတ်အကျဉ်း ၈၉-ပါး)၌ အည(၁၃)၊ အက(၁၄)၊ သောဘန(၂၅)အား ဖြင့် (၅၂)ပါးယှဉ်ပါသည်။

ဝေဒနာဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

စိတ်တစ်ခုယုတ်(၉၀)တို့တွင်-

သုခ၊ ဒုက္ခသဟဂုတ်စိတ်တို့၌ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး ယှဉ်ပါသည်။

သောမနဿသဟဂုတ်စိတ်(၃၈)ပါး၌ အည(၁၃)၊ မောစတုက်(၄)၊ လောဘြိ(၃)၊ ထိန, မိဒ္ဓ၊ သောဘန(၂၅)အား ဖြင့် (၄၇)ပါး ယှဉ်ပါသည်။

ဒေါမနဿသဟဂုတ်စိတ်(၂)ပါး၌ စေတသိက်(၂၂)ပါးယှဉ်၍ ဥပေက္ခာ (၄၇)ပါး၌ စေတသိက်(၄၇)ပါး ယှဉ်ပါသည်။ (လောကီစိတ်တွင် ပြန်ကြည့်ပါ။)

မှတ်ချက်။ ။ ဤကား-လောကုတ္တရာစိတ်အကျဉ်း(၈)ပါးကို သောမနဿယူ၍ ခွဲသောနည်းဖြစ်သည်။ ၄င်းအကျဉ်း(၈)ပါးကို သောမနဿ ဥပေက္ခာ(၂)မျိုးယူလျှင် ယင်း(၈)ပါး၌ အည(၁၃)၊ အပွမညာကြဉ် သောဘန(၂၃) အား ဖြင့် (၃၆)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

သမ္မယောဂဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

စိတ်တစ်ခုယုတ်(၉၀)တို့တွင်-

သမ္မယုတ်စိတ်(၅၅)ပါး၌ မာနကြဉ် စေတသိက်(၅၁)ပါးယှဉ်၊ ဝိပ္ပယုတ်စိတ်(၁၆)ပါး၊ စေ (၄၅)၊ သမ်-ဝိပ် မဟုတ်သောစိတ်(၁၈)ပါး၌ စေ(၁၂)ပါးတို့ ယှဉ်ကြသည်။ (လောကီစိတ်တွင် ပြန်ကြည့်ပါ။)

သခ်ါရဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

စိတ်တစ်ခုယုတ်(၉၀)တို့တွင်-

အသခ်ါရိကစိတ်(၁၇)ပါး၌ စေ(၄၉)ပါး၊ သသခ်ါရိကစိတ်(၁၇)ပါး၌ စေ(၅၁)ပါး ယှဉ်ကြသည်။ (လောကီစိတ်တွင် ပြန်ကြည့်ပါ။)

သခ်ါရဝိမုတ်စိတ်(၅၅)ပါး၌ အညဉ(၁၃)၊ မောစတုက်(၄)၊ ဝိစိကိစ္ဆာ၊ သောဘန(၂၅)အားဖြင့် (၄၃)ပါးယှဉ်ပါသည်။

ဟေတုဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

လောကီစိတ်(၈၁)ပါး ဟေတုဘေဒနည်းအတိုင်း စေတသိက်ယှဉ်ပါလေ။ ဇာတိဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံလည်း လောကီစိတ်နှင့်တူပြီ။

သောဘနစိတ်အကျယ်(၉၁) သင်ဟနည်း

သောဘနစိတ်အကျယ်(၉၁)ပါး၌ အညဉ(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါး ယှဉ်ပါသည်။

ဝေဒနာဘေဒဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

သောဘနစိတ်အကျယ်(၉၁)ပါးတို့တွင်

သောမနဿသဟဂုတ်စိတ်(၅၆)ပါး၌ အညဉ(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်စိတ်(၃၅)ပါး၌ ပီတိကြဉ် အညဉ(၁၂)၊ သောဘန(၂၅)အားဖြင့် (၃၇)ပါး ယှဉ်ပါသည်။

သမ္မယောဂဘေဒ

သောဘနစိတ်အကျယ် (၉၁)ပါးတို့တွင် သမ္မယုတ်စိတ် (၇၉)ပါး၌ အညဉ (၁၃)၊ သောဘန (၂၅)အားဖြင့် (၃၈)ပါးယှဉ်ပါသည်။

ဝိပ္ပယုတ်စိတ် (၁၂)ပါး၌ အညဉ(၁၃)၊ ပညိန္ဒြေကြဉ် သောဘန (၂၄)အားဖြင့် (၃၇)ပါးယှဉ်ပါသည်။

သခ်ါရဘေဒ

သောဘနစိတ်အကျယ်(၉၁)ပါးတို့တွင် အသခ်ါရိက (၁၂)၊ သသခ်ါရိက (၁၂)၊ သခ်ါရဝိမုတ် (၆၇)ပါးတို့၌ အညဉ(၁၃)၊ သောဘန (၂၅) အားဖြင့် (၃၈)ပါးစီ အသီးသီး ယှဉ်ကြပါသည်။

ဟေတုဘေဒ

သောဘနစိတ်အကျယ်(၉၁)ပါးတို့တွင် ဒွိဟိတ်စိတ် (၁၂)ပါး၌ အညဉ(၁၃)၊ ပညိန္ဒြေကြဉ် သောဘန(၂၄)အားဖြင့် (၃၇)ပါး ယှဉ်ပါသည်။

တိဟိတ်စိတ်(၇၉)ပါး၌ အညဉ(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါး ယှဉ်ပါသည်။

ဈာတိဘေဒ

သောဘနစိတ်အကျယ်(၉၁)ပါးတို့တွင် ကုသိုလ်စိတ်(၃၇)ပါး၌ အညဉ(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါးစီယှဉ်၍ ကြိယာ(၁၇)ပါး၌ အညဉ(၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် (၃၅)ပါး ယှဉ်ပါသည်။

ဈာနဘေဒ

သောဘနစိတ်အကျယ်(၉၁)ပါးတို့တွင် ပထမဈာန်စိတ်(၁၁)ပါး၌ အညဉ(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

ဒု-(၁၁)ပါး၌ ဝိတက်ကြွင် (၃၇)ပါး ယှဉ်ပါသည်။

တ-(၁၁)ပါး၌ ဝိတက်၊ ဝိစာရကြွင်၊ စေ(၃၆)ပါး ယှဉ်ပါသည်။

စ-(၁၁)ပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိကြွင် စေတသိက်(၃၅)ပါး ယှဉ်ပါသည်။

ပဥ္စမစျာန်(၂၃)ပါး၌ ဝိတက်၊ ဝိစာရ၊ ပီတိကြွင် အည(၁၀)၊ အပ္ပမညာဒွေးကြွင် သောဘန(၂၃)အားဖြင့် (၃၃)ပါး ယှဉ်ပါသည်။

စျာန်မဟုတ်သော စိတ်(၂၄)ပါး၌ စေတသိက်(၃၈)ပါး ယှဉ်ပါသည်။ (အကျယ် ရေတွက်ပါ။)

မှတ်ချက် ။　။ သောဘနစိတ်အကျဉ်း တစ်ခုယုတ် (၆၀) သင်္ဂဟနည်းကိုလည်း သောဘနစိတ်အကျယ် သင်္ဂဟနည်းကိုမှီး၍ သရုပ်ခွဲပါလေ။ စျာန်စိတ်(၆၇)ပါးကိုလည်း ဘေဒစုံဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပါ။ မခဲယဉ်းတော့ပြီ။

စိတ်အကျယ်(၁၂၁)ပါး သင်္ဂဟနည်း

စိတ်အကျယ်(၁၂၁)ပါး၌ စေတသိက်(၅၂)ပါး ယှဉ်ပါသည်။ (သော်ကား...) အည(၁၃)၊ အကုစေ(၁၄)၊ သောဘန(၂၅)အားဖြင့် (၅၂)ပါးဖြစ်ပါသည်။

ဝေဒနာဘေဒစသည်ဖြင့် ဝေဖန်၍ စေတသိက်ယှဉ်ပုံ

စိတ်အကျယ်(၁၂၁)ပါးသည် (ကုန်ဆွေအားဖြင့်ပြားသော) ဝေဒနာဘေဒအားဖြင့် သုခသဟဂုတ်စိတ်(၁)ပါး၊ ဒုက္ခ(၁)ပါး၊ သောမနဿ(၆၂)ပါး၊ ဒေါမနဿ(၂)ပါး၊ ဥပေက္ခာ သဟဂုတ်စိတ်(၅၅)ပါးအားဖြင့် (၁၂၁)ပါးဖြစ်ပါသည်။ ထို(၁၂၁)ပါးတို့တွင်-

သုခ(၁)၊ ဒုက္ခ(၁)တို့၌ သမ္မစိတ္တသာဓာရဏစေတသိက်(၇)ပါး ယှဉ်ပါသည်။

သောမနဿ(၆၂)ပါး၌ အည(၁၃)၊ မောစတုက်(၄)၊ လောဘြိ(၃)၊ ထိန, မိဒ္ဓ၊ သောဘန(၂၅)အားဖြင့် (၄၇)ပါး ယှဉ်ပါသည်။

ဒေါမနဿ (၂)ပါး၌ စေ(၂၂)ပါးယှဉ်ပါသည်။ (ရေတွက်ပါ။)

ဥပေက္ခာ(၅၅)ပါး၌ ပီတိကြွင် အည(၁၂)၊ မောစတုက်(၄)၊ လောဘြိ(၃)၊ ထိန, မိဒ္ဓ၊ ဝိစိကိစ္ဆာ၊ သောဘန(၂၅)အားဖြင့် (၄၇)ပါး ယှဉ်ပါသည်။

http://www.dhammadownload.com

စိတ်အကျယ်(၁၂၁)ပါးသည် အနုဘဝနုလက္ခဏာရှိသော ဝေဒနာဘေဒအားဖြင့် သုခသဟဂုတ်စိတ်(၆၃)ပါး၊ ဒုက္ခ(၃)ပါး၊ ဥပေက္ခာ(၅၅)ပါးအားဖြင့် (၁၂၁)ပါး ဖြစ်ပါသည်။ ထို(၁၂၁)ပါးတို့တွင်-

သုခ(၆၃)ပါးဌ် ဒေါစတုက်(၄)ပါး၊ ဝိစိကိစ္ဆာကြဉ်သောစေတသိက်(၄၇)ပါး ယှဉ်ပါသည်။ (ရေတွက်ပါ။)

ဒုက္ခ(၃)ပါးဌ် စေတသိက်(၂၂)ပါးယှဉ်သည်။ ဒေါသမူဒွေးဌ်ယှဉ်သော (၂၂)ပါးပင် ဖြစ်သည်။

ဥပေက္ခာ(၅၅)ပါးဌ် ဝီတိ၊ ဒေါစတုတ်(၄)ပါးကြဉ်သော စေတသိက်(၄၇)ပါး ယှဉ်ပါသည်။ (ရေတွက်ပါ။)

သမ္မယောဂဘေဒ

စိတ်အကျယ်(၁၂၁)ပါးတို့တွင်-

သမ္မယုတ်စိတ်(၇၈)ပါးဌ် မာနကြဉ်သော စေတသိက်(၅၁)ပါးယှဉ်ပါသည်။ (ရေတွက်ပါ။)

ဝိပ္ပယုတ်စိတ်(၁၆)ပါးဌ် ဒိဋ္ဌိ၊ ဒေါစတုက်(၄)ပါး၊ ဝိစိကိစ္ဆာ၊ ပညိန္ဒြေကြဉ်သော စေ(၄၅)ပါးယှဉ်ပါသည်။ (ရေတွက်ပါ။)

သမ်-ဝိပ်မဟုတ်သောစိတ်(၁၈)ပါးဌ် ဆန္ဒကြဉ် အညဉ(၁၂)ပါး ယှဉ်ပါသည်။

သခ်ါရဘေဒ

စိတ်အကျယ်(၁၂၁)ပါးတို့တွင်-

အသခ်ါရိကစိတ်(၁၇)ပါးဌ် စေ(၄၉)ပါးယှဉ်၍ သသခ်ါရိကစိတ်(၁၇)ပါးဌ် စေ(၅၁)ပါးယှဉ်သည်။ (လောကီစိတ်ဌ် ပြန်ကြည့်ပါ။)

သခ်ါရဝိမုတ်စိတ်(၈၇)ပါးဌ် အညဉ(၁၃)၊ မောစတုက်(၄)၊ ဝိစိကိစ္ဆာ၊ သောဘန(၂၅)အားဖြင့် (၄၃)ပါးယှဉ်ပါသည်။

http://www.dhammadownload.com

ဟေတုဘေဒ

စိတ်အကျယ်(၁၂၁)ပါးတို့တွင် -

အဟိတ်စိတ်(၁၈)ပါးသို့ စေ(၁၂)ပါး၊ ကေဟိတ်စိတ်(၂)ပါးသို့ စေ(၁၆)ပါး၊ ဒွိဟိတ်စိတ်(၂၂)ပါးသို့ စေ(၅၀)၊ တိဟိတ်စိတ်(၇၉)ပါးသို့ စေ(၃၈)ပါးတို့ ယှဉ်ကြပါသည်။ (လောကီစိတ်သို့ ပြန်ကြည့်ပါ။)

ဇာတိဘေဒ

စိတ်အကျယ်(၁၂၁)ပါးတို့တွင်-

အကုသိုလ်စိတ်(၁၂)ပါးသို့ စေ(၂၇)ပါး ယှဉ်ပါသည်။ (ရေတွက်ပါ)

ကုသိုလ်စိတ်(၃၇)ပါး၊ ဝိပါက်စိတ်(၅၂)ပါး၊ ကြိယာစိတ်(၂၀)တို့သို့ အညဉ်၁၃) သောဘန(၂၅)အားဖြင့် စေတသိက်(၃၈)ပါးစီ အသီးသီးယှဉ်ကြပါသည်။

ဈာနဘေဒ

စိတ်အကျယ်(၁၂၁)ပါးတို့တွင်-

ပထမဈာန်စိတ်(၁၁)ပါးသို့ အညဉ်၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါးယှဉ်ပါသည်။

ဒုတိယဈာန်(၁၁)ပါးသို့ ဝိတက်ကြဉ် စေ(၃၇)ပါး ယှဉ်ပါသည်။

တတိယဈာန်(၁၁)ပါးသို့ ဝိတက်၊ ဝိစာရကြဉ် စေ(၃၆)ပါး ယှဉ်ပါသည်။

စတုတ္ထဈာန်(၁၁)ပါးသို့ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ် စေ(၃၅)ပါး ယှဉ်ပါသည်။

ပဉ္စမဈာန်(၂၃)ပါးသို့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ အပွမညာဒွေးကြဉ် စေ(၃၃)ပါးယှဉ်ပါသည်။

ဈာန်မဟုတ်သော စိတ်(၅၄)ပါးသို့ စေ(၅၂)ပါးယှဉ်ပါသည်။ (ရေတွက်ပါ။)

ဘူမိဘေဒ

စိတ်အကျယ်(၁၂၁)ပါးတို့တွင်-

ကာမစိတ်(၅၄)ပါးသို့ စေ(၅၂)ပါး၊ ရူပစိတ်(၁၅)ပါးသို့ စေ(၃၅)ပါး၊ အရူပစိတ်

http://www.dhammadownload.com

(၁၂)ပါးခ်ဳံစေ(၃၀)၊ လောကုတ္တရာစိတ်အကျယ်(၄၀)ခ်ဳံ စေ(၃၆)ပါးတို့ ယှဉ်ပါသည်။ (ရေတွက်ပါ။)

ဥာဏ်စမ်းများ

အကုသိုလ်စိတ်(၁၂)ပါးတို့တွင်-အလည်တည့်တည့်ကျသော ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်နှင့် ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်(၂)ပါးခ်ဳံ ပီတိကြဉ် အည(၁၂)၊ မောစတုက်(၄)၊ လောကြိ(၃)၊ ထိန၊ မိဒ္ဓအားဖြင့်(၂၁)ပါး ယှဉ်ပါသည်။

ကာမစိတ်(၅၄)ပါးတို့တွင်-အလည်တည့်တည့်ကျသော သောမနဿသန္ဓိရဏစိတ်၊ ဥပေက္ခာသန္ဓိရဏစိတ်၊ အာဝဇ္ဇန်းဒွေးအားဖြင့် ဤ(၄)ပါးသောစိတ်တို့ခ်ဳံ ဆန္ဒကြဉ်သော အည်သမာန်း စေတသိက်(၁၂)ပါး ယှဉ်ပါသည်။

မဟဂ္ဂုတ်စိတ်(၂၇)ပါးတို့တွင်-အလည်တည့်တည့်ကျသော ရူပါဝစရကြိယာ စတုတ္ထဈာန်စိတ်ခ်ဳံ ဝိတက်, ဝိစာရ, ပီတိကြဉ် အည(၁၁)၊ ဝိရတီကြဉ်သောဘနစေ(၂၂) အားဖြင့် (၃၂)ပါး ယှဉ်ပါသည်။

လောကီစိတ်(၈၁)ပါးတို့တွင်-အလည်တည့်တည့်ကျသောမဟာဝိပါက်သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်၊ အသင်္ခါရိကစိတ်ခ်ဳံ အည(၁၃)၊ သောဘနသာဓာရဏ စေ(၁၉)ပါး အားဖြင့် (၃၂)ပါး ယှဉ်ပါသည်။

သောဘနစိတ်အကျဉ်း(၅၉)ပါး (တစ်ခုယုတ် ၆၀)ခ်ဳံ အလည်တည့်တည့်ကျသော ရူပါဝစရ ပထမဈာန် ဝိပါက်စိတ်ခ်ဳံ အည(၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် (၃၅)ပါး ယှဉ်ပါသည်။

သောဘနစိတ်အကျယ်(၉၁)ပါးတို့တွင် အလည်တည့်တည့်ကျသော အာကိဉ္စည-ယတနဝိပါက်စိတ်ခ်ဳံ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ် အည(၁၀)၊ ဝိရတီ, အပ္ပမညာကြဉ် သောဘန(၂၀)အားဖြင့် စေ(၃၀)ယှဉ်ပါသည်။

စိတ်အကျယ်(၁၂၁)ပါးတို့ဝွင်-အလယ်တည့်တည့်ကျသော ရူပါဝစရ ဒုတိယဈာန် ဝိပါက်စိတ်ခ်ဳံ ဝိတက်ကြဉ် အည(၁၂)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် စေ(၃၄)ပါး ယှဉ်နိုင်ပါ::ဒည်။

http://www.dhammadownload.com

စိတ်အကျယ်(၁၂၁)ပါးတို့တွင်-**စေတသိက်အများဆုံးယှဉ်သောစိတ်**သည် မဟာကုသိုလ် ပထမဒွေးဖြစ်ပါသည်။ ယင်းစိတ်၌ အည(၁၃)၊ သောဘန(၂၅)အားဖြင့် (၃၈)ပါး ယှဉ်ပါသည်။

စေတသိက်အနည်းဆုံးယှဉ်သောစိတ်သည် ဒွေးပဉ္စဝိညာဏ်(၁၀)ဖြစ်ပါသည်။ ယင်း စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး ယှဉ်ပါသည်။

စေတသိက်(၅၂)ပါးတို့တွင် **စိတ်အများဆုံးယှဉ်သော စေတသိက်**သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးဖြစ်ပါသည်။

၄င်းသည် စိတ်တစ်ခုယုတ်(၉၀)၊ အကျယ်(၁၂၁)ပါးတို့၌ ယှဉ်ပါသည်။

စိတ်အနည်းဆုံးယှဉ်သော စေတသိက်သည် ဝိစိကိစ္ဆာစေတသိက်ဖြစ်ပါသည်။ ၄င်းသည် ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါး၌သာ ယှဉ်ပါသည်။

ပကိဏ်းစေတသိက်(၆)ပါးလုံးနှင့် ယှဉ်သောစိတ်သည် လောဘမူသောမနသ (၄)ပါး၊ ကာမာဝစရသောဘန သောမနသ (၁၂)ပါး၊ ပထမဈာန်စိတ် (၁၁)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

ပကိဏ်းစေတသိက်(၆)ပါးလုံးနှင့် မယှဉ်သောစိတ်သည် ဒွေးပဉ္စဝိညာဏ်(၁၀) ဖြစ်ပါသည်။

သောဘန အသောဘန စက်လှည့်

စေတသိက်(၅၂)ပါးတို့တွင် သောဘနသာမည်၍ အသောဘန မမည်သော စေတသိက်သည် **သောဘနစေတသိက်**(၂၅)ပါး ဖြစ်ပါသည်။

အသောဘနမည်၍ သောဘနမမည်သော စေတသိက်သည် **အကုသိုလ်စေတသိက်** (၁၄)ပါး ဖြစ်ပါသည်။ (၂)ပါးစုံမည်သော စေတသိက်သည် အည(၁၃)ပါးဖြစ်ပါသည်။

(၂)ပါးစုံမမည်သော စေတသိက်သည်မရှိပါ။

စိတ်ကို ကောင်း,ဆိုးဖြစ်အောင် ခြယ်လှယ်သော စေတသိက်များ

စေတသိက်(၅၂)ပါးတို့တွင် သောဘနစေတသိက်(၂၅)ပါးသည် စိတ်ကို ကောင်းအောင် ခြယ်လှယ်သော စေတသိက်တို့ မည်ပါသည်။

http://www.dhammadownload.com

အကုသိုလ်စေတသိက်(၁၄)ပါးသည် စိတ်ကိုဆိုးအောင် (မကောင်းအောင်) ခြယ်လှယ်သော စေတသိက်တို့မည်ပါသည်။

အညသမာန်းစေတသိက်(၁၃)ပါးသည် စိတ်ကိုကောင်းအောင် ဆိုးအောင်ခြယ်လှယ်ပေးသော စေတသိက်တို့မည်ပါသည်။ (၀၊)စိတ်ကောင်း, စိတ်ဆိုး(၂)မျိုးလုံးဌ ပါဝင်၍ ခြယ်လှယ်သော စေတသိက်တို့မည်ပါသည်။

* * * * *

နိယတ အနိယတ ယောဂီစေတသိက်များ

အနိယတယောဂီ စေတသိက်ပြဂါထာ

ဣသာ မစ္ဆေရ ကုက္ကုစ္စ (ပ) ယထာဝုတ္တာနုသာရေန-ဟူသောဂါထာနှင့် တစ်ပါဒသည် အနိယတယောဂီ စေတသိက်တို့ကိုပြသော တစ်ဂါထာနှင့်တစ်ပါဒဖြစ်ပါသည်။

ဣသာ မစ္ဆေရ ကုက္ကုစ္စ (ပ) ထိနမိဒ္ဓံ တထာသဟ-ဟူသောဂါထာသည် နာနာကဒါစိ သဟကဒါစိစေတသိက်တို့ကို ပြသောတစ်ဂါထာဖြစ်ပါသည်။

အနိယတယောဂီ စေတသိက်(၁၁)ပါး

ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိစေတသိက်(၃)ပါး, အပ္ပမညာဒွေး, မာန, ထိန, မိဒ္ဓအားဖြင့် ဤ(၁၁)ပါးသော စေတသိက်တို့သည် မိမိတို့ယှဉ်ဘက်စိတ်၌ အမြဲမယှဉ်သည်၏ အဖြစ်ကြောင့် အနိယတယောဂီစေတသိက်တို့ မည်ပါသည်။

သာဓကကား။ ။ ဣသာမစ္ဆေရကုက္ကုစ္စ (ပ) ယထာဝုတ္တာနုသာရေန ဖြစ်ပါသည်။

နာနာကဒါစိစသည်ခွဲပုံ

ထိုအနိယတယောဂီစေတသိက်(၁၁)ပါးတို့တွင်-

ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိစေတသိက်(၃)ပါး, အပ္ပမညာဒွေးအားဖြင့် ဤ(၈)ပါးသော စေတသိက်တို့သည် ရံခါအသီးသီးယှဉ်သည်၏အဖြစ်ကြောင့် နာနာကဒါစိ အနိယတယောဂီစေတသိက်တို့ မည်ပါသည်။

မာနစေတသိက်သည် ရံခါယှဉ်သည်၏အဖြစ်ကြောင့် ကဒါစိ အနိယတယောဂီ

http://www.dhammadownload.com

စေတသိက်မည်ပါသည်။

ထိန,မိဒ္ဓ စေတသိက်(၂)ခုအပေါင်းသည် ရဲခါအတူတကွယှဉ်သည်၏အဖြစ်ကြောင့် ကဒါစိသဟ အနိယတယောဂီစေတသိက်မည်ပါသည်။

တစ်နည်း ။ ။ အနိယတယောဂီစေတသိက်(၁၁)ပါးသည် ရဲခါယှဉ်သောစေတသိက်တို့ ဖြစ်သောကြောင့် ကဒါစိစေတသိက်တို့လည်း မည်ပါသည်။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီစေတသိက်(၃)ပါး, အပွမညာဒွေးအားဖြင့် ဤ(၈)ပါးသော စေတသိက်တို့သည် အသီးသီးယှဉ်သောကြောင့် နာနာစေတသိက်တို့လည်း မည်ပါသည်။

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓအားဖြင့် ဤ(၆)ပါးသော စေတသိက်တို့သည် အတူတကွ ယှဉ်နိုင်ကြသောကြောင့် သဟစေတသိက်တို့လည်း မည်ပါသည်။

ဣဿာစသည်တို့ နာနာဖြစ်ပုံ (အသီးသီးဖြစ်ပုံ)

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်(၃)ပါးတို့၏ နာနာဖြစ်ပုံကား(၀ါ)အသီးသီး ဖြစ်ပုံကား.... သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿာဖြစ်ပါသည်။ မစ္ဆရိယ, ကုက္ကုစ္စမဖြစ်ပါ။ မိမိစည်းစိမ်ကို လှူဒါန်းသောအခါ မစ္ဆရိယဖြစ်ပါသည်။ ဣဿာ, ကုက္ကုစ္စမဖြစ်ပါ။ ပြုအပ်ပြီးသောဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်ပါသည်။ ဤကား ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်(၃)ပါးတို့၏ နာနာဖြစ်ပုံတည်း။ (၀ါ) အသီးသီးဖြစ်ပုံတည်း။

ဣဿာစသည်တို့ ကဒါစိဖြစ်ပုံ(ရဲခါဖြစ်ပုံ)

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်(၃)ပါးတို့၏ ကဒါစိဖြစ်ပုံကား (၀ါ)ရဲခါ ဖြစ်ပုံကား.... သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿာဖြစ်ပါသည်။ မငြူစူသော အခါ ဣဿာမဖြစ်ပါ။ မိမိစည်းစိမ်ကို လှူဒါန်းသောအခါ မစ္ဆရိယဖြစ်ပါသည်။ မလှူဒါန်း သောအခါ မစ္ဆရိယမဖြစ်ပါ။ ပြုအပ်ပြီးသောဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်ပါသည်။ မစိုးရိမ်သောအခါ ကုက္ကုစ္စမဖြစ်ပါ။

ဤကား ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်(၃)ပါးတို့၏ ကဒါစိဖြစ်ပုံတည်း။

http://www.dhammadownload.com

(ဝါ)ရံခါဖြစ်ပုံတည်း။

အပွမညာဒွေ နာနာဖြစ်ပုံ (အသီးသီးဖြစ်ပုံ)

အပွမညာဒွေ နာနာဖြစ်ပုံကား (ဝါ)အသီးသီးဖြစ်ပုံကား.... အတိုင်းမသိသော ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာဖြစ်ပါသည်။ မုဒိတာ မဖြစ်ပါ။

အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်ပါသည်။ ကရုဏာ မဖြစ်ပါ။ ဤကား...အပွမညာဒွေး၏ နာနာဖြစ်ပုံတည်း။ (ဝါ) အသီးသီးဖြစ်ပုံတည်း။

အပွမညာဒွေး ကဒါစိဖြစ်ပုံ (ရံခါဖြစ်ပုံ)

အပွမညာဒွေး ကဒါစိဖြစ်ပုံကား (ဝါ) ရံခါဖြစ်ပုံကား....အတိုင်းမသိသော ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာဖြစ်ပါသည်။ မသနားသောအခါ ကရုဏာမဖြစ်ပါ။ အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သော အခါ မုဒိတာဖြစ်ပါသည်။ ဝမ်းမမြောက်သောအခါ မုဒိတာမဖြစ်ပါ။

ဤကား... အပွမညာဒွေး၏ ကဒါစိဖြစ်ပုံတည်း။ (ဝါ) ရံခါဖြစ်ပုံတည်း။

မာနု၏ ကဒါစိဖြစ်ပုံ(ဝါ)ရံခါဖြစ်ပုံ

မာနုစေတသိက်၏ ကဒါစိဖြစ်ပုံကား(ဝါ)ရံခါဖြစ်ပုံကား....မိမိကိုယ်ကိုငါသာလျှင် မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားသောအခါ မာနဖြစ်ပါသည်။ မထောင်လွှားသော အခါမာနမဖြစ်ပါ။ ဤကား....မာနုစေတသိက်၏ ကဒါစိဖြစ်ပုံတည်း။ (ဝါ)ရံခါဖြစ်ပုံတည်း။

ထိန မိဒ္ဓ၏ ကဒါစိ သဟဖြစ်ပုံ

ထိန, မိဒ္ဓစေတသိက်(၂)ခု၏ ကဒါစိသဟဖြစ်ပုံကား (ဝါ)ရံခါအတူတကွ ဖြစ်ပုံကား- စိတ်,စေတသိက်တို့၏အမှုဌ် မခံ့သောအခါ ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်း သည် ရံခါအတူတကွဖြစ်ပါသည်။ ခံ့သောအခါ ရံခါအတူတကွမဖြစ်ပါ။ ဤကား... ထိန, မိဒ္ဓစေတသိက်၏ ကဒါစိသဟဖြစ်ပုံတည်း။ (ဝါ)ရံခါ အတူတကွဖြစ်ပုံတည်း။

http://www.dhammadownload.com

ထိန မိဒ္ဓတို့ ဣဿာနှင့် ကဒါစိသဟဖြစ်ပုံ

ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်း၏ ဣဿာစေတသိက်နှင့် ကဒါစိသဟဖြစ်ပုံကား(ဝါ) ရံခါ အတူတကွဖြစ်ပုံကား...စိတ်,စေတသိက်တို့၏ (အမှုဒ္ဓ) မခဲ့မူ၍သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်းသည် ဣဿာစေတသိက်နှင့် အတူတကွဖြစ်ပါသည်။ မငြူစူသောအခါ အတူတကွမဖြစ်ပါ။ ဤကား-ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်း၏ ဣဿာစေတသိက်နှင့် ကဒါစိသဟဖြစ်ပုံတည်း။ (ဝါ)ရံခါအတူတကွဖြစ်ပုံတည်း။

မှတ်ချက် ။　။ မစ္ဆရိယ, ကုက္ကုစ္စ, မာနစေတသိက်တို့ကိုလည်း ဣဿာနည်းကိုမှီး၍ဆိုလေ။ လွယ်ပြီ။

နာနာကဒါစိစသည်ဖြစ်၍ယှဉ်သော စေတသိက်များ

အနိယတယောဂီစေတသိက်(၁၁)ပါးတို့တွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်(၃)ခုသည် ဒေါသမူဌေး၌ နာနာကဒါစိဖြစ်၍ ယှဉ်ပါသည်။

ဝိရတီစေသိက်(၃)ခုသည် မဟာကုသိုလ်စိတ်(၈)ပါး၌ နာနာကဒါစိဖြစ်၍ ယှဉ်ပါသည်။

အပွမညာဌေးသည် ပဌမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ်(၁၂)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါးအားဖြင့် ဤ(၂၈)ပါးသောစိတ်၌ နာနာကဒါစိဖြစ်၍ ယှဉ်ပါသည်။

မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ခု၌ ကဒါစိဖြစ်၍ ယှဉ်ပါသည်။ ထိန, မိဒ္ဓစေတသိက်(၂)ခု အပေါင်းသည် သသခ်ါရိကစိတ်(၅)ခု၌ ကဒါစိသဟဖြစ်၍ ယှဉ်ပါသည်။ ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်းသည် ဒိဋ္ဌိဂတဝိပ္ပယုတ် သသခ်ါရိကစိတ်(၂)ခု၌ ယှဉ်သောအခါ မာနစေတသိက်နှင့် အတူတကွ ဖြစ်ပါသည်။ (ဋီ)

ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်းသည် ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသခ်ါရိကစိတ်၌ ယှဉ်သောအခါ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့နှင့် အတူတကွ ဖြစ်ပါသည်။

http://www.dhammadownload.com

ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်းသည် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် (၂)ခုဥ်ဖြစ်သောအခါ ဣသာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့နှင့်လည်းဂေကောင်း၊ မာန စေတသိက်နှင့်လည်းကောင်း ကင်း၍ဖြစ်ပါသည်။ (၀၊)နာနာဖြစ်ပါသည်။

ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်းသည် ဒေါသမူ သသင်္ခါရိကစိတ်ဥ် ဖြစ်သော အခါ မာနစေတသိက်နှင့်ကင်း၍ ဖြစ်ပါသည်။

ထိန, မိဒ္ဓစေတသိက်(၂)ခုအပေါင်းသည် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်ဥ် ဖြစ်သောအခါ ဣသာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့နှင့် ကင်း၍ ဖြစ်ပါသည်။

နာနာကဒါစိ စက်လှည့်

စေတသိက်(၅၂)ပါးတို့တွင် နာနာသာမည်၍ ကဒါစိမမည်သောစေတသိက်သည် မရှိပါ။

ကဒါစိသာမည်၍ နာနာမမည်သော စေတသိက်သည်(၃)ပါးရှိပါသည်။(ကား...) မာန, ထိန, မိဒ္ဓ-အားဖြင့် (၃)ပါး ဖြစ်ပါသည်။

(၂)ပါးစုံမည်သော စေတသိက်သည် (၈)ပါးရှိပါသည်။ (ကား...)

ဣသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိစေတသိက်(၃), အပွမညာ(၂)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။

(၂)ပါးစုံမမည်သော စေတသိက်သည် (၄၁)ပါးရှိပါသည်။ (ကား...)

အညာ(၁၃)၊ မောစတုက်(၄)၊ လောဘ၊ ဒိဋ္ဌိ၊ ဒေါသ၊ ဝိစိကိစ္ဆာ၊ သောဘနသာဓာ ရဏာစေတသိက်(၁၉)ပါး၊ ပညိန္ဒြေအားဖြင့်(၄၁)ပါးဖြစ်ပါသည်။

နိယတယောဂီစေတသိက်ပြ သင်္ဂဟပါဠ်

သေသာ နိယတယောဂီနော-ဟူသော ဂါထာတစ်ပါဒသည် နိယတယောဂီ စေတသိက်တို့ကိုပြသော ဂါထာတစ်ပါဒဖြစ်ပါသည်။

နိယတယောဂီစေတသိက်(၄၁)ပါး

အညသမာနံးစေတသိက်(၁၃)ပါး၊ သဗ္ဗာကုသလသာဓာရဏာစေတသိက်(၄)ပါး၊

http://www.dhammadownload.com

လောဘ, ဒိဋ္ဌိ, ဒေါသ, ဝိစိကိစ္ဆာ, သောဘနစေတသိက်(၁၉)ပါး၊ ပညိန္ဒြေစေတသိက်(၁)ပါးအားဖြင့် ဤ(၄၁)ပါးသော စေတသိက်တို့သည် မိမိတို့ယှဉ်ဘက်စိတ်၌ အဖြဲယှဉ်သည်၏ အဖြစ်ကြောင့် နိယတယောဂီစေတသိက်တို့ မည်ပါသည်။

သာဓကကား။　　။ သေသာ နိယတယောဂိနော ဖြစ်ပါသည်။

သင်္ဂဟနည်း၏ နိဒါန်းပြပါဠိများ

သင်္ဂဟဋ္ဌ ပဝကွာမိ၊ တေသံ ဒါနိ ယထာရုဟံ-ဟူသော ဤဂါထာ(၂)ပါဒသည် သင်္ဂဟနည်း၏ နိဒါန်းနှင့်ပဋိညာဉ်ကိုပြသော ဂါထာ(၂)ပါဒဖြစ်ပါသည်။

သင်္ဂဟနည်း(၅)မျိုးပြ သင်္ဂဟဂါထာများ

ဆတ္တိံသာနုတ္တရေ ဓမ္မာ-အစရှိသော ဤ(၂)ဂါထာသည် သင်္ဂဟနည်း၏အကျဉ်းဥဒ္ဒေသနှင့် မာတိကာကိုပြသော (၂)ဂါထာဖြစ်ပါသည်။ သင်္ဂဟနည်းအကျဉ်း(၅)နည်းကိုပြသော(၂)ဂါထာလည်း မည်ပါသည်။ သင်္ဂဟနည်း(၃၃)နည်းကိုပြသော (၂)ဂါထာလည်း မည်ပါသည်။

သင်္ဂဟနည်းအကျဉ်း(၅)နည်း

သင်္ဂဟနည်းသည် အကျဉ်းအားဖြင့် (၅)နည်းရှိပါသည်။ (ကား...)

လောကုတ္တရာစိတ်၌ စေတသိက်(၃၆)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

မဟဂ္ဂုတ်စိတ်၌ စေတသိက်(၃၅)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

ကာမာဝစရသောဘနစိတ်၌ စေတသိက်(၃၈)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

အကုသိလ်စိတ်၌ စေတသိက်(၂၇)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

အဟိတ်စိတ်၌ စေတသိက်(၁၂)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်းအားဖြင့်(၅)နည်း ဖြစ်ပါသည်။

သာဓကကား။　　။ ဆတ္တိံသာနုတ္တရေ ဓမ္မာ (၀) သင်္ဂဟော ဖြစ်ပါသည်။

http://www.dhammadownload.com

ဂါထာအရကောက်များ

ဆတ္တိ သာနုတ္တရေ ဓမ္မာ-၌ ဆတ္တိ သ အရကား... အည(၁၃)၊ အပွမညာကြဉ် သောဘန(၂၃)အားဖြင့် (၃၆)ပါးဖြစ်ပါသည်။

ပဋ္ဌတ္တိသ မဟဂ္ဂတေ-၌ ပဋ္ဌတ္တိသအရကား... အည(၁၃)၊ ဝိရတီကြဉ် သောဘန (၂၂)အားဖြင့် (၃၅)ပါးဖြစ်ပါသည်။

အဋ္ဌတ္တိသာဝိ လဗ္ဘန္တိကာမာဝစရသောဘနေ၌ အဋ္ဌတ္တိသအရကား...အည(၁၃) သော(၂၅)အားဖြင့် (၃၈)ပါးဖြစ်ပါသည်။

သတ္တဝီသတိ ပုညမှိ ဒွါဒသာဟေတုကေ၌ သတ္တဝီသတိအရကား...အည(၁၃)၊ အကုသိုလ်စေတသိက်(၁၄)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

ဒွါဒသ၏အရကား... ဆန္နကြဉ် အည(၁၂)ပါးဖြစ်ပါသည်။

လောကုတ္တရာစိတ် သင်္ဂဟနည်း(၅)နည်း

လောကုတ္တရာစိတ်အကျယ်(၄၀)တို့တွင်-

လောကုတ္တရာ ပထမစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၆)ပါးယှဉ်ပါသည်။ (ကား...) အည(၁၃)၊ အပွမညာကြဉ် သောဘနစေ (၂၃)ပါးအားဖြင့် (၃၆)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ကထံ (ပ) ဂစ္ဆန္တိ ဖြစ်ပါသည်။

အများဆုံး၊ အမြဲတမ်း၊ တစ်ပြိုင်နက်ယှဉ်သောစိတ်များ

လောကုတ္တရာ ပထမစျာန်စိတ်(၈)ပါး၌ အများဆုံးယှဉ်သော စေတသိက်သည် (၃၆)ပါး ဖြစ်ပါသည်။ (ကား...)အည(၁၃)၊ အပွမညာကြဉ် သောဘန(၂၃)အားဖြင့် (၃၆)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ လောကုတ္တရာစိတ်၌ ဝိရတိစေတသိက်တို့ အမြဲတမ်း, တစ်ပြိုင်နက် ယှဉ်သောကြောင့် အမြဲတမ်း, တစ်ပြိုင်နက်ယှဉ်သော စေတသိက်တို့လည်း (၃၆)ပါးပင် ဖြစ်ပါသည်။

လောကုတ္တရာ ဒုတိယစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၅)ပါးယှဉ်ပါသည်။

http://www.dhammadownload.com

(ကား...) ဝိတက်ကြွင် အည(၁၂)၊ အပွမညာကြွင် သောဘန(၂၃)အားဖြင့် (၃၅)ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ တထာ (ပ) ဝိတက္ကဝန္ဓာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဒုတိယစျာန်စိတ်(၈)ပါး၌ အများဆုံး, အမြဲတမ်း, တစ်ပြိုင်နက် ယှဉ်သော စေတသိက်တို့လည်း(၃၅)ပါးပင်ဖြစ်ပါသည်။ တတိယ စျာန်စသည်၌လည်း ထို့အတူမှတ်ပါ။

လောကုတ္တရာ တတိယစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၄)ပါးယှဉ်ပါသည်။ (ကား...) ဝိတက်, ဝိစာရကြွင်သော အည(၁၁)၊ အပွမညာကြွင် သောဘန (၂၃)အားဖြင့် (၃၄)ပါးဖြစ်ပါသည်။

သာဓကကား။ ။ တတိယစျာနိကစိတ္တေသု ဝိတက္ကဝိစာရဝန္ဓာ ဖြစ်ပါသည်။

လောကုတ္တရာ စတုတ္ထစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၃)ပါးယှဉ်ပါသည်။ (ကား...) ဝိတက်၊ ဝိစာရ၊ ပီတိကြွင်သော အည(၁၀)၊ အပွမညာကြွင် သောဘန(၂၃) အားဖြင့် (၃၃)ပါးဖြစ်ပါသည်။

သာဓကကား။ ။ စတုတ္ထစျာနိက (ပ) ဝန္ဓာ ဖြစ်ပါသည်။

လောကုတ္တရာ ပဉ္စမစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၃)ပါး၊ ဝိတက်၊ ဝိစာရ၊ ပီတိကြွင် အည(၁၀)၊ အပွမညာကြွင် သောဘန(၂၃)အားဖြင့် (၃၃)ပါးဖြစ်ပါသည်။

သာဓကကား။ ။ ပဉ္စမစျာနိက (ပ) သင်္ခါယန္တိ ဖြစ်ပါသည်။

သင်္ဂဟနည်း(၅)နည်း

လောကုတ္တရာစိတ်၌ သင်္ဂဟနည်း(၅)နည်း ရှိပါသည်။ (ကား....)

လောကုတ္တရာ ပထမစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၆)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း၊

http://www.dhammadownload.com

လောကုတ္တရာ ဒုတိယစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၅)ပါးယှဉ်ခြင်း သင်္ဂီဟနည်း တစ်နည်း၊

လောကုတ္တရာ တတိယစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၄)ပါးယှဉ်ခြင်း သင်္ဂီဟ နည်း တစ်နည်း၊

လောကုတ္တရာ စတုတ္ထစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၃)ပါးယှဉ်ခြင်း သင်္ဂီဟနည်း တစ်နည်း၊

လောကုတ္တရာ ပဉ္စမစျာန်စိတ်(၈)ပါး၌ စေတသိက်(၃၃)ပါးယှဉ်ခြင်း သင်္ဂီဟနည်း တစ်နည်းအားဖြင့် (၅)နည်းဖြစ်ပါသည်။

သာဓကကား ။ ။ ဆတ္တိသ ပဉ္စတ္တိသစ (ပ) ပဉ္စဓာနုတ္တရေဠိတာ ဖြစ်ပါသည်။

သင်္ဂီဟဂါထာ အရကောက်များ

ဆတ္တိသ ပဉ္စတ္တိသ စ-စသောဂါထာ၌ ဆတ္တိသ အရကား-အည(၁၃)ပါး၊ အပွမညာကြည် သောဘန(၂၃)ပါးအားဖြင့် လောကုတ္တရာ ပထမစျာန်စိတ်(၈)ပါး၌ယှဉ်သော စေတသိက်(၃၆)ပါးကို ရပါသည်။

ဓုတင်ချုတ် ။ ။ ပဉ္စတ္တိသ စတုတ္တိသ တေတ္တိသ ဒွယ-သန်ဳာသဒ္ဒါတို့အရကိုလည်း အထက်ပါ သင်္ဂီဟနည်းကိုမှီး၍ ကောက်ပါ။

မဟဂ္ဂုတ်စိတ် သင်္ဂီဟနည်း(၅)ပါး

မဟဂ္ဂုတ်စိတ်(၂၇)ပါးတို့တွင်-

မဟဂ္ဂုတ်စျာန်စိတ်(၃)ပါး၌ စေတသိက်(၃၅)ပါး ယှဉ်ပါသည်။ (သော်ကား...) အည(၁၃)၊ ဝိရတီကြည် သောဘန(၂၂)အားဖြင့် (၃၅)ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ မဟဂ္ဂတောသု ပန (ပ) ဂစ္ဆန္တိဖြစ်ပါသည်။

မဟဂ္ဂုတ်ပထမစျာန်စိတ်(၃)ပါး၌ယှဉ်သော စေတသိက်(၃၅)ပါးတို့တွင်-

ကရုဏာ, မုဒိတာ စေတသိက်တို့သည် ပစ္စေကယှဉ်သော စေတသိက်တို့ မည်ပါသည်။ (ဝါ) အသီးသီးယှဉ်သော စေတသိက်တို့မည်ပါသည်။

သာဓကဝါကား ။ ။ ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ ဖြစ်ပါသည်။

http://www.dhammadownload.com

မဟဂ္ဂုတ်ပထမစျာန်စိတ်(၃)ပါး၌ အများဆုံးယှဉ်နိုင်သော စေတသိက်(၃၅)ပါး ဖြစ်ပါသည်။ (သော်ကား...)အည (၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် (၃၅)ပါး ဖြစ်ပါသည်။

အမြဲတမ်းယှဉ်သော စေတသိက်(၃၃)ပါးဖြစ်ပါသည်။ (သော်ကား...) အည (၁၃)၊ဝိရတီ, အပ္ပမညာကြဉ် သောဘနစေတသိက်(၂၀)ပါးအားဖြင့် (၃၃)ပါး ဖြစ်ပါသည်။

တစ်ပြိုင်နက်ယှဉ်သောစေတသိက် (၃၄)ပါးဖြစ်ပါသည်။ (သော်ကား...) အည(၁၃)၊ သောဘန(၁၉)ပါး၊ ပညိန္ဒြေ(၁)ပါး၊ ကရုဏာ, မုဒိတာ(၂)ပါးတို့တွင် တစ်ပါးပါးအားဖြင့် (၃၄)ပါးဖြစ်ပါသည်။

မဟဂ္ဂုတ် ဒုတိယစျာန်စိတ်(၃)ပါး၌ စေတသိက်(၃၄)ပါးယှဉ်ပါသည်။ (သော်ကား...) ဝိတက်ကြဉ် အည(၁၂)၊ ဝိရတီကြဉ် သောဘန (၂၂)အားဖြင့် (၃၄)ပါး ဖြစ်ပါသည်။

သာဓကကား ။　။ တထာ ဒုတိယစ္ဈာနိကစိတ္တေသု ဝိတက္ကဝန္ဓာ ဖြစ်ပါသည်။

မှတ်ချက် ။　။ မဟဂ္ဂုတ် ဒုတိယစျာန်၌ အများဆုံး(၃၄)၊ အမြဲတမ်း (၃၂)၊ တစ်ပြိုင်နက် (၃၃)ယှဉ်ပါသည်။

မဟဂ္ဂုတ် တတိယစျာန်စိတ်(၃)ပါး၌ စေတသိက်(၃၃)ပါး ယှဉ်ပါသည်။ (သော်ကား...) ဝိတက်, ဝိစာရကြဉ် အည(၁၁)၊ ဝိရတီကြဉ် သောဘန (၂၂)အားဖြင့် (၃၃)ပါး ဖြစ်ပါသည်။

သာဓကကား။　။ တတိယစ္ဈာနိကစိတ္တေသု ဝိတက္ကဝိစာရဝန္ဓာ ဖြစ်ပါသည်။

မှတ်ချက် ။　။ မဟဂ္ဂုတ် တတိယစျာန်၌ အများဆုံး(၃၃)၊ အမြဲတမ်း(၃၁)၊ တစ်ပြိုင်နက် (၃၂)ယှဉ်ပါသည်။

မဟဂ္ဂုတ် စတုတ္ထစျာန်စိတ် (၃)ပါး၌ စေတသိက်(၃၂)ပါး ယှဉ်ပါသည်။ (သော်ကား...) ဝိတက်, ဝိစာရ, ဝိတိကြဉ် အည(၁၀)၊ ဝိရတီကြဉ် သောဘန(၂၂) အားဖြင့် (၃၂)ပါး ဖြစ်ပါသည်။

သာဓကကား။　။ စတုတ္ထစ္ဈာနိကစိတ္တေသု ဝိတက္ကဝိစာရပီတိဝန္ဓာ ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။ မဟာဂျုတ် စတုတ္ထဈာန်စိတ်၌ အများဆုံး(၃၂)၊ အမြဲတမ်း(၃၀)၊ တစ်ပြိုင်နက် (၃၁)ပါးယှဉ်ပါသည်။

မဟာဂျုတ် ပဉ္စဈာန်စိတ်(၁၅)ပါး၌ စေတသိက်(၃၀)ယှဉ်ပါသည်။ (သော်ကား...) ဝိတက်, ဝိစာရ, ပီတိကြဉ် အည(၁၀)၊ ဝိရတီ, အပ္ပမညာကြဉ် သောဘန(၂၀)အားဖြင့် (၃၀)ဖြစ်ပါသည်။

သာဓကကား။ ။ ပဉ္စမဈာနိက (ပ) သင်္ဂဟော ဟောတိ ဖြစ်ပါသည်။

သင်္ဂဟနည်း(၅)နည်း

မဟဂ္ဂုတ်စိတ်(၂၇)ပါး၌ သင်္ဂဟနည်း(၅)နည်းဖြစ်ပါသည်။ (ကား...)-

မဟဂ္ဂုတ် ပထမဈာန်စိတ်(၃)ပါး၌ စေတသိက်(၃၅)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း။

မဟဂ္ဂုတ် ဒုတိယဈာန်စိတ်(၃)ပါး၌ စေတသိက်(၃၄)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း။

မဟဂ္ဂုတ် တတိယဈာန်စိတ်(၃)ပါး၌ စေတသိက်(၃၃)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း။

မဟဂ္ဂုတ် စတုတ္ထဈာန်စိတ်(၃)ပါး၌ စေတသိက်(၃၂)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း။

မဟဂ္ဂုတ် ပဉ္စမဈာန်စိတ်(၁၅)ပါး၌ စေတသိက်(၃၀)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း၊ အားဖြင့် သင်္ဂဟနည်း (၅)နည်း ဖြစ်ပါသည်။

ဂါထာအရကောက်

ပဉ္စတ္တိသ စတုတ္တိ သ-စသောဂါထာ၌ ပဉ္စတ္တိသ (အရကား...)အည(၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် မဟဂ္ဂုတ် ပထမဈာန်စိတ်(၃)ပါး၌ ယှဉ်သော စေတသိက် (၃၅)ပါးကို ရပါသည်။

http://www.dhammadownload.com

မှတ်ချက် ။　။ စတုတ္ထိသ, တေတ္ထိသ, ဗာတ္ထိသ, တိသ-သန္နိဘတို့အရကိုလည်း အထက်ပါသင်္ဂဟနည်းကိုမှီး၍ ကောက်ပါ။

ကာမသောဘနစိတ် သင်္ဂဟနည်း(၁၂)ပါး

ကာမသောဘနစိတ်(၂၄)ပါးတို့တွင် -

မဟာကုသိုလ် ပထမဇွေးဌ် စေတသိက်(၃၈)ပါးယှဉ်ပါသည်။(ကား...) အည(၁၃) သောဘန(၂၅)-အားဖြင့် (၃၈)ပါးဖြစ်ပါသည်။

သာဓကကား။　။ ကာမာဝစရ (ပ) သင်္ဂဟံ ဂစ္ဆန္တိ ဖြစ်ပါသည်။

ပစ္စေကယှဉ်သော စေတသိက်များ

မဟာကုသိုလ် ပထမဇွေးဌ် ယှဉ်သော စေတသိက်(၃၈)ပါးတို့တွင် -

ဝိရတီ, အပ္ပမညာအားဖြင့် ဤ(၅)ပါးသော စေတသိက်တို့သည် ပစ္စေကယှဉ်သော စေတသိက်တို့မည်ပါသည်။ (၀ါ)အသီးသီးယှဉ်သော စေတသိက်တို့မည်ပါသည်။

သာဓကကား ။　။ အပ္ပမညာ ဝိရတိယော ပနေတ္ထ ပဉ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ ဖြစ်ပါသည်။

အများဆုံး အမြဲတမ်း တစ်ပြိုင်နက်ယှဉ်သော စေတသိက်များ

မဟာကုသိုလ်ပထမဇွေးဌ် အများဆုံးယှဉ်သော စေတသိက် (၃၈)ပါးဖြစ်ပါသည်။ (ရေတွက်ပါ။)

အမြဲတမ်းယှဉ်သော စေတသိက်သည် (၃၃)ပါးဖြစ်ပါသည်။ (ကား...) အည(၁၃)၊ ဝိရတီ, အပ္ပမညာကြဉ် သောဘန(၂၀)အားဖြင့် (၃၃)ပါးဖြစ်ပါသည်။

တစ်ပြိုင်နက်ယှဉ်သော စေတသိက်သည် (၃၄)ပါးဖြစ်ပါသည်။ (ကား...) အည(၁၃)၊ သောဘနသာဓာရဏ စေတသိက်(၁၉)၊ ပညိန္ဒြေ(၁)ပါး၊ အပ္ပမညာ, ဝိရတီတို့တွင်တစ်ပါးပါး အားဖြင့် (၃၄)ပါးဖြစ်ပါသည်။

မဟာကုသိုလ် ဒုတိယဇွေးဌ် စေတသိက်(၃၇)ပါးယှဉ်ပါသည်။ (ကား...)အည (၁၃)၊ ပညိန္ဒြေကြဉ် သောဘန(၂၄)အားဖြင့် (၃၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ တထာ ဒုတိယဒွယေ ဉာဏဝန္ဓိတာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ မဟာကုသိုလ် ဒုတိယဒွေးဒ်၌ အများဆုံး(၃၇)ပါး၊ အမြဲတမ်း(၃၂)၊ တစ်ပြိုင်နက်(၃၃)ပါးယှဉ်ပါသည်။

မဟာကုသိုလ်တတိယဒွေးဒ်၌ စေတသိက်(၃၇)ပါး ယှဉ်ပါသည်။ (ကား...) ဝိတိက္ကြဉ် အည(၁၂)၊ သောဘန(၂၅)အားဖြင့် (၃၇)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ တတိယဒွယေ ဉာဏသမ္ပယုတ္တာ ဝိတိဝန္ဓိတာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ မဟာကုသိုလ် တတိယဒွေးဒ်၌ အများဆုံး(၃၇)၊ အမြဲတမ်း(၃၂)၊ တစ်ပြိုင်နက် (၃၃)ယှဉ်သည်။

မဟာကုသိုလ် စတုတ္ထဒွေးဒ်၌ စေတသိက်(၃၆)ပါးယှဉ်ပါသည်။ (ကား...)ဝိတိက္ကြဉ် အည(၁၂)၊ ပညန္ဒြေကြဉ် သောဘန(၂၄)အားဖြင့် (၃၆)ပါးဖြစ်ပါသည်။

သာဓကကား။ ။ စတုတ္ထဒွယေ ဉာဏဝိတိဝန္ဓိတာ တေဓဝ သင်္ခယ္ကန္တိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ မဟာကုသိုလ် စတုတ္ထဒွေးဒ်၌ အများဆုံး(၃၆)၊ အမြဲတမ်း(၃၁)၊ တစ်ပြိုင်နက် (၃၂)ယှဉ်သည်။

မဟာကြိယာစိတ်

မဟာကြိယာ ပထမဒွေးဒ်၌ စေတသိက်(၃၅)ပါး ယှဉ်ပါသည်။ (ကား...) အည(၁၃)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် (၃၅)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ မဟာကြိယာ ပထမဒွေးဒ်၌ အများဆုံး (၃၅)၊ အမြဲတမ်း (၃၃)၊ တစ်ပြိုင်နက်(၃၄)ယှဉ်သည်။ (ကရဏာ, မုဒိတာ(၂)ပါးတို့တွင် တစ်ပါးပါး။)

မဟာကြိယာ ဒုတိယဒွေးဒ်၌ စေတသိက်(၃၄)ပါး ယှဉ်ပါသည်။ (ကား...) အည(၁၃)၊ သောဘနသာဓာရဏ(၁၉)၊ အပ္ပမညာဒွေး အားဖြင့်(၃၄)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ မဟာကြိယာ ဒုတိယဒွေးဒ်၌ အများဆုံး (၃၄)၊ အမြဲတမ်း (၃၂)၊ တစ်ပြိုင်နက်(၃၃)ယှဉ်ပါသည်။

မဟာကြိယာ တတိယဒွေးဒ်၌ စေတသိက်(၃၄)ပါးယှဉ်ပါသည်။ (ကား...) ဝိတိက္ကြဉ် အည(၁၂)၊ ဝိရတီကြဉ် သောဘန(၂၂)အားဖြင့် (၃၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။　။ မဟာကြိယာ တတိယဒွေးဌ် အများဆုံး (၃၄)၊ အမြဲတမ်း (၃၂)၊ တစ်ပြိုင်နက်(၃၃)ယှဉ်ပါသည်။

မဟာကြိယာ စတုတ္ထဒွေးဌ် စေတသိက်(၃၃)ပါး ယှဉ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ သောဘနသာဓာရဏ(၁၉)၊ အပွမညာဒွေးအားဖြင့်(၃၃)ပါး ဖြစ်ပါသည်။

မှတ်ချက် ။　။ မဟာကြိယာ စတုတ္ထဒွေးဌ် အများဆုံး (၃၃)၊ အမြဲတမ်း (၃၁)၊ တစ်ပြိုင်နက်(၃၂)ယှဉ်ပါသည်။

သာဓကကား ။　။ ကြိယာစိတ္တေသုဝိ (ပ) သင်္ဂဟိဿ ဖြစ်ပါသည်။

မဟာဝိပါက်စိတ်

မဟာဝိပါက် ပထမဒွေးဌ် စေတသိက်(၃၃)ပါး ယှဉ်ပါသည်။ (ကား...) အည(၁၃)၊ ဝိရတီ, အပွမညာကြဉ် သောဘန (၂၀)အားဖြင့် (၃၃)ပါးဖြစ်ပါသည်။

မဟာဝိပါက် ဒုတိယဒွေးဌ် စေတသိက်(၃၂)ပါး ယှဉ်ပါသည်။ (ကား...) အည(၁၃)၊ သောဘနသာဓာရဏ (၁၉)အားဖြင့် (၃၂)ပါးဖြစ်ပါသည်။

မဟာဝိပါက် တတိယဒွေးဌ် စေတသိက်(၃၂)ပါး ယှဉ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ ဝိရတီ, အပွမညာကြဉ် သောဘန (၂၀)အားဖြင့် (၃၂)ပါးဖြစ်ပါသည်။

မဟာဝိပါက် စတုတ္ထဒွေးဌ် စေတသိက်(၃၁)ပါး ယှဉ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ သောဘနသာဓာရဏ (၁၉)အားဖြင့် (၃၁)ပါးဖြစ်ပါသည်။

သာဓကကား ။　။ တထာ ဝိပါကေသု စ (ပ) သင်္ဂဟိဿ ဖြစ်ပါသည်။

မှတ်ချက် ။　။ မဟာဝိပါက်စိတ်၌ယှဉ်သော စေတသိက်တို့သည် နိယတယောဂီ များသာဖြစ်သောကြောင့် အများဆုံး၊ အမြဲတမ်း၊ တပြိုင်နက်ယှဉ်သော စေတသိက်တို့ကို ခွဲခြားဆိုရန် မလိုပါ။

သင်္ဂဟနည်း(၁၂)နည်း

ကာမာဝစရသောဘနစိတ်(၂၄)ပါး၌ သင်္ဂဟနည်း(၁၂)နည်းရှိပါသည်။(ကား...) မဟာကုသိလ် ပထမဒွေးဌ် စေတသိက်(၃၈)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

http://www.dhammadownload.com

မဟာကုသိုလ် ဒုတိယဈေး၌ စေတသိက်(၃၇)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာကုသိုလ် တတိယဈေး၌ စေတသိက်(၃၇)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာကုသိုလ် စတုတ္ထဈေး၌ စေတသိက်(၃၆)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
အားဖြင့် မဟာကုသိုလ်စိတ်၌ သင်္ဂဟနည်း(၄)နည်း။

မဟာကြိယာ ပထမဈေး၌ စေတသိက်(၃၅)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာကြိယာ ဒုတိယဈေး၌ စေတသိက်(၃၄)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာကြိယာ တတိယဈေး၌ စေတသိက်(၃၄)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာကြိယာ စတုတ္ထဈေး၌ စေတသိက်(၃၃)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
အားဖြင့် မဟာကြိယာစိတ်၌ သင်္ဂဟနည်း(၄)နည်း။

မဟာဝိပါက် ပထမဈေး၌ စေတသိက်(၃၃)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာဝိပါက် ဒုတိယဈေး၌ စေတသိက်(၃၂)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာဝိပါက် တတိယဈေး၌ စေတသိက်(၃၂)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
မဟာဝိပါက် စတုတ္ထဈေး၌ စေတသိက်(၃၁)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊
အားဖြင့် မဟာဝိပါက်စိတ်၌ သင်္ဂဟနည်း(၄)နည်း၊ ပေါင်းသင်္ဂဟနည်း(၁၂)နည်း ဖြစ်ပါသည်။

သာဓကကား ။ ။ အဋ္ဌတ္တိသ (ပ) ကြိယာမနေ ဖြစ်ပါသည်။

မှတ်ချက် ။ ။ အဋ္ဌတ္တိသ သတ္တတ္တိသ-စသောဂါထာလာ သန်္ဂါသဒ္ဒါတို့၏ သဒ္ဒေါ်ယျာသရုပ်များကို သင်္ဂဟနည်းကိုမှီး၍ ကောက်ပါလေ။

စကၠဏ္ဍ

စေတသိက်(၅၂)ပါးတို့တွင် လောကုတ္တရာစိတ်၌သာယှဉ်၍ မဟဂ္ဂုတ်စိတ်၌ မယှဉ်သော စေတသိက်သည် ဝိရတီစေတသိက်(၃)ပါးဖြစ်ပါသည်။

မဟဂ္ဂုတ်စိတ်၌သာယှဉ်၍ လောကုတ္တရာစိတ်၌ မယှဉ်သော စေတသိက်သည် အပွမညာဈေးဖြစ်ပါသည်။

(၂)ပါးစုံယှဉ်သော စေတသိက်သည် အညသမာနာ(၁၃)၊ ဝိရတီ, အပွမညာကြဉ် သောဘန(၂၀)အားဖြင့် (၃၃)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

(၂)ပါးစုံမယှဉ်သော စေတသိက်သည် အကုသိုလ်စေတသိက်(၁၄)ပါးဖြစ်ပါသည်။

ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်များ

နာ ဝိဇ္ဇနွေတ္တဝိရတီ-အစရှိသော ဤဂါထာသည် ထိုထိုသောဘာနစိတ်တို့၌ မယှဉ်နိုင်သော စေတသိက်တို့ကိုပြသောဂါထာ ဖြစ်ပါသည်။

ဂါထာဆိုရိုး

သောဘနစိတ်တို့တွင် မဟာကြိယာစိတ်(၈)ခုတို့၌လည်းကောင်း၊ မဟဂ္ဂုတ်စိတ်(၂၇)တို့၌လည်းကောင်း ဝိရတီစေတသိက်တို့ မယှဉ်နိုင်ပါ။

လောကုတ္တရာစိတ်(၈)ခု၌ အပွမညာစေတသိက်တို့ မယှဉ်နိုင်ပါ။

မဟာဝိပါက်စိတ်(၈)ခု၌ ဝိရတီစေတသိက်(၃)ပါး၊ အပွမညာစေတသိက်(၂)ပါး အားဖြင့် ဤ(၅)ပါးသော စေတသိက်တို့ မယှဉ်နိုင်ပါ။

သာဓကကား။　။ နာ ဝိဇ္ဇနွေတ္တ ဝိရတီ (ပ) ဒွယံ တဿာ ဖြစ်ပါသည်။

စိတ်ချင်းထူးအောင်ပြုသော စေတသိက်များ

အနုတ္တရေ စျာနဓမ္မာ အစရှိသော ဤဂါထာသည် စိတ်ချင်းထူးအောင်ပြုသော စေတသိက်တို့ကိုပြသော ဂါထာဖြစ်ပါသည်။

ဝိသေသကစေတသိက်တို့ကိုပြသော ဂါထာဟူ၍လည်း ခေါ်ပါသည်။

ဝိသေသကစေတသိက်(၁၀)ပါး

ဝိတက်, ဝိစာရ, ပီတိ, သုခ-ဟူသော စျာန်တရား(၄)ပါး၊ ဝိရတီစေတသိက်(၃)ပါး၊ အပွမညာစေတသိက်(၂)ပါး၊ ပညိန္ဒြေအားဖြင့် ဤ(၁၀)ပါးသော စေတသိက်တို့သည် အချို့သောစိတ်၌ယှဉ်၍ အချို့သောစိတ်၌ မယှဉ်သောအားဖြင့် စိတ်ချင်းထူးထွေ ခြားနားကွဲပြားအောင်ပြုတတ်ခဲ့လေသောကြောင့် ဝိသေသက စေတသိက်တို့မည်ပါသည်။

သာဓကကား။　။ အနုတ္တရေ စျာနဓမ္မာ (ပ) ဝိသေသကာ ဖြစ်ပါသည်။

http://www.dhammadownload.com

အထူးပြုခံရသောစိတ်နှင့် အထူးပြုသော စေတသိက်တို့ ယှဉ်တွဲပုံ

လောကုတ္တရာစိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခ-ဟူသော ဈာန်တရားတို့သည် အထူးကိုပြုတတ်ပါသည်။

မဟဂ္ဂုတ်စိတ်(၂၇)ပါး၌ ဈာန်တရားတို့သည်လည်းကောင်း၊ အပွမညာစေတသိက်တို့သည်လည်းကောင်း အထူးကိုပြုတတ်ပါသည်။

ကာမာဝစရသောဘနစိတ်(၂၄)ပါး၌ အပွမညာစေတသိက်တို့သည်လည်းကောင်း၊ ဝိရတိစေတသိက်(၃)ခု၊ ပညိန္ဒြေ၊ ပီတိစေတသိက်တို့သည်လည်းကောင်း အထူးကိုပြုတတ်ပါသည်။

လောကုတ္တရာစိတ်၌ ဈာန်တရားတို့အထူးပြုပုံ

လောကုတ္တရာစိတ်၌ ဈာန်တရား(၄)ပါးတို့၏ အထူးပြုပုံကား(ဝိသေသကဖြစ်ပုံကား) ဈာန်တရား(၄)ပါးတို့တွင် ဝိတက်သည် လောကုတ္တရာပထမဈာန်စိတ်၌သာ ယှဉ်သည်ဖြစ်၍ ဒုတိယဈာန်စသည်တို့၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် ပထမဈာန်စိတ်မှ ဒုတိယဈာန်စိတ်စသည်တို့ကို အထူးပြုပါသည်။

ဝိစာရသည် လောကုတ္တရာ ပထမဈာန်, ဒုတိယဈာန်တို့၌သာ ယှဉ်သည်ဖြစ်၍ တတိယဈာန်စသည်တို့၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် ပထမဈာန်, ဒုတိယဈာန်မှ တတိယဈာန် စသည်တို့ကို အထူးပြုပါသည်။

ပီတိသည် လောကုတ္တရာ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌ ယှဉ်သည်ဖြစ်၍ စတုတ္ထဈာန်စသည်တို့၌ မယှဉ်မူ၍ ယှဉ်မယှဉ်သောအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်မှ စတုတ္ထဈာန် စသည်တို့ကို အထူးပြုပါသည်။

သုခသည် လောကုတ္တရာ ပထမဈာန်, ဒု-ဈာန်, တ-ဈာန်, စ-ဈာန်တို့၌ ယှဉ်သည်ဖြစ်၍ ပဉ္စမဈာန်စိတ်၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် ပထမဈာန် စသည်မှ ပဉ္စမဈာန်စိတ်ကို အထူးပြုပါသည်။

ဤကား လောကုတ္တရာစိတ်၌ ဈာန်တရား(၄)ပါးတို့၏ အထူးပြုပုံတည်း။ (၀၊) ဝိသေသကဖြစ်ပုံတည်း။

http://www.dhammadownload.com

မဟဂ္ဂုတ်စိတ်၌ ဈာန်တရားတို့ အထူးပြုပုံ

မဟဂ္ဂုတ်စိတ်(၂၇)ခုဌ ဈာန်တရား(၄)ပါးတို့ အထူးပြုပုံကား.... ဈာန်တရား(၄)ပါးတို့တွင် ဝိတက်သည် မဟဂ္ဂုတ် ပထမဈာန်စိတ်၌သာ ယှဉ်သည်ဖြစ်၍ ဒုတိယဈာန်စသည်တို့၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် ပထမဈာန်စိတ်မှ ဒုတိယဈာန်စိတ်စသည်တို့ကို အထူးပြုပါသည်။

မှတ်ချက် ။　။ ကျန်သောဈာန်တရားတို့ အထူးပြုပုံ လောကုတ္တရာစိတ်၌ အထူးပြုပုံနှင့် တူပြီ။

မဟဂ္ဂုတ်စိတ်၌ အပွမညာဒွေး အထူးပြုပုံ

မဟဂ္ဂုတ်စိတ်၌ အပွမညာစေတသိက်တို့ အထူးပြုပုံကား.... အပွမညာဒွေးသည် မဟဂ္ဂုတ် ပထမဈာန်, ဒု-ဈာန်, တ-ဈာန်, စ-ဈာန်တို့၌ ယှဉ်သည်ဖြစ်၍ ပဉ္စမဈာန်စိတ်၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် ပထမဈာန်စိတ်စသည်မှ ပဉ္စမဈာန်စိတ်ကို အထူးပြုပါသည်။ ဤကားမဟဂ္ဂုတ်စိတ်၌ အပွမညာဒွေး၏ အထူးပြုပုံတည်း။

ကာမာဝစရသောဘနစိတ်၌ ဝိရတိစေတသိက် အထူးပြုပုံ

ကာမာဝစရသောဘနစိတ်(၂၄)ပါး၌ ဝိရတိစေတသိက်တို့အထူးပြုပုံကား... ဝိရတိစေတသိက်သည် မဟာကုသိုလ်စိတ်၌သာ ယှဉ်သည်ဖြစ်၍ မဟာဝိပါက်, မဟာကြိယာစိတ်တို့၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် မဟာကုသိုလ်စိတ်မှ မဟာဝိပါက်, မဟာကြိယာစိတ်တို့ကို အထူးပြုပါသည်။

ကာမသောဘနစိတ်၌ အပွမညာဒွေး အထူးပြုပုံ

ကာမသောဘနစိတ်(၂၄)ပါး၌ အပွမညာဒွေး အထူးပြုပုံကား...အပွမညာစေတသိက်သည် မဟာကုသိုလ်, မဟာကြိယာစိတ်တို့၌ ယှဉ်သည်ဖြစ်၍ မဟာဝိပါက်စိတ်၌ မယှဉ်မူ၍ ယှဉ်-မယှဉ်သောအားဖြင့် မဟာကုသိုလ်, မဟာကြိယာစိတ်တို့မှ မဟာဝိပါက်စိတ်ကို အထူးပြုဖါသည်။

ဤကား.... သောဘနစိတ်၌ အပွမညာစေတသိက်တို့၏ အထူးပြုပုံတည်း။

http://www.dhammadownload.com

ကာမသောဘနုစိတ်၌ ပညိန္ဒြေစေတသိက် အထူးပြုပုံ

ကာမသောဘနုစိတ်၌ ပညိန္ဒြေစေတသိက် အထူးပြုပုံကား....ပညိန္ဒြေစေတသိက်သည် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ၊ ပထမဒွေး၊ တတိယဒွေးတို့၌သာ ယှဉ်သည်ဖြစ်၍ ဒုတိယဒွေး၊ စတုတ္ထဒွေးတို့၌ မယှဉ်မူ၍၊ ယှဉ်-မယှဉ်သောအားဖြင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ၊ ပထမဒွေး၊ တတိယဒွေးတို့မှ ဒုတိယဒွေး၊ စတုတ္ထဒွေးတို့ကို အထူးပြုပါသည်။

ဤကား...ကာမသောဘနုစိတ်၌ ပညိန္ဒြေစေတသိက် အထူးပြုပုံတည်း။

ကာမသောဘနုစိတ်၌ ဝီတိစေတသိက်အထူးပြုပုံ

ကာမသောဘနုစိတ်၌ ဝီတိစေတသိက် အထူးပြုပုံကား....ဝီတိစေတသိက်သည် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ၊ ပထမဒွေး၊ ဒုတိယဒွေးတို့၌ ယှဉ်သည်ဖြစ်၍ တတိယဒွေး၊ စတုတ္ထဒွေးတို့၌ မယှဉ်မူ၍၊ ယှဉ်-မယှဉ်သောအားဖြင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာ၊ ပထမဒွေး၊ ဒုတိယဒွေးတို့မှ တတိယဒွေး၊ စတုတ္ထဒွေးတို့ကို အထူးပြုပါသည်။

ဤကား...ကာမသောဘနုစိတ်၌ ဝီတိစေတသိက် အထူးပြုပုံတည်း။

အနိယတနှင့် ဝိသေသကစက်လှည့်ပုံ

စေတသိက်(၅၂)ပါးတို့တွင် အနိယတသာဖြစ်၍ ဝိသေသကမဖြစ်သော စေတသိက်သည် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မာန၊ ထိန၊ မိဒ္ဓ-အားဖြင့် (၆)ပါး အပြားရှိပါသည်။

ဝိသေသကသာဖြစ်၍ အနိယတမဖြစ်သော စေတသိက်သည် ဝိတက်၊ ဝိစာရ၊ ဝီတိ၊ သုခ၊ ပညိန္ဒြေအားဖြင့် (၅)ပါးအပြားရှိပါသည်။

(၂)ပါးစုံဖြစ်သော စေတသိက်သည် ဝိရတိစေတသိက်(၃)ပါး၊ အပ္ပမညာဒွေးအားဖြင့် (၅)ပါးဖြစ်ပါသည်။

(၂)ပါးစုံမဖြစ်သော စေတသိက်သည် ဝေဒနာကြွင်းသော သဗ္ဗစိတ္တသာဓာရဏစေတသိက်(၆)ပါး၊ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒ၊ မောစတုတ်(၄)ပါး၊ လောဘ၊ ဒိဋ္ဌိ၊ ဒေါသ၊

http://www.dhammadownload.com

ဝိစိကိစ္ဆာ၊ သောဘနသာဓာရဏစေတသိက်(၁၉)ပါးအားဖြင့် (၃၆)ပါးအပြားရှိပါသည်

အကုသိုလ်စေတသိက် သင်္ဂဟနည်း(၇)ပါး

အကုသိုလ်စေတသိက်(၁၂)ပါးတို့တွင်- လောဘမူ ပထမအသင်္ခါရိကစိတ်၌ စေတသိက်(၁၉)ပါးယှဉ်ပါသည်။ (ကား...) အည(၁၃)၊ မောစတုတ်(၄)ပါး၊ လောဘ, ဒိဋ္ဌိ အားဖြင့် (၁၉)ပါးဖြစ်ပါသည်။

သာဓကကား။　။ အကုသလေသု ပန (ပ) ဂစ္ဆန္တိ ဖြစ်ပါသည်။

လောဘမူ ဒုတိယအသင်္ခါရိကစိတ်၌ စေတသိက်(၁၉)ပါး ယှဉ်ပါသည်။ (ကား...) အည(၁၃)၊ မောစတုတ်(၄)၊ လောဘ, မာနအားဖြင့် (၁၉)ပါးဖြစ်ပါသည်။

သာဓကကား။　။ တထေဝ (ပ) လောဘမာနေန ဖြစ်ပါသည်။

လောဘမူ တတိယအသင်္ခါရိကစိတ်၌ စေတသိက်(၁၈)ပါး ယှဉ်ပါသည်။ (ကား...) ပီတိကြဉ်သော အည(၁၂)၊ မောစတုတ်(၄)၊ လောဘ, ဒိဋ္ဌိအားဖြင့် (၁၈)ပါး ဖြစ်ပါသည်။

သာဓကကား။　။ တတိယေ (ပ) အဋ္ဌာရသ ဖြစ်ပါသည်။

လောဘမူ စတုတ္ထအသင်္ခါရိကစိတ်၌ စေတသိက်(၁၈)ပါး ယှဉ်ပါသည်။ (ကား...) ပီတိကြဉ်သော အည(၁၂)၊ မောစတုတ်(၄)၊ လောဘ, မာနအားဖြင့် (၁၈)ပါး ဖြစ်ပါသည်။

သာဓကကား။　။ စတုတ္ထေ တထေဝ လောဘမာနေန ဖြစ်ပါသည်။

ဒေါသမူ ပဌမအသင်္ခါရိကစိတ်၌ စေတသိက်(၂၀)ပါး ယှဉ်ပါသည်။ (ကား...) ပီတိကြဉ်သော အည(၁၂)၊ မောစတုတ်(၄)၊ ဒေါစတုတ်(၄)အားဖြင့် (၂၀)ပါးဖြစ်ပါသည်။

သာဓကကား။　။ ပဌမေ ပန (ပ) သင်္ခယှန္တိ ဖြစ်ပါသည်။

ပစ္ခေကယှဉ်သော စေတသိက်များ

ဒေါသမူ ပဌမအသင်္ခါရိကစိတ်၌ယှဉ်သော (၂၀)သောစေတသိက်တို့တွင် ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့သည် ပစ္ခေကယှဉ်သော စေတသိက်တို့မည်ပါသည်။ (၀၊) အသီးသီးယှဉ်သော စေတသိက်တို့မည်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။ ဣသော မဇ္ဈေရ (ပ) ယောဓေတမ္ဟာ ဖြစ်ပါသည်။

အများဆုံး အမြဲတမ်း တစ်ပြိုင်နက်ယှဉ်သော စေတသိက်များ

ဒေါသမူ ပဉ္စမအသခ်ါရိကစိတ်၌ အများဆုံးယှဉ်နိုင်သော စေတသိက်သည် (၂၀)ဖြစ်ပါသည်။ (ကား...)ဝီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ ဒေါစတုတ်(၄) အားဖြင့် (၂၀)ဖြစ်ပါသည်။

အမြဲတမ်းယှဉ်နိုင်သော စေတသိက်သည် (၁၇)ပါးဖြစ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ ဒေါသအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

တစ်ပြိုင်နက်ယှဉ်သောစေတသိက်သည် (၁၈)ပါးဖြစ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ(၃)ပါးတို့တွင် တစ်ပါးပါးအားဖြင့် (၁၈)ပါးဖြစ်ပါသည်။

အကုသိလ် သသခ်ါရိကစိတ်(၅)ခုဌ် ယှဉ်သော စေတသိက်များ

လောဘမူ ပထမသသခ်ါရိကစိတ်၌ စေတသိက်(၂၁)ပါးယှဉ်ပါသည်။ (ကား...) အည(၁၃)၊ မောစတုတ်(၄)၊ လောဘ, ဒိဋ္ဌိ, ထိန, မိဒ္ဓ-အားဖြင့် (၂၁)ပါးဖြစ်ပါသည်။

လောဘမူ ဒုတိယသခ်ါရိကစိတ်၌ စေတသိက်(၂၁)ပါးယှဉ်ပါသည်။ (ကား...) အည(၁၃)၊ မောစတုတ်(၄)၊ လောဘ, မာန, ထိန, မိဒ္ဓ-အားဖြင့် (၂၁)ပါးဖြစ်ပါသည်။

လောဘမူ တတိယသသခ်ါရိကစိတ်၌ စေတသိက်(၂၀)ယှဉ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ လောဘ, ဒိဋ္ဌိ, ထိန, မိဒ္ဓ-အားဖြင့် (၂၀)ပါးဖြစ်ပါသည်။

လောဘမူ စတုတ္ထသသခ်ါရိကစိတ်၌ စေတသိက်(၂၀)ယှဉ်ပါသည်။ (ကား...) ဝီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ လောဘ,မာန, ထိန, မိဒ္ဓ-အားဖြင့် (၂၀)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဒေါသမူ ဟ္မမသသခ်ါရိကစိတ်၌ စေတသိက်(၂၂)ပါးယှဉ်ပါသည်။ (ကား...) ပီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ ဒေါစတုတ် (၄)၊ ထိန, မိဒ္ဓ-အားဖြင့် (၂၂)ပါး ဖြစ်ပါသည်။

သာဓကကား။　။ သသခ်ါရိကပဋ္ဌကေပိ (ပ) ယောဇေတဗ္ဗာ ဖြစ်ပါသည်။

ဥဒ္ဓစ္စသဟဂုတ်စိတ်၌ယှဉ်သော စေတသိက်များ

ဥဒ္ဓစ္စသဟဂုတ်စိတ်၌ စေတသိက်(၁၅)ပါးယှဉ်ပါသည်။ (ကား....)ဆန္ဒ, ပီတိကြဉ် အည(၁၁)၊ မောစတုတ်(၄)အားဖြင့် (၁၅)ပါးဖြစ်ပါသည်။

သာဓကကား။　။ ဆန္ဒ ပီတိဝဇ္ဇိတာ (ပ) သမ္မယုဇ္ဇန္တိ ဖြစ်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော စေတသိက်

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ စေတသိက်(၁၅)ပါးယှဉ်ပါသည်။ (ကား...)ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အည(၁၀)၊ မောစတုတ်(၄)ပါး၊ ဝိစိကိစ္ဆာအားဖြင့် (၁၅)ပါး ဖြစ်ပါသည်။

သာဓကကား။　။ ဝိစိကိစ္ဆာသဟဂတစိတ္တေ စ (ပ) သမုပလဗ္ဘန္တိ ဖြစ်ပါသည်။

အကုသိုလ်စိတ် သင်္ဂဟနည်းပြဂါထာ

အကုသိုလ်စိတ်သင်္ဂဟနည်း(၇)နည်း

အကုသိုလ်စိတ်(၁၂)ပါး၌ သင်္ဂဟနည်း(၇)နည်းရှိပါသည်။ (ကား...)

လောဘမူပထမအသခ်ါရိက, ဒုတိယအသခ်ါရိက စိတ်တို့၌ စေတသိက် (၁၉)ပါးစီ ယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း။

လောဘမူ တတိယအသခ်ါရိက, စတုတ္ထအသခ်ါရိကစိတ်တို့၌ စေတသိက်(၁၈) ပါးစီယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

http://www.dhammadownload.com

ဒေါသမူ ပဉ္စမအသခ်ါရိကစိတ်၌ စေတသိက်(၂၀)ယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

လောဘမူ ပထမသသခ်ါရိက, ဒုတိယသသခ်ါရိကစိတ်တို့၌ စေတသိက်(၂၁)ပါး စီ ယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

လောဘမူ တတိယသသခ်ါရိက, စတုတ္ထသသခ်ါရိကစိတ်တို့၌ စေတသိက်(၂၀) ပါးစီ ယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

ဒေါသမူ ပဉ္စမသသခ်ါရိကစိတ်၌ စေတသိက်(၂၂)ပါးယှဉ်ခြင်း သင်္ဂဟနည်း တစ်နည်း၊

မောဟမူဒွေးဒ္ဒိ၌ စေတသိက်(၁၅)ပါးစီယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်းအားဖြင့် (၇)နည်း ဖြစ်ပါသည်။

သာဓကကား ။ ။ ဇကြနဝီသာဒ္ဓာရသ (ပ) ကုသလေ ဒ္ဒိတာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဇကြနဝီသာဒ္ဓာရသ စသော ဂါထာ၌ ဇကြနဝီသ-စသော သန္ဓိ တို့၏ အရကို သင်္ဂဟနည်းကိုမှီး၍ ကောက်ပါ။

ဝီသအရနှင့် ဝီသတိအရ စက်လှည့်ပုံ

ဇကြနဝီသာဒ္ဓာရသ၊ ဝိသောကဝီသ ဝီသတိ-၌ ဝီသအရသာဖြစ်၍ ဝီသတိအရ မဖြစ်သော စေတသိက်သည် (၄)ပါးဖြစ်ပါသည်။ (ကား...) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စအားဖြင့် (၄)ပါးဖြစ်ပါသည်။

ဝီသတိအရသာဖြစ်၍ ဝီသအရမဖြစ်သော စေတသိက်သည် (၅)ပါးဖြစ်ပါသည်။ (ကား...) လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ-အားဖြင့် (၅)ပါး ဖြစ်ပါသည်။

(၂)ပါးစုံဖြစ်သော စေတသိက်သည် (၁၆)ပါးဖြစ်ပါသည်။ (ကား...)ဝိတိက္ကဉ် အညဉ(၁၂)၊ မောစတုတ်(၄)ပါးအားဖြင့် (၁၆)ပါးဖြစ်ပါသည်။

(၂)ပါးစုံမဖြစ်သော စေတသိက်သည် (၂၇)ပါးဖြစ်ပါသည်။ (ကား...)ဝိတိ, ဝိစိကိစ္ဆာ, သောဘနစေတသိက်(၂၅)ပါးအားဖြင့် (၂၇)ပါးဖြစ်ပါသည်။

အကုသလယောဂီ စေတသိက်များပြဂါထာ

ဟာဓာရဏာစ စတ္တာရော အစရှိသော ဤဂါထာသည် အကုသလယောဂီ

http://www.dhammadownload.com

(သဗ္ဗာကုသလယောဂီ) စေတသိက်တို့ကိုပြသော ဂါထာဖြစ်ပါသည်။

အကုသလယောဂီ စေတသိက်(၁၄)ပါး

သဗ္ဗာကုသလသာဓာရဏ စေတသိက်(၄)ပါး၊ (အကုသလသာဓာရဏ စေတသိက် (၄)ပါး) ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညဉ(၁၀)အားဖြင့် ဤ(၁၄)ပါးသော စေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ခြင်းရှိသောကြောင့် အကုသလယောဂီစေတသိက်တို့မည်ပါသည်။ (သဗ္ဗာကုသလယောဂီ စေတသိက်(၁၄)ပါးဟူ၍လည်း ခေါ်ပါသည်။

သာဓကကား။ ။ သာဓာရဏာ စ စတ္တာရော (၄) ယောဂိနော ဖြစ်ပါသည်။

ဧကဒေသာကုသလယောဂီ စေတသိက်(၁၃)ပါး

ဆန္ဒ, ပီတိ, အဓိမောက္ခဟုဆိုအပ်သော ပကိဏ်းစေတသိက်(၃)ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက်(၄)ပါး ကြဉ်သော အကုသိုလ်စေတသိက်(၁၀)ပါးအားဖြင့် ဤ(၁၃)ပါးသော စေတသိက်တို့သည် တစ်စိတ်တစ်ဒေသ အကုသိုလ်စိတ်တို့နှင့် ယှဉ်သောကြောင့် ဧကဒေသာကုသလယောဂီ စေတသိက်တို့မည်ပါသည်။

သောဘနစေတသိက်(၂၅)ပါးသည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် မယှဉ်သောကြောင့် နှ သဗ္ဗာကုသလယောဂီစေတသိက်တို့မည်ပါသည်။

အနိယတယောဂီနှင့် အကုသလယောဂီစက်လှည့်ပုံ

စေတသိက်(၅၂)ပါးတို့တွင် အနိယတယောဂီသာဖြစ်၍ အကုသလယောဂီမဖြစ်သော စေတသိက်သည် အနိယတယောဂီစေတသိက်(၁၁)ပါးဖြစ်ပါသည်။

အကုသလယောဂီသာဖြစ်၍ အနိယတယောဂီမဖြစ်သော စေတသိက်သည် အကုသလယောဂီ စေတသိက်(၁၄)ပါးဖြစ်ပါသည်။

(၂)ပါးစုံဖြစ်သော စေတသိက်သည် မရှိပါ။

(၂)ပါးစုံမဖြစ်သော စေတသိက်သည် ဆန္ဒ, ပီတိ, အဓိမောက္ခ, လောဘ, ဒိဋ္ဌိ, ဒေါသ, ဝိစိကိစ္ဆာ, သောဘနသာဓာရဏစေတသိက်(၁၉)ပါး၊ ပညာန္ဒြေအားဖြင့်

http://www.dhammadownload.com

(၂၇)ပါးဖြစ်ပါသည်။

ဝိသေသကနှင့် အကုသလယောဂီ စက်လှည့်ပုံ

စေတသိက်(၅၂)ပါးတို့တွင် ဝိသေသကသာဖြစ်၍ အကုသလယောဂီမဖြစ်သော စေတသိက်သည် ပီတိ, ဝိရတီစေတသိက်(၃)ပါး၊ အပွမညာဒွေး, ပညိန္ဒြေအားဖြင့် (၇)ပါး ဖြစ်ပါသည်။

အကုသလယောဂီသာဖြစ်၍ ဝိသေသကမဖြစ်သော စေတသိက်သည် ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက်(၆)ပါး၊ မောစတုတ်(၄)ပါးအားဖြင့် (၁၀)ပါး ဖြစ်ပါသည်။

(၂)ပါးစုံဖြစ်သော စေတသိက်သည် ဝိတက်, ဝိစာရ, ဝေဒနာအားဖြင့် (၃)ပါး ဖြစ်ပါသည်။

(၂)ပါးစုံမဖြစ်သော စေတသိက်သည် ဆန္ဒ, ဝီရိယ, အဓိမောက္ခ, မောစတုတ် (၄)ပါး ကြဉ်သော အကုသိလ်စေတသိက်(၁၀)ပါး၊ သောဘနသာဓာရဏစေတသိက် (၁၉)ပါးအားဖြင့် (၃၂)ပါးဖြစ်ပါသည်။

သဗ္ဗာကုသလသာဓာရဏနှင့် သဗ္ဗာကုသလယောဂီ စက်လှည့်

စေတသိက်(၅၂)ပါးတို့တွင် သဗ္ဗာကုသလသာဓာရဏသာဖြစ်၍ သဗ္ဗာကုသလ ယောဂီမဖြစ်သော စေတသိက်သည် မရှိပါ။

သဗ္ဗာကုသလယောဂီသာဖြစ်၍ သဗ္ဗာကုသလသာဓာရဏာမဖြစ်သော စေတသိက် သည် ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက်(၁၀)ပါးဖြစ်ပါသည်။

(၂)ပါးစုံဖြစ်သော စေတသိက်သည် မောစတုတ်(၄)ပါးဖြစ်ပါသည်။

(၂)ပါးစုံမဖြစ်သော စေတသိက်သည် ဆန္ဒ, ပီတိ, အဓိမောက္ခ၊ မောစတုတ် (၄)ပါး ကြဉ်သော အကုသိလ်စေတသိက်(၁၀)ပါး၊ သောဘနစေတသိက်(၂၅)ပါးအားဖြင့် (၃၈)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

အဟိတ်စိတ်သင်္ဂဟနည်း(၄)ပါး

အဟိတ်စိတ်(၁၈)ပါးတို့တွင် ဟသိတုပ္ပါဒ်စိတ်၌ စေတသိက်(၁၂)ပါး ယှဉ်ပါသည်။ (ကား…)ဆန္ဒကြဉ်သော အညသမာန်းစေတသိက်(၁၂)ပါးဖြစ်ပါသည်။

သာဓကကား။　။ အဟေတုကေသု (ပ) ဂစ္ဆန္တိဖြစ်ပါသည်။

မနောဒ္ဓါရာဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ်၌ စေတသိက်(၁၁)ပါးယှဉ်ပါသည်။ (ကား…) ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက်(၁၁)ပါးဖြစ်ပါသည်။

သာဓကကား။　။ တထာ ဝေဠဗ္ဗမေ ဆန္ဒ ပီတိဝန္ဓိတာ ဖြစ်ပါသည်။

သောမနဿသဟဂုတ် သန္တီရဏစိတ်၌ စေတသိက်(၁၁)ပါး ယှဉ်ပါသည်။ (ကား…)၊ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက်(၁၁)ပါး ဖြစ်ပါသည်။

သာဓကကား။　။ သုခသန္တီရဏေ ဆန္ဒဝီရိယဝန္ဓိတာ ဖြစ်ပါသည်။

ပဉ္စဒ္ဓါရာဝဇ္ဇန်း သမ္ပဋိစ္ဆိန်းဒွေးဟုဆိုအပ်သော မနောဓာတ်(၃)ခု၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ခုဟုဆိုအပ်သော အဟိတ်ပဋိသန္ဓေ(၂)ခုအစုံတို့၌ စေတသိက်(၁၀)ပါး ယှဉ်ပါသည်။ (ကား…) ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်းစေတသိက်(၁၀)ပါး ဖြစ်ပါသည်။

သာဓကကား။　။ မနောဓာတုတ္တိကာ (ပ) ဝန္ဓိတာ ဖြစ်ပါသည်။

ဒွေးပဉ္စဝိညာဏ်(၁၀)၌ စေတသိက်(၇)ပါးယှဉ်ပါသည်။ (ကား…) သဗ္ဗစိတ္တ သာဓာရဏစေတသိက်(၇)ပါးဖြစ်ပါသည်။

သာဓကကား။　။ ဒ္ဝိပဉ္စဝိညာဏာ (ပ) သင်္ဂယှန္တိ ဖြစ်ပါသည်။

သင်္ဂဟနည်း(၄)နည်း

အဟိတ်စိတ်(၁၈)ပါး၌ သင်္ဂဟနည်း(၄)နည်းရှိပါသည်။ (ကား…)

ဟသိတုပ္ပါဒ်စိတ်၌ စေတသိက်(၁၂)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

ဝုဋ္ဌေနှင့် သောမနဿသဟဂုတ် သန္တီရဏစိတ်တို့၌ စေတသိက်(၁၁)ပါးစီ ယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

မနောဓာတ်(၃)ခုနှင့် အဟိတ်ပဋိသန္ဓေ(၂)ခုအစုံ၌ စေတသိက်(၁၀)ပါးစီယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်း၊

http://www.dhammadownload.com

ဒွေးပဋ္ဌဝိညာဏ်(၁၀)၌ စေတသိက်(၇)ပါးယှဉ်ခြင်း သင်္ဂဟနည်းတစ်နည်းအားဖြင့် (၄)နည်းဖြစ်ပါသည်။

သာဓကကား။ ။ ဒွါဒသေကာဒသဒသ (၁) သင်္ဂဟော ဖြစ်ပါသည်။

သဗ္ဗာဟေတုကယောဂီနှင့် ဧကဒေသာဟေတုကယောဂီစေတသိက်

သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခုတို့သည် အလုံးစုံသော အဟိတ်စိတ်တို့နှင့် ယှဉ်ခဲ့လေသောကြောင့် သဗ္ဗာဟေတုကယောဂီ စေတသိက်တို့မည်ပါသည်။

ဆန္ဒမှကြွင်းသော ပကိဏ်းစေတသိက်(၅)ခုတို့သည် အဟိတ်စိတ် တစ်စိတ် တစ်ဒေသတို့နှင့် ယှဉ်ခဲ့လေသောကြောင့် ဧကဒေသာဟေတုကယောဂီ စေတသိက်တို့ မည်ပါသည်။

ဆန္ဒ, အကုသိုလ်စေတသိက်(၁၄)ပါး၊ သောဘနစေတသိက်(၂၅)ပါးအားဖြင့် ဤ(၄၀)သော စေတသိက်တို့သည် အလုံးစုံသော အဟိတ်စိတ်တို့နှင့် မယှဉ်ခဲ့လေသော ကြောင့် နသဗ္ဗာဟေတုကယောဂီ စေတသိက်တို့မည်ပါသည်။

သာဓကကား။ ။ အဟေတုကေသု သဗ္ဗတ္ထ၊ သတ္တ သေသာ ယထာရဟံ ဖြစ်ပါသည်။

သင်္ဂဟနည်း(၃၃)နည်း နိဂုံးပြသင်္ဂဟပါဠိ

ဣတိ ဝိတ္ထာရတော ဝုတ္တော၊ တေတ္တိံသဝိဓသင်္ဂဟော - ဟူသော ဤဂါထာ (၂)ပါဒသည် သင်္ဂဟနည်း(၃၃)နည်း၏ နိဂုံးကိုပြသော ဂါထာ(၂)ပါဒဖြစ်ပါသည်။

သင်္ဂဟနည်း(၃၃)နည်း

ဤသို့လျှင် လောကုတ္တရာစိတ်၌ သင်္ဂဟနည်း (၅) နည်း၊
မဟဂ္ဂတ်စိတ်၌ သင်္ဂဟနည်း (၅) နည်း၊
ကာမာဝစရသောဘနစိတ်၌ သင်္ဂဟနည်း (၁၂) နည်း၊
အကုသိုလ်စိတ်၌ သင်္ဂဟနည်း (၇) နည်း၊
အဟိတ်စိတ်၌ သင်္ဂဟနည်း (၄)နည်း၊ တို့.ကို

http://www.dhammadownload.com

ပေါင်းလိုက်သည်ရှိသော် သင်္ဂဟနည်း(၃၃)နည်းဖြစ်ပါသည်။
သာဓကကား။ ။ ဣတိ ဝိတ္ထာရတော ဝုတ္တော၊ တေတ္တိံသဝိဓသင်္ဂဟော ဖြစ်ပါသည်။

စေတသိက်တို့ကို စိတ်နှင့်အမျှရေတွက်ပုံနှင့် နိဂုံးပြသင်္ဂဟဂါထာ

ဣတ္ထံ စိတ္တာဝိယုတ္တာနံ-အစရှိသော ဤဂါထာသည် စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ပုံနှင့် နိဂုံးကိုပြသော ဂါထာဖြစ်ပါသည်။

သမ္မယောဂနည်းနှင့် သင်္ဂဟနည်းအထူး

ဤစေတသိက်သည် ဤမျှသော စိတ်တို့၌ ယှဉ်၏ဟု စိတ်၌အမြဲယှဉ်ကုန်သော စေတသိက်တို့၏ စိတ်ကို ဝိုင်းခြားသည်၏ အစွမ်းဖြင့် မိန့်အပ်သော (၁၆)ပါးအပြားရှိသော နည်းသည် သမ္မယောဂနည်းမည်ပါသည်။

ဤစိတ်၌ ဤမျှသော စေတသိက်တို့ယှဉ်၏ဟု စေတသိက်တို့၏အစုကို ဝိုင်းခြားသည်၏ အစွမ်းဖြင့် မိန့်အပ်သော (၃၃)ပါးအပြားရှိသောနည်းသည် သင်္ဂဟနည်းမည်ပါသည်။ ဤသို့ ထူးပါသည်။

စေတသိက်ကို စိတ်နှင့်အမျှ ရေတွက်ပုံ

ဖဿစေတသိက်ကို စိတ္တေနသမမုဒ္ဒိသေအရ စိတ်နှင့်အမျှပြားပုံကား(၀၊)ရေတွက်ပုံကား... ဖဿစေတသိက်သည် အလုံးစုံသော စိတ်တစ်ခုယုတ်(၉၀)၊ ကျယ်(၁၂၁)ပါးတို့၌ ယှဉ်သည်၏အဖြစ်ကြောင့် ဖဿစေတသိက်ကို စိတ္တေန သမမုဒ္ဒိသေအရ စိတ်နှင့်အမျှပြားလိုက်သည်ရှိသော် (၀၊)ရေတွက်လိုက်သည်ရှိသော် ဖဿစေတသိက်ပေါင်း တစ်ခုယုတ်(၉၀)၊ အကျယ်(၁၂၁)ပါး ပြားလာရပါသည်။ ဤကား ဖဿစေတသိက်ကို စိတ္တေန သမမုဒ္ဒိသေအရ စိတ်နှင့်အမျှ ပြားပုံတည်း။ (၀၊) ရေတွက်ပုံတည်း။

ဝိတက်စေတသိက်ကို စိတ်နှင့်အမျှရေတွက်ပုံ

ဝိတက်စေတသိက်ကို စိတ္တေန သမမုဒ္ဒိသေအရ စိတ်နှင့်အမျှ ပြားပုံကား (၀၊) ရေတွက်ပုံကား... ဝိတက်စေတသိက်သည် (၅၅)ပါးသော စိတ်တို့၌ ယှဉ်သည်၏ အဖြစ်

http://www.dhammadownload.com

ကြောင့် ဝိတက်စေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှ ပြားလိုက်သည်ရှိသော် (ဝါ)ရေတွက်လိုက်သည်ရှိသော် ဝိတက်စေတသိက်ပေါင်း(၅၅)ပါး ပြားလာရပါသည်။

ဤကား ဝိတက်စေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှ ပြားပုံတည်း။ (ဝါ) ရေတွက်ပုံတည်း။

မောဟစေတသိက်ကို စိတ်နှင့်အမျှရေတွက်ပုံ

မောဟစေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှ ပြားပုံကား (ဝါ) ရေတွက်ပုံကား... မောဟစေတသိက်သည် အလုံးစုံသော အကုသိုလ်စိတ်(၁၂)ခုတို့၌ ယှဉ်သည်၏အဖြစ်ကြောင့် မောဟစေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှ ပြားလိုက်သည်ရှိသော် (ဝါ)ရေတွက်လိုက်သည်ရှိသော် မောဟစေတသိက်ပေါင်း(၁၂)ပါး ပြားလာရပါသည်။ ဤကားမောဟစေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှ ပြားပုံတည်း။ (ဝါ) ရေတွက်ပုံတည်း။

ပညိန္ဒြေစေတသိက်ကို စိတ်နှင့်အမျှပြားပုံ

ပညိန္ဒြေစေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှပြားပုံကား(ဝါ) ရေတွက်ပုံကား... ပညိန္ဒြေစေတသိက်သည် (၄၇)ပါးသော စိတ်တို့၌ ယှဉ်သည်၏အဖြစ်ကြောင့် ပညိန္ဒြေစေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှပြားလိုက်သည်ရှိသော် (ဝါ)ရေတွက်လိုက်သည်ရှိသော် ပညိန္ဒြေစေတသိက်ပေါင်း(၄၇)ပါး ပြားလာရပါသည်။ ဤကား ပညိန္ဒြေစေတသိက်ကို စိတ္တေန သမမုဒ္ဓိသေအရ စိတ်နှင့်အမျှ ပြားပုံတည်း။ (ဝါ)ရေတွက်ပုံတည်း။

မှတ်ချက် ။ ။ ကျန်သောစေတသိက်များကိုလည်း ဤနည်းကိုမှီး၍ မိမိတို့ယှဉ်ရာစိတ်များ အလိုက်ပြားယူကြပါလေ။

* * * * *

http://www.dhammadownload.com

ဥာဏ်စမ်းများ

၁။ (က) အလိုရမက်ကြီးသူ၊ (ခ) တွယ်တာခြင်း သမုဒယရှိသူ၊ (ဂ) အစွဲအလမ်းကြီးသူ၊ (ဃ) ဥပါဒါန်ကြောင့် ဥပါဒ်ရောက်သူတို့၏ သန္တာန်၌ လောဘမူစိတ် ဖြစ်ပါသည်။ ယင်းလောဘမူစိတ်နှင့် အည(၁၃)၊ မောစတုက်(၄)၊ လောကြို(၃)၊ ထိန, မိဒ္ဓ-အားဖြင့် (၂၂)ပါးသော စေတသိက်တို့ ယှဉ်တွဲဖြစ်ပေါ်ပါသည်။

၂။ (က) သည်းမခံတတ် ရန်ဖြစ်တတ်သူ(စိတ်ဆိုးတတ်သူ) သန္တာန်၌ ဒေါသမူစိတ် ဖြစ်ပါသည်။ ယင်းဒေါသမူစိတ်နှင့် ပီတိကြဉ် အည(၁၂)၊ မောစတုက်(၄)၊ ဒေါသ, ထိန, မိဒ္ဓ-အားဖြင့် (၁၉)ပါးသော စေတသိက်တို့ အတူဖြစ်ပေါ်ခွင့်ရှိပါသည်။

(ခ) သူတစ်ပါးအသက်ကို ထက်သန်စွာသတ်သူ၏ သန္တာန်၌ ဒေါသမူအသခ်ါရိကစိတ်ဖြစ်ပါသည်။ ယင်းစိတ်နှင့် ပီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ ဒေါသအားဖြင့် (၁၇)ပါးသော စေတသိက်တို့အတူဖြစ်ပေါ်ခွင့်ရှိပါသည်။

(ဂ) သူတစ်ပါးအသက်ကို မထက်မသန် သတ်သူ၏သန္တာန်၌ ဒေါသမူ သသခ်ါရိကစိတ်ဖြစ်ပါသည်။ ယင်းစိတ်နှင့် ပီတိကြဉ် အည(၁၂)၊ မောစတုက်(၄)၊ ဒေါသ, ထိန, မိဒ္ဓ-အားဖြင့် (၁၉)ပါးသော စေတသိက်တို့အတူဖြစ်ခွင့်ရှိပါသည်။

(ဃ) သူတစ်ပါးစည်းစိမ်ကို ငြူစူသူ၏ (မနာလိုသူ၏)သန္တာန်၌ ဒေါသမူစိတ် ဖြစ်ပါသည်။ ယင်းစိတ်၌ ပီတိကြဉ် အည(၁၂)၊ မောစတုက်(၄)၊ ဒေါသ, ဣဿာ, ထိန, မိဒ္ဓ-အားဖြင့် (၂၀)သော စေတသိက်တို့ ယှဉ်တွဲဖြစ်ပေါ်ပါသည်။

မှတ်ချက် ။ ။ အထက်ပါအတိုင်း သာမညမေးခဲ့လျှင် ဒေါသမူစိတ်ဟု သာမညဖြေ၍ စေတသိက်(၂၀)ယှဉ်ပါ။ ထက်သန်စွာ ငြူစူသူဟုမေးခဲ့လျှင် ဒေါသမူ အသခ်ါရိကစိတ်ဟုဖြေပါ။ စေတသိက်ယှဉ်ရာတွင် ထိန, မိဒ္ဓဖြုတ်၍ (၁၈)ပါးယှဉ်ပါလေ၊ မထက်မသန် (နုံနေးစွာ)ငြူစူ

http://www.dhammadownload.com

သူဟုမေးခဲ့လျှင် ဒေါသမူ သသခ်ါရိကစိတ်ဟုဖြေ၍ စေတသိက် (၂၀)ယှဉ်ပါလေ၊ ကျသော၊ မစ္ဆရိယ၊ ကုက္ကုစ္စစေတသိက်တို့ကား အနိယတယောဂီ ပစ္ခေကစေတသိက်များဖြစ်၍ မစ္ဆရိယ၊ ကုက္ကုစ္စ မထည့်ဘဲ ကျသောတစ်ပါးတည်း ထည့်ဖြေရမည်။

(ဂ) ပြုပြီးဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့အတွက် စိတ်မချမ်းသာမှု ဖြစ်နေသူ (ပြုပြီးမကောင်းမှု၊ မပြုမိသောကောင်းမှုတို့အတွက် နောင်တ ပူပန်နေသူ) သန္တာန်၌ ဒေါသမူစိတ်ဖြစ်ပါသည်။ ယင်းဒေါသမူစိတ်၌ ပီတိကြဉ် အည(၁၂)၊ မောစတုတ်(၄)၊ ဒေါသ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ အားဖြင့် (၂၀)သော စေတသိက်တို့ ဖြစ်ပေါ်ခွင့်ရှိပါသည်။

မှတ်ချက်။ ။ ပြင်းထန်စွာ စိတ်မချမ်းသာမှုဖြစ်ရာ၌ ဒေါသမူအသခ်ါရိကဖြစ်၍ လျှော့လျှော့ပေါ့ပေါ့ မပြင်းမထန် စိတ်မချမ်းသာမှု ဖြစ်ရာ၌ကား ဒေါသမူ သသခ်ါရိကစိတ်ဟုဖြေပါ။ စေတသိက်အယှဉ်ကို (ဃ)ပါ မှတ်ချက် အတိုင်းအဖြေပါ။

၃။ (က) ဘဝင်မြင့် စိတ်ကြီးဝင်သူသန္တာန်၌လည်းကောင်း (ခ) မှန်ကင်းကဲ့သို့ ထောင်လွှား တက်ကြွသူသန္တာန်၌လည်းကောင်း၊ (ဂ) တစ်ဖက်လူကို အဖက်မတန် ဆက်ဆံတတ်သူ၏ သန္တာန်၌လည်းကောင်း ဒိဋ္ဌိဂတစိပ္ပယုတ်စိတ် (၄)ပါးဖြစ်ပါသည်။ ယင်းစိတ် (၄)ပါး၌ အည(၁၃)၊ မောစတုက် (၄)၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ အားဖြင့် (၂၀)သော စေတသိက်တို့ ယှဉ်တွဲ ဖြစ်ပေါ်ပါသည်။

၄။ (က) စိတ်မငြိမ်မသက် ပျံလွှင့်လျက်ရှိသူသန္တာန်၌ ဥဒ္ဓစ္စစေသိက်ဖြစ်ပါသည်။ (ခ) အရက်သောက်ရန်မရှက်သူ၊ (ဂ) စာမေးပွဲခိုးဖြေရန် မရှက်သူတို့သန္တာန်၌ အဟီရိကစေတသိက်ဖြစ်ပါသည်။ (ဃ) သူတစ်ပါးပစ္စည်းခိုးရန် မကြောက်လန့်သူ၊ (င) သူတစ်ဝါးသားမယား ပြစ်မှားရန် မကြောက်လန့်သူတို့ သန္တာန်၌ အနောတ္တပ္ပ စေတသိက်ဖြစ်ပါသည်။ ယင်း ဥဒ္ဓစ္စ၊ အဟီရိက၊ အနောတ္တပ္ပ စေတသိက်တို့နှင့် အတူတကွ ဖြစ်နိုင်သောစိတ်ကား.. အကုသိလ်စိတ်(၁၂)ပါး ဖြစ်ပါသည်။

၅။ စာပေသင်ကြားပေးသည်ကို စိတ်မဝင်စားဘဲ (ထိုင်းမှိုင်းစွာ) ငိုက်မျည်းနေသူ

http://www.dhammadownload.com

သန္တာန်၌ ထိန, မိဒ္ဓစေတသိက်(၂)ခု ဖြစ်ပါသည်။ ယင်း ထိန, မိဒ္ဓ (၂)ပါးနှင့် အတူ ဖြစ်နိုင်သောစိတ်ကား... အကုသိုလ် သသခ်ါရိကစိတ် (၅)ခု ဖြစ်ပါသည်။

၆။ (က) ကုသိုလ်, အကုသိုလ်တို့၏ အကျိုးမရှိဟု ဆိုလေ့ရှိသူ၊

(ခ) ဆောက်ဘဝ (တမလွန်ဘဝ) မရှိဟု မှတ်ထင်သူ၊

(ဂ) ရုပ်, နာမ်ဓမ္မသခ်ါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်မရှိဟုဆိုသူ၊

(ဃ) လူသေလျှင် လူသာဖြစ်ရမည်ဟု အယူရှိသူ၊

(င) သတ္တဝါတွေကို ထာဝရဘုရားသခင်နှင့် ဗြဟ္မာတို့က ဖန်ဆင်းပေးသည်ဟု အယူရှိသူ။

(စ) နတ်ပြည်မရှိ၊ ငရဲဘုံမရှိဟု ယူဆသူ (မိမိတို့ပြုသမျှ မကောင်းမှုကို ဘုရားသခင်က ခံယူသည်ဟု အယူရှိသူ) တို့၏ သန္တာန်၌ ဒိဋ္ဌစေတသိက်ဖြစ်ပါသည်။ ယင်း စေတသိက်နှင့်အတူ ဖြစ်နိုင်သောစိတ်ကား... ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး ဖြစ်ပါသည်။

၇။ (က) ရတနာ (၃)ပါး၌ သံသယဖြစ်သူ၊ ယုံမှားသူ၊

(ခ) သက်တော်ထင်ရှား ဘုရားရှိခဲ့တာ ဟုတ်ပါ့မလားဟု ယုံမှားသံသယရှိသူ။

(ဂ) သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝဟာ အကျိုးရှိပါ့မလားဟု ယုံမှားသံသယရှိသူ၊

(ဃ) ဥပုသ်စောင့်ရတာ အကျိုးရှိပါ့မလား၊ ဆွမ်းလောင်းလှူရတာ အကျိုးရှိပါ့မလားဟု ယုံမှားသံသယရှိသူတို့၏ သန္တာန်၌ ဝိစိကိစ္ဆာစေတသိက်ဖြစ်ပါသည်။ ၄င်း ဝိစိကိစ္ဆာနှင့်အတူ ဖြစ်နိုင်သော စိတ်ကား.. ဝိစိကိစ္ဆာသဟဂုတ်စိတ် ဖြစ်ပါသည်။

၈။ (က) စာကျက်စာအံ ဇွဲသန်သူသန္တာန်၌ ဝီရိယစေတသိက်ဖြစ်ပါသည်။

(ခ) ရတနာသုံးပါးကို ကြည်ညိုသူသန္တာန်၌ သဒ္ဓါစေတသိက် ဖြစ်ပါသည်။

(ဂ) စေ့ဆော်တိုက်တွန်းတတ်သူ (ဗျာပါရကြီးမားသူ) သန္တာန်၌ စေတနာစေတသိက် ဖြစ်ပါသည်။

http://www.dhammadownload.com

(ဃ) ကြဲစည်စိတ်ကူးခြင်းများသူ (စဉ်းစားခြင်းများသူ) သန္တာန်၌ ဝိတက် စေတသိက် ဖြစ်ပါသည်။

(င) စာပေကျမ်းဂန်များကို အာရုံစူးစိုက်၍ ကျက်မှတ်သူ သန္တာန်၌ ဧကဂ္ဂတာ စေတသိက် ဖြစ်ပါသည်။

(စ) အဖြေစာရွက်တွင် ရေးပြီးသောအဖြေကို ထပ်ခါထပ်ခါ ဆင်ခြင်သုံးသပ် ပြန်လည်ဖတ်ရှုနေသူ၏ သန္တာန်၌ ဝိစာရစေတသိက်ဖြစ်ပါသည်။

(ဆ) အမှားအမှန် အကောင်းအဆိုး ဆုံးဖြတ်တတ်သူ၏ သန္တာန်၌ အဓိမောက္ခ စေတသိက် ဖြစ်ပါသည်။

(ဇ) စာမေးပွဲဖြေဆိုနိုင်၍အားရနှစ်သက်နေသူ ကျေနပ်နှစ်သိမ့်နေသူ၏ သန္တာန်၌ ပီတိစေတသိက် ဖြစ်ပါသည်။

(ဈ) စာမေးပွဲအောင်လိုသူ၊ နိုင်ငံခြားသို့ ပညာတော်သင်သွားချင်သူ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ တက်ရောက်၍ ပညာသင်ကြားလိုသူ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းလိုသူ၊ သူဌေးသူကြွယ် ဖြစ်ချင်သူ၊ နတ်ပြည် ရောက်လိုသူ၊ နိဗ္ဗာန်ကိုလိုချင်သူတို့၏ သန္တာန်၌ ဆန္ဒစေတသိက် ဖြစ်ပါသည်။ (ယှဉ်ရာစိတ်များ ထင်ရှားပြီ။)

၉။ (က) ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် ငွေသားလှူဒါန်းပြီး စိတ်ကြည်လင်မှု ဖြစ်နေသော ဘာသာခြားအလှူရှင် တစ်ဦး၏ သန္တာန်၌ သဒ္ဓါစေတသိက် ဖြစ်ပါသည်။ ယင်း သဒ္ဓါစေတသိက်နှင့် မဟာကုသိုလ်ဉာဏဝိပ္ပယုတ်(၄)၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် (၄)အားဖြင့် (၈)ပါးသော သောဘနစိတ်တို့ အတူအတက ဖြစ်ခွင့်ရှိပါသည်။

မှတ်ချက်။ ။ဤကား အကြောင်းအရာနှင့်ပုဂ္ဂိုလ်အလိုက် ရသင့်ရထိုက်သမျှ ဖြစ်ခွင့် ဖြစ်ထိုက်သမျှ ဝိသေသအားဖြင့် ဖြေခြင်းဖြစ်ပါသည်။ အကယ်၍ စေတသိက်ပိုင်းအလိုအရ သဒ္ဓါစေတသိက် ယှဉ်နိုင်သမျှစိတ်တို့ကို ကုန်စင်အောင် ဖော်ပြပါဟု မေးလာလျှင် သောဘနစိတ်တစ်ခုယုတ် (၆၀)ဟု

http://www.dhammadownload.com

ဖြေရမည်ဖြစ်ပါသည်။ ဤ၌ စဉ်းစားဖွယ်ရာရှိသည်မှာ-အလှူရှင်သည် ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်၍ ဈာန်ရပုဂ္ဂိုလ်မဟုတ်သောကြောင့် (ဝိထိဝိုင်း ပုဂ္ဂလဘေဒ အမြင်အရ) မဟဂ္ဂုတ် ကုသိုလ်စိတ်များမရနိုင်၊ သေက္ခနှင့် ရဟန္တာပုဂ္ဂိုလ်များ မဟုတ်သောကြောင့် မဟာကြိယာ, မဟဂ္ဂုတ်ကြိယာ နှင့် လောကုတ္တရာစိတ်များလည်း မရနိုင်၊ ကံ-ကံ၏ အကျိုးကို သက်ဝင် ယုံကြည်မှု မရှိသော ဘာသာခြားအလှူရှင်ဖြစ်၍ ဉာဏသမ္မယုတ်စိတ်များလည်း မရနိုင်၊ သို့အတွက် ယင်းသဒ္ဓါစေတသိက်ကို မဟာကုသိုလ်၊ မဟာဝိပါက်၊ ဉာဏဝိပ္ပယုတ်စိတ် (၈)ပါးနှင့်အတူ ဖြစ်ခွင့်ရှိသည်ဟု ဖြေလိုက်ခြင်း ဖြစ်ပါသည်။ (စဉ်းစား၍ယူကြပါကုန်)

အမှာ(က)　။၁၃၄၇ (၁၉၈၆)ခုနှစ်၊ စနစ်သစ် ပထမလတ်တန်း အဘိဓမ္မာဘာသာ (သင်္ဂြိဟ်)မေးခွန်း (၁) နံပါတ်ပုစ္ဆာ၌ (စာဖြေသံ့ဘာတော်များ ဆွမ်းဘုဉ်းပေးနေသည်ကို ဖူးမြင်ရ၍ ကျေနပ်နှစ်သိမ့်နေသော ဆွမ်းအလှူရှင်၏ သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြ၍ ယင်းစေတသိက်နှင့် ယှဉ်နိုင်ခွင့်ရှိသမျှစိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ)ဟု အဘိဓမ္မာကျမ်းစာကို လက်တွေ့ ကျင့်သုံးရေးကို အလေးပေး၍ ခေတ်မီစွာ မေးထားသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရပါသည်။

ယင်းမေးခွန်းအရ ဆွမ်းအလှူရှင် သန္တာန်၌ဖြစ်သော စေတသိက်ကားဝိတိစေတသိက်ဖြစ်ပါသည်။ ယင်းဝိတိစေတသိက်နှင့် ယှဉ်နိုင်ခွင့်ရှိသမျှစိတ်တို့ကို မေးခွန်းပါ အကြောင်းအရာနှင့် ပုဂ္ဂိုလ်အလိုက်ဖြေရလျှင် အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏစိတ် (၁)ပါး၊ မဟာကုသိုလ်, သောမနဿသဟဂုတ်စိတ်(၄)ပါး၊ မဟာဝိပါက်၊ သောမနဿ သဟဂုတ်စိတ် (၄)ပါးအားဖြင့် (၉)ပါးဖြစ်သည်ဟု ဖြေရပါမည်။ (မဟာဝိပါက် သောမနဿ(၄)ပါးမှာ တဒါရုံစိတ်အနေအားဖြင့်ရခြင်း ဖြစ်ပါသည်။ (ဆွမ်းအလှူရှင်မှာ ဈာန်ရပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ် မဟုတ်သောကြောင့် ယင်းဝိတိစေတသိက်သည် ဟသိတုပ္ပါဒ်, မဟာကြိယာ,

http://www.dhammadownload.com

မဟဂ္ဂုတ်ကုသိုလ်, ကြိယာ, လောကုတ္တရာသောမနဿ သဟဂုတ်စိတ်
များ၌ မယှဉ်နိုင်ပါ။)

အကယ်၍ စေတသိက်ပိုင်းအလိုအရ ပီတိယှဉ်နိုင်သမျှ စိတ်တို့ကို ကုန်စင်အောင်ဖော်ပြပါဟု မေးလျှင် ပီတိယှဉ်သော စိတ် (၅၁)ပါးလုံး ဖြေဆိုရန်ဖြစ်ပါ၏။ ဤစာရေးသူအနေဖြင့်မူ မေးခွန်းပါ အကြောင်းအရာနှင့် ပုဂ္ဂိုလ်အလိုက် ရသင့်ရထိုက် ယှဉ်ခွင့်ယှဉ်ထိုက်သမျှ စိတ်တို့ကို ဝိသေသအားဖြင့် ရေတွက်ဖြေဆိုခြင်းသာ ပို၍သဘာဝကျမည်ဟု ထင်မိပါသည်။ (ဆင်ခြင်၍ ဖြေဆိုကြပါကုန်။)

(ခ) ရတနာသုံးပါးနှင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အောက်မေ့သူ၊ အမှတ်ရသူတို့၏ သန္တာန်၌ သတိစေတသိက်ဖြစ်ပါသည်။

(ဂ) သူတစ်ပါးအသက်ကို သတ်ရန် ရှက်သူ၊ သူတစ်ပါးပစ္စည်းခိုးရန် ရှက်သူ၊ စာမေးပွဲ ခိုးဖြေရန်ရှက်သူ၊ အရက်သောက်ရန်ရှက်သူ၊ ယုတ်မာ ညစ်ညမ်းကြမ်းတမ်းသော စကားမျိုးဆိုရမှာ ရှက်သူတို့၏သန္တာန်၌ ဟိရိစေတသိက် ဖြစ်ပါသည်။

(ဃ) သူတစ်ပါးအသက်သတ်ရန် ကြောက်လန့်သူ၊ သူတစ်ပါးသားမယားအား ပစ်မှားရန်ကြောက်လန့်သူ၊ မုသားဆိုရမှာကြောက်လန့်သူ၊ သူတစ်ပါးပစ္စည်း ခိုးရန်ကြောက်လန့်သူတို့ သန္တာန်၌ ဩတ္တပ္ပစေတသိက် ဖြစ်ပါသည်။

(င) ပစ္စည်းလေးပါး လာဘ်လာဘများကို မက်မောတွယ်တာခြင်းမရှိသူ သန္တာန်၌ အလောဘစေတသိက်ဖြစ်ပါသည်။

(စ) မခက်မထန် သည်းခံခြင်းရှိသူ၊ ပင်ကိုယ်သဘာဝအားဖြင့် မျက်နှာအဆင်းကြည်လင်ပြီး ချိုသာအေးမြသော စကားရှိသူတို့သန္တာန်၌ အဒေါသစေတသိက် ဖြစ်ပါသည်။

(ဆ) စာပေကျမ်းကန်သင်ယူရာ၌လည်းကောင်း၊ စာမေးပွဲဖြေဆိုရာ၌လည်းကောင်း ဆိုလိုရင်းအဓိပ္ပါယ်ကို လွယ်ကူစွာ သိနားလည်သူ၏ သန္တာန်၌ ပညာပညိန္ဒြေ ဉာဏ်-ဟုဆိုရသော အမောဟစေတသိက်ဖြစ်ပါသည်။

(ဇ) အတိုင်းမသိ ဆင်းရဲသောသူများကို တွေ့မြင်ရသောအခါ သနားကြင်နာမှု

http://www.dhammadownload,com

ဖြစ်သူ၏သန္တာန်၌ ကရဏာစေတသိက် ဖြစ်ပါသည်။

(ဈ) အတိုင်းမသိ ရာထူးဂုဏ်သိမ် စည်းစိမ်ကြွယ်ဝ ချမ်းသာသူများကို တွေ့မြင်ရ၍ ဝမ်းမြောက်သူ၊ သီတင်းသုံးဖော်များ စာမေးပွဲအောင်မြင်သည်ကို တွေ့မြင်ရ၍ဝမ်းမြောက်သူ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်ခွင့်ရသော သီတင်းသုံးဖော်များကို တွေ့မြင်ရ၍ လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှ သင်တန်းဆင်းလာသော သီတင်းသုံးဖော်များကို တွေ့ရ၍လည်းကောင်း၊ ဝမ်းမြောက်သူတို့၏ သန္တာန်၌ မုဒိတာစေတသိက် ဖြစ်ပါသည်။

(ည) လူတစ်ယောက်ကို မုန်း၍ သတ်မည်ပြုပြီးမှ မသတ်တော့ဟု ရှောင်ကြဉ်သူ၏ သန္တာန်၌ သမ္မာကမ္မန္တဝိရတီ စေတသိက် ဖြစ်ပါသည်။

(ဋ္ဌ) စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ငွေလိုချင်၍ လူတစ်ယောက်ကို သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်သူ၏ သန္တာန်၌ သမ္မာအာဇီဝဝိရတီ စေတသိက်ဖြစ်ပါသည်။

(ဌ) ချစ်ခင်နေသူ နှစ်ဦးကိုမုန်း၍ အချစ်ပျက်ပြားစေရန် ရန်တိုက်ပေးမည် (ကုန်းချောမည်)ဟု ရည်ရွယ်ပြီးမှ ရန်တိုက်မပေးဘဲ ရှောင်ကြဉ်သူ၏ သန္တာန်၌သမ္မာဝါစာဝိရတီ စေတသိက်ဖြစ်ပါသည်။

(ဍ) မုန်း၍ (မတည့်၍) သူတစ်ပါးပစ္စည်းကို ခိုးမည်ဟု ရည်ရွယ်ပြီးမှ မခိုးဘဲ ရှောင်ကြဉ်သူ၏ သန္တာန်၌ သမ္မာကမ္မန္တ ဝိရတိစေတသိက် ဖြစ်ပါသည်။

(ဎ) စားစရာမရှိ၍ သူတစ်ပါးပစ္စည်းကို ခိုးမည်ဟု ရည်ရွယ်ပြီးမှ မခိုးဘဲ ရှောင်ကြဉ်သူ၏ သန္တာန်၌လည်းကောင်း၊ အခကြေးငွေယူ၍ မတရား သုတ်သေလိုက်မည့် (ရှေ့နေလိုက်မည်)ဟု ရည်ရွယ်ပြီးမှ မလိုက်ဘဲ ရှောင်ကြဉ်သူအားလည်းကောင်း သမ္မာအာဇီဝဝိရတီ စေတသိက် ဖြစ်ပါသည်။

(ဏ) လင်သားကိုမုန်း၍ဖြစ်စေ၊ ဝါသနာအလျောက်ဖြစ်စေ သူ့မယားကို ပြစ်မှားမည်ဟုကြံရွယ်ပြီးမှ မပြစ်မှားတော့ဘဲ ရှောင်ကြဉ်သူ၏ သန္တာန်၌ သမ္မာကမ္မန္တဝိရတီ စေတသိက်ဖြစ်ပါသည်။ (ယှဉ်ရာစိတ်များ ထင်ရှားပြီဖြစ်၍

http://www.dhammadownload.com

ကြံစည်ကြပါကုန်။)

မှတ်ချက်။ ။ကာယဒုစရိုက် ဝစီဒုစရိုက် တို့ကို ကျူးလွန်မည်ဟု ကြံရွယ်ပြီးမှ မကျူးလွန်ဘဲရှောင်ကြဉ်ရာ၌ အသက်မွေးဝမ်းကျောင်းမှုနှင့် မသက်ဆိုင်လျှင် သမ္မာကမ္မန္တ, သမ္မာဝါစာဝိရတီဖြစ်၍ အသက်မွေးဝမ်းကျောင်းမှုနှင့် သက်ဆိုင်လျှင် သမ္မာအာဇီဝဝိရတီဟု မှတ်ပါ။

စေတသိက်ကို စေတသိက်ယှဉ်နည်း

အာဘိမ္မတ္တသင်္ဂဟကျမ်းပြု အရှင်အနုရုဒ္ဓါသည် စိတ်တို့၌ ယှဉ်နိုင်သော စေတသိက်တို့ကို ရေတွက်တတ်လျှင် စေတသိက်တစ်ခု, နှစ်ခုစသည်တို့၌ ယှဉ်ဖက်ဖြစ်သော စေတသိက်တို့ကို သိလောက်ပြီဟု နှလုံးသွင်း၍ ပဓာနဖြစ်သော စိတ်၌ယှဉ်သော စေတသိက်တို့ကိုသာရေတွက်ပြခဲ့သည်။ သို့သော်လည်း ဆရာ့နည်းလည်းမရ တမင်တကာလည်း ဂရုစိုက်မလေ့လာလျှင် နားလည်ဖွယ်မရှိပေ။ ထို့ကြောင့် စေတသိက်တို့ကို ပကိဏ်း(၆)ပါး ဖြင့် ဝေဖန်ရာ၌လည်းကောင်း၊ မာတိကာ, ဓာတုကထာစသော ညဝါအကောက်တို့၌လည်းကောင်း ကျေးဇူးများသည်ဖြစ်၍ စေတသိက်ကို စေတသိက်ယှဉ်နည်းကိုလည်း ပြဆိုပါဦးမည်။

စေတသိက်ကို စေတသိက်ယှဉ်နည်းဟူသည် အရင်းခံစေတသိက်တစ်ခု၏ အတူယှဉ်ဖက်ဖြစ်သော စေတသိက်တို့ကို ရေတွက်ပြခြင်းသာ ဖြစ်ပေသည်။ ဥပမာ-အိမ်တစ်အိမ်၌ မောင်ဖြူနှင့်တကွ လူငါးယောက်နေထိုင်ကြသည် ဆိုပါစို့. တစ်စုံတစ်ယောက်က မောင်ဖြူနှင့် အတူနေသောသူများကို သိလိုပါသည်ဟု ပြောဆိုလာလျှင် မည်သူတို့ကို ညွှန်ပြမည်နည်း၊ မောင်ဖြူမှတစ်ပါးသော ကျန်(၄)ယောက် တို့ကိုသာ ညွှန်ပြရမည်ဖြစ်ပါသည်။ စေတသိက်ကို စေတသိက်ယှဉ်နည်းဟူသည်လည်း ဤအတူပင်၊ စိတ်တစ်ခုခု၌ အရင်းခံစေတသိက်နှင့် အတူယှဉ်သော စေတသိက်တို့ကို ရေတွက်ပြရခြင်းသာဖြစ်သည်။

သို့ဖြစ်၍ စေတသိက်တစ်ခု၌ ယှဉ်သော စေတသိက်တို့ကို သိလိုလျှင် ထိုအရင်းခံစေတသိက်ယှဉ်နိုင်သော စေတသိက်တို့ကို ဦးစွာကြည့်ရသည်၊ ထိုအရင်းခံစေတသိက်ယှဉ်နိုင်သောစိတ်၌ စေတသိက်ပေါင်း မည်မျှယှဉ်သနည်းဟု ကြည့်ရှုပြီး ထိုစေတသိတ်တို့

http://www.dhammadownload.com

တွင် မိမိတည်းဟူသော အရင်းခံစေတသိက်ကို ကြဉ်ထားလိုက်ပါ။ ကျန်စေတသိက်တို့သည် ထိုအရင်းခံစေတသိက်၌ယှဉ်နိုင်သော စေတသိက်တို့ဖြစ်သည်။ အရင်းခံစေတသိက်ကို ကြဉ်ရခြင်းအကြောင်းကား.. လောကသဘာဝအားဖြင့် ငါနှင့်ငါတူသည်ဟု မရှိသကဲ့သို့ ဓမ္မသဘာဝအားဖြင့် ဖဿနှင့် ဖဿယှဉ်နိုင်သည်။ ဝေဒနာနှင့်ဝေဒနာယှဉ်နိုင်သည်ဟု မရှိပေ။ ထို့ကြောင့်အရင်းခံစေတသိက်ကို နှုတ်ပယ်ထားရသည်။

ဖဿစေတသိက်နှင့် ယှဉ်နိုင်သော စေတသိက်တို့ကား.. ဖဿသည် စိတ်တစ်ခု ယုတ်(၉၀)၌ယှဉ်၏ ထိုစိတ်တစ်ခုယုတ်(၉၀)၌ စေတသိက်ဒွေးပညာသယှဉ်နိုင်၏။ ထိုစေတသိက်ဒွေးပညာသတို့တွင် ဖဿတည်းဟူသော အရင်းခံစေတသိက်ကို ပြန်နှုတ်သော် စေတသိက်(၅၁)ပါးဖြစ်၏။ ထိုစေတသိက်(၅၁)ပါးသည် ဖဿနှင့်ယှဉ်နိုင်သော စေတသိက်တို့ ဖြစ်သည်။

ဝိတက်စေတသိက်နှင့်ယှဉ်နိုင်သော စေတသိက်တို့ကား... ဝိတက်သည် (၅၅)ပါးသောစိတ်တို့၌ယှဉ်နိုင်၏။ ထို (၅၅)ပါးသောစိတ်တို့၌ စေတသိက်(၅၂)ပါးလုံး ယှဉ်နိုင်၏။ ထိုစေတသိက် (၅၂)ပါးတို့တွင် ဝိတက်တည်းဟူသော အရင်းခံစေတသိက်ကို ပြန်နှုတ်သော် ကျန်စေတသိက်(၅၁)ပါးသည် ဝိတက်နှင့်ယှဉ်နိုင်သော စေတသိက်တို့ ဖြစ်သည်။

မောဟစေတသိက်နှင့်ယှဉ်နိုင်သော စေတသိက်တို့ကား.. မောဟစေတသိက်သည် အကုသိုလ်စိတ်(၁၂)ပါး၌ယှဉ်၏။ ထိုအကုသိုလ်စိတ်(၁၂)ပါး၌ အညသမာန်းစေတသိက်(၁၃)ပါး၊ အကုသိုလ်စေတသိက်(၁၄)ပါးအားဖြင့် (၂၇)ပါး ယှဉ်နိုင်၏။ ထိုစေတသိက်(၂၇)ပါးတို့တွင် မောဟတည်းဟူသော အရင်းခံစေတသိက်ကို နှုတ်လိုက်ပါက ကျန်စေတသိက် (၂၆)ပါးသည် မောဟနှင့်ယှဉ်နိုင်သော စေတသိက်တို့ဖြစ်သည်။

ဖြေဆိုနည်း

လောဘစေတသိက်နှင့်ယှဉ်သော စေတသိက်တို့ကို ဖော်ပြပါဟုမေးလျှင် လောဘစေတသိက်နှင့် ယှဉ်နိုင်သော စေတသိက်တို့သည် အညသမာန်းစေတသိက်(၁၃)ပါး၊ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓအားဖြင့် (၂၁)ပါး ဖြစ်ပါသည်ဟု ဖြေဆိုရပါသည်။

http://www.dhammadownload.com

ဒေါသစေတသိက်နှင့် ယှဉ်နိုင်သော စေတသိက်တို့.ကို ဖော်ပြပါဟုမေးလျှင် ဒေါသစေတသိက်နှင့်ယှဉ်နိုင်သော စေတသိက်တို့.သည် ပီတိကြဉ် အညသမာန်းစေတသိက် (၁၂)ပါး၊ မောဟ, အဟီရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ အားဖြင့် (၂၁)ပါးဖြစ်ပါသည်ဟု ဖြေဆိုရပါမည်။

ဝိစိကိစ္ဆာစေတသိက်နှင့် ယှဉ်သော စေတသိက်တို့.ကို ဖော်ပြပါဟု မေးလျှင် ဝိစိကိစ္ဆာစေတသိက်နှင့်ယှဉ်သော စေတသိက်တို့.သည် အဓိမောက္ခ, ပီတိကြဉ်သော အညသမာန်း စေတသိက်(၁၀)ပါး၊ မောဟ, အဟီရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စအားဖြင့် စေတသိက်(၁၄)ပါး ဖြစ်ပါသည်ဟု ဖြေဆိုရသည်။

ကြွင်းသောစေတသိက်တို့ စေတသိက်ယှဉ်နည်းကိုလည်း ဤနည်းကိုမှီ၍ သိကြလေကုန်၊ မခဲယဉ်းပြီ။

စေတသိက်ဝိုင်း သင်္ဂဟသရုပ်ပြီးပြီ။

* * * * *

http://www.dhammadownload.com

ပကိဏ်းပိုင်း

အနုသန္ဓေ ပဋိညာဉ် မာတိကာစဉ်

ပကိဏ်းပိုင်အစ သမ္မယုတ္တာ ယထာယောဂံ-အစရှိသော (၂)ဂါထာသည် အနုသန္ဓေပဋိညာဉ်နှင့် မာတိကာကိုပြသော (၂)ဂါထာဖြစ်ပါသည်။

တေပညာသအရ (၅၃)ပါး

တေပညာသသဘာဝတော-၌ တေပညာသအရကား.. စိတ်တစ်ခုယုတ်(၉၀)ကို အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့်တူ၍ တစ်ပါးတည်းယူ၍ ဖုသနစသော မိမိတို့၏ ကိစ္စ လက္ခဏာအားဖြင့်ပြားသော စေတသိက် (၅၂)ပါးနှင့်ပေါင်းလိုက်သည်ရှိသော် တေပညာသ အရ (၅၃)ပါးဖြစ်ပါသည်။ နာမ်တေပညာသဟူ၍လည်း ခေါ်ပါသည်။

မာတိကာသင်္ဂဟ (၆)ပါး

ပကိဏ္ဏကသင်္ဂဟ၌ မာတိကာတို့သည် (၀၊) သင်္ဂဟတို့သည် ဝေဒနာသင်္ဂဟ, ဟေတုသင်္ဂဟ, ကိစ္စသင်္ဂဟ, ဒွါရသင်္ဂဟ, အာရမ္မဏသင်္ဂဟ, ဝတ္ထုသင်္ဂဟအားဖြင့် (၆)ပါးဖြစ်ပါသည်။ ပကိဏ်း (၆)ချက်ဟူ၍လည်း ခေါ်ပါသည်။

သာဓကကား ။ ။ ဝေဒနာဟေတုတောကိစ္စ (ပ) သင်္ဂဟော နာမ နိယတေဖြစ်ပါသည်။

ဝေဒနာသင်္ဂဟ

ဝေဒနာ(၃)ပါးနှင့် (၅)ပါး

ထို(၆)ပါးသော ပကိဏ္ဏကသင်္ဂဟတို့တွင် ဝေဒနာသင်္ဂဟ၌ ဝေဒနာတို့သည် အနုဘဝနလက္ခဏာအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် (၃)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ တတ္ထ ဝေဒနာသင်္ဂဟော (ပ) မသုခါစေတိဖြစ်ပါသည်။

(တစ်နည်း) - ဝေဒနာသင်္ဂဟ၌ ဝေဒနာတို့သည် ဣန္ဒြိယဘေဒအားဖြင့် သုခ

http://www.dhammadownload.com

ဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာအားဖြင့် (၅)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ သုခံ ဒုက္ခံ (ပ) ပဿဒ္ဓ ဟောတိ ဖြစ်ပါသည်။

ဝေဒနာဖြင့် စိတ်ကိုဝေဖန်ခြင်း

ထို (၅)ပါးသော ဝေဒနာနှင့်တကွဖြစ်သော စိတ်တို့တွင် သုခဝေဒနာနှင့်တကွ ဖြစ်သော စိတ်သည် ကုသိုလ်၏အကျိုးဖြစ်သော သုခသဟဂုတ် ကာယဝိညာဏ်စိတ် တစ်ပါးသာ ဖြစ်ပါသည်။

သာဓကကား ။ ။ တတ္ထသုခသဟဂတံ ကုသလဝိပါကံ (ပ) စေဝ ဖြစ်ပါသည်။

ဒုက္ခဝေဒနာနှင့်တကွဖြစ်သောစိတ်(၁)ပါး

ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စိတ်သည် အကုသိုလ်၏ အကျိုးဖြစ်သော ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တစ်ပါးသာ ဖြစ်ပါသည်။

သာဓကကား ။ ။ တထာ ဒုက္ခသဟဂတံ အကုသလဝိပါကံ ဖြစ်ပါသည်။

သောမနဿဝေဒနာနှင့်တကွဖြစ်သောစိတ်(၆၂)ပါး

သောမနဿဝေဒနာနှင့်တကွ ဖြစ်သောစိတ်တို့သည် လောဘမူသောမနဿသဟဂုတ်စိတ်(၄)ပါး၊ ကာမာဝစရသောဘနသောမနဿသဟဂုတ်စိတ် (၁၂)ပါး၊ သောမနဿန္ဒီရဏ (၁)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါးဟူဆိုအပ်သော ကာမသောမနဿသဟဂုတ်စိတ် (၁၈)ပါး၊ ပထမဈာန်စိတ် (၁၁)ပါး၊ ဒုတိယဈာန်စိတ် (၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါး ဟူဆိုအပ်သော မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၄၄)ပါးအားဖြင့် (၆၂)ပါး အပြားရှိပါသည်။

သာဓကကား ။ ။ သောမနဿသဟဂတစိတ္တာနိ ပန(ပ)ဒ္ဓါသဋ္ဌိဓာနိ ဘဝန္တိဖြစ်ပါသည်။

ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော စိတ်(၂)ပါး

ဒေါမနဿဝေဒနာနှင့်တကွဖြစ်သောစိတ်သည် ဒေါသမူဒွေးဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ဒေါမနဿသဟဂတာနိ ပန ဒွေ ပဋိဃသမ္မယုတ္တစိတ္တာနေဝ ဖြစ်ပါသည်။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စိတ်(၅၅)ပါး

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောစိတ်တို့သည် အကုသိုလ်ဥပေက္ခာ(၆)ပါး၊ အဟိတ်ဥပေက္ခာသဟဂုတ်စိတ်(၁၄)ပါး၊ ကာမာဝစရသောဘာနုဥပေက္ခာ(၁၂)ပါး၊ ပဉ္စမစျာန်စိတ်(၂၃)ပါးအား ဖြင့် (၅၅)ပါးအပြားရှိပါသည်။

သာဓကကား။ ။ သေသာနိ (ပ) စိတ္တာနေဝါတိ ဖြစ်ပါသည်။

သေသာနိ သဗ္ဗာနိပိ-၌ သေသ၏ အပါဒါန်-အရကား... သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာနှင့်တကွ ဖြစ်သော စိတ်တို့ကို ရပါသည်။

သေသ-အရကား... ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော (၅၅)ပါးသောစိတ်တို့ကို ရပါသည်။

သင်္ဂဟဂါထာများ

သုခံ ဒုက္ခမုပေက္ခာတိ အစရှိသောဂါထာသည် ဝေဒနာအပြားကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်ပါသည်။

ဝေဒနာသင်္ဂဟ၌ ဝေဒနာသည် အနုဘဝနလက္ခဏာအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ အားဖြင့် (၃)ပါးအပြားရှိပါသည်။

(တနည်း) ဝေဒနာသည် ဣန္ဒြိယဘေဒအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် (၅)ပါးအပြား ရှိပါသည်။

သာဓကကား ။ ။ သုခံ ဒုက္ခမုပေက္ခာတိ (ပ) ပဒ္ဓတာ ဖြစ်ပါသည်။

ဝေဒနာနှင့်ယှဉ်သော စိတ်တို့ကို အကျဉ်းပြပုံ

သုခမေကတ္တဒုက္ခဒ္ဒ-အစရှိသောဂါထာသည် ဝေဒနာနှင့်ယှဉ်သောစိတ်တို့ကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်ပါသည်။

စိတ်အကျယ် (၁၂၁)ပါးကို ဝေဒနာသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော်...

သုခသဟဂုတ်စိတ် (၁)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၁)ပါး၊ သောမနဿသဟ

http://www.dhammadownload.com

ဂုတ်စိတ် (၆၂)ပါး၊ ဒေါမနဿသဟဂုတ်စိတ် (၂)ပါး၊ ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါး အားဖြင့် (၁၂၁)ပါးဖြစ်သည်။

သာဓကကား ။ ။ သုခမေကတ္ထ (ပ) ပဋ္ဌပညာသ ကေတရာဖြစ်ပါသည်။

ဂါထာအရကောက်များ

သုခမေကတ္ထဒုက္ခ-၌ သုခအရကား‥ သုခဝေဒနာကို ရပါသည်။

ဒုက္ခအရကား‥ ဒုက္ခဝေဒနာကိုရပါသည်။

ဧကတ္ထအရကား‥ သုခသဟဂုတ် ကာယိကညာဏ်စိတ်တစ်ပါးကို ရပါသည်။

တစ်နည်း ။ ။ ဧကတ္ထအရကား‥ဒုက္ခသဟဂုတ် ကာယိကညာဏ်စိတ်တစ်ပါးကို ရပါသည်။

ဒေါမနဿ ဒွယေဠိတံ-၌ဒေါမနဿအရကား‥‥ဒေါမနဿဝေဒနာကို ရပါသည်။

ဒွယေအရကား‥‥ဒေါသမူဒွေးကိုရပါသည်။

ဒွါသဋ္ဌိသု သောမနဿံ-၌ သောမနဿအရ‥‥သောမနဿဝေဒနာကိုရပါသည်။

ဒွါသဋ္ဌိသုအရ‥‥လောဘမူသောမနဿ(၄)ပါး၊ ကာမာဝစရ သောဘန သောမနဿ(၁၂)ပါး၊ သောမနဿသန္တီရဏ (၁)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါးဟုဆိုအပ် သော ကာမသောမနဿသဟဂုတ်စိတ် (၁၈)ပါး၊ ပထမဈာန်စိတ် (၁၁)ပါး၊ ဒုတိယဈာန် စိတ်(၁၁)ပါး၊ တတိယဈာန်စိတ် (၁၁)ပါး၊ စတုတ္ထဈာန်စိတ် (၁၁)ပါးဟုဆိုအပ်သော မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၄၄)ပါးအားဖြင့် (၆၂)ပါးဟု ဆိုအပ်သော သောမနဿ သဟဂုတ်စိတ်ကို ရပါသည်။

ပဋ္ဌပညာသကေတရာ-၌ ကေတရာအရ‥ ဥပေက္ခာဝေဒနာကို ရပါသည်။

ပဋ္ဌပညာသအရ‥‥အကုသိုလ်ဥပေက္ခာ(၆)ပါး၊ အဟိတ်ဥပေက္ခာ (၁၄)ပါး၊ ကာမာ ဝစရသောဘနဥပေက္ခာ (၁၂)ပါး၊ ပဋ္ဌမဈာန် (၂၃)ပါးအားဖြင့် ဥပေက္ခာသဟဂုတ်စိတ် (၅၅)ပါးကိုရပါသည်။

http://www.dhammadownload.com

စေတသိက်(၅၂)ပါးကို ဝေဒနာဖြင့် ဝေဖန်ခြင်း

စေတသိက် (၅၂)ပါးကို ဝေဒနာသင်္ဂဟဖြင့် ဝေဖန်ပြပုံလင်္ကာကား...

သုခ, ဒုက္ခာ၊ ဝေဒနာနှင့် ယှဉ်လာလေရိုပ်၊ စေတသိက်ကား၊ ခြောက်ပါးညီမျှ၊ သောမနဿ ဝယ်၊ လေးဆယ်နှင့်ခြောက်၊ ထို့နောက်ဒေါမနဿ၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ၊ ဥပေက္ခာ၌၊ ယှဉ်လာဖြစ်မြောက်၊ လေးဆယ့်ခြောက်သည်၊ ရွေးကောက်လေတော့မခဲတည်း။

(အရှင်ဇနကာဘိဝံသ)

သုခ, ဒုက္ခာ၊ ဝေဒနာနှင့် ယှဉ်လာလေရိုပ်၊ စေတသိက်ကား၊ ခြောက်ပါးညီမျှ အရ.. သုခဝေဒနာ, ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စေတသိက်သည် (၆)ပါးအပြား ရှိပါသည်။ (၆)ပါးဟူသော်ကား...

ဝေဒနာကြဉ်သော သမ္မစိတ္တသာဓာရဏစေတသိက် (၆)ပါး ဖြစ်ပါသည်။

သောမနဿဝယ်၊ လေးဆယ်နှင့်ခြောက်အရ... သောမနဿဝေဒနာနှင့် တကွဖြစ်သော စေတသိက်သည် (၄၆)ပါးဖြစ်ပါသည်။ (၄၆)ပါးဟူသော်ကား...

ဝေဒနာကြဉ် အညသမာန်းစေတသိက် (၁၂)ပါး၊ ဝိစိကိစ္ဆာ၊ ဒေါစတုတ်ကြဉ် အကုသိုလ်စေတသိက် (၉)ပါး၊ သောဘနစေတသိက် (၂၅)ပါးအားဖြင့် (၄၆)ပါးဖြစ်ပါသည်။

ထို့နောက် ဒေါမနဿ၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာအရ ... ဒေါမနဿဝေဒနာ နှင့်တကွဖြစ်သော စေတသိက်သည် (၂၁)ပါးရှိပါသည်။ (၂၁)ပါးဟူသော်ကား...

ဝေဒနာ, ဝိတိကြဉ် အညသမာန်းစေတသိက် (၁၁)ပါး၊ လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စေတသိက် (၁၀)ပါးအားဖြင့် (၂၁)ပါးဖြစ်ပါသည်။

ဥပေက္ခာ၌၊ ယှဉ်လာဖြစ်မြောက်၊ လေးဆယ့်ခြောက်သည်အရ... ဥပေက္ခာဝေဒနာ နှင့်တကွဖြစ်သောစိတ်သည် (၄၆)ပါးရှိပါသည်။ (၄၆)ပါးဟူသော်ကား..

ဝေဒနာ, ဝိတိကြဉ်သော အညသမာန်းစေတသိက် (၁၁)ပါး ဒေါစတုတ်(၄)ပါး ကြဉ်အကုသိုလ်စေတသိက်(၁၀)ပါး၊သောဘနစေတသိက်(၂၅)ပါးအားဖြင့်(၄၆)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

တစ်နည်း-စေတသိက် (၅၂)ပါးကို ဝေဒနာဖြင့် ဝေဖန်ပုံ

တစ်နည်း... စေတသိုက်(၅၂)ပါးကို ဝေဒနာသင်္ဂဟဖြင့် ဝေဖန်ပုံပြလက်ကား...

ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏။ နှစ်မှာ ဌဝီ၊ သုံးလီဆယ့်တစ်၊
ငါးဖြစ်ခြောက်ခု၊ မ-တစ်ခု၊ ပေါင်းစု ငါးဆယ့်နှစ်၊

ဖြစ်ပါသည်။

စေတသိက် (၅၂)ပါးကို ဝေဒနာသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော်...

ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏အရ... ဝေဒနာ (၁)ပါးနှင့်သာယှဉ်သော စေတသိက်သည် (၆)ပါးဖြစ်ပါသည်။ (၆)ပါးဟူသော်ကား..

ဝီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ-အားဖြင့် (၆)ပါးဖြစ်ပါသည်။ ထိုခြောက်ပါးတို့တွင် ဝီတိစေတသိက်သည် သောမနဿဝေဒနာ (၁)ပါးနှင့်ယှဉ်သော စေတသိက်ဖြစ်ပါသည်။

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စဟု ဆိုအပ်သော ဒေါစတုတ် (၄)ပါးသည် ဒေါမနဿဝေဒနာ (၁)ပါးနှင့်ယှဉ်သော စေတသိက်ဖြစ်ပါသည်။

ဝိစိကိစ္ဆာစေတသိက်သည် ဥပေက္ခာဝေဒနာ (၁)ပါးနှင့်သာ ယှဉ်သော စေတသိက် ဖြစ်ပါသည်။

နှစ်မှာ ဌဝီ-အရ... ဝေဒနာ (၂)ပါးနှင့်ယှဉ်သော စေတသိက်သည် (၂၈)ပါး ဖြစ်ပါသည်။ (၂၈)ပါးဟူသော်ကား...လောဘ, ဒိဋ္ဌိ, မာန, သောဘနစေတသိက် (၂၅)ပါး အားဖြင့် (၂၈)ပါးဖြစ်ပါသည်။ ဤ (၂၈)ပါးသောစေတသိက်တို့သည် သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ (၂)ပါးနှင့် ယှဉ်ပါသည်။

သုံးလီဆယ့်တစ်အရ... ဝေဒနာသုံးပါးနှင့်ယှဉ်သော စေတသိက်သည် (၁၁)ပါးဖြစ်ပါသည်။ (၁၁)ပါးဟူသော်ကား.. ဝီတိကြဉ်သော ပကိဏ်းစေတသိက် (၅)ပါး၊ သဗ္ဗာကုသလသာဓာရဏာစေတသိက် (၄)ပါး၊ ထိန, မိဒ္ဓအားဖြင့် (၁၁)ပါးဖြစ်ပါသည်။ ဤ(၁၁)ပါးသော စေတသိက်တို့သည် သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာ ဝေဒနာ (၃)ပါးနှင့်ယှဉ်ပါသည်။

http://www.dhammadownload.com

ငါးဖြစ်ခြောက်ခုအရ.. ဝေဒနာ(၅)ပါးနှင့်ယှဉ်သော စေတသိက်သည် (၆)ပါးဖြစ်ပါသည်။ (၆)ပါး ဟူသော်ကား...

ဝေဒနာကြွင်းသော သဗ္ဗစိတ္တသာဓာရဏစေတသိက် (၆)ပါးဖြစ်ပါသည်။ ဤ(၆)ပါးသော စေတသိက်တို့သည် သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာ-ဟုဆိုအပ်သော ဝေဒနာ (၅)ပါးနှင့်ယှဉ်ပါသည်။

မ-တစ်ခုအရ... ဝေဒနာ(၅)ပါးလုံးနှင့် မယှဉ်သောစေတသိက်သည် (၁)ပါးဖြစ်ပါသည်။ (၁)ပါးဟူသော်ကား... ဝေဒနာစေတသိက်(၁)ပါးဖြစ်ပါသည်။

ပေါင်းစု ငါးဆယ့်နှစ် အရ... ဤသို့လျှင် ဝေဒနာ (၁)ပါးနှင့်ယှဉ်သော စေတသိက် (၆)ပါး၊ ဝေဒနာ(၂)ပါးနှင့် ယှဉ်သော စေတသိက် (၂၈)ပါး ဝေဒနာ(၃)ပါးနှင့်ယှဉ်သော စေတသိက် (၁၁)ပါး၊ ဝေဒနာ (၅)ပါးနှင့်ယှဉ်သော စေတသိက် (၆)ပါး၊ ဝေဒနာ(၅)ပါးလုံးနှင့် မယှဉ်သော စေတသိက်(၁)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စေတသိက် (၅၂)ပါးဖြစ်ပါသည်။

ဝေဒနာသင်္ဂဟပြီး၏။

* * * * *

ဟေတုသင်္ဂဟ

ဟေတုသင်္ဂဟ၌ ဟိတ်တို့သည် လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်-အားဖြင့် (၆)ပါးအပြားရှိပါသည်။ သာဓကကား ။ ။ ဟေတုသင်္ဂဟေ (ပ) ဆဒ္ဓိစ ဘဝန္တိဖြစ်ပါသည်။

ဟိတ်ဖြင့် စိတ်ကိုဝေဖန်ခြင်း

ဟိတ်နှင့်မယှဉ်သောစိတ်(၁၈)ပါး

ထို(၆)ပါးသောဟိတ်ရှိ-မရှိသောစိတ်တို့တွင် ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဏ် (၁၀)သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ(၃)ခု၊ ဝုဋ္ဌော၊ ဟသိတုပ္ပါဒ်အားဖြင့် ဤ(၁၈)ပါးသောစိတ်

http://www.dhammadownload.com

တို့သည် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်ဟိတ်မရှိသည်၏ အဖြစ်ကြောင့် အဟိတ်စိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ တတ္ထ ပဋ္ဌဒ္ဓါရာဝဇ္ဇန (ပ) စိတ္တာနိ နာမဖြစ်ပါသည်။

ဟိတ်နှင့်ယှဉ်သော သဟိတ်စိတ် (၇၁)ပါး

အဟိတ်စိတ်အဋ္ဌာရသမှ ကြွင်းကုန်သော အကုသိုလ်စိတ် (၁၂)ပါး၊ ကာမာဝစရသောဘနစိတ်(၂၄)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅)ပါးအားဖြင့် ဤ(၇၁)ပါးသောစိတ်တို့သည် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်ဟိတ်ရှိသည်၏ အဖြစ်ကြောင့် သဟိတ်စိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ သေသာနိ (ပ) သဟေတုကာနေဝ ဖြစ်ပါသည်။

သေသာနိ သဗ္ဗာနိပိ-၌

သေသအပါဒါန်အရကား... အဟိတ်စိတ် (၁၈)ပါးကိုရပါသည်။

သေသအရကား... သဟိတ်စိတ် (၇၁)ပါးကိုရပါသည်။

ဧကဟိတ်စိတ်(၂)ပါး

ထိုသဟိတ်စိတ် ဧကသတ္တတိတို့တွင်လည်း မောဟမူဒွေးသည် မောဟဟူဆိုအပ်သော ဟိတ်(၁)ပါးသာရှိသည်၏ အဖြစ်ကြောင့် ဧကဟိတ်စိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ တတ္ထာပိ ဒွေ မောမူဟစိတ္တာနိ ဧကဟေတုကာနိ ဖြစ်ပါသည်။

ဒွိဟိတ်စိတ်(၂၂)ပါး

မောဟမူဒွေးကြဉ်သော အကုသိုလ်စိတ် (၁၀)ပါး၊ ကာမဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် (၁၂)ပါးအားဖြင့် ဤ(၂၂)ပါးသောစိတ်တို့သည် ဟိတ်(၂)ပါးရှိသည်၏ အဖြစ်ကြောင့် ဒွိဟိတ်စိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ သေသာနိ ဒသ (ပ) စိတ္တာနိ ဖြစ်ပါသည်။

ထို (၂၂)ပါးသောစိတ်တို့တွင် လောဘမူစိတ်(၈)ပါးသည် လောဘ, မောဟဟူဆိုအပ်သော ဟိတ်(၂)ပါးရှိသည်၏အဖြစ်ကြောင့် ဒွိဟိတ်စိတ်မည်ပါသည်။

http://www.dhammadownload.com

ဒေါသမူဒွေးသည် ဒေါသ, မောဟဟု ဆိုအပ်သော ဟိတ်(၂)ပါးရှိသည်၏ အဖြစ်ကြောင့် ဒွိဟိတ်စိတ်မည်ပါသည်။

ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ်(၁၂)ပါးသည် အလောဘ, အဒေါသ ဟုဆိုအပ်သော ဟိတ်(၂)ပါးရှိသည်၏အဖြစ်ကြောင့် ဒွိဟိတ်စိတ်မည်ပါသည်။

သေသအပါဒါန်အရကောက်

သေသာနိ ဒသအကုသလစိတ္တာနိစေဝဟူသော ပါဠိ၌ သေသ၏ အပါဒါန်ကား... မောဟမူဒွေးဖြစ်ပါသည်။

သေသ၏အရကား.. လောဘမူစိတ်(၈)ပါး၊ ဒေါသမူဒွေးအားဖြင့် (၁၀)ပါးသော စိတ်တို့ကိုရပါသည်။

တိဟိတ်စိတ် (၄၇)ပါး

ကာမဝစရသောဘန ဉာဏသမ္ပယုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် (၃၅)ပါးအားဖြင့် ဤ (၄၇)ပါးသောစိတ်တို့သည် အလောဘ, အဒေါသ, အမောဟဟုဆို အပ်သော ဟိတ်(၃)ပါးရှိသည်၏ အဖြစ်ကြောင့် တိဟိတ်စိတ်တို့မည်ပါသည်။

သာဓကကား ။ ။ ဒွါဒသဉာဏသမ္ပယုတ္တ (ပ) တိဟေတုကာ စိတ္တာနီတိဖြစ်ပါသည်။

သင်္ဂဟဂါထာများ

ဟိတ် (၆)ပါး၊ ကုသိုလ်၊ အကုသိုလ် အဗျာကတဟိတ်ခွဲပုံ

ထို(၆)ပါးသောဟိတ်တို့တွင် လောဘ၊ ဒေါသ၊ မောဟအားဖြင့် ဤ(၃)ပါးသော ဟိတ်တို့သည် အကုသိုလ်စိတ်၌သာ ယှဉ်သောကြောင့် အကုသိုလ်ဟိတ်တို့မည်ပါသည်။

အလောဘ၊ အဒေါသ၊ အမောဟအားဖြင့် ဤ(၃)ပါးသော ဟိတ်တို့သည် ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ယှဉ်သောကြောင့် ကုသိုလ်ဟိတ်လည်း မည်ပါသည်။ အဗျာကတဟိတ်လည်းမည်ပါသည်။

သာဓကကား ။ ။ လောဘောဒေါသော စ(ပ) ကုသလာဗျာကတာ တထာဖြစ်ပါသည်။

http://www.dhammadownload.com

ဟိတ်နှင့်ယှဉ်သောစိတ်တို့ကို အကျဉ်းပြဂါထာ

စိတ်တစ်ခုယုတ်(၉၀)ကို ဟေတုသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော် အဟိတ်စိတ် (၁၈)ပါး၊ ဧကဟိတ်စိတ်(၂)ပါး၊ ဒွိဟိတ်စိတ် (၂၂)ပါး၊ တိဟိတ်စိတ် (၄၇)ပါးအားဖြင့် စိတ်တစ်ခုယုတ်(၉၀) ဖြစ်ပါသည်။

သာဓကကား ။ ။ အဟေတုကာဌာရသေက (ပ) တိဟေတုကာ ဖြစ်ပါသည်။

စေတသိက် (၅၂)ပါးကို ဟေတုသင်္ဂဟဖြင့် ဝေဖန်ပုံ

စေတသိက် (၅၂)ပါးကို ဟေတုသင်္ဂဟဖြင့် ဝေဖန်ပုံပြလင်္ကာကား...

အဟိတ်တေရ၊ ဧကနှစ်ဆယ်၊ ဒွိဝယ်ဌစိတ်၊
တိဟိတ်မှတ်၊ ရလာဒ်သုံးဆယ့်ငါး - ဖြစ်ပါသည်။

စေတသိက် (၅၂)ပါးကို ဟေတုသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော် အဟိတ်တေရ အရ...ဟိတ်နှင့်မယှဉ်သောစေတသိက်သည်(၁၃)ပါးဖြစ်ပါသည်။ (၁၃)ပါး ဟူသော်ကား..

မောဟမူဒွေးဌ်ယှဉ်သော မောဟ၊ အဟိတ်စိတ် (၁၈)ပါးဌ်ယှဉ်သော ဆန္ဒကြဉ် သောအညသမာန်းစေတသိက် (၁၂)ပါးအားဖြင့် (၁၃)ပါးဖြစ်ပါသည်။ ဤ (၁၃)ပါးသော စေတသိက်တို့သည် ဟိတ်နှင့်မယှဉ်သောကြောင့် အဟိတ်စေတသိက်တို့ မည်ပါသည်။

ဧကနှစ်ဆယ်အရ... ဟိတ်(၁)ပါးနှင့်ယှဉ်သော စေတသိက် (၂၀)ရှိပါသည်။ (၂၀)ဟူသော်ကား... မောဟမူဒွေးဌ်ယှဉ်သော မောဟကြဉ်သော စေတသိက် (၁၅)ပါး၊ လောဘမူ, ဒေါသမူဌ်ယှဉ်သော လောဘ, ဒေါသ, မောဟအားဖြင့် (၃)ပါး၊ ကာမာဝစရ သောဘန ဉာဏဝိပ္ပယုတ်စိတ် (၁၂)ပါးဌ်ယှဉ်သော အလောဘ, အဒေါသ (၂)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။ ဤ(၂၀)သောစေတသိက်တို့သည် ဟိတ်(၁)ပါးနှင့်သာ ယှဉ်ခဲ့လေ သောကြောင့် ဧကဟိတ်စေတသိက်မည်ပါသည်။

ဒွိဝယ်ဌစိတ်-အရ... ဟိတ်(၂)ပါးနှင့်ယှဉ်သော စေတသိက်သည် (၄၈)ပါး ဖြစ်ပါသည်။ (၄၈)ပါးဟူသော်ကား....

လောဘမူစိတ် (၈)ပါးဌ်ယှဉ်သော လောဘ, မောဟကြဉ်သော စေတသိက်(၂၀)၊

http://www.dhammadownload.com

စိတ်(၁၂)ပါး၌ ယှဉ်သော အလောဘ, အဒေါသကြွင်သော သောဘနစေတသိက် (၂၂)ပါး၊ တိဟိတ်စိတ်(၄၇)ပါး၌ ယှဉ်သော အလောဘ, အဒေါသ, အမောဟ (၃)ပါးအားဖြင့် (၄၈)ပါးဖြစ်ပါသည်။ (အလောဘသည် အဒေါသ, အမောဟတိတ်(၂)ပါးနှင့် ယှဉ်သည်ဟု သိပါ) ဤ (၄၈)ပါးသော စေတသိက်တို့သည် ဟိတ်(၂)ပါးနှင့်သာ ယှဉ်ခဲ့လေသောကြောင့် ဒွိဟိတ် စေတသိက်တို့မည်ပါသည်။

တိဟိတ်မှတ် ရလာဒ်သုံးဆယ့်ငါး အရ.. ဟိတ်(၃)ပါးနှင့် ယှဉ်သောစေတသိက်သည် (၃၅)ပါးဖြစ်ပါသည်။ (၃၅)ပါးဟူသော်ကား...

တိဟိတ်စိတ် (၄၇)ပါး၌ယှဉ်သော အလောဘ, အဒေါသ, အမောဟကြွင်သော စေတသိက် (၃၅)ပါးဖြစ်ပါသည်။ ဤ (၃၅)ပါးသော စေတသိက်တို့သည် ဟိတ်(၃)ပါးနှင့် ယှဉ်ခဲ့လေသောကြောင့် တိဟိတ်စေတသိက်မည်ပါသည်။

ဟေတုသင်္ဂဟပြီး၏။

* * * * *

ကိစ္စသင်္ဂဟ

ကိစ္စ(၁၄)ပါး

ကိစ္စသင်္ဂဟ၌ ကိစ္စတို့သည် (၁၄)ပါးအပြားရှိပါသည်။ (၁၄)ပါးဟူသော်ကား.....

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ သမ္ပဋိစ္ဆိန်းကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ၊ စုတိကိစ္စအားဖြင့် (၁၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ကိစ္စသင်္ဂဟော (၀) စုဒ္ဒသဝိဓေနီ ဘဝန္တိဖြစ်ပါသည်။

ဌာန (၁၀)ပါး

ဌာနတို့သည် (၁၀)ပါးအပြားရှိပါသည်။ (၁၀)ပါးဟူသော်ကား...

ပဋိသန္ဓေဌာန၊ ဘဝင်ဌာန၊ အာဝဇ္ဇန်းဌာန၊ ပဉ္စဝိညာဏ်ဌာန၊ သမ္ပဋိစ္ဆိန်းဌာန၊

http://www.dhammadownload.com

သန္တီရဏဌာန၊ ဝုဋ္ဌောဌာန၊ ဇောဌာန၊ တဒါရုံဌာန၊ စုတိဌာနအားဖြင့် (၁၀)ပါး အပြားရှိပါသည်။

သာဓကကား ။ ။ ပဋိသန္ဓိဘဝင်္ဂါဝဇ္ဇန (ပ) ဝေဒိတဇ္ဇာဖြစ်ပါသည်။

ကိစ္စ(၁၄)ပါးနှင့် ဌာန(၁၀)ပါးတွဲစပ်ပုံ

ကိစ္စ (၁၄)ပါးနှင့် ဌာန(၁၀)ပါးတွဲစပ်ပုံကား...

ပဋိသန္ဓေကိစ္စနှင့် ပဋိသန္ဓေဌာန၊ ဘဝင်ကိစ္စနှင့် ဘဝင်ဌာန၊ အာဝဇ္ဇန်းကိစ္စနှင့် အာဝဇ္ဇန်းဌာန၊ ဒဿနကိစ္စနှင့် ပဥ္စဝိညာဏ်ဌာန၊ သဝနကိစ္စနှင့် ပဥ္စဝိညာဏ်ဌာန၊ ဃာယနကိစ္စနှင့် ပဥ္စဝိညာဏ်ဌာန၊ သာယနကိစ္စနှင့် ပဥ္စဝိညာဏ်ဌာန၊ ဖုသနကိစ္စနှင့် ပဥ္စဝိညာဏ်ဌာန၊ သမ္ပဋိစ္ဆိန်းကိစ္စနှင့် သမ္ပဋိစ္ဆိန်းဌာန၊ သန္တီရဏကိစ္စနှင့် သန္တီရဏဌာန၊ ဝုဋ္ဌောကိစ္စနှင့် ဝုဋ္ဌောဌာန၊ ဇောကိစ္စနှင့် ဇောဌာန၊ တဒါရုံကိစ္စနှင့် တဒါရုံဌာန၊ စုတိကိစ္စနှင့်စုတိဌာန တို့ကိုအသီးသီးတွဲစပ်ရပါသည်။

ဌာန(၁၀)ပါးသာ ရှိရခြင်းအကြောင်း

ပဥ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိန်းတို့၏အကြားဒွဲ ဖြစ်ခြင်းဟူ၍ ပဥ္စဝိညာဏ်ကို တစ်ဌာနတည်းပေါင်း၍ ယူထားသောကြောင့်ကိစ္စမှာ (၁၄)ပါးရှိ၍ ဌာနမှာ (၁၀)ပါးသာ ရှိရပါသည်။

ကိစ္စဌာနတို့ဖြင့် စိတ်ကိုဝေဖန်ခြင်း

ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သော စိတ်များ

ထိုကိစ္စ, ဌာနတပ်သောစိတ်တို့တွင်-

ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်(၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ်(၉)ပါးအားဖြင့် (၁၉)ပါးသောစိတ်တို့သည် ပဋိသန္ဓေကိစ္စ, ပဋိသန္ဓေဌာန၊ ဘဝင်ကိစ္စ ဘဝင်ဌာန၊ စုတိကိစ္စ, စုတိဌာနတပ်သောစိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ တတ္ထ ဒွေ (ပ) စုတိကိစ္စာနိ နာမ ဖြစ်ပါသည်။

http://www.dhammadownload.com

အာဝဇ္ဇန်းကိစ္စတပ်သောစိတ်

ပဉ္စဒ္ဝါရာဝဇ္ဇန်း၊ မနောဒ္ဝါရာဝဇ္ဇန်းဟုဆိုအပ်သော အာဝဇ္ဇန်းဒွေးသည် အာဝဇ္ဇန်းကိစ္စ အာဝဇ္ဇန်းဌာန တပ်သောစိတ်တို့မည်ပါသည်။

သာဓကကား ။ ။ အာဝဇ္ဇနကိစ္စာနိ ၂ပန ဒွေ ဖြစ်ပါသည်။

ဒဿနကိစ္စ စသည်တပ်သောစိတ်များ

စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ, ပဉ္စဝိညာဏ်ဌာနတပ်သောစိတ်မည်ပါသည်။

သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ,ပဉ္စဝိညာဏ်ဌာနတပ်သောစိတ်မည်ပါသည်။

ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ,ပဉ္စဝိညာဏ်ဌာနတပ်သောစိတ်မည်ပါသည်။

ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စ, ပဉ္စဝိညာဏ်ဌာနတပ်သောစိတ်မည်ပါသည်။

ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စ, ပဉ္စဝိညာဏ်ဌာနတပ်သောစိတ်မည်ပါသည်။

သမ္ပဋိစ္ဆိန်းဒွေးသည် သမ္ပဋိစ္ဆိန်းကိစ္စ, သမ္ပဋိစ္ဆိန်းဌာနတပ်သောစိတ်မည်ပါသည်။

သာဓကကား ။ ။ တထာ ဒဿန (ပ) သမ္ပဋိစ္ဆနကိစ္စာနိ စ ဖြစ်ပါသည်။

သန္တီရဏ ကိစ္စဌာနတပ်သောစိတ်

သောမနဿသဟဂုတ် သန္တီရဏစိတ်(၁)ပါး၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ပါးအားဖြင့် ဤ(၃)ပါးသောစိတ်တို့သည် သန္တီရဏကိစ္စ, သန္တီရဏဌာနတပ်သော စိတ်တို့မည်ပါသည်။

သာဓကကား ။ ။ တီဏိ သန္တီရဏကိစ္စာနိ ဖြစ်ပါသည်။

ဝုဋ္ဌောကိစ္စ ဝုဋ္ဌောဌာနတပ်သောစိတ်

မနောဒ္ဝါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒ္ဝါရ၌ဖြစ်သောအခါ ဝုဋ္ဌောကိစ္စ, ဝုဋ္ဌောဌာနတပ်သော စိတ်မည်ပါသည်။

သာဓကကား ။ ။ မနောဒ္ဝါရာဝဇ္ဇနမေဝ ပဉ္စဒ္ဝါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။ မနောဒွါရာဝဇ္ဇန်းစိတ်သည် မနောဒွါရဖြစ်သောအခါ အာဝဇ္ဇန်းကိစ္စ အာဝဇ္ဇန်းဌာနတပ်သောစိတ်မည်ပါသည်။

ဓောကိစ္စတပ်သောစိတ်များ

ကုသိုလ်စိတ်(၂၁)ပါး၊ အကုသိုလ်စိတ်(၁၂)ပါး၊ ဖိုလ်စိတ်(၄)ပါး၊ အာဝဇ္ဇန်းခွေးကြည့်သောကြိယာစိတ် (၁၈)ပါးအားဖြင့် (၅၅)ပါးသော စိတ်တို့သည် ဓောကိစ္စ, ဓောဌာနတပ်သောစိတ်မည်ပါသည်။

သာဓကကား ။ ။ အာဝဇ္ဇနဒွယ (ပ) ပဉ္စပညာသဓေနကိစ္စာနိ ဖြစ်ပါသည်။

အဟိတ်ဓောစသည်ခွဲပုံ

ဓော(၅၅)ခုတို့တွင် သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်သည် အဟိတ်ဓောမည်ပါသည်။ မောဟမူခွေးသည် ဧကဟိတ်ဓောမည်ပါသည်။

လောဘမူစိတ်(၈)ပါး၊ ဒေါသမူခွေး၊ မဟာကုသိုလ်၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ်(၈)ပါးအားဖြင့် ဤ(၁၈)ပါးသောစိတ်တို့သည် ဒွိဟိတ်ဓောတို့ မည်ပါသည်။

မဟာကုသိုလ်, ကြိယာ ဉာဏသမ္ပယုတ်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါး၊ လောကုတ္တရာစိတ် (၈)ပါးအားဖြင့် ဤ(၃၄)ပါးသောစိတ်တို့သည် တိဟိတ်ဓောတို့မည်ပါသည်။

တစ်နည်း ကာမဓော, အပ္ပနာဓောခွဲပုံ

ဓော(၅၅)ခုတို့တွင် အကုသိုလ်စိတ် (၁၂)ပါး၊ ဟသိတုပ္ပါဒ်စိတ်(၁)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါးအားဖြင့် ဤ(၂၉)ပါးသောစိတ်တို့သည် ကာမဓောတို့ မည်ပါသည်။ ကာမဓောဘစ်ခုယုတ်(၃၀)ဟူ၍လည်း ခေါ်ပါသည်။

မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)ပါး၊ မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါး၊ လောကုတ္တရာစိတ်(၈)ပါးအားဖြင့် ဤ(၂၆)ပါးသောစိတ်တို့သည် မဟဂ္ဂုတ်, လောကုတ္တရာဓောတို့မည်ပါသည်။ အပ္ပနာဓော ဆဗ္ဗီသဟူ၍လည်း ခေါ်ပါသည်။

http://www.dhammadownload.com

တဒါရုံကိစ္စတပ်သောစိတ်များ

မဟာဝိပါက်စိတ်(၈)ပါး၊ သန္တီရဏစိတ် (၃)ပါးအားဖြင့် ဤ(၁၁)ပါးသော်စိတ်တို့သည် တဒါရုံကိစ္စ၊ တဒါရုံဌာနတပ်သောစိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ အဋ္ဌ မဟာဝိပါကာနိ (ပ) ကိစ္စာနိ ဖြစ်ပါသည်။

ဆိုင်ရာစိတ်တို့တပ်နိုင်သော ကိစ္စများ

(၅)ကိစ္စ (၅)ဌာနတပ်သောစိတ် (၂)ပါး

ထိုကိစ္စဌာနတပ်သောစိတ်အပေါင်းတို့တွင် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါးသည် ပဋိသန္ဓေကိစ္စ၊ ပဋိသန္ဓေဌာန၊ ဘဝင်ကိစ္စ၊ ဘဝင်ဌာန၊ စုတိကိစ္စ၊ စုတိဌာန၊ တဒါရုံကိစ္စ၊ တဒါရုံဌာန၊ သန္တီရဏကိစ္စ၊ သန္တီရဏဌာနတို့၏ အစွမ်းအားဖြင့် (၅)ကိစ္စ၊ (၅)ဌာန တပ်သောစိတ်တို့မည်ပါသည်။

သာဓကကား ။ ။ တေသု ပန ဒွေ (ပ) ပဉ္စကိစ္စာနိ နာမဖြစ်ပါသည်။

(၄)ကိစ္စ (၄)ဌာနတပ်သောစိတ် (၈)ပါး

မဟာဝိပါက်စိတ်(၈)ပါးသည် ပဋိသန္ဓေကိစ္စ၊ ပဋိသန္ဓေဌာန၊ ဘဝင်ကိစ္စ၊ ဘဝင်ဌာန၊ စုတိကိစ္စ၊ စုတိဌာန၊ တဒါရုံကိစ္စ၊ တဒါရုံဌာနတို့၏ အစွမ်းအားဖြင့် (၄)ကိစ္စ၊ (၄)ဌာန တပ်သောစိတ်တို့မည်ပါသည်။

သာဓကကား ။ ။ မဟာဝိပါကာနိ (ပ) စုတိကိစ္စာနိ နာမဖြစ်ပါသည်။

(၃)ကိစ္စ (၃)ဌာနတပ်သောစိတ်(၉)ပါး

မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးသည် ပဋိသန္ဓေကိစ္စ၊ ပဋိသန္ဓေဌာန၊ ဘဝင်ကိစ္စ၊ ဘဝင်ဌာန၊ စုတိကိစ္စ၊ စုတိဌာနတို့၏ အစွမ်းအားဖြင့် (၃)ကိစ္စ၊ (၃)ဌာနတပ်သောစိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ မဟဂ္ဂတဝိပါကာနိ နဝ (ပ) တိကိစ္စာနိ နာမဖြစ်ပါသည်။

http://www.dhammadownload.com

(၂)ကိစ္စ (၂)ဌာနတပ်သောစိတ်

သောမနဿသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ, သန္တီရဏဌာန၊ တဒါရုံကိစ္စ, တဒါရုံဌာနတို့၏ အစွမ်းအားဖြင့် (၂)ကိစ္စ, (၂)ဌာနတပ်သောစိတ် မည်ပါသည်။

သာဓကကား ။ ။ သောမနဿသန္တီရဏံ (ပ) ဒုကိစ္စံ ဖြစ်ပါသည်။

မနောဒ္ဓါရာဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ်သည် ဝုဋ္ဌေကိစ္စ, ဝုဋ္ဌေဌာန၊ အာဝဇ္ဇန်းကိစ္စ, အာဝဇ္ဇန်းဌာနတို့၏ အစွမ်းအားဖြင့် (၂)ကိစ္စ, (၂)ဌာနတပ်သောစိတ် မည်ပါသည်။

သာဓကကား ။ ။ တထာဝေါဋ္ဌဗ္ဗနံ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနဝသေန ဖြစ်ပါသည်။

(၂)ကိစ္စ(၂)ဌာနတပ်သော စိတ်(၂)ပါး

(၂)ကိစ္စ, (၂)ဌာနတပ်သောစိတ်သည် သောမနဿသဝုတ် သန္တီရဏစိတ် (၁)ပါး၊ မနောဒ္ဓါရာဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ် (၁)ပါးအားဖြင့်(၂)ပါးအပြားရှိပါသည်။

(၁)ကိစ္စ(၁)ဌာနတပ်သောစိတ်(၆၈)ပါး

ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော ဓော(၅၅)ခု၊ မနောဓာတ်(၃)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)အားဖြင့် ဤ(၆၈)ပါးသောစိတ်တို့သည် ဖြစ်သင့်သည်အားလျော်စွာ တစ်ကိစ္စ, တစ်ဌာနစီတပ်သောစိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ သေသာနိ ပန (ပ) ကိစ္စာနိတိ ဖြစ်ပါသည်။

ယထာသမ္ဘဝ ဧကကိစ္စဖြစ်ပုံ

ယထာသမ္ဘဝ မေကကိစ္စာနိတိ-၌ တစ်ကိစ္စတပ်သောစိတ် (၆၈)ပါးတို့၏ ယထာသမ္ဘဝ ဧကကိစ္စဖြစ်ပုံကား (၀၂)ဖြစ်သင့်သည် အားလျော်စွာ တစ်ကိစ္စစီ အသီးသီးတပ်ပုံကား တစ်ကိစ္စတပ်သောစိတ် (၆၈)ပါးတို့တွင် ဓော(၅၅)ခုသည် ဓောကိစ္စတစ်ကိစ္စ တပ်ပါသည်။

http://www.dhammadownload.com

ပဉ္စဒ္ဒါရာဝဇ္ဇန်းသည်	အာဝဇ္ဇန်းကိစ္စ	တစ်ကိစ္စတပ်ပါသည်။
သမ္ပဋိစ္ဆိန်းဒွေးသည်	သမ္ပဋိစ္ဆိန်းကိစ္စ	တစ်ကိစ္စတပ်ပါသည်။
စက္ခုဝိညာဏ်ဒွေးသည်	ဒဿနကိစ္စ	တစ်ကိစ္စတပ်ပါသည်။
သောတဝိညာဏ်ဒွေးသည်	သဝနကိစ္စ	တစ်ကိစ္စတပ်ပါသည်။
ဃာနဝိညာဏ်ဒွေးသည်	ဃာယနကိစ္စ	တစ်ကိစ္စတပ်ပါသည်။
ဇိဝှါဝိညာဏ်ဒွေးသည်	သာယနကိစ္စ	တစ်ကိစ္စတပ်ပါသည်။
ကာယဝိညာဏ်ဒွေးသည်	ဖုသနကိစ္စ	တစ်ကိစ္စတပ်ပါသည်။

ဤကား... တစ်ကိစ္စတပ်သောစိတ် (၆၈)ပါးတို့၏ ယထာသမ္ဘဝဧကကိစ္စ ဖြစ်ပုံတည်း။ (၀၂) ဖြစ်သင့်သည်အားလျော်စွာ တစ်ကိစ္စစီ အသီးသီး တပ်ပုံတည်း။

သေသအပါဒါန်အရကောက်

သေသာနိ ပန သဗ္ဗာနိ-၌ သေသ၏အပါဒါန်အရကား... (၅)ကိစ္စ, (၅)ဌာန၊ (၄)ကိစ္စ, (၄)ဌာန၊ (၃)ကိစ္စ, (၃)ဌာန၊ (၂)ကိစ္စ, (၂)ဌာန၊ (၂)ကိစ္စ, (၂)ဌာန တပ်သောစိတ်တို့ကို ရပါသည်။

သေသ၏အရကား... (၁)ကိစ္စ, (၁)ဌာနတပ်သောစိတ် (၆၈)ပါးကို ရပါသည်။

ကိစ္စဌာနတပ်သောစိတ်ပြ သင်္ဂဟဂါထာများ

စိတ်, စေတသိက်တို့ကို ကိစ္စဌာနအားဖြင့် ရေတွက်ပုံ

ပဋိသန္ဓေအစရှိသည်မည်ကုန်သော စိတ်, စေတသိက်တို့သည်ကိစ္စတို့၏အပြားအားဖြင့် (၁၄)ပါးအပြားရှိပါသည်။ ဌာနတို့၏ အပြားအားဖြင့် (၁၀)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ပဋိသန္ဓာဒယော နာမ (၀) ပကာသိတာ ဖြစ်ပါသည်။

ကိစ္စဌာနတပ်သော စိတ်တို့ကို အကျဉ်းပြပုံ

စိတ်တစ်ခုယုတ် (၉၀)ကို ကိစ္စသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော် တစ်ကိစ္စ, တစ်ဌာနတပ်သော စိတ် (၆၈)ပါး၊ နှစ်ကိစ္စ, နှစ်ဌာနတပ်သောစိတ်(၂)ပါး၊ သုံးကိစ္စ, သုံးဌာန တပ်သောစိတ်(၉)ပါး၊ လေးကိစ္စ, လေးဌာနတပ်သောစိတ် (၈)ပါး၊ ငါးကိစ္စ, ငါးဌာနတပ်သောစိတ်(၂)ပါးအားဖြင့် စိတ်တစ်ခုယုတ်(၉၀)ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ အဋ္ဌသဋ္ဌိ တထာ ဒွေ စ (ပ) နိဒ္ဒိသေ ဖြစ်ပါသည်။

စေတသိက်တို့ကို ကိစ္စသင်္ဂဟဖြင့် ဝေဖန်ပုံပြလက်စ

စေတသိက် (၅၂)ပါးကို ကိစ္စသင်္ဂဟဖြင့် ဝေဖန်ပုံပြလက်စကား...

"တစ်ကိစ္စဖြစ်၊ ဆယ့်ခုနစ်တည်း၊ လေးဖြစ် နှစ်ပါး၊ ငါး ဧကဝီ၊
ခြောက်လီမှာ တစ်၊ ခွန်လည်း တစ်ပင်၊ ကိုးဖြစ်ကား တေး၊
ဆယ့်လေးခုနစ်ရပ်၊ ကိစ္စတပ်၊ ပေါင်းအပ်ဒွိပညာသတဲ့"။

(တစ်နည်း)။ ။ စေတသိက်(၅၂)ပါးကို ကိစ္စသင်္ဂဟဖြင့် ဝေဖန်ပုံပြလက်စကား...

"အကုစ္စဒွ၊ ဝိရတိတ္တယာ၊ တစ်ကိစ္စာတည်း၊ အပ္ပမညာ၊ လေးကိစ္စာပ၊ ကြွင်းလာ
သောဘန၊ ဆန္ဒကော်ဝီ၊ ငါးကိစ္စီ၏၊ ခြောက်လီ ပီတိ၊ ဝီရိသတ္တာ၊ တက် စာ ဓိ
ကိုး၊ ဆယ့်လေးမျိုးရ၊ သမ္မခုနစ်၊ ဒွိပဉ်ဖြစ်သည်၊ ပေါင်းလစ်မှတ်လေ အမြဲတည်း"
ဖြစ်ပါသည်။

စေတသိက်(၅၂)ပါးကို ကိစ္စသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော်....

အကုစ္စဒွ၊ ဝိရတိတ္တယာ၊ တစ်ကိစ္စာတည်းအရ...တစ်ကိစ္စတပ်သော စေတသိက်သည် အကုသိုလ်စေတသိက်(၁၄)ပါး၊ ဝိရတိစေတသိက် (၃)ပါးအားဖြင့် (၁၇)ပါး ဖြစ်ပါသည်။ ဤ (၁၇)ပါးသော စေတသိက်တို့သည် ဓောကိစ္စ တစ်ကိစ္စတပ်ပါသည်။

အပ္ပမညာ၊ လေးကိစ္စာပအရ.... လေးကိစ္စတပ်သော စေတသိက်သည် အပ္ပမညာဒွေးဖြစ်ပါသည်။ ဤအပ္ပမညာဒွေးသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဓောကိစ္စ အားဖြင့် လေးကိစ္စတပ်ပါသည်။

ကြွင်းလာသောဘန၊ ဆန္ဒကော်ဝီ၊ ငါးကိစ္စီ၏အရ.... ငါးကိစ္စတပ်သော စေတသိက်သည် ဝီရတိ, အပ္ပမညာမှ ကြွင်းသော သောဘနစေတသိက်(၂၀)၊ ဆန္ဒစေတသိက် (၁)ပါးအားဖြင့် (၂၁)ပါးအပြားရှိပါသည်။ ဤ (၂၁)ပါးသောစေတသိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဓောကိစ္စ, တဒါရုံကိစ္စအားဖြင့် ငါးကိစ္စတပ်ပါသည်။

ခြောက်လီ ပီတိအရ...(၆)ကိစ္စတပ်သော စေတသိက်သည် ပီတိ စေတသိက် (၁)ပါး ဖြစ်ပါသည်။ ဤပီတိစေတသိက်သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ ဓောကိစ္စ တဒါရုံကိစ္စ သန္ဓိရဏကိစ္စအားဖြင့် (၆)ကိစ္စတပ်ပါသည်။

http://www.dhammadownload.com

ဝိရိသတ္တာအရ....(၇)ကိစ္စတပ်သော စေတသိက်သည် ဝိရိယစေတသိက်(၁)ပါး ဖြစ်ပါသည်။ ဤဝိရိယစေတသိက်သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ အာဝဇ္ဇန်းကိစ္စ သန္တီရဏကိစ္စ ဇောကိစ္စ တဒါရုံကိစ္စအားဖြင့် (၇)ကိစ္စတပ်ပါသည်။

တက်စာမိကိုးအရ.... (၉)ကိစ္စတပ်သော စေတသိက်သည် ဝိတက်ဝိစာရ အဓိမောက္ခ အားဖြင့် (၃)ပါးဖြစ်ပါသည်။ ဤ(၃)ပါးသောစေတသိက်တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိန်းကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ၊ စုတိကိစ္စအားဖြင့် (၉)ကိစ္စတပ်ပါသည်။

(၁၄)မျိုးရ သဗ္ဗခုန္ဓစ်အရ... (၁၄)ကိစ္စတပ်သော စေတသိက်သည် သဗ္ဗစိတ္တ သာဓာရဏာစေတသိက် (၇)ပါး ဖြစ်ပါသည်။

ဤသို့လျှင် တစ်ကိစ္စတပ်သော စေတသိက် (၁၇)ပါး၊ (၄)ကိစ္စတပ်သော စေတသိက် (၂)ပါး၊ (၅)ကိစ္စတပ်သော စေတသိက်(၂၁)ပါး၊ (၆)ကိစ္စတပ်သော စေတသိက် (၁)ပါး၊ (၇)ကိစ္စတပ်သော စေတသိက်(၁)ပါး၊ (၉)ကိစ္စတပ်သော စေတသိက်(၃)ပါး၊ (၁၄)ကိစ္စတပ်သော စေတသိက် (၇)ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် စေတသိက် (၅၂)ပါးဖြစ်ပါသည်။

ကိစ္စသင်္ဂဟပြီး၏။

* * * * *

ဒွါရသင်္ဂဟ

ဒွါရ(၆)ပါး

ဒွါရသင်္ဂဟ၌ ဒွါရတို့သည် သရုပ်အားဖြင့် စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရအားဖြင့် (၆)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဒွါရသင်္ဂဟော ဒွါရာနိနာမ (ပ) ဆဋ္ဌာနိ ဘဝန္တိဖြစ်ပါသည်။

http://www.dhammadownload.com

ဒွါရတို့အရ တရားကိုယ်

ထို (၆)ပါးသောဒွါရတို့တွင် တရားကိုယ်အားဖြင့် စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်ပါသည်။ (ပ) ကာယပသာဒရုပ်သည် ကာယဒွါရမည်ပါသည်။

သာဓကကား ။ ။ တတ္ထ စက္ခုမေဝ စက္ခုဒွါရံ၊ တထာ သောတာဒယော သောတဒွါရာဒီနိ ဖြစ်ပါသည်။

မနောဒွါရတရားကိုယ်နှင့် အဓိပ္ပါယ်

ဘဝင်္ဂုပစ္ဆေဒ (၁၉)ခုသည် အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်ခဲ့လေသောကြောင့် မနောဒွါရမည်ပါသည်။

(တနည်း)... ဘဝင်္ဂုပစ္ဆေဒ (၁၉)ခုသည်ပင်လျှင် မနောဒွါရာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် မနောဒွါရမည်ပါသည်။

သာဓကကား ။ ။ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ ဖြစ်ပါသည်။

ရုပ်ဒွါရ နာမ်ဒွါရခွဲပုံ

ထို(၆)ပါးသောဒွါရတို့တွင် စက္ခုဒွါရ (ပ) ကာယဒွါရအားဖြင့် ဤ(၅)ပါးသည် ပဋ္ဌဒွါရမည်ပါသည်။ ရုပ်ဒွါရလည်းမည်ပါသည်။ အဟေတုကဒွါရလည်း မည်ပါသည်။ မနောဒွါရသည် နာမ်ဒွါရမည်ပါသည်။ သဟေတုကဒွါရလည်း မည်ပါသည်။

စက္ခုဒွါရ၌ ဖြစ်သောစိတ်(၄၆)ပါး

ထို(၆)ပါးသော ဒွါရ၌ဖြစ်သောစိတ်တို့တွင် ပဋ္ဌဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ (၃)ခု၊ ဝုဋ္ဌော၊ ကာမဇော တစ်ခုယုတ်(၃၀)၊ တဒါရုံမဟာဝိပါက်စိတ်(၈)ပါးအားဖြင့် ဤ (၄၆)ပါးသောစိတ်တို့သည် စက္ခုဒွါရ၌ဖြစ်သော စိတ်တို့မည်ပါသည်။

သာဓကကား ။ ။ တတ္ထ ပဋ္ဌဒွါရာဝဇ္ဇန (ပ) ယထာရဟံ ဥပ္ပဇ္ဇန္တိ ဖြစ်ပါသည်။

http://www.dhammadownload.com

သောတဒ္ဓါရုဓသည်၌(၄၆)ပါးစီ
သောတဒ္ဓါရုဓသည်၌ ဖြစ်သောစိတ်များ

ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ (၃)ခု၊ ဝုဋ္ဌော၊ ကာမဇော တစ်ခုယုတ်(၃၀)၊ တဒါရုံမဟာဝိပါက်စိတ် (၈)ပါးအားဖြင့် ဤ(၄၆)ပါးသော စိတ်တို့သည် သောတဒ္ဓါရဉ်ဖြစ်သောစိတ်တို့ မည်ပါသည်။

မှတ်ချက် ။ ။ ဃာနဒ္ဓါရ၊ ဇိဝှါဒ္ဓါရ၊ ကာယဒ္ဓါရဉ်ဖြစ်သော စိတ်တို့ကိုလည်း ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေးတို့ ပြောင်း၍ ရေတွက်ပါ၊ (မခဲယဉ်းပြီ။)

သာဓကကား ။ ။ တထာ ပဋ္ဌဒ္ဓါရာဝဇ္ဇန (ပ) ဘဝန္တိ ဖြစ်ပါသည်။

ပဋ္ဌဒ္ဓါရဉ်ဖြစ်သောစိတ်များ

ဤသို့လျှင်ခပ်သိမ်းသောအခြင်းအရာအားဖြင့် ပဋ္ဌဒ္ဓါရဉ်ဖြစ်သော စိတ်တို့သည် ကာမစိတ် (၅၄)ပါးတို့သာ ဖြစ်ပါသည်။

သာဓကကား ။ ။ ဣတိ သဗ္ဗထာပိ ပဋ္ဌဒ္ဓါရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ ဖြစ်ပါသည်။

စက်လှည့်

စိတ်တစ်ခုယုတ် (၉၀)တို့တွင် စက္ခဒ္ဓါရဉ်သာဖြစ်၍ သောတဒ္ဓါရဉ်မဖြစ်သောစိတ် သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား.. စက္ခုဝိညာဏ်ဒွေး ဖြစ်ပါသည်။

သောတဒ္ဓါရဉ်သာဖြစ်၍ စက္ခဒ္ဓါရဉ်မဖြစ်သော စိတ်သည် (၂)ပါးဖြစ်ပါသည်။ (၂)ပါးဟူသော်ကား.. သောတဝိညာဏ်ဒွေးဖြစ်ပါသည်။

(၂)ပါးစုံဖြစ်သောစိတ်သည် (၄၄)ပါးဖြစ်ပါသည်။ (၄၄)ပါးဟူသော်ကား... ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ (၃)ခု၊ ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ်(၃၀) တဒါရုံ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် (၄၄)ပါးဖြစ်ပါသည်။

(၂)ပါးစုံမဖြစ်သောစိတ်သည် (၄၁)ပါးဖြစ်ပါသည်။ (၄၁)ပါးဟူသော်ကား... ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး၊ မဟဂ္ဂုတ်,

http://www.dhammadownload.com

လောကုတ္တရာစိတ်(၃၅)ပါး အားဖြင့် (၄၁)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ ဃာန, ဇှာ်, ကာယတို့၌လည်း ထို့အတူ စက်လှည့်ပါလေ။(လွယ်ပြီ။)

မနောဒွါရဖြစ်သောစိတ် (၆၇)ပါး

မနောဒွါရ၌ဖြစ်သောစိတ်တို့သည် မနောဒွါရာဝဇ္ဇန်း၊ ဧော(၅၅)ခု၊ တဒါရုံ ဧကာဒသ အားဖြင့် (၆၇)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ မနောဒွါရေ ပန (ပ) သတ္တသင်္ခ စိတ္တာနိ ဘဝန္တိ ဖြစ်ပါသည်။

စက်လှည့်

စိတ်တစ်ခုယုတ်(၉၀)တို့တွင် ပဉ္စဒွါရ၌သာဖြစ်၍ မနောဒွါရ၌ မဖြစ်သော စိတ်သည် (၁၃)ပါး ဖြစ်ပါသည်။ (၁၃)ပါးဟူသော်ကား...

ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃)ခုအားဖြင့် (၁၃)ပါးဖြစ်ပါသည်။

မနောဒွါရ၌သာဖြစ်၍ ပဉ္စဒွါရ၌မဖြစ်သောစိတ်သည် (၂၆)ပါးဖြစ်ပါသည်။ (၂၆)ပါး ဟူသော်ကား..

မဟဂ္ဂုတ်ကုသိုလ်(၉)ပါး၊ မဟဂ္ဂုတ်ကြိယာ(၉)ပါး၊ လောကုတ္တရာစိတ် (၈)ပါး အားဖြင့် (၂၆)ပါးဖြစ်ပါသည်။

(၂)ပါးစုံဖြစ်သောစိတ်သည် (၄၁)ပါးဖြစ်ပါသည်။ (၄၁)ပါးဟူသော်ကား... မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတစ်ခုယုတ် (၃၀)၊ တဒါရုံဧကာဒသအားဖြင့် (၄၁)ပါးဖြစ်ပါသည်။

(၂)ပါးစုံမဖြစ်သောစိတ်သည် (၉)ပါးဖြစ်ပါသည်။ (၉)ပါးဟူသော်ကား.. မဟဂ္ဂုတ်ဝိပါက် (၉)ပါးဖြစ်ပါသည်။

ဒွါရဝိမုတ်စိတ် (၁၉)ပါး

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် (၉)ပါးအားဖြင့် ဤ(၁၉)ပါးသောစိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းဖြင့် (၆)ဒွါရမှ လွတ်သောစိတ်တို့ မည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ဧကူနဝီသတိ (ပ) ဒွါရဝိမုတ္တာနိ ဖြစ်ပါသည်။

ဒွါရဋ္ဌဖြစ်သောစိတ်များ

တစ်ဒွါရဋ္ဌဖြစ်သော စိတ် (၃၆)ပါး

ထို ဆဒွါရိကစိတ်အပေါင်းတို့တွင် ဒွေးပဉ္စဝိညာဏ် (၁၀)၊ မဟဂ္ဂုတ် လောကုတ္တရာဧော(၂၆)ပါးအားဖြင့် ဤ (၃၆)ပါးသောစိတ်တို့သည် တစ်ဒွါရဋ္ဌဖြစ်သော စိတ်တို့မည်ပါသည်။

သာဓကကား ။ ။ တေသု ပန ပဉ္စဝိညာဏာနိ ဧဝ (ပ) စိတ္တာနိ နာမဖြစ်ပါသည်။

ယထာရဟဧကဒွါရိက ဖြစ်ပုံ

ယထာရဟ မေကဒွါရိကစိတ္တာနိ နာမ-ဋ္ဌ ယထာရဟ ဧကဒွါရိကဖြစ်ပုံကား (ဝါ)ထိုက်သည့်အားလျော်စွာ တစ်ဒွါရစီဖြစ်ပုံကား .. တစ်ဒွါရဋ္ဌဖြစ်သော (၃၆)ပါးသော စိတ်တို့တွင်-

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ တစ်ဒွါရဋ္ဌသာ ဖြစ်ပါသည်။
သောတဝိညာဏ်ဒွေးသည် သောတဒွါရ တစ်ဒွါရဋ္ဌသာ ဖြစ်ပါသည်။
ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ တစ်ဒွါရဋ္ဌသာ ဖြစ်ပါသည်။
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဒွါရ တစ်ဒွါရဋ္ဌသာ ဖြစ်ပါသည်။
ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ တစ်ဒွါရဋ္ဌသာ ဖြစ်ပါသည်။
မဟဂ္ဂုတ်, လောကုတ္တရာဧော (၂၆)ခုသည် မနောဒွါရ တစ်ဒွါရဋ္ဌသာဖြစ်ပါသည်။

ဤကား... ယထာရဟ ဧကဒွါရိက ဖြစ်ပုံတည်း။ (ထိုက်သည့်အားလျော်စွာ တစ်ဒွါရစီ ဖြစ်ပုံတည်း။)

(၅)ဒွါရဋ္ဌဖြစ်သောစိတ်(၃)ပါး

ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးဟုဆိုအပ်သော မနောဓာတ်(၃)ခုသည် (၅)ဒွါရဋ္ဌ ဖြစ်သောစိတ်တို့ မည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ မနောဓာတုတ္တိက် ပန ပဋ္ဌဒ္ဓါရိက် ဖြစ်ပါသည်။

(၆)ဒ္ဓါရဏ္ဍ အမြဲဖြစ်သော စိတ် (၃၁)ပါး

သောမနဿသဟဂုတ် သန္တီရဏစိတ်(၁)ပါး၊ ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ် (၃၀)အားဖြင့် ဤ(၃၁)ပါးသောစိတ်တို့သည် ဧကန် (၆)ဒ္ဓါရဏ်ဖြစ်သောစိတ်တို့ မည်ပါသည်။

သာဓကကား ။ ။ သုခသန္တီရဏ (ပ) ဆဒ္ဓါရိကစိတ္တာနိ နာမဖြစ်ပါသည်။

(၆)ဒ္ဓါရဏ်ရံခါဖြစ်သောစိတ်(၁၀)ပါး

ဥပေက္ခာသဟဂုတ သန္တီရဏစိတ် (၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် ဤ(၁၀)ပါးသော စိတ်တို့သည် ရံခါ(၆)ဒ္ဓါရဏ်ဖြစ်၍ ရံခါ(၆)ဒ္ဓါရမှလွတ်သော စိတ်တို့ မည်ပါသည်။ အနေကန် (၆)ဒ္ဓါရဏ် ဖြစ်၍ အနေကန်(၆)ဒ္ဓါရမှ လွတ်သောစိတ်လည်း မည်ပါသည်။ အနေကန် (၆)ဒ္ဓါရဏ် ဖြစ်သောစိတ်လည်းမည်ပါသည်။ အနေကန် (၆)ဒ္ဓါရမှ လွတ်သောစိတ်လည်းမည်ပါသည်။

သာဓကကား ။ ။ ဥပေက္ခာသဟဂတသန္တီရဏာနိ (ပ) ဒ္ဓါရဝိမုတ္တာနိ စ ဖြစ်ပါသည်။

ရံခါ (၆)ဒ္ဓါရဏ်ဖြစ်၍ ရံခါ(၆)ဒ္ဓါရမှ လွတ်ပုံ

ထို (၁၀)ပါးသောစိတ်တို့တွင် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါးသည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ တပ်သောအခါ (၆)ဒ္ဓါရဏ်ဖြစ်ပါသည်။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သောအခါ (၆)ဒ္ဓါရမှ လွတ်ပါသည်။

မဟာဝိပါက်စိတ် (၈)ပါးသည် တဒါရုံကိစ္စတပ်သောအခါ (၆)ဒ္ဓါရဏ်ဖြစ်ပါသည်။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သောအခါ (၆)ဒ္ဓါရမှလွတ်ပါသည်။

ဒ္ဓါရဝိမုတ်စိတ် (၉)ပါး

မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါးသည် အချင်းခပ်သိမ်း (၆)ဒ္ဓါရမှလွတ်သောစိတ်တို့ မည်ပါသည်။ ဧကန် (၆)ဒ္ဓါရမှ လွတ်သောစိတ်တို့လည်း မည်ပါသည်။

သာဓကကား ။ ။ မဟဂ္ဂတဝိပါကာနိ ဒ္ဓါရဝိမုတ္တာနေဝ ဖြစ်ပါသည်။

http://www.dhammadownload.com

ဒွါရဋ္ဌဖြစ်သောစိတ်တို့ကို အကျဉ်းချုပ်ပြ သင်ဟဂါထာများ

စိတ်တစ်ခုယုတ် (၉၀)ကို ဒွါရသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော် ဟစ်ဒွါရဋ္ဌဖြစ်သောစိတ်(၃၆)ပါး၊ (၅)ဒွါရဋ္ဌဖြစ်သောစိတ်(၃)ပါး၊ (၆)ဒွါရဋ္ဌဖြစ်သောစိတ်(၃၁)ပါး၊ ရှေ့(၆)ဒွါရဋ္ဌဖြစ်၍ ရံခါ (၆)ဒွါရမှလွတ်သောစိတ် (၁၀)ပါး၊ အချင်းခပ်သိမ်း (၆)ဒွါရမှလွဟ်သောစိတ်(၉)ပါးအားဖြင့် စိတ်တစ်ခုယုတ်(၉၀)ဖြစ်ပါသည်။

သာဓကကား ။ ။ ဧကဒွါရိကစိတ္တာနိ (ပ) ဝိမုတ္တာနိ စ သဗ္ဗထာ ဖြစ်ပါသည်။

ဆဒွါရိကစိတ်တို့ကို ဆိုင်ရာသင်္ချာတို့နှင့် တွဲစပ်ပုံကား

ဧကဒွါရိကစိတ်နှင့် ဆတ္တိသတိသင်္ချာ၊ ပဉ္စဒွါရိကစိတ်နှင့် တိဏိသင်္ချာ၊ ဆဒွါရိကစိတ်နှင့် ဧကတ္တိသသင်္ချာ။ ဆဒွါရိက ဝိမုတ္တစိတ်နှင့် ဒသဓာသင်္ချာ၊ သဗ္ဗတ္ထဝိမုတ္တစိတ်နှင့် နဝဓာသင်္ချာတို့ကို အသီးသီးတွဲစပ်ရပါသည်။

သင်္ချာအရကောက်များ

ဆတ္တိသတိ တထာ တိဏိဒ္ဓ ဆတ္တိသအရ··· ဒွေပဉ္စဝိညာဏ်(၁၀)၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ်(၂၆)ပါးအားဖြင့် (၃၆)ပါးသောစိတ်တို့ကိုရပါသည်။

တိဏိအရ··· မနောဓာတ် (၃)ခုကို ရပါသည်။

ဧကတ္တိသ ယထာက္ကမံဒ္ဓ ဧကတ္တိသအရ··· သောမနဿသဟဂုတ် သန္တီရဏစိတ် (၁)ပါး၊ ဝုဋ္ဌော၊ ကာမဓောတစ်ခုယုတ် (၃၀)အားဖြင့် (၃၁)ပါးသောစိတ်တို့ကို ရပါသည်။

ဒသဓာ နဝဓာ စေတိဒ္ဓ ဒသဓာအရ··· ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် ဤ (၁၀)ပါးသောစိတ်တို့ကိုရပါသည်။

နဝဓာအရ···မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါးကို ရပါသည်။

စေတသိက်(၅၂)ပါးကို ဒွါရသင်္ဂဟဖြင့် ဝေဖန်ပုံ

စေတသိက်(၅၂)ပါးကို ဒွါရသင်္ဂဟဖြင့် ဝေဖန်ပုံပြ လင်္ကာကား···

"မနောဒွါရံ၊ ဧကန်တိဏိ၊ မှန်သည့်ခြောက်ဒွါ၊

ဧကန်မှာကား၊ ဆယ့်ခုနစ်ပါးတည်း။

http://www.dhammadownload.com

ခြောက်ဒွါရဟူ၊ နေကန်မူကား၊ သုံးဆယ့်ငါးတည်း''-ဖြစ်ပါသည်။

စေတသိက်(၅၂)ပါးကိုဒွါရသင်္ဂဟဖြင့်ဝေဖန်လိုက်သည်ရှိသော်...

မနောဒွါရ၊ ဧကန်တိဆိအရ... မနောဒွါရ၌ ဧကန်ဖြစ်သော စေတသိက်သည် ဝိရတိစေတသိက် (၃)ပါးဖြစ်ပါသည်။

မှန်သည်ခြောက်ဒွါ၊ ဧကန်မှာကား (၁၇)ပါးတည်းအရ.. ခြောက်ဒွါရ၌ ဧကန်ဖြစ်သောစေတသိက်သည် အကုသိုလ်စေတသိက် (၁၄)ပါး၊ ဝိရတီစေတသိက် (၃)ပါးအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

ခြောက်ဒွါရဟူ၊ နေကန်မူကား၊ (၃၅)တည်းအရ... ခြောက်ဒွါရ၌ အနေကန်ဖြစ်သော စေတသိက်သည် အညသမာန်း စေတသိက် (၁၃)ပါး၊ ဝိရတီကြဉ်သော သောဘန စေတသိက် (၂၂)ပါးအားဖြင့် (၃၅)ပါးဖြစ်ပါသည်။

ဓမ္မာဒေသ ။ ။ ခြောက်ဒွါရ၌ အနေကန်ဖြစ်သော စေတသိက်(၃၅)အရ... မဟဂ္ဂုတ် စိတ်၌ ယှဉ်ခိုက်ဖြစ်သော အညသမာန်းစေတသိက် (၁၃)ပါး၊ ဝိရတီကြဉ်သော သောဘနစေတသိက် (၂၂)ပါးအားဖြင့် (၃၅)ပါးဖြစ်ပါသည်။

ဒွါရသင်္ဂဟပြီးပါပြီ။

* * * * *

အာရမ္မဏသင်္ဂဟ

အာရုံခြောက်ပါး

အာရမ္မဏသင်္ဂဟ၌အာရုံတို့သည် သရုပ်အားဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံအားဖြင့် (၆)ပါးအပြား ရှိပါသည်။

သာဓကကား ။ ။ အာရမ္မဏသင်္ဂဟော (ပ) ဘဝန္တိ ဖြစ်ပါသည်။

http://www.dhammadownload.com

အာရုံအရုတရားကိုယ်

ထိုခြောက်ပါးသော အာရုံတို့တွင်တရားကိုယ်အားဖြင့်-
ဝဏ္ဏာယတနသည် ရူပါရုံမည်ပါသည်။
သဒ္ဒါယတနသည် သဒ္ဒါရုံမည်ပါသည်။
ဂန္ဓာယတနသည် ဂန္ဓာရုံမည်ပါသည်။
ရသာယတနသည် ရသာရုံမည်ပါသည်။
ဖောဋ္ဌဗ္ဗာယတနသည် ဖောဋ္ဌဗ္ဗာရုံမည်ပါသည်။

သာဓကကား ။ ။ တတ္ထ ရူပမေဝ (ပ) သဒ္ဒါရမ္မဏာဒီနိ ဖြစ်ပါသည်။

ဓမ္မာရုံ၏ တရားကိုယ်

ပသာဒရုပ် (၅)ပါး၊ သုခမရုပ် သောဠသ၊ စိတ်တစ်ခုယုတ်(၉၀)၊ စေတသိက် ဒွေပညာသ၊ နိဗ္ဗာန်၊ ပညတ်အားဖြင့် ဤ (၆)ပါးသော တရားတို့သည် ဓမ္မာရုံမည်ပါသည်။

သာဓကကား ။ ။ ဓမ္မာရမ္မဏံ (ပ) သင်္ဂီယှတိ ဖြစ်ပါသည်။

(တစ်နည်း).. ဓမ္မာရုံသည် ပသာဒဓမ္မာရုံ၊ သုခုမဓမ္မာရုံ၊ စိတ်ဓမ္မာရုံ၊ စေတသိက်ဓမ္မာရုံ၊ နိဗ္ဗာန်ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံအားဖြင့် (၆)ပါး အပြားရှိပါသည်။ ထို (၆)ပါးတို့တွင်-

ပသာဒရုပ် (၅)ခုသည်	ပသာဒဓမ္မာရုံ	မည်ပါသည်။
သုခုမရုပ်သောဠသသည်	သုခုမရုပ်ဓမ္မာရုံ	မည်ပါသည်။
စိတ်တစ်ခုယုတ် (၉၀)သည်	စိတ်ဓမ္မာရုံ	မည်ပါသည်။
စေတသိက်ဒွေပညာသသည်	စေတသိက်ဓမ္မာရုံ	မည်ပါသည်။
နိဗ္ဗာန်သည်	နိဗ္ဗာန်ဓမ္မာရုံ	မည်ပါသည်။
ပညတ်သည်	ပညတ်ဓမ္မာရုံ	မည်ပါသည်။

ထို(၆)ပါးတို့တွင်-
ပသာဒရုပ်၊ သုခုမရုပ်တို့သည် ရုပ်ဓမ္မာရုံမည်ပါသည်။ စိတ်၊ စေတသိက်၊ နိဗ္ဗာန်တို့သည် နာမ်ဓမ္မာရုံမည်ပါသည်။ ပညတ်သည် ပညတ်ဓမ္မာရုံမည်ပါသည်။

ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်ဓမ္မာရုံတို့သည် ပရမတ်ဓမ္မာရုံမည်ပါသည်။

ပညတ်သည် ပညတ်ဓမ္မာရုံမည်ပါသည်။

http://www.dhammadownload.com

ပဉ္စဒ္ဒါရိကစိတ်တို့၏ အာရုံ

ထို(၆)ပါးသော အာရုံ၌ဖြစ်သောစိတ်တို့တွင် - ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဒွေး သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ (၃)ခု၊ ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ် (၃၀)၊ တဒါရုံမဟာဝိပါက်စိတ် (၈)ပါးအားဖြင့် (၄၆)ပါးသော စက္ခုဒ္ဒါရိကစိတ်တို့သည် (စက္ခုဒ္ဒါရ၌ဖြစ်သောစိတ်တို့သည်) ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။

သာဓကကား ။ ။ တတ္ထစက္ခုဒ္ဒါရိကစိတ္တာနိ (ပ) ပစ္စုပ္ပန္နံ ဖြစ်ပါသည်။

ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သောတဝိညာဏ်ဒွေး (ပ) တဒါရုံမဟာဝိပါက်စိတ်(၈)ပါး အားဖြင့် ဤ (၄၆)ပါးသော သောတဒ္ဒါရိကစိတ်တို့သည် (သောတဒ္ဒါရ၌ဖြစ်သော စိတ်တို့သည်) ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုပါသည်။ (ပ) ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

သာဓကကား ။ ။ တထာ (ပ) ပစ္စုပ္ပန္နာနိယေဝ ဖြစ်ပါသည်။

မနောဒ္ဒါရိကစိတ်တို့၏ အာရုံ

မနောဒ္ဒါရာဝဇ္ဇန်း၊ ဇော (၅၅)ခု၊ တဒါရုံ (၁၁)အားဖြင့် ဤ (၆၇)ပါးသော မနောဒ္ဒါရိကစိတ်တို့သည် (မနောဒ္ဒါရ၌ဖြစ်သော စိတ်တို့သည်) ပစ္စုပ္ပန်၊ အတီတ်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော ရူပါရုံ (ပ) ဓမ္မာရုံဟုဆိုအပ်သော (၆)ပါးအပြား ရှိသော အာရုံကို ထိုက်သည့်အားလျော်စွာ အာရုံပြုပါသည်။

သာဓကကား ။ ။ မနောဒ္ဒါရိကစိတ္တာနံ ပန(ပ) ယထာရဟမာရုမ္မဏံ ဟောတိ ဖြစ်ပါသည်။

ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟုဆိုအပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါးအားဖြင့် တစ်ခုယုတ် (၂၀)သော ဒွါရဝိမုတ်စိတ်တို့သည် များသောအားဖြင့် အတီတာနန္တရဘဝဋ္ဌ ဆဒ္ဒါရိကာမရဏာသန္နဇော သည် ယူအပ်သော ပစ္စုပ္ပန်၊ အတီတ်၊ ပညတ်ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံအစရှိသော (၆)ပါးသော အာရုံကို ဖြစ်သင့်သည်အားလျော်စွာ အာရုံပြုပါသည်။

သာဓကကား ။ ။ ဒွါရဝိမုတ္တာနဉ္စ (ပ) အာရမ္မဏံဟောတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ထိုထိုအာရုံကို ဧကန်, အနေကန် အာရုံပြုသောစိတ်များ

ထိုအာရမ္မဏိကစိတ်အပေါင်းတို့တွင် စက္ခုဝိညာဏ်အစရှိသော စိတ်တို့သည် အစဉ်အတိုင်း ရူပါရုံအစရှိသည်တို့တွင် တစ်ပါးပါးသော အာရုံကို အာရုံပြုပါသည်။

(တနည်း).... ထိုအာရမ္မဏိကစိတ်အပေါင်းတို့တွင် စက္ခုဝိညာဏ်ဒွေးသည် ရူပါရုံကို အာရုံပြုပါသည်။ (ပ) ကာယဝိညာဏ်ဒွေးသည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

သာဓကကား ။ ။ တေသုစက္ခုဝိညာဏာဒီနိ (ပ) ရမ္မဏာနေ၀ ဖြစ်ပါသည်။

ပဉ္စဒ္ဒါရာ၀ဇ္ဇန်း၊ သမ္မဋ္ဌစ္ဆိန်းဒွေးဟုဆိုအပ်သော မနောဓာတ်(၃)ခုသည် ရူပါရုံ (ပ) ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ပဉ္စာရုံကို အာရုံပြုပါသည်။

သာဓကကား ။ ။ မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ ဖြစ်ပါသည်။

ဒွေးပဉ္စဝိညာဏ် (၁၀)နှင့် သမ္မဋ္ဌစ္ဆိန်းဒွေးမှ ကြွင်းသော သန္တီရဏ(၃)ခု၊ မဟာဝိပါက်စိတ် (၈)ခုဟုဆိုအပ်သော ကာမဝိပါက် (၁၁)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါးအားဖြင့် ဤ (၁၂)ပါးသောစိတ်တို့သည် ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း ကာမတရားကို ဧကန်အာရုံပြုပါသည်။(၀၂) ကာမစိတ်စတုပညာသ၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ကာမတရားကို အာရုံပြုပါသည်။

သာဓကကား ။ ။ သေသာနိ ကာမာ၀စရ (ပ) ရမ္မဏာနေ၀ ဖြစ်ပါသည်။

အရကောက်များ

သေသာနိ (ကာမာ၀စရဝိပါကာနိ ဟသနစိတ္တဥ္စေတိ)၌ သေသ၏ အပါဒါန်အရကား... ဒွေးပဉ္စဝိညာဏ်(၁၀)၊ သမ္မဋ္ဌစ္ဆိန်းဒွေးကို ရပါသည်။

သေသအရကား... သန္တီရဏ (၃)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးဟု ဆိုအပ်သော ကာမဝိပါက်စိတ် (၁၁)ပါးကို ရပါသည်။

အကုသိလ်စိတ်(၁၂)ပါး၊ မဟာကုသိလ်, ကြိယာဉာဏဝိပ္ပယုတ်ဓော (၈)ပါးအားဖြင့် ဤ(၂၀)သောစိတ်တို့သည် လောကုတ္တရာတရားကိုးပါးကြဉ်သော အလုံးစုံသော အာရုံကို အာရုံပြုပါသည်။ (၀၂) လောကီစိတ်ဧကာသီတိ၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အလုံးစုံသောအာရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ အကုသလာနိ စေဝ (ပ) သဗ္ဗာရမ္မဏာနိ ဖြစ်ပါသည်။

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ ရူပါဝစရကုသိုလ် ပဋ္ဌမစျာန်ဟုဆိုအပ်သော ကုသိုလ်အဘိညာဏ်စိတ်(၁)ပါးအားဖြင့် ဤ(၅)ပါးသောစိတ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံသောအာရုံကို အာရုံပြုပါသည်။ (ဝါ) အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အာရုံကို အာရုံပြုပါသည်။

သာဓကကား ။ ။ ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ(ပ) ရမ္မဏာနိ ဖြစ်ပါသည်။

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)ပါး၊ ရူပါဝစရကြိယာ ပဋ္ဌမစျာန်ဟုဆိုအပ်သော ကြိယာအဘိညာဏ်(၁)ပါး၊ မနောဒွါရာဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ်(၁)ပါးအားဖြင့် ဤ (၆)ပါးသော စိတ်တို့သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အလုံးစုံသော အာရုံကို အာရုံပြုပါသည်။ (ဝါ) စိတ်တစ်ခုယုတ်(၉၀)၊စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အလုံးစုံသောအာရုံကို အာရုံပြုပါသည်။

သာဓကကား ။ ။ ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိ စေဝ (ပ)ရမ္မဏာနိဖြစ်ပါသည်။

• အရူပစိတ် (၁၂)ခုတို့တွင် ဝိညာဏဉ္စာယတနစိတ် (၃)ခု၊ နေဝသညာနာသညာနာယတနစိတ် (၃)ခုအားဖြင့် ဤ (၆)ပါးသောစိတ်တို့သည် အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ အာကိဉ္စညာယတနကုသိုလ်, ကြိယာဟုဆိုအပ်သော မဟဂ္ဂုတ်တရားကို ဧကန် အာရုံပြုပါသည်။

သာဓကကား ။ ။ အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိဖြစ်ပါသည်။

တနည်း‌။ အရူပစိတ် (၁၂)ခုတို့တွင် ဝိညာနဉ္စာယတနစိတ် (၃)ခုသည် အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ (၂)ပါးဟုဆိုအပ်သော မဟဂ္ဂုတ်တရားကို အာရုံပြုပါသည်။ နေဝသညာနာသညာယတနစိတ်(၃)ခုသည် အာကိဉ္စညာယတနကုသိုလ်, ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်တရားကို အာရုံပြုပါသည်။

တနည်း‌။ အရူပစိတ် (၁၂)ခုတို့တွင် ဝိညာနဉ္စာယတနကုသိုလ်, ဝိပါက်စိတ်(၂)ပါးသည်

http://www.dhammadownload.com

အာကာသာနဉ္စာယတနကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ် အာရုံ (၁)ပါးကို အာရုံပြုပါသည်။ ဝိညာနဉ္စာယတနကြိယာစိတ်သည် အာကာသာနဉ္စာယတနကုသိုလ်, ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်အာရုံ(၂)ပါးကို အာရုံပြုပါသည်။

နေဝသညာနာသညာယတနကုသိုလ်, ဝိပါက်စိတ် (၂)ပါးသည် အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ (၁)ပါးကို အာရုံပြုပါသည်။

နေဝသညာနာသညာယတနကြိယာစိတ်သည် အာကိဉ္စညာယတန ကုသိုလ် ကြိယာဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ (၂)ပါးကို အာရုံပြုပါသည်။

ဝိညာနဉ္စာယတနစိတ် (၃)ခု၊ နေဝသညာနာသညာယတနစိတ်(၃)ခု၊ အဘိညာဏ်ဒွေးမှကြွင်းကုန်သော ရူပါဝစရစိတ် (၁၅)ပါး၊ အာကာသာနဉ္စာယတနစိတ်(၃)ပါး၊ အာကိဉ္စညာယတနစိတ် (၃)ပါးအားဖြင့် ဤ (၂၁)ပါးသော မဟဂ္ဂုတ်စိတ်တို့သည် ပညတ်တရားကို အာရုံပြုပါသည်။ (၀၂) ကသိုဏ်းပညတ် (၁၀)ပါး၊ အာနာပါနဿတိ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်(၁)ပါး၊ အသုဘပညတ်(၁၀)ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ်(၁)ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား(၄)ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် (၄)ပါး၊ ကောင်းကင်ပညတ်(၁)ပါး၊ နတ္ထိဘောပညတ် (၁)ပါးအားဖြင့် ဤ(၂၈)ပါးသော ပညတ်တရားကို ဧကန်အာရုံပြုပါသည်။

သာဓကကား ။ ။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ ဖြစ်ပါသည်။

လောကုတ္တရာစိတ် (၈)ခုသည် နိဗ္ဗာန်ကို ဧကန် အာရုံပြုပါသည်။

သာဓကကား ။ ။ လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ ဖြစ်ပါသည်။

သင်္ဂဟဂါထာများ

ဧကန်အာရုံပြုသောစိတ်ပြ သင်္ဂဟဂါထာ

ပဋိသ ပရိတ္တမို- အစရှိသော ဤဂါထာသည် ဧကန်အာရုံပြုသောစိတ်တို့ကို ပြသောဂါထာဖြစ်ပါသည်။

ပဋိသ ပရိတ္တမို၌ ပဋိသအရ ဒွေပဋိညာဏ်(၁၀)၊ မနောဓာတ်(၃)ခု၊ သန္တီရဏ

http://www.dhammadownload.com

(၃)ခု၊ မဟာဝိပါက်စိတ် (၈)ခု ဟသိတုပ္ပါဒ်အားဖြင့် (၂၅)ပါးသောစိတ်တို့ကိုရပါသည်။

ပရိတ္တမှိအရ ကာမစိတ် စတုပညာသ၊ စေတသိက်ဒွေ့ပညာသ၊ ရုပ်အင်္ဂဝီသဟု ဆိုအပ်သော ကာမအာရုံကိုရပါသည်။

ဆစိတ္တာနိ မဟဂ္ဂတော၌ ဆစိတ္တာနိအရ ဝိညာဏဉ္စာယတနစိတ် (၃)ခု၊ နေဝသညာ နာသညာယတနစိတ် (၃)ခုအားဖြင့် ဤ (၆)ပါးသောစိတ်တို့ကို ရပါသည်။

မဟဂ္ဂတေအရ အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ၊ အာကိဉ္စညာယတန ကုသိုလ်, ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်အာရုံကို ရပါသည်။

ဧကဝီသတိ ေ ရ၌ ဧကဝီသတိအရ အာကာသာနဉ္စာယတနစိတ် (၃)ခု၊ အာကိဉ္စညာယတနစိတ် (၃)ခု၊ အဘိညာဏ်ဒွေးမှတစ်ပါး ရူပစိတ် (၁၅)ခုအားဖြင့် (၂၁)ပါး သောစိတ်တို့ကိုရပါသည်။

ဝေါဟာရေအရ ကသိုဏ်းပညတ် (၁၀)ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် (၁)ပါး၊ အသုဘပညတ်(၁၀)ပါး ကာယဂတာသတိ၏ အာရုံ ဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ် (၁)ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား (၄)ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် (၄)ပါး၊ ကောင်းကင်ပညတ် (၁)ပါး နတ္ထိဘောပညတ် (၁)ပါးအားဖြင့် ဤ (၂၈)ပါးသော ပညတ်အာရုံကိုရပါသည်။

အဋ္ဌ နိဗ္ဗာနဂေါစရေ၌ အဋ္ဌအရ လောကုတ္တရာစိတ် (၈)ပါးကို ရပါသည်။

နိဗ္ဗာနဂေါစရေအရ နိဗ္ဗာန်အာရုံကိုရပါသည်။

အနေကန်အာရုံပြုသောစိတ်ပြ သင်္ဂဟဂါထာ

ဝီသာနုတ္တရမုတ္တမှိ အစရှိသောဂါထာသည် အနေကန် အာရုံပြုသော စိတ်တို့ကို ပြသောဂါထာဖြစ်ပါသည်။

ဝီသာနုတ္တရမုတ္တမှိ၌ ဝီသအရ အကုသိုလ်စိတ်(၁၂)ပါး၊ မဟာကုသိုလ်, ကြိယာ ဉာဏဝိပ္ပယုတ်ဓော (၈)ပါးအားဖြင့် ဤ (၂၀)သောစိတ်တို့ကိုရပါသည်။

အနုတ္တရမုတ္တမှိအရ လောကုတ္တရာ (၉)ပါးကြဉ်သော လောကီစိတ် ဧကသိတိ၊

http://www.dhammadownload.com

စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟုဆိုအပ်သော အလုံးစုံသော အာရုံကို ရပါသည်။

အဂ္ဂမဂ္ဂဖလုဏ္ဏိတေပဋ္ဌ်ဳ ပဋ္ဌာန အရ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်(၄)ပါး ရူပါဝစရကုသိုလ် ပဋ္ဌမစျာန်ဟုဆိုအပ်သော ကုသိုလ်အဘိညာဏ်စိတ်(၁)ပါးအားဖြင့် ဤ(၅)ပါးသောစိတ်တို့ကို ရပါသည်။

အဂ္ဂမဂ္ဂဖလုဏ္ဏိတေအရ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၄ စေတသိက် ဒွေးပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အလုံးစုံသော အာရုံကို ရပါသည်။

သမ္မတ္တ ဆစ္ဓေတိ-ဌ် ဆအရ

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ ရူပါဝစရကြိယာ ပဋ္ဌမစျာန်ဟုဆိုအပ်သောကြိယာအဘိညာဏ်စိတ်(၁)ပါး၊ မနောဒွါရာဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ်(၁)ပါးအားဖြင့် ဤ(၆)ပါးသောစိတ်တို့ကို ရပါသည်။

သမ္မတ္တအရ စိတ်တစ်ခုယုတ် (၉၀)၊ စေတသိက်ဒွေးပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အလုံးစုံသောအာရုံကို ရပါသည်။

သတ္တဓာ တတ္ထ သင်္ဂဟော်ဌ် သတ္တဓာအရ -

(၂၅)ပါးသောစိတ်တို့၏ ကာမအာရုံကို အာရုံပြုခြင်းတစ်ပါး၊

(၆)ပါးသောစိတ်တို့၏ မဟဂ္ဂုတ်အာရုံကို အာရုံပြုခြင်းတစ်ပါး၊

(၂၁)ပါးသောစိတ်တို့၏ ပညတ်အာရုံကို အာရုံပြုခြင်းတစ်ပါး၊

(၈)ပါးသောစိတ်တို့၏ နိဗ္ဗာန်အာရုံကို အာရုံပြုခြင်းတစ်ပါး၊

(၂၀)သောစိတ်တို့၏ လောကုတ္တရာတရား (၉)ပါးကြဉ်သော အလုံးစုံသော အာရုံကို အာရုံပြုခြင်းတစ်ပါး၊

(၅)ပါးသောစိတ်တို့၏ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံသော အာရုံကို အာရုံပြုခြင်းတစ်ပါး၊

(၆)ပါးသောစိတ်တို့၏ အလုံးစုံသော အာရုံကို အာရုံပြုခြင်းတစ်ပါးအားဖြင့် ဤ (၇)ပါးသော ရေတွက်ခြင်းတို့ကို ရပါသည်။

http://www.dhammadownload.com

အာရုံ (၁၅)ပါး

အာရုံတို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ဓမ္မာရုံ, ရုပ်, နာမ်, ကာမ, မဟဂ္ဂုတ်, ဝိမုတ်, ပညတ်, ပရမတ်, နိဗ္ဗာန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓအားဖြင့် (၁၅)ပါး အပြားရှိပါသည်။

အာရုံ (၁၅)ပါးတို့ဖြင့် စိတ်တို့ကို ဝေဖန်ပုံ

ဒသဘုံ

ထိုအာရမ္မဏိကစိတ် အပေါင်းတို့တွင် ဒွေးပဉ္စဝိညာဏ် (၁၀)သည် ဧကန်, အနေကန် အာရုံပြုသော ဒသဘုံမည်ပါသည်။

ထိုဒသဘုံသည် ပစ္စုပ္ပန်, ရုပ်, ကာမ, ပရမတ်အားဖြင့် ဤ (၄)ပါးကို ဧကန် အာရုံပြုပါသည်။

အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓအားဖြင့် ဤသုံးပါးကို အနေကန် အာရုံပြုပါသည်။

တိဏဘုံ

ပဥ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးဟုဆိုအပ်သော မနောဓာတ်(၃)ခုသည် ဧကန်, အနေကန်အာရုံပြုသော တိဏဘုံမည်ပါသည်။

ထိုတိဏဘုံသည် ပစ္စုပ္ပန်, ရုပ်, ကာမ, ပရမတ်အားဖြင့် ဤ(၄)ပါးကို ဧကန် အာရုံပြုပါသည်။

အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓအားဖြင့် ဤ(၃)ပါးကို အနေကန်အာရုံပြုပါသည်။

ဒွိဒသဘုံ

သန္တီရဏစိတ်(၃)ခု၊ မဟာဝိပါက်စိတ်(၈)ခု၊ ဟသိတုပ္ပါဒ် (၁)ပါးအားဖြင့် ဤ(၁၂)ပါး သောစိတ်တို့သည် ဧကန်, အနေကန်အာရုံပြုသော ဒွိဒသဘုံမည်ပါသည်။

ထိုဒွိဒသဘုံသည် ကာမ, ပရမတ်အားဖြင့် ဤ(၂)ပါးကို ဧကန်အာရုံပြုပါသည်။

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ဓမ္မာရုံ, ရုပ်, နာမ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓ အားဖြင့် ဤ (၉)ပါးကို အနေကန်အာရုံပြုပါသည်။

http://www.dhammadownload.com

ဝိသတိဘုံ

အကုသိုလ်စိတ်(၁၂)ပါး၊ မဟာကုသိုလ်, ကြိယာဉာဏဝိပွယုတ်ဧော (၈)ပါးအား ဖြင့် ဤ (၂၀)သောစိတ်တို့သည် အနေကန်သက်သက်ကို အာရုံပြုသော ဝိသတိဘုံမည် ပါသည်။

ထိုဝိသတိဘုံသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ဓမ္မာရုံ, ရုပ်, နာမ်, ကာမ, မဟဂ္ဂုတ်, ဝိမုတ်, ပညတ်, ပရမတ်, အဏ္ဏတ္တ, ဗဟိဒ္ဓ, အဏ္ဏတ္တဗဟိဒ္ဓအားဖြင့် ဤ(၁၄) ပါးကို အနေကန်အာရုံပြုပါသည်။

ပဋ္ဌာဘုံ

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ ရူပါဝစရကုသိုလ်ပဋ္ဌမစျာန်ဟု ဆိုအပ်သော ကုသိုလ်အဘိညာဏ် (၁)ပါးအားဖြင့် ဤ (၅)ပါးသောစိတ်တို့သည် အနေကန် သက်သက်ကို အာရုံပြုသော ပဋ္ဌာဘုံမည်ပါသည်။

ထိုပဋ္ဌာဘုံသည် ပစ္စုပ္ပန် (၁) အဏ္ဏတ္တဗဟိဒ္ဓအားဖြင့် ဤ(၁၅)ပါးကို အနေကန် အာရုံပြုပါသည်။

သဗ္ဗတ္ထဆဘုံ

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)ခု၊ ရူပါဝစရကြိယာ ပဋ္ဌမစျာန်ဟုဆိုအပ် သော ကြိယာအဘိညာဏ်စိတ်(၁)ပါး၊ မနောဒွါရာဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ်(၁)ပါး အားဖြင့် ဤ(၆)ပါးသောစိတ်တို့သည် အနေကန်သက်သက်ကို အာရုံပြုသော သဗ္ဗတ္ထဆဘုံ မည်ပါသည်။

ထိုသဗ္ဗတ္ထဆဘုံသည် ပစ္စုပ္ပန် (၁) အဏ္ဏတ္တဗဟိဒ္ဓအားဖြင့် ဤ(၁၅)ပါးကို အနေကန် အာရုံပြုပါသည်။

မဟဂ္ဂတဆဘုံ

ဝိညာနဉ္စာယတနစိတ် (၃)ခု၊ နေဝသညာနာသညာယတနစိတ်(၃)ခုအားဖြင့် ဤ(၆)ပါးသောစိတ်တို့သည် ဧကန်သက်သက်ကို အာရုံပြုသော မဟဂ္ဂတဆဘုံမည်ပါ သည်။

http://www.dhammadownload.com

ထိုမဟဂ္ဂတဆဘုံသည် အတိတ်, ဓမ္မာရုံ, နာမ်,မဟဂ္ဂုတ်, ပရမတ်, အဏ္ဏတ္တ အားဖြင့် ဤ(၆)ပါးကို ဇကန်အာရုံပြုပါသည်။

ဆောင်ပုဒ် ။ ။ အတိတ်,ဓမ္မာ၊ နာမ်, မဟာနှင့်၊ ပရမာ, အဏ္ဏတ်၊ ဤခြောက်ရပ် ပြုလတ် မဟာဆဘုံတည်း။

ဇကဝိသတိဘုံ

အာကာသာနဉ္စာယတနစိတ်(၃)ခု၊ အာကိဉ္စညာယတနစိတ်(၃)ခု၊ အဘိညာဉ်ဒွေးမှ တစ်ပါး ရူပါဝစရစိတ်(၁၅)ခုအားဖြင့် ဤ(၂၁)ပါးသောစိတ်တို့သည် ဇကန်သက်သက်ကို အာရုံပြုသော ဇကဝိသတိဘုံမည်ပါသည်။

ထိုဇကဝိသတိဘုံသည် ဓမ္မာရုံ, ဝိမုတ်, ပညတ်, ဗဟိဒ္ဓအားဖြင့် ဤ(၄)ပါးကို ဇကန်အာရုံပြုပါသည်။

ဆောင်ပုဒ် ။ ။ ဓမ်, ဝိမုတ်တတ်၊ ပညတ်, ဗဟိဒ္ဓါ၊ ဤလေးဖြာ၊ မှတ်ပါ ဇကဝိသတိဘုံ။

အဋ္ဌဘုံ

လောကုတ္တရာစိတ် (၈)ခုသည် ဇကန်သက်သက်ကို အာရုံပြုသောအဋ္ဌဘုံ မည်ပါသည်။ ထိုအဋ္ဌဘုံသည် ဓမ္မာရုံ, နာမ်, ဝိမုတ်, ပညတ်, နိဗ္ဗာန်, ဗဟိဒ္ဓအားဖြင့် ဤ(၆)ပါး ကို ဇကန်အာရုံပြုပါသည်။

ဆောင်ပုဒ် ။ ။ ဓာမ်, နာမ်, ဝိ, ပ၊ နိဗ်, ဗဟ၊ ခြောက်ဝ အဋ္ဌဘုံ။

ဇကန်အာရုံပြုလက်ာ

ဇကန်အာရုံပြုပုံပြ လက်ာကား...

ပဥ္စဝိကာမ၊ ဆ, မဟဂ္ဂါ၊ ရှစ်ဖြာ နိဗ္ဗာန်၊ နာမ်, တစ်ဆယ့်လေး၊ တေရသရုပ်၊ ပစ္စုပ်ထို့တူ၊ တိတ်မူ ဆမှတ်၊ နာဂတ်မရှိ၊ ဝိမုတ် နှစ်ဆယ့်ကိုး (ရှေးရိုးကျမ်း ညီ)၊ ဇကဝိ ပညတ်၊ ပရမတ္ထ၊ နဝတိသာ၊ ဆဓာ, အဏ္ဏတ်၊ ဗာဟျတ် ဆဗ္ဗီ၊ နှစ်စီ ပဉ္စ၊ ဓမ္မ သုံးဆယ့်ငါး၊ တစ်ပါး ဌဝီ၊ ဒွေး နှစ်လီတည်း၊ ငါးလီမှာသုံး၊

http://www.dhammadownload.com

ဆယ့်နှစ်သုံးပင်၊ (သီကုံးချိုအေး)၊ ဆယ့်လေးကိုးလီ၊ ပဉ္စဝီသုံးတန်၊ ဧကန်ရှေးရှု၊ အာရုံပြုသည်၊ သောတုနောင်လာ၊ မခဲတည်း-
ဖြစ်ပါသည်။

လက််အရကောက်များ

ပဉ္စဝီကာမအရ... ကာမတရားကို ဧကန်အာရုံပြုသောစိတ်သည် (၂၅)ပါးအပြားရှိပါသည်။ (၂၅)ပါးဟူသော်ကား...(ဒသဘုံ, တီဏိဘုံ, ဒွါဒသဘုံဆိုအပ်သော) ဒွေပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ်(၃)ခု၊ သန္တီရဏစိတ်(၃)ခု၊ မဟာဝိပါက်စိတ်(၈)ခု၊ ဟသိတုပ္ပါဒ်စိတ် (၁)ခုအားဖြင့် (၂၅)ပါးဖြစ်ပါသည်။

ဆမဟဂ္ဂါအရ... မဟဂ္ဂုတ်တရားကို ဧကန်အာရုံပြုသောစိတ်သည် (၆)ပါးအပြားရှိပါသည်။ (၆)ပါးဟူသော်ကား... (မဟဂ္ဂတဆဘုံဟုဆိုအပ်သော) ဝိညာနဉ္စာယတနစိတ် (၃)ခု၊ နေဝသညာ နာသညာယတနစိတ် (၃)ခုအားဖြင့် (၆)ပါးဖြစ်ပါသည်။

ရူစိဖြာနိဗ္ဗာန်အရ... နိဗ္ဗာန်တရားကို ဧကန်အာရုံပြုသောစိတ်သည် (၈)ပါးအပြားရှိပါသည်။ (၈)ပါးဟူသော်ကား... (အဋ္ဌဘုံဟုဆိုအပ်သော)လောကုတ္တရာစိတ် (၈)ပါးဖြစ်ပါသည်။

နာမ်တစ်ဆယ့်လေးအရ... နာမ်တရားကို ဧကန်အာရုံပြုသောစိတ်သည် (၁၄)ပါးအပြားရှိသည်။ (၁၄)ပါးဟူသော်ကား... (မဟဂ္ဂတဆဘုံ, အဋ္ဌဘုံဟုဆိုအပ်သော)ဝိညာနဉ္စာယတနစိတ်(၃)ခု၊ နေဝသညာနာသညာယတနစိတ်(၃)ခု၊ လောကုတ္တရာစိတ်(၈)ပါးအားဖြင့် (၁၄)ပါး ဖြစ်ပါသည်။

တေရသမျိုးအရ... ကုသိုလ်တရားကို ဧကန်အာရုံပြုသောစိတ်သည် (၁၃)ပါးအပြားရှိပါသည်။ (၁၃)ပါးဟူသော်ကား... (ဒသဘုံ, တီဏိဘုံဟုဆိုအပ်သော) ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ်(၃)ခုအားဖြင့် (၁၃)ပါးဖြစ်ပါသည်။

ပစ္စုပ်ထိုတူအရ... ပစ္စုပ္ပန်ကို ဧကန်အာရုံပြုသောစိတ်သည် (၁၃)ပါးအပြားရှိပါသည်။ (၁၃)ပါးဟူသော်ကား... (ဒသဘုံ, တီဏိဘုံဟုဆိုအပ်သော) ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃)ခုအားဖြင့် (၁၃)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

တိတ်မူဆမှတ်အရ... အတိတ်တရားကို ဇကန်အာရုံပြုသောစိတ်သည်(၆)ပါး အပြားရှိပါသည်။ (၆)ပါးဟူသော်ကား... (မဟဂ္ဂတဆဘုံဟုဆိုအပ်သော) ဝိညာနဉ္စာယတနစိတ်(၃)ခု၊ နေဝသညာနာသညာယတနစိတ်(၃)ခုအားဖြင့် (၆)ပါးဖြစ်ပါသည်။

နာဂတ်မရှိအရ... အနာဂတ်တရားကို ဇကန်အာရုံပြုသောစိတ်သည် မရှိပါ။

ဝိမုတ်(၂၉)အရ... ကာလဝိမုတ်ကို ဇကန်အာရုံပြုသောစိတ်သည် (၂၉)ပါးအပြား ရှိပါသည်။ (၂၉)ပါးဟူသော်ကား... (ဇကဝိသတိဘုံ, အဋ္ဌဘုံဟုဆိုအပ်သော)အာကာသာ နဉ္စာယတနစိတ်(၃)ခု၊ အာကိဉ္စညာယနစိတ်(၃)ခု၊ အဘိညာဏ်ဒွေးမှတစ်ပါး ရူပစိတ်(၁၅)ပါး၊ လောကုတ္တရာစိတ် (၈)ခုအားဖြင့် (၂၉)ပါးဖြစ်ပါသည်။

ဇကဝိပညတ်အရ...ပညတ်တရားကို ဇကန်အာရုံပြုသောစိတ်သည် (၂၁)ပါး အပြားရှိပါသည်။ (၂၁)ပါးဟူသော်ကား...(ဇကဝိသတိဘုံဟုဆိုအပ်သော)အာကာသာနဉ္စာ ယတနစိတ်(၃)ပါး၊ အာကိဉ္စညာယတနစိတ် (၃)ပါး၊ အဘိညာဉ်ဒွေးမှတစ်ပါး ရူပါဝစရစိတ် (၁၅)ပါး အားဖြင့် (၂၁)ပါးဖြစ်ပါသည်။

ပရမတ္ထ နဝတီသာအရ...ပရမတ်တရားကို ဇကန်အာရုံပြုသောစိတ်သည် (၃၉)ပါး အပြားရှိပါသည်။ (၃၉)ပါးဟူသော်ကား...(ဒသဘုံ, တီဏိဘုံ,ဒွါဒသဘုံ, မဟဂ္ဂတဆဘုံ ဟုဆိုအပ်သော) ဒွေးပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ်(၃)ခု၊ သန္တီရဏစိတ် (၃)ခု မဟာဝိပါက်စိတ်(၈)ခု၊ ဟသိတုပ္ပါဒ်စိတ်(၁)ခု၊ ဝိညာနဉ္စာယတနစိတ်(၃)ခု၊ နေဝသညာ နာသညာယတနစိတ်(၃)ခု၊ လောကုတ္တရာစိတ် (၈)ခုအားဖြင့် (၃၉)ပါးဖြစ်ပါသည်။

ဆဓာအဏ္ဏတ်အရ... အဏ္ဏတ္တတရားကို ဇကန်အာရုံပြုသောစိတ်သည် (၆)ပါး အပြားရှိပါသည်။ (၆)ပါးဟူသော်ကား...(မဟဂ္ဂတဆဘုံဟုဆိုအပ်သော) ဝိညာဏဉ္စာ ယတနစိတ် (၃)ခု၊ နေဝသညာနာသညာယတနစိတ် (၃)ခုအားဖြင့် (၆)ပါးဖြစ်ပါသည်။

ဗာဟျတ်ဆဒ္ဓီအရ... ဗဟိဒ္ဓတရားကို ဇကန်အာရုံပြုသောစိတ်သည်(၂၆)ပါးအပြား ရှိပါသည်။ (၂၆)ပါးဟူသော်ကား... (ဇကဝိသတိဘုံ, အဋ္ဌဘုံဟုဆိုအပ်သော) အာကာသာ နဉ္စာယတနစိတ်(၃)ခု၊ အာဘိညာဏ်ဒွေးမှတစ်ပါး ရူပစိတ် (၁၅)ပါး၊ လောကုတ္တရာစိတ် (၈)ပါးအားဖြင့် (၂၆)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

နှစ်စီပဋ္ဌအရ...ပဋ္ဌာန်းကို (၂)ပါးစီ အသီးသီး ကန်အာရုံပြုသောစိတ်သည် ဒွေးပဋ္ဌဝိညာဏ် (၁၀)ဖြစ်ပါသည်။

ထိုးဒွေးပဋ္ဌဝိညာဏ်(၁၀)တို့တွင် စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ (လ) ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

ဓမ္မသုံးဆယ့်ငါးအရ... ဓမ္မာရုံကို ကန်အာရုံပြုသောစိတ်သည် (၃၅)ပါးအင်္ဂါရှိပါသည်။ (၃၅)ပါးဟူသော်ကား... (မဟဂ္ဂတဆဒ္ဓါ၊ ကဝိသတိဘဒ္ဓါ၊ အဋ္ဌဘဒ္ဓါဟုဆိုသော) ဝိညာဏဋ္ဌာယတနစိတ်(၃)ခု၊ နေဝသညာနာသညာယတနစိတ် (၃)ခု၊ အာကာသာနဉ္စာယတနစိတ်(၃)စိတ်၊ အာကိဉ္စညာယတနစိတ်(၃)ခု၊ အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ် (၁၅)ခု၊ လောကုတ္တရာစိတ် (၈)ခုအားဖြင့် (၃၅)ပါးဖြစ်ပါသည်။

တစ်ပါးဋ္ဌဝိအရ... အာရုံ(၁)ပါးကို ကန်အာရုံပြုသောစိတ်သည် (၂၈)ပါးဖြစ်ပါသည်။ (၂၈)ပါးဟူသော်ကား...ဒွေးပဋ္ဌဝိညာဏ် (၁၀)၊ ဝိညာဏဋ္ဌာယတနကုသိုလ်, ဝိပါက်စိတ်(၂)ပါး၊ နေဝသညာနာသညာတယနကုသိုလ်, ဝိပါက်စိတ် (၂)ပါး၊ အာကာသာနဉ္စာယတနစိတ်(၃)ပါး၊ အာကိဉ္စညာယတနစိတ်(၃)ပါး၊ လောကုတ္တရာစိတ် (၈)ပါး အားဖြင့် (၂၈)ပါးဖြစ်ပါသည်။

ထို (၂၈)ပါးတို့တွင် စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကို ကန်အာရုံပြုပါသည်။ (လ) ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို ကန်အာရုံပြုပါသည်။

ဝိညာနဉ္စာယတနကုသိုလ်၊ ဝိပါက်စိတ်(၂)ပါးသည် အာကာသာနဉ္စာယတနကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ(၁)ပါးကို ကန်အာရုံပြုပါသည်။ နေဝသညာနာသညာယတနကုသိုလ်, ဝိပါက်စိတ် (၂)ပါးသည် အာကိဉ္စညာယတနကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ (၁)ပါးကို ကန်အာရုံပြုပါသည်။

အာကာသာနဉ္စာယတနစိတ်(၃)ခုသည် ကောင်းကင်ပညတ်အာရုံ(၁)ပါးကို ကန်အာရုံပြုပါသည်။

အာကိဉ္စညာယတနစိတ်(၃)ခုသည် နတ္ထိဘောပညတ်အာရုံ (၁)ပါးကို ကန်အာရုံပြုပါသည်။

လောကုတ္တရာစိတ် (၈)ခုသည် နိဗ္ဗာန်အာရုံ (၁)ပါးကို အာရုံပြုပါသည်။

www.freemadownload.com

ဖွေးနှစ်လိတည်းအရ... အာရုံ(၂)ပါးကို ဇောန်အာရုံပြုသောစိတ်သည် (၂)ပါးအပြား
ရှိပါသည်။ (၂)ပါးဟူသော်ကား... ဝိညာဏဉ္စာယတနကြိယာစိတ် (၁)ပါး၊ နေဝသညာနာ
သညာယတနကြိယာစိတ် (၁)ပါးအားဖြင့် (၂)ပါးဖြစ်ပါသည်။ ထို(၂)ပါးတို့တွင်-
ဝိညာဏဉ္စာယတနကြိယာစိတ်သည် အာကာသာနဉ္စာယတနကုသိုလ်, ကြိယာဟူဆို
အပ်သော မဟဂ္ဂုတ်အာရုံ(၂)ပါးကို ဇောန်အာရုံပြုပါသည်။
နေဝသညာနာသညာယတနကြိယာစိတ်သည် အာကိဉ္စညာယတနကုသိုလ်,
ကြိယာဟူဆိုအပ်သော မဟဂ္ဂုတ်အာရုံ(၂)ပါးကို ဇောန်အာရုံပြုပါသည်။
ငါးလိမ့်သုံးအရ... အာရုံငါးပါးကို ဇောန်အာရုံပြုသောစိတ်သည် (၃)ပါးဖြစ်
ပါသည်။ (၃)ပါးဟူသော်ကား... မနောဓာတ် (၃) ခုဖြစ်ပါသည်။
ထိုမနောဓာတ် (၃)ခုသည် ရှုပါရုံ (လ) ဖောဋ္ဌဗ္ဗာရုံဟူဆိုအပ်သော အာရုံ(၅)ပါးကို
ဇောန်အာရုံပြုပါသည်။
ဆယ့်နှစ်သုံးပင်အရ... အာရုံ(၁၂)ပါးကို ဇောန်အာရုံပြုသောစိတ်သည် (၃)ပါးဖြစ်
သည်။ (၃)ပါးဟူသော်ကား... ရှုပါဝစရပဉ္စမဈာန်စိတ် (၃)ပါးဖြစ်ပါသည်။
ဤပဉ္စမဈာန်စိတ်(၃)ပါးသည် ကသိုဏ်းပညတ်(၁၀)ပါး၊ အာနာပါနဿတိ၏
ရုံဖြစ်သော ထွက်သက်,ဝင်သက်ပညတ်(၁)ပါး၊ ဥပေက္ခာဟူဆိုအပ်သော ဗြဟ္မဝိဟာရ
း (၁)ပါး၏အာရုံဖြစ်သော သတ္တဝါပညတ်(၁)ပါးအားဖြင့် ဤ(၁၂)ပါးသောပညတ်
ကို ဇောန်အာရုံပြုပါသည်။
ဆယ့်လေးသုံးလိအရ... အာရုံ(၁၄)ပါးကို ဇောန်အာရုံပြုသောစိတ်သည် (၉)ပါး
ါသည်။ (၉)ပါးဟူသော်ကား... ရှုပါဝစရ ဒုတိယဈာန်စိတ်(၃)ပါး၊ ရှုပါဝစရ
သဈာန်စိတ်(၃)ပါး၊ ရှုပါဝစရ စတုတ္ထဈာန်စိတ်(၃)ပါးအားဖြင့် (၉)ပါးဖြစ်ပါသည်။
ဤဈာန်စိတ် (၉)ပါးတို့သည် ကသိုဏ်းပညတ်(၁၀)ပါး၊ အာနာပါနဿတိ၏အာရုံ
ာ ထွက်သက်, ဝင်သက်ပညတ်(၁)ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာဟူဆိုအပ်သော
ာရတရား (၃)ပါး၏အာရုံဖြစ်သော သတ္တဝါပညတ်(၃)ပါးအားဖြင့် ဤ(၁၄)ပါး
ညတ်အာရုံကို ဇောန်အာရုံပြုပါသည်။
ဉ္စဝီသုံးတန်အရ... အာရုံ(၂၅)ပါးကို ဇောန်အာရုံပြုသောစိတ်သည်(၃)ပါးဖြစ်

http://www.dhammadownload.com

ပါသည်။ (၃)ပါးဟူသော်ကား... ရူပါဝစရ ပထမစျာန်စိတ် (၃)ပါးဖြစ်ပါသည်။

ဤရူပါဝစရ ပထမစျာန်စိတ် (၃)ပါးသည် ကသိုဏ်းပညတ်(၁၀)ပါး၊ အနုပါန သတိ၏အာရုံဖြစ်သော ထွက်သက်, ဝင်သက် ပညတ်(၁)ပါး၊ အသုဘပညတ်(၁၀)ပါ ကာယဂတာသတိ၏အာရုံဖြစ်သော ဆံပင်အစရှိသော ကောဋ္ဌာသပညတ်(၁)ပါး၊ ဆွေး ကရဏာ, မုဒိတာဟူဆိုအပ်သော ဗြဟ္မဝိဟာရတရား(၃)ပါး၏အာရုံဖြစ်သော သင် ပညတ် (၃)ပါးအားဖြင့် ဤ(၂၅)ပါးသော ပညတ်အာရုံကို ကေန်အာရုံပြုပါသည်

အနေကန်အာရုံပြုလက်ာ

အနေကန်အာရုံပြုပုံပြ လက်ာကား....

မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယိုကင်းပ၊ ကာမမဟဂ္ဂုတ်၊ ဝိမုတ်, ပညတ်၊ ပရမတ်ဟု၊ ငါးရပ်တူလစ်၊ သုံးဆယ့်တစ်လီ၊ ပစ္စုပ်,တီတ၊ နှာဂတ နှင့်၊ ဓမ္မရုပ်,နာမ်၊ ခြောက်တန်ပေါင်းရုံး၊ လေးဆယ့်သုံးစီ၊ သုံးလီအချုတ်၊ စွဲလတ်မှီရောက်၊ ငါးဆယ့်ခြောက်မှန်၊ နိဗ္ဗာန် ဓာတ်ဒသ၊ ပဋ္ဌာန်ဝက်၊ လေးဆယ့်နှင့်ခြောက်၊ ရွေးကောက်စေမှု၊ ဥဒါန်းပြုသည်၊ ဆုငှဖန်ငါ၊ ထပ်လဲ တည်း-

ဖြစ်ပါသည်။

လက်ာအရကောက်များ

ကာမ,မဟဂ္ဂုတ်၊ ဝိမုတ်,ပညတ်၊ ပ/ရမတ်ဟု၊ ငါးရပ်တူလစ်၊ သုံးဆယ့်တစ် စီအရ...ကာမ, မဟဂ္ဂုတ်, ဝိမုတ်,ပဉ္ဉတ်, ပရမတ်အားဖြင့် ဤ(၅)ပါးကို အနေကန်အာရုံပြုသော စိတ်သည် (၃၁) ပါးစီဖြစ်ပါသည်။ (၃၁)ပါးဟူသော်ကား.. (ဝိသတိဘုံ, ပဉ္စဘုံ, သမ္မတ္တ ဆဘုံ (ဟုဆိုအပ်သော) အကုသိုလ်စိတ်(၁၂)ပါး၊ မနောဒွါရာဝဇ္ဇန်းဟူဆိုအပ်သော ဝေါဋ္ဌဗ္ဗာစိတ် (၃)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ အဘိညာဏ်ခွေးအားဖြင့် (၃၁)ပါးဖြစ်ပါသည်။

ပစ္စုပ်တီတ, နာဂတနှင့်, ဓမ္မရုပ်, နာမ်၊ ခြောက်တန်ပေါင်းရုံး၊ လေးဆယ့်သုံးစီ အရ... ပစ္စုပ္ပန်, အတိတ်, အ နာဂတ်, ဓမ္မာရုံ, ရုပ်, နာမ်အားဖြင့် ဤ(၆)ပါးကို

http://www.dhammadownload.com

အနေကန်အာရုံပြုသောစိတ်သည် (၄၃)ပါးရှိပါသည်။ (၄၃)ပါးဟူသော်ကား...

(ဒွါဒသဘုံ, ဝိသတိဘုံ, ပဉ္စဘုံ, သဗ္ဗတ္ထဆဘုံဟုဆိုအပ်သော) ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ်(၃)ခုကြဉ်သော ကာမစိတ်(၄၁)ပါး၊ အဘိညာဏ်ဒွေးအားဖြင့် (၄၃)ပါး ဖြစ်ပါသည်။

သုံးလီအဒ္ဓါတ်၊ စွဲလက်မှီရောက်၊ ငါးဆယ့်ခြောက်မှန်အရ... အဒ္ဓါတ္တ, ဗဟိဒ္ဓ, အဒ္ဓါတ္တဗဟိဒ္ဓအားဖြင့် ဤ(၃)ပါးကို အနေကန်အာရုံပြုသောစိတ်သည် (၅၆)ပါးဖြစ်ပါသည်။ (၅၆)ပါးဟူသော်ကား...

(ဒသဘုံ, တိဏဘုံ, ဒွါဒသဘုံ, ဝိသတိဘုံ, ပဉ္စဘုံ, သဗ္ဗတ္ထဆဘုံဟုဆိုအပ်သော) ကာမစိတ် (၅၄)ပါး၊ အဘိညာဏ်ဒွေးအားဖြင့် (၅၆)ပါးဖြစ်ပါသည်။

နိဗ္ဗာန်ဧကဒသအရ... နိဗ္ဗာန်တရားကို အနေကန်အာရုံပြုသောစိတ်သည် (၁၁)ပါး ရှိပါသည်။ (၁၁)ပါးဟူသော်ကား... (ပဉ္စဘုံ, သဗ္ဗတ္ထဆဘုံဟုဆိုအပ်သော) မနောဒွါရာ ဝဇ္ဇန်းဟုဆိုအပ်သော ဝုဋ္ဌေစိတ် (၁)ပါး၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ မဟာ ကြိယာဉာဏသမ္ပယုတ်စိတ်(၄)ပါး၊ အဘိညာဏ်ဒွေးအားဖြင့် (၁၁)ပါးဖြစ်ပါသည်။

ပဉ္စဒ္ဒီပယ်၊ လေးဆယ်နှင့်ခြောက်အရ... ပဉ္စာရုံကို အနေကန်အာရုံပြုသော စိတ်သည်(၄၆)ပါးဖြစ်ပါသည်။ (၄၆)ပါးဟူသော်ကား... (တိဏဘုံ, ဒွါဒသဘုံ, ပဉ္စဘုံ, သဗ္ဗတ္ထဆဘုံဟုဆိုသော) ဒွေးပဉ္စဝိညာဏ်(၁၀)ကြဉ်သော ကာမစိတ်(၄၄)ပါး၊ အဘိညာဏ် ဒွေးအားဖြင့် (၄၆)ပါးဖြစ်ပါသည်။

ဉာဏ်စမ်းဒုရကောက် သရုပ်များ

အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရုပ္ပဏာနိ-၌ ဒုတိယအရ-ဝိညာနဉ္စာယတနစိတ်(၃)ခုကို ယူခဲ့သော် မဟဂ္ဂတအ... အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ ဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ(၂)ပါးကို ရ၏သည်။

• (တနည်း)... ဒုတိယအရ... ဝိညာဏဉ္စာယတနကုသိုလ်ဝိပါက်စိတ်(၂)ပါးကို ယူခဲ့သော် မဟဂ္ဂတအရ-အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ တစ်ပါးကိုရပါသည်။

http://www.dhammadownload.com

ဒုတိယအရ...ဝိညာဏဋ္ဌာယတန ကြိယာစိတ်ကိုယူခဲ့သော်-အာကာသာနဉ္စာယတနကုသိုလ်, ကြိယာဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ(၂)ပါးကို ရပါသည်။

စတုတ္ထအရ... နေဝသညာနာသညာယတနစိတ်(၃)ခုကို ယူခဲ့သော် မဟဂ္ဂတအရ... အာကိဉ္စညာယတနကုသိုလ်, ကြိယာဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံ(၂)ပါးကို ရပါသည်။

(တနည်း)... စတုတ္ထအရ... နေဝသညာနာသညာယတနကုသိုလ်, ဝိပါက်စိတ် (၂)ပါးယူခဲ့သော် မဟဂ္ဂတအရ.... အာကိဉ္စညာယတနကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ် အာရုံ(၁)ပါးကို ရပါသည်။

သေသာနိ မဟဂ္ဂတစိတ္တာနိပိ ပညတ္တာရမ္မဏာနိဉ် **သေသမဟဂ္ဂတအရ**... ရူပါဝစရ ပထမစျာန်စိတ်(၃)ခုကိုယူခဲ့သော် **ပညတ္တာရမ္မဏာအရ**.... ကသိဏ်းပညတ်(၁၀)ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်(၁)ပါး၊ အသုဘပညတ် (၁၀)ပါး၊ ကာယဂတာသတိ၏အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာပသညတ်(၁)ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား(၃)ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ်(၃)ပါးအားဖြင့် (၂၅)ပါးသော ပညတ်တရားကို ရပါသည်။

သေသမဟဂ္ဂတအရ... ရူပါဝစရဒုတိယစျာန်(၃)ပါး၊ တတိယစျာန်(၃)ပါး၊ စတုတ္ထစျာန် စိတ်(၃)ပါးတို့ကို ယူခဲ့သော် **ပညတ္တာရမ္မဏာအရ**... ကသိဏ်းပညတ်(၁၀)ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်(၁)ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား(၃)ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် (၃) ပါးအားဖြင့် (၁၄)ပါးသော ပညတ်တရားကိုရပါသည်။

သေသမဟဂ္ဂတအရ... ရူပါဝစရပဉ္စမစျာန်စိတ်(၃)ပါးကို ယူခဲ့သော် မဟဂ္ဂတာရမ္မဏအရ.... ကသိဏ်းပညတ်(၁၀)ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်(၁)ပါး၊ ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား(၁)ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ်(၁)ပါးအားဖြင့် (၁၂)ပါးသော ပညတ်တရားကို ရပါသည်။

စေတသိက်(၅၂)ပါးကို
အာရမ္မဏသင်္ဂဟဖြင့် ဝေဖန်ပုံ

စေတသိက်(၅၂)ပါးကို အာရမ္မဏသင်္ဂဟဖြင့် ဝေဖန်ပုံပြလင်္ကာကား....

"ငါးဆယ့်နှစ်ခု၊ စေတသိက်စုတွင်၊ အကုသလာ၊ လောကီသာတည်း၊ ဣဿာ၊ ပမဉ်၊ ပယ်ကြဉ် အဏ္ဏတ်၊ ဗာဟျတ်မဏ္ဍော၊ မပြုလေဘူး၊ လောကီဖြစ်ဘိ၊ ဝိရတိမူ၊ ဒိတိဏ္ဍမ၊ သမုတ်ရတဉ်၊ ကာမ,နာမ်,ရုပ်၊ ပစ္စုပ်မြဲမှတ်၊ စွဲမှီကပ်၏။ နောက်ထပ်ဝိရတီ၊ လောကုတ်သည်ကား၊ ရွှေပြည်ခေမာ၊ အပွမာဏ၊ ကာလဝိမုတ်၊ ဖွင့်ထုတ်လေအပ်၊ ပညတ်ပမညာ၊ ဝိမုတ္တာဟု၊ အာရုံပြုလျှင်း၊ ကြွင်းလေသမျှ၊ တေတ္တိံသမှာ၊ ဘယ်ဟာတစ်ခု၊ အာရုံစုကို၊ ၊မပြုမရှိ လေဘူးတည်း-

ဖြစ်ပါသည်။

စေတသိက်(၅၂)ပါးကို အာရမ္မဏသင်္ဂဟဖြင့် ဝေဖန်လိုက်သည်ရှိသော်(၅၂)ခု စေတသိက်စုတွင် 'အကုသလာ၊ လောကီသာတည်း'အရ အကုသိုလ်စေတသိက်(၁၄)ပါးသည် လောကီစိတ် ၈ကသီတိ၊ စေတသိက် ဒွေးပညာသ၊ ရုပ်အဋ္ဌဝိသဟုဆိုအပ်သော လောကီတရားကို အာရုံပြုပါသည်။

'ဣဿာ,ပမဉ်၊ ပယ်ကြဉ် အဏ္ဏတ်' အရ ဣဿာနှင့် အပွမညာစေတသိက်တို့သည် ဗဟိဒ္ဓတရားကို အာရုံပြုပါသည်။

'ဗာဟျတ်မဏ္ဍော၊ မပြုလေဘူး' အရ မဏ္ဍရိယ်စေတသိက်သည် အဏ္ဏတ္တတရားကို အာရုံပြုပါသည်။

'လောကီဖြစ်ဘိ (လ) စွဲမှီကပ်၏' အရ လောကီဝိရတီစေတသိက်(၃)ခုသည် ပစ္စုပ္ပန်ဖြစ်သော ကာမစိတ်(၅၄)ပါး၊ စေတသိက်ဒွေးပညာသ၊ ရုပ်အဋ္ဌဝိသဟုဆိုအပ်သော ကာမ၊ နာမ်, ရုပ်တရားများကို အာရုံပြုပါသည်။

'နောက်ထပ်ဝိရတီ၊ လောကုတ်သည်ကား၊ ရွှေပြည်ခေမာ၊ အပွမာဏ၊ ကာလဝိမုတ်၊ ဖွင့်ထုတ်လေအပ်'အရ လောကုတ္တရာဝိရတီ စေတသိက်(၃)ခုသည် အပွမာဏ, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်တရားကို အာရုံပြုပါသည်။

http://www.dhammadownload.com

'ပညတ်ပမညား၊ ဝိမုတ္တာဟု၊ အာရုံပြုလျှင်း'အရ အပွမညာခွေးသည် ကာလဝိမုတ်
စ်သော သတ္တဝါပညတ်တရားကို အာရုံပြုပါသည်။

'ကြွင်းလေသမျှ(လ)မပြုမရှိ၊ လေဘူးတည်'အရ ကြွင်းသောအညသမာန်း
ာတသိက်(၁၃)ပါး၊ ဝိရတီ, အပွမညာကြွင်သော သောဘနစေတသိက်(၂၀)အားဖြင့်
ု(၃၃)ပါးသော စေတသိက်တို့သည် အလုံးစုံသောအာရုံကို အာရုံပြုပါသည်။ (ဝါ)
သည်သည့်အာရုံကိုမဆို အာရုံပြုပါသည်။

ဘုံအလိုက် ရထိုက်သည့်အာရုံများ

အာရုံ(၆)ပါးတို့တွင်-ကာမဘုံ၌ အာရုံ(၆)ပါးလုံးကို ရပါသည်။ ရူပဘုံ၌ ရူပါရုံ,
ဒ္ဓါရုံ, ဓမ္မာရုံအားဖြင့် အာရုံ(၃)ပါးကို ရပါသည်။ အရူပဘုံ၌ ဓမ္မာရုံ(၁)ပါးကိုသာ
ပါသည်။

အာရမ္မဏသင်္ဂဟပြီးပါပြီ။

* * * * *

ဝတ္ထုသင်္ဂဟ

ဝတ္ထု(၆)ပါး

ဝတ္ထုသင်္ဂဟ၌ ဝတ္ထုတို့သည် သရုပ်အားဖြင့် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာန
, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုအားဖြင့် (၆)ပါးအပြားရှိပါသည်။
ကကား။ ။ ဝတ္ထုသင်္ဂဟော ဝတ္ထူနိ နာမ (ပ) ဆဗ္ဘိဓာနိ ဘဝန္တိ ဖြစ်ပါသည်။

ဝတ္ထု(၆)ပါး တရားကိုယ်များ

ထို(၆)ပါးတို့တွင်.... တရားကိုယ်အားဖြင့် စက္ခုပသာဒသည် စက္ခုဝတ္ထုမည်ပါ
သောတပသာဒသည် သောတဝတ္ထုမည်ပါသည်။ ဃာနပသာဒသည် ဃာနဝတ္ထု
ည်။ ဇိဝှါပသာဒသည် ဇိဝှါဝတ္ထုမည်ပါသည်။ ကာယပသာဒသည် ကာယဝတ္ထု
ည်။ သားမြတ်နှစ်ခုတို့၏အကြား နှလုံးအိမ်အတွင်း ပုံးညက်စေ့ခန့် ပမာဏရှိသော

http://www.dhammadownload.com

တွင်းငယ်၌တည်သော တစ်လက်ဘက် တစ်လက်စွန်း၏ ထက်ဝက်ပမာဏမျှလောက်သော သွေးသည် ဥပစာအားဖြင့် ဟဒယဝတ္ထုမည်ပါသည်။

ဝတ္ထုဖြင့် ဘုံကိုဧဖန်ခြင်း

ကာမဘုံ၌ရသောဝတ္ထုရုပ်

ပြည့်စုံသော ကွန်ရှေ့ရှိသောပုဂ္ဂိုလ်ကို ကာမဘုံ၌သာ ရအပ်ခဲ့လေသောကြောင့် ကာမဘုံ၌ ဝတ္ထုရုပ်(၆)ပါးလုံးကို ရပါသည်။

သာဓကကား။ ။ တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ ဖြစ်ပါသည်။

'တာနိ ကာမလောကေ သဗ္ဗာနိပိ' ၌ပါသော 'ပိ' သဒ္ဒါဖြင့် ကာမဘုံ၌ စက္ခုပသာဒချို့တဲ့သောပုဂ္ဂိုလ်အား စက္ခုဝတ္ထုရုပ်ကို မရသည်၏အဖြစ်ကိုလည်းကောင်း၊ သောတပသာဒချို့တဲ့သောပုဂ္ဂိုလ်အား သောတဝတ္ထုကို မရသည်၏အဖြစ်ကိုလည်းကောင်း၊ ဃာနပသာဒချို့တဲ့သောပုဂ္ဂိုလ်အား ဃာနဝတ္ထုရုပ် မရသည်၏အဖြစ်ကိုလည်းကောင်း ပြပါသည်။

ဉာဏ်စမ်း

'တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ' ဟူသော သင်္ဂီဟစကားကို ထောက်ထား၍ ၄င်းကာမဘုံ၌ ဇိဝှါယတန ချို့တဲ့သောပုဂ္ဂိုလ် မရှိကောင်းသောကြောင့် မိကျောင်းမှာ လျှာမရှိ(ဇိဝှါယတနမရှိ)ဟူသော စကားသည် အဘိဓမ္မာနှင့်မညီပါ။

ရူပဘုံ၌ရသော ဝတ္ထုရုပ်

ရူပဘုံ၌ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုအားဖြင့် ဤ(၃)ပါးသော ဝတ္ထုရုပ်တို့ကို မရအပ်ပါ။

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထုအားဖြင့် ဤ(၃)ပါးသော ဝတ္ထုကိုသာ ရပါသည်။

သာဓကကား။ ။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက်　။　။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ-အရ ရူပဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယဝတ္ထုရုပ်တို့ မရှိဟုဆိုခြင်းသည် ပသာဒ၊ အကြည်ဓာတ် မရှိခြင်းကိုသာ မရှိဟုဆိုခြင်းဖြစ်ပါသည်။ ရူပဗြဟ္မာတို့အား နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်ပုံသဏ္ဌာန်တို့ ထင်ရှားရှိပါသည်။ အရူပ(၄)ဘုံ၌ အလုံးစုံသော ဝတ္ထုရုပ်တို့ကို မရအပ်ပါ။

သာဓကကား။　။ အရူပလောကေ ပန သဗ္ဗာနိပိ နာ သံဝိဇ္ဇန္တိ ဖြစ်ပါသည်။

ဝိညာဏဓာတ်(၇)ပါးနှင့် တရားကိုယ်

ဝိညာဏဓာတ်တို့သည် သရုပ်အားဖြင့် စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်အားဖြင့် (၇)ပါး အပြားရှိပါသည်။

ထို(၇)ပါးတို့တွင် တရားကိုယ်အားဖြင့် စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်ပါသည်။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်ပါသည်။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ်မည်ပါသည်။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ်မည်ပါသည်။ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်ပါသည်။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးသည် မနောဓာတ်မည်ပါသည်။ ဒွေးပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ်(၃)ခုမှ ကြွင်းသော စိတ်(၇၆)ခုသည် မနောဝိညာဏဓာတ်မည်ပါသည်။

ဝတ္ထုဖြင့် စိတ်ကိုဝေဖန်ခြင်း
စက္ခုဝတ္ထုစသည်ကို ဇကန်မှီ၍ ဖြစ်သောစိတ်များ

ထို(၆)ပါးသော ဝတ္ထုရုပ်တို့ကို မှီ,မမှီမူ၍ဖြစ်သော ဝိညာဏဓာတ်တို့တွင်....

စက္ခုဝိညာဏ်ဒွေးဟုဆိုအပ်သော စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို ဇကန်မှီ၍ ဖြစ်ပါသည်။ သောတဝိညာဏ်ဒွေးဟုဆိုအပ်သော သောတဝိညာဏဓာတ်သည် သောတဝတ္ထုကို ဇကန်မှီ၍ ဖြစ်ပါသည်။ ဃာနဝိညာဏ်ဒွေးဟုဆိုအပ်သော ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကို ဇကန်မှီ၍ ဖြစ်ပါသည်။ ဇိဝှါဝိညာဏ်ဒွေးဟုဆိုအပ်သော ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကို ဇကန်မှီ၍ဖြစ်ပါသည်။ ကာယဝိညာဏ်ဒွေးဟုဆိုအပ်သော ကာယ

http://www.dhammadownload.com

ဝိညာဏာဓာတ်သည် ကာယဝတ္ထုကို ကေန်မှီ၍ဖြစ်ပါသည်။
သာဓကကား။ ။ တတ္ထ ပဋ္ဌဝိညာဏာဓာတုယော (ပ) ပဝတ္တန္တိ ဖြစ်ပါသည်။

ဟဒယဝတ္ထုကို ကေန်မှီ၍ဖြစ်သောစိတ်

ပဋ္ဌဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးဟုဆိုအပ်သော မနောဓာတ်(၃)ခုသည် ဟဒယဝတ္ထုကို ကေန်မှီ၍ ဖြစ်ပါသည်။
သာဓကကား။ ။ ပဋ္ဌဒွါရာဝဇ္ဇနသမ္ပဋိစ္ဆန (ပ) ပဝတ္တန္တိ ဖြစ်ပါသည်။

ပဋ္ဌဝိညာဏာဓာတ် မနောဓာတ်မှ ကြွင်းကုန်သော သန္တီရဏစိတ်(၃)ခု၊ မဟာဝိပါက်စိတ်(၈)ခု၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပစိတ်(၁၅)ခုအားဖြင့် ဤ(၃၀)သော မနောဝိညာဏာဓာတ်တို့သည် ဟဒယဝတ္ထုရုပ်ကို ကေန်မှီ၍ဖြစ်ပါသည်။
သာဓကကား။ ။ အဝသေသာ ပန မနောဝိညာဏ(ပ)နိဿာယေဝ ပဝတ္တန္တိဖြစ်ပါသည်။

ဟဒယဝတ္ထုရုပ်ကို ကေန်မှီ၍ဖြစ်သောစိတ်(၃၃)ပါး

ဟဒယဝတ္ထုရုပ်ကို ကေန်မှီ၍ဖြစ်သောစိတ်တို့သည် မနောဓာတ်(၃)ခု၊ သန္တီရဏစိတ်(၃)ခု၊ မဟာဝိပါက်စိတ်(၈)ခု၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပစိတ်(၁၅)ခု၊ အားဖြင့် (၃၃)ပါး ဖြစ်ပါသည်။
သာဓကကား ။ ။ ပဋ္ဌဒွါရာဝဇ္ဇန (ပ) ဟဒယံ နိဿာယေဝ ပဝတ္တန္တိ ဖြစ်ပါသည်။

ဟဒယဝတ္ထုကို အနေကန်မှီ၍ဖြစ်သောစိတ်များ

မဟာကုသိုလ်စိတ်(၈)ခု၊ အရူပကုသိုလ်စိတ်(၄)ခုဟုဆိုအပ်သော လောကီကုသိုလ်စိတ်(၁၂)ပါး၊ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ်(၁၀)ပါး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာစိတ်(၈)ပါး၊ အရူပကြိယာစိတ်(၄)ပါးဟုဆိုအပ်သော ကြိယာစိတ်(၁၃)ပါး၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် ဤ(၄၂)ပါးသော မနောဝိညာဏာဓာတ်တို့သည် ဟဒယဝတ္ထုကို အနေကန်မှီ၍ဖြစ်ပါသည်။ (၀၀) ဤ(၄၂)ပါးသော မနောဝိညာဏာဓာတ်တို့သည် ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသည်။ စတုဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကိုမမှီမူ၍ ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား။　။ အဝသေသာ ကုသလာကုသလ (ပ) အနိဿာယေ ဝါ ဖြစ်ပါသည်။

သေသအပါဒါန်အရကောက်များ

အဝသေသာ ကုသလာကုသလကြိယာနုတ္တရဝသေန-၌ အဝသေသ၏ အပါဒါန်အရကား-သန္တီရဏစိတ်(၃)ခု၊ မဟာဝိပါက်စိတ်(၈)ခု၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်ဟသိတုပ္ပါဒ်၊ ရူပစိတ်(၁၅)ပါးအားဖြင့် (၃၀)သော မနောဝိညာဏဓာတ်တို့ကို ရပါသ

အဝသေသာအရ-မဟာကုသိုလ်စိတ်(၈)ခု၊ အရူပကုသိုလ်စိတ်(၄)ခုဟူဆိုအပ်သော လောကီကုသိုလ်စိတ်(၁၂)ပါး၊ ဒေါသမူဒွေးကြွင်းသော အကုသိုလ်စိတ်(၁၀)ပါး၊ မနောဒ္ဓါတု ဝဇ္ဇန်း၊ မဟာကြိယာစိတ်(၈)ခု၊ အရူပကြိယာစိတ်(၄)ခုဟူဆိုအပ်သော ကြိယာစိတ်(၁၃)ပါး၊ သောတာပတ္တိမဂ်ကြွင်းသော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၄၂)ပါးသော (မနော ဝိညာဏဓာတ်)တို့ကို ရပါသည်။

ဟဒယဝတ္ထုကို ဧကန်မမှီမူ၍ဖြစ်သောစိတ်(၄)ပါး

အရူပဝိပါက်စိတ်(၄)ခုဟူဆိုအပ်သော မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကို ဧကန်မမှီမူ၍ဖြစ်ပါသည်။

သာဓကကား။　။ အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝါတိ ဖြစ်ပါသည်။

ဝတ္ထုရုပ်နှင့် ဘုံ, စိတ်, ဝိညာဏဓာတ် တွဲစပ်ပုံပြ သင်္ဂဟဂါထာများ

ကာမ(၁၁)ဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ဟူဆိုအပ်သော (၆)ပါးသော ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်သော ဝိညာဏဓာတ်တို့သည် စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်အားဖြင့် (၇)ပါးဖြစ်ပါသည်။

အသညသတ်ကြည်သော ရူပ(၁၅)ဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု အားဖြင့် (၃)ပါးသော ဝတ္ထုရုပ်ကိုမှီ၍ဖြစ်သော ဝိညာဏဓာတ်တို့သည် စက္ခုဝိညာဏဓာတ်၊ သောတ ဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်အားဖြင့် (၄)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

အရှုပ(၄)ဘုံ၌ စက္ခုဝတ္ထု (ပ) ဟဒယဝတ္ထုဟုဆိုအပ်သော (၆)ပါးသော ဝတ္ထုရုပ်ကို မမှီမူ၍ဖြစ်သော ဝိညာဏာဓာတ်တို့သည် မနောဝိညာဏာဓာတ် (၁)ပါးသာဖြစ်ပါသည်။ **သာဓကကား။** ။ဆဝတ္ထုံ နိဿိတာ ကာမေ (ပ) မတာ ဖြစ်ပါသည်။

ဂါထာအရကောက်

ဆဝတ္ထုံ နိဿိတာ ကာမေ သတ္တ-၌ ကာမေအရ··· ကာမ(၁၁)ဘုံကို ရပါသည်။ ဆဝတ္ထုံအရ··· စက္ခုဝတ္ထု (ပ) ဟဒယဝတ္ထုဟုဆိုအပ်သော (၆)ပါးသော ဝတ္ထုရုပ်ကို ရပါသည်။ သတ္တအရ··· စက္ခုဝိညာဏာဓာတ် (ပ) မနောဝိညာဏာဓာတ်အားဖြင့် ဝိညာဏာဓာတ် (၇)ပါးကို ရပါသည်။

ရူပေ စတုဒ္ဓိဓာ တိဝတ္ထုံ၌ ရူပေအရ··· အသညသတ်ကြည်သော ရူပ(၁၅)ဘုံကို ရပါသည်။

တိဝတ္ထုံအရ··· စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထုတို့ကို ရပါသည်။

စတုဒ္ဓိဓာအရ··· စက္ခုဝိညာဏာဓာတ်၊ သောတဝိညာဏာဓာတ်၊ မနောဓာတ်၊ မနောဝိညာဏာဓာတ်တို့ကို ရပါသည်။

နိဿိတာရူပေ ဓာတ္ဂေကာနိဿိတာ မတာ-၌ အရူပေအရ··· အရူပ(၄)ဘုံကို ရပါသည်။ ဓာတ္ဂေကာအရ··· မနောဝိညာဏာဓာတ်ကို ရပါသည်။

ဝတ္ထုရုပ်ကိုမှီ, မမှီမူ၍ဖြစ်သောစိတ်များပြဂါထာ

စိတ်တစ်ခုယုတ် (၉၀)တို့တွင် ဒွေးပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃)ခု၊ သန္တီရဏစိတ် (၃)ခု၊ မဟာဝိပါက်စိတ် (၈)ခု၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် (၁၅)ပါးအားဖြင့် (၄၃)ပါးသောစိတ်တို့သည် ဝတ္ထုရုပ်ကို ဧကန်မှီ၍ ဖြစ်ပါသည်။

မဟာကုသိုလ်စိတ် (၈)ခု၊ အရူပကုသိုလ်စိတ် (၄)ခုဟုဆိုအပ်သော လောကီကုသိုလ် (၁၂)ပါး၊ ဒေါသမူဒွေးကြည်သော အကုသိုလ်စိတ် (၁၀)ပါး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာစိတ် (၈)ပါး၊ အရူပကြိယာစိတ် (၄)ပါးဟုဆိုအပ်သော ကြိယာစိတ် (၁၃)ပါး၊ သောတာပတ္တိမဂ်ကြည်သော လောကုတ္တရာစိတ် (၇)ပါးအားဖြင့် ဤ(၄၂)ပါးသော စိတ်တို့သည် ဟဒယဝတ္ထုရုပ်ကို အနေကန်မှီ၍ဖြစ်ပါသည်။ (ဝါ) ထို (၄၂)ပါးသောစိတ်တို့သည် ပဉ္စဝေါကာရ

http://www.dhammadownload.com

ဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသည်။ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ပါသည်။

အရူပဝိပါက်စိတ် (၄)ပါးသည် ဟဒယဝတ္ထုရုပ်ကို ဧကန်မမှီမူ၍ ဖြစ်ပါသည်။ သာဓကကား။　။ ဒွေစတ္တာလီသ နိဿာယ (ပ) အနိသိတာ ဖြစ်ပါသည်။

ဂါထာလာသချီးတို့၏ အရကောက်များ

တေ စတ္တာလီသ နိဿာယ-၌ တေ စတ္တာလီသအရ... ဒွေပဉ္စဝိညာဏ် (၁၀)၊ မနောဓာတ် (၃)ခု၊ သန္တီရဏစိတ် (၃)ခု၊ မဟာဝိပါက်စိတ် (၈)ခု၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် (၁၅)ပါးအားဖြင့် ဤ(၄၃)ပါးကို ရပါသည်။

ဒွေ စတ္တာလီသ ဇာယရေ၊ နိဿာယ စ အနိဿာယ-၌ ဒွေ စတ္တာလီသအရ... မဟာကုသိုလ်စိတ် (၈)ပါး၊ အရူပကုသိုလ် (၄)ခုဟုဆိုအပ်သော လောကီကုသိုလ် (၁၂)ပါး၊ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် (၁၀)ပါး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာစိတ် (၈)ခု၊ အရူပကြိယာစိတ် (၄)ခုဟုဆိုအပ်သော ကြိယာစိတ် (၁၃)ပါး၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် (၇)ခုအားဖြင့် (၄၂)ပါးကို ရပါသည်။

ပါကာရုပ္ပါ အနိသိတာ၌ ပါကာရုပ္ပါအရ အရူပဝိပါက်စိတ်(၄)ခုကို ရပါသည်။

ဟဒယဝတ္ထုရုပ်ကို ဧကန်မှီ၍ ဖြစ်သောစိတ်(၃၃)ပါး

ဟဒယဝတ္ထုရုပ်ကို ဧကန်မှီ၍ဖြစ်သောစိတ်သည် (၃၃)ပါးဖြစ်ပါသည်။ (၃၃)ပါး ဟူသော်ကား...

ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေးဟုဆိုအပ်သော မနောဓာတ် (၃)ခု၊ သန္တီရဏစိတ် (၃)ခု၊ မဟာဝိပါက်စိတ် (၈)ပါး၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် (၁၅)ပါးအားဖြင့် (၃၃)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

စေတသိက်(၅၂)ပါးကို ဝတ္ထုသင်္ဂဟဖြင့် ဝေဖန်ပုံပြ လင်္ကာ

စေတသိက် (၅၂)ပါးကို ဝတ္ထုသင်္ဂဟဖြင့် ဝေဖန်ပုံပြလင်္ကာကား...

သဗ္ဗစိတ္တ၊ ခုနစ်ဝကား၊ ကာမမှီဆ၊ ရူပသုံးဆူ၊ အရူမရှိ၊ ဒေါ,ဣ,မစ်,ကု၊ မှိမူမြဲစွ၊ ဟဒယမှန်၊ ကြွင်းကျန်လေးတစ်၊ မှိလစ်ဟမှာ၊ ရံတစ်ခါသည်၊ ပေါင်းပါဒွိပဉ် စုံ၏တည်း-

ဖြစ်ပါသည်။

လင်္ကာအရကောက်များ

သဗ္ဗစိတ္တ (ပ) အရူမရှိအရ... သဗ္ဗစိတ္တသာဓာရဏာစေတသိက် (၇)ပါးသည် ကာမဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ် (၆)ပါးကိုမှီ၍ ဖြစ်ပါသည်။

အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ၌ဖြစ်သောအခါ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု (၃)ပါးကို မှီ၍ဖြစ်ပါသည်။

ဒေါ,ဣ,မစ်,ကု၊ မှိမူမြဲစွ၊ ဟဒယမှန်အရ... ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် (၄)ပါးသည် ဟဒယဝတ္ထုရုပ်ကို ဧကန်မှီ၍ ဖြစ်ပါသည်။

ကြွင်းကျန်လေးတစ်၊ မှိလစ်ဟမှာ၊ ရံတစ်ခါသည်၊ ပေါင်းပါဒွိပဉ် စုံ၏တည်းအရ.. ကြွင်းသော ပကိဏ်းစေတသိက် (၆)ပါး၊ ဒေါစတုက် (၄)ပါးကြဉ်သော အကုသိလ် စေတသိက် (၁၀)ပါး၊ သောဘနစေတသိက် (၂၅)ပါးအားဖြင့် ဤ(၄၁)ပါးသောစိတ်တို့သည် ဟဒယဝတ္ထုရုပ်ကို အနေကန်မှီ၍ ဖြစ်ပါသည်။ (၀၊) ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကို ဖြစ်ပါသည်။ စတုဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ပါသည်။

အမှာ။ ။ပကိဏ်းဝိုင်း သရုပ်ခွဲ၍ ပြီးဆုံးသွားသော် စာချဆရာတော်များက စိတ်တစ်ခု ယုတ်(၉၀)၊ အကျယ်(၁၂၁)ပါးလာစိတ်များကို (၈)ခုစီထုတ်၍ တပည့်များကို (၁)ပါးချင်း ပကိဏ်း(၆)ချက် ဝေဖန်ခိုင်းပါ။ အလေ့အလာများသွားလျှင် မည်သည့်စိတ်ကိုမဆို လွယ်ကူစွာ ဝေဖန်နိုင်ပါလိမ့်မည်။

http://www.dhammadownload.com

ဥပမာ။ ။ဒေါသမူဒွေးကို ပကိဏ်း (၆)ချက်ဖြင့် ဝေဖန်ပါဆိုလျှင် ဒေါသမူဒွေးသည် ဝေဒနာအားဖြင့် ဒေါမနဿဝေဒနာ၊ ဟိတ်အားဖြင့် ဒွိဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ဇကန်ခြောက်ဒွါရ၊ အာရုံအားဖြင့် လောကုတ္တရာတရား (၉)ပါးကြဉ် အလုံးစုံသောအာရုံကို အာရုံပြုပါသည်။ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ဇကန်မှီ၍ဖြစ်သည်။ ဤသို့စသည်ဖြင့် ဝေဖန်ရမည်ဟု ဆိုလိုပါသည်။

ပကိဏ်းဝိုင်းပြီးပါပြီ။

* * * * *

ဝိထိပို့ဝင်း

အနုသန္ဓေနှင့် ပဋိညာဉ်

စိတ္တဗျုါဒါနမိစ္ဆေဝံ-အစရှိသော ဤ(၂)ဂါထာသည် ဝိထိဝိုင်း၏ အနုသန္ဓေနှင့် ပဋိညာဉ်ကိုပြသော (၂)ဂါထာ ဖြစ်ပါသည်။

ဂါလာဆိုရိုး

ထိုဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကား... ငါသည် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် စိတ်,စေတသိက်ဖြစ်ကုန်သော နာမက္ခန္ဓာ (၄)ပါးတို့၏ ဝေဒနာသင်္ဂဟ အစရှိသည်တို့ကို ဝေဖန်သောအားဖြင့် မြတ်သောအပြားအားဖြင့် မိန့်အပ်သော ပကိဏ္ဏကသင်္ဂဟကိုပြပြီး၍ ယခု တဖန် ဘုံ,ပုဂ္ဂိုလ်တို့၏အပြားဖြင့် မှတ်အပ်၊ ရှေ့စိတ်, နောက်စိတ်တို့ဖြင့်မှတ်အပ်သော ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌ (ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့တွင်) ပဝတ္တိသင်္ဂဟအမည်ရှိသော ဝိထိသင်္ဂဟကို အကျဉ်းအားဖြင့် ဖြစ်သင့်သည်အားလျော်စွာ အပြားအားဖြင့် ဆိုပေအံ့ဟု (ဝန်ခံခြင်း) ဖြစ်ပါသည်။

သာဓကကား ။ ။စိတ္တဗျုါဒါနမိစ္ဆေဝံ (ပ) ယထာသမ္ဘဝတော ကထံ ဖြစ်ပါသည်။

http://www.dhammadownload.com

အရကောက်

စိတ္တုပ္ပါဒါနုမိဿေဝံ-၌ စိတ္တုပ္ပါဒအရကား... စိတ်,စေတသိက် (၂)ပါးကို ရပါသည်။ ကတ္တာ သင်္ဂဟမုတ္တရံ-၌ ဥတ္တရံအရကား... ပကိဏ်းပိုင်းကို ရပါသည်။

ဆဆက္ကမာတိကာ

ဆက္က(၆)ပါး

ဝီထိသင်္ဂဟ၌ ဆက္ကတို့သည် ဝတ္ထုဆက္က၊ ဒွါရဆက္က၊ အာရမ္မဏဆက္က၊ ဝိညာဏဆက္က၊ ဝီထိဆက္က၊ ဝိသယပွဝတ္တိဆက္ကအားဖြင့် (၆)ပါးအပြားရှိပါသည်။ ဆဆက္ကမာတိကာလည်း မည်ပါသည်။

သာဓကကား ။ ။ဆဝတ္ထူနိ (ပ) ဆဆက္ကာနိ ဝေဒိတဗ္ဗာနိ ဖြစ်ပါသည်။

ဝီထိမုတ္တဝိသယပွဝတ္တိ(၃)ပါး

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးဟူဆိုအပ်သော ဝီထိမုတ်စိတ်တစ်ခုယုတ်(၂၀)တို့၏ ဝိသယပွဝတ္တိသည် (၀၁) အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည် က်,ကမ္မနိမိတ်,ဂတိနိမိတ်-အားဖြင့် (၃)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဝီထိမုတ္တာနံ ပန (ပ) ဝိသယပွဝတ္တိ ဖြစ်ပါသည်။

ဝီထိမုတ်စိတ်ဟုခေါ်ရပုံ

ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် ကိစ္စသာထူး၍ စိတ်တစ်မျိုးတည်းဖြစ်သော ကြောင့်လည်းကောင်း၊ ထိုထိုဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း ဝီထိစိတ်မှ အလွတ်ဖြစ်၍ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သောစိတ် (၁၉)ပါးတို့ကို ဝီထိမုတ်စိတ်ဟု ခေါ်ဆိုရပါသည်။

http://www.dhammadownload.com

အမှာစကား

ထို (၆)ပါးသော ဆက္ကတို့တွင် ဝတ္ထုဆက္က၊ ဒွါရဆက္က၊ အာရမ္မဏဆက္ကတို့သည် ရှေးဖြစ်သော ပကိဏ္ဏကသင်္ဂဟ၌ ဆိုအပ်ခဲ့ပြီးသော နည်းရှိသောကြောင့် ဤဝိထိသင်္ဂဟ၌ ထပ်၍မပြဆိုတော့ပါ။

သာဓကကား။　။ တတ္ထ ဝတ္ထုဒွါရာရမ္မဏာနိ ပုဗ္ဗေဝုတ္တနယာနေဝ ဖြစ်ပါသည်။

ဝိညာဏဆက္က၊ ဝိညာဏ်(၆)ပါး

ဝိညာဏဆက္က၌ ဝိညာဏ်တို့သည် သရုပ်အားဖြင့် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်အားဖြင့် (၆)ပါး အပြားရှိပါသည်။

သာဓကကား။　။စက္ခုဝိညာဏ် (ပ) ဆဝိညာဏာနိ ဖြစ်ပါသည်။

ထို(၆)ပါးသော ဝိညာဏ်တို့တွင် တရားကိုယ်အားဖြင့် စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏ်မည်ပါသည်။ (ပ) ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏ်မည်ပါသည်။ ဒွေးပဉ္စဝိညာဏ် (၁၀)မှ ကြွင်းသောစိတ် (၇၉)ခုသည် မနောဝိညာဏ်မည်ပါသည်။

ဝိထိဆက္က၊ ဝိထိမည်ပုံ

ဒွါရပ္ပဝတ္တာစိတ္တပ္ပဝတ္တိယော-ဟူသော သင်္ဂဟပါဠိနှင့်အညီ ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏ဖြစ်ခြင်းကို ဝိထိဟု ခေါ်ဆိုရပါသည်။ တစ်နည်း ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ဟူသော သင်္ဂဟပါဠိနှင့်အညီ ထိုထို့ဒွါရ၌ဖြစ်ကုန်သော ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်စသော အစဉ်အားဖြင့် စိတ်တို့၏ ဖြစ်ခြင်းကို ဝိထိဟုခေါ်ဆိုရပါသည်။

ဝိထိ(၆)ပါး

ဝိထိဆက္က၌ ဝိထိတို့သည် ဒွါရ၏အစွမ်းဖြင့် စက္ခုဒွါရဝိထိ၊ သောတဒွါရဝိထိ၊ ဃာနဒွါရဝိထိ၊ ဇိဝှါဒွါရဝိထိ၊ ကာယဒွါရဝိထိ၊ မနောဒွါရဝိထိအားဖြင့် (၆)ပါးအပြား ရှိပါသည်။

http://www.dhammadownload.com

ဝိညာဏ်၏အစွမ်းဖြင့် စက္ခုဝိညာဏဝီထိ၊ သောတဝိညာဏဝီထိ၊ ဃာနဝိညာဏဝီထိ၊ ဇိဝှါဝိညာဏဝီထိ၊ ကာယဝိညာဏဝီထိ၊ မနောဝိညာဏဝီထိအားဖြင့် (၆)ပါးအပြားရှိပါသည်။

သာဓကကား။ ။ ဆ ဝီထိယော ပန စက္ခုဒ္ဒါရဝီထိ (ပ) ယောဧေတမ္ဘာဖြစ်ပါသည်။

ဝိသယပွဝတ္တိဆက္က
ဝိသယပွဝတ္တိ(၆)ပါး

ဝိသယပွဝတ္တိဆက္ကဌ် ဝိသယပွဝတ္တိသည် အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံအားဖြင့် ပဉ္စဒ္ဒါရဌ် (၄)ပါး၊ ဝိဘူတာရုံ၊ အဝိဘူတာရုံအားဖြင့် မနောဒ္ဒါရဌ် (၂)ပါးအားဖြင့် (၆)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ အတိမဟန္တံ မဟန္တံ (ပ) ဝေဒိတမ္ဘာ ဖြစ်ပါသည်။

ဝိသယပွဝတ္တိ(၆)ပါးအဓိပ္ပါယ်

ထို(၆)ပါးတို့တွင်-အလွန်များသော ဝီထိစိတ္တုပ္ပါဒ်ရှိသောအာရုံသည် အတိမဟန္တာရုံမည်ပါသည်။

များသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည် မဟန္တာရုံမည်ပါသည်။

နည်းသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည် ပရိတ္တာရုံမည်ပါသည်။

အလွန်နည်းသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည် အတိပရိတ္တာရုံမည်ပါသည်။

ထင်သောအာရုံသည် ဝိဘူတာရုံမည်ပါသည်။

မထင်သောအာရုံသည် အဝိဘူတာရုံမည်ပါသည်။ (ဤကား အဋ္ဌကထာနည်း။)

တစ်နည်း...ထို(၆)ပါးတို့တွင် စိတ္တက္ခဏ (၁)ချက်ကို လွန်သည်ဖြစ်၍ စိတ္တက္ခဏ (၁၆)ချက် အသက်ကြွင်းရှိသော အာရုံသည် အတိမဟန္တာရုံမည်ပါသည်။

စိတ္တက္ခဏ (၂)ချက်၊ (၃)ချက်ကို လွန်သည်ဖြစ်၍ စိတ္တက္ခဏ(၁၅)ချက်၊ (၁၄)ချက်၊ အသက်ကြွင်းရှိသော အာရုံသည် မဟန္တာရုံမည်ပါသည်။

စိတ္တက္ခဏ (၄)ချက်မှ (၉)ချက်တိုင်အောင် လွန်သည်ဖြစ်၍ စိတ္တက္ခဏ (၁၃)ချက်မှ (၈)ချက်တိုင်အောင် အသက်ကြွင်းရှိသော အာရုံသည် ပရိတ္တာရုံမည်ပါသည်။

http://www.dhammadownload.com

စိတ္တက္ခဏ (၁၀)ချက်မှ (၁၅)ချက်တိုင်အောင် လွန်သည်ဖြစ်၍ စိတ္တက္ခဏ(၇)ချက်မှ (၂)ချက်တိုင်အောင် အသက်ကြွင်းရှိသော အာရုံသည် အတိပရိတ္တာရုံမည်ပါသည်။

ထင်ရှားရှိသောအာရုံသည် ဝိဘူတာရုံမည်ပါသည်။

ထင်ရှားမရှိသောအာရုံသည် အဝိဘူတာရုံမည်ပါသည်။(ဤကားဋ္ဌကာကျော်နည်း။)

စိတ်သက်နှင့် ရုပ်သက်
ခဏငယ်သုံးချက် စိတ်အသက်

ဥပါဒ်, ဌိ, ဘင်တို့၏အစွမ်းဖြင့် ခဏငယ်တို့၏ (၃)ခုတို့၏ အပေါင်းသည် (၁)ခုသော စိတ္တက္ခဏမည်ပါသည်။ (၀၂) စိတ္တက္ခဏ(၁)ချက်မည်ပါသည်။ (၀၂) (၁)ခုသော စိတ်၏ အသက်မည်ပါသည်။

တစ်နည်း...စိတ်သည် ဥပါဒ်, ဌိ, ဘင်အားဖြင့် ခဏငယ်(၃)ချက်ခန့်မျှ အသက်ရှည်ပါသည်။ စိတ္တက္ခဏအားဖြင့် စိတ္တက္ခဏ (၁)ချက်ခန့်မျှ အသက်ရှည်ပါသည်။

သာဓကကား။　။ကထံ ဥပ္ပါဒဋ္ဌိတိဘင်္ဂံဝသေန ခဏတ္တယံ ဧကံစိတ္တက္ခဏံ နာမဖြစ်ပါသည်။

ခဏကြိး (၁၇)ချက် ရုပ်အသက်

ရုပ်(၂၈)ပါးတို့တွင် ဝိညတ်ဒွေး, လက္ခဏရုပ်(၄)ခုကြဉ်သော (၂၂)ပါးသောရုပ်တို့သည် စိတ္တက္ခဏ (၁၇)ချက် အသက်ရှည်ပါသည်။ ခဏငယ်အားဖြင့် ခဏငယ်(၅၁)ချက်ခန့်မျှ အသက်ရှည်ပါသည်။

သာဓကကား။　။တာနိ ပန သတ္တရသစိတ္တက္ခဏာနိ ရူပဓမ္မာနမာယုဖြစ်ပါသည်။

ဝိညတ်ဒွေးနှင့် လက္ခဏရုပ်(၄)ခုတို့၏အသက်

ရူပဓမ္မာနမာယု-ဝယ် ရူပဓမ္မအရဋ္ဌ မပါဝင်သော ဝိညတ်ဒွေး, လက္ခဏရုပ်လေးခုတို့တွင် ဝိညတ်ဒွေးသည် စိတ္တက္ခဏ(၁)ချက်ခန့်မျှ အသက်ရှည်ပါသည်။

http://www.dhammadownload.com

လက္ခဏာရပ်(၄)ခုတို့တွင် ဥပစယ၊ သန္တတိ(၂)ပါးသည် စိတ်၏ဥပါဒ်ခဏမျှ အသက်ရှည်ပါသည်။

အနိစ္စတာသည် စိတ်၏ ဘင်္ဂခဏမျှ အသက်ရှည်ပါသည်။

ဇရတာသည် ခဏငယ်(၄၉)ချက်ခန့်မျှ အသက်ရှည်ပါသည်။

ပဋ္ဌဒ္ဓါရဝိထိများ
စက္ခဒ္ဒါရိက အတိမဟန္တာရံဝိထိ အာရုံထင်ပုံ
ပါဠိလျှောက်ဆိုရိုး

တစ်ခုသောစိတ်၏ ခဏကဲ့သို့သောခဏလျှင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း၊ များစွာသောစိတ်တို့၏ ခဏကဲ့သို့သောခဏလျှင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း၊ (ဝါ) တစ်ခုသောစိတ် ။ပ။ တစ်ဆယ့်ငါးခုသောစိတ်တို့၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်းရှိကုန်သည်ဖြစ်၍လည်းကောင်း ဦသို့ရောက်သည်ဖြစ်၍သာလျှင် (၅)ပါး သောအာရုံတို့သည် ပဋ္ဌဒ္ဓါရ၌ ထင်ခြင်းသို့ရောက်ကြပါသည်။

သာဓကကား ။ ။ကေစိတ္တာကွဏာတီတာနိ ဝါ (ပ) မာဂစ္ဆန္တိ ဖြစ်ပါသည်။

ဘဝင်နှင့်အာဝဇ္ဇန်းဖြစ်ပုံ

ထို့ကြောင့် တစ်ခုသောစိတ်၏ ခဏကဲ့သို့သောခဏလျှင် လွန်ခြင်းရှိသော ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ရောက်သည်မှနောက်၌ ဘဝင်နှစ်ကြိမ်လှုပ်ပါသည်။ ထို့နောင် ဘဝင်အလျှဉ်းကိုဖြတ်၍ ထိုရူပါရုံကိုသာလျှင် ဆင်ခြင်တတ်သော ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်သည် ဖြစ်၍ချုပ်ပါသည်။

သာဓကကား။ ။တသ္မာ ယဒိ (ပ) ဥပ္ပဇ္ဇိတ္ထာ နိရုဇ္ဈတိ ဖြစ်ပါသည်။

စက္ခုဝိညာဏ်စိတ်စသည်ဖြစ်ပုံ

ထိုပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ် ချုပ်သည်မှနောက်၌ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်၏အခြားမဲ့၌ ထိုရူပါရုံကိုပင်လျှင် မြင်တတ်သော စက္ခုဝိညာဏ်စိတ်၊ ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိန်းစိတ်၊ စုံစမ်းလင့်သကဲ့သို့သော သန္တီရဏစိတ်၊ ကောင်းစွာမှတ်လင့်သကဲ့သို့သော ဝုဋ္ဌေစိတ်တို့သည် အစဉ်အတိုင်းဖြစ်၍ ချုပ်ပါသည်။

http://www.dhammadownload.com

သာဓကကား။　။တတော တဿာနန္တရံ တမေဝ (ပ) နိဂ္ဂဟီ ဖြစ်ပါသည်။

ဧော(၇)ကြိမ်စေပုံ

ထိုဝုဒ္ဓေခဏ္ဍပ်သည်မှနောက်၌ တစ်ခုယုတ်(၃၀)သော ကာမာဝစရဧောတို့တွင် အမှတ်မရှိသော တစ်ခုခုသောဧောသည် ယောနိသောမနသိကာရ အစရှိသည်တို့၏ အစွမ်းဖြင့် ရအပ်သောအကြောင်းရှိသည်ဖြစ်၍ များသောအားဖြင့် (၇)ကြိမ်စေပါသည်။

သာဓကကား။　။တတော ပရံ ဧကူနတ္တိံသ (ပ) ဧဝတိ ဖြစ်ပါသည်။

တဒါရုံ(၂)ကြိမ်ဖြစ်ပုံနှင့် ဘဝင်ကျပုံ

ဧောသို့အစဉ်လိုက်၍ဖြစ်ကုန်သော တဒါရုံဝိပါက်စိတ်တို့သည်လည်း ထိုက်သည့်အားလျော်စွာ (၂)ကြိမ်ဖြစ်ပါသည်။ ထိုဒုတိယတဒါရုံချုပ်သည်မှနောက်၌ ဘဝင်ကျပါသည်။

သာဓကကား။　။ဧဝနာနုဗန္ဓာနိ စ (ပ) ဘဝင်္ဂပါတော ဖြစ်ပါသည်။

စက္ခွဒ္ဒါရ၌ ရူပါရုံဥပါဒ်သည်မှစ၍ဖြစ်သောစိတ်တို့ကို ပြန်ပေါင်းပုံ

ဤသို့လျှင် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခု ဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌေ၊ ဧော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်အားဖြင့် (၁၇)ချက်သော စိတ္တက္ခဏတို့ ပြည့်ပါသည်။ စိတ္တက္ခဏ(၁၇)ချက်အသက်ပြည့်သော ထိုရူပါရုံသည် ဒုတိယတဒါရုံ၏ ဋ္ဌိကာလမှဘင်ကာလ၌ ချုပ်ပါသည်။ ထိုအာရုံသည် အလွန်များသော ဝီထိစိတ္တုပ္ပါဒ်ရှိသောကြောင့် အတီမဟန္တာရုံမည်ပါသည်။

သာဓကကား ။　။ဧတ္တာဝတာ စုဒ္ဒသ (ပ) အတီမဟန္တံ နာမ ဂေါစရံ ဖြစ်ပါသည်။

ပဉ္စဒ္ဒါရ(၇၅)ဝီထိရေတွက်ပုံ

ပဉ္စဒ္ဒါရ၌ ဝီထိတို့သည် (၇၅)ဝီထိဖြစ်ပါသည်။ (၇၅)ဝီထိဟူသော်ကား... စက္ခွဒ္ဒါရ၌ (၁၅)ဝီထိ၊ (ပ) ကာယဒ္ဒါရ၌ (၁၅)ဝီထိအားဖြင့် (၇၅)ဝီထိဖြစ်ပါသည်။

ထို(၇၅)ဝီထိတို့တွင် စက္ခွဒ္ဒါရ၌ (၁၅)ဝီထိဟူသော်ကား...အတီမဟန္တာရုံ (၁)ဝီထိ၊ မဟန္တာရုံ(၂)ဝီထိ၊ ပရိတ္တာရုံ(၆)ဝီထိ၊ အတီပရိတ္တာရုံ(၆)ဝီထိ-အားဖြင့် (၁၅)ဝီထိဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ ထို့အတူ သောတဒွါရဋ္ဌ (၁၅)ဝီထိ၊ ဃာနဒွါရဋ္ဌ (၁၅)ဝီထိ၊ ဇိဝှါဒွါရဋ္ဌ (၁၅)ဝီထိ၊ ကာယဒွါရဋ္ဌ (၁၅)ဝီထိတို့ကိုလည်း အထက်ပါအတိုင်း ရေတွက်ပါ။

ဤသို့လျှင် စက္ခုဒွါရဋ္ဌ (၁၅)ဝီထိ၊ (လ) ကာယဒွါရဋ္ဌ (၁၅)ဝီထိတို့ကို ပေါင်းလိုက်သည်ရှိသော် ပဥ္စဒွါရဋ္ဌ (၇၅)ဝီထိဖြစ်ပါသည်။

စက္ခုဒွါရဋ္ဌ (၁၅)ဝီထိတို့တွင် အတိမဟန္တာရုံ စက္ခုဒွါရဝီထိဖြစ်ဟန်ကား... အတီတဘဝင်တစ်ကြိမ်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

အတိမဟန္တာရုံ စက္ခုဒွါရဝီထိတွင် ပါဝင်သောစိတ်တို့ကို အာရုံစသည်ဖြင့် ဝေဖန်ပုံ

အာရုံအားဖြင့် ပဥ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ ကြွင်းသောဘဝင်စိတ်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။ အမှီအားဖြင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍ဖြစ်ပါသည်။ ကြွင်းသောဘဝင်စိတ်ဝီထိစိတ်တို့သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်ပါသည်။

အချုပ်အားဖြင့် အတီတဘဝင်(၁)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော ရူပါရုံ၊ စက္ခုပသာဒတို့သည် စိတ္တက္ခဏ (၁၇)ချက် အသက်ပြည့်သည်ဖြစ်၍ ဒုတိယတဒါရုံ၏ ဘင်္ဂနှင့် ပြိုင်၍ချုပ်ပါသည်။

ဤ အတိမဟန္တာရုံ စက္ခုဒွါရဝီထိသည် တဒါရုံအဆုံးရှိသောကြောင့် တဒါရမ္မဏဝါရ မည်ပါသည်။

အမှာ။ ။ဤအတိမဟန္တာရုံ စက္ခုဒွါရဝီထိမှနောက် ဆိုလတံ့သော ဝီထိဆိုရိုးတို့၌ အတီတဘဝင်ကို တီ၊ ဘဝင်္ဂစလနကို နံ၊ ဘဝင်္ဂုပစ္ဆေဒကို ဒ၊ ပဥ္စဒွါရာဝဇ္ဇန်းကို ပ၊ စက္ခုဝိညာဏ်ကို စ၊ သမ္ပဋိစ္ဆိန်းကို သံ၊ သန္တီရဏကို ဏ၊ ဝုဋ္ဌောကို ဝု၊ ဇောကို ဇ၊ တဒါရုံကို တ-ဟု အကျဉ်းချုပ်သာ ရေးပြပါမည်။

http://www.dhammadownload.com

စက္ခုဒ္ဓါရိက မဟန္တာရုံဝီထိ ပါဠိလျှောက်ဆိုရိုး

တဒါရုံဖြစ်သည်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော မစွမ်းနိုင်သည်ဖြစ်၍ လွန်ခြင်းရှိသော အားနည်းသည်ဖြစ်၍ လွန်ခြင်းရှိသော သတ္တိညံ့သည်ဖြစ်၍ လွန်ခြင်းရှိသော ထင်ခြင်းသို့ရောက်သော အာရုံသည် မဟန္တာရုံမည်ပါသည်။ ထိုမဟန္တာရုံ၌ ဓောဏ အဆုံး၌ ဘဝင်ကျပါသည်။ တဒါရုံတို့၏ ဖြစ်ခြင်းမရှိပါ။

သာဓကကား။　။ယံဘဝ တဒါရမ္မဏုပ္ပါဒါ ပန (ပ) တဒါရမ္မဏုပ္ပါဒေါ ဖြစ်ပါသည်။

စက္ခုဒ္ဓါရ၌ မဟန္တာရုံဝီထိသည် ပထမမဟန္တာရုံစက္ခုဒ္ဓါရတစ်ဝီထိ၊ ဒုတိယမဟန္တာရုံစက္ခုဒ္ဓါရတစ်ဝီထိအားဖြင့် (၂)ပါးအပြားရှိပါသည်။

ပထမမဟန္တာရုံ စက္ခုဒ္ဓါရဝီထိဖြစ်ပုံ

ထို(၂)ပါးတို့တွင် ပထမမဟန္တာရုံ စက္ခုဒ္ဓါရဝီထိဖြစ်ဟန်ကား... အတိတဘဝင် (၂)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သ၊ ဏှ၊ ဝု၊ ဓော (၇)ကြိမ်၊ ဘဝင်(၁)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်ပါသည်။

အာရုံစသည် ဝေဖန်ပုံ

အာရုံအားဖြင့် ပဉ္စဒ္ဒါရာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ ကြွင်းသော ရှေးဘဝင်၊ နောက်ဘဝင်စိတ်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

အမှီအားဖြင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍ဖြစ်ပါသည်။ ကြွင်းသော ဘဝင်စိတ်၊ ဝီထိစိတ်တို့သည် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသည်။

အချုပ်အားဖြင့် အတိတဘဝင်(၂)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်၍ဖြစ်သော ရူပါရုံ၊ စက္ခုပသာဒတို့သည် စိတ္တက္ခဏ (၁၇)ချက် အသက်ပြည့်သည်ဖြစ်၍ သတ္တမဇောနောင် ပထမဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။

ဤ ပထမမဟန္တာရုံ စက္ခုဒ္ဓါရဝီထိသည် ဇောအဆုံးရှိသောကြောင့် ဇဝနဝါရမည်ပါသည်။

http://www.dhammadownload.com

ဒုတိယမဟန္တာရဲ့ စက္ခုဒ္ဓါရဝိထိဖြစ်ပုံ

ဒုတိယမဟန္တာရဲ့ စက္ခုဒ္ဓါရဖြစ်ဟန်ကား.... အတီတဘဝင်(၃)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဓော (၇)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

အာရုံစသည် ဝေဖန်ပုံ

အာရုံအားဖြင့် ပဥ္စဒ္ဓါရာဝဇ္ဇန်းအစ ဓောအဆုံးရှိသော ဝိထိစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။ ကြွင်းသော ဘဝင်စိတ်တို့သည် က၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

အမှီအားဖြင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ပါသည်။

ကြွင်းသော ဘဝင်စိတ် ဝိထိစိတ်တို့သည် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ပါသည်။

အချုပ်အားဖြင့် အတီတဘဝင်(၃)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော ရူပါရုံ၊ စက္ခု ပသာဒတို့သည် စိတ္တက္ခဏ(၁၇)ချက် အသက်ပြည့်သည်ဖြစ်၍ သတ္တမဓော၏ ဘင်နှင့် ပြိုင်၍ ချုပ်ပါသည်။

ဤဒုတိယ မဟန္တာရဲ့ စက္ခုဒ္ဓါရဝိထိသည် ဓောအဆုံးရှိသောကြောင့် ဇဝနဝါရမည်ပါသည်။

စက္ခုဒ္ဓါရိက ပရိတ္တာရုံဝိထိ

ဓောဖြစ်သည်တိုင်အောင်လည်း မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော, မစွမ်းနိုင်သည်ဖြစ်၍ လွန်ခြင်းရှိသော, အားနည်းသည်ဖြစ်၍ လွန်ခြင်းရှိသော, သတ္တိညံ့သည်ဖြစ်၍ လွန်ခြင်းရှိသော, ထင်ခြင်းသို့ရောက်တတ်သော အာရုံသည် ပရိတ္တာရုံမည်ပါသည်။

ထိုပရိတ္တာရုံဝိထိ၌ ဓော၏မဖြစ်ခြင်းကြောင့် ဝုဋ္ဌော (၂)ကြိမ်၊ (၃)ကြိမ်ဖြစ်ပါသည်။ ထိုဝုဋ္ဌော (၂)ကြိမ်၊ (၃)ကြိမ်ဖြစ်သည်မှ နောက်၌ ဘဝင်ကျပါသည်။

သာဓကကား ။ ။ ယာဝဇဝနုပ္ပါဒါဝိ (ပ) ဘဝင်္ဂပါတောဝ ဟောတိ ဖြစ်ပါသည်။

ဝုဋ္ဌော(၂)ကြိမ် (၃)ကြိမ်ဖြစ်ရခြင်းအကြောင်း

တတ္ထ ဇဝနမ္ပိ အနုပ္ပန္နိတ္တာ ဒ္ဝိတ္တိက္ခတ္တုံ၊ ဝေဠုဗ္ဘနမေဝ ပဝတ္တတိ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ ဓော၏မဖြစ်ခြင်းကြောင့် ပရိတ္တာရုံဝိထိ၌ ဝုဋ္ဌော(၂)ကြိမ်၊ (၃)ကြိမ် ဖြစ်ရပါသည်။

http://www.dhammadownload.com

စက္ခုဒ္ဒါရဒ္ဓ ပရိတ္တာရုံ(၆)ဝီထိ

စက္ခုဒ္ဒါရဒ္ဓ ပရိတ္တာရုံဝီထိတို့သည် ပထမပရိတ္တာရုံ စက္ခုဒ္ဒါရ(၁)ဝီထိ၊ ဒုတိယ ပရိတ္တာရုံ စက္ခုဒ္ဒါရ(၁)ဝီထိ၊ တတိယပရိတ္တာရုံ စက္ခုဒ္ဒါရ(၁)ဝီထိ၊ စတုတ္ထပရိတ္တာရုံ စက္ခုဒ္ဒါရ(၁)ဝီထိ၊ ပဉ္စမပရိတ္တာရုံ စက္ခုဒ္ဒါရ(၁)ဝီထိ၊ ဆဋ္ဌပရိတ္တာရုံ စက္ခုဒ္ဒါရ(၁)ဝီထိအားဖြင့် (၆)ပါး အပြားရှိပါသည်။

ပထမပရိတ္တာရုံစက္ခုဒ္ဒါရဝီထိဖြစ်ပုံ

ထို(၆)ပါးတို့တွင် ပထမပရိတ္တာရုံ စက္ခုဒ္ဒါရဝီထိဖြစ်ဟန်ကား...အတီတဘဝင် (၄)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော (၃)ကြိမ်၊ ထို့နောင် ဘဝင်(၄)ကြိမ်အကျတွင် ရှုပါရုံ စက္ခုပသာဒတို့သည် (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ တတိယဝုဋ္ဌောနောင် စတုတ္ထ ဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

အာရုံစသည်ဖြင့် ဝေဖန်ပုံ

အာရုံအားဖြင့် ပဥ္စဒ္ဒါရာဝဇ္ဇန်းအစ ဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်တို့သည် ပစ္စုပ္ပန် ရှုပါရုံကို အာရုံပြုပါသည်။ ကြွင်းသော ရှေ့ဘဝင်, နောက်ဘဝင်စိတ်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

အမှီအားဖြင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်သည်။ ကြွင်းသော ဘဝင်စိတ်, ဝီထိစိတ်တို့သည် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသည်။

အချုပ်အားဖြင့် အတီတဘဝင်(၄)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော ရှုပါရုံ, စက္ခုပသာဒတို့သည် (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ တတိယဝုဋ္ဌောနောင် စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။ ဤပထမပရိတ္တာရုံ စက္ခုဒ္ဒါရဝီထိသည် ဝုဋ္ဌောအဆုံးရှိသော ကြောင့် ဝေါဋ္ဌဗ္ဗနဝါရ မည်ပါသည်။

ဒုတိယစသော ပရိတ္တာရုံ စက္ခုဒ္ဒါရ(၅)ဝီထိချပုံအကျဉ်းချုပ်

(ဒုတိယ) အတီတဘဝင် (၅)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော (၃)ကြိမ်၊ ထို့နောင် ဘဝင်(၃)ကြိမ်အကျတွင် (လ) ချုပ်ပါသည်။

http://www.dhammadownload.com

(တတိယ) အတိတဘဝင် (၆)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော (၃)ကြိမ်၊ ဘဝင်(၂)ကြိမ် (လ) ချုပ်ပါသည်။

(စတုတ္ထ) အတိတဘဝင် (၇)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော (၃)ကြိမ်၊ ဘဝင်(၁)ကြိမ် (လ) ချုပ်ပါသည်။

(ပဉ္စမ) (၈)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော (လ) ချုပ်ပါသည်။

(ဆဋ္ဌ) (၉)ကြိမ်၊ နှ၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝုဋ္ဌော (၂)ကြိမ်အကျတွင် ရူပါရုံ, စက္ခုပသာဒတို့သည် စိတ္တက္ခဏ (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ ဒုတိယဝုဋ္ဌော၏ ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။

အာရုံစသည်ဖြင့် ဝေဖန်ပုံ

အာရုံအားဖြင့် ပဉ္စဒ္ဒါရာဝဇ္ဇန်းအစ ဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပါသည်။

အမှီအားဖြင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ပါသည်။ ကြွင်းသော ဘဝင်စိတ် ဝီထိစိတ်တို့သည် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသည်။

အချုပ်အားဖြင့် အတိတဘဝင်(၉)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော ရူပါရုံစက္ခုပသာဒတို့သည် (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ ဒုတိယဝုဋ္ဌော၏ ဘင်နှင့်ပြိုင်၍ချုပ်ပါသည်။ ထိုဆဋ္ဌပရိတ္တာရုံ စက္ခဒ္ဒါရဝီထိသည် ဝုဋ္ဌောအဆုံးရှိသောကြောင့် ဝေဒဋ္ဌနဝါရမည်ပါသည်။

စက္ခဒ္ဒါရိက အတိပရိတ္တာရုံဝီထိပါဠိလျှောက်ဆိုရိုး

ဝုဋ္ဌောဖြစ်သည်တိုင်အောင်လည်းမလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော, အားနည်းသည်ဖြစ်၍ လွန်ခြင်းရှိသော, မစွမ်းနိုင်သည်ဖြစ်၍ လွန်ခြင်းရှိသော, သတ္တိညံ့သည်ဖြစ်၍ လွန်ခြင်းရှိသော, ထင်ခြင်းသို့ရောက်သော နီးကပ်သောချုပ်ခြင်းရှိသော အာရုံသည် အတိပရိတ္တာရုံမည်ပါသည်။ ထိုအတိပရိတ္တာရုံ၌ ဘဝင်လှုပ်ခြင်းသည်သာလျှင် ဖြစ်ပါသည်။ ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် မရှိပါ။

သာဓကကား။ ။ယာဝ ဝေဒဋ္ဌနပ္ပါဒါစ ပနှ (ပ) ဝီထိစိတ္တုပ္ပါဒေါ ဖြစ်ပါသည်။

http://www.dhammadownload.com

စကၠဒြါရိက အတိပရိတ္တာရုံ(၆)ဝိထိ

အတိပရိတ္တာရုံ စကၠဒြါရဝိထိသည်　　ပထမအတိပရိတ္တာရုံ စကၠဒြါရ (၁)ဝိထိ၊
ဒုတိယအတိပရိတ္တာရုံ စကၠဒြါရ (၁)ဝိထိ၊
တတိယအတိပရိတ္တာရုံ စကၠဒြါရ (၁)ဝိထိ
စတုတ္ထအတိပရိတ္တာရုံ စကၠဒြါရ (၁)ဝိထိ
ပဉ္စမအတိပရိတ္တာရုံ စကၠဒြါရ (၁)ဝိထိ
ဆဋ္ဌအတိပရိတ္တာရုံ စကၠဒြါရ (၁)ဝိထိ

အားဖြင့် (၆)ပါးအပြားရှိပါသည်။

ပထမအတိပရိတ္တာရုံ စကၠဒြါရိကဖြစ်ပုံ

ထို(၆)ပါးတို့တွင် ပထမအတိပရိတ္တာရုံ စကၠဒြါရဝိထိဖြစ်ဟန်ကား... အတိတဘဝင် (၁၀)ကြိမ်၊ ဘဝင်္ဂစလန(၂)ကြိမ်၊ ထို့နောင် ဘဝင်(၅)ကြိမ်အကျတွင် ရူပါရုံ, စကၠုပသာဒတို့သည် (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ ဒုတိယဘဝင်္ဂစလနနောင် ပဉ္စမဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

အချုပ်အားဖြင့် အတိတဘဝင်(၁၀)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော ရူပါရုံ, စကၠုပသာဒတို့သည် (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ ဒုတိယဘဝင်္ဂစလနနောင် ပဉ္စမဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။

ဤပထမ အတိပရိတ္တာရုံ စကၠဒြါရဝိထိသည် ဝိထိစိတ်တို့ဖြစ်ခြင်း မရှိခဲ့လေသောကြောင့် မောဃဝါရမည်ပါသည်။

(ဒုတိယ)အတိတဘဝင် (၁၁)ကြိမ်၊ ဘဝင်္ဂစလန (၂)ကြိမ်၊ ထို့နောင်ဘဝင်(၄)ကြိမ်၊
(တတိယ)အတိတဘဝင်(၁၁)ကြိမ်၊ ဘဝင်္ဂစလန (၂)ကြိမ်၊ ထို့နောင်ဘဝင်(၄)ကြိမ်၊
(စတုတ္ထ)အတိတဘဝင် (၁၁)ကြိမ်၊ ဘဝင်္ဂစလန (၂)ကြိမ်၊ ထို့နောင်ဘဝင်(၄)ကြိမ်၊
(ပဉ္စမ)အတိတဘဝင် (၁၁)ကြိမ်၊ ဘဝင်္ဂစလန (၂)ကြိမ်၊ ထို့နောင်ဘဝင်(၄)ကြိမ်၊
(ဆဋ္ဌ)အတိတဘဝင် (၁၁)ကြိမ်၊ ဘဝင်္ဂစလန (၂)ကြိမ်၊ ထို့နောင်ဘဝင်(၄)ကြိမ်၊

မှတ်ချက် ။　　။ပထမအတိပရိတ္တာရုံ စကၠဒြါရဝိထိကို နည်းမှီ၍သိပါ။

http://www.dhammadownload.com

အချုပ်အားဖြင့် အတိတဘဝင်(၁၅)ကြိမ်လွန်နှင့်အတူ ဥပါဒ်ပြိုင်သော ရူပါရုံ, စက္ခုပသာဒသည် (၁၇)ချက်အသက်ပြည့်သည်ဖြစ်၍ ဒုတိယဘဝဂ်စလန၏ ဘင်နှင့်ပြိုင်၍ ချုပ်ပါသည်။

ဤဆဋ္ဌ အတိပရိတ္တာရုံ စက္ခုဒွါရဝီထိသည် ဝီထိစိတ်တို့ဖြစ်ခြင်းမရှိခဲ့လေသော ကြောင့် မောဃဝါရမည်ပါသည်။

ဤသို့လျှင် အတိမဟန္တာရုံ စက္ခုဒွါရ (၁)ဝီထိ၊ မဟန္တာရုံ စက္ခုဒွါရ (၂)ဝီထိ၊ ပရိတ္တာရုံ စက္ခုဒွါရ (၆)ဝီထိ၊ အတိပရိတ္တာရုံ စက္ခုဒွါရ (၆)ဝီထိတို့ကို ပေါင်းလိုက်သည်ရှိသော် စက္ခုဒွါရ၌ (၁၅)ဝီထိ ဖြစ်ပါသည်။

သောတဒွါရိက အတိမဟန္တာရုံဝီထိစသည် ပါဠိလျှောက်ဆိုရိုး

စက္ခုဒွါရ၌ ဝိသယပွဝတ္တိတို့သည် အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံဟု (၄)မျိုးရှိသကဲ့သို့ ထို့အတူ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရတို့၌လည်း ဝိသယပွဝတ္တိသည် အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ အားဖြင့် (၄)မျိုးရှိပါသည်။

သာဓကကား ။ ။ကျွန်ုပ် စက္ခုဒွါရ၊ တထာ သောတဒွါရာဒီသု စ ဖြစ်ပါသည်။

ဤသို့လျှင် ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း ပဉ္စဒွါရ၌ တဒါရမ္မဏဝါရ၊ ဇဝနဝါရ၊ ဝေါဋ္ဌဗ္ဗနဝါရ၊ မောဃဝါရဟုဆိုအပ်သော (၄)ပါးသောဝါရတို့၏ အစဉ်အတိုင်း အကြောင်းဖြစ်၍ဖြစ်သော ဝိသယပွဝတ္တိကို အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံအားဖြင့် (၄)မျိုးရှိ၏ဟူ၍ သိရပါသည်။

သာဓကကား ။ ။ကျွတိ သဗ္ဗထာပိ (ပ) စတုဓာ ဝေဒိတဗ္ဗာ ဖြစ်ပါသည်။

ဝါရ(၄)ပါးနှင့် ဝိသယပွဝတ္တိ(၄)ပါးတွဲစပ်ပုံ

စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏာဘူတာ အရ-ဝါရ(၄)ပါးနှင့် ဝိသယပွဝတ္တိ (၄)ပါးတွဲစပ်ပုံကား....

တဒါရမ္မဏဝါရနှင့် အတိမဟန္တာရုံ၊

http://www.dhammadownload.com

ဇဝနဝါရနှင့် မဟန္တာရုံ၊
ဝေါဠဇုနဝါရနှင့် ပရိတ္တာရုံ၊
မောဃဝါရနှင့် အတိပရိတ္တာရုံတို့ကို အသီးသီးတွဲစပ်ရပါသည်။

မှတ်ချက် ။ ။စက္ခုဒ္ဓါရ(၁၅)ဝိထိကဲ့သို့ သောတဒ္ဓါရ၊ ဃာနဒ္ဓါရ၊ ဇိဝှါဒ္ဓါရ၊ ကာယဒ္ဓါရ (၁၅)ဝိထိတို့ကိုလည်း နည်းမှီ၍သိလေ။

ဤသို့လျှင် စက္ခုဒ္ဓါရ၌ (၁၅) ဝိထိ၊ သောတဒ္ဓါရ၌ (၁၅)ဝိထိ၊ ဃာနဒ္ဓါရ၌ (၁၅)ဝိထိ၊ ဇိဝှါဒ္ဓါရ၌ (၁၅) ဝိထိ၊ ကာယဒ္ဓါရ၌ (၁၅)ဝိထိတို့ကို ပေါင်းလိုက်သည်ရှိသော် ပဉ္စဒ္ဓါရ၌ (၇၅)ဝိထိဖြစ်ပါသည်။

ပဉ္စဒ္ဓါရဝိထိစိတ် သရုပ်ပြသင်္ဂဟဂါထာ

ဂါထာအရကောက်

အတိမဟန္တာရုံ ပဉ္စဒ္ဓါရဝိထိ၌ ထိုက်သည်အားလျော်စွာဖြစ်ကုန်သော ဝိထိစိတ်တို့သည် သာမညအားဖြင့်- ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံအားဖြင့် (၇)ပါးအပြားရှိပါသည်။

ဝိသေသအားဖြင့်-(၀၁)စိတ်တို့၏အသီးသီးဖြစ်သော အစွမ်းဖြင့် ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်အားဖြင့် (၁၄)ပါး ဖြစ်ပါသည်။

ဝိတ္ထာရအားဖြင့်-(၀၁)အကျယ်အားဖြင့် ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဏ်(၁၀)၊ သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ(၃)ခု၊ ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ်(၃၀) တဒါရုံမဟာဝိပါက်စိတ်(၈)ပါးအားဖြင့် (၅၄)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဝိထိစိတ္တာနိ သတ္တော့ဝ (ပ) ပဉ္စဒ္ဓါရေ ယထာရဟံ ဖြစ်ပါသည်။

ဂါထာအရကောက်

ဝိထိစိတ္တာနိ သတ္တော့ဝ-ဟူသောပါဠိ၌ သတ္တအရကား....ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံအားဖြင့်(၇)ပါးကိုရပါသည်။

စိတ္တာဖ္ပါဒါ စတုဒ္ဒသ-ဟူသောပါဠိ၌ စတုဒ္ဒသအရကား....ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ ပဉ္စ

http://www.dhammadownload.com

ဝိညာဏ်၊ သမ္မဋ္ဌိဗ္ဗိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဓော(၇)ကြိမ်၊တဒါရုံ(၂)ကြိမ် အားဖြင့် (၁၄)ပါးဖြစ်ပါသည်။

စတုပညာသ ဝိတ္ထာရာ-ဟူသော သင်္ဂီဟပါဠိ**၌ စတုပညာသအရကား**.... ပဗ္ဗဒါရာဝဇ္ဇန်း၊ ဒွေပဗ္ဗဝိညာဏ်(၁၀)၊ သမ္မဋ္ဌိဗ္ဗိုင်းဒွေး၊ သန္တီရဏ (၃)ခု၊ ဝုဋ္ဌော၊ ကာမဓော တစ်ခုယုတ် (၃၀)၊ တဒါရုံမဟာဝိပါက်စိတ်(၈)ခုအားဖြင့် ကာမစိတ်(၅၄)ပါးကို ရပါသည်။

မဟန္တာရုံ ပဗ္ဗဒါရဝိထိ၌ရသော ဝိထိစိတ်များ

မဟန္တာရုံပဗ္ဗဒါရဝိထိ၌ ထိုက်သည်အားလျော်စွာဖြစ်ကုန်သော ဝိထိစိတ်တို့သည် **သာမညအားဖြင့်**-ပဗ္ဗဒါရာဝဇ္ဇန်း၊ ပဗ္ဗဝိညာဏ်၊ သမ္မဋ္ဌိဗ္ဗိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဓောအားဖြင့် (၆)ပါးဖြစ်ပါသည်။

ဝိသေသအားဖြင့်-(၀၂)စိတ်တို့၏ အသီးသီးဖြစ်သော အစွမ်းအားဖြင့် ပဗ္ဗဒါရာဝဇ္ဇန်း၊ ပဗ္ဗဝိညာဏ်၊ သမ္မဋ္ဌိဗ္ဗိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဓော(၇)ကြိမ်အားဖြင့် (၁၂)ပါးဖြစ်ပါသည်။

ဝိတ္ထာရအားဖြင့်-(၀၂)အကျယ်အားဖြင့် ပဗ္ဗဒါရာဝဇ္ဇန်း၊ ဒွေးပဗ္ဗဝိညာဏ်(၁၀)၊ သမ္မဋ္ဌိဗ္ဗိုန်းဒွေး၊ သန္တီရဏ(၃)ခု၊ ဝုဋ္ဌော၊ ကာမဓောတစ်ခုယုတ်(၃၀)အားဖြင့် (၄၆)ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဝိထိစိတ္တာနိ ဆဋ္ဌေဝ၊ စိတ္တုပ္ပါဒေန ဒွါဒသ။
ဆစတ္တာလီသ ဝိတ္ထာရာ၊ ပဗ္ဗဒါရေ ယထာရဟံ။ (ပထမသင်္ကာရ ဝိပုလာဂါထာ။)

ပရိတ္တာရုံဝိထိ

ပရိတ္တာရုံပဗ္ဗဒါရဝိထိ၌ ထိုက်သည်အားလျော်စွာဖြစ်ကုန်သော ဝိထိစိတ်တို့သည် **သာမညအားဖြင့်**-ပဗ္ဗဒါရာဝဇ္ဇန်း၊ ပဗ္ဗဝိညာဏ်၊ သမ္မဋ္ဌိဗ္ဗိုန်း၊ သန္တီရဏ၊ ဝုဋ္ဌောအားဖြင့် (၅)ပါးဖြစ်ပါသည်။

ဝိသေသအားဖြင့်-(၀၂)စိတ်တို့၏ အသီးသီးဖြစ်သောအစွမ်းဖြင့် ပဗ္ဗဒါရာဝဇ္ဇန်း၊ ပဗ္ဗဝိညာဏ်၊ သမ္မဋ္ဌိဗ္ဗိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော(၃)ကြိမ်အားဖြင့် (၇)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဝိတ္ထာရအားဖြင့်-(၀၂)အကျယ်အားဖြင့် ပဌဒ္ဓါရာဝဇ္ဇန်း၊ ဒွေးပဌဝိညာဏ်(၁၀)၊ သမ္မဋ္ဌစ္ဆိန်းဒွေး၊ သန္တီရဏ(၃)ခု၊ ဝုဋ္ဌောအားဖြင့် (၁၇)ပါးဖြစ်ပါသည်။

သာဓကကား။ ။ ဝိထိစိတ္တာနိ ပဌေဝ၊ စိတ္တုပ္ပါဒါ တု သတ္တဓာ။
သတ္တရသ ဝိတ္ထာရေန၊ ပဌဒ္ဓါရေ ယထာရုဟံ။ (တတိယမကာရ ဝိပုလာဂါထာ။)

မနောဒ္ဓါရ ကာမဓောဝါရ
ဝိဘူတာရုံဝိထိပါဠိ လျှောက်ဆိုရိုး

အနန္တရာဒိပစ္စည်းတပ်သော ဘဝင်္ဂုပဌဒ္ဓေး(၁၉)ခုဟူဆိုအပ်သော မနောဒ္ဓါရဌ်ထင်ရှားရှိသောအာရုံသည် ထင်ခြင်းသို့ရောက်သည်ရှိသော် ထင်ခြင်းသို့ရောက်သည်မှ နောက်၌ဘဝင်္ဂလန၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဓောအဆုံး၌ တဒါရုံဝိပါက်စိတ်တို့ ဖြစ်ပါသည်။ ဒုတိယတဒါရုံချုပ်သည်မှ နောက်၌ ဘဝင်္ဂုပါသည်။

သာဓကကား။ ။ မနောဒ္ဓါရေ ပန ယဒိ (ပ) ဘဝင်္ဂံပါတော ဖြစ်ပါသည်။

မနောဒ္ဓါရဝိထိ(၂)မျိုး

မနောဒ္ဓါရဝိထိသည် ကာမဓောဝါရ မနောဒ္ဓါရ(၁)ဝိထိ၊ အပ္ပနာဓောဝါရ မနောဒ္ဓါရ (၁)ဝိထိအားဖြင့် (၂)ပါးအပြားရှိပါသည်။

ထို(၂)ပါးတို့တွင် ကာမဓောဝါရ မနောဒ္ဓါရဝိထိသည်လည်း ကာမဓောဝါရ မနောဒ္ဓါရ ဝိဘူတာရုံ(၁)ဝိထိ၊ ကာမဓောဝါရ မနောဒ္ဓါရ အဝိဘူတာရုံ(၁)ဝိထိအားဖြင့် (၂)ပါးအပြား ရှိပါသည်။

ကာမဓောဝါရ မနောဒ္ဓါရ ဝိဘူတာရုံ(၂)ဝိထိ

ထို(၂)ပါးတို့တွင် ကာမဓောဝါရ မနောဒ္ဓါရ ဝိဘူတာရုံဝိထိဖြစ်ဟန်ကား... ထင်ရှားသောအာရုံတစ်ပါးပါးသည် မနောဒ္ဓါရဌ် ထင်လာသည်ရှိသော် ဘဝင်္ဂံစလန၊ ဘဝင်္ဂုပဌဒ္ဓေး၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဓော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်၊ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ဖြစ်ပါသည်။ ဤကာမဓောဝါရ မနောဒ္ဓါရဝိထိသည် အာရုံထင်ရှားသောအခါ၌ သာလျှင်ဖြစ်သောကြောင့် ဝိဘူတာရုံဝိထိမည်ပါသည်။

http://www.dhammadownload.com

အဝိဘူတာရုံဝီထိ

မထင်ရှားသောအာရုံ၌ ဈာန်အဆုံး၌ဘဝင်ကျပါသည်။တဒါရုံတို့၏ဖြစ်ခြင်းမရှိပါ။

သာဓကကား ။ ။ အဝိဘူတေ (ပ) တဒါရမ္မဏုပ္ပါဒေါ ဖြစ်ပါသည်။

ကာမဈောဝါရ မနောဒ္ဓါရ အဝိဘူတာရုံဝီထိဖြစ်ဟန်ကား... မထင်ရှားသော အာရုံတစ်ပါးပါးသည် မနောဒ္ဓါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ဖြစ်ပါသည်။

ဤကာမဈောဝါရ မနောဒ္ဓါရဝီထိသည် အာရုံမထင်ရှားသောအခါ၌ဖြစ်သောကြောင့် အဝိဘူတာရုံဝီထိ မည်ပါသည်။

ကာမဈောဝါရ မနောဒ္ဓါရဝီထိစိတ်
သရုပ်ပြသင်္ဂဟဂါထာ

ကာမဈောဝါရ မနောဒ္ဓါရ ဝိဘူတာရုံဝီထိ၌ဖြစ်ကုန်သော ဝီထိစိတ်တို့သည် **သာမည** အားဖြင့် မနောဒ္ဓါရာဝဇ္ဇန်း၊ ဈော၊ တဒါရုံအားဖြင့် (၃)ပါးအပြားရှိပါသည်။

ဝိသေသအားဖြင့်-(၀၂)စိတ်တို့၏ အသီးသီးဖြစ်သောအစွမ်းဖြင့် မနောဒ္ဓါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်အားဖြင့် (၁၀)ပါးအပြားရှိပါသည်။

ဝိတ္ထာရအားဖြင့်-(၀၂)အကျယ်အားဖြင့် မနောဒ္ဓါရာဝဇ္ဇန်း၊ ကာမဈောတစ်ခုယုတ် (၃၀)၊ တဒါရုံဧကာဒသအားဖြင့်(၄၁)ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ ဝီထိစိတ္တာနိ တီဏေဝ(ပ)စတ္တာလီသဝိဘာဝယေ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဂါထာအရကောက်ပါလေ။

ကာမဈောဝါရ မနောဒ္ဓါရ အဝိဘူတာရုံဝီထိ၌ဖြစ်ကုန်သော ဝီထိတို့သည် **သာမည** အားဖြင့် မနောဒ္ဓါရာဝဇ္ဇန်း၊ ဈောအားဖြင့် (၂)ပါးဖြစ်ပါသည်။

ဝိသေသအားဖြင့်-မနောဒ္ဓါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်အားဖြင့် (၈)ပါးအပြားရှိပါသည်။

ဝိတ္ထာရအားဖြင့်-(၀၂)ဖြင့် မနောဒ္ဓါရာဝဇ္ဇန်း၊ ကာမဈောတစ်ခုယုတ်(၃၀)အားဖြင့် (၃၀)ရှိပါသည်။

http://www.dhammadownload.com

သာဓကကား။　။ ဝိထိစိတ္တာနိ ဒွေယေဝ၊ စိတ္တုပ္ပါဒါ အဋ္ဌရိတာ။ ဝိတ္ထာရေန ပန ဧတ္ထ၊ တီသာယေဝ ဝိဘာဝယေ။ (တတိယသကာရဝိပုလာဂါထာ)။

မနောဒွါရ အပ္ပနာဇောဝါရ
ဗျာနဝိထိ မဂ္ဂဝိထိများ

အပ္ပနာဇောဝါရ မနောဒွါရဝိထိဌ် ဝိဘူတ, အဝိဘူတအပြားမရှိပါ။ ထို့အတူ တဒါရုံတို့၏ ဖြစ်ခြင်းလည်းမရှိပါ။

သာဓကကား။　။ အပ္ပနာဇောဝါရေ ပန (ပ) တဒါရမ္မဏုပ္ပါဒေါစ ဖြစ်ပါသည်။

ဝိဘူတ အဝိဘူတအပြားမရှိခြင်းအကြောင်း

ကသိဏ်းအစရှိသော အာရုံထင်ရှားရာ အခါဌ်သာလျှင် အပ္ပနာဇောများဖြစ်သင့်သောကြောင့် အပ္ပနာဇောဝါရ မနောဒွါရဝိထိဌ် ဝိဘူတ, အဝိဘူတအပြားမရှိပါ။ ဝိဘူတသာ ရှိပါသည်။

အပ္ပနာဇောဝါရဌ် တဒါရုံမဖြစ်ခြင်းအကြောင်း

ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံ တဒါရုံအင်္ဂါ(၃)ပါး မပြည့်စုံခဲ့လေသောကြောင့် အပ္ပနာဇောဝါရ မနောဒွါရဝိထိဌ် တဒါရုံတို့၏ ဖြစ်ခြင်းလည်း မရှိပါ။

အပ္ပနာဝိထိကျပုံ အကျယ်ပြစကားရပ်
ပါဠိလျှောက်ဆိုရိုး

ထိုအပ္ပနာဇောဝါရဌ် မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်(၄)ခု၊ မဟာကြိယာဉာဏသမ္မယုတ်စိတ်(၄)ခုဆိုအပ်သော ဉာဏသမ္မယုတ်ကာမာဝစရဇော(၈)ခုတို့တွင် အမှတ်မရှိ(၁)ခုခုသောဇောသည် ဒန္ဓာဘိညပုဂ္ဂိုလ်တို့အား ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူအမည်ဖြင့်(၄)ကြိမ်၊ နိပ္ပါဘိညပုဂ္ဂိုလ်တို့အား ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူသော အမည်ဖြင့်(၃)ကြိမ် အစဉ်အတိုင်းဖြစ်၍ ချုပ်ပါသည်။

ထို့နောင် မဟဂ္ဂုတ် လောကုတ္တရာဇော(၂၆)ခုတို့တွင် (အမှတ်မရှိ) တစ်ခုခုသော ဇောသည် ရူပ,=အရူပ,လောကုတ္တရာ,မဂ်,ဖိုလ်တို့အားလျော်စွာ သမထဝိပဿနာ

http://www.dhammadownload.com

ဘာဝနာသို့ ရှေးရှုသည်၏ အစွမ်းဖြင့် ဒန္ဓာဘိညပုဂ္ဂိုလ်တို့အား (၅)ကြိမ်မြောက်ဖြစ်၍ လည်းကောင်း၊ ခိပ္ပါဘိညပုဂ္ဂိုလ်တို့အား (၄)ကြိမ်မြောက်ဖြစ်၍လည်းကောင်း၊ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ပါသည်။ ထိုအပ္ပနာဈော၏ အဆုံးဠ်ဘဝင်ကျပါသည်။

သာဓကကား ။ ။ တတ္ထဟိ ဉာဏ (လ) ဘဝင်ပါတော ဟောတိ ဖြစ်ပါသည်။

ဈာနဝီထိ မဂ္ဂဝီထိများ

အပ္ပနာဈောဝါရ မနောဒွါရ၌ ဝီထိတို့သည် ဈာနဝီထိ၊ မဂ္ဂဝီထိ၊ ဖလသမာပတ္တိဝီထိ၊ အဘိညာဏဝီထိ၊ နိရောဓသမာပတ္တိဝီထိအားဖြင့် (၅)ပါး အပြားရှိပါသည်။

ဈာနဝီထိ

ထို(၅)ပါးတို့တွင် ဈာနဝီထိသည်လည်း ပထမဈာနဝီထိ၊ ဒုတိယဈာနဝီထိ၊ တတိယဈာနဝီထိ၊ စတုတ္ထဈာနဝီထိ၊ ပဉ္စမဈာနဝီထိ၊ အာကာသာနဉ္စာယတနဈာနဝီထိ၊ ဝိညာနဉ္စာယတနဈာနဝီထိ၊ အာကိဉ္စညာယတနဈာနဝီထိ၊ နေဝသညာနာသညာယတနဈာနဝီထိအားဖြင့်(၉)ပါးအပြားရှိပါသည်။ ထို(၉)ပါးတို့တွင် ပထမဈာနဝီထိသည်လည်း အာဒိကမ္မိက ပထမဈာနဝီထိ၊ သမာပဇ္ဇန ပထမဈာနဝီထိအားဖြင့် (၂)ပါးအပြား ရှိပါသည်။ ထို(၂)ပါးတို့တွင် အာဒိကမ္မိက ပထမဈာနဝီထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ အာဒိကမ္မိက ပထမဈာနဝီထိ၊ ခိပ္ပါဘိညပုဂ္ဂိုလ်၏ အာဒိကမ္မိကပထမဈာနဝီထိအားဖြင့် (၂)ပါးအပြား ရှိပါသည်။

ထို(၂)ပါးတို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ အာဒိကမ္မိက ပထမဈာနဝီထိဖြစ်ဟန်ကား... ဘဝင်္ဂလစန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟု ဆိုအပ်သော ဥပစာရသမာဓိဈော(၄)ကြိမ်၊ ထို့နောင် ပထမဈာန်ဈော(၁)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

မှတ်ချက် ။ ။ အပ္ပနာဈောအမည်ရသော ဈာန်, မဂ်, ဖိုလ်တို့၏အနီး ဥပစာဠ်ဖြစ်၍ တည်ကြည်သော ဈောများဖြစ်သောကြောင့် ပရိကံစသည်အမည်ရသော မဟာကုသိုလ်, ကြိယာ ဉာဏသမ္ပယုတ်ဈော(၈)ခုကို ဥပစာရသမာဓိဈောဟု ခေါ်သည်။

http://www.dhammadownload.com

မဟာဂျုတ်ကုသိုလ်, ကြိယာဇောနှင့် လောကုတ္တရာဇောများကို အပွနာအမည်ရ၍ တည်ကြည်သောဇောများဖြစ်သောကြောင့် အပွနာသမာဓိဇောဟုခေါ်ပါသည်။

ဓိပ္ပါဘိညပုဂ္ဂိုလ်၏ အာဒိကမ္မိက ပထမဈာနဝီထိဖြစ်ဟန်ကား... ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟုဆိုအပ်သော ဥပစာရသမာဓိဇော(၃)ကြိမ်၊ ထို့နောင် ပထမစျာန်ဇော(၁)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

သမာပဇ္ဇန ပထမဈာနဝီထိသည်လည်း ဒုန္နာဘိညပုဂ္ဂိုလ်၏ သမာပဇ္ဇန ပထမဈာနဝီထိ၊ ဓိပ္ပါဘိညပုဂ္ဂိုလ်၏ သမာပဇ္ဇန ပထမဈာနဝီထိအားဖြင့် (၂)ပါးအပြားရှိပါသည်။

ထို(၂)ပါးတို့တွင် ဒုန္နာဘိညပုဂ္ဂိုလ်၏ သမာပဇ္ဇန ပထမဈာနဝီထိဖြစ်ဟန်ကား... ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟုဆိုအပ်သော ဥပစာရသမာဓိဇော(၄)ကြိမ်၊ ထို့နောင် ပထမစျာန်ဇောအကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

ဓိပ္ပါဘိညပုဂ္ဂိုလ်၏ သမာပဇ္ဇန ပထမဈာနဝီထိဖြစ်ဟန်ကား... ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟုဆိုအပ်သော ဥပစာရသမာဓိဇော(၃)ကြိမ်၊ ထို့နောင် ပထမစျာန်ဇောအကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

မှတ်ချက် ။ ။ ဤမှကြွင်းသော စျာနဝီထိ(၈)မျိုးကိုလည်း ဤပထမဈာနဝီထိနည်းကို မှီး၍ စျာနဝီထိ(၁)ခုခု (၄)ပါးစီပြားသဖြင့် (၉)ဝီထိ၌ စျာနဝီထိပေါင်း (၃၆)ပါးရှိသည်။ ထို(၃၆) ဝီထိသည်လည်း ဉာဏသမ္ပယုတ်ကာမဝစရ ကုသိုလ်ဇော(၄)ပါး၌ (၃၆)ဝီထိ၊ ဉာဏသမ္ပယုတ်ကာမာဝစရကြိယာဇော(၄)ပါး၌ (၃၆)ဝီထိပြားသဖြင့် နှစ်ရပ်ပေါင်းသော် စျာနဝီထိပေါင်း(၇၂)ဝီထိရှိသည်။

စျာနဝီထိအတွက် ဝီထိစိတ်အစဉ်ပြလက်ာ

ဘဝင်္ဂစလန၊ ဆွေဒဝဇ္ဇန်၊ ပရိကံ၊ ဥပစာရံ နုလောမ၊
ဂေါတြဘူ၊ စျာန်တစ်ဆူ၊ ဘဝင်္ဂမူ ထိုက်သမျှ၊
ပရိကံမပါ၊ ခိပ္ပမှာ၊ သေချာဉာဏ်ဖြင့်ဆ၊

http://www.dhammadownload.com

သမာပဇ္ဇနမှာ၊ ရှေးနှင့်သာ၊ တူစွာ ချကုန်ကြ၊
အကြွင်များစွာ၊ စျာန်ဟုလာ၊ ထူးရာဝိသေသ၊
ဤနည်းတူစွာ၊ ကြွင်းစျာန်မှာ၊ ချပါဝိထိပြ။ (ပရမတ္ထသရူပ အနုဝဏ္ဏနာကျမ်း)

မဂ္ဂဝီထိ

မဂ္ဂဝီထိသည်လည်း သောတာပတ္တိမဂ္ဂဝီထိ၊ သကဒါဂါမိမဂ္ဂဝီထိ၊ အနာဂါမိမဂ္ဂဝီထိ၊ အရဟတ္တမဂ္ဂဝီထိအားဖြင့် (၄)ပါးအပြားရှိပါသည်။ ထို(၄)ပါးတို့တွင် သောတာပတ္တိမဂ္ဂဝီထိသည်လည်း ပထမဈာနသောတာပတ္တိမဂ္ဂဝီထိ၊ ဒုတိယဈာန သောတာပတ္တိမဂ္ဂဝီထိ၊ တတိယဈာန သောတာပတ္တိမဂ္ဂဝီထိ၊ စတုတ္ထဈာန သောတာပတ္တိမဂ္ဂဝီထိ၊ ပဉ္စမဈာန သောတာပတ္တိမဂ္ဂဝီထိအားဖြင့် (၅)ပါးအပြားရှိပါသည်။ ထို(၅)ပါးတို့တွင်-

ပထမဈာန သောတာပတ္တိမဂ္ဂဝီထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ ပထမဈာန သောတာပတ္တိမဂ္ဂဝီထိ၊ ခိပ္ပါဘိညပုဂ္ဂိုလ်၏ ပထမဈာန သောတာပတ္တိမဂ္ဂဝီထိအားဖြင့် (၂)ပါး အပြားရှိပါသည်။

ထို(၂)ပါးတို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ ပထမဈာန သောတာပတ္တိမဂ္ဂဝီထိဖြစ်ဟန်ကား.... ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟုဆိုအပ်သော ဥပစာရသမာဓိစေ(၄)ကြိမ်၊ ထို့နောင် ပထမစျာန်သောတာပတ္တိမဂ် စော (၁)ကြိမ်၊ ထို့နောင် ပထမစျာန်သောတာပတ္တိဖိုလ်စော(၂)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက် သမျှဖြစ်၍ ချုပ်ပါသည်။

ခိပ္ပါဘိညပုဂ္ဂိုလ်၏ ပထမဈာနသောတာပတ္တိမဂ္ဂဝီထိဖြစ်ဟန်ကား... ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟုဆိုအပ်သော ဥပစာရသမာဓိ စော(၃)ကြိမ်၊ ထို့နောင် ပထမစျာန်သောတာပတ္တိမဂ်စော (၁)ကြိမ်၊ ထို့နောင် ပထမစျာန် သောတာပတ္တိဖိုလ်စော(၃)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

မှတ်ချက်။ ။ ကြွင်းသော သောတာပတ္တိမဂ္ဂဝီထိ (၄)မျိုးကိုလည်း ဤပထမစျာန် သောတာပတ္တိမဂ္ဂဝီထိနည်းကိုမှီ၍ ချကြလေ...၊ မခဲယဉ်းပြီ။

သကဒါဂါမိမဂ္ဂဝီထိသည်လည်း ပထမဈာန သကဒါဂါမိမဂ္ဂဝီထိ၊

http://www.dhammadownload.com

ဒုတိယဈာန သကဒါဂါမိမဂ္ဂဝီထိ၊
တတိယဈာန သကဒါဂါမိမဂ္ဂဝီထိ၊
စတုတ္ထဈာန သကဒါဂါမိမဂ္ဂဝီထိ၊
ပဉ္စမဈာန သကဒါဂါမိမဂ္ဂဝီထိ၊ အားဖြင့် (၅)ပါးအပြား ရှိပါသည်။

ထို(၅)ပါးတို့တွင် ပထမဈာန သကဒါဂါမိမဂ္ဂဝီထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ ပထမဈာန သကဒါဂါမိမဂ္ဂဝီထိ၊ ခိပ္ပါဘိညပုဂ္ဂိုလ်၏ ပထမဈာန သကဒါဂါမိမဂ္ဂဝီထိအားဖြင့် (၂)ပါးအပြားရှိပါသည်။ ထို(၂)ပါးတို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ ပထမဈာန သကဒါဂါမိမဂ္ဂဝီထိ ဖြစ်ဟန်ကား....

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဝေါဒါန် ဟုဆိုအပ်သော ဥပစာရသမာဓိဇော(၄)ကြိမ်၊ ထို့နောင် ပထမဈာန်သကဒါဂါမိမဂ်ဇော (၁)ကြိမ်၊ ထို့နောင် ပထမဈာန် သကဒါဂါမိဖိုလ်ဇော(၂)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက် သမျှဖြစ်၍ ချုပ်ပါသည်။

ခိပ္ပါဘိညပုဂ္ဂိုလ်၏ ပထမဈာန သကဒါဂါမိမဂ္ဂဝီထိဖြစ်ဟန်ကား...

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဝေါဒါန်-ဟုဆိုအပ်သော ဥပစာရသမာဓိဇော(၃)ကြိမ်၊ ထို့နောင် ပထမဈာန်သကဒါဂါမိမဂ်ဇော (၁)ကြိမ်၊ ထို့နောင် ပထမဈာန်သကဒါဂါမိဖိုလ်ဇော(၃)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက် သမျှဖြစ်၍ ချုပ်ပါသည်။

မှတ်ချက် ။ ။ ကြွင်းသော သကဒါဂါမိမဂ္ဂဝီထိ (၄)မျိုး၊ အနာဂါမိမဂ္ဂဝီထိ (၅)မျိုး အရဟတ္တမဂ္ဂဝီထိ(၅)မျိုးတို့ကိုလည်း ဤနည်းကိုမှီ၍ ချကြလေ၊ သကဒါဂါမိမဂ္ဂဝီထိ စသည်တို့သည် သောတာပတ္တိမဂ္ဂဝီထိနှင့်ဆိုလျှင် ဂေါတြဘူနှင့် ဝေါဒါန်အသုံးအနှုန်း ကွာရုံမျှသာထူးသည်၊ ကျန်အားလုံး တူ၏။

http://www.dhammadownload.com

မဂ္ဂဝီထိအတွက် ဝီထိစိတ်အစဉ်ပြလက်ာ

စလန-ဇောဒံ၊ ဝဇ္ဇနံ၊ ပရိကံ၊ ဥ၊ လုံ၊ ဘူ၊
မဂ် တစ်ကြိမ်ကျ၊ ဖိုလ်နှစ်ဝ၊ ဒန္ဓပုဂ္ဂိုလ်ဟူ၊
ခီပွါဘိညာ၊ ပရိမပါ၊ ဖလသုံးကြိမ်ယူ၊
ဒုတိယစျာန်စသည်၊ ဤနည်းမှီ၊ သိပြီအတူတူ၊
ထက်မဂ်သုံးမှာ၊ ဂေါအရာ၊ ချပါဝေါဒါန်ဟူ-ဖြစ်ပါသည်။

ဖလသမာပတ္တိဝီထိ

ဖလသမာပတ္တိဝီထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိ၊ ခီပွါဘိညပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိအားဖြင့် (၂)ပါးအပြားရှိပါသည်။ ထို(၂)ပါးတို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိဖြစ်ဟန်ကား...

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ အနုလုံ(၄)ကြိမ်၊ ထို့နောင် ဖိုလ်ဇော အကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

ခီပွါဘိညပုဂ္ဂိုလ်၏ ဖလသမာပတ္တိဝီထိ ဖြစ်ဟန်ကား...

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ အနုလုံ (၃)ကြိမ်၊ ထို့နောင် ဖိုလ်ဇောအကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

ဖလသမာပတ္တိဝီထိအတွက် ဝီထိစိတ်အစဉ်ပြလက်ာ

စလန-ဇောဒါ၊ မနောဒ္ဓါနှင့်၊ နုမှာ လေးကြိမ်၊
ဖိုလ်ကြိမ်များစွာ၊ စောလေရာကား၊
ဒန္ဓာဘိည၊ ပုဂ္ဂလတည်း၊ ခီပွါဘိည၊ ပုဂ္ဂလကား၊
နုမှာ သုံးကြိမ်၊ စောလေသတည်း-ဖြစ်ပါသည်။

အာဘိညာဏဝီထိ

အာဘိညာဏဝီထိသည်လည်း ဒိဗ္ဗစက္ခု အာဘိညာဏဝီထိ၊ ဒိဗ္ဗသောတ အာဘိညာဏ ဝီထိ၊ ဣဒ္ဓိဝိဓ အာဘိညာဏဝီထိ၊ ပရစိတ္တဝိဇာနန အာဘိညာဏဝီထိ၊ ပုဗ္ဗေနိဝါသာနုဿတိ

http://www.dhammadownload.com

အဘိညာဏဝိထိ၊ ယထာကမ္မူပဂ အဘိညာဏဝိထိ၊ အနာဂတံသ အဘိညာဏဝိထိ အားဖြင့် (၇)ပါးအပြားရှိပါသည်။

အဘိညာဏဝိထိ သရုပ်ပြလက်ာ

စ-သော-ဣဒ်-ပ၊ ပုဗ်-ယ-အ၊ သတ္တအဘိညာ၊
ငါးဖြာဖြစ်က၊ ယ နှင့် အ၊ စ-၌ သွင်းယူပါ။

ထို(၇)ပါးတို့တွင် ဒိဗ္ဗစက္ခုအဘိညာဏဝိထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဒိဗ္ဗစက္ခုအဘိညာဏဝိထိ၊ ခိပ္ပါဘိညပုဂ္ဂိုလ်၏ ဒိဗ္ဗစက္ခု အဘိညာဏဝိထိအားဖြင့် (၂)ပါး အပြားရှိပါသည်။ ထို(၂)ပါးတို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဒိဗ္ဗစက္ခုအဘိညာဏဝိထိဖြစ်ဟန်ကား...

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟုဆိုအပ်သော ဥပစာရသမာဓိဇော(၄)ကြိမ်၊ ထို့နောင် ရူပါဝစရကုသိုလ်၊ ကြိယာ ပဉ္စမ ဈာန်ဇော(၁)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

ခိပ္ပါဘိညပုဂ္ဂိုလ်၏ ဒိဗ္ဗစက္ခုအဘိညာဏဝိထိ ဖြစ်ဟန်ကား...

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ဆိုအပ်သော ဥပစာရသမာဓိဇော(၃)ကြိမ်၊ ထို့နောင် ရူပါဝစရကုသိုလ်၊ ကြိယာ ပဉ္စမဈာန် ဇော(၁)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

မှတ်ချက်။ ။ ကြွင်းသောအဘိညာဏဝိထိ(၆)ပါးတို့ကိုလည်း ဤဒိဗ္ဗစက္ခု အဘိညာဏ ဝိထိနည်းကိုမှီ၍ သိပါလေ။

နိရောဓသမာပတ္တိဝိထိ

နိရောဓသမာပတ္တိဝိထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝိထိ၊ ခိပ္ပါဘိညပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝိထိအားဖြင့် (၂)ပါးအပြားရှိပါသည်။ ထို(၂)ပါး တို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ နိရောဓသမာပတ္တိဝိထိဖြစ်ဟန်ကား...

ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟု ဆိုအပ်သော ဥပစာရသမာဓိဇော(၄)ကြိမ်၊ ထို့နောင် နေဝသညာနာသညာယတနကုသိုလ်၊

http://www.dhammadownload.com

ကြိယာစျာန်ဈော(၂)ကြိမ်စောသည်၏အဆုံး၌ စိတ်, စေတသိက်, စိတ္တဇရုပ်တို့ချုပ်ခြင်းသို့ ရောက်ပါသည်။ ထိုစိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ခြင်းသို့ရောက်သည်ကိုပင် နိရောဓသမာပတ်ဝင်စားသည်ဟု ခေါ်ဆိုပါသည်။

နိရောဓသမာပတ်မှ ထသောကာလ၌ အနာဂါမ်ပုဂ္ဂိုလ်တို့အား အနာဂါမိဖိုလ်ဈော (၁)ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်ဈော(၁)ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက် သမျှဖြစ်၍ ချုပ်ပါသည်။

စျာနဝီထိဠ်ပါသော ဂေါတြဘူနှင့် မဂ္ဂဝီထိဠ်ပါသော ဂေါတြဘူအထူး

စျာနဝီထိဠ်ပါသော ဂေါတြဘူကား... ကာမအနွယ်ကိုနှိပ်စက်၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်ပါသည်။

မဂ္ဂဝီထိဠ်ပါသော ဂေါတြဘူကား.... ပုထုဇဉ်အနွယ်ကိုနှိပ်စက်၍ လောကုတ္တရာ အနွယ်ကိုပွားစေတတ်ပါသည်။ ဤသို့ထူးပါသည်။

ဂေါတြဘူနှင့် ဝေါဒါန်အထူး

ဂေါတြဘူနှင့် ဝေါဒါန်အထူးကား... သောတာပတ္တိမဂ်၏ အနန္တရုပစ္စည်းဖြစ်သော (ရှေ့၌ဖြစ်သော) ဉာဏ်သည် (မဟာကုသိုလ်, ကြိယာ ဉာဏသမ္မယုတ်ဈော (၈)ခုရှိသော ဉာဏ်ကိုဆိုလိုသည်ဟုမှတ်ပါ။) ဂေါတြဘူမည်ပါသည်။

အထက်မဂ်(၃)ခု၏ အနန္တရုပစ္စည်းဖြစ်သော (ရှေ့၌ဖြစ်သော)ဉာဏ်သည် ဝေါဒါန်မည်ပါသည်။ ဤသို့ ထူးပါသည်။

ကာမဥပစာရသမာဓိဈောနှောင့် ဝေဒနာအလိုက် အပ္ပနာသမာဓိဈော စောပုံ

ထိုအပ္ပနာဈော၏ဝါရ၌ ဉာဏသမ္မယုတ် ကာမာဝစရဈော(၈)ခုကို့တွင် သောမနဿ သဟဂုတ် ဉာဏသမ္မယုတ် ကာမာဝစရဈော(၄)ခုနှောင့် မဟဂ္ဂုတ်ကုသိုလ် သောမနဿ အပ္ပနာဈော(၄)ပါး၊ မဟဂ္ဂုတ်ကြိယာ သောမနဿ အပ္ပနာဈော(၄)ပါး၊ လောကုတ္တရာ

http://www.dhammadownload.com

သောမနဿ အပ္ပနာဈော (၃၂)မျိုးအားဖြင့် သောမနဿ အပ္ပနာဈော(၄၀)နှောင်းနိုင်ပါသည်။ (စောနိုင်ပါသည်။)

သာဓကကား။ ။ တတ္ထ သောမနဿ (ပ) ပါဠိက်ခိ တဗ္ဗာ ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကာမာဝစရဈော(၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာအပ္ပနာဈော(၅)ပါး၊ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာအပ္ပနာဈော(၅)ပါး၊ လောကုတ္တရာ ဥပေက္ခာအပ္ပနာဈော(၈)ပါးအားဖြင့် ဥပေက္ခာအပ္ပနာဈော(၁၈)ပါး နှောင်းနိုင်ပါသည်။

သာဓကကား။ ။ ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ ဖြစ်ပါသည်။

ကာမကုသိုလ်, ကြိယာဈောတို့နှောင် အပ္ပနာဈောစောပုံ

ထိုသို့ တူသောဝေဒနာရှိသော ဈော၏ဝါရ၌ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဈော(၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် အပ္ပနာဈော(၉)ပါး၊ လောကုတ္တရာကုသိုလ် အပ္ပနာဈော(၂၀)၊ (မဂ်အပ္ပနာဈော(၂၀)ဟုလည်း ခေါ်သည်။) အောက်ဖိုလ်(၃)ခု၊ အပ္ပနာဈော(၁၅)ပါးအားဖြင့် အပ္ပနာဈော(၄၄)ပါး နှောင်းနိုင်ပါသည်။

သာဓကကား။ ။ တတ္ထာပိ (ပ) ဖလတ္တယမပ္ပေတိ ဖြစ်ပါသည်။

မဟာကြိယာ ဉာဏသမ္ပယုတ်ဈော(၄)ခုနှောင် မဟဂ္ဂုတ်ကြိယာ အပ္ပနာဈော(၉)ပါး၊ အရဟတ္တဖိုလ် အပ္ပနာဈော(၅)ပါးအားဖြင့် အပ္ပနာဈော(၁၄)ပါး နှောင်းနိုင်ပါသည်။

သာဓကကား။ ။ ကြိယာဇဝနာနန္တရံ (ပ) ဖလဿာတိ ဖြစ်ပါသည်။

ကာမဈောနှောင် အပ္ပနာဈောစောပုံကို အကျဉ်းချုပ်ပြ သင်္ဂဟဂါထာ

သောမနဿသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဈော(၂)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် သောမနဿအပ္ပနာဈော(၄)ပါး၊ မဂ်သောမနဿ အပ္ပနာဈော(၁၆)ပါး၊ အောက်ဖိုလ်(၃)ခု သောမနဿ အပ္ပနာဈော(၁၂)ပါးအားဖြင့် သောမနဿအပ္ပနာဈော(၃၂)ပါး နှောင်းနိုင်ပါသည်။

ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဈော(၂)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ အပ္ပနာဈော(၅)ပါး၊ မဂ် ဥပေက္ခာ အပ္ပနာဈော(၄)ပါး၊ အောက်ဖိုလ်(၃)ခု

http://www.dhammadownload.com

ဥပေက္ခာ အပ္ပနာဈော(၃)ပါးအားဖြင့် ဥပေက္ခာအပ္ပနာဈော(၁၂)ပါး နှောင်းနိုင်ပါသည်။

သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဈော(၂)ခုနှောင် မဟဂ္ဂုတ် ကြိယာ သောမနဿအပ္ပနာဈော(၄)ပါး၊ အရဟတ္တဖိုလ် သောမနဿအပ္ပနာဈော(၄)ပါး အားဖြင့် သောမနဿ အပ္ပနာဈော(၈)ပါး နှောင်းနိုင်ပါသည်။

ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဈော(၂)ခု နှောင် မဟဂ္ဂုတ် ကြိယာ ဥပေက္ခာ အပ္ပနာဈော(၅)ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာအပ္ပနာဈော(၁)ပါးအားဖြင့် ဥပေက္ခာ အပ္ပနာဈော(၆)ပါး နှောင်းနိုင်ပါသည်။

သာဓကကား ။ ။ဒွတ္တိံသ (ပ) ဥပေက္ခာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ဤဂါထာနည်းကို စုဏ္ဍိယသာဓကထောက်ဆ၍ ဖြေဆိုခိုင်းပါက ထိုက်သင့်သလို သိပါလေ။

ဂါထာလာ သန်္ဓိဘို့၏အရကောက်

ဒွတ္တိံသ သုခပုညမှာ-အစရှိသောဂါထာ၌ ဒွတ္တိံသအရကား... မဟဂ္ဂုတ်ကုသိုလ် သောမနဿ အပ္ပနာဈော(၄)ပါး၊ မဂ်သောမနဿ အပ္ပနာဈော (၁၆)ပါး၊ အောက်ဖိုလ် (၃)ခု သောမနဿ အပ္ပနာဈော(၁၂)ပါးအားဖြင့် သောမနဿသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဈော(၂)ခု နှောင်နှောင်းသောသောမနဿ အပ္ပနာဈော(၃၂)ပါးကို ရပါသည်။

ဒွါဒသအရကား... မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာအပ္ပနာဈော (၅)ပါး၊ မဂ်ဥပေက္ခာ အပ္ပနာဈော (၄)ပါး၊ အောက်ဖိုလ် (၃)ခု၊ ဥပေက္ခာအပ္ပနာဈော (၃)ပါးအားဖြင့် ဥပေက္ခသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဈော (၂)ခုနှောင် နှောင်းသောအပ္ပနာဈော (၁၂)ပါး ရပါသည်။

အဋ္ဌအရကား... မဟဂ္ဂုတ်ကြိယာ သောမနဿ အပ္ပနာဈော (၄)ပါး၊ အရဟတ္တဖိုလ်သောမနဿ အပ္ပနာဈော (၄)ပါးအားဖြင့် သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဈော (၂)ခုနှောင် နှောင်းသောသောမနဿ အပ္ပနာဈော (၈)ပါးကို ရပါသည်။

ဆအရကား... မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ အပ္ပနာဈော (၅)ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာအပ္ပနာဈော (၁)ပါးအားဖြင့် ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဈော (၂)ခုနှောင် နှောင်းသောဥပေက္ခာအပ္ပနာဈော (၆)ပါးကို ရပါသည်။

http://www.dhammadownload.com

ပုဂ္ဂိုလ်အလိုက် အပွနှာစောများ စောပုံပြဂါထာ

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်တို့၏လည်းကောင်း၊ တိဟိတ်ကာမကုသိုလ် (၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် အပွနှာစော (၉)ပါး၊ လောကုတ္တရာကုသိုလ် အပွနှာစော (၂၀)၊ အောက်ဖိုလ် (၃)ခု အပွနှာစော (၁၄) ပါးအားဖြင့် အပွနှာ (၄၄)ပါး နှောင်းနိုင်ပါသည်။

ရဟန္တာပုဂ္ဂိုလ်တို့၏ တိဟိတ်ကာမကြိယာ (၄)ခုနှောင် မဟဂ္ဂုတ်ကြိယာ အပွနှာစော (၉)ပါး၊ အရဟတ္တဖိုလ် အပွနှာစော(၅)ပါးအားဖြင့် အပွနှာစော (၁၄)ပါး နှောင်းနိုင်ပါသည်။
သာဓကကား ။ ။ ပုထုဇ္ဇနာန (ပ) မပွနှာ ဖြစ်ပါသည်။

ပုထုဇ္ဇနာနသေက္ခာနံ စသောဂါထာအရ အပွနှာစောများကို ပုဂ္ဂိုလ်အလိုက် ရထိုက်သရွေ့ အသေးစိတ်ကောက်ပုံ

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စော (၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် အပွနှာစော (၉)ပါး၊ သောတာပတ္တိမဂ် အပွနှာစော (၅) ပါးအားဖြင့် အပွနှာစော(၁၄) ပါး နှောင်းနိုင်ပါသည်။

သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စော (၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် အပွနှာစော (၉)ပါး၊ သောတာပတ္တိဖိုလ် အပွနှာစော (၅)ပါး၊ သကဒါဂါမိမဂ် အပွနှာစော (၅)ပါးအားဖြင့် အပွနှာစော (၁၉)ပါး နှောင်းနိုင်ပါသည်။

သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စော (၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် အပွနှာစော(၉)ပါး၊ သကဒါဂါမိဖိုလ် အပွနှာစော (၅)ပါး၊ အနာဂါမိမဂ် အပွနှာစော (၅)ပါးအားဖြင့် အပွနှာစော(၁၉)ပါးနှောင်းနိုင်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စော (၄)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် အပွနှာစော (၉)ပါး၊ အနာဂါမိဖိုလ် အပွနှာစော (၅)ပါး၊ အရဟတ္တမဂ် အပွနှာစော (၅)ပါးအားဖြင့် အပွနှာစော(၁၉)ပါး နှောင်းနိုင်ပါသည်။

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်၏ မဟာကြွိယာ ဉာဏသမ္မယုတ်ဓော (၄)ခုနောင် မဟာဂူတ်ကြွိယာ အပွနာဓော (၅)ပါး၊ အရဟတ္တဖိုလ် အပွနာဓော (၅)ပါးအားဖြင့် အပွနာဓော (၁၄)ပါးနောင်း နိုင်ပါသည်။

တနည်း အသေးစိတ်ကောက်ပုံ

ပုထုဇ္ဇနာနသေက္ခာနံ-စသော ဂါထာအရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ သောမနသ သဟဂုတ် မဟာကုသိုလ်ဉာဏသမ္မယုတ်ဓော (၂)ခုနောင် (မဟာကုသိုလ် ပထမဒွေးနောင်) မဟာဂူတ်ကုသိုလ် သောမနသအပွနာဓော (၄)ပါး၊ သောတာပတ္တိမဂ် သောမနသအပွနာ ဓော(၄)ပါးအားဖြင့် သောမနသအပွနာဓော (၈)ပါး နောင်းနိုင်ပါသည်။

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဉာဏသမ္မယုတ်ဓော (၂)ခုနောင် (မဟာကုသိုလ် တတိယဒွေးနောင်) မဟာဂူတ်ကုသိုလ် ဥပေက္ခာအပွနာဓော (၅)ပါး၊ သောတာပတ္တိမဂ် ဥပေက္ခာအပွနာဓော (၁)ပါးအားဖြင့် ဥပေက္ခာအပွနာဓော (၆)ပါးနောင်းနိုင်ပါသည်။

သောတာပန်ပုဂ္ဂိုလ်၏ သောမနသသဟဂုတ် မဟာကုသိုလ်ဉာဏသမ္မယုတ်ဓော (၂)ခုနောင် မဟာဂူတ်ကုသိုလ် သောမနသအပွနာဓော (၄)ပါး၊ သောတာပတ္တိဖိုလ် သောမနသအပွနာဓော (၄)ပါး၊ သကဒါဂါမိမဂ် သောမနသအပွနာဓော (၄)ပါးအားဖြင့် သောမနသအပွနာဓော (၁၂)ပါးနောင်းနိုင်ပါသည်။

သောတာပန်ပုဂ္ဂိုလ်၏ ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဉာဏသမ္မယုတ်ဓော (၂)ခုနောင် မဟာဂူတ်ကုသိုလ် ဥပေက္ခာအပွနာဓော(၅)ပါး၊ သောတာပတ္တိဖိုလ် ဥပေက္ခာ အပွနာဓော (၁)ပါး၊ သကဒါဂါမိမဂ် ဥပေက္ခာ အပွနာဓော (၁) ပါးအားဖြင့် ဥပေက္ခာအပွနာ (၇)ပါး နောင်းနိုင်ပါသည်။

သကဒါဂါမ်ပုဂ္ဂိုလ်၏ သောမနသသဟဂုတ် မဟာကုသိုလ်ဉာဏသမ္မယုတ်ဓော (၂)ခုနောင် မဟာဂူတ်ကုသိုလ် သောမနသအပွနာဓော (၄)ပါး၊ သကဒါဂါမိဖိုလ် သော မနသအပွနာဓော (၄)ပါး၊ အနာဂါမိမဂ် သောမနသအပွနာဓော (၄)ပါးအားဖြင့်သောမန သအပွနာ (၁၂)ပါးနောင်းနိုင်ပါသည်။

http://www.dhammadownload.com

သကဒါဂါမ်ပုဂ္ဂိုလ်၏ ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်စေ (၂)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာအပွနာစေ (၅)ပါး၊ သကဒါဂါမိဖိုလ် ဥပေက္ခာအပွ နာစေ(၁)ပါး၊ အနာဂါမိမဂ် ဥပေက္ခာ အပွနာစေ (၁)ပါးအားဖြင့် ဥပေက္ခာအပွနာ (၇)ပါး နှောင်းနိုင်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်၏ သောမနဿသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်စေ (၂)ခုနှောင် မဟဂ္ဂုတ်ကုသိုလ် သောမနဿအပွနာစေ (၄)ပါး၊ အနာဂါမိဖိုလ် သောမနဿ အပွနာစေ (၄)ပါး၊ အရဟတ္တမဂ် သောမနဿအပွနာစေ (၄)ပါးအားဖြင့် သောမနဿ အပွနာ (၁၂)ပါး နှောင်းနိုင်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်၏ ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်စေ(၂)ခု နှောင် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာအပွနာစေ (၅)ပါး၊ အနာဂါမိဖိုလ် ဥပေက္ခာအပွနာစေ (၁)ပါး၊ အရဟတ္တမဂ် ဥပေက္ခာ အပွနာစေ(၁)ပါးအားဖြင့် ဥပေက္ခာအပွနာ(၇)ပါး နှောင်းနိုင်ပါသည်။

ရဟန္တာပုဂ္ဂိုလ်၏ သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ် အပွနာစေ (၂)ခုနှောင် မဟဂ္ဂုတ်ကြိယာ သောမနဿအပွနာစေ(၄)ပါး၊ အရဟတ္တဖိုလ် သောမနဿအပွနာစေ (၄)ပါးအားဖြင့် သောမနဿအပွနာ (၈)ပါး နှောင်းနိုင်ပါသည်။

ရဟန္တာပုဂ္ဂိုလ်၏ ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ် အပွနာစေ (၂)ခုနှောင် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာအပွနာစေ (၅)ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာအပွနာ စေ (၁)ပါးအားဖြင့် ဥပေက္ခာအပွနာ (၆)ပါး နှောင်းနိုင်ပါသည်။

တဒါရမ္မဏနိယမ

ဝိပါက်အမှန် စေအပြန်

ပဋ္ဌာဒါရ၊ မနောဒါရ၌ အလိုမရှိအပ်သော မစင်၊ ခွေးကောင်ပုပ်အစရှိသောအာရုံ၌ (၀၊)အနိဋ္ဌာရုံ၌ အကုသိုလ်၏အကျိုးသာလျှင်ဖြစ်ကုန်သော ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီ ရဏတဒါရုံတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ သဗ္ဗတ္ထာဝိ (ပ) တဒါရမ္ဘဏာနိ ဖြစ်ပါသည်။

အလိုရှိအပ်သော ထမင်း, အဖျော်, အိပ်ရာနေရာ, အဝတ်တန်ဆာ အစရှိသော အာရုံ၌ (ဝါ) ဣဋ္ဌာရုံ၌ ကုသိုလ်၏အကျိုးဖြစ်ကုန်သော ပဋိဝိညာဏ်၊ သမ္ပဋိစ္ဆိန်းစိတ်တို့နှင့် အဟိတ်ကုသလဝိပါတ် သန္တီရဏတဒါရုံစိတ် (၂)ပါး၊ မဟာဝိပါက် တဒါရုံစိတ် (၈)ပါး အားဖြင့် တဒါရုံ (၁၀)ပါးကျနိုင်ပါသည်။ (ဤကား အဋ္ဌကထာနည်း။)

သာဓကကား ။ ။ ဣဋ္ဌေ ကုသလဝိပါကာနိ ဖြစ်ပါသည်။

တနည်း ။ ။ အလိုရှိအပ်သော ထမင်း, အဖျော်, အိပ်ရာနေရာ (လ)၌ (ဝါ) ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသိုလ်၏အကျိုးသာလျှင်ဖြစ်ကုန်သော ပဋိဝိညာဏ်၊ သမ္ပဋိစ္ဆိန်းစိတ်တို့နှင့် အဟိတ်ကုသလဝိပါတ် ဥပေက္ခာသန္တီရဏ တဒါရုံစိတ် (၁)ပါး၊ မဟာဝိပါက် ဥပေက္ခာတဒါရုံ (၄)ပါးအားဖြင့် တဒါရုံ (၅)ပါးကျနိုင်ပါသည်။

သာဓကကား ။ ။ ဣဋ္ဌေ ကုသလဝိပါကာနိ ဖြစ်ပါသည်။

ဣဋ္ဌေတိ ဣဋ္ဌမဇ္ဈတ္တေ၊ ဣဋ္ဌမဇ္ဈတ္တေ သန္တီရဏတဒါရမ္ဘဏာနိ ဥပေက္ခာ သဟဂတာနေဝါတိ အာဟ။ ''အတိဣဋ္ဌေ ပန သောမနဿ သဟဂတာနေဝါတိ''။ (ဋီကာကျော်၊ဆဋ္ဌ။၁၅၀။)

မှတ်ချက် ။ ။ ဣဋ္ဌေ ကုသလဝိပါကာနိ-၌ ကုသလဝိပါကာနိ-ကိုထောက်သော ဣဋ္ဌာရုံ၌ ကုသိုလ်၏အကျိုးဖြစ်သော ပဋိဝိညာဏ်စသည်ကို ယူရမည်ဟု သာမညဆိုသောကြောင့်... (ပါဠိသေသ) ဖြစ်သော ပဋိဝိညာဏ သမ္ပဋိစ္ဆနသန္တီရဏတဒါရမ္ဘဏာနိ-၌ ပါသော တဒါရုံအရ အဟိတ်ကုသလဝိပါက် သန္တီရဏတဒါရုံ(၂)ပါး၊ မဟာဝိပါက်တဒါရုံစိတ် (၈)ပါးအားဖြင့် တဒါရုံ(၁၀)ပါးကိုရပါသည်။ (ဤကား အဋ္ဌကထာနည်းအလို)

ဆိုလတ္တံ့ဖြစ်သော 'အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏတဒါရမ္ဘဏာနိ-ကိုထောက်သော် အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏတဒါရုံတို့ကို ယူရမည်ဟုဆိုသောကြောင့် ဣဋ္ဌေ ကုသလဝိပါကာနိ-၌ပါသော ဣဋ္ဌေအရ 'ဣဋ္ဌမဇ္ဈတ္တာရုံ

http://www.dhammadownload.com

ကိုယူရ၍ တဒါရုံအရ- အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ တဒါရုံစိတ် (၁)ပါး၊ မဟာဝိပါက် ဥပေက္ခာတဒါရုံ(၄)ပါးအားဖြင့် ကုသလဝိပါက် ဥပေက္ခာတဒါရုံ(၅)ပါးကို သာရပါသည်။ (ဤကား ဋီကာနည်းအလို။)

အလွန်အလိုရှိအပ်သော ဘုရားအစရှိသောအာရုံ၌ (၀၊) အတိက္ကန္တာရုံ၌ အဟိတ် ကုသလဝိပါက် သောမနဿသန္တီရဏ တဒါရုံစိတ် (၁)ပါး၊ မဟာဝိပါက် သောမနဿ တဒါရုံစိတ် (၄)ပါးအားဖြင့် သောမနဿတဒါရုံ (၅)ပါး ကျန်ပါသည်။

သာဓကကား ။　။ အတိက္ကန္တေ ပန (ပ) တဒါရမ္မဏာနိ ဖြစ်ပါသည်။

(ဝိပါက်အမှန် ဇောအမှန်)

ဇောနောင် တဒါရုံဖြစ်ပုံ

တဒါရုံဇောဒသတို့တွင် သောမနဿသဟဂုတ်ကြိယာဇော (၅)ခုနောင် အဟိတ် ကုသလဝိပါက် သောမနဿသန္တီရဏ တဒါရုံစိတ်(၁)ပါး၊ မဟာဝိပါက်သောမနဿ တဒါရုံစိတ်(၄)ပါးအားဖြင့် သောမနဿတဒါရုံ (၅)ပါးကျန်ပါသည်။

သာဓကကား ။　။ တတ္ထာပိ (ပ) ဘဝန္တီ ဖြစ်ပါသည်။

ဥပေက္ခာသဟဂုတ်ကြိယာဇော (၄)ခုနောင် ဥပေက္ခာသဟဂုတ် သန္တီရဏတဒါရုံ စိတ်(၂)ပါး၊ မဟာဝိပါက်ဥပေက္ခာတဒါရုံစိတ် (၄)ပါးအားဖြင့် ဥပေက္ခာတဒါရုံ (၆)ပါး ကျန်ပါသည်။

သာဓကကား ။　။ ဥပေက္ခာသဟဂတ (ပ) ဟောန္တီ ဖြစ်ပါသည်။

ဝိပါက်အမှန် ဇောအပြန်နှင့်
ဝိပါက်အမှန် ဇောအမှန်ဖြစ်ပုံပြ
သင်္ဂဟပါဠိ

"သဗ္ဗတ္ထာပိ ပနေတ္ထ အနိဋ္ဌေ (ပ) အတိက္ကန္တေ ပန သောမနဿသဟဂတာနေဝ သန္တီရဏတဒါရမ္မဏာနိ" ဟူသော သင်္ဂဟပါဠိတို့သည် "ဝိပါက်အမှန် ဇောအပြန်" ဖြစ်ပုံကိုပြသော သင်္ဂဟပါဠိတို့မည်ပါသည်။

http://www.dhammadownload.com

"တတ္ထာပိ သောမနဿသဟဂတ (ပ) ဥပေက္ခာသဟဂတာနေဝ ဟောန္တိ" ဟူသော သင်္ဂဟပါဠိတို့သည် "ဝိပါက်လည်းအမှန် ဓောလည်းအမှန်" ဖြစ်ပုံကိုပြသော သင်္ဂဟပါဠိတို့ မည်ပါသည်။

ဝိပါက်အမှန် ဓောအပြန်

အကျိုးဝိပါက်တို့သည် ကြေးမုံ၌ထင်သော မျက်နှာရိပ်ကဲ့သို့ အထူးကြံ၍ ယူခြင်းမရှိသောကြောင့် ထင်လာတိုင်းသော ကံအာရုံအားလျော်စွာ အနိဋ္ဌာရုံ၌ အကုသလ ဝိပါက်၊ ဣဋ္ဌာရုံ၌ ကုသလဝိပါက်သာ ဖြစ်ကြပါသည်။ ပြောင်းလွဲဖောက်ပြန်ခြင်း မရှိပါ။ ထို့ကြောင့် "ဝိပါက်အမှန်" ဟုဆိုကြပါသည်။

ကုသိုလ်, အကုသိုလ်ဓောတို့သည်ကား ထင်လာတိုင်းသော အာရုံအားလျော်စွာ ဝေဒနာယှဉ်ခြင်း မဖြစ်နိုင်ဘဲ အတိဣဋ္ဌာရုံ၌လည်း ဥပေက္ခာဓော၊ ဒေါမနဿဓော၊ အနိဋ္ဌာရုံ၌လည်း ဥပေက္ခာဓော၊ သောမနဿဓောစသည်ဖြင့် ဖောက်လွဲဖောက်ပြန် ဝေဒနာယှဉ်ခြင်းဖြစ်သောကြောင့် "ဓောအပြန်" ဟုဆိုကြပါသည်။

ဝိပါက်လည်းအမှန် ဓောလည်းအမှန်

ရဟန္တာပုဂ္ဂိုလ်တို့အား စိတ္တဝိပ္ပလ္လာသမရှိသောကြောင့် ကြိယာဓောတို့သည် ထင်လာသောအာရုံအားလျော်စွာ သောမနဿ၊ ဥပေက္ခာဝေဒနာယှဉ်ခြင်းဖြစ်၍ ထိုကြိယာဓောတို့နှောင် ဖြစ်ကြသော တဒါရုံဝိပါက်စိတ်တို့သည်လည်း သောမနဿသဟဂုတ် ကြိယာဓောနှောင် သောမနဿတဒါရုံ၊ ဥပေက္ခာသဟဂုတ် ကြိယာဓောနှောင် ဥပေက္ခာတဒါရုံ ဖြစ်ကြပါသည်။ ဖောက်လွဲဖောက်ပြန်ခြင်းမရှိပါ။ ထို့ကြောင့် "ဝိပါက်လည်းအမှန် ဓောလည်းအမှန်" ဟုဆိုကြပါသည်။

အာဂန္တုကဘဝင်္ဂဝိထိ

ဒေါမနဿသဟဂုတ်ဓော (၂)ခနှောင် ဥပေက္ခာသဟဂုတ် သန္တီရဏတဒါရုံစိတ် (၂)ပါး၊ မဟာဝိပါက် ဥပေက္ခာတဒါရုံစိတ် (၄)ပါးအားဖြင့် ဥပေက္ခာတဒါရုံ(၆)ပါး ကျန်ပါသည်။

http://www.dhammadownload.com

ထိုဒေါမနဿသဟဂုတ်စောနောင် (ဒေါသစောနောင်) ဘဝင်ကျလျှင်လည်း ဥပေက္ခာဘဝင်တို့သာ ကျရပါသည်။

သာဓကကား ။　။ ဒေါမနဿ (ပ) ဘဝင်္ဂ် ဖြစ်ပါသည်။

တသွာ ယဒိ သောမနဿပဋိသန္ဓိကဿ ဒေါမနဿသဟဂတဇဝနာဝသာနေတဒါ ရမ္မဏသမ္ဘဝေါ နတ္ထိ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ သောမနဿနှင့်ပဋိသန္ဓေနေခဲ့ခြင်း ရှိသောပုဂ္ဂိုလ်၏ ဒေါသစောနောင် တဒါရုံမကျနိုင်ပါ။

ဤသို့ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသစောနောင် တဒါရုံမကျနိုင်ခဲ့သော် အမှတ်မရှိတစ်ခုခုသော ရှေးဦးလွဲကျက်ဖူးသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုကဘဝင်ကိစ္စတပ်လျက် ဖြစ်ပါသည်။

ထိုဥပေက္ခာသဟဂုတ် သန္တီရဏအာဂန္တုက ဘဝင်စိတ်ကို အနန္တရပစ္စည်းပြု၍ ထို အာဂန္တုကဘဝင်စိတ်နောင် သောမနဿဘဝင်ကျပါသည်။

စောနောင် တဒါရုံဖြစ်ပုံပြလင်္ကာ

စောနောင် တဒါရုံဖြစ်ပုံပြလင်္ကာကား....

ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသခြောက်နောက်၊ တဒါခြောက်တည်း၊ ကြိသောနောက်ငါး၊ ကြင်းငြားဆယ့်ရှစ်၊ စောနောင်ဖြစ်သည်၊ ဆယ့်တစ်တဒါရုံ အပေါင်းတည်း-ဖြစ်ပါသည်။

လင်္ကာအရကောက်

"ဥပေက်ကြိယာ၊ ဒေါသာခြောက်နောက်၊ တဒါခြောက်တည်း" အရ... ဥပေက္ခာသဟဂုတ် ကြိယာစော(၄)ခု၊ ဒေါသမူစော (၂)ခု အားဖြင့် ဤစော (၆)ခုနောင် ဥပေက္ခာသဟဂုတ်သန္တီရဏတဒါရုံစိတ် (၂)ပါး၊ မဟာဝိပါက် ဥပေက္ခာတဒါရုံစိတ် (၄)ပါးအားဖြင့် ဥပေက္ခာတဒါရုံ(၆)ပါး ကျနိုင်ပါသည်။

"ကြိသောနောက်ငါး" အရ... ဟသိတုပွါဒ်စိတ်(၁)ပါး၊ မဟာကြိယာသောမနဿသဟဂုတ်စိတ် (၄)ပါးဟုဆိုအပ်သော သောမနဿသဟဂုတ်ကြိယာစော (၅)ခုနောင်သောမနဿသဟဂုတ် သန္တီရဏတဒါရုံစိတ် (၁)ပါး၊ မဟာဝိပါက် သောမနဿတဒါရုံစိတ် (၄)ပါးအားဖြင့် သောမနဿတဒါရုံ (၅)ပါး ကျနိုင်ပါသည်။

http://www.dhammadownload.com

"ကြွင်းကြားဆယ့်ရှစ်၊ ဓောနောင်ဖြစ်သည်၊ ဆယ့်တစ်တဒါရုံ အပေါင်းတည်း" အရ···ဒေါသမူဌေးကြွေသော အကုသိုလ်ဓော(၁၀)ပါး၊ မဟာကုသိုလ်ဓော (၈)ပါးဟူဆို အပ်သော ကြွင်းသောကာမဓော (၁၈)ခုနောင် သန္ဓိရဏတဒါရုံစိတ်(၃)ပါး၊ မဟာဝိပါက် တဒါရုံစိတ် (၈)ပါးအားဖြင့် တဒါရုံ(၁၁)ပါးလုံး ကျန်ခိပါသည်။

တဒါရုံဖြစ်ကြောင်းအင်္ဂါ(၃)ပါး

တဒါရုံကျန်ခိသောအင်္ဂါတို့သည် ကာမဓော၊ ကာမသတ္တဝါ၊ ကာမအာရုံအားဖြင့် (၃)ပါးဖြစ်ပါသည်။ ဤအင်္ဂါ(၃)ပါးနှင့်ပြည့်စုံမှ တဒါရုံကျန်ခိပါသည်။

သာဓကကား ။ ။ တထာ ကာမာဝစရ (ပ) ဣဋ္ဌန္တိတိ ဖြစ်ပါသည်။

တဒါရုံအင်္ဂါပြဂါထာ

ကာမ(၁၁)ဘုံ၌ ကာမဓော၊ ကာမသတ္တဝါ၊ ကာမအာရုံ ဤအင်္ဂါ(၃)ပါးနှင့်ပြည့်စုံခဲ့သည်ရှိသော် ကာမဓောဝါရ၊ မနောဒွါရ၊ ဝိဘူတာရုံဝီထိ၊ ပဋ္ဌဒွါရအတိမဟန္တာရုံဝီထိမျိုး၌ တဒါရုံကျန်ခိပါသည်။

သာဓကကား ။ ။ ကာမေ ဓဝန (ပ) မိရိတံ ဖြစ်ပါသည်။

တဒါရမ္မဏနိယမပြီး၏။

* * * * *

ဓဝနနိယမ

ကာမဓောများစောသောအကြိမ်

ဓော(၅၅)ခုတို့တွင် ကာမာဝစရဓောတို့သည် ပကတိသောအခါ (၇)ကြိမ်သော်လည်းကောင်း၊ (၆)ကြိမ်သော်လည်းကောင်း စောပါသည်။

သာဓကကား ။ ။ ဓဝနေသု စ(ပ) ဓဝန္တိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ပကတိသောအခါဟူသည် ကာမဘုံသားတို့ (လူသားတို့) အနာရောဂါကင်း၍ ကျန်းမာရွှင်လန်းနေသောအခါ စားကောင်းသောက်ဖွယ်များကို သုံးဆောင်စားသောက်ရ၍ အားအင်ပြည့်ဝသောအခါများကို ဆိုလိုသည်။

http://www.dhammadownload.com

နဲ့သည်ဖြစ်၍ဖြစ်ခြင်းကြောင့် (ဝါ) မိုရာဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့် သေခါးနီး ကာလ အစရှိသည်တို့၌ ကာမာဝစရဇောတို့သည် (ဝါ) မရဏာသန္နဇောတို့သည် (၅)ကြွိမ် သာလျှင် စောပါသည်။

သာဓကကား ။ ။ မန္ဒပွဝတ္တိယံ (ပ) မေဝ ဖြစ်ပါသည်။

မရဏကာလဒီသု-၌ အာဒီသဒ္ဒါဖြင့် နတ်ဝင်ပူး၍ လူစိတ်ပျောက်နေစဉ်၊ လွန်လွန် ကြူးကြူး အရက်မူးနေစဉ်၊ သစ်ပင်ပေါ်မှကျစဉ်၊ ရေနှစ်စဉ်၊ ရောဂါဝေဒနာပြင်းထန်စွာခံ စားနေရစဉ်၊ အိမ်မက်မက်နေစဉ်၊ အမိဝမ်း၌ ကိန်းအောင်းနေစဉ် စသော တွေဝေမိန်းမောသော အခါကို ယူရပါသည်။ ထိုသို့ တွေဝေမိန်းမောနေသောအခါ၌လည်း ကာမာဝစရမရဏာသန္န ဇောတို့သည် မိုရာဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့် (၅)ကြွိမ်သာလျှင် စောပါသည်။

မြတ်စွာဘုရား၏ ရေမီးအစရှိသော အစုံစုံသော တန်ခိုးပြာဋိဟာတို့ကို ပြရာ ပြကြောင်းကာလ အစရှိသည်တို့၌ လျင်စွာဖြစ်ခြင်းကြောင့် ပစ္စဝေက္ခဏာဇောစိတ်တို့သည် လေးကြွိမ်, ငါးကြွိမ်စောပါသည်။

သာဓကကား ။ ။ ဘဂဝတော (ပ) ဝဒန္တိ ဖြစ်ပါသည်။

ပစ္စဝေက္ခဏဝီထိ

ပစ္စဝေက္ခဏဝီထိသည် ပထမစျာန် ပစ္စဝေက္ခဏဝီထိ၊ ဒုတိယစျာန် ပစ္စဝေက္ခဏဝီ ထိ၊ တတိယစျာန် ပစ္စဝေက္ခဏဝီထိ၊ စတုတ္ထစျာန် ပစ္စဝေက္ခဏဝီထိ၊ ပဉ္စမစျာန် ပစ္စဝေက္ခ ဏဝီထိအားဖြင့် (၅)ပါးအပြားရှိပါသည်။ ထို(၅)ပါးတို့တွင် ပထမစျာန် ပစ္စဝေက္ခဏဝီထိ သည်လည်း ဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန် ပစ္စဝေက္ခဏာ (၁)ဝီထိ၊ ဝိစာရကိုဆင်ခြင် ခြင်း ပထမစျာန် ပစ္စဝေက္ခဏ(၁)ဝီထိ၊ ပီတိကိုဆင်ခြင်ခြင်း ပထမစျာန် ပစ္စဝေက္ခဏာ (၁)ဝီထိ၊ သုခကိုဆင်ခြင်ခြင်း ပထမစျာန်ပစ္စဝေက္ခဏာ (၁)ဝီထိ၊ ဧကဂ္ဂတာကိုဆင်ခြင် ခြင်း ပထမစျာန်ပစ္စဝေက္ခဏာ(၁)ဝီထိ၊ စျာန်အင်္ဂါ(၅)ပါးအပေါင်းကို ဆင်ခြင်ခြင်း ပထမစျာန် ပစ္စဝေက္ခဏာ (၁)ဝီထိအားဖြင့် (၆)ပါးအပြားရှိပါသည်။

ထို(၆)ပါးတို့တွင် ဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန်ပစ္စဝေက္ခဏဝီထိသည်လည်း ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန်ပစ္စဝေက္ခဏာ (၁)ဝီထိ၊ ခိပ္ပါဘိည

http://www.dhammadownload.com

ပုဂ္ဂိုလ်၏ ဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန်ပစ္စဝေက္ခဏ (၁)ဝီထိအားဖြင့် (၂)ပါးအပြားရှိပါသည်။

ထို(၂)ပါးတို့တွင် ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန်ပစ္စဝေက္ခဏဝီထိဖြစ်ဟန်ကား... ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ပစ္စဝေက္ခဏဓော(၅)ကြိမ်၊ (မဟာကြီယာဉာဏသမ္ပယုတ်ဓော ၄-ပါးကို ဆိုလိုသည်။) ထို့နောင် "ကာမတိဟိတ်" ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

ခီပွါဘိညပုဂ္ဂိုလ်၏ ဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန်ပစ္စဝေက္ခဏဝီထိ ဖြစ်ဟန်ကား... ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဓါရာဝဇ္ဇန်း၊ ပစ္စဝေက္ခဏဓော (၄)ကြိမ်၊ (မဟာကြီယာဉာဏသမ္ပယုတ်ဓော ၄-ပါးကို ဆိုလိုသည်။)-ထို့နောင် "ကာမတိဟိတ်" ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

ပစ္စဝေက္ခဏဝီထိစိတ် အစဉ်ပြလက်ာ

ပစ္စဝေက္ခဏဝီထိ၌ ဝီထိစိတ်အစဉ်ပြလက်ာကား...

"စလနဆွေဒ၊ ဝဇ္ဇန၊ ဇဝနငါးကြိမ်ဟော။

ဒန္ဓာဘိည၊ ပုဂ္ဂလ၊ အရ-ဝီထိပြော။

ခီပွါဘိညာ၊ လေးကြိမ်သာ၊ စောပါပစ္စဝေက္ခဏော။

နောက်နောက်ဈာန်မှာ၊ နည်းတူသာ၊ သေချာညာဏ်ဖြင့်စော။" ဖြစ်ပါသည်။

(ပရမတ္ထသရုပ အနုဝဏ္ဏနာကျမ်း)

ဓမ္မာဓိဋ္ဌာန် ။ ။ ကြွင်းသော ပစ္စဝေက္ခဏဝီထိတို့ကိုလည်း ဤဝိတက်ကိုဆင်ခြင်ခြင်း ပထမစျာန် ပစ္စဝေက္ခဏဝီထိကိုမှီး၍ သိပါ။

မဟဂ္ဂုတ်ဓောစောပုံ

အစဉ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုရှိသောပုဂ္ဂိုလ်အား ရှေးဦးစွာဖြစ်သော အပွနာ၌ မဟဂ္ဂုတ်ဓောတို့သည် (၁)ကြိမ်သာလျှင် စောပါသည်။ အဘိညာဏ်ဓောတို့ကားအခါခပ်သိမ်းလည်း (၁)ကြိမ်သာလျှင် စောပါသည်။

သာဓကကား ။ ။ အာဒိကမ္မိကဿ (ပ) ဘဝင်္ဂပါတော ဖြစ်ပါသည်။

http://www.dhammadownload.com

မဂ်ဧောဖိုလ်ဧော

မဂ်ဧောတို့သည် (၁)ကြိမ်သာလျှင် စောပါသည်။

သာဓကကား ။ ။ စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ ဖြစ်ပါသည်။

မဂ္ဂဝီထိ၌ပါသော ဖိုလ်ဧောတို့သည် ဒန္ဓဘိညပုဂ္ဂိုလ်အား (၂)ကြိမ်စောပါသည်။

ခိပ္ပါဘိညပုဂ္ဂိုလ်အား (၃)ကြိမ်စောပါသည်။ ထို့နောင် ဘဝင်ကျပါသည်။

သာဓကကား ။ ။ တတော ပရံ (ပ) ဘဝင်္ဂပါတော ဖြစ်ပါသည်။

နိရောဓသမာပတ္တိဝီထိ၌ ဧောဖြစ်ပုံ

နိရောဓသမာပတ်ကို ဝင်စားသည်မှ ရှေ့အဖို့ဖြစ်သောတတိယ၌ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား စတုတ္ထအရှုပ နေဝသညာနာသညာယတနကုသိုလ်, ကြိယာဧောတို့သည် (၂)ကြိမ်စောပါသည်။ ထိုနေဝသညာနာသညာယတနကုသိုလ်, ကြိယာဧော(၂)ခု ချုပ်သည်မှ နောက်၌ စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ခြင်းသို့ရောက်ပါသည်။

သာဓကကား ။ ။ နိရောဓသမာပတ္တိကာလေ (ပ) ဖုသတိ ဖြစ်ပါသည်။

နိရောဓသမာပတ်ဝင်စားပုံ အဓိပ္ပါယ်

ထို စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ အခိုက်အတန့်မျှ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်၍နေခြင်းကို နိရောဓသမာပတ်ဝင်စားသည်ဟု ခေါ်ဆိုပါသည်။

နိရောဓသမာပတ်ဝင်းစာနိုင်သောပုဂ္ဂိုလ်

ထိုနိရောဓသမာပတ်ကို အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ပါသည်။

နိရောဓသမာပတ်ကို ကာမဘုံ၌(၁)ကြိမ်ဝင်စားလျှင် (၇)ရက်သာ ဝင်စားနိုင်ပါသည်။

နိရောဓသမာပတ်ဝင်စားခိုက်ပုဂ္ဂိုလ်နှင့် သေသောပုဂ္ဂိုလ်အထူး

နိရောဓသမာပတ်ဝင်စားခိုက်သောပုဂ္ဂိုလ်၌ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သာ ဖြစ်၍နေပါသည်။ သေသောပုဂ္ဂိုလ်၌ ဥတုဇရုပ်သာဖြစ်၍နေပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com

သေသောသူနှင့်
နိရောဓသမာပတ်ဝင်စားသူ အထူးကား

သေသောသူမှာ သခ်ါရသုံးပါးလည်းမရှိ၊ အာယု=အသက်လည်းကုန်၏။ ကမ္မဇ တေဇောလည်း ငြိမ်း၏။ ဣန္ဒြေတို့လည်း ပျက်စီး၏။

နိရောဓသမာပတ်ဝင်စားသူမှာ သခ်ါရသုံးပါးချုပ်၏။ နာမ် ဇီဝိတိန္ဒြေ အသက်သာ ကုန်၏။ ရုပ် ဇီဝိတိန္ဒြေအသက်ကား မကုန်၊ ကမ္မဇတေဇောလည်း မငြိမ်း၊ ဣန္ဒြေလည်း အထူးသဖြင့် ကြည်လင်၏။ ဤသို့ ထူးပါသည်။

နိရောဓသမာပတ်မှ ထပုံအဓိပ္ပါယ်

နိရောဓသမာပတ် ဝင်စားခိုက်၌ အခိုက်အတန့်မျှ ချုပ်၍နေသော စိတ်, စေတသိက်, စိတ္တဇရုပ်တို့ တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာခြင်းကို နိရောဓသမာပတ်မှ ထသည်ဟု ခေါ်ဆိုပါသည်။

နိရောဓသမာပတ်မှ ထသောကာလ၌ အနာဂါမ်ပုဂ္ဂိုလ်၏ (အနာဂါမိဖိုလ်ဇော) ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ဇောတို့သည် (၁)ကြိမ်သာစောပါသည်။ ထို့နောင် ဘဝင် ကျပါသည်။

သာဓကကား ။ ။ ဝုဋ္ဌာနကာလေ ဧ (ပ) ဘဝင်္ဂပါတောဝ ဟောတိ ဖြစ်ပါသည်။

ဥဒ္ဓံစမ်း

နိရောဓသမာပတ် မဝင်စားမီ ရှေ့အဖို့၌ဖြစ်သော ပရမတ္ထတရားကား... စတုတ္ထ အရူပ နေဝသညာနာသညာယတနကုသိုလ်, ကြိယာဇောဖြစ်ပါသည်။ နိရောဓသမာပတ် ဝင်စားခိုက်၌ဖြစ်သော ပရမတ္ထတရားကား ... ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ ဖြစ်ပါသည်။ နိရောဓသမာပတ်မှထသောကာလ၌ဖြစ်သော ပရမတ္ထတရားကား... အနာဂါမ် ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇောတို့ ဖြစ်ပါသည်။

သမာပတ္တိဝီထိ၌ အပွနာဇောအကြိမ်များစွာဖြစ်ပုံ

အလုံးစုံလည်းဖြစ်သော စျာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိတို့၌ ပါသောစျာန် ဇော ဖိုလ်ဇောတို့သည် ဘဝင်၏အလျင်ကဲ့သို့ ဝီထိကို မှတ်ခြင်းမရှိသောကြောင့် အကြိမ်များ စွာစောပါသည်။

http://www.dhammadownload.com

သာဓကကား ။　။ သဗ္ဗတ္ထာဝိ သမာပတ္တိဝိထိယံ (လ) လဇ္ဇန္တိ ဖြစ်ပါသည်။
မှတ်ချက်　။　။ သမာပဇ္ဇနဝိထိနှင့် ဈာနသမာပတ္တိဝိထိ အတူတူဖြစ်သည်။

(၁)ကြိမ်စောသောစောများ

အစဉ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုရှိသောပုဂ္ဂိုလ်အား ရှေးဦးစွာဖြစ်သော အပွနာဒ်၌ မဟဂ္ဂုတ်စော၊ အာဘိညာဏ်စော၊ မဂ်စော၊ နိရောဓသမာပတ်မှ ထသောကာလ၌ အနာဂါမ်ပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်စော၊ ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စောတို့သည် (၁)ကြိမ်သာ စောသောစောတို့မည်ပါသည်။

(၂)ကြိမ်စောသောစောများ

မဂ္ဂဝီထိ၌ပါသော ဒန္ဓာဘိညပုဂ္ဂိုလ်၏ ဖိုလ်စော၊ နိရောဓသမာပတ်ကို ဝင်စားသည်မှ ရှေးအဖို့ဖြစ်သော ကာလ၌ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏ စတုတ္ထအရှုပ နေဝသညာနာသညာယတနကုသိုလ်, ကြိယာစောတို့သည် (၂)ကြိမ်စောသောစောတို့ မည်ပါသည်။

(၃)ကြိမ်စောသောစောများ

မဂ္ဂဝီထိ၌ပါသော ခီဏာဘိညပုဂ္ဂိုလ်၏ ဖိုလ်စောတို့သည် (၃)ကြိမ်စောသောစော တို့မည်ပါသည်။

(၄)ကြိမ်(၅)ကြိမ်စောသောစောများ

မြတ်စွာဘုရား၏ ရေမီးအစရှိသော အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြရာပြကြောင်းကာလ အစရှိသည်တို့၌ လျင်မြန်စွာဖြစ်ခြင်းကြောင့် ပစ္စဝေက္ခဏစောတို့သည် (၄)ကြိမ်၊ (၅)ကြိမ်စောသောစောတို့ မည်ပါသည်။

နံ့သာဖြစ်၍ဖြစ်ခြင်းကြောင့်(၀၊) မိုရာဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့် သေခါနီး ကာလအစရှိသည်တို့၌ဖြစ်သော ကာမာဝစရ မရဏာသန္နစောတို့သည်လည်း (၅)ကြိမ်စော သောစောတို့မည်ပါသည်။

http://www.dhammadownload.com

(၆)ကြိမ်(၇)ကြိမ်စောသောစောများ

ကာမာဝစရစောတို့သည် ပကတိသောအခါ (၆)ကြိမ် (၇)ကြိမ်စောသောစောတို့ မည်ပါသည်။

အကြိမ်များစွာစောသောစောများ

စျာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိတို့၌ပါသော စျာန်စော၊ ဖိုလ်စောတို့သည် ဘဝင်၏အလျင်ကဲ့သို့ ဝီထိကိုမှတ်ခြင်းမရှိသောကြောင့် အကြိမ်များစွာစောသောစောတို့ မည်ပါသည်။

သင်္ဂီဟဂါထာ

သတ္တက္ခတ္တုံ ပရိတ္တာနိ-စသော ဂါထာ၏ဆိုလိုရင်းအဓိပ္ပါယ်ကား... ကာမာဝစရ စောတို့သည် အလွန်အားဖြင့် (၇)ကြိမ်စောပါသည်။

မဂ်စော၊ အဘိညာဏ်စောတို့သည် (၁)ကြိမ်သာစောပါသည်။

မဂ်စော၊ အဘိညာဏ်စောတို့မှ ကြွင်းကုန်သော မဟဂ္ဂုတ်၊ လောကုတ္တရာစောတို့ သည် ထိုက်သည်အားလျော်စွာ အကြိမ်များစွာ စောပါသည်။ ဤသို့သော အဓိပ္ပါယ်ကို ဆိုလိုပါသည်။

သာဓကကား ။ ။ သတ္တက္ခတ္တုံ (၀) ဗဟူနိဝိ ဖြစ်ပါသည်။

ဇဝနိယမပြီးပါပြီ။

* * * * *

ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်တစ်ကျိပ် (၂)ယောက်

ပုဂ္ဂလဘေဒ၌ ပုဂ္ဂိုလ်တစ်ကျိပ် (၂)ယောက်ဟူသော်ကား...

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်ဟု ဆိုအပ်သော ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဟုဆိုအပ်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ် (လ) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ဟုဆိုအပ်သော ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်အားဖြင့် ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်ဖြစ်ပါသည်။

http://www.dhammadownload.com

ပုဂ္ဂိုလ်ပြလင်္ကာ

ဒု, သု, ဒွိ, တိ၊ ယာအရိ ရှစ်၊ ဆယ့်နှစ်ပုဂ္ဂိုလ်ဖြား။
တစ်နည်း... ဒု, သု, ဒွိ, တိ၊ ယာအရိ၊ ပေါင်းဘိ ဒွါဒသ။

ပုဂ္ဂိုလ်စိတ်ရ

ပုဂ္ဂိုလ်ဓာစ်ကျိပ်နှစ်ယောက်တို့တွင် ဒွိဟိစ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် ကာမကြိယာစော (၉)ပါး၊ အပွနာစော (၂၆)ပါးအားဖြင့် (၃၅)ပါးသော ဝိထိစိတ်တို့ကို မရအပ်ပါ။

သာဓကကား ။ ။ ဒုဟေတုကာန (ပ) နှ လဗ္ဘန္တိ ဖြစ်ပါသည်။

ဉာဏ်စမ်း

ဒုဟေတုကာန (လ) နှ လဗ္ဘန္တိ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ ဒွိဟိတ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ယခုဘဝ်၌ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ပွားများအားထုတ်ခဲ့သည်ရှိသော် မရနိုင်ပါ။

သုဂတိဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက် ဉာဏသမ္မယုတ်စိတ် (၄)ပါးတို့ကိုလည်း မရအပ်ပါ။ စ-သဒ္ဒါဖြင့် ကာမကြိယာစော (၉)ပါး၊ အပွနာစော (၂၆)ပါးတို့ကိုလည်း မရအပ်ပါ။

သာဓကကား ။ ။ တထာ ဉာဏသမ္မယုတ္တဝိပါကာနိ စ သုဂတိယံ ဖြစ်ပါသည်။

ဒုဂ္ဂတိဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် (၄)ပါးတို့ကိုလည်း မရအပ်ပါ။ စ-သဒ္ဒါဖြင့် မဟာဝိပါက် ဉာဏသမ္မယုတ်စိတ် (၄)ပါး၊ ကာမကြိယာစော(၉)ပါး၊ အပွနာစော (၂၆)ပါးတို့ကိုလည်း မရအပ်ပါ။

သာဓကကား ။ ။ ဒုဂ္ဂတိယံ (လ) နှ လဗ္ဘန္တိ ဖြစ်ပါသည်။

တိဟိတ်ပုဂ္ဂိုလ် (၉)ယောက်တို့တွင်လည်း ရဟန္တာပုဂ္ဂိုလ်တို့သည် ကုသိုလ်, အကုသိုလ်စောတို့ကိုမရအပ်ပါ။

သာဓကကား ။ ။ တိဟေတုကေသု စ (လ) နှ လဗ္ဘန္တိ ဖြစ်ပါသည်။

http://www.dhammadownload.com

အောက်ဖလင်္ဘန်ပုဂ္ဂိုလ် (၃)ယောက်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကြိယာဓော တို့ကို မရအပ်ပါ။

သာဓကကား ။ ။ တထာ သေက္ခပုထုဇ္ဇနာနံ ကြိယာဇဝနာနိ ဖြစ်ပါသည်။

အောက်ဖလင်္ဘန်ပုဂ္ဂိုလ်(၃)ယောက်တို့သည် ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဝိစိကိစ္ဆာဓောတို့ကိုလည်း မရအပ်ပါ။ စ-သဒ္ဒါဖြင့် ကြိယာဓောတို့ကိုလည်း မရအပ်ပါ။

သာဓကကား ။ ။ ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာ ဇဝနာနိ စ သေက္ခာနံ ဖြစ်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒေါသမူဓောတို့ကိုလည်း မရအပ်ပါ။ စ-သဒ္ဒါဖြင့်ဒိဋ္ဌ-ဂတသမ္မယုတ်စိတ် (၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါး၊ ကြိယာဓောတို့ကိုလည်း မရအပ်ပါ။

သာဓကကား ။ ။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိစ နာ လဇ္ဇန်္တိ ဖြစ်ပါသည်။

လောကုတ္တရာဓော (၈)ခုတို့သည် ထိုက်သည့်အားလျော်စွာ အရိယာပုဂ္ဂိုလ် (၈) ယောက်တို့အားသာလျှင် ကောင်းစွာအသီးသီး ဖြစ်ပါသည်။

သာဓကကား ။ ။ လောကုတ္တရဇဝနာနိ (လ) သမုပ္ပဇ္ဇန်္တိ ဖြစ်ပါသည်။

ဥဇ္ဈာစမ်း

အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိစ နလဇ္ဇန်္တိ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒေါသမူဒွေးကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် အနာဂါမ်ပုဂ္ဂိုလ် ကြီး စိတ်ဆိုးနေသည်ဟူသောစကား မမှန်ပါ။

ယထာရဟ သမုပ္ပဇ္ဇမာနဖြစ်ပုံ

ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန်္တိ-၌ လောကုတ္တရာစိတ်(၈)ခုတို့၏ ယထာ ရဟ သမုပ္ပဇ္ဇမာနဖြစ်ပုံကား... (၀ါ)ထိုက်သည်အားလျော်စွာ ကောင်းစွာအသီးသီးဖြစ်ပုံ ကား... လောကုတ္တရာစိတ် (၈)ခုတို့တွင် သောတာပတ္တိမဂ်စိတ်သည် သောတာပတ္တိမဂ္ဂဖြစ်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။

သကဒါဂါမိမဂ်စိတ်သည် သကဒါဂါမိမဂ္ဂဖြစ်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။

အနာဂါမိမဂ်စိတ်သည် အနာဂါမိမဂ္ဂဖြစ်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။

http://www.dhammadownload.com

အရဟတ္တမဂ်စိတ်သည် အရဟတ္တမဂ္ဂင်္ဘန်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။
သောတာပတ္တိဖိုလ်စိတ်သည် သောတာပတ္တိဖလင်္ဘာန် ပုဂ္ဂိုလ်အားသာဖြစ်ပါသည်။
သကဒါဂါမိဖိုလ်စိတ်သည် သကဒါဂါမိဖလင်္ဘာန်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။
အနာဂါမိဖိုလ်စိတ်သည် အနာဂါမိဖလင်္ဘာန်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။
အရဟတ္တဖိုလ်စိတ်သည် အရဟတ္တဖလင်္ဘာန်ပုဂ္ဂိုလ်အားသာ ဖြစ်ပါသည်။
ဤကား လောကုတ္တရာစိတ်(၈)ခုတို့၏ ယထာရဟ သမုပ္ပဒ္ဓမာနဖြစ်ပုံတည်း။
(၀၊) ထိုက်သည်အားလျော်စွာ ကောင်းစွာအသီးသီးဖြစ်ပုံတည်း။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့အား မရသောဝိထိစိတ်

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမကြိယာဇော(၉)ပါး၊ အပ္ပနာဇော (၂၆)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် (၄၃)ပါးသော ဝိထိစိတ်တို့ကို မရအပ်ပါ။

ရသောဝိထိစိတ် (၃၇)ပါး

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အကုသိုလ်စိတ် (၁၂)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါးအားဖြင့် (၃၇)ပါးသော ဝိထိစိတ်တို့ကို ရအပ်ပါသည်။

သာဓကကား ။ ။ ဒုဟေတုကာနမဟေတုကာနဉ္စ ပနေတ္ထ ကြိယာဇဝနာနိစေဝ အပ္ပနာဇဝနာနိစ နလဗ္ဘန္တိ။ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိစ မဟာဝိပါကာနိ နလဗ္ဘန္တိ ဖြစ်ပါသည်။

ဉာဏ်စမ်းအထူးမှတ်ဖွယ်

ဒုဟေတုကာန မဟေတုကာနဉ္စ (လ) နှ လဗ္ဘန္တိ-ဟူသော သင်္ဂဟပါဠိနှင့် ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ နှ လဗ္ဘန္တိဟူသော သင်္ဂဟပါဠိတို့ကို ထောက်ဆ၍ ခွဲးတစ်ကောင်၏သန္တာန်၌လည်းကောင်း၊ အပါယ်(၄)ဘုံသား ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်းကောင်း ကုသိုလ်စိတ်ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com

ဒွိဟိတ်ပုဂ္ဂိုလ်နှင့် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့ မရသောဝိထိစိတ်

ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမကြိုယာဓော (၉)ပါး၊ အပ္ပနာဓော (၂၆)ပါး၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်(၄)ပါးအားဖြင့် (၃၉)ပါးသော ဝိထိတို့ကို မရအပ်ပါ။

ရသောဝိထိစိတ်

ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အကုသိုလ်စိတ် (၁၂)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်(၄)ပါးအားဖြင့် (၄၁)ပါးသော ဝိထိစိတ်တို့ကို ရအပ်ပါသည်။ သာဓကကထား ။ ။ ဒုဟေတုကာနဉ္စ (လ) သုဂတိယံ ဖြစ်ပါသည်။

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်(၂)မျိုး

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဈာန်မရသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ ဈာန်ရသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အားဖြင့် (၂)မျိုးရှိပါသည်။

ဈာန်မရသောတိဟိတ်ပုဂ္ဂိုလ်ရသောဝိထိစိတ်

ထို(၂)မျိုးတို့တွင် ဈာန်မရသောတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အကုသိုလ်စိတ် (၁၂)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် (၄၅)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

မရသောဝိထိစိတ်

ဈာန်မရသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမကြိုယာဓော(၉)ပါး၊ အပ္ပနာဓော (၂၆)ပါးအားဖြင့် (၃၅)ပါးသောဝိထိစိတ်တို့ကို မရအပ်ပါ။

ဈာန်ရသောတိဟိတ်ပုဂ္ဂိုလ်ရသောဝိထိစိတ်

ဈာန်ရသောတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အကုသိုလ်စိတ် (၁၂)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် (၁၇)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါးအားဖြင့် (၄၄)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

http://www.dhammadownload.com

မရသောဝိထိစိတ်

ဈာန်မရသောတိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ကာမကြိယာဓော(၉)ပါး၊ မဟဂ္ဂုတ် ကြိယာဓော(၉)ပါး၊ လောကုတ္တရာစိတ်(၈)ပါးအားဖြင့် (၂၆)ပါးသောဝိထိစိတ်တို့ကို မရ အပ်ပါ။

သာဓကကား ။ ။ တထာ သေက္ခပုထုဇ္ဇနာနံ ကြိယာဇဝနာနိ ဖြစ်ပါသည်။

သောတာပန်ပုဂ္ဂိုလ် (၂)မျိုး

သောတာပန်ပုဂ္ဂိုလ်သည် ဈာန်မရသော သောတာပန်ပုဂ္ဂိုလ်၊ ဈာန်ရသော သောတာ ပန်ပုဂ္ဂိုလ်အားဖြင့် (၂)မျိုးရှိပါသည်။

ဈာန်မရသော သောတာပန်ရသော ဝိထိစိတ်

ထို(၂)မျိုးတို့တွင် ဈာန်မရသော သောတာပန်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄)ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ် (၁)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် (၁၇)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ သောတာပတ္တိဖိုလ်စိတ် (၁)ပါးအားဖြင့် (၄၁)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

မရသောဝိထိစိတ်

ဈာန်မရသော သောတာပန်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ် (၁)ပါး၊ ကာမကြိယာဓော(၉)ပါး၊ မဟဂ္ဂုတ်ကုသိုလ်ဓော (၉)ပါး၊ မဟဂ္ဂုတ် ကြိယာဓော(၉)ပါး၊ သောတာပတ္တိဖိုလ်စိတ်ကြဉ်သော လောကုတ္တရာစိတ် (၇)ပါးအားဖြင့် (၃၉)ပါးသော ဝိထိစိတ်တို့ကို မရအပ်ပါ။

ဈာန်ရသော သောတာပန်ရသော ဝိထိစိတ်

ဈာန်ရသော သောတာပန်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်(၉)ပါး၊ သောတာပတ္တိဖိုလ်စိတ် (၁)ပါး အားဖြင့် (၅၀)သော ဝိထိစိတ်တို့ကို ရအပ်ပါသည်။

http://www.dhammadownload.com

မရသော ဝိထိစိတ်များ

ဈာန်ရသော သောတာပန်ပုဂ္ဂိုလ်တို့အား ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါး၊ ကာမကြိယာဓော (၉)ပါး၊ မဟဂ္ဂုတ်ကြိယာဓော (၉)ပါး၊ သောတာပတ္တိဖိုလ်ကြဉ်သော လောကုတ္တရာစိတ် (၇)ပါးအားဖြင့် (၃၀) သောဝိထိစိတ်တို့ကို မရအပ်ပါ။

သကဒါဂါမ်ပုဂ္ဂိုလ် (၂)မျိုး

သကဒါဂါမ်ပုဂ္ဂိုလ်သည် ဈာန်မရသောသကဒါဂါမ်ပုဂ္ဂိုလ်၊ ဈာန်ရသောသကဒါဂါမ်ပုဂ္ဂိုလ်အားဖြင့် (၂)မျိုးရှိပါသည်။

ဈာန်မရသော သကဒါဂါမ်ရသော ဝိထိစိတ်များ

ထို(၂)မျိုးတို့တွင် ဈာန်မရသော သကဒါဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဒေါသမူဒ္ဓေး၊ ဉဒ္ဓစ္စသဟဂုတ်စိတ် (၁)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ သကဒါဂါမိဖိုလ်စိတ် (၁)ပါးအားဖြင့် (၄၁)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

မရသောဝိထိစိတ်

ဈာန်မရသော သကဒါဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါး၊ကာမကြိယာဓော(၉)ပါး၊သကဒါဂါမိဖိုလ်စိတ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၃၉)ပါးသော ဝိထိစိတ်တို့ကို မရအပ်ပါ။

ဈာန်ရသကဒါဂါမ်ရသော ဝိထိစိတ်

ဈာန်ရသော သကဒါဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဒေါသမူဒ္ဓေး၊ ဉဒ္ဓစ္စသဟဂုတ်စိတ် (၁)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)ပါး၊ သကဒါဂါမိဖိုလ်စိတ် (၁)ပါးအားဖြင့် (၅၀)သောဝိထိစိတ်တို့ကို ရအပ်ပါသည်။

http://www.dhammadownload.com

မရသောဝိထိစိတ်

ဈာန်ရသော သကဒါဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတသမ္မယုတ်စိတ်(၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါး၊ကာမကြိယာစော(၉)ပါး၊မဟဂ္ဂုတ်ကြိယာစော(၉)ပါး၊သကဒါဂါမိဖိုလ်စိတ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၃၀)သော ဝိထိစိတ်တို့ကို မရအပ်ပါ။

သာဓကကား ။ ။ တထာ သေက္ခပုထုဇ္ဇနာနံ ကြိယဇဝနာနိ၊ ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ၊ လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တီတိ ဖြစ်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်(၂)မျိုး

အနာဂါမ်ပုဂ္ဂိုလ်သည် ဈာန်မရသောအနာဂါမ်ပုဂ္ဂိုလ်၊ ဈာန်ရသောအနာဂါမ်ပုဂ္ဂိုလ် အားဖြင့် (၂)မျိုးရှိပါသည်။

ဈာန်မရ အနာဂါမ်ရသော ဝိထိစိတ်

ထို(၂)မျိုးတို့တွင် ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် (၄)ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် (၁၇)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ အနာဂါမိဖိုလ်စိတ် (၁)ပါးအားဖြင့် (၃၉)ပါးသော ဝိထိစိတ်တို့ကို ရအပ်ပါသည်။

ဈာန်မရ အနာဂါမ်မရသောဝိထိစိတ်

ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါး၊ ကာမကြိယာစော (၉)ပါး၊ မဟဂ္ဂုတ်ကြိယာစော (၉)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စော (၉)ပါး၊ အနာဂါမိဖိုလ်စိတ်ကြဉ်သော လောကုတ္တရာစိတ် (၇)ပါးအားဖြင့် (၄၁)ပါးသောဝိထိစိတ်တို့ကို မရအပ်ပါ။

http://www.dhammadownload.com

ဈာန်ရ အနာဂါမ်ရသောဝိထိစိတ်

ဈာန်ရသော အနာဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတဝိပွယုတ်စိတ်(၄)ပါး၊ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါး၊ဟသိတုပွါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊အနာဂါမိဖိုလ်စိတ်(၁)ပါးအားဖြင့် (၄၈)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

မရသော ဝိထိစိတ်

ဈာန်ရသော အနာဂါမ်ပုဂ္ဂိုလ်အား ဒိဋ္ဌဂတသမ္မယုတ်စိတ် (၄)ပါး၊ ဒေါသမူဒ္ဓေး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် (၁)ပါး၊ ကာမကြိယာဓော (၉)ပါး၊ မဟဂ္ဂုတ်ကြိယာဓော (၉)ပါး၊ အနာဂါမိဖိုလ်ကြဉ်သော လောကုတ္တရာစိတ် (၇)ပါးအားဖြင့် (၃၂)ပါးသောဝိထိစိတ်တို့ကို မရအပ်ပါ။

သာဓကကား ။ ။ (၅၀၊ ၅၁၊ ၅၂၊ ၅၃)

ရဟန္တာပုဂ္ဂိုလ်(၂)မျိုး

ရဟန္တာပုဂ္ဂိုလ်သည် ဈာန်မရသောရဟန္တာပုဂ္ဂိုလ်၊ ဈာန်ရသောရဟန္တာပုဂ္ဂိုလ်အားဖြင့် (၂)မျိုးရှိပါသည်။

ဈာန်မရ ရဟန္တာရသောဝိထိစိတ်

ထို(၂)မျိုးတို့တွင် ဈာန်မရသောရဟန္တာပုဂ္ဂိုလ်အား အဟိတ်စိတ်(၁၈)ပါး၊မဟာဝိပါက်စိတ်(၈)ပါး၊မဟာကြိယာစိတ်(၈)ပါး၊အရဟတ္တဖိုလ်စိတ်(၁)ပါး အားဖြင့် (၃၅)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

မရသောဝိထိစိတ်

ဈာန်မရသော ရဟန္တာပုဂ္ဂိုလ်အား အကုသိုလ်စိတ်(၁၂)ပါး၊မဟာကုသိုလ်စိတ်(၈)ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါး၊အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၄၅)ပါးသောဝိထိစိတ်တို့ကို မရအပ်ပါ။

http://www.dhammadownload.com

ဈာန်ရရဟန္တာရသော ဝိထိစိတ်

ဈာန်ရသော ရဟန္တာပုဂ္ဂိုလ်အား အဟိတ်စိတ်(၁၈)ပါး၊မဟာဝိပါက်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါး၊အရဟတ္တဖိုလ်စိတ်(၁)ပါးအားဖြင့် (၄၄)ပါးသောဝိထိစိတ်တို့ကို ရအပ်ပါသည်။

မရသောဝိထိစိတ်များ

ဈာန်ရသော ရဟန္တာပုဂ္ဂိုလ်အား အကုသိုလ်စိတ်(၁၂)ပါး၊မဟာကုသိုလ်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၃၆)ပါးသောဝိထိစိတ်တို့ကို မရအပ်ပါ။

ပုဂ္ဂိုလ်အလိုက်ရထိုက်သော စိတ်များပြဂါထာ

ရဟန္တာပုဂ္ဂိုလ်တို့အား အဟိတ်စိတ်(၁၈)ပါး၊မဟာဝိပါက်စိတ်(၈)ပါး၊မဟာ ကြိယာစိတ်(၈)ပါး၊မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါး၊အရဟတ္တဖိုလ်စိတ်(၁)ပါးအားဖြင့်(၄၄) ပါးသောဝိထိစိတ်တို့ကို ဖြစ်သင့်သည်အားလျော်စွာ ရအပ်ပါသည်။

သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့အား ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ဒေါသမူဌေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါး၊ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊မဟာကုသိုလ်စိတ် (၈)ပါး၊မဟာဝိပါက်စိတ်(၈)ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊အရဟတ္တဖိုလ်စိတ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၅၆)ပါးသော ဝိထိစိတ်တို့ကို ဖြစ်သင့်သည် အားလျော်စွာ ရအပ်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်တို့အား အကုသိုလ်စိတ်(၁၂)ပါး၊ဟသိတုပ္ပါဒ်ကြဉ် သောအဟိတ်စိတ်(၁၇)ပါး၊မဟာကုသိုလ်စိတ်(၈)ပါး၊မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါးအားဖြင့် (၅၄)ပါးသော ဝိထိစိတ်တို့ကို ဖြစ်သင့်သည်အားလျော် စွာရအပ်ပါသည်။

သာဓကကား။　။ အသေက္ခာနံ စတုစတ္တာလီသ (လ) သမ္ဘဝါ ဖြစ်ပါသည်။

http://www.dhammadownload.com

အသေက္ခာနံ့ စတုစတ္တာလီသ သေက္ခာနမဒ္ဓိသေ- စသော ဂါထာ၌ စတုစတ္တာလီသ အရကား...အဟိတ်ဈိတ်(၁၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟာကြိယာစိတ်(၈)ပါး၊ မဟာရူတ်ကြိယာစိတ်(၉)ပါး၊ အရူဟတ္တဖိုလ်စိတ်(၁)ပါးအားဖြင့် ရဟန္တာပုဂ္ဂိုလ်အားလျော်သော (၄၄)ပါးသော ဝီထိစိတ်တို့ကို ရအပ်ပါသည်။

ဆဝညာသအရကား..... ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟာရူတ်ကုသိုလ်စိတ်(၉)ပါး၊ အရူဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့အား လျော်သော (၅၆)ပါးသော ဝီထိစိတ်တို့ကို ရပါသည်။

စတုပ္ပညာသအရကား..... အကုသိုလ်စိတ်(၁၂)ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်(၁၇)ပါး၊ မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟာရူတ်ကုသိုလ်စိတ်(၉)ပါးအားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်တို့အားလျော်သော (၅၄)ပါးသောဝီထိစိတ်တို့ကို ရပါသည်။

မှတ်ချက် ။ ။ ဤဂါထာ၌ သမ္ဘဝါ-ပုဒ်ကိုထောက်ဆ၍ ဖြေဆိုပါလျှင် ပုဂ္ဂိုလ်အလိုက် အသီးသီး ဖြေဆိုရပါမည်။

ဉာဏ်စမ်းမှတ်ဖွယ်များ

ဥဒ္ဓစ္စသဟဂုတ် မဖြစ်နိုင်သောပုဂ္ဂိုလ်တို့ကား..... မဂ္ဂင္ဌာန်ပုဂ္ဂိုလ်(၄)ယောက်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်ပါသည်။

ဒေါသမူဒွေး မဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကား..... မဂ္ဂင္ဌာန်ပုဂ္ဂိုလ်(၄)ယောက်နှင့် အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ သန္တာန်၌ မဖြစ်နိုင်သော အသောဘနစိတ်ကား... ဒိဋ္ဌဂတသမ္မယုတ်စိတ်(၄)ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါး၊ ဟသိတုပ္ပါဒ်စိတ်(၁)ပါးအားဖြင့် (၆)ပါးဖြစ်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်သော အသောဘနစိတ်ကား...ဒိဋ္ဌဂတသမ္မယုတ်စိတ်(၄)ပါး၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ပါး၊ ဟသိတုပ္ပါဒ်စိတ်(၁)ပါးအားဖြင့် (၈)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ မဖြစ်နိုင်သော အသောဘနစိတ်ကား ဒေါသမူဒွေး ဖြစ်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်သန္တာန်၌သာ မဖြစ်နိုင်သော အသောဘနစိတ်သည် မရှိပါ။

ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်သော အသောဘနစိတ်ကား... အကုသိုလ်စိတ် (၁၂)ပါးဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာ မဖြစ်နိုင်သော အသောဘနစိတ်ကား... ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်(၄)ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်(၁)ပါးအားဖြင့် (၅)ပါးဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ဖြစ်နိုင်သော အသောဘနစိတ်ကား...အဟိတ်စိတ်(၁၈)ပါး ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာ ဖြစ်နိုင်သော အသောဘနစိတ်ကား...ဟသိတုပ္ပါဒ်စိတ်(၁)ပါးဖြစ်ပါသည်။

ပဂ္ဂလဘေဒပြီးပါပြီ။

* * * * *

ဘူမိဝိဘာဂ

ကာမဘုံ၌ရသော ဝိထိစိတ်

ကာမ(၁၁)ဘုံ၌ အလုံးစုံသော မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးကြဉ်သော (၈၀)သော ဝိထိစိတ်တို့ကို ထိုက်သည့်အားလျော်စွာ ရအပ်ပါသည်။ (၈၀)ဟူသော်ကား...

ကာမစိတ်(၅၄)ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊မဟဂ္ဂုတ်ကြိယာစိတ်(၉)ပါး၊ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးအားဖြင့် (၈၀)ဖြစ်ပါသည်။

သာဓကကား။ ။ ကာမာဝစရဘူမိယံ (ပ) မုပလဗ္ဘန္တိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးသည် ဧကန်ဝိထိမုတ်စိတ်ဖြစ်သောကြောင့် ကာမ၊ရူပ၊အရူပဘုံတို့၏ ဝိထိစိတ်အရတွင် မပါဝင်ပါ။

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ပါးကား... သန္တီရဏကိစ္စ၊တဒါရုံကိစ္စတပ်သောအခိုက်၊ မဟာဝိပါက်စိတ်(၈)ပါးကား.... တဒါရုံကိစ္စတပ်သောအခိုက် ဝိထိစိတ်အရ

http://www.dhammadownload.com

တွင်ပါဝင်၍ ၄၄်းစိတ်(၁၀)ပါးကို ပုဂ္ဂလဘေဒနှင့် ဤဘူမိဝိဘာဂတို့၌ ဝီထိမုတ်စိတ်အရ တွင် မထည့်သွင်းရခြင်းဖြစ်ပါသည်။

ရူပဘုံ၌ရသော ဝီထိစိတ်

အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် (၁၀)ပါး၊ဃာနဝိညာဏ်ဒွေး၊ဇိဝှါဝိညာဏ်ဒွေး၊ကာယဝိညာဏ်ဒွေးကြဉ်သော အဟိတ်စိတ် (၁၂)ပါး၊မဟာကုသိုလ်စိတ်(၈)ပါး၊မဟာကြိယာစိတ်(၈)ပါး၊မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး၊ လောကုတ္တရာစိတ်အကျဉ်း(၈)ပါးအားဖြင့် (၆၄)ပါးသော ဝီထိစိတ်တို့ကို ရပါသည်။

သာဓကကား။ ။ ရူပါဝစရဘူမိယံ ပဋိဃဇဝနုတဒါရမ္မဏဝဇ္ဇိတာနိ ဖြစ်ပါသည်။

ရူပဘုံ၌မရနိုင်သော ဝီထိစိတ်

အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ မရနိုင်သော ဝီထိစိတ်တို့သည် ဒေါသမူဒွေး၊ တဒါရုံမဟာဝိပါက်စိတ်(၈)ပါး၊ဃာနဝိညာဏ်ဒွေး၊ဇိဝှါဝိညာဏ်ဒွေး၊ကာယဝိညာဏ်ဒွေး အားဖြင့် (၁၆)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ သဗ္ဗတ္ထာပိ စ တံ တံ ပသာဒရဟိတာနံ-စသော စကားအရ အသည သတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ဃာနပသာဒ၊ဇိဝှါပသာဒ၊ကာယပသာဒ တို့ကို မရသောကြောင့် ထိုဃာန၊ဇိဝှါ၊ကာယပသာဒတို့ကို မှီ၍ ဖြစ်ကုန်သော ဃာနဝိညာဏ်ဒွေး၊ဇိဝှါဝိညာဏ်ဒွေး၊ကာယဝိညာဏ်ဒွေး တို့ကိုလည်း မရခြင်းဖြစ်ပါသည်။

ကေစိဝါဒအလို

ရူပဘုံ၌ရသော ဝီထိစိတ်များ

ကေစိဝါဒအလိုအားဖြင့် အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ဒေါသမူဒွေးကြဉ် သော အကုသိုလ်စိတ်(၁၀)ပါး၊အဟိတ်ကုသလဝိပါက်စက္ခုဝိညာဏ်၊သောတဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊သန္တီရဏစိတ်(၂)ခု၊အဟိတ်ကြိယာစိတ်(၃)ခု၊မဟာကုသိုလ်စိတ်(၈)ခု၊

http://www.dhammadownload.com

မဟာကြွိယာစိတ်(၈)ခု၊မဟာဂျုတ်ကုသိုလ်စိတ်(၉)ခု၊မဟာဂျုတ်ကြွိယာစိတ်(၉)ခု၊လောကုတ္တရာစိတ်(၈)ခုအားဖြင့် (၆၀)သောဝိထိစိတ်တို့ကို ရပါသည်။

ကေစိဝါဒအလို
ရူပဘုံ၌မရနိုင်သော ဝိထိစိတ်များ
(ဋီကာ-ဆဋ္ဌ-နှာ-၁၆၀)

ကေစိဝါဒအလိုအားဖြင့် အသည်းသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ မရနိုင်သော ဝိထိစိတ်တို့သည် ဒေါသမူဒွေး၊တဒါရုံမဟာဝိပါက်စိတ်(၈)ပါး၊အကုသလဝိပါက်စိတ် စက္ခုဝိညာဏ်၊သောတဝိညာဏ်၊သမ္ပဋိစ္ဆိန်း၊သန္တီရဏ၊ဃာနဝိညာဏ်ဒွေး၊ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး အားဖြင့် (၂၀)ဖြစ်ပါသည်။

အရူပဘုံ၌ရသော ဝိထိစိတ်

အရူပ(၄)ဘုံ၌ လောဘမူစိတ်(၈)ပါး၊မောဟမူဒွေး၊မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်စိတ်(၈)ပါး၊မဟာကြွိယာစိတ်(၈)ပါး၊အရူပကုသိုလ်စိတ်(၄)ပါး၊အရူပကြွိယာစိတ်(၄)ပါး၊သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၄၂)ပါးသော ဝိထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ပါသည်။

သာဓကကား ။ ။ အရူပါဝစရဘူမိယံ (ပ) လဗ္ဘန္တိ ဖြစ်ပါသည်။

အရူပဘုံ၌မရနိုင်သော ဝိထိစိတ်

အရူပ(၄)ဘုံ၌ မရနိုင်သော ဝိထိစိတ်တို့သည် ဒွေးပဉ္စဝိညာဏ်(၁၀)၊မနောဓာတ်(၃)ခု၊သန္တီရဏစိတ်(၃)ခု၊မဟာဝိပါက်စိတ်(၈)ပါး၊ဒေါသမူဒွေး၊သောတာပတ္တိမဂ်၊ဟသိတုပ္ပါဒ်၊ရူပကုသိုလ်စိတ်(၅)ပါး၊ရူပကြွိယာစိတ်(၅)ပါးအားဖြင့် (၃၈)ဖြစ်ပါသည်။

မှတ်ချက် ။ ။ အရူပ(၄)ဘုံ၌ ဝတ္ထုရုပ်(၆)ပါးလုံးမရသောကြောင့် ထိုဝတ္ထုရုပ်(၆)ပါးကို ဧကန်မှီ၍ဖြစ်ကုန်သော ဒွေးပဉ္စဝိညာဏ်(၁၀)၊မနောဓာတ်(၃)ခု၊ သန္တီရဏစိတ်(၃)ခု၊မဟာဝိပါက်စိတ်(၈)ခု၊ဒေါသမူဒွေး၊သောတာပတ္တိမဂ်၊ဟသိတုပ္ပါဒ်၊ရူပစိတ်(၁၅)ခုအားဖြင့် (၄၃)ပါးသော ဝိထိစိတ်တို့ကို မရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

ထို(၄၃)ပါးတို့တွင် ရူပဝိပါက်စိတ်(၅)ခုမှာ ဝိထိမုတ်စိတ်အဖြစ်ဖြင့် ပယ်ပြီးဖြစ်သောကြောင့် ရူပစိတ်(၁၅)ပါးလုံး မပယ်ရဘဲ ရူပကုသိုလ်,ကြိယာ(၁၀)ပါးသာပယ်ရပါသည်။

ဟေဋ္ဌိမာရုပ္ပဝဇ္ဈိတာကို ထောက်ဆလျက် အရူပ(၄)ဘုံ၌ရနိုင်သော ဝိထိစိတ်တို့ကို အသီးသီးရေတွက်ပုံ

အရူပ(၄)ဘုံတွင် အာကာသာနဉ္စာယတနဘုံ၌ လောဘမူစိတ်(၈)ပါး၊မောဟမူဒွေး၊ မနောဒ္ဓါရာဝဇ္ဇန်း၊မဟာကုသိုလ်စိတ်(၈)ပါး၊မဟာကြိယာစိတ်(၈)ပါး၊အရူပကုသိုလ်စိတ်(၄)ပါး၊အရူပကြိယာစိတ်(၄)ပါး၊သောတာပတ္တိမဂ်ကြဉ်သောလောကုတ္တရာစိတ်(၇)ပါး အားဖြင့် (၄၂)ပါးသော ဝိထိစိတ်တို့ကို ရပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ လောဘမူစိတ်(၈)ပါး၊မောဟမူဒွေး၊မနောဒ္ဓါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ်(၈)ပါး၊မဟာကြိယာစိတ်(၈)ပါး၊အာကာသာနဉ္စာယတနကုသိုလ်ကြဉ် သော အရူပကုသိုလ်စိတ်(၃)ပါး၊အာကာသာနဉ္စာယတနကြိယာကြဉ်သော အရူပကြိယာစိတ် (၃)ပါး၊ သောတာပတ္တိမဂ်စိတ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၄၀)သော ဝိထိစိတ်တို့ကို ရအပ်ပါသည်။

အာကိဉ္စညာယတနဘုံ၌ လောဘမူစိတ်(၈)ပါး၊မောဟမူဒွေး၊မနောဒ္ဓါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ်(၈)ပါး၊မဟာကြိယာစိတ်(၈)ပါး၊အာကိဉ္စညာယတနကုသိုလ်,ကြိယာ စိတ်(၂)ပါး၊နေဝသညာနာသညာယတနကုသိုလ်,ကြိယာစိတ်(၂)ပါး၊သောတာပတ္တိမဂ် စိတ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၃၈)ပါးသော ဝိထိစိတ်တို့ကို ရအပ် ပါသည်။

နေဝသညာနာသညာယတနဘုံ၌ လောဘမူစိတ်(၈)ပါး၊မောဟမူဒွေး၊မနောဒ္ဓါရာ ဝဇ္ဇန်း၊မဟာကုသိုလ်စိတ်(၈)ပါး၊မဟာကြိယာစိတ်(၈)ပါး၊နေဝသညာနာသညာယတန ကုသိုလ်,ကြိယာစိတ်(၂)ပါး၊သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်(၇)ပါးအားဖြင့် (၃၆)ပါးသော ဝိထိစိတ်တို့ကို ရအပ်ပါသည်။

http://www.dhammadownload.com

ကျမ်းရင်းလာအဓိပ္ပါယ်ရှင်းချက်

သဗ္ဗတ္ထာပိ စ တံ တံ ပသာဒရဟိတာနံ တံ တံ ဒွါရိကဝိထိစိတ္တာနိ နလဇ္ဇန္တေဝ-ဟူသောပါဠိဖြင့် အသည်းသတ်ကြည်သော ရူပ(၁၅)ဘုံ၌ ဃာနပသာဒ၊ဇိဝှါပသာဒ၊ကာယပသာဒ (၃)ပါးတို့ကို မရသောကြောင့် ထိုဃာန၊ဇိဝှါ၊ကာယပသာဒ (၃)ပါးတို့ကို ကောန်မှီ၍ဖြစ်ကုန်သော ဃာနဝိညာဏ်ဒွေး၊ဇိဝှါဝိညာဏ်ဒွေး၊ကာယဝိညာဏ်ဒွေးတို့ကို မရအပ်သည်၏အဖြစ်ကိုလည်းကောင်း၊ အရူပ(၄)ဘုံ၌ ဝတ္ထုရုပ်(၆)ပါးလုံးကို မရသောကြောင့် ထိုဝတ္ထုရုပ်(၆)ပါးကို ကောန်မှီ၍ဖြစ်ကုန်သော ဒွေးပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ်(၃)ခု၊သန္တီရဏ(၃)ခု၊မဟာဝိပါက်စိတ်(၈)ခု၊ဒေါသမူဒွေး၊သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ရူပါဝစရကုသိုလ်,ကြိယာစိတ်(၁၀)ပါးအားဖြင့် (၃၈)ပါးသော ဝိထိစိတ် တို့ကို မရအပ်သည်၏အဖြစ်ကိုလည်းကောင်း ပြပါသည်။

မှတ်ချက်။　　။ ရူပဝိပါက်(၅)ပါးမှာ ကောန်ဝိထိမှတ်ဖြစ်သောကြောင့် မပါဝင်ပါ။

စိတ်မရှိသော ဗြဟ္မာ

အသည်းသတ်ပုဂ္ဂိုလ်တို့အား(အသည်းသတ်ဗြဟ္မာတို့အား)ခပ်သိမ်းသောအခြင်းအရာအားဖြင့် စိတ်တို့ဖြစ်ခြင်းမရှိပါ။

သာဓကကား။　　။ အသည်းသတ်တာနံ ပန သဗ္ဗတ္ထာပိ စိတ္တုပ္ပတ္တိ နတ္ထေဝါတိ-ဖြစ်ပါသည်။

သင်္ဂဟဂါထာ

ကာမ(၁၁)ဘုံ၌ (၈၀)သော ဝိထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ပါသည်။ (၈၀)ဟူသော်ကား... (ရေတွက်ပါ။)

အသည်းသတ်ကြည်သော ရူပ(၁၅)ဘုံ၌ (၆၄)ပါးသော ဝိထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ပါသည်။ (၆၄)ပါးဟူသော်ကား... (ရေတွက်ပါ။)

အရူပ(၄)ဘုံ၌ (၄၂)ပါးသော ဝိထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ပါသည်။ (၄၂)ပါးဟူသော်ကား.... (ရေတွက်ပါ။)

http://www.dhammadownload.com

မှတ်ချက် ။ ။ ဂါထာလာ အသီတိ၊ စတုသဋ္ဌိ၊ ဒွေစတ္တာလီသသန်ဂါတို့၏ သရေယျ အရကို ကောက်ခိုင်းလျှင်လည်း အထက်ပါဆိုခဲ့ပြီးသော နည်းကိုမှီး၍ ကောက်ပါလေ။

နိဝုံးစကား

ပါဠိလျောက် ။ ။ အကြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် (သတ္တဝါတို့သန္တာန်၌) (၆)ဒွါရ၌ဖြစ်သော စိတ်တို့၏ဖြစ်ခြင်းသည် ဖြစ်သင့်သည် အားလျော်စွာ ဘဝင်ခြားအပ်သည်ဖြစ်၍ အသက်ရှည်သမျှကာလပတ်လုံး မပြတ် ဖြစ်၍ နေပါသည်။

သာဓကကား။ ။ ဤစွေဝံ (ပ) ပဝတ္တတိ ဖြစ်ပါသည်။

ဝိထိဝိုင်းသရုပ်ပြီး၏။

* * * * *

http://www.dhammadownload.com

ဝိထိမုတ်ပိုင်း-ဘုံပိုင်း

ဝိထိမုတ်စိတ်မည်ပုံ

ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်(၂)ပါး၊ မဟာဝိပါက်စိတ်(၈)ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ်(၉)ပါးအားဖြင့် ဤ(၁၉)ပါးသောစိတ်တို့သည် ဝိထိစိတ်တို့မှ အလွတ်ဖြစ်သောကြောင့် ဝိထိမုတ်စိတ်တို့မည်ပါသည်။

ဝိထိမုတ်ပိုင်းဟု ခေါ်ဆိုရပုံ

ထိုဝိထိမုတ်စိတ်တို့ဖြစ်ပုံကို ပြဆိုရာအပိုင်းဖြစ်သောကြောင့် ဤအပိုင်းကို ဝိထိမုတ်ပိုင်းဟုခေါ်ပါသည်။

ဘုံပိုင်းဟုလည်း ခေါ်ဆိုရပုံ

ထိုဝိထိမုတ်ပိုင်း၌ ဘုံနှင့်သက်ဆိုင်သော အခန်းများလည်း ကျယ်ဝန်းစွာ ပါရှိသောကြောင့် ဤအပိုင်းကို ဘုံပိုင်းဟုလည်းခေါ်ဆိုပါသည်။

အနုသန္ဓေနှင့် ပဋိညာဉ်

ဝိထိစိတ္တဝေသေနဝံ-အစရှိသော ဤဂါထာသည် အနုသန္ဓေနှင့် ပဋိညာဉ်ကိုပြသော ဂါထာဖြစ်ပါသည်။ ထိုဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကား...ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝိထိစိတ်တို့၏ အစွမ်းဖြင့် ပဝတ္တိအခါ၌ ဝိထိစိတ်တို့၏ဖြစ်ပုံကို ပြဆိုရာဖြစ်သော ပဝတ္တိသင်္ဂဟအမည်ရှိသော ဝိထိသင်္ဂဟကို မိန့်ဆိုပြီး၍ ယခုအခါ၌ ပဋိသန္ဓေအခါ စုတိအခါဝယ် (ပဋိသန္ဓေစိတ်၏ ဖြစ်ပုံကိုပြဆိုရာဖြစ်သော) ပဝတ္တိသင်္ဂဟအမည်ရှိသော ဝိထိမုတ္တသင်္ဂဟကို ဆိုပေအံ့ဟု ဝန်ခံခြင်းဖြစ်ပါသည်။

ပဝတ္တိသင်္ဂဟ(၂)မျိုး

ပဝတ္တိသင်္ဂဟော နာမ-ပါဠိအရ-ပဝတ္တိသင်္ဂဟသည် ပဝတ္တိအခါ၌ ဝိထိစိတ်တို့၏ ဖြစ်ပုံကိုပြသော ပဝတ္တိသင်္ဂဟ(၁)မျိုး၊ပဋိသန္ဓေ,ဘဝင်,စုတိအခါတို့၌ ဝိထိစိတ်တို့၏ ဖြစ်ပုံကိုပြသော ပဝတ္တိသင်္ဂဟ(၁)မျိုးအားဖြင့် (၂)ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ထို(၂)ပါးတို့တွင် ဝိထိသင်္ဂဟသည် ပဋိသန္ဓေကို လွန်ကြာအခါမှစ၍ စုတိအတွင်း၌ ဖြစ်သော စိတ်,စေတသိက်တို့၏ဖြစ်ပုံကို အကျဉ်းချုံး၍ပြရာဖြစ်သောကြောင့်ရှေ့ပဝတ္တိသင်္ဂဟမည်ပါသည်။

ဝိထိမုတ္တသင်္ဂဟသည် ပဋိသန္ဓေအခါ၊ ထိုပဋိသန္ဓေအခါနှင့် နီးကပ်သောစုတိအခါတို့၌ စိတ်, စိတ်စေတသိက်တို့၏ဖြစ်ခြင်းကို အကျဉ်းချုံး၍ပြရာဖြစ်သောကြောင့် နောက်ပဝတ္တိသင်္ဂဟမည်ပါသည်။

စတုက္ကမာတိကာ

စတုက္က(၄)မျိုး

ဝိထိမုတ္တသင်္ဂဟ၌ စတုက္ကတို့သည် (၀ါ)မာတိကာတို့သည် ဘူမိစတုက္က၊ ပဋိသန္ဓိစတုက္က၊ ကမ္မစတုက္က၊ မရဏုပ္ပတ္တိစတုက္က အားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား။ ။ စတသော ဘူမိယော (ပ) ဝေဒိတဗ္ဗာနိ ဖြစ်ပါသည်။

ဘူမိစတုက္က (ဘုံ ၄-မျိုး)

ထို(၄)ပါးသော စတုက္ကတို့တွင် ဘူမိစတုက္က၌ ဘုံတို့သည် အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံအားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား။ ။ တတ္ထ အပါယဘူမိ (ပ) ဘူမိယော နာမ ဖြစ်ပါသည်။

ကာမ(၁၁)ဘုံ၊ အပါယ်(၄)ဘုံ

ထို(၄)ပါးသော ဘုံတို့တွင် အပါယ်ဘုံသည် ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသူရကာယ်ဘုံ အားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ တာသု နိရယော (ပ) ဟောတိ ဖြစ်ပါသည်။

ငရဲကြီး(၈)မျိုး

ထို(၄)ပါးသော ဘုံတို့တွင် ငရဲဘုံသည် သိရိုင်းငရဲ၊ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝင်ငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲအားဖြင့် (၈)ပါးအပြားရှိပါသည်။ ငရဲကြီး(၈)ထပ်ဟူ၍လည်း ခေါ်ပါသည်။

http://www.dhammadownload.com

ငရဲကြီး(၈)ထပ်လက်ံ

သိရိုင်း, ကာလ၊ သံဃာတ၊ နှစ်ဝ ရောရဝါ။
တာပန်နှစ်ရှိ၊ အဝီစိ၊ မှတ်ဘိ ငရဲရွာ - ဖြစ်ပါသည်။

ငရဲ(၈)ထပ်အကွာအဝေး

ထိုငရဲကြီး(၈)ထပ်သည် မြေကြီးမှအောက် ယူဇနာတစ်သောင်းငါးထောင် ရှိသော အရပ်၌ တစ်ထပ်နှင့်တစ်ထပ် ယူဇနာပေါင်း တစ်သောင်းငါးထောင်စီခြားလျက် အဆင့်ဝင့် တည်ရှိပါသည်။

လူပြည်နှင့်အောက်ဆုံးအဝီစိငရဲကြီးသည် ယူဇနာပေါင်းတစ်သိန်းနှစ်သောင်း ကွာဝေးပါသည်။

ငရဲငယ်(၄)မျိုး

ငရဲငယ်သည် ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သံရေပူငရဲ အားဖြင့် (၄)ပါး အပြားရှိပါသည်။

ငရဲငယ်(၄)ထပ်လက်ံ

ဘင် ပြာ လက် သံ၊ အစဉ်ရံ၊ လေးတန် ဥဿဒါ။

မှတ်ချက် ။　။ ငရဲကြီးတစ်ထပ်၌ တစ်မျက်နှာလျှင် ငရဲငယ် (၄)လုံး တည်ရှိသော ကြောင့် (၄)မျက်နှာ၌ ငရဲငယ် (၁၆)လုံးတည်ရှိပါသည်။

ငရဲကြီးရှစ်ထပ်၌ ငရဲငယ်ပေါင်း(၁၂၈)လုံးရှိသည်ဟု ဒေဝဒူတသုတ်၌ မြတ်စွာ ဘုရားဟောတော်မူပါသည်။

တစ်နည်း ငရဲငယ်(၈)ပါး

တစ်နည်း ။　။ ငရဲငယ်သည် မီးပူငရဲ၊ သံပူငရဲ၊ ပြာပူငရဲ၊ ရေပူငရဲ၊ ကြေးနီအိုးငရဲ၊ ဘင်ပုပ်ငရဲ၊ လက်ပံတောငရဲ၊ ကြိမ်ဝိုက်ငရဲအားဖြင့် (၈)ပါးအပြားရှိပါသည်။

http://www.dhammadownload.com

လင်္ကာ

မီး သံ ပြာ ရေ၊ ဤလေးထွေ၊ မှတ်လေတစ်မျိုးသာ။
ကြေး ဘင် လက်ပံ၊ ကြိမ်ပိုက်မှန်၊ ရှစ်တန် ဥဿဒါ။

မှတ်ချက် ။ ။ ငရဲကြီးတစ်ထပ်၌ တစ်မျက်နှာလျှင် ငရဲငယ်(၈)လုံးတည်ရှိသောကြောင့် (၄)မျက်နှာ၌ ငရဲငယ်(၃၂)လုံးတည်ရှိပါသည်။ ငရဲကြီး(၈)ထပ်၌ ငရဲငယ်ပေါင်း (၂၅၆)လုံးရှိသည်ဟု လောကပညတ္တိကျမ်း၌ မိန့်ဆိုပါသည်။

ကာမသုဂတိ(၇)ဘုံ

ကာမသုဂတိဘုံသည် မနုဿဘုံ(လူ့ဘုံ)၊ စာတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တီဘုံအားဖြင့် (၇)ဘုံဖြစ်ပါသည်။

သာဓကကား။ ။ မနုဿာ (ပ) ဟောတိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ထိုကာမသုဂတိ (၇)ဘုံတို့တွင်... ဓမ္မုဒ္ဒါပ်တောင်ကျွန်း၌ နေသောသူတို့သည် မုချအားဖြင့် လူမည်ပါသည်။ ထိုဓမ္မုဒ္ဒါပ်တောင်ကျွန်း၌ နေသောသူတို့နှင့်တူသော အဆင်းသဏ္ဌာန်စသည်ရှိသည်၏အဖြစ်ကြောင့် ကျွန်းငယ်၌နေသောသူတို့သည်လည်းကောင်း၊ တစ်ပါးသောကျွန်းတို့၌ နေသောသူတို့သည်လည်းကောင်း ဥပစာအားဖြင့် လူမည်ပါသည်။

ကာမ(၁၁)ဘုံ

ဤသို့လျှင် အပါယ်(၄)ဘုံ၊ ကာမသုဂတိ(၇)ဘုံတို့ကို ပေါင်းလိုက်သည်ရှိသော် ကာမ(၁၁)ဘုံဖြစ်ပါသည်။

သာဓကကား။ ။ သာ ပနာယ (ပ) ဂစ္ဆတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ရူပ (၁၆) ဘုံ

ပထမစျာန်(၃)ဘုံ

ရူပါဝစရပထမစျာန်ဘုံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံအားဖြင့် (၃)ပါးအဖြားရှိပါသည်။

သာဓကကား။　။ ဗြဟ္မပါရိသဇ္ဇာ (ပ) ပထမဈာနဘူမိ ဖြစ်ပါသည်။

ဒုတိယစျာန်(၃)ဘုံ

ရူပါဝစရဒုတိယစျာန်ဘုံသည် ပရိတ္တာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘာသရာဘုံအားဖြင့် (၃)ပါးအဖြားရှိပါသည်။

သာဓကကား။　။ ပရိတ္တာဘာ (ပ) ဒုတိယဈာနဘူမိ ဖြစ်ပါသည်။

တတိယစျာန်(၃)ဘုံ

ရူပါဝစရတတိယစျာန်ဘုံသည် ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏ္ဏာဘုံအားဖြင့် (၃)ပါးအဖြားရှိပါသည်။

သာဓကကား　။　။ ပရိတ္တသုဘာ (ပ) ဘူမိ ဖြစ်ပါသည်။

စတုတ္ထစျာန်(၇)ဘုံ

ရူပါဝစရစတုတ္ထစျာန်ဘုံသည် ဝေဟပ္ဖလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ(၅)ဘုံအားဖြင့် (၇)ဘုံဖြစ်ပါသည်။

သာဓကကား　။　။ ဝေဟပ္ဖလာ (ပ) စတုတ္ထဈာနဘူမိ ဖြစ်ပါသည်။

ရူပ(၁၆)ဘုံ

ဤသို့လျှင် ပထမစျာန်(၃)ဘုံ၊ ဒုတိယစျာန်(၃)ဘုံ၊ တတိယစျာန်(၃)ဘုံ၊ စတုတ္ထစျာန်(၇)ဘုံတို့ကို ပေါင်းလိုက်သည်ရှိသော် ရူပ(၁၆)ဘုံဖြစ်ပါသည်။

သာဓကကား　။　။ ဣတိ ရူပါဝစရဘူမိ သောဠသဝိဓာ ဟောတိ ဖြစ်ပါသည်။

http://www.dhammadownload.com

သုဒ္ဓါဝါသ (၅)ဘုံ

သုဒ္ဓဝါသဘုံသည် အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌာဘုံအားဖြင့် (၅)ပါး အပြားရှိပါသည်။

သာဓကကား ။ ။ အဝိဟာ (ပ) ဟောတို့ ဖြစ်ပါသည်။

အရူပ(၄)ဘုံ

အရူပဘုံသည် အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံအားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ အာကာသာနဉ္စာ (ပ) ဟောတိုဖြစ်ပါသည်။

ဗြဟ္မာဘုံ (၂၀)

ဤသို့လျှင် ရူပ(၁၆)ဘုံ၊ အရူပ (၄)ဘုံတို့ကို ပေါင်းလိုက်သည်ရှိသော် ဗြဟ္မာဘုံ (၂၀)ဖြစ်ပါသည်။

ဘုံ(၃၁)ဘုံ

ဤသို့လျှင် ကာမ(၁၁)ဘုံ၊ ရူပ (၁၆)ဘုံ၊ အရူပ (၄)ဘုံတို့ကို ပေါင်းလိုက်သည် ရှိသော်(၃၁)ဘုံဖြစ်ပါသည်။

ဧကဝေါကာရ စသည်ခွဲပုံ

ထို(၃၁)ဘုံတို့တွင် အညသတ်ဘုံသည် ရူပက္ခန္ဓာ (၁)ပါးသာရှိသောကြောင့် ဧကဝေါကာရဘုံ မည်ပါသည်။

အရူပဘုံသည် နာမက္ခန္ဓာ(၄)ပါးသာရှိသောကြောင့် စတုဝေါကာရဘုံမည်ပါသည်။

ကာမ(၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံအားဖြင့် ဤ(၂၆)ဘုံသည် ခန္ဓာ(၅)ပါးရှိသောကြောင့် ပဉ္စဝေါကာရဘုံမည်ပါသည်။

သတ္တဝါသဘုံကိုးဝ အရပြုလက်ာ

(၁) သတ္တဝါသ၊ ဘုံကိုးဝ ၊ မှတ်ကြသိစေင့်။

(၂) ဝိနိအသူ၊ နတ်ဘုံလူ၊ မှတ်ယူ နာနတ္တာ။

http://www.dhammadownload.com

(၃) ရူပ ပထမစျာန်၊ ပါယ်လေးတန်၊ နာနံဧကတ္တာ။
(၄) ဒုတိယစျာန်၊ ဘုံသုံးတန်၊ ဧက နာနတ္တာ။
(၅) တတိယ ဝေဟပ္ဖလာ၊ သုဒ္ဓါဝါ၊ ဧကာ ဧကတ္တာ။
(၆) အောက်အရူပစျာန်၊ ဘုံသုံးတန်၊ ထည့်ပြန်ဝိညာဏာ။
(၇) အသညနေဝ၊ ဘုံထည့်က၊ ကိုးဝ သတ္တဝါသာ။
(၈) သတ္တာဝါသ၊ ဘုံကိုးဝ၊ ပြီးထနိဋ္ဌိတာ။

ရှင်းချက် ။ ။ နာနတ္တကာယနာနတ္တသညီဟူသည် ကိုယ်ခန္ဓာလည်းထူး၊ ပဋိသန္ဓေလည်းထူးသော ဘုံဟုဆိုလိုသည်။

နာနတ္တကာယ ဧကတ္တသညီဟူသည် ကိုယ်ခန္ဓာထူး၍ ပဋိသန္ဓေတူသောဘုံဟုဆိုလိုသည်။

ဧကတ္တကာယ နာနတ္တသညီဟူသည် ကိုယ်ခန္ဓာတူ၍ ပဋိသန္ဓေထူးသော ဘုံဟုဆိုလိုသည်။

ဧကတ္တကာယ ဧကတ္တသညီဟူသည် ကိုယ်ခန္ဓာလည်းတူ၍ ပဋိသန္ဓေလည်းတူသောဘုံဟုဆိုလိုသည်။

ဤ(၄)ဘုံနှင့် အရူပ(၃)ဘုံကိုထည့်လျှင် ဝိညာဏဋ္ဌိတိ(၇)ပါးဖြစ်ပါသည်။ ဝိညာဏ်တည်သောဘုံဟူလို။ ၄င်း(၇)ဘုံဝယ် အသညသတ်၊ နေဝသညာဘုံ တို့ကို ပေါင်းထည့်ပြန်လျှင် "သတ္တဝါသဘုံကိုးဝ" ဖြစ်ပါသည်။

သင်္ဂဟဂါထာ

ပုထုဇ္ဇနာန လဗ္ဘန္တိ အစရှိသော ဤ (၂)ဂါထာသည် ဘုံ၌ ပုဂ္ဂိုလ်ရုပ်ကို ပြသော သင်္ဂဟ(၂)ဂါထာဖြစ်ပါသည်။

သုဒ္ဓါဝါသဘုံ၌ မရသောပုဂ္ဂိုလ်နှင့် ရသောပုဂ္ဂိုလ်

သုဒ္ဓါဝါသ(၅)ဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်၊ သောတာပတ္တိမဂ္ဂဌာန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖလဌာန်ပုဂ္ဂိုလ်(သောတာပန်)၊ သကဒါဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ် (သကဒါဂါမ်)၊ အနာဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်အားဖြင့် ပုဂ္ဂိုလ်(၉)ယောက်တို့ကို မရအပ်ပါ။

http://www.dhammadownload.com

သုဒ္ဓါဝါသ(၅)ဘုံ၌ အနာဂါမိဖလဌာန်ပုဂ္ဂိုလ်(အနာဂါမ်)၊အရဟတ္တမဂ္ဂဌာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလဌာန်(ရဟန္တာ)အားဖြင့် ပုဂ္ဂိုလ်(၃)ယောက်ကိုသာရပါသည်။

သာဓကကား ။ ။ ပုထုဇနာ နု လဇ္ဇန္တိ (၀) ပုဂ္ဂလာ ဖြစ်ပါသည်။

အသညသတ်ဘုံ၊ အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ် (၈)ယောက်တို့ကို မရအပ်ပါ။ အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်(၁)ယောက်ကိုသာ ရပါသည်။အပါယ်(၄) ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်(၁)ယောက်ကိုသာရပါသည်။သုဒ္ဓါဝါသ,အပါယ်, အသညသတ်ဘုံတို့မှ ကြွင်းကုန်သော ကာမသုဂတိ(၇)ဘုံ၊ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဗြဟ္မာ(၁၀)ဘုံ၊အရူပ(၄)ဘုံအားဖြင့် ဤ(၂၁)ဘုံတို့၌ အရိယာပုဂ္ဂိုလ်(၈)ယောက်၊ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ကြဉ်သော ပုထုဇဉ်ပုဂ္ဂိုလ်(၃)ယောက်အားဖြင့် (၁၁)ယောက် တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ပါသည်။

သာဓကကား ။ ။ အရိယာ (၀) နုရိယာပိ ၈ ဖြစ်ပါသည်။

ဘုံ၌ပုဂ္ဂိုလ်ရပုံပြသံပေါက်လင်္ကာ

* ပုဂ္ဂိုလ်အပြား၊ ဝါကရား၊ ခြားနားသိစိမ့်ငှာ။
* ဒု သု ဒ္ဂိ တိ၊ ယာအရိ၊ ပေါင်းဘိ ဒွါဒသာ။
* အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရာဘိ တစ်ယောက်သာ။
* လူ, မဟာရာဇ်၊ ဘုံနှစ်ဆစ်၊ ကြဉ်ပစ် ဒုဂ္ဂတာ။
* ဒု, သု, မဝင်၊ တစ်ကျိပ်လျှင်၊ ထက်ခွင်နတ်ဘုံမှာ။
* တိဟိတ် ရိယံ၊ ကိုးယောက်စံ၊ ဆယ့်တန် ဗြဟ္မာရွာ။
* သုဂတိ တစ်၊ ရတုံလစ်၊ ရပ်ပြစ် အသညာ။
* သုဒ္ဓါဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျားအရိယာ။
* မင်္ဂသောတာဖျောက်၊ တိဟိတ်လျောက်၊ ရှစ်ယောက်အရှုပါ။
* ပေါင်း၍မနှေး၊ ဘုံလိုက်မေး၊ တွက်ရေး ဝါကရာ။
* နှစ်ရာ့တစ်ဆယ်၊ လေးယောက်ကယ်၊ ဉာဏ်ကျယ်ခွဲစိပ်ဖြာ။

http://www.dhammadownload.com

လက်ဘသံပေါက် အရကောက်

"ဒု သု ဠိ တိ၊ ယာအရှိ၊ ပေါင်းဘိဒွါဒသာ" အရ… ဒုဂ္ဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၊ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ အရိယာ ပုဂ္ဂိုလ် (၈)ယောက်အားဖြင့် ပုဂ္ဂိုလ် (၁၂)ယောက်တို့ကို ရပါသည်။

"အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရာဘိတစ်ယောက်သာ" အရ… အပါယ်(၄)ဘုံ၌ ဒုဂ္ဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်ကိုသာ ရပါသည်။

"လူ, မဟာရာဇ်၊ ဘုံနှစ်ဆစ်၊ ကြဉ်ပစ် ဒုဂ္ဂတာ" အရ… လူ့ဘုံနှင့် စာတုမဟာရာဇ် (၂)ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ကြဉ်သော ပုဂ္ဂိုလ် (၁၁)ယောက်ကို ရပါသည်။

"ဒု, သု, မဝင်၊ တစ်ကျိပ်လျှင်၊ ထက်ခွင်နတ်ဘုံမှာ" အရ… တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိဟု ဆိုအပ်သော အထက်နတ်ပြည် (၅)ထပ်၌ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် (၈)ယောက်အားဖြင့် ပုဂ္ဂိုလ် (၁၀)ယောက်တို့ကို ရအပ်ပါသည်။

"တိဟိတ်ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန်ဗြဟ္မာ့ရွာ" အရ… ဗြဟ္မပါရိသဇ္ဈာဘုံ မှစ၍ ဧဟပ္ဖိုလ်တိုင်အောင်သော ရူပဗြဟ္မာ (၁၀)ဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် (၈)ယောက်အားဖြင့် ပုဂ္ဂိုလ်(၉)ယောက် တို့ကိုရအပ်ပါသည်။

"သုဂတိတစ်၊ ရတုံလစ်၊ ရပ်ပြစ်အသညာ" အရ… အသညသတ်ဘုံ၌ သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် (၁)ယောက်ကိုသာ ရပါသည်။

"သုဒ္ဓဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျားအရိယာ" အရ… သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်၊ အရဟာတ္တမဂ္ဂဉာန်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်အားဖြင့် အရိယာပုဂ္ဂိုလ်(၃)ယောက် တို့ကိုရပါသည်။

"မင်္ဂသောတာဖျောက်၊ တိဟိတ်လျောက်၊ ရှစ်ယောက်အရှုပါ" အရ… အရှုပ (၄)ဘုံတို့၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ္ဂဉာန်ကြဉ်သော အရိယာပုဂ္ဂိုလ် (၇)ယောက်အားဖြင့် ပုဂ္ဂိုလ်(၈)ယောက်တို့ကို ရပါသည်။

ဘူမိစတုက္ကပြီး၏။

* * * * *

http://www.dhammadownload.com

ပဋိသန္ဓိစတုက္က

ပဋိသန္ဓေ(၄)ပါး

ပဋိသန္ဓိစတုက္ကဌ် ပဋိသန္ဓေ တို့သည် အပါယ်ပဋိသန္ဓေ၊ ကာမသုဂတိပဋိသန္ဓေ၊ ရူပါဝစရပဋိသန္ဓေ၊ အရူပါဝစရပဋိသန္ဓေအားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကထား ။ ။ အပါယပဋိသန္ဓိ (ပ) ပဋိသန္ဓိနာမ ဖြစ်ပါသည်။

အပါယ်ပဋိသန္ဓေ (၁)ပါး

ထို(၄)ပါးသော ပဋိသန္ဓေတို့တွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည် အပါယ်(၄)ဘုံဌဲ့ (ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား) ပဋိသန္ဓေ ဘဝင် စုတိ တို့၏အစွမ်းဖြင့် ဖြစ်ပါသည်။ ဤပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေ မည်ပါသည်။

သာဓကထား ။ ။ တတ္ထ အကုသလ (ပ) ပဋိသန္ဓိနာမ ဖြစ်ပါသည်။

သုဂတိအဟိတ်ပဋိသန္ဓေ (၁)ပါး

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် လူ့ဘုံ, စာတုမဟာရာဇ်ဘုံဟု ဆိုအပ်သော ကာမသုဂတိ(၂)ဘုံတို့ဌဲ့ ပဋိသန္ဓေအားဖြင့် ကန်းသောသူ အာရှိုကုန်သော လူတို့အားလည်းကောင်း၊ ဘုမ္မဇိဝ်းနတ်တို့၏ အလားသာလျှင် အလားရှိခြင်းကြောင့် ဘုမ္မဇိဝ်းနတ်တို့ကို မှီ၍ ဖြစ်ကုန်သော ဝိနိပါတိကအသူရာတို့အားလည်းကောင်း ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကထား ။ ။ ကုသလဝိပါကော (ပ) ပဝတ္တတိ ဖြစ်ပါသည်။

ကာမသုဂတိသဟိတ်ပဋိသန္ဓေ(၈)ပါး

မဟာဝိပါက်စိတ်(၈)ပါးသည် အလုံးစုံလည်းဖြစ်သော ကာမသုဂတိ(၇)ဘုံဌဲ့ သာလျှင် ပဋိသန္ဓေ ဘဝင်စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကထား ။ ။ မဟာဝိပါကာနိ (ပ) ပဝတ္တန္တိ ဖြစ်ပါသည်။

http://www.dhammadownload.com

ကာမသုဂတိပဋိသန္ဓေ(၉)ပါး

ဤသို့လျှင် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၁)ပါး၊ မဟာဝိပါက်စိတ်(၈)ပါးအားဖြင့် ဤ(၉)ပါးသော ပဋိသန္ဓေတို့သည် ကာမသုဂတိပဋိသန္ဓေတို့မည်ပါသည်။

သာဓကကား ။ ။ ဣမာ နဝ ကာမသုဂတိပဋိသန္ဓိယော နာမ ဖြစ်ပါသည်။

ကာမပဋိသန္ဓေ(၁၀)ပါး

ဤသို့လျှင် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး အားဖြင့် ဤ(၁၀)ပါးသော ပဋိသန္ဓေတို့သည် ကာမပဋိသန္ဓေတို့ မည်ပါသည်။ ကာမပဋိသန္ဓေ (၁၀)ဟူ၍လည်း ခေါ်ပါသည်။

သာဓကကား ။ ။ သာ ပနာယံ (ပ) ဂဏ္ဌတိ ဖြစ်ပါသည်။

ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေစသည်ခွဲပုံ

ထိုကာမပဋိသန္ဓေ(၁၀)ပါးတို့တွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေမည်ပါသည်။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် သုဂတိအဟိတ် ပဋိသန္ဓေမည်ပါသည်။ မဟာဝိပါက်စိတ်(၈)ပါးသည် သုဂတိသဟိတ်ပဋိသန္ဓေ မည်ပါသည်။

ကာမပုဂ္ဂိုလ်တို့၏အသက်တမ်း

ထို(၁၀)ပါးသော ပဋိသန္ဓေနှင့်ယှဉ်သော ပုဂ္ဂိုလ်တို့တွင် အပါယ်ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ ဝိနိပါတိကအသူရာတို့အား အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၌ မြဲခြင်းမရှိပါ။

သာဓကကား ။ ။ တေသု (ပ) နတ္ထိ ဖြစ်ပါသည်။

စာတုမဟာရာဇိနတ်တို့၏ သက်တမ်း

လူပြည်၌အနှစ် (၅၀)သည် စာတုမဟာရာဇိနတ်ပြည်၌ တစ်ရက်ဖြစ်ပါသည်။ ၄င်းရက်ပေါင်း (၃၀)သည် တစ်လဖြစ်ပါသည်။ ၄င်း (၁၂)လသည် တစ်နှစ် ဖြစ်ပါသည်။ ၄င်းနှစ်ပေါင်း (၅၀၀)သည် စာတုမဟာရာဇိနတ်တို့၏ အသက်ဖြစ်ပါသည်။

http://www.dhammadownload.com

လူတို့၏အရေအတွက်အားဖြင့် စာတုမဟာရာဇဓနတ်တို့၏ အသက်သည် အနှစ် ကိုးသန်း အတိုင်းအရှည်ရှိပါသည်။

သာဓကကား ။ ။ စာတုမဟာရာဇိကာနံ (ပ) ဟောတိ ဖြစ်ပါသည်။

စာတုမဟာရာဇ်နတ်သက် တွက်ပုံပြဂါထာ

ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနော တဟိ၊
တီသရတ္တိဒိဝေါ မာသော၊ မာသာ ဒွါဒသသံဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။ (ဋီကာကျော်၊ဆဋ္ဌ၊နှာ၊၁၆၆။)

အနက်။ ။ မနုဿာနံ=လူတို့၏။ ယာနိ ပညာသဝဿာနိ=အကြင်အနှစ် ငါးဆယ်တို့သည်။ သန္တိ=ရှိကုန်၏။ တာနိပညာသဝဿာနိ=ထိုအနှစ်ငါးဆယ်တို့သည်။ တဟိ=ထိုစတုမဟာရာဇ်နတ်ပြည်၌။ ဒိနော=တစ်ရက်သည်။ ဟောတိ=ဖြစ်၏။ တီသရတ္တိ ဒိဝေါ=ညဉ့်,နေ့ရက်သုံးဆယ်သည်။မာသော=တစ်လသည်။ဟောတိ=ဖြစ်၏။ ဒွါဒသမာသာ=တစ်ဆယ့်နှစ်လတို့သည်။သံဝစ္ဆရံ=တစ်နှစ်သည်။ဟောတိ=ဖြစ်၏။ တေနသံဝစ္ဆရေန=ထိုနတ်တို့၏နှစ်ဖြင့်။ ဒိဗ္ဗံ=နတ်၌ဖြစ်သော။ ပဉ္စသတံ=အနှစ်ငါးရာသည်။ အာယု=စာတုမဟာရာဇ်နတ်သက်သည်။ ဟောတိ=ဖြစ်၏။ ဣတိ=ဤသို့။ မတံ=သိအပ်၏။ (မေဒိနီဋီကာကျော်နိသျ။ ဒု-တွဲ၊ နှာ။ ၁၈။)

မှတ်ချက် ။ ။ အထက်ပါစာတုမဟာရာဇ်နတ်သက် တွက်ပုံပြဂါထာကို နည်းမှီ၍ တာဝတိံသာ-စသော နောက်နောက် နတ်တို့၏ အသက်ကိုလည်း လေးဆတက်၍ ရေတွက်ပါ။

သချိုင်နည်းဖြင့် စတုမဟာရာဇ်နတ်သက်ကို လူတို့အရေအတွက်ဖြင့် ရေတွက်ပုံ

စာတုမဟာရာဇ်နတ်ပြည်၌ တစ်ရက်လျှင် လူပြည်၌ အနှစ်ငါးဆယ်ကြာ၏။
ထို့ကြောင့် - $\frac{၃၀\times၅၀}{၅}$ = ၁၅၀၀ နှစ်။

စာတုမဟာရာဇ်နတ်ပြည်၌ တစ်လလျှင် လူပြည်၌ နှစ်ပေါင်း (၁၅၀၀)ကြာ၏။

http://www.dhammadownload.com

စာတုမဟာရာဇ်နတ်ပြည်၌ ၁၂-လ $\frac{၁၂\times၁၅၀၀}{၅}$ = ၁၈၀၀၀ နှစ်။

စာတုမဟာရာဇ်နတ်ပြည်၌ တစ်နှစ်လျှင် လူပြည်၌နှစ်ပေါင်း (၁၈၀၀၀)ကြာ၏။

စာတုမဟာရာဇ်နတ်ပြည်၌ နှစ်ပေါင်း ၅၀၀။ $\frac{၅၀၀\times၁၈၀၀၀}{၅}$ = ၉,၀၀၀,၀၀၀ နှစ်။

စာတုမဟာရာဇ်နတ်သက် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးသန်းဖြစ်သည်။

အမှာ ။ ။ ဤသို့သချိုင်္ကနည်းဖြင့် တွက်ယူလိုက်လျှင် စာတုမဟာရာဇ်နတ်တို့၏ နတ်သက် နှစ်ပေါင်းငါးရာသည် လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးသန်း အတိုင်းအရှည်ရှိကြောင်း လွယ်ကူစွာသိရသည်။

ဤသို့ စာတုမဟာရာဇ်နတ်တို့၏ နတ်သက်နှစ်ပေါင်း (၅၀၀)နှင့် ညီမျှသော လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးသန်းကို လေးဆတက်ဟူသည်နှင့်အညီ လေးနှင့် မြောက်လိုက်သော် ရလာဒ်သည် တာဝတိံသာနတ်သက် အနှစ်တစ်ထောင်နှင့်ညီမျှသော လူတို့၏ အရေအတွက် နှစ်ပေါင်းသုံးကုဋေ အနှစ်ခြောက်သန်းကို ရပါသည်။

မှတ်ရန် ။ ။ ကြွင်းသော နတ်တို့ကိုလည်း ဤနည်းအတိုင်းမှတ်ပါ။

တာဝတိံသာနတ်တို့၏ အသက်တမ်း

လူပြည်၌ အနှစ်တစ်ရာသည် တာဝတိံသာနတ်ပြည်၌ တစ်ရက်ဖြစ်ပါသည်။ ၄င်းရက်ပေါင်း (၃၀)သည် တစ်လဖြစ်ပါသည်။ ၄င်း (၁၂)လသည် တစ်နှစ်ဖြစ်ပါသည်။ ၄င်းနှစ်ပေါင်းတစ်ထောင်သည် တာဝတိံသာနတ်တို့၏ အသက်ဖြစ်ပါသည်။ လူတို့၏ အရေအတွက်အားဖြင့် တာဝတိံသာနတ်တို့၏ အသက်သည် အနှစ်သုံးကုဋေ ခြောက်သန်း အတိုင်းအရှည်ရှိပါသည်။

သာဓကကား ။ ။ တတော စတုဂ္ဂုဏော တာဝတိံသာနံ ဖြစ်ပါသည်။

စတုဂ္ဂုဏ်အရ လေးဆတက်ပုံ (ဇီကာ)

လူတို့၏ အနှစ်(၅၀)ဖြင့် နှိုင်းယှဉ်အပ်သော စာတုမဟာရာဇ်နတ်တို့၏ ရက်ကို နှစ်ဆတက်၍ လည်းကောင်း၊ နတ်၌ဖြစ်သော စာတုမဟာရာဇ်နတ်တို့၏ နတ်သက်အနှစ်

http://www.dhammadownload.com

(၅၀၀)ကို နှစ်ဆတက်၍လည်းကောင်း၊ နတ်၌ဖြစ်သော အနှစ် (၁၀၀၀)သည် တာဝတိံသာ နတ်တို့၏ အသက်ဖြစ်ပါသည်။ ဤသို့ ရက်(၂)ဆ၊ နှစ်(၂)ဆတက်သည်၏ အစွမ်းဖြင့် (၄)ဆတက်ခြင်းကို တတော စတုဂ္ဂုဏ်အရ (၄)ဆတက်သည်ဟု ခေါ်ပါသည်။

တစ်နည်း။ ။ လူတို့၏အနှစ်(၅၀)ကို ဝိုင်းခြားသည်၏အစွမ်းဖြင့် ရက်(၂)ဆတက်၍လည်းကောင်း၊ နတ်တို့၏အသက်ဖြစ်သောနှစ်ကို (၂)ဆတက်၍လည်းကောင်း၊ ဤသို့ရက်(၂)ဆ၊ နှစ်(၂)ဆတက်ခြင်းအားဖြင့် တတော စတုဂ္ဂုဏ်အရ (၄)ဆ ဖြစ်ပါသည်။

ယာမာနတ်တို့၏အသက်တမ်း

လူ့ပြည်၌ အနှစ် (၂၀၀)သည် ယာမာနတ်ပြည်၌ တစ်ရက်ဖြစ်ပါသည်။ ၄င်းရက်ပေါင်း (၃၀)သည် တစ်လဖြစ်ပါသည်။ ၄င်း(၁၂)လသည် (၁)နှစ်ဖြစ်ပါသည်။ ၄င်းနှစ်ပေါင်း (၂၀၀၀)သည် ယာမာနတ်တို့၏ အသက်ဖြစ်ပါသည်။ လူတို့၏အရေအတွက်အားဖြင့် ယာမာနတ်တို့၏အသက်သည် အနှစ်(၁၄)ကုဋေ(၄)သန်းအတိုင်းအရှည်ရှိပါသည်။

သာဓကကား ။ ။ တတော စတုဂ္ဂုဏ် ယာမာနံ ဖြစ်ပါသည်။

တုသိတာနတ်တို့၏ အသက်တမ်း

လူ့ပြည်၌ အနှစ် (၄၀၀)သည် တုသိတာနတ်ပြည်၌ (၁)ရက်ဖြစ်ပါသည်။ ၄င်းရက်ပေါင်း(၃၀)သည်(၁)လဖြစ်ပါသည်။၄င်း(၁၂)လသည်(၁)နှစ်ဖြစ်ပါသည်။ ၄င်းနှစ်ပေါင်း(၄၀၀၀)သည် တုသိတာနတ်တို့၏ အသက်ဖြစ်ပါသည်။ လူတို့၏ အရေအတွက်အားဖြင့် တုသိတာနတ်တို့၏ အသက်သည် အနှစ် (၅၇)ကုဋေ(၆)သန်းအတိုင်း အရှည်ရှိပါသည်။

သာဓကကား ။ ။ တတော စတုဂ္ဂုဏ် တုသိတာနံ ဖြစ်ပါသည်။

နိမ္မာနရတိနတ်တို့၏အသက်တမ်း

လူ့ပြည်၌အနှစ်(၈၀၀)သည် နိမ္မာနရတိနတ်ပြည်၌ တစ်ရက်ဖြစ်ပါသည်။ ၄င်းရက်ပေါင်း(၃၀)သည် တစ်လဖြစ်ပါသည်။ ၄င်း(၁၂)လသည်(၁)နှစ်ဖြစ်ပါသည်။ ၄င်းနှစ်ပေါင်း (၈၀၀၀)သည် နိမ္မာနရတိနတ်တို့၏ အသက်ဖြစ်ပါသည်။ လူတို့၏အရေအတွက်

http://www.dhammadownload.com

အားဖြင့် နိမ္မာနရတိနတ်တို့၏အသက်သည်အနှစ်(၂၀၃)ကုဋေ(၄)သန်းအတိုင်းအရှည်ရှိပါသည်။

သာဓကကား ။ ။ တတော စတုဂ္ဂုဏော နိမ္မာနရတီနံ ဖြစ်ပါသည်။

ပရနိမ္မိတဝသဝတ္တီနတ်တို့၏အသက်တမ်း

လူပြည်၌ အနှစ်(၁၆၀၀)သည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ (၁)ရက်ဖြစ်ပါသည်။ ၄င်းရက်ပေါင်း (၃၀)သည် (၁)လဖြစ်ပါသည်။ ၄င်း (၁၂)လသည် (၁)နှစ်ဖြစ်ပါသည်။ ၄င်းနှစ်ပေါင်း (၁၆၀၀၀)သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်ဖြစ်ပါသည်။

သာဓကကား ။ ။ တတော စတုဂ္ဂုဏော ပရနိမ္မိတဝသဝတ္တီနံ ဖြစ်ပါသည်။

လူတို့၏အရေအတွက်အားဖြင့် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်သည် အနှစ်(၉၂၁)ကုဋေ(၆)သန်း အတိုင်းအရှည်ရှိပါသည်။

သာဓကကား ။ ။ နဝသတဋ္ဌေက (ပ) ဝသဝတ္တီသု ဖြစ်ပါသည်။

ဝသဝတ္တီနတ်တို့၏အသက်တမ်းပြဂါထာ

နဝသတဋ္ဌေကဝီသ-အစရှိသောဂါထာသည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏သက်တမ်းကို လူတို့အရေအတွက်အားဖြင့် ရေတွက်ပြသောဂါထာ ဖြစ်ပါသည်။

ရူပပဋိသန္ဓေ(၆)ပါး

ပထမစျာန်ဝိပါက်ပဋိသန္ဓေ

ရူပါဝစရပထမစျာန်ဝိပါက်စိတ်သည် ရူပါဝစရပထမစျာန်(၃)ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကကား ။ ။ ပထမဇ္ဈာနဝိပါကံ (ပ) ပဝတ္တတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ဒုတိယစျာန် တတိယစျာန်ဝိပါက် ပဋိသန္ဓေ

ရူပါဝစရဒုတိယစျာန်ဝိပါက်စိတ်, တတိယစျာန်ဝိပါက်စိတ်တို့သည် ရူပါဝစရ ဒုတိယစျာန်(၃)ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကကား ။ ။ တထာ (ပ) ဒုတိယဈာနဘူမိယံ ဖြစ်ပါသည်။

စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေ

ရူပါဝစရစတုတ္ထစျာန်ဝိပါက်စိတ်သည် ရူပါဝစရတတိယစျာန်(၃)ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကကား ။ ။ စတုတ္ထဈာန ဝိပါကံ တတိယဈာနဘူမိယံ ဖြစ်ပါသည်။

ပဉ္စမစျာန်ဝိပါက်ပဋိသန္ဓေ

ရူပါဝစရပဉ္စမစျာန်ဝိပါက်စိတ်သည် အသညသတ်ကြဉ်သော ရူပစတုတ္ထစျာန်(၆)ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကကား ။ ။ ပဉ္စမဈာနဝိပါကံ စတုတ္ထဈာနဘူမိယံ ဖြစ်ပါသည်။

အရကောက်များ

ပဉ္စမဈာနဝိပါကံ စတုတ္ထဈာနဘူမိယံ-၌ ပဉ္စမဈာနဝိပါကအရ ရူပါဝစရပဉ္စမစျာန် ဝိပါက်စိတ်ကိုယူရပါသည်။

စတုတ္ထဈာနဘူမိယံအရ အသညသတ်ကြဉ်သော ရူပစတုတ္ထစျာန် (၆)ဘုံကိုသာ ယူရပါသည်။ (အသညသတ် စတုတ္ထစျာန်ဘုံကို မယူရပါ။)

မှတ်ချက် ။ ။ ဗြဟ္မာလောကတွင်ပါဝင်သော အဟိတ်ဗြဟ္မာကား အသညသတ် ဗြဟ္မာဖြစ်သည်။ အကြောင်းကား-ယင်းဗြဟ္မာ၏ ပဋိသန္ဓေ ဘဝင် စုတိတို့ကား ရုပ်တရားချည်းသာဖြစ်၍ ရုပ်တရားဟူသည် "သဗ္ဗဥ္ဉုပနေတံ ရူပံ အဟေတုကံ" ကိုထောက်၍ အဟိတ်တရား ဖြစ်သောကြောင့်တည်း။

http://www.dhammadownload.com

ရုပ်ပဋိသန္ဓေ

အသည်းသတ်ပြဟ္မာတို့ကား ဇီဝိတဆက္က၊ ဇီဝိတနဝကကလာပ်ရုပ်သည်သာလျှင် ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

သာဓကကား။ ။ အသည်းသတ္တာနံ (ပ) နိရုဇ္ဈတိဖြစ်ပါသည်။

မှတ်ချက် ။ ။ ရူပပဋိသန္ဓေတို့တွင် (၆)ခုမြောက်ဖြစ်၍ ဇီဝိတဆက္ကဟုဆိုသည်။ ဇီဝိတ ဦးဆောင်သော ရုပ်(၉)ခုတို့၏ အပေါင်းဖြစ်၍ ဇီဝိတနဝကကလာပ်ရုပ်ဟု ဆိုသည်။

ရူပပဋိသန္ဓေ(၆)ပါး

ဤသို့လျှင် ရူပါဝစရဝိပါက်စိတ်(၅)ပါး၊ ဇီဝိတဆက္က၊ ဇီဝိတနဝကကလာပ်ရုပ်(၁)ပါးအားဖြင့် ဤ(၆)ပါးသော ပဋိသန္ဓေတို့သည် ရူပါဝစရပဋိသန္ဓေတို့ မည်ပါသည်။

သာဓကကား။ ။ ဣမာ ဆ ရူပါဝစရပဋိသန္ဓိယော နာမ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ရူပါဝစရပဋိသန္ဓေဟု မေးလျှင် (၆)ပါးဖြေရ၍ ရူပါဝစရပဋိသန္ဓေစိတ်ဟု မေးလျှင်(၅)ပါးဖြေရမည်။

သုဂတိအဟိတ်ပုဂ္ဂိုလ် (၂)ယောက် အထူး

မနုဿဘုံ,စတုမဟာရာဇ်ဘုံဟုဆိုအပ်သော ကာမသုဂတိ (၂)ဘုံ၌ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေပါသည်။

အသည်းသတ်ဘုံ၌ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ဇီဝိတဆက္က၊ ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေပါသည်။ ဤသို့ထူးပါသည်။

ဥဏှစမ်း

"အသည်းသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ၊ တထာ တတော ပရံ ပဝတ္တိယံ စဝနကာလေ စ ရူပမေဝ ပဝတ္တိတ္တာ နိရုဇ္ဈတိ" ဟူသော သင်္ဂီဟပါဠိကို ထောက်၍ နာမ်ပဋိသန္ဓေ, နာမ်ဘဝင်, နာမ်စုတိများရှိသကဲ့သို့ ရုပ်ပဋိသန္ဓေ,ရုပ်ဘဝင်, ရုပ်စုတိများလည်း ရှိပါသည်။

http://www.dhammadownload.com

ရူပပုဂ္ဂိုလ်တို့ အသက်တမ်း
ပထမစျာန်ဗြဟ္မာတို့ အသက်တမ်း

ထို(၆)ပါးသောပဋိသန္ဓေနှင့်ယှဉ်သော ပုဂ္ဂိုလ်တို့တွင် ဗြဟ္မပါရိသဇ္ဇာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အသင်္ချေယျကပ်၏ (၃)ဘို့ (၁)ဘို့ ဖြစ်ပါသည်။

သာဓကကား ။ ။ တေသုဗြဟ္မပါရိသဇ္ဇာနံ (ပ) အာယုပ္ပမာဏံ ဖြစ်ပါသည်။

ဗြဟ္မပုရောဟိတာဘုံ

ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်သည် အသင်္ချေယျကပ်ထက်ဝက် ဖြစ်ပါသည်။

သာဓကကား ။ ။ ဗြဟ္မပုရောဟိတာနံ ဥပဓုကပ္ပေါ ဖြစ်ပါသည်။

မဟာဗြဟ္မာဘုံ

မဟာဗြဟ္မာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် အသင်္ချေယျကပ်(၁)ကပ် ဖြစ်ပါသည်။

သာဓကကား ။ ။ မဟာဗြဟ္မာနံ ဧကောကပ္ပေါ ဖြစ်ပါသည်။

ပရိတ္တာဘာဘုံ
ဒုတိယစျာန်ဗြဟ္မာတို့၏ အသက်တမ်း

ပရိတ္တာဘာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ်(၂)ကပ်ဖြစ်ပါသည်။

သာဓကကား ။ ။ ပရိတ္တာဘာနံ ဒွေကပ္ပါနိ ဖြစ်ပါသည်။

အပ္ပမာဏာဘာဘုံ

အပ္ပမာဏာဘာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ်(၄)ကပ် ဖြစ်ပါသည်။

သာဓကကား ။ ။ အပ္ပမာဏာဘာနံ စတ္တာရိကပ္ပါနိ ဖြစ်ပါသည်။

http://www.dhammadownload.com

အာဘာသရာဘုံ

အာဘာသရာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ်(၈)ကပ်ဖြစ်ပါသည်။

သာဓကကား ။ ။ အာဘာသရာနံ အဋ္ဌကပ္ပါနိ ဖြစ်ပါသည်။

တတိယစျာန် ဗြဟ္မာတို့၏အသက်တမ်း

ပရိတ္တသုဘာဘုံ

ပရိတ္တသုဘာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၁၆)ကပ်ဖြစ်ပါသည်။

သာဓကကား ။ ။ ပရိတ္တသုဘာနံ သောဠသကပ္ပါနိ ဖြစ်ပါသည်။

အပ္ပမာဏသုဘာဘုံ

အပ္ပမာဏသုဘာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ်(၃၂)ကပ်ဖြစ်ပါသည်။

သာဓကကား ။ ။ အပ္ပမာဏသုဘာနံ ဒ္ဝတ္တိံသ ကပ္ပါနိ ဖြစ်ပါသည်။

သုဘကိဏ္ဏာဘုံ

သုဘကိဏ္ဏာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ်(၆၄)ကပ် ဖြစ်ပါသည်။

သာဓကကား ။ ။ သုဘကိဏ္ဏာနံ စတုသဋ္ဌိကပ္ပါနိ ဖြစ်ပါသည်။

စတုတ္ထစျာန်ဗြဟ္မာတို့အသက်တမ်း

ဝေဟပ္ဖလ်ဘုံ အသညသတ်ဘုံ

ဝေဟပ္ဖလ်ဘုံ, အသညသတ်ဘုံတို့၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၅၀၀) ဖြစ်ပါသည်။

သာဓကကား ။ ။ ဝေဟပ္ဖလာနံ အသညသတ္တာနဉ္စ ပဉ္စကပ္ပသတာနိ ဖြစ်ပါသည်။

http://www.dhammadownload.com

သုဒ္ဓါဝါသဗြဟ္မာတို့၏အသက်တမ်း

အဝိဟာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၁၀၀၀)ဖြစ်ပါသည်။

သာဓကကား ။ ။ အဝိဟာနံ ကပ္ပသဟဿာနိ ဖြစ်ပါသည်။

အတပ္ပါဘုံ

အတပ္ပါဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၂၀၀၀) ဖြစ်ပါသည်။

သာဓကကား ။ ။ အတပ္ပါနံ ဒ္ဝေကပ္ပသဟဿာနိ ဖြစ်ပါသည်။

သုဒဿာဘုံ

သုဒဿာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၄၀၀၀) ဖြစ်ပါသည်။

သာဓကကား ။ ။ သုဒဿာနံ စတ္တာရိ ကပ္ပသဟဿာနိ ဖြစ်ပါသည်။

သုဒဿီဘုံ

သုဒဿီဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၈၀၀၀) ဖြစ်ပါသည်။

သာဓကကား ။ ။ သုဒဿီနံ အဋ္ဌကပ္ပသဟဿာနိ ဖြစ်ပါသည်။

အကနိဋ္ဌာဘုံ

အကနိဋ္ဌာဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၁၆၀၀၀)ဖြစ်ပါသည်။

သာဓကကား ။ ။ အကနိဋ္ဌာနံ သောဠသ ကပ္ပသဟဿာနိ ဖြစ်ပါသည်။

အာရုပ္ပပဋိသန္ဓေ(၄)ပါး

အာကာသာနဉ္စာယတနဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

http://www.dhammadownload.com

ဝိညာနဉ္စာယတနဝိပါက်စိတ်သည် ဝိညာနဉ္စာယတနဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏အစွမ်းဖြင့် ဖြစ်ပါသည်။

အာကိဉ္စညာယတနဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

နေဝသညာနာသညာယတနဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အစွမ်းဖြင့် ဖြစ်ပါသည်။

ဤ(၄)ပါးသော ပဋိသန္ဓေတို့သည် အရူပပဋိသန္ဓေတို့ မည်ပါသည်။

သာဓကကား ။ ။ ပဌမာရုပ္ပါဒိဝိပါကာနိ (ပ) ပဋိသန္ဓိယော နာမ ဖြစ်ပါသည်။

အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

ထို(၄)ပါးသော ပဋိသန္ဓေနှင့်ယှဉ်သော ပုဂ္ဂိုလ်တို့တွင် အာကာသာနဉ္စာယတနဘုံသို့ကပ်၍ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၂၀၀၀၀) ဖြစ်ပါသည်။

သာဓကကား ။ ။ တေသု အာကာသာနဉ္စာယတနူပဂါနံ (ပ) အာယုပ္ပမာဏံ ဖြစ်ပါသည်။

ဝိညာနဉ္စာယတနဘုံသို့ ကပ်၍ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၄၀၀၀၀)ဖြစ်သည်။

သာဓကကား ။ ။ ဝိညာဏဉ္စာယတနူပဂါနံ (ပ) သဟဿာနိဖြစ်ပါသည်။

အာကိဉ္စညာယတနဘုံသို့ ကပ်၍ဖြစ်ကုန်သော ဗြဟ္မာတို့၏- အသက်အတိုင်းအရှည်သည် မဟာကပ် (၆၀၀၀၀)ဖြစ်ပါသည်။

သာဓကကား ။ ။ အာကိဉ္စညာယတနူပဂါနံ (ပ) သဟဿာနိ ဖြစ်ပါသည်။

နေဝသညာနာသညာယတနဘုံသို့ ကပ်၍ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် (၈၄၀၀၀) ဖြစ်ပါသည်။

သာဓကကား ။ ။ နေဝသညာနာသညာယတနူပဂါနံ (ပ) သဟဿာနိဖြစ်ပါသည်။

http://www.dhammadownload.com

တစ်ဘဝ၌ တူမြဲတရားသုံးပါးပြဂါထာ

"ပဋိသန္ဓိဘဝင်္ဂ" အစရှိသော ဤဂါထာသည် တစ်ဘဝ၌ တူမြဲတရားသုံးပါးကို ပြသောဂါထာဖြစ်ပါသည်။

သတ္တဝါတစ်ဦးတစ်ယောက်၏ တစ်ခုသောဘဝ၌ တူမြဲတရားသုံးပါးကား... ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် ဖြစ်ပါသည်။

သာဓကကား ။ ။ ပဋိသန္ဓိဘဝင်္ဂ (ပ) ဇာတိယံ ဖြစ်ပါသည်။

ဂါထာဆိုရိုး

ထိုဂါထာ၏ဆိုလိုရင်း အဓိပ္ပါယ်ကား... တစ်ခုသောဘဝ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ဘူမိ, ဇာတိ, သမ္ဘယုတ္တဓမ္မ, သခ်ါရအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း တူကြသည်ဟု ဆိုလိုပါသည်။

ဘုံအားဖြင့်တူပုံ

'ပဋိသန္ဓိဘဝင်္ဂ တထာ စဝနမာနသံ' ဟူသောဂါထာအရ တစ်ခုသော ဘဝ၌ ပဋိန္ဓေ ဘဝင် စုတိစိတ်တို့၏ ဘုံအားဖြင့် တူပုံကား... ပဋိသန္ဓေစိတ်သည် ကာမပဋိသန္ဓေ ဖြစ်အံ့၊ ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း ကာမဘဝင်,ကာမစုတိစိတ်တို့ ဖြစ်ရပါ သည်။ ဤကား ဘုံအားဖြင့် တူပုံတည်း။

ဇာတ်အားဖြင့်တူပုံ

တစ်ခုသောဘဝ၌ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့၏ ဇာတ်အားဖြင့်တူပုံကား... ပဋိသန္ဓေစိတ်သည် မဟာဝိပါက်ပဋိသန္ဓေဖြစ်အံ့-ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း မဟာဝိပါက်ဘဝင်,မဟာဝိပါက်စုတိစိတ်တို့ ဖြစ်ရပါသည်။ ဤကား ဇာတ်အားဖြင့် တူပုံတည်း။

သမ္ဘယုတ္တဓမ္မအားဖြင့်တူပုံ

တစ်ခုသောဘဝ၌ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့၏ သမ္ဘယုတ္တဓမ္မအားဖြင့် တူပုံကား ပဋိသန္ဓေစိတ်သည် မဟာဝိပါက်ဉာဏသမ္ပယုတ်ဖြစ်၍ စေတသိက်(၃၃)ပါးနှင့်

http://www.dhammadownload.com

ယှဉ်သည်ဖြစ်အံ့၊ ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း မဟာဝိပါက်ဉာဏသမ္မယုတ်ဖြစ်၍ စေတသိက် (၃၃)ပါး ယှဉ်ရပါသည်။ ဤကား သမ္မယုတ္တဓမ္မအားဖြင့် တူပုံတည်း။

သခ်ါရအားဖြင့် တူပုံ

တစ်ခုသောဘဝ၌ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့၏ သခ်ါရအားဖြင့် တူပုံကား... ပဋိသန္ဓေစိတ်သည် မဟာဝိပါက် ဉာဏ်သမ္မယုတ် အသခ်ါရိကဖြစ်အံ့၊ ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း မဟာဝိပါက် ဉာဏသမ္မယုတ် အသခ်ါရိကဘဝင်, မဟာဝိပါက် ဉာဏသမ္မယုတ် အသခ်ါရိက စုတိတို့ ဖြစ်ရပါသည်။ ဤကား... ပဋိသန္ဓေ,ဘဝင်,စုတိတို့၏ သခ်ါရအားဖြင့် တူပုံတည်း။

အာရုံအားဖြင့် တူပုံ

တစ်ခုသောဘဝ၌ ပဋိသန္ဓေ,ဘဝင်,စုတိတို့၏ အာရုံအားဖြင့် တူပုံကား..., ပဋိသန္ဓေစိတ်သည် ကံ,ကမ္မနိမိတ်,ဂတိနိမိတ်(၃)ပါးတို့တွင် ကံနိမိတ်ကို အာရုံပြုသည်ဖြစ်အံ့၊ ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း ကံနိမိတ်ကို အာရုံပြုရပါသည်။ ဤကား... အာရုံအားဖြင့် တူပုံတည်း။

မှတ်ချက်။　။ ပဋိသန္ဓိဘဝင်္ဂ-၌ ဘဝင်အရတွင် မပါဝင်သော ဘဝင်စိတ်ကား... ဒေါမနဿဝီထိ၌ပါသော အာဂန္တုကဘဝင်စိတ် ဖြစ်ပါသည်။

အကြောင်းကား -၄င်းအာဂန္တုက ဘဝင်စိတ်သည် (ကံ,ကမ္မနိမိတ်,ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးကို အာရုံမပြုဘဲ) ရှေး၌ လေ့ကျက်ဖူးသော ကာမတရားကိုသာ အာရုံပြုသောကြောင့် ဖြစ်ပါသည်။

ပဋိသန္ဓိစတုက္ကပြီး၏။

* * * * *

http://www.dhammadownload.com

ကမ္မစတုက္ကံ

ကဲ့ (၄)ပါး (၄)လီ
(ကိစ္စအားဖြင့် ကဲ့ ၄-ပါး)

ကမ္မစတုက္ကံ၌ ကဲ့တို့သည် ကိစ္စ၏အစွမ်းအားဖြင့် ဧနကဲ့၊ ဥပတ္ထမ္ဘကဲ့၊ ဥပဝိဋ္ဌကဲ့၊ ဥပဃာတကဲ့အားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဧနကဲ့ (ပ) ကိစ္စဝသေန ဖြစ်ပါသည်။

ထို (၄)ပါးသောကဲ့တို့တွင် ပဋိသန္ဓေဝိပါက် ကဋတ္တာရုပ်ကိုဖြစ်စေတတ်သောကဲ့သည် ဧနကဲ့ မည်ပါသည်။

ထောက်ပံ့ခိုင်စေတတ်သောကဲ့သည် ဥပတ္ထမ္ဘကဲ့ မည်ပါသည်။

ကပ်၍နှိပ်စက်တတ်သောကဲ့သည် ဥပဝိဋ္ဌကဲ့ မည်ပါသည်။

ကပ်၍သတ်တတ်သောကဲ့သည် ဥပဃာတကဲ့ မည်ပါသည်။

ပါကဒါနအားဖြင့် ကဲ့(၄)ပါး

တစ်နည်း ။ ။ ကဲ့တို့သည် ပါကဒါနပရိယာယအားဖြင့် (ဝါ)အကျိုးပေးသောအစဉ်ဖြင့် ဂရုကဲ့၊ အာသန္နကဲ့၊ အာစိဏ္ဏကဲ့၊ ကဋတ္တာကဲ့အားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဂရုကဲ့ (ပ) ပါကဒါနပရိယာယေန ဖြစ်ပါသည်။

ထို(၄)ပါးသောကဲ့တို့တွင် လေးသောကဲ့သည် ဂရုကဲ့မည်ပါသည်။

သေခါနီးကာလ၌ အောက်မေ့အပ် ပြုအပ်သောကဲ့သည် အာသန္နကဲ့မည်ပါသည်။

မပြတ်လေ့ကျက်အပ်သော ကဲ့သည် အာစိဏ္ဏကဲ့မည်ပါသည်။

အကျိုးပေးကာမျှဖြစ်သောကဲ့သည် ကဋတ္တာကဲ့ မည်ပါသည်။

ပါကကာလအားဖြင့် ကဲ့ (၄)ပါး

တစ်နည်း ။ ။ ကဲ့တို့သည် ပါကကာလအားဖြင့် (ဝါ)အကျိုးပေးရာကာလ၏အစွမ်းဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကဲ့၊ ဥပပဇ္ဇဝေဒနီယကဲ့၊ အပရာပရိယဝေဒနီယကဲ့၊ အဟောသိကံ အားဖြင့်(၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဒိဋ္ဌဓမ္မဝေဒနီယံ (ပ) စတ္တာရိကမ္မာနိ နာမ ဖြစ်ပါသည်။

http://www.dhammadownload.com

ထို(၄)ပါးသောက်တို့တွင် မျက်မှောက်သောကိုယ်၏အဖြစ်၌ အကျိုးပေးခြင်း လက္ခဏာရှိသောကံသည် (ပထမဇော စေတနာသည်) ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပါသည်။

(၂)ခုမြောက်သောဘဝ၌ အကျိုးပေးခြင်း လက္ခဏာရှိသောကံသည် (သတ္တမဇော စေတနာသည်) ဥပပဇ္ဇဝေဒနီယကံမည်ပါသည်။

(၃)ခုမြောက်သောဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးခြင်း လက္ခဏာရှိသောကံသည် (အလယ်ဇော ၅-ချက် စေတနာသည်) အပရာပရိယဝေဒနီယကံမည်ပါသည်။

အကျိုးပေးပြီးသည်လည်းမဟုတ်၊ ပေးလတ္တံ့လည်းမဟုတ်၊ ဖြစ်ပြီးသည်သာလျှင်ကံမည်သောကံသည် (ဇောစေတနာ ၇-ခုသည်) အဟောသိကံမည်ပါသည်။

ဇော(၇)ချက်ဖြင့်ပိုင်းပုံ

ဒိဋ္ဌဓမ္မစသောကံ(၄)ပါးကို ဇော(၇)ချက်ဖြင့် ပိုင်းခြားပုံကား ဇော(၇)ချက်တို့တွင် ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်ပါသည်။

သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်ပါသည်။

အလယ်ဇော (၅)ချက်စေတနာသည် အပရာပရိယဝေဒနီယကံ မည်ပါသည်။

ရှေးကံ(၃)ပါးတို့ဖြင့် အကျိုးမပေးသော (ရှေးကံ ၃-ပါး တို့၏အကျိုးပေးရာကာလကို လွန်၍ဖြစ်သော) ဇောစေတနာ(၇)ခုသည် အဟောသိကံမည်ပါသည်။

လက်ံကား ။ ။ ဒိဋ္ဌဓမ္မ ပထမသာ၊ ဥပပဇ္ဇ သတ္တမပါ။
အဟောသိက၊ လွန်ထ စေတနာ။
လယ်ဇောငါး၊ မှတ်သားအပရာ- ဖြစ်ပါသည်။

ပါကဋ္ဌာနအားဖြင့် ကံ(၄)ပါး

တစ်နည်း ။ ။ ကံတို့သည် ပါကဋ္ဌာနအားဖြင့် (၀၊)အကျိုးပေးရာ ဘုံဌာန၏အစွမ်းဖြင့် အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ၊ အရူပါဝစရကုသိုလ်ကံအားဖြင့် (၄)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ တထာ အကုသလံ (ပ) ပါကဋ္ဌာနဝသေန ဖြစ်ပါသည်။

http://www.dhammadownload.com

ကာမကုသိုလ်က် အကုသိုလ်က် (၂၀)

အကုသိုလ်က် (၃)ပါး

အကိုးပေးရာ ဘုံဌာန၏ အစွမ်းဖြင့်ပြားသော ထို(၄)ပါးသောက်တို့တွင် အကုသိုလ်က်သည် ကမ္မဒ္ဒါရုဏ်၏ အစွမ်းဖြင့် ကာယက်၊ဝစီက်၊မနောက်အားဖြင့် (၃)ပါးအပြား ရှိပါသည်။
သာဓကကား ။ ။ တတ္ထ အကုသလံ (ပ) တိဝိဓံ ဟောတိဖြစ်ပါသည်။

အကုသိုလ် ကာယက်(၃)ပါး

ထို(၃)ပါးတို့တွင် ပါဏာတိပါတ၊အဒိန္နာဒါန၊ကာမေသုမိစ္ဆာစာရအားဖြင့် (၃)ပါး အပြားရှိသောက်သည် ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရ၌ များစွာဖြစ်ခြင်းကြောင့် အကုသိုလ်ကာယက်တို့ မည်ပါသည်။ ကာယဒုစရိုက် (၃)ပါးဟူ၍လည်း ခေါ်ပါသည်။
သာဓကကား ။ ။ ကထံ ပါဏာတိပါတော (ပ) ကာယကမ္မံနာမ ဖြစ်ပါသည်။

အကုသိုလ် ဝစီက် (၄)ပါး

မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပအားဖြင့် (၄)ပါးအပြားရှိသောက်သည် ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌ များစွာဖြစ်ခြင်းကြောင့် အကုသိုလ်ဝစီက်တို့မည်ပါသည်။ ဝစီဒုစရိုက် (၄)ပါးဟူ၍လည်းခေါ်ပါသည်။
သာဓကကား ။ ။ မုသာဝါဒေါ (ပ) ဝစီကမ္မံနာမ ဖြစ်ပါသည်။

အကုသိုလ် မနောက် (၃)ပါး

အဘိဇ္ဈာ၊ဗျာပါဒ၊မိစ္ဆာဒိဋ္ဌိ-အားဖြင့် (၃)ပါးအပြားရှိသောက်သည် ကာယဝိညတ်, ဝစီဝိညတ်ကိုကြဉ်၍ စိတ်၌သာလျှင် များစွာဖြစ်ခြင်းကြောင့် အကုသိုလ်မနောက်တို့ မည်ပါသည်။ မနောဒုစရိုက်(၃)ပါးဟူ၍လည်း ခေါ်ပါသည်။
သာဓကကား ။ ။ အဘိဇ္ဈာ ဗျာပါဒေါ (ပ) မနောကမ္မံ နာမဖြစ်ပါသည်။

http://www.dhammadownload.com

အကုသလကမ္မပထတရား(၁၀)ပါး
ဒုစရိုက်(၁၀)ပါး

ဤသို့လျှင် ကာယက်(၃)ပါး၊ဝစီက်(၄)ပါး၊မနောက်(၃)ပါးအားဖြင့် ဤ(၁၀)ပါးသော တရားတို့သည် ဒုစရိုက်တရား (၁၀)ပါးလည်း မည်ပါသည်။ အကုသလကမ္မပထတရား(၁၀)ပါးလည်း မည်ပါသည်။ အပါယ်လားကြောင်း မကောင်းသောလမ်းခရီးသဖွယ်ဖြစ်သောတရား (၁၀)ပါးလည်းမည်ပါသည်။

သုရာမေရယက်ကို ကာမေသုမိစ္ဆာစာရက်၌ ထည့်သွင်းရပုံ

ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ဖြစ်ခဲ့လေသောကြောင့် (ယုတ်မာသောအကျင့်၏အဖြစ်ကြောင့်) သုရာပါနကံကို ကာမေသုမိစ္ဆာစာရက်၌ ထည့်သွင်း၍ ယူရပါသည်။

သုရာပါနကံကို သီးခြားမဆိုခြင်းအကြောင်း

(ရှေးသုံး) ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ဖြစ်၍ သုရာပါနကံကို ကာမေသုမိစ္ဆာစာရ၌ ထည့်သွင်း၍ ယူပြီးဖြစ်သောကြောင့် ဒုစရိုက်(၁၀)ပါး၌ (အကုသလကမ္မပထတရား(၁၀)ပါး၌) သုရာပါနကံကို သီးခြားမဆိုခြင်းဖြစ်ပါသည်။

(နောက်သုံး)မှတ်ချက် ။ ။ ဘိန်းဖြူစသော မူးယစ်ဆေးဝါးသုံးစွဲသူများသည် ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ကို ကျင့်သည် မည်သောကြောင့် ကာမေသုမိစ္ဆာစာရ ကာယဒုစရိုက်မှကို ကျူးလွန်သည်မည်ပါသည်။

ကံကြောင့်ဖြစ်သောတရားများ

ဒေါသမူလကြောင့်ဖြစ်သော ကံ(၃)ပါး

ထိုအကုသလကမ္မပထတရား (၁၀)ပါးတို့တွင် ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒအားဖြင့် ဤ(၃)ပါးသောကံတို့သည် ဒေါသဟုဆိုအပ်သော မူလအကြောင့် ဖြစ်သောကံတို့မည်ပါသည်။ (ဝါ)စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းကြောင့် ကျူးလွန်နိုင်သော ဒုစရိုက်

http://www.dhammadownload.com

တရားတို့မည်ပါသည်။

သာဓကကား ။ ။ တေသုပါ၊အာတိပါတော (ပ) ဒေါသမူလေန ဓာယန္တိ ဖြစ်ပါသည်။

လောဘမူလကြောင့်ဖြစ်သော ကံ(၃)ပါး

ကာမေသုမိစ္ဆာစာရ၊အဘိဇ္ဈာ၊မိစ္ဆာဒိဋ္ဌိအားဖြင့် ဤ (၃)ပါးသောကံတို့သည် လောဘဟုဆိုအပ်သော မူလကြောင့်ဖြစ်သော ကံတို့ မည်ပါသည်။ (၀၊)ဝိသမလောဘကြောင့် ကျူးလွန်သော ဒုစရိုက်တရားတို့လည်း မည်ပါသည်။

သာဓကကား ။ ။ ကာမေသုမိစ္ဆာစာရော (ပ) လောဘမူလေန - ဖြစ်ပါသည်။

လောဘ ဒေါသ မူလ(၂)ပါးကြောင့် ဖြစ်သော ကံ(၄)ပါး

ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော အဒိန္နာဒါန၊ မုသာဝါဒ၊ ဝိသုဏာဝါစာ သမ္ဖပ္ပလာပ အားဖြင့် ဤလေးပါးသောကံတို့သည် လောဘမူ ဒေါသမူဟု ဆိုအပ်သော မူလ(၂)ပါး ကြောင့် ဖြစ်သောကံတို့မည်ပါသည်။ စိတ်ဆိုးအမျက်ထွက်ခြင်းကြောင့်လည်းကောင်း၊ ဝိသမလောဘကြောင့်လည်းကောင်း ကျူးလွန်သော ဒုစရိုက်တရားတို့လည်းမည်ပါသည်။

သာဓကကား ။ ။ သေသာနိ စတ္တာရိပိ ဒ္ဒိဟိမူလေဟိ သမ္ဘဝန္တိ ဖြစ်ပါသည်။

သေသအပါဒါန်အရကောက်

သောသာနိ စတ္တာရိပိ ဒ္ဒိဟိမူလေဟိ သမ္ဘဝန္တိ-၌ သေသအပါဒါန်အရကား... ပါဏာတိပါတ၊ဖရုသဝါစာ၊ဗျာပါဒဟုဆိုအပ်သော ဒေါသမူလကြောင့်ဖြစ်သော ကံ(၃)ပါး၊ ကာမေသုမိစ္ဆာစာရ၊အဘိဇ္ဈာ၊မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော လောဘမူလကြောင့်ဖြစ်သော ကံ(၃)ပါး အားဖြင့် ဤခြောက်ပါးသော ကံတို့ကိုရပါသည်။

သေသ၏အရကား... အဒိန္နာဒါန၊ မုသာဝါဒ၊ ဝိသုဏာဝါစာ၊ သမ္ဖပ္ပလာပအားဖြင့် မူလ(၂)ပါးကြောင့်ဖြစ်သော (၄)ပါးသော ကံတို့ကိုရပါသည်။

မူလ(၂)ပါးဖြင့် အသေးစိတ်ခွဲပုံ

အကုသလကမ္မပထတရား (၁၀)ပါးတို့တွင်... ဒေါသမူလကြောင့်သာဖြစ်သော ကံသည် (၃)ပါးအပြားရှိပါသည်။ (၃)ပါးဟူသော်ကား...

ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ အားဖြင့် (၃)ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဒေါသမူလကြောင့်ဖြစ်သောကံသည် (၇)ပါးအပြားရှိပါသည်။ (၇)ပါးဟူသော်ကား... ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ဝိသုဏာဝါစာ၊ သမ္ဖပ္ပလာပ-အားဖြင့် (၇)ပါးဖြစ်ပါသည်။

လောဘမူလကြောင့်သာဖြစ်သောကံသည် (၃)ပါးအပြားရှိပါသည်။ (၃)ပါးဟူသော်ကား...

ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ-အားဖြင့် (၃)ပါးဖြစ်ပါသည်။

လောဘမူလကြောင့်ဖြစ်သောကံသည် (၇)ပါးအပြားရှိပါသည်။ (၇)ပါးဟူသော်ကား...

ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ဝိသုဏာဝါစာ၊ သမ္ဖပ္ပလာပ အားဖြင့် (၇)ပါးဖြစ်ပါသည်။

မူလ(၁)ပါးကြောင့်သာဖြစ်သောကံ(၆)ပါး

မူလ(၁)ပါးကြောင့်သာဖြစ်သော ကံတို့သည် ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ ဟူဆိုအပ်သော ဒေါသမူလကြောင့်သာဖြစ်သောကံ(၃)ပါး၊ကာမေသုမိစ္ဆာစာရ၊အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိဟူဆိုအပ်သော လောဘမူလ(၁)ပါးကြောင့်သာဖြစ်သော ကံ(၃)ပါးအားဖြင့် (၆)ပါးဖြစ်ပါသည်။

မူလ(၂)ပါးကြောင့်သာဖြစ်သော ကံ(၄)ပါး

လောဘမူ၊ဒေါသမူဟူဆိုအပ်သော မူလ(၂)ပါးကြောင့် ဖြစ်သောကံတို့သည် အဒိန္နာဒါန၊မုသာဝါဒ၊ဝိသုဏာဝါစာ၊သမ္ဖပ္ပလာပ-အားဖြင့် (၄)ပါးအပြားရှိပါသည်။

အကုသလကမ္မပထတရားဟူ၍ (၁၀)ပါးအပြားရှိသော ထိုအကုသိုလ်ကံသည် စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့် (စိတ်တို့၏ဖြစ်ပုံ အခြင်းအရာအားဖြင့်)အကုသိုလ်စိတ်(၁၂)ပါးဖြစ်ပါသည်။ တရားကိုယ်အားဖြင့် အကုသိုလ်စိတ် ဒွါဒသင်္ဂရှိသော စေတနာ (၁၂)ပါးပင်ဖြစ်ပါသည်။

သာဓကကား ။ ။ စိတ္တုပ္ပါဒဝသေနေဝ (ပ) ဒွါဒသဝိဓံ ဟောတိဖြစ်ပါသည်။

http://www.dhammadownload.com

အကုသလကမ္မပထတရား (၁၀)ပါး
တရားကိုယ်အသေးစိတ်

အကုသလကမ္မပထတရား(၁၀)ပါးတို့တွင် ပါဏာတိပါတကံ၏ တရားကိုယ်ကား-ဒေါသမူစိတ်၌ရှိသော ဝဓကစေတနာဖြစ်ပါသည်။

အဒိန္နာဒါန၏တရားကိုယ်ကား-လောဘမူ၊ ဒေါသမူစိတ်၌ရှိသော ကာယဒွါရ၌ဖြစ်သော အဂန္တုဗ္ဘဋ္ဌာနဝီတိက္ကမစေတနာ ဖြစ်ပါသည်။

မုသာဝါဒကံ၏တရားကိုယ်ကား-လောဘမူ၊ဒေါသမူစိတ်၌ရှိသော မဟုတ် သည်ကို ဟုတ်သောအားဖြင့် ပြောဆိုကြောင်းဖြစ်သော စေတနာဖြစ်ပါသည်။

ပိသုဏဝါစာကံ၏တရားကိုယ်ကား-ဒေါသမူစိတ်၌ရှိသော သံကိလိဋ္ဌစေတနာ ဖြစ်ပါသည်။

ဖရုသဝါစာကံ၏တရားကိုယ်ကား-ဒေါသမူစိတ်၌ရှိသော ဖရုသစေတနာ ဖြစ်ပါသည်။

သမ္ဖပ္ပလာပကံ၏တရားကိုယ်ကား-လောဘမူ၊ဒေါသမူစိတ်၌ရှိသော သံကိလိဋ္ဌ စေတနာဖြစ်ပါသည်။

အဘိဇ္ဈာ၏တရားကိုယ်ကား-လောဘမူစိတ်၌ရှိသော လောဘ ဖြစ်ပါသည်။

ဗျာပါဒ၏တရားကိုယ်ကား-ဒေါသမူစိတ်၌ရှိသော ဒေါသဖြစ်ပါသည်။

မိစ္ဆာဒိဋ္ဌိ၏တရားကိုယ်ကား-ဒိဋ္ဌဂတသမ္မယုတ်စိတ်(၄)ခု၌ရှိသော ဒိဋ္ဌိဖြစ်ပါသည်။

ကာမကုသိုလ်ကံ အရှိုးမျိုး
ကာမကုသိုလ်ကံ(၃)ပါး

ကာမာဝစရကုသိုလ်ကံသည်လည်း ကာယဒွါရ၌ဖြစ်သော ကုသိုလ်ကာယကံ၊ ဝစီဒွါရ၌ဖြစ်သော ကုသိုလ်ဝစီကံ၊ မနောဒွါရ၌ဖြစ်သော ကုသိုလ်မနောကံအားဖြင့် ကမ္မဒွါရ၏ အစွမ်းဖြင့် (၃)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ကာမာဝစရကုသလဓို (ပ) တိဝိဓံ ဟောတိဖြစ်ပါသည်။

http://www.dhammadownload.com

ကုသိုလ်ကာယက်(၃)ပါး

ထို(၃)ပါးသောက်တို့တွင် ကုသိုလ်ကာယက်သည်လည်း ပါဏာတိပါတာ ဝေရမဏိ၊အဒိန္နာဒါနာဝေရဏ်မဏိ၊ကာမေသုမိစ္ဆာစာရာဝေရမဏိ အားဖြင့် (၃)ပါးအပြား ရှိပါသည်။ ကာယသုစရိုက်(၃)ပါးဟူ၍လည်း ခေါ်ပါသည်။

ကုသိုလ်ဝစီက်(၄)ပါး

ကုသိုလ်ဝစီက်သည်လည်း မုသာဝါဒါဝေရမဏိ၊ပိသုဏာဝါစာဝေရမဏိ၊ ဖရုသဝါစာဝေရမဏိ၊သမ္ဖပ္ပလာပဝါစာဝေရမဏိအားဖြင့် (၄)ပါးအပြား ရှိပါသည်။ ဝစီသုစရိုက် (၄)ပါးဟူ၍လည်း ခေါ်ပါသည်။

ကုသိုလ်မနောက်(၃)ပါး

ကုသိုလ်မနောက်သည်လည်း အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ-အားဖြင့် (၃)ပါး အပြားရှိပါသည်။ မနောသုစရိုက်(၃)ပါးဟူ၍လည်းခေါ်ပါသည်။

ကုသလကမ္မပထတရား(၁၀)ပါး၊ သုစရိုက်(၁၀)ပါး

ဤသို့လျှင် ကုသိုလ်ကာယက်(၃)ပါး၊ ကုသိုလ်ဝစီက်(၄)ပါး၊ ကုသိုလ်မနောက် (၃)ပါးအားဖြင့် ဤ(၁၀)ပါးသော တရားတို့သည် သုစရိုက်တရား(၁၀)ပါးလည်း မည်ပါသည်။ ကုသလကမ္မပထတရား(၁၀)ပါးလည်း မည်ပါသည်။ နတ်ပြည်ရောက် ကြောင်းကောင်းသောလမ်းခရီးသဖွယ်ဖြစ်သော တရား(၁၀)ပါးလည်းမည်ပါသည်။

သာဓကကား ။ ။ ကာမာဝစရကုသလဓို (ပ) တိဝိဓံ ဟောတိ ဖြစ်ပါသည်။

သုစရိုတ်တရား(၁၀)ပါးပြပါဠ်

ကာမာဝစရကုသလဓို(ပ)ကမ္မဒ္ဓါရဝသေန တိဝိဓံ ဟောတိ-ဟူသော သင်္ဂဟပါဠိ သည် ကုသလကမ္မပထတရား (၁၀)ပါးကိုပြသော သင်္ဂဟပါဠိမည်ပါသည်။ သုစရိုက် တရား(၁၀)ပါးပြ သင်္ဂဟပါဠိလည်း မည်ပါသည်။

http://www.dhammadownload.com

ဒါနစသောကုသိုလ်ကံ(၃)ပါး

ကာမာဝစရကုသိုလ်ကံသည် ဒါန၊သီလ၊ဘာဝနာတို့၏အစွမ်းဖြင့် ဒါနကုသိုလ်ကံ၊ သီလကုသိုလ်ကံ၊ဘာဝနာကုသိုလ်ကံအားဖြင့် (၃)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ တထာ ဒါနသီလဘာဝနာ ဝသေန ဖြစ်ပါသည်။

ကုသလကမ္မပထတရား၏ စိတ္တုပ္ပါဒ်နှင့် တရားကိုယ်

ကုသလကမ္မပထတရားဟူ၍ (၁၀)ပါးအပြားရှိသော ထိုကာမာဝစရကုသိုလ်ကံ သည် စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့် (စိတ်တို့၏ဖြစ်ပုံအခြင်းအရာအားဖြင့်) မဟာကုသိုလ်စိတ် (၈)ပါးပင်ဖြစ်ပါသည်။ တရားကိုယ်အားဖြင့် မဟာကုသိုလ်စိတ် (၈)ခုဌ်ရှိသော စေတနာ (၈)ခုပင် ဖြစ်ပါသည်။

သာဓကကား ။ ။ စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံ ဟောတိ ဖြစ်ပါသည်။

ပုညကြိယာဝတ္ထု (၁၀)ပါး

ပုညကြိယာဝတ္ထုသည် ဒါန၊သီလ၊ဘာဝနာ၊အပစာယန၊ဝေယျာဝစ္စ၊ပတ္တိဒါန၊ ပတ္တာနုမောဒန၊ဓမ္မသဝန၊ဓမ္မဒေသနာ၊ဒိဋ္ဌုကမ္မ အားဖြင့် (၁၀)ပါးအပြားရှိပါသည်။ ကောင်းသောအကျိုး၏ တည်ရာတရားဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်တရား (၁၀)ပါးဟူ၍လည်းခေါ်ပါသည်။

သာဓကကား ။ ။ ဒါနသီလ (ပ) ဟောတိဖြစ်ပါသည်။

မှတ်ချက် ။ ။ ပုညကြိယာဝတ္ထု (၁၀)ပါးတို့၏ တရားကိုယ်အရကို သာမညအားဖြင့် ကောက်ခိုင်းလျှင် မဟာကုသိုလ်စိတ် (၈)ခုဌ်ရှိသောစေတနာကို ကောက်ပါ။ အကျယ်ဝိသေသ ကောက်ခိုင်းလျှင်ကား ဝိထိမုတ်ပိုင်း၊ ဋီကာကျော် ကောက်နုတ်ချက်စွင် ပါသည့်အတိုင်း ကောက်ပြပါလေ။

http://www.dhammadownload.com

ပုညကြိယာဝတ္ထု(၁၀)ပါးတို့ကို ဒါန,သီလ,ဘာဝနာတို့၌ ဖြစ်သင့်သလို ရေတွက်ပုံ

ဒါန, သီလ, ဘာဝနာသုံးပါး၌ ထည့်သွင်းပုံ

ပတ္တိဒါန၊ပတ္တာနုမောဒန(၂)ပါးကို ဒါနသဘောရှိခဲ့လေသောကြောင့် ဒါနထဲသို့ ထည့်သွင်းရပါသည်။

အပစာယန၊ဝေယျာဝစ္စ(၂)ပါးကို စာရိတ္တသီလဖြစ်ခဲ့လေသောကြောင့် သီလထဲသို့ ထည့်သွင်းရပါသည်။

ဓမ္မဿဝန၊ဓမ္မဒေသနာ၊ဒိဋ္ဌုကမ္မ (၃)ပါးကို ကုသိုလ်တရားတို့ကို ပွားစေခြင်းကြောင့် ဘာဝနာထဲသို့ ထည့်သွင်းရပါသည်။

ဆောင် ။　။ ဒါန သီလ ဘာဝနာ၊ သုံးဖြာစဉ်၍ခင်း။ စ-နှစ်ကို လယ်၊ လယ်-နှစ်ကို စ၊ နောက်မှာ နောက်ချင်းသွင်း။ ဖြစ်ပါသည်။

ကာမကုသိုလ်က် အကုသိုလ်က် (၂၀)

ဤသို့လျှင် အကုသိုလ်စိတ် (၁၂)ခုဥ်ရှိသော စေတနာ(၁၂)ခု၊ မဟာကုသိုလ်စိတ် (၈)ခုဥ်ရှိသော စေတနာ(၈)ခုအားဖြင့် ဤ(၂၀)သောစေတနာတို့သည် ကာမာဝစရက်တို့ မည်ပါသည်။ ကာမကုသိုလ် အကုသိုလ်က် (၂၀)ဟူ၍လည်း ခေါ်ပါသည်။

သာဓကကား ။　။ တံ ပနေတံ ဝိသတိဝိဓဖွိ (ပ) သခ်ဂ္ဂတိ ဖြစ်ပါသည်။

ရူပကုသိုလ်က်(၅)ပါး

ရူပါဝစရကုသိုလ်က်သည် ကာယက်၊ ဝစီက်၊ မနောက်(၃)ပါးတို့တွင် မနောက်သာ ဖြစ်ပါသည်။ ထိုရူပါဝစရကုသိုလ်ဟုဆိုအပ်သော မနောက်သည်လည်း ဒါန၊ သီလ၊ ဘာဝနာ (၃)ပါးတို့တွင် ဘာဝနာသာဖြစ်ပါသည်။ အပွနာသို့ရောက်ပါသည်။ ပထမဈာန်အစရှိသော ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားဖြင့် (၅)ပါးအပြားရှိပါသည်။

သာဓကကား ။　။ ရူပါဝစရကုသလံ ပန (ပ) ပဥ္စဝိဓံဟောတိဖြစ်ပါသည်။

http://www.dhammadownload.com

အရူပကုသိုလ်ကံ(၄)ပါး

အရူပါဝစရကုသိုလ်ကံသည် ကာယကံ၊ဝစီကံ၊မနောကံ(၃)ပါးတို့တွင် မနောကံသာ ဖြစ်ပါသည်။ ထိုအရူပါဝစရကုသိုလ်ကံဟု ဆိုအပ်သော မနောကံသည်လည်း ဒါန၊ သီလ၊ ဘာဝနာ(၃)ပါးတို့တွင် ဘာဝနာသာဖြစ်ပါသည်။ အပွနာသို့ရောက်ပါသည်။ ကောင်းကင်အာရုံအစရှိသော (၄)ပါးသော အာရုံတို့၏ အပြားအားဖြင့် (၄)ပါးအပြား ရှိပါသည်။

သာဓကကား ။ ။ တထာ အရူပါဝစရကုသလဿ (ပ) စတုဒ္ဓိဓံ ဟောတိဖြစ်ပါသည်။

ကာမကံ၏ အကျိုးပေးရာဘုံ

အကုသိုလ်ကံ၏အကျိုးပေးရာဘုံ

ထို(၄)ပါးသောကံတို့တွင် ဥဒ္ဓစ္စစေတနာသည် ကြည်အပ်သော အကုသိုလ်ကံ (၁၁)ခုသည် အပါယ်(၄)ဘုံ၌ (အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တည်း ဟူသော) ပဋိသန္ဓေကို ဖြစ်စေပါသည်။

သာဓကကား ။ ။ ဇတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိ ဇနေတိ ဖြစ်ပါသည်။

အလုံးစုံသော အကုသိုလ်ကံ (၁၂)ခုသည် ပဝတ္တိအခါ၌ အကုသလဝိပါက် (၇)ပါးတည်းဟူသော ပဝတ္တိအကျိုးကို ကာမ(၁၁)ဘုံ၌လည်းကောင်း၊ အသညသတ်ကြည် သော အရူပ(၁၅)ဘုံတို့၌လည်းကောင်း ထိုက်သည်အားလျော်စွာ ဖြစ်စေပါသည်။

သာဓကကား ။ ။ ပဝတ္တိယံ ပန(ပ)ယထာရဟံ ဝိပစ္စတိ ဖြစ်ပါသည်။

ပါကဋ္ဌာန

အကုသိုလ်ကံ၏ ပါကဋ္ဌာနကား... ပဋိသန္ဓေအခါ အပါယ်(၄)ဘုံ၊ ပဝတ္တိအခါ ကာမ(၁၁)ဘုံနှင့် အသညသတ်ကြည်သော ရူပ(၁၅)ဘုံတို့ဖြစ်ပါသည်။

http://www.dhammadownload.com

ကာမကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိ(၇)ဘုံ၌သာလျှင် ပဋိသန္ဓေကို ဖြစ်စေပါသည်။

သာဓကကား ။ ။ ကာမာဝစရကုသလမှိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဖနေတိ ဖြစ်ပါသည်။

ကာမာဝစရကုသိုလ်ကံသည် ပဝတ္တိအခါ မဟာဝိပါက်စိတ် (၈)ပါးတည်းဟူသော ပဝတ္တိအကျိုးကို ကာမသုဂတိ(၇)ဘုံ၌ ဖြစ်စေပါသည်။

သာဓကကား ။ ။ တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ ဖြစ်ပါသည်။

ကာမာဝစရကုသိုလ်ကံသည် ပဝတ္တိအခါ အဟိတ်ကုသလဝိပါတ်စိတ် (၈)ပါးတည်းဟူသော ပဝတ္တိအကျိုးကို ကာမ(၁၁)ဘုံ၌လည်းကောင်း၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့၌လည်းကောင်း ထိုက်သည်အားလျော်စွာ ဖြစ်ပါသည်။

သာဓကကား ။ ။ အဟေတုကဝိပါကာနိ (၁၀) ဝိပစ္စတိ ဖြစ်ပါသည်။

တစ်နည်း ။ ။ ကာမာဝစရကုသိုလ်ကံက ပဝတ္တိအခါ ပေးနိုင်သော အကျိုးဝိပါက်စိတ်သည် မဟာဝိပါက်စိတ်(၈)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး အားဖြင့်(၁၆)ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ တထာ (၁၀) ဝိပစ္စတိ ဖြစ်ပါသည်။

ကာမကုသိုလ်ကံ၏ ပါကဋ္ဌာန

ကာမာဝစရကုသိုလ်ကံ၏ ပါကဋ္ဌာနကား...ပဋိသန္ဓေအခါ ကာမသုဂတိ(၇)ဘုံ၊ ပဝတ္တိအခါ ကာမ(၁၁)ဘုံနှင့် အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံတို့ ဖြစ်ပါသည်။

တစ်နည်း ။ ။ ကာမကုသိုလ်ကံသည် ပဝတ္တိအခါ မဟာဝိပါက်စိတ်(၈)ပါးတည်းဟူသော ပဝတ္တိအကျိုးကိုပေးခိုက် ပါကဋ္ဌာနကား.... ကာမသုဂတိ(၇)ဘုံ ဖြစ်ပါသည်။ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးတည်းဟူသော ပဝတ္တိအကျိုးကိုပေးခိုက် ပါကဋ္ဌာနကား ကာမ(၁၁)ဘုံနှင့် အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံဖြစ်ပါသည်။

http://www.dhammadownload.com

ဉာဏ်စမ်းများ

ကာမာဝစရကုသလဖို့ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဇနေတိ-ဟူသော သင်္ဂဟပါဠိ ကိုထောက်၍ ဒါနသက်သက်ကိုပြုကာမျှဖြင့်လည်းကောင်း၊သီလသက်သက်ကို ဆောက်တည်ကာမျှဖြင့်လည်းကောင်း နိဗ္ဗာန်သို့တိုက်ရိုက်မရောက်နိုင်ပါ၊ဩဘွာလည်းမဖြစ်နိုင်ပါ။

အကြောင်းကား… ဒါန,သီလကုသိုလ်၏တို့၏ တရားကိုယ်ကား… မဟာကုသိုလ်(၈)ပါးဖြစ်၍ ၄င်းမဟာကုသိုလ်သည် ကာမသုဂတိ(၇)ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးသောကြောင့်ဖြစ်ပါသည်။

ပုဂ္ဂိုလ်(၄)မျိုး

ပုဂ္ဂိုလ်(၁၂)ယောက်တို့တွင် ပဋိသန္ဓေသာနေ၍ မသေသောပုဂ္ဂိုလ်သည် မရှိပါ။ သေသာသေ၍ ပဋိသန္ဓေမနေသောပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါသည်။

ပဋိသန္ဓေလည်းနေ၊ သေလည်းသေသောပုဂ္ဂိုလ်သည် ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်အားဖြင့် (၇)ယောက် ဖြစ်ပါသည်။

ပဋိသန္ဓေလည်းမနေ၊ သေလည်းမသေသောပုဂ္ဂိုလ်သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက် ဖြစ်ပါသည်။

ဥက္ကဋ္ဌကုသိုလ်မည်ပုံ

အကြင်ကုသိုလ်ကိုပြုသောအခါ ရှေးအဖို့,နောက်အဖို့၌ ကုသိုလ်စိတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ကုသိုလ်ပြုပြီးသည်မှ နောက်၌လည်း အဖန်တလဲလဲမှီဝဲလေ့လာခြင်းကို ပြုအပ်၏။ ထိုကုသိုလ်သည် ဥက္ကဋ္ဌကုသိုလ်မည်ပါသည်။

ဥက္ကဋ္ဌကုသိုလ်အပြား

ထိုဥက္ကဋ္ဌကုသိုလ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ခုဟူဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် (၄)ခုဟူဆိုအပ်သော ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်အားဖြင့် (၂)ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ဩမကကုသိုလ်မည်ပုံ

အကြင်ကုသိုလ်ကံကို ပြုသောအခါ ရှေးအဖို့,နောက်အဖို့တို့၌ အကုသိုလ်စိတ်တို့ဖြင့် ခံရံအပ်သည်ဖြစ်၍ ကုသိုလ်ပြုပြီးသည်မှ နောက်၌လည်း "ငါသည် ဤကုသိုလ်ကို မကောင်းသဖြင့် ပြုအပ်၏"ဟု နှလုံးမသာယာခြင်းဖြင့် ပွားများအပ်၏။ ထိုကုသိုလ်ကံသည် ဩမကကုသိုလ်ကံမည်ပါသည်။

ဩမကကုသိုလ်အပြား

ထိုဩမကကုသိုလ်သည်လည်း မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄)ခုဟု ဆိုအပ်သော တိဟိတ်ဩမကကုသိုလ်၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် (၄)ခုဟု ဆိုအပ်သော ဒွိဟိတ်ဩမကကုသိုလ်အားဖြင့် (၂)ပါးအပြား ရှိပါသည်။

တိဟိတ်ဥက္ကဋ္ဌ စသည်ကွဲပြားခြင်း
တိဟိတ်ဥက္ကဋ္ဌကုသိုလ်၏ အကျိုးဝိပါက်

ထိုကာမာဝစရကုသိုလ်ကံတို့တွင်လည်း (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် (၄)ခု၌ရှိသော စေတနာဟုဆိုအပ်သော) တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ မဟာဝိပါက်ဉာဏသမ္ပယုတ် (၄)ပါးဟုဆိုအပ်သော တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါသည်။

ပဝတ္တိအခါ မဟာဝိပါက်စိတ်,(၈)ပါး၊အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးအားဖြင့် (၁၆)ပါးသော ပဝတ္တိအကျိုးကိုပေးပါသည်။

သာဓကကား ။ ။ တတ္ထာပိ တိဟေတုကမုက္ကဋ္ဌ (ပ) ဝိပစ္စတိ ဖြစ်ပါသည်။

တိဟိတ်ဩမက,ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ တို့၏ အကျိုးဝိပါက်

(မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄)ခု၌ရှိသော စေတနာဟုဆိုအပ်သော) တိဟိတ်ဩမကကုသိုလ်ကံ၊(မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်(၄)ခု၌ရှိသော စေတနာဟုဆိုအပ်သော)ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံတို့သည် ပဋိသန္ဓေအခါ ဒွိဟိတ်ဖြစ်သော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် (၄)ပါးဟု ဆိုအပ်သော ပဋိသန္ဓေအကျိုးကို ဖြစ်စေပါသည်။

ပဝတ္တိအခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် (၄)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးအားဖြင့် (၁၂)ပါးသော ပဝတ္တိအကျိုးကို ဖြစ်စေပါသည်။

သာဓကကား ။ ။ တိဟေတုကမောမဟံ (ပ) ဝိပစ္စတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ဒွိဟိတ်ဩမကကုသိုလ်ကံ၏ အကျိုးဝိပါက်

(မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် (၄)ခုဥ်ရှိသော စေတနာဟုဆိုအပ်သော) ဒွိဟိတ်ဩမကကုသိုလ်ကံသည် ပဋိသန္ဓေအခါ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၁)ပါးတည်ဟူသော အဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါသည်။

သာဓကကား ။ ။ ဒွိဟေတုကမောမကံ (ပ) ဒေတိဖြစ်ပါသည်။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် (၈)ပါးတည်းဟူသော ပဝတ္တိအကျိုးကို ဖြစ်စေပါသည်။

သာဓကကား ။ ။ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ ဖြစ်ပါသည်။

ဉာဏ်စမ်းများ

ပဋိသန္ဓေအားဖြင့် မျက်မမြင်၊နားမကြား၊(အ)ဆွဲ့၊ရူး၊ပဏ္ဍုက်၊ဥဘတောဗျည်းနပုံး၊ စကားတင်ငင်ဆွဲပြောခြင်း၊စသည်ဖြစ်လာရသူများသည် ဒွိဟေတုကဲမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိ ဒေတိ-ဟူသော သင်္ဂဟပါဠိနှင့် ကုသလဝိပါကောပေက္ခာ သဟဂတသန္တီရဏံ ပန (ပ) ပဝတ္တိဟူသော သင်္ဂဟပါဠိတို့ကိုထောက်၍ အကုသိုလ်ကံကြောင့်မဟုတ်ပါ၊ ဒွိဟိတ်ဩမကကုသိုလ်ကံကြောင့်သာ ဖြစ်ပါသည်။

လူဖြစ်သော်လည်း လူစဉ်မမှီ၊ လူစာရင်းမဝင်သောသူတို့ကား ကုသလဝိပါကော-ပေက္ခာသဟဂတသန္တီရဏံ ပန(လ) ပဝတ္တတိ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ပဋိသန္ဓေမှ မျက်စိမမြင်သူ၊နားမကြားသူ၊အ,သူ၊ဆွဲ့သူ၊ရူးသွပ်သူ၊ပဏ္ဍုပ်၊ဥဘတောဗျည်း၊နပုံး၊ စကားတင်ငင်ဆွဲပြောသောပုဂ္ဂိုလ်များ ဖြစ်ပါသည်။

နတ်စာရင်းဝင်ဖြစ်သော်လည်း နတ်အဆင့်အတန်းမမှီသော နတ်ကား...ဝိနိပါတိက အသုရာနတ်ဖြစ်ပါသည်။

ကေစိဝါဒသင်္ဂဟဂါထာများ

ဂါထာအရကောက်

တေသံ ဒွါဒသပါကာနိ-စသော ဂါထာ၌ ဒွါဒသအရကား... ကေစိဝါဒ အလိုအားဖြင့် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် အသခ်ါရိကဖြစ်အံ့ ပဝတ္တိအခါ၌ မဟာ

http://www.dhammadownload.com

ဝိပါက် အသခ်ါရိကစိတ်(၄)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးအားဖြင့် (၁၂)ပါးသော ဝိပါက်စိတ်တို့ကိုရပါသည်။

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် သသခ်ါရိကဖြစ်အံ့ ပဝတ္တိအခါ၌ မဟာဝိပါက် သသခ်ါရိကစိတ်(၄)ပါး၊အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးအားဖြင့် (၁၂)ပါးသော ဝိပါက်စိတ် တို့ကိုရပါသည်။

ဒသ-အရကား… တိဟိတ်ဩမကကုသိုလ်ကံ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံတို့သည် အသခ်ါရိကဖြစ်အံ့၊ပဝတ္တိအခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ် (၂)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးအားဖြင့် (၁၀)ပါးသော ဝိပါက်စိတ်တို့ကို ရပါသည်။

တိဟိတ်ဩမက ကုသိုလ်ကံ၊ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံတို့သည် သသခ်ါရိကဖြစ်အံ့ ပဝတ္တိအခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ် (၂)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးအားဖြင့် (၁၀)ပါးသော ဝိပါက်စိတ်တို့ကို ရပါသည်။

အဋ္ဌ-အရကား… ဒွိဟိတ်ဩမကကုသိုလ်ကံသည် အသခ်ါရိကဖြစ်စေ၊ သသခ်ါရိက ဖြစ်စေ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးကိုသာ ရပါသည်။ **သာဓကကား** ။ ။ အသခ်ါရံ သသခ်ါရဝိပါကာနိ (ပ) ယထာသမ္ဘဝမုဒ္ဒိသေ ဖြစ်ပါသည်။

သခ်ါရဝိမုတ် အဆုံးအဖြတ်

အသခ်ါရံ သသခ်ါရ (ပ) ယထာသမ္ဘဝမုဒ္ဒိသေ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံစသည်တို့၏ ပဝတ္တိအကျိုး၊ဝိပါက်စိတ်ပြဆိုရာ၌ အဟိတ်ကုသလ ဝိပါက်စိတ်(၈)ပါးသည် အသခ်ါရိက၊သသခ်ါရိက(၂)မျိုးလုံးတွင် မပါဝင်သောကြောင့် အဟိတ်စိတ်(၁၈)ပါးသည် သခ်ါရဝိမုတ်စိတ် ဖြစ်ပါသည်။

ရူပက်၏အကျိုးပေးရာဘုံ

ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ရူပါဝစရကုသိုလ် ပထမစျာန်ကို နည်းသောအာနုဘော်ရှိအောင် ပွားများအားထုတ်ခဲ့သည်ရှိသော် ဗြဟ္မပါရိသဇ္ဇာဘုံသို့ ရောက်ပါသည်။

http://www.dhammadownload.com

တစ်နည်း ။ ။ ဗြဟ္မပါရိသဇာဘုံသို့ရောက်လိုသော ယောဂီပုဂ္ဂိုလ်သည် ရူပါဝစရကုသိုလ် ပထမစျာန်ကို နည်းသော အာနုဘော်ရှိအောင် ပွားများအားထုတ်ရပါသည်။

သာဓကကား ။ ။ ရူပါဝစရကုသလံ ပန (ပ) ဥပ္ပဇ္ဇတိ ဖြစ်ပါသည်။

ရူပါဝစရကုသိုလ် ပထမစျာန်ကို အလတ်ဖြစ်သော အာနုဘော်ရှိအောင် ပွားများအားထုတ်ခဲ့သည်ရှိသော် ဗြဟ္မပုရောဟိတာဘုံသို့ ရောက်နိုင်ပါသည်။

တစ်နည်း ။ ။ ဆိုရိုးကို ဆိုခဲ့ပြီးသောနည်းအတိုင်း မှီး၍ဆိုပါလေ။

သာဓကကား ။ ။ တဒေဝ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ် ပထမစျာန်ကို မြတ်သောအာနုဘော်ရှိအောင် ပွားများအားထုတ်ခဲ့သည်ရှိသော် မဟာဗြဟ္မာဘုံသို့ ရောက်နိုင်ပါသည်။

သာဓကကား ။ ။ ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ် ဒုတိယစျာန်, တတိယစျာန်တို့ကို နည်းသော အာနုဘော်ရှိအောင် ပွားများအားထုတ်ခဲ့သည်ရှိသော် ပရိတ္တာဘာဘုံသို့ ရောက်ပါသည်။

သာဓကကား ။ ။ တထာ ဒုတိယဇ္ဈာနံ ပရိတ္တာဘေသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ် ဒုတိယစျာန်, တတိယစျာန်တို့ကို အလတ်ဖြစ်သော အာနုဘော်ရှိအောင် ပွါးများအားထုတ်ခဲ့သည်ရှိသော် အပ္ပမာဏာဘာဘုံသို့ ရောက်ပါသည်။

သာဓကကား ။ ။ မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာဘေသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ်ဒုတိယစျာန်, တတိယစျာန်တို့ကို မြတ်သောအာနုဘော်ရှိအောင် ပွါးများအားထုတ်ခဲ့သည်ရှိသော် အာဘဿရာဘုံသို့ ရောက်ပါသည်။

သာဓကကား ။ ။ ပဏီတံဘာဝေတွာ အာဘဿရေသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ်စတုတ္ထစျာန်ကို နည်းသောအာနုဘော်ရှိအောင် ပွါးများ အားထုတ်ခဲ့သည်ရှိသော် ပရိတ္တသုဘာဘုံသို့ ရောက်ပါသည်။

သာဓကကား ။ ။ စတုတ္ထဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ပရိတ္တသုဘေသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ်စတုတ္ထစျာန်ကို အလတ်ဖြစ်သောအာနုဘော်ရှိအောင်ပွါးများ အားထုတ်ခဲ့သည်ရှိသော် အပ္ပမာဏသုဘာဘုံသို့ ရောက်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ မဇ္ဈိမဘာဝေတွာ အပ္ပမာဏာဘောသု ဖြစ်ပါသည်။

ရူပါဝစရကုသိုလ် စတုတ္ထစျာန်ကို မြတ်သောအာနုဘော်ရှိအောင် ပွါးများအားထုတ်ခဲ့သည်ရှိသော် သုဘကိဏှာဘုံသို့ရောက်ပါသည်။

သာဓကကား ။ ။ ပဏီတဘာဝေတွာ သုဘကိဏှသု ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အဘိညာဏ်အဖြစ်သို့ မရောက်သော ရူပါဝစရကုသိုလ် ပဉ္စမစျာန်ကို ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတအားဖြင့် ပွါးများအားထုတ်ခဲ့သည် ရှိသော် ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ပါသည်။

သာဓကကား ။ ။ မဇ္ဈိမ ဘာဝေတွာ ဝေဟပ္ဖလေသု ဖြစ်ပါသည်။

အရကောက်

(ပဉ္စမဈာန် ဘာဝေတွာ ဝေဟပ္ဖလေသု-၌) ပဉ္စမဈာန်-အရ… အဘိညာဏ်အဖြစ်သို့ရောက်ပြီးသော ရူပါဝစရကုသိုလ် ပဉ္စမစျာန်သည် ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘော မရှိသောကြောင့် အဘိညာဏ်အဖြစ်သို့ မရောက်သေးသော ရူပါဝစရကုသိုလ် ပဉ္စမစျာန်ကို ယူရပါသည်။

အဘိညာဏ်အဖြစ်သို့ မရောက်သေးသော ရူပါဝစရကုသိုလ်ပဉ္စမစျာန်ကို ကင်းသောသညာရှိအောင် ပွားများအားထုတ်ခဲ့သည်ရှိသော် အသညသတ်ဘုံသို့ ရောက်ပါသည်။

သာဓကကား ။ ။ တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု ဖြစ်ပါသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာလျှင် အဘိညာဏ်အဖြစ်သို့ မရောက်သေးသော ရူပါဝစရ ကုသိုလ် ပဉ္စမစျာန်ကို ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတ-အားဖြင့် ပွါးများအားထုတ်ခဲ့သည် ရှိသော် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ပါသည်။

သာဓကကား ။ ။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ ဖြစ်ပါသည်။

ဋီကာသရုပ်

တစ်နည်း ။ ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် အဘိညာဏ်အဖြစ်သို့ မရောက်သော

http://www.dhammadownload.com

သဒ္ဒါန္ဒြေ လွန်ကဲအောင်ပွါးများသော် အဝိဟာဘုံသို့ ရောက်ပါသည်။
ဝိရိယိန္ဒြေလွန်ကဲအောင် ပွါးများသော် အတပ္ပါဘုံသို့ ရောက်ပါသည်။
သတိန္ဒြေလွန်ကဲအောင် ပွါးများသော် သုဒဿာဘုံသို့ ရောက်ပါသည်။
သမာဓိန္ဒြေလွန်ကဲအောင် ပွားများသော် သုဒဿီဘုံသို့ ရောက်ပါသည်။
ပညိန္ဒြေလွန်ကဲအောင် ပွားများသော် အကနိဋ္ဌဘုံသို့ ရောက်ပါသည်။

မှတ်ချက် ။ ။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပပဇ္ဇန္တိ-ဟုဆိုသော်လည်း အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ (၅)ဘုံ၌ မိမိဖြစ်လိုရာဘုံ၌ဖြစ်ခွင့်မရှိပါ။ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတို့၏ လွန်ကဲသောအစဉ်အားဖြင့်သာ သုဒ္ဓါဝါသ(၅)ဘုံ၌ အစဉ်အတိုင်းဖြစ်ရပါသည်။

သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်ဖြစ်နိုင်သော ပုဂ္ဂိုလ်များ

သုဒ္ဓါဝါသဘုံသို့ ရောက်နိုင်သောပုဂ္ဂိုလ်သည် (ပဋိသန္ဓေနေခွင့်ရှိသော ပုဂ္ဂိုလ်သည်) အနာဂါမ်ပုဂ္ဂိုလ် (၁)ယောက်သာဖြစ်ပါသည်။

သုဒ္ဓါဝါသဘုံ၌ဖြစ်နိုင်သော ပုဂ္ဂိုလ်သည် အနာဂါမ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂင်္ဂဏ် ပုဂ္ဂိုလ်၊ အရဟတ္တဖလင်္ဂဏ်ပုဂ္ဂိုလ်အားဖြင့် (၃)ယောက် ဖြစ်ပါသည်။

ရူပကုသိုလ်၏ပါကင်္ဂဏ

ရူပါဝစရကုသိုလ်ကံ၏ ပါကင်္ဂဏကား... ရူပ (၁၆)ဘုံဖြစ်ပါသည်။

အရူပကံ၏ အကျိုးပေးရာဘုံ

အရူပါဝစရကုသိုလ်ကံ(၄)ပါးတို့တွင် အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို ပွါးများအားထုတ်ခဲ့သည်ရှိသော် အာကာသာနဉ္စာယတနဘုံသို့ ရောက်ပါသည်။

ဝိညာဏဉ္စာယတနကုသိုလ်ဈာန်ကို ပွါးများအားထုတ်ခဲ့သည်ရှိသော် ဝိညာဏဉ္စာယတနဘုံသို့ ရောက်ပါသည်။

http://www.dhammadownload.com

ယတနဘုံသို့ ရောက်ပါသည်။

နေဝသညာနာသညာယတနကုသိုလ်စျာန်ကို ပွါးများအားထုတ်ခဲ့သည်ရှိသော် နေဝသညာနာသညာယတနဘုံသို့ ရောက်ပါသည်။

အရူပကုသိုလ်ကံ၏ ပါကဋ္ဌာန

အရူပါဝစရကုသိုလ်ကံ၏ ပါကဋ္ဌာနကား... အရူပ(၄)ဘုံဖြစ်ပါသည်။

ကမ္မစတုက္ကဋ္ဌ မပါဝင်သောကံ (၇)ပါး

ဥဒ္ဓစ္စစေတနာ, ပထမဇောစေတနာ, အဘိညာဏ်အဖြစ်သို့ရောက်ပြီးသော ရူပါဝစရပဋမစျာန်ကုသိုလ်ကံ, လောကုတ္တရာကုသိုလ်ကံ (၄)ပါးအားဖြင့် ဤ(၇)ပါး သောကံတို့သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် ကမ္မစတုက္ကဋ္ဌ မပါဝင်ပါ။

နိဝုံးဂါထာ

မဟဂ္ဂုတ်ကုသိုလ်ကံသည် ပဋိသန္ဓေအခါ, ပဝတ္တိအခါဌ် ဘုံကိုမှတ်သည့် အားလျော်စွာ မိမိနှင့်တူသော အကျိုးဝိပါက်ကို ဖြစ်စေပါသည်။

ကမ္မစတုက္ကပြီးပါပြီ။

* * * * *

မရဏုပ္ပတ္တိစတုက္က

စုတိပဋိသန္ဓိက္ကမ

သေခြင်း(၄)ပါး

မရဏုပ္ပတ္တိစတုက္ကဋ္ဌ သတ္တဝါတို့၏ သေခြင်းတို့သည် အာယုက္ခယမရဏ၊ ကမ္မက္ခယမရဏ၊ ဥဘယက္ခယမရဏ၊ ဥပစ္ဆေဒကမရဏအားဖြင့် (၄)ပါးရှိပါသည်။ မရဏုပ္ပတ္တိ(၄)ပါးဟူ၍လည်းခေါ်ပါသည်။

ထို(၄)ပါးတို့တွင် အသက်၏ကုန်ခြင်းကြောင့် သေခြင်းသည် အာယုက္ခယမရဏမည်ပါသည်။

http://www.dhammadownload.com

ကံ၏ကုန်ခြင်းကြောင့် သေခြင်းသည် ကမ္မက္ခယမရဏမည်ပါသည်။

အသက်,ကံ(၂)ပါး၏ကုန်ခြင်းကြောင့် သေခြင်းသည် ဥဘယက္ခယမရဏမည် ပါသည်။

အသက်,ကံ(၂)ပါးရှိပင်ရှိငြားသော်လည်း လတ်တလောက၀်၍ ဖြတ်တတ်သော ကံကြောင့် သေခြင်းသည် ဥပစ္ဆေဒကမရဏမည်ပါသည်။

သာဓကကား ။ ။ အာယုက္ခယေန (ပ) စတုဓာ မရဏုပ္ပတ္တိ နာမ ဖြစ်ပါသည်။

စုတေခါနိုး(သေခါနိုး)ကာလ နိမိတ်ထင်ပုံ

တထာ စ မရန္တာနံ (ပ) ပစ္စုပဋ္ဌာတိ-ဟူသော သင်္ဂဟပါဠိသည် စုတေခါနိုး (သေခါနိုး)ကာလ နိမိတ်ထင်ပုံကိုပြသော သင်္ဂဟပါဠိဖြစ်ပါသည်။

စုတေခါနိုးကာလ နိမိတ်ထင်ပုံပြ သင်္ဂဟပါဠိလျှောက် ဆိုရိုး

ထို(၄)ပါးသောအကြောင်းကြောင့် သာလျှင် သေကုန်သောသတ္တ၀ါတို့အား သေခါနိုးကာလ၌ ထိုက်သည့်အားလျော်စွာ ရှေးရှုသည်ဖြစ်၍ ဖြစ်သော ဘ၀တစ်ပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်,အကုသိုလ်ကံသည်လည်းကောင်း၊ ထိုကုသိုလ်, အကုသိုလ်ကံကို ပြုရာပြုကြောင်းဖြစ်သော ကာလ၌ ရှေး၌ရအပ်သည်လည်းဖြစ်သော အဆောက်အဦဖြစ်၍လည်းဖြစ်ထသော ရူပါရုံအစရှိသော (ရူပါရုံ ။ပ။ ဓမ္မာရုံဟုဆိုအပ်သော)တုတ်,လုံတံ,ဓား,လုံ,လေးမြား,ကျောင်း,ဘုရားစေတီ,ဆွမ်း,သင်္ကန်း,ထီး,တံခွန်, ပန်းမာလ်-အစရှိသော ကမ္မနိမိတ်သည်လည်းကောင်း။

အခြားမဲ့ဖြစ်လတ္တံ့သောဘ၀၌ ရအပ်သည်လည်းဖြစ်၊ခံစားအပ်သည်ဖြစ်၍လည်း ဖြစ်ထသောအမိ၀မ်းရေ,၀ရဲအိုး,၀ရဲထိန်း,၀ရဲမီးလျှံ,ခွေးနက်ကြီး,နတ်သမီးဗိမာန်,ပဒေသာပင် အစရှိသော ဂတိနိမိတ်သည်လည်းကောင်း၊

ကံ၏အစွမ်းကြောင့် (၆)ပါးသောဒွါရတို့တွင် အမှတ်မရှိ တစ်ခုသော ဒွါရ၌ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်ပါသည်။

သာဓကကား ။ ။ တထာ စ မရန္တာနံ (ပ) ပစ္စုပဋ္ဌာတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ဥာဏ်စမ်း

ကမ္မဗလေန ဆန့် ဒွါရာနံ အညတြသို့ ပစ္စုပ္ပန္နာတိ-ကိုထောက်၍ စုတေခါနီး ကာလ၌ ကံ ကမ္မနိမိတ် ဂတိနိမိတ်ထင်ခြင်းသည် ထာဝရဘုရားသခင် စသည်တို့က ဖန်တီးပေး၍ ထင်လာရသည်မဟုတ်ပါ။ ကံ၏အစွမ်းကြောင့်သာ ထင်လာရခြင်းဖြစ်ပါသည်။

စုတေကာနီး(သေခါနီး)ကာလ စိတ်အစဉ်ဖြစ်ပုံ

တတောပရံ တမေဝ (ပ) အာဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန-ဟူသော သင်္ဂဟပါဠိသည် စုတေကာနီးကာလ စိတ်အစဉ်ဖြစ်ပုံကိုပြသော သင်္ဂဟပါဠိ ဖြစ်ပါသည်။

စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံပြပါဠိ ပါဠိလျှောက်ဆိုရိုး

ထိုသို့ အဖန်တလဲလဲ ရှေးရှုဖြစ်၍ထင်သည်မှနောက်၌ ထိုသို့သောအခြင်းအရာဖြင့် အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကိုပင် လျှင် အာရုံပြု၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ စင်ကြယ်သည်ဖြစ်၍ လည်းကောင်း၊ ညစ်နွမ်းသည်ဖြစ်၍လည်းကောင်း ရအပ်, ခံစားအပ်သော ဘဝ၌ ဦးတည်သကဲ့သို့ စိတ်အစဉ်သည် များသောအားဖြင့် မပြတ်ဖြစ်ပါသည်။

သာဓကကား။　။တတောပရံ (ပ) ဗာဟုလ္လေန ဖြစ်ပါသည်။

တနည်း ကံအာရုံထင်ပုံ

တတော ပရံ တမေဝ (ပ) ဒွါရပဝတ္တံ ဟောတိ-ဟူသောသင်္ဂဟပါဠိသည်(တစ်နည်း) ကံအာရုံထင်ပုံကို.....ပြသော သင်္ဂဟပါဠိဖြစ်ပါသည်။

ပါဠိလျှောက်ဆိုရိုး

ပဋိသန္ဓေကို ဖြစ်စေတတ်သည်ဖြစ်၍ဖြစ်သော ဘဝများစွာ သံသရာက ပြုခဲ့ဖူးသော ကံသည်သာလျှင် မိမိကိုယ်ကို အသစ်ပြုသည်၏အစွမ်းဖြင့် ဒွါရသို့ ရောက်ပါသည်။

သာဓကကား ။　။ တမေဝ ဝါ ပန (ပ) ဟောတိ ဖြစ်ပါသည်။

http://www.dhammadownload.com

မရဏာသန္နဝိထိ

ပစ္စာသန္နမရဏာသ (ပ) နိဂုဏ္ဍတိဟူသော သင်္ကဟပါဠိသည် မရဏာသန္နဝိထိကို ပြသော ပါဠိ ဖြစ်ပါသည်။ ''သတ္တဝါတို့ သေဆုံးပုံ ကွယ်လွန်ပုံပြ သင်္ကဟပါဠိ''လည်း မည်ပါသည်။

သတ္တဝါတို့သေဆုံးပုံ ကွယ်လွန်ပုံပြပါဠိ ပါဠိလျှောက်ဆိုရိုး

အလွန်နီးသော သေခြင်းရှိသော သတ္တဝါအား တဒါရုံအဆုံး,ဓောအဆုံးရှိသော ဝိထိစိတ်တို့၏ အဆုံးဌိလည်းကောင်း(အဆုံးဌိဖြစ်စေ)၊ဘဝင်၏အဆုံးဌိလည်းကောင်း (အဆုံးဌိဖြစ်စေ) (ဘဝင်စိတ်၏ကုန်ခြင်းဌိဖြစ်စေ) စုတေသည်၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်၍ ဖြစ်သော စုတိစိတ်ဖြစ်၍ချုပ်ပါသည်။ (သေဆုံးကွယ်လွန်ပါသည်။)။

သာဓကကား ။ ။ ပစ္စာသန္နမရဏာသ (ပ) နိဂုဏ္ဍတိ ဖြစ်ပါသည်။

မရဏာသန္နဝိထိသည် အကျဉ်းချုပ်အားဖြင့် (၄)ဝိထိရှိပါသည်။ (၄)ဝိထိ ဟူသော်ကား....

တဒါရုံနောင် စုတိကျသော မရဏာသန္န (၁)ဝိထိ၊
ဓောနောင် စုတိကျသော မရဏာသန္န (၁)ဝိထိ၊
(၃) တဒါရုံနောင်ဘဝင်,ဘဝင်နောင် စုတိကျသော မရဏာသန္န (၁)ဝိထိ၊
ဓောနောင်ဘဝင်,ဘဝင်နောင် စုတိကျသော မရဏာသန္န (၁)ဝိထိ -

အားဖြင့် (၄)ဝိထိဖြစ်ပါသည်။

သာဓကကား ။ ။ ပစ္စာသန္နမရဏာသ (ပ) နိဂုဏ္ဍတိ ဖြစ်ပါသည်။

အတိမဟန္တာရုံ မဟန္တာရုံဝိထိခွဲပုံ

ထို(၄)ပါးသော ဝိထိတို့တွင် တဒါရုံနောင်ဘဝင်၊ဘဝင်နောင်စုတိကျသော မရဏာသန္န(၁)ဝိထိ၊တဒါရုံနောင် စုတိကျသော မရဏာသန္န (၁)ဝိထိ အားဖြင့် ဤ(၂)ပါးသော မရဏာသန္နဝိထိတို့သည် အတိမဟန္တာရုံဝိထိမျိုး ဖြစ်ပါသည်။

http://www.dhammadownload.com

ဧောနောင်ဘဝင်,ဘဝင်နောင်စုတိကျသော မရဏာသန္နဝီထိ၊ ဧောနောင်စုတိကျသော မရဏာသန္န (၁)ဝီထိအားဖြင့် ဤ(၂)ပါးသော မရဏာသန္နဝီထိတို့သည် မဟန္တရဲ့ဝီထိမျိုး ဖြစ်ပါသည်။

လက်ဝါးကား ။ ။ တဒါ, ဘဝင်, စု၊ တဒါ စု၊ နှစ်ခု တိမဟန္တ။
ဧော ဘဝင် စု၊ ဧော နှင့် စု၊ နှစ်ခု မဟန္တ။

ဖြစ်ပါသည်။

စုတေခြင်း အဓိပ္ပါယ်

ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပန္နံတဿ နိရုဇ္ဈတိ-ကို ထောက်၍ ပစ္စုပ္ပန်ဘဝမှ ရွေ့လျောသွားခြင်းကို စုတေသည် (သေသည်)ဟု ခေါ်ပါသည်။

မရဏာသန္နအကျယ် (၂၄)ဝီထိ

မရဏာသန္နဝီထိသည် အကျယ်အားဖြင့် (၂၄)ဝီထိရှိပါသည်။ (၂၄)ဝီထိဟူသော်ကား....

စက္ခွဒ္ဒါရ၌(၄)ဝီထိ၊ သောတဒ္ဒါရ၌ (၄)ဝီထိ၊ ဃာနဒ္ဒါရ၌ (၄)ဝီထိ၊ ဇိဝှါဒ္ဒါရ၌ (၄)ဝီထိ၊ ကာယဒ္ဒါရ၌ (၄)ဝီထိ၊ မနောဒ္ဒါရ၌ (၄)ဝီထိအားဖြင့် (၂၄)ဝီထိဖြစ်ပါသည်။

ထို(၂၄)ဝီထိတို့တွင် စက္ခွဒ္ဒါရ (၄)ဝီထိဟူသော်ကား...

တဒါရုံနောင်စုတိကျသော စက္ခွဒ္ဒါရမရဏာသန္န(၁)ဝီထိ၊ ဧောနောင်စုတိကျသော စက္ခွဒ္ဒါရ မရဏာသန္န (၁)ဝီထိ၊တဒါရုံနောင်ဘဝင်,ဘဝင်နောင် စုတိကျသော စက္ခွဒ္ဒါရ မရဏာသန္န (၁)ဝီထိ၊ဧောနောင်ဘဝင်,ဘဝင်နောင်စုတိကျသော စက္ခွဒ္ဒါရမရဏာသန္န (၁)ဝီထိအားဖြင့် (၄)ဝီထိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ သောတဒ္ဒါရ(၄)ဝီထိ၊ဃာနဒ္ဒါရ(၄)ဝီထိ၊ဇိဝှါဒ္ဒါရ(၄)ဝီထိ၊ကာယဒ္ဒါရ (၄)ဝီထိ၊မနောဒ္ဒါရ (၄)ဝီထိတို့ကိုလည်း စက္ခွဒ္ဒါရ (၄) ဝီထိအတိုင်း ရေတွက်လေ။

ဤသို့လျှင် စက္ခွဒ္ဒါရ၌ (၄)ဝီထိ၊ သောတဒ္ဒါရ၌ (၄)ဝီထိ၊ ဃာနဒ္ဒါရ၌ (၄)ဝီထိ ဇိဝှါဒ္ဒါရ၌ (၄)ဝီထိ၊ ကာယဒ္ဒါရ၌ (၄)ဝီထိ၊ မနောဒ္ဒါရ၌ (၄)ဝီထိတို့ကို ပေါင်းလိုက်သည် ရှိသော် မရဏာသန္နအကျယ် (၂၄)ဝီထိဖြစ်ပါသည်။

http://www.dhammadownload.com

စက္ခုဒ္ဒါရ (၄)ဝိထိ ဝိထိချုပ်

ထို (၂၄)ဝိထိတို့တွင် စက္ခုဒ္ဒါရမရဏာသန္နဝိထိ၌ တဒါရုံနောင်စုတိကျသော စက္ခုဒ္ဒါရမရဏာသန္နဝိထိဖြစ်ဟန်ကား... အတိတဘဝင်၊ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိန်း၊သန္တီရဏ၊ဝုဋ္ဌော၊မရဏာသန္နဓော (၅)ကြိမ်၊ တဒါရုံ(၂)ကြိမ်၊စုတိ(၁)ကြိမ်၊ပဋိသန္ဓေ(၁)ကြိမ်၊ဘဝင်(၁၅)ကြိမ်, (၁၆)ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဓော(၇)ကြိမ်၊ ထို့နောင် ဘဝင်အကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

ဓောနောင်စုတိကျသော စက္ခုဒ္ဒါရမရဏာသန္နဝိထိ

ဖြစ်ဟန်ကား ။ ။ အတိတဘဝင်၊ နု, ဒ, မ, စ, သံ, ဏ, ဝု, မရဏာ သန္နဓော(၅)ကြိမ်၊ စုတိ (၁)ကြိမ်၊ ပဋိသန္ဓေ (၁)ကြိမ်၊ ဘဝင်(၁၅)ကြိမ်, (၁၆)ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဓော (၇)ကြိမ် ထို့နောင် ဘဝင်အကြိမ် များစွာ ဖြစ်၍ ချုပ်ပါသည်။

တဒါရုံနောင်ဘဝင် ဘဝင်နောင်စုတိကျသော စက္ခုဒ္ဒါရမရဏာသန္နဝိထိ

ဖြစ်ဟန်ကား။ ။တိ,နု,ဒ,ပ,စ,သံ,ဏ,ဝု မရဏာသန္နဓော (၅)ကြိမ်၊ တဒါရုံ(၂)ကြိမ်၊ဘဝင်(၁)ကြိမ်၊စုတိ (၁)ကြိမ်၊ပဋိသန္ဓေ (၁)ကြိမ်၊ဘဝင် (၁၅)ကြိမ်, (၁၆)ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ဘဝနိကန္တိကလောဘဓော (၇)ကြိမ်၊ထို့နောင် ဘဝင်အကြိမ် များစွာဖြစ်၍ ချုပ်ပါသည်။

ဓောနောင်ဘဝင် ဘဝင်နောင်စုတိကျသော စက္ခုဒ္ဒါရမရဏာသန္နဝိထိ

ဖြစ်ဟန်ကား။ ။တိ, နု, ဒ, ပ, စ, သံ, ဏ, ဝု မရဏာသန္နဓော (၅) ကြိမ်၊ဘဝင်(၁)ကြိမ်၊စုတိ (၁)ကြိမ်၊ပဋိသန္ဓေ(၁)ကြိမ်၊ဘဝင်(၁၅)ကြိမ်,(၁၆)ကြိမ်၊ မနောဒ္ဒါရာဝဇ္ဇန်း၊ဘဝနိကန္တိကလောဘဓော (၇)ကြိမ်၊ထို့နောင် ဘဝင် အကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။သောတဒွါရ(၄)ဝီထိ၊ဃာနဒွါ(၄)ဝီထိ၊ဇိဝှါဒွါရ(၄)ဝီထိ၊ကာယဒွါရ(၄)ဝီထိတို့ကိုလည်း ရှေးနည်းကိုမှီး၍ ဝီထိချပါလေ။

မနောဒွါရ (၄)ဝီထိအကျယ်

မနောဒွါရ မရဏာသန္န (၄)ဝီထိတို့တွင် တဒါရုံနောင်စုတိကျသော မနောဒွါရ မရဏာသန္နဝီထိဖြစ်ဟန်ကား... အတီတဘဝင်၊ဘဝင်္ဂစလန၊ဘဝုပ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဓော (၅)ကြိမ်၊တဒါရုံ(၂)ကြိမ်၊စုတိ(၁)ကြိမ်၊ပဋိသန္ဓေ (၁)ကြိမ်၊ ဘဝင် (၁၅)ကြိမ်, (၁၆)ကြိမ်၊မနောဒွါရာဝဇ္ဇန်း၊ဘဝနိကန္တိကလောဘဓော (၇)ကြိမ်၊ထို့နောင် ဘဝင်အကြိမ်များစွာဖြစ်၍ ချုပ်ပါသည်။

ဓောနောင်စုတိကျသော မနောဒွါရမရဏာသန္နဝီထိ

ဖြစ်ဟန်ကား။ ။တီ, န, ဒ, မ, မရဏာသန္နဓော (၅)ကြိမ်၊စုတိ(၁)ကြိမ်၊ ပဋိသန္ဓေ(၁)ကြိမ်၊ဘဝင် (၁၅)ကြိမ်,(၁၆)ကြိမ်၊မနောဒွါရာဝဇ္ဇန်း၊ဘဝနိကန္တိကလောဘ ဓော (၇)ကြိမ်၊ထို့နောင် ဘဝင်အကြိမ်များစွာ ဖြစ်၍ချုပ်ပါသည်။

တဒါရုံနောင်ဘဝင်၊ဘဝင်နောင်စုတိကျသော မနောဒွါရ မရဏာသန္နဝီထိ

ဖြစ်ဟန်ကား။ ။တီ, န, ဒ, မ, မရဏာသန္နဓော (၅)ကြိမ်၊တဒါရုံ (၂)ကြိမ်၊ဘဝင်(၁)ကြိမ်၊စုတိ(၁)ကြိမ်၊ပဋိသန္ဓေ(၁)ကြိမ်၊ဘဝင်(၁၅)ကြိမ်,(၁၆)ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ဘဝနိကန္တိကလောဘဓော (၇)ကြိမ်၊ထို့နောင် ဘဝင်အကြိမ်များစွာ ဖြစ်၍ချုပ်ပါသည်။

ဓောနောင်ဘဝင် ဘဝင်နောင်စုတိကျသော မနောဒွါရ မရဏာသန္နဝီထိ

ဖြစ်ဟန်ကား။ ။တီ, န, ဒ, မ, မရဏာသန္နဓော (၅)ကြိမ်၊ဘဝင်(၁)ကြိမ်၊ စုတိ(၁)ကြိမ်၊ပဋိသန္ဓေ(၁)ကြိမ်၊ဘဝင်(၁၅)ကြိမ်,(၁၆)ကြိမ်၊မနောဒွါရာဝဇ္ဇန်း၊

http://www.dhammadownload.com

ပဋိသန္ဓေစိတ်ဖြစ်ပုံ

တသို့ နိဂုဒ္ဒါဝသာနေ (ပ) ပတိဋ္ဌာတိ ဘဝန္တရေ-ဟူသော သင်္ဂီဟပါဠိသည် ပဋိသန္ဓေ စိတ်ဖြစ်ပုံကိုပြသော သင်္ဂီဟပါဠိဖြစ်သည်။

သတ္တဝါတို့ ပစ္စုပ္ပန်ဘဝမှသည် အနာဂတ်ဘဝသို့ ကူးပြောင်းရာ၌ စိတ်အစဉ် ဖြစ်ပုံကိုပြသော သင်္ဂီဟပါဠိလည်း မည်ပါသည်။

သတ္တဝါတို့ "ဘဝကူးပုံ"ပြ သင်္ဂီဟပါဠိလည်း မည်ပါသည်။

ပဋိသန္ဓေစိတ်ဖြစ်ပုံ ဘဝကူးပုံပြပါဠိ ပါဠိလျှောက်ဆိုရိုး

စုတိစိတ်ချုပ်ပြီးသည်၏အဆုံး ထိုစုတိစိတ်ချုပ်ပြီးသည်၏အခြားမဲ့၌သာလျှင် ထိုသို့သော အခြင်းအရာအားဖြင့် ဆဒ္ဒါရိကမရဏာသန္နဖောသည် ယူအပ်သော (သေခါနီး ဆဲဆဲ ကာလ၌ဖြစ်သောဖောသည် အာရုံပြုခဲ့သော)ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဝတ္ထုရုပ်ရှိသည် ဖြစ်၍လည်းကောင်း၊ ဝတ္ထုရုပ်မရှိသည်ဖြစ်၍ လည်းကောင်း (မှီရာဝတ္ထုရုပ် ရှိသည်ဖြစ်စေ၊မှီရာဝတ္ထုရုပ်မရှိသည်ဖြစ်စေ) ထိုကံသည်အားလျော်စွာ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ်, အကုသိုလ်ကံသည် ဖြစ်စေအပ်သော ဖဿ,ဝေဒနာ-အစရှိသော သမ္မယုတ်တရားတို့သည် ခြံရံ၍ယူအပ်သော ဖဿ,ဝေဒနာ-အစရှိသော သဟဇာတ်တရားတို့၏ တည်ရာ၏ အဖြစ်ဖြင့် ပြဋ္ဌာန်းသည်ဖြစ်၍ဖြစ်သော ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်း ကဲ့သို့ စပ်တတ်သည်၏ အစွမ်းဖြင့် ပဋိသန္ဓေဟုဆိုအပ်သော စိတ်သည် ဖြစ်ဆဲဖြစ်၍သာလျှင် ဘဝတစ်ပါးဋ္ဌ (ဘဝသစ်၌) တည်ပါသည်။

သာဓကကား။ ။တသို့ နိဂုဒ္ဒါဝသာနေ (ပ) ဘဝန္တရေ ဖြစ်ပါသည်။

ဥဏ်စမ်းများ

"လူတို့သေလွန်ပြီးအိမ်၌ (၇)ရက်မနေပုံ"

'တဿာနန္တရမေဝ'ဟူသောသင်္ဂီဟပါဠိကိုထောက်၍ လူတို့သေလွန်ပြီးနောက် (၇)ရက်ပြည့်မှ(ရက်လည်မှ)နေအိမ်မှဆင်းသွားသည်ဟူသော စကားသည် မမှန်ပါ။

http://www.dhammadownload.com

အကြောင်းကား...ဘဝဟောင်းရှိ စုတိ၏အခြားမဲ့၌သာလျှင်(သေလွန်လျှင် သေလွန်ချင်း)ဘဝသစ်၌ ပဋိသန္ဓေတည်နေရသောကြောင့် ဖြစ်ပါသည်။

ဘဝသစ်ပဋိသန္ဓေစိတ်၏အာရုံ

တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ-ကိုထောက်၍ ဘဝသစ်၌ဖြစ်ရသော ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှ ဆဒ္ဒါရိကမရဏာသန္နဿသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဖြစ်ပါသည်။

ဘဝသစ်ပဋိသန္ဓေစိတ်၏ မိုရာဝတ္ထုရုပ်

သဝတ္ထုကံ အဝတ္ထုကမေဝ ဝါ ယထာရဟံ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ ဘဝသစ်၌ ဖြစ်ရသော ပဋိသန္ဓေစိတ်သည် ကာမ,ရူပပဋိသန္ဓေဖြစ်လျှင် ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ပါသည်။ အရူပပဋိသန္ဓေဖြစ်လျှင် ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ပါသည်။

ကံတရားကြောင့် သတ္တဝါတို့ ဖြစ်ရပုံ

"သခ်ါရေန ဇနိယမာနံ" ဟူသော သင်္ဂဟပါဠိကိုထောက်၍ ပဋိသန္ဓေနေရခြင်း၊ သတ္တဝါတို့ ဖြစ်လာရခြင်းသည် ထာဝရဘုရားသခင် စသည်တို့နှင့် ဗြဟ္မာစသည်တို့က ဖန်ဆင်းပေး၍ ဖြစ်လာရခြင်းမဟုတ်ပါ။ကုသိုလ်,အကုသိုလ်ကံတို့ကြောင့် ဖြစ်လာရခြင်း ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဤအကြောင်းနှင့် အထောက်အထားပါဠိတော်မျိုး ပစ္စည်းပိုင်း၌လည်း ရှိသေးသည်။

ဘဝသစ်၌ ပဋိသန္ဓေစိတ်(၁)ခုတည်းမဖြစ်ပုံ

သမ္မယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနမဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ-ဟူသောသင်္ဂဟပါဠိကိုထောက်၍ ဘဝသစ်၌ ပဋိသန္ဓေစိတ် ဖြစ်ခြင်းသည် ပဋိသန္ဓေစိတ် (၁)ခု တည်းမဟုတ်ပါ။ ဖဿ,ဝေဒနာ အစရှိသော သမ္မယုတ်တရားတို့ ခြံရံလျက် ထိုဖဿ,ဝေဒနာ စသော သဟဇာတ်တရားတို့၏ တည်ရာရှေ့သွားရှိသော|ခေါင်းဆောင်၏ အဖြစ်ဖြင့် ပဋိသန္ဓေစိတ်က ဖြစ်ရပါသည်။

http://www.dhammadownload.com

ဒီဘဝဒီကိုယ်စံ ဟိုဘဝဟိုကိုယ်ခံစကား မှန်/မမှန်

သခ်ါရေန ဇနိယမာနံ (ပ) ပတိဋ္ဌာတိ ဘဝန္တရေ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ ဘဝဟောင်းကပြုလုပ်ခဲ့သော ကုသိုလ်,အကုသိုလ်ကံသည်ဖြစ်စေအပ်သည့် အတိုင်း ဘဝသစ်၌ ပဋိသန္ဓေတည်နေရသောကြောင့် "ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံ" ဟူသော စကားသည် မမှန်ပါ။

လောက်လန်းသဖွယ် ဝိညာဉ်တွယ်စကားမမှန်ပုံ

ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ ဘဝသစ်၌ ဖြစ်လျှင်ဖြစ်ခြင်း ပဋိသန္ဓေတည်နေရသောကြောင့် "လောက်လန်းသဖွယ်ဝိညာဉ်တွယ်" ဟူသောစကားမမှန်ပါ။

ပဋိသန္ဓေစိတ်မည်ပုံ

ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသခ်ါတံ မာနသံ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သည်၏ အစွမ်းဖြင့် ဆက်စပ်ပေးတတ်သောကြောင့် ဘဝသစ်၌ အစဆုံးဖြစ်ပေါ်လာရသော စိတ်ကလေးကို ပဋိသန္ဓေစိတ်ဟုခေါ်ပါသည်။

ကာမပဋိသန္ဓေစိတ်အာရုံ ပါဠိလျှောက် ဆိုရိုး

ယခုဘဝ မရဏာသန္နဇောဇ၏ အာရုံကိုပင် ဒုတိယဘဝပဋိသန္ဓေစိတ်ကယူပုံ

မရဏာသန္နဝီထိ၌ နံ့သည်ဖြစ်၍ဖြစ်ကုန်သော (၅)ကြိမ်သောဇောတို့ကို အလို ရှိအပ်သောကြောင့် တုတ်၊လုံ့တံ(လ)ပန်းမာလ်အစရှိသော ကမ္မနိမိတ်၊အမိဝမ်းရေ(လ) ပဒေသာပင် အစရှိသော ဂတိနိမိတ်ဟုဆိုအပ်ကုန်သော ပစ္စုပ္ပန်အာရုံတို့ ထင်ရှားရှိကုန်စဉ် သေခြင်းဖြစ်ခဲ့သော်....

ကာမာဝစရပဋိသန္ဓေ,ဘဝင်စိတ်တို့သည် ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်ကို ရအပ်သောကြောင့် (၆)ဒွါရဖြင့်ယူအပ်သော ပစ္စုပ္ပန်,အတိတ်ဖြစ်သော ကမ္မနိမိတ်၊မနောဒွါရ ဖြင့်ယူအပ်သော ပစ္စုပ္ပန်သာဖြစ်သော ဂတိနိမိတ်အာရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com

သာဓကကား။　။မရဏာသန္နဝိထိယံ(လ)ဟောတိ။တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ(လ) ပစ္ခုပ္ပန္နမတီတာရမ္မဏံ ဥပလဒ္ဓတိ ဖြစ်ပါသည်။

တစ်နည်း ကာမာဝစရပဋိသန္ဓေ၏အာရုံ

ကာမာဝစရပဋိသန္ဓေ(ဘဝင်)စိတ်တို့သည် ကမ္မနိမိတ်,ဂတိနိမိတ်အာရုံတို့ကို အာရုံမပြုဘဲ ကံနိမိတ်ကို အာရုံပြုခဲ့လျှင် ယင်း ကံနိမိတ်ဟုဆိုအပ်သော ကုသိုလ်,အကုသိုလ် ကံသည် အတိတ်သာဖြစ်ပါသည်။

ထိုအတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်ကံကို မနောဒ္ဒါရဖြင့် ယူအပ်ပါသည်။ မနောဒ္ဒါရဖြင့်ယူအပ်သော အတိတ်ဖြစ်သော ကံနိမိတ်ကို အာရုံပြုပါသည်။ ထိုကံ ကမ္မနိမိတ် ဂတိနိမိတ်တို့သည် ကာမတရားသာလျှင် ဖြစ်၍ဖြစ်ကုန်သော အာရုံတို့သာဖြစ်ပါသည်။

သာဓကကား။　။ကမ္မံ ပန အတီတမေဝ (ပ) ဘူတာနေဝါရမ္မဏာနိ ဖြစ်ပါသည်။

ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်(၃)ပါးကို ဒွါရ,ကာလ,အာရုံအားဖြင့် ဝေဖန်ပုံ

ကာမပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးကို ဒွါရ,ကာလ,အာရုံအားဖြင့် ဝေဖန်ပုံကား...

ကံနိမိတ်သည် ဒွါရအားဖြင့် မနောဒ္ဒါရ၊ကာလအားဖြင့် အတိတ်ကာလ၊အာရုံအားဖြင့် ကာမအာရုံဖြစ်ပါသည်။

ကမ္မနိမိတ်သည် ဒွါရအားဖြင့် (၆)ဒွါရ၊ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၊အာရုံ အားဖြင့် ကာမအာရုံဖြစ်ပါသည်။

ဂတိနိမိတ်သည် ဒွါရအားဖြင့် မနောဒ္ဒါရ၊ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၊ အာရုံအားဖြင့် ကာမအာရုံဖြစ်ပါသည်။ (ကျမ်းရင်း သင်္ဂဟအလို။)

တစ်နည်း။　။သာမညဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးကို ဒွါရ,ကာလ, အာရုံအားဖြင့် ဝေဖန်ပုံကား...

ကံနိမိတ်သည် ဒွါရအားဖြင့် မနောဒ္ဒါရ၊ကာလအားဖြင့် အတိတ်ကာလ၊အာရုံအားဖြင့် ဓမ္မာရုံဖြစ်ပါသည်။

http://www.dhammadownload.com

ကမ္မနိမိတ်သည် ဒွါရအားဖြင့် (၆)ဒွါရ၊ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၊အတိတ်ကာလ၊အာရုံအားဖြင့် ပညတ်ပါသော အာရုံ(၆)ပါးဖြစ်ပါသည်။

ဂတိနိမိတ်သည် ဒွါရအားဖြင့် မနောဒွါရ၊ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၊အာရုံအားဖြင့် ရူပါရုံဖြစ်ပါသည်။ (ဋီကာနည်း)

လက်ံကား ။ ။ ကံအာရုံမှာ၊ တိတ်ဓမ္မာ၊ ထင်ရာ မနောတည်း။
ကမ္မနိမိတ်၊ ပန်တိတ်, ညတ်မှန်၊ ဆဋ္ဌာရမ်၊ ထင်ရာဆဒွါရည်း။
ဂတိကိုကား၊ ပန်, ရူထား၊ ထင်ငြား မနောတည်း- ဖြစ်ပါသည်။

ရူပပဋိသန္ဓေစိတ်၏ အာရုံ

ရူပါဝစရပဋိသန္ဓေစိတ်(၅)ခုသည် ပညတ်ဖြစ်၍ဖြစ်သော ပထဝီကသိုဏ်း-အစရှိသော ကမ္မနိမိတ်ကိုသာ အာရုံပြုပါသည်။

သာဓကကား။ ။ရူပါဝစရပဋိသန္ဓိယာ ပန (ပ) ဟောတိ ဖြစ်ပါသည်။

ရူပပဋိသန္ဓေစိတ်၏ အသေးစိတ်အာရုံများ

တစ်နည်း။ ။ရူပါဝစရပဋိသန္ဓေစိတ် (၅)ပါးတို့တွင် ရူပါဝစရပထမစျာန်ဝိပါက် ပဋိသန္ဓေစိတ်သည် ကသိုဏ်းပညတ်(၁၀)ပါး၊အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်,ဝင်သက်ပညတ် (၁)ပါး၊အသုဘပညတ် (၁၀)ပါး၊ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ်(၁)ပါး၊မေတ္တာ,ကရုဏာ,မုဒိတာ ဟူဆိုအပ် သော ဗြဟ္မဝိဟာရ တရား(၃)ပါး၏အာရုံဖြစ်သော သတ္တဝါပညတ် (၃)ပါးအားဖြင့် ဤ(၂၅)ပါးသောပညတ်ကမ္မနိမိတ် အာရုံကို အာရုံပြုပါသည်။

ရူပါဝစရ ဒုတိယစျာန်ဝိပါက်၊တတိယစျာန်ဝိပါက်၊စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေစိတ်တို့သည် ကသိုဏ်းပညတ်(၁၀)ပါး အာနာပါနသတိ၏အာရုံဖြစ်သော ထွက်သက်, ဝင်သက် ပညတ်(၁)ပါး၊မေတ္တာ,ကရုဏာ,မုဒိတာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား

http://www.dhammadownload.com

(၃)ပါး၏အာရုံဖြစ်သော သတ္တဝါပညတ်(၃)ပါးအားဖြင့် ဤ(၁၄)ပါးသော ပညတ်ကမ္မ-နိမိတ်အာရုံကို အာရုံပြုပါသည်။

ရူပါဝစရပဋ္ဌမစျာန်ဝိပါက် ပဋိသန္ဓေစိတ်သည် ကသိုဏ်းပညတ် (၁၀)ပါး၊ အာနာပါနဿတိ၏အာရုံဖြစ်သော ထွက်သက်,ဝင်သက်ပညတ်(၁)ပါး၊ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား(၁)ပါး၏အာရုံဖြစ်သော သတ္တဝါပညတ်(၁)ပါးအားဖြင့် ဤ(၁၂)ပါးသော ပညတ်ကမ္မနိမိတ် အာရုံကို အာရုံပြုပါသည်။

အရူပပဋိသန္ဓေစိတ်၏အာရုံ

အရူပါဝစရပဋိသန္ဓေ(၄)ခုသည် ထိုက်သည့်အားလျော်စွာ မဟဂ္ဂုတ်ပညတ် ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်၊ကောင်းကင်ပညတ်-အစရှိသော ကမ္မနိမိတ်ကိုသာ အာရုံပြုပါသည်။

သာဓကကား ။ ။ တထာ (လ) ဟောတိ ဖြစ်ပါသည်။

အရူပပဋိသန္ဓေ၏ အသေးစိတ်အာရုံများ

တစ်နည်း။ ။အရူပပဋိသန္ဓေ (၄)ခုတို့တွင် အာကာသာနဉ္စာယတနဝိပါက် အရူပပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ် ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

ဝိညာနဉ္စာယတနဝိပါက် အရူပပဋိသန္ဓေစိတ်သည် အာကာသာနဉ္စာယတနကုသိုလ်ဟုဆိုအပ်သောမဟဂ္ဂုတ်ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

အာကိဉ္စညာယတနဝိပါက် အရူပပဋိသန္ဓေစိတ်သည် နတ္ထိဘောပညတ်ကမ္မနိမိတ် အာရုံကို အာရုံပြုပါသည်။

နေဝသညာနာသညာယတနဝိပါက် အရူပပဋိသန္ဓေစိတ်သည် အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com

ရုပ်လျှင်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်

အသညသတ်ပုဂ္ဂိုလ်တို့အား ဖီဝိတနဝကကလာပ်ရုပ်သည်သာလျှင် ပဋိသန္ဓေ၏ အဖြစ်ဖြင့် တည်သောကြောင့် ထိုအသညသတ်ပုဂ္ဂိုလ်တို့သည် ရုပ်လျှင်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့ မည်ပါသည်။

သာဓကကား။ ။အသညသတ္တာနံ ပန (လ) ရူပပဋိသန္ဓိကာ နာမဖြစ်ပါသည်။

နာမ်လျှင်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်

အရူပပုဂ္ဂိုလ်တို့သည် နာမ်လျှင်ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့ မည်ပါသည်။

သာဓကကား။ ။အာရုပ္ပါ အရူပပဋိသန္ဓိကာ ဖြစ်ပါသည်။

ရုပ်,နာမ် (၂)ပါးလျှင်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်

အသညသတ်ပုဂ္ဂိုလ်၊အရူပပုဂ္ဂိုလ်တို့မှ ကြွင်းသော ကာမ(၁၁)ဘုံ၊ရူပ(၁၅)ဘုံ အားဖြင့် ဤ(၂၆)ဘုံ၌ရှိသော ကာမ,ရူပပုဂ္ဂိုလ်တို့သည် ရုပ်,နာမ် (၂)ပါးလျှင် ပဋိသန္ဓေ ရှိသောပုဂ္ဂိုလ်တို့ မည်ပါသည်။

သာဓကကား။ ။သေသာ ရူပါရူပပဋိသန္ဓိကာ ဖြစ်ပါသည်။

ရုပ်,နာမ်, ရုပ်နာမ်-ရှိသောဘုံများ

ဘုံ(၃၁)ဘုံတို့တွင် အသညသတ်ဘုံသည် ရုပ်သာရှိသောဘုံ မည်ပါသည်။

အရူပ(၄)ဘုံသည် နာမ်သာရှိသောဘုံ မည်ပါသည်။

ကာမ(၁၁)ဘုံနှင့် အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံတို့သည် ရုပ်,နာမ် (၂)ပါးရှိသော ဘုံတို့ မည်ပါသည်။

စုတိနောင် ပဋိသန္ဓေဖြစ်ပုံ

အာရုပ္ပစုတိယာ ဟောန္တိ အစရှိသော ဤ(၂)ဂါထာသည် စုတိစိတ်နောင် ပဋိသန္ဓေ ဖြစ်ပုံကိုပြသော (၂)ဂါထာဖြစ်ပါသည်။စုတိ ပဋိသန္ဓိက္ကမအဆုံး (၂)ဂါထာလည်း မည်ပါသည်။သတ္တဝါများ (၃၁)ဘုံကျင်လည်ပုံကိုပြသော သင်္ဂဟ (၂)ဂါထာဟူ၍လည်း ခေါ်ပါသည်။

http://www.dhammadownload.com

အရှုပစုတိနောင် နောင်းနိုင်သောပဋိသန္ဓေ

အရှုပစုတိ(၄)ခုနောင် ပဋိသန္ဓေ(၈)ပါးနောင်းနိုင်ပါသည်။ (၈)ပါးဟူသော်ကား...

အရှုပပဋိသန္ဓေစိတ်(၄)ပါး၊ကာမတိဟိတ် ပဋိသန္ဓေစိတ်(၄)ပါးအားဖြင့် (၈)ပါး ဖြစ်ပါသည်။

သာဓကကား။　။အာရုပ္ပစုတိယာ (လ) ကာမတိဟေတုကာ ဖြစ်ပါသည်။

ဟေဋ္ဌိမာရုပ္ပဝဇ္ဇီတာ-ဟူသောပုဒ်ကိုထောက်၍ အသေးစိပ်ကောက်ပုံ

တစ်နည်း။　။အရှုပစုတိ (၄)ခုတို့တွင် အာကာသာနဉ္စာယတနစုတိနောင် အရှုပ ပဋိသန္ဓေ(၄)ပါး၊ကာမတိဟိတ်ပဋိသန္ဓေ(၄)ပါး အားဖြင့် ပဋိသန္ဓေ (၈)ပါး နောင်းနိုင်ပါသည်။

ဝိညာနဉ္စာယတနစုတိနောင် - အာကာသာနဉ္စာယတနဝိပါက်ပဋိသန္ဓေကြဉ်သော အရှုပပဋိသန္ဓေ(၃)ပါး၊ကာမတိဟိတ်ပဋိသန္ဓေ (၄)ပါးအားဖြင့် ပဋိသန္ဓေ (၇)ပါးနောင်း နိုင်ပါသည်။

အာကိဉ္စညာယတနစုတိနောင် အာကိဉ္စညာယတနဝိပါက် ပဋိသန္ဓေစိတ်(၁)ပါး၊ နေဝသညာနာသညာယတနဝိပါက်ပဋိသန္ဓေစိတ် (၁)ပါး၊ကာမတိဟိတ်ပဋိသန္ဓေ (၄)ပါး အားဖြင့် ပဋိသန္ဓေ (၆)ပါးနောင်းနိုင်ပါသည်။

နေဝသညာနာသညာယတနစုတိနောင် နေဝသညာနာသညာယတနဝိပါက် ပဋိသန္ဓေစိတ်(၁)ပါး၊ကာမတိဟိတ်ပဋိသန္ဓေ (၄)ပါးအားဖြင့် (၅)ပါး နောင်းနိုင်ပါသည်။

ဥဏ္ဍစမ်းများ

အာရုပ္ပစုတိယာ (လ)တထာကာမတိဟေတုကာ-ဟူသောသင်္ဂဟပါဠိကိုထောက်၍ အရှုပ (၄)ဘုံမှ စုတေလာသော ပုဂ္ဂိုလ်သည် ရှုပ(၁၆)ဘုံ၊အပါယ်(၄)ဘုံတို့၌ တိုက်ရိုက်လာ၍ မဖြစ်နိုင်ပါ။အရှုပ(၄)ဘုံ ကာမသုဂတိ(၇)ဘုံအားဖြင့် (၁၁)ဘုံသို့သာ ရောက်နိုင်ပါသည်။

http://www.dhammadownload.com

အာရုပ္ပစုတိယာ (လ) တထာ ကာမတိဟေတုကာ-ကိုထောက်၍ အရူပဗြဟ္မာကြီး စုတေခဲ့သော် လူဖြစ်နိုင်ပါသည်။ (လူတိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်ပါသည်။)

စာတုမဟာရာဇ်၊တာဝတိံသာ (လ) ပရနိမ္မိတဝသဝတ္တိ-ဟုဆိုအပ်သော နတ်ပြည် (၆)ထပ်၌လည်း ဖြစ်နိုင်ပါသည်။(နတ်တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်ပါသည်။)ဝက်သတ္တဝါ, ဖားသတ္တဝါ မဖြစ်နိုင်ပါ။ရူပဗြဟ္မာကြီးလည်း မဖြစ်နိုင်ပါ။

အာရုပ္ပစုတိယာ (လ) တထာ ကာမတိဟေတုကာ-ကိုထောက်၍ အာကာသာနဉ္စာယတနဘုံမှ စုတေခဲ့သောပုဂ္ဂိုလ်သည် အရူပ(၄)ဘုံ၊ကာမသုဂတိ (၇)ဘုံအားဖြင့် ဤ (၁၁)ဘုံသို့ ရောက်နိုင်ပါသည်။

ဝိညာဏဉ္စာယတနဘုံမှ စုတေခဲ့သောပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနကြဉ်သော အရူပ(၃)ဘုံ၊ကာမသုဂတိ (၇)ဘုံအားဖြင့် ဤ (၁၀)ဘုံသို့ ရောက်နိုင်ပါသည်။

အာကိဉ္စညာယတနဘုံမှ စုတေလာခဲ့သော ပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ၊ကာမသုဂတိ (၇)ဘုံ အားဖြင့် ဤ(၉)ဘုံသို့ ရောက်နိုင်ပါသည်။

နေဝသညာနာသညာယတနဘုံမှ စုတေခဲ့သော ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနဘုံ၊ကာမသုဂတိ (၇)ဘုံအားဖြင့် ဤ(၈)ဘုံသို့ ရောက်နိုင်ပါသည်။

ရူပစုတိနောင် နောင်းနိုင်သော ပဋိသန္ဓေ

ရူပါဝစရစုတိ(၆)ခုနောင် ပဋိသန္ဓေ (၁၇)ပါး နောင်းနိုင်ပါသည်။ (၁၇)ပါးဟူသော်ကား-မဟာဝိပါက်ပဋိသန္ဓေစိတ် (၈)ပါး၊ မဟဂ္ဂုတ်ဝိပါက် ပဋိသန္ဓေစိတ် (၉)ပါးအားဖြင့် (၁၇)ပါး ဖြစ်ပါသည်။

သာဓကကား။ ။ရူပါဝစရစုတိယာ၊ အဟေတု ရဟိတာ သိယုံ ဖြစ်ပါသည်။

တစ်နည်း။ ။အသညသတ်ကြဉ်သော ရူပစုတိ(၅)ခုနောင် ပဋိသန္ဓေ(၁၇)ပါးနောင်းနိုင်ပါသည်။(၁၇)ပါးဟူသော်ကား... မဟာဝိပါက်ပဋိသန္ဓေစိတ် (၈)ပါး၊မဟဂ္ဂုတ်ဝိပါက် ပဋိသန္ဓေစိတ် (၉)ပါးအားဖြင့် (၁၇)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

ဇီဝိတနဝကကလာပ်ဟုဆိုအပ်သော အသည်းသတ်စုတိနောင် ပဋိသန္ဓေ (၈)ပါး နောင်းနိုင်ပါသည်။ (၈)ပါးဟူသော်ကား...

ကာမတိဟိတ် ပဋိသန္ဓေ(၄)ပါး၊ကာမဒွိဟိတ် ပဋိသန္ဓေ (၄)ပါးဟု ဆိုအပ်သော မဟာဝိပါက်ပဋိသန္ဓေစိတ် (၈)ပါးဖြစ်ပါသည်။

လက်ခံကား ။ ။ အသည်းသတ်ဘုံ၊စုတိတုံ၊က၊ကာမတိဟိတ်၊ဒွိဟိတ်ပဋိသန္ဓေ၊ ရှစ်ခုနော်။ဖြစ်ပါသည်။

ရူပါဝစရစုတိယာ၊အဟေတုရဟိတာ သိယုံ-ကိုထောက်၍ ရူပ(၁၆)ဘုံမှ စုတေလာခဲ့သောပုဂ္ဂိုလ်တို့သည် အပါယ်(၄)ဘုံ၌ တိုက်ရိုက်လာ၍ မဖြစ်နိုင်ပါ။ ကာမ သုဂတိ(၇)ဘုံ၊ရူပ(၁၆)ဘုံ၊အရူပ(၄)ဘုံတို့မှာ ဖြစ်နိုင်ရောက်နိုင်ပါသည်။

ရူပါဝစရ စုတိယာ၊အဟေတုရဟိတာ သိယုံ-ကိုထောက်၍ ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ နောင်းခြင်း မရှိသောကြောင့် "ငြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရွတ်ရွတ်" ဟူသော စကားသည် မမှန်ပါ။

ကာမတိဟိတ်စုတိနောင် နောင်းသော ပဋိသန္ဓေ

မဟာဝိပါက် ဉာဏသမ္မယုတ် (၄)ခုဟုဆိုအပ်သော ကာမတိဟိတ်စုတိ (၄)ခုနောင် ပဋိသန္ဓေ(၂၀)နောင်းနိုင်ပါသည်။ (၂၀)ဟူသော်ကား...

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ပါးဟုဆိုအပ်သော အဟိတ်ပဋိသန္ဓေစိတ် (၂)ပါး၊မဟာဝိပါက်ပဋိသန္ဓေစိတ်(၈)ပါး၊မဟဂ္ဂုတ်ဝိပါက် ပဋိသန္ဓေစိတ်(၉)ပါး၊ ဇီဝိတ နဝကကလာပ်ဟု ဆိုအပ်သော အသည်းသတ် ပဋိသန္ဓေ(၁)ပါးအားဖြင့် (၂၀)ဖြစ်ပါသည်။

သာဓကကား။ ။သဗ္ဗာ ကာမတိဟေတုမှာ-ဖြစ်ပါသည်။

ကာမတိဟိတ်စုတိ (၄)ခုနောင် ပဋိသန္ဓေစိတ် (၁၉)ပါးနောင်းပုံ

တစ်နည်း။ ။ကာမတိဟိတ်စုတိ (၄)ခုနောင် ပဋိသန္ဓေစိတ် (၁၉)ပါးနောင်းနိုင်ပါသည်။ (၁၉)ပါးဟူသော်ကား....

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၂)ပါးဟု ဆိုအပ်သော အဟိတ်ပဋိသန္ဓေ(၂)ပါး၊ မဟာဝိပါက်ပဋိသန္ဓေစိတ် (၈)ပါး၊မဟဂ္ဂုတ်ဝိပါက်ပဋိသန္ဓေစိတ်(၉)ပါး အားဖြင့် (၁၉)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။သဗ္ဗာ ကာမတိဟေတုမှာ ဖြစ်ပါသည်။

ဥဇ္ဈစမ်း

သဗ္ဗာ ကာမတိဟေတုမှာ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍ ကာမတိဟိတ်စုတိ(၄)ခုနောင် ပဋိသန္ဓေ (၂၀)လုံး နောင်းနိုင်သောကြောင့် ကာမသုဂတိ (၇)ဘုံမှ ကာမတိဟိတ်စုတိ (၄)ခုဖြင့် စုတေလာခဲ့သောပုဂ္ဂိုလ်တို့သည် ဘုံ(၃၁)ဘုံတို့တွင် မရောက်နိုင်သောဘုံဟူ၍မရှိပါ။(၃၁)ဘုံလုံးသို့ ရောက်နိုင်ပါသည်။

ကာမအဟိတ်,ဒွိဟိတ်စုတိနောင် နောင်းသောပဋိသန္ဓေ

ကာမအဟိတ်,ဒွိဟိတ်စုတိ (၆)ခုနောင် ပဋိသန္ဓေ (၁၀)ပါးနောင်းနိုင်ပါသည်။ (၁၀)ပါးဟူသော်ကား...

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (၂)ပါးဟုဆိုအပ်သော အဟိတ်ပဋိသန္ဓေ (၂)ပါး၊ မဟာဝိပါက်ပဋိသန္ဓေစိတ် (၈)ပါး အားဖြင့် (၁၀)ပါးဖြစ်ပါသည်။

သာဓကကား။ ။ကာမေသွေဝ ပနေတရာ ဖြစ်ပါသည်။

ဥဇ္ဈစမ်း

ကာမေသွေဝ ပနေတရာ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍ ကာမ(၁၁)ဘုံမှ ကာမအဟိတ်၊ဒွိဟိတ်စုတိတို့ဖြင့် စုတေလာခဲ့သောပုဂ္ဂိုလ်တို့သည် ကာမ(၁၁)ဘုံသို့သာ ရောက်နိုင်ပါသည်။ရူပ (၁၆)ဘုံ၊အရူပ(၄)ဘုံသို့ မရောက်နိုင်ပါ။

လူသေတိုင်း လူမဖြစ်

သဗ္ဗာ ကာမတိဟေတုမှာ ကာမေသွေဝ ပနေတရာ-ဟူသော သင်္ဂီဟပါဠိကို ထောက်၍ လူသေလျှင် လူသာဖြစ်ရမည်ဟူသောဝါဒ မမှန်ပါ။ (ဤကား....သာမည အဆုံးအဖြတ်။)

သဗ္ဗာ ကာမတိဟေတုမှာ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍ ကာမတိဟိတ်စုတိ (၄)ခုနောင် ပဋိသန္ဓေ (၂၀)လုံး နောင်းနိုင်သောကြောင့်လည်းကောင်း၊ ကာမေသွေဝ ပနေ-တရာ-သင်္ဂီဟပါဠိကို ထောက်၍ ကာမအဟိတ်၊ဒွိဟိတ်စုတိနောင်၊ကာမပဋိသန္ဓေ (၁၀)ပါး

http://www.dhammadownload.com

နှောင်းနိုင်သောကြောင့်လည်းကောင်း၊လူသေလျှင် လူသာဖြစ်ရမည်ဟူသောစကား(ဝါဒ) မမှန်ပါ (ဤကား... အကျယ်အဖြေတည်း။)

လူသေလျှင် လူပြန်ဖြစ်နိုင်တာလည်းရှိပါသည်။လူပြန်မဖြစ်နိုင်တာလည်း ရှိပါသည်။ကာမတိဟိတ်စုတိ(၄)ခုနှောင် ပဋိသန္ဓေ (၂၀)နှောင်းသောကြောင့် လည်းကောင်း၊ ကာမအဟိတ်၊ဒွိဟိတ်စုတိနှောင် ကာမပဋိသန္ဓေ (၁၀) နှောင်းသောကြောင့်လည်းကောင်း၊ သဗ္ဗာကာမတိဟေတုမှာ၊ကာမမေသွေဝ ပနေတရာ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ လူသေလျှင် နတ်ပြည်သို့လည်းရောက်နိုင်ပါသည်။သိကြားမင်းကြီးလည်းဖြစ်နိုင်ပါသည်။ ဗြဟ္မာကြီးလည်းဖြစ်နိုင်ပါသည်။အပါယ်သို့လည်း ကျနိုင်ပါသည်။ခွေးသတ္တဝါလည်း ဖြစ်နိုင်ပါသည်။ဝက်သတ္တဝါလည်း ဖြစ်နိုင်ပါသည်။

ကာမမေသွေဝ ပနေတရာ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ ကာမအဟိတ်၊ ဒွိဟိတ် စုတိနှောင် ကာမပဋိသန္ဓေ (၁၀)ပါးလုံးနှောင်းသောကြောင့် ဖားသတ္တဝါသေလျှင် နတ်ဖြစ်နိုင်ပါသည်။လူလည်းဖြစ်နိုင်ပါသည်။ရှုပ အရှုပ ဗြဟ္မာတို့ကား မဖြစ်နိုင်ပါ။

ဘဝင်နှင့် စုတိစိတ်ဖြစ်ပုံ

ဣစ္ဆေဝံ ဂဟိတ (ပ) ပဝတ္တတိ-ဟူသောသင်္ဂဟပါဠိသည် ဘဝင်စိတ်ဖြစ်ပေါ်ပုံကို ပြသော သင်္ဂဟပါဠိဖြစ်ပါသည်။ဘဝတည်နေနိုင်ခြင်း၏ အကြောင်းဖြစ်သော စိတ်ဖြစ်ပုံကို ပြသော သင်္ဂဟပါဠိလည်းမည်ပါသည်။

ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတ္တာ နိရုဇ္ဈတိ-ဟူသောပါဠိသည် စုတိစိတ်ဖြစ်ပုံကိုပြသော သင်္ဂဟပါဠိဖြစ်ပါသည်။

ဘဝင်စိတ်ဖြစ်ပုံပြပါဠိ ပါဠိလျှောက်ဆိုရိုး

(တစ်ခုသောဘဝ၌) ယူအပ်ပြီးသော ပဋိသန္ဓေရှိကုန်သော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ စိတ်ချုပ်သည်၏ အခြားမဲ့မှစ၍ ထို၊ပဋိသန္ဓေစိတ်၏ အာရုံကိုပင်လျှင် အာရုံပြု၍ ထိုပဋိသန္ဓေ စိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်သည်တိုင်အောင် ဝိထိစိတ်တို့၏ ဖြစ်ခြင်းမရှိသော် ဘဝ၏ အကြောင်း၏ အဖြစ်ဖြင့် ဘဝင်အစဉ်ဟုဆိုအပ်သောစိတ်သည် မြစ်ရေအလျဉ်ကဲ့သို့ မပြတ် ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။ကျွန်ုပ်ဝံ ဂတိဟ (ပ) ဝိယ ပဝတ္တတိ ဖြစ်ပါသည်။

ဘဝင်စိတ်မည်ပုံ

ဘဝသ အင်္ဂဘဝေန ဘဝင်္ဂသန္တတိသဒိါတံ မာနသံ-ကိုထောက်၍ ဘဝတည်နေ နိုင်ခြင်း၏ အကြောင်းဖြစ်သောစိတ်ဖြစ်သောကြောင့် ဘဝင်စိတ်မည်ပါသည်။

စုတိဖြစ်ပုံ ပါဠိလျှောက်ဆိုရိုး

စုတိဖြစ်ပုံ-အဆုံးဌိလည်း စုတေသည်၏အစွမ်းဖြင့် ထိုပဋိသန္ဓေစိတ်နှင့် အလားတူ သော စိတ်သည်သာလျှင် စုတိစိတ်ဖြစ်၍ ချုပ်ပါသည်။

သာဓကကား။ ။ပရိယောသာနေ စ (ပ) နိရုဇ္ဈတိ ဖြစ်ပါသည်။

တစ်ဘဝ၌ တစ်ခါသာဖြစ်ခွင့်ရှိသောစိတ်များ

ပုထုဇဉ်သတ္တဝါတို့သန္တာန်၌ တစ်ဘဝမှာ တစ်ခါသာဖြစ်ခွင့်ရှိသောစိတ် (၂)မျိုးကား ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့ ဖြစ်ပါသည်။

အစ, အလယ်, အဆုံးဖြစ်သောစိတ်များ

ပဋိသန္ဓေစိတ်သည် ဘဝအစ၌ဖြစ်သောစိတ် မည်ပါသည်။
ဘဝင်စိတ်သည် ဘဝ၏အလယ်၌ဖြစ်သောစိတ် မည်ပါသည်။
စုတိစိတ်သည် ဘဝ၏အဆုံး၌ဖြစ်သောစိတ် မည်ပါသည်။

သံသရာစက်လည်ပုံပြ စုဏ္ဏိယပါဠိ

တတော ပရဉ္စ-အစရှိသော ပါဠိသည် နာမ်သံသရာစက်လည်ပုံကိုပြသော သင်္ဂဟ ပါဠိဖြစ်ပါသည်။

ပါဠိလျှောက်ဆိုရိုး

စုတိစိတ်ချုပ်သည်မှ နောက်၌လည်း ပဋိသန္ဓေအစရှိကုန်သော စိတ်တို့သည် အစဉ်အတိုင်း ရထားလှည်းဘီးစက်ကဲ့သို့ လည်ကုန်သည်ဖြစ်၍သာလျှင် ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား။　။တတော ပရဿ (ပ) ပဝတ္တန္တိ ဖြစ်ပါသည်။

နာမ်သံသရာစက်လည်ပုံပြဂါထာ

ပဋိသန္ဓိဘဝင်္ဂဝိထိယော (ပ) စိတ္တသန္တတိ-အစရှိသော ဤဂါထာသည် နာမ်သံသရာ စက်လည်ပုံကိုပြသော သင်္ဂဟဂါထာ ဖြစ်ပါသည်။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ,ဘဝင် ဝိထိစိတ်တို့သည်လည်းကောင်း၊ စုတိစိတ်သည် လည်းကောင်း လည်၍ဖြစ်ကုန်သကဲ့သို့ ထို့အတူ တစ်ဖန်ဘဝတစ်ပါး၌ ပဋိသန္ဓေ, ဘဝင်အစရှိသော ဤစိတ်၏အစဉ်သည်လည်း လည်၍ဖြစ်ပါသည်။

သာဓကကား။　။ပဋိသန္ဓိဘဝင်္ဂဝိထိယော (ပ) စိတ္တသန္တတိ ဖြစ်ပါသည်။

သံသရာစက်ပြတ်ပုံပြဂါထာ

ပဋိသန္ဓိယပနေတံ-အစရှိသော ဤဂါထာသည် သံသရာစက်ပြတ်ပုံကိုပြသော ဂါထာဖြစ်ပါသည်။(ပါဠိလျှောက်ဆိုပါ။)

သံသရာဟုခေါ်ရပုံ

ဤပစ္စုပ္ပန်ဘဝမှ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်ဘို့သည် အစဉ်အတိုင်း ဖြစ်ပျက်ချုပ်ပျောက်၍ နောင်ဘဝသစ်၌လည်း ဤပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့ အစဉ်အတိုင်း ဖြစ်ပျက်,ချုပ်ပျောက်လျက်,အဆက်မပြတ်လည်ပတ်နေသည်ကို "သံသရာဟု"ဟု ခေါ်ပါသည်။

ဝိထိမုတ်ဝိုင်းပြီး၏။

* * * * *

http://www.dhammadownload.com

ရုပ်ပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

ဇတ္တာဝတာ ဝိဘတ္တာဟိ-အစရှိသော ဤဂါထာသည် အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြသောဂါထာဖြစ်ပါသည်။

ဂါထာဆိုရိုး

ဤဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကား (ဤမျှအတိုင်းအရှည်ရှိသော (၅)ပါးသော ပရိဏ္ဍေဒတို့ဖြင့်) ၃-ပါးသော ပရိဏ္ဍေဒတို့ဖြင့် ဆိုအပ်သောအပြား၊ ၂-ပါးသောပရိဏ္ဍေဒတို့ဖြင့် ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော (၀၂) - ဥဒ္ဒေသ,နိဒ္ဒေသ,ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် ဆိုအပ်သော အပြား၊ ပဝတ္တိ,ပဋိသန္ဓေတို့၏ အစွမ်းဖြင့် ဆိုအပ်သောဖြစ်ခြင်းရှိကုန်သော စိတ်,စေတသိက် ဖြစ်ကုန်သော သဘောတရားတို့ကို ဝေဖန်ပြီးဖြစ်သောကြောင့် ယခုအခါ၌ ရုပ်ကို အပြားအားဖြင့် ဆိုပေအုံ့ဟု (ဝန်ခံခြင်း)ဖြစ်ပါသည်။

အရကောက်များ

သပ္ပဘေဒပ္ပဝတ္တိကာ-ဟူသောပါဠိ၌ သပ္ပဘေဒ အရကား-ဥဒ္ဒေသ,နိဒ္ဒေသ, ပဋိနိဒ္ဒေသ(၃)ပါးတို့ကို ရပါသည်။

ပဝတ္တိအရကား - ပဝတ္တိ,ပဋိသန္ဓေ (၂)ပါးကို ရပါသည်။

ဝိထိမုတ်ပိုင်းအထိပြသော ပရမတ္ထတရား

ဇတ္တာဝတ္တာ ဝိဘတ္တာဟိ၊သပ္ပဘေဒပ္ပဝတ္တိကာ၊စိတ္တစေတသိကာ ဓမ္မာ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ စိတ်ပိုင်းမှစ၍ ဝိထိမုတ်ပိုင်းတိုင်အောင် စကားရပ်တို့ဖြင့် စိတ်, စေတသိက် ပရမတ္ထတရား(၂)ပါးကို ပြပါသည်။

ပရိဏ္ဍေဒ(၅)ပါး ပိုင်းခြားပုံ

သပ္ပဘေဒပ္ပဝတ္တိကာ-ဟူသောပါဠိဖြင့်ပြအပ်သောပရိဏ္ဍေဒ(၅)ပါးပိုင်းခြားပုံကား- စိတ်ပိုင်းအစမှစ၍ စေတသိက်ပိုင်း ဒွိပဉ္စာသ ပဒုစ္စရေ-ဂါထာတိုင်အောင် စကားရပ်သည် စိတ်,စေတသိက်တရားတို့ကို အကျဉ်းချုံး၍ပြရာပြကြောင်းဖြစ်သောကြောင့် ဥဒ္ဒေသ မည်ပါသည်။

http://www.dhammadownload.com

တေသံ စိတ္တာ ဝိယုတ္တာနံ-အစရှိသော ဂါထာမှစ၍ စေတသိက်ပိုင်းအဆုံးတိုင်အောင် စကားရပ်သည် စိတ်,စေတသိက်တရားတို့ကို သမ္မယောဂနည်း,သင်္ဂဟနည်းတို့ဖြင့် အကျယ်ပြရာ ဖြစ်သောကြောင့် နိဒ္ဒေသ မည်ပါသည်။

ပကိဏ်းပိုင်းသည် စိတ်,စေတသိက်တရားတို့ကို ဝေဒနာသင်္ဂဟ အစရှိသည်တို့ဖြင့် တစ်ဖန်အကျယ်ဝေဖန်၍ ပြရာဖြစ်သောကြောင့် ပဋိနိဒ္ဒေသမည်ပါသည်။

ဝိထိပိုင်းသည် ပဝတ္တိအခါ စိတ်,စေတသိက် တရားတို့၏ ဖြစ်ပုံကို ပြရာဖြစ်သောကြောင့် ပဝတ္တိမည်ပါသည်။

ဝိထိမုတ်ပိုင်းသည် ပဋိသန္ဓေအခါ,စုတိအခါတို့၌ စိတ်၏ဖြစ်စဉ်နှင့် ဘဝ၏ဖြစ်စဉ်ကိုပြရာ ဖြစ်သောကြောင့် ပဋိသန္ဓေမည်ပါသည်။

တစ်နည်း-ပရိစ္ဆေဒ (၅)ပါးပိုင်းခြားပုံ

သပ္ပဘေဒပဝတ္တိကာ-ဟူသောပါဠိဖြင့် ပြအပ်သော ပရိစ္ဆေဒ ၅-ပါးပိုင်းခြားပုံကား... စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သမ္မထာ-ဟူသောပါဠိ၌ပါသော စိတ္တံ စေတသိကံ-ဟူသောပါဠိသည် စိတ်,စေတသိက်တရားတို့ကို အကျဉ်းမျှပြသောကြောင့် ဥဒ္ဒေသ မည်ပါသည်။

တတ္ထ စိတ္တံ တာဝ စတုဘူမိဓ ဟောတိ-မှစ၍ စေတသိက်ပိုင်းအဆုံးတိုင်အောင်သော စကားရပ်သည် စိတ်,စေတသိက်တရားတို့ကို အကျယ်ပြရာ ဖြစ်သောကြောင့် နိဒ္ဒေသမည်ပါသည်။

ပကိဏ်းပိုင်းသည် စိတ်,စေတသိက်တရားတို့ကို ဝေဒနာသင်္ဂဟအစရှိသည်တို့ဖြင့် တစ်ဖန် အကျယ်ဝေဖန်၍ ပြရာဖြစ်သောကြောင့် ပဋိနိဒ္ဒေသမည်ပါသည်။

ဝိထိပိုင်းသည် ပဝတ္တိအခါ စိတ်,စေတသိက်တရားတို့၏ ဖြစ်ပုံကို ပြရာဖြစ်သောကြောင့် ပဝတ္တိမည်ပါသည်။

ဝိထိမုတ်ပိုင်းသည် ပဋိသန္ဓေအခါ,စုတိအခါတို့၌ စိတ်၏ဖြစ်စဉ်နှင့် ဘဝ၏ဖြစ်စဉ်ကို ပြရာဖြစ်သောကြောင့် ပဋိသန္ဓေမည်ပါသည်။

မှတ်ချက်။　။သပ္ပဘေဒပဝတ္တိကာ-၌ ပဝတ္တိဟူသည် စိတ်, စေတသိက် တို့၏ ဖြစ်ပုံ ဖြစ်ခြင်း ဖြစ်ဟန်ကို ဆိုလိုသည်။

http://www.dhammadownload.com

မာတိကာ ၅-ပါး

ရူပသင်္ဂဟ၌ မာတိကာတို့သည်၊ ၀၂-သင်္ဂဟတို့သည်-

ရူပသမုဒ္ဒေသ (=ရုပ်ကို အကျဉ်းပြခြင်း)

ရူပဝိဘာဂ (=ရုပ်ကို အကျယ်ဝေဖန်ပြခြင်း)

ရူပသမုဋ္ဌာန (=ရုပ်တို့၏ ဖြစ်ကြောင်းကို ပြခြင်း)

ရူပကလာပ (=ရုပ်တို့၏ ပေါင်းစည်းခြင်းကိုပြခြင်း)

ရူပပဝတ္တိကွမ (=ဘ၀,ကာလ,သတ္တဝါအပြားဖြင့် ရုပ်တို့၏ဖြစ်စဉ်ကို ပြခြင်း အားဖြင့် ၅-ပါးအပြားရှိပါသည်)။

သာဓကကား။ ။သမုဒ္ဒေသာ (ပ) သင်္ဂဟော ဖြစ်ပါသည်။

ထို ၅-ပါးတို့တွင် ရုပ်ကိုအကျဉ်းပြခြင်းသည် ရူပသမုဒ္ဒေသ မည်ပါသည်။

ရုပ်ကို ဝေဖန်၍ပြခြင်းသည် ရူပဝိဘာဂ မည်ပါသည်။

စကွဒသက-အစရှိသော ရုပ်ကလာပ်တို့၏ ဖြစ်ကြောင်းသည် ရူပသမုဋ္ဌာန မည်ပါသည်။

စက္ခု-အစရှိသော ရုပ်တို့၏ အပေါင်းအစည်းသည် ရူပကလာပ မည်ပါသည်။

ဘ၀,ကာလ,သတ္တဝါအပြားဖြင့် ရုပ်တို့၏ဖြစ်စဉ်သည် ရူပပဝတ္တိကွမည်ပါသည်။

ရူပသမုဒ္ဒေသ

မဟာဘုတ်နှင့် ဥပါဒါရုပ်

ရူပသင်္ဂဟ၌ ရုပ်တို့သည် အကျဉ်းချုပ်အားဖြင့် (၀၂)- အခြေခံအားဖြင့် မဟာဘုတ်,ဥပါဒါရုပ်အားဖြင့် ၂-ပါးအပြားရှိပါသည်။

မဟာဘုတ်,ဥပါဒါရုပ်ဟူ၍ ၂-ပါးအပြားရှိသော ထိုရုပ်သည် သဘောတူသော အားဖြင့် ပေါင်း၍ ရေတွက်လျှင် -

မဟာဘုတ် (ဘူတရုပ်)၊ပသာဒရုပ်၊ဂေါစရရုပ် (ဝိသယရုပ်)၊ဘာ၀ရုပ်၊ဟဒယရုပ်၊ဇီ ဝိတရုပ်၊အာဟာရရုပ်၊ပရိစ္ဆေဒရုပ်၊ဝိညတ်ရုပ်၊ဝိကာရရုပ်၊လက္ခဏရုပ်အားဖြင့် (၁၁)ပါးအပြားရှိပါသည်။

http://www.dhammadownload.com

သာဓကကား။　။စတ္တာရိ မဟာဘူတာနိ (ပ) ဂစ္ဆတိ ဖြစ်ပါသည်။

အရကောက်များ

ဒုဝိဓမ္မေတံ ရူပံ-ဟူသောသင်္ဂဟပါဠိ၌ ဒုဝိဓံ-အရကား... မဟာဘူတ်,ဥပါဒါရုပ်ဟူ၍ အချုပ်အားဖြင့် ပြားသောရုပ် ၂-ပါးကို ရပါသည်။

စက္ခာဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ-ဟူသောပါဠိ၌ စက္ခာဒသအရကား...ဘူတရုပ်၊ ပသာဒရုပ်၊ဂေါစရရုပ်၊ဘာဝရုပ်၊ဟဒယရုပ်၊ဇီဝိတရုပ်၊အာဟာရရုပ်၊ပရိစ္ဆေဒရုပ်၊ဝိညတ်ရုပ်၊ ဝိကာရရုပ်၊လက္ခဏရုပ်-ဟူ၍ သဘောတူအားဖြင့်ပြားသော ၁၁-ပါးကို ရပါသည်။

မဟာဘူတ် ၄-ပါး

မဟာဘူတ်သည် ပထဝီဓာတ်၊အာပေါဓာတ်၊တေဇောဓာတ်၊ဝါယောဓာတ် အားဖြင့် ၄-ပါး အပြားရှိပါသည်။ဘူတရုပ် ၄-ပါးဟူ၍လည်း ခေါ်ပါသည်။

သာဓကကား။　။ကထံ ပထဝီဓာတု (ပ) ဘူတရူပံ နာမ ဖြစ်ပါသည်။

ဥပါဒါရုပ် ၂၄-ပါး

ပသာဒရုပ် ၅-ပါး

ပသာဒရုပ်သည် စက္ခုပသာဒ၊သောတပသာဒ၊ဃာနပသာဒ၊ဇိဝှါပသာဒ၊ ကာယပသာဒ-အားဖြင့် ၅-ပါးအပြားရှိပါသည်။

သာဓကကား။　။စက္ခု (ပ) ပသာဒရူပံ နာမ ဖြစ်ပါသည်။

ဂေါစရရုပ် ၇-ပါး

ဂေါစရရုပ်သည် ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ပထဝီ,တေဇော,ဝါယော ဟူဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ-အားဖြင့် ၇-ပါးအပြားရှိပါသည်။ဝိသယရုပ် ၇-ပါးဟူ၍ လည်းခေါ်ပါသည်။

သာဓကကား။　။ရူပံ (ပ) ဂေါစရရူပံ နာမ ဖြစ်ပါသည်။

http://www.dhammadownload.com

ဖောဋ္ဌဗ္ဗာရုံအရဿ် အာပေါဓာတ် မပါဝင်ပုံ

အာပေါဓာတ်သည် အလွန်သိမ်မွေ့သည်ဖြစ်၍ တွေ့ထိခြင်းဌာ မတတ်ကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအရဿ် အာပေါဓာတ် မပါဝင်ပါ။ထို့ကြောင့် ''အာပေါဓာတု ဝိဝဇ္ဇိတံ'' ဟု ဆိုရပါသည်။ (၀၊) အာပေါဓာတ်ကို ကြဉ်ရပါသည်။

ဘာဝရုပ် ၂-ပါး

ဘာဝရုပ်သည် ဣတ္ထိဘာဝရုပ်၊ပုမ္ဘာဝရုပ်-အားဖြင့် ၂-ပါးအပြားရှိပါသည်။

သာဓကကား။ ။ဣတ္ထတ္တံ ပုရိသတ္တံဘာဝရူပံ နာမ ဖြစ်ပါသည်။

ဟဒယရုပ် ၁-ပါး

ဟဒယဝတ္ထုသည် ဟဒယရုပ် မည်ပါသည်။

သာဓကကား။ ။ဟဒယဝတ္ထု ဟဒယရူပံ နာမ ဖြစ်ပါသည်။

ဟဒယရုပ်၏ တည်ရာဌာန

ဟဒယရုပ်သည် သားမြတ်နှစ်ခုတို့၏အကြား နှလုံးသား၏အတွင်း (နှလုံးအိမ်၏ အတွင်း) ပုန်းညက်စေ့ခန်း ပမာဏရှိသော တွင်းငယ်၌တည်သော တစ်လက်ဖက် (တစ်လက် စွမ်း)၏ ထက်ဝယ်ပမာဏမျှလောက်သော သွေးကို ပို့နှံ့၍ တည်ပါသည်။

ဇီဝိတရုပ် ၁-ပါး

ဇီဝိတိန္ဒြသည် ဇီဝိတရုပ်မည်ပါသည်။

သာဓကကား။ ။ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ ဖြစ်ပါသည်။

အာဟာရရုပ် ၁-ပါး

အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရသည် အာဟာရရုပ် မည်ပါသည်။

သာဓကကား။ ။ကဗဠီကာရော အာဟာရော အာဟာရရူပံ နာမ ဖြစ်ပါသည်။

http://www.dhammadownload.com

သဘာဝစသည်မည်သောရုပ်များ

ရုပ်အစစ် ၁၈-ပါး

ဤသို့လျှင် ဘူတရုပ် ၄-ပါး၊ပသာဒရုပ် ၅-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ်၁-ပါးအားဖြင့် ဤ ၁၈-ပါးသောရုပ်တို့သည် ကကွဋအစရှိသော မိမိတို့သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ်လည်း မည်ပါသည်။ (ဝါ) ရုပ်အစစ်လည်း မည်ပါသည်။

အနိစ္စ-အစရှိသော လက္ခဏာတို့နှင့် တကွဖြစ်သောကြောင့် သလက္ခဏရုပ်လည်း မည်ပါသည်။

ပရိစ္ဆေဒ-အစရှိသော အဖြစ်ကိုကြဉ်၍ မိမိတို့သဘောအားဖြင့်သာလျှင် ကံအစရှိသောအကြောင်းတို့သည် ပြီးစေအပ်သည်၏အဖြစ်ကြောင့် နိပ္ဖန္နရုပ်လည်း မည်ပါသည်။

အချမ်း,အပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့်ဖောက်ပြန်တတ်သည်၏အဖြစ်၊အချမ်း,အပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့သည် ဖောက်ပြန်စေအပ်သည်၏အဖြစ်ကြောင့် ရူပရုပ်လည်း မည်ပါသည်။

ပရိစ္ဆေဒ-အစရှိသော အဖြစ်ကိုလွန်၍ သဘောအားဖြင့်သာလျှင် ရအပ်သောကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ-တည်းဟူသော လက္ခဏာယာဉ် ၃-ပါးသို့တင်သဖြင့် သုံးသပ်ခြင်း ၄ ထိုက်သည်၏အဖြစ်ကြောင့် သမ္မသနရုပ်လည်း မည်ပါသည်။

သာဓကကား ။　　။ ဣတိ စ (ပ) ဂဏ္ဌတိ ဖြစ်ပါသည်။

ပရမတ္ထအစစ်ဖြစ်သော ရုပ် ၁၈-ပါး

ဣတိ စ အဋ္ဌာရသဝိဓမ္မေတံ ရူပံ သဘာဝရူပံ သလက္ခဏရူပံ နိပ္ဖန္နရူပံ-ဟူသော သင်္ဂဟပါဠိနှင့် ဒွါဒသတ္တတိဝိဓာ ဝုတ္တာ၀တ္ထုဓမ္မာ သလက္ခဏာ-ဟူသောပါဠိတို့ကိုထောက်၍ ရုပ်တရားဟူသမျှ ပရမတ္ထအစစ်ဟူ၍ချည်း မမှတ်ရပါ။ နိပ္ဖန္နရုပ်အဋ္ဌာရသသည်သာလျှင်ပရမတ္ထအစစ်ဖြစ်သောရုပ် မည်ပါသည်။ (ဝါ) ရုပ်အစစ်မည်ပါသည်။

အနိပ္ဖန္နရုပ် ၁၀-ပါးကား... ပရမတ္ထအစစ်မဟုတ်သော ရုပ်မည်ပါသည်။

http://www.dhammadownload.com

ရူပရူပံဟု ဆိုရပုံ

အနိပ္ပန္နရုပ် ၁၀-ပါးကို စင်စစ်ခြင်းအကျိုးငှာ ရူပရူပံဟု အထူးပြု၍ ဆိုပါသည်။

တစ်ကိုယ်လုံးပျံနှံ့၍ တည်သောရုပ်

ဘာဝရုပ်, ကာယပသာဒရုပ်, ဖီဝိတရုပ်, သုက်, သွေး, သည်းခြေ-အားဖြင့်-၆-ပါးသောရုပ်တို့သည် ဆံပင်ဖျား၊ မွေးညင်းဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျား၊ အမာရွတ်တို့ကိုချန်ထား၍ တစ်ကိုယ်လုံး၌ ပျံနှံ့၍တည်ပါသည်။

လက်ံကား။ ။ဘာဝ, ကာယ၊ဖီဝိတ၊သုက္က, သွေး, သည်းခြေ။
အစိုကာယ၊ရှိသမျှ၊မုချအနှံ့နေ။

တစ်နည်း။ ။ဘော, ပသာဒ၊ဖီဝိတ၊သုက္က, သွေး, သည်းခြေ။
အစိုကာယ၊ရှိသမျှ၊မုချအနှံ့နေ ဖြစ်ပါသည်။

ပရိစ္ဆေဒရုပ် ၁-ပါး

အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်ပါသည်။

သာဓကကား။ ။အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ ဖြစ်ပါသည်။

ဝိညတ်ရုပ် ၂-ပါး

ဝိညတ်ရုပ်သည် ကာယဝိညတ်, ဝစီဝိညတ်-အားဖြင့် ၂-ပါးအပြားရှိပါသည်။

သာဓကကား။ ။ကာယဝိညတ္တိ ဝစီဝိညတ္တိ ဝိညတ္တိရူပံနာမ ဖြစ်ပါသည်။

ဝိကာရရုပ် ၅-ပါး

ဝိကာရရုပ်သည် လဟုတာ, မုဒုတာ, ကမ္မညတာ၊ဝိညတ်ရုပ် ၂-ပါးအားဖြင့် ၅-ပါး ဖြစ်ပါသည်။

သာဓကကား။ ။ရူပဿ လဟုတာ (ပ) ဝိကာရရူပံ နာမ ဖြစ်ပါသည်။

မှတ်ချက်။ ။လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ-ဟူသော

http://www.dhammadownload.com

သင်္ဂဟပါဠိကိုထောက်၍ လဟုတာဒိတ္တယ၏ ဥတု,စိတ်, အာဟာရ အကြောင်းတရား ၃-ပါး တို့ကြောင့်ဖြစ်သောကြောင့် ရူပဿလဟုတာ မုဒုတာ ကမ္မညတာဝိညတ္တိဒွယ် ဝိကာရရူပ် နာမ-၌ ရူပဿ=နိပ္ပန္နရုပ် အဋ္ဌာရသ၏ ဟုပေးသောအနက်မမှန်ပါ။ ရူပဿ=တိဇနိပ္ပန္နရုပ်၏ဟု ပေးသောအနက်သာ မှန်ပါသည်။

လက္ခဏရုပ် (၄)ပါး

လက္ခဏရုပ်သည် ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ-အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။　။ရူပဿ ဥပစယော (ပ) လက္ခဏရူပံ နာမ ဖြစ်ပါသည်။

အသဘာဝစသည်မည်သောရုပ်များ

ဤသို့လျှင် ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ၁၀-ပါးသောရုပ်တို့သည် ကကွဋအစရှိသော မိမိတို့၏ သဘောအားဖြင့်မရအပ်သောကြောင့် အသဘာဝရုပ်လည်း မည်ပါသည်။

အနိစ္စအစရှိသော လက္ခဏာတို့နှင့်တကွ မဖြစ်သောကြောင့် အလက္ခဏရုပ်လည်း မည်ပါသည်။

ပရိစ္ဆေဒအစရှိသော အဖြစ်ကိုကြဉ်၍ မိမိတို့သဘောအားဖြင့်သာလျှင် ကံအစရှိသောအကြောင်းဘို့သည် မပြီးစေအပ်သည်၏အဖြစ်ကြောင့် အနိပ္ပန္နရုပ်လည်း မည်ပါသည်။

အချမ်း,အပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သောအကြောင်းတို့ကြောင့် မဖောက်ပြန်တတ်သည်၏အဖြစ်၊အချမ်း,အပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သောအကြောင်းတို့သည် မဖောက်ပြန်စေအပ်သည်၏အဖြစ်ကြောင့် အရူပရုပ်လည်း မည်ပါသည်။

ပရိစ္ဆေဒအစရှိသောအဖြစ်ကိုလွန်၍ သဘောအားဖြင့်သာလျှင် မရအပ်သောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသော လက္ခဏာယာဉ် ၃-ပါးသို့တင်သဖြင့် သုံးသပ်ခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့် အသမ္မသနရုပ်လည်း မည်ပါသည်။

http://www.dhammadownload.com

ရုပ် ၂၈-ပါးအပေါင်းနှင့် မဟာဘုတ်၊ ဥပါဒါရုပ်ခွဲပုံ

ဤသို့လျှင် ရုပ်တို့သည် ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ်၄-ပါးအားဖြင့် ၂၈-ပါးအပြားရှိပါသည်။

ထို၂၈-ပါးတို့တွင် ဘူတရုပ် ၄-ပါးသည် မဟာဘုတ်မည်ပါသည်။

ကြွင်းသော ပသာဒရုပ် ၅-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ်၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ်၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ၂၄-ပါးသောရုပ်သည် ဥပါဒါရုပ် မည်ပါသည်။

ဇာတိရုပ်

လက္ခဏရုပ် ၄-ပါး၌ သုတ္တန်ပါဠိတော်ကျမ်းများ၌ ဟောတော်မူအပ်သော ဇာတိရုပ်တစ်ခုကိုပင်လျှင် ဤအဘိဓမ္မာ၌ ဥပစယ၊သန္တတိ-ဟူသောအမည်ဖြင့် ၂-မျိုးခွဲ၍ မိန့်ဆိုရပါသည်။

သာဓကကား။ ။ဇာတိရူပမေဝ (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

ဤသို့လျှင်ဘူတရုပ်၊ပသာဒရုပ်၊ဂေါစရရုပ်၊ဘာဝရုပ်၊ဟဒယရုပ်၊ဇီဝိတရုပ်၊အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ဝိညတ်ရုပ်၊ဝိကာရရုပ်၊လက္ခဏရုပ်ဟူ၍ ၁၁-ပါးအပြား ရှိသောရုပ်သည် သရုပ်၏အစွမ်းဖြင့်(၀၀)မိမိတို့၏သဘော၏အစွမ်းဖြင့် ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါး အားဖြင့် ၂၈-ပါးအပြားရှိပါသည်။

သာဓကကား။ ။ကတိ ဇကာဒသဝိဓမ္မေတံ (ပ) သရူပဝသေန ဖြစ်ပါသည်။

http://www.dhammadownload.com

ဇာတိရုပ်ကို ဥပစယ,သန္တတိအမည်ဖြင့် ၂-ပါးခွဲ၍ဟောပုံ

ရှေးဦးစွာဖြစ်ခြင်း,နောက်၌ဖြစ်ခြင်း-ဟုဆိုအပ်သော ဖြစ်ပုံအခြင်းအရာ ကွဲပြားသောကြောင့်လည်းကောင်း၊ကျွတ်ထိုက်သောဝေနေယျတို့၏ အလိုဆန္ဒအားလျော်စွာဟော တော်မူရသောကြောင့်လည်းကောင်း ဇာတိရုပ်တစ်ခုကိုပင်လျှင် ဥပစယ,သန္တတိဟူသော အမည်ဖြင့် ၂-ပါးခွဲ၍ ဟောရပါသည်။

ဥပစယ,သန္တတိ ၂-ပါးအထူး

ဥပစယ,သန္တတိ ၂-ပါးတို့၏ အထူးကား....ပဋိသန္ဓေစိတ်၏ဥပါဒ်မှစ၍ အကြင်မျှလောက်သော စက္ခု-စသောဒသကတို့၏ဖြစ်ခြင်းသည်ရှိ၏။ထိုအတွင်း၌ နိပ္ပန္နရုပ်တို့၏ ဖြစ်ခြင်းသည် ဥပစယမည်ပါသည်။ထိုမှနောက်၌ နိပ္ပန္နရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိ မည်ပါသည်။

သင်္ဂဟဂါထာ

ဤသို့လျှင် ဘူတရုပ် ၄-ပါး၊ပသာဒရုပ် ၅-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါးဟူဆိုအပ်သော နိပ္ပန္နရုပ် ၁၈-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ်၄-ပါး ဟူဆိုအပ်သော အနိပ္ပန္နရုပ် ၁၀-ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ရုပ် ၂၈-ပါးဖြစ်ပါသည်။

သာဓကကား။　။ကထံ ဘူတပသာဒဝိသယာ (ပ) ဘဝေ ဖြစ်ပါသည်။

မှတ်ချက်။　။ရုပ် ၂၈ပါးတို့တွင် ပြည့်စုံသောကွန်ဒြေရှိသော ယောကျ်ားတို့၏သန္တာန် ၌ ကုတ္ထိဘာဝရုပ်ကြဉ်သော ရုပ် ၂၇-ပါးကိုရ၍ ပြည့်စုံသောကွန်ဒြေရှိသော မိန်းမတို့၏ သန္တာန်၌ ပုမ္ဘာဝရုပ်ကြဉ်သော ရုပ်(၂၇)ပါးကို ရပါသည်။

ရူပသမုဒ္ဒေသပြီး၏။

* * * * *

http://www.dhammadownload.com

ရူပဝိဘာဂ

အဟေတုကရုပ် စသည်မည်ပုံ

အလုံးစုံသောရုပ် ၂၈-ပါးတို့သည် အလောဘအစရှိသော သမ္မယုတ်ဟိတ်မရှိသည်၏အဖြစ်ကြောင့် အဟေတုကလည်း မည်ပါသည်။

ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့နှင့်တကွ ဖြစ်သောကြောင့် သပ္ပစ္စယလည်း မည်ပါသည်။

အာသဝေါတရား ၄-ပါးတို့၏ အာရုံဖြစ်ခြင်းကြောင့် သာသဝလည်း မည်ပါသည်။

ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပေါင်းစပ်ပြုပြင်အပ်သောကြောင့် သခ်ါတလည်း မည်ပါသည်။

ဥပါဒါန်၏အာရုံဖြစ်သော သခ်ါရလောကဠ အကျုံးဝင်သည်၏အဖြစ်ကြောင့် လောကိယလည်း မည်ပါသည်။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရလည်း မည်ပါသည်။

အာရုံကိုမယူတတ်သည်၏အဖြစ်ကြောင့် အနာရမ္မဏလည်း မည်ပါသည်။

တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်,သမုစ္ဆေဒပဟာန်တို့၏အစွမ်းဖြင့် မပယ်အပ်သည်၏ အဖြစ်ကြောင့် အပ္ပဟာတဗ္ဗလည်း မည်ပါသည်။

ဤသို့လျှင် တစ်ခုသောအဖို့ရှိသည်လည်းဖြစ်သောရုပ်သည် အဏ္ဏတ္တိကရုပ်,ဗာဟိရရုပ် အစရှိသည်တို့၏အစွမ်းဖြင့် များသောအပြားအားဖြင့် ပြားခြင်းသို့ ရောက်ပါသည်။

သာဓကကား။ ။သဗ္ဗဉ္စ ပနေတံ (ပ) ဂစ္ဆတိ ဖြစ်ပါသည်။

ဥဏ်စမ်း

ရူပဝိဘာဂ-အစ စုဏ္ဏိယပါဠိလာ အနာရမ္မဏံ-ဟူသောသင်္ဂဟပါဠိကိုထောက်၍ အာရုံကိုသိမှု၊ခံစားမှုမှာ နာမ်မဟုတ်,ရုပ်သာဖြစ်သည်ဟူသောစကားသည် မမှန်ပါ။

အဏ္ဏတ္တိကရုပ် ဗာဟိရရုပ်

ရုပ် ၂၈-ပါးတို့တွင် ပသာဒရုပ် ၅-ပါးသည် အဏ္ဏတ္တိကရုပ်မည်ပါသည်။ ဤမှ တစ်ပါးသော ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁ပါး၊

http://www.dhammadownload.com

ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ ၂၃-ပါးသောရုပ်သည် ဘဟိရရုပ် မည်ပါသည်။
သာဓကကား။　။ကထံ ပသာဒသင်္ခါတံ (ပ) ဘဟိရရူပံ နာမ ဖြစ်ပါသည်။

ဝတ္ထုရုပ် အဝတ္ထုရုပ်

ရုပ် ၂၈-ပါးတို့တွင် ပသာဒရုပ် ၅-ပါး၊ ဟဒယရုပ် ၁-ပါးအားဖြင့် ဤ ၆-ပါးသောရုပ်သည် ဝတ္ထုရုပ်မည်ပါသည်။ဤမှတစ်ပါးသော ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ်၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ ၂၂-ပါးသောရုပ်သည် အဝတ္ထုရုပ် မည်ပါသည်။
သာဓကကား။　။ပသာဒဟဒယသင်္ခါတံ (ပ) အဝတ္ထုရူပံ ဖြစ်ပါသည်။

အဿုတ္တိကရုပ် ဝတ္ထုရုပ်စက်လှည့်

ဤရုပ် ၂၈-ပါးတို့တွင် အဿုတ္တိကသာမည်၍ ဝတ္ထုမမည်သောရုပ်သည် မရှိပါ။
ဝတ္ထုသာမည်၍ အဿုတ္တိကမမည်သောရုပ်သည် ဟဒယရုပ် ၁-ပါးဖြစ်ပါသည်။
၂-ပါးစုံမည်သောရုပ်သည် ပသာဒရုပ် ၅-ပါးဖြစ်ပါသည်။
၂-ပါးစုံမမည်သောရုပ်သည် ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ၂၂-ပါးဖြစ်ပါသည်။

ဒွါရရုပ် အဒွါရရုပ်

ရုပ် ၂၈-ပါးတို့တွင် ပသာဒရုပ် ၅-ပါး၊ဝိညတ်ရုပ် ၂-ပါးအားဖြင့် ဤ ၇-ပါးသောရုပ်သည် ဒွါရရုပ်မည်ပါသည်။ဤမှတစ်ပါးသော ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ၂၁-ပါး သောရုပ်သည် အဒွါရရုပ်မည်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။ပသာဒဝိညတ္တိ (ပ) အဒ္ဓါရရူပံ ဖြစ်ပါသည်။

ဥပပတ္တိဒ္ဓါရရုပ် ကမ္မဒ္ဓါရရုပ်

ဒ္ဓါရရုပ် ၇-ပါးတို့တွင် ပသာဒရုပ် ၅-ပါးသည် ဝိထိစိတ်တို့၏ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် ဥပပတ္တိဒ္ဓါရရုပ်လည်း မည်ပါသည်။

ဝိညတ်ရုပ် ၂-ပါးသည် ကာယက်,ဝစီက် ၂-ပါးတို့၏ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် ကမ္မဒ္ဓါရရုပ်လည်း မည်ပါသည်။

ဝတ္ထုရုပ် ဒ္ဓါရရုပ်စက်လှည့်

ရုပ် ၂၈-ပါးတို့တွင် ဝတ္ထုရုပ်သာမည်၍ ဒ္ဓါရမမည်သောရုပ်သည် ဟဒယရုပ် ၁-ပါး ဖြစ်ပါသည်။

ဒ္ဓါရသာမည်၍ ဝတ္ထုမမည်သောရုပ်သည် ဝိညတ်ရုပ် ၂-ပါးဖြစ်ပါသည်။

၂-ပါးစုံမည်သောရုပ်သည် ပသာဒရုပ် ၅-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ၂၀-ဖြစ်ပါသည်။

ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်

ရုပ် ၂၈-ပါးတို့တွင် ပသာဒရုပ်၅-ပါး၊ဘာဝရုပ် ၂-ပါး၊ဇီဝိတရုပ် ၁-ပါးအားဖြင့် ဤ ၈-ပါးသောရုပ်သည် ဣန္ဒြိယရုပ် မည်ပါသည်။ဤမှတစ်ပါးသော ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဟဒယရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ ၂၀-သောရုပ်သည် အနိန္ဒြိယရုပ် မည်ပါသည်။

သာဓကကား။ ။ပသာဒဘာဝ (ပ) အနိန္ဒြိယရူပံ ဖြစ်ပါသည်။

http://www.dhammadownload.com

ဒွါရရုပ် ကုန်ဆုံယရုပ်စက်လှည့်

ရုပ် ၂၈-ပါးတို့တွင် ဒွါရသာမည်၍ ကုန်ဆုံယမမည်သောရုပ်သည် ဝိညတ်ရုပ် ၂-ပါးဖြစ်ပါသည်။

ကုန်ဆုံယသာမည်၍ ဒွါရမမည်သောရုပ်သည် ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အားဖြင့် ၃-ပါးဖြစ်ပါသည်။

၂-ပါးစုံမည်သောရုပ်သည် ပသာဒရုပ် ၅-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် ဘူတရုပ် ၄-ပါး၊ ဂေါစရရုပ် ၄-ပါး၊ ဟဒယရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ၁၈-ပါးဖြစ်ပါသည်။

ဩဇာရိကရုပ်စသည်နှင့် သုခုမရုပ်စသည်များ

ရုပ်၂၈-ပါးတို့တွင် ပသာဒရုပ် ၅-ပါး၊ဝိသယရုပ် ၇-ပါးအားဖြင့် ဤ ၁၂-ပါးသောရုပ်သည်ဩဇာရိကရုပ်လည်းမည်ပါသည်။ (ဝါ) ရုန့်ရင်းကြွမ်းတမ်းသောရုပ်လည်း မည်ပါသည်။ သန္တိကေရုပ်လည်း မည်ပါသည်။ (ဝါ) နီးသောရုပ်လည်း မည်ပါသည်။ သပ္ပဋိဃရုပ်လည်း မည်ပါသည်။ (ဝါ) ထိပါးခြင်းရှိသောရုပ်လည်း မည်ပါသည်။

ဤမှတစ်ပါးသော အာပေါ၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ ၁၆ပါးသောရုပ်သည် သုခုမရုပ်လည်း မည်ပါသည်။ (ဝါ) သိမ့်မွေ့သောရုပ်လည်းမည်ပါသည်။ ဒုရေရုပ်လည်း မည်ပါသည်။ (ဝါ) ဝေးသောရုပ်လည်းမည်ပါသည်။ အပ္ပဋိဃရုပ်လည်း မည်ပါသည်။ (ဝါ)ထိပါးခြင်းမရှိသောရုပ်လည်းမည်ပါသည်။

သာဓကကား။　။ပသာဒဝိသယသခ်ါတ် (ပ) အပ္ပဋိဃရူပဥ္စ ဖြစ်ပါသည်။

ကုန်ဆုံယရုပ် ဩဇာရိကရုပ်စက်လှည့်

ရုပ် ၂၈-ပါးတို့တွင် ကုန်ဆုံယသာမည်၍ ဩဇာရိကမမည်သောရုပ်သည် ဘာဝရုပ် ၂-ပါး၊ဇီဝိတရုပ် ၁-ပါးအားဖြင့် ၃-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

သြဠာရိကသာမည်၍ ဣန္ဒြိယမမည်သောရုပ်သည် ဝိသယရုပ် ၇-ပါးဖြစ်ပါသည်။
၂-ပါးစုံမည်သောရုပ်သည် ပသာဒရုပ် ၅-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် အာပေါ၊ဟဒယရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ် ၄-ပါး အားဖြင့် ၁၃-ပါးဖြစ်ပါသည်။

ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်

ရုပ်၂၈-ပါးတို့တွင် ဟဒယရုပ် ၁-ပါး၊ဣန္ဒြိယရုပ် ၈-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ်ဟူဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအား ဖြင့် ဤကမ္မဇရုပ် ၁၈-ပါးသည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္နရုပ်မည်ပါသည်။

ဤမှတစ်ပါးသော စိတ္တဇရုပ်,ဥတုဇရုပ်,အာဟာရဇရုပ်-ဟူဆိုအပ်သော တိဇရုပ် သည် အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ် ဖြင့် မယူအပ်သောကြောင့် အနုပါဒိန္နရုပ် မည်ပါသည်။

သာဓကကား။ ။ကမ္မဇ (ပ) အနုပါဒိန္နရူပံ ဖြစ်ပါသည်။

သြဠာရိကရုပ် ဥပါဒိန္နရုပ်စက်လှည့်

ရုပ်၂၈-ပါးတို့တွင် သြဠာရိကသာမည်၍ ဥပါဒိန္နမမည်သောရုပ်သည်သဒ္ဒါရုံ ၁-ပါးဖြစ်ပါသည်။

ဥပါဒိန္နသာမည်၍ သြဠာရိကမမည်သောရုပ်သည် အာပေါ၊ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ၇-ပါးဖြစ်ပါသည်။

၂-ပါးစုံမည်သောရုပ်သည် ပသာဒရုပ် ၅-ပါး၊သဒ္ဒါရုံကြည်သော ဝိသယရုပ် ၆-ပါးအားဖြင့် ၁၁-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ် ၄-ပါးအားဖြင့် ၉-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဥပါဒိန္န အနုပါဒိန္နစက်လှည့်

ရုပ် ၂၈-ပါးတို့တွင် ဥပါဒိန္နရုပ်သာမည်၍ အနုပါဒိန္နရုပ်မမည်သောရုပ်သည် ဟဒယရုပ် ၁-ပါး၊ဣတ္ထိန္ဒြိယရုပ် ၈-ပါးအားဖြင့် ၉-ပါးဖြစ်ပါသည်။

အနုပါဒိန္နသာမည်၍ ဥပါဒိန္နမမည်သောရုပ်သည် သဒ္ဒါရုံ၊ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါးအားဖြင့် ၆-ပါးဖြစ်ပါသည်။

၂-ပါးစုံမည်သောရုပ်သည် အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ၉-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် လက္ခဏရုပ် ၄-ပါးဖြစ်ပါသည်။

သနိဒဿနရုပ် အနိဒဿနရုပ်

ရုပ် ၂၈-ပါးတို့တွင် ရူပါရုံသည် သနိဒဿနရုပ် မည်ပါသည်။ (၀၊) မြင်ခြင်းနှင့် တကွဖြစ်သောရုပ် မည်ပါသည်။ (၀၊) မြင်အပ်သည်နှင့်တကွဖြစ်သောရုပ် မည်ပါသည်။ (၀၊)မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်သောရုပ် မည်ပါသည်။

ဤမှတစ်ပါးသော ဘူတရုပ် ၄-ပါး၊ပသာဒရုပ် ၅-ပါး၊ရူပါရုံကြဉ်သော ဂေါစရရုပ် ၃-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရ ရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ ၂၇-ပါးသောရုပ်သည် အနိဒဿနရုပ် မည်ပါသည်။ (၀၊) မြင်ခြင်း မရှိသောရုပ် မည်ပါသည်။ (၀၊) မြင်အပ်သည်မရှိသောရုပ် မည်ပါသည်။ (၀၊)မြင်အပ်သည်၏အဖြစ်မရှိသောရုပ်မည်ပါသည်။

သာဓကကား။　။ရူပါယတနံ (ပ) အနိဒဿနရူပံ ဖြစ်ပါသည်။

ဥပါဒိန္န သနိဒဿနစက်လှည့်

ရုပ် ၂၈-ပါးတို့တွင် ဥပါဒိန္နသာမည်၍ သနိဒဿနမမည်သောရုပ်သည် ဟဒယ ရုပ်၁-ပါး၊ဣတ္ထိန္ဒြိယရုပ် ၈-ပါး၊ရူပါရုံကြဉ်သော အဝိနိဗ္ဘောဂရုပ် ၇-ပါး၊အာကာသဓာတ် ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ၁၇-ပါးဖြစ်ပါသည်။(ရူပါရုံကြဉ်သော ကမ္မဇရုပ် ၁၇-ပါးပင် ဖြစ်ပါသည်။)

http://www.dhammadownload.com

သနိဒဿနသာမည်၍ ဥပါဒိန္နမမည်သောရုပ်သည် မရှိပါ။

၂-ပါးစုံမည်သောရုပ်သည် ရူပါရုံ ၁-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် သဒ္ဒါရုံ၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ၁၀-ပါးဖြစ်ပါသည်။

ဂေါစရဂ္ဂါဟိကရုပ် အဂေါစရဂ္ဂါဟိကရုပ်

ရုပ်၂၈-ပါးတို့တွင် ပသာဒရုပ် ၅-ပါးသည် ဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။ (ဝါ) အာရုံကိုယူတတ်သောရုပ် မည်ပါသည်။(ဝါ) အာရုံကိုယူရာဖြစ်သောရုပ် မည်ပါသည်။ (ဝါ)အာရုံ၏ယူရာဖြစ်သောရုပ် မည်ပါသည်။

ဤမှတစ်ပါးသော ဘူတရုပ် ၄-ပါး၊ဂေါစရရုပ် ၄-ပါး၊ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ၂၃-ပါးသော ရုပ်သည် အဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။(ဝါ)အာရုံကို မယူတတ်သောရုပ် မည်ပါသည်။ (ဝါ) အာရုံကိုယူရာမဟုတ်သောရုပ် မည်ပါသည်။ (ဝါ)အာရုံ၏ယူရာမဟုတ်သောရုပ် မည်ပါသည်။

အသမ္မတ္တ သမ္မတ္တ ဂေါစရဂ္ဂါဟိကခွဲပုံ

ထိုဂေါစရဂ္ဂါဟိကရုပ် ၅-ပါးတို့တွင် စက္ခုပသာဒရုပ်၊သောတပသာဒရုပ်အားဖြင့် ဤ ၂-ပါးသောရုပ်သည် မရောက်သည်၏အစွမ်းဖြင့် အာရုံကိုယူသောကြောင့် အသမ္မတ္တ, ဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။

ဃာနပသာဒရုပ်၊ဇိဝှါပသာဒရုပ်၊ကာယပသာဒရုပ်အားဖြင့် ဤ ၃-ပါးသောရုပ် တို့သည် ရောက်သည်၏အစွမ်းဖြင့် အာရုံကိုယူသောကြောင့် သမ္မတ္တ,ဂေါစရဂ္ဂါဟိကရုပ် မည်ပါသည်။

ဥဏ်စမ်း

စက္ခာဒိဒွယံ အသမ္မတ္တဝသေန-ကိုထောက်၍ စက္ခုနှင့်သောတပသာဒတို့၏ မရောက်သည်၏အစွမ်းဖြင့် အာရုံကိုယူသောကြောင့် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန

http://www.dhammadownload.com

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်၍ တယ်လီဗီးရှင်း (မေးရှင်း) တွင် ပေါ်လာသည့် အရုပ်နှင့်အသံတို့သည်လည်းကောင်း၊ ဗွီဒီယိုမှပြသသည့် အရုပ်နှင့်အသံတို့သည်လည်းကောင်း ကြည့်ရှုနားဆင်သူတို့၏ မျက်စိနှင့်နားသို့ မရောက်ပါ။

သနိဒဿန ဂေါစရဂ္ဂါဟိကစက်လှည့်

ရုပ်၂၈-ပါးတို့တွင် သနိဒဿနသာမည်၍ ဂေါစရဂ္ဂါဟိကမမည်သောရုပ်သည် ရူပါရုံ ၁-ပါးဖြစ်ပါသည်။

ဂေါစရဂ္ဂါဟိကရုပ်သာမည်၍ သနိဒဿနမမည်သောရုပ်သည် ပသာဒရုပ် ၅-ပါး ဖြစ်ပါသည်။

၂-ပါးစုံမည်သောရုပ်သည် မရှိပါ။

၂-ပါးစုံမမည်သောရုပ်သည် ဘူတရုပ် ၄-ပါး၊ရူပါရုံကြဉ်သော ဂေါစရရုပ် ၃-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး ဝိကာရရုပ် ၃-ပါး၊လက္ခဏာရုပ် ၄-ပါးအားဖြင့် ၂၂-ပါးဖြစ်ပါသည်။

အနာရမ္မဏနှင့် ဂေါစရဂ္ဂါဟိကတို့ မဆန့်ကျင်ပုံ

အာရုံကို မယူတတ်သောကြောင့် အနာရမ္မဏဟုဆိုခြင်းသည် မုချအားဖြင့်ဆိုခြင်း ဖြစ်ပါသည်။

အာရုံကိုယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကဟုဆိုခြင်းမှာ စင်စစ် ရုပ်တရားက အာရုံကိုယူတတ်သည်မဟုတ်၊ အာရုံကိုယူတတ်သောဌာနီဖြစ်သော စက္ခုဝိညာဏ်စသည်တို့၏ ဂေါစရဂ္ဂါဟိကဟူသောအမည်ကို ဌာနဖြစ်သောအာရုံကို မယူတတ်သော ပသာဒရုပ်၌ တင်စား၍ ဌာနူပစာအားဖြင့် ဂေါစရဂ္ဂါဟိကဟုဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုစကားနှစ်ရပ်သည်မဆန့်ကျင်ပါ။

အဝိနိဗ္ဘောဂ ဝိနိဗ္ဘောဂရုပ်

ရုပ် ၂၈-ပါးတို့တွင် ရူပါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဩဇာဟုဆိုအပ်သော အာဟာရရုပ် ၁-ပါး၊ဘူတရုပ် ၄-ပါးအားဖြင့် ဤ ၈-ပါးသောရုပ်သည် အဝိနိဗ္ဘောဂရုပ် မည်ပါသည်။

http://www.dhammadownload.com

(ဝါ)အသီးသီးမခွဲခြားအပ်သောရုပ် မည်ပါသည်။ဤမှတစ်ပါးသော ပသာဒရုပ် ၅-ပါး၊သဒ္ဒါရုံ ၁-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ဤ ၂၀-သောရုပ်သည် ဝိနိဗ္ဘောဂရုပ် မည်ပါသည်။(ဝါ) အသီးအသီးခွဲခြားအပ်သောရုပ် မည်ပါသည်။

သာဓကကား။ ။ဝတ္ထော ဂန္ဓော (ပ) ဝိနိဗ္ဘောဂရူပံ ဖြစ်ပါသည်။

ဂေါစရဂ္ဂါဟိက အဝိနိဗ္ဘောဂစက်လှည့်

ထို၂၈-ပါးသောရုပ်တို့တွင် ဂေါစရဂ္ဂါဟိကသာမည်၍ အဝိနိဗ္ဘောဂမမည်သောရုပ်သည် ပသာဒရုပ် ၅-ပါးဖြစ်ပါသည်။

အဝိနိဗ္ဘောဂသာမည်၍ ဂေါစရဂ္ဂါဟိကမမည်သောရုပ်သည် ရူပါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဩဇာ-ဟုဆိုအပ်သော အာဟာရရုပ် ၁-ပါး၊ဘူတရုပ် ၄-ပါးအားဖြင့် ၈-ပါးဖြစ်ပါသည်။

၂ပါးစုံမည်သောရုပ်သည် မရှိပါ။

၂-ပါးစုံမမည်သောရုပ်သည် သဒ္ဒါရုံ၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါးအားဖြင့် ၁၅-ပါးဖြစ်ပါသည်။

ဂါထာပါဠိလျှောက်အဓိပ္ပါယ်

ဤသို့အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် (၂၈)ပါးအပြားရှိသောရုပ်ကို အမျှတ္တိကရုပ် အစရှိသည်တို့၏ အစွမ်းဖြင့်ပညာရှိတို့ဝေဖန်ခဲ့ကြပါသည်။

သာဓကကား။ ။ဣစ္စေဝံ (ပ) ယထာရဟံ ဖြစ်ပါသည်။

ရူပဝိဘာဂပြီး၏။

* * * * *

http://www.dhammadownload.com

ရူပသမုဋ္ဌာနနယ

ရုပ်ဖြစ်ကြောင်းတရား ၄-ပါး

ကံ,စိတ်,ဥတု,အာဟာရအားဖြင့် ဤလေးပါးသောအကြောင်းတို့သည် ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးတို့ မည်ပါသည်။ (ဝါ) ရုပ်ဖြစ်ကြောင်းတရား ၄-ပါးလည်းမည်ပါသည်။ (ဝါ) ရူပသမုဋ္ဌာန် ၄-ပါးလည်း မည်ပါသည်။
သာဓကကား။　　။ကမ္မံ (ပ) ရူပသမုဋ္ဌာနာနိ နာမ ဖြစ်ပါသည်။

ရူပသမုဋ္ဌာန် ၄-ပါးတရားကိုယ်

ထို ၄-ပါးသောအကြောင်းတို့တွင် မဟာကုသိုလ်၈-ပါး၊အကုသိုလ်၁၂-ပါး၊ရူပကုသိုလ်၅-ပါးအားဖြင့် ဤ ၂၅-ပါးသောက်တို့သည် ရုပ်ကိုဖြစ်စေတတ်သောက်တို့ မည်ပါသည်။

အရူပဝိပါက် ၄- ခု၊ဒွေးပဉ္စဝိဉာဏ် ၁၀၊ရဟန္တာတို့၏စုတိကြဉ်သော အကုသိုလ်စိတ် ၁၂-ပါး၊သမ္မဋ္ဌိန်းဒွေး၊သန္တီရဏ ၃-ခု၊အာဝဇ္ဇန်းဒွေး၊ဟသိတုပ္ပါဒ်ဟူဆိုအပ်သော ကိစ္စဘေဒစိတ် ၈-ပါး၊ကာမာဝစရသောဘဏ္ဍစိတ် ၂၄-ပါး၊ရူပစိတ် ၁၅-ပါး၊ အရူပကုသိုလ်စိတ် ၄-ပါး၊အရူပကြိယာစိတ် ၄-ပါး၊လောကုတ္တရာစိတ် ၈-ပါး အားဖြင့်ဤ ၇၅-ပါးသောစိတ်တို့သည်ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့မည်ပါသည်။

သီတဥတု, ဥဏှဥတုဟူဆိုအပ်သော တေဇောဓာတ်သည် ရုပ်ကိုဖြစ်စေတတ်သော ဥတုမည်ပါသည်။

သြဇာဟူဆိုအပ်သော အာဟာရရုပ်သည် ရုပ်ကိုဖြစ်စေတတ်သော အာဟာရမည်ပါသည်။

ဥာဏ်စမ်း

ကမ္မံ စိတ္တံ ဥတုအာဟာရော စေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးတို့တွင် စိတ်ပါဝင်၍ စိတ်ကြောင့်လည်း ရုပ်တရားတို့ဖြစ်ရသောကြောင့် 'စိတ်ထောင်းကိုယ်ကြေ၊စိတ်ဟို ကိုယ်နှေး' ဟူသော လောကဆိုရိုးစကားသည် မှန်ပါသည်။အဘိဓမ္မာသဘာဝနှင့်လည်း ညီပါသည်။သင်္ဂဟဆရာအလိုလည်း ကျပါသည်။

http://www.dhammadownload.com

၂၅-ပါးသောက်က ကမ္မဇရုပ်ကိုဖြစ်စေပုံ

ထို ၄-ပါးသောအကြောင်းတို့တွင် ကာမကုသိုလ်,အကုသိုလ်က ၂၀၊ရူပါဝစရကုသိုလ်က ၅-ပါးအားဖြင့် ဤ ၂၅-ပါးသောကုသိုလ်,အကုသိုလ်က်သည် အဖျတ်တိုက သန္တာန်၌ (ပြုပြင်အပ်သော)က်လျှင် ဖြစ်ကြောင်းရှိသောရုပ်ကို (၀၊)က်ကြောင့်ဖြစ်သော ရုပ်ကို (၀၊) ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ဥပါဒ်ကိုအစပြု၍ ခဏတိုင်း,ခဏတိုင်း (၀၊) တစ်ခုတစ်ခုသောစိတ်၏ ဥပါဒ်,ဌိ,ဘင်ဟုဆိုအပ်သော ခဏတိုင်း,ခဏတိုင်းမှာ ဖြစ်စေပါသည်။

သာဓကကား။ ။တတ္ထ ကာမာဝစရံ (ပ) သမုဋ္ဌာပေတိ ဖြစ်ပါသည်။

ရုပ်ကိုမဖြစ်စေနိုင်သောက် ၈-ပါး

ရုပ်ကိုမဖြစ်နိုင်သောက်တို့သည် အရူပကုသိုလ်က် ၄-ပါး၊လောကုတ္တရာကုသိုလ်က် ၄-ပါးအားဖြင့် ၈-ပါးဖြစ်ပါသည်။

၇၅-ပါးသောစိတ်က စိတ္တဇရုပ်ကိုဖြစ်စေပုံ

အရူပဝိပါက် ၄-ပါး၌ပဋိသန္ဓေ၁၀၊ရဟန္တာတို့၏စုတိစိတ်ကြဉ်သော ၇၅-ပါးသောစိတ်တို့သည် စိတ်လျှင်ဖြစ်ကြောင်းရှိသောရုပ်ကို(၀၊)စိတ်ကြောင့်ဖြစ်သောရုပ် ကို (၀၊)စိတ္တဇရုပ်ကို ပဋိသန္ဓေနောင် ပထမဘဝင်၏ဥပါဒ်ခဏကို အစပြု၍ ၁-ခု,၁-ခုသောစိတ်၏ဥပါဒ်ခဏ၌သာလျှင် အဖျတ်တိုကသန္တာန်၌ဖြစ်စေပါသည်။

သာဓကကား။ ။အရူပဝိပါက (ပ) သမုဋ္ဌာပေတိ ဖြစ်ပါသည်။

ရုပ်ကိုမဖြစ်စေနိုင်သောစိတ်

ရုပ်ကိုမဖြစ်စေနိုင်သော စိတ်တို့သည် အရူပဝိပါက် ၄-ခု၊ဒွေးပဋ္ဌဝိညာဏ် ၁၀၊ ရဟန္တာတို့၏စုတိစိတ်အားဖြင့် ၁၄-ပါးဖြစ်ပါသည်။

ကျရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေသောစိတ်

ရုပ်ကိုဖြစ်စေတတ်သော ၇၅-ပါးသောစိတ်တို့တွင် မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး၊မဟဂ္ဂုတ်ကြိယာစိတ် ၉-ပါး၊လောကုတ္တရာစိတ် ၈-ပါးဟုဆိုအပ်သော အပွနာဓော ဆဗ္ဗီသသည် သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း ကျရိယာပုထ်ကိုလည်း

http://www.dhammadownload.com

ထောက်ပံ့ခိုင်စေပါသည်။ရုပ်ကိုလည်း ဖြစ်စေပါသည်။
သာဓကကား။ ။တတ္ထ အပ္ပနာဇဝေန် ဣရိယာပထမွိ သန္နာမေတိ ဖြစ်ပါသည်။

ဝိညတ်ကိုလည်း ဖြစ်စေသောစိတ်

ဝုဋ္ဌော၊ကာမဓောတစ်ခုယုတ် ၃၀၊အဘိညာဏ်ဒွေးအားဖြင့် ဤ ၃၂-ပါးသောစိတ်တို့သည် ကာယဝိညတ်,ဝစီဝိညတ်ကိုလည်းဖြစ်စေပါသည်။ဣရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေပါသည်။ရုပ်ကိုလည်း ဖြစ်စေပါသည်။
သာဓကကား။ ။ဝေါဋ္ဌဗ္ဗန (ပ) သမုဋ္ဌာပေန္တိ ဖြစ်ပါသည်။

ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေသောစိတ်

ဝိညတ်ကိုဖြစ်စေတတ်သော ဝုဋ္ဌော၊ ကာမဓောတစ်ခုယုတ် ၃၀၊ အဘိညာဏ်ဒွေးတို့တွင် လောဘမူသောမနုဿသဟဂုတ်စေ ၄-ပါး၊ သောမနုဿသဟဂုတ် ဟသိတုပ္ပါဒ်စေ ၁-ပါး၊မဟာကုသိုလ်,မဟာကြိယာသောမနုဿသဟဂုတ်စေ၈-ပါးအားဖြင့်ဤ၁၃ပါးသောသောမနုဿသဟဂုတ်စေတို့သည် ရယ်ရွှင်ခြင်းကိုလည်းဖြစ်စေပါသည်။ဝိညတ်ကိုလည်း ဖြစ်စေပါသည်။ဣရိယာပုထ်ကိုလည်း ထောက်ပံ့ခိုင်စေပါသည်။ရုပ်ကိုလည်း ဖြစ်စေပါသည်။
သာဓကကား။ ။သောမနုဿဇဝနာနိ ပနေတ္ထ တေရသ ဟသနဗွိ ဇနေန္တိ ဖြစ်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရယ်ရွှင်သောစိတ်

ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော သောမနုဿသဟဂုတ်စေ ၁၃-ပါးတို့တွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူသောမနုဿသဟဂုတ်စေ ၄-ပါး၊မဟာကုသိုလ် သောမနုဿသဟဂုတ်စော့ ၄-ပါးအားဖြင့် ၈-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကြပါသည်။

သေက္ခပုဂ္ဂိုလ်တို့ ရယ်ရွှင်သောစိတ်

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟုဆိုအပ်သော သေက္ခပုဂ္ဂိုလ် ၃-ယောက်တို့သည် လောဘမူသောမနုဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်စေ ၂-ပါး၊ မဟာကုသိုလ် သောမနုဿ သဟဂုတ်စေ ၄-ပါးအားဖြင့် ဤ ၆-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကြပါသည်။

http://www.dhammadownload.com

ဘုရားရဟန္တာတို့ ပြုံးတော်မူသောစိတ်

ဘုရားနှင့် ရဟန္တာပုဂ္ဂိုလ်တို့သည် သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်ဓော ၁-ပါး၊ မဟာကြိယာ သောမနဿသဟဂုတ်ဓော ၄-ပါးအားဖြင့် ဤ ၅-ပါးသောစိတ်တို့ဖြင့် ပြုံးတော်မူကြပါသည်။

မှတ်ချက် ။ ။ သေက္ခပုဂ္ဂိုလ်၇-ယောက်တို့တွင်မဂ္ဂင်္ဂန်ပုဂ္ဂိုလ်၄-ယောက်တို့သည် မင်္ဂပုဂ္ဂိုလ်၏အဖြစ်သည် စိတ္တက္ခဏ တစ်ချက်မျှသာကြာ၍ ရယ်ရွှင်ချိန်မရသောကြောင့်သေက္ခပုဂ္ဂိုလ်အရှင် မပါဝင်ခြင်းဖြစ်သည်။

လင်္ကာကား။ ။ပုထုဇဉ်ရယ်မှု၊ ရှစ်ခုဖြင့် ရယ်ပုံ၊ သေက္ခတုံ ခြောက်ငါး၊ ဘုရားနှင့် ရဟန္တာမှာ၊ ငါးပါးသာ မှတ်တော့မခြား။

တစ်နည်း။ ။ရှစ်ပုထုဇန်၊ခြောက်သေက္ခန်၊ငါးတန် ရဟန္တာ၊ ဟာသအကြောင်း၊ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ- ဖြစ်ပါသည်။

ရုပ်စသည်ကို မဖြစ်စေနိုင်သောစိတ်များပြလင်္ကာ

- မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း၊
- အပွနာဇဝန်၊ ဆဋ္ဌိသကား၊ ယာပထလည်း၊ ဖွဲ့တည်းခိုင်စေ၊
- တထွေ ဝုဋ္ဌော၊ ကာဓော ဘိညာ၊ ဒွတ္တိံသာ ကား၊ နှစ်ဖြာဝိညတ်၊ ကိုယ်လည်းတတ်၏။
- သောမနသ်ဟု၊ ဆယ့်သုံးခုကား၊ ရယ်မှုရွှင်ခြင်း၊ လည်းပြုလျင်း၏။
- ကြွင်းအာရုပ္ပ၊ ဝိပါကနှင့်၊ ပဋိဝိညာ၊ ဆယ့်လေးဖြာသည်၊ ဘယ်ဟာကိုယ်မှ၊ ဖြစ်စေနိုင်ဘူးတည်း။

လင်္ကာအရကောက်
ရုပ်သက်သက်ကိုသာ ဖြစ်စေနိုင်သောစိတ်

"မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း"

အရ... ဝိညတ်စသည်မဖက် ရုပ်သက်သက်ကိုသာ ဖြစ်စေနိုင်သော စိတ်သည် မနောဓာတ် ၃-ပါး၊တဒါရုံဓကာဒသ၊ရူပဝိပါက်စိတ် ၅-ပါးအားဖြင့် ၁၉-ပါးဖြစ်ပါသည်။

မှတ်ချက်။ ။ရုပ်သာမန်,ရုပ်သာမညကိုဖြစ်စေနိုင်သောစိတ်ဟူ၍လည်း ခေါ်သည်။

http://www.dhammadownload.com

ကုရိယာပုထ်,ရုပ်တို့ကို ဖြစ်စေနိုင်သောစိတ်

"အပွနာဇဝနာ၊ ဆဋ္ဌိသကား၊ ယာပထလည်း၊ ဖွဲ့တည်းခိုင်စေ" အရ... ကုရိယာပုထ်,ရုပ်ကိုဖြစ်စေနိုင်သောစိတ်တို့သည် မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊မဟဂ္ဂုတ်ကြိယာ ၉-ပါး၊လောကုတ္တရာစိတ် ၈-ပါးဟုဆိုအပ်သော အပွနာဇောဆဋ္ဌိသ ဖြစ်ပါသည်။

ဝိညတ်,ကုရိယာပုထ်,ရုပ်တို့ကို ဖြစ်စေနိုင်သောစိတ်

"တထွေဝုဒ္ဓေ၊ကာဇောဘိညာ၊ဒွတ္တိသာကား၊နှစ်ဖြာဝိညတ်၊ကိုလည်းတတ်၏" အရ... ဝိညတ်,ကုရိယာပုတ်,ရုပ်တို့ကို ဖြစ်စေနိုင်သောစိတ်သည် ဝုဒ္ဓေ၊ကာမဇော တစ်ခုယုတ် ၃၀၊အဘိညာဇော်ဒွေးအား ဖြင့် ၃၂-ပါးဖြစ်ပါသည်။

ရယ်ရွှင်ခြင်း,ဝိညတ်,ကုရိယာပုထ်,ရုပ်တို့ကို ဖြစ်စေနိုင်သောစိတ်

"သောမနသ်ဟု၊ဆယ့်သုံးခုကား၊ရယ်မူရွှင်ခြင်း၊လည်းပြုလျှင်း၏" အရ... ရယ်ရွှင်ခြင်း၊ဝိညတ်၊ ကုရိယာပုထ်၊ရုပ်တို့ကို ဖြစ်စေနိုင်သောစိတ်သည် လောဘမူသောမန သသဟဂုတ်ဇော ၄-ပါး၊သောမနသသဟဂုတ် ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာ ကုသိုလ်သောမနသသဟဂုတ်ဇော ၄-ပါး၊မဟာကြိယာသောမနသသဟဂုတ်ဇော ၄-ပါးအား ဖြင့် ၁၃-ပါးဖြစ်ပါသည်။

ဘယ်ဟာကိုမှ မဖြစ်စေနိုင်သောစိတ်

ကြွင်းအာရုပ္ပ၊ဝိပါကနှင့်၊ပဋ္ဌဝိညာ၊ဆယ့်လေးဖြာသည်၊ဘယ်ဟာကိုမှ၊ဖြစ်စေ နိုင်ဘူးတည်း...အရ ရုပ်,ကုရိယာပုထ်,ဝိညတ်,ရယ်ရွှင်ခြင်း ၄-ပါးတို့တွင် ဘယ်ဟာ ကိုမှမဖြစ်စေနိုင်သောစိတ်သည် ကြွင်းသောအရူပဝိပါက်စိတ် ၄-ပါး၊ဒွေးပဋ္ဌဝိညာဏ် ၁၀-အား ဖြင့် ၁၄-ပါးဖြစ်ပါသည်။

ဥတုဇ (တေဇောဓာတ်)က ရုပ်ကိုဖြစ်စေပုံ

သီတဥတု,ဥဏှဥတုဟုဆိုအပ်သော တေဇောဓာတ်သည် ဋ္ဌိသို့ရောက်သည်ဖြစ်၍ သာလျှင်(၀ါ)ဋ္ဌိအခိုက်၌သာလျှင် ဥတုလျှင်ဖြစ်ကြောင်းရှိသောရုပ်ကို(၀ါ)ဥတုကြောင့်

http://www.dhammadownload.com

ဖြစ်သောရုပ်ကို(ဝါ)ဥတုဇရုပ်ကို အဖျတ္တသန္တာန်၊ဗဟိဒ္ဓသန္တာန် ၂-ပါး၌ ထိုက်သည့် အားလျော်စွာ ဖြစ်စေပါသည်။

သာဓကကား။ ။သီတုဏှာတု (ပ) သမုဋ္ဌာပေတိ ဖြစ်ပါသည်။

ဩဇာ အာဟာရ-က အာဟာရဇရုပ်ကိုဖြစ်စေပုံ

ဩဇာဟုဆိုအပ်သော အာဟာရသည် အာဟာရလျှင်ဖြစ်ကြောင်းရှိသောရုပ်ကို (ဝါ) အာဟာရကြောင့်ဖြစ်သောရုပ်ကို(ဝါ)အာဟာရဇရုပ်ကို မျိုသောကာလ၌ ဦဋ္ဌိရောက်သည်ဖြစ်၍သာလျှင်(ဝါ)ဦးအခိုက်၌သာလျှင် အဖျတ္တိကသန္တာန်၌ ဖြစ်စေပါသည်။

သာဓကကား။ ။ဩဇာသခ်ါတော (ပ) သမုဋ္ဌာပေတိ ဖြစ်ပါသည်။

ဥပါဒ်ခဏစသည်၌ ဖြစ်စေသောရုပ်များ

ကမ္မဇရုပ်၊စိတ္တဇရုပ်၊ဥတုဇရုပ်၊အာဟာရဇရုပ် ၄-မျိုးတို့တွင် ဥပါဒ်ဆဲခဏ၌ ဖြစ်သော ရုပ်သည် စိတ္တဇရုပ်ဖြစ်ပါသည်။

ဌီခဏ၌ဖြစ်သောရုပ်သည် ဥတုဇရုပ်၊အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

ဥပါဒ်,ဌီ,ဘင်ဟုဆိုအပ်သော ခဏ ၃-ပါး၌ဖြစ်သောရုပ်သည် ကမ္မဇရုပ်ဖြစ်ပါသည်။

နာမ်ကြောင့်ဖြစ်သောရုပ် စသည်များ

နာမ်ကြောင့်ဖြစ်သောရုပ်....

ထို ၄-ပါးသောအကြောင်းကြောင့်ဖြစ်သော ရုပ်တို့တွင် နာမ်ကြောင့်ဖြစ်သောရုပ်သည် ကမ္မဇရုပ်၊စိတ္တဇရုပ်တို့ ဖြစ်ပါသည်။

ရုပ်ကြောင့်ဖြစ်သောရုပ်....

ရုပ်ကြောင့်ဖြစ်သောရုပ်သည် ဥတုဇရုပ်၊အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

ရုပ်၏ အကြောင်းဖြစ်သောရုပ်....

ရုပ်၏အကြောင်းဖြစ်သောရုပ်သည် သီတဥတု,ဥဏှဥတုဟုဆိုအပ်သော တေဇော ဓာတ်နှင့် ဩဇာဟုဆိုအပ်သော အာဟာရရုပ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ရုပ်၏ အကျိုးဖြစ်သောရုပ်....

ရုပ်၏အကျိုးဖြစ်သောရုပ်သည် ဥတုဇရုပ်၊အာဟာရဇရုပ်တို့ဖြစ်ပါသည်။

ရုပ်၏ အကြောင်းဖြစ်သောနာမ်....

ရုပ်၏အကြောင်းဖြစ်သောနာမ်သည် ကာမကုသိုလ်၊အကုသိုလ်၊ရူပကုသိုလ်ကံ ၂၅-ခုနှင့် အရူပဝိပါက် ၄-ခု၊ဒွေးပဋ္ဌဝိညာဏ် ၁၀၊ရဟန္တာတို့၏စုတိစိတ်ကြဉ်သော ၇၅-ပါးသောစိတ်တို့ ဖြစ်ပါသည်။

နာမ်၏ အကျိုးဖြစ်သောရုပ်....

နာမ်၏အကျိုးဖြစ်သောရုပ်သည် ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့ ဖြစ်ပါသည်။

အဏ္ဏတ္တသန္တာန်၌ဖြစ်သောရုပ်....

အဏ္ဏတ္တသန္တာန်၌ဖြစ်သောရုပ်သည် ကမ္မဇရုပ်၊စိတ္တဇရုပ်၊အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

အဏ္ဏတ္တ,ဗဟိဒ္ဓသန္တာန် ၂-ပါး၌ဖြစ်သောရုပ်....

အဏ္ဏတ္တသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါး၌ဖြစ်သောရုပ်သည် ဥတုဇရုပ် ဖြစ်ပါ သည်။ ဗဟိဒ္ဓသန္တာန်၌ဖြစ်သောရုပ်သည် မရှိပါ။

ကေန် ကမ္မဇရုပ် ၉-ပါး

ထိုရုပ်အပေါင်းတို့တွင် ဟဒယရုပ် ၁-ပါး၊ကျွန်ုယရုပ် ၈-ပါးအားဖြင့် ဤ ၉-ပါးသော ရုပ်တို့သည် ကံကြောင့်သာဖြစ်သောရုပ်တို့ မည်ပါသည်။ကေန်ကမ္မဇရုပ်လည်း မည်ပါသည်။

သာဓကကား။　။တတ္ထ ဟဒယဂ္ဂဟိယရူပါနိ ကမ္မဇာနေဝ ဖြစ်ပါသည်။

ကေန် စိတ္တဇရုပ် ၂-ပါး

ဝိညတ်ခွေးသည် စိတ်ကြောင့်သာလျှင်ဖြစ်သောရုပ် မည်ပါသည်။ကေန်စိတ္တဇရုပ်လည်း မည်ပါသည်။

သာဓကကား။　။ဝိညတ္တိဒ္ဒယံ စိတ္တဇမေဝ ဖြစ်ပါသည်။

http://www.dhammadownload.com

စိတ္တဇေတုဇရုပ် ၁-ပါး

သဒ္ဒါရုံသည် စိတ်,ဥတုဟုဆိုအပ်သော အကြောင်းတရား ၂-ပါးကြောင့်ဖြစ်သော ရုပ် မည်ပါသည်။

သာဓကကား။ ။သဒ္ဒေါ စိတ္တေါတုဇော-ဖြစ်ပါသည်။

စိတ္တဇေတုဇအာဟာရဇရုပ် (တိဇရုပ်) ၃-ပါး

လဟုတာ,မုဒုတာ,ကမ္မညတာ-အားဖြင့် ဤ ၃-ပါးသောရုပ်သည် ဥတု,စိတ်, အာဟာရဟုဆိုအပ်သော အကြောင်းတရား ၃-ပါးတို့ကြောင့်ဖြစ်သောရုပ် မည်ပါ သည်။

သာဓကကား။ ။လဟုတာဒိတ္တယံ (ပ) သမ္ဖောတိ ဖြစ်ပါသည်။

စတုဇရုပ် ၉-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ပါးအာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်တို့သည် ကံ,စိတ်,ဥတု,အာဟာရဟုဆိုအပ်သော အကြောင်းတရား ၄-ပါးကြောင့်ဖြစ်သောရုပ် မည်ပါသည်။

သာဓကကား။ ။အဝိနိဗ္ဘောဂရူပါနိ ဧဝေ (ပ) သမ္မှုတာနိ ဖြစ်ပါသည်။

နကုတောစိရုပ် ၄-ပါး

လက္ခဏရုပ် ၄-ပါးတို့သည် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့တွင် တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သောကြောင့် နကုတောစိသမုဋ္ဌာန်ရုပ် မည်ပါသည်။

သာဓကကား။ ။လက္ခဏရူပါနိ နကုတောစိ ဇာယန္တိ ဖြစ်ပါသည်။

ကမ္မဇရုပ် ၁၈-ပါး

ထိုရုပ်အပေါင်းတို့တွင် ကံကြောင့်ဖြစ်သောကမ္မဇရုပ်တို့သည် ဟဒယရုပ် ၁-ပါး,ဣတ္ထိယရုပ် ၈-ပါး,အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ၁၈-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ဥာဏ်စမ်း

ယနေ့ မျက်မှောက်ခေတ် ဂီတလောကဌာနာမည်ကြီး အဆိုတော်များ ဖြစ်ကြသော တွံတေးသိန်းတန်၊ချစ်စံပယ်၊တင်တင်မြ၊မာမာအေး စသောအဆိုတော်တို့၏ အသံကောင်း ခြင်းသည်-ရှေးဘဝကကြေးစည်လှူခဲ့သောကုသိုလ်ကံကြောင့်မဟုတ်ပါ-သန္ဓေါ စိတ္တော တုဇောကိုထောက်၍ စိတ်ဥတုကြောင့်သာဖြစ်ပါသည်။

ယနေ့ကမ္ဘာ့အားကစား လောကဌ် တာဝေး အပြေးသမားတစ်ယောက်၏ အပြေး လျင်မြန်မှုသည် ရှေးဘဝက-မော်တော်ယာဉ်(မော်တော်ကား) လှူခဲ့သောကုသိုလ်ကံကြောင့် မဟုတ်ပါ၊ "လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ" သင်္ဂဟပါဠိကို ထောက်၍ ဥတု,စိတ်,အာဟာရတို့ကြောင့်သာဖြစ်ပါသည်။

ထိုကမ္မဇရုပ် ၁၈-ပါးတို့တွင် ဟဒယရုပ် ၁-ပါး၊ဣတ္ထိယရုပ် ၈-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်တို့သည် ဧကန်ကမ္မဇရုပ်မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်တို့သည် အနေကန်ကမ္မဇရုပ်တို့ မည်ပါသည်။

စိတ္တဇရုပ် ၁၅-ပါး

စိတ်ကြောင့်ဖြစ်သောစိတ္တဇရုပ်တို့သည် ဝိညတ်ဒွေး၊သဒ္ဒရုပ်၊လဟုတာ၊မုဒုတာ၊ ကမ္မညတာ၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါး အားဖြင့် ၁၅-ပါးအပြားရှိပါသည်။

ထိုစိတ္တဇရုပ် ၁၅-ပါးတို့တွင် ဝိညတ်ဒွေးသည် ဧကန်စိတ္တဇရုပ်မည်ပါသည်။ သဒ္ဒရုပ်၊လဟုတာ၊မုဒုတာ၊ကမ္မညတာ၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟု ဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ဤ ၁၃-ပါးသော ရုပ်တို့သည် အနေကန်စိတ္တဇရုပ် တို့ မည်ပါသည်။

ဥတုဇရုပ် ၁၃-ပါး

ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တို့သည် သဒ္ဒရုပ်၊လဟုတာ၊မုဒုတာ၊ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ၁၃-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

အာဟာရဇရုပ် ၁၂-ပါး

အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်တို့သည် လဟုတာ၊မုဒုတာ၊ကမ္မညတာ၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ၁၂-ပါး အပြားရှိပါသည်။

ဇကဇရုပ်စသည်များ

ဇကဇရုပ်...

ထိရုပ်အပေါင်းတို့တွင်...ဟဒယရုပ် ၁-ပါး၊ကာယ္ဇိန္ဒြိယရုပ် ၈-ပါး၊ဝိညတ်ဒွေးအားဖြင့် ဤ ၁၁-ပါးသောရုပ်တို့သည် အကြောင်းတရား ၁-ပါးကြောင့်သာဖြစ်သောကြောင့် ဇကဇရုပ်တို့ မည်ပါသည်။

ဒွိဇရုပ်...

သဒ္ဒရုပ်သည် အကြောင်းတရား ၂-ပါးတို့ကြောင့်ဖြစ်သောကြောင့် ဒွိဇရုပ် မည်ပါသည်။

တိဇရုပ်...

လဟုတာ၊မုဒုတာ၊ကမ္မညတာ-အားဖြင့် ဤ ၃-ပါးသောရုပ်တို့သည် အကြောင်းတရား ၃-ပါးတို့ကြောင့်ဖြစ်သောကြောင့် တိဇရုပ်မည်ပါသည်။

စတုဇရုပ်...

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်တို့သည် အကြောင်းတရား ၄-ပါးတို့ကြောင့်ဖြစ်သောကြောင့် စတုဇရုပ်တို့မည်ပါသည်။

နှ စတုဇရုပ်...

လက္ခဏရုပ် ၄-ပါးသည် အကြောင်းတရား ၄-ပါးတို့ကြောင့်မဖြစ်သောကြောင့် နှ စတုဇရုပ် မည်ပါသည်။

http://www.dhammadownload.com

ကမ္မဇရုပ်စသည်ပြ သင်္ဂဟဂါထာများ

အဋ္ဌာရသ ပန္နရသ တေရသ ဒွါဒသာတိ စ-အစရှိသောဂါထာ၌ အဋ္ဌာရသ သင်္ချာ၏ သဒ္ဒေါယျသရုပ်ကား.... ဟဒယရုပ် ၁-ပါး၊ဣတ္ထိယရုပ် ၈-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် ကမ္မဇရုပ် ၁၈-ပါး ဖြစ်ပါသည်။

ပန္နရသသင်္ချာ၏ သဒ္ဒေါယျသရုပ်ကား.... ဝိညတ်ဒွေး၊သဒ္ဒရုပ်၊လဟုတာ၊မုဒုတာ၊ ကမ္မညတာ၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် စိတ္တဇရုပ် ၁၅-ပါးဖြစ်ပါသည်။

တေရသသင်္ချာ၏ သဒ္ဒေါယျသရုပ်ကား... သဒ္ဒရုပ်၊လဟုတာ၊မုဒုတာ၊ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ်၁-ပါး အားဖြင့် ဥတုဇရုပ် ၁၃-ပါးဖြစ်ပါသည်။

ဒွါဒသသင်္ချာ၏ သဒ္ဒေါယျသရုပ်ကား... လဟုတာ၊မုဒုတာ၊ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးအားဖြင့် အာဟာရဇရုပ် ၁၂-ပါးဖြစ်ပါသည်။

ဉာဏ်စမ်း

ကမ္မဇ၊စိတ္တဇ၊ဥတုဇ၊အာဟာရဇရုပ် ၄-မျိုးတို့တွင် သက်မဲ့ ရေ,မြေ,တော,တောင်, သစ်ပင် စသည်တို့၌ ဥတုဇရုပ် ၁-ပါးကိုသာ ရပါသည်။

သက်ရှိသတ္တဝါတို့သန္တာန်၌ ကမ္မဇ၊စိတ္တဇ၊ဥတုဇ၊အာဟာရဇရုပ် ၄-မျိုးလုံးကို ရပါသည်။

ရသာရုံနှင့်ဩဇာ ခြားနားချက်

ချို, ချဉ်, ငန်, စပ်, ဖန်, ခါး-ဟုဆိုအပ်သော ရသာ ၆-ပါးသည် ရသာရုံ မည်ပါသည်။

ထိုရသာရုံဟုဆိုအပ်သော ချို, ချဉ်, ငန်, စပ်, ဖန်, ခါး- ရသာ ၆-ပါး၌ပါဝင်သော အဆီအနှစ် အစေးသည် ဩဇာမည်ပါသည်။ ဤသို့ ခြားနားပါသည်။

http://www.dhammadownload.com

သင်္ဂီဟဂါထာ

ဇာယမာနာဒိရူပါနံ-အစရှိသော ဤဂါထာသည် လက္ခဏရပ် ၄-ခုတို့၏ နကုတောစိ သမုဋ္ဌာန်ရပ်မည်ရခြင်း၏ အကြောင်းကိုပြသော ဂါထာဖြစ်ပါသည်။

လက္ခဏရပ် ၄-ခု၊ နကုတောစိသမုဋ္ဌာန်ဟု ခေါ်ရခြင်းအကြောင်း

သက်သက်ဖြစ်ဆဲအစရှိကုန်သော နိပ္ပန္နရပ်တို့၏ သဘော၏အဖြစ်ကြောင့်သာလျှင် လက္ခဏရပ် ၄-ခုတို့သည် တစ်စုံတစ်ခုသောအကြောင်းတို့ကြောင့် မဖြစ်ပါ။ထို့ကြောင့် လက္ခဏရပ် ၄-ခုတို့ကို နကုတောစိသမုဋ္ဌာန်ရပ်ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

သာဓကကား။ ။ဇာယမာနာဒိရူပါနံ (ပ) ပကာသိတံ ဖြစ်ပါသည်။

ရူပသမုဋ္ဌာနပြီး၏။

* * * * *

ရူပကလာပ

ရူပ်ကလာပ်၏ လက္ခဏာ ၄-ပါး

ရူပ်ကလာပ်၏လက္ခဏာတို့သည် ဇကုပ္ပါဒ,ဇကနိရောဓ,ဇကနိဿယ, သဟဝုတ္တိအားဖြင့် ၄-ပါးအပြားရှိပါသည်။ကလာပ်အင်္ဂါ ၄-ပါးဟူ၍လည်း ခေါ်ပါသည်။

ထိုလက္ခဏာ ၄-ပါးနှင့်ပြည့်စုံသော ရူပ်ကလာပ်တို့သည် ကမ္မဇကလာပ် ၉-စည်း၊စိတ္တဇကလာပ် ၆-စည်း၊ဥတုဇကလာပ် ၂-စည်း၊အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၂၁-ပါးအပြားရှိပါသည်။

သာဓကကား။ ။ဇကုပ္ပါဒါ (ပ) ရူပကလာပါ နာမ ဖြစ်ပါသည်။

မှတ်ချက်။ ။အချို့ပညာဝန်များ သဟဝုတ္တိနောကိုဖြုတ်၍ကလာပ်လက္ခဏာကို၃ ပါးယူတော်မူကြသည်။ထိုပညာဝန်တို့အလို အားဖြင့် ကလာပ်လက္ခဏာသည်၊

http://www.dhammadownload.com

ဧကုပ္ပါဒ(=အတူတကွဖြစ်ခြင်း)၊ဧကနိရောဓ(=အတူတကွချုပ်ခြင်း)၊ဧကနိဿယ (=တူသောမှီရာရှိခြင်း)အားဖြင့် ၃-ပါးသာရှိသည်ဟု မှတ်ပါ။

သဟဇာတ္တိသဒ္ဒါ ဆိုရခြင်းအကျိုး

ကလာပ်လက္ခဏာကိုပြရာ၌ ဧကုပ္ပါဒစသော ရှေးသဒ္ဒါ ၃-ပါးကိုဆိုလျှင် ပြီးကောင်းသော်လည်း ပဋိသန္ဓေအခါဝယ် ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ကမ္မဇကလာပ် ၃၀-တို့သည်သဟဇာတ္တိမဟုတ်သောကြောင့် ကလာပ်တစ်ခုတည်း ဖွဲ့စည်းခြင်းငှာမထိုက်၊ စက္ခု၊ သောတစသည်နှင့်တကွ ၁၀-ခု, ၁၀-ခုသောရုပ်သည်သာလျှင် သဟဇာတ္တိဖြစ်သောကြောင့် ကလာပ်တစ်ခုတည်း ဖွဲ့စည်းခြင်းငှာထိုက်၏။ ထို့ကြောင့်အတူတကွတစ်ပေါင်းတစ်စည်းတစ်ကလာပ်တည်းဖြစ်ခြင်းမရှိသော ရုပ်တို့ကိုနှစ်စေခြင်းငှာ "သဟဇာတ္တိ" သဒ္ဒါကို မိန့်ဆိုရသည်။ (ပရမတ္ထသရူပ အနုဝဏ္ဏနာကျမ်း ရှေးမူ ၃တွဲ၊ နှာ-၅၄၆)

ကမ္မဇကလာပ် ၉-စည်း

ထို ၂၁-ပါးသောရုပ်ကလာပ်တို့တွင် ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊စက္ခုပသာဒရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် စက္ခုဒသကကလာပ်မည်ပါသည်။(၀၁)စက္ခုပသာဒဖြင့် မှတ်အပ်သောရုပ် ၁၀-ခုအပေါင်းမည်ပါသည်။ သာဓကကား။ ။တတ္ထ (ပ) စက္ခုဒသကန္တိ ပဝုစ္စတိ ဖြစ်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊သောတပသာဒရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသော ရုပ်အပေါင်းသည် သောတဒသကကလာပ်မည်ပါသည်။(၀၁) သောတပသာဒဖြင့် မှတ်အပ်သောရုပ် ၁၀-ခုအပေါင်း မည်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဃာနပသာဒရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် ဃာနဒသကကလာပ်မည်ပါသည်။(၀၁)ဃာနပသာဒဖြင့်မှတ်အပ်သောရုပ် ၁၀-ခုအပေါင်း မည်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဇိဝှါပသာဒရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် ဇိဝှါဒသကကလာပ်မည်ပါသည်။(၀၁)ဇိဝှါပသာဒဖြင့် မှတ်အပ်သောရုပ် ၁၀-ခုအပေါင်း မည်ပါသည်။

http://www.dhammadownload.com

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ကာယပသာဒရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် ကာယဒသကကလာပ်မည်ပါသည်။(ဝါ)ကာယပသာဒဖြင့်မှတ်အပ်သောရုပ် ၁၀-ခုအပေါင်း မည်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဣတ္ထိဘာဝရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် ဣတ္ထိဘာဝဒသကကလာပ်မည်ပါသည်။(ဝါ)ဣတ္ထိဘာဝဖြင့်မှတ်အပ်သော ရုပ် ၁၀-ခုအပေါင်းမည်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ပုမ္ဘာဝရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် ပုမ္ဘာဝဒသကကလာပ်မည်ပါသည်။(ဝါ)ပုမ္ဘောဖြင့်မှတ်အပ်သောရုပ် ၁၀-ခုအပေါင်း မည်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဟဒယရုပ် ၁-ပါးအားဖြင့် ဤ ၁၀-ပါးသောရုပ်အပေါင်းသည် ဝတ္ထုဒသကကလာပ်မည်ပါသည်။(ဝါ)ဟဒယဝတ္ထုဖြင့်မှတ်အပ်သောရုပ် ၁၀-ခုအပေါင်း မည်ပါသည်။

သာဓကကား။ ။တထာ သောတာဒိဟိ (ပ) ယောဧတေဒ္ဓံ ဖြစ်ပါသည်။

ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်အပေါင်းသည် ဇီဝိတနဝကကလာပ်မည်ပါသည်။(ဝါ)ဇီဝိတဖြင့်မှတ်အပ်သော ရုပ် ၉-ခုအပေါင်းမည်ပါသည်။

သာဓကကား။ ။အဝိနိဗ္ဘောဂရူပမေဝ (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

ဤသို့လျှင် စက္ခုဒသကကလာပ်,သောတဒသကကလာပ်,ဃာနဒသက ကလာပ်, ဇိဝှါဒသကကလာပ်,ကာယဒသကကလာပ်,ဣတ္ထိဘာဝဒသကကလာပ်, ပုမ္ဘာဝဒသကကလာပ်,ဝတ္ထုဒသကကလာပ်,ဇီဝိတနဝကကလာပ်အားဖြင့် ဤ ၉-ပါးသောရုပ်ကလာပ်တို့သည် ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့မည်ပါသည်။(ဝါ)ကမ္မဇကလာပ် ၉-စည်းတို့မည်ပါသည်။

သာဓကကား။ ။ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ ဖြစ်ပါသည်။

http://www.dhammadownload.com

ကမ္မဇကလာပ် ၉-စည်းခ်ဳပါဝင်သောရုပ်တို့ကို ရူပသမုဋ္ဌာန်ဖြင့် ဝေဖန်ပုံ

ကမ္မဇကလာပ် ၉-စည်းခ်ဳပါဝင်သော ရုပ်တို့သည် ဟဒယရုပ် ၁-ပါး၊ကျွဲနွှဲယရုပ် ၈-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါးအားဖြင့် ၁၇-ပါးအပြားရှိပါသည်။

ထို ၁၇-ပါးတို့ကို(ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော)ရူပသမုဋ္ဌာန် ၄-ပါးဖြင့် ဝေဖန်ပုံကား... ထိုရုပ်တို့တွင် ဟဒယရုပ် ၁-ပါး၊ကျွဲနွှဲယရုပ် ၈-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်တို့သည် ကံကြောင့်သာလျှင်ဖြစ်သောရုပ်တို့ မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့်ဖြစ်သောရုပ်မည်ပါသည်။

ကမ္မဇကလာပ်၊ကမ္မဇစက်လှည့်

ရုပ် ၂၈-ပါးတို့တွင် ကမ္မဇကလာပ်သာမည်၍ ကမ္မဇမမည်သောရုပ်သည် မရှိပါ။

ကမ္မဇရုပ်သာမည်၍ ကမ္မဇကလာပ်မမည်သောရုပ်သည် အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် ၁-ပါးဖြစ်ပါသည်။

၂-ပါးစုံမည်သောရုပ်သည် ဟဒယရုပ် ၁-ပါး၊ကျွဲနွှဲယရုပ် ၈-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါးအားဖြင့် ၁၇-ပါးဖြစ်ပါသည်။

၂-ပါးစုံမမည်သောရုပ်သည် သဒ္ဒရုပ် ၃-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ၁၀-ပါးဖြစ်ပါသည်။

စိတ္တဇကလာပ် ၆-စည်း

အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် သက်သက်သောသုဒ္ဓဋ္ဌကကလာပ်မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ကာယဝိညတ်ရုပ် ၁-ပါးအားဖြင့် ဤ ၉-ပါးသောရုပ်အပေါင်းသည် ကာယဝိညတ္တိနဝကကလာပ်မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဝစီဝိညတ်ရုပ် ၁-ပါး၊သဒ္ဒရုပ် (၁)ပါးအားဖြင့် ၁၀-ပါးသောရုပ်အပေါင်းသည် ဝစီဝိညတ္တိဒသက ကလာပ်မည်ပါသည်။

http://www.dhammadownload.com

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊လဟုတာ,မုဒုတာ,ကမ္မညတာအားဖြင့် ဤ ၁၁-ပါး သောရုပ်အပေါင်းသည် လဟုတာဒီဇကာဒသကကလာပ်မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ကာယဝိညတ်ရုပ် ၁-ပါး၊လဟုတာ,မုဒုတာ, ကမ္မညတာအားဖြင့် ဤ ၁၂-ပါးသောရုပ်အပေါင်းသည် ကာယဝိညတ္တိလဟုတာဒီဒွါဒသကကလာပ်မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဝစီဝိညတ်ရုပ် ၁-ပါး၊သဒ္ဒရုပ် ၁-ပါး၊လဟုတာ,မုဒုတာ အားဖြင့် ဤ ၁၃-ပါးသောရုပ်အပေါင်းသည် ဝစီဝိညတ္တိသဒ္ဒလဟုတာဒီတေရသကကလာပ်မည်ပါသည်။

ဤသို့လျှင် သုဒ္ဓဋ္ဌကကလာပ်၊ကာယဝိညတ္တိနဝကကလာပ်၊ဝစီဝိညတ္တိဒသကကလာပ်၊လဟုတာဒီဇကာဒသကကလာပ်၊ကာယဝိညတ္တိလဟုတာဒီဒွါဒသကကလာပ်၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒီတေရသကကလာပ်-အားဖြင့် ဤ ၆-ပါးသောရုပ်ကလာပ် တို့သည် စိတ်ကြောင့်ဖြစ်သောရုပ်ကလာပ်တို့ မည်ပါသည်။(ဝါ) စိတ်လျှင်ဖြစ်ကြောင်းရှိသောရုပ်ကလာပ်တို့ မည်ပါသည်။(ဝါ)စိတ္တဇကလာပ် ၆-စည်းတို့ မည်ပါသည်။

သာဓကကား။ ။အဝိနိဗ္ဘောဂရူပ် (ပ) စိတ္တသမုဋ္ဌာနကလာပါ ဖြစ်ပါသည်။

စိတ္တဇကလာပ် ၆-စည်းဌ်ပါဝင်သောရုပ်တို့ကို ရူပသမုဋ္ဌာန်ဖြင့် ဝေဖန်ပုံ

စိတ္တဇကလာပ် ၆-စည်းဌ် ပါဝင်သောရုပ်တို့သည် ဝိညတ်ဒွေး၊သဒ္ဒရုပ်၊လဟုတာ၊ မုဒုတာ၊ကမ္မညတာ၊အဝိနိဗ္ဘောဂရုပ် ၈-ပါးအားဖြင့် ၁၄-ပါးအပြားရှိပါသည်။

ထို ၁၄-ပါးတို့ကို ရူပသမုဋ္ဌာန် ၄-ပါးဖြင့် ဝေဖန်ပုံကား...ထိုရုပ်တို့တွင် ဝိညတ်ဒွေးသည် စိတ်ကြောင့်သာလျှင်ဖြစ်သောရုပ် မည်ပါသည်။

သဒ္ဒရုပ်သည် စိတ်,ဥတု,ဟုဆိုအပ်သော အကြောင်းတရား ၂-ပါးကြောင့်ဖြစ်သောရုပ်မည်ပါသည်။

လဟုတာ,မုဒုတာ,ကမ္မညတာ အားဖြင့် ဤ ၃-ပါးသောရုပ်သည် ဥတု,စိတ်, အာဟာရဟုဆိုအပ်သော အကြောင်းတရား ၃-ပါးတို့ကြောင့်ဖြစ်သောရုပ်တို့မည်ပါသည်။

http://www.dhammadownload.com

အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့်ဖြစ်သောရုပ်တို့မည်ပါသည်။

ဝစီဝိညတ္တိဒသကကလာပ်၌ သဒ္ဒကိုထည့်မဆိုရုံ

ဝစီဝိညတ်သည် သဒ္ဒနှင့် မကင်းကောင်းသောကြောင့် ဝစီဝိညတ်ကိုဆိုသဖြင့် သဒ္ဒကိုလည်း ယူပြီးသောကြောင့် ဝစီဝိညတ္တိဒသကကလာပ်၌ သဒ္ဒကို ထည့်မဆိုပါ။

ဥတုဇကလာပ် ၄-စည်း

သုဒ္ဓဋ္ဌကကလာပ်၊သဒ္ဒနဝကကလာပ်၊လဟုတာဒိဇကာဒသကကလာပ်၊သဒ္ဒလဟုတာဒိဒွါဒသကကလာပ်-အားဖြင့် ဤ ၄-ပါးသောရုပ်ကလာပ်တို့သည် ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ မည်ပါသည်။(ဝါ)ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်တို့ မည်ပါသည်။(ဝါ)ဥတုဇကလာပ် ၄-စည်းတို့ မည်ပါသည်။

သာဓကကား။　။သုဒ္ဓဋ္ဌက် (ပ) ဥတုသမုဋ္ဌာနကလာပါ ဖြစ်ပါသည်။

ဥတုဇကလာပ် ၄-စည်း၌ပါဝင်သောရုပ်တို့ကို ရူပသမုဋ္ဌာန်ဖြင့် ဝေဖန်ပုံ

ဥတုဇကလာပ် ၄-စည်း၌ပါဝင်သောရုပ်တို့သည် သဒ္ဒရုပ်၊လဟုတာ,မုဒုတာ, ကမ္မညတာ၊အဝိနိဗ္ဘောဂရုပ် ၈-ပါးအားဖြင့် ၁၂-ပါးအပြားရှိပါသည်။

ထို ၁၂-ပါးတို့ကို ရူပသမုဋ္ဌာန် ၄-ပါးဖြင့် ဝေဖန်ပုံကား...ထိုရုပ်တို့တွင် သဒ္ဒရုပ်သည် စိတ်,ဥတုဟုဆိုအပ်သော အကြောင်းတရား ၂-ပါးကြောင့်ဖြစ်သောရုပ် မည်ပါသည်။

လဟုတာ,မုဒုတာ,ကမ္မညတာ-အားဖြင့် ၃-ပါးသောရုပ်သည် ဥတု,စိတ်, အာဟာရဟုဆိုအပ်သော အကြောင်းတရား ၃-ပါးတို့ကြောင့်ဖြစ်သောရုပ်တို့မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် ကံ, စိတ်, ဥတု,အာဟာရတည်းဟူသော အကြောင်းတရား၄-ပါးတို့ကြောင့်ဖြစ်သောရုပ်မည်ပါသည်။

http://www.dhammadownload.com

အာဟာရဇကလာပ် ၂-စည်း

သုဒ္ဓဋ္ဌကကလာပ်၊လဟုတာဒိဇကောဒသကကလာပ် အားဖြင့် ဤ ၂-ပါးသော ရုပ်ကလာပ်တို့သည် အာဟာရကြောင့်ဖြစ်သောရုပ်ကလာပ်တို့ မည်ပါသည်။ (ဝါ) အာဟာရလျှင် ဖြစ်ကြောင်းရှိသောရုပ်ကလာပ်တို့ မည်ပါသည်။ (ဝါ) အာဟာရဇကလာပ် ၂-စည်း တို့မည်ပါသည်။

သာဓကကား။ ။သုဒ္ဓဋ္ဌက် (ပ) ကလာပါ ဖြစ်ပါသည်။

အာဟာရဇကလာပ် ၂-စည်း၌ပါဝင်သောရုပ်တို့ကို ရူပသမုဋ္ဌာန်ဖြင့် ဝေဖန်ပုံ

အာဟာရဇကလာပ် ၂-စည်း၌ပါဝင်သောရုပ်တို့သည် လဟုတာ, မုဒုတာ, ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါးအားဖြင့် ၁၁-ပါးဖြစ်ပါသည်။ ထို ၁၁-ပါးတို့ကို ရူပသမုဋ္ဌာန် ၄-ပါးတို့ဖြင့်ဝေဖန်ပုံကား... ထိုရုပ်တို့တွင် လဟုတာ, မုဒုတာ, ကမ္မညတာ အားဖြင့် ဤ ၃-ပါးသောရုပ်သည် ဥတု, စိတ်, အာဟာရဟုဆိုအပ်သော အကြောင်းတရား ၄-ပါးတို့ကြောင့်ဖြစ်သောရုပ်တို့ မည်ပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့်ဖြစ်သောရုပ် မည်ပါသည်။

ကလာပ် ၂၁-စည်းပေါင်းပုံ

ဤသို့လျှင် ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်းတို့ကို ပေါင်းလိုက်သည်ရှိသော် ကလာပ် ၂၁-စည်း ဖြစ်ပါသည်။

ကလာပ် ၂၁-စည်းကို အဏုတ္တ, ဗဟိဒ္ဓကလာပ်ခွဲပုံ

ကလာပ် ၂၁-စည်းတို့တွင် သုဒ္ဓဋ္ဌကလာပ်၊ သဒ္ဒနဝကကလာပ်-အားဖြင့် ဤ ၂-ပါးသော ဥတုကြောင့်ဖြစ်သောရုပ်ကလာပ်တို့ကို ဗဟိဒ္ဓသန္တာန်၌လည်းရအပ်ပါသည်။

၀-သဒ္ဒါဖြင့် အဏုတ္တိကသန္တာန်၌လည်း ရအပ်ပါသည်။ ထို့ကြောင့် သုဒ္ဓဋ္ဌကလာပ်၊

http://www.dhammadownload.com

သဒ္ဒနဝကလာပ် အားဖြင့် ဤ ၂-ပါးသော ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် အဏုတ္တိကသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါး၌ဖြစ်သောကလာပ်တို့ မည်ပါသည်။
သာဓကကား။　။တတ္ထ သုဒ္ဓဋ္ဌက် (ပ) လဗ္ဘန္တိ ဖြစ်ပါသည်။

ကြွင်းသော ကမ္မဇကလာပ် ၉-စည်း၊စိတ္တဇကလာပ် ၆-စည်း၊လဟုတာဒိဇကာဒသကကလာပ်၊သဒ္ဒလဟုတာဒိဒွါဒသကကလာပ်-ဟုဆိုအပ်သော ဥတုဇကလာပ် ၂-စည်း၊အာဟာရဇကလာပ် ၂-စည်းအားဖြင့် ဤ ၁၉-ပါးသောရုပ်ကလာပ်တို့သည် အဏုတ္တိကသန္တာန်၌သာလျှင်ဖြစ်သော ရုပ်ကလာပ်တို့ မည်ပါသည်။
သာဓကကား။　။အဝသေသာ ပန သဗ္ဗေပိ အဏုတ္တိကမေဝ ဖြစ်ပါသည်။

အဏုတ္တိက ဗဟိဒ္ဓစက်လှည့်

ကလာပ် ၂၁-စည်းတို့တွင် အဏုတ္တိကသန္တာန်၌သာဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ မဖြစ်သောကလာပ်စည်းသည် ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း ၊ လဟုတာဒိကောဒသကကလာပ်၊ သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ်ဟုဆိုအပ်သော ဥတုဇကလာပ် ၂-စည်း၊ အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၁၉-စည်းဖြစ်ပါသည်။

ဗဟိဒ္ဓသန္တာန်၌သာဖြစ်၍ အဏုတ္တိကသန္တာန်၌မဖြစ်သောကလာပ်စည်းသည် မရှိပါ။

အဏုတ္တိကသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါးစုံဖြစ်သော ကလာပ်စည်းသည် သုဒ္ဓဋ္ဌကကလာပ်၊ သဒ္ဒနဝကကလာပ်ဟုဆိုအပ်သော ဥတုဇကလာပ် ၂-စည်းဖြစ်ပါသည်။

အဏုတ္တိကသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါးစုံမဖြစ်သောကလာပ်စည်းသည် မရှိပါ။

အဏုတ္တိကသန္တာန်၌ဖြစ်သော ကလာပ်စည်းသည် ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၂၁-စည်းဖြစ်ပါသည်။

ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ကလာပ်စည်းသည် သုဒ္ဓဋ္ဌကကလာပ်၊ သဒ္ဒနဝကကလာပ်ဟုဆိုအပ်သော ဥတုဇကလာပ် ၂-စည်းဖြစ်ပါသည်။

အမှာ ။　။အဏုတ္တိကနှင့် သဝိညာဏက၊ ဗဟိဒ္ဓနှင့် အဝိညာဏက အတူတူဖြစ်၏။ ထို့ကြောင့် သဝိညာဏက, အဝိညာဏကစက်လှည့်ခိုင်းလျှင် ဆိုအပ်ခဲ့ပြီးသော အဏုတ္တိက, ဗဟိဒ္ဓနည်းကိုမှီ၍ သိပါလေ။

http://www.dhammadownload.com

သင်္ဂီဟဂါထာ

ကမ္မစိတ္တော တုကာဟာရ၊ သမုဋ္ဌာနာ ယထာက္ကမံ-အစရှိသော ဤဂါထာသည် ကလာပ် ၂၁-စည်းကို အကျဉ်းချုပ်ရေတွက်ပြသော ဂါထာဖြစ်ပါသည်။ရုပ်ကလာပ်တို့သည် ကမ္မဇကလာပ် ၉-စည်း၊စိတ္တဇကလာပ် ၆-စည်း၊ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၂၁-စည်းဖြစ်ပါသည်။

သာဓကကား။ ။ကမ္မစိတ္တော တုကာဟာရ (ပ) ကေဝိသတိ ဖြစ်ပါသည်။

အရကောက်များ

နဝ ဆ စတုရော ဒွေတိ ဇကေဝိသတိ-၌...

နဝ-အရကား.... စက္ခုဒသကကလာပ်၊သောတဒသကကလာပ်၊ဃာနဒသကကလာပ်၊ဇိဝှါဒသကကလာပ်၊ကာယဒသကကလာပ်၊ဣတ္ထိဘာဝဒသကကလာပ်၊ပုမ္ဘာဝဒသကကလာပ်၊ဝတ္ထုဒသကကလာပ်၊ဇီဝိတနဝကကလာပ်-အားဖြင့် ကမ္မဇကလာပ် ၉-စည်းကို ရပါသည်။

ဆ-အရကား... သုဒ္ဓဋ္ဌကကလာပ်၊ကာယဝိညတ္တိနဝကကလာပ်၊ဝစီဝိညတ္တိဒသကကလာပ်၊လဟုတာဒိဇကာဒသကလာပ် ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်၊ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ်-အားဖြင့် စိတ္တဇကလာပ် ၆-စည်းကို ရပါသည်။

စတုရော-အရကား... သုဒ္ဓဋ္ဌကကလာပ်၊သဒ္ဒနဝကကလာပ်၊လဟုတာဒိဇကာဒသကကလာပ်၊သဒ္ဒလဟုတာဒိဒွါဒသကကလာပ်-အားဖြင့် ဥတုဇကလာပ် ၄-စည်းကို ရပါသည်။

ဒွေ-အရကား... သုဒ္ဓဋ္ဌကကလာပ်၊လဟုတာဒိဇကာဒသကကလာပ်-အားဖြင့် အာဟာရဇကလာပ် ၂-စည်းကို ရပါသည်။

ဇကေဝိသတိ-အရကား... ကမ္မဇကလာပ် ၉-စည်း၊စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊အာဟာရဇကလာပ် ၂-စည်းအားဖြင့် ကလာပ် ၂၁-စည်းကို ရပါသည်။

http://www.dhammadownload.com

ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သောရုပ်များပြ
သင်္ဂဟဂါထာ

ကလာပါနံ ပရိစ္ဆေဒ၊လက္ခဏာတ္တာ ဝိစက္ခဏာ-အစရှိသော ဤဂါထာသည် ကလာပ်စည်းဖွဲ့စည်းရာတွင် မပါဝင်သောရုပ်တို့ကိုပြသော ဂါထာဖြစ်ပါသည်။

ကလာပ်ဝိမုတ်ဖြစ်သော ရုပ်တို့ကိုပြသော ဂါထာဟူ၍လည်း ခေါ်ပါသည်။

ကလာပ်စည်းဖွဲ့စည်းရာတွင် မပါဝင်ရခြင်းအကြောင်း

ဂါထာဆိုရိုး... အာကာသဓာတ်၏ ကလာပ်တို့ကို ပိုင်းခြားကြောင်း၏အဖြစ်ကြောင့် အာကာသဓာတ်ကို ကလာပ်၏အင်္ဂါဟူ၍ မဆိုရပါ။ (ဝါ) ကလာပ်မဖွဲ့စည်းရပါ။

လက္ခဏာရုပ် ၄-ခုတို့၏ ကလာပ်တို့ကို ပိုင်းခြားကြောင်းမှတ်ကြောင်း၏အဖြစ်ကြောင့်လက္ခဏာရုပ် ၄-ခုတို့ကို ကလာပ်၏အင်္ဂါဟူ၍ မဆိုရပါ။ (ဝါ) ကလာပ်မဖွဲ့စည်းရပါ။

သာဓကကား။　။ကလာပါနံ ပရိစ္ဆေဒ (ပ) လက္ခဏာနိ စ ဖြစ်ပါသည်။

ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သောရုပ်များ
ကလာပ်ဝိမုတ်ရုပ်များ

အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် (၁)ပါး၊လက္ခဏာရုပ် ၄-ပါးအားဖြင့် ဤ ၅-ပါးသောရုပ်တို့သည် ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သောရုပ်တို့မည်ပါသည်။ (ဝါ) ကလာပ်၏အင်္ဂါဟု မဆိုရသောရုပ်တို့ မည်ပါသည်။(ဝါ)ကလာပ်ဝိမုတ်ဖြစ်သော ရုပ်တို့မည်ပါသည်။

သာဓကကား။　။ကလာပါနံ ပရိစ္ဆေဒ (ပ) လက္ခဏာနိ စ ဖြစ်ပါသည်။

ရူပကလာပပြီး၏။

* * * * *

http://www.dhammadownload.com

ရူပပဝတ္တိကဏ္ဍမ

ကာမဘုံ၌ ရုပ်ဖြစ်စဉ်

ကာမဘုံ၌ ပဝတ္တိအခါ အလုံးစုံသော ၂၈-ပါးသောရုပ်တို့ကို မယုတ်ကုန်သည် ဖြစ်၍ထိုက်သည့်အားလျော်စွာ ရအပ်ပါသည်။

သာဓကကား။ ။ သဗ္ဗာနိပိ (ပ) ဥပလဗ္ဘန္တိ ဖြစ်ပါသည်။

ယထာရဟံအရ ကာမဘုံ၌ရနိုင်သောရုပ်

တစ်နည်း... ယထာရဟံကိုထောက်၍ ကာမဘုံ၌ ပဝတ္တိအခါပြည့်စုံသောဣန္ဒြေရှိသော ယောကျ်ားတို့အား ဣတ္ထိဘာဝရုပ်ကြဉ်သော ၂၇-ပါးသောရုပ်တို့ကို ရအပ်ပါသည်။

ကာမဘုံ၌ ပဝတ္တိအခါ ပြည့်စုံသောဣန္ဒြေရှိသော မိန်းမတို့အား ပုမ္ဘာဝရုပ်ကြဉ်သော ၂၇-ပါးသောရုပ်တို့ကို ရအပ်ပါသည်။

ကာမဘုံ၌ ပြည့်စုံသောဣန္ဒြေရှိသော နုပုံးတို့အား ဘာဝရုပ် ၂-ပါးကြဉ်သော ၂၆-ပါးသော ရုပ်တို့ကို ရအပ်ပါသည်။

ကာမဘုံ၌ ပဝတ္တိအခါ ပြည့်စုံသောဣန္ဒြေရှိသော ဥဘတောဗျည်းတို့အား ၂၈-ပါးသောရုပ်တို့ကိုရအပ်ပါသည်။

ယထာရဟံ-ဟု ဆိုရပုံ

ကာမဘုံ၌ ပဝတ္တိအခါ ရုပ် ၂၈-ပါးလုံးရသည်ဆိုသော်လည်း ယောကျ်ားဖြစ်လျှင် ဣတ္ထိဘာဝရုပ်ကို မိန်းမဖြစ်လျှင် ပုမ္ဘာဝရုပ်ကို မရသောကြောင့်လည်းကောင်း၊ စက္ခု၊ သောတစသည် ချို့တဲ့သူတို့၌ စက္ခု၊သောတ-စသော အချို့သောရုပ်များ မရသောကြောင့်လည်းကောင်း ယထာရဟံ-ဟု ဆိုပါသည်။

အနုနာနိ-ဟု ဆိုရပုံ

ကာမဘုံ၌ ပဝတ္တိအခါ ထိုသို့ပုဂ္ဂိုလ်အလိုက် အချို့သောရုပ်များမရထိုက်သော်လည်း ကာမဘုံတစ်ခုလုံးအတွက် ရုပ် ၂၈-ပါးလုံးရနိုင်သောကြောင့် "အနုနာနိ" ဟု ဆိုရပါသည်။ (အခြေပြုသင်္ကြိုဟ်)

http://www.dhammadownload.com

မှတ်ဖွယ်များ

သတ္တဝါ ၃-မျိုး, ၄-မျိုး

ပဋိသန္ဓေနှင့်စပ်လျဉ်း၍ သတ္တဝါအမျိုးအစားသည် သံသေဒဇ,ဩပပါတိက, ဂဇ္ဈသေယျက-ဟူ၍ ၃-မျိုးရှိပါသည်။ထို ၃-မျိုးတို့တွင် ဂဇ္ဈသေယျကသည် ဇလာဗု ဇဂဇ္ဈသေယျက,အဏ္ဍဇဂဇ္ဈသေယျက-ဟု ၂-မျိုးရှိပြန်၍ ၄င်း ၂-မျိုးကို ပေါင်းရုံးရေတွက် သော်သတ္တဝါအမျိုးအစားသည် သံသေဒဇ,ဩပပါတိက,ဇလာဗုဇဂဇ္ဈသေယျက,အဏ္ဍဇ ဂဇ္ဈသေယျက-ဟူ၍ ၄-မျိုးရှိပါသည်။

၄င်းသတ္တဝါ ၄-မျိုးကို ယောနိ ၄-မျိုးဟူ၍လည်းခေါ်ပါသည်။ပဋိသန္ဓေ အမျိုး အစား ၄-မျိုးဟူ၍လည်း ခေါ်ပါသည်။

ထိုသတ္တဝါ ၄-မျိုးတို့တွင် ပိုးလောက်လန်းစသည်တို့ကဲ့သို့ ငြိကပ်တွယ်တာရာ အရပ်၌ဖြစ်သော သတ္တဝါသည် သံသေဒဇသတ္တဝါ မည်ပါသည်။

ဘွားကနဲကျရောက်လာသကဲ့သို့ ခန္ဓာကိုယ်ထင်ရှားဖြစ်သော ကမ္ဘာဦးသူလူများနှင့် နတ်,ဗြဟ္မာ,ပြိတ္တာ,ငရဲသားတို့သည် ဩပပါတိကသတ္တဝါ မည်ပါသည်။

ယခုလူစသည်တို့ကဲ့သို့ အမိဝမ်းတွင်း သားအိမ်၌ဖြစ်သောသတ္တဝါသည် ဇလာဗုဇ ဂဇ္ဈသေယျကသတ္တဝါမည်ပါသည်။

၄က်စသည်တို့ကဲ့သို့ ဥခွံ၌ဖြစ်သောသတ္တဝါသည် အဏ္ဍဇဂဇ္ဈသေယျကသတ္တဝါ မည်ပါသည်။

ပဋိသန္ဓေအခါ ရသောကလာပ်

ကာမဘုံ၌ ပဋိသန္ဓေအခါ အညီ၌ဖြစ်ကုန်သော ပိုးလောက်အစရှိသော သံသေဒဇ သတ္တဝါတို့အားလည်းကောင်း၊ကိုယ်ထင်ရှားဖြစ်သော စာတုမဟာရာဇ်၊တာဝတိံသာအစ ရှိသော ဩပပါတိကသတ္တဝါတို့အားလည်းကောင်း၊အလွန်အားဖြင့် စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ဃာနဒသကကလာပ်၊ဇိဝှါဒသကကလာပ်၊ကာယဒသက ကလာပ်၊ ဘာဝဒသကကလာပ်၊ဝတ္ထုဒသကကလာပ်-အားဖြင့် ၇-ပါးသောကလာပ်စည်းတို့ ကို တပြိုင်နက်ရအုပ်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။ပဋိသန္ဓိယံ (ပ) ဥက္ကဋ္ဌဝသေန ဖြစ်ပါသည်။

မှတ်ချက် ။ ။ သင်္ဂဟပါဠိ၌ ဣတ္ထိဘာဝဒသက,ပုမ္ဘာဝဒသကဟု ၂-ခု ခွဲဆိုထားသော်လည်း ယောကျ်းဖြစ်လျှင် ပုမ္ဘာဝဒသကကို မိန်းမ ဖြစ်လျှင် ဣတ္ထိဘာဝဒသကကို ဖြစ်သင့်သလိုရသောကြောင့် ဘာဝဒသကဟု သာမညအားဖြင့် ဆိုထားသဖြင့် ကလာပ်အရေ အတွက်မှာ ၇-စည်းဖြစ်ပါသည်။

ပဋိသန္ဓေအခါရသောရုပ်

ကာမဘုံ၌ ပဋိသန္ဓေအခါ သံသေဒဇ, ဩပပါတိကသတ္တဝါတို့အား ဇီဝိတရုပ် ၁-ပါး၊အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ပသာဒရုပ် ၅-ပါး၊ဘာဝရုပ် ၂-ပါးတို့တွင်တစ်ပါးပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါးအားဖြင့် ၁၆-ပါးသောရုပ်တို့ကို ရပါသည်။

ယုတ်လျော့နိုင်သည့် ကလာပ်စည်းများ

ကာမဘုံ၌ ပဋိသန္ဓေအခါ သံသေဒဇ,ဩပပါတိကသတ္တဝါတို့အား အယုတ်၏ အစွမ်းဖြင့် စက္ခုဒသကကလာပ်၊သောတဒသကကလာပ်၊ဃာနဒသကကလာပ်၊ဘာဝ ဒသကကလာပ်အားဖြင့် ၄-ပါးသောကလာပ်စည်းတို့ကို ရံခါမရအပ်သောကြောင့် ထိုသံ သေဒဇ, ဩပပါတိကသတ္တဝါတို့အား ပဋိသန္ဓေအခါ စက္ခုဒသကကလာပ်၊သောတဒသက ကလာပ်၊ဃာနဒသကကလာပ်၊ဘာဝဒသကကလာပ်အားဖြင့် ၄-ပါးသောကလာပ်စည်းတို့ ယုတ်လျော့ခြင်းကို သိအပ်ပါသည်။

သာဓကကား။ ။ဩမကဝသေန (ပ) ဝေဒိတဗ္ဗာ ဖြစ်ပါသည်။

ဣတ္ထသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခါ ရသောကလာပ်

ကာမဘုံ၌ ပဋိသန္ဓေအခါ အဓိဝမ်းတွင်း၌ကိန်းသော ဣတ္ထသေယျကသတ္တဝါတို့အား ကာယဒသကကလာပ်၊ဘာဝဒသကကလာပ်၊ဝတ္ထုဒသကက်လာပ်အားဖြင့် ၃-ပါးသော ကလာပ်စည်းတို့ကို ရအပ်ပါသည်။ထို ၃-ပါးသောကလာပ်တို့တွင် ဘာဝဒသကကလာပ် ကို ရံခါမရအပ်ပါ[illegible]

http://www.dhammadownload.com

ပဋိသန္ဓေအခါ ရသောရုပ်

ကာမဘုံ၌ ပဋိသန္ဓေအခါ အဓိပမ်း၌ကိန်းကုန်သော ဂဇ္ဈသေယျကသတ္တဝါတို့အား အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဇီဝိတရုပ် ၁-ပါး၊ကာယပသာဒရုပ် ၁-ပါး၊ဘာဝရုပ် ၂-ပါးတို့တွင်တစ်ပါးပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါးအားဖြင့် ၁၂-ပါးသောရုပ်တို့ကို ရပါသည်။

သာဓကကား။　။ဂဇ္ဈသေယျကသတ္တာနံ (ပ) ပါတုဘဝန္တိ ဖြစ်ပါသည်။

ဥဏ်စမ်း

တထာပိ ဘာဝဒသကံ ကဒါစိ နာ လဇ္ဇတိ-ဟူသောသင်္ဂဟပါဠိတို့ထောက်၍ ဂဇ္ဈသေယျကသတ္တဝါတို့အား ရံခါ ဘာဝဒသကကလာပ်မရအပ်သောကြောင့် သားဖွားဆေးရုံ၌မွေးဖွားကာစ ကလေးများတွင် ယောကျ်းလည်းမဟုတ်၊ မိန်းမလည်းမဟုတ်သော ကလေးများကို တွေ့ရသည်ဟု ဆေးပညာရှင်တို့ဆိုသောစကား မှန်ပါသည်။

မှတ်ချက်။　။ ဂဇ္ဈသေယျက သတ္တဝါဆိုသည်မှာ… အဓိပမ်းတွင်း၌ ကိန်းအောင်းတည်နေပြီးမှ မွေးဖွားရသောသတ္တဝါများဖြစ်၍ လူကိုသာ ဂဇ္ဈသေယျကဟု ဆိုရမည်မဟုတ်၊ခွေး,ဝက်,နွား,ကြက်,ကျွဲ-စသောသတ္တဝါများကို လည်း ဂဇ္ဈသေယျကသတ္တဝါဟု ပင်ဆိုရသည်။လူနှင့်တကွသော ယင်းသတ္တဝါတို့မှာ အဓိပမ်းတွင်းရှိ သားအိမ်၌ဖြစ်ရ၍ ဇလာဗုဇဂဇ္ဈသေယျက များ ဖြစ်ပါသည်။ ကြက်,ငှက်,ဘဲ-စသော တိရစ္ဆာန်သတ္တဝါများမှာ အဓိပမ်းတွင်းရှိ ဥခွံ၌ကိန်းအောင်းတည်နေပြီးမှ မွေးဖွားရ၍ အဏ္ဍဇ ဂဇ္ဈသေယျက သတ္တဝါများဖြစ်ပါသည်။ ထို့ကြောင့် နွား,ကျွဲ-စသော သတ္တဝါတို့၏ ပဋိသန္ဓေအခိုက်၌ ရထိုက်သော ကလာပ်စည်းနှင့် ရုပ်များကိုဖော်ပြပါဟု မေးလျှင်လည်းကောင်း၊ကြက်,ငှက်စသော သတ္တဝါတို့၏ ပဋိသန္ဓေအခိုက်၌ ရထိုက်သောကလာပ်စည်းနှင့် ရုပ်များကို မေးလျှင်လည်းကောင်း၊လူ,ဂဇ္ဈသေယျကသတ္တဝါတို့၏ပဋိသန္ဓေ အခိုက်၌ရသော ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ် ၃-စည်းနှင့် ရုဂ် ၁၂-ပါး လုံးကိုပင် ဖြေဆိုပါလေ။

http://www.dhammadownload.com

ကလလရေကြည် အရကောက်

ဂဇ္ဈသေယျကသတ္တဝါတို့၏ ပဋိသန္ဓေအခိုက်၌ရသော ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ဟူဆိုအပ်သော ကလာပ် ၃-စည်းကို ကလလရေကြည်ဟု ခေါ်ပါသည်။ ထိုကလလရေကြည်၌ ရုပ်အားဖြင့်အကျဉ်း ၁၂-ပါး၊ အကျယ်အားဖြင့် ရုပ်ပေါင်း ၃၀-ပါးဖြစ်ပါသည်။

ကလလရေကြည် ပမာဏနှင့်သဘာဝ

ထိုကလလရေကြည်သည် မွေးဖွားစသိုးငယ်၏ -သိုးမွေးတစ်ပင်ကိုယူလျက် ကြည်လင်သောနှမ်းဆီ၌နှစ်၍ ဆယ်ယူသောအခါ သိုးမွေးဖျား၌ ငြိကပ်ပါလာ၍တည်သော ဆီပေါက်ပမာဏမျှ ရှိပါသည်။ သဘာဝအားဖြင့် အလွန်ကြည်လင်ပါသည်။

လူ-ဂဇ္ဈသေယျကသတ္တဝါတို့အား ကလလရေကြည်တည်သည်မှစ၍ ၆-ခုမြောက်သော သတ္တာဟဟုဆိုအပ်သော ပဋိသန္ဓေအခါမှနောက်ဖြစ်သော ၇-ခုမြောက်သတ္တာဟဟုဆိုအပ်သော ပဝတ္တိအခါ၌ မူလဋီကာဆရာအလိုအားဖြင့် ၁၁ ခုမြောက်သတ္တာဟဟုဆိုအပ်သော ပဝတ္တိအခါ၌ စက္ခုဒသကကလာပ်, သောတဒကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်တို့သည် ထင်ရှားဖြစ်ပါသည်။

သာဓကကား ။ ။ တတော ပရံ ပဝတ္တိကာလေ (ပ) ပါတုဘဝန္တိ ဖြစ်ပါသည်။

လူ-ဂဇ္ဈသေယျကတို့ ကလလရေကြည်မှ ဖွားသည်အထိ ဖြစ်ပုံအစဉ်

အမိဝမ်းတွင်း၌ကိန်းကုန်သော လူ-ဂဇ္ဈသေယျကသတ္တဝါတို့အား ကလလရေကြည် တစ်သတ္တာဟာ၊ အမြှုပ် တစ်သတ္တာဟာ၊ သားတစ် တစ်သတ္တာဟာ၊ တခဲနက် တစ်သတ္တာဟာ၊ ခက်မငါးဖြာတစ်သတ္တာဟာ၊ ရင့်ကျက်မူပရိပါက တစ်သတ္တာဟာစီ ဖြစ်ပါသည်။ ထို့နောင် အဋ္ဌကထာဆရာအလိုအားဖြင့် ၇-ခုမြောက်သတ္တာဟာ၌ စက္ခုဒသကကလာပ် ဖြစ်ပါသည်။ ထို့နောင် ၈-ခုမြောက်သတ္တာဟာ၌ သောတဒသကကလာပ်ဖြစ်ပါသည်။ ထို့နောင် ၉-ခုမြောက်သတ္တာဟာ၌ ဃာနဒသကကလာပ် ဖြစ်ပါသည်။ ထို့နောင် ၁၀-ခုမြောက်သတ္တာဟာ၌ ဇိဝှါဒသကကလာပ်ဖြစ်ပါသည်။ ထို့နောင် ၁၁-ခုမြောက်သောသတ္တာဟာမှစ၍ ၄၂-

http://www.dhammadownload.com

သတ္တဟာဒ္ဒ ကေသာ, လောမာအစရှိသော ၃၂-ကောဋ္ဌာသတို့သည် ထိုက်သည်အားလျော်စွာ ဖြစ်ကြပါသည်။

ဤသို့လျှင် လူ-ဂဗ္ဘသေယျကသတ္တဝါတို့သည်....

- သတ္တာဟအားဖြင့် ၄၂-သတ္တာဟ၊

- လ-အားဖြင့် ၉-လ, ၂၄-ရက်၊

- ရက်အားဖြင့် ၂၉၄-ရက်မြောက်သောနေ့၌ မိခင်လောင်း၏ ကမ္မဇလေလှုပ်ရှားသဖြင့် မီးရှူသန့်စင် ဖွားမြင်ကြရပါသည်။

မှတ်ချက် ။ ။ မူလဋ္ဌီကာဆရာအလိုအားဖြင့် ၁၁-ခုမြောက်သောသတ္တာဟမှစ၍ စက္ခု ဒသကကလာပ်စသည်တို့ ဖြစ်သည်ဟု ဆိုပါသည်။

ရုပ် ၄-ပါးတို့ ရှေဦးစွာဖြစ်ပုံ

ဤစွေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ (ပ) ပဝတ္တတိ-ဟူသော သင်္ဂဟပါဠိသည် ရုပ် ၄-ပါးတို့ ရှေးဦးစွာဖြစ်ပုံကိုပြသော သင်္ဂဟပါဠိဖြစ်ပါသည်။ စတုဇရုပ်တို့ အစစွာဖြစ်ပုံပြ သင်္ဂဟပါဠိလည်းမည်ပါသည်။ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်၊ အာဟာရဇရုပ်တို့စတင်ဖြစ်ရကာလ အသီးသီးကိုပြသော သင်္ဂဟပါဠိလည်း မည်ပါသည်။

စတုဇရုပ်တို့ စတင်ဖြစ်ရကာလများ

တစ်ခုသောဘဝဝယ် သတ္တဝါတစ်ဦးတစ်ယောက်၏သန္တာန်၌ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ် ၄-ပါးတို့တွင် ပဋိသန္ဓေစိတ်၏ဥပါဒ်ကို အစပြု၍ ကံကြောင့်ဖြစ်သောရုပ်ကလာပ်တို့ ဖြစ်ပါသည်။ (ဝါ) ကမ္မဇရုပ်တို့ ဖြစ်ပါသည်။

သာဓကကား ။ ။ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ ဖြစ်ပါသည်။

ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ ဥပါဒ်ကိုအစပြု၍ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်ပါသည်။ (ဝါ) စိတ္တဇရုပ်တို့ စ-ဖြစ်ပါသည်။

သာဓကကား။ ။ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ ဖြစ်ပါသည်။

http://www.dhammadownload.com

ပဋိသန္ဓေစိတ်၏ဋ္ဌကာလကို အစပြု၍ ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်ပါသည်။(ဝါ) ဥတုဇရုပ်တို့ စ-ဖြစ်ပါသည်။

သာဓကကား။ ။ဋ္ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ ဖြစ်ပါသည်။

မိခင်၏စားအပ်,မျိုအပ်သောအစာအာဟာရသြဇာ၏ နှံ့သောကာလကိုအစပြု၍ အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်ပါသည်။(ဝါ)အာဟာရဇရုပ်တို့ စ-ဖြစ်ပါသည်။

သာဓကကား။ ။သြဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ ဖြစ်ပါသည်။

(အဋ္ဌကထာအလို)

မှတ်ချက် ။ ။ ဂဗ္ဘသေယျကသတ္တဝါတို့အား ကလလရေကြည်တည်သည်မှ တစ်သတ္တာဟာ၊ နှစ်သတ္တာဟာအလွန်တွင် မိခင်၏ စားအပ်,မျိုအပ်သော အစာအာဟာရမှဖြစ်သော သြဇာ၏ ကိုယ်ခန္ဓာအတွင်း၌ ပျံ့နှံ့သော အခါမှစ၍ အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

သံသေဒဇ,ဩပပါတိကသတ္တဝါတို့အား မျိုအပ်သောမိမိ၏သလိပ်,တံတွေးနှင့် အာဟာရဖြစ်သောသြဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သောအခါမှစ၍ အာဟာရဇရုပ်တို့ဖြစ်ပါသည်။ (ဋီကာအလို)

စတုဇရုပ်တို့ဖြစ်ပုံ

ဤသို့လျှင် ၄-ပါးသောအကြောင်းကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏ အစဉ်သည် (၄-ပါးသောအကြောင်းကြောင့်ဖြစ်သော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့၏ အစဉ်သည်) ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း အသက်ရှည်သမျှကာလပတ်လုံး မပြတ်ဖြစ်ပါသည်။

သာဓကကား ။ ။ ဣတိ စတုသမုဋ္ဌာနာ (ပ) ပဝတ္တတိ ဖြစ်ပါသည်။

ရုပ် ၄-ပါးတို့ နောက်ဆုံးချုပ်ပုံ
ကမ္မဇရုပ်တို့ နောက်ဆုံးဖြစ်ရာကာလ

မရဏကာလေ ပန (ပ) နှ ဥပ္ပဇ္ဇတိ-ဟူသော သင်္ဂဟပါဠိသည် ကမ္မဇရုပ်တို့ နောက်ဆုံးဖြစ်ရာကာလကိုပြသောပါဠို ဖြစ်ပါသည်။ကမ္မဇရုပ်တို့ လုံးဝမဖြစ်ရာကာလကို

http://www.dhammadownload.com

ပြသော ပါဠိလည်းမည်ပါသည်။အသစ်ဖြစ်သောကမ္မဇရုပ်တို့ မဖြစ်ရာကာလကိုပြသော ပါဠိလည်းမည်ပါသည်။

ပုရေတရမုပ္ပန္နာနီ စ (ပ) နိရုဇ္ဈတိ-ဟူသော သင်္ဂဟပါဠိသည် ကမ္မဇရုပ်တို့ နောက်ဆုံး ချုပ်ပုံကိုပြသော သင်္ဂဟပါဠိဖြစ်ပါသည်။

သေခါနီးကာလ၌ စုတိစိတ်တို့၏အထက်၌ရှိသော ၁၇-ခုတို့၏ပြည့်ကြောင်းဖြစ်သောစိတ်၏ (စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ခုတို့၏ပြည့်ကြောင်းဖြစ်သောစိတ်၏) ဌီကာလကိုအစပြု၍ အသစ်ဖြစ်သောကမ္မဇရုပ်တို့ မဖြစ်တော့ပါ။

သာဓကကား။　။မရဏကာလေ (ပ) နာ ဥပ္ပဇ္ဇန္တိ ဖြစ်ပါသည်။

ကမ္မဇရုပ်တို့နောက်ဆုံးချုပ်ရာကာလ

စုတိစိတ်၏အထက်၌ရှိသော ၁၇-ခုတို့၏ပြည့်ကြောင်းဖြစ်သောစိတ်၏ ဥပ္ပါဒက္ခဏ၌ (ဝါ) စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ခမြောက်သောစိတ်၏ ဥပ္ပါဒက္ခဏ၌ဖြစ်ကုန်သော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့်မျှသောကာလပတ်လုံးသာလျှင်ဖြစ်၍ စုတိစိတ်နှင့် ပြိုင်၍ချုပ်ပါသည်။

သာဓကကား။　။ပုရေတရ (ပ) နိရုဇ္ဈန္တိ ဖြစ်ပါသည်။

ကမ္မဇရုပ်တို့
စတင်ဖြစ်ရာ, လုံးဝမဖြစ်ရာ, နောက်ဆုံးဖြစ်ရာကာလများ

ကမ္မဇရုပ်တို့ စတင်ဖြစ်ရာကာလသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏဖြစ်ပါသည်။

ကမ္မဇရုပ်တို့ နောက်ဆုံးဖြစ်ရာကာလသည် စုတိစိတ်မှပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ ဖြစ်ပါသည်။

ကမ္မဇရုပ်တို့ လုံးဝမဖြစ်ရာကာလသည် (ဝါ=အသစ်ဖြစ်သော ကမ္မဇရုပ်တို့ မဖြစ်ရာကာလသည်) စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက် မြောက်သောစိတ်၏ ဌီကာလဖြစ်ပါသည်။ ကမ္မဇရုပ်တို့ နောက်ဆုံးချုပ်ရာကာလသည် စုတိစိတ်၏ ချုပ်ရာကာလဖြစ်ပါသည်။

http://www.dhammadownload.com

စိတ္တဇရုပ်,အာဟာရဇရုပ်တို့ ချုပ်ရာကာလ

ကမ္မဇရုပ်ချုပ်ပြီးသည့်နောက်၌ အနည်းငယ်မျှဖြစ်၍ စိတ္တဇရုပ်, အာဟာရဇရုပ်တို့ချုပ်ပါသည်။

သာဓကကား။ ။တတော ပရံ စိတ္တာဟာရဇရူပဒ္ဓ ဝေါစ္ဆိန္နတိ ဖြစ်ပါသည်။

တစ်နည်း။ ။စိတ္တဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၄၈-ချက်ခန့် ကာလကြာမှ ချုပ်ပါသည်။

အာဟာရဇရုပ်သည် ကမ္မဇကလာပ်ချုပ်ပြီးနောက် ခဏငယ် ၅၁-ချက်ခန့်ကြာမှ ချုပ်ပါသည်။

ဥတုဇရုပ်တို့ ချုပ်ရာကာလ

စိတ္တဇရုပ်,အာဟာရဇရုပ်တို့ ချုပ်သည်မှနောက်၌ ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်အဆက်ဆက်တို့သည် (ဝါ) ဥတုဇရုပ်တို့သည် သေ၍အကောင်ပုပ်ဖြစ်သည်ဟု ဆိုအပ်သည်တိုင်အောင် ဖြစ်ပါသည်။

သာဓကကား။ ။တတော ပရံ (ပ) ပဝတ္တန္တိ ဖြစ်ပါသည်။

သတ္တဝါများသေရာ၌ ချုပ်သွားသောတရား ၃-ပါး

အသက်ဇီဝိတိန္ဒြေ,ကမ္မဇတေဇောဓာတ်ဟူသော ကိုယ်ငွေ့,ဘဝင်ဝိပါက်ဝိညာဏ်ဤတရား ၃-ပါးချုပ်ဆုံးမှ သတ္တဝါများသေသည်ဟု ဆိုရပါသည်။

ရုပ်သံသရာစက်လည်ပုံပြဂါထာ

ဣစ္စေဝံ မတာသတ္တာနံ-အစရှိသောဤဂါထာသည် ရုပ်သံသရာစက်လည်ပုံကိုပြသောသင်ဟဂါထာဖြစ်ပါသည်။စတုသမုဋ္ဌာနိကရုပ်ဖြစ်ပုံပြသင်ဟဂါထာ ဟူ၍လည်းခေါ်ပါသည်။

ဂါထာပါဠိလျှောက်ဆိုရိုး

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ စတုသမုဋ္ဌာနိကရုပ်များ ဖြစ်သကဲ့သို့ ထို့အတူ သေကုန်သောသတ္တဝါတို့အား တစ်ဖန်လျှင် ဘဝတစ်ပါး၌ ပဋိသန္ဓေစိတ်၏ဥပါဒ်ကို အစပြု၍ စတုသမုဋ္ဌာနိကရုပ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား။　။ဣတ္ထေဝံ (ပ) ပဝတ္တတိ ဖြစ်ပါသည်။

ရူပဘုံ၌ ရုပ်ဖြစ်စဉ်

ရူပဘုံ၌ မရသောကလာပ်စည်း

အသည်သတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဣတ္ထိဘာဝဒသကကလာပ်၊ ပုမ္ဘာဝဒသကကလာပ်၊ အာဟာရဇကလာပ် ၂-စည်း အားဖြင့် ဤ ၇-ပါးသောကလာပ်စည်းတို့ကို မရအပ်ပါ။

သာဓကကား။　။ရူပလောကေ ပန (ပ) နာ လဗ္ဘန္တိ ဖြစ်ပါသည်။

ရူပဘုံ၌ ပဋိသန္ဓေအခါရသော ကလာပ်စည်း

အသည်သတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ဃာနဒသကကလာပ်၊ဇိဝှါဒသကကလာပ်အားဖြင့် ၄-ပါးသော ကလာပ်စည်းတို့ကို ရအပ်ပါသည်။

သာဓကကား။　။တသ္မာ တေသံ (ပ) ကမ္မသမုဋ္ဌာနကလာပါ ဖြစ်ပါသည်။

ရူပဘုံ၌ ပဝတ္တိအခါရသော ကလာပ်စည်း

အသည်သတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဝတ္တိအခါ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်းအားဖြင့် ၁၀-ပါးသော ကလာပ်စည်းတို့ကိုရပါသည်။

စသဒ္ဒါဖြင့် ပဋိသန္ဓေအခါ၌ရသော စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ဇိဝှါဒသကကလာပ် အားဖြင့် ၄-ပါးသောကလာပ်စည်းတို့ကိုလည်း ရပါသည်။

သာဓကကား။　။ပဝတ္တိယံ (ပ) လဗ္ဘန္တိ ဖြစ်ပါသည်။

ပဋိသန္ဓေ,ပဝတ္တိစက်လှည့်

ကလာပ် ၂၁-စည်းတို့တွင် အသည်သတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ၌သာရ၍ ပဝတ္တိအခါ မရသောကလာပ်စည်းသည် မရှိပါ။

http://www.dhammadownload.com

ပဝတ္တိအခါဒ်သာရ၍ ပဋိသန္ဓေအခါဒ်မရသော ကလာပ်စည်းသည် စိတ္တဇကလာပ် ၆-စည်းဥတုဇကလာပ် ၄-စည်း အားဖြင့် ၁၀-စည်းဖြစ်ပါသည်။

ပဋိသန္ဓေ,ပဝတ္တိ ၂-ပါးစုံရသော ကလာပ်စည်းသည် စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ဃာနဒသကကလာပ်၊ဇိဝှါတနုဝကကလာပ်အားဖြင့် ၄-စည်းဖြစ်ပါသည်။

ပဋိသန္ဓေ,ပဝတ္တိ ၂-ပါးစုံမရသောကလာပ်စည်းသည် ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ကာယဒသကကလာပ်၊ဣတ္ထိဘာဝဒသကကလာပ်၊ပုမ္ဘာဝဒသကကလာပ်၊အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၇-စည်းဖြစ်ပါသည်။

ရူပဘုံ၌ ပဝတ္တိအခါရသောရုပ်

(ရူပဘုံ၌) (၀ါ) အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဝတ္တိအခါ ဘူတရုပ် ၄-ပါး၊စက္ခုပသာဒရုပ် ၁-ပါး၊သောတပသာဒရုပ် ၁-ပါး၊ဂေါစရရုပ် ၄-ပါး၊ဟဒယရုပ် ၁-ပါး၊ဇိဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊လက္ခဏရုပ် ၄-ပါး အားဖြင့် ၂၃-ပါးသောရုပ်တို့ကိုရပါသည်။

ရူပဘုံ၌ ပဋိသန္ဓေအခါရသောရုပ်

အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ ဘူတရုပ် ၄-ပါး၊ စက္ခုပသာဒရုပ် ၁-ပါး၊သောတပသာဒရုပ် ၁-ပါး၊သဒ္ဒကြဉ်သော ဂေါစရရုပ် ၃-ပါး၊ ဟဒယရုပ် ၁-ပါး၊ဇိဝိတရုပ် ၁-ပါး၊အာဟာရရုပ် ၁-ပါး၊ပရိစ္ဆေဒရုပ် ၁-ပါး၊ ဥပစယ, သန္တတိအားဖြင့် ၁၅-ပါးသောရုပ်တို့ကို ရပါသည်။

ရူပဘုံ၌ မရသောရုပ်

(ရူပဘုံ၌) (၀ါ) အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ဃာနပသာဒရုပ် ၁-ပါး၊ ဇိဝှါပသာဒရုပ် ၁-ပါး၊ကာယပသာဒရုပ် ၁-ပါး၊ဘာဝရုပ် ၂-ပါးအားဖြင့် ၅-ပါးသော ရုပ်တို့ကို မရပါ။

ရှင်မဲ့ငိုင်း http://www.dhammadownload.com

ရူပဘုံ၌ ပဋိသန္ဓေအခါမရသောရုပ်

အသည်းသတ်ကြောင်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ ဃာနပသာဒရုပ် ၁-ပါး၊ဇိဝှါပသာဒရုပ် ၁-ပါး၊ကာယပသာဒရုပ် ၁-ပါး၊သဒ္ဒရုပ် ၁-ပါး၊ဘာဝရုပ် ၂-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ဝိကာရရုပ် ၃-ပါး၊ဇရတာ,အနိစ္စတာအားဖြင့် ၁၃-ပါးသော ရုပ်တို့ကို မရအပ်ပါ။

ရူပဘုံ၌ရသောကလာပ်နှင့် ရုပ်ကိုပြသော သံပေါက်လက်ာ

စက်,သော,ဝတ်,ဇီ,၊ ဤလေးလီ၊ ရုပြီ ပဋိမှာ။
စိတ္တဇ-ဆ၊ ဥတုဇ၊ ဆယ်ဝ ပဝတ္တာ။
ရူပဘုံရ၊ ကလာပ၊ ပေါင်းက စုဒ္ဒသာ။
ဃာ, ဇိ, ကာယ၊ ဒွေဘာဝ၊ ပဋ္ဌကြွင်လေပါ။
ရူပဘုံဆီ၊ ရုပ်တေဝီ၊ ရုပြီ ပဝတ္တာ။
ဇရာ, မရဏ၊ ဝိကာရ၊ သဒ္ဒ ထပ်ကြွင်ပါ။
ရူပဘုံက၊ ပန္နရ၊ ရကြ ပဋိမှာ။ (မစိုးရိမ် ဋီကာကျော်အဖြေ)။

အသည်းသတ်ဘုံ၌ မရသောကလာပ်စည်း

အသည်းသတ်ဘုံ၌ စက္ခုဒသကကလာပ်၊သောတဒသကကလာပ်၊ဃာနဒသကကလာပ်၊ဇိဝှါဒသကကလာပ်ဟူဆိုအပ်သော ကမ္မဇကလာပ် ၃-စည်း၊သဒ္ဒနဝကကလာပ်၊သဒ္ဒလဟုတာဒိဒွါဒသကကလာပ်ဟူဆိုအပ်သော ဥတုဇကလာပ် ၂-စည်း၊စိတ္တဇကလာပ် ၆-စည်းအားဖြင့် ၁၁-ပါးသောကလာပ်စည်းတို့ကို မရပါ။

၀-သဒ္ဒါဖြင့် (ရူပဘုံ၌မရသော)ဃာနဒသကကလာပ်၊ဇိဝှါဒသကကလာပ်၊ကာယဒသကကလာပ်၊ဣတ္ထိဘာဝဒသကကလာပ်၊ပုမ္ဘာဝဒသကကလာပ်ဟူဆိုအပ်သော ကမ္မဇကလာပ် ၅-စည်း၊အာဟာရဇကလာပ် ၂-စည်းအားဖြင့် ဤ ၇-ပါးသောကလာပ်စည်းတို့ကိုမရအပ်ပါ။

သာဓကကား။ ။အသည်းသတ္တာနံ (ပ) စိတ္တဇရူပါနိ ဖြစ်ပါသည်။

http://www.dhammadownload.com

အသည်သတ်ဘုံ၌ စုစုပေါင်းမရသောကလာပ်စည်း

အသည်သတ်ဘုံ၌ မရနိုင်သောကလာပ်စည်းတို့သည် ဇီဝိတနဝကကလာပ် ကြဉ်သော ကမ္မဇကလာပ် ၈-စည်း၊စိတ္တဇကလာပ် ၆-စည်း၊သဒ္ဒနဝကကလာပ်၊သဒ္ဒ လဟုတာဒိဒွါဒသကကလာပ်ဟုဆိုအပ်သော ဥတုဇကလာပ် ၂-စည်း၊အာဟာရဇကလာပ် ၊-စည်းအားဖြင့် ၁၈-စည်းဖြစ်ပါသည်။

အသည်သတ်ဘုံ၌ ရနိုင်သောကလာပ်စည်း

အသည်သတ်ဘုံ၌ ပဋိသန္ဓေအခါ ဇီဝိတနဝကကလာပ်တစ်စည်းကိုသာရပါသည်။

သာဓကကား။ ။တသ္မာ တေသံ ပဋိသန္ဓိကာလေ ဇီဝိတနဝကမေဝ ဖြစ်ပါသည်။

အသည်သတ်ဘုံ၌ ပဝတ္တိအခါ သုဒ္ဓဋ္ဌကကလာပ်၊လဟုတာဒိကောဒသကကလာပ် ဟုဆိုအပ်သော ဥတုဇကလာပ် ၂-စည်းကို ရပါသည်။

သာဓကကား။ ။ပဝတ္တိယဉ္စ (ပ) အတိရိစ္စတိ ဖြစ်ပါသည်။

အသည်သတ်ဘုံ၌ ပဝတ္တိအခါရသောရုပ်

အသည်သတ်ဘုံ၌ ပဝတ္တိအခါ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဇီဝိတရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊လဟုတာ,မုဒုတာ,ကမ္မညတာ-ဟုဆိုအပ်သော ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ၁၇-ပါးသောရုပ်တို့ကို ရပါသည်။ (အသည်သတ်ဘုံ ၌ရသောရုပ်လည်းမည်ပါသည်။)

လက်ံာ ။ ။ အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံးဝလဟု၊ တာဒိရှု၍၊
စတုလက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနှစ်။

အသည်သတ်ဘုံ၌ ပဋိသန္ဓေအခါရသောရုပ်

အသည်သတ်ဘုံ၌ ပဋိသန္ဓေအခါ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဇီဝိတရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ဥပစယ,သန္တတိအားဖြင့် ၁၂-ပါးသော ရုပ်တို့ကို ရပါသည်။

လက်ံာ ။ ။ ဇီဝိ နဝ၊ အာကာသနှင့်၊ ဥပ,သန္တတိ၊ ဆယ့်နှစ်ရှိ၊
ရဘိ သညာ၊ ပဋိ မှာ။

http://www.dhammadownload.com

အသညသတ်ဘုံ၌ မရနိုင်သောရုပ်

အသညသတ်ဘုံ၌ မရနိုင်သောရုပ်တို့သည် ပသာဒရုပ် ၅-ပါး၊သဒ္ဒရုပ် ၁-ပါး၊ဘာဝရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတ်ရုပ် ၂-ပါးအားဖြင့် ၁၁-ပါး ဖြစ်ပါသည်။

လက်ာ ။ ။ ပဥ္စ ပသာဒ၊ သော၊ သဒ္ဒနှင့်၊ ဟဒယ၊ ဇီဝိတ်၊ ကာယသ်၊ မရ အသညာ။

အသညသတ်ဘုံ၌ ရသောကလာပ်နှင့် ရုပ်ကိုပြသော သံပေါက်လက်ာ

အသညမှ၊ ဇီဝိတ၊ ဧက ပဋိ မှာ။
လဟုတာဒေက၊ သုဒ္ဓဋ္ဌ၊ နှစ်ဝ ပဝတ္တာ။
အသညာရ၊ ကလာပ၊ ပေါင်းက သုံးပါးသာ။
ဇီဝိနဝ၊ လက္ခဏ၊ ကာသ, လဟုတာ။
အသညာက၊ သတ္တရ၊ ရကြ ပဝတ္တာ။
ဧရာ, မရဏ၊ လဟုတြ၊ ငါးဝထပ်ကြဉ်ပါ။
အသညာက၊ ဒွါဒသ၊ ရကြ ပဋိမှာ။ (မစိုးရိမ်ဋီကာကျော်အဖြေ)။

ရုပ်ဖြစ်ရာဘုံဌာနသုံးမျိုးနှင့် ရုပ်ဖြစ်ခြင်းနှစ်မျိုး

ရုပ်တို့၏ဖြစ်ရာဘုံဌာနသည် ကာမဘုံ, ရူပဘုံ, အသညသတ်ဘုံအားဖြင့် ၃-ဘုံဖြစ်ပါသည်။ ထို ၃-ဘုံတို့၌ ရုပ်တို့၏ဖြစ်ခြင်းသည် ပဋိသန္ဓေအခါ၌ ဖြစ်ခြင်း, ပဝတ္တိအခါ၌ဖြစ်ခြင်းအားဖြင့် ၂-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ကျွန်တော်ကိုယ်တိုင် ကာမရူပါသညီသခ်ါတေသူ (ပ) ရူပပဝတ္တိ ဝေဒိတဗ္ဗာ ဖြစ်ပါသည်။

သင်္ဂဟဂါထာများ

သင်္ဂဟဂါထာအမည်ပေးပုံ

အဋ္ဌဝီသတိ ကာမေသု အစရှိသော ဤနှစ်ဂါထာသည် ရူပပဝတ္တိကွမအဆုံး ၂-ဂါထာဖြစ်ပါသည်။ ထို ၂-ဂါထာတို့တွင် အဋ္ဌဝီသတိ ကာမေသု-စသော ပထမဂါထာ

သည် ကာမ, ရူပ, အသညသတ်ဘုံတို့၌ရသော ရုပ်တို့ကို အကျဉ်းရေတွက်ပြသော သင်္ဂဟဂါထာဖြစ်ပါသည်။

မရဏာသန္နပဗတ္တိယံ နု လဗ္ဘန္တိ-ဟူသော ဂါထာ ၂-ပါဒခွဲသည် ပဋိသန္ဓေအခါ၌ မရသောရုပ်တို့ကိုပြသော ဂါထာ ၂-ပါဒခွဲဖြစ်ပါသည်။

ပဝတ္တေ တု နု ကိဉ္စိဝိ နု လဗ္ဘတိ-ဟူသော ဂါထာ ၁-ပါဒခွဲသည် ကာမဘုံ၌ ပဝတ္တိအခါ ရုပ်အားလုံးရနိုင်ပုံကိုပြသော ဂါထာ ၁-ပါဒခွဲဖြစ်ပါသည်။

ကာမဘုံ၌ ပဝတ္တိအခါ ဘူတရုပ် ၄-ပါး၊ (ပ) လက္ခဏရုပ် ၄-ပါးအားဖြင့် ၂၈-ပါးသော ရုပ်တို့ကို ရပါသည်။

ရူပဘုံ၌ (ဝါ) အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဝတ္တိအခါ ဘူတရုပ် ၄-ပါး၊ စက္ခုပသာဒရုပ် ၁-ပါး၊ သောတပသာဒရုပ် ၁-ပါး၊ ဃာနရုပ် ၄-ပါး၊ ဇိဝှါရုပ် ၁-ပါး၊ ကာယရုပ် ၁-ပါး၊ ဒီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ၂၃-ပါးသောရုပ်တို့ကို ရပါသည်။

အသညသတ်ဘုံ၌ ပဝတ္တိအခါ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာဟူဆိုအပ်သော ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ၁၇-ပါးသောရုပ်တို့ကို ရပါသည်။

အဆုံးအဖြတ်

အရူပေ နတ္ထိ ကိဉ္စိဝိ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ အရူပ ၄-ဘုံ၌ တစ်စုံတစ်ခုသော ရုပ်တို့ဖြစ်ခြင်း မရှိပါ။

ပဋိသန္ဓေအခါ၌ မရသောရုပ်များ

ပဋိသန္ဓေအခါ၌ မရသောရုပ်တို့သည် သဒ္ဒရုပ် ၁-ပါး၊ ဝိကာရရုပ် ၅-ပါး၊ ဓရတာရုပ် ၁-ပါး၊ အနိစ္စတာရုပ် ၁-ပါးအားဖြင့် ၈-ပါးဖြစ်ပါသည်။

သာဓကကား ။ ။ သဒ္ဒေါ ဝိကာရော (ပ) နု လဗ္ဘန္တိ ဖြစ်ပါသည်။

ကာမဘုံ၌ ပဝတ္တိအခါ မရနိုင်သောရုပ်ဟူ၍ မရှိပါ။ ရုပ် ၂၈-ပါးလုံးကို ရပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ပဝတ္တေ တု နှ ကိဿိဝိ နှ လဗ္ဘတိ ဖြစ်ပါသည်။

ကာမဘုံ၌ ပဋိသန္ဓေအခါရသောရုပ်များ

သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏန္တောပပတ္တိယံ၊ နှ လဗ္ဘန္တိ ပဝတ္တေ တု၊ နှ ကိဿိဝိ နှ လဗ္ဘတိ-ဟူသော သင်္ဂဟပါဠိကို ထောက်၍...

ကာမဘုံ၌ ပဋိသန္ဓေအခါ ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ သဒ္ဒရုပ်ကြဉ်သော ဂေါစရရုပ် ၃-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဥပစယ,သန္တတိအားဖြင့် ၂၀-ပါးသောရုပ်တို့ကို ရပါသည်။

ရူပဘုံ၌ ပဋိသန္ဓေအခါရသောရုပ်များ

ရူပဘုံ၌ (၀၊)အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေအခါ ဘူတရုပ် ၄-ပါး၊ စက္ခုပသာဒရုပ် ၁-ပါး၊ သောတပသာဒရုပ် ၁-ပါး၊ သဒ္ဒရုပ်ကြဉ်သော ဂေါစရရုပ် ၃-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရဇရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဥပစယ, သန္တတိအားဖြင့် ၁၅-ပါးသောရုပ်တို့ကို ရပါသည်။

အသညသတ်ဘုံ၌ ပဋိသန္ဓေအခါရသောရုပ်များ

အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဥပစယ, သန္တတိအားဖြင့် ၁၂-ပါးသော ရုပ်တို့ကို ရပါသည်။

ကာမ, ရူပ, အသညသတ်ဘုံတို့၌ ပဋိသန္ဓေအခါ မရသောရုပ်များ

ကာမဘုံ, ရူပဘုံတို့၌ ပဋိသန္ဓေအခါ မရသော ရုပ်သည် သဒ္ဒရုပ် ၁-ပါး၊ ဝိကာရရုပ် ၅-ပါး၊ ဇရတာ, အနိစ္စတာအားဖြင့် ၈-ပါး ဖြစ်ပါသည်။

အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ မရသောရုပ်သည် လဟုတာ, မုဒုတာ, ကမ္မညတာဟူဆိုအပ်သော ဝိကာရရုပ် ၃-ပါး၊ ဇရတာ, အနိစ္စတာအားဖြင့် ၅-ပါး ဖြစ်ပါသည်။

ရူပပဝတ္တိကွမပြီး၏။

* * * * *

http://www.dhammadownload.com

နိဗ္ဗာန်ကိုပြခြင်း

နိဗ္ဗာန်၏ သဘောအဓိပ္ပါယ်

မင်္ဂ, ဖိုလ်တို့၏အာရုံဖြစ်၍ လေးပါးသောမင်္ဂဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော လောကုတ္တရာဟုဆိုအပ်သော နိဗ္ဗာန်ကို (၀ါ) လောကုတ္တရာဟုဆိုအပ်သော တရားသဘောကို သတ္တ၀ါတို့ကို သံသရာ၀ဋ်၌ ချုပ်တတ်, မြေးတတ်သည်၏ အဖြစ်ကြောင့် ၀ါနဟုဆိုအပ်သော တဏှာမှထွက်မြောက်တတ်သည်၏အဖြစ်ကြောင့် ''နိဗ္ဗာန်''ဟု ခေါ်ဆိုရပါသည်။

သာဓကကား။ ။ နိဗ္ဗာနံ ပန (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဗုဒ္ဓဘာသာ၀င်သူတော်စင်တို့ အမြတ်တနိုးအလိုရှိအပ်, တောင့်တအပ်သော နိဗ္ဗာန်၏ သဘောအဓိပ္ပါယ်ကို အဋ္ဌကထာအလိုက္ခ ရေးပြပါဟုလည်းကောင်း၊ အဘယ်ကြောင့် အဘယ်ကို နိဗ္ဗာန်ဟုခေါ်ဆိုရကြောင်း ပေါ်လွင်အောင်ရေးပြပါဟုလည်းကောင်း၊ မေးခဲ့လျှင် အထက်ပါအတိုင်း ဖြေပါ။

နိဗ္ဗာန် ၂-ပုဒ်အထူး

နိဗ္ဗာနံ ပန-၌ 'နိဗ္ဗာနံ' ပုဒ်သည် နိဗ္ဗာန်ဟူသော သဘောတရားကိုပြပါသည်။ နိဗ္ဗာနန္တိ ပဝုစ္စတိ-၌ 'နိဗ္ဗာနံ' ပုဒ်သည် နာမည်ကိုပြပါသည်။ ဤသို့ ထူးပါသည်။

လောကုတ္တရသဒ်ါတံ-ဟူသောပါဠိဖြင့် ပြအပ်သောအဓိပ္ပါယ်

လောကုတ္တရသဒ်ါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ-၌ လောကုတ္တရသဒ်ါတံ ဟူသော ပါဠိဖြင့် နိဗ္ဗာန်၏ လောကီ၏အဖြစ်ကို နှစ်စေ၍ လောကုတ္တရာတရား၏ အဖြစ်ကို ပြပါသည်။

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံဖြင့်ပြသော အဓိပ္ပါယ်

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံဟူသော ပါဠိဖြင့် နိဗ္ဗာန်ကို ထိုထိုအရိယာပုဂ္ဂိုလ်တို့၏ ပစ္စက္ခသိဒ္ဓိအားဖြင့် မျက်မှောက်ထင်ထင် သိမြင်သည်၏အဖြစ်ကိုပြပါသည်။

http://www.dhammadownload.com

မဂ္ဂဖလာနုမောရမ္မဏာဘူတံဖြင့်ပြသော အဓိပ္ပါယ်

မဂ္ဂဖလာနုမောရမ္မဏာဘူတံဟူသော ပါဠိဖြင့် နိဗ္ဗာန်ကို ထိုထိုကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အနုမောနသိဒ္ဓိအားဖြင့် မှန်းဆ၍ သိမြင်သည်၏ အဖြစ်ကို ပြပါသည်။

သိဒ္ဓိ ၂-ပါးကို ပြရခြင်းအကျိုး

ထိုသို့ ပစ္စက္ခသိဒ္ဓိ,အနုမောနသိဒ္ဓိ ၂-ပါးကို ပြဆိုလိုက်သဖြင့် ရာဂ-စသည်တို့၏ မရှိခြင်းမျှသည် နိဗ္ဗာန်မည်၏ဟု ဖောက်ပြန်သော မိစ္ဆာဉာဏ်ဖြင့် သိကုန်သော ပုဂ္ဂိုလ်တို့၏ မိစ္ဆာအယူကို တားမြစ်ရခြင်းအကျိုးရှိပါသည်။

ဥာဏ်စမ်းများ

စတုမဂ္ဂဉာဏောန သဗ္ဗိကာတဗ္ဗံ မဂ္ဂဖလာနုမောရမ္မဏာဘူဟံ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ နိဗ္ဗာန်ဟူသည် ၄-ပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားဖြစ်သောကြောင့်လည်းကောင်း၊မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော တရားဖြစ်သောကြောင့်လည်းကောင်း "မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်" ဟူသော လောကဝေါဟာရစကား မှန်ပါသည်။

သလက္ခဏရူပံ သမ္မသနရူပံ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ သတ္တဝါတို့ ခန္ဓာကိုယ်ရှိ နိဗ္ဗန္ဓရုပ်အစ္ဆာရသသည် လက္ခဏာယာဉ်သုံးပါးတင်၍ ဝိပဿနာရှုပွားထိုက်သော ရုပ်တရားဖြစ်သောကြောင့် "တရားရှာ ကိုယ်မှာတွေ့" ဟူသော လောကဆိုရိုးစကား မှန်ပါသည်။(အဘိဓမ္မာသင်္ဂေါဇနှင့်လည်း ညီပါသည်။)

"တရားရှာ ကိုယ်မှာတွေ့" ဟူသော ဆိုရိုးစကားရှိသော်လည်း ခန္ဓာကိုယ်ရှိ ရုပ်တရားတိုင်း လက္ခဏာယာဉ်သုံးပါးတင်၍ ဝိပဿနာမရှုပွားထိုက်ပါ။

သလက္ခဏရူပံ သမ္မသနရူပံ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ နိဗ္ဗန္ဓရုပ်အစ္ဆာရသသာ ဝိပဿနာရှုပွားထိုက်ပါသည်။

ရူပံ ဘိက္ခဝေ ပဇဟထ-ဟု ဘုရားဟောရှိသော်လည်း ရုပ်တရားသည် ပယ်စွန့်အပ်သော ပဟာတဗ္ဗတရားမျိုးမဟုတ်ပါ။အပ္ပဟာတဗ္ဗမေဝ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ ရုပ်တရားသည် တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်,သမုစ္ဆေဒပဟာန်တို့၏ အစွမ်းဖြင့်

http://www.dhammadownload.com

မပယ်အပ်သောကြောင့် အပွဟာတဗွတရာမျိုးသာ ဖြစ်ပါသည်။

နိဗ္ဗာန်အပြား

နိဗ္ဗာနဓာတ် ၂-ပါး

သန္တိ-ဟူသော မိမိ၏ကိစ္စလက္ခဏာအားဖြင့် တစ်ခုသောအဖို့ရှိသော နိဗ္ဗာန်သည် ကာရဏပရိယာယအားဖြင့် (ဝါ) သိစေတတ်သောအကြောင်း၏ အမြွက်ဖြင့် သဥပါဒိသေသနိဗ္ဗာနဓာတ်၊အနုပါဒိသေသနိဗ္ဗာနဓာတ်အားဖြင့် ၂-ပါးအပြားရှိပါသည်။

ထို ၂-ပါးတို့တွင် ခန္ဓာ ၅-ပါးသာလျှင် ကိလေသာတို့မှ ကြွင်းသည်နှင့်တကွဖြစ်သော နိဗ္ဗာနဓာတ်သည် သဥပါဒိသေသနိဗ္ဗာနဓာတ် မည်ပါသည်။

ခန္ဓာ ၅-ပါးသာလျှင် ကိလေသာတို့မှ အကြွင်းမရှိသော နိဗ္ဗာနဓာတ်သည် (ဝါ) ကိလေသာတို့မှ ကြွင်းသောခန္ဓာ ၅-ပါးမရှိသော နိဗ္ဗာနဓာတ်သည် အနုပါဒိသေသ နိဗ္ဗာနဓာတ်မည်ပါသည်။

သာဓကကား။ ။တဒေတံ သဘာဝတော (ပ) ပရိယာယေန ဖြစ်ပါသည်။

နိဗ္ဗာန် ၃-မျိုး

သန္တိ-ဟူသော မိမိ၏ကိစ္စလက္ခဏာအားဖြင့် တစ်ခုသောအဖို့ရှိသည်လည်းဖြစ်သော ထိုနိဗ္ဗာန်သည် အာကာရတောဒအားဖြင့် (ဝါ)အခြင်းအရာအားဖြင့် သုညတ နိဗ္ဗာန်,အနိမိတ္တ နိဗ္ဗာန်,အပ္ပဏိဟိတနိဗ္ဗာန်အားဖြင့် ၃-ပါးအပြားရှိပါသည်။

ထို ၃-ပါးတို့တွင် ရာဂ,ဒေါသ,မောဟတို့မှ ဆိတ်သည်၏အဖြစ်ကြောင့် သုညတ နိဗ္ဗာန်မည်ပါသည်။

ရာဂ,ဒေါသ,မောဟတည်းဟူသော အကြောင်းကင်းသည်၏ အဖြစ်ကြောင့် အနိမိတ္တနိဗ္ဗာန်မည်ပါသည်။

ရာဂ,ဒေါသ,မောဟတည်းဟူသော တောင့်တခြင်းကင်းသည်၏အဖြစ်ကြောင့် အပ္ပဏိဟိတနိဗ္ဗာန်မည်ပါသည်။

သာဓကကား။ ။တထာ သုညတံ (ပ) အာကာရတောဒေန ဖြစ်ပါသည်။

http://www.dhammadownload.com

သင်္ဂဟဂါထာ

ဂါထာအမည်ပေး

ပဒမစ္ဆုတမစ္ဆန္တံ-အစရှိသော ဤဂါထာသည် နိဗ္ဗာန်၏ဂုဏ်ပုဒ်ကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာ ဖြစ်ပါသည်။

ဂါထာပါဠိလျော်ဆိုရိုး

စုတေခြင်းမရှိသော စုတိဟုဆိုအပ်သော အဆုံးကိုလွန်သော ကံ၊စိတ်၊ဥတု၊ အာဟာရတည်းဟူသော အကြောင်းတို့သည် မပြုပြင်အပ်သော မိမိထက်လွန်သောတရား မရှိသော မင်္ဂိုလ်တို့၏အာရုံဖြစ်သောတရားကို နိဗ္ဗာန်ဟူ၍ ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တော်မူကြကုန်သော မြတ်စွာဘုရားတို့သည် ဟောတော်မူခဲ့ကြပါသည်။

သာဓကကား။　။ပဒမစ္ဆုတမစ္ဆန္တံ (ပ) မဟေသယော ဖြစ်ပါသည်။

ပရမတ္ထတရား ၄-ပါး နိဂုံးပြဂါထာ

ဣတိ စိတ္တံ စေတသိကံ-အစရှိသော ဤဂါထာသည် ပရမတ္ထတရား ၄-ပါး၏ နိဂုံးကိုပြသော သင်္ဂဟဂါထာဖြစ်ပါသည်။

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အကျယ်ပြခဲ့ပြီးသော စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်ဟူသော ပရမတ္ထတရားကို ဤသို့ ၄-ပါးအပြားဖြင့်သာလျှင် မြတ်စွာဘုရားတို့ ထင်ရှားပြတော်မူခဲ့ကြပါသည်။

သာဓကကား။　။ ဣတိ စိတ္တံ စေတသိကံ (ပ) တထာဂတာ ဖြစ်ပါသည်။

မှတ်ချက်　။　။ စိတ်ပိုင်းအစ တတ္ထ ဝုတ္တာဘိမဓ္မတ္ထာ-အစရှိသော ဂါထာသည် ပရမတ္ထတရား ၄-ပါး၏ နိဒါန်းကိုပြသောဂါထာ ဖြစ်ပါသည်။

ရုပ်ပိုင်းသရုပ်နှင့်အဓိပ္ပါယ်
ပြီးပါပြီ။

* * * * *

http://www.dhammadownload.com

သမ္ဘစ္ဆည်းပိုင်း

ပဋိညာဉ်

ဒွါသတ္တာတိ ဝိဓာ ဝုတ္တာ အစရှိသော ဤဂါထာသည် အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြသောဂါထာ ဖြစ်ပါသည်။

ပရမတ္ထတရားတို့ကို မိမိတို့ဆိုင်ရာ သဘောလက္ခဏာအားဖြင့် ရေတွက်ပုံ

ပရမတ္ထတရားတို့သည် မိမိတို့ဆိုင်ရာ သဘောလက္ခဏာအားဖြင့် ပိုင်းခြားရေတွက်သော်...

စိတ်တစ်ခုယုတ်ကိုးဆယ်ကို အာရမ္မဏဝိဓာနနလက္ခဏာအားဖြင့်တူ၍ တစ်ပါးတည်းယူ၍ စိတ်၏လက္ခဏာသဘာဝ ၁-ပါး၊

ဖုသန အစရှိသော မိမိတို့ဆိုင်ရာ လက္ခဏာအားဖြင့် စေတသိက်လက္ခဏာသဘာဝ ၅၂-ပါး၊

ကက္ခဋ-စသောမိမိတို့ဆိုင်ရာလက္ခဏာအားဖြင့် နိပ္ဖန္နရုပ်လက္ခဏာသဘာဝ ၁၈-ပါး၊

သန္တီလက္ခဏာအားဖြင့် နိဗ္ဗာန်၏လက္ခဏာသဘာဝ ၁-ပါးအားဖြင့် ၇၂-ပါး ဖြစ်ပါသည်။

သာဓကကား။ ။ဒွါသတ္တာတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ ဖြစ်ပါသည်။

အရကောက်များ

ဒွါသတ္တာတိဝိဓာ ဝုတ္တာ-၌ ဒွါသတ္တာတိအရကား.... နာမ်တော်ပညာသ,နိပ္ဖန္နရုပ်အင္ဂါရသ,နိဗ္ဗာန်အားဖြင့် ၇၂-ပါးသောတရားတို့ကို ရပါသည်။

လက်ာ။ ။နာမ်တောပည်၊ရုပ်နိပ္ဖန်၊နိဗ္ဗာန်ယူဘီ၊ဒွါသတ္တာတိ။

သင်္ဂဟမာတိကာ

သမုစ္စသင်္ဂဟ၌ သင်္ဂဟတို့သည်(၀ါ)မာတိကာတို့သည် အကုသလသင်္ဂဟ,

http://www.dhammadownload.com

မိဿဏသင်္ဂဟ,ဇောဓိပက္ခိယသင်္ဂဟ,သဗ္ဗသင်္ဂဟ-အားဖြင့် ၄-ပါးအပြားရှိပါသည်။
သာဓကကား။ ။အကုသလသင်္ဂဟော (ပ) စတုဗ္ဗိဓော ဝေဒိတဗ္ဗော ဖြစ်ပါသည်။

အကုသလသင်္ဂဟ
အာသဝမည်ပုံ

ဘုံအားဖြင့် ဘဝင်္ဂ,ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်ခဲ့လေသောကြောင့် အာသဝတို့ မည်ပါသည်။

အာသဝ ၄-ပါး

ထို ၄-ပါးသော သင်္ဂဟတို့တွင် အကုသလသင်္ဂဟ၌ အာသဝတို့သည် သရုပ်အားဖြင့် ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ-အားဖြင့် ၄-ပါးအပြား ရှိပါသည်။
သာဓကကား။ ။ကထံ အကုသလသင်္ဂဟော (ပ) အဝိဇ္ဇာသဝေါ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့်...

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်သည် ကာမာသဝ မည်ပါသည်။

ရူပ,အရူပဘုံတို့၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘစေတသိက်သည် ဘဝါသဝ မည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌာသဝ မည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသ၌ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာသဝ မည်ပါသည်။

ဤသို့လျှင် အာသဝတို့သည် သရုပ်အားဖြင့် ၄-ပါး၊တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ,မောဟ-အားဖြင့် ၃-ပါးအပြားရှိပါသည်။

ဩဃ ၄-ပါးနှင့် ဩဃမည်ပုံ

သတ္တဝါတို့ကို လွှမ်းမိုး၍နှိပ်စက်တတ်သောကြောင့် ဩဃတို့ မည်ပါသည်။

http://www.dhammadownload.com

ဩဃတို့သည် သရုပ်အားဖြင့် ကာမောဃ,ဘဝေါဃ,ဒိဋ္ဌောဃ,အဝိဇ္ဇောဃ-အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။ ။စတ္တာရော ဩဃာ (ပ) အဝိဇ္ဇောယော ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့်....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘ စေတသိက်သည် ကာမောဃမည်ပါသည်။

ရူပ,အရူပဘုံတို့၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘစေတသိက်သည် ဘဝေါဃ မည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌောဃ မည်ပါသည်။

အကုသိုလ်စိတ်၁၂သ၌ရှိသော မောဟစေသိက်သည် အဝိဇ္ဇောဃ မည်ပါသည်။

ဤသို့လျှင် ဩဃတို့သည် သရုပ်အားဖြင့် ၄-ပါး၊ တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ,မောဟ-အားဖြင့် ၃-ပါးအပြားရှိပါသည်။

ယောဂ ၄-ပါးနှင့် ယောဂမည်ပုံ

သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်ခဲ့လေသောကြောင့် ယောဂတို့မည်ပါသည်။ ယောဂတို့သည် သရုပ်အားဖြင့် ကာမယောဂ,ဘဝယောဂ,ဒိဋ္ဌိယောဂ,အဝိဇ္ဇာ ယောဂ အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။ ။စတ္တာရော ယောဂါ (ပ) အဝိဇ္ဇာယောဂေါ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့်....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘ စေတသိက်သည် ကာမယောဂ မည်ပါသည်။

ရူပ,အရူပဘုံတို့၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော

http://www.dhammadownload.com

လောဘစေတသိက်သည် ဘဝယောဂ မည်ပါသည်။

ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခုဥ်ရှိသော ဒိဋ္ဌစေတသိက်သည် ဒိဋ္ဌယောဂ မည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသဥ်ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာယောဂ မည်ပါသည်။

ဤသို့လျှင် ယောဂတို့သည် သရုပ်အားဖြင့် ၄-ပါး၊တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌ,မောဟ-အားဖြင့် ၃-ပါးအပြားရှိပါသည်။

ဂန္ထ ၄-ပါးနှင့် ဂန္ထမည်ပုံ

သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့တတ်ခဲ့လေသောကြောင့် ဂန္ထတို့မည်ပါသည်။ ထိုဂန္ထတို့သည် သရုပ်အားဖြင့် အဘိဇ္ဈာကာယဂန္ထ,ဗျာပါဒကာယဂန္ထ,သီလဗ္ဗတပရာမာသကာယဂန္ထ,ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။ ။စတ္တာရော ဂန္ထာ (ပ) ကာယဂန္ထော ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့်....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခုဥ်ရှိသော လောဘစေတသိက်သည် အဘိဇ္ဈာကာယဂန္ထ မည်ပါသည်။

ဒေါသမူဒွေး၌ရှိသော ဒေါသစေတသိက်သည် ဗျာပါဒကာယဂန္ထမည်ပါသည်။

ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခုဥ်ရှိသော ဒိဋ္ဌစေတသိက်သည် သီလဗ္ဗတပရာမာသကာယဂန္ထ မည်ပါသည်။

ဣဒံသစ္စာဘိနိဝေသကာယဂန္ထလည်း မည်ပါသည်။

ဤသို့လျှင် ဂန္ထတို့သည် သရုပ်အားဖြင့် ၄-ပါး၊တရားကိုယ်အားဖြင့် လောဘ, ဒေါသ,ဒိဋ္ဌ-အားဖြင့် ၃-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ဥပါဒါန် ၄-ပါးနှင့် ဥပါဒါန်မည်ပုံ

မြေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ အာရုံကို မြဲမြံစွာယူတတ်ခဲ့လေသောကြောင့် ဥပါဒါန်မည်ပါသည်။ ထိုဥပါဒါန်တို့သည် သရုပ်အားဖြင့် ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။ ။စတ္တာရိ (ပ) အတ္တဝါဒုပါဒါနံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့် ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်သည် ကာမုပါဒါန်မည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌုပါဒါန်မည်ပါသည်။

သီလဗ္ဗတုပါဒါန်လည်း မည်ပါသည်။

အတ္တဝါဒုပါဒါန်လည်း မည်ပါသည်။

ဤသို့လျှင် ဥပါဒါန်တို့သည် သရုပ်အားဖြင့် ၄-ပါး၊ တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌိအားဖြင့် ၂-ပါးအပြားရှိပါသည်။

နိဝရဏမည်ပုံ

စျာန်စသောကုသိုလ်တရားတို့ကို ပိတ်ပင်တားမြစ်တတ်သောကြောင့် နိဝရဏမည်ပါသည်။

နိဝရဏ ၆-ပါး

နိဝရဏတို့သည် သရုပ်အားဖြင့် ကာမစ္ဆန္ဒနိဝရဏ,ဗျာပါဒနိဝရဏ,ထိနမိဒ္ဓနိဝရဏ,ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ,ဝိစိကိစ္ဆာနိဝရဏ,အဝိဇ္ဇာနိဝရဏ-အားဖြင့် ၆-ပါးအပြားရှိပါသည်။

သာဓကကား။ ။ဆ နိဝရဏာနိ (ပ) အဝိဇ္ဇာနိဝရဏံ ဖြစ်ပါသည်။

http://www.dhammadownload.com

တရားကိုယ်အရကောက်

ထို ၆-ပါးတို့တွင် တရားကိုယ်အားဖြင့် .....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခုနှင့် ရှိသော လောဘ စေတသိက်သည် ကာမစ္ဆန္နနိဝရဏမည်ပါသည်။

ဒေါသမူဒွေး၌ရှိသော ဒေါသစေတသိက်သည် ဗျာပါဒနိဝရဏ မည်ပါသည်။

သသံခါရိကစိတ် ၅-ခု၌ရှိသော ထိန,မိဒ္ဓစေတသိက်သည် ထိနမိဒ္ဓနိဝရဏ မည်ပါသည်။

အကုသိုလ်စိတ် ဒွါဒသ၌ရှိသော ဥဒ္ဓစ္စ,ဒေါသမူဒွေး၌ရှိသော ကုက္ကုစ္စစေတသိက် သည် ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ မည်ပါသည်။

ဝိစိကိစ္ဆာဟဂုတ်စိတ်၌ရှိသော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာနိဝရဏ မည်ပါသည်။

အကုသိုလ်စိတ် ဒွါဒသ၌ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာနိဝရဏ မည်ပါ သည်။

ဤသို့လျှင် နိဝရဏတို့သည် သရုပ်အားဖြင့် ၆-ပါး၊တရားကိုယ်အားဖြင့် လောဘ, ဒေါသ,ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,မောဟ-အားဖြင့်-၈-ပါးအပြားရှိပါသည်။

ထိန-စသည်တို့ကို နိဝရဏ ၁-ပါးတည်းယူခြင်းအကြောင်း

ကိစ္စအကြောင်း ဆန့်ကျင်ဘက်တို့၏ တူခဲ့လေသောကြောင့် ထိနနှင့် မိဒ္ဓ၊ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကို နိဝရဏတစ်ပါးတည်း ယူရပါသည်။

အနုသယမည်ပုံ

သတ္တဝါတို့၏ သန္တာန်အစဉ်၌ အဖန်တလဲလဲ ကိန်းတတ်ခဲ့လေသောကြောင့် အနုသယတို့ မည်ပါသည်။

အနုသယ ၇-ပါး

အနုသယတို့သည် သရုပ်အားဖြင့် ကာမရာဂနုသယ,ဘဝရာဂနုသယ,ပဋိဃာ

http://www.dhammadownload.com

နသယ,မာနာနုသယ,ဒိဋ္ဌာနုသယ,ဝိစိကိစ္ဆာနုသယ,အဝိဇ္ဇာနုသယ-အားဖြင့် ၇ပါး အပြားရှိပါသည်။

သာဓကကား။ ။သတ္တ အနုသယာ (ပ) အဝိဇ္ဇာနုသယော ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၇-ပါးတို့တွင် တရားကိုယ်အားဖြင့် ....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘ စေတသိက်သည် ကာမရာဂါနုသယ မည်ပါသည်။

ရူပ,အရူပဘုံ၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘစေတသိက်သည် ဘဝရာဂါနုသယ မည်ပါသည်။

ဒေါသမူခွေးခ်၌ရှိသော ဒေါသစေတသိက်သည် ပဋိဃာနုသယ မည်ပါသည်။

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော မာနစေတသိက်သည် **မာနာနုသယ** မည်ပါသည်။

ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌစေတသိက်သည် ဒိဋ္ဌာနုသယမည်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာနုသယ မည်ပါသည်။

အကုသိလ်စိတ် ၁၂သ၌ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာနုသယ မည်ပါသည်။

ဤသို့လျှင် အနုသယတို့သည် သရုပ်အားဖြင့် ၇-ပါး၊တရားကိုယ်အားဖြင့် လောဘ,ဒေါသ,မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,မောဟ-အားဖြင့် ၆-ပါးအပြားရှိပါသည်။

သုတ္တန်နည်း သံယောဇဉ် ၁၀-ပါးနှင့် သံယောဇဉ်မည်ပုံ

သတ္တဝါတို့ကို ဖွဲ့ချည်တတ်ခဲ့လေသောကြောင့် သံယောဇဉ်မည်ပါသည်။

၁။ သုတ္တန်နည်းက သံယောဇဉ်တို့သည် သရုပ်အားဖြင့်...

http://www.dhammadownload.com

ကာမရာဂသံယောဇဉ်, ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, ဥဒ္ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်-အားဖြင့် ၁၀-ပါးအပြားရှိပါသည်။

သာဓကကား။　။ဒသ သံယောဇနာနိ (ပ) အဝိဇ္ဇာသံယောဇနံ သုတ္တန္တေ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၁၀-ပါးတို့တွင် တရားကိုယ်အားဖြင့် ....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခုဌ္ဌိသော လောဘ စေတသိက်သည် ကာမရာဂသံယောဇဉ် မည်ပါသည်။

ရူပဘုံ၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုဌ္ဌိသော လောဘ စေတသိက်သည် ရူပရာဂသံယောဇဉ် မည်ပါသည်။

အရူပဘုံ၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုဌ္ဌိသော လောဘ စေတသိက်သည် အရူပရာဂသံယောဇဉ် မည်ပါသည်။

ဒေါသမူခြေး၌ရှိသော ဒေါသစေတသိက်သည် ပဋိဃသံယောဇဉ်မည်ပါသည်။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုဌ္ဌိသော မာနစေတသိက်သည် မာနသံယောဇဉ် မည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုဌ္ဌိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသံယောဇဉ် မည်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်ဌ္ဌိသော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသံယောဇဉ် မည်ပါသည်။

အကုသိုလ်စိတ် ဒွါဒသဌ္ဌိသော ဥဒ္ဓစ္စစေတသိက်သည် ဥဒ္ဓစ္စသံယောဇဉ် မည်ပါသည်။

အကုသိုလ်စိတ် ဒွါဒသဌ္ဌိသော မောဟစေတသိက်သည် အဝိဇ္ဇာသံယောဇဉ် မည်ပါသည်။

ဤသို့လျှင် သုတ္တန်နည်းလာ သံယောဇဉ်တို့သည် သရုပ်အားဖြင့် ၁၀-ပါး၊

http://www.dhammadownload.com

တရားကိုယ်အားဖြင့် လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ အားဖြင့် ၇-ပါးအပြားရှိပါသည်။

အာဘိဓမ္မာနည်းသံယောဇဉ်-၁၀-ပါး

။ အာဘိဓမ္မာနည်း၌ ဟောတော်မူအပ်ကုန်သော သံယောဇဉ်တို့သည် သရုပ်အားဖြင့် ကာမရာဂသံယောဇဉ်,ဘဝရာဂသံယောဇဉ်,ပဋိဃသံယောဇဉ်,မာနသံယောဇဉ်,ဒိဋ္ဌိသံယောဇဉ်,သီလဗ္ဗတပရာမာသသံယောဇဉ်,ဝိစိကိစ္ဆာသံယောဇဉ်,ဣဿာသံယောဇဉ်,မစ္ဆရိယသံယောဇဉ်,အဝိဇ္ဇာသံယောဇဉ်-အားဖြင့် ၁၀-ပါးအပြားရှိပါသည်။

သာဓကကား။ ။အပရာနိဝိ (ပ) အာဘိဓမ္မေ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၁၀-ပါးတို့တွင် တရားကိုယ်အားဖြင့် ....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘ စေတသိက်သည် ကာမရာဂသံယောဇဉ် မည်ပါသည်။

ရူပ,အရူပဘုံ၌ တပ်နှစ်သက်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘစေတသိက်သည် ဘဝရာဂသံယောဇဉ် မည်ပါသည်။

ဒေါသမူခြောက်၌ရှိသော ဒေါသစေတသိက်သည် ပဋိဃသံယောဇဉ် မည်ပါသည်။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော မာနစေတသိက်သည် မာနသံယောဇဉ် မည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသံယောဇဉ်မည်ပါသည်။ သီလဗ္ဗတပရာမာသသံယောဇဉ်လည်း မည်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသံယောဇဉ် မည်ပါသည်။

ဒေါသမူခြောက်၌ရှိသော ဣဿာစေတသိက်သည် ဣဿာသံယောဇဉ် မည်ပါသည်။

ဒေါသမူခြောက်၌ရှိသော မစ္ဆရိယစေတသိက်သည် မစ္ဆရိယသံယောဇဉ် မည်ပါသည်။

http://www.dhammadownload.com

အကုသိုလ်စိတ် ဒွါဒသင်္ဂရှိသော မောဟစေတသိက်သည် အဝိဇ္ဇာသံယောဇဉ် မည်ပါသည်။

ဤသို့လျှင် အဘိဓမ္မာနည်းလာ သံယောဇဉ်တို့သည် သရုပ်အားဖြင့် ၁၀-ပါး၊ တရားကိုယ်အားဖြင့် လောဘ,ဒေါသ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဣဿာ,မစ္ဆရိယ,မောဟ-အားဖြင့် ၈-ပါးအပြားရှိပါသည်။

သုတ္တန်,အဘိဓမ္မာ ၂-နည်းပေါင်း
တရားကိုယ် ၉-ပါး

ဤသို့လျှင် သုတ္တန်နည်းသံယောဇဉ်,အဘိဓမ္မာနည်းသံယောဇဉ် ၂-ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် သံယောဇဉ်တို့သည် တရားကိုယ်အားဖြင့် လောဘ,ဒေါသ, မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ,ဣဿာ,မစ္ဆရိယ,မောဟ-အားဖြင့် ၉-ပါးအပြားရှိပါသည်။

ကိလေသာ ၁၀-ပါးနှင့် ကိလေသာမည်ပုံ

စိတ်၏ပူပန်ကြောင်းဖြစ်သောကြောင့် ကိလေသာမည်ပါသည်။ **တစ်နည်း...** စိတ်ကို နှိပ်စက်ကြောင်းဖြစ်သောကြောင့် ကိလေသာမည်ပါသည်။

ထိုကိလေသာတို့သည် သရုပ်အားဖြင့် လောဘကိလေသာ,ဒေါသကိလေသာ, မောဟကိလေသာ,မာနကိလေသာ,ဒိဋ္ဌိကိလေသာ,ဝိစိကိစ္ဆာကိလေသာ,ထိနကိလေသာ, ဥဒ္ဓစ္စကိလေသာ,အဟိရိကကိလေသာ,အနောတ္တပ္ပကိလေသာ အားဖြင့် ၁၀-ပါး အပြားရှိပါသည်။

သာဓကကား။　။ဒသ ကိလေသာ (ပ) အနောတ္တပ္ပံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၁၀-ပါးတို့တွင် တရားကိုယ်အားဖြင့် ....

ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘမူစိတ် ၈-ခု၌ရှိသော လောဘ စေတသိက်သည် လောဘကိလေသာ မည်ပါသည်။

ဒေါသမူဒွေး၌ရှိသော ဒေါသစေတသိက်သည် ဒေါသကိလေသာ မည်ပါသည်။

http://www.dhammadownload.com

အကုသိုလ်ဒွါဒသင်္ခ်ရှိသော မောဟစေတသိက်သည် မောဟကိလေသာမည်ပါသည်။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုင်္ခ်ရှိသော မာနစေတသိက်သည် မာနကိလေသာမည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုင်္ခ်ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိကိလေသာမည်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်ခ်ရှိသော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာကိလေသာမည်ပါသည်။

သသင်္ခါရိကစိတ် ၅-ခုင်္ခ်ရှိသော ထိနစေတသိက်သည် ထိနကိလေသာ မည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသင်္ခ်ရှိသော ဥဒ္ဓစ္စစေတသိက်သည် ဥဒ္ဓစ္စကိလေသာမည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသင်္ခ်ရှိသော အဟိရိကစေတသိက်သည် အဟိရိက ကိလေသာမည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသင်္ခ်ရှိသော အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပကိလေသာမည်ပါသည်။

ဤသို့လျှင် ကိလေသာတို့သည် သရုပ်အားဖြင့် ၁၀-ပါး၊ တရားကိုယ်အားဖြင့် လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ အားဖြင့် ၁၀-ပါးအပြားရှိပါသည်။

၁၅၀၀-ကိလေသာမြှောက်ပွားပုံ

၁၅၀၀-ကိလေသာမြှောက်ပွားပုံကား....

နာမ်တေပညာသ,နိပ္ပန္နရုပ်အဋ္ဌာရသ,လက္ခဏာရုပ် ၄-ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ၇၅-ပါးဖြစ်ပါသည်။ ၄င်း ၇၅-ပါးကို အဒ္ဓါတ္တသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါးနှင့် မြှောက်ပွားလိုက်သည်ရှိသော် ၁၅၀-ဖြစ်ပါသည်။၄င်း ၁၅၀-ကို ကိလေသာ ၁၀-ပါးဖြင့် မြှောက်ပွားလိုက်သည်ရှိသော် ၁၅၀၀-ကိလေသာဖြစ်ပါသည်။

လက်ိကား။ ။နာမ်တေပည်၊ ရုပ်နိပ္ပန်၊ လက္ခဏ်ရုပ်လေး။

http://www.dhammadownload.com

သန္တာန်နှစ်ဝ၊ မြောက်ဆင့်က၊ ဘစ်ရှာငါးဆယ်ရေး။
တစ်ဆယ် ကိလေသာ၊ မြောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး-
ဖြစ်ပါသည်။

တဏှာအစစ် ၁၀၈ ရေတွက်ပုံ

တဏှာအစစ် ၁၀၈-ရေတွက်ပုံကား...

ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာ ၃-ပါးကိုတည်၊အာရုံ ၆-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် ၁၈-ပါးဖြစ်ပါသည်။၄င်း ၁၈-ပါးကို ကာလ ၃-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် ၅၄-ပါးဖြစ်ပါသည်။၄င်း ၅၄-ပါးကို သန္တာန် ၂-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် တဏှာအစစ် ၁၀၈-ဖြစ်ပါသည်။

လက်ံကား။ ။တဏှာသုံးတန်၊တည်ထားပြန်၊အာ, ကာ, သန်နှင့်မြောက်။
တဏှာအစစ်၊တစ်ရှာရှစ်၊ဖြစ်၏ကိုယ်မှာရောက်။ ဖြစ်ပါသည်။

အကုသလသင်္ဂဟလာ မှတ်ဖွယ်များ

အကုသလသင်္ဂဟလာ တရားတို့တွင် သရုပ်အရေအတွက်အောက် တရားကိုယ်ကနည်းသောတရားတို့သည် အာသဝ,ဩဃ,ယောဂ,ဂန္ထ,ဥပါဒါန်,အနုသယ,သံယောဇဉ် အားဖြင့် ၇-ပါး ဖြစ်ပါသည်။

သရုပ်အရေအတွက်ထက် တရားကိုယ်ကများသောတရားသည် နိဝရဏတရားဖြစ်ပါသည်။

သရုပ်အရေအတွက် တရားကိုယ်အရေအတွက် တူမျှသောတရားသည် ကိလေသာဖြစ်ပါသည်။

တရားကိုယ်ကောက်နည်းများ

အကုသလသင်္ဂဟ၌ အာသဝအစရှိသည်တို့၌ ကာမဟူသောအမည်,ဘဝဟူသောအမည်ဖြင့် ပြအပ်သောတရားတို့၏ တရားကိုယ်အရကို တဏှာဟူဆိုအပ်သော လောဘစေတသိက်ကို ကောက်ရပါသည်။

http://www.dhammadownload.com

သာဓကကား။ ။အာသဝါဒီသု (ပ) အဓိပ္ပေတာ ဖြစ်ပါသည်။

သီလမ္မတပရာမာသ,လ္လဒံသစ္စာဘိနိဝေသ,အတ္တဝါဒုပါဒါန်တို့၏ တရားကိုယ် အရကို ဒိဋ္ဌစေတသိက်ကို ကောက်ရပါသည်။

သာဓကကား။ ။ သီလမ္မတပရာမာသော (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

သင်္ဂဟဂါထာ

အာသဝတို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌ,မောဟ အားဖြင့် ၃-ပါးအပြားရှိပါသည်။

ယောဂတို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌ,မောဟ အားဖြင့် ၃-ပါးအပြားရှိပါသည်။

ဂန္ထတို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒေါသ,ဒိဋ္ဌ, အားဖြင့် ၃-ပါးအပြားရှိပါသည်။

ဥပါဒါန်တို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌ အားဖြင့် ၂-ပါးအပြားရှိပါသည်။

နိဝရဏတို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒေါသ, ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,မောဟ-အားဖြင့် ၈-ပါးအပြားရှိပါသည်။

အနုသယတို့သည် သဘောအားဖြင့် (ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒေါသ, မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,မောဟ-အားဖြင့် (၆)ပါး အပြားရှိပါသည်။

သံယောဇဉ်တို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒေါသ, မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ,ဣဿာ,မစ္ဆရိယ,မောဟ-အားဖြင့် ၉-ပါးအပြား ရှိပါသည်။

ကိလေသာတို့သည် သဘောအားဖြင့်(ဝါ)တရားကိုယ်အားဖြင့် လောဘ,ဒေါသ, မောဟ,မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ,ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ အားဖြင့် (၁၀)ပါး အပြားရှိပါသည်။

ဤသို့လျှင် အကုသလသင်္ဂဟ၌ သင်္ဂဟတို့သည်(ဝါ)ဌာနတို့သည် အာသဝ, ဩဃ,ယောဂ,ဂန္ထ,ဥပါဒါန်,နိဝရဏ,အနုသယ,သံယောဇဉ်,ကိလေသာ အားဖြင့် ၉-

http://www.dhammadownload.com

ပါးအပြားရှိပါသည်။

မှတ်ချက်။　။တယော ဒုဝေ-စသော သနျှာတို့၏အရကို ကောက်ခိုင်းလျှင်လည်း အထက်ပါနည်းကိုမှီး၍ ဖြေပါ။

နဝအရ j-ခု အထူး

နဝ သံယောဇနာ မတာ-၌ နဝ-အရ… လောဘ,ဒေါသ,မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ,ဣဿာ,မစ္ဆရိယ,မောဟအားဖြင့် သံယောဇဉ်တရားကိုယ် ၉-ပါး ကို ရပါသည်။

နဝဓာ ပါပသင်္ကေတော-၌ နဝ-အရ… အာသဝ,ဩဃ,ယောဂ,ဂန္ထ,ဥပါဒါန်, နီဝရဏ,အနုသယ,သံယောဇဉ်,ကိလေသာ-အားဖြင့် အကုသလသင်္ကေတလာ ဌာနကြီး ၉-ပါးကို ရပါသည်။ဤသို့ ထူးပါသည်။

အကုသလသင်္ကေတလာ ဌာနတပ်ပုံပြလင်္ကာ

အကုသလသင်္ကေတလာ ဌာနတပ်ပုံပြလင်္ကာကား…

လင်္ကာ ။　။ လောကိုးမည်ရှိ၊ ဒိဋ္ဌ ရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝ ဒေါသ၊ကိန္ဓာ လေးထုတ်၊ မာနဒွစ္ဆ၊ သုံးမည်ရ၏။

ထိနနှစ်မည်၊ ကြွင်းသည်ခြောက်ဝ၊ တစ်မည်ရ၊ ပေါင်းကစုဒွသ ဖြစ်ပါသည်။

လင်္ကာအရကောက်

လော ကိုးမည်ရှိ-အရ… လောဘစေတသိက်သည် အာသဝ,ဩဃ,ယောဂ, ဂန္ထ,ဥပါဒါန်,နီဝရဏ,အနုသယ,သံယောဇဉ်,ကိလေသာ-အားဖြင့် ၉-ဌာန တပ်ပါသည်။

ဒိဋ္ဌ ရှစ်မည်-အရ… ဒိဋ္ဌစေတသိက်သည် အာသဝ,ဩဃ,ယောဂ,ဂန္ထ,ဥပါဒါန်, အနုသယ,သံယောဇဉ်,ကိလေသာ-အားဖြင့် ၈-ဌာနတပ်ပါသည်။

ခုနစ်မည် မောဟ-အရ… မောဟစေတသိက်သည် အာသဝ,ဩဃ,ယောဂ, နီဝရဏ,အနုသယ,သံယောဇဉ်,ကိလေသာ-အားဖြင့် ၇-ဌာန တပ်ပါသည်။

ငါးဝဒေါသ-အရ… ဒေါသစေတသိက်သည် ဂန္ထ,နီဝရဏ,အနုသယ,

http://www.dhammadownload.com

သံယောဇဉ်,ကိလေသာ-အားဖြင့် ၅-ဌာနတပ်ပါသည်။

ကိစ္စာလေးထုတ်-အရ.... ဝိစိကိစ္ဆာစေတသိက်သည် နိဝရဏ,အနုသယ, သံယောဇဉ်,ကိလေသာ-အားဖြင့် ၄-ဌာနတပ်ပါသည်။

မာနဒွစ္စ, သုံးမည်ရ၏-အရ... မာနစေတသိက်သည် အနုသယ,သံယောဇဉ်, ကိလေသာ-အားဖြင့် ၃-ဌာနတပ်ပါသည်။ ဥဒ္ဓစ္စစေတသိက်သည် နိဝရဏ,သံယောဇဉ်, ကိလေသာ-အားဖြင့် ၃-ဌာနတပ်ပါသည်။

ထိန နှစ်မည်-အရ... ထိနစေတသိက်သည် နိဝရဏ,ကိလေသာ-အားဖြင့် ၂-ဌာနတပ်ပါသည်။

ကြွင်းသည်ခြောက်ဝ,တစ်မည်ရ-အရ... ကြွင်းသော ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, မိဒ္ဓ,အဟိရိက,အနောတ္တပ္ပ-အားဖြင့် ဤ ၆-ပါးသောစေတသိက်တို့သည် ၁-ဌာနစီ အသီးသီးတပ်ကြပါသည်။

ထို ၆-ပါးတွင် ဣဿာ,မစ္ဆရိယ ၂-ပါးသည် သံယောဇဉ်ဌာန ၁-ဌာနစီ တပ်ပါသည်။

ကုက္ကုစ္စ,မိဒ္ဓ ၂-ပါးသည် နိဝရဏဌာန ၁-ဌာနစီတပ်ပါသည်။

အဟိရိက,အနောတ္တပ္ပ ၂-ပါးသည် ကိလေသာဌာန ၁-ဌာနစီတပ်ပါသည်။

ပေါင်းက စုဒ္ဓသ-အရ... အကုသလသင်္ဂဟ၌ ဟောတော်မူအပ်ကုန်သောတရား တို့ကို ပေါင်းလိုက်သည်ရှိသော် အကုသိုလ်စေတသိက် ၁၄-ပါးပင် ဖြစ်ပါသည်။

အကုသလသင်္ဂဟပြီး၏။

* * * * *

မိဿကသင်္ဂဟ

ဟိတ် ၆-ပါး

သစ်ပင်၏ ရေသောက်ဖြစ်နှင့်တူသော တရား-၆-ပါး

မိဿကသင်္ဂဟ၌ ဟိတ်တို့သည် သရုပ်အားဖြင့် လောဘဟိတ်,ဒေါသဟိတ်, မောဟဟိတ်,အလောဘဟိတ်,အဒေါသဟိတ်,အမောဟဟိတ်-အားဖြင့် ၆-ပါးအပြား

http://www.dhammadownload.com

ရှိပါသည်။

သာဓကကား။　။မိဿကသင်္ဂဟော (ပ) အမောဟော ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၆-ပါးတို့တွင် တရားကိုယ်အားဖြင့် .....

လောဘမူစိတ် ၈-ခုဥ်ရှိသော လောဘစေတသိက်သည်လောဘဟိတ်မည်ပါသည်။

ဒေါသမူဒွေးဥ်ရှိသော ဒေါသစေတသိက်သည် ဒေါသဟိတ်မည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသဥ်ရှိသော မောဟစေတသိက်သည် မောဟဟိတ်မည်ပါသည်။

သောဘဏစိတ် တစ်ခုယုတ်(၆၀)ဥ်ရှိသော အလောဘစေတသိက်သည် အလောဘဟိတ် မည်ပါသည်။

သောဘဏစိတ် တစ်ခုယုတ်(၆၀)ဥ်ရှိသော အဒေါသစေတသိက်သည် အဒေါသဟိတ် မည်ပါသည်။

တိဟိတ်စိတ် ၄၇-ခုဥ်ရှိသော အမောဟစေတသိက်သည် အမောဟဟိတ် မည်ပါသည်။

ဤသို့လျှင် မိဿကသင်္ဂဟဥ် ဟိတ်တို့သည် သရုပ်အားဖြင့် ၆-ပါး၊ တရားကိုယ်အားဖြင့် လောဘ,ဒေါသ,မောဟ,အလောဘ,အဒေါသ,အမောဟ-အားဖြင့် ၆-ပါး အပြားရှိပါသည်။

ဈာနင် ၇-ပါး

ဆိုင်ရာအာရုံကို စိုက်စိုက်စူးစူး အထူးရှုတတ်သောတရား ၇-ပါး

ဈာနင်တို့သည် သရုပ်အားဖြင့် ဝိတက်ဈာနင်,ဝိစာရဈာနင်,ပီတိဈာနင်,ဧကဂ္ဂတာဈာနင်,သောမနဿဈာနင်,ဒေါမနဿဈာနင်,ဥပေက္ခာဈာနင်-အားဖြင့် ၇-ပါးအပြားရှိပါသည်။

သာဓကကား။　။သတ္တ ဈာနင်္ဂါနိ (ပ) ဥပေက္ခာ ဖြစ်ပါသည်။

http://www.dhammadownload.com

တရားကိုယ်အရကောက်

ထို ၇-ပါးတို့တွင် တရားကိုယ်အားဖြင့်...

ဝိတက်ယှဉ်သောစိတ် ၅၅-ခုဒ္ဓရှိသော ဝိတက်စေတသိက်သည် ဝိတက်ဈာနင် မည်ပါသည်။

ဝိစာရယှဉ်သောစိတ် ၆၆-ခုဒ္ဓရှိသော ဝိစာရစေတသိက်သည် ဝိစာရဈာနင် မည်ပါသည်။

ပီတိယှဉ်သောစိတ် ၅၁-ခုဒ္ဓရှိသော ပီတိစေတသိက်သည်ပီတိဈာနင်မည်ပါသည်။

ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် ၇၉-ခုဒ္ဓရှိသော ဧကဂ္ဂတာစေတသိက်သည် ဧကဂ္ဂတာဈာနင် မည်ပါသည်။

သောမနဿသဟဂုတ်စိတ် ၆၂-ခုဒ္ဓရှိသော ဝေဒနာစေတသိက်သည် သောမနဿဈာနင်မည်ပါသည်။

ဒေါသမူဒွေးဒ္ဓရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿဈာနင် မည်ပါသည်။

ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၄၇-ခုဒ္ဓရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခာဈာနင် မည်ပါသည်။

ဤသို့လျှင် ဈာနင်တို့သည် သရုပ်အားဖြင့် ၇-ပါး၊တရားကိုယ်အားဖြင့် ဝိတက်, ဝိစာရ၊ပီတိ,ဧကဂ္ဂတာ,ဝေဒနာ-အားဖြင့် ၅-ပါးအပြားရှိပါသည်။

မဂ္ဂင် ၁၂-ပါး

သုဂတိ,ဒုဂ္ဂတိဘဝနှင့် နိဗ္ဗာန်သို့သွားရာဒ္ဓ

လမ်းကြောင်းသဖွယ်ဖြစ်သောတရား ၁၂-ပါး

မဂ္ဂင်တို့သည် သရုပ်အားဖြင့် သမ္မာဒိဋ္ဌိမဂ္ဂင်,သမ္မာသင်္ကပ္ပမဂ္ဂင်,သမ္မာဝါစာ မဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်,သမ္မာအာဇီဝမဂ္ဂင်,သမ္မာဝါယာမမဂ္ဂင်,သမ္မာသတိမဂ္ဂင်,သမ္မာသမာဓိမဂ္ဂင်, မိစ္ဆာဒိဋ္ဌိမဂ္ဂင်,မိစ္ဆာသင်္ကပ္ပမဂ္ဂင်,မိစ္ဆာဝါယာမမဂ္ဂင်,မိစ္ဆာသမာဓိမဂ္ဂင် အားဖြင့် ၁၂-ပါးအပြားရှိပါသည်။

သာဓကကား။ ။ဒွါဒသ မဂ္ဂင်္ဂါနိ (ပ) မိစ္ဆာသမာဓိ ဖြစ်ပါသည်။

http://www.dhammadownload.com

တရားကိုယ်အရကောက်

ထို ၁၂-ပါးတို့တွင် တိဟိတ်စိတ် ၄၇-ခုဒ္ဓိရှိသော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင် မည်ပါသည်။

ကာမာဝစရသောဘဏ်စိတ် ၂၄-ပါး၊ပဌမစျာန်စိတ် ၁၁-ပါးဒ္ဓိရှိသော ဝိတက် စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ပါး၊မဟာကုသိုလ်စိတ် ၈-ပါးတို့ဒ္ဓိရှိသော သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ပါး၊မဟာကုသိုလ်စိတ် ၈-ပါးတို့ဒ္ဓိရှိသော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင်မည်ပါသည်။

လောကုတ္တရာစိတ် ၈-ပါး၊မဟာကုသိုလ်စိတ် ၈-ပါးတို့ဒ္ဓိရှိသော သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် မည်ပါသည်။

သောဘဏ်စိတ်တစ်ခုယုတ် ၆၀-ဒ္ဓိရှိသော ဝီရိယစေတသိက်သည် သမ္မာဝါယာမ မဂ္ဂင်မည်ပါသည်။

သောဘဏ်စိတ်တစ်ခုယုတ် ၆၀-ဒ္ဓိရှိသော သတိစေတသိက်သည် သမ္မာသတိ မဂ္ဂင်မည်ပါသည်။

သောဘဏ်စိတ်တစ်ခုယုတ် ၆၀-ဒ္ဓိရှိသော ဧကဂ္ဂတာစေတသိက်သည် သမ္မာ သမ္မာဓိမဂ္ဂင်မည်ပါသည်။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုဒ္ဓိရှိသော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်ပါ သည်။

အကုသိုလ်စိတ်ဒွါဒသဒ္ဓိရှိသော ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပမဂ္ဂင် မည်ပါသည်။

အကုသိုလ်စိတ်ဒွါဒသဒ္ဓိရှိသော ဝီရိယစေတသိက်သည် မိစ္ဆာဝါယာမမဂ္ဂင်မည်ပါ သည်။

ဝိစိကိစ္ဆာသဟဂုတ်ကြဉ်သော အကုသိုလ်စိတ် ၁၁-ခုဒ္ဓိရှိသော ဧကဂ္ဂတာ စေတသိက်သည် မိစ္ဆာသမာဓိမဂ္ဂင် မည်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် မဂ္ဂင်တို့သည် သရုပ်အားဖြင့် ၁၂-ပါး၊တရားကိုယ်အားဖြင့် ပညာ, ဝိတက်,သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,ဝီရိယ,သတိ,စကဂ္ဂတာ,ဒိဋ္ဌိ-အားဖြင့် ၉-ပါး အပြားရှိပါသည်။

ဣန္ဒြေ ၂၂-ပါး

အစိုးရခြင်းသဘောရှိသောတရား ၂၂-ပါး

ဣန္ဒြေတို့သည် သရုပ်အားဖြင့် စက္ခုန္ဒြေ,သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ,ကာယိန္ဒြေ, ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ,ဇီဝိတိန္ဒြေ,မနိန္ဒြေ,သုခိန္ဒြေ,ဒုက္ခိန္ဒြေ,သောမဿိန္ဒြေ,ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ,သဒ္ဓိန္ဒြေ,ဝီရိယိန္ဒြေ,သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေ,အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ,အညတာဝိန္ဒြေ-အားဖြင့် ၂၂-ပါး အပြားရှိပါသည်။

သာဓကကား။ ။ဗာဝိသတိန္ဒြိယာနိ (ပ) အညာတာဝိန္ဒြေ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၂၂-ပါးတို့တွင် တရားကိုယ်အားဖြင့် စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေ မည်ပါသည်။(ပ)ကာယပသာဒရုပ်သည် ကာယိန္ဒြေ မည်ပါသည်။

ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေ မည်ပါသည်။

ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေ မည်ပါသည်။

ရုပ်ဇီဝိတ,နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေ မည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-သည် မနိန္ဒြေ မည်ပါသည်။

သုခသဟဂုတ်ကာယဝိညာဏ်စိတ်၌ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေ မည်ပါသည်။

ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်၌ ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေ မည်ပါသည်။

သောမနဿသဟဂုတ်စိတ် ၆၂-ခု၌ရှိသော ဝေဒနာစေတသိက်သည် သောမနဿိ န္ဒြေ မည်ပါသည်။

http://www.dhammadownload.com

ဒေါသမူဒွေးဒ်ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေ မည်ပါသည်။

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုဒ်ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေ မည်ပါသည်။

သောဘဏစိတ်တစ်ခုယုတ် ၆၀-ဒ်ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်ပါသည်။

ပဥ္စဒ္ဒါရာဝဇ္ဇန်း,ဒွေးပဥ္စဝိညာဏ် ၁၀,သမ္ပဋိစ္ဆိန်းဒွေး,သန္တီရဏ ၃-ခုကြဉ်သော ၇၃-ပါးသော စိတ်ဒ်ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်ပါသည်။

သောဘဏစိတ်တစ်ခုယုတ် ၆၀-ဒ်ရှိသော သတိစေတသိက်သည် သတိန္ဒြေ မည်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ပဥ္စဒ္ဒါရာဝဇ္ဇန်း၊ဒွေးပဥ္စဝိညာဏ် ၁၀၊သမ္ပဋိစ္ဆိန်းဒွေး၊ သန္တီရဏ ၃-ခုကြဉ်သော ၇၂-ပါးသောစိတ်ဒ်ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်ပါသည်။

တိဟိတ်စိတ် ၄၇-ခုဒ်ရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်ပါသည်။ တစ်နည်း...လောကီတိဟိတ်စိတ် ၃၉-ခုဒ်ရှိသော ပညာစေတသိက်သည် ပညိန္ဒြေ မည်ပါသည်။

သောတာပတ္တိမဂ်စိတ်ဒ်ရှိသော ပညာစေတသိက်သည် အနညာတညဿာမိတိန္ဒြေ မည်ပါသည်။

အဏက်မဂ် ၃-ခု၊အောက်ဖိုလ် ၃-ခုဒ်ရှိသော ပညာစေတသိက်သည် အညိန္ဒြေ မည်ပါသည်။

အရဟတ္တဖိုလ်စိတ်ဒ်ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေမည်ပါသည်။

ဤသို့လျှင် ဣန္ဒြေတို့သည် သရုပ်အားဖြင့် ၂၂-ပါး၊တရားကိုယ်အားဖြင့် စက္ခု ပသာဒ (ပ) ကာယပသာဒ,ဣတ္ထိဘာဝ,ပုမ္ဘာဝ,ရုပ်ဇီဝိတ,နာမ်ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ, ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ-အားဖြင့် ၁၆-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ရုပ်ကွန်ရှေ့,နာမ်ကွန်ရှေ့,ရုပ်နာမ်ကွန်ရှေ့ခွဲပုံ

ကွန်ရှေ့ ၂၂-ပါးတို့တွင် စက္ခုရှေ့-အစ ပုရိသိရှေ့အဆုံးရှိသော ၇-ပါးသော ကွန်ရှေ့တို့သည် ရုပ်ကွန်ရှေ့တို့ မည်ပါသည်။

မနိရှေ့-အစ အညာတာဝိရှေ့အဆုံးရှိသော ၁၄-ပါးသော ကွန်ရှေ့တို့သည် နာမ်ကွန်ရှေ့ တို့မည်ပါသည်။

ဇီဝိတိရှေ့သည် ရုပ်-နာမ်ကွန်ရှေ့မည်ပါသည်။

ဗိုလ် ၉-ပါး

ခိုင်မြဲသောတရားဟုဆိုအပ်သော ဗိုလ် ၉-ပါး

ဗိုလ်တို့သည် သရုပ်အားဖြင့် သဒ္ဓါဗိုလ်,ဝီရိယဗိုလ်,သတိဗိုလ်,သမာဓိဗိုလ်, ပညာဗိုလ်,ဟိရိဗိုလ်,ဩတ္တပ္ပဗိုလ်,အဟိရိကဗိုလ်,အနောတ္တပ္ပဗိုလ်အားဖြင့် ၉-ပါး အပြားရှိပါသည်။

သာဓကကား။ ။နဝ ဗလာနိ (ပ) အနောတ္တပ္ပဗလံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၉-ပါးတို့တွင် တရားကိုယ်အားဖြင့်...

သောဘဏစိတ်တစ်ခုယုတ် ၆၀-၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်ပါသည်။

ပဋ္ဌဒ္ဓါရာဝဇ္ဇန်း, ဒွေးပဋ္ဌဝိညာဏ် ၁၀, သမ္ပဋိစ္ဆိန်းဒွေး, သန္တီရဏ ၃-ခုကြဉ်သော ၇၃-ပါးသောစိတ်၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယဗိုလ်မည်ပါသည်။

သောဘဏစိတ်တစ်ခုယုတ် ၆၀-၌ရှိသော သတိစေတသိက်သည် သတိဗိုလ် မည်ပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ ဒွေးပဋ္ဌဝိညာဏ် ၁၀၊ သမ္ပဋိ စ္ဆိန်းဒွေး၊ သန္တီရဏ ၃-ခုကြဉ်သော ၇၂-ပါးသော စိတ်၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ် မည်ပါသည်။

တိဟိတ်စိတ် ၄၇-ခု၌ရှိသော ပညာစေတသိက်သည် ပညာဗိုလ်မည်ပါသည်။

http://www.dhammadownload.com

သောဘာဏစိတ်တစ်ခုယုတ် ၆၀-၌ရှိသော ဟိရီစေတသိက်သည် ဟိရီဗိုလ်မည်ပါသည်။

ဩတ္တပ္ပစေတသိက်သည် ဩတ္တပ္ပဗိုလ်မည်ပါသည်။

အကုသိုလ်စိတ်၌ ၁၁သည်ရှိသော အဟိရိကစေတသိက်သည် အဟိရိကဗိုလ်မည်ပါသည်။ အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ်မည်ပါသည်။

ဤသို့လျှင် ဗိုလ်တို့သည် သရုပ်အားဖြင့် ၉-ပါး၊ တရားကိုယ်အားဖြင့် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပ-အားဖြင့် ၉-ပါး အပြားရှိပါသည်။

အဓိပတိ ၄-ပါး

အကြီးအချုပ်ဖြစ်သောတရား ၄-ပါး

အဓိပတိတို့သည် သရုပ်အားဖြင့် ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိအားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ စိတ္တာရော အဓိပတိ (ပ) ဝီမံသာဓိပတိ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့် ဒွိဟိတ်စော ၁၈-ခု၊ တိဟိတ်စော ၃၄-ခု၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒာဓိပတိ မည်ပါသည်။

ဒွိဟိတ်စော ၁၈-ခု၊ တိဟိတ်စော ၃၄-ခု၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယာဓိပတိ မည်ပါသည်။

ဒွိဟိတ်စော ၁၈-ခု၊ တိဟိတ်စော ၃၄-ခုသည် စိတ္တာဓိပတိ မည်ပါသည်။

တိဟိတ်စော ၃၄-ခု၌ရှိသော ပညာစေတသိက်သည် ဝီမံသာဓိပတိ မည်ပါသည်။

ဤသို့လျှင် အဓိပတိတို့သည် သရုပ်အားဖြင့် ၄-ပါး၊ တရားကိုယ်အားဖြင့် ဆန္ဒ, ဝီရိယ, စိတ်, ပညာ-အားဖြင့် ၄-ပါး အပြားရှိပါသည်။

http://www.dhammadownload.com

အာဟာရ ၄-ပါး

အကျိုးကိုထောက်ပံ့ဆောင်ရွက်နိုင်သောတရား ၄-ပါး

အာဟာရတို့သည် သရုပ်အားဖြင့် ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေ
တနာဟာရ၊ ဝိညာဏာဟာရအားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။ ။ စတ္တာရော အာဟာရာ (ပ) ဝိညာဏံ စတုတ္ထံ ဖြစ်ပါသည်။

တရားကိုယ်အရေကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့်...

ဩဇဋ္ဌမကရုပ်သည် (၀၊) ဩဇာဟုဆိုအပ်သော အာဟာရရုပ်သည် ကဗဠီကာရာ
ဟာရ မည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-၌ရှိသော ဖဿစေတသိက်သည် ဖဿာဟာရမည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-၌ရှိသော စေတနာစေတသိက်သည် မနောသဉ္စေတနာဟာရ
မည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-သည် ဝိညာဏာဟာရ မည်ပါသည်။

ဤသို့လျှင် အာဟာရတို့သည် သရုပ်အားဖြင့် ၄-ပါး၊ တရားကိုယ်အားဖြင့်
ဩဇဋ္ဌမကရုပ်(ဩဇာဟုဆိုအပ်သော အာဟာရရုပ်) ဖဿ၊ စေတနာ၊ စိတ်-အားဖြင့်
၄-ပါး ဖြစ်ပါသည်။

တရားကိုယ်ကောက်နည်းပြ

အနုညာတညဿာမိတိန္ဒြေ စသည်တို့၏တရားကိုယ်

ဤန္ဒြေတို့တွင် သောတာပတ္တိမဂ်စိတ်၌ရှိသော ပညာစေတသိက်သည် အနုညာ
တညဿာမိတိန္ဒြေ မည်ပါသည်။

သာဓကကား။ ။ ဤန္ဒြိယေသု ပနေတ္ထ (ပ) အနုညာတညဿာမိတိန္ဒြိယံ ဖြစ်ပါသည်။

အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေ မည်ပါသည်။

သာဓကကား။ ။ အရဟတ္တဖလဉ္စဏံ အညာတာဝိန္ဒြိယံ ဖြစ်ပါသည်။

http://www.dhammadownload.com

အထက်မဂ် ၃-ခု၊ အောက်ဖိုလ် ၃-ခုဥ်ရှိသော ပညာစေတသိက်သည် အညီနွေ့မည်ပါသည်။

သာဓကကား။　။ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနိတိ ပဝုစ္စတိ ဖြစ်ပါသည်။

ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေအားဖြင့် ၂-ပါးအ[illegible]ားရှိပါသည်။
ထို ၂-ပါးတို့တွင် တရားကိုယ်အားဖြင့် ဇီဝိတရုပ်သည် ရုပ်ဇီဝိတိန္ဒြေ မည်ပါသည်။
ဇီဝိတိန္ဒြေစေတသိက်သည် နာမ်ဇီဝိတိန္ဒြေ မည်ပါသည်။

သာဓကကား။　။ ဇီဝိတိန္ဒြိယဥ္စ (ပ) ဟောတိ ဖြစ်ပါသည်။

ကျမ်းရင်းလာအဓိပ္ပါယ် ရှင်းလင်းချက်

ပဋ္ဌဝိညာဏသု စျာနင်္ဂါနိ-ဟူသောပါဠိဖြင့် ဒွေးပဋ္ဌဝိညာဏ် ၁၀-ဥ်ယှဉ်သော ဧကဂ္ဂတာစေတသိက်၊ ဝေဒနာစေတသိက်တို့၏ ဧကဂ္ဂတာစျာနင်, ဥပေက္ခာစျာနင် တရားကိုယ် မထိုက်သည်၏အဖြစ်ကို ပြပါသည်။

အဝိရိယေသု ဗလာနိ-ဟူသောပါဠိဖြင့် ဝိရိယမယှဉ်သောစိတ် ၁၆-ပါးဥ်ရှိသော ဧကဂ္ဂတာစေတသိက်၏ သမာဓိဗိုလ်မထိုက်သည်၏အဖြစ်ကို ပြပါသည်။

အဟေတုကေသု မဂ္ဂင်္ဂါနိ နဲ လဇ္ဇန္တိ-ဟူသောပါဠိဖြင့် အဟိတ်စိတ် ၁၈-ပါးဥ် ရှိသော ဝိတက်, ဝိရိယ, ဧကဂ္ဂတာစေတသိက်တို့၏ သမ္မာသင်္ကပ္ပမဂ္ဂင်, သမ္မာဝါယာမ မဂ္ဂင်, သမ္မာသမာဓိမဂ္ဂင်တရားကိုယ် မထိုက်သည်၏အဖြစ်ကိုပြပါသည်။

တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ နဲ ဂစ္ဆတိ-ဟူသော ပါဠိဖြင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ဥ်ရှိသော ဧကဂ္ဂတာစေတသိက်၏ မိစ္ဆာသမာဓိမဂ္ဂင်, သမာဓိန္ဒြေ, သမာဓိဗိုလ် မထိုက်သည်၏အဖြစ်ကို ပြပါသည်။

အဓိပတိတရားကိုယ်ပြုပါဠိ

ဒွိဟိတ်ဓော ၁၈-ခု၊ တိဟိတ်ဓော ၃၄-ခုတို့ဥ်သာလျှင် ဖြစ်သင့်သည်အားလျော်စွာ အဓိပတိကို တစ်ခုစီတစ်ခုစီသာ ရအပ်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ဒွိဟေတုက (ပ) လဗ္ဘတိ ဖြစ်ပါသည်။

အဓိပတိတရားကိုယ်ပြုပါဠိဖြင့်ပြသော အဓိပ္ပါယ်
ဒွိဟေတုကတိဟေတုကသဒ္ဒါဖြင့်ပြသော အဓိပ္ပါယ်များ

ဒွိဟေတုကတိဟေတုကဓဝနေသွေဝ-၌ ဒွိဟေတုကတိဟေတုကသဒ္ဒါဖြင့် ဧကဟိတ်ဓော, အဟိတ်ဓောတို့၌ အဓိပတိမရှိသည်၏အဖြစ်ကို ပြပါသည်။

ဓဝသဒ္ဒါဖြင့်ပြသော အဓိပ္ပါယ်

ဓဝနေသွေဝ-၌ ဓဝ-သဒ္ဒါသည် အဝဓေရဏာအနက်ရှိပါသည်။ ထိုအဝဓေရဏာ အနက်ရှိသော ဓဝ-သဒ္ဒါဖြင့် လောကိဝိပါက်စိတ်တို့၌ အဓိပတိမရှိသည်၏အဖြစ်ကို ပြပါသည်။

ဓဝသဒ္ဒါ ထည့်ဆိုရခြင်းအကျိုး

လောကိဝိပါက်စိတ်တို့၌ အဓိပတိမရှိသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ဓဝနေသွေဝ-၌ ဓဝ-သဒ္ဒါကို အရှင်အနုရုဒ္ဓါဆရာ ထည့်ဆိုခြင်းဖြစ်ပါသည်။

ယထာသမ္ဘဝံဖြင့်ပြသော အဓိပ္ပါယ်

ယထာသမ္ဘဝံ-ဟူသောပါဠိဖြင့် ဒွိဟိတ်ဓောတို့၌ ဝိမံသာဓိပတိမရသည်၏အဖြစ်ကို ပြပါသည်။

အဓိပတိ ဧကောဝ လဗ္ဘတိ-ဖြင့် ပြသောအဓိပ္ပါယ်

အဓိပတိ-ဧကောဝ လဗ္ဘတိ-ဟူသောပါဠိဖြင့် အဓိပတိ ၄-ပါးတို့တွင် ၁-ပါး အဓိပတိကိစ္စတပ်နေလျှင် ကျန်သောအဓိပတိများ အဓိပတိကိစ္စမတပ်နိုင်သည်၏အဖြစ်ကို ပြပါသည်။

တရားကိုယ်ပြ သင်္ဂဟဂါထာများ

မိဿကသင်္ဂဟ၌ ဟိတ်-တို့သည် တရားကိုယ်အားဖြင့် လောဘ,ဒေါသ,မောဟ,

http://www.dhammadownload.com

အလောဘ,အဒေါသ,အမောဟ-အားဖြင့် ၆-ပါးအပြားရှိပါသည်။

ဈာနင်-တို့သည် တရားကိုယ်အားဖြင့် ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ အားဖြင့် ၅-ပါးအပြားရှိပါသည်။

မဂ္ဂင်-တို့သည် တရားကိုယ်အားဖြင့် ပညာ,ဝိတက်,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ဒိဋ္ဌိ-အားဖြင့် ၉-ပါးအပြားရှိပါသည်။

ဣန္ဒြေ-တို့သည် တရားကိုယ်အားဖြင့် စက္ခုပသာဒ(ပ)ကာယပသာဒ,ဣတ္ထိဘာဝ, ပုမ္ဘာဝ,ရုပ်ဇီဝိတ,နာမ်ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ-အားဖြင့် ၁၆-ပါးအပြားရှိပါသည်။

ဗိုလ်-တို့သည် တရားကိုယ်အားဖြင့် သဒ္ဓါ,သတိ,ဧကဂ္ဂတာ,ပညာ,ဟိရီ, ဩတ္တပ္ပ,အဟိရိက,အနောတ္တပ္ပ အားဖြင့် ၉-ပါးအပြားရှိပါသည်။

အဓိပတိ-တို့သည် တရားကိုယ်အားဖြင့် ဆန္ဒ,ဝီရိယ,စိတ်,ပညာ-အားဖြင့် ၄-ပါးအပြားရှိပါသည်။

အာဟာရ-တို့သည် တရားကိုယ်အားဖြင့် ဩဇာဟုခေါ်ဆိုအပ်သော အာဟာရရုပ်, ဖဿ,စေတနာ,စိတ်-အားဖြင့် ၄-ပါးအပြားရှိပါသည်။

ဤသို့လျှင် မိဿကသင်္ဂဟ၌ ဌာနတို့သည် ဟိတ်,ဈာနင်,မဂ္ဂင်,ဣန္ဒြေ,ဗိုလ်, အဓိပတိ,အာဟာရ အားဖြင့် ၇-ပါးအပြားရှိပါသည်။

သာဓကကား။　။ဆ ဟေတူ (ပ) မိဿကသင်္ဂဟော ဖြစ်ပါသည်။

ဌာနတပ်ပုံပြလင်္ကာ

မိဿကသင်္ဂဟလာ ဌာနတပ်ပုံပြလင်္ကာကား....

လင်္ကာ ။　။ ပညာငါးမည်၊ လေးမည်ဝီရိ၊ သမာဓိတည်း၊ သတိ,စိတ္တ၊ မည်ရသုံးဖြာ၊ ဝေဒနာနှင့်၊ သဒ္ဓါ,ဝိတက်၊ နှစ်ချက်မည်ရာ၊ ဝိစာရက စသည်ကြွင်းရစ်၊ နှစ်ဆယ့်ရှစ်မှာ၊ တစ်မည်သာတည်း-ဖြစ်ပါသည်။

လင်္ကာအရကောက်များ

ပညာငါးမည်အရ... ပညာစေတသိက်သည် ဟိတ်,မဂ္ဂင်,ဣန္ဒြေ,ဗိုလ်,အဓိပတိ-

http://www.dhammadownload.com

အားဖြင့် ၅-ဌာနတပ်ပါသည်။

လေးမည်ဝိရိ သမာဓိတည်းအရ.... ဝိရိယစေတသိက်သည် မဂ္ဂင်,ဣန္ဒြေ,ဗိုလ်, အဓိပတိ-အားဖြင့် ၄-ဌာနတပ်ပါသည်။

သမာဓိသည်လည်း (စကဂ္ဂတာစေတသိက်သည်လည်း) စျာနင်,မဂ္ဂင်,ဣန္ဒြေ, ဗိုလ်အားဖြင့် ၄-ဌာန တပ်ပါသည်။

သတိစိတ္တ မည်ရသုံးဖြာအရ... သတိစေတသိက်သည် မဂ္ဂင်,ဣန္ဒြေ,ဗိုလ် အားဖြင့် ၃-ဌာနတပ်ပါသည်။

စိတ်သည်လည်း ဣန္ဒြေ,အဓိပတိ,အာဟာရအားဖြင့် ၃-ဌာနတပ်ပါသည်။

ဝေဒနာနှင့် သဒ္ဓါ,ဝိတက် နှစ်ချက်မည်ရအရ .... ဝေဒနာစေတသိက်သည် စျာနင်,ဣန္ဒြေအားဖြင့် ၂-ဌာန တပ်ပါသည်။

သဒ္ဓါစေတသိက်သည်လည်း ဣန္ဒြေ,ဗိုလ်အားဖြင့် ၂-ဌာနတပ်ပါသည်။

ဝိတက်စေတသိက်သည်လည်း စျာနင်,မဂ္ဂင်အားဖြင့် ၂-ဌာနတပ်ပါသည်။

ဝိစာရက စသည်ကြွင်းရစ် နှစ်ဆယ့်ရှစ်မှာ တစ်မည်သာတည်းအရ.... ကြွင်းသော ဝိစာရစသော ၂၈-ပါးသောတရားတို့သည် ထိုက်သည့်အားလျော်စွာ တစ်ဌာနစီ အသီးသီး တပ်ကြပါသည်။

မိဿကသင်္ဂီဟလာ တစ်ဌာနစီ အသီးသီးတပ်သော တရားတို့သည် လောဘ, ဒေါသ,မောဟ,အလောဘ,အဒေါသ,ဝိစာရ,သတိ,သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ, ဒိဋ္ဌိ,စက္ခုပသာဒ,သောတပသာဒ,ဃာနပသာဒ,ဇိဝှါပသာဒ,ကာယပသာဒ,ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်,ရုပ်ဇီဝိတ,နာမ်ဇီဝိတ,ဟီရီ,ဩတ္တပ္ပ,အဟိရိက,အနောတ္တပ္ပ,ဆန္ဒ,ဩဇာ-ဟုဆိုအပ်သော အာဟာရ,ဖဿ,စေတနာ-အားဖြင့် ၂၈-ပါးဖြစ်ပါသည်။

မိဿကသင်္ဂီဟပြီး၏။

* * * * *

http://www.dhammadownload.com

ဗောဓိပက္ခိယသင်္ဂဟ

သတိပဋ္ဌာန် ၄-ပါး

ဗောဓိပက္ခိယသင်္ဂဟ၌ သတိပဋ္ဌာန်တို့သည် သရုပ်အားဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။　။ဗောဓိပက္ခိယသင်္ဂဟ (ပ) သတိပဋ္ဌာန် ဖြစ်ပါသည်။

တရားကိုယ်အရကောက်

သတိပဋ္ဌာန်တို့သည် တရားကိုယ်အားဖြင့် လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိစေတသိက် ၁-ပါးသာ ဖြစ်ပါသည်။

သာဓကကား။　။သဗ္ဗေ လောကုတ္တရေ ဟောန္တိ။

ဇ္ဈာ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ ပဝုစ္စတိ ဖြစ်ပါသည်။

ဤသို့လျှင် သတိပဋ္ဌာန်တို့သည် သရုပ်အားဖြင့် ၄-ပါး၊တရားကိုယ်အားဖြင့် သတိစေတသိက် ၁-ပါးသာ ဖြစ်ပါသည်။

တစ်နည်း။　။ သတိပဋ္ဌာန်တို့သည် တရားကိုယ်အားဖြင့် မဟာကုသိုလ်စိတ် ၈-ခု၊မဟာကြိယာစိတ် ၈-ခု၊ အပွနာဓောဆဗ္ဗီသ၌ရှိသော သတိစေတသိက် ၁-ပါးသာ ဖြစ်ပါသည်။

သာဓကကား။　။လောကိယေသုပိ ယထာယောဂံ ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ၊ ဇ္ဈာ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ ပဝုစ္စတိဖြစ်ပါသည်။

သမ္မပ္ပဓာန် ၄-ပါး

သမ္မပ္ပဓာန်တို့သည် သရုပ်အားဖြင့် ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ ဖြစ်ကုန်

http://www.dhammadownload.com

ပြီးသော ကုသိုလ်တရားတို့ကို လွန်စွာပွါးများစေခြင်းငှာ လုံ့လပြုခြင်းအားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ စတ္တာရော သမ္မပ္ပဓာနာ (ပ) ဝါယာမော ဖြစ်ပါသည်။

တရားကိုယ်အရကောက်

သမ္မပ္ပဓာန်တို့သည် တရားကိုယ်အားဖြင့် လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော ဝီရိယစေတသိက် ၁-ပါးသာ ဖြစ်ပါသည်။

တစ်နည်း...သမ္မပ္ပဓာန်တို့သည် တရားကိုယ်အားဖြင့် ကုသိုလ်စိတ်၈ကဝီသဥ်ရှိသော ဝီရိယစေတသိက် ၁-ပါးသာဖြစ်ပါသည်။

ဤသို့လျှင် သမ္မပ္ပဓာန်တို့သည် သရုပ်အားဖြင့် ၄-ပါး၊တရားကိုယ်အားဖြင့် ဝီရိယစေတသိက် ၁-ပါးသာ ဖြစ်ပါသည်။

ဣဒ္ဓိပါဒ် ၄-ပါး

(ပြီးစီးထမြောက်အောင်မြင်ခြင်း၏ အခြေခံအကြောင်းတရား ၄-ပါး)

ဣဒ္ဓိပါဒ်တို့သည် သရုပ်အားဖြင့် ဆန္ဒိဒ္ဓိပါဒ်,ဝီရိယိဒ္ဓိပါဒ်,စိတ္တိဒ္ဓိပါဒ်,ဝီမံသိဒ္ဓိပါဒ် အားဖြင့် ၄-ပါးအပြားရှိပါသည်။

သာဓကကား။ ။စတ္တာရော ဣဒ္ဓိပါဒါ (ပ) ဝီမံသိဒ္ဓိပါဒေါ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့်... လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် မည်ပါသည်။လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ် မည်ပါသည်။လောကုတ္တရာစိတ် ၈-ခုသည် စိတ္တိဒ္ဓိပါဒ်မည်ပါသည်။လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ် မည်ပါသည်။

တစ်နည်း... ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့် ကုသိုလ်စိတ်၈ကဝီသဥ်ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် မည်ပါသည်။

http://www.dhammadownload.com

ကုသိုလ်စိတ်ဧကဝိသဋ္ဌိရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြိယပါဒ် မည်ပါသည်။

ကုသိုလ်စိတ်ဧကဝိသသည် စိတ္တိန္ဒြိယပါဒ် မည်ပါသည်။

မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် ၄-ခု၊မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊မဂ်စိတ် ၄-ခုဋ္ဌိရှိသော ပညာစေတသိက်သည် ဝီမံသိန္ဒြိယပါဒ် မည်ပါသည်။

ဤသို့လျှင် ဣန္ဒြိယပါဒ်တို့သည် သရုပ်အားဖြင့် ၄-ပါး၊တရားကိုယ်အားဖြင့် ဆန္ဒ, ဝီရိယ, စိတ်, ပညာ-အားဖြင့် ၄-ပါး အပြားရှိပါသည်။

ဣန္ဒြေ ၅-ပါး

ဗောဓိပက္ခိယသင်္ဂဟလာ ဣန္ဒြေတို့သည် သရုပ်အားဖြင့် သဒ္ဓိန္ဒြေ,ဝီရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေအားဖြင့် ၅-ပါးအပြားရှိပါသည်။

သာဓကကား။ ။ပဋ္ဌိန္ဒြိယာနိ (ပ) ပညိန္ဒြိယံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့်...

လောကုတ္တရာစိတ် ၈-ခုဋ္ဌိရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိရှိသော သတိစေတသိက်သည် သတိန္ဒြေမည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်ပါသည်။

တစ်နည်း။ ။ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့် မဟာကုသိုလ်,ကြိယာ၊အပွနာဓော ဆဗ္ဘီသဋ္ဌိရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဘီသဋ္ဌိရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဘီသဋ္ဌိရှိသော သတိစေတသိက်သည် သတိန္ဒြေ မည်ပါသည်။

http://www.dhammadownload.com

မဟာကုသိုလ်,ကြိုယာ အပွနာဓောဆဗ္ဗိသဒ္ဓါရှိသော ဧကဂ္ဂတာ စေတသိက်သည် ဣမာဓိန္ဒြေ မည်ပါသည်။

မဟာကုသိုလ်,ကြိုယာ ဉာဏသမ္ပယုတ်စိတ် ၈-ခု၊ အပွနာဓောဆဗ္ဗိသဒ္ဓါရှိသော ပညာစေတသိက်သည် ပညိန္ဒြေ မည်ပါသည်။

ဤသို့လျှင် ဣန္ဒြေတို့သည် သရုပ်အားဖြင့် ၅-ပါး, တရားကိုယ်အားဖြင့် သဒ္ဓါ, ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ အားဖြင့် ၅-ပါးအပြားရှိပါသည်။

ဗိုလ် ၅-ပါး

ဗောဓိပက္ခိယသင်္ဂဟလာ ဗိုလ်တို့သည် သရုပ်အားဖြင့် သဒ္ဓါဗိုလ်,ဝီရိယဗိုလ်, သတိဗိုလ်,သမာဓိဗိုလ်,ပညာဗိုလ်အားဖြင့် ၅-ပါးအပြားရှိပါသည်။

သာဓကကား။ ။ပဋ္ဌ ဗလာနိ (ပ) ပညာဗလံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့်...

လောကုတ္တရာစိတ် ၈-ခုဒ္ဓရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ်မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဒ္ဓရှိသော ဝီရိယစေတသိက်သည် ဝီရိယဗိုလ်မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဒ္ဓရှိသော သတိစေတသိက်သည် သတိဗိုလ်မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဒ္ဓရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ်မည် ပါသည်။

လောကုတ္တရာစိတ် ၈-ခုဒ္ဓရှိသော ပညာစေတသိက်သည် ပညာဗိုလ်မည်ပါသည်။

တစ်နည်း ။ ။ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့် မဟာကုသိုလ်, ကြိုယာ, အပွနာဓော ဆဗ္ဗိသဒ္ဓါရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်ပါသည်။

မဟာကုသိုလ်,ကြိုယာ အပွနာဓောဆဗ္ဗိသဒ္ဓါရှိသော ဝီရိယစေတသိက်သည် ဝီရိယဗိုလ် မည်ပါသည်။

မဟာကုသိုလ်,ကြိုယာ အပွနာဓောဆဗ္ဗိသဒ္ဓါရှိသော သတိစေတသိက်သည်

http://www.dhammadownload.com

သတိဇိုလ် မည်ပါသည်။

မဟာကုသိုလ်,ကြိုယာ အပွနာဓောဆဇ္ဈိသဋ္ဌိရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဇိုလ် မည်ပါသည်။

မဟာကုသိုလ်,ကြိုယာ ဉာဏသမ္ပယုတ်စိတ် ၈-ခု, အပွနာဓောဆဇ္ဈိသဋ္ဌိရှိသော ပညာစေတသိက်သည် ပညာဇိုလ် မည်ပါသည်။

ဤသို့လျှင် ဇိုလ်တို့သည် သရုပ်အားဖြင့် ၅-ပါး၊ တရားကိုယ်အားဖြင့် သဒ္ဓါ, ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာအားဖြင့် ၅-ပါးအပြားရှိပါသည်။

ဗောဇ္ဈင် ၇-ပါး

ဗောဇ္ဈင်တို့သည် သရုပ်အားဖြင့် သတိသမ္ဗောဇ္ဈင်,ဓမ္မဝိစယသမ္ဗောဇ္ဈင်,ဝီရိယသမ္ဗောဇ္ဈင်,ပီတိသမ္ဗောဇ္ဈင်,ပဿဒ္ဓိသမ္ဗောဇ္ဈင်,သမာဓိသမ္ဗောဇ္ဈင်,ဥပေက္ခာသမ္ဗောဇ္ဈင် အားဖြင့် ၇-ပါးအပြားရှိပါသည်။

သာဓကကား ။　။ သတ္တ ဗောဇ္ဈင်္ဂါ (ပ) ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့်....

လောကုတ္တရာစိတ် ၈-ခုဋ္ဌိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိသော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိသော ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိသော ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဋ္ဌိသော ပဿဒ္ဓိစေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်ပါသည်။

http://www.dhammadownload.com

လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိသမ္မောဇ္ဈင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္မောဇ္ဈင် မည်ပါသည်။

တစ်နည်း ။ ။ ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့် မဟာကုသိုလ်, ကြိယာ, အပွနာဓော ဆဗ္ဘီသဥ်ရှိသော သတိစေတသိက်သည် သတိသမ္မောဇ္ဈင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ ဉာဏသမ္ပယုတ်စိတ် ၈-ခု၊အပွနာဓောဆဗ္ဘီသဥ်ရှိသော ပညာစေတသိက်သည် ဓမ္မဝိစယသမ္မောဇ္ဈင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဘီသဥ်ရှိသော ဝီရိယစေတသိက်သည် ဝီရိယ သမ္မောဇ္ဈင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာသောမနဿ ၈-ပါး၊စတုတ္ထဈာန်ကြဉ်သော မဟဂ္ဂုတ် ကုသိုလ်,ကြိယာ သောမနဿ ၆-ပါး၊လောကုတ္တရာပထမဈာန် ၈-ပါး၊ဒုတိယဈာန် ၈-ပါး၊တတိယဈာန် ၈-ပါးတို့ဥ်ရှိသော ပီတိစေတသိက်သည် ပီတိသမ္မောဇ္ဈင် မည်ပါ သည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဘီသဥ်ရှိသော (ကာယပဿဒ္ဓိ,စိတ္တ ပဿဒ္ဓိဟုဆိုအပ်သော) ပဿဒ္ဓိစေတသိက်သည် ပဿဒ္ဓိသမ္မောဇ္ဈင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဘီသဥ်ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိသမ္မောဇ္ဈင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဘီသဥ်ရှိသော တတြမဇ္ဈတ္တတာစေတသိက် သည် ဥပေက္ခာသမ္မောဇ္ဈင် မည်ပါသည်။

ဤသို့လျှင် ဗောဇ္ဈင်တို့သည် သရုပ်အားဖြင့် ၇-ပါး၊ တရားကိုယ်အားဖြင့် သတိ, ပညာ,ဝီရိယ,ပီတိ,ပဿဒ္ဓိ,ဧကဂ္ဂတာ,တတြမဇ္ဈတ္တတာအားဖြင့် ၇-ပါး အပြားရှိပါ သည်။

ဥပေက္ခာဈာနင်,ဥပေက္ခာသမ္မောဇ္ဈင်အထူး

နွေးပဥ္စဝိညာဏ် ၁၀-ကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၄၇-ခုဥ်ရှိသော ဝေဒနာ

http://www.dhammadownload.com

စေတသိက်သည် ဥပေက္ခာစျာနင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်ပါသည်။

တစ်နည်း ။　　။ မဟာကုသိုလ်,ကြိယာ အပွနာဓောဆဋ္ဌိသဥ်္ဈာရှိသော တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်ပါသည်။ ဤသို့ထူးပါသည်။

မဂ္ဂင် ၈-ပါး

ဗောဓိပက္ခိယသင်္ဂဟလာ မဂ္ဂင်တို့သည် သရုပ်အားဖြင့် သမ္မာဒိဋ္ဌိမဂ္ဂင်,သမ္မာသင်္ကပ္ပမဂ္ဂင်,သမ္မာဝါစာမဂ္ဂင်,သမ္မာကမ္မန္တမဂ္ဂင်,သမ္မာအာဇီဝမဂ္ဂင်,သမ္မာဝါယာမမဂ္ဂင်,သမ္မာသတိမဂ္ဂင်,သမ္မာသမာဓိမဂ္ဂင် အားဖြင့် ၈-ပါးအပြားရှိပါသည်။

သာဓကကား ။　　။ အဋ္ဌ မဂ္ဂင်္ဂါနိ (ပ) သမ္မာသမာဓိ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၈-ပါးတို့တွင် တရားကိုယ်အားဖြင့်....

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်္ဈာဏ်ရှိသော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင် မည်ပါသည်။

http://www.dhammadownload.com

လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခုဥ်ရှိသော ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင် မည်ပါသည်။

တစ်နည်း ။ ။ထို ၈-ပါးတို့တွင် တရားကိုယ်အားဖြင့် မဟာကုသိုလ်,ကြိယာ ဉာဏသမ္ပယုတ်စိတ် ၈-ခု၊အပွနာဓောဆဗ္ဗီသဥ်ရှိသော ပညာစေတသိက်သည်သမ္မာဒိဋ္ဌိမဂ္ဂင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ၊မဟဂ္ဂုတ်ကုသိုလ်,ကြိယာ ပထမစျာန်စိတ် (၂)ပါး၊ လောကုတ္တရာပထမစျာန်စိတ် ၈-ပါးတို့ဥ်ရှိသော ဝိတတ်စေတသိက်သည် သမ္မာသင်္ကပ္ပ မဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ပါး၊မဟာကုသိုလ်စိတ် ၈-ပါးဥ်ရှိသော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ပါး၊မဟာကုသိုလ်စိတ် ၈-ပါးဥ်ရှိသော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်ပါသည်။

လောကုတ္တရာစိတ် ၈-ပါး၊မဟာကုသိုလ်စိတ် ၈-ပါးဥ်ရှိသော သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဗီသဥ်ရှိသော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဗီသဥ်ရှိသော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင် မည်ပါသည်။

မဟာကုသိုလ်,ကြိယာ အပွနာဓောဆဗ္ဗီသဥ်ရှိသော ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင် မည်ပါသည်။

ဤသို့လျှင် မဂ္ဂင်တို့သည် သရုပ်အားဖြင့် ၈-ပါး၊တရားကိုယ်အားဖြင့် ပညာ, ဝိတက်,သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,ဝီရိယ,သတိ,ဧကဂ္ဂတာ-အားဖြင့် ၈-ပါး အပြားရှိပါသည်။

http://www.dhammadownload.com

တရားကိုယ်ကောက်နည်းပြ

ဇတ္ထ ပန စတ္တာရော-စသော ပါဠိသည် သတိပဋ္ဌာန်နှင့် သမ္မပ္ပဓာန်တို့၏ တရားကိုယ်ကိုပြသော ပါဠိဖြစ်ပါသည်။

သမ္မာသတိဟုဆိုအပ်သော သတိစေတသိက်သည် သတိပဋ္ဌာန် ၄-ပါးတို့၏ တရားကိုယ် ဖြစ်ပါသည်။

သမ္မာဝါယာမဟုဆိုအပ်သော ဝီရိယစေတသိက်သည် သမ္မပ္ပဓာန် ၄-ပါးတို့၏ တရားကိုယ် ဖြစ်ပါသည်။

သာဓကကား ။　။ ဇတ္ထ ပန စတ္တာရော (ပ) သမ္မာဝါယာမော ဖြစ်ပါသည်။

တရားကိုယ်ပြသင်္ဂဟဂါထာများ

ဆန္ဒော စိတ္တမုပေက္ခာစ-စသော ဤ ၂-ဂါထာသည် ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်ပြသော သင်္ဂဟ ၂-ဂါထာ ဖြစ်ပါသည်။

ဗောဓိပက္ခိယတရားတို့သည် သဘောအားဖြင့် (၀၁) တရားကိုယ်အားဖြင့် ဆန္ဒ, လောကုတ္တရာစိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ဝီတိ, အမောဟ-ဟုဆိုအပ်သော ပညာ, ဝိတက်, ဝီရိယ, ဝိရတီစေတသိက် ၃-ပါး၊ သတိ, ဧကဂ္ဂတာ-အားဖြင့် ၁၄-ပါး အပြားရှိပါသည်။

သာဓကကား ။　။ ဆန္ဒော စိတ္တမုပေက္ခာ စ (ပ) သဘာဝတော ဖြစ်ပါသည်။

ဗောဓိပက္ခိယတရား ၃၇-ပါး

ဗောဓိပက္ခိယတရားတို့သည် ဘေဒအားဖြင့် (၀၁) အပြားအားဖြင့် (၀၁) အမည်အားဖြင့် သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး အားဖြင့် ၃၇-ပါးဖြစ်ပါသည်။

ဌာန ၇-ပါး

ဗောဓိပက္ခိယတရားတို့သည် သင်္ဂဟအားဖြင့် (၀၁) ဌာနအားဖြင့် (၀၁) ကောဋ္ဌာသအားဖြင့် သတိပဋ္ဌာန်ဌာန, သမ္မပ္ပဓာန်ဌာန, ဣဒ္ဓိပါဒ်ဌာန, ဣန္ဒြေဌာန, ဗိုလ်ဌာန, ဗောဇ္ဈင်ဌာန,

http://www.dhammadownload.com

မဂ္ဂင်ဌာန အားဖြင့် ၇-ပါးဖြစ်ပါသည်။

သာဓကကား။ ။ သတ္တတိ သပ္ပဘေဒေန သတ္တဓာ တတ္ထ သင်္ဂဟော ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဤဂါထာ၌ (က) စုဒ္ဒသ၊ (ခ) သတ္တတ္တိသ၊ (ဂ) သတ္တဓာ-သခ်္ဂါတို့၏သဒ္ဒေါ်ယျကို ကောက်ခိုင်းလျှင် အထက်ပါ ဂါထာအတိုင်း သိပါလေ။

ဌာနဖြင့် ဝေဖန်ခြင်း

ဗောဓိပက္ခိယတရား (၁၄) ပါးကို ဌာနဖြင့်ဝေဖန်ပုံ

ဗောဓိပက္ခိယတရားကိုယ် ၁၄-ပါးတို့တွင် ဝီတက်,ပဿဒ္ဓိ,ဝီတိ,တတြမဇ္ဈတ္တတာ, ဆန္ဒ,လောကုတ္တရာစိတ်,ဝိရတီစေတသိက် ၃-ပါး၊ အားဖြင့် ဤ ၉-ပါး သောတရားတို့သည် ထိုက်သည်အားလျော်စွာ တစ်ဌာနစီတပ်ကြပါသည်။

ထို၉-ပါးတို့တွင်-

ဝီတက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် တစ်ဌာနတပ်ပါသည်။

ပဿဒ္ဓိသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် တစ်ဌာနတပ်ပါသည်။

ဝီတိသည် ဝီတိသမ္ဗောဇ္ဈင် တစ်ဌာနတပ်ပါသည်။

တတြမဇ္ဈတ္တတာသည် ဥပေက္ခာသမ္ဗောဇ္ဈင် တစ်ဌာနတပ်ပါသည်။

ဆန္ဒသည် ဆန္ဒိဒ္ဓိပါဒ် တစ်ဌာနတပ်ပါသည်။

လောကုတ္တရာစိတ် သည် စိတ္တိဒ္ဓိပါဒ် တစ်ဌာနတပ်ပါသည်။

သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် တစ်ဌာနတပ်ပါသည်။

သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် တစ်ဌာနတပ်ပါသည်။

သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် တစ်ဌာနတပ်ပါသည်။

ဝီရိယစေတသိက်သည် သမ္မပ္ပဓာန် ၄-ဌာန၊ဝီရိယိဒ္ဓိပါဒ် တစ်ဌာန၊ဝီရိယေန္ဒြေ တစ်ဌာန၊ဝီရိယဗိုလ် တစ်ဌာန၊ဝီရိယသမ္ဗောဇ္ဈင် တစ်ဌာန၊သမ္မာဝါယာမမဂ္ဂင် တစ်ဌာန အားဖြင့် ၉-ဌာနတပ်ပါသည်။

သတိစေတသိက်သည် သတိပဋ္ဌာန် ၄-ဌာန၊သတိန္ဒြေ တစ်ဌာန၊သတိဗိုလ် တစ်ဌာန၊သတိသမ္ဗောဇ္ဈင် တစ်ဌာန၊သမ္မာသတိမဂ္ဂင် တစ်ဌာနအားဖြင့် ၈-ဌာနတပ်ပါသည်။

http://www.dhammadownload.com

ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ တစ်ဌာန၊သမာဓိဗိုလ် တစ်ဌာန၊သမာဓိ သမ္မောဈ္ဈင် တစ်ဌာန၊သမ္မာသမာဓိမဂ္ဂင် တစ်ဌာနအားဖြင့် ၄-ဌာနတပ်ပါသည်။

ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ် တစ်ဌာန၊ပညိန္ဒြေ တစ်ဌာန၊ပဥ္စဗိုလ် တစ်ဌာန၊ ဓမ္မဝိစယသမ္ဗောဈ္ဈင် တစ်ဌာန၊သမ္မာဒိဋ္ဌိမဂ္ဂင် တစ်ဌာန အားဖြင့် ၅-ဌာနတပ်ပါ သည်။

သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ တစ်ဌာန၊သဒ္ဓါဗိုလ် တစ်ဌာနအားဖြင့် ၂-ဌာန တပ်ပါသည်။

သာဓကကား ။　　။ သင်္ကပ္ပသဿဒ္ဓိ စ (ပ) ဝိဘာဂေါ ဖြစ်ပါသည်။

နဝ-နှစ်ခုအရ ထူးခြားကွဲပြားပုံ

နဝေကဌာနာ ဝိရိယံ နဝဋ္ဌ-ဌ္ဌိ နဝ-နှစ်ခုတို့၏ အထူးကား....

နဝေကဌာနာဌ္ဌ နဝ-အရ ဝိတက်,ပဿဒ္ဓိ,ပီတိ,တတြမဇ္ဈတ္တတာ,ဆန္ဒ, လောကုတ္တရာစိတ်,ဝိရတိစေတသိက် ၃-ပါး အားဖြင့် တစ်ဌာနစီတပ်သော ဗောဓိပက္ခိယ တရား ၉-ပါးကို ရပါသည်။

ဝိရိယံ နဝဋ္ဌ-ဌ္ဌိ နဝအရ- သမ္မပ္ပဓာန် ၄-ဌာန၊ဝိရိယိဒ္ဓိပါဒ် တစ်ဌာန၊ဝိရိယိန္ဒြေ တစ်ဌာန၊ဝီရိယဗိုလ် တစ်ဌာန၊ဝီရိယသမ္ဗောဈ္ဈင် တစ်ဌာန၊သမ္မာဝါယာမမဂ္ဂင် တစ်ဌာန အားဖြင့် ဝိရိယစေတသိက်တပ်သောဌာန ၉-ပါးကို ရပါသည်။ဤသို့ထူးပါသည်။

မှတ်ချက် ။　　။သင်္ကပ္ပသဿဒ္ဓိ စ-စသောဂါထာများလာ နဝ အဋ္ဌ-စသော သန္ဓိဘတို့၏ သရှေ်ယျာကို ကောက်ခိုင်းလျှင် အထက်ပါသရုပ်ကိုမှီး၍ ကောက်ပါ။

ဂါထာအဓိပ္ပါယ်ရှင်းချက်

သမ္မေ လောကုတ္တရေ ဟောန္တိ- အစရှိသော ဤဂါထာသည် အလုံးစုံသောဗောဓိ ပက္ခိယတရာတို့၏ တရားကိုယ်ကောက်ပုံမှတ်ချက်ပြ သင်္ဂဟဂါထာဖြစ်ပါသည်။ဗောဓိ ပက္ခိယတရားတို့၏ တရားကိုယ်ရထိုက်ရာစိတ်ကို သတ်မှတ်ပြသော သင်္ဂဟဂါထာဟူ၍ လည်း ခေါ်ပါသည်။ထိုဂါထာဌ် "သမ္မေ လောကုတ္တရေ ဟောန္တိ" ဟူသောပါဌ်ဖြင့် လောကုတ္တရာစိတ်ဌ် အလုံးစုံသော ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်သည်၏ အဖြစ်ကို ပြပါသည်။

http://www.dhammadownload.com

နဝါ သင်္ကပ္ပဝိတိယော-ဟူသောပါဠိဖြင့် လောကုတ္တရာဒုတိယစျာန် စသည်တို့၌ ဝိတက်စေတသိက်ကို မရအပ်သည်၏အဖြစ်ကိုလည်းကောင်း၊လောကုတ္တရာစတုတ္ထစျာန်, ပဉ္စမစျာန်တို့၌ ဝိတက်,ဝိတိစေတသိက်တို့ကို မရအပ်သည်၏အဖြစ်ကိုလည်းကောင်းပြပါသည်။

လောကိယေပိ-အရ မဟာဝိပါက်နှင့် မဟဂ္ဂုတ်ဝိပါက်တို့ကို မယူရခြင်းအကြောင်း

လောကိယေပိ ယထာယောဂံ-၌ လောကိယေပိအရ... လောကိသောဘနစိတ်တို့တွင် မဟာဝိပါက်,မဟဂ္ဂုတ်ဝိပါက်စိတ်တို့ကို မယူရပါ။အကြောင်းကား... ၄င်းစိတ်တို့သည် ပဋိသန္ဓေ,ဘဝင်,စုတိ,တဒါရုံကိစ္စလောက်သာ တပ်နှိုင်၍ သီလဝိသုဒ္ဓိ-စသည်တို့ကို မဖြစ်စေနိုင်သောကြောင့် ဖြစ်ပါသည်။

လောကုတ္တရာ ပထမစျာန်စသည်၌ ရနိုင်သော ဗောဓိပက္ခိယတရားများ

လောကုတ္တရာ ပထမစျာန်စိတ်၌ ၃၇-ပါးသောဗောဓိပက္ခိယတရားကို ရပါသည်။ နဝါ သင်္ကပ္ပဝိတိယော-ဟူသော သင်္ဂဟပါဠိကိုထောက်၍ လောကုတ္တရာဒုတိယစျာန်, တတိယစျာန်တို့၌ ဝိတက်ကြဉ်သော ၃၆-ပါးသော ဗောဓိပက္ခိယတရားတို့ကို ရပါသည်။

လောကုတ္တရာ စတုတ္ထစျာန်,ပဉ္စမစျာန်တို့၌ ဝိတက်,ဝိတိကြဉ်သော ၃၅-ပါး သော ဗောဓိပက္ခိယတရားတို့ကို ရပါသည်။

ဗောဓိပက္ခိယသင်္ဂဟပြီး၏။

* * * * *

သဗ္ဗသင်္ဂဟ

ခန္ဓာစသည် မည်ပုံ

အတိတ်,အနာဂတ်,ပစ္စုပ္ပန်-အစရှိသော အပြားတို့ဖြင့်ပြားကုန်သော ထိုထို

http://www.dhammadownload.com

သဘောတရားတို့ကို တစ်ပေါင်းတည်းပေါင်းစုတတ်ခဲ့လေသောကြောင့် ခန္ဓာမည်ပါသည်။

ခန္ဓာ ၅-ပါး

သဗ္ဗသင်္ဂဟ၌ ခန္ဓာတို့သည် သရုပ်အားဖြင့် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာအားဖြင့် ၅-ပါးအပြားရှိပါသည်။

သာဓကကား ။　။ သဗ္ဗသင်္ဂဟေ (ပ) ဝိညာဏက္ခန္ဓော ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့်....

ရုပ်အင္ဒြိယသည် ရူပက္ခန္ဓာ မည်ပါသည်။

စေတသိက်ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်ပါသည်။

သညာသည် သညာက္ခန္ဓာ မည်ပါသည်။

ဝေဒနာ,သညာမှကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာ မည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-သည် ဝိညာဏက္ခန္ဓာ မည်ပါသည်။

နိဗ္ဗာန်သည် ခန္ဓာဟူသောအရေအတွက်မှ လွတ်ပါသည်။ ဤသို့လျှင် ခန္ဓာ ၅-ပါးဖြစ်သတည်း။

ခန္ဓာ ၅-ပါးပြားရပုံ

ထိုခန္ဓာတို့သည် အိုးခွက်,ဘောဇဉ်,ဟင်းလျာ,စဖိုသည်,သုံးဆောင်စားသောက်သူတို့၏ အစွမ်းဖြင့် ၅-ပါးအပြားရှိပါသည်။

ခန္ဓာ ၅-ပါးတို့တွင် ရူပက္ခန္ဓာသည် အိုးခွက်နှင့်တူပါသည်။ဝေဒနာက္ခန္ဓာသည် ဘောဇဉ်နှင့်တူပါသည်။သညာက္ခန္ဓာသည် ဟင်းလျာနှင့်တူပါသည်။သင်္ခါရက္ခန္ဓာသည် စဖိုသည်နှင့်တူပါသည်။ဝိညာဏက္ခန္ဓာသည် သုံးဆောင်စားသောက်သူနှင့်တူပါသည်။

ဥပါဒါနက္ခန္ဓာ ၅-ပါး

ဥပါဒါနက္ခန္ဓာသည် သရုပ်အားဖြင့် ရူပုပါဒါနက္ခန္ဓာ,ဝေနုပါဒါနက္ခန္ဓာ,သညု

http://www.dhammadownload.com

ပါဒါနကွန္ဓာ,သခ်ိဳရုပါဒါနကွန္ဓာ, ဝိညာဏုပါဒါနကွန္ဓာ-အားဖြင့် ၅-ပါးအပြားရှိပါသည်။
သာဓကကား ။ ။ ပဉ္စုပါဒါနကွန္ဓာ (ပ) ဝိညာဏုပါဒါနကွန္ဓာ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၅-ပါးတို့တွင် တရားကိုယ်အားဖြင့်....

ရုပ်အဋ္ဌဝီသသည် ရူပုပါဒါနကွန္ဓာ မည်ပါသည်။

လောကီစိတ်ဧကသီတိဒ္ဓိရှိသော စေတသိက်ဒွေးပညာသတို့တွင် ဝေဒနာစေတသိက်သည် ဝေဒနုပါဒါနကွန္ဓာ မည်ပါသည်။

သညာစေတသိက်သည် သညုပါဒါနကွန္ဓာ မည်ပါသည်။

ဝေဒနာ,သညာမှကြွင်းသော စေတသိက်ပညာသသည် သခ်ိဳရုပါဒါနကွန္ဓာ မည်ပါသည်။

လောကီစိတ်ဧကသီတိသည် ဝိညာဏုပါဒါနကွန္ဓာ မည်ပါသည်။

လောကုတ္တရာစိတ် ၈-ခု၊စေတသိက်ဆတ္တိသ၊နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရား ၉-ပါးသည် ဥပါဒါနကွန္ဓာဟူသော အရေအတွက်မှလွတ်ပါသည်။ဤသို့လျှင် ဥပါဒါနကွန္ဓာ ၅-ပါးဖြစ်ပါသည်။

ဥပါဒါနကွန္ဓာ ၅-ပါး ထပ်ဟောရခြင်းအကြောင်း

ဥပါဒါနကွန္ဓာတို့သည် သာမညခန္ဓာ၌ အကျုံးဝင်ပြီးဖြစ်သော်လည်း ဤဥပါဒါနကွန္ဓာတို့သာ ဝိပဿနာ၏အာရုံသို့ရောက်၏ဟု ပြလိုသောကြောင့် ဥပါဒါနကွန္ဓာတို့ကိုထပ်၍ ဟောရပါသည်။

ပဉ္စကွန္ဓာနှင့် ဥပါဒါနကွန္ဓာအထူး

သဗ္ဗသဘာဂဓမ္မတို့ကို သိမ်းယူခြင်းအကျိုးငှာသာသဝ,အနာသဝတရားတို့ကို ဟောခြင်းသည် ပဉ္စကွန္ဓာ မည်ပါသည်။

ဝိပဿနာ၏အာရုံကို သိမ်းဆည်းခြင်းငှာ သာသဝတရားကိုသာ ဟောခြင်းသည် ဥပါဒါနကွန္ဓာ မည်ပါသည်။ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ခန္ဓဝိမုတ်နှင့် ဥပါဒါနက္ခန္ဓာဝိမုတ်တရား ခြားနားချက်

ခန္ဓဝိမုတ်တရားကား...နိဗ္ဗာန်ဖြစ်ပါသည်။

ဥပါဒါနက္ခန္ဓာဝိမုတ်တရားကား...လောကုတ္တရာစိတ် ၈-ခု၊ စေတသိက်ဆယ်ပြီသ၊ နိဗ္ဗာန် ဟူဆိုအပ်သော လောကုတ္တရာတရား ၉-ပါးဖြစ်ပါသည်။ဤသို့ ခြားနားပါသည်။

အာယတန ၁၂-ပါး

အာယတနမည်ပုံ

ထိုထို၌ရ၊အာရုံတို့၌ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့သည် ထိုထိုသို့သော အာရုံကိုခံစားခြင်းအစရှိသော မိမိတို့ကိစ္စဖြင့် အားထုတ်ရာဌာနဖြစ်သောကြောင့် အာယတန တို့မည်ပါသည်။

တစ်နည်း ။　။　၌ရ၊အာရုံသည်ပင် ရှည်စွာသောသံသရာဝဋ်ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အာယတနတို့ မည်ပါသည်။

အာယတန ၁၂-ပါး

အာယတနတို့သည် သရုပ်အားဖြင့် စက္ခာယတန၊သောတာယတန၊ဃာနာယတန၊ ဇိဝှါယတန၊ကာယာယတန၊မနာယတန၊ရူပါယတန၊သဒ္ဒါယတန၊ဂန္ဓာယတန၊ ရသာယတန၊ဖောဋ္ဌဗ္ဗာယတန၊ဓမ္မာယတန-အားဖြင့် ၁၂-ပါး အပြားရှိပါသည်။

သာဓကကား ။　။ ၌ဒသာယတနာနိ (ပ) ဓမ္မာယတနံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၁၂-ပါးတို့တွင် တရားကိုယ်အားဖြင့်....

စက္ခုပသာဒရုပ်သည် စက္ခာယနမည်ပါသည်။ သောတပသာဒရုပ်သည် သောတာယတနမည်ပါသည်။ ဃာနပသာဒရုပ်သည် ဃာနာယတနမည်ပါသည်။ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်ပါသည်။ ကာယပသာဒရုပ်သည် ကာယာယတနမည်ပါသည်။ စိတ်တစ်ခုယုတ် ၉၀-သည် မနာယတနမည်ပါသည်။ ရူပါရုံသည် ရူပါယတနမည်ပါသည်။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်ပါသည်။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်ပါသည်။

http://www.dhammadownload.com

ရသာရုံသည် ရသာယတနမည်ပါသည်။ ပထဝီ,တေဇော,ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်ပါသည်။ စေတသိက်ဒွေပညာသ,သုခမရုပ်သောဋ္ဌသ,နိဗ္ဗာန်သည် ဓမ္မာယတနမည်ပါသည်။

ဤသို့လျှင် အာယတန ၁၂-ပါးဖြစ်သတည်း။

အဏ္ဏတ္တိကာယတနနှင့် ဗာဟိရာယတန

အာယတန ၁၂-ပါးတို့တွင် စက္ခာယတန,သောတာယတန,ဃာနာယတန, ဇိဝှါယတန,ကာယာယတန,မနာယတနအားဖြင့် ဤ ၆-ပါးသော အာယတနတို့သည် အဏ္ဏတ္တိကာယတနတို့ မည်ပါသည်။

ရူပါယတန,သဒ္ဒါယတန,ဂန္ဓာယတန,ရသာယတန,ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန-အားဖြင့် ဤ၆-ပါးသော အာယတနတို့သည် ဗာဟိရာယတနတို့ မည်ပါသည်။

ဓာတ် ၁၈-ပါး

ဓာတ်မည်ပုံ

မိမိတို့၏သဘောကို ဆောင်တတ်ခဲ့လေသောကြောင့် ဓာတ်တို့မည်ပါသည်။

ဓာတ် ၁၈-ပါး

ဓာတ်တို့သည် သရုပ်အားဖြင့် စက္ခုဓာတ်,သောတဓာတ်,ဃာနဓာတ်,ဇိဝှါဓာတ်, ကာယဓာတ်,ရူပဓာတ်,သဒ္ဒဓာတ်,ဂန္ဓဓာတ်,ရသဓာတ်,ဖောဋ္ဌဗ္ဗဓာတ်,စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်,ဃာနဝိညာဏဓာတ်,ဇိဝှါဝိညာဏဓာတ်,ကာယဝိညာဏဓာတ်, မနောဓာတ်,မနောဝိညာဏဓာတ်,ဓမ္မဓာတ်-အားဖြင့် ၁၈-ပါး အပြားရှိပါသည်။

သာဓကကား ။ ။ အဋ္ဌာရသဓာတုယော (ပ) ဓမ္မဓာတု ဖြစ်ပါသ့ည်။

ထို ၁၈-ပါးတို့တွင် တရားကိုယ်အားဖြင့်....

စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်ပါသည်။ သောတပသာဒရုပ်သည် သောတဓာတ်မည်ပါသည်။ ဃာနပသာဒရုပ်သည် ဃာနဓာတ်မည်ပါသည်။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ်မည်ပါသည်။ ကာယပသာဒရုပ်သည် ကာယဓာတ်မည်ပါသည်။ ရူပါရုံသည်

http://www.dhammadownload.com

ရူပဓာတ်မည်ပါသည်။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်ပါသည်။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်ပါသည်။ ရသာရုံသည် ရသဓာတ်မည်ပါသည်။ ပထဝီ,တေဇော,ဝါယော ဟူဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်ပါသည်။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ် မည်ပါသည်။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်ပါသည်။ ဃာန ဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ် မည်ပါသည်။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏ ဓာတ်မည်ပါသည်။ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်ပါသည်။ ပဉ္စဒ္ဒါရာ ဝဇ္ဇန်း,သမ္ပဋိစ္ဆိန်းဒွေးသည် မနောဓာတ် မည်ပါသည်။ ဒွေးပဉ္စဝိညာဏ် ၁၀,မနောဓာတ် ၃-ခုမှကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်ပါသည်။ စေတသိက် ဒွေပညာသ,သုခုမရူပသောဠသ,နိဗ္ဗာန်သည် ဓမ္မဓာတ်မည်ပါသည်။

ဤသို့လျှင် ဓာတ် ၁၈-ပါးဖြစ်သတည်း။

မှတ်ချက် ။　　။ ဓာတ် ၁၈-ပါးတို့တွင် စက္ခုဓာတ်အစ ဖောဋ္ဌဗ္ဗဓာတ်အထိ ၁၀-ပါးသည် (ရူပဓာတ်) ရုပ်ဓာတ်၊စက္ခုဝိညာဏဓာတ်မှ မနောဝိညာဏဓာတ်အထိ ၇-ပါးသည်(နာမဓာတ်)နာမ်ဓာတ်၊ဓမ္မဓာတ်သည် ရုပ်,နာမ် ၂-ပါးရောသော နာမရူပဓာတ်တို့ ဖြစ်ပါသည်။

သစ္စာ ၄-ပါး

အရိယသစ္စာမည်ပုံ

အရိယာပုဂ္ဂိုလ်တို့၏အဖြစ်ကို ပြုတတ်သည်ဖြစ်၍ မှန်ကန်တတ်ခဲ့လေသော ကြောင့်သစ္စာတို့ မည်ပါသည်။

သစ္စာ ၄-ပါး

အရိယသစ္စာတို့သည် ဒုက္ခအရိယသစ္စာ,ဒုက္ခသမုဒယအရိယသစ္စာ,ဒုက္ခနိရောဓ အရိယသစ္စာ,ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ-အားဖြင့် ၄-ပါးဖြစ်ပါသည်။

တစ်နည်း　　။　　။ သစ္စာတို့သည် သရုပ်အားဖြင့် ဒုက္ခသစ္စာ,သမုဒယသစ္စာ,နိရောဓ သစ္စာ,မဂ္ဂသစ္စာအားဖြင့် ၄-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

သာဓကကား။ ။ စတ္တာရီ အရိယသစ္စာနိ (ပ) အရိယသစ္စံ ဖြစ်ပါသည်။

တရားကိုယ်အရကောက်

ထို ၄-ပါးတို့တွင် တရားကိုယ်အားဖြင့် လောကီစိတ်ဧကသီတိ,လောဘကြဉ်သော စေတသိက်ဧကပညာသ,ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်ပါသည်။

လောဘစေတသိက်သည် သမုဒယသစ္စာမည်ပါသည်။

နိဗ္ဗာန်သည် နိရောဓသစ္စာမည်ပါသည်။

မဂ်စိတ် ၄-ခုဒ္ဒုရှိသော သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ-ဟုဆိုအပ်သော (ပညာ,ဝိတက်, သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,ဝီရိယ,သတိ,ဧကဂ္ဂတာ-ဟုဆိုအပ်သော) မဂ္ဂင်တရားကိုယ် ၈-ပါးသည် မဂ္ဂသစ္စာမည်ပါသည်။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု,ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် (လောကုတ္တရာစိတ် ၈-ခု,မဂ္ဂင်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက်ဆတ္တိသသည်)သစ္စာဟူသောအရေ အတွက်မှလွတ်၏။ဤသို့လျှင်သစ္စာအားဖြင့်၄ပါးဖြစ်ပါသည်။

သစ္စာ ၄-ပါးပြားရခြင်းအကြောင်း

သစ္စာတို့သည် ဒုက္ခ သမုဒယ-ဟူသော သံကိလိဋ္ဌ၊ နိရောဓ မဂ္ဂ-ဟူသော အသံကိလိဋ္ဌ၊ ဒုက္ခနိ ရောဓ-ဟူသော ဖလ၊ သမုဒယ မဂ္ဂ-ဟူသော ဟေတုတို့၏အစွမ်းဖြင့် ၄-ပါးပြားရပါသည်။

သံကိလိဋ္ဌသစ္စာ စသည်များ

သစ္စာ ၄-ပါးတို့တွင် ဒုက္ခသစ္စာ,သမုဒယသစ္စာ ၂-ပါးသည် သံကိလိဋ္ဌသစ္စာ မည်ပါသည်။

နိရောဓသစ္စာ, မဂ္ဂသစ္စာ ၂-ပါးသည် အသံကိလိဋ္ဌသစ္စာ မည်ပါသည်။

ဒုက္ခသစ္စာ, နိရောဓသစ္စာ ၂-ပါးသည် ဖလသစ္စာ မည်ပါသည်။ (ဝါ) အကျိုးသစ္စာ မည်ပါသည်။

သမုဒယသစ္စာ,မဂ္ဂသစ္စာ ၂-ပါးသည် ဟေတုသစ္စာမည်ပါသည်။ (ဝါ) အကြောင်း

http://www.dhammadownload.com

သစ္စာ မည်ပါသည်။

တရားကိုယ်ကောက်နည်းပြ
ဓမ္မာယတန,ဓမ္မဓာတ်တရားကိုယ်

ဇတ္တ ပန စေတသိက (ပ) ဂစ္ဆန္တိ-ဟူသော သင်္ဂဟပါဠိသည် ဓမ္မာယတန,ဓမ္မဓာတ်တို့၏ တရားကိုယ်ကိုပြသော ပါဠိဖြစ်ပါသည်။

သဗ္ဗသင်္ဂဟ၌ စေတသိက်ဒွေပညာသ,သုခုမရုပ်သောဠသ,နိဗ္ဗာန်အားဖြင့် ဤတစ်ခုယုတ် ၇၀-သောတရားတို့သည် ဓမ္မာယတန,ဓမ္မဓာတ်တို့၏ တရားကိုယ်ဖြစ်သော တရားတို့မည်ပါသည်။ .

သာဓကကား ။　　။ ဇတ္တ ပန စေတသိက (ပ) သဒ် ဂစ္ဆန္တိ ဖြစ်ပါသည်။

သတ္တဝိညာဏဓာတ်တရားကိုယ်

မနာယတနမေဝ သတ္တဝိညာဏဓာတုဝေန ဘိန္နတိ-ဟူသော(သင်္ဂဟပါဠိ) ပါဠိသည် သတ္တဝိညာဏဓာတ်တို့၏ တရားကိုယ်ကိုပြသော ပါဠိဖြစ်ပါသည်။

မနာယတနတစ်ခုသည်သာလျှင် သတ္တဝိညာဏဓာတ်၏အစွမ်းဖြင့် ပြားရပါသည်။

သာဓကကား ။　　။ မနာယတနမေဝ သတ္တဝိညာဏဓာတုဝေန ဘိန္နတိ ဖြစ်ပါသည်။

မှတ်ချက် ။　　။ မနာယတနကို ဓာတ်ဖွဲ့ပြပါဟု မေးခဲ့လျှင် မနာယတနအရ စိတ်တစ်ခုယုတ် ၉၀-ကိုရသောကြောင့် စိတ်တစ်ခုယုတ် ၉၀-ကို ဓာတ်ဖြင့် ဖွဲ့ပြရန်ဖြစ်သည်။

မနာယတနအရ.... စိတ်တစ်ခုယုတ် ၉၀-တို့တွင် စက္ခုဝိညာဏ်ခွေးသည် စက္ခုဝိညာဏဓာတ်မည်၏ စသည်ဖြင့် ဖွဲ့ရပါသည်။

ခန္ဓာ ၅-ပါးတရားကိုယ်ပြ သင်္ဂဟဂါထာ

ရူပဋ္ဌ ဝေဒနာသညာ-အစရှိသော ဤဂါထာသည် ခန္ဓာ ၅-ပါး၏(ပဋ္ဌာန်းခန္ဓာ၏) တရားကိုယ်ကိုပြသော သင်္ဂဟဂါထာ ဖြစ်ပါသည်။

ခန္ဓာ ၅-ပါးတို့တွင် တရားကိုယ်အားဖြင့် ရုပ်အဋ္ဌဝိသသည် ရူပက္ခန္ဓာ မည်ပါသည်။ (ပ)စိတ်တစ်ခုယုတ် ၉၀-သည် ဝိညာဏက္ခန္ဓာ မည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ရူပဋ္ဌ ဝေဒနာသညာ (ပ) ဘာသိတာ ဖြစ်ပါသည်။

ဥပါဒါနက္ခန္ဓာတရားကိုယ်ပြဂါထာ

ပဋ္ဌုပါဒါနက္ခန္ဓာတထာ တောဘူမကာ မတာ-ဟူသော ဤဂါထာ ၂-ပါဒသည် ဥပါဒါနက္ခန္ဓာ ၅-ပါး၏(ပဋ္ဌုပါဒါနက္ခန္ဓာ၏)တရားကိုယ်ကိုပြသောဂါထာ ၂-ပါဒ ဖြစ်ပါသည်။

ဥပါဒါနက္ခန္ဓာ ၅-ပါးတို့တွင် တရားကိုယ်အားဖြင့် ရုပ်အင်္ဂဗေဒသသည် ရူပုပါဒါန ကွန္ဓာမည်ပါသည်။

လောကီစိတ်ဧကသီတိဠ်ရှိသော စေတသိက်ဒွေးပညာသတို့တွင်(ပ)လောကီစိတ် ဧကသီတိသည် ဝိညာဏုပါဒါနက္ခန္ဓာ မည်ပါသည်။

သာဓကကား ။ ။ ပဋ္ဌုပါဒါကွန္ဓာတိ (ပ) မတာ ဖြစ်ပါသည်။

နိဗ္ဗာန်၏ခန္ဓာဝိမုတ်ဖြစ်ပုံ အကြောင်းပြသင်္ဂဟဂါထာ

ဘေဒါဘာဝေန နိဗ္ဗာနံ၊ခန္ဓသင်္ဂဟနိဿဋ္ဌံ-ဟူသော ဤဂါထာ ၂-ပါဒသည် နိဗ္ဗာန်၏ ခန္ဓဝိမုတ်ဖြစ်ရခြင်းအကြောင်းပြ ဂါထာ ၂-ပါဒဖြစ်ပါသည်။

နိဗ္ဗာန်၏ခန္ဓာဝိမုတ်ဖြစ်ရခြင်းအကြောင်း

နိဗ္ဗာန်သည် ပစ္စုပ္ပန်,အတိတ်,အနာဂတ်,အဖျတ္တ,ဗဟိဒ္ဓ,ဒူရ,အာသန္န,ဟီန, ပဏီတ,သုခုမ,သြဠာရိက-ဟုဆိုအပ်သော ၁၁-ပါးသောအပြားဓ၏ မရှိခြင်းကြောင့် ခန္ဓာဟူသောအရေအတွက်မှ လွတ်ရပါသည်။ (ဝါ) ခန္ဓာဖွဲ့ရာတွင် မပါဝင်ရခြင်း ဖြစ်ပါ သည်။

ဒွါရာလမ္ဗဏာဘေဒေန၊ဘဝင်္ဂဘယတနာနိ စ-ဟူသော ဂါထာ ၂-ပါဒသည် အာယတန ၁၂-ပါး ပြားရခြင်းအကြောင်းကိုပြသော ဂါထာ ၂-ပါဒဖြစ်ပါသည်။

အာယတနတို့သည် ၆-ပါးသောဒွါရ,၆-ပါးသောအာရုံတို့၏အပြားဖြင့် ပြားသော ကြောင့် ၁၂-ပါးပြားရပါသည်။

သာဓကကား ။ ။ ဒွါရာလမ္ဗဏာဘေဒေန (ပ) ယတနာနိ စ ဖြစ်ပါသည်။

http://www.dhammadownload.com

ဓာတ် ၁၈-ပါးပြားရခြင်းအကြောင်း

ဒွါရာလမ္ဗတဒုပ္ပန္နပရိယာယေန ဓာတုယော-ဟူသော ဂါထာ ၂-ပါဒသည် ဓာတ် ၁၈-ပါးပြားရခြင်းအကြောင်းကိုပြသော ဂါထာ ၂-ပါဒဖြစ်ပါသည်။

ဓာတ်တို့သည် ၆-ပါးသောဒွါရ, ၆-ပါးသောအာရုံ,ထိုဒွါရ,ထိုအာရုံကိုမှီ၍ ဖြစ်ကုန်သော ဝိညာဏ်တို့၏ အစဉ်ဖြင့်ဖြစ်သောကြောင့် ၁၈-ပါးပြားရပါသည်။

ဒွါရ,အာရုံ,ဝိညာဏ် တွဲစပ်ပုံ

ဒွါရလမ္ဗတဒုပ္ပန္နပရိယာယေန အရ... ဒွါရ ၆-ဖုံ,အာရုံ ၆-တန်,ဝိညာဏ် ၆-သွယ် တွဲစပ်ပုံကား...

စက္ခွါဒွါရ,ရူပါရုံ,စက္ခွါဝိညာဏ်၊
သောတဒွါရ,သဒ္ဒါရုံ,သောတဝိညာဏ်၊
ဃာနဒွါရ,ဂန္ဓာရုံ,ဃာနဝိညာဏ်၊
ဇိဝှါဒွါရ,ရသာရုံ,ဇိဝှါဝိညာဏ်၊
ကာယဒွါရ,ဖောဋ္ဌဗ္ဗာရုံ,ကာယဝိညာဏ်၊
မနောဒွါရ,ဓမ္မာရုံ,မနောဝိညာဏ်တို့ကို အသီးသီးတွဲစပ်ရပါသည်။

သစ္စာ ၄-ပါးတရားကိုယ်ပြဂါထာ
အမှန်တရား ၄-ပါး တရားကိုယ်ပြဂါထာ

ဒုက္ခံ တေဘူမကံ ဝဋ္ဋ-အစရှိသော သင်္ဂီဟဂါထာသည် သစ္စာ ၄-ပါး၏ (အမှန်တရား ၄-ပါး၏) တရားကိုယ်ကိုပြသော သင်္ဂီဟဂါထာဖြစ်ပါသည်။

သစ္စာ ၄-ပါးတို့တွင် တရားကိုယ်အားဖြင့် လောကီစိတ်၈၁သိတို,လောကြွင်းသော စေတသိက်၈၀ပညာသ,ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်ပါသည်။ (လ)မဂ်စိတ် ၄-ခုဌ္ဌိသော ပညာ, ဝီတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ-ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈-ပါးသည် မဂ္ဂသစ္စာမည်ပါသည်။

သာဓကကား ။　　။　ဒုက္ခံ (ပ) မတော ဖြစ်ပါသည်။

http://www.dhammadownload.com

သစ္စာဝိမုတ်ပြပါဠိ

မဂ္ဂယုတ္တာ ဖလာ စေဝ၊စတုသစ္စဝိနိဿဋ္ဌာ-အစရှိသော ဤဂါထာ ၂-ပါဒသည် သစ္စာဝိမုတ်တရားတို့ကိုပြသော ဂါထာ ၂-ပါဒဖြစ်ပါသည်။

မဂ္ဂင် ၈-ပါးနှင့်ယှဉ်သော မဂ်စိတ္တုပါဒ် ၂၉-ခုတို့သည်လည်းကောင်း၊ဖိုလ်စိတ္တုပါဒ် ၃၇-ခုတို့သည်လည်းကောင်း သစ္စာဟူသောအရေအတွက်မှ လွတ်ပါသည်။

တစ်နည်း ။ ။ လောကုတ္တရာစိတ် ၈-ခု၊မဂ္ဂင်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ဆတ္တိသသည် သစ္စာဟူသော အရေအတွက်မှလွတ်ပါသည်။

သာဓကကား ။ ။ မဂ္ဂယုတ္တာ ဖလာ စေဝ၊ စတုသစ္စဝိနိဿဋ္ဌာ ဖြစ်ပါသည်။

မဂ်စိတ္တုပ္ပါဒ် ၂၉-ခုဖြစ်ပုံ

မဂ်စိတ် ၄-ခုဌ်ရှိသော စေတသိက် ၃၆-ပါးတို့တွင် မဂ္ဂင်တရားကိုယ် ၈-ပါးကြဉ်သောစေတသိက် ၂၈-ပါးနှင့် မဂ်စိတ် ၄-ခုကို အာရမ္မဏာဝိဇာနနလက္ခဏာအားဖြင့် တူ၍ တစ်ပါးတည်းယူ၍ ပေါင်းလိုက်သည်ရှိသော် မဂ်စိတ္တုပ္ပါဒ် ၂၉-ခုဖြစ်ပါသည်။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးဖြစ်ပုံ

ဖိုလ်စိတ် ၄-ခုဌ်ယှဉ်သော စေတသိက် ၃၆-ပါးနှင့် ဖိုလ်စိတ် ၄-ခုကို အာရမ္မဏာဝိဇာနနလက္ခဏာအားဖြင့်တူ၍ တစ်ပါးတည်းယူ၍ ပေါင်းလိုက်သည်ရှိသော် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးဖြစ်ပါသည်။

ခန္ဓဝိမုတ်နှင့် သစ္စာဝိမုတ်တရား

ဘေဒါဘာဝေန နိဗ္ဗာန်၊ခန္ဓသင်္ခါဟနိဿဋ္ဌံ-ဟူသော သင်္ခါဟပါဌ်ကိုထောက်၍ ခန္ဓဝိမုတ်တရားကား နိဗ္ဗာန်ဖြစ်ပါသည်။

မဂ္ဂယုတ္တာ ဖလာ စေဝ၊စတုသစ္စဝိနိဿဋ္ဌာ-ဟူသော သင်္ခါဟပါဌ်ကိုထောက်၍ သစ္စာဝိမုတ်တရားကား မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုဖြစ်ပါသည်။

တစ်နည်း ။ ။ လောကုတ္တရာစိတ် ၈-ခု၊မဂ္ဂင်တရားကိုယ် ၈-ပါးကြဉ်သော

http://www.dhammadownload.com

စေတသိက်ဆတ္တိသ ဖြစ်ပါသည်။

သစ္စ ၄-ပါးမှလွတ်သောတရား ရှိပုံ/မရှိပုံ
ရှင်းလင်းချက်

စတုသစ္စဝိနိမုတ္တော ဧဃျော နာမ နတ္ထိ-ဟူသော နေတ္တိအဋ္ဌကထာအရ-သစ္စာ ၄-ပါးမှလွတ်သောတရားတို့ကို ထိုက်သလိုသစ္စာ ၄-ပါးခွဲထည့်သွင်းပုံကား... ဖိုလ်စိတ်၌ ယှဉ်သော ပညာ,ဝိတက်စသော မဂ္ဂင်တရားကိုယ် စ-ပါးကို မဂ်၏အကျိုးဖြစ်သောကြောင့် လည်းကောင်း၊မဂ်၌ယှဉ်သော စေတသိက်နှင့်ဖိုလ်၌ယှဉ်သော စေတသိက်တို့၏ အချင်းချင်း တူသောကြောင့်လည်းကောင်း၊မဂ္ဂသစ္စာ၌သွင်း၍ ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ဖိုလ်စိတ္တုပ္ပါဒ် ၂၉-ခုတို့ကို သခါရဒုက္ခအဖြစ်ဖြင့်တူသောကြောင့် ဒုက္ခသစ္စာ၌သွင်း၍ယူသည် ရှိသော် သစ္စာ ၄-ပါးမှလွတ်သော တရားဟူသည် မရှိတော့ပါ။ ထို့ကြောင့် "မဂ္ဂယုတ္တာ ဖလာ စေဝ၊စတုသစ္စဝိနိဿဋာ" ဟူသော သင်္ဂဟအဆိုနှင့် "စတုသစ္စ ဝိနိမုတ္တော ဧဃျော နာမ နတ္ထိ" ဟူသော နေတ္တိအဋ္ဌကထာလာ စကားနှစ်ရပ်တို့သည် မဆန့်ကျင်ပါ။

သမုဒ္ဒရာဦးဝိုင်းပြီး၏။

* * * * *

http://www.dhammadownload.com

ပစ္စည်းပိုင်း

ပစ္စည်းဝိုင်းခေါ်ရပုံ

ပစ္စည်း,ပစ္စယုပ္ပန်တရားတို့ကို ပြဆိုရာအဝိုင်းဖြစ်သောကြောင့် ဤအဝိုင်းကို ပစ္စည်းဝိုင်းဟု ခေါ်ပါသည်။

ပဋိညာဉ်

ယေသံ သခ်ိတဓမ္မာနံ အစရှိသော ဤဂါထာသည် ဝန်ခံမှုပဋိညာဉ်ကိုပြသော ဂါထာဖြစ်ပါသည်။

ဂါထာပါဠိတို့ဖြင့်ပြသော အဓိပ္ပါယ်များ

ထိုဂါထာ၌ ယေသံ သခ်ိတဓမ္မာနံ-ဟူသောပါဠိဖြင့် ပစ္စယုပ္ပန်တရားကို ပြပါသည်။ ယေ ဓမ္မာ-ဟူသောပါဠိဖြင့် ပစ္စည်းတရားကို ပြပါသည်။

ယထာ-ဟူသောပါဠိဖြင့် ဟေတုသတ္တိ,အာရမ္မဏသတ္တိ-အစရှိသော ၂၄-ပစ္စည်းတို့၏ ကျေးဇူးပြုနိုင်သောသတ္တိအပြားကို ပြပါသည်။

ပစ္စည်း,ပစ္စယုပ္ပန်

အကျိုးပေးတတ်သော အကြောင်းတရားသည် ပစ္စည်းမည်ပါသည်။အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရားသည် ပစ္စယုပ္ပန် မည်ပါသည်။

ကျေးဇူးပြုပုံ

ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား ဖြစ်ပေါ်စေခြင်းငှာလည်းကောင်း ဘည့်တုံ့စေခြင်းငှာလည်းကောင်း ကျေးဇူးပြုပါသည်။

ဆောင်။ ။ ဖြစ်စေ,တည်စေ၊ကျိုးနွှစ်ထွေ၊ခေါ်လေကျေးဇူးပြု။

ကျေးဇူးပြုခြင်း အဓိပ္ပါယ်

ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်ဟုဆိုရာ၌ မဖြစ်သေး

http://www.dhammadownload.com

သော ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၊ဖြစ်ပြီးသောပစ္စယုပ္ပန်တရားတို့ကို တည်တံ့အောင် ထောက်ပံ့ခြင်းကို ကျေးဇူးပြုသည်ဟု ခေါ်ပါသည်။

ပစ္စယုပ္ပန်ဖြစ်ထိုက်သော တရားများ

ယေသံ သခ်ိတဓမ္မာနံ-ဟူသော သင်္ဂဟပါဠိကိုထောက်၍ စိတ်,စေတသိက်, ရုပ်-ဟူသော သခ်ိတတရားတို့သာ ပစ္စယုပ္ပန်ဖြစ်ထိုက်ပါသည်။

ပစ္စည်းဖြစ်ထိုက်သော တရားများ

ယေ ဓမ္မာ-ဟု သာမညမိန့်ဆိုသောကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်ဟူသော သခ်ိတ,အသခ်ိတ တရားအားလုံးပင် ပစ္စည်းတရားဖြစ်ထိုက်ပါသည်။

နည်း ၂-ပါး

ပစ္စယသင်္ဂဟ၌ နည်းတို့သည် ပဋ္ဌာနသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းအားဖြင့် ၂-ပါး အပြား ရှိပါသည်။

သာဓကကား ။　　။ ပဋ္ဌာနသမုပ္ပါဒနယော (ပ) ဝေဒိတမ္မော ဖြစ်ပါသည်။

နည်း ၂-ပါးကိုပြသော ပါဠိများ

တတ္ထ တဿာဝဘာဝိဘာဝါ ကာရဏတ္တော ပလက္ခိတော-အစရှိသော ဤပါဠိသည် ပဋ္ဌာနသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်း ၂-ပါးတို့၏ မည်ပုံအထူးကိုပြသော ပါဠိ ဖြစ်ပါသည်။

ထိုပါဠိ၌ တဿာဝ ဘာဝိဘာဝါ ကာရဏတ္တော ပလက္ခိတော ပဋ္ဌာနသမုပ္ပါဒနယော ဟူသော ပါဠိသည် ပဋ္ဌာနသမုပ္ပါဒ်နည်းမည်ပုံကိုပြသောပါဠိ ဖြစ်ပါသည်။

ပဋ္ဌာနနယော ပန အာဟစ္စပစ္စယဋ္ဌိတိ မာရဗ္ဘ ပဝုစ္စတိ-ဟူသောပါဠိသည် ပဋ္ဌာန်းနည်းမည်ပုံကိုပြသောပါဠိ ဖြစ်ပါသည်။

နည်း ၂-ပါးအထူး

ထိုနည်း ၂-ပါးတို့တွင် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်သဖြင့်ဖြစ်လေ့ ရှိကုန်သော သခ်ါရအစရှိကုန်သော အကျိုးတရားတို့၏ဖြစ်သော အခြင်းအရာမျှဖြင့် မှတ်အပ်

http://www.dhammadownload.com

သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်ပါသည်။

အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော တည်ရာကိုအကြောင်းပြု၍ မိန့်ဆိုအပ်သောနည်းသည် ပဋ္ဌာန်းနည်း မည်ပါသည်။ ဤသို့ ထူးပါသည်။

သာဓကကား ။ ။ တတ္ထ (ပ) မာရဏ္တ ပဝုစ္စတိ ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်း

ထိုနည်း ၂-ပါးတို့တွင် ပဋိစ္စသမုပ္ပါဒ်နည်းသည် ဘေဒအားဖြင့် အဝိဇ္ဇာ,သင်္ခါရ, ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ, မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ-အားဖြင့် ၁၈-ပါး အပြားရှိပါသည်။

အဝိဇ္ဇာ၏တရားကိုယ်အရကောက်

ထို ၁၈-ပါးတို့တွင် သဒ္ဓာ ၄-ပါး,ပုဗ္ဗန္တ,အပရန္တ,ပုဗ္ဗန္တာပရန္တ,ပဋိစ္စသမုပ္ပါဒ် ဟုဆိုအပ်သော ဤ ၈-ပါးသောဌာနတို့၌ မသိတတ်သော (ဖုံးလွှမ်းတတ်သော) မောဟ စေတသိက်သည် အဝိဇ္ဇာမည်ပါသည်။

သင်္ခါရတို့၏တရားကိုယ်

လောကီကုသိုလ်,အကုသိုလ် ၂၉-ခုဖြစ်သော စေတနာ ၂၉-ခုသည် သင်္ခါရမည်ပါသည်။

သင်္ခါရ ၃-မျိုးနှင့်တရားကိုယ်

ထိုသင်္ခါရသည် ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရအားဖြင့် ၃-ပါးအပြားရှိပါသည်။

ထို ၃-ပါးတို့တွင် မဟာကုသိုလ်စိတ် ၈-ခု,ရူပကုသိုလ်စိတ် ၅-ခုဖြစ်သော စေတနာ ၁၃-ခုသည် ပုညာဘိသင်္ခါရမည်ပါသည်။

အကုသိုလ်စိတ် ၁၂သဖြစ်သော စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရမည်ပါသည်။

အရူပကုသိုလ် ၄-ခုဖြစ်သော စေတနာ ၄-ခုသည် အာနေဉ္ဇာဘိသင်္ခါရမည်ပါသည်။

http://www.dhammadownload.com

အရကောက်များ

သခ်ါရပစ္စယာ ဝိညာဏ်-၌ သခ်ါရအရ.... ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာသည် ကြင်အပ်သော ပဋိသန္ဓေ,ပဝတ္တိအခါ အာဘိညာဏ်စေတနာသည် ကြင်အပ်သော လောကီကုသိုလ်,အကုသိုလ်စေတနာတို့ကို ယူရပါသည်။

ဝိညာဏ်အရ... ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်ဓာတုနဝိသဟုဆိုအပ်သော ဝိညာဏ်, ပဝတ္တိအခါ လောကီဝိပါက်ဗာတ္တိသဟုဆိုအပ်သော ဝိညာဏ်ကို ယူရပါသည်။

ဝိညာဏပစ္စယာ နာမရူပံ-၌ နာမအရ... ပဋိသန္ဓေဝိညာဏ်နှင့်ယှဉ်သော စေတသိက်ပဉ္စတ္တိသကို ယူရပါသည်။

ရူပအရ... ကမ္မသမုဋ္ဌာနရူပ်ကို ယူရပါသည်။

နာမရူပပစ္စယာ သဠာယတနံ-၌ နာမအရ... ဝေဒနာက္ခန္ဓာအစရှိသော စေတသိက် ခန္ဓာ ၃-ပါးကို ယူရပါသည်။

ရူပအရ... မိမိသန္တာန်၌အကျုံးဝင်သော မဟာဘုတ် ၄-ပါး၊ဝတ္ထုရုပ် ၆-ပါး၊ ဇီဝိတိန္ဒြေတို့ကို ယူရပါသည်။

သဠာယတနံအရ... အဿုတ္တိကာယတန ၆-ပါး၊(တစ်နည်း)ဗာဟိရာယတန ၆-ပါးကို ယူရပါသည်။

ဖဿအရ... စက္ခုသမ္ဖဿအစရှိသော ဆဒ္ဒါရိကဖဿတို့ကို ယူရပါသည်။

ဝေဒနာအရ... သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာတို့ကို ယူရပါသည်။

တဏှာအရ... ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာတို့ကို ယူရပါသည်။

ဥပါဒါန်အရ... ကာမုပါဒါန်စသော ဥပါဒါန် ၄-ပါးကို ယူရပါသည်။

ဘဝ ၂-ခုအရ အထူး

ဥပါဒါနပစ္စယာ ဘဝေါ-၌ ဘဝအရ... ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်ခြင်းကြောင့် ကမ္မဘဝ,ဥပပတ္တိဘဝ ၂-ပါးလုံးကို ယူရပါသည်။

ဘဝပစ္စယာ ဇာတိ-၌ ဘဝအရ... ဇာတိ၏အကြောင်းဖြစ်သောကြောင့် ကမ္မဘဝကိုသာ ယူရပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

အဆုံးအဖြတ်

ထာဝရဘုရား-စသော တန်ခိုးရှင်တို့ဖန်ဆင်းခြင်းကြောင့် ပုဂ္ဂိုလ်သတ္တဝါတို့ ဖြစ်ပေါ်လာရသည်ဟူသော အယူဝါဒသည် **"စဝမေတာသ ကေဝလသ ဒုက္ခကွန္ဓသ သမုဒယော ဟောတိ"** ဟူသော သင်္ဂီဟပါဠိကိုထောက်၍ မမှန်ပါ။

ထို **"စဝမေတာသ"** စသောသင်္ဂီဟပါဠိဖြင့် ဣသရနိမ္မာန-စသောဝါဒကို ပယ်ပါသည်။

အိုခြင်း,သေခြင်းတို့၏ လက်ရင်းတရားခံအကြောင်းတရား

အိုခြင်း,သေခြင်းစသောတရားတို့၏ ဖြစ်ပေါ်ရခြင်းအကြောင်းရင်းမှာ **"ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ"** ဟူသော သင်္ဂီဟပါဠိကို ထောက်၍ ဇာတိသာဖြစ်ပါသည်။

မှတ်ချက်။ ။ အထက်ပါ ပဋိစ္စသမုပ္ပါဒ်တို့၏ တရားကိုယ်ကို ကောက်ပြခြင်းမှာ ဦးကာကျော်၌ဖွင့်သော သုတ္တန္တဘာဇနီယနည်းအားဖြင့် ကောက်ပြခြင်းဖြစ်သည်။ ဤမှနောက်တစ်နည်းအားဖြင့် ဓာတုကထာအရ ကောက်၌သုံးသော အာဘိဓမ္မာဘာဇနီယနည်းအလို ကောက်ပြဦးမည်။

ပဋိစ္စသမုပ္ပါဒ်တို့၏ တရားကိုယ်ကို အာဘိဓမ္မာနည်းအလို ကောက်ပုံ

ဘေဒအားဖြင့်ပြားသော ပဋိစ္စသမုပ္ပါဒ် ၁၈-ပါးတို့တွင် တရားကိုယ်အားဖြင့် သစ္စာ ၄-ပါးတရားကို ဖုံးလွှမ်းတတ်သော အကုသိုလ်စိတ်၌ဒသဋ္ဌိသော မောဟ စေတသိက်သည် အဝိဇ္ဇာမည်ပါသည်။

လောကီကုသိုလ်သတ္တရသ,အကုသိုလ်စိတ်၌ဒသဋ္ဌိသော စေတနာစေတသိက်သည် သင်္ခါရမည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-သည် ဝိညာဏ်မည်ပါသည်။

စေတသိက်ဒွေပညာသသည် နာမ်မည်ပါသည်။ရုပ်အဋ္ဌဝီသသည် ရုပ်မည်ပါသည်။စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသသည် နာမ်ရုပ်မည်ပါသည်။စိတ်တစ်ခုယုတ်

http://www.dhammadownload.com

၉၀, ပသာဒရုပ် ၅-ခုသည် သဋ္ဌာယတနမည်ပါသည်။ ထိုသဋ္ဌာယာတနသည် စက္ခာယတန (ပ) မနာယတနအားဖြင့် ၆-ပါးအပြားရှိပါသည်။ထို ၆-ပါးတို့တွင် စက္ခုပသာဒရုပ်သည် စက္ခာယတနမည်ပါသည်။ (ပ)စိတ်တစ်ခုယုတ် ၉၀-သည် မနာယတနမည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-၌ရှိသော ဖဿစေတသိက်သည် ဖဿမည်ပါသည်။ ထိုဖဿသည် စက္ခုသမ္ဖဿ (ပ) မနောသမ္ဖဿအားဖြင့် ၆-ပါးအပြားရှိပါသည်။ထို ၆-ပါးတို့တွင် စက္ခုဝိညာဏ်ဒွေးဥ်္ဂုံရှိသော ဖဿစေတသိက်သည် စက္ခုသမ္ဖဿမည်ပါသည်။ (ပ)ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၌ရှိသော ဖဿစေတသိက်သည် မနောသမ္ဖဿမည်ပါသည်။

စိတ်တစ်ခုယုတ် ၉၀-၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာမည်ပါသည်။ ထိုဝေဒနာသည် စက္ခုသမ္ဖဿဇာဝေဒနာ (ပ) မနောသမ္ဖဿဇာဝေဒနာအားဖြင့် ၆-ပါးအပြားရှိပါသည်။ထို ၆-ပါးတို့တွင် စက္ခုဝိညာဏ်ဒွေးဥ်္ဂုံရှိသော ဝေဒနာစေတသိက်သည် စက္ခုသမ္ဖဿဇာဝေဒနာမည်ပါသည်။(ပ) ကာယဝိညာဏ်ဒွေးဥ်္ဂုံရှိသော ဝေဒနာစေတသိက်သည် ကာယသမ္ဖဿဇာဝေဒနာမည်ပါသည်။ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၌ရှိသော ဝေဒနာစေတသိက်သည် မနောသမ္ဖဿဇာဝေဒနာ မည်ပါသည်။

တစ်နည်း ။ ။ ဝေဒနာသည် သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ အားဖြင့် ၃-ပါးအပြားရှိပါသည်။ထို ၃-ပါးတို့တွင် သုခသဟဂုတ်စိတ် ၆၃-ခု၌ရှိသော ဝေဒနာစေတသိက်သည် သုခဝေဒနာမည်ပါသည်။ ဒုက္ခသဟဂုတ်စိတ် ၂-ခု၌ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခဝေဒနာမည်ပါသည်။ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၌ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခာဝေဒနာမည်ပါသည်။

လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်သည် တဏှာမည်ပါသည်။ ထိုတဏှာသည် ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာ အားဖြင့် ၃-ပါးအပြားရှိပါသည်။ ထို ၃-ပါးတို့တွင် ကာမဂုဏ် ၅-ပါး၌ဖြစ်သောရာဂသည် ကာမတဏှာမည်ပါသည်။ ရူပ,အရူပဘုံတို့၌ တပ်နှစ်သက်တတ်သောရာဂလည်းကောင်း,ဈာန်၌တပ်နှစ်သက်တတ်သော ရာဂသည်လည်းကောင်း,သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည်

http://www.dhammadownload.com

လည်းကောင်း၊ဘဝ၏အစွမ်းအားဖြင့် တောင့်တသောတရားသည်လည်းကောင်း ဘဝတရားမည်ပါသည်။ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂသည် ဝိဘဝတရားမည်ပါသည်။

တစ်နည်း ။ ။ တရားသည် ရူပတရား (ပ) ဓမ္မတရားအားဖြင့် ၆-အပြားရှိပါသည်။ ထို၆-ပါးတို့တွင် ရူပါရုံ၌ သာယာတတ်သောလောဘစေတသိက်သည် ရူပတရား မည်ပါသည်။ (ပ) ဓမ္မာရုံ၌ သာယာတတ်သော လောဘ စေတသိက်သည် ဓမ္မတရားမည်ပါသည်။

လောဘမူစိတ် ၈-ခု၌ရှိသော လောဘ,ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဥပါဒါန်မည်ပါသည်။ထိုဥပါဒါန်သည် ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်အားဖြင့် ၄-ပါးအပြားရှိပါသည်။

ထို ၄-ပါးတို့တွင် လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်သည် ကာမုပါဒါန်မည်ပါသည်။ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌုပါဒါန် မည်ပါသည်။သီလဗ္ဗတုပါဒါန်လည်း မည်ပါသည်။အတ္တဝါဒုပါဒါန်လည်း မည်ပါသည်။

တဏှာနှင့် ဥပါဒါန်အထူး

တဏှာနှင့် ဥပါဒါန်အထူးကား....

အားနည်းသောတဏှာသည် တဏှာမည်ပါသည်။အားကြီးသောတဏှာသည် ဥပါဒါန်မည်ပါသည်။ ဤသို့ ထူးပါသည်။

တစ်နည်း ။ ။ မရသေး,မရောက်သေးသောအာရုံကို တောင့်တခြင်းသည် တဏှာ မည်ပါသည်။ ရပြီး,ရောက်ပြီးသောအာရုံကို ယူခြင်းသည် ဥပါဒါန် မည်ပါသည်။ ဤသို့ ထူးပါသည်။

ဘဝ၏ဘေဒနှင့် တရားကိုယ်

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂-ပါးအပြားရှိပါသည်။ထို ၂-ပါး တို့တွင် ပစ္စုပ္ပန်ဖြစ်သော အကုသိုလ်စိတ်ဒွါဒသ,လောကီကုသိုလ်သတ္တရသဋ္ဌိသော စေတနာစေတသိက်သည် ကမ္မဘဝမည်ပါသည်။လောကီဝိပါက်ဗာတ္တိသ,စေတသိက် ပဋ္ဌတ္တိသ,ကမ္မဇရုပ်ဝီသသည် ဥပပတ္တိဘဝမည်ပါသည်။

http://www.dhammadownload.com

ဥပပတ္တိဘဝ၏ဘေဒနှင့် တရားကိုယ်

ထို၂-ပါးတို့တွင်....

ဥပပတ္တိဘဝသည် ကာမဘဝ,ရူပဘဝ,အရူပဘဝ,သညီဘဝ,အသညီဘဝ, နေဝသညီနာသညီဘဝ,ဧကဝေါကာရဘဝ,စတုဝေါကာရဘဝ,ပဉ္စဝေါကာရဘဝအား ဖြင့် ၉-ပါးအပြားရှိပါသည်။ ထို ၉-ပါးတို့တွင်....

ကာမဝိပါက်တေဝီသ,ဝိရတီ,အပ္ပမညာကြွဉ်သော စေတသိက်တေတ္တီသ, ကမ္မဇရုပ်ဝီသသည် ကာမဘဝ မည်ပါသည်။

ရူပဝိပါက် ၅-ခု၊စက္ခုဝိညာဏ်ဒွေး၊သောတဝိညာဏ်ဒွေး၊သမ္ပဋိစ္ဆိန်းဒွေး၊သန္တီရဏ ၃-ခု၊ ဝိရတီကြွဉ်သော စေတသိက်ပဉ္စတီသ,ဣတ္ထိဘော,ပုမ္ဘော,ဃာန,ဇိဝှါ, ကာယကြွဉ်သော ကမ္မဇရုပ်ပန္နရသသည် ရူပဘဝမည်ပါသည်။

အရူပဝိပါက် ၄-ခု၊စေတသိက်တီသသည် အရူပဘဝ မည်ပါသည်။

နေဝသညာနာသညာယတနဝိပါက်ကြွဉ်သော လောကီဝိပါက်ဧကတီသ,စေတ သိက်ပဉ္စတ္တီသ,ကမ္မဇရုပ်ဝီသသည် သညီဘဝ မည်ပါသည်။

ဇိဝိတနဝကကလာပ်ရုပ်သည် အသညီဘဝ မည်ပါသည်။

နေဝသညာနာသညာယတနဝိပါက်စိတ်တစ်ခု,စေတသိက်တီသသည် နေဝသညီ နာသညီဘဝ မည်ပါသည်။

ဇိဝိတနဝကကလာပ်ရုပ်သည် ဧကဝေါကာရဘဝ မည်ပါသည်။

အရူပဝိပါက်စိတ် ၄-ခု,စေတသိက်တီသသည် စတုဝေါကာရဘဝ မည်ပါသည်။

ကာမဝိပါက်တေဝီသ,ရူပဝိပါက် ၅-ခု,ဝိရတီကြွဉ်သော စေတသိက်ပဉ္စတီသ, ကမ္မဇရုပ်ဝီသသည် ပဉ္စဝေါကာရဘဝ မည်ပါသည်။

ဓာတိစသည်တို့၏ တရားကိုယ်အရေအများ

ဓာတိသည် ရုပ်၏ဓာတိ၊နာမ်၏ဓာတိအားဖြင့် ၂-ပါးအပြားရှိပါသည်။ထို၂-ပါးတို့တွင် နိပ္ပန္နရုပ်အဋ္ဌာရသတို့၏ ဖြစ်ဆဲသည် ရုပ်၏ဓာတိ မည်ပါသည်။နာမကွန္ဓာ ၄-ပါးတို့၏ဖြစ်ဆဲသည် နာမ်၏ဓာတိ မည်ပါသည်။

ဇရာသည် ရုပ်၏ဇရာ,နာမ်၏ဇရာအားဖြင့် ၂-ပါးအပြားရှိပါသည်။ထို၂-ပါး တို့တွင်

http://www.dhammadownload.com

နိပ္ပန္နရုပ်အဋ္ဌာရသတို့၏ ရင့်ဆဲသည် ရုပ်၏ဖရာမည်ပါသည်။နာမကွန္ဓာ ၄-ပါး တို့၏ ရင့်ဆဲသည် နာမ်၏ဖရာ မည်ပါသည်။

မရဏသည် ရုပ်၏မရဏ,နာမ်၏မရဏအားဖြင့် ၂-ပါးအပြားရှိပါသည်။ထို ၂-ပါးတို့တွင် နိပ္ပန္နရုပ်အဋ္ဌာရသတို့၏ ပျက်ဆဲသည် ရုပ်၏မရဏမည်ပါသည်။နာမကွန္ဓာ ၄-ပါးတို့၏ ပျက်ဆဲသည် နာမ်၏မရဏ မည်ပါသည်။

ဒေါသမူဒွေးဒ္ဒိရှိသော ဒေါမနဿဝေဒနာသည် သောကမည်ပါသည်။ဆွေမျိုးတို့၏ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့် ဖြစ်သော စိတ္တဓဝိပလ္လာသသဒ္ဒသည် ပရိဒေဝ မည်ပါသည်။

ဒုက္ခသဟဂုတ်ကာယဝိညာဏ်ဒ္ဒိရှိသော ဝေဒနာစေတသိက်သည် ဒုက္ခ မည်ပါသည်။ဒေါသမူဒွေးဒ္ဒိရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿ မည်ပါသည်။

ညတိဗျသန-အစရှိသည်တို့နှင့် တွေ့သောသူအား လွန်စွာဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပင်ပန်းခြင်း၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေးဒ္ဒိရှိသော ဒေါသစေတသိက်သည် ဥပါယာသ မည်ပါသည်။

ဤကား စာတုကထာဒ္ဒသုံးသော အဘိဓမ္မာနည်းအလို ကောက်ပုံပြီး၏။

အဖွန့်စသည်ကိုပြခြင်း

ထိုပဋိစ္စသမုပ္ပါဒ်နည်းဒ္ဒိ ကာလ ၃-ပါး၊အင်္ဂါ၂၂-ပါး၊ခြင်းရာ ၂၀၊အစပ် ၃-ပါး၊အလွှာ ၄-ပါး၊ဝဋ် ၃-ပါး၊မူလ ၂-ပါးတို့ကို သိအပ်ပါသည်။

သာဓကကား ။ ။ တတ္ထ တယော အဒ္ဓါ (ပ) ဝေဒိတဗ္ဗာနိ ဖြစ်ပါသည်။

အဖွန့် ၃-ပါး

အဖွန့်တို့သည် အတိတ်အဖွန့်,အနာဂတ်အဖွန့်,ပစ္စုပ္ပန်အဖွန့်အားဖြင့် ၃-ပါးအပြားရှိပါသည်။ထို ၃-ပါးတို့တွင် အဝိဇ္ဇာ,သင်္ခါရတို့သည် အတိတ်ဖြစ်သောအဖွန့် မည်ပါသည်။ဇာတိ,ဖရာ,မရဏတို့သည် အနာဂတ်ဖြစ်သောအဖွန့် မည်ပါသည်။အလယ်ဒ္ဒိဖြစ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝတို့သည် ပစ္စုပ္ပန်ဖြစ်သောအဖွန့်တို့ မည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။　။ အဝိဇ္ဇာ သခါရ (ပ) တယော အဒ္ဓါ ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး

ပဋိစ္စသမုပ္ပါဒ်သည် အင်္ဂါအားဖြင့် အဝိဇ္ဇာ,သခါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ မရဏအားဖြင့် ၁၂-ပါးအပြားရှိပါသည်။

သာဓကကား ။　။ အဝိဇ္ဇာ သခါရာ (ပ) ဒွါဒသင်္ဂါနိ ဖြစ်ပါသည်။

မှတ်ချက် ။　။ ဇရာနှင့်မရဏတို့ကို အင်္ဂါတစ်ပါးတည်း ပေါင်းယူထားသည်။

သောကစသည်ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါ၌ မရေတွက်ခြင်းအကြောင်း

သောကအစရှိသောစကားကို ဆိုခြင်းသည် အသီးအခြားအင်္ဂါကို ပြလို၍ ဟောသည် မဟုတ်၊ ဇာတိ၏မူလမဟုတ်သော အကျိုးဆက်မျှကိုပြခြင်းငှာသာ ဟောတော်မူသောကြောင့် ထိုသောကစသည်ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ်ဖြင့် မရေတွက်ပါ။

တစ်နည်း ။　။ သောကအစရှိသော တရားတို့သည် ဇာတိ၏မူလမဟုတ်သော အကျိုး ဆက်မျှသာဖြစ်သောကြောင့် ထိုသောကစသောတရားတို့ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါ၌သွင်း၍ မရေတွက်ရပါ။

သာဓကကား ။　။ သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ ဖြစ်ပါသည်။

တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို အတိတ်ကာလ၌သွင်းယူပုံ

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတို့တွင် အဝိဇ္ဇာ,သခါရ ၂-ပါးကို မူလအတိတ်ကာလ၌ ယူလိုက်သဖြင့် တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ကိုလည်း(အဝိနာဘာဝနည်းအားဖြင့်) အတိတ်ကာလ၌ သွင်း၍ယူရပါသည်။(ဤကား အတိတ်အကြောင်းတရား ၅-ပါး။)

သာဓကကား ။　။ အဝိဇ္ဇာ သခါရဂ္ဂဟဏေန (ပ) ဘဝင်္ဂိ ဖြစ်ပါသည်။

မှတ်ချက် ။　။ မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ-ဟူသော သင်္ဂဟပါဌ်ကိုထောက်၍ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတို့ကား ပစ္စုပ္ပန် အကျိုးတရား ၅-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

အဝိဇ္ဇာ,သခါရတို့ကို ပစ္စုပ္ပန်ကာလ၌ သွင်းယူပုံ

တဏှာ,ဥပါဒါန်,ကမ္မဘဝ-သုံးပါးတို့ကို မုချပစ္စုပ္ပန်ကာလ၌ ယူလိုက်သဖြင့် အဝိဇ္ဇာ,သခါရတို့ကိုလည်း (အဝိနာဘာဝနည်းအားဖြင့်) ပစ္စုပ္ပန်ကာလ၌သွင်း၍ ယူရပါသည်။(ဤကား ပစ္စုပ္ပန်အကြောင်းတရား ၅-ပါး)

သာဓကကား ။ ။ တထာ တဏှာ (ပ) သခါရာ ဖြစ်ပါသည်။

ဝိညာဏ်စသည်ကို အနာဂတ်ကာလ၌ သွင်းယူပုံ

ဇာတိ,ဘဝ,မရဏ ၃-ပါးကို မုချအနာဂတ်ကာလ၌ ယူလိုက်သဖြင့် ထို ဇာတိ, ဘဝ,မရဏတို့၏ တရားကိုယ်အရဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကိုလည်း အနာဂတ်ကာလ၌ သွင်းယူရပါသည် (ဤကားအနာဂတ် အကျိုးတရား ၅-ပါး။)

သာဓကကား ။ ။ ဇာတိဘဝ (ပ) ကတ္တာ ဖြစ်ပါသည်။

အရတူသောကြောင့် ယူရပုံ

အဝိဇ္ဇာနှင့်,တဏှာ,ဥပါဒါန်တို့သည် ကိလေသာ၏အဖြစ်ဖြင့်တူသောကြောင့် အဝိဇ္ဇာကိုယူသဖြင့် တဏှာ,ဥပါဒါန်တို့ကိုလည်း ယူရပါသည်။

သခါရနှင့်ကမ္မဘဝတို့သည် ကံ၏အဖြစ်ဖြင့်တူသောကြောင့် သခါရကိုယူသဖြင့် ကမ္မဘဝကိုလည်း ယူရပါသည်။

ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတို့၏ ဖြစ်ဆဲ,ရင့်ဆဲ,ပျက်ဆဲကိုပင် ဇာတိ,ဘဝ,မရဏဟုဆိုရသောကြောင့် ဇာတိ,ဘဝ,မရဏကို ယူသဖြင့် ဝိညာဏ်စသော တရား ၅-ပါးအပေါင်းကို ယူရပါသည်။

သတ္တဝါတို့၏ခန္ဓာကိုယ်ဟု ခေါ်ရသောတရားများ

ဇာတိ ဘဝ မရဏဂ္ဂဟဏေန စ ဝိညာဏာဒိဖလပဋိကမေဝ ဂဟိတံ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာတို့ကို သတ္တဝါတို့၏ခန္ဓာကိုယ်ဟု ခေါ်ပါသည်။

http://www.dhammadownload.com

အကြောင်း၊အကျိုးသင်္ဂဟဂါထာအရကောက်

အတိတေ ဟေတဝေါပဋ္ဌအရကား... အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်, ကမ္မဘဝဟုဆိုအပ်သော အတိတ်အကြောင်းတရား ၅-ပါးကို ရပါသည်။

ဣဒါနိ ဖလပဋ္ဌကံအရကား... ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာဟုဆိုအပ်သော ပစ္စုပ္ပန်အကျိုးတရား ၅-ပါးကို ရပါသည်။

ဣဒါနိ ဟေတဝေါ ပဋ္ဌအရကား... တဏှာ,ဥပါဒါန်,ကမ္မဘဝ,အဝိဇ္ဇာ, သင်္ခါရဟုဆိုအပ်သော ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးကို ရပါသည်။

အာယတိ ဖလပဋ္ဌကံအရကား... ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာဟုဆိုအပ်သော အနာဂတ်အကျိုးတရား ၅-ပါးကို ရပါသည်။

အခြင်းအရာ-၂၀

အခြင်းအရာ ၂၀-ဟူသော်ကား...

အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝ-ဟုဆိုအပ်သော အတိတ်အကြောင်းတရား ၅-ပါး။

ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာဟုဆိုအပ်သော ပစ္စုပ္ပန်အကျိုးတရား ၅-ပါး။

တဏှာ,ဥပါဒါန်,ကမ္မဘဝ,အဝိဇ္ဇာ,သင်္ခါရ ဟုဆိုအပ်သော ပစ္စုပ္ပန်အကြောင်းတရား ၅-ပါး။

ဇာတိ,ဇရာ,မရဏာ၏ သဘောဖြစ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ- ဟုဆိုအပ်သော အနာဂတ်အကျိုးတရား ၅-ပါးအားဖြင့် အခြင်းအရာ ၂၀-ဖြစ်ပါသည်။

သာမညအစပ် ၃-ပါး

အစပ် ၃-ပါးဟူသော်ကား...

အတိတ်အကြောင်းတရား ၅-ပါးနှင့် ပစ္စုပ္ပန်အကျိုးတရား ၅-ပါးတစ်စပ်။
ပစ္စုပ္ပန်အကျိုးတရား ၅-ပါးနှင့် ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးတစ်စပ်။
ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးနှင့် အနာဂတ်အကျိုးတရား ၅-ပါးတစ်စပ်။

http://www.dhammadownload.com

အားဖြင့် အစပ် ၃-ပါးဖြစ်ပါသည်။

တစ်နည်း... ဝိသေသအစပ် (၃)ပါး...

ဝိသေသအစပ် ၃-ပါးဟူသော်ကား...

အတိတ်မုချအကြောင်း၏အဆုံးဖြစ်သော သခိါရနှင့် ပစ္စုပ္ပန်အကျိုး၏အစ ဖြစ်သောဝိညာဏ်တို့၏အကြားသည် တစ်စပ်။(သခိါရပစ္စယာ ဝိညာဏံ)

ပစ္စုပ္ပန်အကျိုး၏အဆုံးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန်မုချအကြောင်း၏အစဖြစ်သော တဏှာတို့၏အကြားသည် တစ်စပ်။(ဝေဒနာပစ္စယာ တဏှာ။)

ပစ္စုပ္ပန်မုချအကြောင်း၏ အဆုံးဖြစ်သော (ကမ္မ)ဘဝနှင့်အနာဂတ်မုချအကျိုး၏ အစဖြစ်သော ဇာတိတို့၏အကြားသည် တစ်စပ်(ဘဝပစ္စယာ ဇာတိ)အားဖြင့် အစပ် ၃-ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ တိသန္ဓိအရ အစပ် ၃-ပါးကို ဖော်ပြပါဟုမေးလျှင် ဝိသေသ အစပ် ၃-ပါးကို ဖြေပါ။

သခေါပ (အလွှာ) မည်ပုံ

အဝိဇ္ဇာအစရှိသော တရားတို့ကိုလည်းကောင်း၊ ဝိညာဏ်အစရှိသော တရားတို့ကို လည်းကောင်း၊ ပေါင်းစုရာဌာနဖြစ်သောကြောင့် သခေါပ (အလွှာ) မည်ပါသည်။ အရကား... ကံ,ကံ၏အကျိုးကို ရပါသည်။

အလွှာ ၄-ပါး

စတုသခေါပါအရ... အလွှာ ၄-ပါးဟူသော်ကား-

အတိတ်အကြောင်း ၅-ပါးတစ်လွှာ၊

ပစ္စုပ္ပန်အကျိုးတရား ၅-ပါးတစ်လွှာ၊

ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးတစ်လွှာ၊

အနာဂတ်အကျိုးတရား ၅-ပါးတစ်လွှာအားဖြင့် အလွှာ ၄-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဝဋ္ဋ ၃-ပါး

ဝဋ်တို့သည် ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်အားဖြင့် ၃-ပါးအပြားရှိပါသည်။ ထို ၃-ပါးတို့တွင်....

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့သည် ကိလေသဝဋ် မည်ပါသည်။

ကမ္မဘဝဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် သခါရတို့သည် ကမ္မဝဋ် မည်ပါသည်။

ဥပပတ္တိဘဝဟုဆိုအပ်သော ဘဝတစ်စိတ်နှင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ,ဇာတိ,ဇရာ,မရဏတို့သည် ဝိပါကဝဋ် မည်ပါသည်။

သာဓကကား ။ ။ အဝိဇ္ဇာတဏှုပါဒါနာ စ (ပ) ဘီဏိ ဝဋ္ဋာနိ ဖြစ်ပါသည်။

ကမ္မဘဝကို ဘဝေကဒေသောဟု ဆိုရပုံ

ကမ္မဘဝသခါတော ဘဝေကဒေသော-၌ ဘဝသည် ကမ္မဘဝ,ဥပပတ္တိဘဝဟု ၂-မျိုးရှိရာတွင် ထို ၂-မျိုးကို မယူဘဲ ကမ္မဘဝဟုဆိုအပ်သော တစ်စိတ်တစ်ဖိုင်းကိုသာ ယူရသောကြောင့် ကမ္မဘဝကို ဘဝေကဒေသောဟု ဆိုခြင်းဖြစ်ပါသည်။

ဥပပတ္တိဘဝသခါတော ဘဝေကဒေသော၌ ဘဝတစ်စိတ် အဓိပ္ပါယ်

ဘဝသည် ကမ္မဘဝ,ဥပပတ္တိဘဝဟု ၂-မျိုးရှိရာတွင် ၂-မျိုးလုံးကို မယူဘဲ ဥပပတ္တိဘဝဟူသော တစ်စိတ်တစ်ဖိုင်းကိုသာ ယူသောကြောင့် ဥပပတ္တိဘဝသခါတော ဘဝေကဒေသော-၌ ဘဝတစ်စိတ်ဟု ဆိုခြင်းဖြစ်ပါသည်။

ဥပပတ္တိဘဝသခါတော ဘဝေကဒေသော၌ ဘဝေကဒေသသဒ္ဒါ ထည့်ရခြင်းအကြောင်း

ဘဝသဒ္ဒါဖြင့် ကမ္မဘဝကိုလည်း ဟောအပ်သည်၏အဖြစ်ကြောင့် ဥပပတ္တိဘဝသခါတော ဘဝေကဒေသော၌ ဘဝေကဒေသသဒ္ဒါကို ထည့်၍ဆိုရပါသည်။ (ဋီကာကျော်)။

ဘဝေကဒေသအရ

ဥပပတ္တိသခါတော ဘဝေကဒေသောအရ... ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝိညာဏ်,

http://www.dhammadownload.com

နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,ဇာတိ,ဇရာ,မရဏဟူသော အနာဂတ်အကျိုးတရားတို့ကို ယူရပါသည်။

အထူး

ဥပပတ္တိသခ်ါတော ဘဝကဒေသောအရ... ဝိညာဏ်စသောတရား ၇-ပါးကား အနာဂတ်အကျိုးတရား ဖြစ်ပါသည်။

အဝသေသာအရ ဝိညာဏ်စသောတရား ၇-ပါးကား... ပစ္စုပ္ပန်အကျိုးတရား ဖြစ်ပါသည်။ဤသို့ ထူးပါသည်။

ဝဋ်မြစ် ၂-ပါး

အဝိဇ္ဇာ,တဏှာအားဖြင့် ဤ ၂-ပါးသောတရားတို့သည် မူလတို့မည်ပါသည်။ ဝဋ်မြစ် ၂-ပါးဟူ၍လည်း ခေါ်ပါသည်။

သာဓကကား ။ ။ အဝိဇ္ဇာတဏှာ ဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ ဖြစ်ပါသည်။

အဝိဇ္ဇာနှင့် တဏှာကိုသာ ဒွေမူလဟု ဆိုရပုံ

အဝိဇ္ဇာသည် အဝိဇ္ဇာ,သခ်ါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဟူဆိုအပ်သော ရှေ့ပိုင်းပဋိစ္စသမုပ္ပါဒ်စက်၏ မူလဖြစ်ပါသည်။တဏှာသည် တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏဟူဆိုအပ်သော နောက်ပိုင်းပဋိစ္စသမုပ္ပါဒ်စက်၏ မူလဖြစ်ပါသည်။ ထို့ကြောင့် အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိ-ဟု မိန့်ဆိုပါသည်။

မှတ်ချက် ။ ။ အဝိဇ္ဇာသည် ရှေ့အဖို့ဖြစ်သော ဝဋ်တရား၏မူလဖြစ်သောကြောင့်လည်းကောင်း၊ တဏှာသည် နောက်အဖို့ဖြစ်သော ဝဋ်တရား၏ မူလဖြစ်သောကြောင့်လည်းကောင်း အဝိဇ္ဇာနှင့်တဏှာကိုသာ "ဒွေ မူလ" (ဝဋ်မြစ်)ဟုဆိုရပါသည်။ (ဤကားဋီကာကျော် အကျဉ်းနည်းတည်း)

ဝဋ်ပြတ်ပုံ

တေသမေဝ စ မူလာနံ၊နိရောဓေန နိရုဇ္ဈတိ-ဟူသောပါဠိသည် ဝဋ်မြစ်ပြတ်ပုံကိုပြသော ပါဠိဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဘတ်တရားချုပ်ပုံ ပြတ်ပုံကိုပြသောပါဠိ

http://www.dhammadownload.com

လည်း မည်ပါသည်။

ပါဠိလျှောက်ဆိုရိုး

အဝိဇ္ဇာ တဏှာဟုဆိုအပ်သော ထို ၂-ပါးသောမူလတို့၏သာလျှင် အရဟတ္တမဂ်ဖြင့်အကြွင်းမဲ့ချုပ်ခြင်းကြောင့် ဝဋ်တရားချုပ်ပါသည်။(ဝါ)ပြတ်ပါသည်။

သာဓကကား ။　　။ တေသမေဝ စ မူလာနံ နိရောဓေန နိရုဇ္ဈတိ ဖြစ်ပါသည်။

ဝဋ်လည်ပုံ

ဓရာ မရဏမုစ္စာယ (ပ) ပဝတ္တတိ ဟူသောဂါထာသည် ဝဋ်လည်ပုံကိုပြသော ဂါထာဖြစ်ပါသည်။ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံကိုပြသော ဂါထာလည်း မည်ပါသည်။ သံသရာစက်လည်ပုံကိုပြသောဂါထာလည်း မည်ပါသည်။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ

ဓရာ မရဏတို့ဖြင့် မပြတ်နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရား တို့ဖြစ်ပါသည်။

အာသဝေါတရားဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ပါသည်။
အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်ပါသည်။
သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်ပါသည်။
ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ် ဖြစ်ပါသည်။
နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတန ဖြစ်ပါသည်။
သဠာယတနဖြစ်ခြင်းကြောင့် ဖဿ ဖြစ်ပါသည်။
ဖဿဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်ပါသည်။
ဝေဒနာဖြစ်ခြင်းကြောင့် တဏှာ ဖြစ်ပါသည်။
တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်ပါသည်။
ဥပါဒါန်ဖြစ်ခြင်းကြောင့် ဘဝ ဖြစ်ပါသည်။
ဘဝဖြစ်ခြင်းကြောင့် ဇာတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ဈာတိဖြစ်ခြင်းကြောင့် ဇရာ မရဏ-တို့ ဖြစ်ပါသည်။ ထို ဇရာ မရဏတို့ဖြင့် မပြတ်နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရားတို့ ဖြစ်ပါသည်။

အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ပါသည်။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်ပါသည်။ (ပ) ဈာတိဖြစ်ခြင်းကြောင့် ဇရာ မရဏတို့ ဖြစ်ပါသည်။ ဤကား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံတည်း။

သာဓကကား။ ။ ဇရာမရဏမုစ္ဆာယ၊ပီဠိတာနမဘိဏှသော။အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ ဖြစ်ပါသည်။

အဝိဇ္ဇာ၏ အကြောင်းတရား

ဇရာမရဏမုစ္ဆာယ၊ပီဠိတာနမဘိဏှသော။အာသဝါနံ သမုပ္ပါဒါ၊အဝိဇ္ဇာစ ပဝတ္တတိ -ဟူသော သင်္ဂီဟပါဠိကိုထောက်၍ အဝိဇ္ဇာ၏အကြောင်းတရားကား အာသဝေါ တရား ၄-ပါးတို့ ဖြစ်ပါသည်။

မုစ္ဆာအရ

ဇရာမရဏမုစ္ဆာယ-၌ မုစ္ဆာသဒ္ဒါဖြင့် သောကအစရှိသော တရား ၅-ပါးကို ယူရပါသည်။

ပဋိစ္စသမုပ္ပါဒ်အရ

ဝဋ္ဋမာဇန္တ (ပ) ပဋိစ္စသမုပ္ပါဒေါတိ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍ ပဋိစ္စသမုပ္ပါဒ် အရ လောကီစိတ်ဇကာသီတိ၊ ဧစေတသိက်ဒွေပညာသ၊ရုပ်အဋ္ဌဝီသတို့ကို ယူရပါမည်။

ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နအထူး

ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္န အထူးကား… အဝိဇ္ဇာ အစရှိသော အကြောင်းတရား တို့သည် ပဋိစ္စသမုပ္ပါဒ်မည်ပါသည်။သင်္ခါရအစရှိသော အကျိုးတရားတို့သည် ပဋိစ္စ သမုပ္ပန္နမည်ပါသည်။ဤသို့ထူးပါသည်။

ပဋိစ္စသမုပ္ပါဒ်နိဂုံး

ဝဋ္ဋမာဇန္တမိစ္စေဝံ- အစရှိသောဂါထာသည် ပဋိစ္စသမုပ္ပါဒ်နည်း အဆုံးနိဂုံးကိုပြသော ဂါထာဖြစ်ပါသည်။

http://www.dhammadownload.com

ပါဠိလျှောက်ဆိုးရိုး

ဤသို့ဆိုအပ်သောနည်းဖြင့် မပြတ်လည်ထသော မသိအပ်သောအစရှိသော ဘုံ ၃-ပါး၌ဖြစ်သော ဝဋ်တရားကို အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ရာဟူ၍ (ဝါ) ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဟူ၍ မြတ်စွာဘုရားတို့ ဟောတော်မူခဲ့ကြပါသည်။

သာဓကကား။ ။ ဝဋ္ဋမာဗန္ဓမိစ္စေဝံ (ပ) ပဋိစ္စသမုပ္ပါဒေါတိ ပဋ္ဌပေသိ မဟာမုနိ ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်းပြီး၏။

* * * * *

ပဋ္ဌာန်နည်း

ပဋ္ဌာန်း ၂၄-ပစ္စည်းဟူသော်ကား

ဟေတုပစ္စည်း,အာရမ္မဏပစ္စည်း,အဓိပတိပစ္စည်း,အနန္တရပစ္စည်း,သမနန္တရ ပစ္စည်း, သဟဇာတပစ္စည်း,အညမညပစ္စည်း,နိဿယပစ္စည်း,ဥပနိဿယပစ္စည်း,ပုရေဇာတပစ္စည်း, ပစ္ဆာဇာတဖစ္စည်း,အာသေဝနပစ္စည်း,ကမ္မပစ္စည်း,ဝိပါကပစ္စည်း,အာဟာရပစ္စည်း, ဣန္ဒြိယပစ္စည်း,ဈာနပစ္စည်း,မဂ္ဂပစ္စည်း,သမ္မယုတ္တပစ္စည်း,ဝိပ္ပယုတ္တပစ္စည်း,အတ္ထိပစ္စည်း, နတ္ထိပစ္စည်း,ဝိဂတပစ္စည်း,အဝိဂတပစ္စည်း-အားဖြင့် ၂၄-ပါး အပြား ရှိပါသည်။

သာဓကကား။　။ ဟေတုပစ္စယော (ပ) အဝိဂတပစ္စယောတိ ဖြစ်ပါသည်။

ဂါထာအမည်

ဆဓာ နာမန္တု နာမဿ-စသော ၂-ဂါထာသည် ပဋ္ဌာန်းနည်း၏ ဥဒ္ဒေသ မာတိကာ ကိုပြသော ၂-ဂါထာဖြစ်ပါသည်။ ပဋ္ဌာန်း (၂၄)ပစ္စည်းတို့ကို ပစ္စည်းပစ္စယုပ္ပန် သဘောတူရာ ပေါင်းစု ခွဲခြမ်းဝေဖန်လိုက်သည်ရှိသော် ဖြစ်ပေါ်လာသည့် ပစ္စည်းအုပ်စု(၆)မျိုးကို အကျဉ်းချုပ် ခေါင်းစဉ်ပြသော ဥဒ္ဒေသ မာတိကာ ဂါထာလည်း မည်ပါသည်။

http://www.dhammadownload.com

ပဋ္ဌာန်း ၂၄-ပစ္စည်း၏ ပစ္စည်း-ပစ္စယုပ္ပန်သဘောတူ အုပ်စု(၆)မျိုး

ပဋ္ဌာန်း ၂၄-ပစ္စည်းကို ပစ္စည်းပစ္စယုပ္ပန်သဘောတူ ပေါင်းစုခွဲခြမ်းစေဖန်လိုက်သည် ရှိသော်-

(၁) နာမ်သည် နာမ်အားကျေးဇူးပြုသောပစ္စည်း ၆-ပစ္စည်း
(၂) နာမ်သည် နာမ်ရုပ်အားကျေးဇူးပြုသောပစ္စည်း ၅-ပစ္စည်း
(၃) နာမ်သည် ရုပ်အားကျေးဇူးပြုသောပစ္စည်း ၁-ပစ္စည်း
(၄) ရုပ်သည် နာမ်အားကျေးဇူးပြုသောပစ္စည်း ၁-ပစ္စည်း
(၅) ပညတ် နာမ်ရုပ်တို့သည် နာမ်အားကျေးဇူးပြုသောပစ္စည်း ၂-ပစ္စည်း
(၆) နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား ကျေးဇူးပြုသောပစ္စည်း ၉-ပစ္စည်း

အားဖြင့်ပစ္စည်းအုပ်စု (၆)ပါး ဖြစ်ပါသည်။

သာဓကကား။ ။ ဆဓာ နာမန္တု (ပ) ဆဒ္ဓိဓာ ပစ္စယာ ကထံ ဖြစ်ပါသည်။

ပစ္စည်း ၆-ပါးပြ သင်္ဂဟဂါထာလာအရကောက်များ

ဆဓာ နာမန္တု နာမဿ-၌ ဆဓာ၏အရကား...

အနန္တရ,သမနန္တရ,နတ္ထိ,ဝိဂတ,အာသေဝန,သမ္မယုတ္တ အားဖြင့် ၆-ပါး ဖြစ်ပါသည်။

ပဋ္ဌာနံနာမရူပီနံ-၌ ပဋ္ဌာန၏ အရကား...

ဟေတု,စျာန,မဂ္ဂ,ကမ္မ,ဝိပါက အားဖြင့် ၅-ပါး ဖြစ်ပါသည်။

ကေဓာ ပုန ရူပဿ-၌ ဓကေဓာ၏ အရကား... ပစ္ဆာဇာတပစ္စည်း ဖြစ်ပါသည်။

ရူပံ နာမဿ ဓေကဓာ-၌ ဓကေဓာ၏ အရကား... ပုရေဇာတပစ္စည်း ဖြစ်ပါသည်။

ပညတ္တိနာမရူပါနိ နာမဿ ဒုဝိဓာ၌ ဒုဝိဓာ၏ အရကား... အာရမ္မဏ, ဥပနိဿယ အားဖြင့် ၂-ပါးဖြစ်ပါသည်။

ဒွယံ ဒွယဿ နဝဓာ-၌ နဝဓာ၏ အရကား.... အဓိပတိ,သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-အားဖြင့် ၉-

http://www.dhammadownload.com

ပါးဖြစ်ပါသည်။

ဆဋ္ဌမာ ပစ္စယာ ကထံ-၌ ဆဋ္ဌမာ၏ အရကား....နာမ်သည် နာမ်အား ၆-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ၁-ပါး၊နာမ်သည် နာမ်ရုပ်တို့အား ၅-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ၁-ပါး၊နာမ်သည် ရုပ်အား ၁-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ၁-ပါး၊ရုပ်သည် နာမ်အား ၁-ပါးသောပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ၁-ပါး၊ ပညတ်,နာမ်ရုပ်တို့သည် နာမ်အား ၂-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ၁-ပါး၊နာမ်ရုပ် ၂-ပါး အပေါင်းသည် နာမ်ရုပ် ၂-ပါး အပေါင်းအား ၉-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ၁-ပါး အားဖြင့် ၆-ပါးဖြစ်ပါသည်။

နာမ်သည်နာမ်အား ကျေးဇူးပြုပုံ ၆-ပစ္စည်း အနန္တရ,သမနန္တရ,နတ္ထိ,ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်,စေတသိက်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိ ကြဉ်သော စိတ်တစ်ခုယုတ် ၉၀၊စေတသိက်ဒွေပညာသ၊နာမကွန္ဓာ၊ ပစ္စည်းတရားတို့သည် မိမိသို့ အတူလိုက်၍ဖြစ်ကုန်သော စိတ်,စေတသိက်ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့် တကွ စိတ်တစ်ခုယုတ် ၉၀၊စေတသိက်ဒွေပညာသ၊နာမကွန္ဓာ ပစ္စယုပ္ပန်တရားတို့အား အနန္တရသတ္တိ,သမနန္တရသတ္တိ,နတ္ထိသတ္တိ,ဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ အနန္တရ နိဂုဒ္ဒါ (ပ) ဝိဂတဝသေန ဖြစ်ပါသည်။

အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ရှေးရှေး၌ဖြစ်သော အဆုံးဇော,မဂ်ဇော,ဖိုလ်ဇောကြဉ်သော ဇောသတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသ နာမကွန္ဓာပစ္စည်းတရားတို့သည် နောက်နောက်၌ ဖြစ်သော ပထမဇော ဖိုလ်ဇောကြဉ်သော ဇောဇကပညာသ စေတသိက် ဒွေပညာသ နာမကွန္ဓာ ပစ္စယုပ္ပန်တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ပုရိမာနိ ဓဝနာနိ ပစ္ဆိမာနံ ဓဝနာနံ အာသေဝနဝသေန ဖြစ်ပါသည်။

သမ္မယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

တကွဖြစ်၍ အချင်းချင်းအားတပ်သော စိတ်တစ်ခုယုတ် ၉၀- စေတသိက် ဒွေပညာသဟု ဆိုအပ်သော (အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ) နာမက္ခန္ဓာ ပစ္စည်းတရား တို့သည် အချင်းချင်းမှထောက်အပ်သော စိတ်တစ်ခုယုတ်(၉၀)၊စေတသိက်ဒွေပညာသ ဟုဆိုအပ်သော(အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ) နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား သမ္မယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ သဟဇာတာ စိတ္တစေတသိကာ ဓမ္မာ အညမညံ သမ္မယုတ္တဝသေန-ဖြစ်ပါသည်။

ဤသို့လျှင် နာမ်သည် နာမ်အချင်းချင်းအား အနန္တရ၊သမနန္တရ၊နတ္ထိဝိဂတ၊ အာသေဝန၊သမ္မယုတ္တအားဖြင့် (၆) ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ဣတိ စ ဆဓာ နာမံ နာမဿ ပစ္စယောဟောတိ ဖြစ်ပါသည်။

အရကောက်များ

အနန္တရနိုဗ္ဗဒါ စိတ္တစေတသိကာဓမ္မာအရ....ရဟန္တာတို့၏ စုတိကြဉ်သော စိတ်တစ်ခုယုတ် (၉၀) စေတသိက်ဒွေပညာသ နာမက္ခန္ဓာ တို့ကို ရပါသည်။

ပဋိပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ-အရ.... ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ စိတ်တစ်ခုယုတ် (၉၀) စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့ကို ရပါသည်။

ပုရိမာနိ ဓဝနာနိအရ....အဆုံးဈော မဂ်ဈော ဖိုလ်ဈောကြဉ်သော ဈောသတ္တ စတ္တာလီသ စေတသိက် ဒွေပညာသ တို့ကိုရပါသည်။

ပစ္ဆိမာနံ ဓဝနာနံ အရ...အဆုံးဈော ဖိုလ်ဈောကြဉ်သော ဈောဓကပညာသ စေတသိက်ဒွေပညာသတို့ကို ရပါသည်။

http://www.dhammadownload.com

နာမ်သည် နာမ်ရုပ်အား ၅ ပစ္စည်း
ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

လောဘ,ဒေါသ,မောဟ,အလောဘ,အဒေါသ,အမောဟ ဟူဆိုအပ်သော ဟိတ်(၆)ပါးပစ္စည်းတရားသည် သဟိတ်စိတ် ဧကသတ္တတိ မောဟမူဌေးခဲ့ မောဟကြဉ်သော စေတသိက်ဒွေပညာသ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ပစ္စယုပ္ပန် တရားတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။　။ ဟေတုစ္စာနုဂ် မဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန ဖြစ်ပါသည်။

စျာနပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

(ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၇၉ ခုခဲ့ရှိသော) ဝိတက်,ဝိစာရ,ပီတိ, ဧကဂ္ဂတာ,ဝေဒနာ ဟူဆိုအပ်သော စျာနင်တရားကိုယ် (၅)ပါးပစ္စည်းတရားတို့သည် ဒွေပဉ္စဝိညာဏ် (၁၀)ကြဉ်သော စိတ်(၇၉)ခု၊ စေတသိက် ဒွေပညာသ၊စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်၊ပစ္စယုပ္ပန်တရားတို့အား စျာနသတ္တိဖြင့်ကျေးဇူးပြုပါသည်။

သာဓကကား။　။ ဟေတုစ္စာနဂ်ံမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန ဖြစ်ပါသည်။

မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

(သဟိတ်စိတ် ဧကသတ္တတိခဲ့ရှိသော) ပညာ,ဝိတက်,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ဒိဋ္ဌိဟူဆိုအပ်သော မဂ္ဂင်တရားကိုယ် (၉)ပါး ပစ္စည်းတရားတို့သည် သဟိတ်စိတ် ဧကသတ္တတိ၊စေတသိက်ဒွေပညာသ၊သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ပစ္စယုပ္ပန်တရားတို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြု ပါသည်။

သာဓကကား　။　။ ဟေတုစ္စာနဂ်ံမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန ဖြစ်ပါသည်။

မှတ်ချက်　။　။ စျာနပစ္စည်းနှင့် မဂ္ဂပစ္စည်းတို့၏ပစ္စယုပ္ပန်တရားတို့ကို အရကောက်ရာခဲ့သမုစ္စည်းပိုင်းမိဿကသင်္ဂဟတရားကိုယ်

http://www.dhammadownload.com

ကောက်နည်းပြလာ "ပဋ္ဌ ဝိညာဏေသု စျာနင်္ဂါနိ"။ "အဟောတု ကေသု မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ" ဟူသော သင်္ဂဟပါဠိ တို့ကို ထောက်၍ ကောက်ရသည်။

ကမ္မပစ္စည်း(၂)မျိုး

ကမ္မပစ္စည်းသည် သဟဇာတကမ္မပစ္စည်း,နာနက္ခဏိကကမ္မပစ္စည်း အားဖြင့် (၂)ပါးအပြားရှိပါသည်။

သဟဇာတကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ထို(၂)ပါးတို့တွင် စိတ်တစ်ခုယုတ် (၉၀)၌ရှိသော စေတနာ ပစ္စည်းတရားသည် စိတ်တစ်ခုယုတ်(၉၀)၊ စေတနာကြည်သော စေတသိက်ဧကပညာသ၊စိတ္တဇရုပ်၊ပဋိသန္ဓေ ကမ္မဇရုပ်၊ပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ (ကမ္မဝသေန) ဖြစ်ပါသည်။

နာနက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

အထူးထူးသော ကာလ၌တည်သော အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ (၃၃)ခုပစ္စည်းတရားသည် ကံဟုဆိုအပ်သော မိမိကြောင့်ဖြစ်ကုန်သော ဝိပါက်စိတ် ဆတ္တိသ၊ (စေတသိက်အဋ္ဌတိသ) နာမက္ခန္ဓာ၊ပဋိသန္ဓေကမ္မဇရုပ်၊အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ပစ္စယုပ္ပန်တရားတို့အား နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ နာနက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန ဖြစ်ပါသည်။

ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ဝိပါက်စိတ် ဆတ္တိသ၊စေတသိက် အဋ္ဌတိသ ဟုဆိုအပ်သော (အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ) နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့သည် အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ်ဆတ္တိသ၊စေတသိက် အဋ္ဌတိသ၊နာမက္ခန္ဓာ(ထိုနာမက္ခန္ဓာသည် ယထာရဟ

http://www.dhammadownload.com

ပြုအပ်သော)ဝိညတ်ခွေးကြဉ်သော စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်၊ပစ္စယုပ္ပန်တရားတို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါကဝသေန ဖြစ်ပါသည်။

ဤသို့လျှင် နာမ်သည်. နာမ်ရုပ်တို့အား ဟေတုသတ္တိ၊ ဈာနသတ္တိ၊ မဂ္ဂသတ္တိ၊ ကမ္မသတ္တိ၊ ဝိပါကသတ္တိအားဖြင့် (၅)ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ဣတိစ ပဗ္ဗဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန် သမ္မဒါနိပုဒ် ရူပါနံ၏အရ စိတ္တဇရုပ်ကို ကောက်ရာ၌ ဝိညတ်ခွေးကြဉ်ရခြင်းမှာ **"ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ"** သင်္ဂဟပါဠိကို ထောက်၍ ဝိညတ်ရုပ်ကိုဖြစ်စေနိုင်သော စိတ်တို့တွင် ဝိပါက်စိတ် နာမက္ခန္ဓာတို့ မပါဝင်သောကြောင့် (ဝိပါက်စိတ် နာမက္ခန္ဓာတို့က ဝိညတ်ရုပ်ကို မဖြစ်စေနိုင်သောကြောင့်) ဝိညတ်ခွေးကို ကြဉ်ရခြင်း ဖြစ်သည်။

အရကောက်များ

ဟေတုဈာနင်္မဂ္ဂင်္ဂါနိ-၌ **ဟေတုအရ**... ဟိတ်(၆)ပါးပစ္စည်းတရားကို ရပါသည်။

သဟဇာတာနံ နာမရူပါနံ အရ... သဟိတ်စိတ် ဇကသတ္တတိ၊မောဟမူခွေး၌ မောဟကြဉ်သော စေတသိက် ခွေပညာသ၊သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် တို့ကိုရပါသည်။

ဈာနင်္အရ... ခွေပဉ္စဝိညာဏ်(၁၀)ကြဉ်သော စိတ်(၇၉)ခု၌ရှိသော ဝိတက်, ဝိစာရ,ပီတိ,ဧကဂ္ဂတာ,ဝေဒနာဟုဆိုအပ်သော ဈာနင်္တရားကိုယ် ၅-ပါး ပစ္စည်းတရားကို ရပါသည်။

သဟဇာတာနံ နာမရူပါနံ အရ... ခွေးပဉ္စဝိညာဏ် (၁၀)ကြဉ်သော စိတ်(၇၉)ခု၊ စေတသိက်ခွေပညာသ၊စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်တို့ကို ရပါသည်။

http://www.dhammadownload.com

မဂ္ဂင်္ဂါနိုအရ… သဟိတ်စိတ် ဧကသတ္တတိဝ်ဍ်ရှိသော ပညာ၊ဝိတက်၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ဝီရိယ၊သတိ၊ဧကဂ္ဂတာ၊ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် (၉)ပါးကို ရပါသည်။

သဟဇာတာနံ နာမရူပါနံ အရ… သဟိတ်စိတ် ဧကသတ္တတိ၊မောဟမူဒွေးဍ်ဍ် မောဟကြဉ်သော စေတသိက် ဒွေပညာသ၊သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တို့ကို ရပါသည်။

သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံဍ် **သဟဇာတာ စေတနာအရ…** စိတ်တစ်ခုယုတ် (၉၀)ဍ်ရှိသော စေတနာတစ်ခုယုတ် (၉၀)ကို ရပါသည်။

သဟဇာတာနံ နာမရူပါနံ အရ… စိတ်တစ်ခုယုတ်(၉၀)၊စေတနာကြဉ်သော စေတသိက်ဧကပညာသ၊စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်တို့ကို ရပါသည်။

နာနက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ-ဍ် **နာနက္ခဏိကာ စေတနာ အရ…** အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ (၃၃)ခုကို ရပါသည်။

ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံအရ… ဝိပါက်ဆတ္တိသ၊ စေတသိက် အဋ္ဌတိသ၊ နာမကွန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့ကို ရပါသည်။

ဝိပါကကွန္ဓာ အညမညံ သဟဇာတာနံ ရူပါနံဍ် **ဝိပါကကွန္ဓာ အရ…** ဝိပါက်စိတ် အဋ္ဌတိသ တို့ကိုရပါသည်။

အညမညံ အရလည်း… ဝိပါက်စိတ် ဆတ္တိသ၊စေတသိက်အဋ္ဌတိသ တို့ကို ရပါသည်။

သဟဇာတာနံ ရူပါနံအရ… ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် တို့ကိုရပါသည်။

နာမ်သည် ရုပ်အားကျေးဇူးပြုပုံ (၁) ပစ္စည်း

ပစ္စာဇာတပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ပဋ္ဌဝေါကာရဘုံဍ် ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် (၄)ခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်သော စိတ်(၈၅)ခု စေတသိက် ဒွေပညာသ၊နာမကွန္ဓာ ပစ္စည်း တရားတို့သည် ပဋိသန္ဓေအစရှိသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဦသို့ရောက်သော ဧကဇ

http://www.dhammadownload.com

ကာယ,ဒွိဇကာယ,တိဇကာယ,စတုဇကာယ,ပစ္စယုပ္ပန်တရားတို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ဤသို့လျှင် နာမ်သည် ရုပ်အား ပစ္ဆာဇာတသတ္တိဟူသော တစ်ခုသော အခြင်းအရာဖြင့်သာလျှင် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ပစ္ဆာဇာတာ (ပ) ရူပဿ ပစ္စယော ဟောတိ ဖြစ်ပါသည်။

အရကောက်များ

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ အရ... ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရွယ်ပိပါက်(၄)ခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ်(၈၅)ခု စေတသိက်ဒွေပညာသ နာမကွန်ဟာ တို့ကိုရပါသည်။

ပုရေဇာတဿ ဣမဿ ကာယဿအရ...ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ် နှင့်အတူ ဥပါဒ်၍ ရုပ်၏ဦသို့ရောက်သော ဇကဇကာယ,ဒွိဇကာယ,တိဇကာယ,စတုဇ ကာယတို့ကိုရပါသည်။

မှတ်ချက် ။ ။ ဤ၌ စတုသမုဋ္ဌာနိက ရုပ်တို့ကို ကာယဟု ခေါ်သည်။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ (ဦခဏ၌)တည်သော ကံကြောင့်ဖြစ်သော ကမ္မဇရုပ်အပေါင်းကို ဇကဇကာယ,ပဋိသန္ဓေ စိတ်၏ ဦခဏကိုအစပြု၍ (ဘင်ခဏ၌) တည်သော ကမ္မဇ ဥတုဇရုပ်အပေါင်းကို ဒွိဇကာယ,ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပါဒ်ကိုအစပြု၍(ဦခဏ၌)တည်သော ကမ္မဇ,ဥတုဇ,စိတ္တဇရုပ် အပေါင်းကို တိဇကာယ,မိခင်၏ စားအပ်,မျိုအပ်သော အစာ အာဟာရ သြဇာ၏ ပုံ့နှံ့သော ကာလကိုအစပြု၍ (ဦသို့ရောက် သည့်အခါ) တည်ရှိသော ကမ္မဇ,ဥတုဇ,စိတ္တဇ,အာဟာရဇ ရုပ်အပေါင်းကို စတုဇကာယဟုခေါ်ရကြောင်း ရုပ်ပိုင်းလာ **"ဣဿွဝံ ပဋိသန္ဓိ မူပါဒါယ ကမ္မသမုဋ္ဌာ"** စသော သင်္ဂဟပါဠိကို ထောက်ဆ လျက် သိပါ။

http://www.dhammadownload.com

ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ(၁) ပစ္စည်း
ပုရေဇာတပစ္စည်း(၂)မျိုး

ပုရေဇာတပစ္စည်းသည် ဝတ္ထုပုရေဇာတပစ္စည်း၊အာရမ္မဏပုရေဇာတပစ္စည်းအားဖြင့် (၂)ပါးအပြားရှိပါသည်။

ဝတ္ထုပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ထို(၂)ပါးတို့တွင်-(၆)ပါးသော ဝတ္ထုရုပ်တို့သည်(၀ါ)မနှာယုက အမနှာယုက မစ္ဆိမာယုကအားဖြင့် ၃-ပါးတို့တွင် မစ္ဆိမာယုကဖြစ်၍-

အတိတဘဝင်(၁)ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊သောတဝတ္ထု၊ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ကာယဝတ္ထု၊ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု,နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု,မရဏာသန္န အခါ စုတိစိတ်မှပြန်၍ရသော် (၁၇)ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုဟုဆိုအပ်သော ဝတ္ထုရုပ် (၆)ပါး ပစ္စည်းတရားတို့သည် -

ပဝတ္တိအခါ၌(ပဋိသန္ဓေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော) သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန်တရားတို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ဆဝတ္ထုနှိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတုနံ (ပုရေဇာဟဝသေန) ဖြစ်ပါသည်။

အာရမ္မဏပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

(ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော)

ပစ္စုပ္ပန် ပဉ္စာရုံ ပစ္စည်းတရားတို့သည် ဒွေပဉ္စဝိညာဏ်(၁၀)၊သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ခု၊ပစ္စယုပ္ပန်တရားတို့အား(၀ါ-ပဉ္စဝိညာဏဝီထိပစ္စယုပ္ပန်တရားတို့အား) အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ပဉ္စာရမ္မဏာနိ စ ပဉ္စဝိညာဏဝီထိယာ ပုရေဇာတဝသေန ဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့လျှင် ရုပ်သည် နာမ်အား ပုရေဏတသတ္တိ ဟူသော တစ်ခုသောအခြင်း အရာဖြင့်သာလျှင် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ ဣတိ ဧကဓာ ရူပံ နာမဿ ပစ္စယော ဟောတိ-ဖြစ်ပါသည်။

ပညတ်နာမ်ရုပ်သည် နာမ်အားကျေးဇူးပြုပုံ ၂-ပစ္စည်း

ပညတ် နာမ် ရုပ်တို့သည် အာရမ္မဏသတ္တိ ဥပနိဿယသတ္တိဟုဆိုအပ်သော နှစ်ပါးသော အခြင်းအရာဖြင့် နာမ်အားသာလျှင် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ အာရမ္မဏဝသေန (ပ) ပစ္စယာ ဟောန္တိ-ဖြစ်ပါသည်။

အာရမ္မဏပစ္စည်း (၆)မျိုး

ထို(၂)ပါးတို့တွင် အာရမ္မဏပစ္စည်းသည် ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံအားဖြင့် (၆)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ တတ္ထ ရူပါဒိဝသေန ဆဒ္ဓိဓံ ဟောတိ အာရမ္မဏံ-ဖြစ်ပါသည်။

အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

စိတ်တစ်ခုယုတ် (၉၀)၊ စေတသိက်ဒွေပညာသ၊ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်၊ပညတ်ဟု ဆိုအပ်သော အာရုံ(၆)ပါး ပစ္စည်းတရားတို့သည်- စိတ်တစ်ခုယုတ်(၉၀)၊စေတသိက် ဒွေပညာသ(ဟုဆိုအပ်သော နာမကွန္ဓာ ၄-ပါး)ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ အာရမ္မဏဝသေန (ပ) ပစ္စယာဟောန္တိ၊ တတ္ထ ရူပါဒိဝသေန ဆဒ္ဓိဓံ ဟောတိ အာရမ္မဏံ- တို့ဖြစ်ပါသည်။

ဥပနိဿယပစ္စည်း(၃)မျိုး

ဥပနိဿယပစ္စည်းသည်အာရမ္မဏူပနိဿယ,အနန္တရူပနိဿယ,ပကတူပနိဿယ အားဖြင့် (၃)ပါး အပြားရှိပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ဥပနိဿယော ပန (ပ) ပကတူပနိဿယောစေတိ- ဖြစ်ပါသည်။

အာရမ္မဏူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ထိုသုံးပါးတို့တွင် အလေးအမြတ်ပြုအပ်သော-ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ်အစရှိသော-ဒေါသမူခွေး၊ မောဟမူခွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ်(၈၄)ခု၊ဒေါသ ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ- ဝိစိကိစ္ဆာကြဉ်သော စေတသိက်(၄၇)ခု၊ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ(၆)ပါး ပစ္စည်းတရားတို့သည်-

အလေးအမြတ်ပြုတတ်သော လောဘမူစိတ်(၈)ခု၊မဟာကုသိုလ်စိတ်(၈)ခု၊မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ခု၊လောကုတ္တရာစိတ်(၈)ခု၊ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာ-အပမညာကြဉ်သော စေတသိက် (၄၅)ခု၊ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ တတ္ထ အာရမ္မဏဝသေန ဂရုဂတံ အာရမ္မဏူပနိဿယောဖြစ်ပါသည်။

မှတ်ချက် ။ ။ အထက်ပါသာဓကပြ သင်္ဂဟပါဠိတွင်ပစ္စယုပ္ပန်တရားမပါရှိသော်လည်း ပဋ္ဌာန်းအရကောက်၍ အထောက်အကူပြုစေရန် ပစ္စယုပ္ပန် တရားကို ထည့်သွင်းရေးသည်။

အနန္တရူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

(အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော) ရဟန္တာတို့၏ စုတိကြဉ်သော(ရွေးရွေးသော) စိတ်တစ်ခုယုတ် (၉၀)၊စေတသိက်ဒွေပညာသ-ဟုဆိုအပ်သော (ပဝတ္တိ ပဋိသန္ဓေ) နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်-ရဟန္တာတို့၏ စုတိနှင့်တကွ(နောက်နောက်သော)စိတ်တစ်ခု ယုတ် (၉၀)၊စေတသိက်ဒွေပညာသ၊နာမက္ခန္ဓာ ၄-ပါး၊ပစ္စယုပ္ပန်တရားတို့အား အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ အနန္တရာဒိဝုဒ္ဓါ စိတ္တာစေတသိကာ ဓမ္မာ အနန္တရူပနိဿယော ဖြစ်ပါသည်။

http://www.dhammadownload.com

ပကတူပနိဿယပစ္စည်းဖြင့်ကျေးဇူးပြုသည့်ပစ္စည်းနှင့်-ပစ္စယုပ္ပန် တရားများ

အဋ္ဌတ္တသန္တာန်၌ဖြစ်သော ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌ,ပတ္ထနာဟုဆိုအပ်သော အကုသိုလ်တရား၊သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ-ဟုဆိုအပ်သော ကုသိုလ်တရား၊ ကာယိကသုခ၊ကာယိကဒုက္ခ။

ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ကလျာဏမိတ္တ စသော ပုဂ္ဂိုလ်၊လျော်ကပ်သည် အစရှိသောဘောဇဉ်၊လျော်ကပ်သည် အစရှိသော အချမ်းအပူဟူသော ဥတု၊ လျော်ကပ်သည် အစရှိသော ကျောင်းအိပ်ရာနေရာ ဟုဆိုအပ်သော ပစ္စည်းတရားတို့သည်- ကုသိုလ်စိတ်၏ကဝိသ၊အကုသိုလ်စိတ်၌ဒသ၊ဝိပါက်စိတ်ဆတ္တိသ၊ကြိယာစိတ်ဝိသ၊နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားတို့အားလည်းကောင်း၊ဗလဝဖြစ်သော ကုသိုလ် အကုသိုလ်က် ပစ္စည်းတရားတို့သည် ဝိပါက်စိတ် ဆတ္တိသ နာမက္ခန္ဓာပစ္စယုပ္ပန်တရားတို့အားလည်းကောင်း၊ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။　။ ရာဂါဒယောပန (ပ) ပကတူပနိဿယော ဖြစ်ပါသည်။

ပကတူပနိဿယပစ္စည်း၏-ပစ္စည်းတရားများကို ရုပ်-နာမ်-ပညတ်ခွဲပုံ

ပကတူပနိဿယပစ္စည်း၏ ပစ္စည်းတရားတို့တွင် လျော်ကပ်သည် အစရှိသော ဘောဇဉ်၊လျော်ကပ်သည်အစရှိသော အချမ်းအပူဟူသောဥတု၊လျော်ကပ်သည် အစရှိသော ကျောင်းအိပ်ရာနေရာတို့သည် ရုပ်ဖြစ်သောပစ္စည်းတရားတို့မည်ပါသည်။

အဋ္ဌတ္တသန္တာန်၌ဖြစ်သော ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌ,ပတ္ထနာ,ဟုဆိုအပ်သော အကုသိုလ်တရား၊သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ ဟုဆိုအပ်သော ကုသိုလ်တရား၊ ကာယိကသုခ၊ကာယိကဒုက္ခ၊ဗလဝဖြစ်သော ကုသိုလ် အကုသိုလ်က်တို့သည် နာမ်ဖြစ်သောပစ္စည်းတရားတို့မည်ပါသည်။

ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည် ပညတ်ဖြစ်သောပစ္စည်းမည်ပါသည်။

ပကတူပနိဿယပစ္စည်း၏ နိဒ္ဒေသပြုပါဠိကို ပစ္စည်း-ပစ္စယုပ္ပန်ပါဠိခွဲပုံ

ပကတူပနိဿယပစ္စည်း၏ နိဒ္ဒေသပြုပါဠိတို့တွင် ရာဂါဒယော ပန ဓမ္မာ (ပ)

http://www.dhammadownload.com

သေနာသနဋ္ဌ-ဟူသောပါဠိသည်လည်းကောင်း၊ ကမ္မံ-ဟူသောပါဠိသည်လည်းကောင်း ပကတူပနိဿယ ပစ္စည်း၏ ပစ္စည်းတရားကိုပြသောပါဠိတို့မည်ပါသည်။

ယထာရဟံ အဏ္ဏတ္တဋ္ဌ ဗဟိဒ္ဓါစ ကုသလာဒိမဂ္ဂင်္ဂနံဟူသော ပါဠိသည်လည်းကောင်း၊ ဝိပါကာနံ-ဟူသောပါဠိသည်လည်းကောင်း၊ ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရားကို ပြသော ပါဠိတို့မည်ပါသည်။

နာမ်ရုပ်နှစ်ပါးက နာမ်ရုပ်နှစ်ပါးအားကျေးဇူးပြု ၉-ပစ္စည်း

အဓိပတိ သဟဇာတ (၁) ပစ္စယာ ဘဝဲန္တိ-ဟူသောသင်္ဂဟပါဠိသည် "ဒ္ဗယံ ဒ္ဗယဿ နဝဓာ"ဟူသော အကျဉ်းသခ်ေပ၏ (အကျဉ်းဥဒ္ဒေသ၏)-အကျယ်ဝိတ္ထာရပြ (အကျယ်နိဒ္ဒေသပြ) သင်္ဂဟပါဠိဖြစ်ပါသည်။

နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား-အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, အင်္ဂ, အဝိဂတ-ဟုဆိုအပ်သော (၉)ပါးသော ပစ္စယသတ္တိတို့ဖြင့်ထိုက်သည့်အားလျော်စွာကျေးဇူးပြုပါသည်။

သာဓကကား။ ။ အဓိပတိ သဟဇာတ (၁) ပစ္စယာဘဝန္တိ ဖြစ်ပါသည်။

အဓိပတိပစ္စည်း ၂ မျိုး

အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်း သဟဇာတာဓိပတိပစ္စည်း အားဖြင့် ၂-ပါးအပြားရှိပါသည်။

အာရမ္မဏာဓိပတိပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန် တရားများ

အလေးမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ်အဋ္ဌာအရသ, ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောစိတ် (၈၄)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇) ခု၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ (၆)ပါးပစ္စည်းတရားတို့သည်-အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု၊ မဟာကုသိုလ်စိတ် (၈)ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ခု၊ လောကုတ္တရာစိတ် (၈)ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပွမညာကြဉ်

http://www.dhammadownload.com

သော စေတသိက် (၄၅)ခု၊ နာမကွန္ဓာ ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏာဓိပတိသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ တတ္ထ ဂရုကတာ မာရမ္မဏံ အာရမ္မဏာဓိပတိဝသေန နာမာနံ-ဖြစ်ပါသည်။

သဟဇာတာဓိပတိပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန်တရားများ

(လေးပါးအပြားရှိသည်လည်းဖြစ်သော)-အဓိပတိတပ်ခိုက်, တပ်နေ မောဟမူးခွေး ဟသိတုပွါဒ်ကြဉ်သော သာဓိပတိဓော (၅၂) ခုဒ္ဓရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ, သာဓိပတိဓော (၅၂)ခုဟုဆိုအပ်သော စိတ် (အားဖြင့် အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါးသော) ပစ္စည်းတရားတို့သည်-

(အဓိပတိကို ရခိုက်, ရနေ) တကွဖြစ်ကုန်သော အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဓော (၅၂)ခု၊ ဝီစိကိစ္ဆာကြဉ်သော စေတသိက် ကေပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတာဓိပတိသတ္တိဖြင့်ကျေးဇူးပြုပါသည်။

သာဓကကား။ ။ သဟဇာတာဓိပတိ (ပ) နာမရူပါနံ ဖြစ်ပါသည်။

ဤသို့လျှင် အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ၊=သဟဇာတာဓိပတိ အားဖြင့် ၂-ပါးအပြားရှိပါသည်။

သာဓကကား။ ။ ဣတိစ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော-ဖြစ်ပါသည်။

သဟဇာတပစ္စည်း (၃)မျိုး

စိတ္တစေတသိကာ ဓမ္မာ (ပ) သဟဇာတပစ္စယော ဟူသောပါဠိသည် သဟဇာတ ပစ္စည်း၏သရုပ်နှင့် သဟဇာတပစ္စည်း (၃)မျိုးပြားကြောင်းကိုပြသော သင်္ဂဟပါဠိ ဖြစ်ပါသည်။

http://www.dhammadownload.com

(ပဝတ္တိ) နာမ်သဟဇာတပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန် တရားများ

အချင်းချင်းအားလည်းကောင်း၊အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်းကောင်းတပ်သော အလုံးစုံသော စိတ်တခုယုတ် (၉၀) စေတသိက် ဒွေပညာသ (ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး) ပစ္စည်းတရား၀ိုသည်-

အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် (၉၀) စေတသိက် ဒွေပညာသ (ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး) ပစ္စယုပ္ပန်တရားတို့အား-နာမ်-သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ စိတ္တစေတသိကာဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ (သဟဇာတ ဝသေန) ဖြစ်ပါသည်။

ရုပ်သဟဇာတပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန် တရားများ

အချင်းချင်းအားလည်းကောင်း ဥပါဒါရုပ်တို့အားလည်းကောင်း တပ်သော-(အလုံးစုံသော)မဟာဘုတ် ၄-ပါးပစ္စည်းတရားတို့သည် မဟာဘုတ် ၄-ပါးနှင့် ဥဇါဒါရုပ် ပစ္စယုပ္ပန်တရားတို့အား ရုပ်သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ (သဟဇာတဝသေန) ဖြစ်ပါသည်။

ပဋိသန္ဓေ သဟဇာတ-ခေါ်-နာမ်ရုပ်သဟဇာတပစ္စည်း ဖြင့်ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရား

အချင်းချင်းအားတပ်သော ပဋိသေါကာရုပဋိသန္ဓေ နာမကွန္ဓာ ဟဒယ၀တ္ထု ပစ္စည်း တရားတို့သည်-ပဋိသေါကာရုပဋိသန္ဓေ နာမကွန္ဓာ ဟဒယ၀တ္ထုပစ္စယုပ္ပန်တရားတို့အား (နာမ်ရုပ်)သဟဇာတ သတ္တိဖြင့်ကျေးဇူးပြုပါသည်။

သာဓကကား။ ။ ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညံ (သဟဇာတဝသေန) ဖြစ်ပါသည်။

ဤသို့လျှင် သဟဇာတပစ္စည်းသည် နာမ်သဟဇာတပစ္စည်း,ရုပ်သဟဇာတပစ္စည်း

http://www.dhammadownload.com

နှမ်ရုပ်သဟဇာတပစ္စည်း အားဖြင့် ၃-ပါးအပြားရှိပါသည်။

သာဓကကား။ ။ ဣတိစ တိဝိဓော ဟောတိ သဟဇာတပစ္စယော ဖြစ်ပါသည်။

အညမညပစ္စည်း၃-မျိုး
(ပဝတ္တိ)နာမ် အညမညပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရားများ

အချင်းချင်းအားတပ်သော အလုံးစုံသော စိတ်တခုယုတ် (၉၀) စေတသိက် ဒွေပညာသ(နာမကွန္ဓာ ၄ပါး)ပစ္စည်းတရားတို့သည်-အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ်တခုယုတ် (၉၀) စေတသိက် ဒွေပညာသ(နာမကွန္ဓာ ၄ပါး)ပစ္စယုပ္ပန် တရားတို့အား နာမ်အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ စိတ္တစေတသိကာ ဓမ္မာ အညမညံ (အညမညဝသေန) ဖြစ်ပါသည်။

ရုပ်အညမညပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရားများ

အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါးပစ္စည်းတရားတို့သည် အချင်းချင်း မှထောက်အပ်သော အလုံးစုံသောမဟာဘုတ် ၄-ပါးပစ္စယုပ္ပန်တရားတို့အား ရုပ်အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ မဟာဘူတာ အညမညံ (အညမညဝသေန) ဖြစ်ပါသည်။

(ပဋိသန္ဓေအညမည-ခေါ်) ရုပ်နာမ် အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရားများ

အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုပစ္စည်း တရားတို့သည် ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမကွန္ဓာ ဟဒယဝတ္ထုပစ္စယုပ္ပန်တရားတို့အား ရုပ်နာမ် အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညံ (အညမညဝသေန) ဖြစ်ပါ သည်။

ဤသို့လျှင် အညမညပစ္စည်းသည် နာမ်အညမညပစ္စည်း,ရုပ်အညမညပစ္စည်း,

http://www.dhammadownload.com

ရုပ်နာမ်အညမညပစ္စည်း အားဖြင့် ၃-ပါးအဖြာရှိပါသည်။

သာဓကကား။ ။ ဣတိစ တိဝိဓော ဟောတိ အညမညပစ္စယော ဖြစ်ပါသည်။

နိဿယပစ္စည်း (၃)မျိုး

စိတ္တစေတသိကာ ဓမ္မာ (ပ) နိဿယပစ္စယော-ဟူသော သင်္ဂဟပါဠိသည် နိဿယပစ္စည်း၏ သရုပ်နှင့် ပစ္စည်းပစ္စယုပ္ပန်တရားတို့ကိုပြသောပါဠိဖြစ်ပါသည်။

နာမ်သဟဇာတနိဿယပစ္စည်းဖြင့်ကျေးဇူးပြုသည့်ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရားများ

အချင်းချင်းအားလည်းကောင်း၊အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊တပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် (၉၀) စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်-အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တစ်ခုယုတ် (၉၀) စေတသိက် ဒွေပညာသပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့အား နာမ်သဟဇာတနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ စိတ္တစေတသိကာဓမ္မာ အညမညံ သဟဇာတရူပါနဉ္စ (နိဿယဝသေန) ဖြစ်ပါသည်။

ရုပ်သဟဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရားများ

အချင်းချင်းအားလည်းကောင်း၊ဥပါဒါရုပ်တို့အားလည်းကောင်း၊တပ်သော (အလုံးစုံသော) မဟာဘူတ် ၄-ပါး ပစ္စည်းတရားတို့သည် မဟာဘူတ် ၄-ပါးနှင့် ဥပါဒါရုပ် ပစ္စယုပ္ပန်တရားတို့အား ရုပ်သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား ။ ။ မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ (နိဿယဝသေန) ဖြစ်ပါသည်။

http://www.dhammadownload.com

ပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်းနှင့်-ပစ္စယုပ္ပန်တရားများ

(ပဝတ္တိအခါ)-ဝတ္ထုရုပ် ၆-ပါးပစ္စည်းတရားတို့သည် (၀၊)မနုဿယုက အမနုဿယုက မိန္ဒိမာယုကအားဖြင့် ၃-ပါးတို့တွင် မိန္ဒိမာယုကဖြစ်၍ အတိတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ဖြိုင်သော စက္ခဝတ္ထု (ပ) ကာယဝတ္ထု၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်ဖြိုင်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု-မရဏာသန္နအခါ စုတိစိတ်မှ ပြန်လည်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထုရုပ် ၆-ပါး ပစ္စည်းတရားတို့သည် -

ပဋ္ဌာဝေါကာရဘုံ၌ဖြစ်သောအခါ အဏ္ဍဇပဝိပါက်(၄)ခုကြွင်းသော သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကား ။ ။ ဆဝတ္ထုနှိ သတ္တန္နံ ဝိညာဏဓာတုနံ (နိဿယဝသေန) ဖြစ်ပါသည်။

ဤသို့လျှင် နိဿယပစ္စည်းသည် နာမ်သဟဇာတနိဿယပကစ္စည်း, ရုပ်သဟဇာတနိဿယပစ္စည်း,ပုရေဇာတနိဿယပစ္စည်း အားဖြင့် ၃-ပါးအပြားရှိပါသည်။

သာဓကား ။ ။ ဣတစ တိဝိဓော ဟောတိ နိဿယပစ္စယော ဖြစ်ပါသည်။

အာဟာရပစ္စည်း (၂)မျိုး

အာဟာရပစ္စည်းသည် ရုပ်အာဟာရပစ္စည်း နာမ်အာဟာရပစ္စည်းအားဖြင့် (၂)ပါး အပြားရှိပါသည်။

ရုပ်အာဟာရပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်းပစ္စယုပ္ပန်တရားများ

အလုပ်အလွေးကို မပြုအပ်သောလည်း ပြုအပ်သကဲ့သို့သော ဆွမ်းကဲ့ဘွယ် ဩဇဥ်အစရှိသည်၌တည်ရှိသော ဗဟိဒ္ဓဩဇာ ပစ္စည်းတရားသည် အာဟာရသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားအား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

တနည်း - အလုပ်အလွေးကိုမပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သောအချုတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကဩဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာပစ္စည်းတရားတို့သည် ကလာပ်တူဩဇာကြွင်းသော,ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားတို့အား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ (အာဟာရဝေနေ) ဖြစ်ပါသည်။

နာမ်အာဟာရပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန်တရားများ

ဖဿ စေတနာ ဝိညာဏ်ဟူဆိုအပ်သော နာမ်အာဟာရတရားကိုယ် သုံးပါးပစ္စည်းတရားတို့သည် တကွဖြစ်သော စိတ်ဇာခုယုတ်(၉၀)စေတသိက်ဒွေပညာသ၊စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရား၊ ၃အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ (အာဟာရဝေနေ) ဖြစ်ပါသည်။

ဤသို့လျှင် အာဟာရပစ္စည်းသည် ရုပ်အာဟာရပစ္စည်း နာမ်အာဟာရပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိပါသည်။

သာဓကကား။ ။ ဣတိစ ဒုဝိဓော ဟောတိ အာဟာရပစ္စယော ဖြစ်ပါသည်။

ဣန္ဒြိယပစ္စည်း (၃) မျိုး

ဣန္ဒြိယပစ္စည်းသည် ပုရေဇာတိန္ဒြိယပစ္စည်း,ရူပဇီဝိတိန္ဒြိယပစ္စည်း,သဟဇာတိန္ဒြိယပစ္စည်းအားဖြင့် ၃-ပါးအပြားရှိပါသည်။

ပုရေဇာတိန္ဒြိယပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ငါးပါးသော ပသာဒရုပ်တို့သည်(၀ါ)မနာယုက အမနာယုက မဏ္ဍိမာယုက သုံးပါးတို့တွင် မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ဖြိုင်သော စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ ပစ္စည်းတရားတို့သည် ဒွေပဉ္စဝိညာဏ်(၁၀) သဗ္ဗစိတ္တသာ ဓာရဏာစေတသိက်(၇)ခု ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ (ဣန္ဒြိယဝေနေ) ဖြစ်ပါသည်။

http://www.dhammadownload.com

ရူပဇီဝိတိန္ဒြိယပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန်တရားများ

ပဝတ္တိ ပဋိသန္ဓေအားဖြင့် အလုံးစုံသောရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့သည် ရုပ်ဇီဝိတိန္ဒြေကြည်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ် အသည်းသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား (ဗားကရာနိသယ) (၀၊) ရုပ်ဇီဝိတိန္ဒြေကြည်သော ကလာပ်တူကမ္မဇရုပ် (၈)ခု (၉)ခု ပစ္စယုပ္ပန်တရားတို့အား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။　။ ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ (ကျန္ဒြိယဝသေန) ဖြစ်ပါသည်။

သဟဇာတိန္ဒြိယပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန်တရားများ

ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,ဧကဂ္ဂတာ,ပညာ ဟုဆိုအပ်သော နာမ်ကျန္ဒြေတရားကိုယ် (၈)ပါး ပစ္စည်းတရားတို့သည် စိတ်တစ်ခုယုတ်(၉၀) စေတသိက် ဒွေပညာသ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။　။ အရူပိနော ကျန္ဒြိယာ သဟဇာတာနံ နာမရူပါနံ (ကျန္ဒြိယဝသေန) ဖြစ်ပါသည်။

ဤသို့လျှင် ကျန္ဒြိယပစ္စည်းသည် ပုရေဇာတိန္ဒြိယပစ္စည်း,ရူပဇီဝိတိန္ဒြိယပစ္စည်း, သဟဇာတိန္ဒြိယပစ္စည်း အားဖြင့် (၃)ပါးအပြားရှိပါသည်။

သာဓကကား။　။ ကျတိစ တိဝိဓော ဟောတိ ကျန္ဒြိယပစ္စယော ဖြစ်ပါသည်။

ဈာယုတ္တပစ္စည်း ၃မျိုး

ဈာယုတ္တပစ္စည်းသည် သဟဇာတဈာယုတ်,ပစ္ဆာဇာတဈာယုတ်,(၀တ္ထု)ပုရေဇာတ ဈာယုတ်, အားဖြင့် ၃-ပါးအပြားရှိပါသည်။

သဟဇာတဈာယုတ္တပစ္စည်းဖြင့်ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ပဌာဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာနှင့်အတူဥပါဒ်သော ဟဒယ၀တ္ထုပစ္စည်းတရား

http://www.dhammadownload.com

တို့သည်ပဋ္ဌဝေါကာရဝဋ်ဌသန္တေ နာမက္ခန္ဓာပစ္စယုပ္ပန် တရားတို့အားလည်းကောင်း။ ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်လေးခု,ဒွေပဋ္ဌဝိညာဏ် (၁၀) ရဟန္တာတို့၏ စုတိကြဉ်သော စိတ် (၇၅)ခု၊စေတသိက်ဒွေပညာသပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး ပစ္စည်းတရားတို့သည် သဟဇာတ်ဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား လည်းကောင်း၊သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ သြက္ကန္တိက္ခဏော (ပ) သဟဇာတဝသေန ဖြစ်ပါသည်။

ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန် တရားများ

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်လေးခုကြဉ်သော ပဋ္ဌမဘဝင်အစရှိသော နောက်နောက်သောစိတ် (၈၅)ခု စေတသိက်ဒွေပညာသ နာမက္ခန္ဓာပစ္စည်းတရားတို့သည် ပဋိသန္ဓေအစရှိသောရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရပ်၏ဌိဘင်္ဂသို့ရောက်သော ဇကဇကာယ,ဒွိဇကာယ,တိဇကာယ,စတုဇကာယ ပစ္စယုပ္ပန်တရားတို့အား ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သာဓကကား။ ။ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ (ပ) ပစ္ဆာဇာတဝသေန ဖြစ်ပါသည်။

(ဝတ္ထု) ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည့် ပစ္စည်း-ပစ္စယုပ္ပန်တရားများ

ဝတ္ထုရုပ် ၆-ပါးပစ္စည်းတရားတို့သည် (ဝါ) မနာယုက အမနာယုက မဇ္ဈိမာယုက အားဖြင့် ၃-ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့်ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (ပ) ကာယဝတ္ထု ၊ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သောဟဒယဝတ္ထု မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထုရုပ် (၆)ပါးပစ္စည်း တရားတို့သည်၊

ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ခု ကြဉ်သော သတ္တဝိညာဏဓာတ်

http://www.dhammadownload.com

ပစ္စယုပ္ပန်တရားတို့အား (ဝတ္ထု) ပုရေစာတဝိပွယုတ္တသတ္တိဖြင့်ကျေးဇူးပြုပါသည်။

သာဓကကား။ ။ ဆဝတ္ထုနှိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏာဓာတုနံ ပုရေစာတဝသေန ဖြစ်ပါသည်။

ဤသို့လျှင် ဝိပွယုတ္တပစ္စည်းသည် သဟဇာတဝိပွယုတ္တပစ္စည်း,ပစ္ဆာဇာတဝိပွယုတ္တပစ္စည်း,ပုရေစာတဝိပွယုတ္တပစ္စည်းအားဖြင့် ၃-ပါးအပြားရှိပါသည်။

သာဓကကား။ ။ ဤတိစ တိဝိဓော ဟောတိ ဝိပွယုတ္တပစ္စယော ဖြစ်ပါသည်။

အတ္ထိ,အဝိဂတ ပစ္စည်းအပြား

သဟဇာတ် ပုရေစာတ် (ပ) အဝိဂတပစ္စယောစ-ဟူသောသင်္ဂဟပါဠိသည် အတ္ထိပစ္စည်းနှင့်အဝိဂတပစ္စည်းတို့၏ အပြားကိုပြသော ပါဠိဖြစ်ပါသည်။ အတ္ထိပစ္စည်း၏ သရုပ်နှင့်အဝိဂတပစ္စည်းတို့၏ သရုပ်ကိုပြသော ပါဠိလည်းမည်ပါသည်။

အတ္ထိပစ္စည်း (၅) မျိုးနှင့် အဝိဂတပစ္စည်း(၅)မျိုး

အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ, ပုရေစာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ၅-ပါးအပြားရှိပါသည်။

အဝိဂတပစ္စည်းသည်လည်း သဟဇာတအဝိဂတ,ပုရေစာတအဝိဂတ, ပစ္ဆာဇာတအဝိဂတ,ရူပအာဟာရအဝိဂတ,ရူပဇီဝိတိန္ဒြိယအဝိဂတ်အားဖြင့် ၅-ပါးပင်အပြားရှိပါသည်။

သာဓကကား ။ ။ သဟဇာတ် ပုရေစာတ် (ပ) အတ္ထိပစ္စယော အဝိဂတပစ္စယောစ ဖြစ်ပါသည်။

မှတ်ချက် ။ ။ အတ္ထိ ၅-ပစ္စည်းနှင့် အဝိဂတ ၅-ပစ္စည်းတို့၏ ပစ္စည်း ပစ္စယုပ္ပန်တရားများမှာ သဟဇာတတ္ထိနှင့် သဟဇာတအဝိဂတ ၂-ပါးသည် သဟဇာတပစ္စည်းနှင့်တူသည်။ပုရေစာတတ္ထိနှင့် ပုရေစာတအဝိဂတ ၂-ပါးသည် ဝတ္ထုပုရေစာတ ဝတ္ထာရမ္မဏ ပုရေစာတ တို့နှင့်တူသည်။ပစ္ဆာဇာတတ္ထိနှင့် ပစ္ဆာဇာတအဝိဂတ ၂-ပါးသည် ပစ္ဆာဇာတနှင့်တူသည်။ရူပအာဟာရတ္ထိနှင့်

http://www.dhammadownload.com

ရူပအာဟာရအဝိဂတ ၂-ပါးသည် ရူပအာဟာရနှင့်တူသည်။ ရူပဇီဝိတိန္ဒြိယတို့နှင့် ရူပဇီဝိတိန္ဒြိယအဝိဂတ ၂-ပါးသည် ရူပဇီဝိတိန္ဒြိယနှင့်တူသည်။ယင်းပစ္စည်းတို့၏ ပစ္စည်း,ပစ္စယုပ္ပန် အတိုင်းကောက်ပါလေ။

ပစ္စည်းအကျဉ်းချုပ် ၄-ပါး

(၂၄)ပါးသော ပဋ္ဌာန်းပစ္စည်းသည် အကျဉ်းချုပ်အားဖြင့်ရေတွက်သော် အာရမ္မဏပစ္စည်း,ဥပနိဿယပစ္စည်း,ကမ္မပစ္စည်း,အတ္ထိပစ္စည်းအားဖြင့် (၄)ပါးသာအပြားရှိပါသည်။

သာဓကကား။ ။ အာရမ္မဏူပနိဿယ (ပ) ဂစ္ဆန္တီ ဖြစ်ပါသည်။

သဟဇာတရုပ်ပြ ပါဠိ

သဟဇာတရူပန္တီ ပနေတ္ထ (ပ) ဓဒီတဗ္ဗံ-ဟူသောသင်္ဂဟပါဠိသည် သဟဇာတရုပ် အတွက် "အထူးမှတ်ရန်" ကိုပြသော အမှာစကားချုပ် သင်္ဂဟပါဠိဖြစ်ပါသည်။ "သဟဇာတရုပ်ပြ" သင်္ဂဟပါဠိလည်းမည်ပါသည်။

သဟဇာတရုပ် (၂)မျိုး

သဟဇာတရုပ်သည် ပဝတ္တိအခါ စိတ္တဇရုပ် ပဋိသန္ဓေအခါ ကဋတ္တာရုပ် (ကမ္မဇရုပ်) အားဖြင့် ၂-ပါးအပြားရှိပါသည်။

သာဓကကား။ ။ သဟဇာတရူပန္တီ (ပ) ဓေဒီတဗ္ဗံ ဖြစ်ပါသည်။

"သဟဇာတရုပ" အရကောက်

သဟဇာတရူပန္တီ ပနေတ္ထ-၌ "သဟဇာတရုပ" အရကား-ပဝတ္တိအခါဖြစ်လျှင် စိတ္တဇရုပ်ကို, ပဋိသန္ဓေအခါဖြစ်လျှင် ကဋတ္တာရုပ်-(ကမ္မဇရုပ်) ကိုရပါသည်။

မှတ်ချက်။ ။ ဒုဝိဓံ ဟောတိ ဓေဒီတဗ္ဗံ-၌ ဒုဝိဓ-အရကောက်ပြပါဟုမေးလျှင်လည်း-ပဝတ္တိအခါ-စိတ္တဇရုပ် ပဋိသန္ဓေအခါ-ကဋတ္တာရုပ်-ဟူသော သဟဇာတရုပ် ၂-မျိုးကိုပင်ဖြေပါလေ။

http://www.dhammadownload.com

ပစ္စည်းမျိုးပြသဂါဟဂါထာ

ဤတိတေကာလိကာဓမ္မာ (၁) စတုဝီသတိသင်္ဂဟထာ-ဟူသော ဤ(၂)ဂါထာသည် (၂၄)ပစ္စည်းတွင် ပါဝင်သော တရားတို့၏ တေကာလိက,ကာလဝိမုတ္တ,စသည်ဖြင့် အမျိုးမျိုးရှိကြောင်းကို ရဲ့ပြလျက် နိဂုံးချုပ်သောစကားကိုပြသော ၂-ဂါထာဖြစ်ပါသည်။ (၂၄)ပစ္စည်းတွင်ပါဝင်သော် တရားတို့ကို နိဂုံးချုပ်ပြလျက် "တေကာလိက" စသည်ဖြင့် ခွဲပြသော ဂါထာလည်းမည်ပါသည်။

ဂါထာ၏ဆိုလိုရင်းအဓိပ္ပါယ်

ဂါထာ၏ဆိုလိုရင်း အဓိပ္ပါယ်ကား- (ပဋ္ဌာန်း(၂၄)ပစ္စည်းတွင်ပါဝင်သော တရားတို့သည်) တေကာလိက, ကာလဝိမုတ္တအားဖြင့် ၂-မျိုး၊အဇ္ဈတ္တ,ဗဟိဒ္ဓအားဖြင့် ၂-မျိုး၊ သခ်ိတ,အသခ်ိတ, အားဖြင့် ၂-မျိုး၊ပညတ်,နာမ်, ရုပ်,အားဖြင့် ၃-မျိုး၊ဤသို့အသီးသီးပြားသောတရားတို့တည်း၊ယင်းတရားတို့သည် ပဋ္ဌာန်းနည်းအရာဝယ် (၂၄)ပစ္စည်းအမည်အားဖြင့် ဖြစ်ကြရသည်ဟုဆိုလိုပါသည်။

မှတ်ချက် ။　။ ၂၄-ပစ္စည်းအမည်အားဖြင့် ဖြစ်ကြရသော တရားတို့တွင် **တေကာလိကတရားဟူသည်** စိတ်,စေတသိက်,ရုပ် တို့ဖြစ်သည်။**ကာလဝိမုတ္တဟူသည်** နိဗ္ဗာန် ပညတ်တို့ဖြစ်သည်။**အဇ္ဈတ္တဟူသည်** မိမိသန္တာန်၌ဖြစ်သော စိတ်,စေတသိက်,ရုပ် တို့ပင်ဖြစ်သည်။ **ဗဟိဒ္ဓဟူသည်** သူတစ်ပါးသန္တာန်၌ဖြစ်သော စိတ်,စေတသိက်, ရုပ်နှင့် နိဗ္ဗာန်တို့ဖြစ်သည်။**သခ်ိတဟူသည်** ကံ-စသော,အဝိဇ္ဇာ တဏှာစသော အကြောင်းတို့သည် ပြုစီမံအပ်သော စိတ်, စေတသိက်, ရုပ်တို့ဖြစ်သည်။**အသခ်ိတဟူသည်** နိဗ္ဗာန်ဖြစ်သည်။
(အခြေပြုသဂြိုလ်-နှာ ၅၁၄-၅၁၅)

၂၄-ပစ္စည်းကို ကာလ-၃-ပါးဖြင့် ဝေဖန်ပုံ

ဤတိတေကာလိကာ ဓမ္မာစသောဂါထာအရ ပဋ္ဌာန်း(၂၄)ပစ္စည်းကို ကာလ ၃-ပါးဖြင့် ဝေဖန်လိုက်သည်ရှိသော် အနန္တရ,သမနန္တရ,အာသေဝန,နတ္ထိ,ဝိဂတ, အားဖြင့်

http://www.dhammadownload.com

၅-ပါးသော ပစ္စည်းတို့သည် အတိတ်ကာလ၌ဖြစ်သော အတီတကာလိက ပစ္စည်းတို့မည်ပါသည်။

ကမ္မပစ္စည်းသည် အတိတ်,ပစ္စုပ္ပန်ကာလ ၂-ပါး၌ဖြစ်သော ဒွိကာလိက ပစ္စည်းမည်ပါသည်။

အာရမ္မဏ,အဓိပတိ,ဥပနိဿယအားဖြင့် ၃-ပါးသောပစ္စည်းတို့သည် အတိတ်, အနာဂါတ်,ပစ္စုပ္ပန်,ကာလ ၃-ပါး၌ဖြစ်သော တေကာလိက(တိကာလိက) ပစ္စည်းတို့မည်ပါသည်။

ဟေတု,သဟဇာတ,အညမည,နိဿယ,ပုရေဇာတ,ပစ္ဆာဇာတ,ဝိပါက, အာဟာရ,ဣန္ဒြိယ,ဈာန,မဂ္ဂ,သမ္မယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ အားဖြင့် ၁၅-ပါးသော ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ပစ္စုပ္ပန္နကာလိကပစ္စည်းတို့မည်ပါ သည်။ (ဋီကာကျော်)

အကျဉ်းမှတ်ရန်ဆောင်ပုဒ်လင်္ကာ

လင်္ကာကား-

၁။ နန်, နန်, သေ, နာ, ဝိဂတ၊ ငါးဝအတိတ်မှန်၊
၂။ ကမ္မပစ္စယ၊ ဒွေကာလ၊ တီတ, ပစ္စုပ္ပန်၊
၃။ အာ,မိ,ဥပ၊ ဤသုံးဝ၊ ကာလ, တေကာလ်၊
၄။ ဟေ,သ,အနီ၊ ပု,ပ,ဝိ၊ ဟာ,ဣ,ဈာ,မဂ်,သမ်၊
၅။ ဝိ,အ,နတ်စန်၊ ဆယ့်ငါးမှန်၊ ကာလံ ပစ္စုပ္ပန် ဖြစ်ပါသည်။
(မေဒိနီ-ဋီ-နိဿယ-နာ-၂၆၀)

ဧကကာလိက-ပစ္စည်းဧသည်ခွဲပုံ

ပဋ္ဌာန်း(၂၄)ပစ္စည်းတို့တွင် ကာလ ၁-ပါး၌သာဖြစ်သော ဧကကာလိက ပစ္စည်းတို့သည် အနန္တရ,သမနန္တရ,အာသေဝန,နတ္ထိ,ဝိဂတဟုဆိုအပ်သော အတိတ် ကာလ ၁-ပါး၌သာဖြစ်သော ၅-ပစ္စည်း-

ဟေတု,သဟဇာတ,အညမည,နိဿယ,ပုရေဇာတ,ပစ္ဆာဇာတ,ဝိပါက,

http://www.dhammadownload.com

အာဟာရ,ဣန္ဒြေယ,ဈာန,မဂ္ဂ,သမ္မယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတဟုဆိုအပ်သော ပစ္စုပ္ပန်ကာလ ၁-ပါးဥ်သာဖြစ်သော ၁၅-ပစ္စည်းအားဖြင့် ၂၀-ဖြစ်ပါသည်။

ကာလ၂-ပါးဥ်ဖြစ်သော ဒွိကာလိကပစ္စည်းသည်ကမ္မပစ္စည်း ၁-ပစ္စည်းသာဖြစ်ပါသည်။

ကာလ ၃-ပါးဥ်ဖြစ်သော တေကာလိက ပစ္စည်းတို့သည် အာရမ္မဏ,အဓိပတိ, ဥပနိဿယ,အားဖြင့် ၃-ပစ္စည်းဖြစ်ပါသည်။

အရကောက်များ

ဤတို့ တေကာလိကာ ဓမ္မာ စသောဂါထာ၌ ကာလမုတ္တာ အရဏားနှင့် ကာလ ၃-ပါးမှလွတ်သော နိဗ္ဗာန်နှင့် ပညတ်တို့ကို ရပါသည်။

အဿတ္တ အရကားး-စက္ခု,သောတ စသည် ရာဂါ, ဒေါသ စသည့် သဒ္ဓါ, သီလ စသည်တို့ကိုရပါသည်။ (**တစ်နည်း**) အဿတ္တိကသန္တာန်၌ဖြစ်သော စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယ,မန ဟုဆိုအပ်သောစိတ် စေတသိက်ရုပ်တရား တို့ကို ရပါသည်။

ဗဟိဒ္ဓအရကားး-လျှောက်ပတ်သော ဥတုဘောဇဉ် ပုဂ္ဂိုလ်တို့ကိုရပါသည်။ (**တစ်နည်း**)ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ် စေတသိက် ရုပ်နှင့်နိဗ္ဗာန်တို့ကို ရပါသည်။ **သခီတအရကားး** - ကံစသော အကြောင်းတရားတို့သည် ဖြူဖြင့်စီရင် အပ်သော စိတ် စေတသိက်ရုပ်တရားတို့ကို ရပါသည်။

အသခီတအရကားး-ကံ စသောအကြောင်းတရားတို့သည် မဖြူဖြင့် မစီရင် အပ်သော နိဗ္ဗာန်နှင့် ပညတ်တို့ကိုရပါသည်။

၂၄-ပစ္စည်းကို နာမ်, ရုပ်, ပစ္စည်းစသည်ခွဲပုံ

ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ဟေတု, အနန္တရ, သမနန္တရ, ပစ္ဆာဇာတ, အာသေဝန, ကမ္မ,ဝိပါက,ဈာန,မဂ္ဂ,သမ္မယုတ္တ,နတ္ထိ,ဝိဂတ, အားဖြင့် (၁၂)ပါးသော ပစ္စည်းတို့သည် နာမ်ဖြစ်သော ပစ္စည်းတို့မည်ပါသည်။

သာဓကကားး ။ ။ဆဓာ နာမန္တု နာမဿ၊ ပဿဓာ၊ နာမရူပိနံ၊ စကာ ပုန ရူပဿ-ဖြစ်ပါသည်။

http://www.dhammadownload.com

ပုရေဇာတ ပစ္စည်းသည် ရုပ်ဖြစ်သော ပစ္စည်းမည်ပါသည်။

သာဓကကား ။ ။ ရူပံ နာမဿ စေကဓာ ဖြစ်ပါသည်။

အဓိပတိ,သဟဇာတ,အညမည,နိဿယ,အာဟာရ,ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတအားဖြင့် (၉)ပါးသော ပစ္စည်းတို့သည် နာမ်ရုပ်ဖြစ်သော ပစ္စည်းတို့မည်ပါ သည်။

သာဓကကား ။ ။ ဒွယံ ဒွယဿ နဝဓာ-ဖြစ်ပါသည်။

အာရမ္မဏ,ဥပနိဿယ,အားဖြင့် (၂)ပါးသော ပစ္စည်းတို့သည် ပညတ်, နာမ်ရုပ်ဖြစ်သောပစ္စည်းတို့မည်ပါသည်။

သာဓကကား ။ ။ ပညတ္တိနာမရူပါနိ၊ နာမဿ ဒုဝိဓာ ဖြစ်ပါသည်။

ပဋ္ဌာန်း ၂၄-ပစ္စည်းအကျဉ်းချုပ်တရားကိုယ်

ပဋ္ဌာန်း ၂၄-ပစ္စည်းတွင် ပါဝင်သော တရားတို့ကို အကျဉ်းချုပ်အားဖြင့် (အနှစ်ချုပ် တရားကိုယ်အားဖြင့်) ရေတွက်လိုက်သည်ရှိသော် ပညတ်,နာမ်,ရုပ်တို့၏ အစွမ်းဖြင့် (၃)ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာ ဒ္ဝိတာ၊ ပစ္စယာနာမ ပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ ဖြစ်ပါသည်။

ရုပ်,နာမ်ခွဲပုံ

ပဋ္ဌာန်း ၂၄-ပစ္စည်းတို့၏ အကျဉ်းချုပ်တရားကိုယ်ဖြစ်သော ပညတ်,နာမ်,ရုပ် တို့တွင် ရုပ် ၂၈-ပါးဟုဆိုအပ်သော ရူပက္ခန္ဓာသည် ရုပ်မည်ပါသည်။

သာဓကကား ။ ။ တတ္ထ ရူပမေဝ ရူပက္ခန္ဓောဝ (ပဝုစ္စတိ) ဖြစ်ပါသည်။

စိတ် စေတသိက်ဟုဆိုအပ်သော နာမ်ဖြစ်သော ဝေဒနက္ခန္ဓာ သညက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၄-ပါး၊နိဗ္ဗာန်အားဖြင့် ဤ ၅-ပါးသော တရားတို့သည် အရူပလည်းမည်ပါသည်။နာမ်လည်းမည်ပါသည်။

သာဓကကား ။ ။ စိတ္တစေတသိကာသင်္ခါတာ (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

ဥာဏ်စမ်း

ယနေ့ မျက်မှောက်လောကဌ် အချို့သော ပုဂ္ဂိုလ်များက နိဗ္ဗာန်ကို "ရုပ်ထူး

http://www.dhammadownload.com

နာမ်ထူးတရား" ဟု ပြောဆိုနေကြသော စကားမမှန်ပါ။

စိတ္တစေတသိကာသခ်ါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဥွေတိ ပဌဝိမွိ အရူပန္တိစ နာမန္တိစ ပဝုစ္စတိ-ဟူသော သင်္ဂဟသာဓကကိုထောက်၍ နိဗ္ဗာန်သည် နာမ်တရားသာဖြစ်ပါသည်။

ပဋ္ဌာန်းနည်းပြီးပါပြီ။

ပညတ် ၂-မျိုး

ပညတ်သည် အတ္ထပညတ်,သဒ္ဒပညတ် အားဖြင့် ၂-ပါးအပြားရှိပါသည်။

ထို ၂-ပါးတို့တွင် အပြားအားဖြင့်သိစေအပ်သော ပညတ်သည် အတ္ထပညတ်မည်ပါသည်။ ဝါ-ဝစ္စပညတ်မည်ပါသည်။

အပြားအားဖြင့် သိစေတတ်သောပညတ်သည် သဒ္ဒပညတ်မည်ပါသည်။ ဝါ-ဝါစကပညတ်မည်ပါသည်။

သာဓကကား။ ။ တတော အဝသေသာ (ပ) ဟောတိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ပညတ် ၂-မျိုးကိုပြသော တတော အဝသေသာ ပညတ္တိ-စသောပါဠိတွင် "**ပညာဝိယတ္တာ ပညတ္တိ**" ဖြင့် အတ္ထပညတ်ကို ပြလျှင် "**ပညာပနတော ပညတ္တိ**" ဖြင့် သဒ္ဒပညတ်ကိုပြသည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အဓိပ္ပါယ်ကိုထပ်ဆင့် ဖွင့်ဆိုသော "**အဘိဓမ္မတ္ထဝိဘာဝိနီ**" ခေါ် ဋီကာကျော်၌ကား အတ္ထပညတ်ကို "**ဥပါဒါပညတ်**" ဟုဆို၍ သဒ္ဒပညတ်ကို "**အဘိဓေယ္ယပညတ်**" ဟူ၍ဥ၄း, "**နာမပညတ်**" ဟူ၍ဥ၄း ဆိုသေးသည်။

အနက်နှင့်သဒ္ဒါ (သို့မဟုတ်) အတ္ထပညတ် နှင့် သဒ္ဒပညတ်

သူတစ်ပါးကို နားလည်အောင်ပြောပြအပ်,ခေါ်ဆိုသုံးစွဲအပ်သော မြေ, တောင်ရုပ်, ဝေဒနာ, နွား, ခွေး, စသောစိတ်၌ထင်လာသမျှ အကောင်အထည် ဝတ္ထုဒြပ်စသည်ကို "**အနက်**" ဟုခေါ်ပါသည်။ ထိုအနက်ကို အမျိုးမျိုးအစားစားများပြားသော နာမည်တပ်၍

http://www.dhammadownload.com

သီစေအပ်သောကြောင့် "အတ္ထပညတ်" ဟုဆိုရပါသည်။

ပါဠိစကားသံဖြစ်စေ, မြန်မာ, ကုလား, တရုတ် အင်္ဂလိပ်, ကိုရိယား, စသော လူမျိုးများ၏ စကားသံဖြစ်စေထိုထိုစကားသံဟူသမျှကို "သဒ္ဒါ" ဟုခေါ်ပါသည်။ ယင်းစကားသံဟူသမျှသည် မိမိတို့ဘာသာ အလျောက် ဆိုလိုရာ အနက်ဒြပ်အထည်ဝတ္ထု တစ်ခုခုကို အမျိုးမျိုးအစားစားအားဖြင့် သိစေတတ်သောကြောင့် ထိုစကားသံ ဟူသမျှကို "သဒ္ဒပညတ်" ဟုဆိုရပါသည်။

ပညတ် ၂-ပါးအကျယ်ပြပါဠိနှင့် အတ္ထပညတ် အပြားပြပါဠိများ

ကထံ-တံတံ ဘူတဝိပရိဏာမာကာရမုပါဒါယမှစ၍ ရာဇပုတ္တောတိစ ဝေဒိတမ္မာ တိုင်အောင်သော ပါဠိစကားရပ်များသည် ပညတ် ၂-မျိုးကို အကျယ်ပြသော ပါဠိစကားရပ်များ ဖြစ်ပါသည်။

ထိုပါဠိတို့တွင်-တံတံ ဘူတဝိပရိဏာမာကာရ မုပါဒါယ-မှစ၍ ပညာဝိယတ္တာ ပညတ္တိနာမတိုင်အောင်သော ပါဠိစကားရပ်သည် အတ္ထပညတ်အပြားနှင့် အတ္ထပညတ်၏ သဘောအဓိပ္ပါယ်ကိုဖော်ညွှန်းပြဆိုသည့် ပါဠိစကားရပ်တို့ဖြစ်ပါသည်။

တံတံ ဘူတဝိပရိဏာမာကာရ မုပါဒါယ-စသော အတ္ထပညတ်အကျယ်ပြပါဠိ တို့တွင် တံတံ ဘူတဝိပရိဏာမာကာရ (ပ) ကသိဏနိမိတ္တာဒိကာစ- တိုင်အောင်သောပါဠိ သည်အတ္ထပညတ်အပြားကိုပြသောပါဠိ မည်ပါသည်။

ဣတိ ဧဝမာဒိပဘေဒါ ယန (ပ) ပညာဝိယတ္တာ ပညတ္တိ နာမ- တိုင်အောင်သော ပါဠိသည် အတ္ထပညတ်၏ သဘောအဓိပ္ပါယ်ကို ဖော်ညွှန်းပြဆိုသည့် သင်္ဂဟပါဠိ မည်ပါသည်။

အတ္ထပညတ်အပြား

အတ္ထပညတ်သည်
သဏ္ဌာနပညတ် (သန္ဌာနပညတ်)
သမူဟပညတ်
ဇာတိပညတ် (သတ္တပညတ်, ဥပါဒါပညတ်)

http://www.dhammadownload.com

ဒိသာပညတ်
ကာလပညတ်
အာကာသပညတ်
နိမိတ်ပညတ် - အစရှိသောအားဖြင့် အရာမကများသောအပြား ရှိပါသည်။

သာဓကကား ။ ။ တံ တံ ဘူတဝိပရိဏာမာကာရ (ပ) ကသိဏနိမိတ္တာဒိကာစ ဖြစ်ပါသည်။

အတ္ထပညတ်တို့၏အဓိပ္ပါယ်ပုံစံနှင့် သာဓကများ

၁။ ထိုထိုသို့သော ပထဝီစသော မဟာဘူတ်တို့၏ ဖောက်ပြန်သောအခြင်းအရာကို စွဲ၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် ပညတ်အပ်,အပြားအားဖြင့် သိစေအပ်သော (ခေါ်ဝေါ်အပ်သော) မြေ,တောင်အစရှိသောပညတ်သည် **သဏ္ဌာနပညတ်(သန္ဌာနပညတ်)** မည်ပါသည်။

သာဓကကား ။ ။ တံတံ ဘူတဝိပရိဏာမာကာရ မုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ ဖြစ်ပါသည်။

၂။ သစ်,မြေဆိုင်,ချည်,အစရှိသော အဆောက်အဦတို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် သိစေအပ်သော(ခေါ်ဝေါ်အပ်သော)အိမ်,ရထား, လှည်း,အိုး,ပုဆိုးအစရှိသော ပညတ်သည် **သမူဟပညတ်**မည်ပါသည်။

သာဓကကား ။ ။ သမ္ဘာရသန္နိဝေသာကာရ မုပါဒါယ ဂေဟ ရထ သကဋာဒိကာ ဖြစ်ပါသည်။

၃။ ခန္ဓာ ၅-ပါး အပေါင်းကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်, အပြားအားဖြင့် သိစေအပ်သော(ခေါ်ဝေါ်အပ်သော)ယောက်ျား ပုဂ္ဂိုလ်အစရှိသော ပညတ်သည် **ဇာတိပညတ်**မည်ပါသည်။ (သတ္တပညတ်လည်း မည်ပါသည်) (ဥပါဒါ ပညတ်လည်းမည်ပါသည်။)

သာဓကကား ။ ။ ခန္ဓာပဉ္စကမုပါဒါယ ပုရိသ ပုဂ္ဂလာဒိကာ ဖြစ်ပါသည်။

http://www.dhammadownload.com

၄။ လ,နေ,နက္ခတ်,တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်းအစရှိသော အခြင်းအရာကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်,အပြားအားဖြင့် သိစေအပ်သော(ခေါ်ဝေါ်အပ်သော)အရှေ့အရပ်အစရှိသော ပညတ်သည် ဒိသာပညတ်မည်ပါသည်။ နံနက်စသော ပညတ်သည် ကာလပညတ် မည်ပါသည်။

သာဓကကား ။ ။ စန္ဒာဝင္ရနာဒိက မုပါဒါယ ဒိသာကာလာ ဒိကာ ဖြစ်ပါသည်။

၅။ ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့အပ်သော အခေါင်းအစရှိသော အခြင်းအရာကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်,အပြားအားဖြင့် သိစေအပ်သော (ခေါ်ဝေါ်အပ်သော)တွင်း,လိုဏ်,အပေါက်-အစရှိသော ပညတ်သည် အာကာသ ပညတ်မည်ပါသည်။

သာဓကကား ။ ။ အသမ္ဘဋ္ဌာကာရ မုပါဒါယ ကူပဝုဟာဒိကာ ဖြစ်ပါသည်။

၆။ ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိဏ်းအစရှိသော နိမိတ်ကိုလည်းကောင်း၊ ပရိကမ္မစသည်ဖြင့်ပြားသော ဘာဝနာ၏ အစဉ်ဟူသော အထူးကိုလည်းကောင်း စွဲ၍ ထိုထိုသို့သော အခြင်းအရာဖြင့် ပညတ်အပ်,အပြားအားဖြင့် သိစေအပ်သော (ခေါ်ဝေါ်အပ်သော) ကသိဏ်း,နိမိတ်,အသုဘနိမိတ်,ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ် အစရှိသော ပညတ်သည် နိမိတ်ပညတ်မည်ပါသည်။

သာဓကကား ။ ။ တံတံ ဘူတနိမိတ္တံ ဘာဝနာဝိသေသဿ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ အတ္ထပညတ်အပြားတွင် -

၁။ သဏ္ဌာနပညတ်(သန္ဌာနပညတ်)၏ ပုံစံကား မြေ၊တောင် အစရှိသည်တို့ဖြစ်သည်။

၂။ သမူဟပညတ်၏ ပုံစံကား - အိမ်၊ရထား၊လှည်း၊အိုး၊ပုဆိုး စသည်တို့ဖြစ်သည်။

၃။ ဓာတိပညတ် (သတ္တပညတ်) ၏ ပုံစံကား- ယောကျ်ား၊ပုဂ္ဂိုလ် စသည်တို့ဖြစ်သည်။

http://www.dhammadownload.com

၄။ ဒိသာပညတ်၏ ပုံစံကား-အရှေ့အရပ်စသည်ဖြစ်၍ ကာလ ပညတ်၏ ပုံစံကား-နံနက်ခင်း စသည်တို့ ဖြစ်သည်။

၅။ အာကာသပညတ်၏ ပုံစံကား-တွင်း၊လိုဏ်၊အပေါက် စသည်တို့ဖြစ်သည်။

၆။ နိမိတ် ပညတ်၏ ပုံစံကား-ကသိဏ်းနိမိတ်၊အသုဘနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ပဋိဘာဂနိမိတ်စသည်တို့ဖြစ်သည်။ပညတ်နှင့် ပုံစံတွဲစပ်ဖြေဆိုပါဟုမေးလာလျှင်အထက်ပါအတိုင်းဖြေဆိုပါလေ။

လောကၠ် ယောက်ျား,မိန်းမဟုခွဲခြားသတ်မှတ်ခေါ်ဆိုမှု ဖြစ်လာရပုံ

ခန္ဓာပဉ္စက မုပါဒါယ ပုဂ္ဂလာဒိကာ-ဟူသော သင်္ဃာသာဓကကိုထောက်၍ ခန္ဓာ ၅-ပါးအပေါင်းကို အစွဲပြုလျက် ယောက်ျား,မိန်းမဟုခွဲခြားသတ်မှတ်ခေါ်ဆိုမှု ဖြစ်လာရပါသည်။

လောကၠ် နွေနှင့် ညဟုခွဲခြားသတ်မှတ်ခေါ်ဆိုမှုဖြစ်လာရပုံ

စန္ဒာဝဋ္ဋနာဒိက မုပါဒါယ ဒိသာကာလာဒိကာ-ဟူသော သင်္ဃာသာဓကကို ထောက်၍ လ,နေ,နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်းအစရှိသော အခြင်းအရာကို အစွဲပြုလျက် နွေနှင့်ညဟု ခွဲခြားသတ်မှတ်ခေါ်ဆိုမှုဖြစ်လာရပါသည်။

ကျမ်းရင်းလာ အတ္ထပညတ်အဓိပ္ပါယ်

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထ၏ အရိပ် အရောင်အတုဟူသော အခြင်းအရာဖြင့် စိတ် စေတသိက်တို့၏ အာရုံဖြစ်သော (စိတ်စေတသိက်မှာ ထင်လာသော) ထိုထိုသို့သော အခြင်းအရာကို စွဲမှီထောက်ထား၍လည်းကောင်း၊အကြောင်းပြု၍လည်း ကောင်း၊ ထိုထိုသို့သော အခြင်းအရာဖြင့် ကြံဆအပ်,ရေတွက်အပ်,သမုတ်အပ်,ခေါ်ဝေါ်အပ်, အပြားအားဖြင့် သိစေအပ်သော (မြေ၊ တောင်၊ ရပ်၊ ဝေဒနာ ၊ခွေး) စသော အကောင်အထည်ဒြပ် ဝတ္ထုအစုစုကိုအပြားအားဖြင့် သိစေအပ်သည်၏အဖြစ်ကြောင့် ''အတ္ထပညတ်''ဟုခေါ်ဆိုရပါသည်။

သာဓကကား ။　။ ဣတိ ဧဝမာဒိပဘေဒါ ယန္တ ပရမတ္ထတော (ပ) ပညာဝိယတ္တာ

http://www.dhammadownload.com

ပညတ္တိနာမ ဖြစ်ပါသည်။

သဒ္ဒပညတ် ၆-ပါးလာပါဠိတို့၏ အမည်များ

ပညာပနတော ပညတ္တိ ပန (ပ) ဆဋ္ဌီဓာတော့ာတိ- ဟူသော သင်္ဂီဟပါဠိသည် သဒ္ဒပညတ်အပြား ၆-ပါးကိုပြသောပါဠိဖြစ်ပါသည်။

ထိုပါဠိတို့တွင် ပညာပနတော ပညတ္တိ ပန နာမ နာမကမ္မာဒိနာမေန ပရိဒီပိတာ ဟူသော သင်္ဂီဟပါဠိသည် သဒ္ဒပညတ်၏ ပရိယာယ်ကိုပြသော ပါဠိမည်ပါသည်။ သဒ္ဒပညတ်၏ အမည်များကိုပြသောပါဠိလည်း မည်ပါသည်။

သဒ္ဒပညတ်၏ အမည် ၆-ပါး

သဒ္ဒပညတ်၏ အမည်တို့သည် (သဒ္ဒပညတ်၏ ပရိယာယ်တို့သည်) နာမ နာမကမ္မ နာမဓေယျ နိရုတ္တိ ဗျဉ္ဇန အဘိလာပ-အားဖြင့် ၆-ပါးအပြားရှိပါသည်။

သာဓကကား။ ။ ပညာပနတော ပညတ္တိ ပန နာမ နာမကမ္မာဒိနာမေန ပရိဒီပိတာ ဖြစ်ပါသည်။

မှတ်ချက် ။ ။ လူတစ်ဦးတစ်ယောက်၌အမည် ၆-မျိုးရသကဲ့သို့ ဘူမိ-စသော ပါဠိစကားသံ သဒ္ဒပညတ်တစ်ခု၌-အနက်၌ ညွတ်တတ်သောအမည်ဟုဆိုအပ်သော နာမ၊အနက်၌ ညွတ်သည်ဖြစ်၍ ပြအပ်သော နာမကမ္မ၊ အနက်၌ ညွတ်တတ်သည်ဖြစ်၍ထားအပ်သည်ဟုဆိုအပ်သော နာမဓေယျ၊ထုတ်၍ဆိုအပ်သော ဝိဂြိဟ်တည်းဟူသော နိရုတ္တိ၊ အနက်ကိုပြတတ်သော ဝါကျဟုဆိုအပ်သော ဗျဉ္ဇန၊ရှေ့ရှုအနက်ကို ဟောတတ်သော သဒ္ဒါဟုဆိုအပ်သော အဘိလာပ-တည်းဟူသော အမည်(၆)မျိုးရှိသည်။

သဒ္ဒပညတ် ၆ ပါး

(နာမ,နာမကမ္မ-စသည် အမည်ရသော) ထို သဒ္ဒပညတ်သည်-

၁။ဝိဇ္ဇမာနပညတ်

http://www.dhammadownload.com

၂။အဝိဇ္ဇာမာနပညတ်
၃။ဝိဇ္ဇမနေန အဝိဇ္ဇမာနပညတ်
၄။အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်
၅။ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်
၆။အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် အားဖြင့် ၆-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ သာဝိဇ္ဇမာနပညတ္တိ (ပ) ဆဋ္ဌိမာ ဟောတိ၊ ဖြစ်ပါသည်။

ကျမ်းရင်းလာ သဒ္ဒပညတ် ၆-ပါးအဓိပ္ပါယ်

ထို ၆-ပါးတို့တွင်-

၁။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် **ဝိဇ္ဇမာန ပညတ်**မည်ပါသည်။

၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်သည် **အဝိဇ္ဇမာန ပညတ်**မည်ပါသည်။

၃။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်သည် **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**မည်ပါသည်။

၄။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**မည်ပါသည်။

၅။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသောပညတ်သည် **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**မည်ပါသည်။

၆။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်သည် **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**မည်ပါသည်။

သဒ္ဒပညတ် ၆-ပါးတို့၏အဓိပ္ပါယ်ကိုပုံစံနှင့်တကွ ရှင်းပြချက်

ဝိဇ္ဇမာနပညတ်

ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် ဝိဇ္ဇမာနပညတ်မည်ပါသည်။
ပုံစံကား...**ရူပဝေဒနာဒီ**-အစရှိသည်တည်း။

http://www.dhammadownload.com

ထိုရူပ၊ဝေဒနာ-အစရှိသော ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ် ဝေဒနာ အစရှိသည်ကို အပြားအားဖြင့် သိစေကြောင်း ဖြစ်သောကြောင့် ဝိဇ္ဇမာနပညတ်မည်ပါသည်။

အဝိဇ္ဇမာနပညတ်

ပရမတ္ထအားဖြင့် ထင်ရှားမရှိသောပညတ်သည် အဝိဇ္ဇမာနပညတ်မည်ပါသည်။

ပုံစံကား...ဘူမိပဗ္ဗတာဒီ-အစရှိသည်တည်း။

ထိုဘူမိ ပဗ္ဗတ-အစရှိသော ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေ၊ တောင်-အစရှိသည်ကို အပြားအားဖြင့် သိစေကြောင်းဖြစ်သောကြောင့် အဝိဇ္ဇမာနပညတ် မည်ပါသည်။

ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်

ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောပညတ်သည် ဝိဇ္ဇာမာနေနအဝိဇ္ဇမာနပညတ်မည်ပါသည်။

ပုံစံကား...ဆဋ္ဌာဘိညော-ဟူသည်တည်း။

ဤပုံစံ၌ ဆဋ္ဌာဘိညောအရ အဘိညာဏ် ၆-ပါးကား ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ အဘိညာဏ်ရှိသောပုဂ္ဂိုလ်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်ပါသည်။

အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်

ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မည်ပါသည်။

ပုံစံကား... ဣတ္ထိ သဒ္ဒေါ-ဟူသည်တည်း။

ဤပုံစံ၌ ဣတ္ထိအရ မိန်းမဒြပ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ သဒ္ဒေါအရ သဒ္ဒရုပ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် မည်ပါသည်။

http://www.dhammadownload.com

ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်

ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မည်ပါသည်။

ပုံစံကား...**စက္ခုဝိညာဏံ**-ဟူသည်တည်း။

ဤပုံစံ၌ စက္ခုအရ စက္ခုပသာဒရုပ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍၊ ဝိညာဏအရ ဝိညာဏ်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မည်ပါသည်။

အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်

ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်သည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်ပါသည်။

ပုံစံကား...**ရာဇပုတ္တော**-ဟူသည်တည်း။

ဤရာဇပုတ္တော-ဟူသောပုံစံ၌ ရာဇအရ မင်းသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပုတ္တအရ သားသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်ပါသည်။

ဂါထာအမည်

ဝဇီဃောသာနုသာရေန-အစရှိသော ၂-ဂါထာသည် (သဒ္ဒပညတ် အတ္ထပညတ် ဟူသော) "**ပညတ် ၂-ပါးကို သိပုံနှင့် နာမပညတ်ဖြစ်ပေါ်လာပုံ**" ကိုပြသော ၂-ဂါထာ ဖြစ်ပါသည်။

ထို ၂-ဂါထာတို့တွင် စိဃောသာနုရေန (ပ) ဝိညာဃန္ဓိ တတော ပရံ-ဟူသော သင်္ဂဟပါဠိဖြင့် "**ပညတ် ၂-ပါးကိုသိပုံ**"ကိုပြပါသည်။

သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ-ဟူသောသင်္ဂဟပါဠိဖြင့် "**နာမပညတ်ဖြစ်ပေါ်လာပုံ**"ကိုပြပါသည်။

မှတ်ချက် ။　　။ နာမပညတ်နှင့် သဒ္ဒပညတ်သည် အတူတူပင် ဖြစ်သည်။

http://www.dhammadownload.com

ဝစီဃောသာနုသာရေန-စသော ဂါထာ ပါဠိလျှောက်ဆိုရိုးအကျယ်

ဘူမိ ပဗ္ဗတ ရူပ ဝေဒနာအစရှိသော ဝစီမယသဒ္ဒကို အစဉ်လျှောက်၍ အာရုံပြုသဖြင့်ဖြစ်သော သောတဝိညာဏဝီထိ,တဒနုဝတ္တကမနောဒွါရဝီထိ၏ (ဝါ-မူလဋီကာဆရာအလိုအားဖြင့် သောတဒွါရဝီထိ,တဒနုဝတ္တက မနောဒွါရဝီထိ,သုဒ္ဓမနောဒွါရဝီထိ၏) ဖြစ်သည်မှအခြားမဲ့၌ နာမပညတ်ကို (သဒ္ဒပညတ်ကို) ကြံသော အခြင်းအရာဖြင့်ဖြစ်သော မနောဒွါရိကဝိညာဏ်အစဉ်၏ (ဝါ-ဖြစ်သည်မှအခြားမဲ့၌ဖြစ်သော ဤဘူမိ,ပဗ္ဗတ,ရူပ, ဝေဒနာအစရှိသော အမည်သည် ဤမြေ,တောင်,ရုပ်,ဝေဒနာအစရှိသော အနက်၏ အမည်တည်းဟု ရှေးဠာသိဘူးသော ကမ္ဘာဦးသူ လူပညာရှိတို့၏ အမှတ်သင်္ကေတပညတ်ကိုမှီသော မနောဒွါရိကဝိညာဏ်အစဉ်၏) အာရုံဖြစ်၍ဖြစ်သော-ထိုဘူမိ ပဗ္ဗတ ရူပဝေဒနာအစရှိသော နာမပညတ်ကို (သဒ္ဒပညတ်ကို) ယူတတ်သော မနောဒွါရိကဝိညာဏ်အစဉ်၌ နောက်မှ အကြောင်သမ္မုတိ ပရမတ္ထအားဖြင့်ပြားသော ဘူမိ ပဗ္ဗတ ရူပဝေဒနာ အစရှိသော နာမပညတ်ကို (သဒ္ဒပညတ်ကို) အစဉ်လျှောက်သဖြင့် သမ္မုတိ ပရမတ္ထအားဖြင့် ပြားသော မြေ၊တောင်၊ရုပ်ဝေဒနာအစရှိသော အတ္ထပညတ်တို့ကို သိအပ်ပါသည်။

ထို မြေ၊ တောင်၊ ရုပ်၊ ဝေဒနာအစရှိသော အတ္ထပညတ်ကို အပြားအားဖြင့် သိစေတတ်သော ဘူမိ၊ ပဗ္ဗတ၊ ရူပ၊ ဝေဒနာအစရှိသော အက္ခရာအစဉ်ဟုဆိုအပ်သော နာမပညတ်ကို (သဒ္ဒပညတ်ကို) ကမ္ဘာဦးသူ လူပညာရှိတို့၏ အမှတ်သင်္ကေတပညတ်ဖြင့် ပြီး၏ဟူ၍ သိအပ်ပါသည်။

သာဓကကား ။ ။ဝစီဃောသာနုသာရေန (ပ) နိဗ္ဗိတာ ဖြစ်ပါသည်။

ဝစီဃောသာနုသာရေန စသောဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်အကျဉ်း

စကားသံကို အစဉ်လိုက်သဖြင့် သောတဝိညာဏဝီထိ တဒနုဝတ္တက မနောဒွါရဝီထိ သုဒ္ဓမနောဒွါရဝီထိဖြစ်သည်မှ အခြားမဲ့၌ဖြစ်သော မနောဒွါရဝီထိ၏ အာရုံဖြစ်သော အကြောင်နာမပညတ်ကို (သဒ္ဒပညတ်ကို)အစဉ်လိုက်သဖြင့် ထိုတတိယမနောဒွါရဝီထိမှ နောက်၌အနောက်ဖြစ် အတ္ထပညတ်တို့ကို သိအပ်ကုန်၏။ထိုနာမပညတ်ကို (သဒ္ဒပညတ်ကို)

http://www.dhammadownload.com

လောကသင်္ကေတအားဖြင့် ဖန်ဆင်းအပ်၏ဟူ၍ သိအပ်ပါသည်။

၄-ဝိထိကျမှ "နွားခြံ" အတ္ထပညတ်ကိုသိရပုံ

အကွရာ (၁)လုံးရှိသော ဂေါ-သဒ္ဒါကိုကြားရာ၌ ပစ္စုပ္ပန် ဂေါသဒ္ဒါကိုအာရုံပြု၍ ပထမသောတဝိညာဏတစ်ဝိထိ၊ ထို့နောင် ချုပ်လေပြီးသော အတိတ်ဖြစ်သောဂေါသဒ္ဒါကို အာရုံပြု၍ ဒုတိယတဒနုဝတ္တက မနောဒ္ဓါရတစ်ဝိထိ၊ဂေါဟူသော နာမပညတ်ကို (သဒ္ဒ ပညတ်ကို) အာရုံပြု၍ တတိယသုဒ္ဓမနောဒ္ဓါရတစ်ဝိထိ၊ထို့နောင် "နွား"ဟူသော အနက်ခြံ အတ္ထပညတ်ကို အာရုံပြု၍ စတုတ္ထသုဒ္ဓမနောဒ္ဓါရတစ်ဝိထိ,အားဖြင့် ၄-ဝိထိကျမှ အနက်ခြံ အတ္ထပညတ်ကိုသိရပါသည်။

၆-ဝိထိကျမှ "အိုးခြံ"အတ္ထပညတ်ကိုသိရပုံ

အကွရာ ၂-လုံးရှိသော ဃဋ-သဒ္ဒါကိုကြားရာ၌ ပစ္စုပ္ပန် ဃ-သဒ္ဒါကိုအာရုံပြု၍ ပထမသောကဝိညာဏတစ်ဝိထိ၊အတိတ်ဖြစ်သော ဃ-သဒ္ဒါကို အာရုံပြု၍ ဒုတိယ တဒနုဝတ္တတမနောဒ္ဓါရတစ်ဝိထိ၊ထို့နောင် ပစ္စုပ္ပန် ဋ-သဒ္ဒါကိုအာရုံပြု၍ တတိယ သောတ ဝိညာဏတစ်ဝိထိ၊အတိတ်ဖြစ်သော ဋ-သဒ္ဒါကိုအာရုံပြု၍ စတုတ္ထ တဒနုဝတ္တကမနော ဒ္ဓါရတစ်ဝိထိ၊ထို့နောင် ဃဋ-ဟူသော နာမပညတ်ကို (သဒ္ဒပညတ်ကို) အာရုံပြု၍ ပဉ္စမသုဒ္ဓမနောဒ္ဓါရတစ်ဝိထိ၊အိုး-ဟူသော အနက်ခြံအတ္ထပညတ်ကို အာရုံပြု၍ ဆဋ္ဌသုဒ္ဓ မနောဒ္ဓါရတစ်ဝိထိ-အားဖြင့် ၆-ဝိထိကျမှ "အိုးခြံ" အတ္ထပညတ်ကို သိရပါသည်။

မှတ်ချက် ။ ။ **လူ၊ ခွေး၊ ကျွဲ၊ နွား** စသည့် အကွရာ(၁)လုံးစီသာပါရှိသော စကားသံများကို ကြားရာ၌လည်း အထက်ပါ ဂေါ-သဒ္ဒါကိုကြားရာ၌ကဲ့သို့ ၄-ဝိထိကျပြီးမှ အနက်ခြံအတ္ထပညတ်ကိုသိရပုံကိုလည်းကောင်း၊ **ဘုရား၊တရား၊သံဃာ၊ယောက်ျား၊မိန်းမ** စသည့်အကွရာ (၂)လုံးစီပါရှိသော စကားသံများကို ကြားရာ၌လည်းအထက်ပါဃဋ-သဒ္ဒါကိုကြားရာ၌ကဲ့သို့ ၆-ဝိထိကျပြီးမှ အနက်ခြံ အတ္ထပညတ်ကိုသိရပုံကိုလည်းကောင်း နည်းမှီ၍သိပါ။ "**ဣတ္ထိယော ပုရိသော**" စသည့် အကွရာသံ ၃-လုံးစီပါရှိသော ပါဠိစကားသံ "**မိန်းကလေး၊**

http://www.dhammadownload.com

မြန်မာ့စကားသံတို့ကို ကြားရာဌ်လည်း တိုးလာသော အက္ခရာသံ (၁)လုံးအတွက် သောတဝိညာဏတစ်ဝီထိ တဒနုဝတ္တက မနောဒွါရတစ်ဝီထိအားဖြင့် (၂)ဝီထိထပ်တိုးရသည်သာထူးသည်။ အက္ခရာသံ(၁)လုံးတိုးတိုင်း တိုးတိုင်း (၂)ဝီထိ (၂)ဝီထိထပ်တိုးရသည်ဟု မှတ်ပါလေ။

၈-ဝီထိကျပြီးမှ "ယောက်ျား" ဒြဗ်အတ္ထပညတ်ကို သိရပုံ ပုံစံနှင့်ရှင်းပြချက်

အက္ခရာ ၃-လုံးရှိသော ပုရိသ သဒ္ဒါကိုကြားရာဌ် ပစ္စုပ္ပန် ပု-သဒ္ဒါကိုအာရုံပြု၍ ပထမသောတဝိညာဏ တစ်ဝီထိ၊အတိတ်ဖြစ်သော ပု-သဒ္ဒါကို အာရုံပြု၍ ဒုတိယ တဒနုဝတ္တက မနောဒွါရတစ်ဝီထိ၊ထို့နောင် ပစ္စုပ္ပန် ရိ-သဒ္ဒါကို အာရုံပြု၍ တတိယသောတ ဝိညာဏတစ်ဝီထိ၊အတိတ်ဖြစ်သော ရိ-သဒ္ဒါကိုအာရုံပြု၍ စတုတ္ထတဒနုဝတ္တက မနော ဒွါရတစ်ဝီထိ၊ထို့နောင် ပစ္စုပ္ပန် သ-သဒ္ဒါကို အာရုံပြု၍ ပဉ္စမသောတဝိညာဏတစ်ဝီထိ အတိတ်ဖြစ်သော သ-သဒ္ဒါကိုအာရုံပြု၍ ဆဋ္ဌတဒနုဝတ္တက မနောဒွါရတစ်ဝီထိ၊ထို့နောင် ပုရိသ-ဟူသော နာမပညတ်ကို (သဒ္ဒပညတ်ကို) အာရုံပြု၍ သတ္တမသုဒ္ဓမနောဒွါရတစ်ဝီထိ၊ "ယောက်ျား"ဟူသော အနက်ဒြဗ် အတ္ထပညတ်ကို အာရုံပြု၍ အဋ္ဌမသုဒ္ဓမနောဒွါရတစ်ဝီထိ အားဖြင့် ၈-ဝီထိကျပြီးမှ ယောက်ျားဒြဗ် အတ္ထပညတ်ကို သိရပါသည်။

ပစ္စည်းဝိုင်းပြီးပါပြီ။

* * * * *

http://www.dhammadownload.com

ကမ္မဋ္ဌာန်းဝိုင်း

ပဋိညာဉ်

သမထဝိပဿနာနှံ၊ ဘာဝနာန-မိတောပရံ အစရှိသော ဤဂါထာသည် ပဋိညာဉ်ကိုပြသော ဂါထာဖြစ်ပါသည်။

ကမ္မဋ္ဌာန်းမည်ပုံ

သမထ, ဝိပဿနာဟု ဆိုအပ်သော နှစ်ပါးအပြားရှိသော ဘာဝနာကံ၏ ဖြစ်ရာဌာန ဖြစ်သောကြောင့်လည်းကောင်း၊ နောက်နောက်သော ဘာဝနာကံ၏ နီးစွာသောအကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ ပထဝီကသိုဏ်းစသော ပညတ်, တေဘူမကသင်္ခါရတည်းဟူသော အာရုံသည် ကမ္မဋ္ဌာန်းမည်ပါသည်။

ကမ္မဋ္ဌာန်း၏အရကား.... ပထဝီကသိုဏ်းစသောပညတ်, တေဘူမကသင်္ခါရတည်းဟူသော အာရုံကို ရပါသည်။

တစ်နည်း ။ ။ ၂-ပါးအပြားရှိသော ဘာဝနာကံသည် စျာနသုခ, ဖလသုခ, နိဗ္ဗာနသုခစသည်၏အကြောင်းဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမည်ပါသည်။
ဤအလို ကမ္မဋ္ဌာန်း၏အရကား သမထ, ဝိပဿနာဟု ဆိုအပ်သော ၂-ပါးသော ဘာဝနာကို ယူရပါသည်။

သမထနှင့် ဝိပဿနာအထူး

နိဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထမည်ပါသည်။ အရကား.. သမာဓိကိုရပါသည်။

အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသော အခြင်းအရာဖြင့် သင်္ခါရတရားတို့ကို ရှုတတ်သောကြောင့် ဝိပဿနာမည်ပါသည်။ အရကား.... ပညာကို ရပါသည်။ ဤသို့.ထူးပါသည်။

http://www.dhammadownload.com

ဘာဝနာမည်ပုံ

လွန်စွာအကျိုးများသဖြင့် မိမိတို့ သန္တာန်၌ဖြစ်စေအပ်သော တရားကို ဘာဝနာဟု ခေါ်ပါသည်။

သမာဓိ, ပညာ ၂-ပါးသည် ပွားများအပ်သောကြောင့် သမထဘာဝနာ, ဝိပဿနာ ဘာဝနာ မည်ပါသည်။

ပထဝီ ကသိုဏ်းစသော အာရုံများသည် သမထဘာဝနာ၏ ကမ္မဋ္ဌာန်းမည်ပါသည်။ တောဘူမကသခ်ါရတည်းဟူသော ရုပ်နာမ်အာရုံများသည် ဝိပဿနာဘာဝနာ၏ ကမ္မဋ္ဌာန်း မည်ပါသည်။

ကမ္မဋ္ဌာန်း ၂-ပါး

ဒုဝိဓေဖွိ ယထာဂ္ဂမံ၌ ဒုဝိဓအရကား... သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း အားဖြင့် ၂-ပါးသော ကမ္မဋ္ဌာန်းကို ရပါသည်။

သမထကမ္မဋ္ဌာန်းနည်း

ကမ္မဋ္ဌာန်း ၄၀-အကျဉ်းမာတိကာ

သမထကမ္မဋ္ဌာန်းနည်း၌ ဥဒ္ဒေသတို့သည် (၀၊) မာတိကာတို့သည် ၁၀-ပါးသော ကသိုဏ်း၊ ၁၀-ပါးသော အသုဘ၊ ၁၀-ပါးသော အနုဿတိ၊ ၄-ပါးသော အပ္ပမညာ၊ ၁-ခုသော သညာ၊ ၁-ခုသော ဝဝတ္ထာန်၊ ၄-ပါးသော အာရုပ္ပ-အားဖြင့် ၇-ပါးအပြားရှိပါသည်။ (သမထကမ္မဋ္ဌာန်း အကျဉ်း ၇-ပါးဟူ၍လည်း ခေါ်ပါသည်။)

သာဓကကား ။ ။ တတ္ထ (ပ) ကမ္မဋ္ဌာနသင်္ဂဟော ဖြစ်ပါသည်။

သမထကမ္မဋ္ဌာန်းနည်း ၄၀

သမထကမ္မဋ္ဌာန်းနည်း၌ ကမ္မဋ္ဌာန်း ၄၀-ဟူသော်ကား...

ကသိုဏ်းပညတ်	၁၀-ပါး၊
အသုဘပညတ်	၁၀-ပါး၊
အနုဿတိ	၁၀-ပါး၊

http://www.dhammadownload.com

အပ္ပမညာ	၄-ပါး၊
သညာ	၁-ပါး၊
ဝဝတ္ထာန်	၁-ပါး၊
အာရုပ္ပ	၄-ပါး- အားဖြင့်

ကမ္မဋ္ဌာန်း ၄၀ ဖြစ်ပါသည်။

စရိတ် ၆-ပါး

စရိတ်တို့သည် ရာဂစရိတ်, ဒေါသစရိတ်, မောဟစရိတ်, သဒ္ဓါစရိတ်, ဗုဒ္ဓိစရိတ်, ဝိတက်စရိတ်-အားဖြင့် ၆-ပါးအပြားရှိပါသည်။

သာဓကကား ။　။ ရာဂစရိတာ (ပ) စရိတသင်္ဃော ဖြစ်ပါသည်။

စရိတ် ၆၃-ပါး

စရိတ်တို့သည် ရောနှောသည်၏ အစွမ်းဖြင့် ရာဂါဒိတိက်၌ ၇-ပါး၊ သဒ္ဓါဒိတိက်၌ ၇-ပါး၊ ကေမူဠ္ဍ ၂၁-ပါး၊ ဒ္ဝိမူဠ္ဍ ၂၁-ပါး၊ တိမူဠ္ဍ ၇-ပါးအားဖြင့် ၆၃-ပါးအပြားရှိပါသည်။

ရာဂါဒိတိက်၌ ၇-ပါးဟူသော်ကား... ရာဂစရိက်, ဒေါသစရိက်, မောဟစရိက်, ရာဂဒေါသစရိက်, ရာဂမောဟစရိက်, ဒေါသမောဟစရိက်, ရာဂဒေါသမောဟစရိက် အားဖြင့် ၇-ပါးအပြားရှိပါသည်။

မှတ်ချက် ။　။ သဒ္ဓါဒိစရိက်ကိုလည်း ဤနည်းအတူမှတ်လေ။

ကေမူ ၂၁-ပါးဟူသော်ကား

ကေမူဠ္ဍ ၂၁-ပါးဟူသော်ကား... ရာဂသဒ္ဓါစရိက်, ရာဂဗုဒ္ဓိစရိက်, ရာဂဝိတက်စရိက်, ရာဂသဒ္ဓါဗုဒ္ဓိစရိက်, ရာဂသဒ္ဓါဝိတက်စရိက်, ရာဂဗုဒ္ဓိဝိတက်စရိက်, ရာဂသဒ္ဓါဗုဒ္ဓိဝိတက်စရိက်အားဖြင့် ရာဂမူဠ္ဍ ၇-ပါး။

ဒေါသသဒ္ဓါစရိက်, ဒေါသဗုဒ္ဓိစရိက်, ဒေါသဝိတက်စရိက်, ဒေါသသဒ္ဓါဗုဒ္ဓိစရိက် ဒေါသသဒ္ဓါဝိတက်စရိက်, ဒေါသဗုဒ္ဓိဝိတက်စရိက်, ဒေါသသဒ္ဓါဗုဒ္ဓိဝိတက်စရိက်အားဖြင့် ရာဂမူဠ္ဍ ၇-ပါး။

http://www.dhammadownload.com

မောဟသဒ္ဓါစရိုက်, မောဟဗုဒ္ဓိစရိုက်, မောဟဝိတက်စရိုက်, မောဟသဒ္ဓါဗုဒ္ဓိစရိုက် မောဟသဒ္ဓါဝိတက်စရိုက်, မောဟဗုဒ္ဓိဝိတက်စရိုက်, မောဟသဒ္ဓါဗုဒ္ဓိဝိတက်စရိုက်အားဖြင့် ရာဂမူဋ္ဌ ၇-ပါး အားဖြင့် ဧကမူဋ္ဌ ၂၁-ပါး ဖြစ်ပါသည်။

ဒွိမူဋ္ဌ ၂၁-ပါးဟူသော်ကား

ရာဂဒေါသသဒ္ဓါစရိုက်, ရာဂဒေါသဗုဒ္ဓိစရိုက်, ရာဂဒေါသဝိတက်စရိုက်, ရာဂ ဒေါသသဒ္ဓါဗုဒ္ဓိစရိုက်, ရာဂဒေါသသဒ္ဓါဝိတက်စရိုက်, ရာဂဒေါသဗုဒ္ဓိဝိတက်စရိုက်, ရာဂ ဒေါသသဒ္ဓါဗုဒ္ဓိဝိတက်စရိုက်အားဖြင့် ရာဂဒေါသမူဋ္ဌ ၇-ပါး။

ထို့အတူ ရာဂမောဟမူဋ္ဌ ၇-ပါး၊ ဒေါသမောဟမူဋ္ဌ ၇-ပါးအားဖြင့် ဒွိမူဋ္ဌ ၂၁-ပါး ဖြစ်ပါသည်။

တိမူဋ္ဌ ၇-ပါးဟူသော်ကား

ရာဂဒေါသမောဟသဒ္ဓါစရိုက်, ရာဂဒေါသမောဟဗုဒ္ဓိစရိုက်, ရာဂဒေါသမောဟ ဝိတက်စရိုက်, ရာဂဒေါသမောဟသဒ္ဓါဗုဒ္ဓိစရိုက်, ရာဂဒေါသမောဟသဒ္ဓါဝိတက်စရိုက်, ရာဂဒေါသမောဟဗုဒ္ဓိဝိတက်စရိုက်, ရာဂဒေါသမောဟသဒ္ဓါဗုဒ္ဓိဝိတက်စရိုက်အားဖြင့် တိမူဋ္ဌ ၇-ပါးဖြစ်ပါသည်။

ဘာဝနာ ၃-ပါး

ဘာဝနာတို့သည် ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ အားဖြင့် ၃-ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ပရိကမ္မဘာဝနာ (၁) ဘာဝနာ ဖြစ်ပါသည်။

ထို (၃)ပါးတို့တွင် အပ္ပနာဘာဝနာကို ပြုပြင်တတ်သော ဘာဝနာသည် (၀၂) အပ္ပနာ၏ ရှေးအဖို့ဖြစ်သော ဘာဝနာသည် ပရိကမ္မဘာဝနာမည်ပါသည်။

တဒင်္ဂပဟာန်ဖြင့် နီဝရဏကို ပယ်ခွါသည်မှစ၍ ဂေါတြဘူ အဆုံးရှိသော ကာမာ ဝစရဘာဝနာသည် (၀၂)အပ္ပနာ၏ အနီးဖြစ်သော ဘာဝနာသည် ဥပစာရဘာဝနာ မည်ပါသည်။

မဟဂ္ဂုတ်အဖြစ်သို့ရောက်သော ဘာဝနာသည် အပ္ပနာဘာဝနာ မည်ပါသည်။

http://www.dhammadownload.com

နိဗိတ်မည်ပုံ

ကသိဏ်းအစရှိသော ကမ္မဋ္ဌာန်းအာရုံကို နိဗိတ်ဟုခေါ်ပါသည်။

နိဗိတ်တို့သည် ပရိကမ္မနိဗိတ်, ဥဂ္ဂဟနိဗိတ်, ပဋိဘာဂနိဗိတ်အားဖြင့် (၃)ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ ပရိကမ္မနိဗိတ္တံ (ပ) ဓေဒိတဗ္ဗာနိ ဖြစ်ပါသည်။

ကသိဏ်း ၁၀-ပါး

ကသိဏ်းတို့သည် ပထဝီကသိဏ်း, အာပေါကသိဏ်း, တေဇောကသိဏ်း, ဝါယောကသိဏ်း, နီလကသိဏ်း, ပီတကသိဏ်း, လောဟိတကသိဏ်း, ဩဒါတကသိဏ်း, အာကာသကသိဏ်း, အာလောကကသိဏ်းအားဖြင့် ၁၀-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ကထံ ပထဝီကသိဏံ (ပ) ဒသ ကသိဏာနိ နာမ ဖြစ်ပါသည်။

ဘူတကသိဏ်း ဝဏ္ဏကသိဏ်းခွဲပုံ

ထို ၁၀-ပါးသောကသိဏ်းတို့တွင် ပထဝီကသိဏ်း, အာပေါကသိဏ်း, တေဇောကသိဏ်း, ဝါယောကသိဏ်းအားဖြင့် ဤ ၄-ပါးသောကသိဏ်းတို့သည် ဘူတကသိဏ်းတို့ မည်ပါသည်။

နီလကသိဏ်း, ပီတကသိဏ်း, လောဟိတကသိဏ်း, ဩဒါတကသိဏ်းအားဖြင့် ဤ၄-ပါးသောကသိဏ်းတို့သည် ဝဏ္ဏကသိဏ်းတို့ မည်ပါသည်။

အာကာသကသိဏ်းသည် ပရိစ္ဆိန္နကသိဏ်းမည်ပါသည်။

နံရံပေါက်စသည်တို့၌ ထင်သော နေ, လ စသည်တို့၏ အရောင် အလင်းသည် အာလောကကသိဏ်းမည်ပါသည်။

အသုဘ ၁၀-ပါး

အသုဘတို့သည် ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိစ္ဆိဒ္ဒက, ဝိက္ခာယိတက, ဝိက္ခိတ္တက, ဟတဝိက္ခိတ္တက, ပုဠုဝက, အဋ္ဌိက အားဖြင့် ၁၀-ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဥဒ္ဓုမာတကံ (ပ) အသုဘာနာမ ဖြစ်ပါသည်။

http://www.dhammadownload.com

အနုဿတိ ၁၀-ပါး

အနုဿတိတို့သည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနုဿတိ-အားဖြင့် ၁၀-ပါးဖြစ်ပါသည်။

သာဓကကား ။ ။ ဗုဒ္ဓါနုဿတိ (ပ) ဣမာ ဒသ အနုဿတိယော နာမ ဖြစ်ပါသည်။

မှတ်ချက် ။ ။ ဗုဒ္ဓါနုဿတိဟူသည် ဘုရားရှင်ကို အောက်မေ့ခြင်းကို ဆိုလိုသည် မဟုတ်၊ အရဟံ-အစရှိသော ဂုဏ်တော်အပေါင်းကို အောက်မေ့ခြင်း ကိုသာ ဗုဒ္ဓါနုဿတိဟု ဆိုလိုပါသည်။

အနုဿဒ္ဓါထည့်ရခြင်းနှင့် မထည့်ရခြင်းအကြောင်း

ထို အနုဿတိ ၁၀-ပါးတို့တွင် ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိအဆုံးရှိသော ၈-ပါးသော အနုဿတိတို့သည် နူးညံ့သော ပရမတ္ထအာရုံဖြစ်၍ ထင်ရှိုင်ခဲသောကြောင့် အနုဿဒ္ဓါထည့်စွက်၍ ဆိုရပါသည်။

ကာယဂတာသတိ, အာနာပါနုဿတိ ၂-ပါးတို့သည် ကြမ်းတမ်းသောပညတ် အာရုံဖြစ်၍ ထင်လွယ်သောကြောင့် အနုဿဒ္ဓါမထည့်စွက်ရပါ။

အပ္ပမညာ ၄-ပါး

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာအားဖြင့် ၄-ပါးသောတရားတို့သည် အတိုင်းမသိသောသတ္တဝါပညတ်ကို အာရုံပြုသည်၏အဖြစ်ကြောင့် အပ္ပမညာတို့ မည်ပါသည်။

မြတ်သောနေရာဖြစ်သောကြောင့်လည်းကောင်း, မြတ်ကုန်သောဈာနလာဘီပုဂ္ဂိုလ်တို့နေရာဖြစ်သောကြောင့်လည်းကောင်း၊ ဗြဟ္မဝိဟာရဟူ၍လည်း ခေါ်ပါသည်။ ဗြဟ္မစိုရ်တရား ၄-ပါးဟူ၍လည်း ခေါ်ပါသည်။

သာဓကကား ။ ။ မေတ္တာ (ပ) ဗြဟ္မဝိဟာရောတိ ပဝုစ္စတိ ဖြစ်ပါသည်။

http://www.dhammadownload.com

၅၂၈-သွယ် မေတ္တာပွားပုံ

၅၂၈-သွယ် မေတ္တာပွားပုံကား....

သဗ္ဗေ သတ္တာ-စသော အနောဒိဿပုဂ္ဂိုလ် ၅-ယောက်, သမ္မာ ဣတ္ထိယော စသော ဩဒိဿပုဂ္ဂိုလ် ၇-ယောက်အားဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်တို့ကိုတည်၊ အဝေရာ ဟောန္တု အစရှိသော နှုန် ၄-ပါးဖြင့် မြှောက်သော် မေတ္တာ ၄၈-ပါးဖြစ်သည်။ ထို ၄၈-ပါးကို အရပ် ၁၀-မျက်နှာဖြင့် မြှောက်သော် မေတ္တာပေါင်း ၄၈၀-ဖြစ်ပါသည်။ ထို ၄၈၀-၌ အထက်ကဆိုအပ်ပြီးသော သုဒ္ဓမေတ္တာ ၄၈-ပါးကို ထပ်၍ပေါင်းသော် ၅၂၈-သွယ် မေတ္တာဖြစ်ပါသည်။

လက်ံကား　။　။ အနောဒိဿ၊ ဩဒိဿ ဒွါဒသ်ပုဂ္ဂိုလ်တည်။
အဝေရာ-စ၊ နှုန-လေးဝ၊ မြှောက်ကြရပေမည်။
ယင်းကိုတဖန်၊ ရပ်ဆယ်တန်၊ ဧကန်မြှောက်ကာတည်။
လေးဆယ့်ရှစ်ဖြာ၊ သုဒ်မေတ္တာ၊ ထပ်ကာပေါင်းဖွဲ့ချီ။
ငါးရာနှစ်ဆယ်၊ စွန်းရှစ်သွယ်၊ ဖြစ်ဖွယ်မေတ္တာရည်။
ဖြစ်ပါသည်။

ကရုဏာတရား ၁၃၂-ပါးပွားပုံ

ကရုဏာတရား ၁၃၂-ပါး ပွားပုံကား....

အနောဒိဿပုဂ္ဂိုလ် ၅-ယောက်, ဩဒိဿပုဂ္ဂိုလ် ၇-ယောက်အားဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်ကိုတည်၊ ဒုက္ခာမုစ္စန္တု-ဟူသော ကရုဏာဖြင့်ပွားသော် ကရုဏာ ၁၂-ပါးဖြစ်ပါသည်။

ထိုကရုဏာ ၁၂-ပါးကို ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ၊ ဒုက္ခာ မုစ္စန္တု စသောအရပ် ၁၀-မျက်နှာဖြင့်မြှောက်သော် ကရုဏာပေါင်း ၁၂၀-ဖြစ်ပါသည်။

ထို ၁၂၀-၌ အထက်ကဆိုအပ်ပြီးသော သုဒ္ဓကရုဏာ ၁၂-ပါးကို ထပ်၍ပေါင်းသော် ကရုဏာပေါင်း ၁၃၂-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

မုဒိတာတရား ၁၃၂-ပါးပွားပုံ

မုဒိတာတရား ၁၃၂-ပါး ပွားပုံကား....

အနောဒိဿပုဂ္ဂိုလ် ၅-ယောက်, ဩဒိဿပုဂ္ဂိုလ် ၇-ယောက်အားဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်ကိုတည်၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-ဟူသော မုဒိတာဖြင့်ပွားသော် မုဒိတာ ၁၂-ပါး ဖြစ်ပါသည်။

ထိုမုဒိတာ ၁၂-ပါးကို ပုရတ္ထိမာယ ဒိသာယ သမ္မေ သတ္တာ၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု-စသောအရပ် ၁၀-မျက်နှာဖြင့်မြောက်သော် မုဒိတာပေါင်း ၁၂၀-ဖြစ်ပါသည်။

ထို ၁၂၀-၌ အထက်ကဆိုအပ်ပြီးသော သုဒ္ဓမုဒိတာ ၁၂-ပါးကို ထပ်၍ပေါင်းသော် မုဒိတာပေါင်း ၁၃၂-ပါး ဖြစ်ပါသည်။

ဥပေက္ခာတရား ၁၃၂-ပါးပွားပုံ

ဥပေက္ခာတရား ၁၃၂-ပါး ပွားပုံကား....

အနောဒိဿပုဂ္ဂိုလ် ၅-ယောက်, ဩဒိဿပုဂ္ဂိုလ် ၇-ယောက်အားဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်ကိုတည်၊ ကမ္မသကာ-ဟူသော ဥပေက္ခာဖြင့်ပွားသော် ဥပေက္ခာ ၁၂-ပါး ဖြစ်ပါသည်။

ထိုဥပေက္ခာ ၁၂-ပါးကို ပုရတ္ထိမာယ ဒိသာယ သမ္မေ သတ္တာ၊ ကမ္မသကာ စသောအရပ် ၁၀-မျက်နှာဖြင့်မြောက်သော် ဥပေက္ခာ ပေါင်း ၁၂၀-ဖြစ်ပါသည်။

ထို ၁၂၀-၌ အထက်ကဆိုအပ်ပြီးသော သုဒ္ဓဥပေက္ခာ ၁၂-ပါးကို ထပ်၍ ပေါင်းသော် ဥပေက္ခာ ပေါင်း ၁၃၂-ပါး ဖြစ်ပါသည်။

သညာ ၁-ပါး

မျိုအပ်သောအစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ်သည် တစ်ခုသော သညာကမ္မဋ္ဌာန်းမည်ပါသည် (၀၊) အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်း မည်ပါသည်။ **သာဓကကား** ။ ။ အာဟာရေပဋိကူလသညာ ကော သညာ နာမ ဖြစ်ပါသည်။

http://www.dhammadownload.com

ဝဝတ္ထာန် ၁-ပါး

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်-ဟူသော ဓာတ် ၄-ပါးကိုပိုင်းခြားခြင်းသည် (ဝါ) ပိုင်းခြားတတ်သောဉာဏ်သည် တစ်ခုသောဝဝတ္ထာန် ကမ္မဋ္ဌာန်း မည်ပါသည်။

သာဓကကား ။ ။ စတုဓာတုဝဝတ္ထာန် ကော ဝဝတ္ထာန် နာမ ဖြစ်ပါသည်။

အာရုပ္ပ ၄-ပါး

အာရုပ္ပတို့သည် အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန- အားဖြင့် ၄-ပါး ဖြစ်ပါသည်။

သာဓကကား ။ ။ အာကာသာနဉ္စာယတနာဒယော (ပ) ဘဝန္တိ ဖြစ်ပါသည်။

ဤသို့လျှင်..... ကသိဏ်းပညတ် ၁၀-ပါး၊
အသုဘပညတ် ၁၀-ပါး၊
အနုဿတိ ၁၀-ပါး၊
အပ္ပမညာ ၄-ပါး၊
သညာ ၁-ပါး၊
ဝဝတ္ထာန် ၁-ပါး၊
အာရုပ္ပ ၄-ပါး၊

တို့ကို ပေါင်းလိုက်သည်ရှိသော် သမထနိဒ္ဒေသ၌ ကမ္မဋ္ဌာန်း ၄၀-ဖြစ်ပါသည်။

သာဓကကား ။ ။ ဣတိ သဗ္ဗထာပိ သမထနိဒ္ဒေသေစတ္တာလီသကမ္မဋ္ဌာနာနိ ဘဝန္တိ ဖြစ်ပါသည်။

ကမ္မဋ္ဌာန်း ၄၀, ပညတ်, ပရမတ်ခွဲပုံ

ကမ္မဋ္ဌာန်း ၄၀-တို့တွင် ကသိဏ်းပညတ် ၁၀-ပါး, အာနာပါနဿတိ, အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိ, မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူဆိုအပ်သော ဗြဟ္မဝိဟာရတရား ၄-ပါး, အာကာသာနဉ္စာယတန, အာကိဉ္စညာယတနဟူဆို

http://www.dhammadownload.com

အပ်သော အာရုပ္ပ ၂-ပါးအားဖြင့် ဤ ၂၀-သော ကမ္မဋ္ဌာန်းတို့သည် ပညတ်ကမ္မဋ္ဌာန်း မည်ပါသည်။

ပရမတ်မည်ပုံ

ဗုဒ္ဓါနုဿတိ-အစ မရဏာနုဿတိအဆုံးရှိသော အနုဿတိ ၈-ပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်, ဝိညာဏဋ္ဌာယတန, နေဝသညာ နာသညာယတန ဟုဆိုအပ်သော အာရုပ္ပ ၂-ပါးအားဖြင့် ဤ ၁၂-ပါးသော ကမ္မဋ္ဌာန်းတို့သည် ပရမတ် ကမ္မဋ္ဌာန်း မည်ပါသည်။

ကမ္မဋ္ဌာန်း ၄၀-ကို ဘုံဖြင့် ဝေဖန်ပုံ
နှတ်ပြည် ၆-ထပ်၌ ရနိုင်သော ကမ္မဋ္ဌာန်းနှင့်
မရနိုင်သော ကမ္မဋ္ဌာန်းများ

ကမ္မဋ္ဌာန်း ၄၀-တို့တွင် နှတ်ပြည် ၆-ထပ်၌ အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိ, အာဟာရေပဋိကူလသညာ-အားဖြင့် ဤ ၁၂-ပါးသော ကမ္မဋ္ဌာန်းတို့ကို မရပါ။

ကြွင်းသော ကမ္မဋ္ဌာန်း ၂၈-ပါးကိုသာရပါသည်။

ရူပဘုံ၌ရသော ကမ္မဋ္ဌာန်းနှင့် မရသော ကမ္မဋ္ဌာန်းများ

ရူပဗြဟ္မာဘုံ၌ အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိ, အာဟာရေပဋိကူလသညာ, အာနာပါနဿတိ-အားဖြင့် ဤ ၁၃ပါးသော ကမ္မဋ္ဌာန်းတို့ကို မရပါ။

ကြွင်းသော ၂၇-ပါးသော ကမ္မဋ္ဌာန်းတို့ကိုသာ ရပါသည်။

အရူပဘုံ၌ရသော ကမ္မဋ္ဌာန်း

အရူပဗြဟ္မာ ၄-ဘုံ၌ အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါးကိုသာ ထိုက်သည်အားလျော်စွာ ရပါသည်။

http://www.dhammadownload.com

မနုဿ(လူ)ဘုံ၌ရသော ကမ္မဋ္ဌာန်း

ဤလူ့ဘုံ၌ကား.... ကမ္မဋ္ဌာန်း ၄၀-လုံးကို ရပါသည်။

လက်ဝါးကား ။ ။ အသုဘနှင့်, ကာယဂတာ, သညာဒွါဒသ်, နှတ်ခမ်းမရ, ပြဟ္မာပြည်မှာ, အာနာပါန, လည်း မရတည်း, အရူပဝယ်, လေးသွယ်သာရ, နှတ်မှကြွင်းတုံ, ဤလူ့ဘုံဝယ်, အကုန်လေးဆယ်ရသတည်း။

သပ္ပါယဘေဒ

စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ
ရာဂစရိုက်ရှိသူအား သင့်လျော်သော ကမ္မဋ္ဌာန်း

၆-ပါးသောစရိုက်တို့တွင် အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ် ၁-ပါးအားဖြင့် ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် ရာဂ၏ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာဂစရိုက်ရှိသော ပုဂ္ဂိုလ် အားသာ သင့်လျော်ပါသည်။

သာဓကကား ။ ။ စရိတာသု (ပ) သပ္ပါယာ ဖြစ်ပါသည်။

ဒေါသစရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

အပွမညာ ၄-ပါး,နီလ,ပီတ,လောဟိတ,ဩဒါတဟုဆိုအပ်သော ကသိုဏ်း ပညတ် ၄-ပါးအားဖြင့် ဤ ၈-ပါးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ရှိသူအားသာ သင့်လျော်ပါသည်။

သာဓကကား ။ ။ စတသော (ပ) ဒေါသစရိတဿ ဖြစ်ပါသည်။

မောဟနှင့် ဝိတက်စရိုက်ရှိသူအား သင့်လျော်သော ကမ္မဋ္ဌာန်း

အာနာပါနဿတိကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသောပုဂ္ဂိုလ်အားလည်းကောင်း၊ ဝိတက်စရိုက်ရှိသောပုဂ္ဂိုလ်အားလည်းကောင်း သင့်လျော်ပါသည်။

သာဓကကား ။ ။ အာနာပါနံ (ပ) ဝိတက္ကစရိတဿ စ ဖြစ်ပါသည်။

http://www.dhammadownload.com

သဒ္ဓါစရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ-အစ ဒေဝတာနုဿတိအဆုံးရှိသော ဤ ၆-ပါးသော ကမ္မဋ္ဌာန်းတို့သည် သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်အားသာ သင့်လျော်ပါသည်။

သာဓကကား ။ ။ ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတသ ဖြစ်ပါသည်။

ဗုဒ္ဓိစရိုက်ရှိသောသူအား သင့်လျော်သောကမ္မဋ္ဌာန်း

မရဏာနုဿတိ,ဥပသမာနုဿတိ,အာဟာရေပဋိကူလသညာ,စတုဓာတုဝဝတ္ထာန်းအားဖြင့် ဤ ၄-ပါးသောကမ္မဋ္ဌာန်းတို့သည် ဗုဒ္ဓိစရိုက်ရှိသော ပုဂ္ဂိုလ်အားသာ သင့်လျော်ပါသည်။

သာဓကကား ။ ။ မရဏဥပသမသညာ ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတသ ဖြစ်ပါသည်။

စရိုက်အားလုံးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း

(၀၂) သဗ္ဗဋ္ဌာနိကကမ္မဋ္ဌာန်း ၁၀-ပါး

ပထဝီ,အာပေါ,တေဇော,ဝါယော,အာကာသ,အာလောက-အားဖြင့် ကသိုဏ်း ၆-ပါး,အာရုပ္ပ ၄-ပါးအားဖြင့် ဤ ၁၀-ပါးသောကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်,ဒေါသစရိုက်,မောဟစရိုက်,သဒ္ဓါစရိုက်,ဗုဒ္ဓိစရိုက်,ဝိတက်စရိုက်ရှိသော ခပ်သိမ်းသောပုဂ္ဂိုလ်တို့အား သင့်လျော်ပါသည်။သဗ္ဗဋ္ဌာနိကကမ္မဋ္ဌာန်း (၁၀)ပါးဟူ၍လည်း ခေါ်ပါသည်။

သာဓကကား " ။ သေသာနိ ပန(ပ) သပ္ပါယာနိ ဖြစ်ပါသည်။

သေသအပါဒါန်နှင့် အရကောက်ပုံ

အသုဘ ၁၀-ပါး၊ကာယဂတာသတိ၊ အပ္ပမညာ ၄-ပါး၊ နီလ,ပီတ,လောဟိတ,ဩဒါတ,အာနာပါနုဿတိ၊ဗုဒ္ဓါနုဿတိ (ပ) ဒေဝတာနုဿတိဟူဆိုအပ်သော အနုဿတိ ၆-ပါး၊ မရဏာနုဿတိ,ဥပသမာနုဿတိ,အာဟာရေပဋိကူလသညာ၊စတုဓာတုဝဝတ္ထာန်းအားဖြင့် ၃၀-သောကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သေသစ်အရကား

ပထဝီ,အာပေါ,တေဇော,ဝါယော,အာကာသ,အာလောက အားဖြင့် ကသိုဏ်း ၆-ပါး၊ အာရုပ္ပ ၄-ပါးအားဖြင့် ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

မှတ်ချက် ။ ။ သဗ္ဗဋ္ဌာနိက ကမ္မဋ္ဌာန်း ၁၀-ပါးသည် စရိုက် ၆-ပါးလုံးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းတရားများဖြစ်၍ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းများ ဖော်ပြပါဟုမေးလျှင် ယင်းသဗ္ဗဋ္ဌာနိက ကမ္မဋ္ဌာန်း ၁၀-ပါးကိုပါ ပေါင်းထည့်၍ ဖြေရမည်။ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်နှင့်သာ သင့်လျော်သော ကမ္မဋ္ဌာန်းများဟုမေးလျှင် ပေါင်းထည့် ဖြေရန်မလိုပါ။ ဒေါသစရိုက် စသည်တို့၌လည်း ဤနည်းအတိုင်းပင် မှတ်ပါ။ ထိုနည်းအတိုင်း အကျယ်ရေတွက်လျှင် အောက်ပါအတိုင်း ဖြစ်သည်။

အကျယ်ရေတွက်ပုံ

ရာဂပြောသောပုဂ္ဂိုလ်အား လျောက်ပတ်သောကမ္မဋ္ဌာန်းတို့သည် အသုဘ ၁၀-ပါး၊ကာယဂတာသတိ၊ဘူတကသိုဏ်း ၄-ပါး၊အာကာသ၊အာလောက၊အာရုပ္ပ ၄-ပါးအားဖြင့် ၂၁-ပါးဖြစ်ပါသည်။

ဒေါသစရိုက်ပြောသောပုဂ္ဂိုလ်အား လျောက်ပတ်သော ကမ္မဋ္ဌာန်းတို့သည် ကသိုဏ်း ၁၀-ပါး၊အပွမညာ ၄-ပါး၊အာရုပ္ပ ၄-ပါးအားဖြင့် ၁၈-ပါးဖြစ်ပါသည်။

မောဟစရိုက်ပြောသောပုဂ္ဂိုလ်,ဝိတက်စရိုက်ပြောသောပုဂ္ဂိုလ်တို့အား လျောက်ပတ်သောကမ္မဋ္ဌာန်းတို့သည် အာနာပါနဿတိ၊ဘူတကသိုဏ်း ၄-ပါး၊အာကာသ၊အာလောက၊ အာရုပ္ပ ၄-ပါးအားဖြင့် ၁၁-ပါးဖြစ်ပါသည်။

သဒ္ဓါစရိုက်ပြောသောပုဂ္ဂိုလ်အားလျောက်ပတ်သော ကမ္မဋ္ဌာန်းတို့သည် ဗုဒ္ဓါနုဿတိ အစ ဒေဝတာနုဿတိ အဆုံးရှိသော အနုဿတိ ၆-ပါး၊ဘူတကသိုဏ်း ၄-ပါး၊အာကာသ၊အာလောက၊အာရုပ္ပ ၄-ပါး အားဖြင့် ၁၆-ပါးဖြစ်ပါသည်။

ပညာပြောသောပုဂ္ဂိုလ်အား လျောက်ပတ်သော ကမ္မဋ္ဌာန်းတို့သည် မရဏာနုဿတိ၊ ဥပသမာနုဿတိ၊အာဟာရေပဋိကူလသညာ၊စတုဓာတုဝဝတ္ထာန်း၊ဘူတကသိုဏ်း ၄-ပါး၊

http://www.dhammadownload.com

အာကာသ၊ အာလောက၊ အာရုပ္ပ ၄-ပါးအားဖြင့် ၁၄-ပါး ဖြစ်ပါသည်။

မောဟပြောသောပုဂ္ဂိုလ်အား လျောက်ပတ်သောကသိဏ်းဝန်းမှာ-ကျဉ်းမြောင်းသောအရပ်၌ စိတ်၏အတိုင်းထက်အလွန် တွေဝေတတ်သောကြောင့် မောဟပြောသောပုဂ္ဂိုလ်အား ကြီးစွအဆုံး ကောက်နယ်တလင်းမျှရှိသော ကသိဏ်းဝန်းသည် လျောက်ပတ်ပါသည်။

ဝိတက်ပြောသောပုဂ္ဂိုလ်အား လျောက်ပတ်သောကမ္မဋ္ဌာန်းမှာ-ကျယ်စွာသောအာရုံသည် ဝိတက်ပြေးသွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိတက်ပြောသောပုဂ္ဂိုလ်အား ငယ်စွအဆုံး ခွက်မျှ၊ဆန်ကောမျှရှိသော ကသိဏ်းဝန်းသည် လျောက်ပတ်ပါသည်။

သာဓကကား ။ ။ တတ္ထာပိ (ပ) ဝိတက္ကစရိတသေဝါတိ ဖြစ်ပါသည်။

သပ္ပါယဘေဒပြီး၏။

* * * * *

ဘာဝနာဘေဒ

ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကိုဝေဖန်ပုံ

ဘာဝနာ ၃-ပါးတို့တွင် ပရိကမ္မဘာဝနာကို အလုံးစုံသော ကမ္မဋ္ဌာန်း ၄၀-တို့၌ ရအပ်ပါသည်။

သာဓကကား ။ ။ ဘာဝနာသု ပန သဗ္ဗထာပိ ပရိကမ္မဘာဝနာ လဗ္ဘတေဝ ဖြစ်ပါသည်။

ဥပစာရဘာဝနာကိုလည်း အလုံးစုံသောကမ္မဋ္ဌာန်း ၄၀-တို့၌ပင် ရအပ်ပါသည်။

အပ္ပနာဘာဝနာကို ဗုဒ္ဓါနုဿတိ-အစ မရဏာနုဿတိ အဆုံးရှိသော အနုဿတိ ၈-ပါး၊အာဟာရေပဋိကူလသညာ,စတုဓာတုဝဝတ္ထာန်အားဖြင့် ဤ ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့၌ မရအပ်ပါ။ထို ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့သည် ဈာန်မဂ်ဖိုလ်ကို မဖြစ်စေနိုင်ပါ။

ကြွင်းသော ကသိဏ်းပညတ် ၁၀-ပါး,အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ,အာနာပါနုဿတိ,အပ္ပမညာ ၄-ပါးအားဖြင့် ဤ ၃၀-သောကမ္မဋ္ဌာန်းတို့၌

http://www.dhammadownload.com

အပွနာဘာဝနာကို ရအပ်ပါသည်။(ထို ၃၀-သော ကမ္မဋ္ဌာန်းတို့သည် စျာန်မဂ်ဖိုလ်ကို ဖြစ်စေနိုင်ပါသည်။)

သာဓကကား ။ ။ ဗုဒ္ဓါနုဿတိအာဒီသု (ပ) အပွနာဘာဝနာပိ သမ္ပဇ္ဇတိ ဖြစ်ပါသည်။

သေသအပါဒါန်အရကောက်

သေသေသု ပန သမ်တ္တိသ ကမ္မဋ္ဌာနေသု-၌ သေသ၏အပါဒါန်ကား... ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိအဆုံးရှိသော အနုဿတိ ၈-ပါး, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်အားဖြင့် ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

သေသအရကား.... ကသိဏ်းပညတ် ၁၀-ပါး,အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိ,အာနာပါနသတိ,အပွမညာ ၄-ပါး၊အာရုပ္ပ ၄-ပါးအားဖြင့် ၃၀-သော ကမ္မဋ္ဌာန်းတို့ကို ရပါသည်။

အပွနာဘာဝနာပိ သမ္ပဇ္ဇတိ-၌ အပိ-သဒ္ဒါဖြင့် ပရိကမ္မဘာဝနာ,ဥပစာရ ဘာဝနာ တို့ကို ပေါင်းပါသည်။

ကမ္မဋ္ဌာန်း ၄၀-နှင့် ဘာဝနာ ၃-ပါးစက်လှည့်

ကမ္မဋ္ဌာန်း ၄၀-တို့တွင် ပရိကမ္မဘာဝနာ,ဥပစာရဘာဝနာ ၂-ပါးသာရ၍ အပွနာဘာဝနာမရသော ကမ္မဋ္ဌာန်းတို့သည် ၁၀-ပါးဖြစ်ပါသည်။ ၁၀-ပါးဟူသော်ကား..

ဗုဒ္ဓါနုဿတိ-အစ မရဏာနုဿတိအဆုံးရှိသော အနုဿတိ ၈-ပါး,အာဟာရေ ပဋိကူလသညာ,စတုဓာတုဝဝတ္ထာန် အားဖြင့် ၁၀-ပါး ဖြစ်ပါသည်။

အပွနာဘာဝနာသာရ၍ ပရိကမ္မဘာဝနာ,ဥပစာရဘာဝနာ ၂-ပါးမရသော ကမ္မဋ္ဌာန်းကား... မရှိပါ။

ဘာဝနာ ၃-ပါးလုံးရသော ကမ္မဋ္ဌာန်းကား ... ၃၀-ဖြစ်ပါသည်။၃၀-ဟူသော် ကား...

ကသိဏ်း ၁၀-ပါး,အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ,အာနာပါန သတိ,အပွမညာ-၄ပါး,အာရုပ္ပ ၄-ပါးအားဖြင့် ၃၀-ဖြစ်ပါသည်။

ဘာဝနာ ၃-ပါးမရသော ကမ္မဋ္ဌာန်းကား.... မရှိပါ။

http://www.dhammadownload.com

ပရိကမ္မဘာဝနာသက်သက်, ဥပစာရဘာဝနာသက်သက်, အပ္ပနာဘာဝနာသက်သက်ရသော ကမ္မဋ္ဌာန်းလည်း မရှိပါ။

ဈာန်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

ဈာန် ၅-ပါးအပေါင်း၏ အာရုံသာဖြစ်သော ကမ္မဋ္ဌာန်း

ထိုအမျှ ၃၀-သော ကမ္မဋ္ဌာန်းတို့တွင် ကသိဏ်းပညတ် ၁၀-ပါး, အနာပါနသတိ အားဖြင့် ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် (ရူပါဝစရ ပ, ဒု, တ, စ, ပဉ္စမဈာန် ဟုဆိုအပ်သော) ဈာန် ၅-ပါးအပေါင်း၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းတို့ မည်ပါသည်။ (ဝါ) ဈာန် ၅-ပါးအပေါင်းကို ရလိုသော ယောဂီပုဂ္ဂိုလ် ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းတို့မည်ပါသည်။

သာဓကကား ။ ။ တတ္ထာဝိ (ပ) ပဉ္စကဈာနိကာနိ ဖြစ်ပါသည်။

ပထမဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း

အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိအားဖြင့် ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် ပထမဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းတို့ မည်ပါသည်။ (ဝါ) ပထမဈာန်ကို ရလိုသော ယောဂီပုဂ္ဂိုလ်ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းတို့ မည်ပါသည်။

သာဓကကား ။ ။ ဒသ အသုဘာ (ပ) ပထမဈာနိကာ ဖြစ်ပါသည်။

ဈာန် ၄-ပါးအပေါင်း၏ အာရုံဖြစ်သောကမ္မဋ္ဌာန်း

မေတ္တာ, ကရုဏာ, မုဒိတာ-ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃-ပါးတို့သည် (ရူပါဝစရ ပ, ဒု, တ, စတုတ္ထဈာန်ဟုဆိုအပ်သော) ဈာန် ၄-ပါးအပေါင်း၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းတို့ မည်ပါသည်။ (ဝါ) ဈာန် ၄-ပါးအပေါင်းကိုရလိုသော ယောဂီပုဂ္ဂိုလ်ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းတို့ မည်ပါသည်။

သာဓကကား ။ ။ မေတ္တာဒယော တယော စတုတ္ထဈာနိကာ ဖြစ်ပါသည်။

http://www.dhammadownload.com

ပဌမစျာန်၏ အာရုံသာဖြစ်သောကမ္မဋ္ဌာန်း

ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၁-ပါးသည် ပဌမစျာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းမည်ပါသည်။ (ဝါ) ပဌမစျာန်ကိုရလိုသော ယောဂီပုဂ္ဂိုလ်ပွားများအား ထုတ်ရမည့် ကမ္မဋ္ဌာန်း မည်ပါသည်။

သာဓကကား ။ ။ ဥပေက္ခာ (ပ) ကမ္မဋ္ဌာနာနိ ဖြစ်ပါသည်။

ရူပစျာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ

ဤသို့လျှင် ကသိုဏ်းပညတ် ၁၀-ပါး, အနုပါနသတိ,အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိ,မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၄-ပါးအားဖြင့် ဤ ၂၆-ပါးသောကမ္မဋ္ဌာန်းတို့သည် ရူပါဝစရစျာန်၏အာရုံဖြစ်သောကမ္မဋ္ဌာန်းတို့ မည်ပါသည်။ (ဝါ) ရူပါဝစရစျာန်ကိုရလိုသော ယောဂီပုဂ္ဂိုလ်ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းမည်ပါသည်။

သာဓကကား ။ ။ ဣတိ ဆဗ္ဗိသတိ (ပ) ကမ္မဋ္ဌာနာနိ ဖြစ်ပါသည်။

အပေါင်းအားဖြင့် ရနိုင်သမျှရေတွက်ပုံ
ပထမစျာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ

ပထမစျာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းတို့သည် ကသိုဏ်းပညတ် ၁၀-ပါး, အနုပါနသတိ,အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ, မေတ္တာ, ကရုဏာ, မုဒိတာ ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃-ပါးအားဖြင့် ၂၅-ပါးဖြစ်ပါသည်။

သာဓကကား ။ ။ တတ္ထာဝိ (ပ) စတုတ္ထဇ္ဈာနိကာ ဖြစ်ပါသည်။

ဒုတိယ တတိယ စတုတ္ထစျာန်တို့၏
အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ

ရူပါဝစရ ဒု,တ, စတုတ္ထစျာန်တို့၏ အာရုံဖြစ်သောကမ္မဋ္ဌာန်းတို့သည် ကသိုဏ်းပညတ်၁၀-ပါး, အနုပါနသတိ, မေတ္တာ, ကရုဏာ, မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃-ပါးအားဖြင့် ၁၄-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ တတ္ထာပိ ဒသကသိဏာနိ အာနာပါနဉ္စ ပဉ္စကဈာနိကာနိ၊ မေတ္တာဒယော တယော စတုတ္ထဈာနိကာ ဖြစ်ပါသည်။

ပဉ္စမစျာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ

ပဉ္စမစျာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းတို့သည် ကသိဏ်းပညတ် ၁၀-ပါး, အနုပါနဿတိ, ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၁-ပါးအားဖြင့် ၁၂-ပါးဖြစ်ပါသည်။

သာဓကကား ။ ။ တတ္ထာပိ ဒသကသိဏာနိ အာနာပါနဉ္စ ပဉ္စကဈာနိကာနိ၊ ဥပေက္ခာ ပဉ္စမဈာနိကာတိ ဆဋ္ဌိသတိ ရူပါဝစရဈာနိကာနိ ကမ္မဋ္ဌာနာနိ ဖြစ်ပါသည်။

စျာန်၅-ပါး၏အာရုံမှလွတ်သော ကမ္မဋ္ဌာန်းများ

စျာန် ၅-ပါးအာရုံမှလွတ်သော ကမ္မဋ္ဌာန်းတို့သည် ဗုဒ္ဓါနုဿတိ-အစ မရဏာနုဿတိအဆုံးရှိသော အနုဿတိ ၈-ပါး, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်းအား ဖြင့် ၁၀-ပါးဖြစ်ပါသည်။ (ဝါ)စျာနဝိမုတ္တကမ္မဋ္ဌာန်းတို့လည်း မည်ပါသည်။

အာရုပ္ပစျာန်၏ အာရုံဖြစ်သောကမ္မဋ္ဌာန်း

အာကာသာနဉ္စာယတန (ပ) နေဝသညာနာသညာယတနအားဖြင့် ဤ ၄-ပါးသော ကမ္မဋ္ဌာန်းတို့သည် အာရုပ္ပစျာန်၏ အာရုံကမ္မဋ္ဌာန်းတို့ မည်ပါသည်။

သာဓကကား ။ ။ စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဈာနိကာတိ ဖြစ်ပါသည်။

ဘာဝနာဘေဒပြီး၏

---

http://www.dhammadownload.com

ဂေါစရဘောဒ

နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ရနိုင်သောကမ္မဋ္ဌာန်း

ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်တို့ကို အလုံးစုံသော ကမ္မဋ္ဌာန်း ၄၀-တို့၌ ထိုက်သင့်သည့် အားလျော်စွာပေရိယာယ်အားဖြင့် ရအပ်ပါသည်။

သာဓကကား ။ ။ နိမိတ္တေသု ပန (ပ) လဒ္ဓန္တေ၀ ဖြစ်ပါသည်။

ပရိကမ္မနှင့် ဥဂ္ဂဟနိမိတ် တို့ရသောကမ္မဋ္ဌာန်းတို့ကို ပရိယာယ်,မုချအားဖြင့် ခွဲ၍ကောက်ပုံ

ကမ္မဋ္ဌာန်း(၄၀)တို့တွင်-ဗုဒ္ဓါနုဿတိ-အစ မရဏာနုဿတိ အဆုံးရှိသော အနုဿတိ ၈-ပါး,အပွမညာ ၄-ပါး,အာဟာရေပဋိကူလသညာ,စတုဓာတုဝဝတ္ထာန်, အာရုပ္ပ ၄-ပါးအားဖြင့် ဤ ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်တို့ကို ပရိယာယ်အားဖြင့် ရအပ်ပါသည်။

ကသိဏ်းပညတ် ၁၀-ပါး,အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ, အာနာပါနဿတိအားဖြင့် ဤ ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်တို့ကို မုချအားဖြင့် ရအပ်ပါသည်။

ပဋိဘာဂနိမိတ်ရအပ်သော ကမ္မဋ္ဌာန်း

ပဋိဘာဂနိမိတ်ကို ကသိဏ်းပညတ် ၁၀-ပါး,အသုဘပညတ် ၁၀-ပါး,ကာယဂတာသတိ,အာနာပါနဿတိအားဖြင့် ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ရအပ်ပါသည်။

သာဓကကား ။ ။ ပဋိဘာဂနိမိတ္တံ ပန (ပ) လဒ္ဓတိဖြစ်ပါသည်။

ပဋိဘာဂနိမိတ်မရအပ်သော ကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ-အစ မရဏာနုဿတိအဆုံးရှိသော အနုဿတိ ၈-ပါး,အပွမညာ ၄-ပါး,အာဟာရေပဋိကူလသညာ,စတုဓာတုဝဝတ္ထာန်,အာရုပ္ပ ၄-ပါးအားဖြင့် ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကို မရအပ်ပါ။

http://www.dhammadownload.com

နိမိတ်-၃ပါးဖြင့် ကမ္မဋ္ဌာန်းကိုဝေဖန်ပုံ

ပရိကမ္မနိမိတ်သက်သက်ရသော ကမ္မဋ္ဌာန်း ဥဂ္ဂဟနိမိတ် သက်သက်ရသော ကမ္မဋ္ဌာန်း,ပဋိဘာဂနိမိတ်သက်သက်ရသောကမ္မဋ္ဌာန်းဟူ၍ မရှိပါ။

ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်-၂ပါးရသောကမ္မဋ္ဌာန်းတို့ကား-ဗုဒ္ဓါနုဿတိအစုံးရှိသော အနုဿတိ-၈ပါး, အပ္ပမညာ-၄ပါး,အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်, အာရုပ္ပ-၄ပါးအားဖြင့်-၁၈ပါး ဖြစ်ပါသည်။

ပဋိဘာဂနိမိတ်ရသောကမ္မဋ္ဌာန်းတို့ကား-ကသိုဏ်းပညတ်-၁၀ပါး, အသုဘပညတ်-၁၀ပါး,ကာယဂတာသတိ, အာနာပါနဿတိ,အားဖြင့်-၂၂ပါးဖြစ်ပါသည်။

ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်-၃ပါးလုံးရသောကမ္မဋ္ဌာန်းတို့ကား-ကသိုဏ်းပညတ်-၁၀ပါး, အသုဘပညတ်-၁၀ပါး, ကာယဂတာသတိ,အာနာပါနဿတိ အားဖြင့်-၂၂ပါးဖြစ်ပါသည်။

ကျမ်းရင်းလာ

နိမိတ်-၃ပါး အဓိပ္ပါယ်

ပထဝီ,ပထဝီ,အစရှိသည်ဖြင့် စီးဖြန်းခြင်း-ပ်ရိကမ္မဘာဝနာ၏အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသောအာရုံသည်ပရိကမ္မနိမိတ်မည်ပါသည်။ စက္ခုဝိညာဏ်ဖြင့်မြင်အပ်သကဲ့သို့,မနောဒ္ဒါရိကကသိုလ်ဓောဖြင့် ယူတက်သော ယောဂီပုဂ္ဂိုလ်၏ အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသည် ဟုဆိုအပ်သောအာရုံသည်ဥဂ္ဂဟနိမိတ်မည်ပါသည်။

တစ်နည်း။ ။ပရိကမ္မနိမိတ်တည်းဟူသောပဌမနိမိတ်၏အထက်၌ တဆင့်တက်၍ယူတက်သောယောဂီပုဂ္ဂိုလ်၏အာရုံဖြစ်သောကသိုဏ်းဝန်းအစရှိသောအာရုံသည် ဥဂ္ဂဟနိမိတ်မည်ပါသည်။

ဥဂ္ဂဟနိမိတ်နှင့်ထူးသောညီသောအဆင်းစသောကသိုဏ်းအပြစ်မှကင်းသောကသိုဏ်းဝန်းအစရှိသောအာရုံသည်ပဋိဘာဂနိမိတ်မည်ပါသည်။

http://www.dhammadownload.com

"ယထာရဟ-နှင့်ပရိယာယဖြစ်ပုံ"

သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေနလဒ္ဓန္တေ၀-၌သမထကမ္မဋ္ဌာန်း(၄၀) တို့၌အာရုံအမျိုးမျိုး ရှိနေရာထိုထို အာရုံအားလျော် စွာပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်တို့ တင်ကြသည်ကို"ယထာရဟ"ဟုဆိုရပါသည်။

သမထကမ္မဋ္ဌာန်း(၄၀)တို့တွင်ပဋိဘာဂနိမိတ်ရကောင်းသည် ကသိုဏ်း ပညတ် ၁၀ပါး အသုဘပညတ် ၁၀-ပါး ကာယဂတာသတိ, အနာပါနသတိ, အားဖြင့် ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့မူချအားဖြင့် ရနိုင်၍ဈာန်မရနိုင်သတိအ စမရဏာနုဿသတိအဆုံးရှိသော အနုဿသတိ ၈-ပါး, အပွမ်ညာ ၄-ပါး,အာဟာရေ ပဋိကူလသညာ, စတုဓာတု ၀ဝတ္ထာန်,အာရုပ္ပ ၄-ပါး အားဖြင့် ၁၈-ပါးသော ကမ္မဋ္ဌာန်း တို့၌ကားအထင်အရှား မဖြစ်နိုင်သောကြောင့် "ပရိယာယေန"ဟုဆိုရပါသည်။

နိမိတ်နှင့်ဘာ၀နာတွဲစပ်ပုံ

နိမိတ်နှင့် ဘာ၀နာတွဲစပ်ပုံ ကား... ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ် တို့နှင့်ပရိကမ္မဘာ၀နာ ကိုတွဲစပ်ရပါသည်။ပဋိဘာဂနိမိတ်နှင့်ဥပစာရဘာ၀နာ, အပွနာဘာ၀နာတို့ကိုတွဲစပ်ရပါသည်။

သာဓကကား။ ။ တတ္ထဟိ (ပ) ပ၀တ္တန္တိ ဖြစ်ပါသည်။

ဘာ၀နာနှင့်နိမိတ်တွဲစပ်ပုံ
ပရိကမ္မနိမိတ်အဓိပ္ပါယ်

အစဉ် ကမ္မဋ္ဌာန်း စီးဖြန်းခြင်း အမှုရှိသည်ဖြစ်၍ ပထဝီ ကသိုဏ်း၀န်းအစရှိသည်တို့ ၌အာရုံကိုယူတတ်သောယောဂီပုဂ္ဂိုလ်၏ ထိုပထဝီကသိုဏ်း၀န်းအစရှိသောအာရုံသည် ပရိကမ္မနိမိတ် မည်ပါသည်။

ထိုပရိကမ္မနိမိတ်ပွားများသောဘာ၀နာသည် (ဘာ၀နာနိမိတ်သည်)ပရိကမ္မဘာ၀နာ မည်ပါသည်။

http://www.dhammadownload.com

သာဓကကား။ ။အာဒိကမ္မိကဿ ဟိ (ပ) ပရိကမ္မဘာဝနာ နာမ ဖြစ်ပါသည်။

ဥဂ္ဂဟနိမိတ်အဓိပ္ပါယ်

ထိုပရိကမ္မနိမိတ်ဟူဆိုအပ်သောပထဝီကသိုဏ်းဝန်းအစရှိသောအာရုံကို (မျက်စိမှိတ်၍)မနောဒ္ဒါရိကစိတ်ဖြင့်ကောင်းစွာယူအပ်သောအခါ(ဝါ-စိတ်ဖြင့်ဆင်ခြင်ကြည့်သော အခါ) မျက်စိဖြင့်ဒါရိုက်မြင်နေသကဲ့သို့မနောဒ္ဒါရအားထင်ခြင်း သို့ရောက်လာသော(စိတ်ထဲမှာထင်ထင်ရှားရှားဖြစ်ပေါ်လာသော)ထိုပထဝီကသိုဏ်းဝန်း အစရှိသောအာရုံသည်ပင်လျှင်(စိတ်ဖြင့်ကောင်းစွာယူအပ်သောကြောင့်)ဥဂ္ဂဟနိမိတ် မည်ပါသည်။ ဥဂ္ဂဟနိမိတ်ကို အာရုံပြုသောရှေးယခင်ကပရိကမ္မဘာဝနာသည်လည်း သမာဓိရ၍တည်ကြည်လာပါသည်။

သာဓကကား။ ။ယဒါ ပန တံ နိမိတ္တံ (ပ) သမာဓိယတိ-ဖြစ်ပါသည်။

ပဋိဘာဂနိမိတ်အဓိပ္ပာယ်

ထိုသို့သောအခြင်းအရာအားဖြင့်တည်ကြည်သည်ဖြစ်၍ဥဂ္ဂဟနိမိတ်ထင် ပြီးနောက်ဥဂ္ဂဟနိမိတ်ကိုပရိကမ္မသမာဓိဖြင့်ပွားများခြင်းကိုအဖန်တလဲလဲလုံ့လ ပြုသောယောဂီပုဂ္ဂိုလ်အားဥဂ္ဂဟနိမိတ်နှင့်တူသောဝတ္ထုဒြပ်ပရမတ်ဘောမှ လွတ်သောပညတ်ဟူဆိုအပ်သော ဘာဝနာကြောင့်ဖြစ်ပေါ်လာသောစိတ်၌ စုပေးလျက်ထင်ထင်ရှားရှားကောင်းစွာပေါ်လာသောထိုပထဝီကသိုဏ်းဝန်း အစရှိသောအာရုံသည်ပင်လျှင်ပဋိဘာဂ နိမိတ်မည်ပါသည်။

သာဓကကား ။ ။တထာ သမာဟိတဿ (ပ) နိပ္ပန္နာနာမ ဟောတိ ဖြစ်ပါသည်။

ဘာဝနာနှင့်နိမိတ်တွဲစပ်ပုံ

ဘာဝနာ ၃-ပါးနှင့်နိမိတ် ၃-ပါးတွဲစပ်ပုံကား-ပရိကမ္မဘာဝနာနှင့် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ကိုတွဲစပ်ရပါသည်။ဥပစာရဘာဝနာ အပ္ပနာဘာဝနာ ၂-ပါးနှင့်ပဋိဘာဂ နိမိတ်ကိုတွဲစပ်ရပါသည်။

http://www.dhammadownload.com

ဆောင်- ပရိဘာဝ၊ကမ် ဥဂ္ဂ၊ မှတ်ကြွိနိမိတ္တာ။
ဥ,အပ် ဘာဝ၊ ပဋိဂ၊ တွဲရနိမိတ္တာ။

ပရိကမ္မဘာဝနာ ၂-ပါးအထူး

ပရိကမ္မနိမိတ်ကိုအာရုံပြုသောပရိကမ္မဘာဝနာသည်၊သမာဓိလည်းမရ၊ တည်ကြည်မှုလည်းမရှိသေးပါ။ ဥဂ္ဂဟနိမိတ်ကို အာရုံပြုသောပရိကမ္မဘာဝနာသည် သမာဓိလည်းရ၊ တည်ကြည်မှုလည်းရှိလာပါသည်။ ဤသို့ထူးပါသည်။

နိမိတ် ၃-ပါး ပညတ်/ပရမတ်ခွဲပုံ

နိမိတ် ၃-ပါးတို့တွင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ၂-ပါးတို့သည် ပထဝီကသိုဏ်း ဝန်းစသည်ဖြစ်သော ဝတ္ထုဒြပ်ထင်ရှားရှိသည့် အဋ္ဌကထာဝါရပ် ပရမတ္ထတရားများ ဖြစ်ကြသောကြောင့် ပရမတ်နိမိတ်တို့မည်ပါသည်။

ပဋိဘာဂနိမိတ်သည် စိတ်၌မှန်းဆကာအာရုံပြု၍ပေါ်လာသောကသိုဏ်းဝန်း ပညတ် အာရုံမျှသာ ဖြစ်သောကြောင့် ပညတ်နိမိတ်မည်ပါသည်။

ပညတ်ဖြစ်သောပဋိဘာဂနိမိတ်

"ဝတ္ထုဧမ္မဝိမုစ္စိတံ ပညတ္တိသခ်ါတံ" ဟူသောသင်္ဂဟပါဠိကိုထောက်၍ ပဋိဘာဂ နိမိတ်သည် ပညတ်တရားသာဖြစ်ပါသည်။

ဘာဝနာကြောင့်ဖြစ်ရပုံ

"ဘာဝနာယ မာရမ္မဏံ" ဟူသောသင်္ဂဟပါဠိကိုထောက်၍ ပဋိဘာဂနိမိတ်သည် ဘာဝနာသညာကြောင့်ဖြစ်ပေါ်လာသော အာရုံဖြစ်ပါသည်။

http://www.dhammadownload.com

ဥဂ္ဂဟနိမိတ်နှင့်တူသောအာရုံ

"တပ္ပဋိဘာဂံ" ဟူသောသင်္ကေတပါဠိကိုထောက်၍ ပဋိဘာဂနိမိတ်ဟူသည် ဥဂ္ဂဟနိမိတ်နှင့် အလားသန္တာန်တူသော အာရုံမျိုးဖြစ်ပါသည်။

မှတ်ချက်။ ။ ပဋိဘာဂနိမိတ်ဟူယောဂီပုဂ္ဂိုလ်၏မနောဒွါရဟုဆိုအပ်သောစိတ်အစဉ်၌ (စိတ်ထဲ၌)စုဝေးတည်ရှိကာကောင်းစွာသွင်းထားအပ်သကဲ့သို့ဖြစ်သောအာရုံမျိုးဖြစ်ပါသည်။

ဥပစာရဘာဝနာစတင်ဖြစ်ပေါ်ရှိန်နှင့်ဥပစာရဘာဝနာတရားကိုယ်

တတော ပဌာယ ပရိကမ္မဝိပ္ပဟီနာ ကာမာဝစရ သမာဓိသခ်ါတာ ဥပစာရ ဘာဝနာ နိပ္ဖန္နာ နာမ ဟောတိ ဟူသောသင်္ကေတပါဠိကိုထောက်၍-ပဋိဘာဂနိမိတ်ထင်သည်အခါမှစ၍ဥပစာရဘာဝနာဖြစ်ပေါ်လာပါသည်။

ဥပစာရဘာဝနာ၏တရားကိုယ်အရကား....နိဝရဏတည်းဟူသောဘေးရန်ကိုပယ်ပြီးသော ကာမာဝစရသမာဓိကိုရပါသည်။(ဝါ-သမာဓိပြဋ္ဌာန်းသောကာမာဝစရဈောကိုရပါသည်။

ဥပစာရဘာဝနာပယ်သောတရား

တတောပဌာယ ပရိဗန္ဓဝိပ္ပဟီနာ ကာမာဝစရ သမာဓိသခ်ါတာဟူသောသင်္ကေတပါဠိကိုထောက်၍ဥပစာရဘာဝနာဟူသည် ကာမ ရူပ အရူပတရား ၃-မျိုးတွင် ကာမတရားသာဖြစ်ပါ၍-ကာမစ္ဆန္ဒစသောနိဝရဏတရားတို့ကိုပယ်ပါသည်။

ပရိဗန္ဓအဓိပ္ပာယ်(ပရိဗန်)အဓိပ္ပာယ်

စိတ္တံ ပရိဗန္ဓေန္တိနိဝါရေန္တိတိ ပရိဗန္ဓာ-ဟူသောဝစနတ္ထနှင့်အညီ ကုသိုလ်စိတ်ကိုနှောက်ယှက် တားမြစ်တတ်သောကြောင့် ကာမစ္ဆန္ဒစသောနိဝရဏတရား ၅-ပါးကိုပရိဗန္ဓ(ပရိဗန်)ဟုခေါ်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ဥပစာရဘာဝနာသည် ထိုပရိဗာန်ဟုခေါ်သော နိဝရဏတရားများကိုပယ်ခွာနိုင်သည်၊ ပဋိဘာဂနိမိတ်ထင်လာသောအခါ ဖြစ်သောဘာဝနာအစဉ်ကို ဥပစာရဘာဝနာဟုခေါ်ရ၍ ယင်းဥပစာရဘာဝနာဖြစ်ပေါ်လာသောအခါ ကာမစ္ဆန္ဒစသော နိဝရဏတရားများ ကင်းကွာလျှက်ဝိတက်စသောစျာန်အင်္ဂါတို့ကဆိုင်ရာကိစ္စတို့ကိုအထင်အရှားရွက်ဆောင်ကြသောကြောင့် ကာမာဝစရသမာဓိဖြစ်သော ဤဥပစာရဘာဝနာကို ဥပစာရစျာန် (အပ္ပနာ၏အနီးဌဖြစ်သောစျာန်) ဟုလည်းခေါ်ကြသေးသည်။

ရူပစျာန်ဖြစ်ပုံပြပါဦ

တတော ပရံ တမေဝ ပဋိဘာဂနိမိတ္တံ (ပ) ဒုတိယဈာနာဒယော ယထာရုဟမပ္ပေန္တိ-ဟူသောသင်္ဂဟပါဠိတို့သည်ရူပစျာန်ဖြစ်ပုံကိုပြသောပါဠိတို့မည်ပါသည်။

ရူပပထမစျာန်ဖြစ်ပုံပြပါဦ

တတော ပရံ တမေဝ (ပ) ပထမဈာန မပ္ပေတိ-ဟူသောသင်္ဂဟပါဠိသည် ရူပပထမစျာန်ဖြစ်ပုံကိုပြသော ပါဠိမည်ပါသည်။

ရူပဒုတိယစျာန်စသည်ဖြစ်ပုံပြပါဦ

တတော ပရံ တမေဝ ပဌမဈာနာဒယော ယထာရုဟ မပ္ပေန္တိ-ဟူသောသင်္ဂဟပါဠိသည် ရူပဒုတိယစျာန်စသည်ဖြစ်ပုံကိုပြသော ပါဠိမည်ပါသည်။

ရူပပထမစျာန်ဖြစ်ပုံ
(အပ္ပနာဘာဝနာဖြစ်ပုံ)

ဥပစာရဘာဝနာဖြစ်သည်မှနောက်၌ (ဥပစာရဘာဝနာ ပြည့်စုံပြီးသည်မှနောက်၌) ထိုပဋိဘာဂနိမိတ်ကိုပင်လျှင် ဥပစာရသမာဓိဖြင့် ကောင်းစွာမှီဝဲသော ယောဂီပုဂ္ဂိုလ်အား (ယောဂါဝစရ ပုဂ္ဂိုလ်အား)ရူပါဝစရပဌမစျာန်သည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်ပါသည်။ (ယင်းသို့ ရူပါဝစရပဌမစျာန် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်သည်ကိုပင် ရူပပထမစျာန်ဖြစ်သည်ဟူ၍ဌင်း၊ အပ္ပနာဘာဝနာဖြစ်သည်ဟူ၍ဌင်းခေါ်ပါသည်။)

သာဓကကား။　။ တတောပရံ (ပ) ပဌမဈာနမပ္ပေတိဖြစ်ပါသည်။

http://www.dhammadownload.com

ရူပါဝစရ ဒုတိယစျာန်စသည်ဖြစ်ပုံ
(ရူပ၊ဒုတိယစျာန်စသည်ရပုံ)

ရူပပထမစျာန်ကိုရသည်မှနောက်၌-ထိုပထမစျာန်ကိုပင်လျှင် "အာဝဇ္ဇန သမာပဇ္ဇန အဓိဋ္ဌာန ဝုဋ္ဌာန ပစ္စဝေက္ခဏာ" ဟုဆိုအပ်သော ဝသီဘော် ၅-ပါးတို့ဖြင့် (အစွမ်းသတ္တိရှိအောင်)လေ့လာပြီး၍ ဝိတက်အစရှိသော ပုန်းရင်းသောစျာန်အင်္ဂါကို ပယ်ခြင်းငှာ၄င်း၊ ဝိစာရအစရှိသော သိမ်မွေ့သောစျာန်အင်္ဂါဖြစ်ပေါ်လာခြင်းငှာ၄င်း၊ အဖန်တလဲလဲ "ပထဝီ ပထဝီ" အစရှိသည်ဖြင့်စီးဖြန်းခြင်း ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်အားအစဉ်အတိုင်း ဒုတိယစျာန်အစရှိသည်တို့သည်(ဝါ-ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်တို့သည်)ထိုက်သည့်အားလျော်စွာ အပွနာ(ဘာဝနာ)၏အစွမ်းဖြင့်ဖြစ်ပေါ်လာကြပါသည်။

သာဓကကား။ ။ တတော ပရံ တဓေဝ ပဌမဇ္ဈာနံ (ပ) ယထာရဟာ မဇ္ဈေ္ဈဖြစ်ပါသည်။

ဝသီဘော် ၅-ပါး

ဝသီဘော်တို့သည်... အာဝဇ္ဇနဝသီဘော်
သမာပဇ္ဇနဝသီဘော်
အဓိဋ္ဌာနဝသီဘော်
ဝုဋ္ဌာနဝသီဘော်
ပစ္စဝေက္ခဏာဝသီဘော် - အားဖြင့် ၅-ပါးဖြစ်ပါသည်။

သာဓကကား။ ။ အာဝဇ္ဇနံ သမာပဇ္ဇနံ အဓိဋ္ဌာနံ ဝုဋ္ဌာနံ ပစ္စဝေက္ခဏာစေတိ ဣမာဟိ ပဉ္စဟိ ဝသိတာဟိဖြစ်ပါသည်။

ဝသီဘော် ၅-ပါး အဓိပ္ပါယ်
အာဝဇ္ဇနဝသီဘော်

ပဌမစျာန်၏ အင်္ဂါ ၅-ပါးတို့တွင် တစ်ပါးပါးသောအာရုံ၌ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ၄-ကြိမ်၊ ၅-ကြိမ်သောဇော ၂-ကြိမ်၊ ၃-ကြိမ်သော ဘဝင်ထက်အလွန်သို့မရောက်

http://www.dhammadownload.com

မူ၍ အထပ်ထပ်ချာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော ချာန်အင်္ဂါကို ဆင်ခြင်းငှာ တက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိသည် အာဝဇ္ဇနဝသီဘော်မည်ပါသည်။

သမာပဇ္ဇနဝသီဘော်

ဝင်စားခြင်းငှာအလိုရှိသောသူ၏ အဖြစ်တည်းဟူသော စိတ်၏အခြားမဲ့၌ ၂-ကြိမ်၊ ၃-ကြိမ်သောဘဝင်ထက်. အလွန်သို့ မရောက်မူ၍ဖြစ်သော အာဝဇ္ဇန်း၏အခြားမဲ့၌ ဝင်စားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော ချာန်ကိုဝင်စားခြင်းငှာ တက်နိုင်သော ယောဂီပုဂ္ဂိုလ်၏အစွမ်းသတ္တိသည် သမာပဇ္ဇနဝသီဘော်မည်ပါသည်။

အဓိဋ္ဌာနဝသီဘော်၊

တံတားသည် ရေအယာဉ်ရှိသော မြစ်၏ရေအယဉ်ကိုဖြတ်သကဲ့သို့ ဘဝင်၏အယဉ်ကိုဖြတ်၍ပိုင်းခြားတိုင်းသော ကာလပတ်လုံး ချာန်ကိုထားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော ဘဝင်ကျခြင်းမှ ချာန်ကိုစောင့်ခြင်းငှာလျော်သော ဆောက်တည်ခြင်းငှာ တက်နိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိသည် အဓိဋ္ဌာနဝသီဘော်မည်ပါသည်။

ဝုဋ္ဌာနဝသီဘော်

ပိုင်းခြားတိုင်းသောကာလကို မလွန်စေမူ၍ချာန်းမှထခြင်း၌ စွမ်းနိုင်သောသူ၏ အဖြစ်တည်းဟူသောချာန်မှထခြင်းငှာ တက်နိုင်သောယောဂီပုဂ္ဂိုလ်၏အစွမ်းသတ္တိသည် ဝုဋ္ဌာနဝသီဘော်မည်ပါသည်။

ပစ္စဝေက္ခဏာဝသီဘော်

ပဌမဈာန်၏ အင်္ဂါ ၅-ပါးတို့တွင် တစ်ပါးပါးသောအာရုံ၌ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ၄-ကြိမ်၊ ၅-ကြိမ်သောဇော, ၂-ကြိမ်၊ ၃-ကြိမ်သောဘဝင်ထက်အလွန်သို့ မရောက်မူ၍ အထပ်ထပ်ချာန်အင်္ဂါကိုဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ ဇောစိတ်ဖြင့်ချာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာ တက်နိုင်သော ယောဂီပုဂ္ဂိုလ်၏အစွမ်းသတ္တိသည် ပစ္စဝေက္ခဏာဝသီဘော်မည်ပါသည်။

http://www.dhammadownload.com

ဝသီဘော် ၅-ပါးအဓိပ္ပါယ်
ကျက်မှတ်ရန် ဆောင်ပုဒ်လင်္ကာ

၁။ ဈာန်အင်္ဂါစု၊ ဆင်ခြင်မှုဥ၌၊ တစ်ခုဝိထိ၊ တစ်ခုဏိကြား၊ ဘွင်မများဘဲ၊ ဆက်သွားဆင်ခြင်၊ စွမ်းနိုင်လျှင်သော်၊ ဝသီဘော်၊ မိန့်ခေါ်အာဝဇ္ဇန။

၂။ ဝင်စားလိုလျှင်၊ အိုးတွင်တို့၊ မဝင်မခြား၊ အလျင်အားဖြင့်၊ ဝင်စားနိုင်သော်၊ ဝသီဘော်၊မိန့်ခေါ်သမာပဇ္ဇန။

၃။ ရှည်ရှည်တိုတို၊ တန့်ထားလိုလျှင်၊ ဘဝင်လွှမ်းဖို၊ မကျတည့်အောင်၊ ဈာန်၏အစဉ်၊ ထားနိုင်လျှင်သော်၊ ဝသီဘော်၊ မိန့်ခေါ်ဓိဋ္ဌာန။

၄။ ချိန်ခါတိုရှည်၊ ရွယ်ရည်မှန်းဆ၊ ထိုခဏ၌၊ ဈာန်မှထခြင်း၊ စွမ်းနိုင်လျှင်းသော်၊ ဝသီဘော်၊ မိန့်ခေါ်ဝုဋ္ဌာန။

၅။ ပစ္စဝေက္ခဏာ၊ ဓောစောကာဖြင့်၊ ဈာန်အင်္ဂါစု၊ ဆင်ခြင်မှုစစ်၊ နည်းတူဖြစ်၍၊ အာဝဇ္ဇနာ၊ ဝသိတာမြောက်၊ အစွမ်းရောက်က၊ ပစ္စဝေက်ခေါ်၊ ဝသီဘော်လည်း၊ တစ်ပါးတည်း၊ အပြီးရောက်နေကျ။ (အခြေပြုသင်္ကြိုဟ်မှ)

အာဒိသဒ္ဒါအရကောက်များ

ဝိတက္ကာဒိကံ ဥ၌အာဒိသဒ္ဒါ၏အရကား-ဝိစာရ ပီတိ သုခ တို့ကိုရပါသည်။

ဝိစာရာဒိဥ် အာဒိသဒ္ဒါ၏အရကား- ပီတိ သုခ ဧကဂ္ဂတာ တို့ကိုရပါသည်။

ဒုတိယဈာနာဒယောဥ်အာဒိသဒ္ဒါ၏အရကား- တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် တို့ကိုရပါသည်။

မှတ်ချက်။ ။အစွမ်းသတ္တိကိုပါဠိလို "ဝသိတာ" ဟူ၍လည်းကောင်း "ဝသိဘာဝ" ဟူ၍လည်းကောင်းခေါ်ဆိုရကာ ပါဠိမှဆင်းသက်သော မြန်မာဝေါဟာရအားဖြင့် "ဝသီဘော်" ဟု ခေါ်သည်။

ဝသနံ သမတ္ထနံ ဝသော၊ ဝသော ယဿ အတ္ထိတိ ဝသီ။ ဝသိနော ဘာဝေါ ဝသိတာ။

(အနက်) ။ ။ ဝသိနော၊ စွမ်းရည်သတ္တိရှိသောပုဂ္ဂိုလ်၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာ အစွမ်းသတ္တိသည်၊ ဝသိတာ-ဝသိတာမည်၏။ ဟုဘာဝတန္ဒိတ်ပြုရသည်

http://www.dhammadownload.com

ဝသိတာနှင့်ဝသိဘာဝပုဒ်တို့မှာအနက် အတူဖြစ်သည်။ဝသိဘာဝပုဒ်ကိုလည်း ဝသိနော ဘာဝေါ ဝသိဘာဝေါ- ဟုသမာသ်ဝိဂ္ဂဟပြုရသည်။ ဤဝသိတာ-ပုဒ်ကိုရည်ရွယ်ကာ "ဝသိဘော်" ဟုမြန်မာပြန်ကြသည်။(သင်္ဂြိုဟ်ဘာသာဋီကာ)

ရူပစျာန် ၅-ပါးတို့၏ပဟာနင်္ဂနှင့်သမ္မယောဂင်္ဂတရားများ

ရူပစျာန် ၅-ပါးတို့တွင် ပထမစျာန်၏ ပဟာနင်္ဂတရားကား-ဂ ဟမ္ဘန္ဒ စသော နိဝရဏတရား ၅-ပါး ဖြစ်၍-သမ္မယောဂင်္ဂတရားကား-ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ-တို့ဖြစ်ပါသည်။

ဒုတိယစျာန်၏ ပဟာနင်္ဂကား ဝိတက်ဖြစ်၍ သမ္မယောဂင်္ဂကား-ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တို့ဖြစ်ပါသည်။

တတိယစျာန်၏ ပဟာနင်္ဂကား ဝိစာရဖြစ်၍ သမ္မယောဂင်္ဂကား-ပီတိ သုခ ဧကဂ္ဂတာ တို့ဖြစ်ပါသည်။

စတုတ္ထစျာန်၏ ပဟာနင်္ဂကား ပီတိဖြစ်၍ သမ္မယောဂင်္ဂကား-သုခ ဧကဂ္ဂတာ ဖြစ်ပါသည်။

ပဉ္စမစျာန်၏ ပဟာနင်္ဂကား သုခဖြစ်၍ သမ္မယောဂင်္ဂကား-ဥပေက္ခာ ဧကဂ္ဂတာ တို့ဖြစ်ပါသည်။

မှတ်ချက်။ ။ပဟာနင်္ဂ-ဟူသည် ပယ်အပ်သောအင်္ဂါ ဖြစ်၍ သမ္မယောဂင်္ဂ ဟူသည် ယှဉ်သော အင်္ဂါ ဖြစ်သည်။ တတော ပဌာယ ပရိဗန္ဓဝိပ္ပဟီနာ မုစ၍-ယထာဂ္ဂမံ ဒုတိယစျာနာဒယော ယထာရဟမပ္ပေန္တိ -တိုင်အောင်သောပါဠိတို့သည် **"ရူပစျာန် ၅-ပါး၏ပဟာနင်္ဂ သမ္မယော ဂင်္ဂတို့ကိုပြသောပါဠိ"** တို့ဖြစ်သည်။

နိဂုံးစကားရပ်ပြပါဠိ

ဤစွေဝံ ပထဝီကသိဏာဒီသု ဒွါဒိသတိ ကမ္မဋ္ဌာနေသု ပဋိဘာဂနိမိတ္တ မုပလဗ္ဘတိ ဟူသော-သင်္ဂဟပါဠိသည် **"အဒီကမ္မိကဿ ဟိ"** စသောအဂျယ်စကားရပ် ကိုပြန်၍ဖုံးအုပ်သော နိဂုံးစကားရပ်ကိုပြသောပါဠိဖြစ်ပါသည်။

http://www.dhammadownload.com

ဆိုလိုရင်းအဓိပ္ပာယ်

ဣဏ္ဍေဝံ ပဏ္ဍိကသိဏာဒီသု ဒွါဝိသတိ ကမ္မဋ္ဌာနေသု ပဋိဘာဂနိမိတ္တ ,မုပလဿတိ-ဟူသောသင်္ဂဟပါဠိ၏ဆိုလိုရင်းအဓိပ္ပာယ်ကား-" ဤသို့လျှင်ကသိဏ်းပညတ် ၁၀-ပါး အသုဘပညတ် ၁၀-ပါး ကာယဂတာသတိ-အာနာပါနဿတိ ဟုဆိုအပ်သော ၂၂-ပါးသောကမ္မဋ္ဌာန်းတို့၌ပဋိဘာဂနိမိတ်ကိုရနိုင်၏"ဟုဆိုလိုပါသည်။

ဒွါဝိသတိသရီဂ၏သရော်ယျအရကောက်

ဒွါဝိသတိကမ္မဋ္ဌာနေသု - ၌ဒွါဝိသတိသရီဂ၏သရော်ယျအရကား- ကသိဏ်းပညတ် ၁၀ပါး, ကာယဂတာသတိ, အာနာပါနဿတိ အားဖြင့် -၂၂ ပါးသောကမ္မဋ္ဌာန်းတို့ကိုရပါသည်။

ဗြဟ္မစိရိတရားဟုခေါ်သော
မေတ္တာ,စသောအပ္ပမညာ ၄ ပါးတို့၏အရံ

ဆိုအပ်ခဲ့ပြီးသော (ပဋိဘာဂနိမိတ်ရနိုင်သော) ၂၂- ပါးသောကမ္မဋ္ဌာန်းတို့မှ ကြွင်းသော(၁၈-ပါးသောကမ္မဋ္ဌာန်းတို့တွင်ပါသော)မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ဟုဆိုအပ်သော အပ္ပမညာ ၄-ပါး တို့သည် (ဗြဟ္မစိရိတရား ၄-ပါး တို့သည်) သုခိတ ဒုက္ခိတ သတ္တဝါပညတ်ကိုအာရုံပြု၍ဖြစ်ပါသည်။

အဝသေသအပါဒါန်နှင့်အရကောက်

အဝသေသသု ပန အပ္ပမညာ သတ္တပညတ္တိယံ ပဝတ္တန္တိ-ဝယ် အဝသေသ သု၌-အဝသေသ၏အပါဒါန်ကား- ပဋိဘာဂနိမိတ်ရကောင်းသော ကသိဏ်းပညတ် ၁၀-ပါး,ကာယဂတာသတိ,အာနာပါနဿတိ-အားဖြင့် ၂၂-ပါးသောကမ္မဋ္ဌာန်းတို့ကိုရပါသည်။

အဝသေသ၏အရကား-အပ္ပမညာ ၄-ပါးကိုရပါသည်။

ဓုတ်ချုတ်။ ။ အထက်ပါအဝသေသေသု ပန ၌ အဝသေသအရကောက်ရာတွင်- ယင်းအဝသေသု ပန အပ္ပမညာ သတ္တပညတ္တိယံ ပဝတ္တိန္တိ-ဟူသောသင်္ဂဟပါဠိသည်

http://www.dhammadownload.com

မေတ္တာ-စသောအပွားများ ၄-ပါးတို့၏အာရုံကိုပြသောပါဠိကိုထောက်ဆ၍ အဝသေသအရ-အပွားများ ၄-ပါးကိုအရကောက်လိုက်ပါသည်။ အခြေပြုသင်္ကြိဟ်၌မူ-အဝသေသသုအရ အပွားများ ၄-ပါး နှင့်အာရုပ္ပ- ၄-ပါးတို့ကိုအရကောက်ထားကြောင်းတွေ့ရှိရပါသည်။ အဝသေသေသု ပန စသောပါဠိ တစ်ပုဒ်ထည်းကို မကြည့်ပဲ အရူပစျာန်ဖြစ်ပုံပြ ပါဠိများထိမျှော်ကြည့်၍ကောက်မှသာလျှင် အဝသေသေသု-အရ အာရုပ္ပ ၄-ပါး ထည့်ကောက်၍ ရမည်ကိုစဉ်းစားမိပါသည်။

အရူပစျာန်ဖြစ်ပုံ
ပထမအရူပစျာန်ဖြစ်ပုံ(ရပုံ)

အာကာသကသိုဏ်းသည်ကြောင့်အပ်သောကသိုဏ်း ၉-ပါးတိုတွင် အမှတ်မရှိတစ်ခုခုသောကသိုဏ်းကိုခွာ၍ရအပ်သောအဆုံးမရှိသော ကောင်းကင်ပညတ်ကိုအဆုံးမရှိသည်၏အစွမ်းဖြင့် "အနန္တံ အာကာသံ အနန္တံ အာကာသံ" ဟုအဖန်တလဲလဲစီးဖြန်းခြင်းပရိကံကိုပြုသောယောဂီပုဂ္ဂိုလ်အား ပထမအရူပစျာန်သည်အပွနှာ၏အစွမ်းဖြင့်ဖြစ်ပါသည်။ (ယောဂီပုဂ္ဂိုလ်အားမကြာမီဥပစာရဘာဝနာသို့ဆိုက်ရောက်ပြီးနောက်အပွနှာဘာဝနာသို့ဆိုက်ရောက်ပြီးနောက် အပွနှာဘာဝနာသို့ ဆိုက်ရောက်ကာ ပထမအရူပစျာန်ကိုရပါတော့သည်) **သာဓကကား**။ ။အာကာသဝဇ္ဈိတကသိဏေသု (ပ) ပထမာရုပ္ပမပ္ပေတိ ဖြစ်ပါသည်။ **မှတ်ချက်** ။ ။ "အာကာသံ၊ကောင်းကင်ပညတ်သည်၊အနန္တံ၌ပါဒိ ဋ္ဌိ ဘင် အားဖြင့်အဆုံးအပိုင်းအခြား" ဟုဆိုလိုသည်။ဤသင်္ဂဟပါဠိလာ-"အာကာသံ အနန္တဝသေန ပရိကမ္မဝသေန ကရောန္တဿ" ကိုထောက်၍ပဌမာရုပ္ပဝိညာဏ်က ကောင်းကင်ပညတ်ကိုအာရုံပြုသည်ဟုသိရပါသည်။

ကသိုဏ်းခွာပုံအဓိပ္ပာယ်

မူလဖြန့်အပ်သောကသိုဏ်းဝန်းကို အာရုံမပြု နှလုံးမသွင်းပဲ ကသိုဏ်းဝန်းပျံ့နှံ့ရာအရပ်သို့သာ အာရုံပြုနေခြင်းကို "ကသိုဏ်းခွာသည်" ဟုခေါ်ပါသည်။

http://www.dhammadownload.com

ပရိကမ်အဓိပ္ပာယ်

ကသိုဏ်းခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုလျှက် "အနန္တော အာကာသောအနန္တောအာကာသောဟု အဖန်တလဲလဲစီးဖြန်းပွားများနေမှုကို "ပရိကမ်ပြုသည်"ဟု ခေါ်ပါသည်။

ဒုတိယအရူပစျာန်ဖြစ်ပုံ(ရပုံ)

ပဌမာရုပ္ပဝိညာဏ်ကိုပင်လျှင် အဆုံးမရှိသည်၏အစွမ်းဖြင့် "အနန္တံ အာကာသံ အနန္တံ အာကာသံ"ဟုအဖန်တလဲလဲစီးဖြန်းခြင်းပရိကမ်ကိုပြုသောယောဂီပုဂ္ဂိုလ်အား ဒုတိယအရူပစျာန်သည် အပွနာ၏အစွမ်းဖြင့်ဖြစ်ပါသည်။ (ယောဂီပုဂ္ဂိုလ်အား မကြာမီ ဥပစာရဘာဝနာ သို့ဆိုက်ရောက် ပြီးနောက် ဒုတိယအရူပစျာန်ကိုရရှိပါသည်။

သာဓကကား။ ။တမေဝ ပထမာရုပ္ပဝိညာဏံ (ပ) ဒုတိယာရုပ္ပမပ္ပေတိ-ဖြစ်ပါသည်။

တတိယအရူပစျာန်ဖြစ်ပုံ(ရပုံ)

ပဌမာရုပ္ပဝိညာဏ် ၏မရှိခြင်းတည်းဟူသောနတ္ထိဘောပညတ်ကိုပင်လျှင်(အာရုံပြု၍) "နတ္ထိ ကိဉ္စိ နတ္ထိ ကိဉ္စိ"ဟုအဖန်တလဲလဲစီဖြန်းခြင်းပရိကံကိုပြုသောယောဂီပုဂ္ဂိုလ်အား တတိယအရူပစျာန်သည် အပွနာ၏အစွမ်းဖြင့်ဖြစ်ပါသည်။(ယောဂီပုဂ္ဂိုလ်အားမကြာမီ ဥပစာရဘာဝနာသို့ဆိုက်ရောက်ပြီးနောက်အပွနာသို့သက်ရောက်ကာ တတိယ အရူပစျာန်ကိုရရှိပါတော့ သည်။

သာဓကကား ။ ။ပဌမာရုပ္ပဝိညာဏာဘာဝံ (ပ) တတိယာရုပ္ပမပ္ပေတိ-ဖြစ်ပါသည်။

စတုတ္ထအရူပစျာန်ဖြစ်ပုံ (ရပုံ)

တတိယရုပ္ပဝိညာဏ်ကို အာရုံပြု၍ "သန္တမေတံ ပဏီတ မေတံ" ဟု (ဤတတိယာရုပ္ပဝိညာဏ် သည် ငြိမ်သက်၏၊ ဤတတိယာရုပ္ပဝိညာဏ်သည်မြတ်၏ဟု)

http://www.dhammadownload.com

အဖန်တလဲလဲ စီးဖြန်းခြင်းပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်အား စတုတ္ထဈာနသည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်ပါသည်။

(ယောဂီပုဂ္ဂိုလ်အား မကြာမီ ဥပစာရဘာဝနာသို့ဆိုက်ရောက်ပြီးနောက် အပ္ပနာဘာဝနာသို့သက်ရောက်ကာ စတုတ္ထဈာနရူပဈာန်ကို ရရှိပါတော့သည်)

သာဓကကား ။　။ တတိယာရုပ္ပံ (ပ) စတုတ္ထာရုပ္ပမပ္ပေတိဖြစ်ပါသည်။

အရူပဈာန် ၄-ပါးတို့၏အာရုံများ

အရူပဈာန် ၄-ပါးတို့တွင်-

အာဏာသာနဉ္စာယတနဈာန်ဟုဆိုအပ်သော ပထမအရူပဈာန်၏ အာရုံကား - ကောင်းကင်ပညတ်ဖြစ်ပါသည်။

သာဓကကား ။　။အာကာသဝဏ္ဍိတ (ပ) ပဌမာရုပ္ပမပ္ပေတိဖြစ်ပါသည်။

ဝိညာဏနဉ္စာယတနဈာန်ဟုဆိုအပ်သော ဒုတိယအရူပဈာန်၏အာရုံကား ပဌမာရုပ္ပဝိညာဏ်ဖြစ်ပါသည်။

သာဓကကား ။　။တမေဝ ပဌမာရုပ္ပဝိညာဏံ (ပ) မပ္ပေတိဖြစ်ပါသည်

အာကိဉ္စညာယတနဈာန်ဟုဆိုအပ်သော တတိယအရူပဈာန်၏အာရုံကား နတ္ထိဘော ပညတ်ဖြစ်ပါသည်။

သာဓကကား။　။တမေဝပဌမာရုပ္ပဝိညာဏဘာဝံ (ပ) တတိယာရုပ္ပ မပ္ပေတိဖြစ်ပါသည်။

နေဝသညာနာသညာယတနဈာန်ဟုဆိုအပ်သော စတုတ္ထအရူပဈာန်၏ အာရုံကား တတိယာရုပ္ပဝိညာဏ်ဖြစ်ပါသည်။

သာဓကကား။　။တတိယာရုပ္ပံ (ပ)　စတုတ္ထာရုပ္ပ မပ္ပေတိဖြစ်ပါသည်။

အပ္ပနာသို့မရောက်စေနိုင်သောကမ္မဋ္ဌာန်းများကိုပြသောပါဠို

အဝသေသေသုစ (ပ) ဥပစာရောစ သမ္ပဖွတိ ဟူသောသင်္ဂဟပါဠိသည် အပ္ပနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်း (၁၀) ပါးတို့၏ ဘာဝနာနှင့်နိမိတ်ကိုပြသောပါဠိဖြစ်ပါသည်။

http://www.dhammadownload.com

အပွနာသို့မရောက်စေနိုင်သောကမ္မဋ္ဌာန်း (၁၀) ပါး

ဆိုအပ်ခဲ့ပြီးသောကမ္မဋ္ဌာန်း (၃၀) တို့မှကြွင်းကုန်သော ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ၊ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ မရဏာနုဿတိ ဟုဆိုအပ်သော အနုဿတိ ၈-ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် အားဖြင့် ဤ (၁၀) ပါးသော ကမ္မဋ္ဌာန်းတို့သည် အပွနာသို့မရောက်စေနိုင်သောကမ္မဋ္ဌာန်းတို့မည်ပါသည်။

သာကေကား ။ ။ အဝသေသေသုစ (ပ) သမ္ပဒါတိဖြစ်ပါသည်။

အဝသေသအပါဒါန်နှင့်အရကောက်

အဝသေသေသု စ အသုကမ္မဋ္ဌာနေသု ၌ အဝသေသ၏အပါဒါန်ကား ကသိဏ်း ပညတ် ၁၀ ပါး အသုဘပညတ် ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ အပွမညာ ၄-ပါး အာရုပ္ပ ၄-ပါးအားဖြင့် အပွနာသို့ရောက်စေနိုင်သောကမ္မဋ္ဌာန်း (၃၀) ကိုရပါသည်။

အဝသေသ၏အရကား ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ၊ သီလာနုဿတိ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ ဟုဆိုအပ်သော အနုဿတိ (၈)ပါး၊အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်အားဖြင့် အပွနာ သို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်း (၁၀) ပါးကိုရပါသည်။

အာဒိသဒ္ဒါ၏အာဒိဝန်အရကောက်

ဗုဒ္ဓဂုဏာဒိက မာရမ္မဏ မာရဗ္ဘ ဝယ် ဗုဒ္ဓဂုဏာဒိကဠပါသော အာဒိသဒ္ဒါဖြင့် ယူရမည့် အာဒိဝန်အရကား ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ မရဏာနုဿတိဟူသော အနုဿတိ ၇-ပါး၊ အာဟာရေပဋိကူလညာ စတုဓာတုဝဝတ္ထာန် တို့ကိုရပါသည်။

http://www.dhammadownload.com

အပွဲနှာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းတို့၏ နိမိတ်နှင့်ဘာဝနာ

အပွဲနှာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါးတို့၏ နိမိတ်ကား ပရိကမ္မနိမိတ် နှင့် ဥဂ္ဂဟနိမိတ်တို့ဖြစ်ပါသည်။ ဘာဝနာကား - ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ တို့ဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းပွားများပုံ

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အရဟံ ဂုတ်တော်ကိုစီးဖြန်းပွားများလိုလျှင် အရဟံဂုဏ်တော်ကို "သောဘဂဝါ ဣတိပိအရဟံ၊ သောဘဂဝါ ဣတိပိ အရဟံ" ဟုအဖန်တလဲလဲစီးဖြန်းခြင်း ပရိကံကိုပြု၍ ထိုဘုရားဂုဏ် အစရှိသော အာရုံကိုကောင်းစွာ ယူအပ်သည်ရှိသော် ထိုဘုရားဂုဏ်အစရှိသည်၌ပင်လျှင်

"သောဘဂဝါ ဣတိပိ အရဟံ, သောဘဂဝါဣတိပိ အရဟံ" ဟူ၍စီးဖြန်းသော အဖန်တလဲလဲစီးဖြန်းမှု ပရိကံသည် (ပရိကမ္မဘာဝနာသည်) လည်း သမာဓိရကာ တည်ကြည်၍လာပြီဖြစ်ပါသည်။

ထို့ထက်သမာဓိရလာသောအခါ နိဝရဏာ ကိလေသာတို့ ကင်းကွာသဖြင့် ဥပစာရဘာဝနာ အဆင်းအတန်းသို့ တက်လှမ်းနိုင်ပြီဖြစ်ပါသည်။

မှတ်ချက်။ ။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်စသော နောက်နောက်ဂုဏ်တော်များကိုပွားများရာ၌ လည်း ဤနည်းအတိုင်းပင်သိပါလေ။ဂုဏ်တော်များကိုပွားများရာ၌ ဂုဏ်တော်သည် ပရိကမ္မနိမိတ် မည်၍ ပွားများမှုသည် ပရိကမ္မဘာဝနာမည်လေသည်။

ကမ္မဋ္ဌာန်း ၄၀ ကို နိမိတ်, ဘာဝနာတို့ဖြင့်ဝေဖန်ပုံ

ကမ္မဋ္ဌာန်း (၄၀)တို့တွင်-ကသိဏ်းပညတ် ၁၀-ပါး အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ အားဖြင့် ဤ (၂၂) ပါးသောကမ္မဋ္ဌာန်းတို့၌ နိမိတ် ၃-ပါးနှင့်ဘာဝနာ ၃-ပါးတို့ကိုရပါသည်။

အပွမညာ ၄ပါး, အာရုပ္ပ ၄-ပါးအားဖြင့် ဤ ၈-ပါးသောကမ္မဋ္ဌာန်းတို့၌ ပရိကမ္မ နိမိတ် ဥဂ္ဂဟနိမိတ် ဟူသောနိမိတ် ၂-ပါးနှင့်ဘာဝနာ ၃-ပါးကိုရပါသည်။

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိ အဆုံးရှိသော အနုဿတိ ၈-ပါး, အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန်အားဖြင့် ဤ (၁၈) ပါးသောကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် ဟူသောနိမိတ် ၂-ပါးနှင့် ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာဟူသောဘာဝနာ ၂ ပါးကိုရပါသည်။

အဘိညာဉ်အခဏ်း

------x------

အဘိညာဉ်ဖြစ်ပုံကိုပြသောပါဠို

အဘိညာဝသေန ပဝတ္တမာနံ (ပ) ယထာရဟ မပ္ပေတိ - ဟူသော သင်္ဂဟပါဠိသည် - "အဘိညာဉ်ဖြစ်ပုံ" ကို ပြသော ပါဠိဖြစ်ပါသည်။

အဘိညာဉ်,ဟုခေါ်ရသောတရား

အလွန်အကျူး အထူးအားဖြင့် သိတက်သော ရူပါဝစရ ကုသိုလ်, ကြိယာ ပဉ္စမဈာန်နှင့်ယှဉ်သော ဉာဏ်(ပညာ စေတသိတ်) ဖြစ်ပါသည်။

ထိုဉာဏ်နှင့် ယှဉ်သော (ထိုပညာနှင့်ယှဉ်သော) ရူပါဝအရကုသိုလ်, ကြိယာ ပဉ္စမဈာန်ကိုလည်း တကွဖြစ်ဘက်(သဟစရဏနည်း)အရ အဘိညာဉ်ဟုခေါ်ပါသည်။

သာဓကကား ။ ။ ပကိဏ္ဏိုးပိုင်းအာရမ္မဏသင်္ဂဟလာ "ပဉ္စမဈာနသခ်ါတံ အဘိညာကုသလဥ္စေတိ ကြိယာ ဘိညာ စေါဋ္ဌပနဥ္စေတိ" နှင့် ကမ္မဋ္ဌာန်းပိုင်းလာ "အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဉ္စမဈာနံ တို့ဖြစ်ပါသည်။

အဘိညာဉ်ဖြစ်ပုံ (ကျမ်းရင်း)

အဘိညာဉ်၏အစွမ်းဖြင့် ဖြစ်သော ရူပါဝစရ ကုသိုလ်,ကြိယာ ပဉ္စမဈာန်သည် အဘိညာဉ်၏အခြေဖြစ်သော ရူပါဝစရပဉ္စမဈာန်မှ ထ၍ အဓိဋ္ဌာန်ခြင်းအစရှိသည်ကို (ဝါ)အဓိဋ္ဌာန်အပ်,ဖန်ဆင်းအပ်သော အရာအထောင် စသော သူငယ်အသွင်အစရှိသည်ကို ဆင်ခြင်ကျက်"သတ်ဟောမိ, သဟဿံဟောမိ" အစရှိသည်ဖြင့် အဖန်တလဲလဲစီးဖြန်းခြင်း

http://www.dhammadownload.com

ပရိကံကိုပြုသော ယောဂီပုဂ္ဂိုလ်အား ရူပါရုံအစရှိသော(၆)ပါးသော အာရုံတို့၌ ထိုက်သည့်အားလျော်စွာ (အာရုံပြုကာ) အပွနှာ၏ အစွမ်းဖြင့် ဖြစ်ပါသည်။ (ဝါ) အဘိညာဉ်ဟူသော အမည်ဖြင့် ဖြစ်ပေါ်လာပါသည်။

သာဓကကား ။ ။ အဘိညာဝေသနု ပဝတ္တမာနံ (ပ) ယထာရဟာ မဇ္ဈေတိ - ဖြစ်ပါသည်။

အဘိညာဉ်ရအောင် အားထုတ်ပုံနည်းစနစ်

အလွန်အကျူး အထူးအားဖြင့် သိတတ်သော အဘိညာဉ်တစ်ပါးကို ရလိုသောယောဂီပုဂ္ဂိုလ်သည်။

၁။ ရှေးဦးစွာ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရ ပဉ္စမစျာန်ကို ဝင်စားရပါမည်။

၂။ ထိုရူပါဝစရ ပဉ္စမစျာန်မှ ထပြီးနောက် အဓိဋ္ဌာန်အပ်, ဖန်ဆင်းအပ်သော အရာအထောင်စသော သူငယ်၏ရုပ်သွင် သန္ဌာန်စသည်ကို ဆင်ခြင်၍ "သတ်ဟောမိ, သဟဿံ ဟောမိ, စသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကမ်ကိုပြုရပါမည်။

၃။ ပရိကမ်ပြုပြီးနောက် အဘိညာပါဒက ရူပါဝစရ ပဉ္စမစျာန်ကို တဖန်ဝင်စား ရပါမည်။

၄။ တဖန်ဝင်စားအပ်သော ရူပါဝစရပဉ္စစျာန်မှ ထပြီးနောက် ပရိကမ်ပြုအပ်ပြီးသည့် ရူပါရုံစသော အာရုံ(၆)ပါးတို့တွင် သက်ဆိုင်ရာ အာရုံတစ်ပါးပါးကို အာရုံပြုလျှက် ဆက်လက်များများအားထုတ်သောအခါ ရူပါဝစရ ကုသိုလ်, ကြိုယာ ပဉ္စမစျာန်စိတ်သည် အပွနာသို့ရောက်ကာ အဘိညာဉ်ရသော အမည်ဖြင့် ဖြစ်ပေါ်လာတော့သည်။ (ဝါ) တန်ခိုး အမျိုးမျိုးကိုဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ ဒိဗ္ဗသောတ စသည့်အဘိညာဉ်များ ဖြစ်ပေါ်လာပါတော့သည်။

သာဓကကား ။ ။ အဘိညာဝေသနု (ပ) ယထာရဟာ မဇ္ဈေတိဖြစ်ပါသည်။

http://www.dhammadownload.com

အာဘိညာဉ် ၅ ပါးသရုပ်ပြပါဠိ

အာဘိညာစ နာမ-

ဣဒ္ဓိဝိဓ ဒိဗ္ဗသောတံ၊ ပရစိတ္တ ဝိဇာနနာ၊

ပုဗ္ဗေနိဝါသာနုဿတိ ၊ ဒိဗ္ဗစက္ခူတိ ပဉ္စမာ - ဟူသော သင်္ဂီဟပါဠိသည် - အာဘိညာဉ် (၅) ပါး သရုပ်ကိုပြသောပါဠိဖြစ်ပါသည်။

အာဘိညာဉ် ၅ပါး

အထူးအားဖြင့် သိတက်သော အာဘိညာဉ်တို့သည် -

၁။ ဣဒ္ဓိဝိဓအာဘိညာဉ်

၂။ ဒိဗ္ဗသောတ အာဘိညာဉ်

၃။ ပရစိတ္တဝိဇာနနအာဘိညာဉ်

၄။ ပုဗ္ဗေနိဝါသာနုဿတိအာဘိညာဉ်

၅။ ဒိဗ္ဗစက္ခုအာဘိညာဉ်

အားဖြင့် ၅-ပါး အပြားရှိပါသည်။

သာဓကကား။ ။ အာဘိညာ စ နာမ (ပ) ပဉ္စမာဖြစ်ပါသည်။

အာဘိညာဉ် (၅) ပါးအဓိပ္ပါယ်အကျဉ်း

ထို ၅-ပါးတို့တွင် အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းခြင်းငှာ စွမ်းနိုင်သော အာဘိညာဉ်သည် ဣဒ္ဓိဝိဓ အာဘိညာဉ် မည်ပါသည်။

နတ်၏နားကဲ့သို့ အဝေးမှ အသံကိုကြားစွမ်းနိုင်သော အာဘိညာဉ်သည် ဒိဗ္ဗသောတ အာဘိညာဉ်မည်ပါသည်။

သူတစ်ပါး၏ စိတ်ကိုသိစွမ်းနိုင်သော အသိညာဉ်သည် ပရစိတ္တဝိဇာနနအာဘိညာဉ် မည်ပါသည်။

ရှေးဠ်နေဖူးသော ခန္ဓာအစဉ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း သတိနှင့် ယှဉ်သောအာဘိညာဉ်သည် ပုဗ္ဗေနိဝါသာနုဿတိအာဘိညာဉ်မည်ပါသည်။

http://www.dhammadownload.com

နတ်တို့မျက်စိကဲ့သို့ အဝေးမှအဆင်းကို မြင်စွမ်းနိုင်သော အဘိညာဉ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်မည်ပါသည်။

အဘိညာဉ် (၇) ပါးဖြစ်ပုံ

အဘိညာဉ် ၇-ပါးဟု ပြောဆိုသုံးစွဲရာ၌ကား- အဘိညာဉ်တို့သည်

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်၊
၂။ ဒိဗ္ဗသောတ အဘိညာဉ်၊
၃။ ဣဒ္ဓိဝိဓ အဘိညာဉ်၊
၄။ ပရစိတ္တဝိဇာနန အဘိညာဉ်၊
၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊
၆။ ယထာကမ္မူပဂအဘိညာဉ်၊
၇။ အနာဂတံသအဘိညာဉ်၊

အားဖြင့် ၇-ပါးအပြားရှိပါသည်။

မှတ်ချက်။ ။ ထိုအဘိညာဉ် ၇-ပါးတွင် ကံအားလျော်စွာ ထိုထိုဘုံဘဝ၌ ဖြစ်ရသူများကို သိမြင်နိုင်သော ဉာဏ်ကို (အဘိညာဉ်ကို) ယထာကမ္မူပဂ အဘိညာဉ်ဟုခေါ်၍-နောင် အနာဂါတ်၌ ဖြစ်လတ္တံ့သောအကြောင်းအရာများကို သိမြင်နိုင်စွမ်းသော ဉာဏ်ကို (အဘိညာဉ်ကို) အနာဂတံသ အဘိညာဉ်ဟုခေါ်သည်။

အဘိညာဉ် ၅ ပါး ၆ ပါးဖြစ်ပုံ

၁။ ဒိဗ္ဗစက္ခု အဘိညာဉ်
၂။ ဒိဗ္ဗသောတ အဘိညာဉ်
၃။ ဣဒ္ဓိဝိဓ အဘိညာဉ်
၄။ ပရစိတ္တဝိဇာနန အဘိညာဉ်
၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်

၅-ပါးတွင် ယထာကမ္မူပဂ အဘိညာဉ်နှင့်အနာဂတံသ အဘိညာဉ်တို့သည် ဒိဗ္ဗစက္ခုနှင့်

http://www.dhammadownload.com

မကင်းကောင်းသောကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်၌ထည့်သွင်း ရေတွက်၍ ၅-ပါးဟုဆိုရပါသည်။

အဘိညာဉ် (၆)ပါးဟုဆိုရာ၌ကား

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်

၂။ ဒိဗ္ဗသောတ အဘိညာဉ်

၃။ ဣဒ္ဓိဝိဓ အဘိညာဉ်

၄။ ပရစိတ္တဝိဇာနန အဘိညာဉ်

၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဟူသော အဘိညာဉ် ၅ ပါးနှင့်-အာသဝက္ခယဉာဏ်ကိုထည့်သွင်း၍ ရေတွက်ပါက အဘိညာဉ် (၆)ပါးဖြစ်ပါသည်။

မှတ်ချက် ။ ။ အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်ကို အာသဝက္ခယဉာဏ်ဟု ခေါ်သည်။

အကျဉ်းမှတ်ရန် ဆောင်ပုဒ်လင်္ကာ

-------×-------

အကျဉ်းမှတ်ရန် ဆောင်ပုဒ်လင်္ကာကား-

စက်, သော, ဣဒ်, ပ၊ ပုဗ်, ယ, အ,

သတ္တဝါအဘိညာ။

ငါးဖြာဖြစ်က၊ ယနှင့်အ၊ စ, ၌သွင်းယူပါ။

အာသဝက္ခယ၊ ထည့်စွက်က၊ ဆဋ္ဌအဘိညာ၊ ဖြစ်ပါသည်။

လက်ကိုင် ဟန်းဖုန်းများနှင့်စပ်လျဉ်းသည့် ဉာဏ်စမ်း

-------×-------

အဘိညာဝသေန ပဝတ္တမာနံ (ပ) မပ္ပေတိ - ဟူသောသင်္ဂီဟသာဓကို ထောက်၍၊ အဘိညာဉ်ဟူသည် ရူပါဝစရ ကုသိုလ်, ကြိယာ ပဌမစျာန်ဟူသော နာမ်တရားကို အခြေခံပြုဝင်စားကာ အဓိဋ္ဌာန်ခြင်း စီးဖြန်းမှုပရိကမ်ကို ပြုခြင်းစသည် ဖြင့်

http://www.dhammadownload.com

ဆိုင်ရာအာရုံပြုလျှက် ပွားများအားထုတ်မှသာ ရသောကြောင့် အနာရမ္မဏာဖြစ်သော ရုပ်တရားကို အခြေခံကာ ဖန်တီးတည်ဆောက်ပြုလုပ်ထားသည့် ဆယ်လူလာ, ဂျီအက်စင် စီဒီအယ်မင်,ကမ်းရိုးတန်း စသော လက်ကိုင်ဟန်းဖုန်းတို့မှ ထွက်ပေါ်လာသောအသံကို နားဖြင့်ကြားရခြင်းသည် ဒိဗ္ဗသောတအဘိညာဉ်မဟုတ်ပါ။

မှတ်ချက်။ ။ အထက်ပါ သင်္ဂဟသာဓကနှင့် အကြောင်းပြချက်ကိုထောက်၍ ယနေ့မျက်မှောက်ခေတ် အကြားအမြင်ရသူများသည် ဒိဗ္ဗစက္ခုနှင့် ဒိဗ္ဗသောတ အဘိညာဉ်ရသူမဟုတ်ဟူ၍ငြင်း လူဝင်စားများ ဘဝဟောင်းမှ အကြောင်းအရာများကို ပြန်လည် ပြောပြ နိုင်ခြင်းသည်လည်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် မဟုတ်ဟူ၍ငြင်း ဉာဏ်စမ်းအဖြစ် မေးလာပါက မေးခွန်းနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင် ဖြည့်စွက်ရေးသား ဖြေဆိုနိုင်အောင် လေ့လာထားကြပါလေ။

ဂေါစရဘောဒပြီးပါပြီ။
သမထကမ္မဋ္ဌာန်းနည်းလည်းပြီးပါပြီ။

ဝိပဿနာကမ္မဋ္ဌာန်းနည်းလာ သိဖွယ်ရာ ၆ ပါး

ဝိပဿနာကမ္မဋ္ဌာန်းနည်းလာ သိဖွယ်ရာ (၆) ပါးကား- ဝိသုဒ္ဓိ ၇-ပါး၊ လက္ခဏာ ၃ပါး၊ အနုပဿနာ ၃-ပါး၊ ဝိပဿနာဉာဏ် ၁၀-ပါး၊ ဝိမောက္ခ ၃-ပါး၊ ဝိမောက္ခမုခ ၃-ပါး တို့ဖြစ်ပါသည်။

ဝိသုဒ္ဓိ - ၇ - ပါး

ဝိပဿနာကမ္မဋ္ဌာန်းနည်း၌ ဝိသုဒ္ဓိတို့သည် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိ အားဖြင့် ၇-ပါးအပြားရှိပါသည်။

သာဓကကား။ ။ ဝိပဿနာကမ္မဋ္ဌာနေ (ပ) ဝိသုဒ္ဓိသင်္ဂဟော ဖြစ်ပါသည်။

http://www.dhammadownload.com

ဝိသုဒ္ဓိ ၇-ပါးအဓိပ္ပါယ်အကျဉ်း

ဝိသုဒ္ဓိ ၇-ပါးတို့တွင် စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိ မည်ပါသည်။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတ်၏ စင်ကြယ်ခြင်းသည် စိတ္တဝိသုဒ္ဓိ မည်ပါသည်။

လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၏အစွမ်းဖြင့် နာမ်ရုပ်ကိုသိမ်းဆည်းသော ဉာဏ်၏စင်ကြယ်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်ပါသည်။

နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းသည်ဖြစ်၍ (၁၆)ပါးသော ယုံမှားခြင်းကို လွန်နိုင်သောဉာဏ်၏ စင်ကြယ်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်ပါသည်။

ဝိပဿနာ ညစ်ညူးကြောင်းဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည့် မဂ်မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်ပါသည်။

ဥဒယဗ္ဗယဉာဏ်မှစ၍သစ္စာနုလောမဉာဏ်တိုင်အောင် ၉-ပါးသောဝိပဿနာဉာဏ် ဟုဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်ပါသည်။

နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ် ဉာဏ်၏ စင်ကြယ်ခြင်းသည် ဉာဏဒဿနဝိသုဒ္ဓိ မည်ပါသည်။

လက္ခဏာယာဉ် ၃ပါး

လက္ခဏာယာဉ်တို့သည် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ အားဖြင့် ၃-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ အနိစ္စလက္ခဏံ (ပ) တီဏိ လက္ခဏာနိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ "သင်္ခါတရားတို့၏ မြဲသလား၊ မမြဲဘူးလား" ဟု ဉာဏ်ဖြင့် ရှုမြင်အပ်သော-အမှတ်အသားကို "လက္ခဏာ" ဟုခေါ်၍၊ ထို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ၃-ပါးကို လှည်းယာဉ် လှေယာဉ် အလားကဲ့သို့ နိဗ္ဗာန်သို့သွားကြောင်းဖြစ်သောကြောင့် "လက္ခဏာယာဉ် ၃-ပါး" ဟုခေါ်ဆိုခြင်းဖြစ်သည်။

http://www.dhammadownload.com

အနုပဿနာ ၃-ပါး

အနုပဿနာတို့သည်-

အနိစ္စာအနုပဿနာ　ဒုက္ခာအနုပဿနာ　အနတ္တာအနုပဿနာအားဖြင့် ၃-ပါးအပြားရှိပါသည်။ ထို-၃ပါးတို့တွင်အမြဲမရှိခြင်းကိုအဖန်တလဲလဲရှုခြင်းသည် အနိစ္စာအနုပဿနာမည်ပါသည်။ ဆင်းရဲခြင်းကိုအဖန်တလဲလဲရှုခြင်းသည် ဒုက္ခာအနုပဿနာမည်ပါသည်။ ကိုယ်မဟုတ်သည်ကိုအဖန်တလဲလဲရှုခြင်းသည် အနတ္တာနုပဿနာမည်ပါသည်။

သာဓကကား။ ။အနိစ္စာနုပဿနာ (ပ) အနုပဿနာ ဖြစ်ပါသည်။

ဝိပဿနာဉာဏ် ၁၀ ပါး

ဝိပဿနာဉာဏ်တို့သည် -

သမ္မသနဉာဏ် - ခန္ဓာ ၅ ပါးကိုသုံးသပ်ခြင်း၊
ဥဒယဗ္ဗယဉာဏ် - အဖြစ်အပျက်ကိုရှုခြင်း၊
ဘင်္ဂဉာဏ် - အပျက်ကိုရှုခြင်း၊
ဘယဉာဏ် - သင်္ခါရဘေးကိုသာရှုခြင်း၊
အာဒီနဝဉာဏ် - အဖြစ်ကိုမြင်သဖြင့်ရှုခြင်း၊
နိဗ္ဗိဒါဉာဏ် - သံသရာကိုငြီးငွေ့ခြင်း၊
မုစ္စိတုကမျျတာဉာဏ် - သံသရာမှလွတ်လိုခြင်း၊
ပဋိသင်္ခါဉာဏ် - သံသရာမှလွတ်ခြင်းအကြောင်းကိုရှုခြင်း၊
သင်္ခါရုပေက္ခာဉာဏ် - သင်္ခါရကိုလျစ်လျူရှုခြင်း၊
အနုလောမဉာဏ် - ရှေးဉာဏ် ၉-ပါးကိစ္စပြီးစီးခြင်း၊ အားဖြင့်(၁၀)ပါး အပြားရှိပါသည်။

သာဓကကား ။ ။ သမ္မသနဉာဏ်(ပ)ဒသဝိပဿနာဉာဏာနိဖြစ်ပါသည်။

ကျမ်းရင်းလာ ဝိပဿနာဉာဏ် ၁၀-ပါးအဓိပ္ပာယ်

ဝိပဿနာဉာဏ် ၁၀-ပါးတို့တွင် ခန္ဓာအစရှိသည်တို့ကိုအပေါင်းအစည်းအားဖြင့် သုံးသပ်သော အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် **သမ္မသနဉာဏ်**မည်ပါသည်။

http://www.dhammadownload.com

ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲရှုသောအစွမ်းဖြင့်ဖြစ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်ပါသည်။

ဖြစ်ခြင်းကိုလွတ်၍ ပျက်ခြင်း၌လွတ်သောဉာဏ်သည်ဘင်္ဂဉာဏ်မည်ပါသည်။

သင်္ခါရတို့ကို ဘေးအားဖြင့် အဖန်တလဲလဲရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်သည်ဘယဉာဏ် မည်ပါသည်။

မြင်အပ်သောဘေးရှိသော သင်္ခါရတို့ကို အပြစ်အားဖြင့်ရှုသော အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် အာဒီနဝဉာဏ်မည်ပါသည်။

မြင်အပ်သောအပြစ်ရှိသောသင်္ခါရတို့၏ငြီးငွေ့သောအစွမ်းဖြင့်ဖြစ်သောဉာဏ်သည်နိဗ္ဗိဒါဉာဏ် မည်ပါသည်။

ငြီးငွေ့၍သင်္ခါရတို့မှလွတ်ခြင်းငှာလွတ် အလိုရှိ သည်၏ အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်ပါသည်။

လွတ်ခြင်း၏အကြောင်း၏ပြည့်စုံခြင်းငှာ တဖန်သင်္ခါရတို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်ပါသည်။

သင်္ခါရတရားတို့၌ ကြောက်ခြင်းနှစ်သက်ခြင်းတို့ ကြဉ်သောအစွမ်းဖြင့် လျစ်လျူရှု၍ဖြစ်သော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်ပါသည်။

ရှေးဉာဏ် ၉-ပါးတို့၏ ကိစ္စပြီးခြင်း၊ အထက်၌ (၃၇) ပါးသော ဗောဓိပက္ခိယတရားနှင့်လျော်သောဉာဏ်သည် အနုလောမဉာဏ်မည်ပါသည်။

ဝိမောက္ခ - ၃- ပါး

ဝိမောက္ခတို့သည် သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခအားဖြင့် ၃-ပါးအပြားရှိပါသည်။

သာကေကားး ။ ။ သုညတော (ပ) တယော ဝိမောက္ခောဖြစ်ပါသည်။

ဝိမောက္ခ ၃ ပါးအဓိပ္ပါယ် (ကျမ်းရင်း)

ထိုဝိမောက္ခ ၃-ပါးတို့တွင် အတ္တမှဆိတ်သည်ဖြစ်၍ သံယောဇဉ် စသည်တို့မှ လွတ်သောမဂ်သည် သုညတဝိမောက္ခမည်ပါသည်။

http://www.dhammadownload.com

နိစ္စနိမိတ်စသည် မရှိသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှလွတ်သော မဂ်သည် အနိမိတ္တဝိမောက္ခမည်ပါသည်။

တဏှာတည်းဟူသောတောင့်တခြင်းကင်းသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သောမဂ်သည် အပ္ပဏိဟိတဝိမောက္ခမည်ပါသည်။

ဝိမောက္ခမုခ ၃-ပါး

ဝိမောက္ခမုခတို့သည် သုညတာနုပဿနာ အနိမိတ္တာနုပဿနာ အပ္ပဏိဟိတာနုပဿနာ အားဖြင့် ၃-ပါးအပြားရှိပါသည်။

သာဓကကား။　။သုညတာနုပဿနာ (ပ) ဝေဒိတမ္ဗာနိဖြစ်ပါသည်။

ဝိမောက္ခမုခ ၃-ပါးအဓိပ္ပါယ် (ကျမ်းရင်း)

ထိုဝိမောက္ခမုခ ၃-ပါးတို့တွင် အတ္တမှဆိတ်ခြင်းကိုအဖန်တလဲလဲရှုခြင်းသည် သုညတာနုပဿနာမည်ပါသည်။

နိစ္စနိမိတ်စသည်၏မရှိခြင်းကို အဖန်ဖန်ရှုခြင်းသည် အနိမိတ္တာနုပဿနာမည်ပါသည်။

တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ကို အဖန်တလဲလဲရှုခြင်းသည် အပ္ပဏိဟိတာနုပဿနာမည်ပါသည်။

ဝိသုဒ္ဓိဘေဒ

စတုပါရိသုဒ္ဓိသီလ - ၄ - ပါးနှင့်အဓိပ္ပါယ်

စတုပါရိသုဒ္ဓိသီလသည်

ပါတိမောက္ခသံဝရသီလ၊

ဣန္ဒြိယသံဝရသီလ၊

အာဇီဝပါရိသုဒ္ဓိသီလ၊

ပစ္စယသန္နိဿိတသီလ - အားဖြင့် ၄-ပါးအပြားရှိပါသည်။

ထို ၄-ပါးတို့တွင် မိမိကိုစောင့်သောသူကို အပါယ်ဆင်းရဲစသည်တို့မှ လွတ်စေတတ် သည်ဖြစ်၍ ကာယဒုစရိုက်စသည်တို့မှစောင့်လျက်ကာယကံ ဝစီကံ

http://www.dhammadownload.com

သောစေတနာသည် ပါတိမောက္ခသံဝရသီလမည်ပါသည်။

စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝိတိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ တို့ကို ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့မှ စောင့်သောအစွမ်းဖြင့်ဖြစ်၍ ကာယကံ ဝစီကံ တို့ကို ကောင်းစွာထားတတ်သောစေတနာသည် ဣန္ဒြိယသံဝရသီလမည်ပါသည်။

မိစ္ဆာဇီဝမှကြဉ်သဖြင့် အသက်မွေးခြင်းစသောအစွမ်းဖြင့်ဖြစ်၍ ကုသိုလ်တရားတို့ကို လွန်စွာဆောင်တတ်သော စေတနာသည် အာဇီဝပါရိသုဒ္ဓိသီလမည်ပါသည်။

ပစ္စည်းလေးပါးကိုအမှီပြု၍ ထိုပစ္စည်းလေးပါးတို့ကို ဤသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးရှိသည်၏အဖြစ်ကြောင့် အဖန်တလဲလဲဉာဏ်ဖြင့်သက်ဝင်လျှက် "ပဋိသင်္ခါယောနိသော" အစရှိသည်ဖြင့် ဆင်ခြင်တတ်သည်ဖြစ်၍ ကုသိုလ်တရားတို့ကို လွန်စွာဆောင်တတ်သော စေတနာသည် ပစ္စယသန္နိဿိတသီလမည်ပါသည်။

ကျမ်းရင်းလာသီလဝိသုဒ္ဓိအဓိပ္ပါယ်

ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလ ဟူဆိုအပ်သော လေးပါးသောပါရိသုဒ္ဓိသီလသည် (၀၊) အေသနာကြားခြင်း ဣန္ဒြေကိုစောင့်ခြင်း၊ ရှာမှီးခြင်း၊ အဖန်တလဲလဲ ဉာဏ်ဖြင့်သက်ဝင်၍ ဆင်ခြင်ခြင်း၏အစွမ်းဖြင့် စင်ကြယ်သော လေးပါးအပြားရှိလျှက် ကုသိုလ်တရားတို့၏ တည်ရာဖြစ်သောစေတနာသည် သီလဝိသုဒ္ဓိမည်ပါသည်။ (သီလစင်ကြယ်ခြင်းမည်ပါသည်။)

သာဓကကား ။ ။ ကထံ ပါတိမောက္ခသံဝရသီလံ (ပ) သီလဝိသုဒ္ဓိနာမ ဖြစ်ပါသည်။

ကျမ်းရင်းလာစိတ္တဝိသုဒ္ဓိအဓိပ္ပါယ်

အပ္ပနာစျာန်၏အနီးဌဖြစ်သော စိတ်၏တည်ကြည်ခြင်းဥပစာရသမာဓိ၊ အပ္ပနာစျာန်ဌဖြစ်သော စိတ်၏တည်ကြည်ခြင်း အပ္ပနာသမာဓိတို့ဝင် အစွမ်းဖြင့် ၂-ပါးအပြားရှိသော သမာဓိသည် (တည်ကြည်ခြင်းသည်) စိတ္တဝိသုဒ္ဓိမည်ပါသည်။ (၀၊) စိတ်ကို နိဝရဏကင်းသောအဖြစ်သို့ ရောက်စေသဖြင့် သုတ်သင်တတ်သောကြောင့် စင်ကြယ်သော တည်ကြည်ခြင်းမည်ပါသည်။

သာဓကကား။ ။ဥပစာရသမာဓိ (ပ) စိတ္တဝိသုဒ္ဓိနာမ ဖြစ်ပါသည်။

http://www.dhammadownload.com

ကျမ်းရင်းလာ ဒိဋ္ဌိဝိသုဒ္ဓိအဓိပ္ပါယ်

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏အစွမ်းဖြင့် (၀၂-တောဘူမကတရားတို့၏ ဆက်ဆံခြင်းတည်းဟူသောလက္ခဏ၊ ကိစ္စတည်းဟူသော ရသ၊ ထင်သောအခြင်းအရာတည်း ဟူသောပစ္စုပဋ္ဌာန်၊ တို့၏အစွမ်းဖြင့်) (-၀၂-တောဘူမကတရားတို့၏သဘောတည်းဟူသော လက္ခဏ၊ ပြည့်စုံခြင်းတည်းဟူသော ရသ၊ အကျိုးတည်းဟူသော ပစ္စုပဋ္ဌာန်၊ နီးစွာသော အကြောင်းတည်းဟူသော ပဒဋ္ဌာန်တို့၏အစွမ်းဖြင့်) နာမ်၊ ရုပ်တို့ကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်ပါသည်။ (၀၂) အယူ၏စင်ကြယ်ခြင်းမည်ပါသည်။

သာဓကကား။　။လက္ခဏ ရသ (ပ) ဝိဋ္ဌိဝိသုဒ္ဓိနာမဖြစ်ပါသည်။

ကျမ်းရင်းလာ-ကင်္ခါဝိတရဏဝိသုဒ္ဓိအဓိပ္ပါယ်

နာမ်ရုပ်တို့၏ ကဲ့,စိတ်,ဥတု,အာဟာရ စသောအကြောင်းကိုသိမ်းဆည်းခြင်းသည် (၀၂) ၁၆-ပါးသော ယုံမှားခြင်းကိုလွန်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်ပါသည်။

သာဓကကား　။　။ တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ ဖြစ်ပါသည်။

ဦကာကျော်လာ ကင်္ခါဝိတရဏဝိသုဒ္ဓိအဓိပ္ပါယ်

ငါသည် အတိတ်ကာလဖြစ်ခဲ့ပြီလော စသော ၁၆-ပါးသောယုံမှားခြင်း၊ ဘုရား၌ ယုံမှားခြင်းစသော ၈-ပါးသောယုံမှားခြင်းတို့ကိုလွန်မြောက်သောကြောင့်၄င်း၊ အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိတည်းဟူသော အညစ်အကြေးတို့မှစင်ကြယ်သောကြောင့်၄င်း ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပါသည်။

စူဠသောတာပန်ဟုခေါ်ရပုံ

သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုအကြွင်းမဲ့ပယ်သတ်နိုင်သကဲ့သို့ ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ ဆိုက်ရောက်သောပုဂ္ဂိုလ်သည်လည်း ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့မပယ်သတ်နိုင်စေကာမူ အတန်ကြာအောင် ပယ်ခွာနိုင်သောကြောင့် သောတာပန်အစစ်နှင့်အလားတူ

http://www.dhammadownload.com

ရကာ (ယင်းကခ်ါဝိတရဏဝိသုဒ္ဓိ စခန်းသို့ဆိုက်ရောက်သောယောဂီပုဂ္ဂိုလ်ကို) **"စူဠသောတာပန်"** ဟုခေါ်ပါသည်။

ကျမ်းရင်းလာ-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အဓိပ္ပာယ်အကျဉ်း

ဩဘာသစသော ဆယ်ပါးသော ဝိပဿနာညစ်ညူးကြောင်းဘေးရန်တို့ကို သိမ်းဆည်းသောအစွမ်းဖြင့် -မဂ်ဟုတ်သည်,မဟုတ်သည်၏လက္ခဏာကို ပိုင်းခြားသောဉာဏ်သည် (၀၂) မှတ်အပ်သော မဂ်ဟုတ်သည်,မဟုတ်သည်ကိုမှတ်ခြင်း,ပိုင်းခြားခြင်းဟုဆိုအပ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်ပါသည်။

သာဓကကား ။ ။ ဩဘာသာဒိဝိပဿနုပက္ကိလေသ (၀) မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနာမ ဖြစ်ပါသည်။

ဝိပဿနာရှုပွားနိုင်သောပရမတ္ထတရား

"စိတ် စေတသိက် ရုပ်"ဟူသော သခါရတရားဟူသမျှကို ဝိပဿနာမရှုပွားနိုင်ပါ။ "တေဘူမက သခါရေသု"ဟူသော သင်္ဂဟပါဠိကိုထောက်၍ လောကီစိတ် ဧကသီတိ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ဘုံသုံးပါဒ်ဖြစ်သော (လောကီ နာမ် ရုပ်)တေဘူမက သခါရတရားတို့ကိုသာ ဝိပဿနာရှုပွားနိုင်ပါသည်။

တေဘူမက သခါရတရားတို့ကို လက္ခဏာယာဉ်သုံးပါးတင်ကာဝိပဿနာရှုပွားပုံ

အတိတ်စသည်ဖြင့် ပြားကုန်သော တေဘူမကသခါရတရားတို့၌ ခန္ဓာစသော နည်းကို အာရုံပြုလျက် ကလာပ်၏အစွမ်းဖြင့် အကျဉ်းချုံးကာ · တေဘူမကသခါတရား တို့သည် ကုန်ခန်းတတ်သော . မမြဲသော အနက်သဘော်ကြောင့် အနိစ္စ(အမြဲမရှိ)၊ ဘေးဟူသောအကြောင်းကြောင့် ဒုက္ခ(ဆင်းရဲ၏)အတ္တဟူသော အနှစ်မရှိခြင်းကြောင့် အနတ္တ(အစိုးမရ-ကိုယ်မဟုတ်)+ ဤသို့စသည်ဖြင့်သုံးသပ်ကာ ရှုမှတ်ဆင်ခြင်ပွားများ ခြင်းကို ဝိပဿနာရှုပွားသည်ဟုခေါ်ပါသည်။

http://www.dhammadownload.com

အနိစ္စ ဒုက္ခ အနတ္တ ဟုသုံးသပ်အပ်သောတရား

သပ္ပုရိသယေသူ တောဘူမကသခါရေသူ အတိတ်ဘဝဒေဝ ဘိန္နေသူ-ဟူသော သင်္ဃာသာဓကကိုထောက်၍ အကြောင်းနှင့်တကွဖြစ်ကုန်သော အတိတ်စသည်အပြားဖြင့်ပြားကုန်သော တောဘူမက သခါရတရားတို့သည် "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု သုံးသပ်အပ်သော တရားတို့မည်ပါသည်။

မှတ်ချက်။ ။ သုံးသပ်တတ်သော သမ္မသနဉာဏ်ဟူသည်။ တောဘူမကနာမ်ရုပ်တရားများကို အနိစ္စ,ဒုက္ခ,အနတ္တဟုကောင်းစွာ သုံးသပ်တတ်သော ဉာဏ်ကို "သမ္မသနဉာဏ်"ဟုခေါ်သည်။ "သုံးသပ်သည်"ဟုဆိုရာ၌လည်း လက်ဖြင့်ကိုင်တွယ်သုံးသပ်သည်ကို မဆိုလို၊ စိတ်ဖြင့်အာရုံပြုသည်ကို "သုံးသပ်သည်"ဟုဆိုလိုသည်။

ဝိပဿနာစတင်ကာ ရှုမှတ်ပွားများသင့်သောအချိန်ကာလ

"တထာ ပရိဂ္ဂဟိတေသု, သပ္ပုရိသယေသု"ဟူသောသင်္ဃာဟပါဠိကိုထောက်၍ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းတတ်သော နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်ကာကခါဝိတရဏ ဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်သော အချိန်ကာလမှသာ ခန္ဓဒီနယရုပ် နာမ် ဓမ္မ တို့ကို လက္ခဏာယာဉ် သုံးပါးတင်၍ ဝိပဿနာစတင်မှုမှတ်ပွားများထိုက်ပါသည်။

အတိတာဒိ ဘေဒဘိန္နေသု-၌ အာဒိသဒ္ဒါ၏ အာဒိဝန် (အာဒိသဒ္ဒါဖြင့်ယူရသောတရားများ)

အတိတာဒိ ဘေဒဘိန္နေသု-ဝယ်-အတိတာဒိ၌ အာဒိသဒ္ဒါဖြင့်-(သမ္ပုစ္ဆယသင်္ဃာ-ဘေဒါဘာဝေန-အရဏ်ဖွင့်ပြခဲ့သော)-ပစ္စုပ္ပန်-အနာဂါတ်,အဒ္ဓါတ္တ, ဗဟိဒ္ဓ,ဒူရ, အာသန္န(သန္တိက)ဟိန,ပဏီတ,သုခုမ,ဩဠာရိက-တို့ကိုယူရပါသည်။

မှတ်ချက် ။ ။ အတိတ်ရုပ်,အနာဂါတ်ရုပ်,ပစ္စုပ္ပန်ရုပ်,အဒ္ဓါတ္တရုပ်, ဗဟိဒ္ဓရုပ် - စသောအားဖြင့်၁၁-ပါး ကွဲပြားကောင်းသော တောဘူမက သခါရတရားများကို ယူရမည်။ ထို ၁၁ တောဘူမကသခါရတရားများသာ ဝိပဿနာရှုပွားထိုက်သည် ဟုဆိုလိုသည်။

http://www.dhammadownload.com

ခန္ဓာဒိနယ မာရဏ္ဍ-၌ အာဒိသဒ္ဒါဖြင့်ယူရသောတရားများ

ခန္ဓာဒိနယ မာရဏ္ဍ-ဝယ် ခန္ဓာဒိ-၌ အာဒိသဒ္ဒါဖြင့်-ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ သညာ ၆-ပါး၊ စေတနာ ၆-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ပဋိစ္စသမုပ္ပါဒ် စသောတရား များကိုရပါသည် မှတ်ချက် ။ ။ ခန္ဓာဒိနယမာရဏ္ဍ-၌ ခန္ဓာဒိနယ-ကိုဖော်ပြပါဟုမေးလျှင် ခန္ဓာ ၅-ပါးမှစ၍ ပဋိစ္စသမုပ္ပါဒ်ထိဖြေပါလေ။

သပ္ပစ္စယေသု-၌ ပစ္စယ-အရ-ရုပ်,စေတသိက်, ဝိညာဏ်တို့၏ အကြောင်းတရားများ

သပ္ပစ္စယေသု-၌ ပစ္စယအရ,ရုပ်၏အကြောင်းတရားတို့ကား-အဝိဇ္ဇာ, တဏှာ,ကံ,အာဟာရ-တို့ဖြစ်ပါသည်။

စေတသိက်(နာမ်တရား)တို့၏ အကြောင်းတရားကား အဝိဇ္ဇာ,တဏှာ,ကံ, ဖဿတို့ဖြစ်ပါသည်။

စိတ်ဟုခေါ်ဆိုရသော ဝိညာဏ်(နာမ်တရား)တို့၏အကြောင်းတရားကား- အဝိဇ္ဇာ,တဏှာ,ကံ,နာမ်,ရုပ်-တို့ဖြစ်ပါသည်။

ဝိပဿနာဆိုသည်မှာ လောကီတရားသာ

လောကုတ္တရာစိတ္တာနိ,နိဗ္ဗာနာ ရမ္မဏာနိတိ-ဟူသော သင်္ဂီဟပါဠ်ကိုထောက်၍ လောကုတ္တရာတရားသည် နိဗ္ဗာန်ကို အာရုံပြုသောကြောင့်၄င်း၊ တောဘူမကသခ်ါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယ မာရဏ္ဍ ကလာပဝသေန သံခိပိတ္တာ အနိစ္စံခယဋ္ဌေန,ဒုက္ခံ ဘယဋ္ဌေန,အနတ္တာ အသာရကဋ္ဌေန-သင်္ဂီဟပါဠ်ကိုထောက်၍ ဝိပဿနာရှုခြင်းသည် နိဗ္ဗာန်ကိုအာရုံမပြု၊ တွေ့ကြုံဆဲဖြစ်သော တောဘူမက ရုပ်နာမ် ဓမ္မသခ်ါရတရားတို့ကိုသာ ဝိပဿနာရှုမှတ် ပွားများရသောကြောင့် ၄င်း၊ ဝိပဿနာဆို သည်မှာ လောကီတရားသာဖြစ်ပါသည်။

http://www.dhammadownload.com

ဝိပဿနာရှု၍ရသော ရုပ်တရားနှင့် ရှု၍မရသော ရုပ်တရာများ

ဣတိစ အဋ္ဌာရသဝိဓမ္မေတံ ရူပံ သဘာဝရူပံ သလက္ခဏရူပံ နိပ္ပန္နရူပံ ရူပရူပံ သမ္မသနရူပန္တိစသင်္ဂဟံ ဂစ္ဆတိ-ဟူသော သင်္ဂဟပါဠိကိုထောက်၍-နိပ္ပန္နရုပ် (၁၈)ပါးတို့သာ အနိစ္စအစရှိသော လက္ခဏာတို့နှင့်တကွဖြစ်သော သလက္ခဏ သဘောရှိသောကြောင့်၄င်း၊ အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာယာဉ် သုံးပါးသို့တင်သဖြင့် သုံးသပ်ခြင်းဌာထိုက်သော သမ္မသနသဘောရှိသောကြောင့်၄င်း နိပ္ပန္နရုပ် (၁၈)ပါးတို့သာ ဝိပဿနာရှု၍ရသော ရုပ်တရားတို့ဖြစ်ပါသည်။

ယင်းသလက္ခဏသဘော, သမ္မသနသဘောမရှိသောကြောင့် ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးဟုဆိုအပ်သော အနိပ္ပန္နရုပ် (၁၀)ပါးတို့ကားဝိပဿနာရှု၍မရသော ရုပ်တရားများဖြစ်ပါသည်။

ဝိပဿနာရှု၍မရသောနာမ်တရား

တေဘူမက သခ်ါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယ မာရဇ္ဇ ကလာပဝသေန သံခိပိတ္တာ-အနိစ္စံ ခယဋ္ဌေန,ဒုက္ခံ ဘယဋ္ဌေန,အနတ္တာ အသာရကဋ္ဌေန-ဟူသော သင်္ဂဟပါဠိကို ထောက်၍-ဘုံ-၃-ပါး၌ဖြစ်သော တေဘူမက (ရုပ်နာမ်ဓမ္မ)သခ်ါရတရားတို့ကိုသာ အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာယာဉ် သုံးပါတင်၍ ဝိပဿနာရှုပွားရသောကြောင့် လောကုတ္တရာစိတ်(၈)ခု၊ ယင်းနှင့်ယှဉ်ခိုက်ဖြစ်သော စေတသိတ်ဆတ္တိသ၊ နိဗ္ဗာန်ဟူသော နာမ်တရားတို့သည် ဝိပဿနာရှုပွား၍မရသော နာမ်တရားများဖြစ်ပါသည်။

မှတ်ချက် ။ ။ အထက်ပါတေဘူမကသခ်ါရေသု (၀)အသာရကဋ္ဌေန-ဟူသောသင်္ဂဟပါဠိကိုထောက်၍ ဘုံ ၃-ပါး၌ဖြစ်သော တေဘူမက ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့သာ လက္ခဏာယာဉ် ၃-ပါးတင်၍ ဝိပဿနာရှုပွားထိုက်သောကြောင့် ဥပါဒ်, ဋ္ဌိ,ဘင်,ဇရာတ္တယသဘောမရှိသော ပညတ်တရားတို့လည်း ဝိပဿနာရှုပွား၍ မရဟုမှတ်ပါ။

http://www.dhammadownload.com

သမ္မသနဉာဏ်

တောဘူမကသခ်ါရတရားတို့၌(ဘုံသုံးပါး၌ဖြစ်သောရုပ်နာမ်ဓမ္မသခ်ါရတရား တို့၌)ခန္ဓာ အစရှိသောနည်းကိုအာရုံပြုကာအပေါင်းအစည်း၏အစွမ်းဖြင့်အကျဉ်းချုံး၍ 'ကုန်တတ်သောသဘောသို့ရောက်ခြင်းကြောင့်အနိစ္စ,ဘေးဟူသောအကြောင်းကြောင့်ဒုက္ခ,အတ္တ တည်းဟူသောအနှစ်မရှိခြင်းကြောင့် အနတ္တဟုအတိတ်အစရှိသောအဒွါန,သန္တတိ, ခဏတို့၏အစွမ်းဖြင့်ကောင်းစွာဆင်ခြင်သုံးသပ်တတ်သောဉာဏ်သည်သမ္မသနဉာဏ် မည်ပါသည်။

သာဓကကား ။ ။ တောဘူမကသခ်ါရေသု(ပ)သမ္မသနဉာဏေသု-ဖြစ်ပါသည်။

မှတ်ချက် ။ ။ တောဘူမကသခ်ါရတရားတို့ကို သမ္မသနဉာဏ်ဖြင့် မရှုမှတ်မသုံးသပ် မဆင်ခြင်မိပြည့်စုံရမည့် ဝိသုဒ္ဓိတို့အား သီလဝိသုဒ္ဓိ ဒိဋ္ဌဝိသုဒ္ဓိကခ်ါဝိတရဏ ဝိသုဒ္ဓိတို့ဖြစ်သည်။

ဥဒယဗ္ဗယဉာဏ်

တောဘူမကသခ်ါရတရားတို့၌ အကြောင်း၏စွမ်းဖြင့်၄င်း၊ ခဏ၏အစွမ်းဖြင့်၄င်း၊ အဖြစ်အပျက်ကို ထင်မြင်လာသည့်တိုင်အောင် ဆင်ခြင်သုံးသပ်ရှုမှတ်တတ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်ပါသည်။

သာဓကကား ။ ။ တေသွေဝ (ပ) ဥဒယဗ္ဗယံ သမနုပဿန္တသ္သစ ဖြစ်ပါသည်။

သမ္မသနဉာဏ်နှင့်စပ်၍သိအပ်သော
သမ္မသနနည်း ၄ - နည်း (သုံးသပ်ပွားများနည်း ၄- နည်း)

သမ္မသနနည်းတို့သည် (တောဘူမကသခ်ါရတရားတို့ကို လက္ခဏာယာဉ်သုံးပါး တင်ကာ သမ္မသနဉာဏ်ဖြင့်သုံးသပ်ပွားများရသော နည်းတို့သည်)

၁။ ကလာပ သမ္မသနနည်း

၂။ အဒွါန သမ္မသနနည်း

၃။ သန္တတိ သမ္မသနနည်း

၄။ ခဏ သမ္မသနနည်း

အားဖြင့် ၄-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ တောဘူမကသခ်ါရေသ့ အတိတ်ဘဒ်ဘောဒဘိန္နေသ့ ခန္ဓာဒိနယမာရဏ္ဍ ကလာပဝသေန (ပ) လက္ခဏာဂ္ဂယဲ သမ္မသန္ဓသ ဖြစ်ပါသည်။

ကလာပသမ္မသနနည်းအဓိပ္ပါယ်

တောဘူမကသခ်ါရတရားတို့၌ "အတိတ်ဘဝ၌ဖြစ်သောရုပ်" စသည်ဖြင့် အစိတ်စိတ်ခွဲခြားကာ မသုံးသပ်ဲ့ "ရူပက္ခန္ဓာအားလုံး, ဝေဒနက္ခန္ဓာအားလုံး" စသည်ဖြင့် ခန္ဓာတစ်ပါးပါးကို တစ်ပေါင်းတည်းချုံးပြီးလျှင် (အကျဉ်းဆုံးနည်းအားဖြင့်) လက္ခဏာယာဉ်သုံးပါးတင်ကာ သုံးသပ်ပွားများခြင်းသည် ကလာပသမ္မသနနည်းမည်ပါသည်။

အဒ္ဓါနသမ္မသနနည်းအဓိပ္ပါယ်

တောဘူမကသခ်ါရ ရုပ်၊ နာမ်တရားတို့ကို "အတိတ်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာ" စသည်ဖြင့် ဘဝခွဲခြား၍ လက္ခဏာယာဉ်သုံးပါးပါးတင်ကာ သုံးသပ်ပွားများခြင်းသည် အဒ္ဓါနသမ္မသနနည်းမည်ပါသည်။

သန္တတိသမ္မသနနည်းအဓိပ္ပါယ်

တောဘူမက သခ်ါရတရားတို့ကို "အအေးရုပ်အစဉ်, အပူရုပ်အစဉ်" စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ လက္ခဏာယာဉ်သုံးပါးတင်ကာ သုံးသပ်ပွားများခြင်းသည် သန္တတိသမ္မသနနည်းမည်ပါသည်။

ခဏသမ္မသနနည်းအဓိပ္ပါယ်

တောဘူမကသခ်ါရ (ရုပ်နာမ်) တရားတို့ကို ရုပ်အစဉ်တစ်မျိုးတည်း၌ပင် "ဥပါဒ်, ဌိ, ဘင်" ဟူသော ခဏအားဖြင့်ခွဲခြား၍ လက္ခဏာယာဉ်သုံးပါးတင်ကာ သုံးသပ်ပွားများခြင်းသည် ခဏသမ္မသနနည်းမည်ပါသည်။

ရုပ်,ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်တို့၌ ,ကလာပသမ္မသနနည်းဖြင့် ပါဠိလို ပွားများပုံ

သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

သဗ္ဗာ ဝေဒနာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

http://www.dhammadownload.com

သဗ္ဗာ သညာ အနိစ္စာ ခယဓဗ္ဗေန၊ ဒုက္ခာ ဘယဓဗ္ဗေန၊ အနတ္တာ အသာရကဓဗ္ဗေန။
သဗ္ဗာ သညာ အနိစ္စာ ခယဓဗ္ဗေန၊ ဒုက္ခာ ဘယဓဗ္ဗေန၊ အနတ္တာ အသာရကဓဗ္ဗေန။
သဗ္ဗေသခ်ါရာ အနိစ္စာ၊ ခယဓဗ္ဗေန၊ ဒုက္ခံ ဘယဓဗ္ဗေန။ အနတ္တာ အသာရကဓဗ္ဗေန။
သဗ္ဗံ ဝိညာဏံ အနိစ္စံ ခယဓဗ္ဗေန၊ ဒုက္ခံ ဘယဓဗ္ဗေန၊ အနတ္တာ အသာရကဓဗ္ဗေန။

ရူပ်၊ ဝေဒနာ၊ သညာ၊ သခ်ါရ၊ ဝိညာဏ်တို့၌ ကလာပသမ္မသနနည်းဖြင့် မြန်မာလိုပြားများပုံ

အလုံးစုံသောရူပ်တရားသည် ကုန်ခန်းပျက်စီးတတ်သော သဘောရှိသောကြောင့် အနိစ္စချည်းပါတကား၊ ကြောက်မတ်ဖွယ် (ဘေးဟူသော) သဘောရှိသောကြောင့် ဒုက္ခချည်းပါတကား၊ အတ္တတည်းဟူသော အနှစ်သာရမရှိသောကြောင့် အနတ္တချည်းပါတကား။ (ဤသို့ပြားများရပါမည်)။

အလုံးစုံသော ဝေဒနာတရားသည် (ပ) အနတ္တချည်းပါတကား။

အလုံးစုံသော သညာတရားသည် (ပ) အနတ္တချည်းပါတကား။

အလုံးစုံသော သခ်ါရတရားသည် (ပ) အနတ္တချည်းပါတကား။

အလုံးစုံသော ဝိညာဏ်တရားသည် (ပ) အနတ္တချည်းပါတကား။ (ဤသို့ပြားများရပါမည်)။

ရူပကွန္ဓာဌ်အဒ္ဓါနသမ္မသနနည်းဖြင့်မြန်မာလိုပြားများပုံ

အတိတ်ဘဝ၌ဖြစ်သော ရူပကွန္ဓာသည် အတိတ်ဘဝ၌ပင် ချုပ်ခဲ့လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့မရောက်နိုင်၊ ဤသို့ကုန်ခန်း ပျက်စီးခြင်းသဘောရှိသောကြောင့် အနိစ္စချည်းပါတကား။ ကြောက်မက်ဖွယ်သဘောရှိသောကြောင့် ဒုက္ခချည်းပါတကား၊ အတ္တတည်းဟူသော အနှစ်သာရမရှိသောကြောင့် အနတ္တချည်းပါတကား။

မှတ်ချက် ။ ။ ဝေဒနာကွန္ဓာ သညကွန္ဓာ သခ်ါရကွန္ဓာ ဝိညာဏကွန္ဓာ တို့၌လည်းနည်းတူပြားများပါ။

http://www.dhammadownload.com

ရုပ်တရား၌ သန္တတိသမ္မသနနည်းဖြင့် မြန်မာလိုပြားများပုံ

အပ္ပဋ္ဌနေသောအခါ အပူရုပ်အစဉ်ဖြစ်၏၊ နေရိပ်သို့ဝင်ပြီးနောက် အတော်ကြာသောအခါ အပူရုပ်၊ အစဉ်ပျောက်၍ အအေးရိပ်အစဉ်သို့ရောက်၏။ ထိုင်နေသောအခါဖြစ်သော ရုပ်အစဉ်သည် ထလိုက်သောအခါ ကုန်ပျောက်၍ ထရုပ် အစဉ်သို့ရောက်၏၊ ဤသို့ ကုန်ခန်းပျက်စီးတတ်သော သဘောရှိသောကြောင့် အနိစ္စချည်း ပါတကား၊ ကြောက်မက်ဖွယ်သဘောရှိသောကြောင့် ဒုက္ခချည်းပါတကား၊ အတ္တတည်းဟူသော အနှစ်သာရမရှိသောကြောင့် အနတ္တချည်းပါတကား။

မှတ်ချက် ။ ။ နာမ်တရားတို့ကိုပြားများရာ၌ ရူပါရုံကိုအာရုံပြုသော ဝီထိစိတ်အစဉ်သည် သဒ္ဒါရုံကိုအာရုံပြုသော ဝီထိစိတ်အစဉ်သို့မရောက်။ အနိဋ္ဌာရုံကို ခံစားသော ဒုက္ခဝေဒနာအစဉ်သည် ဣဋ္ဌမဇ္ဈတ္တာရုံ အတိဣဋ္ဌာရုံကို ခံစားရာ ခဏသို့မရောက်။ ရူပါရုံကိုမှတ်သားသော သညက္ခန္ဓာအစဉ်သည်သဒ္ဒါရုံကိုမှတ်သားသော သညက္ခန္ဓာအစဉ်သို့မရောက်။ ရူပါရုံကိုစေ့ဆော်မှုပြုလုပ်သော (စက္ခုဝိညာဏဝီထိ၌ အတူတကွဖြစ်လျက် ကြည့်ရှုသော) သင်္ခါရက္ခန္ဓာ အစဉ်သည် သဒ္ဒါရုံကိုစေ့ဆော်သော သင်္ခါရက္ခန္ဓာအစဉ်သို့မရောက်။ ဤသို့ကုန်ခန်းပျက်စီးတတ်သော သဘောရှိသောကြောင့်အနိစ္စချည်းပါတကား (ပ) အနတ္တချည်းပါတကား ဟုပြားများရမည်ဖြစ်သည်။

ရုပ်, နာမ်, တရား၌ ခဏသမ္မသနနည်းဖြင့်မြန်မာလို ပြားများပုံ

(ဥပါဒ်, ဋ္ဌိ, ဘင်, ဟူသော ခဏတ္တယကိုတခဏဟုယူ၍) အတိတ်ကာလ၌ဖြစ်သောရုပ်တရားသည် အတိတ်ခဏ၌ပင်ချုပ်ခဲ့လေပြီ၊ ပစ္စုပ္ပန်ခဏသို့ မရောက်နိုင်၊ အတိတဘဝင်စိတ်သည်၊ အတိတဘဝင်ခဏ၌ပင်ချုပ်ခဲ့လေပြီ၊ ဘဝင်္ဂစလနခဏသို့ မရောက်နိုင် ဤသို့ ကုန်ခန်းပျက်စီးတတ်သော သဘောရှိသောကြောင့် အနိစ္စချည်းပါတကား,

http://www.dhammadownload.com

ကြောက်မက်ဖွယ်သဘောရှိသောကြောင့် ဒုက္ခချည်းပါတကား, အတ္တတည်းဟူသော အနှစ်သာရ မရှိသောကြောင့်အနတ္တချည်းပါတကား = (ဤသို့ပွားများရပါမည်)။

သမနုပဿနာနည်း ၂ နည်း

ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက်ကိုရှုမှတ်ပွားများသော သမနုပဿနာနည်းတို့သည်-

၁။ ပစ္စယသမနုပဿနာနည်း

၂။ ခဏသမနုပဿနာနည်း

အားဖြင့် ၂-ပါးအပြားရှိပါသည်။

သာဓကကား ။ ။ တေသွေဝ ပစ္စယဝသေန ခဏဝသေန စ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တသ ဖြစ်ပါသည်။

သမနုပဿနာနည်း ၂-ပါး အဓိပ္ပါယ်

တောဘူမကသခ်ါရတရားတို့ကို အဝိဇ္ဇာ တဏှာ က် စသော နာမ် ရုပ် တို့၏ အကြောင်းနှင့်စပ်၍ သုံးသပ်ပွားများသော သမနုပဿနာနည်းသည် ပစ္စယသမနုပဿနာနည်းမည်ပါသည်။

တောဘူမကသခ်ါရတရားတို့ကို ဥပါဒ်ခဏ, ဘင်ခဏနှင့်စပ်၍ သုံးသပ်ပွားများသော သမနုပဿနာနည်းသည် ခဏသမနုပဿနာနည်းမည်ပါသည်။

ဉာဏ်စမ်း

တောဘူမကသခ်ါရေသု (ပ) အနတ္တာ အသာရကဋ္ဌေန-ဟူသော သင်္ဂဟပါဠိ ကိုထောက်၍ ဗတဘူမကသခ်ါရ ရုပ်နာမ်တရားတို့၌ ခန္ဓာအစရှိသောနည်းကို အာရုံပြု၍အပေါင်းအစည်း၏ အစွမ်းဖြင့်အကျဉ်းချုံးပြီးလျှင် (ကုန်ခန်းပျက်စီးတတ်သောသဘောရှိသောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်သဘောရှိသောကြောင့် ဒုက္ခ၊ အတ္တတည်းဟူသောအနှစ်သာရမရှိသောကြောင့် အနတ္တဟု) ခန္ဓာကိုယ်ရှိရုပ် နာမ်ခမျာတို့ကို လက္ခဏာယာဉ်သုံးပါးတင်ကာ ဝိပဿနာရှုမှတ် ပွားများရသောကြောင့် "တရားရှာကိုယ်မှာတွေ့" ဟူသောစကားသည်မှန်ပါသည်။

http://www.dhammadownload.com

ဝိပဿနာညစ်ညူးကြောင်းတရား ၁၀ ပါး

(ဥဒယဗ္ဗယဉာဏ်ဖြစ်စ ရှေ့ပိုင်းကာလ၌ ဖြစ်ပေါ်လာတတ်သည့် ဝိပဿနုပက္ကိလေသ ဟုခေါ်တွင်သော ဝိပဿနာညစ်ညူးကြောင်းတရား ၁၀ ပါးကား

၁။ ဩဘာသ
၂။ ပီတိ
၃။ ပဿဒ္ဓိ
၄။ အဓိမော်က္ခ
၅။ ပဂ္ဂဟ
၆။ သုခ
၇။ ဉာဏ
၈။ ဥပဋ္ဌာန
၉။ ဥပေက္ခာ
၁၀။ နိကန္တိ

အားဖြင့် (၁၀) ပါးအပြားရှိပါသည်။

သာဓကကား ။ ။ ဩဘာသော (၀) နိကန္တိစေတိ ဖြစ်ပါသည်။

ဝိပဿနာညစ်ညူးကြောင်းတရား (၁၀) ပါး
ကျမ်းရင်းလာအဓိပ္ပါယ်အကျဉ်း

ဝိပဿနာညစ်ညူးကြောင်းတရား (၁၀) ပါးတို့တွင် -

၁။ ဝိပဿနာစိတ်ကြောင့်ဖြစ်သော - ကိုယ်မှထွက်သော အလင်းဟုဆိုအပ်သော အရောင်သည် ဩဘာသမည်ပါသည်။

၂။ ဝိပဿနာနှင့်တကွဖြစ်သော ခုဒ္ဒကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတိတည်းဟူသော ၅-ပါးအပြားရှိသော ပီတိသည် (၀၊) အနည်းငယ်နှစ်သက်ခြင်း၊တစ်ခဏနှစ်သက်ခြင်း၊ သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့သက်၍သက်၍ ပျက်သောနှစ်သက်ခြင်း၊ ကိုယ်ကို ကောင်းကင်သို့ လွင့်စေတတ်သောနှစ်သက်ခြင်း တစ်ကိုယ်လုံးနှံ့သောနှစ်သက်ခြင်း တည်းဟူသော ၅-ပါးအပြားရှိသောနှစ်သက်ခြင်းသည် ပီတိမည်ပါသည်။

http://www.dhammadownload.com

၃။ ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၏အစွမ်းဖြင့် နှစ်ပါးအပြားရှိသော ငြိမ်းခြင်းသည် ပဿဒ္ဓိမည်ပါသည်။

၄။ အားကြီးသော သဒ္ဓိန္ဒြေဟုဆိုအပ်သော သဒ္ဓါယုံကြည်ခြင်းသည် အဓိမောက္ခမည်ပါသည်။

၅။ သမ္မပ္ပဓာန်ကိစ္စကိုပြီးစေတတ်သော ဝီရိယသမ္မောဇ္ဈင်ဟုဆိုအပ်သော ထောက်ပံ့ခိုင်စေခြင်းသည် ပဂ္ဂဟမည်ပါသည်။

၆။ လွန်မြတ်သော ချမ်းသာခြင်းသည် (၀၀) ဝိပဿနာစိတ်နှင့် သမ္မယုတ်ဖြစ်သော စေတသိကသုခသည် သုခမည်ပါသည်။

၇။ သိကြားမင်းသည် လွတ်အပ်သော ဝရဇိန်မိုးကြိုးစက်နှင့်တူသော လက္ခဏာယာဉ်သုံးပါးကိုရှုသည်ဖြစ်၍ဖြစ်သော ဉာဏ်သည် ဉာဏ မည်ပါသည်။

၈။ သတိပဋ္ဌာန်ဖြစ်၍ဖြစ်သော ကြာမြင့်စွာပြုအပ်ပြီးသော အမှုစသည်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်သော ထင်ခြင်းဟုဆိုအပ်သောသတိသည် ဥပဋ္ဌာနမည်ပါသည်။

၉။ လျစ်လျူရှုခြင်းသည် (၀၀) သမ္မယုတ်တရားတို့နှင့် အညီအညွတ်ဖြစ်သော ဝိပဿနာနှင့်တကွဖြစ်သော ဥပေက္ခာသမ္မောဇ္ဈင်ဖြစ်၍ ဖြစ်သောတတြမဇ္ဈတ္တုပေက္ခာ, မနောဒ္ဓါရာဝဇ္ဇန်းစိတ်နှင့်သမ္မယုတ်ဖြစ်၍ဖြစ်သော စေတနာတည်းဟူသော အာဝဇ္ဇနုပေက္ခာ, အားဖြင့် ၂-ပါးအပြားရှိသော ဥပေက္ခာသည် ဥပေက္ခာမည်ပါသည်။

၁၀။ တပ်ခြင်းတဏှာသည် (၀၀) - သြဘာသစသော ၉-ပါးတို့သည် ဖြစ်ကုန်သည်ရှိသော် "ငါ့အားဤမှ ရှေးကာလ၌ ဤသို့သဘောရှိသော အရောင်သည် မဖြစ်စဘူးသောနည်းဖြင့် ထိုသြဘာသစသော ၉-ပါးတို့၌ တပ်ခြင်းကိုပြုသော သိမ်မွေ့သော တဏှာ"သည် နိကန္တိမည်ပါသည်။

သမထ၏ ဘေးရန်ဖြစ်သောတရား

တတော ပဋ္ဌာယ ပရိဗန္ဓဝိပ္ပဟီနာကာမာဝစရသမာဓိသခ်ါတာ ဥပစာရဘာဝနာ နိပ္ပန္နာနာမ ဟောတိ-ဟူသောသင်္ဂဟပါဠိကိုထောက်၍ "သမတပရိဗန္ဓ"ဟူ၍ငှင်း "သမထပရိဗန္ဓံ"ဟူ၍ငှင်း ခေါ်ဆိုရသော သမထ၏ဘေးရန်ဖြစ်သောတရားကား ကာမစ္ဆန္ဒ စသော နိဝရဏတရား ၅-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဝိပဿနာ၏ဘေးရန်ဖြစ်သောတရား

သြဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓပရိဂ္ဂဟဝသေနဟူသော သင်္ဂဟပါဠိ ကိုထောက်၍ "ဝိပဿနာပရိဗန္ဓ" ဟူ၍ ၄င်း, "ဝိပဿနာပရိဗန်" ဟူ၍၄င်း ခေါ်ဆို ရသောဝိပဿနာ၏ ဘေးရန်ဖြစ်သောတရားများကား-

- သြဘာသ, ဝိတိ, ပဿဒ္ဓိ, အဓိမောက္ခ, ပဂ္ဂဟ, သုခ, ဉာဏ, ဥပဋ္ဌာန, ဥပက္ခော, နိကန္တိဟုဆိုအပ်သော ဝိပဿနာညစ်ညူးကြောင်းတရား (၁၀) ပါးပင်ဖြစ်ပါသည်။

ဝိပဿနာဘေးရန်အစစ်နှင့်အတု

ဝိပဿနာပရိဗန်ဟုခေါ်ရသော ဝိပဿနာညစ်ညူးကြောင်းဘေးရန် (၁၀) ပါးတို့တွင် သြဘာသစသော ရှေ့ (၉) ပါးသည် တဏှာ မာန ဒိဋ္ဌိဟုဆိုအပ်သော ညစ်ညူးကြောင်း တရားတို့၏ တည်ရာဖြစ်သောကြောင့်သာလျှင် ဥပစာအားဖြင့် ဝိပဿနာဘေးရန် ဟုအမည် ရခြင်းဖြစ်ပါသည်။

ညစ်ညူးကြောင်းအစစ် အကုသိုလ်ဖြစ်၍ ဝိပဿနာဘေးရန်ဟု အမည်ရခြင်း မဟုတ်ပါ ထို့ကြောင့် သြဘာသ စသောရှေ့ (၉) ပါးကား "ဝိပဿနာဘေးရန်အတု" သာဖြစ်ပါသည်။

နိကန္တိ ကား မုချအားဖြင့် ညစ်ညူးကြောင်းဘေးရန်လည်းဖြစ်, တဏှာ မာန ဒိဋ္ဌိ ဟူသော ညစ်ညူးကြောင်းတရားတို့၏ တည်ရာလည်းဖြစ်သောကြောင့် ဝိပဿနာဘေးရန် အစစ်ဖြစ်ပါသည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအဓိပ္ပါယ်

သြဘာသအစရှိသော ၁၀-ပါးသော ဝိပဿနာညစ်ညူးကြောင်းဘေးရန်တို့မှ လွတ်သောယောဂီပုဂ္ဂိုလ်၏ (တောဘူမကသခ်ါရတရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်၍) ဝိပဿနာအဆင့်ဆင့်အားဖြင့် ကျင့်ကြံပွားများအားထုတ်သောအခါဖြစ်ပေါ်လာသည့် ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင်သော ၉-ပါးသော ဝိပဿနာဉာဏ် တို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ တထာ ပရိဗ္ဗန္ဓဝိမုတ္တသ (ပ) ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနာမ ဖြစ်ပါသည်။

ဉာဏဒဿနဝိသုဒ္ဓိပြပါဠိ

တသ္မေဝံ ပဋိပန္နဿ ပန ဝိပဿနာ (ပ) ဘာဝနာဝသေန အပ္ပနာဝီထိ မောတရတိ ဟူသောသင်္ဂဟပါဠိတို့သည် ဉာဏဒဿနဝိသုဒ္ဓိကိုပြသော ပါဠိတို့မည်ပါသည်။

မဂ်ရခါနိုး စိတ်အစဉ်ဖြစ်ပုံပြပါဠိ

တသ္မေဝံ ပဋိပန္နဿ ပန (ပ) နာမေန ပဝတ္တန္တိ ဟူသောသင်္ဂဟပါဠိသည် "မဂ်ရခါနိုး စိတ်အစဉ်ဖြစ်ပုံကို" ပြသောသင်္ဂဟပါဠိမည်ပါသည်။

မှတ်ချက် ။ ။ အရှေ့သောပညာဝန်တို့ကား "မဂ်ရခါနိုးစိတ်အစဉ်ဖြစ်ပုံပြသင်္ဂဟပါဠိကို" တသ္မေဝံ ပဋိပန္နဿ ပန (ပ) စသောပါဠိမှစ၍ ပုထုဇ္ဇနဂါတ္တ မဘိဘဝန္တိ အရိယဂါတ္တ မဘိသမ္ဘောန္တဿ ပဝတ္တတိ တိုင်အောင် ပြဆိုကြသည်။ ဂေါတြဘုစိတ်၏ အခြားမဲ့၌သာလျှင် သောတာပတ္တိမဂ်ဖြစ်သည်ကိုထောက်၍ ပိဂိုပြည့်စုံမှန်ကန်မှုရှိသည် ဟုထင်ပါသည်။

ထို့ကြောင့် "မဂ်ရခါနိုးစိတ်အစဉ်ဖြစ်ပုံပြ" သင်္ဂဟပါဠိကိုရေးပါဟု စာမေးပွဲ၌ မေးလာလျှင် "တသ္မေဝံပဋိပန္နဿမှစ၍" မဘိသမ္ဘောန္တဿ ပဝတ္တတိ တိုင်အောင်ဖြေပါလေ။

မဂ်ရခါနိုးစိတ်အစဉ်ဖြစ်ပုံ

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကျင့်သောယောဂီပုဂ္ဂိုလ်အား ဝိပဿနာဟုဆိုအပ်သော သခ်ါရုပေက္ခာဉာဏ်၏ရင့်သန်ခြင်းကိုစွဲ၍ အပ္ပနာဟုဆိုအပ်သော လောကုတ္တရာမဂ်ဉာဏ် ဖြစ်လတ္တံ့သောခဏ၌ဘဝင်အလျဉ်ကိုဖြတ်၍၊မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ တိက္ခပုဂ္ဂိုလ်တို့အား "ဥပစာ အနုလုံ" ဟူသောအမည်ဖြင့် ၂-ကြိမ်။

မန္ဒပုဂ္ဂိုလ်တို့အား "ပရိကံ, ဥပစာ, အနုလုံ" ဟူသောအမည်ဖြင့် ၃-ကြိမ် ဝိပဿနာဇောစိတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ထိုဝိပဿနာဓောစိတ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တ ဟူသောလက္ခဏာ၌ ၃-ပါးတို့တွင် တပါးပါးကိုအာရုံပြုပါသည်။

ထိုဝုဋ္ဌာနဂါမိနီဝိပဿနာဓောစိတ် ၂-ကြိမ်၊ ၃-ကြိမ် ဖြစ်သည်မှနောက်၌ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်တို့၏အနွယ်ကို နှိပ်စက်သည်ဖြစ်၍၄င်း၊ အရိယာအနွယ်သို့ရောက်သည်ဖြစ်၍၄င်း၊ ဖြစ်ပါသည်။

သာဓကကား ။　။ တသော်ဝံ ပဋိပန္နန္တသ (ပ) မဘိသမ္ဘောန္တ္ဘ ပဝတ္တတိ ဖြစ်ပါသည်။

ဝိပဿနာစိတ်တို့၏ပြုရာအာရုံ

မင်္ဂလာနိုး ကာလ၌ဖြစ်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာစိတ်တို့သည် ဒွေတိဏိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိ အနိစ္စလက္ခဏာဒိမာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာဓေန ပဝတ္တန္တိ ဟူသော သင်္ဂီဟပါဠိကိုထောက်၍ တောဘူမကသခ်ါရတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဟုဆိုအပ်သော လက္ခဏာယာဉ် ၃-ပါးတို့တွင် တပါးပါးကိုအာရုံပြုပါသည်။

အရကောက်များ

မင်္ဂလာနိုးစိတ်အစဉ်ဖြစ်ပုံကိုပြသော တသော်ဝံ၊ ပဋိပန္နန္တသ စသော သင်္ဂီဟပါဠိ၌ပါသောဝိပဿနာပရိကမ္မ မဂဝီထိ၌ ဝိပဿနာပရိပါက၏ အရကား သခ်ါရုပေက္ခာဉာဏ်ကိုရပါသည်။

အပ္ပနာ ဥပ္ပဇ္ဇိဿတိ-၌ အပ္ပနာ ၏ အရကား- အပ္ပနာဟုဆိုအပ်သော ဃောကုတ္တရာမဂ်ဉာဏ်ကိုရပါသည်။

ဒွေတိဏိ ဝိပဿနာစိတ္တာနိ ၌ "ဝိပဿနာစိတ္တ" အရကား ဥပစာရသမာဓိဓော ဟုဆိုအပ်သော မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၈) ခုကိုရပါသည်။

မှတ်ချက် ။　။ ယင်း မဟာကုသိုလ် ကြိယာဉာဏသမ္ပယုတ်စိတ် (၈) ခုကို "ဝိပဿနာစိတ်" ဟူ၍လည်းခေါ်သည်၊ မဂ်၏အနီးဥပစာရ၌ဖြစ်၍ တည်ကြည်သော ဓောများဖြစ်သောကြောင့် "ဥပစာရသမာဓိဓော" ဟူ၍လည်းခေါ်သည်။

http://www.dhammadownload.com

၁ ဝိပဿနာဘာဝနာ၏တရားကိုယ်

တတ္ထဟိ ဉာဏသမ္ပယုတ္တကာမာဝစရမဋ္ဌန် အညတရသ္မိ ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန ဟူသောဝိထိပိုင်းလာသင်္ဂဟပါဠိနှင့် ဒွေတီဏိ ဝိပဿနာစိတ္တာန် ယံကိဉ္စိ အနိစ္စာဒိလက္ခဏာ မာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန်၊ ဟူသော ကမ္မဋ္ဌာန်းပိုင်းလာသင်္ဂဟပါဠိတို့ကိုထောက်၍- "ဝိပဿနာဘာဝနာ" ၏ တရားကိုယ်အရကား တောဘူမကသခ်ါရတရားတို့ကို အနိစ္စအစရှိသော လက္ခဏာယာဉ် ၃-ပါးတင်၍ ရှုမှတ်ပွား များခိုက်ဖြစ်သော မဟာကုသိုလ်ကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခုဒ်ပယ်သော ဉာဏ်ပညာကိုရပါသည်။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ပြပါဠိ

ယာ သိခါပတ္တာ၊ သာ သာနုလောမာ သခ်ါရပေက္ခာ ဝုဋ္ဌာနဂါမိနီဝိပဿနာတိစ ပဒုစ္စတိ ဟူသော သင်္ဂဟပါဠိသည် ဝုဋ္ဌာနဂါမိနီမည်သော ဝိပဿနာဉာဏ်ကိုပြသော ပါဠိဖြစ်ပါသည်။

ဝုဋ္ဌာနဂါမိနီဝိပဿနာ

ယာ သိခါပတ္တာ၊ သာ သာနုလောမာ သခ်ါရပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ပဒုစ္စတိဟူသော သင်္ဂဟပါဠိကိုထောက်၍ ဝိပဿနာဉာဏ် (၁၀) ပါးတို့တွင် - ဝိပဿနာ၏အထွတ်အထိပ်သို့ရောက်သော - (သခ်ါရပေက္ခာဉာဏ်နောက်ဆုံးအပိုင်း) နှင့် အနုလောမဉာဏ်တို့ကို အပါယ်စသည်မှလည်းကောင်း၊ သခ်ါရနိမိတ်မှလည်းကောင်း ထခြင်း ဟူဆိုအပ်သော မဂ်သို့ရောက်ကြောင်းဖြစ်သောကြောင့် "ဝုဋ္ဌာနဂါမိနီဝိပဿနာ" ဟုခေါ် ဆိုရပါသည်။

အရကောက်များ

ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ ဝုဋ္ဌာနအရအပါယ်စသည်မှင်း၊ သခ်ါရနိမိတ်မှင်း၊ ထမြောက်တတ်သော် မဂ်ကိုရပါသည်။

ဝုဋ္ဌာနဂါမိနီအရ ဝုဋ္ဌာနမည်သောမဂ်သို့ရောက်ကြောင်းဖြစ်သော (မဂ်နှင့်နီးကပ် နေသော) ဝိပဿနာကိုရပါသည်။

http://www.dhammadownload.com

ဝုဋ္ဌာဂါမိနီ ဝိပဿနာအရလည်း ဝုဋ္ဌာနမည်သော မဂ်သို့ရောက်ကြောင်းဖြစ်သော (သခ်ါရုပေက္ခာဉာဏ်၏နောက်ဆုံးအဝိုင်းနှင့်အနုလောမဉာဏ်ဟုဆိုအပ်သော) ဝိပဿနာကိုပင်ရပါသည်။

မှတ်ချက် ။　　။ ဝုဋ္ဌာနဂါမိနီဝိပဿနာဟူသောပုဒ်၌ ဝုဋ္ဌာနစသည်အရ အထက်ပါအတိုင်းအရကောက်ခြင်းသည်မှန်၏၊

မဂ်တရားမှန်လျှင် သခ်ါရကိုအာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ ထို့ကြောင့်မဂ်သည် သခ်ါရတည်းဟူသော အာရုံနှိမိတ်မှထမြောက်၏၊ မဂ်ကိုရလျှင်သံသရာဝဋ်၌ ကြာရှည်စွာခန္ဓာအစဉ်မဖြစ်တော့ပြီ၊ သောတာပတ္တိမဂ်ရလျှင်ပင် ကာမဘုံ၌ (၇) ဘဝမျှသာဖြစ်ခွင့်ရှိတော့၏၊ ထို့ကြောင့် မဂ်သည် အစဉ်မပြတ်ဖြစ်ဖွယ်ရှိသော ဝဋ်မှထမြောက်၏၊ ဤသို့ထမြောက်သောကြောင့် မဂ်ကိုဝုဋ္ဌာနဟုခေါ်သည်။ ထိုဝုဋ္ဌာနမည်သောမဂ်သို့ ရောက်ကြောင်းဝိပဿနာကား-သခ်ါရုပေက္ခာဉာဏ်၏ နောက်ဆုံးအဝိုင်းနှင့် အနုလောမဉာဏ်ပင်တည်း (သင်္ဂြိဟ်ဘာသာဋီကာ-နှာ-၇၁၀)

ဂေါတြဘုစိတ်ဖြစ်ပုံပြသင်္ဂဟပါဠိ

တတော ပရံဂေါတြဘုစိတ္တံ (ပ) မဘိသမ္ဘောန္တဿ ပဝတ္တတိဟူသော သင်္ဂဟပါဠိသည် ဂေါတြဘုစိတ်ဖြစ်ပုံကိုပြသော သင်္ဂဟပါဠိဖြစ်ပါသည်။

ဂေါတြဘုစိတ်ဖြစ်ပုံ

ဝုဋ္ဌာနဂါမိနီဝိပဿနာဇောစိတ် နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်သည်မှနောက်၌ ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်တို့၏အနွယ်ကို နှိပ်စက်သည်ဖြစ်၍၄င်း၊ အရိယာအနွယ်သို့ရောက်သည်ဖြစ်၍၄င်း၊ ဖြစ်ပေါ်လာပါသည်။

သာဓကကား ။　　။ တတော ပရံ ဂေါတြဘုစိတ္တံ (ပ) ပဝတ္တတိ ဖြစ်ပါသည်။

ဂေါတြဘု အဓိပ္ပါယ်

ပုထုဇဉ်တို့၏အနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်သောကြောင့်၄င်း၊ အရိယာအနွယ်သို့ရောက်စေတတ်သောကြောင့်၄င်း (မဟာကုသိုလ်, ကြိယာဉာဏသမ္မယုတ်စိတ်-၈ခုသည်) ဂေါတြဘုမည်ပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ တတော ပရံ ဂေါတြဘုစိတ္တံ (ပ) ပဝတ္တတိနှင့် တတ္ထ ဟိ ဉာဏသမ္မယုတ္တ ကာမာဝစရမဋ္ဌနံ့ အညတရသ္မိ ပရိကမ္မော ပစာရာနုလောမ ဂေါတြဘုနာမေန တိုဖြစ်ပါသည်။

မှတ်ချက် ။ ။ဂေါတြဘုကို ဂေါတ္တံ ဘဝတိ အဘိဘဝတိတိ ဂေါတြဘု-ဟု ဝစနတ္ထပြုလျှင် ပုထုဇဉ်တို့၏အနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်သောကြောင့် ဂေါတြဘုမည်ပါသည်။ ဤဝစနတ္ထအလို ဂေါတြဘုဠ် ဂေါတ္တအရ (ပုထုဇဉ်အနွယ်ဟူသည်) သဏ္ဌာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ မကင်းသောခန္ဓာအစဉ်ကိုရသည်။ အထက်ပါ - ဂေါတ္တံ ဘဝတိ အဘိဘဝတိတိ ဂေါတြဘု ဟူသောဝစနတ္ထသည် "ပုထုဇ္ဇနဂေါတ္တံ အဘိဘဝန္တံ" ဟူသော သဂီဟပါဠိနှင့်အညီ ဝစနတ္ထပြုခြင်းဖြစ်သည်။

တနည်း - ဂေါတြဘုကို ဂေါတ္တံဘဝတိအဘိသမ္ဘုဏာတိတိ ဂေါတြဘု ဟု ဝစနတ္ထပြုလျှင် အရိယာအနွယ်သို့ ရောက်တတ်သောကြောင့် ဂေါတြဘုမည်သည်။

ဤဝစနတ္ထအလို ဂေါတြဘုံဠ် ဂေါတ္တအရ (အရိယာအနွယ်ဟူသည်) သဏ္ဌာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းပြီးသော ခန္ဓာအစဉ်ကိုရသည်။ အထက်ပါ ဂေါတ္တံ ဘဝတိ အဘိသမ္ဘုဏာတိတိ ဂေါတြဘု ဟူသော ဝစနတ္ထသည်၊ "အရိယဂေါတ္တံ အဘိသမ္ဘောန္တံ" ဟူသော သဂီဟပါဠိနှင့်အညီ ဝစနတ္ထ ပြုခြင်းဖြစ်သည်။

အနုလောမဉာဏ်နှင့်ဂေါတြဘုအာရုံပြုပုံအထူး

ပရိကမ် ဥပစာ အနုလုံဟုဆိုအပ်သော (မဟာကုသိုလ်, ကြိယာဉာဏသမ္မယုတ်စိတ် ၈-ခုဌ်ယှဉ်သော) အနုလောမဉာဏ်သည် တေဘူမကသင်္ခါရတရားတို့၏ အနိစ္စဒုက္ခ အနတ္တ လက္ခဏာ ၃-ပါးတို့တွင် တပါးပါးကိုအာရုံပြုပါသည်။

(မဟာကုသိုလ်, ကြိယာဉာဏသမ္မယုတ်စိတ် ၈- ခုဟုဆိုအပ်သော) ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြုပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com

သာဓကကား ။ ။ ဒေတိဏ္ဍိ ဝိပဿနာစိတ္တာနိ ယံကိဉ္စိအနိစ္စာဒိ လက္ခဏာမာရဗ္ဘ ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ ဟူသောသင်္ဂဟပါဠိနှင့် တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္မိတွာ ဟူသောသင်္ဂဟပါဠိတို့ဖြစ်ပါသည်။

အနုလောမဉာဏ်နှင့်ဂေါတြဘုသတ္တိအထူး

ပရိကမ် စသော အနုလောမဉာဏ်သည် မောဟအမှောင်ကိုသာ ပယ်နိုင်၏၊ နိဗ္ဗာန်ကိုမမြင်နိုင်ပါ။ ဂေါတြဘုသည် နိဗ္ဗာန်ကိုသာမြင်နိုင်၏၊ မောဟအမှောင်ကိုမပယ်နိုင်ပါ။ ဤသို့သတ္တိချင်းထူးပါသည်။

ကာမစိတ်တို့ နိဗ္ဗာန်ကိုအာရုံပြုနိုင်ပုံနှင့်အာရုံပြုနိုင်ရာအခါကာလ

"ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္မိတွာ" ဟူသော သင်္ဂဟပါဠိနှင့် "တတ္ထ ဟိ ဉာဏသမ္မယုတ္တကာမာဝစရမဉ္ဇန် အညတရသ္မိ ပရိကမ္မောပစာရာနုလောမ ဂေါတြဘုနာမေန" ဟူသော သင်္ဂဟပါဠိတို့ကိုထောက်၍ မဂ္ဂဝီထိ၌ပါသော ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသောကြောင့် မဟာကုသိုလ်, ကြိယာ ဉာဏသမ္မယုတ်စိတ် - ၈ ခုဟုဆိုအပ်သော ကာမစိတ်တို့သည် ဂေါတြဘု အမည်ရသောအခါကာလ၌ နိဗ္ဗာန်ကို အာရုံပြုနိုင်ပါသည်။

အရိယာပုဂ္ဂိုလ်ဖြစ်တော့မည်တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ နောက်ဆုံးစိတ်နှင့်ပြုရာအာရုံ

တတော ပရံ ဂေါတြဘုစိတ္တံ (ပ) ပဝတ္တတိဟူသောသင်္ဂဟပါဠိကိုထောက်၍၊ အရိယာပုဂ္ဂိုလ်ဖြစ်တော့မည့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ နောက်ဆုံး (လောကီကာမ) စိတ်ကား (မဟာကုသိုလ် မဟာကြိယာဉာဏသမ္မယုတ်စိတ်ဟုဆိုအပ်သော) ဂေါတြဘုစိတ်ဖြစ်ပါသည်။ ယင်းဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုလျှက်ဖြစ်ပါသည်။

အာဝဇ္ဇန်းနှင့်တူသောစိတ်

ဂေါတြဘုစိတ်သည် ပရိကမ် ဥပစာအနုလုံမည်သော စိတ်တို့ကဲ့သို့ (တောဘူမက သခ်ါရတရားတို့၏) အနိစ္စ စသောလက္ခဏာတပါးပါးကို အာရုံမပြုနိဗ္ဗာန်ကိုအာရုံပြုသည်၊ ထို့ကြောင့် ထိုဂေါတြဘုကို "မဂ်ရှေ့က နိဗ္ဗာန်ကိုညွှန်ပြသောကြောင့် မဂ်ဓော ဖိုလ်ဓော

http://www.dhammadownload.com

၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူ၏'' ဟုပြောစမှတ်ပြုကြသည်။ (အာဝဇ္ဇန်းအတုစိတ် ဟုလည်းဆိုနိုင်သည်) (အခြေပြုသင်္ကြိုဟ် နှာ - ၆၀၀)။

မဂ်ကိစ္စ (၁၆) ချက် တပြိုင်နက်ဖြစ်ပုံပြ သင်္ဂီဟပါဠို

တဿာနန္တရမေဝ မဂ္ဂေါ (ပ) အပွနာဝိထိ မောတရတိ ဟူသောသင်္ဂီဟပါဠိသည် မဂ်ကိစ္စ (၁၆) ချက် တပြိုင်နက်ဖြစ်ပုံကိုပြသော ပါဠိဖြစ်ပါသည်။ ''မဂ်စိတ်ဖြစ်ပေါ်လာပုံကိုပြသောသင်္ဂီဟပါဠို'' လည်းမည်ပါသည်။

မဂ်စိတ်ဖြစ်ပေါ်လာပုံ

ထိုဂေါတြဘုစိတ်၏အခြားမဲ့၌သာလျှင် သောတာပတ္တိမဂ်စိတ်သည် ဒုက္ခသစ္စာကိုပိုင်းခြား၍သိလျက်၄င်း၊ သမုဒယသစ္စာကို ပယ်လျက်၄င်း၊ နိရောဓသစ္စာကိုမျက်မှောက်ပြုလျက်၄င်း၊ မဂ္ဂသစ္စာကိုပွားစေသည်၏ အစွမ်းဖြင့်၄င်း အပွနာဝိထိသို့ သက်ရောက်ကာ ဖြစ်ပေါ်လာပါသည်။

သာဓကကား ။ ။ တဿာနန္တရမေဝ မဂ္ဂေါ (ပ) မောတရတိ ဖြစ်ပါသည်။

မဂ်စိတ်ဖြစ်ပေါ်လာပုံ ဆီမီးဥပမာ

ဆီမီးသည် မီးစာကိုလောင်ခြင်း အမှောင်ကိုပယ်ခြင်း အလင်းရောင်ကိုပြခြင်း၊ ဆီကိုကုန်စေခြင်းဟူသော ဤကိစ္စ ၄-ချက်ကို တပြိုင်နက်ပြီးစေသကဲ့သို့ ထို့အတူ မဂ်တရား သည်လည်း ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း သမုဒယသစ္စာကိုပယ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကိုပွားစေခြင်းဟူသောကိစ္စ ၄ ချက်ဖြင့် အပွနာစိတ်သို့ သက်ရောက်ကာဖြစ်ပေါ်လာပါသည်။

မဂ်ကိစ္စ ၁၆ ချက်

သောတာပတ္တိမဂ်သည် ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း သမုဒယသစ္စာကိုပယ်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွားစေခြင်းဟူသောကိစ္စ ၄ ချက်ကို တပြိုင်နက်ပြီးစေဖြစ်စေပါသည်။ ထို့အတူ သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်တို့

http://www.dhammadownload.com

သည်လည်း ကိစ္စ ၄ ချက်စီကိုတပြိုင်နက်ပြီးစေဖြစ်စေပါသည်။ ထို့ကြောင့် အားလုံးပေါင်းသော် မဂ်ကိစ္စ (၁၆) ချက်ဖြစ်ပါသည်။

သာဓကကား ။ ။ တဿာနုန္တရမေဝ (ပ) မောတရတိဖြစ်ပါသည်။

မဂ်စိတ်နောင် ဖိုလ်စိတ်ဖြစ်ပုံ

ထိုသောတာပတ္တိမဂ် အပွနာဝတ္တိသို့ရောက်သည်မှ နောက်၌ (သောတာပတ္တိမဂ်တစ်ကြိမ်ဖြစ်ပြီးသည်မှနောက်၌) ဒန္ဓာဘိညပုဂ္ဂိုလ်တို့အား (မန္ဒပုဂ္ဂိုလ်တို့အား)သောတာပတ္တိဖိုလ်ဈော ၂-ကြိမ်၊ ခိပ္ပါဘိညပုဂ္ဂိုလ်တို့အား (တိက္ခပုဂ္ဂိုလ်တို့အား)သောတာပတ္တိဖိုလ်ဈော ၃-ကြိမ်ဖြစ်ပါသည်။ ထို့နောင်ဘဝင်ကျပါသည်။

သာဓကကား ။ ။ တတော ပရံ (ပ) ဟောတိ ဖြစ်ပါသည်။

မဂ္ဂဝီထိ

မဂ္ဂဝီထိသည် -

၁။ သောတာပတ္တိမဂ္ဂဝီထိ

၂။ သကဒါဂါမိ မဂ္ဂ ဝီထိ

၃။ အနာဂါမိ မဂ္ဂ ဝီထိ

၄။ အရဟတ္တ မဂ္ဂ ဝီထိ

အားဖြင့် ၄-ပါးအပြားရှိပါသည်။

ထို ၄-ပါးတို့တွင် သောတာပတ္တိမဂ္ဂဝီထိသည်လည်း-

၁။ ဒန္ဓာဘိညပုဂ္ဂိုလ် (မန္ဒပုဂ္ဂိုလ်) ၏ သောတာပတ္တိမဂ္ဂဝီထိ။

၂။ ခိပ္ပါဘိညပုဂ္ဂိုလ် (တိက္ခပုဂ္ဂိုလ်) ၏ သောတာပတ္တိမဂ္ဂဝီထိ။

အားဖြင့် ၂-ပါးအပြားရှိပါသည်။

မှတ်ချက် ။ ။ နံ့နေးသော အသိဉာဏ်ရှိသောပုဂ္ဂိုလ်ကို ဒန္ဓာဘိည၊ လျင်မြန်သော အသိဉာဏ်ရှိသော-ပုဂ္ဂိုလ်ကို ခိပ္ပါဘိညပုဂ္ဂိုလ်ဟုခေါ်သည်။ ဒန္ဓာဘိညပုဂ္ဂိုလ်နှင့်မန္ဒပုဂ္ဂိုလ်တူ၍ ခိပ္ပါဘိညပုဂ္ဂိုလ်နှင့်တိက္ခပုဂ္ဂိုလ်တူသည်။

http://www.dhammadownload.com

ဒန္တဘီညဉ (မန္တ) ပုဂ္ဂိုလ်၏သောတာပတ္တိမဂ္ဂဝီထိ

ထိုသောတာပတ္တိမဂ္ဂဝီထိ ၂-ပါးတို့တွင် ဒန္တဘီညဉ (မန္တ) ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိဖြစ်ဟန်ကား-

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဓါရာဝဇ္ဇန်းပရိကမ် ဥပစာ အနုလုံ ဂေါတြဘုဟုဆို အပ်သော ဥပစာရသမာဓိဓော ၄-ကြိမ် သောတာပတ္တိမဂ်ဓော ၁-ကြိမ်၊ သောတာပတ္တိဖိုလ်ဓော ၂-ကြိမ်၊ ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်ပါသည်။

ခိပ္ပါဘိညဉ (တိက္ခ) ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိဖြစ်ဟန်ကား -

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဓါရာဝဇ္ဇန်း ဥပစာ အနုလုံ ဂေါတြဘု ဟုဆိုအပ်သော ဥပစာရသမာဓိဓော ၃-ကြိမ်၊ သောတာပတ္တိ မဂ်ဓော ၁-ကြိမ်၊ သောတာပတ္တိဖိုလ်ဓော ၃-ကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်ပါသည်။

သကဒါဂါမိမဂ္ဂဝီထိ

သကဒါဂါမိမဂ္ဂဝီထိသည်လည်း

၁။ ဒန္တဘီညပုဂ္ဂိုလ် (မန္တပုဂ္ဂိုလ်) ၏ သကဒါဂါမိ မဂ္ဂဝီထိ

၂။ ခိပ္ပါဘိညပုဂ္ဂိုလ် (တိက္ခပုဂ္ဂိုလ်) ၏ သကဒါဂါဒိ မဂ္ဂဝီထိ

အားဖြင့် ၂-ပါးအပြားရှိပါသည်။

ထို ၂-ပါးတို့တွင် ဒန္တဘီညပုဂ္ဂိုလ် (မန္တပုဂ္ဂိုလ်) ၏ သကဒါဂါမိမဂ္ဂဝီထိဖြစ်ဟန်ကား-

ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဓါရာဝဇ္ဇန်း ဥပစာ အနုလုံ ဓေါဒါနဲ ဟုဆိုအပ်သော ဥပစာရသမာဓိဓော ၃-ကြိမ်၊သကဒါဂါမိမဂ်ဓော ၁-ကြိမ်၊သကဒါဂါမိဖိုလ်ဓော ၃-ကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်ပါသည်။

မှတ်ချက်။ ။ကြွင်းသော အနာဂါမိမဂ္ဂ ၂-ဝီထိ အရဟတ္တမဂ္ဂ ၂-ဝီထိ တို့ကိုလည်း အထက်ပါနည်းကိုမှီး၍သိပါလေ။ ဈာန် ၅-ပါးနှင့်မြောက်ပွားရသော ဈာနဘေဒ မဂ္ဂဝီထိ ချုပ်ချနည်းများကို ဝီထိပိုင်း၌ ပြန်လည်ကြည့်ရှုပါလေ။

http://www.dhammadownload.com

ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံပြသင်္ဂဟပါဠို

"ပုန ဘဝင်္ဂံ ဝေါဋ္ဌဗ္ဗနံတဉ္စ ပစ္စဝေက္ခဏာဉာဏာနိပဝတ္တန္တိ" ဟူသော သင်္ဂဟပါဠိသည် ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ ကိုပြသောသင်္ဂဟပါဠိဖြစ်ပါသည်။

ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

မင် ၁-ကြိမ်၊ ဖိုလ် ၂-ကြိမ်၊ ၃-ကြိမ်ဖြစ်ပြီးနောက် ဘဝင်ကျ၍ တဖန်ဘဝင် ပြတ်သောအခါ မင်, ဖိုလ်, နိဗ္ဗာန်ကိုဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် တို့ဖြစ်ပါသည်။

သာဓကကား ။ ။ပုန ဘဝင်္ဂံ ဝေါဋ္ဌဗ္ဗနံတဉ္စ ပစ္စဝေက္ခဏာဉာဏာနိ ပဝတ္တန္တိ ဖြစ်ပါသည်။

မှတ်ချက် ။ ။ မင်,ဖိုလ်, နိဗ္ဗာန်နှင့်ပယ်အပ်ပြီးသောကိလေသာကြွင်းသော ကိလေသာတို့ကို ဆင်ခြင်တတ်သော မဟာကုသိုလ်-မဟာကြိယာဉာဏသမ္ပယုတ်ဓော ၈-ခုဥ္စသောဉာဏ်ကို "ပစ္စဝေက္ခဏာဉာဏ်" ဟုခေါ်သည်။

ပစ္စဝေက္ခဏာဝီထိ

ပစ္စဝေက္ခဏာဝီထိ ဖြစ်ဟန်ကား- ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဓါရာဝဇ္ဇန်း ပစ္စဝေက္ခဏာဓော ၇-ကြိမ်၊ ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်ပြသင်္ဂဟဂါထာ

မဂ္ဂံဖလဉ္စ နိဗ္ဗာနံ၊ (ပ) ပစ္စဝေက္ခတိဝါနဝါ ဟူသော သင်္ဂဟဂါထာသည် ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ကိုပြသောဂါထာဖြစ်ပါသည်။

ဂါထာ၏အဓိပ္ပါယ်

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ အစရှိသောဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကား -

"ပညာရှိသော အရိယာပုဂ္ဂိုလ်သည် ဓင်္ကိုငှင်း၊ ဖိုလ်ကိုငှင်း၊ နိဗ္ဗာန်ကိုငှင်း၊ ဆင်ခြင်၏။ ပယ်အပ်ပြီးသော ကိလေသာတို့ကိုငှင်း၊ ပယ်အပ်ပြီးသည်မှကြွင်းသော မပယ်ရသေးသော ကိလေသာတို့ကိုငှင်း၊ ဆင်ခြင်သည်လည်းရှိ၏။ မဆင်ခြင်သည်လည်းရှိ၏ ဟုဆိုလိုပါသည်။

http://www.dhammadownload.com

ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်

ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ဟူသော်ကား -

သောတာပန်ပုဂ္ဂိုလ်၌ -

သောတာပတ္တိမဂ်ကိုဆင်ခြင်တတ်သောဉာဏ်

သောတာပတ္တိဖိုလ်ကိုဆင်ခြင်တတ်သောဉာဏ်၊ နိဗ္ဗာန်ကိုဆင်ခြင်တတ်သောဉာဏ်၊ မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့ကိုဆင်ခြင်တတ်သောဉာဏ်၊ ကြွင်းကျန်သော ကိလေသာတို့ကိုဆင်ခြင်တတ်သောဉာဏ် အားဖြင့် ၅ပါး။

တို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်၌

သကဒါဂါမိမဂ်ကိုဆင်ခြင်တတ်သောဉာဏ်၊

သကဒါဂါမိဖိုလ်ကိုဆင်ခြင်တတ်သောဉာဏ်၊

နိဗ္ဗာန်ကိုဆင်ခြင်တတ်သော်ဉာဏ်၊

မဂ်ဖြင့်ပယ်အပ်ပြီးသောကိလေသာတို့ကို ဆင်ခြင်တတ်သောဉာဏ်၊

ကြွင်းကျန်သောကိလေသာတို့ကိုဆင်ခြင်တတ်သောဉာဏ် အားဖြင့် ၅-ပါး။

အနာဂါမ်ပုဂ္ဂိုလ်၌-

အနာဂါမ်မိမဂ်ကို ဆင်ခြင်တတ်သောဉာဏ် အနာဂါမ်ဖိုလ်ကိုဆင်ခြင်တတ်သောဉာဏ်၊ နိဗ္ဗာန်ကိုဆင်ခြင်တတ်သောဉာဏ်၊ မဂ်ဖြင့်ပယ်အပ်ပြီးသောကိလေသာတို့ကို ဆင်ခြင်တတ်သောဉာဏ်၊ ကြွင်းကျန်သော ကိလေသာတို့ကိုဆင်ခြင်တတ်သောဉာဏ် အားဖြင့် ၅-ပါး။

ရဟန္တာပုဂ္ဂိုလ်၌ -

အရဟတ္တမဂ်ကိုဆင်ခြင်တတ်သောဉာဏ်၊

အရဟတ္တဖိုလ်ကိုဆင်ခြင်တတ်သောဉာဏ်၊

နိဗ္ဗာန်ကိုဆင်ခြင်တတ်သောဉာဏ်၊

မဂ်ဖြင့်ပယ်အပ်ပြီးသောကိလေသာတို့ကို ဆင်ခြင်တတ်သောဉာဏ် အားဖြင့် ၄-ပါး ဤသို့အားဖြင့် ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်ဖြစ်ပါသည်။

သာဓကကား ။ ။မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ (ပ) ဝါ၊ နဝါဖြစ်ပါသည်။

http://www.dhammadownload.com

ဉာဏ်စမ်း

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ, ပစ္စဝေက္ခတိ ပဏ္ဍိတော၊ ဟိနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ၊ နဝါဟူသော သင်္ခါသာခကကိုထောက်၍ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိပြီးသော မဂ်ဖိုလ်၊ နိဗ္ဗာန်နှင့် မဂ်ဖြင့်ပယ်ပြီးသော ကိလေသာ, ကြွင်းသောကိလေသာတို့ကိုပြန်လည်ဆင်ခြင်သည်ဟုဆိုသောကြောင့် အရိယာပုဂ္ဂိုလ်တို့သည် "မိမိတို့၏ အရိယာပုဂ္ဂိုလ်၏ အဖြစ်ကိုင်း၊ ရရှိသော အရိယာအဆင့်ကိုင်း" သိရှိနိုင်ပါသည်။

ဉာဏဒဿနဝိသုဒ္ဓိတရားကိုယ်ပြပါဠိ

ဆဋ္ဌိသုဒ္ဓိကမေနေဝံ (ပ) မဂ္ဂေါ ပဝုစ္စတိဟူသော သင်္ခါဟဂါထာသည် ဉာဏဒဿနဝိသုဒ္ဓိ၏တရားကိုယ်ပြသောဂါထာ ဖြစ်ပါသည်။

ဉာဏဒဿနဝိသုဒ္ဓိ၏တရားကိုယ်

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သီလဝိသုဒ္ဓိစသောအောက် ဝိသုဒ္ဓိ ၆-ပါးတို့၏အစဉ်ဖြင့် ပွားစေအပ်သော (သောတာပတ္တိမဂ်စသော) လေးပါးသောမဂ်ဉာဏ်ကို (ကိလေသာမှစင်ကြယ်၍ သစ္စာ ၄-ပါးကို တိုက်ရိုက်သိတတ်သောကြောင့်) ဉာဏဒဿနဝိသုဒ္ဓိဟုခေါ်ဆိုရပါသည်။ သာဓကကား ။ ။ ဆဋ္ဌိသုဒ္ဓိကမေနေဝံ (ပ) ပဝုစ္စတိ ဖြစ်ပါသည်။

အရကောက်များ

ဆဋ္ဌိသုဒ္ဓိကမေနေဝံ ၌ ဆဋ္ဌိသုဒ္ဓိအရကား သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟုဆိုအပ်သော ၆-ပါးသော ဝိသုဒ္ဓိတို့ကိုရပါသည်။

ဘာဝေတဗ္ဗော စတုဗ္ဗိဓော ၌ စတုဗ္ဗိဓအရကား သောတာပတ္တိမဂ် စသော ၄-ပါး သောမဂ်ဉာဏ်ကိုရပါသည်။

http://www.dhammadownload.com

ဝိသုဒ္ဓိ ၇-ပါး မူလ, ဘူတ, သီသ ဝိသုဒ္ဓိခွဲပုံ

ဝိသုဒ္ဓိ ၇-ပါးတို့တွင် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ၂-ပါးသည် (ဉာဏဒဿန ဝိသုဒ္ဓိ၏တည်ရာအရင်းမူလဖြစ်သောကြောင့်) မူလဝိသုဒ္ဓိမည်ပါသည်။ (မူလဘူတဝိသုဒ္ဓိဟုလည်းခေါ်သည်)။

ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ၄-ပါးသည် (မင်္ဂတည်းဟူသောဉာဏဒဿနဝိသုဒ္ဓိဖြစ်ရန် နီးစွာသော အကြောင်းရင်းဖြစ်၍ ကိုယ်သဖွယ်ဖြစ်သောကြောင့်) သရီရဝိသုဒ္ဓိမည်ပါသည်။ (သရီရဘူတ ဝိသုဒ္ဓိဟုလည်းခေါ်သည်။)

ဉာဏဒဿနဝိသုဒ္ဓိသည် (ဦးခေါင်းပမာဖြစ်သောကြောင့်) သီလဝိသုဒ္ဓိမည်ပါသည်။

ဝိသုဒ္ဓိ ၇-ပါးနှင့်ဉာဏ်စဉ် ၁၀ ပါး တွဲစပ်ပုံ

ဝိသုဒ္ဓိ ၇-ပါးနှင့်ဉာဏ်စဉ် ၁၀-ပါးတွဲစပ်ပုံကား -

သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိကင်္ခါဝိတရဏဝိသုဒ္ဓိ ၄-ပါးတို့၌ တောဘူမကသင်္ခါရရုပ်၊ နာမ်တရားတို့ကို လက္ခဏာယာဉ် ၃ပါးတင်၍မရှုမှတ်ရသေးသောကြောင့် သမ္မသနဉာဏ် မဖြစ်သေးပါ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်း တစ်စိတ် ဖြစ်ပါသည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းတစ်စိတ်နှင့် ဘင်္ဂဉာဏ် ဘယဉာဏ်အာဒီနဝဉာဏ်၊နိဗ္ဗိဒါဉာဏ်၊မုစ္စိတုကမျတာဉာဏ်၊ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်၊အနုလောမဉာဏ် တို့ဖြစ်ပါသည်။

ဉာဏဒဿနဝိသုဒ္ဓိ၌ နိဗ္ဗာန်ကိုအာရုံပြုသည်ဖြစ်၍ တောဘူမကသင်္ခါရတရားတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှတ်ဖွယ်မလိုသောကြောင့် ဝိပဿနာဉာဏ်မဖြစ်တော့ပါ။

ဤကား ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ် ၁၀ပါး တွဲစပ်ပုံဝတ္ထုပြီး။

http://www.dhammadownload.com

ဆောင်ပုဒ်လင်္ကာ

ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ် ၁၀ ပါးတွဲစပ်ပုံပြဆောင်ပုဒ်လင်္ကာကား-

၁။ သီ စိတ် ဒိဋ္ဌ ကင်၊ ဤလေးအင်၊ ဉာဏ်စဉ် မဆိုင်သင့်။

၂။ မဂ္ဂါမဂ္ဂ၊ စခန်းကျလျှင်၊ သမ္မသန၊ ဉာဏ်အစနှင့်၊ ဥဒယဗ္ဗယ်၊ ရှေ့ပိုင်းဉာဏ် အမှန်ပါသဖြင့်။

၃။ ပဋိပဒ၊ စခန်းကျသော်၊ ဥဒယလွှင်း၊ နောက်အပိုင်းမှ၊ စ၍နုလုံ၊ တိုင်အောင်ခြုံ၊ ဉာဏ်ကုန် ၉-ပါးဆင့်။ ဖြစ်ပါသည်။ (အခြေပြုသဂြိုဟ်-နှာ-၆၀၄)

ဝိသုဒ္ဓိဘေဒပြီးပါပြီ။

----------×----------

ဝိမောက္ခဘေဒ

ဝိမောက္ခအဓိပ္ပါယ်

"ပဋိပက္ခတော ဝိမုစ္စတီတိ ဝိမောက္ခော" ဟူသောဝစနတ္ထနှင့်အညီ ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာတို့မှ လွတ်မြောက်တတ်သောကြောင့် မဂ်သည်ဝိမောက္ခမည်ပါသည်။ မှတ်ချက်။ ။"ဆန့်ကျင်ဘက်ဖြစ်သောကိလေသာတို့မှ လွတ်မြောက်ပြီ" ဟူသော အထက်ပါဝစနတ္ထအရ ဖိုလ်သည်လည်း ဝိမောက္ခမည်နိုင်သည်ဟုမှတ်ပါ။ သို့သော် ဤ၌ ဝိမောက္ခ ဟူသည် မဂ်သာလိုရင်းတည်း။

ဝိမောက္ခမုခအဓိပ္ပါယ်

မဂ်ဟူသော ဝိမောက္ခသို့ ဝင်ရောက်ရာတံခါးအပေါက်ဝသဖွယ်ဖြစ်သောကြောင့် (သခ်ါရ ပေက္ခာဉာဏ်၏ နောက်ဆုံးအပိုင်းနှင့် အနုလောမဉာဏ်ဟုဆိုအပ်သော) ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဝိမောက္ခမုခမည်ပါသည်။

မှတ်ချက်။ ။ သခ်ါရပေက္ခာဉာဏ်ကို ရှေ့ပိုင်း,အလယ်ပိုင်း,မဂ္ဂဝီထိနှင့် ဆက်သွယ်နေသော နောက်ဆုံးအပိုင်းဟု ၃-ပိုင်းခွဲရာတွင် ရှေ့ပိုင်း,အလယ်ပိုင်းတို့သည် ဝုဋ္ဌာနဂါမိနီဝိပဿနာနှင့် သက်ဆိုင်ခြင်းမရှိပါ။ မနောဒွါရာဝဇ္ဇန်းဖြစ်ပြီးနောက် ဇော(၇)ကြိမ်

http://www.dhammadownload.com

ဟူသော သခ်ါရုပေကွာဉာဏ်ဖြစ်ပြီးလျှင် ဘဝင်အနည်းငယ်ခြား၍ ဘဝင်္ဂစလန ဘဝဂုံပဇ္ဇော မနောဒွါရာဝဇ္ဇန်းတို့ဖြစ်ပြီးနောက် ပရိကမ်,ဥပစာ,အနုလုံဟုအနုလောမဉာဏ်ဖြစ်၏၊ ထိုအနုလောမဉာဏ်နှင့် ဆက်စပ်လျက်ကပ်နေသော သခ်ါရုပေကွာဉာဏ်နောက်ဆုံးအဝိုင်းနှင့် အနုလောမဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်လေသည်။ (သင်္ကြိုဟ်ဘာသာဋီကာ) သတိပြုရန်။ ။ဝိမောက္ခဘေဒ ကိုသင်ကြားပို့ချရာ၌ ဝိပဿနာကမ္မဋ္ဌာန်းနည်း အစ "သိဒ္ဓယ်ရာများ" တွင်ပါဝင်သည့် အနုပဿနာ ၃-ပါး, ဝိမောက္ခ ၃-ပါး, ဝိမောက္ခမုခ ၃-ပါးတို့၏ သဘောအဓိပ္ပါယ်များကို ပြန်လည်ရှင်းလင်းပြောပြပြီး သင်ကြားမှသာလျှင် ပို၍နားလည်မည်ဖြစ်ပါသည်။

အနုတ္တာနုပဿနာ၏ သုညတဝိမောက္ခမုခအမည်ရပုံ

အနုပဿနာဉာဏ် ၃-မျိုးတို့တွင်-

ရုပ်နာမ်ခမ္မသခ်ါရတရားတို့၌ ငါ၏ကိုယ်ဟုမြဲမြံစွာနှလုံးသွင်းခြင်းကို စွန့်တတ်သော အနုတ္တာနုပဿနာဉာဏ်သည် (၀ါ-အနုတ္တဟု အဖန်ဖန်ရှုတတ်သော အနုတ္တာနုပဿနာဉာဏ်သည်)(ရုပ်နာမ်ခမ္မသခ်ါရတရားတို့၌-ငါ၏ကိုယ်ဟု မြဲမြံစွာနှလုံးသွင်းခြင်းကို စွန့်နိုင်သောကြောင့်)သုညတာနုပဿနာမည်သော ဝိမောက္ခမုခ ဖြစ်ပါသည်။

သာဓကကား ။ ။ တတ္ထအနုတ္တာအနုပဿနာ-(ပ)ဝိမောက္ခမုခံဟောတိ-ဖြစ်ပါသည်။

အနိစ္စာနုပဿနာ၏ အနိမိတ္တဝိမောက္ခမုခအမည်ရပုံ

ရုပ်နာမ်ခမ္မသခ်ါရတရားတို့၌ ဝိပလ္လာသနိမိတ်ကို စွန့်တတ်သော အနိစ္စာနုပဿနာဉာဏ်သည် (အနိစ္စဟုအဖန်ဖန်ရှုတတ်သော အနိစ္စာနုပဿနာဉာဏ်သည်)(အမြဲမရှိခြင်း၌အမြဲရှိ၏ဟု ဖောက်ပြန်၍မှတ်ထင်သော သညာဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ, စိတ္တဝိပလ္လာသဟုဆိုအပ်သော ဝိပလ္လာသနိမိတ်ကို စွန့်နိုင်သောကြောင့်)အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခဖြစ်ပါသည်။

သာဓကကား ။ ။ အနိစ္စာနုပဿနာ (ပ) ဝိမောက္ခမုခံ ဟောတိ-ဖြစ်ပါသည်။

http://www.dhammadownload.com

ဒုက္ခာနုပဿနာ၏အပွဏိဟိတဝိမောက္ခမုခအမည်ရပုံ

ရုပ်နာမ်ခမ္မ သခ်ါရတရားတို့၌ တဏှာတည်းဟူသော တောင့်တခြင်းကို စွန့်တတ်သောဒုက္ခာနုပဿနာဉာဏ်သည် (ဝါ-ဒုက္ခဟုအဖန်ဖန်ရှုတတ်သော ဒုက္ခာနုပဿနာဉာဏ်သည်) (ကာမ,ရူပ,အရူပဘဝတို့၌ တဲပ်နှစ်သက်တတ်သော တဏှာတည်းဟူသော တောင့်တခြင်းကို စွန့်နိုင်သောကြောင့်)အပွဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ ဖြစ်ပါသည်။

သာဓကကား ။　　။ ဒုက္ခာနုပဿနာ (ပ) ဝိမောက္ခမုခံ ဟောတိ-ဖြစ်ပါသည်။

မဂ်၏သုညတဝိမောက္ခစသည်အမည်ရပုံကိုပြသောသင်္ဂဟပါဠိများ

"တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနိဝိပဿနာ (ပ)တိဏ္ဏံ နာမာနံ လဘတိဟူသော သင်္ဂဟပါဠိတို့သည်- ဝိပဿနာနှင့်စပ်၍ မဂ်၏သုညတဝိမောက္ခစသောအမည် ၃-မျိုးရပုံကို ပြသောပါဠိတို့မည်ပါသည်။

ထိုပါဠိတို့တွင် တသ္မာ ယဒိ (ပ) ဟောတိ မဂ္ဂေါ-ဟူသောသင်္ဂဟပါဠိသည် မဂ်၏ သုညတဝိမောက္ခအမည်ရပုံကိုပြသောပါဠိမည်ပါသည်။

ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တောဝိမောက္ခော-နာမ ဟူသောသင်္ဂဟပါဠိသည် မဂ်၏အနိမိတ္တဝိမောက္ခအမည်ရပုံကိုပြသော ပါဠိမည်ပါသည်။

ယဒိ ဒုက္ခတော ဝိပဿတိ၊အပွဏိဟိတောဝိမောက္ခော-နာမ ဟူသောသင်္ဂဟပါဠိသည်မဂ်၏ အပွဏိဟိတဝိမောက္ခ အမည်ရပုံကိုပြသောပါဠိမည်ပါသည်။

တထာ ဖလဋ္ဌမဂ္ဂါဂမနဝေန မဂ္ဂဝီထိယံ ဟူသောသင်္ဂဟပါဠိသည် မဂ္ဂဝီထိ၌ ပါသော ဖိုလ်၏သုညတဝိမောက္ခ စသောအမည် ၃-မျိုးရပုံကိုပြသောပါဠိမည်ပါသည်။

ဖလသမာပတ္တိဝီထိယံပန (ပ)သုညတဝိမောက္ခောတိစ ပဝုစ္စတိ ဟူသောသင်္ဂဟပါဠိသည်။

http://www.dhammadownload.com

ဖလသမာပတ္တိဝိထိဒ္ဓါပါသော ဖိုလ်၏သုညတဝိမောက္ခစသောအမည် ၃-မျိုးရပုံကိုပြသောပါဠိမည်ပါသည်။

"အာရမ္မဏဝဝသေန ပန သရသဝသေနစ နာမတ္တယံ သဗ္ဗတ္တ သဗ္ဗေသမ္ပိ သမမေဝစ" ဟူသောသင်္ဂဟပါဠိသည် မဂ္ဂဝိထိ ဖလသမာပတ္တိဝိထိတို့ဒ္ဓ မဂ်,ဖိုလ်တို့၏ အာရမ္မဏ,သရသအားဖြင့် အမည် ၃-မျိုးရပုံကိုပြသောသင်္ဂဟပါဠိမည်ပါသည်။

လောကုတ္တရာမဂ်သုညတဝိမောက္ခအမည်ရပုံ

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် (ရုပ်နာမ်ဓမ္မသခ်ါရတရားတစ်ခုခုကို) အနတ္တဟု ရှုသည်ရှိသော် (ဝါ)အနတ္တဟုရှုသည်ဖြစ်၍ သုညတဝိမောက္ခအမည်ရခဲ့သည်ရှိသော် လောကုတ္တရာမဂ်သည်လည်း သုညတဝိမောက္ခဟူသောအမည်ကိုရပါသည်။

သာဓကကား ။ ။တသွာ,ယဒိ(ပ) ဟောတိမဂ္ဂေါဖြစ်ပါသည်။

လောကုတ္တရာမဂ်အနိမိတ္တဝိမောက္ခအမည်ရပုံ

ဝုဋ္ဌာနဂါမိနီဝိပဿနာသည်(ရုပ်နာမ်ဓမ္မသခ်ါရတရားတစ်ခုခုကို) အနိစ္စဟု ရှုသည်ရှိသော်(ဝါ)အနိစ္စဟုရှုသည်ဖြစ်၍ အနိမိတ္တဝိမောက္ခအမည်ရခဲ့သည်ရှိသော် လောကုတ္တရာမဂ်သည်လည်း အနိမိတ္တဝိမောက္ခဟူသောအမည်ကိုရပါသည်။

သာဓကကား ။ ။ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ ဖြစ်ပါသည်။

လောကုတ္တရာမဂ်အပ္ပဏိဟိတဝိမောက္ခအမည်ရပုံ

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် (ရုပ်နာမ်-ဓမ္မသခ်ါရတရားတစ်ခုခုကို)ဒုက္ခဟုရှုသည်ရှိသော် (ဝါ)ဒုက္ခဟုရှုသည်ဖြစ်၍ အပ္ပဏိဟိတဝိမောက္ခအမည်ရခဲ့သည်ရှိသော် လောကုတ္တရာမဂ်သည်လည်း အပ္ပဏိဟိတဝိမောက္ခဟူသော အမည်ကိုရပါသည်။

သာဓကကား ။ ။ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခောနာမ ဖြစ်ပါသည်။

http://www.dhammadownload.com

လောကုတ္တရာ-မဂ်-၏ ဝိပဿနာဂမနအစွမ်းဖြင့် သုညတ စသောဝိမောက္ခ ၃-မျိုးအမည်ရပုံ

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ရုပ်နာမ်-ဓမ္မသခ်ါရတရားတစ်ခုခုကို-

၁။ အနတ္တဟု ရှုသည်ရှိသော် လောကုတ္တရာမဂ်သည် သုညတဝိမောက္ခ ဟူသောအမည်ကိုရပါသည်။

၂။ အနိစ္စဟု ရှုသည်ရှိသော် လောကုတ္တရာမဂ်သည် အနိမိတ္တဝိမောက္ခ ဟူသောအမည်ကိုရပါသည်။

၃။ ဒုက္ခဟု ရှုသည်ရှိသော် လောကုတ္တရာမဂ်သည် အပ္ပဏိဟိတဝိမောက္ခ ဟူသောအမည်ကိုရပါသည်။

ဤသို့လျှင် လောကုတ္တရာမဂ်သည် ဝိပဿနာဂမန၏အစွမ်းဖြင့် သုညတ ဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ အမည် ၃-ပါးကိုရပါသည်။

မဂ္ဂဝီထိ၌ပါသော ဖိုလ်၏မဂ္ဂါဂမန၏အစွမ်းဖြင့် သုညတဝိမောက္ခစသောအမည် ၃-ပါးရပုံ

မဂ္ဂဝီထိ၌ပါသော ၂-ကြိမ် ၃-ကြိမ်ကျသောဖိုလ်သည်လည်း မဂ္ဂါဂမန၏အစွမ်းဖြင့် (ဝါ)မဂ်တည်းဟူသော ရောက်ကြောင်း၏အစွမ်းဖြင့် သုညတဝိမောက္ခ,အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ,အမည် ၃-ပါးတို့ကိုရပါသည်။

ရပုံကား - လောကုတ္တရာမဂ်သည် သုညတဝိမောက္ခမည်ငြားအံ့၊ မဂ္ဂါနန္တရဖိုလ်သည်လည်း (ဝါ) မဂ်နောင်ဖြစ်သော ဖိုလ်သည်လည်းသုညတဝိမောက္ခ မည်ပါသည်။

လောကုတ္တရာမဂ်သည် အနိမိတ္တဝိမောက္ခမည်ငြားအံ့၊ မဂ္ဂါနန္တရဖိုလ်သည်လည်း (ဝါ) မဂ်နောင်ဖြစ်သော ဖိုလ်သည်လည်းအနိမိတ္တ ဝိမောက္ခ မည်ပါသည်။

လောကုတ္တရာမဂ်သည် အပ္ပဏိဟိတ ဝိမောက္ခမည်ငြားအံ့၊ မဂ္ဂါနန္တရဖိုလ်သည်လည်း (ဝါ) မဂ်နောင်ဖြစ်သော ဖိုလ်သည်လည်း အပ္ပဏိဟိတဝိမောက္ခမည်ပါသည်။

ဤသို့လျှင် မဂ္ဂဝီထိ၌ပါသော ဖိုလ်စိတ်သည် မဂ္ဂါဂမန၏အစွမ်းဖြင့် သုညတ ဝိမောက္ခစသော ဝိမောက္ခအမည် ၃-ပါးကိုရပါသည်။

သာဓကကား ။　　။တထာ ဖလဋ္ဌ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ ဖြစ်ပါသည်။

http://www.dhammadownload.com

ဖလသမာပတ္တိဝိထိဠ်ပါသောဖိုလ်၏ ဝိပဿနာဂမနဓ၏ အစွမ်းဖြင့် သုညတဝိမောက္ခ စသောအမည်၃-ပါးရပုံ

ဖလသမာပတ္တိဝိထိဠ် ပါသော(ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝိပဿနာရှုကုန်သော ဖလဋ္ဌန်ပုဂ္ဂိုလ် ၄-ယောက်တို့အား ဖြစ်သော ရအပ်သော မဂ်တည်းဟူသော မိမိဥစ္စာ၏အကျိုး ဖြစ်သော)ဖိုလ်သည် ဝိပဿနာဂမနဓ၏အစွမ်းဖြင့်သာလျှင် (၀၀) ဝိပဿနာ တည်းဟူသောရောက်ကြောင်း၏အစွမ်းဖြင့် သာလျှင်၊သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ ဟူသောအမည် ၃-ပါး တို့ကိုရပါသည်။

ရပုံကား - (ဖလသမာပတ်ဝင်စားခါနီး၌ ရုပ် နာမ် ဓမ္မ သခါရတရားတစ်ခုခုကို အနိစ္စ,ဒုက္ခ,အနတ္တ,ဟုဝိပဿနာရှုရသေးသောကြောင့်-) ဖိုလ်၏ရှေ့ အနီးကပ်ဖြစ်သော ဝိပဿနာသည် သုညတဝိမောက္ခမုခဖြစ်သည်ရှိသော် ဖိုလ်သည်လည်း သုညတဝိမောက္ခ ဟူသောအမည်ကိုရပါသည်။

ဖိုလ်၏ရှေ့အနီးကပ်ဖြစ်သော ဝိပဿနာသည် အနိမိတ္တဝိမောက္ခမုခဖြစ်သည်ရှိသော် ဖိုလ်သည်လည်း အနိမိတ္တ ဝိမောက္ခ ဟူသောအမည်ကိုရပါသည်။

ဖိုလ်၏ရှေ့အနီးကပ်ဖြစ်သော ဝိပဿနာသည် အပ္ပဏိဟိတ ဝိမောက္ခမုခဖြစ်သည် ရှိသော် ဖိုလ်သည်လည်း အပ္ပဏိဟိတဝိမောက္ခဟူသောအမည်ကိုရပါသည်။

ဤသို့လျှင် ဖလသမာပတ္တိဝိထိဠ်ပါသော ဖိုလ်သည် ဝိပဿနာဂမနဓ၏အစွမ်းဖြင့် သုညတဝိမောက္ခစသော ဝိမောက္ခအမည် ၃-ပါးကိုရပါသည်။

သာဓကကား ။ ။ ဖလသမာပတ္တိဝိထိယံ (ပ) သုညတာဒိ ဝိမောက္ခာတိစ ပဝုစ္စတိ ဖြစ်ပါသည်။

မှာထားချက် ။ ။ ဖလသမာပတ္တိဝိထိဠ်ပါသောဖိုလ်၏ ဝိပဿနာဂမန ၏အစွမ်းဖြင့် ဝိမောက္ခအမည်၃-ပါးရပုံကိုသင်္ကြိုဟ် ပါဠိနှင့် အနက်ကိုကြည့်၍ သဘောမပေါက်ပါလျှင်ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးအရှင်ဓနကာဘိဝံသ၏အခြေခြပြုသင်္ကြိုဟ်နှင့် သင်္ကြိုဟ် ဘာသာ ဋီကာကျမ်းတို့ကိုကြည့်ရှု လေ့လာရန်ဖြစ်ပါသည်။

http://www.dhammadownload.com

မဂ်ဖိုလ်တို့၏သုညတစသောဝိမောက္ခ အမည်ရပုံခြင်း တူမျှပုံ

မဂ္ဂဝိထိ ဖလသမာပတ္တိဝိထိတို့၌ပါသော မဂ်, ဖိုလ်တို့အား သုညတဝိမောက္ခ,အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ,တည်းဟူသော အမည် ၃-ပါးအပေါင်းတို့ကိုရခြင်းသည် နိဗ္ဗာန်အာရုံဟူသော အာရမ္မဏ၏အစွမ်းဖြင့်၄င်း၊ မိမိ၏ဂုဏ်သဘောဟူသော သရသအစွမ်း ဖြင့်၄င်း၊ တူမျှကြပါသည်။ (ဤကားအကျဉ်းဆိုရိုး)

တစ်နည်း။　။အလုံးစုံသော မဂ္ဂဝိထိ ဖလသမာပတ္တိ ဝိထိတို့၌ပါသော အလုံးစုံသော မဂ်,ဖိုလ် တို့အား သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ တည်းဟူသော အမည် ၃-ပါးအပေါင်းကိုရခြင်းသည် -

ခပ်သိမ်းသော သင်္ခါရတို့မှ ဆိတ်သည်၏အဖြစ်ကြောင့် သုညတအမည် ရှိသောနိဗ္ဗာန်, သင်္ခါရနိမိတ်မှ ကင်းသည်၏ အဖြစ်ကြောင့်အနိမိတ္တ အမည်ရှိသော နိဗ္ဗာန်၊ တဏှာဟူသော ပဏိဓိမှ ကင်းသည်၏အဖြစ်ကြောင့် အပ္ပဏိဟိတအမည် ရှိသောနိဗ္ဗာန်တည်းဟူသောအာရုံ၏ အစွမ်းဖြင့်၄င်း။

ရာဂအစရှိသည်မှ ဆိတ်ခြင်းကြောင့်သုညတ၊ ရူပနိမိတ်အစရှိသောအာရုံမှ ကင်းခြင်း ကြောင့်အနိမိတ္တ၊ ကိလေသာဟူသော တောင့်တခြင်း ကင်းခြင်းကြောင့် အပ္ပဏိဟိတ တည်းဟူသော မိမိဂုဏ်၏ အစွမ်းဖြင့်၄င်း။

တူမျှကြပါသည်။ (ဤကားအကျယ်ဆိုရိုး)

သာဓကကား။　။ အာရမ္မဏဝသေန (ပ) သမမေဝစဖြစ်ပါသည်။

မဂ်, ဖိုလ်, တို့ နိဗ္ဗာန်အာရုံအစွမ်းဖြင့် ဝိမောက္ခအမည် ၃-ပါးရပုံ

"လောကုတ္တရာစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ" အရ-မဂ်စိတ် ဖိုလ်စိတ်တို့သည် နိဗ္ဗာန်တည်းဟူသော အာရုံကို အာရုံပြုကြပါသည်။

ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်သည် ခပ်သိမ်းသော သင်္ခါရတို့မှ ကင်းဆိတ် သည်၏အဖြစ်ကြောင့် သုညတ၊သင်္ခါရနိမိတ်မှကင်းသည်၏အဖြစ်ကြောင့်အနိမိတ္တ၊

http://www.dhammadownload.com

တဏှာဟူသော ပဏီဓိမှကင်းသည်၏အဖြစ်ကြောင့် အပွဏိဟိတဟူသောအမည်တို့ ရခဲ့လေသောကြောင့်-

နိဗ္ဗာန်ကိုအာရုံပြုသော မဂ်, ဖိုလ်တို့သည်လည်း ထိုသုညတ, အနိမိတ္တ, အပွဏိဟိတ အမည်ရသော နိဗ္ဗာန်အာရုံ၏အစွမ်းဖြင့် သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပွဏိဟိတဝိမောက္ခ ဟူသောအမည် ၃-ပါးကို တစ်ပြိုင်နက်တည်းရကြပါသည်။

မဂ်,ဖိုလ်,တို့ မိမိ၏ဂုဏ်အစွမ်းဖြင့်ဝိမောက္ခ အမည် ၃-ပါးရပုံ

မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိတို့၌ပါသော မဂ်ဖိုလ်တို့သည်-

ရာဂအစရှိသည်မှ ကင်းဆိတ်ခြင်းကြောင့်သုညတ၊ ရူပနိမိတ် အစရှိသော အာရုံမှ ကင်းခြင်းကြောင့် အနိမိတ္တ၊ ကိလေသာဟူသောတောင့်တခြင်းကင်းခြင်းကြောင့်၊ အပွဏိဟိတတည်းဟူသော မိမိ၏ဂုဏ်အစွမ်းဖြင့် သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပွဏိဟိတဝိမောက္ခ,ဟူသော အမည် ၃-ပါးကိုတပြိုင်နက်တည်းရကြပါသည်။

မဂ်, ဖိုလ်,တို့ဝိမောက္ခ ၃-ပါးအမည်ရပုံ နည်းမျိုးစုံအကြောင်းများ

လောကုတ္တရာ မဂ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရဏတို့၏ အစွမ်းဖြင့် (၀၂) ဝိပဿနာတည်းဟူသောရောက်ကြောင်း၏အစွမ်း, နိဗ္ဗာန်တည်းဟူသော အာရုံ၏အစွမ်း, မိမိ၏ဂုဏ်အစွမ်းတို့ဖြင့် သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပွဏိဟိတဝိမောက္ခ, ဟူသောအမည် ၃-ပါးကိုရပါသည်။

မဂ္ဂဝီထိ၌ပါသော ဖိုလ်သည်၊ မဂ္ဂါဂမန, အာရမ္မဏ, သရဏ တို့၏အစွမ်းဖြင့် (၀၂) မဂ်တည်းဟူသောရောက်ကြောင်း၏အစွမ်း, နိဗ္ဗာန်တည်းဟူသောရောက်ကြောင်း၏ အစွမ်း, မိမိ၏ဂုဏ်အစွမ်းတို့ဖြင့် သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပွဏိဟိတ ဝိမောက္ခ, ဟူသောအမည် ၃-ပါးကိုရပါသည်။

ဖလသမာပတ္တိဝီထိ၌ပါသော ဖိုလ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရဏ တို့၏အစွမ်းဖြင့် (၀၂) ဝိပဿနာတည်းဟူသောရောက်ကြောင်း၏အစွမ်း, နိဗ္ဗာန်တည်းဟူ

http://www.dhammadownload.com

သော အာရုံ၏အစွမ်း, မိမိ၏ဂုဏ်အစွမ်းတို့ဖြင့် သည်တဝိမောက္ခ, အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ, ဟူသော အမည် ၃-ပါးကိုရပါသည်။

မှတ်ချက် ။　။ အထက်ဖော်ပြပါ-အရ "မဂ္ဂဝီထိ၌ပါသော ဖိုလ်နှင့် ဖလသမာပတ္တိဝီထိ၌ပါသောဖိုလ်တို့၏ သည်တ စသော ဝိမောက္ခ ၃-ပါးအမည်ရပုံခြားနားချက်ကိုရေးပါ ဟုစာမေး ပွဲမေးခွန်း၌ မေးခဲ့လျှင် ဖြေတတ်ပါစေ။

မဂ်,ဖိုလ်,တို့၏သည်တ စသော ဝိမောက္ခ ၃-ပါးအမည်ရပုံ အကြောင်းများကို မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိမခွဲခြားပဲ သာမာန် အနေအားဖြင့် ပေါင်း၍ရေတွက်လျှင်-

မဂ်သည် ဝိပဿနာဂမန,အာရမ္မဏ,သရဏ,ဟူသောအကြောင်း ၃-ပါး (အစွမ်း -ပါး)ဖြင့်၄င်း၊

ဖိုလ်သည် မဂ္ဂါဂမန, ဝိပဿနာဂမန,အာရမ္မဏ,သရဏ, ဟူသော အကြောင်း ၄-ပါး(အစွမ်း၄-ပါး)ဖြင့်၄င်း၊သည်တဝိမောက္ခ, အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ အမည် ၃-ပါးကိုရကြသည်ဟု မှတ်ပါလေ။ စာမေးပွဲ၌မေးလာလျှင်လည်းဖြေ တတ်ပါစေ။

ဝိပဿနာဂမန အဓိပ္ပါယ်

သခ်ါရပေက္ခာဉာဏ်၏ နောက်ဆုံးအဝိုင်းနှင့် အနုလောမဉာဏ် ဟုဆိုအပ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် မဂ္ဂဝီထိ၌ မဂ်စိတ်ဖြစ်ပေါ်လာရခြင်း၏အကြောင်းဖြစ်သော ကြောင့်၄င်း၊ ဖလသမာပတ္တိဝီထိ၌ ဖိုလ်စိတ်ဖြစ်ပေါ်လာရခြင်း၏အကြောင်း ဖြစ်သောကြောင့် ၄င်း "ဝိပဿနာဂမန" မည်ပါသည်။

မဂ္ဂါဂမနအဓိပ္ပါယ်

မဂ္ဂဝီထိ၌ပါသော ၂-ကြိမ်၊ ၃-ကြိမ်သော ဖိုလ်စိတ်တို့၏ရှေ့၌ဖြစ်သော မဂ်သည် ဖိုလ်စိတ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဖြစ်သောကြောင့် "မဂ္ဂါဂမန" မည်ပါသည်။

ဝိမောက္ခဘေဒပြီးပါပြီ

*:*******

http://www.dhammadownload.com

ပုဂ္ဂလဘေဒ

မဂ်ပယ်စဉ်နှင့်လားရာဂတိများစသည်ပြ သင်္ဂဟပါဠို

ဇေတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတ္တာ(ပ)လောကေ အဂ္ဂဒက္ခိဏေယျော-ဟူသော သင်္ဂဟပါဠိတို့သည် "မဂ်ပယ်စဉ်နှင့် လားရာဂတိများ"ကိုပြသောသင်္ဂဟပါဠိမည်ပါသည်။ အရိယာပုဂ္ဂိုလ်အပြားနှင့် သောတာပန်စသည်မည်ပုံကို ပြသောသင်္ဂဟပါဠိတို့လည်းမည်ပါသည်။

ထိုပါဠိတို့တွင်-ဇေတ္ထ ပန သောတာပတ္တိ-မဂ္ဂံ(ပ)သောတာပန္နော နာမ ဟောတိ-ဟူသော သင်္ဂဟပါဠိသည် သောတာပတ္တိမဂ်ပယ်သောကိလေသာနှင့် သောတာပန်မည်ပုံ အဓိပ္ပါယ်ကို ပြသောသင်္ဂဟပါဠိမည်ပါသည်။

သကဒါဂါမိ မဂ္ဂံ ဘာဝေတ္တာ(ပ)အာဂန္တ္တာ-ဟူသောသင်္ဂဟပါဠိသည် သကဒါဂါမိမဂ်ခေါင်းပါးအောင်ပြုသော ကိလေသာနှင့်သကဒါဂါမ်မည်ပုံ အဓိပ္ပါယ်ကိုပြသော သင်္ဂဟပါဠိမည်ပါသည်။

အနာဂါမိမဂ္ဂံ ဘာဝေတ္တာ(ပ)ဣဒ္ဓတ္တတ္တံ-ဟူသောသင်္ဂဟပါဠိသည် အနာဂါမိမဂ်ပယ်သော ကိလေသာနှင့် အနာဂါမ်မည်ပုံကိုပြသော-သင်္ဂဟပါဠိမည်ပါသည်။

အရဟတ္တမဂ္ဂံ · ဘာဝေတ္တာ(ပ)အဂ္ဂဒက္ခိဏာယျော-ဟူသောသင်္ဂဟပါဠိသည် အရဟတ္တမဂ်ပယ်သောကိလေသာနှင့် ရဟန္တာမည်ပုံ အဓိပ္ပါယ်ကို ပြသောသင်္ဂဟပါဠိမည်ပါသည်။

"သောတာပန်"မည်ပုံအဓိပ္ပါယ်

သောတာပတ္တိမဂ်ကို ပွားစေ၍ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုအကြွင်းမဲ့ ပယ်ခြင်းကြောင့် အပါယ်သို့သွားခြင်းကိုပယ်ပြီးသည်ဖြစ်၍ လွှဲပြည့် နတ်ပြည့် အရောအားဖြင့်ကာမသုဂတိ(၇)ဘုံ၌ ၇-ကြိမ် ပဋိသန္ဓေယူခြင်းအတိုင်းအရှည်ရှိသောပုဂ္ဂိုလ်သည် (၇-ကြိမ်ပဋိသန္ဓေနေသောပုဂ္ဂိုလ်သည်) "သောတာပန်"မည်ပါသည်။

သာဓကကား ။ ။ဇေတ္ထ ပန သောတာပတ္တိမဂ္ဂံ(ပ)သောတာပန္နော နာမ ဟောတိ ဖြစ်ပါသည်။

http://www.dhammadownload.com

သောတာပန် ၃-မျိုး

သောတာပန်သည်-

၁။ ဧကဗီဇီ သောတာပန်

၂။ ကောလံ ကောလ သောတာပန်

၃။ သတ္တက္ခတ္တုပရမ သောတာပန်

အားဖြင့် ၃-မျိုးရှိပါသည်။

ထို ၃-မျိုးတို့တွင်-ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ တစ်ကြိမ်သာရှိသော သောတာပန်သည် ဧကဗီဇီသောတာပန်မည်ပါသည်။

အမျိုးကောင်းတစ်မျိုးမှ အမျိုးကောင်းတစ်မျိုးသို့ကူးပြောင်း၍ ကာမဘုံ၌ ၂-ကြိမ် မှ ၆-ကြိမ်တိုင်အောင် ပဋိသန္ဓေနေသော သောတာပန်ပုဂ္ဂိုလ်သည် ကောလံ ကောလ သောတာပန် မည်ပါသည်။

ကာမဘုံ၌ ၇-ကြိမ် ပဋိသန္ဓေနေပြီးလျှင် ရဟန္တာဖြစ်မည့် သောတာပန်သည် သတ္တက္ခတ္တုပရမ သောတာပန်မည်ပါသည်။

သောတာပန်ပယ်သောကိလေသာနှင့် ပယ်သောအနုသယများ

သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌိကိလေသာ,ဝိစိကိစ္ဆာကိလေသာနှင့် ဒိဋ္ဌာနုသယ,ဝိစိကိစ္ဆာနုသယတို့ကိုပယ်ပါသည်။ မှတ်ချက် ။ ။ သောတာပန်မပယ်သော ကိလေသာနှင့်မပယ်သော အနုသယများကိုငင်း၊ သောတာပန်ပယ်/မပယ်သော အာသဝ,ယောဂ,ဥပါဒါန်,ဂန္ထ,နီဝရဏ, သံယောဇဉ် စသည်တို့ကိုငင်း၊ စာမေးပွဲ၌ မေးလာခဲ့လျှင် သမ္မာညဉ်းဝိုင်း အကုသလသင်္ကဟကို ရှေ့မျှော်၍ ဖြေဆိုတတ်အောင်လေ့လာထားပါ။

သောတာပန်အကြွင်းမဲ့ပယ်သောအကုသိုလ်စိတ်

သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခုတို့ကို အကြွင်းမဲ့ပယ်ပါသည်။

http://www.dhammadownload.com

"သကဒါဂါမိမည်ပုံအဓိပ္ပါယ်"

သကဒါဂါမိမဂ်ကိုပွားစေ၍ ရာဂ ဒေါသ မောဟတို့ကို ခေါင်းပါးအောင်ပြုတတ်သည်၏အဖြစ်ကြောင့် ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ ၁-ကြိမ်သာလျှင် ပြန်လာတတ်သောကြောင့် "သကဒါဂါမိ" မည်ပါသည်။

သာဓကကား ။ ။ သကဒါဂါမိမဂ်ဉာဏ်တို့ဟာ(ပ)အာဂန္တုဖြစ်ပါသည်။

မှတ်ချက် ။ ။ သကဒါဂါမိပုဂ္ဂိုလ်သည့် ရာဂ ဒေါသ မောဟတို့ကိုခေါင်းပါးအောင်သာပြုနိုင်သည်။ မည်သည့်ကိုလေသာကိုမျှ သီးသန့်အကြွင်းမဲ့မပယ်နိုင်သေးပါ။

"သကဒါဂါမိပယ်သော မောဟ" အရကောက်

ရာဂဒေါသမောဟာနံ တနုကရဏ္ဍာ-၌မောဟ-အရကား-ရာဂဒေါသတို့နှင့်တကွဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု ဒေါသမူဒွေးတို့၌ယှဉ်သောမောဟကိုရပါသည်။ သကဒါဂါမိသည်-ယင်း ရာဂ ဒေါသတို့နှင့်တကွဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု- ဒေါသမူဒွေးတို့၌ယှဉ်သော မောဟကိုတနုကရအားဖြင့်ပယ်ပါသည်။

"အနာဂါမိမည်ပုံ"-အဓိပ္ပါယ်

အနာဂါမိမဂ်ကိုပွားစေ၍ ကာမရာဂ ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်းဖြင့် ဤကာမဘုံသို့-ပဋိသန္ဓေနေသောအားဖြင့် ပြန်မလာခြင်းကြောင့် အနာဂါမိမည်ပါသည်။

သာဓကကား ။ ။ အနာဂါမိမဂ်ဉာဏ်တို့ဟာ(ပ)ဣတ္ထတ္တဲ့-ဖြစ်ပါသည်။

မှတ်ချက် ။ ။ ကာမဂုဏ် ၅-ပါးဌ် တပ်မက်သောတဏှာကို ကာမရာဂဟုခေါ်၍ ဒေါသ ကိလေသာကို ဗျာပါဒဟုခေါ်သည်။ အနာဂါမိပုဂ္ဂိုလ်သည် ယင်းကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် ကာမဂုဏ်ခံစားခြင်းလည်းမရှိ၊ ဒေါသထွက်ခြင်း,စိတ်ဆိုးခြင်းလည်းမရှိတော့ပါ။

အနာဂါမိအကြွင်းမဲ့ပယ်သောအကုသိုလ်စိတ်

အနာဂါမိပုဂ္ဂိုလ်သည် ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုနှင့် ဒေါသမူဒွေး တို့ကိုအကြွင်းမဲ့ပယ်ပါသည်။

http://www.dhammadownload.com

အနာဂါမ်ပဋိသန္ဓေမနေသောဘုံဌာန

အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂကိုသာ အကြွင်းမဲ့ပယ်နိုင်၍ ရူပရာဂ အရူပရာဂတို့ကို မပယ်နိုင်သေးသောကြောင့် အနာဂန္တာ ဣတ္ထတ္တံ-အရ အနာဂါမ်ပုဂ္ဂိုလ် ပဋိသန္ဓေမနေတော့သော ဘုံဌာနမှာ ကာမဘုံသာဖြစ်ပါသည်။

"ရဟန္တာမည်ပုံ" အဓိပ္ပါယ်

အရဟတ္တမဂ်ကိုပွားစေ၍ အကြွင်းမဲ့ကိလေသာ(အားလုံး)ကို ပယ်ခြင်းကြောင့် ကုန်ပြီးသော အာသဝေါရှိသော လူဘုံ၌ မြတ်သောအလှူကိုခံထိုက်သော ပုဂ္ဂိုလ်သည် "ရဟန္တာ" မည်ပါသည်။

သာဓကကား ။ ။ အရဟတ္တမဂ်ံ ဘာဝေတွာ(ပ)အဂ္ဂဒက္ခိဏေယျော ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်အကြွင်းမဲ့ပယ်သောအကုသိုလ်စိတ်

ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်များမပယ်နိုင်သော ရူပရာဂ အရူပရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု တို့ကိုအကြွင်းမဲ့ပယ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်အကြွင်းမဲ့ပယ်သော ကိလေသာနှင့်သံယောဇဉ်

ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်များမပယ်နိုင်၍ ကြွင်းကျန်နေသော ကိလေသာ (၁၀)ပါးတွင် ရူပရာဂ၊ အရူပရာဂ ဟူသောလောဘတစ်စိတ်,ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခုဥ်ယှဉ်သော မောဟတစ်စိတ်နှင့် မာန,ထိန,ဥဒ္ဓစ္စ,အဟိရိက, အနောတ္တပ္ပ ဟုဆိုအပ်သော ကိလေသာ(၇)ပါးတို့ကိုငင်း၊ သံယောဇဉ် ၉-ပါးတို့တွင် ရူပရာဂ,အရူပရာဂ,မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာ ဟုဆိုအပ်သော ဥဒ္ဓမ္ဘာဂိယသံယောဇဉ်(၅)ပါးကိုငင်း အကြွင်းမဲ့ပယ်ပါသည်။

http://www.dhammadownload.com

မဂ် ၄-ပါး ပယ်စဉ်

မဂ် ၄-ပါးတို့တွင်-

သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်ပါသည်။ သကဒါဂါမိမဂ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို ခေါင်းပါးအောင်ပြုပါသည်။

အနာဂါမိမဂ်သည် ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်ပါသည်။ အရဟတ္တမဂ်သည် အောက်မဂ်များမပယ်နိုင်၍ ကြွင်းကျန်နေသော ကိလေသာအားလုံးကို အကြွင်းမဲ့ပယ်ပါသည်။

ပုဂ္ဂလဘေဒပြီးပါပြီ

* * *

သမာပတ္တိဘေဒ

----------×----------

သမာပတ်အဓိပ္ပါယ်

(မိမိပွားများအားထုတ်သည့် တရားတစ်ခုခုသို့) ကောင်းစွာရောက်၍နေခြင်းသည် သမာပတ်မည်ပါသည်။

[သမာပတ္တိ-သံ+အာပတ္တိ၊ သံ၊ ကောင်းစွာ၊ အာပတ္တိ၊ ရောက်နေခြင်း။]

သမာပတ်အပြားနှင့်အဓိပ္ပါယ်

သမာပတ္တိဘေဒ၌ သမာပတ်သည်-

၁။ စျာနသမာပတ်

၂။ ဖလသမာပတ်

၃။ နိရောဓသမာပတ်

အားဖြင့် ၃-ပါးအပြားရှိပါသည်။

http://www.dhammadownload.com

ထို ၃-ပါးတို့တွင် ဈာန်တရားသို့ကောင်းစွာရောက်၍ ခန္ဓာကိုယ်တွင်းရှိ ဟဒယဝတ္ထု ခေါ် နှလုံးအိမ်၌ ဈာန်တရားချည်းဆက်ကာ ဆက်ကာမပြတ်ဖြစ်ပေါ်နေခြင်းသည် (ဝါ-ဈာန်ဝင်စားနေခြင်းသည်) ဈာနသမာပတ်မည်ပါသည်။

ဖိုလ်တရားသို့ ကောင်းစွာရောက်၍နေခြင်း ခန္ဓာကိုယ်တွင်းရှိ ဟဒယဝတ္ထုခေါ် နှလုံးအိမ်၌ ဖိုလ်တရားချည်း ဆက်ကာ ဆက်ကာ မပြတ်ဖြစ်ပေါ်နေခြင်းသည် (ဝါ-ဖိုလ်ဝင်စားနေခြင်းသည်) ဖလသမာပတ်မည်ပါသည်။

စိတ် စေတသိတ် စိတ္တဇရုပ်တို့၏ အခိုက်အတန့်မျှ ချုပ်ခြင်းသို့ ကောင်းစွာရောက်၍နေခြင်းသည် နိရောဓသမာပတ်မည်ပါသည်။

မှတ်ချက် ။　　။ သမာပတ်အပြား ၃-ပါးရှိသော်လည်း ဤသမာပတ္တိဘေဒ-၌ ကား-ဈာန်တရားကိုပြသောအနက်ကဏ္ဍမဟုတ်သောကြောင့် ဈာနသမာပတ်ကို မပြခြင်း ဖြစ်သည်။

ဖလသမာပတ်ဝင်စားသူတို့ မိမိဖိုလ်နှင့်သာ ဆက်ဆံပုံပြပါဦး

"ဖလသမာပတ္တိယံ ပနေတ္ထ သမ္ဘေသမွိ ယထာသက ဖလဝသေန သာဓာရဏာဝ" ဟူသော သင်္ဂဟပါဠိသည် "ဖလသမာပတ်ဝင်စားသော ပုဂ္ဂိုလ်တို့ မိမိဖိုလ်နှင့်သာ ဆက်ဆံပုံ- မိမိရသော ဖိုလ်ကိုသာ ဝင်စားနိုင်ပုံ" ကိုပြသော သင်္ဂဟပါဠိမည်ပါသည်။

ဖလသမာပတ်ဝင်စားသူတို့မိမိဖိုလ်နှင့် သာဆက်ဆံပုံ, မိမိရသော ဖိုလ်ကိုသာဝင်စားနိုင်ပုံ

ဝိပဿနာကမ္မဋ္ဌာန်းနည်း၌ ဖလသမာပတ်နိရောဓသမာဓတ်တို့တွင် ဖလသမာပတ်ကိုဝင်စားသော ခပ်သိမ်းသော ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်တို့သည် ရအပ်သော မဂ်တည်းဟူသော မိမိ၏ဥစ္စာဖြစ်သော ဖိုလ်နှင့်သာဆက်ဆံကြပါသည်။ (ဝါ-မိမိရသော ဖိုလ်ကိုသာ ဝင်စားနိုင်ကြပါသည်။)

သာဓကကား ။　　။ ဖလသမာပတ္တိယံ (ပ) သာဓာရဏာဝ ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။ မိမိ၏ဥစ္စာဖြစ်သော ဖိုလ်နှင့်သာဆက်ဆံသည်၊ မိမိရသော ဖိုလ်ကိုသာဝင်စားနိုင်သည်၊ ဆိုသည်မှာ "သောတာပန်ပုဂ္ဂိုလ်သည်သောတာပတ္တိဖိုလ်ကိုသာ, သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကိုသာ, အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကိုသာ, ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုသာ, ဝင်စားနိုင်သည်" ဟုဆိုလိုခြင်းဖြစ်သည်။ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်သာ ဖလသမာပတ်ကိုဝင်စားနိုင်သည်။

"ဖလသမာပတ်မှထခြင်း" သဘောအဓိပ္ပါယ်

ဖလသမာပတ် ဝင်စားသော ဖလဋ္ဌာန်ပုဂ္ဂိုလ်အား ဖလသမာပတ်မှမထမခြင်း ဖိုလ်စိတ်အကြိမ်များစွာ ဆက်ကာဆက်ကာ ဖြစ်နေပြီးနောက် (မည်မျှအချိန် ကြာအောင် ဝင်စားမည်ဟု) ရည်မှန်းထားသည့်အချိန်နာရီစေ့ သောအခါ၊ဖိုလ်စိတ်အစဉ်ရပ်၍ ဘဝင်စိတ် ဖြစ်ပေါ်လာပါသည်၊ ထိုကဲ့သို့ ဖိုလ်စိတ်အစဉ် ရပ်စဲခြင်းကိုပင် "ဖလသမာပတ်မှထခြင်း" ဟုခေါ်ဆိုရပါသည်။ (အခြေပြုသင်္ကြိုဟ်)

နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်

နိရောဓသမာပတ်ကို ကာမ, ရူပဘုံတို့၌တည်သော သမာပတ် ၈-ပါးနှင့်ပြည့်စုံသောအနာဂါမ်ပုဂ္ဂိုလ်နှင့်. ရဟန္တာပုဂ္ဂိုလ်တို့သာဝင်စားနိုင်ပါသည်။

သာဓကကား ။ ။ နိရောဓသမာပတ္တိသမာပန္နံ (ပ) လဇ္ဇကိုဖြစ်ပါသည်။

မှတ်ချက် ။ ။ စိတ်စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းဟုဆိုအပ်သော ချုပ်ခြင်းသို့ ကောင်းစွာရောက်၍နေခြင်းကို "နိရောဓသမာပတ်ဝင်စားသည်" ဟုခေါ်သည်။ သောတာပန်နှင့် သကဒါဂါမ် ပုဂ္ဂိုလ်များ နိရောဓသမာပတ်မဝင်စားနိုင်၊ အရူပဗြဟ္မာများလည်း အစဉ်အတိုင်း ဝင်းစာ ဘို့ရန် ပထမစျာန်စသော ရူပစျာန်များမရှိသောကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ပေ၊ သမာဓိပြည့်စုံပြီးဖြစ်သောကြောင့် အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ် များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်သည်။

http://www.dhammadownload.com

"သမာပတ်-၈-ပါး"

သမာပတ် ၈-ပါးဟူသော်ကား-

ရူပစျာန် ၅-ပါးတို့ကို စတုက္ကနည်းအားဖြင့်
၄-ပါးယူ၍ ၄-ပါး
အရူပစျာန် ၄-ပါး

အားဖြင့် သမာပတ် ၈-ပါးဖြစ်ပါသည်။

နိရောဓသမာပတ်ဝင်စားပုံအစီအစဉ်ပြ သင်္ဂဟပါဠိ

တတ္ထ ယထာဂ္ဂမံ (ပ)နေဝသညာ နာသညာယတနံ သမာပန္နဿ ဘိက္ခုနော သင်္ခါရာ နိရုဇ္ဈန္တိ၊ ဟူသော သင်္ဂဟပါဠိနှင့် တဿဒ္ဓိန္နံ အပ္ပနာဇဝနာနံ (ပ)နိရောဓသမာပန္နောနာမ ဟောတိ ဟူသော သင်္ဂဟပါဠိတို့သည် "နိရောဓသမာပတ်ဝင်စားပုံအစီအစဉ်"ကိုပြသော သင်္ဂဟပါဠိတို့မည်ပါသည်။

နိရောဓသမာပတ်ဝင်စားပုံအစီအစဉ်

နိရောဓသမာပတ်ဝင်စားလိုသော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်သည် ပထမစျာန်အစရှိသော မဟဂ္ဂုတ် သမာပတ်ကို အစဉ်အတိုင်းဝင်စား၍ ပထမစျာန်အစရှိသော မဟဂ္ဂုတ် သမာပတ်မှ ထသည်ရှိသော် ထိုပထမစျာန်အစရှိသော မဟဂ္ဂုတ်သမာပတ်၌ ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ထိုထိုသို့သော ပထမစျာန်အစရှိသော မဟဂ္ဂုတ်သမာပတ်၌သာလျှင် (ထိုထိုသို့သော ပထမစျာန်စသည်၌ ပါဝင်သောစိတ်, စေတသိက် သင်္ခါရတရားတို့ကိုသာလျှင်-အနိစ္စ ဒုက္ခ အနတ္တဟု)အသီးသီး ဝိပဿနာရှုလျှက် အာကိဉ္စညာယတနကုသိုလ်, ကြိယာစျာန်တိုင်အောင် ဝင်စား၍ ထိုအာကိဉ္စညာယတန ကုသိုလ်,ကြိယာစျာန်ကို ဝင်စားပြီးသည်မှ နောက်၌ အဓိဋ္ဌာန်ခြင်းအစရှိသော ၄-ပါးသော ပုဗ္ဗကိစ္စတို့ကိုပြုပြီး၍ နေဝသညာနာသညာယတနကုသိုလ် ကြိယာစျာန်ကို ဆက်လက်ဝင်စားရပါသည်။

ထိုနေဝသညာနာသညာယတန ကုသိုလ်၊ကြိယာ (၂)ခုတို့၏နောက်၌ စိတ်အစဉ်ပြတ်ပါသည်။ ထိုသို့ စိတ်အစဉ်ပြတ်ခြင်း,စိတ်အစဉ်ပြတ်ခြင်းကြောင့်,စိတ်,စေတသိက်,

http://www.dhammadownload.com

စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ရောက်ခြင်းကို "နိရောဓသမာပတ်ဝင်စားသည်" ဟုခေါ်ဆိုရပါသည်။

သာဓကကား ။ ။ တတ္ထယထာဏ္ဍမံ(ပ)နိရောဓသမာပန္နောနာမ ဟောတိဖြစ်ပါသည်။

နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၏
ပုဗ္ဗကိစ္စ ၄-ပါး

နိရောဓသမာပတ်ဝင်စားလိုသော ပုဂ္ဂိုလ်၏နိရောဓသမာပတ်သို့ မရောက်မီရှေ့အတို့ ၌ ပြုအပ်သော ပုဗ္ဗကိစ္စတို့သည်-

၁။ နာနာဇဒ္ဓ အဝိကောပန-
"ကိုယ်နှင့်မစပ်အသီးသီးထားအပ်သော သင်္ခါန်းစသော ပရိက္ခရာ, ကျောင်းအစရှိသည်တို့ကို မီးစသည်ဖြင့်မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန် ခြင်း။"

၂။ သံဃပဋိမာနန-
"သံဃာတို့ တောင့်တအံ့သည်ကို ဆင်ခြင်ခြင်း။"

၃။ သတ္ထုပက္ကောသန-
"ဘုရားခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း။"

၄။ အဒ္ဓါနပရိစ္ဆေဒ-
"၇-ရက်အတွင်း၌ ကမ္မဇရုပ်ကိုဖြစ်စေတတ်သော အသက်၏တည်ခြင်းကို ကြည့်ခြင်း။"

အားဖြင့် ၄-ပါးဖြစ်ပါသည်။

အာဒိ-သဒ္ဒါ၏အာဒိဝန်

တတောပရံ အဓိဋ္ဌေယျာဒိကံ၌ပါသော အာဒိသဒ္ဒါဖြင့် သံဃပဋိမာနန, သတ္ထုပက္ကောသန,အဒ္ဓါန ပရိစ္ဆေဒတို့ကိုယူရပါသည်။

http://www.dhammadownload.com

နိရောဓသမာပတ်ဝင်စားနိုင်သောအချိန်

နိရောဓသမာပတ်ဝင်စားသော အနာဂါမ်နှင့်ရဟန္တာပုဂ္ဂိုလ်တို့သည် "ထမင်းအသက် ၇-ရက်"ဟုဆိုသောကြောင့် လွှဲပြည်၌ ၇-ရက်ထက်ပိုလွန်၍ မဝင်စားနိုင်ပါ၊ နတ်ပြည်၌ကား နတ်တို့အစာ၏ အသက်နှင့် နှိုင်းချိန်၍ဝင်စားရပါသည်။

အစာအာဟာရကို မစားသောရူပဗြဟ္မာများသည် အချိန်ကြာရှည်စွာဝင်စားနိုင်ပါသည်။

ကာမဘုံနှင့်ရူပဘုံ၌ တည်ရှိသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်အားလုံးတို့သည် တခဏတာမျှလည်း ဝင်စားနိုင်ကြပါသည်။

အရူပဗြဟ္မာများသည် "အစဉ်အတိုင်းဝင်စားဘို့ရန် ရူပစျာန်မရှိသောကြောင့်" ဤနိရောဓသမာပတ်ကို မဝင်စားနိုင်ကြပါ။

နိရောဓသမာပတ်မည်ပုံပြသင်္ဂီဟပါဠိ

တသေ ဒွိန္နံ အပွနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္ထတိ၊ တတော နိရောဓသမာပန္နော နာမဟောတိ-ဟူသော သင်္ဂီဟပါဠိသည်"နိရောဓသမာပတ်မည်ပုံ အဓိပ္ပါယ်"ကိုပြသောသင်္ဂီဟပါဠိမည်ပါသည်။

"နိရောဓသမာပတ်မည်ပုံအဓိပ္ပါယ်"

နေဝသညာနသညာယတန ကုသိလ်,ကြိယာအပွနာစော ၂-ကြိမ်ဖြစ်ပြီးသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား စိတ်အစဉ်ပြတ်ခြင်း, စိတ်အစဉ်ပြတ်ခြင်းကြောင့် စိတ်စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ရောက်ခြင်းသည် "နိရောဓသမာပတ်"မည်ပါသည်။

သာဓကကား ။ ။ တသေ ဒွိန္နံ (ပ) နိရောဓသမာပန္နောနာမ ဟောတိ ဖြစ်ပါသည်။

http://www.dhammadownload.com

နိရောဓသမာပတ်မှထချိန်စိတ်ဖြစ်ပုံပြ
သင်္ဂီဟပါဠို

ဝုဋ္ဌာနကာလေပန (ပ) ပစ္ဆာဇေကွဏဉာဏဲပဝတ္တတိ-ဟူသော သင်္ဂီဟပါဠိသည် "နိရောဓသမာပတ်မှထသောအခါ စိတ်ဖြစ်ပုံ" ကိုပြသော သင်္ဂီဟပါဠိမည်ပါသည်။ "နိရောဓသမာပတ်မှ ထချိန်ဖိုလ်စိတ် များဖြစ်ပုံ" ကိုပြသော သင်္ဂီဟပါဠိလည်းမည်ပါသည်။

နိရောဓသမာပတ်မှထသည့်အခါဖိုလ်စိတ်များဖြစ်ပုံ

နိရောဓသမာပတ်မှ ထသောကာလ၌ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်စိတ် ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်စိတ်တို့သည် ၁-ကြိမ်သာလျှင်ဖြစ်ကြပါသည်။ ထို့နောင် ဘဝင်ကျပါသည်။ ဘဝင်ကျပြီးသည်မှနောက်၌ မိမိဖိုလ်ကိုပြန်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဇောစိတ်(ပစ္စဝေက္ခဏာ ဝီထိစိတ်)တို့ဖြစ်ပါသည်။

သာဓကကား ။ ။ ဝုဋ္ဌာနကာလေ ပန (ပ)ပစ္စဝေက္ခဏဉာဏဲ ပဝတ္တတိ ဖြစ်ပါသည်။

နိရောဓသမာပတ်မှထပုံအစီပါယ်

နိရောဓသမာပတ်ဝင်စားရန် ရည်မှန်းထားသည့်အချိန်ဓေ့သောအခါ စိတ်စေတသိတ် စိတ္တဇရုပ်တို့ တဖန်ပြန်၍ ဖြစ်ပေါ်လာခြင်းကို "နိရောဓသမာပတ်မှထသည်" ဟုခေါ်ဆိုရပါသည်။

"နိရောဓသမာပတ်ဝင်စားခါနီးနောက်ဆုံးဖြစ်သောစိတ်"

နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်အား ဝင်စားခါနီး၌ နောက်ဆုံးဖြစ်သောစိတ်တို့သည် အနာဂါမ်ပုဂ္ဂိုလ်အား နေဝသညာနာသညာယတနကုသိုလ်အပွနာဇောစိတ်, ရဟန္တာပုဂ္ဂိုလ်အား နေဝသညာနာသညာ ယတနကြိယာ အပွနာဇောစိတ်တို့ဖြစ်ပါသည်။

နိရောဓသမာပတ်မှထသောအခါရှေးဦးစွာဖြစ်သောစိတ်

နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်အား နိရောဓသမာပတ်မှထသောအခါ ရှေးဦးစွာဖြစ်သောစိတ်တို့သည်-

http://www.dhammadownload.com

အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်စိတ်,
ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်စိတ်,
တို့ဖြစ်ပါသည်။

သေသောသူနှင့်နိရောဓသမာပတ်ဝင်စားသူတို့အထူး

သေသောသူ၌ ဇီဝိတိန္ဒြေကုန်ဆုံး၍ စက္ခုစသောဣန္ဒြေတို့ ပျက်စီးပါသည်။
နိရောဓသမာပတ်ဝင်စားသူ၌ ဇီဝိတိန္ဒြေမကုန်ဆုံး၊ ကမ္မဇတေဇောလည်းမငြိမ်း၊ စက္ခုစသောဣန္ဒြေတို့လည်းမပျက်စီးပါ။ ဤသို့ထူးပါသည်။

သေသောသူနှင့်နိရောဓသမာပတ်ဝင်စားသူတို့၌ရှိပုံ,ရပုံ အထူး

သေသောသူ၌ ဥတုဇရုပ်သာရှိပါသည်။ နိရောဓသမာပတ်ဝင်စားသူ၌ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ရှိပါသည်။ ဤသို့ထူးပါသည်။

သမာပတ္တိဘေဒ ပြီးပြီ။

တိုက်တွန်းခြင်း-ဥယျောဇဉ်ပြု သင်္ဂဟဂါထာ

ဘာဝေတမ္ဗံ ပနိစ္ဆေဝံ၊ ဘာဝနာဒွယ မုတ္တမံ
ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ-

ဟူသောသင်္ဂဟဂါထာသည် "သမထဝိပဿနာ ဘာဝနာ ၂-ပါးကို ပွားများအားထုတ်ရန် တိုက်တွန်းနှိုးဆော်ခြင်း ဥယျောဇဉ်" ကိုပြသောဂါထာ ဖြစ်ပါသည်။

တိုက်တွန်းနှိုးဆော်ပုံ

မြတ်ဗုဒ္ဓသာသနာတော်၌ ဈာနသုခ, ဖလသုခစသည်အပြားရှိသော သမထ, ဝိပဿနာဟူဆိုအပ်သော အကျင့်ဖြင့်ရအပ်,သာယာအပ်,ခံစားအပ်သော အရသာတည်းဟူသော ချမ်းသာကို (ဝါ-သမထ ဝိပဿနာ ဟူဆိုအပ်သော အကျင့်၏ အကျိုးဖြစ်၍ ဖြစ်သော သာယာအပ်, ခံစားအပ်သော အရသာ တည်းဟူသော ဈာနသုခ, ဖလသုခ စသည် အပြားရှိသော ချမ်းသာကို) တောင့်တသော အမျိုးကောင်းသား အမျိုးကောင်း

http://www.dhammadownload.com

သမီးများသည် ဆိုခဲ့ပြီးသောနည်းဖြင့် ထူးမြတ်၍ နီဝရဏာ ကိလေသာကို ပယ်နှုတ်တတ်သော သမထဘာဝနာ ဝိပဿနာ ဘာဝနာတည်းဟူသော ဘာဝနာ ၂-ခု အပေါင်းကိုပွားများအားထုတ်ကြပါလေ ဟုတိုက်တွန်းနှိုးဆော်ပါသည်။

သာဓကကား ။ ။ ဘာဝေတဗ္ဗံ (ပ) သာသနေ ဖြစ်ပါသည်။

သမထနှင့် ဝိပဿနာ ဘာဝနာ ၂-ပါးအားထုတ်ခြင်းကြောင့် ရရှိသောအကျိုး

သမထဘာဝနာ ဝိပဿနာဘာဝနာ ၂-ပါးတို့တွင်-

သမထဘာဝနာကို ပွားများအားထုတ်ခြင်းကြောင့် စျာနသုခစသောအကျိုးတို့ကို ရရှိခံစားရပါသည်။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်ခြင်းကြောင့် ဖလသုခ စသောအကျိုးတို့ကို ရရှိခံစားရပါသည်။

ပဋိပတ္တိရသ, အာရကောက် (အဘိဓေယျတ္ထ)

ပဋိပတ္တိရသသာဒံ ၌ ပဋိပတ္တိရသ အရကား စျာနသုခ, ဖလသုခ စသည်အပြားရှိသော သမထအကျင့် ဝိပဿနာအကျင့်ဖြင့်ရအပ် ခံစားအပ်သော အရသာကိုရပါသည်။ (ဋီကာကျော်)

မှတ်ချက် ။ ။ ပဋိပတ္တိရသ-ပဋိပတ်၏အရသာ အရကို-"သမထအကျင့် ဝိပဿနာ အကျင့်ဖြင့်ရအပ်ခံစားအပ်သော စျာန်ချမ်းသာ ဖိုလ်ချမ်းသာစသည်အပြားရှိသော အရသာ" ကို ကောက်ယူရမည်ဟုဆိုလိုသည်။

"သမထဝိပဿနာ-ဘာဝနာဝိပဿနာ ၂-ပါးပွားများအားထုတ်ခြင်းဖြင့်ရအပ်သော - ပဋိပတ်အရသာများကိုအပြည့်အစုံဖော်ပြပါ" ဟု စာမေးပွဲ၌မေးလာလျှင် သမထဘာဝနာ ပွားများအားထုတ်ခြင်းဖြင့်ရအပ်သော ပဋိပတ်အရသာကား-သမာဓိရမ္မဏနှင့် မဟဂ္ဂုတ်စျာန်ချမ်းသာ, အဘိညာဉ် ချမ်းသာတို့ဖြစ်သည်ဟူ၍ ၄င်း၊ ဝိပဿနာဘာဝနာပွားများအားထုတ်ခြင်းဖြင့်ရအပ်သော ပဋိပတ်အရသာကား-မဂ်,ဖိုလ်, နိဗ္ဗာန်ချမ်းသာ တို့ဖြစ်သည်ဟူ၍ ၄င်းဖြေဆိုပါလေ။

http://www.dhammadownload.com

ဥာဏ်စမ်း

"တေဘူမကသခ်ါရေသု (ပ) အနုတ္တာ အသာရကဋ္ဌေန-ဟူသောသင်္ဂဟပါဠိကို ထောက်၍ ဘုံ၃-ပါး၌ဖြစ်သော ရုပ်နာမ်ခမ္မသခ်ါရတရားတို့ကို လက္ခဏာယာဉ် ၃-ပါးတင်၍ ရှုမှတ်ဆင်ခြင်ပွားများအားထုတ်မှသာလျှင် ဝိပဿနာ ဉာဏ်စဉ်များ ဖြစ်နိုင်သော ကြောင့်၄င်း-

ဘာဝေတဗ္ဗံ ပနိစ္စေဝံ (ပ) ပတ္တယန္တေနသာသနေ-ဟူသောသင်္ဂဟပါဠိကိုထောက်၍ ပဋိပတ်အရသာ စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာတရားများကို ရလိုလျှင် သမထ, ဝိပဿနာ ဘာဝနာတရားများကို ပွားများအားထုတ်ရန် တိုက်တွန်းနှိုးဆော်ထားသောကြောင့် ၄င်း-

"မရှုမပွား အငြိမ်းထားခြင်းဖြင့် စျာန်မဂ်ဖိုလ် နိဗ္ဗာန် ရနိုင်သည်" ဟူသော စကား နှင့် "စိတ်ကိုစိတ်အတိုင်းထားလျှင် တရားထူးရနိုင်သည်" ဟူသော စကားရပ်တို့ မမှန်ပါ။ အဘိဓမ္မာသဘာဝနှင့်လည်းမကိုက်ညီပါ။

ကမ္မဋ္ဌာန်းဝိုင်းပြီးပါပြီ။

------×------

ကျမ်းပြီးနိဂုံးပြဿဒ်ဟဂါထာ

စာရိတ္တသောဘိတဝိသာလကုလောဒယေန (ပ) ပရိနိဋ္ဌိတံ တံ-ဟူသောပထမ ဂါထာသည် "အဘိဓမ္မတ္ထသင်္ဂဟ" ခေါ် "သင်္ဂြိဟ်ကျမ်း"ကို ရေးသားပေးပါရန် တောင်းပန် သော ဒါယကာအမည်နှင့်တကွ ကျမ်းပြီးနိဂုံးကိုပြသော သင်္ဂဟ ဂါထာဖြစ်ပါသည်။

ဂါထာ၏ဆိုလိုရင်းအဓိပ္ပါယ်

ထိုဂါထာ၏ဆိုလိုရင်း အဓိပ္ပါယ်ကား- အမျိုးတို့၏အကျင့်ဖြင့် တင့်တယ်ပြန့်ပြောသော အမျိုးအနွယ်၌ဖြစ်ခြင်းလည်းရှိ,ကံအစရှိသည်ကို ယုံကြည်သော သဒ္ဓါတရားဖြင့် အလွန်ပွား သောစင်ကြယ်သော ဒါန သီလ စသော ဂုဏ်တို့၏ဖြစ်ခြင်းလည်းရှိထသော "နမ္မ" မည်သောဒါယကာသည် -

http://www.dhammadownload.com

အဘိဓမ္မာ ပိဋကတ်တည်းဟူသော ပရိယတ္တိသာသနာတော်၌ ချမ်းသာသဖြင့် သက်ဝင်သောဉာဏ်၏ ရှင်ခြင်းလက္ခဏာရှိသော (စာသင်သား) သူတပါးတို့အား ချီးမြှောက်ခြင်းကိုတောင့်တ၍ (၀၊) ချီးမြှောက်ခြင်းအကျိုးငှာ တောင်းပန်အပ်သဖြင့်ငါအနုရုဒ္ဓါဆရာသည် စီရင်အပ်သော အဘိဓမ္မတ္ထတွင် သင်္ဂဟခေါ်သင်္ကြိုဟ်ကျမ်းသည်-

(ဤမြွေအတိုင်းအရှည်ရှိသော ၉-ပါးသောပရိစ္ဆေဒတို့ဖြင့်) အချင်းခပ်သိမ်းပြီးဆုံးခြင်းသို့ရောက်ပြီ ဟုဆိုလိုပါသည်။

ကျမ်းပြုပေးရန်တောင်းပန်သည့်ဒါယကာအမည်

အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ ခေါ် "သင်္ကြိုဟ်ကျမ်း" ကိုရေးသားပေးပါရန် တောင်းပန်သော ဒါယကာ၏အမည်သည် "နမ္မ" ဖြစ်ပါသည်။

"နမ္မ" ဒါယကာ၏ ဂုဏ်အင်္ဂါအရည်အချင်း

အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ကြိုဟ်ကျမ်းရေးသားပေးပါရန် တောင်းပန်သော "နမ္မ" မည်သော ဒါယကာသည်-

၁။ အကျင့်အားဖြင့် တင့်တယ်၍စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာသော အမျိုးကောင်းရှိသူဖြစ်ခြင်း။

၂။ တိုးတက်သော သဒ္ဓါတရား, စင်ကြယ်သောသီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပဟူသော သူတော်ဥစ္စာ (၇) ဖြာနှင့်ပြည့်စုံသူဖြစ်ခြင်း-

ဤဂုဏ် အင်္ဂါ ၂-ပါးနှင့်ပြည့်စုံသူဖြစ်ပါသည်။

ကျမ်းပြုဆရာ၏တောင့်တချက်
အသာသီသဂါထာ

"ပုညေန တေန ဝိပုလေန (ပ)ပုညဝိဘဝေါ ဒယ မင်္ဂလာယ ဟူသော ဒုတိယဂါထာသည် ကျမ်းပြုဆရာက "မိမိနေရာ မူလသောမကျောင်း တိုက်ကြီးကို လဖွီသူမွန် ပညာဝန် အဆက်ဆက်တို့မပျက်မစီးရလေအောင် အမှတ်တရစောင့်ရှောက်ရစ်

http://www.dhammadownload.com

ကြပါစေ" ဟုတောင့်တသည့် တောင့်တချက် အာသီသ ကိုပြသော ဂါထာ ဖြစ်ပါသည်။

ကျမ်းပြုဆရာနှင့်ကျမ်းပြုရာဌာန

အဘိဓမ္မတ္ထသင်္ဂဟ ခေါ် "သင်္ဂြိဟ်" ကျမ်းကိုစီရင်ရေးသားတော်မူသော ကျမ်းပြုဆရာသည် "အရှင်အနုရုဒ္ဓါ မဟာထေရ်မြတ်" ဖြစ်ပါသည်။

ကျမ်းပြုရာဌာနမှာ သီဟိုဠ်ကျွန်း အနုရာဓပြို့တော်၌တည်ရှိသော ထင်ရှားသော "မူလသောမကျောင်းတိုက်ကြီး" ဖြစ်ပါသည်။

ဂန္ထကာရက-ကျမ်းပြုဆရာ၏ အာသီသ

အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ဂြိဟ်ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါ မထေရ်က "မိမိကျမ်းပြုရာနေရာဌာန မူလသောမ ကျောင်းတိုက်ကြီးကို ကောင်းမှုတည်းဟူသော စည်းစိမ်၏ဖြစ်ခြင်း မင်္ဂလာအကျိုးငှာ လဇီသူမွန် ပညာဝန်အဆက်ဆက်တို့က နှစ်ပေါင်းများစွာ မပျက်မစီးပဲတိုးတက် စည်ကားအောင်အမှတ်တရ စောင့်ရှောက်ရစ်ကြပါစေသတည်း" (ဤကျောင်း၌နေသောရဟန်းတို့သည် ကျမ်းပြုဆရာတို့ပေတည်း၊ ငါတို့လည်း ကျမ်းပြုနိုင်အောင် အားထုတ်ရချေ၏ ဟုအောက်မေ့ခြင်းကို ပြုနိုင်ကြပါစေကုန်သတည်း) ဟုတောင့်တချက် အာသီသကိုပြုပါသည်။

ကျမ်းပြုဆရာ၏ အာသီသကို နိဂုံးကမ္ဘတ်
အဆုံးသတ်လျှက် လက်စပြတ်အောင်
အားလုံးရေးသား၍ ပြီးပါပြီ။

---------×××---------

http://www.dhammadownload.com

စနစ်သစ်ပညာရေး

ပထမငယ်တန်းအတွက်

ဋ္ဌီကာကျော်အောက် ၃-ပိုင်း

အဓိဇ္ဈာသယ်ကောတ်နုတ်ချက်

နှင့်

ပထမလတ်တန်းအတွက်

ဋ္ဌီကာကျော်အလယ် ၃-ပိုင်း

အဓိပ္ပါယ်ကောက်နုတ်ချက်များ

http://www.dhammadownload.com

ဦကာကျော်အဓိပ္ပာယ်

ကောက်နုတ်ချက်များ

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

စိတ်ပိုင်း

ကျမ်း၏အစ၌ 'သမ္မာသမ္ဗုဒ္ဓမတုလံ' စသောဂါထာကို ဆိုရခြင်းအကျိုး

ရတနာသုံးပါးအပေါင်းအား ရှိခိုးခြင်းဟုဆိုအပ်သော ရတနတ္တယပဏာမ၊ကျမ်း၏ ဟောအပ်သော အနက်ဟု ဆိုအပ်သော အဘိဓေယျ၊ ကျမ်းပြုခြင်းကို သိကြောင်းဖြစ်သော အခြင်းအရာဟုဆိုအပ်သော ကရဏပ္ပကာရ၊ ကျမ်း၏အမည်ဟုဆိုအပ်သော ပကရဏာဘိဓာန၊ ကျမ်း၏အကျိုးဟုဆိုအပ်သော ပယောဇဉ် ဤ ၅-ပါးကိုပြခြင်းအကျိုးငှာ အရှင်အနုရုဒ္ဓါ ဆရာသည် ကျမ်း၏အစ၌ သမ္မာသမ္ဗုဒ္ဓမတုလံ-အစရှိသောဂါထာကို မိန့်ဆိုရပါသည်။

သမ္မာသမ္ဗုဒ္ဓမတုလံ-စသောဂါထာဖြင့်ပြသော အဓိပ္ပါယ်များ

ထိုသမ္မာသမ္ဗုဒ္ဓမတုလံ- စသောဂါထာ၌ **သမ္မာသမ္ဗုဒ္ဓမတုလံ၊ သဿဒ္ဓမ္မဂဏုတ္တမံ။** **အဘိဝါဒိယ-ဟူသောပါဒ်ဖြင့်** ရတနာသုံးပါးအပေါင်းအား ရှိခိုးခြင်းဟုဆိုသော ရတနတ္တ-ယ ပဏာမကိုပြပါသည်။

အဘိဓေယ္ယသင်္ခါဟ်-ဟူသောပါဒ်ဖြင့် ကျမ်း၏ဟောအပ်သော အနက်ဟုဆိုအပ်သော အဘိဓေယျ၊ကျမ်းပြုခြင်းကို သိကြောင်းအခြင်းအရာဟုဆိုအပ်သော ကရဏပ္ပကာရ၊ကျမ်း၏ အမည်ဟုဆိုအပ်သော ပကရဏာဘိဓာန ဤ ၃-ပါးကိုပြပါသည်။

အဘိဓေယ္ယသင်္ခါဟ်-၌ သင်္ခါဟ်-ဟူသော ပုဒ်တစ်စိတ်ဖြင့် ကျမ်း၏အကျိုးဟု ဆိုအပ်သော ပယောဇဉ်ကို ပြပါသည်။

http://www.dhammadownload.com

ရတနာတ္တယပဏာမမည်သောတရား

ရတနာသုံးပါးအပေါင်းအား ရှိခိုးခြင်းကို ပြီးစေတတ်သော ကုသိုလ်ဖြစ်သော စေတနာသည် ရတနာတ္တယပဏာမမည်ပါသည်။

ပစ္စုပ္ပန်၌ အကျိုးပေးပုံ

ထိုရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာသည် ပစ္စုပ္ပန်,အနာဂတ်(ခုဘဝ နောင်ဘဝ)နှစ်ပါးတို့တွင် ရှိခိုးအပ်သော ရတနာသုံးပါး၊ရှိခိုးတတ်သော ကျမ်းပြုဆရာ၏ ခေတ်၏ပြည့်စုံခြင်း အဏ္ဏာသယ၏ ပြည့်စုံခြင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ပင်(ခုဘဝ၌ပင်) အကျိုးကိုပေးပါသည်။

ကျမ်း၏အစ၌ ရတနာတ္တယပဏာမကို ပြုရခြင်းအကျိုး

ကျမ်း၏အစ၌ ရတနာတ္တယပဏာမကိုပြုသဖြင့် အားထုတ်အပ်သောကျမ်းကို အန္တရာယ်မရှိသဖြင့် ပြီးစီးခြင်းအကျိုး,စာသင်သားတို့၏ ရှိခိုးခြင်းလျှင် ရှေ့သွားရှိသော သင်ယူသောအကျင့်ဖြင့် အန္တရာယ်မရှိဘဲ သင်ခြင်း,ဆောင်ခြင်းအစရှိသည်တို့ကို ပြီးပြည့်စုံစေခြင်း အကျိုးရှိပါသည်။

အဘိဓေယျကို ဆိုရခြင်းအကျိုး

အဘိဓေယျကိုဆိုသဖြင့် သိအပ်သော အနက်ရှိသောကျမ်းကို ပညာရှိတို့သည် သင်ယူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် အဖန်တလဲလဲ မှီဝဲအပ်သည်၏အဖြစ်ကြောင့် အဖန်တလဲလဲ မှီဝဲခြင်းအကျိုးရှိပါသည်။

ကရဏပ္ပကာရနှင့် ပယောဇဉ်ကို ဆိုရခြင်းအကျိုး

ကရဏပ္ပကာရနှင့် ပယောဇဉ်ကိုဆိုသဖြင့် စာသင်သားတို့၏ ကောင်းစွာ အားထုတ်ခြင်းကို ဖြစ်စေခြင်းအကျိုးရှိပါသည်။

အဘိဓေနကို ဆိုရခြင်းအကျိုး

ကျမ်း၏အမည်ဟုဆိုအပ်သော အဘိဓေနကို ဆိုသဖြင့် ခေါ်ဝေါ်လွယ်ခြင်းအကျိုး ရှိပါသည်။

http://www.dhammadownload.com

အတုလံပုဒ်ဖြင့် အထူးပြုဆိုရပုံ

သမ္မာသမ္ဗုဒ္ဓသဒ္ဒါသည် မြတ်စွာဘုရား၏ဖြစ်တော်၌ မထင်ရှားသောအမည်၏ အစွမ်းဖြင့် ဖြစ်ခဲ့လေသောကြောင့် အတုလံဟူသောပုဒ်ဖြင့် အထူးပြု၍ ဆိုရပါသည်။

သသဒ္ဒမ္မဂဏ္ဌတ္တမံ-၌ ဓမ္မမည်ပုံ

မိမိကို ဆောင်သောသူကို အပါယ်လေးပါးတို့၌လည်းကောင်း,ဝဋ်ဆင်းရဲတို့၌ လည်းကောင်း မကျသည်ကိုပြု၍ ဆောင်တတ်ခဲ့လေသောကြောင့် ဓမ္မမည်ပါသည်။

ဓမ္မအရကောက်

သသဒ္ဒမ္မဂဏ္ဌတ္တမံ-၌ ဓမ္မအရကား... မဂ်လေးပါး,ဖိုလ်လေးပါး,နိဗ္ဗာန်အားဖြင့် လောကုတ္တရာတရား ၉-ပါးကိုရပါသည်။

တစ်နည်း ။ ။ ဓမ္မအရကား...မဂ်လေးပါး,ဖိုလ်လေးပါး,နိဗ္ဗာန်,ပရိယတ်ဟု ဆိုအပ်သော လောကုတ္တရာတရား (၁၀)ပါးကို ရပါသည်။

အဘိဝါဒိယ ရှိခိုးပုံ

အဘိဝါဒိယ ဘာသိဿံ-၌ ဘယ လာဘ,ကုလကြဉ်ရှောင်း,ဂုဏ်တော် အပေါင်းကို အောက်မေ့သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပထာမဖြင့် ကြည်ဆွသဒ္ဒါ အထူးသဖြင့် ရိသေစွာ ရှိခိုးခြင်းသည် အဘိဝါဒိယရှိခိုးပုံ မည်ပါသည်။

အဘိဓမ္မာမည်ပုံ

ပညတ်မှ အသီးအခြားပြု၍ ထုတ်အပ်သော ပရမတ်၏ အဖြစ်ဖြင့် သုတ္တန်ပိဋကပါဠိတော်တို့ထက် လွန်ကဲထူးမြတ်သော တရားရှိသောကြောင့် အဘိဓမ္မာမည်ပါသည်။

အရကောက်များ

အဘိဓမ္မတ္ထသင်္ဂဟ-၌...

အဘိအရကား .... လွန်ကဲထူးမြတ်သော သဘောဂုဏ်ကို ရပါသည်။

http://www.dhammadownload.com

ဓမ္မအရကားး... ပရမတ္ထသဘာဝကို ရပါသည်။

အတ္ထအရကားး... စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထတရား ၄-ပါးကို ရပါသည်။

သင်္ကိဟ်အရကားး... အဘိဓမ္မတ္ထသင်္ကြိုဟ်ကျမ်းကို ရပါသည်။

အဘိဓမ္မအရကားး.. ဓမ္မသင်္ဂဏီကျမ်း,ဝိဘင်းကျမ်း,ဓာတုကထာကျမ်း,ပုဂ္ဂလပညတ်ကျမ်း,ကထာဝတ္ထုကျမ်း,ယမိုက်ကျမ်း,ပဋ္ဌာန်းကျမ်းအားဖြင့် အဘိဓမ္မာ ၇-ကျမ်းကိုရပါသည်။

အဘိဓမ္မတ္ထအရကားး... အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်သော စိတ်, စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်ဟုဆိုအပ်သော အနက်တို့ကိုရပါသည်။

အဘိဓမ္မတ္ထသင်္ကိဟ်အရကားး... အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်ကုန်သော အနက်တို့ကို အကျဉ်းအားဖြင့် ယူရာယူကြောင်း,သင်္ကြိုဟ်ရာသင်္ကြိုဟ်ကြောင်းဖြစ်သော ဤအဘိဓမ္မတ္ထသင်္ကြိုဟ်ကျမ်းကို ရပါသည်။

တတ္ထဝုတ္ထာဘိဓမ္မတ္ထာ-စသောဂါထာလာ အဓိပ္ပါယ်များ

ပရမတ္ထမည်ပုံ... မဖောက်မပြန်မြတ်သောသဘောဖြစ်ခဲ့လေသောကြောင့်ပရမတ်မည်ပါသည်။

တစ်နည်း... မြတ်သောသမ္မာသမ္ဗုဒ္ဓဘုရား၏ ကျက်စားရာအာရုံဖြစ်ခဲ့လေသောကြောင့် ပရမတ် မည်ပါသည်။

မဖောက်မပြန်မြတ်ပုံ

ဖဿစသောတရားတို့၏ ဖုသနစသောသဘောသည် တစ်ရံတစ်ဆစ်မျှ ဖောက်ပြန်ခြင်းမရှိ,မိမိ၏သဘောအားဖြင့်လည်းကောင်း,သူတစ်ပါး၏ ပယောဂအားဖြင့်လည်းကောင်း မဖောက်ပြန်,ယင်းသို့ မိမိသဘောလက္ခဏာမှ မဖောက်မပြန် မှန်ကန်တည့်မတ်သောကြောင့်မြတ်သည်ဟု ဆိုရပါသည်။

http://www.dhammadownload.com

လောဘ၏ မဖောက်မပြန်မြဲတံပုံ

လောဘ၏ လိုချင်တပ်နှစ်သက်ခြင်းသဘောသည် ထိုလိုချင်တပ်နှစ်သက်ခြင်း သဘောမှ တစ်ရံတစ်ဆစ်မျှ ဖောက်ပြန်ခြင်းမရှိ မိမိ၏သဘောအားဖြင့်လည်းကောင်း၊ သူတစ်ပါး၏ ပယောဂအားဖြင့်လည်းကောင်း မဖောက်ပြန်၊ယင်းသို့ လိုချင်တပ်နှစ်သက်ခြင်းသဘောမှ မဖောက်မပြန် မှန်ကန်တည့်မတ်သောကြောင့် မြဲတံသည်ဟု ဆိုရပါသည်။

ပရမတ္ထ ၄-ပါး
ပညတ်,ပရမတ်ခွဲပုံ

ပရမတ္ထတရား ၄-ပါးတို့တွင် စိတ်ဟူသောအမည်သည် သမ္မုတိပညတ် မည်ပါသည်။ထိုစိတ်၏ အာရမ္မဏ ဝိဇာနနလက္ခဏာသည် မုချဆတ်ဆတ်ပရမတ်မည်ပါသည်။

စေတသိက်တို့တွင် ဝေဒနာဟူသောအမည်သည် သမ္မုတိပညတ်မည်ပါသည်။ ထိုဝေဒနာ၏ ဝေဒယိတလက္ခဏာသည် မုချဆတ်ဆတ်ပရမတ် မည်ပါသည်။

ရုပ်တို့တွင် ပထဝီဟူသော အမည်သည် သမ္မုတိပညတ် မည်ပါသည်။ ထိုပထဝီ၏ကက္ခဠလက္ခဏာသည် မုချဆတ်ဆတ် ပရမတ်မည်ပါသည်။

နိဗ္ဗန်ဟူသောအမည်သည် သမ္မုတိပညတ်မည်ပါသည်။ ထိုနိဗ္ဗာန်၏ သန္တိလက္ခဏာသည် မုချဆတ်ဆတ် ပရမတ်မည်ပါသည်။

စိတ်မည်ပုံအဓိပ္ပါယ်

အာရုံကိုသိတတ်ခဲ့လေသောကြောင့် စိတ်မည်ပါသည်။

တစ်နည်း… သမ္မယုတ်တရားတို့၏ အာရုံကိုသိကြောင်းဖြစ်ခဲ့လေသောကြောင့် စိတ်မည်ပါသည်။

တစ်နည်း… အာရုံကို သိကာမျှမတ္တ ဖြစ်ခဲ့လေသောကြောင့် စိတ်မည်ပါသည်။

အာရမ္မဏသတ္တိဖြင့် မှတ်၍ဆိုရပုံ

စိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သော နိဿယ,သမနန္တရသတ္တိစသော ပစ္စည်းများရှိသော်လည်း အာရုံနှင့်ကင်း၍ စိတ်ဖြစ်ခြင်းမရှိသောကြောင့် အာရမ္မဏသတ္တိ

http://www.dhammadownload.com

တစ်ခုဖြင့်သာမှတ်၍ အာရုံကို သိတတ်ခဲ့လေသောကြောင့် စိတ်မည်၏ဟူသော စကားကို ဆိုရပါသည်။

အာရမ္မဏသတ္တိဖြင့် မှတ်၍ဆိုရခြင်းအကျိုး

အာရုံကိုသိတတ်ခဲ့လေသောကြောင့် စိတ်မည်၏ဟူသော စကားကို ပြဆိုလိုက်သဖြင့် စိတ်သည် အာရုံနှင့် ကင်း၍ဖြစ်၏ဟု ဆိုလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့၏ အယူကို ပယ်လှန်တားမြစ်ရခြင်း အကျိုးရှိပါသည်။

စေတသိက်မည်ပုံအဓိပ္ပါယ်

စိတ်နှင့်စပ်၍ဖြစ်ခြင်းရှိသည်၏အဖြစ်ဖြင့် စိတ်၌ဖြစ်တတ်ခဲ့လေသောကြောင့် စေတသိက်မည်ပါသည်။

တစ်နည်း... စိတ်၌ယှဉ်တတ်ခဲ့လေသောကြောင့် စေတသိက်မည်ပါသည်။

စေတသိက်တို့ကိုသာ စိတ်နှင့်စပ်၍ဖြစ်ခြင်းရှိသည်ဟု ဆိုရပုံ

စေတသိက်တို့သည် စိတ်နှင့်ကင်း၍ အာရုံကိုယူခြင်းငှာ မစွမ်းနိုင်၊စိတ်မရှိသည်ရှိသော် အချင်းခပ်သိမ်း မဖြစ်နိုင်သောကြောင့်လည်းကောင်း၊စိတ်သည် အချို့သော စေတသိက်တို့နှင့် ကင်း၍လည်း အာရုံ၌ဖြစ်နိုင်ခဲ့လေသောကြောင့်လည်းကောင်း၊စေတသိက်တို့ကိုသာလျှင် စိတ်နှင့်စပ်၍ ဖြစ်ခြင်းရှိ၏ဟု ဆိုရပါသည်။(၀၊)စိတ္တာယတ္တာဝုတ္တိက မည်၏ဟု ဆိုရပါသည်။

မနောပုဗ္ဗင်္ဂမာဓမ္မာ-ဟု ဟောတော်မူပုံ

လောကဋ္ဌ စေတနာကောင်းသူ,သဒ္ဓါတရားထက်သန်သူဟု စေတသိက်တရားတို့ကို ရှေ့တန်းထား၍ ပြောဆိုနေကြသော်လည်း စေတသိက်တို့သည် စိတ်နှင့်ကင်း၍ အာရုံကို ယူခြင်းငှာ မစွမ်းနိုင်၊စိတ်မရှိသည်ရှိသော် အချင်းခပ်သိမ်း မဖြစ်နိုင်သောကြောင့်လည်းကောင်း၊စိတ်သည် အချို့သော စေတသိက်တို့နှင့် ကင်း၍လည်း အာရုံ၌ဖြစ်နိုင်ခဲ့လေသောကြောင့်လည်းကောင်း စိတ်,စေတသိက် ၂-ပါးတွင် စိတ်ကရှေ့သွားခေါင်းဆောင်ဖြစ်၍ **"မနောပုဗ္ဗင်္ဂမာ ဓမ္မာ"** ဟု ဘုရားရှင် ဟောတော်မူခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

စိတ်နှင့်စပ်၍ ဖြစ်၏ဟု ဆိုရသဖြင့် ရသောအကျိုး

စေတသိက်တို့သည် စိတ်နှင့်စပ်၍ဖြစ်၏ဟူသော စကားကိုဆိုသဖြင့် သုခစသော ဝေဒနာတို့၏ စေတနာမရှိသည်၏အဖြစ်၊မြဲသည်၏အဖြစ်အစရှိကုန်သော ဖောက်ပြန်သောအယူတို့ကို ပယ်လှန်တားမြစ်ရခြင်း အကျိုးရှိပါသည်။

စိတ်နှင့် စေတသိက်အထူး

စိတ်သည် အချို့သောစေတသိက်တို့နှင့်ကင်း၍လည်း အာရုံကိုယူနိုင်ပါသည်။ စေတသိက်တို့သည် စိတ်နှင့်ကင်း၍ အာရုံကိုမယူနိုင်ပါ။ဤသို့ထူးပါသည်။

စိတ်နှင့်ကင်း၍ အာရုံကိုမယူနိုင်ခြင်းအကြောင်း

စိတ်မရှိသော် အချင်းခပ်သိမ်း မဖြစ်နိုင်သောကြောင့် စေတသိက်တို့သည်စိတ်နှင့်ကင်း၍ အာရုံကို မယူနိုင်ပါ။

ရုပ်မည်ပုံအဓိပ္ပါယ်

အချမ်း,အပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတရားတို့ကြောင့် ဖောက်ပြန်တတ်ခဲ့လေသောကြောင့် ရုပ်မည်ပါသည်။

တစ်နည်း… အချမ်းအပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့သည် ဖောက်ပြန်တတ်ခဲ့လေသောကြောင့် ရုပ်မည်ပါသည်။

တစ်နည်း… အချမ်းအပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်တတ်၊ထိုအချမ်းအပူအစရှိသော ဆန့်ကျင်ဘက် အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေအပ်ခဲ့လေသောကြောင့် ရုပ်မည်ပါသည်။

ရုပ်၏ဖောက်ပြန်ပုံ

အချမ်း,အပူအစရှိသော ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းဆုံခြင်း ဖြစ်ခဲ့သည်ရှိသော် ရှေ့ရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ဖြစ်ခြင်းသည်သာလျှင် ဤ၌ (ရူပတိတိ ရူပံ-၌) ရုပ်၏ ဖောက်ပြန်ခြင်းမည်ပါသည်။

http://www.dhammadownload.com

နာမ်တရားတို့၏ ဖောက်ပြန်ခြင်းကို ရုပ်ဟုမဆိုရပုံ

သီတစသော သဒ္ဒါ၏အစွမ်းဖြင့် (သီတစသော သဒ္ဒါ၏စွမ်းနိုင်သည်၏ ဖြစ်ခြင်းကြောင့်) အထူးသဖြင့် ထင်ရှားသော ဖောက်ပြန်ခြင်းကိုသာ ရုပ္ပနအရ အလိုရှိအပ်သောကြောင့် မထင်ရှားသော နာမ်တရားတို့၏ ဖောက်ပြန်ခြင်းကို ရုပ်ဟုမဆိုရပါ။

ပရမတ်၏ မဖောက်ပြန်ခြင်းသဘောနှင့် ရုပ်ဖောက်ပြန်ခြင်းသဘောတို့ မဆန့်ကျင်ပုံ

မဖောက်မပြန် မြတ်သောသဘောဖြစ်သောကြောင့် ပရမတ်မည်၏ဟုဆိုရာ၌ မိမိ၏ဆိုင်ရာ သဘောလက္ခဏာမှ မိမိသဘောအားဖြင့်လည်းကောင်း၊သူတစ်ပါးပယောဂအားဖြင့်လည်းကောင်း မဖောက်ပြန်သည်ကို မဖောက်ပြန်ဟု ဆိုခြင်း ဖြစ်ပါသည်။

ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟုဆိုရာ၌ မိမိဆိုင်ရာ သဘောလက္ခဏာမှ ဖောက်ပြန်သည်ကို ဆိုသည်မဟုတ်ပါ၊အချမ်း၊အပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့နှင့် ပေါင်းဆုံခြင်းဖြစ်ခဲ့သည်ရှိသော် ရှေးရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းကိုသာ ဖောက်ပြန်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မဖောက်မပြန် မြတ်သောသဘောဖြစ်သောကြောင့် ပရမတ်မည်၏ဟူသောစကားနှင့် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟူသောစကားနှစ်ရပ်တို့ မဆန့်ကျင်ပါ။

ရူပဘုံ၌ ရုပ်ဟုခေါ်ခြင်းဖြစ်နိုင်ပုံ

ရူပဘုံ၌ ကပ်၍နှိပ်စက်တတ်သော သီတစသည်တို့ (အအေးဓာတ်စသည်တို့)မရှိသော်လည်း ချီးမွှောက်ထောက်ပံ့တတ်သော သီတစသည်တို့ (အအေးဓာတ်စသည်တို့) ရှိသောကြောင့် ထိုချီးမွှောက်ထောက်ပံ့တတ်သော သီတစသည်တို့၏ (အအေးဓာတ်စသည်တို့၏) အစွမ်းဖြင့် ဖောက်ပြန်ခြင်းဖြစ်နိုင်ရကား (ဖောက်ပြန်ခြင်းဖြစ်နိုင်ခဲ့လေသောကြောင့်) ရူပဘုံ၌ ရုပ်ဟုခေါ်ဝေါ်ခြင်း ဖြစ်နိုင်ပါသည်။

တစ်နည်း… ရူပဘုံ၌ရှိသောရုပ်တို့သည် ချီးမွှောက်ထောက်ပံ့တတ်သော သီတစသည်တို့နှင့်(အအေးဓာတ်စသည်တို့နှင့်)ပေါင်းဆုံမိသောအခါ ဖောက်ပြန်ခြင်းသဘောကို မလွန်ဆန်နိုင်ခဲ့လေသောကြောင့် ရူပဘုံ၌ ရုပ်ဟု ခေါ်ဝေါ်ခြင်း

http://www.dhammadownload.com

ဖြစ်နိုင်ပါသည်။

ရူပဘုံရှိ ရုပ်၏ ရုပ်မည်ပုံအဓိပ္ပာယ်

ရူပဘုံ၌ ချီးမြှောက်ထောက်ပံ့တတ်သော သီတစသည်တို့(အအေးဓာတ်စသည်တို့)ရှိသောကြောင့် ထိုချီးမြှောက်ထောက်ပံ့တတ်သော သီတစသည်တို့၏(အအေးဓာတ်စသည်တို့၏)အစွမ်းဖြင့် ဖောက်ပြန်ခြင်းဖြစ်နိုင်ခဲ့လေသောကြောင့် ရူပဘုံ၌ရှိသောရုပ်တို့သည် ရုပ်မည်ပါသည်။

နိဗ္ဗာန်မည်ပုံ အဓိပ္ပါယ်

ဘဝကြီး,ဘဝငယ်,အသွယ်သွယ်ကို ချုပ်စပ်တတ်သည်၏အဖြစ်ကြောင့် ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်ခဲ့လေသောကြောင့် နိဗ္ဗာန်မည်ပါသည်။

တစ်နည်း.... ရာဂအစရှိသော ၁၁-ပါးသောမီးတို့၏ ငြိမ်းအေးကြောင်း ဖြစ်ခဲ့လေသောကြောင့် နိဗ္ဗာန်မည်ပါသည်။

မီး ၁၁-ပါး

မီး ၁၁-ပါးကား... ရာဂ,ဒေါသ,မောဟ,ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ-တို့ ဖြစ်ပါသည်။

အရဟော်

တတ္ထာဝုတ္တာဘိဓမ္မတ္ထာ၊စတုဓာ ပရမတ္ထတော-၌...

အဘိဓမ္မတ္ထအရဟား... စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်အားဖြင့် အဘိဓမ္မတ္ထတရား ၅-ပါးကို ရပါသည်။

ပရမတ္ထအရဟား... စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထတရား ၄-ပါးကို ရပါသည်။

စတုဓာအရဟား... စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထတရား ၄-ပါးကိုပင် ရပါသည်။

http://www.dhammadownload.com

ဘုံစိတ်အပြား ၄-ပါးလာ အဓိပ္ပါယ်များ
ကာမာဝစရံစသော အစဉ်ကို ဆိုရပုံ

ဘုံလေးပါး၌ဖြစ်ကုန်သော တရားတို့သည် အစဉ်အတိုင်းမြတ်သောကြောင့် အယုတ်,အမြတ်,အထူးသဖြင့် အမြတ်,အလွန်အထူးသဖြင့် အမြတ်တို့၏အစဉ်ဖြင့် ထိုတရားတို့ကို ပြလိုသောကြောင့် (ပြခြင်းအကျိုးငှာ) ကာမာဝစရံ ရူပါဝစရံစသော အစဉ်ကို ဆိုရပါသည်။

ဟီနစသည်မည်သောစိတ်များ

ဘုံလေးပါး၌ ဖြစ်ကုန်သော ထို ၄-ပါးသော့စိတ်တို့တွင် ကာမာဝစရစိတ်သည် ဟီနစိတ်မည်ပါသည်။ (၀၊)ယုတ်သောစိတ် မည်ပါသည်။

ရူပါဝစရစိတ်သည် ဥက္ကဋ္ဌစိတ် မည်ပါသည်။ (၀၊)မြတ်သောစိတ်မည်ပါသည်။

အရူပါဝစရစိတ်သည် ဥက္ကဋ္ဌတရစိတ်မည်ပါသည်။ (၀၊) အထူးသဖြင့်မြတ်သော စိတ်မည်ပါသည်။

လောကုတ္တရာစိတ်သည် ဥက္ကဋ္ဌတမစိတ်မည်ပါသည်။ (၀၊) အလွန်ထူးသဖြင့် မြတ်သော့စိတ်မည်ပါသည်။

ကာမာဝစရံ၌ အသီးသီးအရကောက်ပုံ

ကာမာဝစရံ-၌ ကာမကို "ကာမေတီတိ ကာမော"ဟု ဝစနတ္ထပြုခိုက် ကာမအရ ကာမတဏှာကို ရပါသည်။

ကာမကို "ကာမီယတီတိ ကာမော"ဟု ဝစနတ္ထပြုခိုက် ကာမအရ ကာမ ၁၁-ဘုံကို ရပါသည်။

အဝစရအရ... ကာမစိတ် ၅၄-ပါးကို ရပါသည်။ **ကာမာဝစရံဟူသောပုဒ်၏အရ** လည်း ကာမစိတ် ၅၄-ပါးကိုပင် ရပါသည်။

ကာမာဝစရမည်ပုံ

ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်ခဲ့လေသောကြောင့် ကာမာဝစရ စိတ် မည်ပါသည်။

http://www.dhammadownload.com

ကာမစိတ်ကို ရူပ,အရူပစိတ်ဟု မခေါ်ရပုံ

ကာမာဝစရစိတ်တို့သည် ရူပ,အရူပဘုံတို့၌ ဖြစ်ငြားသော်လည်း များသောအားဖြင့် ဖြစ်ခြင်းကိုသာ အလိုရှိအပ်သောကြောင့် ကာမာဝစရစိတ်ဟူ၍သာ ခေါ်ရပါသည်။ ရူပ,အရူပစိတ်ဟု မခေါ်ရပါ။

ရူပစိတ်မည်ပုံ

ရူပဘုံ၌ (အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌) များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ခဲ့လေသောကြောင့် ရူပါဝစရစိတ် မည်ပါသည်။

အရူပစိတ်မည်ပုံ

အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်ခဲ့လေသောကြောင့် အရူပါဝစရ စိတ်မည်ပါသည်။

လောကုတ္တရာစိတ်မည်ပုံ

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် ထွက်မြောက်ဆဲ,ထွက်မြောက်ပြီးဖြစ်ခဲ့လေသောကြောင့် လောကုတ္တရာစိတ်မည်ပါသည်။

မဂ်စိတ်၏ လောကုတ္တရာမည်ပုံ

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် ထွက်မြောက်ဆဲဖြစ်ခဲ့လေသောကြောင့် မဂ်စိတ်သည် လောကုတ္တရာမည်ပါသည်။

ဖိုလ်စိတ်၏ လောကုတ္တရာမည်ပုံ

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏အဖြစ်ဖြင့် ထွက်မြောက်ပြီးဖြစ်ခဲ့လေသောကြောင့် ဖိုလ်စိတ်သည် လောကုတ္တရာမည်ပါသည်။

http://www.dhammadownload.com

မဂ်,ဖိုလ်,နိဗ္ဗာန်တို့ လောကုတ္တရာမည်ပုံ

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခါရလောကထက် အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် လွန်ကဲခဲ့လေသောကြောင့် မဂ်,ဖိုလ်,နိဗ္ဗာန်တို့သည် လောကုတ္တရာ မည်ပါသည်။

အကုသိုလ်စိတ်လာ အဓိပ္ပါယ်များ

အကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုရပုံ

ကာမာဝစရစိတ်သည် ကုသိုလ်,အကုသိုလ် ဝိပါက်,ကြိယာဟု လေးမျိုးရှိသော်လည်း အကုသိုလ်စိတ်,အဟိတ်စိတ်တို့မှ ကြွင်းကုန်သော အကျဉ်းအားဖြင့် တစ်ခုယုတ် ၆၀၊အကျယ်အားဖြင့် ၉၁-ပါးသောစိတ်တို့ကို သောဘဏစိတ်ဟူသောအမည်ဖြင့် ခေါ်ဝေါ်ခြင်းကို ပြုခြင်းအကျိုးငှာ ဆိုလတ္တံ့သော ပါပါဟေတုကမုတ္တာနိ-စသောဂါထာနှင့်လျော်ညီစွာ အကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုရပါသည်။

လောဘမူစိတ်ကို ရှေးဦးစွာဆိုရပုံ

ထိုထိုဘုံဘဝ၌ယူအပ်ပြီးသော ပဋိသန္ဓေရှိသော သတ္တဝါအား အစဉ်ဝီထိစိတ်တို့၏ အစွမ်းဖြင့် လောဘသဟဂုတ်စိတ်တို့သာ ရှေးဦးစွာ ဖြစ်သင့်ခဲ့လေသောကြောင့် အကုသိုလ်စိတ်၌ လောဘမူစိတ်ကို ရှေးဦးစွာ ပြဆိုရပါသည်။

လောဘမူစိတ်၏ အခြားမဲ့၌ ဒေါသမူစိတ်ကို ဆိုရပုံ

ဒွိဟိတ်စိတ်၏အဖြစ်ဖြင့် တူခဲ့လေသောကြောင့် လောဘမူ၏ အခြားမဲ့၌ ဒေါသမူကို ဆိုရပါသည်။

ဒေါသမူ၏ အခြားမဲ့၌ မောဟမူကို ဆိုရပုံ

ဒွိဟိတ်စိတ်၏အခြားမဲ့၌ ဧကဟိတ်စိတ်ကို ပြလိုသောကြောင့် ဒေါသမူ၏ အခြားမဲ့၌ မောဟမူစိတ်ကို ပြဆိုရပါသည်။

http://www.dhammadownload.com

အရကောက်များ

သောမနဿသဟဂတံ-ဝယ် သောမနဿ-ဠ် သုမနပုဒ်,ဏျပစ္စည်းဖြစ်၍ သုမနကို သုန္ဒရံ မနော သုမနော-ဟု ဝစနတ္ထပြုခိုက် သုမနအရ.. ကောင်းသောစိတ်ကို ရပါသည်။ သုမနကို သုန္ဒရံ မနော ဧတဿ အတ္ထီတိ သုမနော-ဟု ဝစနတ္ထပြုခိုက် သုမနအရ.. ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်ကို ရပါသည်။

သောမနဿံ-ဟူသော ပုဒ်အရကား... စိတ်၌ဖြစ်သောသုခဝေဒနာကို ရပါသည်။

သောမနဿသဟဂတံ-ဟူသော ပုဒ်လုံး၏အရကား...သုခဝေဒနာနှင့်တကွ ဖြစ်သောစိတ်ကို ရပါသည်။ (ဝါ) သောမနဿသဟဂုတ်စိတ်ကို ရပါသည်။

ဒိဋ္ဌမည်ပုံ

မှားသောအားဖြင့် မြင်တတ်ခဲ့လေသောကြောင့် ဒိဋ္ဌမည်ပါသည်။

ဒိဋ္ဌဂတမည်ပုံ

မှားသောအားဖြင့် မြင်ခြင်းသည်သာလျှင် ဒိဋ္ဌဂတမည်ပါသည်။

တစ်နည်း... ၆၂ ပါးသောဒိဋ္ဌတို့၌ အတွင်းဝင်သည်၏ အဖြစ်ကြောင့် ဒိဋ္ဌဂတမည်ပါသည်။

ဒိဋ္ဌအရ မိစ္ဆာဒိဋ္ဌကို ယူခြင်းနှင့် မိစ္ဆာဒိဋ္ဌနှင့် ယှဉ်သောဟု အနက်ပေးရခြင်းအကြောင်း

ဒိဋ္ဌဂတသမ္မယုတ္တံ-ဠ် ဒိဋ္ဌဟုသာမညဆိုခြင်းကြောင့် သမ္မာဒိဋ္ဌ,မိစ္ဆာဒိဋ္ဌနှစ်ပါးလုံးနှင့်ဆက်ဆံသော်လည်း အကုသိုလ်ဟူသော အရာဌာန၌ပါဝင်သော ဒိဋ္ဌဖြစ်ရကား အနက်အရာစသည်ဖြင့် ထူးသောအရာရှိသည်၏အဖြစ်ကြောင့် ဒိဋ္ဌအရ မိစ္ဆာဒိဋ္ဌကို ယူရပါသည်။ (ဝါ)မိစ္ဆာဒိဋ္ဌနှင့်ယှဉ်သောဟု အနက်ပေးရခြင်းဖြစ်ပါသည်။

ဒိဋ္ဌဂတသမ္မယုတ္တံ-ဠ် ဒိဋ္ဌအမြင်

ငါ၏အယူသည်သာလျှင် မှန်၏။တစ်ပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်းဟုဖြစ်သော ဉ်ကိုယ်,ငါ၏ဥစ္စာ အစရှိသည်ဖြင့် မှားသောအားဖြင့် နှလုံးသွင်းခြင်းကို ဒိဋ္ဌအမြင်ဟု ဆိုရပါသည်။

http://www.dhammadownload.com

သခ်ါရမည်ပုံ

ထိုထိုသို့သောကိစ္စ၌ ဆုတ်နစ်သောစိတ်အား အားအဆင့်ကိုပေးသည်၏ အစွမ်းဖြင့် မိမိ၏လည်းကောင်း၊သူတစ်ပါးတို့၏လည်းကောင်း ရှေ့အဖို့၌ဖြစ်သော တိုက်တွန်းခြင်း လှုံ့လပယောဂသည် သခ်ါရမည်ပါသည်။

တစ်နည်း...ပုဗ္ဗပယောဂကြောင့်ဖြစ်သော အားထုတ်အပ်သောနောက်စိတ်၏ ထက်သော စိတ်၏အဖြစ်ဟုဆိုအပ်သော တန်းဆာအထူးသည် သခ်ါရမည်ပါသည်။

သသခ်ါရိကစိတ်မည်ပုံ

ပုဗ္ဗပယောဂကြောင့်ဖြစ်သော အားထုတ်အပ်သော နောက်စိတ်၏ ထက်သောစိတ်၏ အဖြစ်ဟုဆိုအပ်သော တန်းဆာအထူးနှင့်တကွဖြစ်သော စိတ်သည် သသခ်ါရိကစိတ်မည်ပါသည်။

အသခ်ါရိကစိတ်မည်ပုံ

ပုဗ္ဗပယောဂကြောင့်ဖြစ်သော အားထုတ်အပ်သောနောက်စိတ်၏ ထက်သောစိတ်၏ အဖြစ်ဟုဆိုအပ်သော တန်းဆာအထူးနှင့်တကွဖြစ်သောစိတ်သည် အသခ်ါရိကစိတ်မည်ပါသည်။

သခ်ါရအရကောက်

အသခ်ါရိကမေက် သသခ်ါရိကမေက်-၌ သခ်ါရအရကား...တိုက်တွန်းခြင်း လှုံ့လပယောဂကို ရပါသည်။

တစ်နည်း...ထက်သန်သောစိတ်၏ အဖြစ်ဟုဆိုအပ်သော တန်ဆာအထူးကို ရပါသည်။

ဥပေက္ခာမည်ပုံ

သုခဝေဒနာ, ဒုက္ခဝေဒနာတို့၏ အလယ်၌ တည်သည်ဖြစ်၍ သင့်လျော်သော အားဖြင့် အာရုံ၏အရသာကို ခံစားတတ်ခဲ့လေသောကြောင့် ဥပေက္ခာမည်ပါသည်။

တစ်နည်း... သုခဝေဒနာ,ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်သည်ဖြစ်၍ အာရုံ၏အရသာကို ခံစားတတ်ခဲ့လေသောကြောင့် ဥပေက္ခာ မည်ပါသည်။

http://www.dhammadownload.com

သောမနဿသဟဂတံ စသည်ဖြင့်ဆိုရပုံ

လောဘမူစိတ်၌ ဖဿစသော သမ္မယုတ္တဓမ္မတို့ များစွာရှိသော်လည်း သောမနဿ ဝေဒနာစသည်တို့သည်သာလျှင် အလုံးစုံသော လောဘမူစိတ်တို့နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့် ဝေဒနာဖြင့် အထူးပြု၍ သောမနဿသဟဂတံ စသည်ဖြင့် ဆိုရပါသည်။

သောမနဿစသည်တို့ အချို့စိတ်၌ဖြစ်၍ အချို့စိတ်၌ မဖြစ်ခြင်းအကြောင်း

အကြောင်း၏ပေါင်းစု၍တည်သည် ပေါင်းစု၍မတည်သည်၏ အဖြစ်ကြောင့် သောမနဿအစရှိသည်တို့သည် အချို့သောစိတ်၌ဖြစ်၍ အချို့သောစိတ်၌ မဖြစ်ပါ။

သောမနဿဖြစ်ခြင်းအကြောင်း (ဝမ်းမြောက်မှုဖြစ်ခြင်းအကြောင်း)

သဘာဝကုသိုလ်ရုံ,ပရိကပ္ပကုသိုလ်ရုံနှင့် တွေ့ကြုံခြင်း,သောမနဿနှင့် ပဋိသန္ဓေ နေခဲ့ခြင်း, မနက်နဲသော သဘောရှိခြင်း ဤကား သောမနဿဖြစ်ခြင်းအကြောင်း ၃-ပါးဖြစ်ပါသည်။

ဥပေက္ခာဖြစ်ခြင်းအကြောင်း

(လျစ်လျူရှုခြင်းအကြောင်း)

ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံခြင်း,ဥပေက္ခာနှင့် ပဋိသန္ဓေနေခဲ့ခြင်း,နက်နဲသော သဘောရှိခြင်း ဤကား ဥပေက္ခာဖြစ်ခြင်းအကြောင်း ၃-ပါးဖြစ်ပါသည်။

ဒိဋ္ဌဂတသမ္မယုတ်ဖြစ်ခြင်းအကြောင်း

(အယူမှားအမြင်မှား ဖြစ်ရခြင်းအကြောင်း)

အယူပျက်စီးသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း,သဿတအယူ ဥစ္ဆေဒအယူရှိခြင်း, ဤကား ဒိဋ္ဌဂတသမ္မယုတ်ဖြစ်ခြင်း၏ အကြောင်းနှစ်ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဒိဋ္ဌဂတဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်း

အယူပျက်စီးသောပုဂ္ဂိုလ်ကို မမှီဝဲခြင်း,သဿတအယူ ဥစ္ဆေဒအယူမရှိခြင်း, ဤကား ဒိဋ္ဌဂတဝိပ္ပယုတ်ဖြစ်ခြင်း၏ အကြောင်းနှစ်ပါးဖြစ်ပါသည်။

အသခ်ါရိကဖြစ်ခြင်းအကြောင်း

လျောက်ပတ်သောဥတု,လျောက်ပတ်သောဘောဇဉ်စသည်တို့သည် အသခ်ါရိက ဖြစ်ခြင်းအကြောင်း မည်ပါသည်။

လောဘသဟဂတစိတ္တာနိ နာမ-ဟုသာ ဆိုရပုံ

မောဟသည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်သောကြောင့် အထူးပြု၍ မထူးခြား၊ လောဘသည် ဤစိတ်ရှစ်ပါးဠ်သာ ယှဉ်သဖြင့် အထူးပြု၍ ထူးခြားသောကြောင့် လောဘမူစိတ်နိဝုံးဠ် လောဘသဟဂတစိတ္တာနိ နာမ-ဟုသာ ဆိုရပါသည်။ မောဟသဟဂတ စိတ္တာနိ နာမ-ဟု မဆိုရပါ။

သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသခ်ါရိကဖြစ်ပုံ

အကြောင်းအခါဠ် ကာမဂုဏ်တို့ဠ် အပြစ်မရှိ၊ ဤသို့ အစရှိသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ နှစ်သက်ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိလျက် သဘောအားဖြင့် ထက်သည် သာလျှင်ဖြစ်သော မိမိသူတစ်ပါး နှစ်ဦးသားတို့၏ တိုက်တွန်းခြင်းမရှိသောစိတ်ဖြင့် ငါးဖြာ အာရုံကာမဂုဏ်တို့ဠ် သုံးဆောင်ခံစားခဲ့၏။ဒိဋ္ဌမင်္ဂလာအစရှိသည်တို့ကိုလည်း အနှစ်သာရ အားဖြင့် ယုံကြည်ခဲ့၏။ထိုအခါ ရှေးဦးစွာသော သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသခ်ါရိကစိတ် ဖြစ်ပါသည်။

သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသခ်ါရိကဖြစ်ပုံ

အကြောင်းအခါဠ် ကာမဂုဏ်တို့ဠ် အပြစ်မရှိ၊ဤသို့အစရှိသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်ရွှင်ပျပျနှံ့သော တိုက်တွန်းအပ်သောစိတ်ဖြင့် ငါးဖြာအာရုံ ကာမဂုဏ် တို့ကိုခံစားရ၏။ဒိဋ္ဌမင်္ဂလာအစရှိသည်တို့ကိုလည်း အနှစ်သာရအားဖြင့် ယုံကြည်ခဲ့၏။ ထိုအခါ သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသခ်ါရိကစိတ်ဖြစ်ပါသည်။ (ဝါ)လောဘမူ ဒုတိယ အကုသိုလ်စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက ဖြစ်ပုံ

အကြောင်းအခါ၌ မိန္ဓာဒိဋ္ဌိကို ရှေ့သွားမပြုမူ၍ သက်သက် ရွှင်ရွှင်ပျပျ သဘောအား ဖြင့် ထက်သည်သာလျှင်ဖြစ်သော မတိုက်တွန်းအပ်သောစိတ်ဖြင့် မေထုန်ကိုလည်းမှီဝဲ၏။ သူတစ်ပါးစည်းစိမ်ကိုလည်း ရှေ့ရှုကြံစည်ခဲ့၏။သူတစ်ပါး ဥစ္စာဘဏ္ဍာကိုလည်း ခိုးယူခဲ့၏။ ထိုအခါ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။(ဝါ) လောဘမူ တတိယအကုသိုလ်စိတ် ဖြစ်ပါသည်။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကဖြစ်ပုံ

အကြောင်းအခါ မိန္ဓာဒိဋ္ဌိကို ရှေ့သွားမပြုမူ၍ ရွှင်ရွှင်ပျပျနှံ့သော တိုက်တွန်းအပ်သော စိတ်ဖြင့် မေထုန်ကိုလည်းမှီဝဲ၏။သူတစ်ပါးစည်းစိမ်ကိုလည်း ရှေ့ရှုကြံစည်ခဲ့၏။ သူတစ်ပါး ဥစ္စာဘဏ္ဍာကိုလည်း ခိုးယူခဲ့၏။ထိုအခါ သောမနဿသဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်သသင်္ခါရိကစိတ် ဖြစ်ပါသည်။(ဝါ)လောဘမူ စတုတ္ထအကုသိုလ်စိတ်ဖြစ်ပါသည်။

အင္ဂဝိဒ္ဓ ဝိသဒ္ဒါအနက်နှင့် ဝိသဒ္ဒါဖြင့်ပြသော အဓိပ္ပါယ်

ဣမာနိ အင္ဂဝိ-ဒ္ဓ ဝိသဒ္ဒါသည် သမ္မိဏ္ဍနအနက်ရှိပါသည်။ထိုသမ္မိဏ္ဍန အနက်ရှိသော ဝိသဒ္ဒါဖြင့် ရသင့်သော ကမ္မပထအပြား,ကာလ,ဒေသ,သန္တာန်, အာရုံအစရှိသော အပြားတို့ဖြင့် ရေတွက်သော် ထိုလောဘမူစိတ်တို့၏ များသောအပြား ရှိသည်၏ အဖြင့်ကို ရေတွက်ရမည်ဟု ညွှန်ပြပါသည်။

မှတ်ချက် ။　　။ သောမနဿ,ဥပေက္ခာနှစ်ပါးတို့တွင် ကာမာဝစရစိတ်အရာ၌ သောမနဿက သာလွန်ထက်မြက်၍ မဟဂ္ဂုတ်,လောကုတ္တရာ စိတ်အရာ၌ ဥပေက္ခာက သာလွန်ထက်မြက်ပါသည်။

ဥဏ်စမ်းများ

နံနက်ခင်း ရွှေကျီးသံသည်ကိုမြင်၍ လာဘ်ရလိမ့်မည်ဟု မျှော်လင့်လျက် (ယုံကြည်လျက်)ထက်သန်ရွှင်လန်းဝမ်းမြောက်နေသူ၏ သန္တာန်၌ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com

ယင်းစိတ်၌ အညသမာန်းစေတသိက် ၁၃-ပါး၊သဗ္ဗာကုသလာသာဓာရဏာစေတသိက် ၄-ပါး၊လောဘ,ဒိဋ္ဌိ-အားဖြင့် ၁၉-ပါးသောစေတသိက်တို့ အတူယှဉ်တွဲ ဖြစ်ပေါ်ပါသည်။

မှတ်ချက် ။ ။ ထမဲင်းအိုး အလယ်ပွက်လျှင် စည့်သည်လာလိမ့်မည်ဟူသော အယူအဆမျိုးသည်လည်းကောင်း၊ဦးခေါင်းပေါ်သို့ ကျီးကန်းကျင်ကြီးစွန့်ခံရလျှင်(ချေးပါလျှင်)လာဘ်ရလိမ့်မည်ဟူသော အယူအဆမျိုးသည်လည်းကောင်း၊အကြမ်းပန်းကန်လုံးတွင် ထည့်ထားသောရေနွေး၌ လက်ဘက်ခြောက်ရိုးထောင်သည်ကို မြင်၍ စည့်သည်လာလိမ့်မည်ဟု ယူဆသော အယူအဆမျိုးသည် လည်းကောင်း၊ခေါင်းရင်းဝိုင်း နံရံမှ အိမ်မြွှောင် စုတ်ထိုးသံကြား ရလျှင် လာဘ်ရလိမ့်မည်ဟု ယူဆသော အယူအဆမျိုးသည်လည်းကောင်း ဒိဋ္ဌမင်္ဂလာကို အနှစ်သာရအားဖြင့် ယုံကြည်ခြင်းမျိုးပင်ဖြစ်၍ ယင်းအထက်ပါ အကြောင်းအရာများနှင့် ကြုံတွေ့ရာ၌ ထက်သန်ရွင်လန်းဝမ်းမြောက်နေသူတို့၏ သန္တာန်၌လည်း သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသခ်ါရိကစိတ်ပင်ဖြစ်သည်။

အမြင်မှားကို ရှေ့သွားမပြုဘဲ ထက်သန်ရွင်လန်းစွာ မိမိအသိဖြင့် မေထုန်မှီဝဲသော သူအားလည်းကောင်း၊သူတစ်ပါးစည်းစိမ်ကို ရှေ့ရှုကြံစည်သောသူအားလည်းကောင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူသောသူအားလည်းကောင်း သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသခ်ါရိကစိတ်ဖြစ်ပါသည်။

ယင်းစိတ်နှင့် အညသမာန်းစေတသိက် ၁၃-ပါး၊သဗ္ဗာကုသလသာဓာရဏာ စေတသိက် ၄-ပါး၊လောဘ,မာနအားဖြင့် ၁၉-ပါးသော စေတသိက်တို့ကို အတူဖြစ်ခွင့် ရှိပါသည်။

အမြင်မှားကို ရှေ့သွားမပြုဘဲ သူတစ်ပါးတို့တိုက်တွန်းသဖြင့် မထက်မသန် ရွင်လန်းစွာ မေထုန်မှီဝဲသောသူအားလည်းကောင်း၊သူတစ်ပါးစည်းစိမ်ကို ရှေ့ရှုကြံစည် သောသူအားလည်းကောင်း၊သူတစ်ပါးပစ္စည်းကို ခိုးယူသောသူအားလည်းကောင်း

http://www.dhammadownload.com

သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသခ်ါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်နှင့် အညသမာန်းစေတသိက် ၁၃-ပါး၊သဗ္ဗာကုသလသာဓာရဏ စေတသိက် ၄-ပါး၊လောဘ,မာန,ထိန,မိဒ္ဓ-အားဖြင့် ၂၁-ပါးသော စေတသိက်တို့ အတူဖြစ်ခွင့်ရှိပါသည်။

ဒေါသမူစိတ်လာ အဓိပ္ပါယ်များ

အရကောက်

ဒေါမနဿသဟဂတ်-၌ ဒေါမနဿဝယ် ဒုမ္မနအရ... မကောင်းသောစိတ်ကို ရပါသည်။

တစ်နည်း... ဒုမ္မနအရ... မကောင်းသောစိတ်ရှိသော်ပုဂ္ဂိုလ်ကို ရပါသည်။

ဒေါမနဿဟူသောပုဒ်၏အရကား... စိတ်၌ဖြစ်သော ဒုက္ခဝေဒနာကို ရပါသည်။ (ဝါ)မကောင်းသောစိတ်ရှိသည်၏ဖြစ်ကြောင်း ဝေဒနာကို ရပါသည်။

ဒေါမနဿသဟဂတ်ဟူသောပုဒ်အရကား... ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော စိတ်ကို ရပါသည်။(ဝါ)ဒေါမနဿသဟဂုတ်စိတ်ကို ရပါသည်။

ပဋိဃမည်ပုံ အဓိပ္ပါယ်

အာရုံ၌ထိပါးတတ်,ညှင်းဆဲတတ်ခဲ့လေသောကြောင့် ပဋိဃမည်ပါသည်။ ထိုပဋိဃအရကား... ဒေါသစေတသိက်ကို ရပါသည်။

ဒေါမနဿသဟဂတ်ဟု ဝေဒနာဖြင့် အထူးပြုဆိုရခြင်းအကျိုး

ဒေါမနဿသဟဂုတ်စိတ်သည် ဝေဒနာ၏အစွမ်းဖြင့် မပြားသော်လည်း တစ်ပါးသောစိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာဟုဆိုအပ်သော ဓမ္မ၏အစွမ်းဖြင့်စိတ်ကို မှတ်ခြင်းအကျိုးငှာ ဝေဒနာဖြင့် အထူးပြု၍ ဒေါမနဿသဟဂတ်ဟု ဆိုရပါသည်။

ပဋိဃသမ္မယုတ္တသဒ္ဒါကို ထပ်ဆိုရပုံ

နှစ်ပါးကုန်သော ဒေါမနဿနှင့် ပဋိဃတို့၏ စင်စစ်အတူတကွဖြစ်လေ့ရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာ ပဋိဃသမ္မယုတ္တသဒ္ဒါကို ထပ်ဆိုရပါသည်။

http://www.dhammadownload.com

ဒေါမနဿနှင့် ပဋိဃအထူး
စိတ်မချမ်းသာခြင်းနှင့် အမျက်ထွက်ခြင်းအထူး

ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသည်ဖြစ်၍ ဝေဒနာကွန္ဒာဋ္ဌ အကျုံးဝင်သော တစ်ခုသောတရားဖြစ်ပါသည်။ပဋိဃသည် ကြမ်းတမ်းသောသဘောရှိသည်ဖြစ်၍ သခါရက္ခန္ဓာဋ္ဌ အကျုံးဝင်သော တစ်ခုသောတရားဖြစ်ပါသည်။ဤသို့ ထူးပါသည်။

၊ ဒေါမနဿနှင့် ပဋိဃဖြစ်ကြောင်းတရားများ
စိတ်မချမ်းသာခြင်းနှင့် အမျက်ထွက်ခြင်းဖြစ်ကြောင်းတရားများ

အလုံးစုံသော အနိဋ္ဌာရုံနှင့်တွေ့ကြုံရခြင်းသည်လည်းကောင်း၊အာဃာတဝတ္ထု ၉-ပါးသည်လည်းကောင်း ဒေါမနဿဖြစ်ခြင်း၏အကြောင်းလည်း မည်ပါသည်။ပဋိဃဖြစ်ခြင်း၏အကြောင်းလည်း မည်ပါသည်။

အာဃာတဝတ္ထု ၉-ပါး၊တစ်နည်း ၁၀-ပါး
ရန်ညိုးဖွဲ့ကြောင်းတရား ၉-ပါး၊တစ်နည်း ၁၀-ပါး

အာဃာတဝတ္ထု ၉-ပါးဟူသော်ကား...

ဤသူသည် ငါ၏အကျိုးစီးပွားမဲ့ကို ရွေးကလည်းပြုခဲ့ဖူးလေပြီ၊ယခုလည်းပြုဆဲ၊ နောင်လည်းပြုလတ္တံ့၊ဤသို့ မိမိကိုယ်ကိုစွဲ၍ ၃-ပါး၊

ဤသူသည် ငါ၏ချစ်သောသူ၏ အကျိုးစီးပွားမဲ့ကို ရွေးကလည်း ပြုခဲ့ဖူးလေပြီ၊ ယခုလည်းပြုဆဲ၊နောင်လည်း ပြုလတ္တံ့၊ဤသို့ မိမိချစ်သောသူကိုစွဲ၍ ၃-ပါး၊

ဤသူသည် ငါ၏ရန်သူဖြစ်သောသူ၏ အကျိုးစီးပွားမဲ့ကို ရွေးကလည်း ပြုခဲ့ဖူးလေပြီ၊ယခုလည်းပြုဆဲ၊နောင်လည်းပြုလတ္တံ့၊ဤသို့ မိမိ၏ရန်သူဖြစ်သောသူကိုစွဲ၍ ၃-ပါးအားဖြင့် ၉-ပါးဖြစ်ပါသည်။

မိုးသည် ရွာလွန်းလှ၏၊နေသည် ပူလွန်းလှ၏၊လသည် သာလွန်းလှ၏စသည်ဖြင့်အရာမဟုတ်သည်၌ အမျက်ထွက်ခြင်းဟုဆိုအပ်သော အင်္ဂါနှင့်ကောပတစ်ပါးကိုထည့်၍ ပေါင်းလိုက်သည်ရှိသော် အာဃာတဝတ္ထု ၁၀-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

ဥာဏ်စမ်းများ

မည်သူမှမစေခိုင်းဘဲ သူတစ်ပါးအသက်ကို ရက်ရက်စက်စက်ထက်သန်စွာ သတ်သောသူသန္တာန်၌ ဒေါမနဿသဟဂုတ် ပဋိဃသမ္မယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါး၊ဒေါသ,ကုက္ကုစ္စ-အားဖြင့် ၂၀-သော စေတသိက်တို့သည် အတူယှဉ်တွဲဖြစ်ပေါ်ပါသည်။

အခကြေးငွေယူ၍ သူတစ်ပါးအသက်ကို သတ်ပေးသော "ကမ္မာကျော်ကြေးစား" လူသတ်သမားတစ်ဦး၏ သန္တာန်၌ ဒေါမနဿသဟဂုတ် ပဋိဃသမ္မယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊မောစတုတ် ၄-ပါး၊ဒေါစတုတ် ၄-ပါး၊ထိန,မိဒ္ဓ-အားဖြင့် ၂၂-ပါးသော စေတသိက်တို့ ယှဉ်တွဲဖြစ်ပေါ်ပါသည်။

မှတ်ချက် ။ ။ သဗ္ဗာကုသလသာဓာရဏစေတသိက် ၄-ပါးကို မောဟဦးဆောင်သော စေတသိက် ၄-ပါးဖြစ်၍ "မောစတုတ် ၄-ပါး" ဟုလည်းကောင်း၊ ဒေါသ,ကုက္ကုစ္စ ၄-ပါးကိုလည်း ဒေါသဦးဆောင်သော စေတသိက် ၄-ပါးဖြစ်၍ "ဒေါစတုတ် ၄-ပါး" ဟုလည်းကောင်း၊ လောဘ,ဒိဋ္ဌ,မာန ၃-ကိုလည်း လောဘဦးဆောင်သော စေတသိက် ၃-ပါးဖြစ်၍ "လောတြိ" ၃-ပါးဟုလည်းကောင်း ခေါ်ပါသည်။

ဒေါသမူစိတ် အဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

မောဟမူစိတ် ၂-ပါးလာ အဓိပ္ပါယ်များ
ဝိစိကိစ္ဆာမည်ပုံ

ယုံမှားခြင်းဖြင့် သဘောကိုစုံစမ်းသည်ရှိသော် ပူပန်ကြောင်းဖြစ်ခဲ့လေသောကြောင့် ဝိစိကိစ္ဆာ မည်ပါသည်။

တစ်နည်း...စိတ်အား ဉာဏ်ဖြင့်ကုစားခြင်းငှာ ခဲယဉ်းသဖြင့် ဉာဏ်တည်းဟူသော ဆေးသမားကင်းခဲ့လေသောကြောင့် ဝိစိကိစ္ဆာ မည်ပါသည်။

ဝိစိကိစ္ဆာ၏အရကား.... ဝိစိကိစ္ဆာစေတသိက်ကို ရပါသည်။

ဝိစိကိစ္ဆာသမ္မယုတ်စိတ်မည်ပုံ

ထိုဝိစိကိစ္ဆာစေတသိက်နှင့် ယှဉ်ခဲ့လေသောကြောင့် ဝိစိကိစ္ဆာသမ္မယုတ်စိတ် မည်ပါသည်။

ဥဒ္ဓစ္စမည်ပုံ

အလွန်တုန်လှုပ်တတ်သော စိတ်၏ဖြစ်ကြောင်း ဖြစ်ခဲ့လေသောကြောင့် ဥဒ္ဓစ္စမည်ပါသည်။

ဥဒ္ဓစ္စ၏အရကား....ဥဒ္ဓစ္စစေတသိက်ကို ရပါသည်။

နောက်ဆုံး အကုသိုလ်စိတ်ကိုသာ ဥဒ္ဓစ္စဖြင့် အထူးပြု၍ဆိုရပုံ

ဥဒ္ဓစ္စသည် အလုံးစုံသောအကုသိုလ်စိတ်တို့နှင့် ယှဉ်သော်လည်း နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌သာ ပြဋ္ဌာန်းသည်ဖြစ်၍ အားရှိခဲ့လေသောကြောင့် နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်ကိုသာ ဥဒ္ဓစ္စသမ္မယုတ္တဟု အထူးပြု၍ ဆိုရပါသည်။

မောဟမူဒွေး ဥပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်း

မောဟမူဒွေးသည် မူလတစ်ပါးကင်းသဖြင့် အလွန်ပြင်းထန်စွာ အာရုံ၌တွေဝေသောကြောင့်လည်းကောင်း၊အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊အာရုံ၌ပျံ့လွင့်ခြင်း၏အစွမ်းဖြင့်ဖြစ် သော ဝိစိကိစ္ဆာ,ဥဒ္ဓစ္စတို့နှင့်ယှဉ်သည်ဖြစ်၍ တုန်လှုပ်သောကြောင့်လည်းကောင်း၊အလုံးစုံ သော ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ လောဘမူစိတ်ကဲ့သို့ တပ်ခြင်းမရှိ၊အနိဋ္ဌာရုံ၌ ဒေါသမူ စိတ်ကဲ့သို့ ပြစ်မှားခြင်းမရှိသောကြောင့်လည်းကောင်း ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

http://www.dhammadownload.com

မောဟမူဒွေး သခ်ါရအပြားမရှိခြင်းအကြောင်း

မောဟမူစိတ်သည် အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊ အာရုံ၌ ပြန်လွှင့်ခြင်းရှိသည်ဖြစ်၍ သဘောအားဖြင့် ထက်သည်၏အဖြစ်၊ တိုက်တွန်းအားထုတ်အပ်သည်၏အဖြစ်မရှိခဲ့လေသောကြောင့် သခ်ါရအပြားမရှိပါ။(ဝါ)သခ်ါရဝိမုတ်သာ ဖြစ်ရပါသည်။

မောဟမူမည်ခြင်းအကြောင်း

မောဟမူစိတ်တို့သည် မူလတစ်ပါးမှကင်းသည်ဖြစ်၍ အလွန်ပြင်းစွာသော တွေဝေခြင်းဖြင့် တွေဝေတတ်ခဲ့လေသောကြောင့် မောဟမူလည်း မည်ပါသည်။

လောဘ၊ဒေါသ၊မောဟအားကြီးသူတို့ တမလွန်၌ လားရောက်ရမည့်ဘဝနှင့် ဖြစ်ရမည့်အမျိုး

လောဘအားကြီးသောပုဂ္ဂိုလ်သည် သေသောအခါ ပြိတ္တာဘုံသို့ ရောက်ရတတ်ပါသည်။

လောဘအားကြီးသောပုဂ္ဂိုလ်သည် ဆင်းရဲနွမ်းပါး ဥစ္စာရှားပါးသောအမျိုး၌ ဖြစ်ရတတ်ပါသည်။

လောဘအားကြီးသောပုဂ္ဂိုလ်သည် ဒါနတရား နည်းပါးတတ်ပါသည်။

ဒေါသအားကြီးသောပုဂ္ဂိုလ်သည် သေသောအခါ ငရဲဘုံသို့ ရောက်ရတတ်ပါသည်။

ဒေါသအားကြီးသောပုဂ္ဂိုလ်သည် အဆင်းမလှ အကျည်းတန်သောအမျိုး၌ ဖြစ်ရတတ်ပါသည်။

ဒေါသအားကြီးသောပုဂ္ဂိုလ်သည် သီလတရား နည်းပါးတတ်ပါသည်။

မောဟအားကြီးသောပုဂ္ဂိုလ်သည် သေသောအခါ တိရစ္ဆာန်ဘုံသို့ ရောက်ရတတ်ပါသည်။

မောဟအားကြီးသောပုဂ္ဂိုလ်သည် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရတတ်ပါသည်။

မောဟအားကြီးသောပုဂ္ဂိုလ်သည် ဘာဝနာတရား နည်းပါးတတ်ပါသည်။

http://www.dhammadownload.com

အကုသိုလ်စိတ်မည်ပုံ

မိတ်ဆွေ၏ဆန့်ကျင်ဘက်ဖြစ်သောသူသည် ရန်သူမည်သကဲ့သို့ ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်ခဲ့လေသောကြောင့် အကုသိုလ်စိတ်တို့ မည်ပါသည်။

ကုသိုလ်နှင့် အကုသိုလ်တို့ ဆန့်ကျင်ပုံ (ပဋိပက္ခဖြစ်ပုံ)

ကုသိုလ်သည် ပယ်တတ်သော ပဟာယကတရား မည်ပါသည်။

အကုသိုလ်သည် ပယ်အပ်သော ပဟာတဗ္ဗတရား မည်ပါသည်။

ကုသိုလ်နှင့်အကုသိုလ်တို့သည် ဤသို့ ပဟာယက,ပဟာတဗ္ဗ၏အဖြစ်ဖြင့် ဆန့်ကျင်ပါသည်။

လောဘ၏ မူလမည်ခြင်းအကြောင်း

လောဘစေတသိက်သည် ကောင်းစွာတည်ရာ၏အဖြစ်ကို ပြီးစေခြင်းဖြင့် ရေသောက်မြစ်နှင့်တူလေသောကြောင့် မူလမည်ပါသည်။

အကုသိုလ်စိတ် ၁၂-ပါးပြားရခြင်းအကြောင်း

အကုသိုလ်စိတ်သည် သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာအားဖြင့် တစ်ပါးတည်းဖြစ်သင့်သော်လည်း သမ္မယောဂ,သခ်ါရအပြားအားဖြင့် ပြားသောကြောင့် ၁၂-ပါးပြားရပါသည်။

တစ်နည်း...အကုသိုလ်စိတ်သည် လောဘမူ,ဒေါသမူ,မောဟမူဟူဆိုအပ်သော မူလဘေဒအားဖြင့် ၃-ပါးပြားသင့်သော်လည်း သမ္မယောဂ,သခ်ါရအပြားအားဖြင့် ပြားသောကြောင့် ၁၂-ပါးပြားရပါသည်။

အကုသိုလ်စိတ်လာ အဓိပ္ပါယ်ပြီးပြီ။

* * * * *

http://www.dhammadownload.com

အဟိတ်စိတ်လာ အဓိပ္ပါယ်များ

အကုသလဝိပါက်စိတ်တို့ကို ရှေးဦးစွာ ဆိုရခြင်းအကြောင်း

အကုသိုလ်၏အခြားမဲ့၌ အကုသိုလ်၏အကျိုးကို ပြလိုသောကြောင့် အဟိတ်စိတ်၌ အကုသလဝိပါက်စိတ်ကို ရှေးဦးစွာ ပြဆိုရပါသည်။

အကုသလဝိပါက် ၇-ပါးပြားရခြင်းအကြောင်း

အကုသလဝိပါက်စိတ်သည် စက္ခုအစရှိသောမှီရာ သမ္ဘဉ္ဇိဇ္ဈန်းအစရှိသောကိစ္စတို့၏ အပြားဖြင့် ပြားသောကြောင့် ၇-ပါးပြားရပါသည်။

တထာ-သဒ္ဒါဖြင့်ပြသော အဓိပ္ပါယ်

တထာ သောတဝိညာဏ်-၌ တထာသဒ္ဒါဖြင့် သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်တို့၏ ဥပေက္ခာသဟဂုတ်စိတ်၏အဖြစ်ကို ညွှန်ပြပါသည်။

စက္ခုမည်ပုံ

ရူပါရုံကို သာယာသကဲ့သို့ ဖြစ်တတ်ခဲ့လေသောကြောင့် စက္ခုပသာဒရုပ်သည် စက္ခုမည်ပါသည်။

စက္ခုဝိညာဏ်မည်ပုံ

စက္ခုပသာဒ၌ မှီတတ်ခဲ့လေသောကြောင့် စက္ခုပသာဒ၌ မှီ၍ဖြစ်သောစိတ်သည် စက္ခုဝိညာဏ်မည်ပါသည်။

သောတမည်ပုံ

သောတဝိညာဏ်၏တည်ရာဖြစ်၍ အသံကိုကြားတတ်ခဲ့လေသောကြောင့် သောတ ပသာဒရုပ်သည် သောတမည်ပါသည်။

သောတဝိညာဏ်မည်ပုံ

သောတပသာဒ၌ မှီတတ်ခဲ့လေသောကြောင့် သောတပသာဒ၌ မှီ၍ဖြစ်သောစိတ် သည် သောတဝိညာဏ်မည်ပါသည်။

http://www.dhammadownload.com

ဃာနမည်ပုံ

ဂန္ဓာရုံကို ယူတတ်ခဲ့လေသောကြောင့် ဃာနပသာဒရုပ်သည် ဃာနမည်ပါသည်။

ဃာနဝိညာဏ်မည်ပုံ

ဃာနပသာဒ၌ မှီတတ်ခဲ့လေသောကြောင့် ဃာနပသာဒ၌ မှီ၍ဖြစ်တတ်သောစိတ်သည် ဃာနဝိညာဏ်မည်ပါသည်။

ဇိဝိတမည်ပုံ

အသက်၏အကြောင်းဖြစ်ခဲ့လေသောကြောင့် ရသာရုံသည် ဇိဝိတမည်ပါသည်။

ဇိဝှါမည်ပုံ

ရသာရုံ၌ ညွှတ်တတ်သည်ဖြစ်၍ ဇိဝိတဖြစ်သောရသာရုံကို ခေါ်ဝေါ်သကဲ့သို့ဖြစ်တတ်ခဲ့လေသောကြောင့် ဇိဝှါပသာဒရုပ်သည် ဇိဝှါမည်ပါသည်။

ဇိဝှါဝိညာဏ်မည်ပုံ

ဇိဝှါပသာဒ၌ မှီတတ်ခဲ့လေသောကြောင့် ဇိဝှါပသာဒ၌ မှီ၍ဖြစ်သောစိတ်သည်ဇိဝှါဝိညာဏ် မည်ပါသည်။

ကာယမည်ပုံ

စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့၏ တည်ရာဖြစ်ခဲ့လေသောကြောင့် ကာယပသာဒရုပ်သည် ကာယမည်ပါသည်။

ကာယဝိညာဏ်မည်ပုံ

ကာယပသာဒ၌ မှီတတ်ခဲ့လေသောကြောင့် ကာယပသာဒ၌မှီ၍ဖြစ်သောစိတ်သည် ကာယဝိညာဏ်မည်ပါသည်။

ဒုက္ခမည်ပုံ

စက်ဆုတ်အပ်သည်ဖြစ်၍ ကိုယ်၌ဖြစ်သောချမ်းသာကို တူးဖြိုတတ်ခဲ့လေသောကြောင့် ဒေဒနာသည် ဒုက္ခမည်ပါသည်။

http://www.dhammadownload.com

သမ္မဋ္ဌိစ္ဆိန်းမည်ပုံ

ပဋိညာဏ်သည်ယူအပ်သော ရူပါရုံအစရှိသော အာရုံငါးပါးကို ခံလင့်သောအခြင်းအရာအားဖြင့်ဖြစ်၍ ခံယူတတ်ခဲ့လေသောကြောင့် သမ္မဋ္ဌိစ္ဆိန်းမည်ပါသည်။

သန္ဋီရဏမည်ပုံ

သမ္မဋ္ဌိစ္ဆိန်းသည် ခံယူအပ်ပြီးသော ရူပါရုံအစရှိသော အာရုံငါးပါးကို ကောင်းစွာစုံစမ်းတတ်ခဲ့လေသောကြောင့် သန္ဋီရဏမည်ပါသည်။

ဝိပါက်မည်ပုံ

အချင်းချင်းဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်,အကုသိုလ်တရားတို့၏ အကျိုးဖြစ်ခဲ့လေသောကြောင့် ဝိပါက်မည်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ်၌ သန္ဋီရဏ ၂-ပါးဆိုရခြင်းအကြောင်း

ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းဖြင့် သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာအထူးအပြား၏ ဖြစ်သင့်ခဲ့လေသောကြောင့် အဟိတ်ကုသလဝိပါက်စိတ်၌ သန္ဋီရဏ ၂-ပါးဆိုရပါသည်။

အကုသလဝိပါက်စိတ်၌ သန္ဋီရဏ ၁-ပါးသာဆိုရပုံ

အကုသလဝိပါက်စိတ်၌ အနိဋ္ဌာရုံ,အနိဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းဖြင့် သန္ဋီရဏ ၂-ပါး ဆိုသင့်သော်လည်း အနိဋ္ဌာရုံဖြစ်သော ဒေါမနဿ၏ ပဋိဃနှင့်ကင်း၍ မဖြစ်ခြင်းကြောင့်လည်းကောင်း၊စင်စစ်အကုသိုလ်သဘောရှိသော ပဋိဃ၏လည်း အဗျာကတတရားတို့၌ မဖြစ်ခြင်းကြောင့်လည်းကောင်း အကုသလဝိပါက်စိတ်၌ သန္ဋီရဏ ၁-ပါးသာဆိုရပါသည်။

တစ်နည်း… အားရှိသောသူသည် ပုတ်ခပ်အပ်သော် အားမရှိသောယောကျ်ားသည် အားရှိသောသူကို တစ်ဖန်ပြန်၍ ပုတ်ခပ်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထို့အတူ အကုသလဝိပါက်စိတ်တို့၏ ထက်ဝန်းကျင်အားနည်းသည်၏အဖြစ်ကြောင့်

http://www.dhammadownload.com

အနိဋ္ဌာရုံ၌လည်း ဒေါမနဿမဖြစ်ရကား အကုသလဝိပါက်စိတ်၌ သန္တီရဏ ၁-ပါးသာ ဆိုရပါသည်။

စက္ခုဝိညာဏ်စသောစိတ်တို့ ဥပေက္ခာဖြစ်ရခြင်းအကြောင်း

ဘုရားအစရှိသော ကောင်းသောအာရုံကို ဝမ်းမြောက်စွာဖူးမြင်ရသော်လည်း ဝတ္ထုအာရုံ ၂-ပါးစုံတို့၏ ထိခိုက်ခြင်း၏အားနည်းသည်၏အဖြစ်ကြောင့် စက္ခုဝိညာဏ်စသော ၄-ပါးသောစိတ်တို့သည် ဣဋ္ဌာရုံ,အနိဋ္ဌာရုံတို့၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

ကာယဝိညာဏ်ဒွေး သုခ,ဒုက္ခဖြစ်ရခြင်းအကြောင်း

ဝတ္ထုအာရုံ ၂-ပါးစုံတို့၏ ထိခိုက်ခြင်း၏အားရှိသည်အဖြစ်ကြောင့် ကာယဝိညာဏ်ဒွေးသည် ဣဋ္ဌာရုံ၌ သုခသဟဂုတ်,အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ် ဖြစ်ရပါသည်။

သမ္ပဋိစ္ဆိန်းဒွေး ဥပေက္ခာဖြစ်ရခြင်းအကြောင်း

သမ္ပဋိစ္ဆိန်းဒွေးသည် မိမိတို့နှင့်တူသော မိုရာရှိသောစိတ်မှ မရအပ်သောအနုန္တရပစ္စည်းရှိသည်ဖြစ်၍(အနုန္တရပစ္စည်းကို မရ၍)ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း အာရုံ၏အရသာကို ခံစားခြင်းငှာ မစွမ်းနိုင်ခဲ့လေသောကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ပါသည်။

အဟိတ်ကုသလဝိပါက် သန္တီရဏစိတ် သောမနဿ,ဥပေက္ခာဖြစ်ရခြင်းအကြောင်း

အဟိတ်ကုသလဝိပါက်သန္တီရဏစိတ်သည် မိမိနှင့်တူသော မိုရာရှိသောစိတ်မှ ရအပ်သော အနုန္တရပစ္စည်းရှိသည်ဖြစ်၍(အနုန္တရပစ္စည်းကို ရ၍)ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း အာရုံ၏အရသာကို ခံစားခြင်းငှာ စွမ်းနိုင်ခဲ့လေသောကြောင့် ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်,ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်ဖြစ်ရပါသည်။

အာဝဇ္ဇန်းဒွေး ဥပေက္ခာဖြစ်ရခြင်းအကြောင်း

အာဝဇ္ဇန်းဒွေးသည် ခပ်သိမ်းသောအခြင်းအရာအားဖြင့်လည်း အာရုံ၏အရသာကို ခံစားခြင်းငှာ မစွမ်းနိုင်ခဲ့လေသောကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

http://www.dhammadownload.com

အဟိတ်စိတ်မည်ပုံ

ယှဉ်ဖော်ယှဉ်ဘက် သမ္မယုတ်ဟိတ်မရှိခဲ့လေသောကြောင့်(၀၊)ယှဉ်ဖော်ယှဉ်ဘက် သမ္မယုတ်ဟိတ်တို့မှ ကင်းသည်၏အဖြစ်ကြောင့် အဟိတ်စိတ်မည်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ်ကို အဟိတ်စိတ်ဟုသာ ဆိုရပုံ

အဟိတ်ကုသလဝိပါက်စိတ်တို့၌ ဖြစ်စေတတ်သောဟိတ်တို့ရှိ၍ ၄င်းစိတ်ကိုသဟိတ်စိတ်ဟု ဆိုသင့်သော်လည်း ယှဉ်ဖော်ယှဉ်ဘက် သမ္မယုတ်ဟိတ်မှကင်းသည်၏ အဖြစ်ကြောင့် သမ္မယုတ်ဟိတ်တို့၏ အစွမ်းဖြင့်သာလျှင် အဟိတ်စိတ်ဟုသာ ဆိုရပါသည်။

သဟိတ်စိတ်ဟု မဆိုသင့်ခြင်းအကြောင်း

အဟိတ်ကုသလဝိပါက်စိတ်ကို သဟိတ်စိတ်ဟုဆိုခဲ့သော် မသင့်ပါ။အကြောင်းကား မဟာဝိပါက်စိတ်နှင့် အဟိတ်ကုသလဝိပါက်စိတ်တို့၏ ထူးခြားသည်၏အဖြစ် မရှိတော့သောကြောင့် ဖြစ်ပါသည်။

အကုသလဝိပါက်စိတ်နိဂုံး၌ အဟေတုကသဒ္ဒါ မထည့်ဆိုရခြင်းအကြောင်း

အကုသလဝိပါက်စိတ်သည် အဟိတ်စိတ်တစ်မျိုးသာရှိ၍ အဟိတ်လော,သဟိတ်လော-ဟု တွေးတောယုံမှားဖွယ်မရှိ။အဟေတုကသဒ္ဒါ-ထည့်သော်လည်း ထူးသောဖြစ်ခြင်း မရှိသောကြောင့် အကုသလဝိပါက်စိတ်နိဂုံး၌ အဟေတုကသဒ္ဒါ မထည့်ရပါ။

အဟိတ်ကုသလဝိပါက်နှင့် အဟိတ်ကြိယာစိတ်တို့၏နိဂုံး၌ အဟေတုကသဒ္ဒါ ထည့်ဆိုရခြင်းအကြောင်း

ကုသလဝိပါက်နှင့် ကြိယာစိတ်တို့သည် အဟိတ်,သဟိတ်၂-မျိုးရှိ၍ အဟိတ်လော,သဟိတ်လော-ဟု တွေးတောယုံမှားဖွယ် ရှိခဲ့လေသောကြောင့် သဟိတ်ဝိပါက်,သဟိတ်ကြိယာစိတ်တို့နှင့် ကွဲပြားစေခြင်းအကျိုးငှာ အဟိတ်ကုသလဝိပါက်နှင့်အဟိတ်ကြိယာစိတ်တို့၏နိဂုံး၌ အဟေတုကသဒ္ဒါ ထည့်ရပါသည်။

http://www.dhammadownload.com

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းမည်ပုံ

ပဋ္ဌဒ္ဓါရ၌ ထင်လာသောအာရုံကို ဆင်ခြင်တတ်,နှလုံးသွင်းခြင်းကို ပြုတတ်ခဲ့လေသောကြောင့် ပဋ္ဌဒ္ဓါရာဝဇ္ဇန်း မည်ပါသည်။

တစ်နည်း... ဘဝင်စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့် ဖြစ်စေခြင်းငှာ မပေးမူ၍ ဝိထိစိတ်တို့၏ဖြစ်ခြင်းအကျိုးငှာ ညွှတ်စေပေးခဲ့လေသောကြောင့် ပဋ္ဌဒ္ဓါရာဝဇ္ဇန်း မည်ပါသည်။

မနောဒ္ဓါရမည်ပုံ

မနောဒ္ဓါရာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်၍ဖြစ်သော(အခြားမဲ့ဖြစ်၍ဖြစ်သော) ဘဝင်ပဏ္ဍဒစိတ်သည် ဝိထိစိတ်တို့၏ဖြစ်ခြင်း၏အကြောင်းဖြစ်ခဲ့လေသောကြောင့် မနောဒ္ဓါရ မည်ပါသည်။

မနောဒ္ဓါရာဝဇ္ဇန်းမည်ပုံ

မနောဒ္ဓါရ၌ မြင်အပ်,ကြားအပ်,ဖွဲ့အပ်သောအာရုံစသည်တို့၏ အစွမ်းအားဖြင့် ထင်ခြင်းသို့ရောက်သော အာရုံကို ဆင်ခြင်တတ်ခဲ့လေသောကြောင့် မနောဒ္ဓါရာဝဇ္ဇန်း မည်ပါသည်။

တစ်နည်း... ဘဝင်စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့်ဖြစ်စေခြင်းငှာ မပေးမူ၍ ဝိထိစိတ်တို့၏ ဖြစ်ခြင်းအကျိုးငှာ ညွှတ်စေတတ်ခဲ့လေသောကြောင့် မနောဒ္ဓါရာဝဇ္ဇန်း မည်ပါသည်။

မနောဒ္ဓါရာဝဇ္ဇန်းကို ဝုဋ္ဌောဟု ခေါ်ရပုံ

ပဋ္ဌဒ္ဓါရ၌ဖြစ်သောအခါ သန္ဓိရဏသည် စုံစမ်းအပ်ပြီးသောအာရုံကို မှတ်သားတတ်ခဲ့လေသောကြောင့် မနောဒ္ဓါရာဝဇ္ဇန်းကို ဝုဋ္ဌောဟု ခေါ်ဆိုရပါသည်။

မဟာဂဓစိတ်စသည်များ

မနောဒ္ဓါရာဝဇ္ဇန်းစိတ်သည် ဆင်ပြောင်ကြီးနှင့်တူသော မဟာဂဓစိတ်လည်း မည်ပါသည်။သမ္မဥ္ဇဉ္ဇတာဉာဏ်တော်နှင့် အလားတူသောစိတ်လည်း မည်ပါသည်။တရားသူကြီး

http://www.dhammadownload.com

နှင့်တူသောစိတ်လည်း မည်ပါသည်။

သန္ဓိရဏစိတ်သည် သူလျှိုစုံထောက်နှင့်တူသောစိတ် မည်ပါသည်။

ပဋိဒ္ဓါရာဝဇ္ဇန်းနှင့် မနောဒ္ဓါရာဝဇ္ဇန်းအထူး

ပဋိဒ္ဓါရာဝဇ္ဇန်းစိတ်သည် အဟိတ်ကြိယာ,မနောဓာတ်ဖြစ်ပါသည်။

မနောဒ္ဓါရာဝဇ္ဇန်းစိတ်သည် အဟိတ်ကြိယာ,မနောဝိညာဏဓာတ်ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

တူပုံနှင့် ထူးပုံ

ပဋိဒ္ဓါရာဝဇ္ဇန်းနှင့်မနောဒ္ဓါရာဝဇ္ဇန်းတို့သည် အဟိတ်ကြိယာစိတ်အဖြစ်အားဖြင့် တူပါသည်။ပဋိဒ္ဓါရာဝဇ္ဇန်းသည် မနောဓာတ်ဖြစ်၍ မနောဒ္ဓါရာဝဇ္ဇန်းသည် မနောဝိညာဏဓာတ်ဖြစ်ရကား ဓာတ်အနေအားဖြင့် ထူးပါသည်။

ဟသိတုပ္ပါဒ်မည်ပုံ

ပြုံးရယ်ခြင်းကို ဖြစ်စေတတ်ခဲ့လေသောကြောင့် ဟသိတုပ္ပါဒ်စိတ် မည်ပါသည်။

နိဿယဘောဒစိတ်နှင့် ကိစ္စဘောဒစိတ်စသည်များ

အဟိတ်စိတ် ၁၈-ပါးတို့တွင် ဒွေးပဋိညာဏ် ၁၀-သည် နိဿယဘောဒစိတ်မည်ပါသည်။ဒွါရဘောဒစိတ်လည်း မည်ပါသည်။ဝတ္ထုဘောဒစိတ်လည်း မည်ပါသည်။

သမ္ပဋိစ္ဆိန်းဒွေး၊သန္ဓိရဏ ၃-ခု၊အာဝဇ္ဇန်းဒွေး၊ဟသိတုပ္ပါဒ်အားဖြင့် ဤ ၈-ပါးသောစိတ်သည် ကိစ္စဘောဒစိတ် . မည်ပါသည်။

သောဘဏစိတ်လာ အဓိပ္ပါယ်များ

အကုသိုလ်ပါပမည်ခြင်းအကြောင်း

မိမိဟုဆိုအပ်သော အကုသိုလ်သည် စွဲ၍ဖြစ်သောပုဂ္ဂိုလ်ကို အပါယ်အစရှိသော ဆင်းရဲသို့ ရောက်စေတတ်ခဲ့လေသောကြောင့် အကုသိုလ်စိတ် ၁၂-ပါးသည် ပါပမည်ပါသည်။

http://www.dhammadownload.com

အဟိတ်စိတ် အဟေတုကမည်ခြင်းအကြောင်း

ဟိတ်နှင့်ယှဉ်ခြင်းမရှိသောကြောင့် အဟိတ်စိတ် ၁၈-ပါးသည် အဟေတုက မည်ပါသည်။

သောဘဏစိတ်မည်ပုံ

အကုသိုလ်စိတ်,အဟိတ်စိတ်တို့မှလွတ်ကုန်သော အကျဉ်းအားဖြင့် တစ်ခုယုတ် ၆၀၊အကျယ်အားဖြင့် ၉၁-ပါးကုန်သော စိတ်တို့သည် တင့်တယ်သောဂုဏ်ကို ဆောင်နိုင်ခဲ့ လေသောကြောင့်လည်းကောင်း၊အပြစ်ကင်းသော အလောဘစသောဟိတ်တို့နှင့် ယှဉ်ခဲ့ လေသောကြောင့်လည်းကောင်း သောဘဏစိတ်တို့ မည်ပါသည်။

ကာမာဝစရသောဘဏစိတ်လာ အဓိပ္ပါယ်များ

ကာမာဝစရစိတ်ကို ရှေးဦးစွာဆိုရပုံ

စိတ်၏ဥဒ္ဒေသ၌ ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရဥွေတိ-ဟု ပြခဲ့ပြီးသောအစဉ်ရှိသည်၏အဖြစ်ကြောင့် သောဘဏစိတ်တို့တွင် ကာမာဝစရစိတ်ကို ရှေးဦးစွာ ပြဆိုရပါသည်။

ကုသိုလ်ကို ရှေးဦးစွာဆိုရပုံ

ဝိပါက်,ကြိယာဟုဆိုအပ်သော အဗျာကတတရားတို့၏ ရှေးခံကုသိုလ်တရားတို့၏ ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် ကာမာဝစရသောဘဏစိတ်၌ ကုသိုလ်ကို ရှေးဦးစွာ ပြဆို ရပါသည်။

ကုသိုလ်နောင် ဝိပါက်ကို ဆိုရပုံ

ထိုကုသိုလ်၏ အကျိုးဖြစ်သည်၏အဖြစ်ကြောင့် ကုသိုလ်၏အခြားမဲ့၌ ဝိပါက်ကို ပြဆိုရပါသည်။

ဝိပါက်နောင် ကြိယာကို ဆိုရပုံ

ထိုကုသိုလ်,ဝိပါက်တို့နှင့် တူသောဘုံ၌ အကျိုးဝင်သည်၏အဖြစ်ကြောင့် ဝိပါက် စိတ်၏အခြားမဲ့၌ ကြိယာစိတ်ကို ပြဆိုရပါသည်။

http://www.dhammadownload.com

ဉာဏ်မည်ပုံ

ရုပ်,နာမ်တရားတို့၏ ကက္ခဋစသော,ဖုသနစသော ဝိသေသသဘော၊အနိစ္စ စသော သာမညသဘောကို ထိုးထွင်း၍သိတတ်ခဲ့လေသောကြောင့် ဉာဏ်မည်ပါသည်။

ထိုဉာဏ်၏အရဂကား...အမောဟစေတသိက်ကို ရပါသည်။

မဟာကုသိုလ် သောမနဿဖြစ်ခြင်းအကြောင်း
ကုသိုလ်ကောင်းမှုပြုရာ၌
ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းအကြောင်း

အားကြီးသောသဒ္ဓါတရားရှိခြင်း,ဉာဏ်အမြင်နှင့်ပြည့်စုံခြင်း ပစ္စည်းအလျှုခံစသည်တို့၏ ပြည့်စုံခြင်းတို့သည် မဟာကုသိုလ် သောမနဿဖြစ်ခြင်း၏အကြောင်း မည်ပါသည်။

မဟာကုသိုလ်ဥပေက္ခာဖြစ်ခြင်းအကြောင်းများ

အားကြီးသောသဒ္ဓါတရားမရှိခြင်း,ဉာဏ်အမြင်နှင့် မပြည့်စုံခြင်း,ပစ္စည်းအလျှုခံစသည်တို့၏ မပြည့်စုံခြင်းတို့သည် မဟာကုသိုလ်ဥပေက္ခာဖြစ်ခြင်း၏အကြောင်းတို့ မည်ပါသည်။

ဉာဏသမ္ပယုတ်ဖြစ်ခြင်းအကြောင်းများ
ဉာဏ်ပညာထက်မြတ်စေသော အကြောင်းများ

ပညာကိုဖြစ်စေတတ်သောကံကို ဆည်းပူးခဲ့ခြင်း,ဖြဟ္မာဘုံ၌ ဖြစ်ခဲ့ဘူးခြင်း, ကျန်ခြေတို့၏ ရင့်ကျက်ခြင်း,ကိလေသာတို့မှဝေးခြင်း၊ဤ ၄-ပါးတို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်ခြင်းအကြောင်းတို့ မည်ပါသည်။

ဉာဏဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းများ
ဉာဏ်ပညာမထက်မြတ်စေသော အကြောင်းများ

ပညာကိုဖြစ်စေတတ်သောကံကို မဆည်းပူးခဲ့ခြင်း,ဖြဟ္မာဘုံ၌ မဖြစ်ခဲ့ဘူးခြင်း, ကျန်ခြေတို့၏ မရင့်ကျက်ခြင်း,ကိလေသာတို့မှ မဝေးခြင်း၊ဤ ၄-ပါးတို့သည် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းတို့ မည်ပါသည်။

http://www.dhammadownload.com

မဟာကုသိုလ် အသခ်ါရိကဖြစ်ကြောင်းတရားများ

အာဝါသသပ္ပါယအစရှိသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း,ရှေးအခါက ဒါနကုသိုလ်စသည်တို့ကို ပြုလုပ်ခဲ့ခြင်း အစရှိသည်တို့သည် မဟာကုသိုလ် အသခ်ါရိကဖြစ်ခြင်းအကြောင်းမည်ပါသည်။

မဟာကုသိုလ် သသခ်ါရိကဖြစ်ကြောင်းတရားများ

အာဝါသသပ္ပါယအစရှိသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်နှစ်ဖြာ မကျန်းမာမချမ်းသာခြင်း,ရှေးအခါက ဒါနကုသိုလ်မပြုလုပ်ခဲ့ခြင်း အစရှိသည်တို့သည် မဟာကုသိုလ် သသခ်ါရိကဖြစ်ခြင်းအကြောင်း မည်ပါသည်။

မဟာကုသိုလ်စိတ်ပေါင်း ၁၅၁၂၀-ဖြစ်ပုံ

မဟာကုသိုလ် ၈-ပါးကို ပုညကြိယာဝတ္ထု ၁၀-ပါးနှင့် မြှောက်ပွားလိုက်သည်ရှိသော် ၈၀-ဖြစ်ပါသည်။

၄င်း ၈၀-ကို အာရုံ ၆-ပါးနှင့် မြှောက်ပွားလိုက်သည်ရှိသော် ၄၈၀-ဖြစ်ပါသည်။

၄င်း ၄၈၀-ကို သမ္မယုတ်,ဝိပ္ပယုတ် ၂-ရပ်ခွဲလိုက်သည်ရှိသော် သမ္မယုတ်စိတ် ၂၄၀၊ဝိပ္ပယုတ်စိတ် ၂၄၀-ဖြစ်ပါသည်။

၄င်း သမ္မယုတ်,ဝိပ္ပယုတ်စိတ်တို့တွင် သမ္မယုတ်စိတ် ၂၄၀-ကို အဓိပတိ ၄-ပါးနှင့်မြှောက်ပွားလိုက်သည်ရှိသော် ၉၆၀-ဖြစ်ပါသည်။ဝိပ္ပယုတ် ၂၄၀-ကို ဝီမံသာဓိပတိ ကြဉ်သော အဓိပတိ ၃-ပါးနှင့် မြှောက်ပွားလိုက်သည်ရှိသော် ၇၂၀-ဖြစ်ပါသည်။

၄င်း သမ္မယုတ်စိတ် ၉၆၀၊ဝိပ္ပယုတ်စိတ် ၇၂၀-တို့ကို ပေါင်းလိုက်သည်ရှိသော် ၁၆၈၀ ဖြစ်ပါသည်။

၄င်း ၁၆၈၀-ကို ကာယက်,ဝစီက်,မနောက် ၃-ပါးတို့နှင့် မြှောက်ပွားလိုက်သည်ရှိသော် ၅၀၄၀-ဖြစ်ပါသည်။

၄င်း ၅၀၄၀-ကို ဟီန,မဇ္ဈိမ,ပဏီတ ၃-ပါးနှင့် မြှောက်ပွားလိုက်သည်ရှိသော် မဟာကုသိုလ်စိတ်ပေါင်း ၁၅၁၂၀-ဖြစ်ပါသည်။

http://www.dhammadownload.com

"မဟာကုသလ၊ ဘေဒများမြောင်၊ သောင်းငါးထောင်" ဟူ၍လည်း ခေါ်စမှတ် ပြုကြပါသည်။

မြောက်ပွားပုံပြဂါထာ

မြောက်ပွားပုံပြဂါထာ...

ကမေနု ပုညဝတ္ထူဟိ၊ဂေါစရာဓိပတီဟိ စ။
ကမ္မဟိနာဒိတော စေဝ၊ဂဏေယျ နယကောဝိဒေါ။

ဖြစ်ပါသည်။

ဂါထာအနက် ။ ။ပုညံ = မဟာကုသိုလ်စိတ်ကို။ကမေနု = အစဉ်အားဖြင့်။ပုညဝတ္ထူဟိ =ပုညကြိယာဝတ္ထု ၁၀-ပါးတို့ဖြင့်လည်းကောင်း။ဂေါစရာဓိပတီဟိ စ=အာရုံ ၆ ပါး, အဓိပတိ ၄-ပါးတို့ဖြင့်လည်းကောင်း။ကမ္မဟိနာဒိတော စေဝ=ကာယကံ,ဝစီကံ, မနောကံဟူဆိုအပ်သော ကမ္မတိကံ၊ ဟိန,မ၎ိမ,ပဏီတဟူဆိုအပ်သော ဟိန တိကံအားဖြင့်လည်းကောင်း။နယကောဝိဒေါ=နည်းအရာ၌လိမ္မာမြင်သိ ပညာရှိသည်။ ဂဏေယျ=အဆင့်ဆင့် မြောက်ပွားရေတွက်ရာ၏။

မှတ်ချက် ။　　။　　အရှင်ဗုဒ္ဓဒတ္တမထေရ်၏အလိုအားဖြင့် မြောက်ပွားရေတွက်သော် မဟာကုသိုလ်စိတ်ပေါင်း ၁၇၂၈၀ ရှိသည်။

မဟာကုသိုလ်စိတ်ဖြစ်ပုံအစဉ်
သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်ပုံ

အကြင်သူသည် အကြင်အခါ၌ လှူဘွယ်ဝတ္ထုပြည့်စုံခြင်း,အလှူခံပုဂ္ဂိုလ်စသည် တို့၏ပြည့်စုံခြင်းကိုလည်းကောင်း၊ဝမ်းမြောက်ဖွယ် သောမနဿအကြောင်းကိုလည်းကောင်း စွဲ၍ ရွှင်ရွှင်ပျပျလှူသော အလှူ၏အကျိုးသည်ရှိ၏။ဤသို့စသောနည်းဖြင့် မဖောက်မပြန် မှန်သောအယူကို ရှေ့သွားပြုကာ လွတ်လွတ်စွန့်ကြဲခြင်းစသည်တို့၏အစွမ်းဖြင့် မတွန့်တို မဆုတ်နစ်ဘဲ သူတစ်ပါးတို့ မတိုက်တွန်းအပ်သည်ဖြစ်၍ ဒါနစသောကုသိုလ်ကောင်းမှု တို့ကိုပြု၏။ထိုအခါ ထိုသူအား သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ် ဖြစ်ပါသည်။

http://www.dhammadownload.com

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိကစိတ်ဖြစ်ပုံ

အကြင်အခါ၌ လှူဘွယ်ဝတ္ထုပြည့်စုံခြင်း,အလှူခံပုဂ္ဂိုလ်စသည်တို့၏ ပြည့်စုံခြင်းကို လည်းကောင်း စွဲ၍ ရွှင်ရွှင်ပျပျ ကောင်းသောသမ္မာဒိဋ္ဌိအယူကို ရှေ့သွားပြုသော်လည်း မလွတ်မကျွတ် စွန့်လွှတ်လှူဒါန်းသည်၏အစွမ်းဖြင့် တွန့်တိုဆုတ်နစ်လျက် သူတစ်ပါးတို့ တိုက်တွန်းမှသာ ဒါနစသောကုသိုလ်ကို ပြု၏။ထိုအခါ ထိုသူအား သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိကစိတ် ဖြစ်ပါသည်။

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ်ဖြစ်ပုံ

အကြင်အခါ၌ ဆွေမျိုးများ၏အကျင့်ကိုမြင်သဖြင့် အလိုလို အလေ့အကျင့်ရှိသော ကလေးသူငယ်တို့သည် ရဟန်းတို့ကိုမြင်သဖြင့် ဝမ်းမြောက်သော(အဆောတလျင်)တစ်စုံ တစ်ခု လက်၌ရှိသောပစ္စည်းကို ပေးမူလည်းပေးလှူတတ်၏။ရှိခိုးမူလည်း ရှိခိုးတတ်၏။ ထိုအခါ ထိုကလေးသူငယ်တို့အား သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိက စိတ် ဖြစ်ပါသည်။

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ်ဖြစ်ပုံ

အကြင်အခါ၌ လှူလော့,ရှိခိုးလော့-ဟု ဆွေမျိုးတို့က တိုက်တွန်းအပ်သည်ဖြစ်၍ ကလေးသူငယ်တို့သည် ရှိခိုးခြင်းစသည်ကို ပြု၏။ထိုအခါ ထိုကလေးသူငယ်အား သောမ နဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ် ဖြစ်ပါသည်။

ဉာဏ်စမ်းများ

အိမ်သို့ ဆွမ်းခံကြွလာသော ရဟန်းတော်အား မိခင်ဆွမ်းလောင်းသည်ကိုလည်း ကောင်း၊ရှိခိုးသည်ကိုလည်းကောင်း တွေ့မြင်၍ အတုမြင်အတတ်သင်ကာ ဝမ်းမြောက် ဝမ်းသာ ဆွမ်းလောင်းခြင်း,ရှိခိုးခြင်း,လက်အုပ်ချီခြင်းစသည်ကိုပြုသော ကလေးသူငယ် ၏ သန္တာန်၌ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်နှင့်အတူ အညသမာန်းစေတသိက် ၁၃-ပါး၊သောဘဏသာဓာရဏစေ တသိက် ၁၉-ပါးအားဖြင့် ၃၂-ပါးသောစေတသိက်တို့ ဖြစ်ပေါ်ပါသည်။

http://www.dhammadownload.com

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်, မဟာဝိဇယစေတီတော်တို့သို့ ဘုရားဖူးသွားရာ၌ မိဘဆွေမျိုးတို့က စေခိုင်းသဖြင့် ဝမ်းမြောက်ဝမ်းသာစေတီတော်အား ရှိခိုးခြင်း, ရွှေသင်္ကန်း ဖိုးလှူခြင်းကိုပြုသော ကလေးသူငယ်၏သန္တာန်၌ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်နှင့်အတူ အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘဏသာဓာရဏစေတသိက် ၁၉-ပါးအားဖြင့် ၃၂-ပါးသောစေတသိက်တို့ အတူဖြစ်ခွင့်ရှိပါသည်။

(တံမြက်စီးလှဲခြင်း၏ အကျိုးသည် ရှိ၏ဟု ယုံကြည်ကာ) မိမိအသိဖြင့် ထက်သန်ရွင်လန်းစွာ တံမြက်လှဲလျက် သန့်ရှင်းရေးပြုလုပ်နေသော ရဟန်း/သာမဏေတို့၏သန္တာန်၌ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်နှင့်အတူ အညသမာန်းစေတသိက် ၁၃-ပါး၊ဝိရတီ,အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀-အားဖြင့် ၃၃-ပါး သောစေတသိက်တို့သည် အတူဖြစ်ခွင့်ရှိပါသည်။

တံမြက်လှဲခြင်းဖြင့် အကျိုးရှိလိမ့်မည်ဟု ယုံကြည်မှုမရှိဘဲ ရဟန်းတော်တစ်ပါး၏ စေခိုင်းမှုကြောင့် ဝမ်းမြောက်ဝမ်းသာ တံမြက်လှဲလျက် ကျောင်းသန့်ရှင်းရေးပြုလုပ်နေသော သာမဏေငယ်၏သန္တာန်၌ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်၌ အညသမာန်းစေတသိက် ၁၃-ပါး၊သောဘဏသာဓာရဏစေတသိက် ၁၉-ပါးအားဖြင့် ၃၂-ပါးသော စေတသိက်တို့ဖြစ်ခွင့်ရှိပါသည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးပေးဆောင်ရွက်တော်မူကြသော ဆရာတော်သံဃာတော်များအတွက် ဖွဲ့စည်းထားသော ဆွမ်းကွမ်း,ဝေယျာဝစ္စအဖွဲ့တွင် အဖွဲ့ဝင်လူကြီးတို့က စေခိုင်းသဖြင့် ဝေယျာဝစ္စအကျိုးကို မြော်ကိုးလျက်ထက်သန်ရွင်လန်းစွာ လုပ်အားပေးဆောင်ရွက်နေသော ဥပတ္ထမ္ဘကလူငယ်တို့၏ သန္တာန်၌မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ဖြစ်ပါသည်။

ယင်းစိတ်နှင့်အတူ အညသမာန်းစေတသိက် ၁၃-ပါး၊ဝိရတီ,အပ္ပမညာကြဉ် သော သောဘဏစေတသိက် ၂၀-အားဖြင့် ၃၃-ပါးသောစေတသိက်တို့ ယှဉ်တွဲဖြစ် ပေါ်ပါသည်။

http://www.dhammadownload.com

ကုသိုလ်မည်ပုံ

စက်ဆုတ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေ၀တ်ဝိက္ခမ္ဘနပဟာန်ဖြင့် ပြင်းစွာတုန်လှုပ်စေတတ် ဖျက်ဆီးတတ်ခဲ့လေသောကြောင့်ကုသိုလ်မည်ပါသည်။

မဟာကုသိုလ်စိတ်လာ အဓိပ္ပါယ်ပြီး၏။

* * * * *

မဟာဝိပါက်စိတ်လာ အဓိပ္ပါယ်များ

မဟာဝိပါက်စိတ်တို့ကို ပုဉ္ဇကြိယာ၀တ္ထုစသည်တို့၏အစွမ်းဖြင့် မရေတွက်ရပုံ

မဟာဝိပါက်စိတ်တို့သည် ဒါနစသည်တို့၏အစွမ်းဖြင့် မဖြစ်နိုင်ခဲ့လေသောကြောင့်လည်းကောင်း၊ဝိညတ်ကို မဖြစ်စေနိုင်ခဲ့လေသောကြောင့်လည်းကောင်း၊အကျိုးပေးခြင်းသဘောမရှိခဲ့လေသောကြောင့်လည်းကောင်း၊ဆန္ဒစသည်တို့ကို ရှေ့သွားပြု၍ မဖြစ်နိုင်ခဲ့လေသောကြောင့်လည်းကောင်း မဟာကုသိုလ်စိတ်ကဲ့သို့ ပုဉ္ဇကြိယာ၀တ္ထုစသည်တို့၏အစွမ်းဖြင့် ရေတွက်ခြင်းအပြားမရှိပါ။

မဟာဝိပါက် သောမနဿဖြစ်ခြင်းအကြောင်း

ဣဋ္ဌာရုံသည် မဟာဝိပါက် သောမနဿဖြစ်ခြင်းအကြောင်း မည်ပါသည်။

မဟာဝိပါက် ဥပေက္ခာဖြစ်ခြင်းအကြောင်း

ဣဋ္ဌမဇ္ဈတ္တာရုံသည် မဟာဝိပါက် ဥပေက္ခာဖြစ်ခြင်းအကြောင်း မည်ပါသည်။

မဟာဝိပါက်
ဉာဏသမ္ပယုတ်,ဉာဏဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းများ

မဟာဝိပါက်စိတ်တို့သည် ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်ရာအခါ၌ ကုသိုလ်ကံ၏အားရှိသည်၏အဖြစ်ကြောင့် ဉာဏသမ္ပယုတ်ဖြစ်ရသည်။ကုသိုလ်ကံ၏ အားမရှိသည်၏အဖြစ်ကြောင့် ဉာဏဝိပ္ပယုတ်ဖြစ်ရပါသည်။မဟာဝိပါက်စိတ်တို့သည် တစ်ခါတစ်ရံ

http://www.dhammadownload.com

တဒါရုံ၏အစွမ်းဖြင့် ဖြစ်ရာအခါ၌ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံကြောင့် ဉာဏသမ္ပယုတ် ဖြစ်ရပါသည်။တိဟိတ်သြမကကုသိုလ်ကံ,ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံတို့ကြောင့် ဉာဏ ဝိပ္ပယုတ်ဖြစ်ရပါသည်။

မဟာကုသိုလ်စိတ်အဆုံး၌ သဟေတုကသဒ္ဓါ မထည့်ရပုံ

မဟာကုသိုလ်စိတ်သည် စင်စစ် သဟိတ်ဖြစ်ခဲ့လေသောကြောင့် မဟာကုသိုလ်စိတ် နိဂုံး၌ သဟေတုကသဒ္ဓါဖြင့် အထူးပြု၍ မဆိုရပါ။

မဟာဝိပါက်,မဟာကြိယာစိတ်တို့၏နိဂုံး၌ သဟေတုကသဒ္ဓါ ထည့်ဆိုရပုံ

မဟာဝိပါက်,မဟာကြိယာစိတ်တို့သည် အဟိတ်လော,သဟိတ်လောဟု တွေး တောယုံမှားဖွယ်ရှိသောကြောင့် အဟိတ်ဝိပါက်,အဟိတ်ကြိယာစိတ်တို့နှင့် ကွဲပြားစေခြင်း ငှာ ထိုစိတ်တို့၏နိဂုံး၌ သဟေတုကသဒ္ဓါ ထည့်ဆိုရပါသည်။

ဝေဒနာဉာဏသခ်ါရဘေဒနဟု ဆိုရခြင်းအကြောင်း

ဉာဏသခ်ါရဘေဒန-၌ ဉာဏ်သခ်ါရတို့ အပြားမရှိသော်လည်း ဝပြောခြင်း, ငတ်မွတ်ခေါင်းပါးခြင်းကို မိုးတစ်ခုတည်းကပြုသကဲ့သို့ ထို့အတူ ဉာဏ်သခ်ါရတို့၏ ရှိသည်၏အဖြစ်,မရှိသည်၏အဖြစ်ဖြင့် ပြုအပ်သောအပြားကို ဉာဏ်သခ်ါရတို့သည်ပင် ပြုအပ်သောကြောင့် ဉာဏသခ်ါရဘေဒနဟု ဆိုရခြင်းဖြစ်ပါသည်။

ကာမာဝစရသောဘဏစိတ် အဓိပ္ပါယ်ပြီး၏။

* * * * *

ရူပါဝစရစိတ်လာ အဓိပ္ပါယ်များ ဝိတက်မည်ပုံ

သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးတတ်ခဲ့လေသောကြောင့် ဝိတက် မည်ပါသည်။

http://www.dhammadownload.com

ဝိတက်လက္ခဏာ

ထိုဝိတက်သည် သဟဇာတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း လက္ခဏာ ရှိပါသည်။

ဝိတက်ကိုမှီ၍ စိတ်တို့အာရုံသို့ တက်ရောက်ပုံ

ရွာ၌ နေလေ့ရှိသောယောကျ်ားသည် မင်းနှင့် အကျွမ်းဝင်သော အဆွေခင်ပွန်းကို အမှီပြု၍ မင်း၏အိမ်သို့ ဝင်ရောက်နိုင်သကဲ့သို့ ထို့အတူ စိတ်သည် ဝိတက်ကိုအမှီပြု၍ အာရုံသို့ တက်ရောက်နိုင်ပါသည်။ ဝိတက်ကင်းသော အဝိတက္ကစိတ်တို့သည်လည်း ဝိတက်၏အစွမ်းဖြင့်ပင် အာရုံသို့ တက်ရောက်နိုင်ပါသည်။

အဝိတက္ကစိတ်တို့ အာရုံသို့ တက်ရောက်ပုံ

ရွာ၌ နေလေ့ရှိသောယောကျ်ားသည် လေ့ကျက်ခြင်းဖြင့် မင်းကျွမ်းဝင်သောသူနှင့် ကင်း၍လည်း ကြောက်ရွံ့ခြင်းမရှိဘဲ မင်း၏အိမ်သို့ ဝင်ရောက်သကဲ့သို့ ထို့အတူ လေ့ကျက်ခြင်းကြောင့် ဝိတက်နှင့်ကင်း၍လည်း အဝိတက္ကစိတ်တို့သည် အာရုံသို့ တက်ရောက်နိုင်ပါသည်။

တစ်နည်း.... အဝိတက္ကစိတ်တို့တွင် ဒွေးပဋိညာဏ် ၁၀-သည် ဝိတက်ကင်းသော်လည်း ဝတ္ထု၊ အာရုံ ၂-ပါးစုံတို့၏ ထိခိုက်ခြင်း၏အစွမ်းကြောင့် အာရုံသို့တတ်ရောက်နိုင်ပါသည်။ဒုတိယစျာန်စသည်တို့သည် ဝိတက်ကင်းသော်လည်း အောက်အောက်၌ဖြစ်သော ဘာဝနာ၏အစွမ်းဖြင့် အာရုံသို့တက်ရောက်နိုင်ပါသည်။

ဝိစာရမည်ပုံ

အာရုံကို အဖန်တလဲလဲ သုံးသပ်တတ်ခဲ့လေသောကြောင့် ဝိစာရမည်ပါသည်။

ဝိစာရလက္ခဏာ

ထိုဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်းလက္ခဏာရှိပါသည်။

http://www.dhammadownload.com

ဝိတက်, ဝိစာရ ၂-ပါးအထူး
(ကြံစည်မှုနှင့် သုံးသပ်မှုအထူး)

ဝိစာရထက်ရှုန့်ရင်းသောသဘောရှိခဲ့လေသောကြောင့်လည်းကောင်း၊ ဝိစာရ၏ ရှေ့သွားသဘော ရှိခဲ့လေသောကြောင့်လည်းကောင်း ရှေးဦးစွာ တီးခတ်သောခေါင်းလောင်းသံကဲ့သို့ စိတ်၏ရှေးဦးစွာ အာရုံ၌ကျရောက်တတ်သောသဘောသည် ဝိတက်မည်ပါသည်။

သိမ်မွေ့သောသဘော ရှိခဲ့လေသောကြောင့်လည်းကောင်း၊ အာရုံကို အဖန်ဖန် သုံးသပ်ခြင်းသဘောရှိခဲ့လေသောကြောင့်လည်းကောင်း၊ နောက်ထပ်မည်သော ကြေးစည်သံကဲ့သို့အာရုံကို အဖန်ဖန်သုံးသပ်ခြင်းသဘောသည် ဝိစာရမည်ပါသည်။ ဤသို့ ထူးပါသည်။

တစ်နည်း… ဝိတက်သည် တုန်လှုပ်ခြင်း၊ ယိုလွင့်ခြင်းသဘောရှိပါသည်။ ဝိစာရသည် မတုန်လှုပ်ခြင်း၊ ငြိမ်သက်ခြင်းသဘောရှိပါသည်။ ဤသို့ ထူးပါသည်။

ဝိတိမည်ပုံနှင့်လက္ခဏာ

ကိုယ်စိတ်နှစ်ပါးကို ရောင့်ရဲစေတတ်, ပွားစေတတ်ခဲ့လေသောကြောင့် ဝိတိမည်ပါသည်။ ထိုဝိတိသည် ထက်ဝန်းကျင်နှစ်သက်ခြင်း လက္ခဏာရှိပါသည်။

သုခမည်ပုံနှင့်လက္ခဏာ

သမ္မယုတ်တရားတို့ကို ရအပ်သောသာယာခြင်းကို ပြုတတ်ခဲ့လေသောကြောင့် သုခမည်ပါသည်။ ထိုသုခသည် ကောင်းသောဘောဇင်္ဈ၏အရသာကို သာယာတက်သောမင်းကဲ့သို့ ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိပါသည်။ (သုခ၏အရကား ဝေဒနာကို ရပါသည်။)

ဝိတိနှင့် သုခအထူး
(နှစ်သက်ခြင်းနှင့် ချမ်းသာခြင်းအထူး)

အာရုံကို တွေ့မြင့်သောအခါ နှစ်သက်ခြင်းသဘောသည် ဝိတိမည်ပါသည်။

ရအပ်ပြီးသောအာရုံကို ခံစားခြင်းသဘောသည် သုခမည်ပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ဧကဂ္ဂတာမည်ပုံနှင့် လက္ခဏာ

အထူးထူးသောအာရုံ၌ ပျံ့လွင့်ခြင်းမရှိသည်၏အဖြစ်ဖြင့် တစ်ခုတည်းသောအာရုံ ရှိသော စိတ်၏ဖြစ်ကြောင်း ဖြစ်ခဲ့လေသောကြောင့် ဧကဂ္ဂတာမည်ပါသည်။

ထိုဧကဂ္ဂတာသည် မပျံ့လွင့်ခြင်းလက္ခဏာ ရှိပါသည်။

ဧကဂ္ဂတာအရကောက်

ဧကဂ္ဂတာ၌ ဧကဂ္ဂအရကား... စိတ်ကို ရပါသည်။

ဧကဂ္ဂတာအရကား... သမာဓိကို ရပါသည်။

ဈာန်မည်ပုံ

ကသိုဏ်းအစရှိသော အာရုံကိုကပ်၍ ရှုတတ်ခဲ့လေသောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်ခဲ့လေသောကြောင့်လည်းကောင်း ဈာန်မည်ပါသည်။

ထိုဈာန်၏အရကား... အာရမ္မဏူပနိဇ္ဈာန်၊လက္ခဏူပနိဇ္ဈာန် ၂-ပါးတို့တွင် အာရမ္မဏူပနိဇ္ဈာန်ကို ရပါသည်။

ပထမဈာန်၏ ပထမအမည်ရခြင်းအကြောင်း

ဒေသနာအစဉ်အားဖြင့်လည်းကောင်း၊ ဖြစ်ခြင်း,ရခြင်းအစဉ်အားဖြင့်လည်းကောင်း အစဖြစ်၍ဖြစ်သည်၏အဖြစ်ကြောင့် ပထမဈာန်သည် ပထမအမည်ရပါသည်။

ပထမဈာန်မည်ပုံ အဓိပ္ပါယ်

ဒေသနာအစဉ်ဖြစ်ပုံး,ရခြင်းအစဉ်အားဖြင့် အစဖြစ်၍ ဖြစ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ ကသိုဏ်းအစရှိသောအာရုံကို ကပ်၍ရှုတတ်ခဲ့လေသောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်ခဲ့လေသောကြောင့်လည်းကောင်း ဝိတက်အစရှိသော ဈာန်အင်္ဂါ ၅-ပါးအပေါင်းသည် ပထမဈာန်မည်ပါသည်။

http://www.dhammadownload.com

ဝိတက်စသော ဈာန်အင်္ဂါ ၅-ပါးကိုသာ ဈာန်ဟုခေါ်ရပုံ

လှည်းဘီး, အကွပ်စသည်ကို ရထား၏အစိတ်, ရထား၏အင်္ဂါဟုခေါ်၍ လှည်းဘီး, အကွပ်စသည်တို့၏အပေါင်းကိုသာ ရထားဟုခေါ်ရသကဲ့သို့ (ဝိတက်, ဝိစာရစသော အစိပ်အစိပ်ကို ဈာနင်, ဈာနင်္ဂ, ဈာန်အင်္ဂါဟု ခေါ်၍) ဝိတက်စသော ဈာန်အင်္ဂါငါးပါးအပေါင်းကိုသာ "ဈာန်" ဟုခေါ်ရပါသည်။

ဈာနင်, ဈာနင်္ဂ, ဈာန်အင်္ဂါနှင့် ဈာန်တို့အထူး

ဝိတက်, ဝိစာရ, ပီတိစသော အစိပ်အစိပ်သည် "ဈာနင်" လည်းမည်ပါသည်။ "ဈာနင်္ဂ" လည်းမည်ပါသည်။ "ဈာန်အင်္ဂါ" လည်းမည်ပါသည်။

ဝိတက်အစရှိသော ဈာန်အင်္ဂါငါးပါးအပေါင်းသည် "ဈာန်" မည်ပါသည်။ ဤသို့ထူးပါသည်။

ဝိတက်စသောတရားငါးပါးကိုသာ ဈာနင်, ဈာနင်္ဂ, ဈာန်အင်္ဂါဟု ခေါ်ရခြင်းအကြောင်း

ဖဿစသော သမ္မယုတ္တဓမ္မတို့ များစွာရှိသော်လည်း ကသိဏ်းအစရှိသောအာရုံကို ကပ်၍ရှုခြင်းကိစ္စရှိသောကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ဝိတက်စသောတရားငါးပါးကိုသာ ဈာနင်, ဈာနင်္ဂ, ဈာန်အင်္ဂါဟု ခေါ်ရပါသည်။

မှတ်ချက် ။ ။ ဝိတက်စသောတရားငါးပါးအပေါင်းကို ဈာန်ဟုခေါ်ရခြင်းအကြောင်းများကို ရေးပါဟုမေးလျှင် အောက်ပါအတိုင်းဖြေပါ။

ကသိဏ်းအစရှိသောအာရုံကို ကပ်၍ရှုတက်လေသောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်ခဲ့လေသောကြောင့်လည်းကောင်း ဝိတက်စသောတရားငါးပါးအပေါင်းကို "ဈာန်" ဟုခေါ်ဆိုရပါသည်။

ဈာန်အင်္ဂါငါးပါးကို ဆန့်ကျင်ဘက် နီဝရဏတို့နှင့် တွဲစပ်ပုံ

ဈာန်အင်္ဂါငါးပါးကို ဆန့်ကျင်ဘက်နီဝရဏတရားတို့နှင့် တွဲစပ်ပုံကား...

ဝိတက်ဈာနင်သည် ထိန, မိဒ္ဓနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။

http://www.dhammadownload.com

ဝိစာရစျာနင်သည် ဝိစိကိစ္ဆာနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။
ပီတိစျာနင်သည် ဗျာပါဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။
သုခစျာနင်သည် ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။
ဧကဂ္ဂတာစျာနင်သည် ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။

အကျဉ်းချုပ်မှတ်ရန် ဂါထာများ

ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိ ကာမစ္ဆန္ဒဿ၊ ပဋိပက္ခောတိ ပေဋ္ဌကေ။

ဂါထာအနက်

ဝိတက္ကော=ဝိတက်သည်။ ထိနမိဒ္ဓဿ= ထိနမိဒ္ဓနီဝရဏ၏။ ပဋိပက္ခော=ဆန့်ကျင်ဘက်တည်း။ ဝိစာရော=ဝိစာရသည်။ ဝိစိကိစ္ဆာယ=ဝိစိကိစ္ဆာ၏။ ပဋိပက္ခော= ဆန့်ကျင်ဘက်တည်း။ ပီတိစာပိ=ပီတိသည်လည်း။ ဗျာပါဒဿ=ဗျာပါဒနီဝရဏ၏။ ပဋိပက္ခော= ဆန့်ကျင်ဘက်တည်း။ သုခံ=သုခစျာနင်သည်။ ဥဒ္ဓစ္စကုက္ကုစ္စံ= ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၏။ ပဋိပက္ခော= ဆန့်ကျင်ဘက်တည်း။ သမာဓိ= ဧကဂ္ဂတာစျာနင်သည်။ ကာမစ္ဆန္ဒဿ= ကာမစ္ဆန္ဒနီဝရဏ၏။ ပဋိပက္ခော= ဆန့်ကျင်ဘက်တည်း။ ဣတိ=ဤသို့။ ပေဋ္ဌကေ= နေတ္တိပါဠိတော်၌။ ဝုတ္တံ= ဆိုအပ်၏။

ဆန့်ကျင်ဘက်ဖြစ်ရခြင်းအကြောင်းများ

ဝိတက်သည် အသင့်အားဖြင့် ကောင်းစွာကြံခြင်း၏အစွမ်းဖြင့် ပုံ့လွှင့်ခြင်းရှိသည်အဖြစ်ကြောင့် ထိနမိဒ္ဓနီဝရဏ၏ဆန့်ကျင်ဘက် ဖြစ်ရပါသည်။

ဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း၏အစွမ်းဖြင့် ပညာနှင့်တူသော သဘောရှိသည်၏ အဖြစ်ကြောင့် ဝိစိကိစ္ဆာနီဝရဏ၏ဆန့်ကျင်ဘက် ဖြစ်ရပါသည်။

ပီတိသည် ဝမ်းမြောက်သောသူ၏ အဖြစ်ဟုဆိုအပ်သော သဘောရှိသည်၏အဖြစ်ကြောင့် ဗျာပါဒနီဝရဏ၏ဆန့်ကျင်ဘက် ဖြစ်ရပါသည်။

သုခသည် ငြိမ်သက်ခြင်း, ချမ်းမြေ့ခြင်းသဘောရှိသည်၏အဖြစ်ကြောင့် ဥဒ္ဓစ္စ

http://www.dhammadownload.com

ကုက္ကုစ္စနိဝရဏ၏ဆန့်ကျင်ဘက် ဖြစ်ရပါသည်။

ဧကဂ္ဂတာသည် ရာဂတည်းဟူသောတောင့်တခြင်း၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ရှိသည်၏အဖြစ်ကြောင့် ကာမစ္ဆန္ဒနိဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ရပါသည်။

ဥပေက္ခာကို ဈာန်အင်္ဂါသီးခြားမရေတွက်ဘဲ ဈာန်အင်္ဂါငါးပါးသာ ဆိုရပုံ

ဥပေက္ခာသည် ငြိမ်သက်သောသဘောရှိသည်၏အဖြစ်ကြောင့် သုခ၌အကျုံးဝင်ပါသည်။ ထို့ကြောင့် ဥပေက္ခာကို ဈာန်အင်္ဂါ၌ အသီးအခြား မရေတွက်ရပါ။ (ဝါ) ဈာန်အင်္ဂါအားဖြင့် အသီးအခြား မရေတွက်ရသည်ဖြစ်၍ ဈာန်အင်္ဂါငါးပါးဟုသာ ဆိုရပါသည်။

ရူပ, အရူပစိတ်တို့၌ သခ်ါရအပြားမရှိခြင်းအကြောင်း

ရူပ,အရူပဈာန်တို့သည် မဂ်,ဖိုလ်ရခြင်း၏အစွမ်းဖြင့် မဂ်၏သတ္တိကြောင့်ရသော ဈာန်ဖြစ်သော်လည်း နောက်အဖို့၌ ပရိကံအစွမ်းဖြင့်သာ ဖြစ်ခဲ့လေသောကြောင့် ရူပ, အရူပစိတ်တို့၌ သခ်ါရအပြားကို မယူရပါ။ (ဝါ) သခ်ါရအပြား မရှိပါ။

တစ်နည်း… ပုဗ္ဗာဘိသခ်ါရအစွမ်းဖြင့်ဖြစ်သော ဈာန်သည် တစ်ရံတစ်ခါမျှ အသခ်ါရိက မဖြစ်ခဲ့လေသောကြောင့် အသခ်ါရိကဟူ၍လည်း မဆို၊ သသခ်ါရိက တစ်မျိုးသာရှိ၍ အသခ်ါရိကအဖြစ် လျှင်းပါးရန်မရှိသောကြောင့် သသခ်ါရိကဟူ၍လည်း မဆို။ထို့ကြောင့် ရူပ,အရူပစိတ်တို့ကို အသခ်ါရိက,သသခ်ါရိကနှစ်မျိုးခွဲ၍ မယူရပါ။

မှတ်ချက် ။ ။ ဋီကာကျော်ဆရာ၏ နောက်နည်းအလိုအားဖြင့် ရူပ,အရူပစိတ် တို့သည် သသခ်ါရိက ကောန်ဖြစ်သည်ဟု မှတ်ယူရန်ရှိတော့သည်။

ရူပဝိပါက်စိတ်ကို ရူပကုသိုလ်နှင့်တူစွာ ဝေဖန်ရခြင်းအကြောင်း

ရူပါဝစရကုသိုလ်ဈာန်အထူးသည် ဖြစ်စေအပ်သော ဝိပါက်သည် စင်စစ် ထိုရူပါဝစရကုသိုလ်ဈာန်နှင့် တူသည်သာလျှင် ဖြစ်ခဲ့လေသောကြောင့် ရူပါဝစရဝိပါက်စိတ်ကို ကုသိုလ်ဈာန်နှင့်တူစွာသာလျှင် ဝေဖန်ရပါသည်။

http://www.dhammadownload.com

ရူပါဝစရစိတ် ၅-ပါး, ၁၅-ပါးပြားရခြင်းအကြောင်း

ရူပါဝစရစိတ်သည် (ရူပဘုံ၌ဖြစ်ခြင်းတူသောကြောင့် တစ်ပါးတည်းဆိုသင့်သော်လည်း) ပထမစျာန်အစရှိသော စျာန်အင်္ဂါတို့နှင့်ယှဉ်သောအပြား, အင်္ဂါငါးပါးစသော သမ္မယောဂအပြားဖြင့် ပြားသောကြောင့် ငါးပါးပြားရုပါသည်။

ကသိုလ်, ဝိပါက်, ကြိယာတို့နှင့်ယှဉ်သော အပြားဖြင့် ၁၅-ပါးပြားရပါသည်။

ရူပါဝစရစိတ်အဓိပ္ပါယ်ပြီး၏။

* * * * *

အရူပါဝစရစိတ်လာ အဓိပ္ပါယ်များ

အာကာသာနဉ္စမည်ပုံ

ဥပါဒ်, ဌိ, ဘင်အဝိုင်းအခြားမရှိသော ကောင်းကင်ပညတ်သည် အာကာသာနဉ္စမည်ပါသည်။

အာကာသဘေဒနှင့် ဤဌာနလိုအပ်သော အာကာသ

အာကာသသည်...

(၁) အဇဋာကာသ၊ (၂) ပရိစ္ဆိန္နာကာသ၊

(၃) ကသိဏုဂ္ဃာဋိမာကာသ၊ (၄) ရူပပရိစ္ဆေဒါကာသ အားဖြင့် ၄-ပါးအပြားရှိပါသည်။

ထို ၄-ပါးတို့တွင် အာကာသာနဉ္စာယတန၌ အာကာသအရ ကသိဏုဂ္ဃာဋိမာကာသကို လိုအပ်ပါသည်။

ဝိညာဏဉ္စမည်ပုံ

ပဌမာရုပ္ပဝိညာဏ်သည်ပင်လျှင် အဆုံးအဝိုင်းအခြားမရှိသောကြောင့် ဝိညာဏဉ္စမည်ပါသည်။

အာကိဉ္စညမည်ပုံ

စိုးစဉ်းအနည်းငယ်မျှ အကြွင်းမရှိသော ပဌမာရုပ္ပဝိညာဏ်၏မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်သည် အာကိဉ္စညာယတနမည်ပါသည်။

http://www.dhammadownload.com

နေဝသညာနာသညာမည်ပုံ

ရုန့်ရုင်းသောသညာကားမရှိ၊သိမ်မွေ့သောသညာရှိသောကြောင့် နေဝသညာနာသညာမည်ပါသည်။ အရကား... စတုတ္ထအရူပဈာန်ကိုရပါသည်။

အရကောက်များ

နေဝသညာနာသညာဒ္ဒ နေဝသညာအရကား... ရုန့်ရုင်းသောသညာမရှိသော စတုတ္ထအရူပဈာန်ကို ရပါသည်။

နာသညာအရကား... သိမ်မွေ့သော သညာရှိသော စတုတ္ထအရူပဈာန်ကိုရပါသည်။

နေဝသညာ နာသညာဝယ် နေဝသညာဒ္ဒ သညာအရကား... ရုန့်ရင်းသောသညာကိုရပါသည်။

နာသညာဒ္ဒ သညာအရကား... သိမ်မွေ့သောသညာကို ရပါသည်။

တစ်နည်း-နေဝသညာနာသညာမည်ပုံ

ရုန့်ရုင်းသောသညာမဟုတ်သော သိမ်မွေ့သောသညာ ဟုတ်သောကြောင့် နေဝသညာနာသညာမည်ပါသည်။

နေဝသညာ နာသညာဆိုရပုံ
နေဝဝေဒနာ နာဝေဒနာဟု ထည့်ဆိုနိုင်ပုံ

နေဝသညာနာသညာယတနကုသလစိတ္တ-ဒ္ဒ သညာသည်သာလျှင် ဈာန်ကိုမှတ်သောကြောင့် သညာဖြင့် အထူးပြု၍ နေဝသညာနာသညာဟုဆိုခြင်း ဖြစ်ပါသည်။

ဤသို့ ဆိုခြင်းသည်လည်း နိဒဿနနည်းမျှဖြစ်၍ နေဝဝေဒနာနာဝေဒနာဟူ၍လည်း ဆိုနိုင်ပါသည်။ (နေဝဖဿ နာဖဿဟူ၍လည်း ဆိုနိုင်ပါသည်။)

ဝိညာဏ ၃-ပါးအရအထူး

ဝိညာဏာဉ္စာယတနကုသလစိတ္တ-ဒ္ဒပါသော ဝိညာဏအရကား... ဤဘဝရှေးဘဝ အဖျတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ်ကို ရပါသည်။

ဝိညာဏာဉ္စာယတနဝိပါကစိတ္တ-ဒ္ဒပါသော ဝိညာဏအရကား... ရှေးဘဝ အဖျတ္တ

http://www.dhammadownload.com

သန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ်ကို ရပါသည်။

ဝိညာနဉ္စာယတနကြိယစိတ္တ-၌ပါသော ဝိညာဏအရကား... ဤဘဝ ရှေးဘဝ အဖျတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်၊ ဤဘဝအဖျတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကြိယာစိတ်ကို ရပါသည်။ ဤသို့ ထူးပါသည်။

အာယတန ၂-ပါးအထူး

အာကာသာနဉ္စာယတနကုသလစိတ္တ,ဝိညာနဉ္စာယတနကုသလစိတ္တ,အာကိဉ္စညာယတနကုသလစိတ္တ-တို့၌ပါသော အာယတနသဒ္ဒါကား... တည်ရာဟူသောအနက်ကို ဟောပါသည်။

နေဝသညာနာသညာယတနကုသလစိတ္တ-၌ပါသော အာယတနသဒ္ဒါကား... မနာယတန မဏ္ဍာယတနဟူသောအနက်ကို ဟောပါသည်။ ဤသို့ ထူးပါသည်။

အရူပဈာန်တို့၏ အတိက္ကမိတဗ္ဗနှင့် အာလမ္ဗိတဗ္ဗအာရုံများ

အရူပဈာန်လေးပါးတို့တွင် အာကာသာနဉ္စာယတနဈာန်၏ အတိက္ကမိတဗ္ဗအာရုံကား... ကသိဏ်းပညတ် ဖြစ်ပါသည်။

အာလမ္ဗိတဗ္ဗအာရုံကား... ကောင်းကင်ပညတ် ဖြစ်ပါသည်။

ဝိညာနဉ္စာယတနဈာန်၏ အတိက္ကမိတဗ္ဗအာရုံကား... ကောင်းကင်ပညတ် ဖြစ်ပါသည်။ အာလမ္ဗိတဗ္ဗအာရုံကား.. ပထမာရုပ္ပဝိညာဏ် ဖြစ်ပါသည်။

အာကိဉ္စညာယတနဈာန်၏ အတိက္ကမိတဗ္ဗအာရုံကား... ပထမာရုပ္ပဝိညာဏ်ဖြစ်ပါသည်။ အာလမ္ဗိတဗ္ဗအာရုံကား... နတ္ထိဘောပညတ် ဖြစ်ပါသည်။

နေဝသညာနာသညာယတနဈာန်၏ အတိက္ကမိတဗ္ဗအာရုံကား... နတ္ထိဘောပညတ် ဖြစ်ပါသည်။ အာလမ္ဗိတဗ္ဗအာရုံကား... တတိယာရုပ္ပဝိညာဏ် ဖြစ်ပါသည်။

လောကီစိတ်မည်ပုံ

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောက၌ အကြုံးဝင်သည်၏အဖြစ်ဖြင့် ဥပါဒါန်တို့၏ အာရုံဖြစ်ခဲ့လေသောကြောင့် လောကီစိတ်တို့ မည်ပါသည်။

http://www.dhammadownload.com

တစ်နည်း... ဖြစ်တတ်,ပျက်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သခ်ါရလောကဌ် အကြုံးဝင်သည်၏အဖြစ်ဖြင့် ဖြစ်တတ်ပျက်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သခ်ါရလောကဌ် ယှဉ်တတ်ခဲ့လေသောကြောင့် လောကီစိတ် တို့မည်ပါသည်။

လောကုတ္တရာစိတ်လာ အဓိပ္ပါယ်များ

သောတမည်ပုံ

နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရှေးရှုသွားတတ်,ကပ်ရောက်တတ်ခဲ့လေသော ကြောင့် အဋ္ဌင်္ဂိကမဂ်သည် သောတမည်ပါသည်။ ထိုသောတအရ အဋ္ဌင်္ဂိကမဂ်ကို ရပါသည်။

တစ်နည်း... နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ စီးဝင်တတ်သည်ဖြစ်၍ ရေအယဉ် နှင့် တူသည်၏အဖြစ်ကြောင့် အဋ္ဌင်္ဂိကမဂ်ကို သောတဟုဆိုရပါသည်။ ထိုသောတအရ အဋ္ဌင်္ဂိကမဂ်ကို ရပါသည်။

သောတာပတ္တိမည်ပုံ

နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ကပ်ရောက်တတ်သော အရိယာမဂ်တည်းဟူသော အယဉ်သို့ ရှေးဦးစွာ ကပ်ရောက်တတ်ခဲ့လေသောကြောင့် သောတာပတ္တိမဂ် မည်ပါသည်။

မဂ်မည်ပုံ

နိဗ္ဗာန်ကို ရွာမှီးတတ်ခဲ့လေသောကြောင့် မဂ်မည်ပါသည်။

တစ်နည်း... နိဗ္ဗာန်ကို အလိုရှိအပ်ကုန်သောသူတို့သည် ရွာမှီးအပ်ခဲ့လေသောကြောင့် မဂ်မည်ပါသည်။

တစ်နည်း... ကိလေသာတို့ကိုသတ်လျက် နိဗ္ဗာန်သို့ သွားတတ်ခဲ့လေသောကြောင့် မဂ်မည်ပါသည်။

အရကား... အဋ္ဌင်္ဂိကမဂ်ကို ရပါသည်။

မဂ်စိတ်မည်ပုံ

ထိုမဂ်နှင့်ယှဉ်သောစိတ် ဖြစ်ခဲ့လေသောကြောင့် မဂ်စိတ်မည်ပါသည်။

http://www.dhammadownload.com

သောတာပတ္တိမဂ်စိတ်မည်ပုံ

အရိယာမဂ်တည်းဟူသော အယဉ်သို့ ရှေးဦးစွာ ရောက်ခြင်းဖြင့် ရအပ်သောမဂ်နှင့် ယှဉ်သောစိတ် ဖြစ်ခဲ့လေသောကြောင့် သောတာပတ္တိမဂ်စိတ် မည်ပါသည်။

တစ်နည်း..ဦကာဖွင့်နောက်နည်းအရ
သောတာပတ္တိမည်ပုံ(ဝါ)သောတာပန်ပုဂ္ဂိုလ်မည်ပုံ

တစ်နည်း... အရိယာမဂ်တည်းဟူသော အယဉ်သို့ ရှေးဦးစွာ ရောက်ခြင်းရှိသောကြောင့် သောတာပတ္တိ မည်ပါသည်။ (ဝါ) သောတာပန်ပုဂ္ဂိုလ် မည်ပါသည်။

သောတာပတ္တိမဂ်မည်ပုံ

ထိုသောတာပန်ပုဂ္ဂိုလ်၏ မဂ်ဖြစ်ခဲ့လေသောကြောင့် သောတာပတ္တိမဂ် မည်ပါသည်။

သောတာပတ္တိမဂ်စိတ်မည်ပုံ

ထိုသောတာပန်ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောစိတ်ဖြစ်ခဲ့လေသောကြောင့် သောတာပတ္တိမဂ်စိတ်မည်ပါသည်။

အရကောက်များ

သောတာပတ္တိမဂ္ဂစိတ္တံ-၌ သောတအရ... အင်္ဂဳကိကမဂ်ကို ရပါသည်။

အာပတ္တိအရ... ရှေးဦးစွာ ရောက်ခြင်းကို ရပါသည်။

သောတာပတ္တိအရ... အရိယာမဂ်တည်းဟူသော အယာဉ်သို့ ရှေးဦးစွာရောက်ခြင်းကို ရပါသည်။

တစ်နည်း... သောတာပတ္တိအရ... သောတာပန်ပုဂ္ဂိုလ်ကို ရပါသည်။

မဂ္ဂအရ... အင်္ဂဳကိကမဂ်ကို ရပါသည်။

သောတာပတ္တိမဂ္ဂအရ... အရိယာမဂ်တည်းဟူသောအယာဉ်သို့ ရှေးဦးစွာ ရောက်ခြင်းရှိသော အင်္ဂဳကိကမဂ်ကို ရပါသည်။

တစ်နည်း... သောတာပတ္တိမဂ္ဂအရ... သောတာပန်ပုဂ္ဂိုလ်၏ မဂ်ကို ရပါသည်။

သောတာပတ္တိမဂ္ဂစိတ္တံအရ... သောတာပတ္တိမဂ်စိတ်ကို ရပါသည်။

http://www.dhammadownload.com

သကဒါဂါမိမဂ္ဂစိတ္တံအဖွင့်
သကဒါဂါမ်မည်ပုံ

ပဋိသန္ဓေ၏အစွမ်းဖြင့် ဤလူ့ဘုံသို့ တစ်ကြိမ်သာလာတတ်ခဲ့လေသောကြောင့် သကဒါဂါမ်မည်ပါသည်။

သကဒါဂါမိမဂ်စိတ်မည်ပုံ

ထိုသကဒါဂါမ်ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောစိတ် ဖြစ်ခဲ့လေသောကြောင့် သကဒါဂါမိမဂ်စိတ် မည်ပါသည်။

သကဒါဂါမ်ပုဂ္ဂိုလ် ၅-ယောက်

သကဒါဂါမ်ပုဂ္ဂိုလ်သည်- (၁) ဣန္ဒ ပတ္တာ ဣန္ဒပရိနိဗ္ဗာယီ သကဒါဂါမ်ပုဂ္ဂိုလ်၊
(၂) တတ္ထ ပတ္တာ တတ္ထပရိနိဗ္ဗာယီ သကဒါဂါမ်ပုဂ္ဂိုလ်၊
(၃) ဣန္ဒ ပတ္တာ တတ္ထပရိနိဗ္ဗာယီ သကဒါဂါမ်ပုဂ္ဂိုလ်၊
(၄) တတ္ထ ပတ္တာ ဣန္ဒ ပရိနိဗ္ဗာယီ သကဒါဂါမ်ပုဂ္ဂိုလ်
(၅) ဣန္ဒ ပတ္တာ တတ္ထ ပရိနိဗ္ဗတ္တိတ္တာ ဣန္ဒ ပရိနိဗ္ဗာယီ သကဒါဂါမ်ပုဂ္ဂိုလ် အားဖြင့် ၅-ယောက်ရှိပါသည်။

တစ်နည်း...မြန်မာလိုရေတွက်ပုံ

(၁) သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်သော သကဒါဂါမ်ပုဂ္ဂိုလ်တစ်ယောက်၊
(၂) နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော သကဒါဂါမ်ပုဂ္ဂိုလ်တစ်ယောက်၊
(၃) ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့သော သကဒါဂါမ်ပုဂ္ဂိုလ်တစ်ယောက်၊
(၄) ထိုနတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့သော သကဒါဂါမ် ပုဂ္ဂိုလ်တစ်ယောက်၊

http://www.dhammadownload.com

(၅) ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ် သေ၍ ထိုနတ်ပြည်၌ သကဒါဂါမ်ဖြစ်သေ၍ ဤလူ့ပြည်၌ တစ်ဖန် သကဒါဂါမ်ဖြစ်ကာ ပရိနိဗ္ဗာန်ပြုလတ္တံ့သော သကဒါဂါမ်ပုဂ္ဂိုလ်တစ်ယောက်အားဖြင့် ၅-ယောက်ဖြစ်ပါသည်။

ဤ၌လိုအပ်သော သကဒါဂါမ်

ထို ၅-ယောက်တို့တွင် "ဣဓ ပတ္တာ တတ္ထ ပရိနိဗ္ဗတ္တိတ္တာ ဣဓ ပရိနိဗ္ဗာယီ" သကဒါဂါမ်ပုဂ္ဂိုလ်သည်သာလျှင် လူ့ဘုံမှ နတ်ပြည်သို့သွား၍ ဤလူ့ပြည်သို့ တစ်ဖန်ပြန်လာတက်ခဲ့လေသောကြောင့် သကဒါဂါမိမဂ္ဂစိတ္တ-၌ သကဒါဂါမ်အရ...ထို ၅-ယောက်မြောက်ဖြစ်သော သကဒါဂါမ်ပုဂ္ဂိုလ်ကိုသာ အလိုရှိအပ်ပါသည်။

အနာဂါမိမဂ္ဂစိတ္တံအဖွင့်

အနာဂါမ်မည်ပုံ

ပဋိသန္ဓေ၏အစွမ်းဖြင့် ဤကာမဘုံသို့ မလာတတ်ခဲ့လေသောကြောင့် အနာဂါမ်မည်ပါသည်။

အနာဂါမိမဂ်မည်ပုံ

အနာဂါမ်ပုဂ္ဂိုလ်၏ မဂ်ဖြစ်သောကြောင့် အနာဂါမိမဂ် မည်ပါသည်။

အနာဂါမိမဂ်စိတ်မည်ပုံ

အနာဂါမ်ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောစိတ် ဖြစ်ခဲ့လေသောကြောင့် အနာဂါမိမဂ်စိတ် မည်ပါသည်။

အရကောက်များ

အနာဂါမိမဂ္ဂစိတ္တ-၌ အနာဂါမိအရ... အနာဂါမ်ပုဂ္ဂိုလ်ကို ရပါသည်။ အနာဂါမိမဂ္ဂအရ... အနာဂါမိမဂ်ကို ရပါသည်။ အနာဂါမိမဂ္ဂစိတ္တံအရ... အနာဂါမိမဂ်နှင့်ယှဉ်သောစိတ်ကို ရပါသည်။

http://www.dhammadownload.com

အရဟတ္တမဂ္ဂစိတ္တံအဖွင့်

အရဟမည်ပုံ

မြတ်သောအလှူကို ခံယူခြင်းငှာ ထိုက်သည်၏အဖြစ်ဖြင့် ပူဇော်အထူးကို ခံထိုက်ခဲ့လေသောကြောင့် ''အရဟ'' မည်ပါသည်။

တစ်နည်း... ကိလေသာဟုဆိုအပ်ကုန်သော ရန်သူတို့ကို သတ်တတ်ခဲ့လေသောကြောင့် ''အရဟ'' မည်ပါသည်။

တစ်နည်း... သံသရာစက်၏ အကန့်သဖွယ်ဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးတတ်ခဲ့လေသောကြောင့် ''အရဟ'' မည်ပါသည်။

တစ်နည်း... မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် မရှိခဲ့လေသောကြောင့် ''အရဟ'' မည်ပါသည်။

အရဟတ္တမဂ်မည်ပုံ

အရဟတ္တဖိုလ်၏အကြောင်းဖြစ်သော မဂ်ဖြစ်ခဲ့လေသောကြောင့် အရဟတ္တမဂ် မည်ပါသည်။

အရဟတ္တမဂ်စိတ်မည်ပုံ

အရဟတ္တဖိုလ်၏အကြောင်းဖြစ်သော မဂ်နှင့်ယှဉ်သော စိတ်ဖြစ်ခဲ့လေသောကြောင့် အရဟတ္တမဂ်စိတ် မည်ပါသည်။

အရကောက်များ

အရဟတ္တမဂ္ဂစိတ္တံ-၌ အရဟအရ... ရူစ်ယောက်မြောက်သော အရိယာပုဂ္ဂိုလ်ကို ရပါသည်။ (ဝါ) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကို ရပါသည်။ (ဝါ) ရဟန္တာပုဂ္ဂိုလ်ကို ရပါသည်။

အရဟအရ... အရဟတ္တဖိုလ်ကို ရပါသည်။

အရဟတ္တမဂ္ဂအရ... အရဟတ္တမဂ်ကို ရပါသည်။

အရဟတ္တမဂ္ဂစိတ္တံအရ... အရဟတ္တမဂ်နှင့်ယှဉ်သောစိတ်ကို ရပါသည်။

http://www.dhammadownload.com

သောတာပတ္တိမဂ်နည်း ၁၀၀၀-ဖြစ်ပုံ

သောတာပတ္တိမဂ်နည်းတစ်ထောင်ဖြစ်ပုံကား...

သောတာပတ္တိမဂ်သည် သုညတမဂ်, အပ္ပဏိဟိတမဂ်အားဖြင့် ၂-ပါးအပြားရှိပါသည်။

ထို ၂-ပါးကိုခုကွပ္ပဋိပဒါစသော ပဋိပဒါ ၄-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် ၈-ပါးဖြစ်ပါသည်။

၄င်း ၈-ပါးကို သုညတမဂ်, အပ္ပဏိဟိတမဂ် ၂-ပါးနှင့် ပြန်ပေါင်းလိုက်သည်ရှိသော် ဈာန်ဟူသောအမည်ဖြင့် သောတာပတ္တိမဂ် ၁၀-ဖြစ်ပါသည်။

ထို့အတူ မဂ်,သတိပဋ္ဌာန်,သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,သစ္စာ, သမထ,ခန္ဓာ,အာယတန,ဓာတ်,အာဟာရ,ဖဿ,ဝေဒနာ,သညာ,စေတနာ, စိတ်ဟူသော အမည်တို့ဖြင့် ၁၀-စီဖြစ်၍ အားလုံးပေါင်းသော် ၂၀၀-ဖြစ်ပါသည်။

၄င်း ၂၀၀-ကို အဓိပတိ ၄-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် ၈၀၀-ဖြစ်ပါသည်။

၄င်း ၈၀၀-ကို အဓိပတိမပါသော ၂၀၀-နှင့် ပြန်ပေါင်းလိုက်သည်ရှိသော် သောတာပတ္တိမဂ်၌ နည်း ၁၀၀၀-ဖြစ်ပါသည်။

ထို့အတူ သကဒါဂါမိမဂ်၌ နည်း ၁၀၀၀၊

အနာဂါမိမဂ်၌ နည်း ၁၀၀၀၊

အရဟတ္တမဂ်၌ နည်း ၁၀၀၀-စီဖြစ်၍ မဂ် ၄-ခု၌ နည်း ၄၀၀၀-ဖြစ်ပါသည်။

ဗိုလ်စိတ် ၄-ပါး အသီးသီးမည်ပုံ

သောတာပတ္တိမဂ်ဖြင့်ရအပ်သော အကျိုးဗိုလ်စိတ်ဖြစ်သောကြောင့် သောတာပတ္တိဗိုလ်စိတ် မည်ပါသည်။

သကဒါဂါမိမဂ်ဖြင့်ရအပ်သော အကျိုးဗိုလ်စိတ်ဖြစ်သောကြောင့် သကဒါဂါမိဗိုလ်စိတ်မည်ပါသည်။

အနာဂါမိမဂ်ဖြင့်ရအပ်သော အကျိုးဗိုလ်စိတ်ဖြစ်သောကြောင့် အနာဂါမိဗိုလ်စိတ်မည်ပါသည်။

http://www.dhammadownload.com

အရဟတ္တမဂ်ဖြင့်ရအပ်သော အကျိုးဖိုလ်စိတ်ဖြစ်သောကြောင့် အရဟတ္တဖိုလ်စိတ် မည်ပါသည်။

မဂ် ၄-ပါးပြားရခြင်းအကြောင်း

မဂ်သည် ၁-ပါးတည်းဖြစ်သင့်သော်လည်း သံယောဇနုပဟာနကိစ္စထူးသောကြောင့်မဂ် ၄-ပါးပြားရပါသည်။

မဂ်စိတ် ၄-ပါးပြားရခြင်းအကြောင်း

မဂ်ဣန္ဒြေတို့၏ မထက်သည်၏အဖြစ်၊ထက်သည်၏အဖြစ်၊အထူးသဖြင့် ထက်သည်၏အဖြစ်၊ အလွန်အထူးသဖြင့် ထက်သည်၏အဖြစ် အပြားအားဖြင့် ပြားသောသတ္တိရှိ၍ သံယောဇဉ်ကို ပယ်ပုံ ၄-မျိုးပြားခဲ့လေသောကြောင့် လောကုတ္တရာကုသိုလ်စိတ်သည် (၀၊) မဂ်စိတ်သည် ၄-ပါးပြားရပါသည်။

ဖိုလ်စိတ် ၄-ပါးပြားရခြင်းအကြောင်း

လောကုတ္တရာဝိပါက်စိတ်သည်လည်း ထိုကုသိုလ်စိတ်၏သာလျှင် အကျိုး၏အဖြစ်ကြောင့် ကုသိုလ်အားလျော်သောအားဖြင့် ၄-မျိုးပြားရပါသည်။

လောကုတ္တရာစိတ် အနုတ္တရမည်ခြင်းအကြောင်း

မိမိထက် လွန်မြတ်သောတရား မရှိသည်၏အဖြစ်ကြောင့် လောကုတ္တရာစိတ်သည်အနုတ္တရမည်ပါသည်။

လောကုတ္တရာစိတ် အဆုံးဂါထာ၌ အဌကထာသာ ဆိုရပုံ

လောကုတ္တရာဖြစ်သော ကြိယာစိတ်၏ မဖြစ်သင့်ခဲ့လေသောကြောင့် စတုမဂ္ဂပ္ပဘေဒေန-စသောဂါထာ၌ ဒုါဒသဓာဟုမဆိုဘဲ အဌကထာသာ ဆိုရခြင်းဖြစ်ပါသည်။

လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်းအကြောင်း

မဂ်စိတ်၏ ၁-ကြိမ်သာဖြစ်ခဲ့လေသောကြောင့် လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိပါ။

http://www.dhammadownload.com

မဂ်စိတ် အကြိမ်များစွာဖြစ်ခဲ့သည်ရှိသော် လောကုတ္တရာစိတ်၌ ကြိယာစိတ်ရှိနိုင်ပါသည်။

မဂ်စိတ် ၁-ကြိမ်သာ ဖြစ်ရခြင်းအကြောင်း

မဂ်စိတ်သည် ၁-ကြိမ်ဖြစ်ခြင်းဖြင့်သာလျှင် ထိုထိုကိလေသာတို့ကို ပယ်ခြင်းကိစ္စပြီးသောကြောင့်လည်းကောင်း၊ တဖန်ဖြစ်သော်လည်း ပြုဖွယ်ကိစ္စ မရှိသောကြောင့်လည်းကောင်း မဂ်စိတ် ၁-ကြိမ်သာ ဖြစ်ရပါသည်။

သေက္ခ,အသေက္ခသန္တာန်၌ မဂ်စိတ် ထပ်မဖြစ်ရခြင်းအကြောင်း

မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းအကျိုးဟု နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်သာလျှင် တဖန်ဖြစ်ရိုးရှိသောကြောင့် မဂ်စိတ်သည် သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ထပ်၍မဖြစ်တော့ပါ။

စိတ်တစ်ခုယုတ် ၉၀-နှင့် အကျယ် ၁၂၁-ပါးလာ အဓိပ္ပါယ်များ
ရူပ,အရူပဘုံရှိ ကာမစိတ်ကို ရူပ,အရူပစိတ်ဟု မဆိုရပုံ

လူမိန်းမဝမ်းမှမွေးသော တိရစ္ဆာန်သည် လူမှမွေးသော်လည်း တိရစ္ဆာန်မျိုး၌ အကျွမ်းဝင်သောကြောင့် တိရစ္ဆာန်ဟူ၍သာ ဆိုရသကဲ့သို့ ကာမစိတ်သည် ရူပ,အရူပဘုံတို့၌ ဖြစ်သော်လည်း ကာမတဏှာ၏ အာရုံသာဖြစ်၍ ကာမဘုံ၌သာ အကြီးဝင်သောကြောင့်ကာမစိတ်ဟူ၍သာ ဆိုရပါသည်။ ရူပ,အရူပစိတ်ဟူ၍ မဆိုရပါ။

ပါဒကစျာန်မည်ပုံ

ပထမစျာန်အစရှိသည်တို့တွင် အကြင်စျာန်ကို ဝင်စား၏။ ထိုဝင်စားသောစျာန်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ခြင်း၏ အခြေခံအကြောင်းဖြစ်သောကြောင့် ပါဒကစျာန် မည်ပါသည်။

သမ္မသိတစျာန်မည်ပုံ

အကြင်စျာန်ကို အနိစ္စ,ဒုက္ခ,အနတ္တဟု သုံးသပ်သောယောဂီပုဂ္ဂိုလ်အား ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဖြစ်ခဲ့၏။ ထိုသုံးသပ်အပ်သောစျာန်သည် သမ္မသိတစျာန် မည်ပါသည်။

http://www.dhammadownload.com

ပုဂ္ဂလဏ္ဌာသယဈာန်မည်ပုံ

"ငါ့အား ပထမဈာန်နှင့်တူသော အင်္ဂါ ၅-ပါးရှိသော မဂ်သည်လည်းကောင်း၊ ဒုတိယဈာန်စသည်နှင့်တူသော အင်္ဂါ ၄-ပါးစသည်ရှိသော မဂ်သည်လည်းကောင်း ဖြစ်မူကား ကောင်းလေစွ" ဟု ယောဂီပုဂ္ဂိုလ်အား ဖြစ်သောအလိုဆန္ဒသည် ပုဂ္ဂလဏ္ဌာသယမည်ပါသည်။

ဈာန်မဟုတ်သော ပုဂ္ဂလဏ္ဌာသယကို ဈာန်ဟုခေါ်ဆိုရပုံ

ပုဂ္ဂလဏ္ဌာသယသည် မုချအားဖြင့် ဈာန်အစစ်မဟုတ်ပါ။ ပြုလိုကာမျှဖြစ်သော ကုသလစိတ္တသာ ဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း အကျိုးအာရမ္မဏိကဖြစ်သော ဆန္ဒစေတသိက်၏ ပုဂ္ဂလဏ္ဌာသယအမည်ကို အာရုံအကြောင်းဖြစ်သော ဈာန်၌တင်စား၍ ဖရူပစာရအားဖြင့် ဈာန်ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။ [မဏိသာရမဉ္ဇူသာဋီကာမှ]

သုက္ခဝိပဿကပုဂ္ဂိုလ်ရသောမဂ်

ဈာန်မရသော သုက္ခဝိပဿကပုဂ္ဂိုလ်တို့ရသောမဂ်သည် ပါဒကဈာန်စသည်တို့၏ အစွမ်းဖြင့် မှတ်ခြင်းမရှိသောကြောင့် ဝိပဿနာနိယာမ၏အစွမ်းဖြင့်ရသော ပဌမိကမဂ်သာ ဖြစ်ပါသည်။

လောကုတ္တရာစိတ်အကျဉ်း ၈-ပါး သောမနဿဖြစ်သင့်ပုံ

ဈာန်မရသော သုက္ခဝိပဿကပုဂ္ဂိုလ်၏ ဝိပဿနာနိယာမ၏အစွမ်းဖြင့်ရသော မဂ်သည် ဈာန်အင်္ဂါ ၅-ပါးရှိရမည်ဟုဆိုသောကြောင့် လောကုတ္တရာစိတ်အကျဉ်း၈-ပါး သည် 'သောမနဿဖြစ်သင့်ပါသည်။

သောမနဿ,ဉပေက္ခာ ၂-မျိုးဖြစ်ပုံ

တစ်နည်း... လောကုတ္တရာစိတ်အကျဉ်း ၈-ပါးသည် ဈာနနိယာမပုဂ္ဂိုလ်၏အစွမ်းဖြင့် ပြားသော လောကုတ္တရာစိတ်အကျယ် ၄၀-ကိုထောက်၍ ပထမဈာန်, ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်တို့နှင့်ယှဉ်ခိုက် သောမနဿ, ပဉ္စမဈာန်နှင့်ယှဉ်ခိုက် ဉပေက္ခာ ဖြစ်ပါသည်။

http://www.dhammadownload.com

အရှုပစိတ်ကို ပဋ္ဌမစျာန်၌ ထည့်သွင်းရခြင်းအကြောင်း

အာရုပ္ပဋ္ဌာပိ ပဋ္ဌမေ-ဟူသောသင်္ဂဟပါဠိကိုထောက်၍ အရှုပစိတ် ၁၂-ခုကို ဥပေက္ခာ ဧကဂ္ဂတာနှင့်ယှဉ်သည်ဖြစ်၍ ပဋ္ဌမစျာန်နှင့်စျာန်အင်္ဂါတူမျှသည်၏အဖြစ်ကြောင့် စျာန် ၅-ပါးတို့တွင် ပဋ္ဌမစျာန်၌ ထည့်သွင်းယူရပါသည်။

ဥပစာအားဖြင့် ပဋ္ဌမစျာန်ဟု ဆိုရပုံ

အာရုပ္ပဋ္ဌာပိ ပဋ္ဌမေ-အရ... အရှုပစိတ်ကို ပဋ္ဌမစျာန်ဟုဆိုရာ၌ မုချအားဖြင့်ဆိုခြင်းမဟုတ်ပါ။ ပဋ္ဌမစျာန်နှင့် စျာန်အင်္ဂါတူမျှသောကြောင့် သဒိသူပစာအားဖြင့် ပဋ္ဌမစျာန်ဟု ဆိုထားခြင်း ဖြစ်ပါသည်။

သတ္တတ္တိသဝိဓံ ပုညံ-စသော ဂါထာ၌
ကုသိုလ်နှင့် ဝိပါက်စိတ်တို့၏ သန္နိဿာပြု၍
အကုသိုလ်နှင့် ကြိယာစိတ်တို့ကို သန္နိဿမပြုရခြင်းအကြောင်း

သတ္တတိသဝိဓံ ပုညံ-စသောဂါထာ၌ ပါဒကစျာန်စသည်တို့၏အစွမ်းဖြင့် ရေတွက်ခြင်း၏ပွားများခြင်းသည် ကုသိုလ်နှင့် ဝိပါက်စိတ်တို့၌သာလျှင် ဖြစ်သင့်သောကြောင့် ကုသိုလ်နှင့်ဝိပါက်စိတ်တို့၏ အရေအတွက်သန္နိဿကိုသာပြုပါသည်။ အရေအတွက် မတိုးပွားသောကြောင့် အကုသိုလ်နှင့်ကြိယာစိတ်တို့၏ သန္နိဿကို မပြုပါ။

ထိုသို့ မပြသော်လည်း ၄င်းအကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့ကိုပါ ထည့်၍ပေါင်းသော် စိတ်အကျယ် ၁၂၁-ပါးဖြစ်သည်ဟု မှတ်ယူရပါသည်။

စိတ်ဝိုင်း
ဦးကာကျော် အဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

စေတသိက်ပိုင်း

ဧကုပ္ပါဒမည်ပုံ

စေတသိက်လက္ခဏာ ၄-ပါးတို့တွင် စိတ်ဖြစ်လျှင် စေတသိက်တို့လည်း ဖြစ်ကြပါသည်။ဤသို့ စေတသိက်တို့၏ စိတ်နှင့်အတူတကွ ဖြစ်ခြင်းသည် ဧကုပ္ပါဒမည်ပါသည်။

ဧကနိရောဓမည်ပုံ

စိတ်ချုပ်လျှင် စေတသိက်တို့လည်း ချုပ်ကြပါသည်။ဤသို့ စေတသိက်တို့၏ စိတ်နှင့်အတူတကွ ချုပ်ခြင်းသည် ဧကနိရောဓ မည်ပါသည်။

ဧကာလမ္ဗဏမည်ပုံ

စိတ်သည် ရူပါရုံကို အာရုံပြုသည်ဖြစ်အံ့၊စေတသိက်တို့သည်လည်း ရူပါရုံကို အာရုံပြုပါသည်။ဤသို့ စေတသိက်တို့၏ စိတ်နှင့်တူသော အာရုံရှိခြင်းသည် ဧကာလမ္ဗဏ မည်ပါသည်။

ဧကဝတ္ထုကမည်ပုံ

စိတ်သည် စက္ခုဝတ္ထုကို မှီသည်ဖြစ်အံ့၊စေတသိက်တို့လည်း စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ပါသည်။ဤသို့ စေတသိက်တို့၏ စိတ်နှင့်တူသောမှီရာရှိခြင်းသည် ဧကဝတ္ထုက မည်ပါသည်။

လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ သန္ဓာန်၌ရသော သမ္မယောဂလက္ခဏာများ တူညီမှုမရှိပုံ

စေတသိက်လက္ခဏာ ၄-ပါးတို့တွင် ကာမ ၁၁-ဘုံ၊အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံဟုဆိုအပ်သော ပဉ္စဝေါကာရ ၂၆-ဘုံ၌(တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ၊ရူပလောကေ ပန ဃာနဒိတ္တယံ နတ္ထိ-ကို ထောက်၍)မှီရာဝတ္ထုရုပ် များရှိသောကြောင့် သမ္မယောဂလက္ခဏာ ၄-ပါးလုံးကို ရှိပါသည်။

http://www.dhammadownload.com

အရူပ ၄-ဘုံဟုဆိုအပ်သော စတုတ္ထဝေါကာရ ၄-ဘုံ၌(အရူပလောကေ ပန သဗ္ဗာနိပိ နံ သံဝိဇ္ဇန္တိ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍)အရူပဘုံ၌ ဝတ္ထုရုပ်မရှိသော ကြောင့် ဧကဝတ္ထုကကြောင်သော ရှေ့သမ္မယောဂလက္ခဏာ ၃-ပါးကို ရပါသည်။

အသညသတ်ဘုံဟုဆိုအပ်သော ဧကဝေါကာရဘုံ၌(အသညသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါတိ-ကိုထောက်၍)အသညသတ်ဘုံ၌ စိတ်ဖြစ်ခြင်းမရှိသော ကြောင့် စေတသိက်လက္ခဏာ ၁-ပါးမှ မရှိပါ။ထို့ကြောင့် လူ,နတ်,ဗြဟ္မာသတ္တဝါတို့ သန္တာန်၌ရသော သမ္မယောဂလက္ခဏာတို့ တူညီမှုမရှိနိုင်ပါ။

ဧကိရောဓသဒ္ဒါကို ထည့်ဆိုရခြင်းအကြောင်း

စိတ်နှင့်တကွဖြစ်ကုန်သော ကမ္မဇရုပ်,စိတ္တဇရုပ်တို့ကို စင်စေလိုသောကြောင့် (၀၊) နှစ်စေလိုသောကြောင့် ဧကိရောဓသဒ္ဒါကို မိန့်ဆိုရပါသည်။

ဧကာလမ္ဗဏသဒ္ဒါ ထပ်ဆိုရခြင်းအကျိုး

စိတ်သို့ အစဉ်လိုက်၍ဖြစ်ကုန်သော ဝိညတ်ဒွေ၏ စေတသိက်အဖြစ်၌ လျှဉ်းပါး ခြင်းကို တားမြစ်ခြင်းအကျိုးငှာ ဧကာလမ္ဗဏသဒ္ဒါကို ထပ်ဆိုရပါသည်။

ဧကဝတ္ထုကသဒ္ဒါ ထပ်ဆိုရခြင်းအကျိုး

ရှေ့လက္ခဏာ ၃-ပါးနှင့်ပြည့်စုံကုန်သော စေတသိက်တို့၏ စင်စစ်အားဖြင့်တူသော မှီရာရှိသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ဧကဝတ္ထုကသဒ္ဒါကိုထပ်၍ မိန့်ဆိုရပါသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၏ လက္ခဏာနှင့် ဥပမာနများ

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့တွင် ဖဿစေတသိက်သည် အချင်္ဂိုစားသော သူ စသည်ကို တွေ့မြင်သောသူအား တံတွေးဖြစ်သည်နှင့် ဥပမာတူပါသည်။

ဝေဒနာစေတသိက်သည် ကောင်းသောဘောဇဉ်၏ အရသာကို ခံစားသော မင်းနှင့် ဥပမာတူပါသည်။

http://www.dhammadownload.com

သညာစေတသိက်သည် လက်သမားစသည်တို့၏ သစ်အစရှိသည်တို့၌ အမှတ်ပြု၍ သိကြောင်းဖြစ်သော တမျဉ်းကြိုးနှင့် ဥပမာတူပါသည်။

စေတနာစေတသိက်သည် မိမိကိစ္စ၊သူတစ်ပါးကိစ္စကို ပြီးစေတတ်သော တပည့်ကြီး လက်သမားကြီးတို့နှင့် ဥပမာတူပါသည်။

စေတနာစေတသိက်သည် တာဝန်တစ်ခုကို ကျေပြန်အောင်ထမ်းဆောင်ရာ၌လွန်စွာ လိုလားအပ်သော ဗျာပါရကြီးမားလှသည့် စေတသိက်လည်း မည်ပါသည်။

မှတ်ချက် ။ ။ ကေဂ္ဂတာစေတသိက် ရူပစိတ်၌ပြခဲ့ပြီ။

ဇီဝိတိန္ဒြေစေတသိက်သည် ကြာခြင်းစသည်တို့ကို အစဉ်စောင့်ရှောက်တတ်သော ရေနှင့် ဥပမာတူပါသည်။

မနသိကာရစေတသိက်သည် အာဇာနည်မြင်းတို့ကို ယှဉ်စေတတ်သော ရထားထိန်းနှင့်တူပါသည်။

ဖဿကို တွေ့ထိခြင်းလက္ခဏာရှိသည်ဟု ဆိုရခြင်းအကြောင်း

ဖဿသည် နာမ်တရားဖြစ်၍ အာရုံကို မတွေ့ထိသော်လည်း(အချဉ်ကိုစားသောသူ စသည်ကို တွေ့မြင်သောသူအား တံတွေးဖြစ်ခြင်း စသည်ဖြစ်သကဲ့သို့)တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့် ဖဿကို တွေ့ထိခြင်းလက္ခဏာရှိသည်ဟု ဆိုရပါသည်။

ဝေဒနာသာ အာရုံ၏အရသာကို ခံစားတတ်ခြင်းအကြောင်း

ဝေဒနာမှကြွင်းသော သမ္မယုတ်တရားတို့ အာရုံကို ခံစားခြင်းကား... တစိတ် တစ်ဒေသမျှသာ ခံစားပါသည်။ဝေဒနာသည်သာလျှင် ပြည့်ရှင်မင်းကဲ့သို့ စင်စစ် အစိုးရ ခြင်းရှိသည်၏အဖြစ်ဖြင့် အာရုံ၏အရသာကို ခံစားနိုင်သောကြောင့် ဝေဒနာကိုသာလျှင် အာရုံ၏အရသာကို ခံစားတတ်သည်ဟု ဆိုရပါသည်။

http://www.dhammadownload.com

ဝိတက်,စေတနာ,မနသိကာရ ၃-ပါးအထူး

ဝိတက်သည် သဟဇာတ်တရားတို့ကို အာရုံ၌ ရှေ့ရှုတင်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် သဟဇာတ်တရားတို့ကို အာရုံ၌ ထည့်သွင်းပေးသကဲ့သို့ ဖြစ်ပါသည်။

စေတနာသည် မိမိကိုယ်တိုင် အာရုံကိုယူခြင်းဖြင့် အာရုံကို တက်ရောက်ကုန်သော သဟဇာတ်တရားတို့ကို ထိုထိုအာရုံ၌ စစ်ဗိုလ်မှူးကဲ့သို့ ယှဉ်စေတတ်ပါသည်။

မနသိကာရသည် အာရုံသို့ တက်ရောက်ကုန်သော သဟဇာတ်တရားတို့ကို အာရုံသို့ ရှေ့ရှုစေခြင်းကြောင့် အာဇာနည်းမြင်းတို့ကို ယှဉ်စေတတ်သောရထားထိန်းကဲ့သို့ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

ပကိဏ်းစေတသိက် ၆-ပါး

အဓိမောက္ခစေတသိက်သည် အာရုံ၌ မတုန်မလှုပ်သည်၏အဖြစ်ဖြင့် တံခါးတိုင်နှင့် ဥပမာတူပါသည်။

အဓိမောက္ခမည်ပုံနှင့်လက္ခဏာ

အာရုံကို ဆုံးဖြတ်ခြင်းသည် အဓိမောက္ခမည်ပါသည်။ထိုအဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာ ရှိပါသည်။

ဝီရိယမည်ပုံနှင့်လက္ခဏာ

လုံ့လရှိသောသူတို့၏ ဖြစ်ကြောင်းဖြစ်ခဲ့သောကြောင့်လည်းကောင်း။လုံ့လရှိသော သူတို့၏ အမှုဖြစ်သောကြောင့်လည်းကောင်း၊အကြောင်းအားလျော်စွာ ဖြစ်စေအပ်သော ကြောင့်လည်းကောင်း အားထုတ်ခြင်းလုံ့လသည် ဝီရိယမည်ပါသည်။

ထိုဝီရိယစေတသိက်သည် သဟဇာတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းလက္ခဏာ ရှိပါသည်။

ဝီရိယကို ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိသည်ဟု ဆိုရပုံ

သဟဇာတ်တရားတို့သည် မိမိတို့သဘောအားဖြင့် ထောက်ပံ့ခိုင်စေတတ်သော်လည်း ဝီရိယ၏အစွမ်းဖြင့် ထိုသဟဇာတ်တရားတို့၏ တွန့်တိုဆုတ်နစ်ခြင်း မရှိသည်၏အဖြစ်ဖြင့် ဝီရိယကို ထောက်ပံ့ခိုင်စေခြင်း လက္ခဏာရှိသည်ဟု ဆိုရပါမည်။

http://www.dhammadownload.com

ဆန္ဒမည်ပုံနှင့် လက္ခဏာ

အာရုံကို အလိုရှိကာမျှဖြစ်သောကြောင့် ဆန္ဒမည်ပါသည်။ထိုဆန္ဒစေတသိက်သည် အမှုကိုပြုလိုသည်၏အဖြစ်ဟူသော လက္ခဏာရှိပါသည်။

အလှူပေးသောအခါ ဆန္ဒ၏အာရုံကို အလိုရှိကာမျှသဘောဖြစ်နိုင်ပုံ

လေးသမားသည် ပစ်ရန်မြားကို ယူသောအခါ ထိုပစ်ရန်မြားကို ယူလိုခြင်းဖြစ်သကဲ့သို့ ထို့အတူ ဒါနဝတ္ထုကို စွန့်လွှတ်သောအခါ ထိုဒါနဝတ္ထုကို စွန့်လွှတ်လိုခြင်း,အလှူပေးလိုခြင်းဖြစ်နိုင်လေသောကြောင့် အလှူပေးလိုသောဆန္ဒသည် အာရုံကို အလိုရှိကာမျှသဘောဖြစ်နိုင်ပါသည်။

ပကိဏ်းစေတသိက်မည်ပုံ

သောဘဏစိတ်တို့၌လည်းကောင်း၊အသောဘဏစိတ်တို့၌လည်းကောင်း ဧကုပ္ပါဒအစရှိသော အပြားအားဖြင့် ပြိုးပြမ်းယှဉ်သည်၏အဖြစ်ကြောင့် ပကိဏ်းစေတသိက်တို့မည်ပါသည်။

အညသမာန်းစေတသိက်မည်ပုံ

သောဘဏစိတ်၌ယှဉ်ခိုက် အသောဘဏစိတ်မှတစ်ပါး သောဘဏစိတ်နှင့်တူသည်၏အဖြစ်၊အသောဘဏစိတ်၌ယှဉ်ခိုက် သောဘဏစိတ်မှတစ်ပါး အသောဘဏစိတ်နှင့်တူသည်၏အဖြစ်ကြောင့် အညသမာန်းစေတသိက်တို့ မည်ပါသည်။

အကုသိုလ်စေတသိက်လာ အဓိပ္ပါယ်များ အဟိတ်စေတသိက် သီးခြားမဆိုရခြင်းအကြောင်း

အဟိတ်စိတ်တို့၌ သီးခြားယှဉ်သောစေတသိက်တို့မရှိသောကြောင့် အဟိတ်စေတသိက်တို့ကို သီးခြားမဆိုရခြင်း ဖြစ်ပါသည်။

အဟိတ်စေတသိက် ၁၃-ပါး

မောဟမူဒွေးဠ် မောဟ,အဟိတ်စိတ် ၁၈-ပါး၌ယှဉ်သော ဆန္ဒကြဉ်သော

http://www.dhammadownload.com

အညသမာန်းစေတသိက် ၁၂-ပါးအားဖြင့် ဤ ၁၃-ပါးသောစေတသိက်တို့သည် ယှဉ်ဘော် ယှဉ်ဘက် သမ္မယုတ်ဟိတ်မရှိသည်၏အဖြစ်ကြောင့် အဟိတ်စေတသိက်တို့မည်ပါသည်။

မောဟမည်ပုံနှင့်လက္ခဏာ

အာရုံ၌ တွေဝေတတ်သောကြောင့် ဉာဏ်၏ဆန့်ကျင်ဘက်ဖြစ်သောတရားသည် မောဟမည်ပါသည်။ထိုမောဟသည် အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းလက္ခဏာရှိပါသည်။

မောဟကို အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းသဘောရှိသည်ဟု ဆိုရခြင်းအကြောင်း

မောဟသည် အာရုံကိုယူခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း အာရုံ၏သဘောကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်ခဲ့လေသောကြောင့် မောဟကို အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်းလက္ခဏာရှိသည်ဟု ဆိုရပါသည်။

အဟီရိကမည်ပုံ

ကာယဒုစရိုက်စသည်တို့မှ မရှက်တတ်,မစက်ဆုပ်တတ်ခဲ့လေသောကြောင့် မရှက် သောသူသည်လည်းကောင်း၊တရားအပေါင်းသည်လည်းကောင်း အဟီရိကမည်ပါသည်။

အနောတ္တပ္ပမည်ပုံ

ကာယဒုစရိုက်စသည်တို့မှ မကြောက်တတ်ခဲ့လေသောကြောင့် အနောတ္တပ္ပ မည်ပါသည်။

အဟီရိက,အနောတ္တပ္ပ ၂-ပါးအထူး (မရှက်ခြင်းနှင့် မကြောက်လန့်ခြင်း ၂-ပါးအထူး)

ရွာသူတို့၏ဝက်သည် မစင်မှမစက်ဆုပ်သကဲ့သို့ အဟီရိကသည်လည်း ကာယ ဒုစရိုက်စသည်မှ မစက်ဆုပ်ခြင်း လက္ခဏာရှိပါသည်။

ဝိုးဖလံသည်(ဝိုးနှံသည်)မီးမှ မကြောက်လန့်ဘိသကဲ့သို့ အနောတ္တပ္ပသည်လည်း ကာယဒုစရိုက်စသည်မှ မကြောက်လန့်ခြင်း လက္ခဏာရှိပါသည်။ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ဥဒ္ဓစ္စ၏လက္ခဏာ

ဥဒ္ဓစ္စသည် ပြာပုံ၌ ကျောက်ခဲကျသောအခါ အထက်သို့ လွင့်တတ်သောပြာကဲ့သို့ အာရုံ၌ ပျံ့လွင့်ခြင်းလက္ခဏာရှိပါသည်။

ဥဒ္ဓစ္စမည်ပုံ

မငြိမ်သက်သောစိတ်ရှိသောသူ၏ ဖြစ်ကြောင်းသည် ဥဒ္ဓစ္စမည်ပါသည်။

လောဘမည်ပုံနှင့်လက္ခဏာ

လိုချင်တပ်မက်ခဲ့သောကြောင့် လောဘမည်ပါသည်။ထိုလောဘသည်မျောက်နဲ့ စေးကဲ့သို့ အာရုံ၌ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာရှိပါသည်။

ဆန္ဒနှင့်လောဘအထူး

စိတ်၏အာရုံသို့ အာရုံပြုခြင်းငှာ အလိုရှိကာမျှသဘောသည် ဆန္ဒမည်ပါသည်။ အာရုံ၌ အလွန်ကပ်ငြိခြင်းသည် လောဘမည်ပါသည်။ဤသို့ ထူးပါသည်။

ဒိဋ္ဌ၏လက္ခဏာ

ဒိဋ္ဌစေတသိက်သည် "ဤငါ၏အယူသည် မှန်၏၊တစ်ပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိပါသည်။

ဉာဏ်နှင့်ဒိဋ္ဌအထူး
(အသိမှန်နှင့် အယူမှားအထူး)

ဉာဏ်နှင့်ဒိဋ္ဌအထူးကား...

ဉာဏ်သည် အာရုံကို အနိစ္စစသောဟုတ်မှန်သောသဘောအားဖြင့် သိတတ်ပါသည်။

ဒိဋ္ဌသည် ဟုတ်မှန်သောသဘောကို ပယ်စွန့်၍ ဖောက်ပြန်သောအားဖြင့် ယူတတ်ပါသည်။ဤသို့ ထူးပါသည်။

http://www.dhammadownload.com

မာနမည်ပုံနှင့် လက္ခဏာများ

ငါသည် မြတ်သူဖြစ်၏။ဤသို့ စသည်ဖြင့် ထင်မှတ်တတ်ခဲ့လေသောကြောင့် မာနမည်ပါသည်။ထိုမာနစေတသိက်သည် ထောင်လွှားတတ်ကြွခြင်းလက္ခဏာ ရှိပါသည်။

မာန၏အခြင်းအရာ

မာနသည် မှန်ကင်းကဲ့သို့ ပြုလိုခြင်းလျှင် ထင်သောအခြင်းအရာရှိပါသည်။

ဒေါသမည်ပုံနှင့်လက္ခဏာ

ဖြစ်မှားတတ်ခဲ့လေသောကြောင့် ဒေါသမည်ပါသည်။ထိုဒေါသစေတသိက်သည် တုတ်ဖြင့်ပုတ်ခတ်အပ်သော မြွေဟောက်ကဲ့သို့ ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်း လက္ခဏာရှိပါသည်။

ဣဿာမည်ပုံနှင့်လက္ခဏာ

ငြူစူတတ်ခဲ့လေသောကြောင့် ဣဿာမည်ပါသည်။ထိုဣဿာစေတသိက်သည် သူတစ်ပါးစည်းစိမ်ချမ်းသာကို ငြူစူခြင်းလက္ခဏာ ရှိပါသည်။

မစ္ဆရိယမည်ပုံနှင့်လက္ခဏာ

မိမိစည်းစိမ်ကို ဝန်တိုသောသူ၏အဖြစ်သည် မစ္ဆရိယမည်ပါသည်။

တစ်နည်း... ဤအံ့ဩဖွယ်သည် တစ်ပါးသောသူတို့အား မဖြစ်ပါစေသတည်း၊ ငါ့အားသာလျှင် ဖြစ်ပါစေသတည်း။

ဤသို့ဖြစ်သော သဘောတရားသည် မစ္ဆရိယမည်ပါသည်။ထိုမစ္ဆရိယစေတသိက်သည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာ ရှိပါသည်။

မစ္ဆရိယ ၅-ပါး

မစ္ဆရိယသည်... (၁) အာဝါသမစ္ဆရိယ၊
(၂) ကုလမစ္ဆရိယ၊
(၃) လာဘမစ္ဆရိယ၊

http://www.dhammadownload.com

(၄) ဝဏ္ဏမဋ္ဌရိယ၊

(၅) ဓမ္မမဋ္ဌရိယ-အားဖြင့် ၅-ပါးအပြားရှိပါသည်။

လက်ံကား။ ။ အာဝါ,ကုလ၊လာဘ,ဝဏ်,ဓမ်၊ဤငါးတန်၊မုတ်ရန်မဋ္ဌရိယ။

ဖြစ်ပါသည်။

ဣဿာနှင့် မဋ္ဌရိယ ၂-ပါးအထူး

ဣဿာနှင့် မဋ္ဌရိယနှစ်ပါးအထူးကား...

ဣဿာသည် သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းလက္ခဏာ ရှိပါသည်။မဋ္ဌရိယသည် မိမိစည်းစိမ်ကို လှျို့ဝှက်ခြင်းလက္ခဏာ ရှိပါသည်။ဤသို့ ထူးပါသည်။

ကုက္ကုစ္စပုဒ်၌ အရကောက်များ

ကုက္ကုစ္စံ-ဟူသောပါဠိဝယ် ကုစ္ဆိတံ ကတံ ကုကတံ-၌ ကုကတအရကား...

ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသော သုစရိုက်တရားတို့ကို မုချအားဖြင့် ရပါသည်။ ထိုပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသော သုစရိုက်တရားတို့ကို အာရုံပြု၍ ဖြစ်သော ဝိပ္ပဋိသာရဒေါသမူစိတ္တဖျဖါဒ်ကို ဥပစာရအားဖြင့် ရပါသည်။

ကုက္ကုစ္စံ အရကား... ကုက္ကုစ္စစေတသိက်ကို ရပါသည်။

ကုစ္ဆိတံ ကတံ ကုကတံ-၌ ကုစ္ဆိတမည်ပုံ

ပြုအပ်ပြီးသောဒုစရိုက်ကံ,မပြုလိုက်မိသော သုစရိုက်ကံတို့သည် စက်ဆုပ်အပ်သော အမှုအရာဖြစ်သောကြောင့် ကုကတမည်ပါသည်။

မပြုလိုက်မိသောသုစရိုက် ကုကတမည်ပုံ

မပြုလိုက်မိသော သုစရိုက်ကိုလည်း စက်ဆုပ်ဖွယ်အမှုအရာဟု လူအများခေါ်ဝေါ်ကြသောကြောင့်လည်းကောင်း၊ဝိပ္ပဋိသာရ၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း မပြုလိုက်မိသောသုစရိုက်သည် ကုကတမည်ပါသည်။

http://www.dhammadownload.com

ကုက္ကုစ္စမည်ပုံနှင့် လက္ခဏာ

ပြုအပ်ပြီးသောဒုစရိုက်,မပြုလိုက်မိသောသုစရိုက်ကို အကြောင်းပြု၍ဖြစ်သော နှလုံးမသာယာသော စိတ္တဖွါဒ်၏အဖြစ်သည် ကုက္ကုစ္စမည်ပါသည်။ထိုကုက္ကုစ္စစေတသိက်သည် ပြုအပ်ပြီးသောဒုစရိုက်,မပြုလိုက်မိသောသုစရိုက်တို့ကို အာရုံပြုသောအားဖြင့် အဖန်တလဲလဲ စိုးရိမ်ခြင်းလက္ခဏာရှိပါသည်။

ထိန မိဒ္ဓမည်ပုံ

စိတ်၏ အမှုဋ္ဌ မခံခြင်းသည် ထိန မည်ပါသည်။

တစ်နည်း... အားထုတ်ခြင်းကင်းသည်ဖြစ်၍ တွန့်တိုဆုတ်နစ်သည်၏အစွမ်းဖြင့် ယျင်းရိသည်၏အဖြစ်သည် ထိနမည်ပါသည်။

စေတသိက်တို့၏ အမှုဋ္ဌ မခံခြင်းသည် မိဒ္ဓ မည်ပါသည်။

တစ်နည်း... အစွမ်းသတ္တိကင်းသော စိတ်၏အဖြစ်သည် မိဒ္ဓ မည်ပါသည်။

တစ်နည်း... သမ္ပယုတ်တရားတို့၏ အစွမ်းသတ္တိမရှိသည်တို့၏ အဖြစ်တည်းဟူသော ပင်ပန်းခြင်းသည် မိဒ္ဓ မည်ပါသည်။

ထိန မိဒ္ဓ ၂-ပါးအထူး

ထိနသည် စိတ်၏အမှုဋ္ဌ မကောင်းသောအဖြစ်လျှင် လက္ခဏာရှိပါသည်။

မိဒ္ဓသည် ဝေဒနာအစရှိသော ခန္ဓာတို့၏ ၃-ပါးတို့၏အမှုဋ္ဌ မကောင်းသောအဖြစ်လျှင် လက္ခဏာရှိပါသည်။ဤသို့ ထူးပါသည်။

မိဒ္ဓကို ရုပ်ဟုဆိုအပ်သောစကား မသင့်ခြင်းအကြောင်း

မိဒ္ဓကို ရုပ်ဟုဆိုအပ်သောစကားသည် မသင့်ပါ။အကြောင်းကား... မိဒ္ဓကို ကာမဇဉ်နှစ်ဝရာ စသည်တို့ကဲ့သို့ ပဟာတဗ္ဗတရားတို့၌ မြတ်စွာဘုရား ဟောတော်မူသောကြောင့်ဖြစ်ပါသည်။

http://www.dhammadownload.com

ရုပ်မိဒ္ဓ မရှိခြင်းအကြောင်း

မိဒ္ဓကို ကာမဇ္ဈန္နနိဝရဏစသည်တို့ကဲ့သို့ ပဟာတဗ္ဗတရားတို့၌ ဟောတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ရုပ်ကို ပဟာတဗ္ဗတရားတို့၌ မြတ်စွာဘုရား ဟောတော်မမူသောကြောင့်လည်းကောင်း ရုပ်မိဒ္ဓဟူ၍ မရှိပါ။

ရဟန္တာတို့၏အိပ်ခြင်းသည် မိဒ္ဓကြောင့်မဟုတ်

ရဟန္တာပုဂ္ဂိုလ်တို့၏ အိပ်ခြင်းသည် ရုပ်မိဒ္ဓကြောင့်မဟုတ်ပါ။ကရဇကာယ၏ ကျင်နာသည်၏အဖြစ်ကြောင့်သာလျှင် အိပ်စက်ခြင်း ဖြစ်ပါသည်။

အကုသလသာဓာရဏစေတသိက်များ

အကုသိုလ်စေတသိက် ၁၄-ပါးတို့တွင် မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ ဟုဆိုအပ်သော မောစတုတ် ၄-ပါးသည် သဗ္ဗာကုသလသာဓာရဏစေတသိက်တို့ မည်ပါသည်။

လောဘ,ဒိဋ္ဌိ,မာနဟုဆိုအပ်သော လောဘြိ ၃-ပါးသည် လောဘမူလသာဓာရဏစေတသိက်တို့ မည်ပါသည်။

ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စဟုဆိုအပ်သော ဒေါစတုက် ၄-ပါးသည် ဒေါသမူလသာဓာရဏစေတသိက်တို့ မည်ပါသည်။

ထိန,မိဒ္ဓစေတသိက် ၂-ပါးသည် ဥဒ္ဓာယမူလသာဓာရဏစေတသိက် မည်ပါသည်။

ဝိစိကိစ္ဆာစေတသိက်သည် မောဟမူလသာဓာရဏစေတသိက် မည်ပါသည်။

အကုသိုလ်စေတသိက်လာ အဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

သောဘဏစေတသိက်လာ အဓိပ္ပါယ်များ
သောဘဏသာဓာရဏစေတသိက် ၁၉-ပါး
သဒ္ဓါမည်ပုံနှင့်လက္ခဏာ

ယုံကြည်တတ်ခဲ့လေသောကြောင့် ဘုရားအစရှိသည်တို့၌ ကြည်ညိုခြင်းသည် သဒ္ဓါမည်ပါသည်။ထိုသဒ္ဓါစေတသိက်သည် ရေနှောက်ကို ကြည်စေတတ်သောစကြာမင်း၏ ပတ္တမြားရတနာကဲ့သို့ ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို ကြည်လင်စေခြင်း လက္ခဏာရှိပါသည်။

ဥာဏ်စမ်းများ

ဗုဒ္ဓသာသနာတော်၌(ရတနာသုံးပါး၌)သက်ဝင်ကြည်ညိုစိတ်ဖြစ်လျှင် စိတ်ညစ်ညူးမှုများ ပပျောက်သွားနိုင်ပါသည်။အကြောင်းကား...ဗုဒ္ဓသာသနာတော်၌(ရတနာသုံးပါး၌)ကြည်ညိုစိတ်ဖြစ်ခြင်းမှာ သဒ္ဓါတရားကြောင့်ဖြစ်၍ ယင်းသဒ္ဓါတရားသည် ရေနှောက်ကိုကြည်စေတတ်သော စကြာမင်း၏ ပတ္တမြားရတနာကဲ့သို့ ဘုရားစသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို ကြည်လင်စေနိုင်သောကြောင့် ဖြစ်ပါသည်။

သတိမည်ပုံနှင့်လက္ခဏာ

ဘုရားစသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို အောက်မေ့ခြင်း မမေ့မလျော့ခြင်းသည် သတိမည်ပါသည်။ထိုသတိစေတသိက်သည် စကြာဝဠာမင်းကြီးအား ဆင်,မြင်း,ရထားစသော စည်းစိမ်ဥစ္စာတို့ကို နေ့စဉ်ပြောကြားအောက်မေ့စေတတ်သော စကြာဝဠာမင်းကြီး၏ ဘဏ္ဍာစိုးကဲ့သို့ ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရားတို့ကို အောက်မေ့ခြင်း လက္ခဏာရှိပါသည်။

သညာနှင့် သတိအထူး
(အမှတ်ရခြင်းနှင့် အောက်မေ့ခြင်းအထူး)

ရှေး၌ ယူအပ်ပြီးသောအာရုံကို အမှတ်သညာမဖြစ်ဘဲ သိမှုသည် သညာမည်ပါသည်။

http://www.dhammadownload.com

ရှေးဦးစွာ ယူအပ်ပြီးသောအာရုံကိုလည်းကောင်း၊မယူအပ်သေးသောအာရုံကိုလည်းကောင်း အမှတ်မပြုမူ၍ ပြဋ္ဌာန်းသောအားဖြင့် ထင်မြင်လာမှုသည် သတိမည်ပါသည်။ ဤသို့ ထူးပါသည်။

ဟိရီမည်ပုံနှင့် လက္ခဏာ

ကာယဒုစရိုက်စသည်တို့ကို စက်ဆုပ်တတ်ခဲ့လေသောကြောင့် ဟိရီမည်ပါသည်။ ထိုဟိရီစေတသိက်သည် မကောင်းမှုကို စက်ဆုပ်ခြင်းလက္ခဏာရှိပါသည်။

ဩတ္တပ္ပမည်ပုံနှင့်လက္ခဏာ

ကာယဒုစရိုက်စသည်မှ ထိတ်လန့်တတ်ခဲ့လေသောကြောင့် ဩတ္တပ္ပမည်ပါသည်။ ထိုဩတ္တပ္ပစေတသိက်သည် မကောင်းမှုကို ထိတ်လန့်ခြင်းလက္ခဏာရှိပါသည်။

ဟိရီ ဩတ္တပ္ပအထူး
(အရှက် အကြောက် ၂-ပါးခြားနားချက်)

ဟိရီသည် မိမိကိုယ်ကို အလေးပြုသည်၏အစွမ်းဖြင့် မကောင်းမှုမှ စက်ဆုပ်တတ်သောကြောင့်(မိမိအမျိုးဂုဏ်ကိုငဲ့၍ မိမိယောကျ်းမှတစ်ပါးသော ယောကျ်းတို့နှင့် ဖောက်ပြန်ရမည်ကို ရှက်သော)အမျိုးကောင်းချွေးမနှင့် ဥပမာတူပါသည်။

ဩတ္တပ္ပသည် သူတစ်ပါးကို အလေးပြုသည်၏အစွမ်းဖြင့် မကောင်းမှုမှ ထိတ်လန့်တတ်သောကြောင့်(ယောကျ်းတစ်ပါးကိုငဲ့၍ ကိုယ်ဝန်တည်မှာကိုကြောက်လန့်သော) ပြည့်တန်ဆာမနှင့် ဥပမာတူပါသည်။ဤသို့ ထူးပါသည်။

လောကပါလတရား ၂-ပါး

ဤဟိရီ,ဩတ္တပ္ပ စေတသိက် ၂-ပါးသည် လောကပါလတရား ၂-ပါးလည်းမည်ပါသည်။

အလောဘမည်ပုံလက္ခဏာနှင့် ဥပမာ

လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သောတရားသည် အလောဘမည်ပါသည်။ ထိုအလောဘစေတသိက်သည် အာရုံ၌ စိတ်၏မကပ်ငြိခြင်း လက္ခဏာရှိပါသည်။

http://www.dhammadownload.com

ထိုအလောဘစေတသိက်သည် ရာဂမှလွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်နှင့် ဥပမာတူပါသည်။

အဒေါသမည်ပုံလက္ခဏာနှင့် ဥပမာ

ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်သောတရားသည် အဒေါသမည်ပါသည်။ထိုအဒေါသစေတသိက်သည် အာရုံ၌ မကြြိမ်းတမ်းခြင်းလက္ခဏာ ရှိပါသည်။ထိုအဒေါသစေတသိက်သည် မိမိအလိုကို အစဉ်လိုက်သော အဆွေခင်ပွန်းကောင်းနှင့် ဥပမာတူပါသည်။

တတြမဇ္ဈတ္တတာမည်ပုံလက္ခဏာနှင့် ဥပမာ

ထိုထိုတရားတို့၌ လျစ်လျူရှုသည်၏အဖြစ်သည် တတြမဇ္ဈတ္တတာမည်ပါသည်။ ထိုတတြမဇ္ဈတ္တတာစေတသိက်သည် စိတ်,စေတသိက်တို့ကို လျစ်လျူရှုခြင်း လက္ခဏာ ရှိပါသည်။

ထိုတတြမဇ္ဈတ္တတာစေတသိက်သည် အညီအညွတ်ပြေးသွားကုန်သော အာဇာနည်မြင်းတို့ကို လျစ်လျူရှုသောရထားထိန်းနှင့် ဥပမာတူပါသည်။

တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူး
(လျစ်လျူရှုခြင်းနှင့် ဥပေက္ခာပြုခြင်းအထူး)

တတြမဇ္ဈတ္တတာသည်(အညီအမျှပြေးသွားကုန်သော အာဇာနည်းမြင်းတို့ကို လျစ်လျူရှုသော ရထားထိန်းကဲ့သို့)စိတ်,စေတသိက်တရားတို့ကို လျစ်လျူရှုခြင်း လက္ခဏာ ရှိပါသည်။

ဥပေက္ခာသည် ကုဋ္ဌာရုံ,အိုဠာရုံတို့၌ မဇ္ဈတ္တာကာရအားဖြင့် ရှုခြင်းလက္ခဏာ ရှိပါသည်။ ဤသို့ ထူးပါသည်။

ကာယ-စိတ္တ ပဿဒ္ဓိမည်ပုံနှင့် လက္ခဏာ

ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ ငြိမ်းခြင်းသည် ကာယပဿဒ္ဓိမည်ပါသည်။

စိတ်၏ငြိမ်းခြင်းသည် စိတ္တပဿဒ္ဓိ မည်ပါသည်။ ထိုပဿဒ္ဓိစေတသိက် ၂-ပါးသည်စေတသိက်တရား,စိတ်တရားတို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိပါသည်။

http://www.dhammadownload.com

ကာယ-စိတ္တ လဟုတာမည်ပုံနှင့် လက္ခဏာ

ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ ပေါ်သည်၏အဖြစ်သည် ကာယလဟုတာ မည်ပါသည်။

စိတ်၏ပေါ်သည်၏အဖြစ်သည် စိတ္တလဟုတာ မည်ပါသည်။ထိုကာယလဟုတာ, စိတ္တလဟုတာ ၂-ပါးသည် စေတသိက်နှင့် စိတ်တို့၏ ပေါ်သည်၏အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိပါသည်။

ကာယ-စိတ္တ မုဒုတာမည်ပုံနှင့် လက္ခဏာ

ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ နူးညံ့သည်၏အဖြစ်သည် ကာယမုဒုတာ မည်ပါသည်။

စိတ်၏ နူးညံ့သည်၏အဖြစ်သည် စိတ္တမုဒုတာ မည်ပါသည်။ထိုကာယမုဒုတာ, စိတ္တမုဒုတာ ၂-ပါးသည် ဝေဒနာအစရှိသော စေတသိက်အပေါင်းနှင့် စိတ်တို့၏ ခက်ထန်ရောရှိသည်၏အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိပါသည်။

ကာယ-စိတ္တကမ္မညတာမည်ပုံနှင့် လက္ခဏာ

ဝေဒနာအစရှိသော စေတသိက်တို့၏ အမှုဒ် ကောင်းသည်၏အဖြစ်သည် ကာယကမ္မညတာမည်ပါသည်။

စိတ်၏အမှုဒ် ကောင်းသည်၏အဖြစ်သည် စိတ္တကမ္မညတာ မည်ပါသည်။ ထိုကာယကမ္မညတာ, စိတ္တကမ္မညတာ ၂-ပါးသည် ဝေဒနာအစရှိသော စေတသိက်အပေါင်းနှင့် စိတ်တို့၏အမှုဒ် မကောင်းသည်၏အဖြစ်,မခံသည်၏အဖြစ်မှ ငြိမ်းခြင်းလက္ခဏာရှိပါသည်။

ကမ္မည-ကမ္မညတာ-ကာယကမ္မညတာတို့၏အထူး

အမှုဒ် ကောင်းခြင်းသည် ကမ္မည မည်ပါသည်။

အမှုဒ် ကောင်းသည်၏အဖြစ်သည် ကမ္မညတာ မည်ပါသည်။

ဝေဒနာအစရှိသော စေတသိက်တို့၏ အမှုဒ် ကောင်းသည်၏အဖြစ်သည် ကာယကမ္မညတာ မည်ပါသည်။ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ကာယ-စိတ္တပါဂုညတာမည်ပုံနှင့် လက္ခဏာ

ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ လေ့လာသည်၏အဖြစ်သည် ကာယပါဂုညတာ မည်ပါသည်။

စိတ်၏ လေ့လာသည်၏အဖြစ်သည် စိတ္တပါဂုညတာ မည်ပါသည်။ထိုကာယပါဂုညတာ,စိတ္တပါဂုညတာ ၂-ပါးသည် စေတသိက်နှင့် စိတ်တို့၏ အနာရှိသောစိတ်၏ အဖြစ်ဟူဆိုအပ်သော မသဒ္ဒါခြင်းစသော ကိလေသာတို့ကို ငြိမ်းစေခြင်းလက္ခဏာရှိပါသည်။

ကာယ-စိတ္တဒုကတာမည်ပုံနှင့် လက္ခဏာ

ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ ဖြောင့်စွာဖြစ်သည်၏အဖြစ်သည် ကာယဒုကတာမည်ပါသည်။

စိတ်၏ ဖြောင့်စွာဖြစ်သည်၏အဖြစ်သည် စိတ္တဒုကတာ မည်ပါသည်။ထိုကာယဒုကတာ,စိတ္တဒုကတာ ၂-ပါးသည် စေတသိက်နှင့်စိတ်တို့၏ ဖြောင့်သည်၏အဖြစ် လျှင် လက္ခဏာရှိပါသည်။

ကာယနှင့် စိတ္တအရကောက်

ကာယပဿဒ္ဓိစသည်တို့၌ပါသော ကာယအရကား... ဝေဒနာစသော စေတသိက်ခန္ဓာ ၃-ပါးအပေါင်းကို ရပါသည်။

စိတ္တပဿဒ္ဓိစသည်တို့၌ပါသော စိတ္တအရကား... သောဘဏစိတ်ကို ရပါသည်။

ကာယပဿဒ္ဓိစသည်ကို ၂-ပါးစီတွဲဟောရခြင်းအကြောင်း

၂-ပါး, ၂-ပါးကုန်သော ကာယပဿဒ္ဓိစသော တရားတို့သည်သာ တစ်ပေါင်းတည်းဖြစ်၍ မိမိတို့၏ဥစ္စာဖြစ်ကုန်သော ဆန့်ကျင်ဘက်တရားတို့ကို သတ်တတ်ခဲ့လေသောကြောင့် ကာယပဿဒ္ဓိစသော တရားတို့ကို ၂-ပါးစီတွဲ၍ ဟောရပါသည်။

တစ်နည်း...စိတ္တပဿဒ္ဓိစသည်ဖြင့် စိတ်၏ငြိမ်းခြင်းစသည်ကိုသာ ပြပါသည်။

စေတသိက်ခန္ဓာ ၃-ပါးနှင့်တကွ ရူပကာယ၏ငြိမ်းခြင်းကိုမပြပါ။

စေတသိက်ခန္ဓာ ၃-ပါးနှင့်တကွ ရူပကာယ၏ငြိမ်းခြမ်းစသည်၏လည်းဖြစ်သင့်သောကြောင့် ထိုစေတသိက် ၃-ပါးနှင့်တကွ ရူပကာယ၏ငြိမ်းခြင်း

http://www.dhammadownload.com

စသည်ကိုလည်း ပြခြင်းအကျိုးငှာ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စသည်ဖြင့် ၂-ပါးစီတွဲ၍ ဟောရပါသည်။

သော်ဘဏသာဓာရဏစေတသိက်မည်ပုံ

အလုံးစုံသောသောဘဏစိတ်တို့၌ အမြဲဖြစ်သောကြောင့်လည်းကောင်း၊အလုံးစုံ သောသောဘဏစိတ်တို့နှင့် ဆက်ဆံသောကြောင့်လည်းကောင်း သဒ္ဓါစသောစေတသိက်တို့သည် သော်ဘဏသာဓာရဏစေတသိက်တို့ မည်ပါသည်။

အယုဂဒွန္ဒ် ယုဂဒွစေတသိက်များ

သော်ဘဏသာဓာရဏစေတသိက် ၁၉-ပါးတို့တွင် သဒ္ဓါအစ တတြမဇ္ဈတ္တတာ အဆုံးရှိသော ၇-ပါးသောစေတသိက်တို့သည် အယုဂဒွစေတသိက်တို့ မည်ပါသည်။

ကာယပဿဒ္ဓိအစ စိတ္တုဇုကတာအဆုံးရှိသော ၁၂-ပါးသောစေတသိက်တို့သည် ယုဂဒွစေတသိက်တို့ မည်ပါသည်။

ဝိရတိစေတသိက် ၃-ပါးလာ အဓိပ္ပါယ်များ

သမ္မာဝါစာ အဓိပ္ပါယ်

ကောင်းသောစကားကို ပြောဆိုခြင်းကို သမ္မာဝါစာဟု မဆိုရပါ။အာဇီဝဟေတုကို မင်္ဂဳမူ၍ ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်ရှောင်သည်ကိုသာ အသင့်အားဖြင့် ဆိုကြောင်းဖြစ်သောကြောင့် သမ္မာဝါစာဟု ဆိုရပါသည်။

သမ္မာဝါစာအရကား... ဝစီဒုစ္စရိတဝိရတိကို ရပါသည်။

သမ္မာဝါစာအပြား ၄-ပါး

ထိုသမ္မာဝါစာသည် မုသာဝါဒ၊ဖိသုဏဝါစာ၊ဖရုသဝါစာ၊သမ္ဖပ္ပလာပတို့မှ ရှောင်ကြဉ်သောအားဖြင့် ၄-ပါးအပြားရှိပါသည်။ယင်း၄-ပါးကား...

မုသာဝါဒါ ဝေရမဏိ၊ဖိသုဏဝါစာ ဝေရမဏိ၊ဖရုသဝါစာ ဝေရမဏိ၊ သမ္ဖပ္ပလာပဝါစာ ဝေရမဏိ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သမ္မာကမ္မန္တအဓိပ္ပါယ်

ကောင်းသောကုန်သွယ်ခြင်း,လယ်လုပ်ခြင်းစသောအမှုကို ပြုလုပ်နေသည်ကို သမ္မာကမ္မန္တဟု မဆိုရပါ။အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်သည်ကိုသာ အသင့်အားဖြင့် ကာယကံမှုဖြစ်သောကြောင့် သမ္မာကမ္မန္တဟု ဆိုရပါသည်။

ထိုသမ္မာကမ္မန္တ၏အရကား... ကာယဒုစ္စရိုတဝိရတိကို ရပါသည်။

သမ္မာကမ္မန္တအပြား ၃-ပါး

ထိုသမ္မာကမ္မန္တသည် ပါဏာတိပါတ,အဒိန္နာဒါန,ကာမေသုမိစ္ဆာစာရတို့မှ ရှောင်ကြဉ်သောအားဖြင့် ၃-ပါးအပြားရှိပါသည်။ယင်း ၃-ပါးကား...

ပါဏာတိပါတာ ဝေရမဏိ,အဒိန္နာဒါနာ ဝေရမဏိ,ကာမေသုမိစ္ဆာစာရာ ဝေရမဏိ-တို့ ဖြစ်ပါသည်။

သမ္မာအာဇီဝအဓိပ္ပါယ်

ကောင်းသောအသက်မွေးခြင်းကို သမ္မာအာဇီဝဟု မဆိုရပါ။အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ ဝစီဒုစရိုက် ၄-ပါး,ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်သည်ကိုသာ အသင့်အားဖြင့် အသက်မွေးကြောင်းဖြစ်သောကြောင့် သမ္မာအာဇီဝဟု ဆိုရပါသည်။

ထိုသမ္မာအာဇီဝ၏အရကား... မိစ္ဆာဇီဝဝိရတိကို ရပါသည်။

သမ္မာအာဇီဝအပြား

ထိုသမ္မာအာဇီဝသည် ဝစီဒုစရိုက် ၄-ပါး,ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်သောအားဖြင့် ၇-ပါးအပြားရှိပါသည်။ယင်း ၇-ပါးကား...

မုသာဝါဒါ ဝေရမဏိ,ဖိသုဏာဝါစာ ဝေရမဏိ,ဖရုသဝါစာ ဝေရမဏိ, သမ္ဖပ္ပလာပဝါစာ ဝေရမဏိ,ပါဏာတိပါတာ ဝေရမဏိ,အဒိန္နာဒါနာ ဝေရမဏိ, ကာမေသုမိစ္ဆာစာရာ ဝေရမဏိ-တို့ ဖြစ်ပါသည်။

ဝိရတိမည်ပုံ

ကာယဒုစရိုက်,ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်းဖြစ်သောကြောင့် ဝိရတိမည်ပါသည်။

http://www.dhammadownload.com

ဝိရတီ ၃-ပါးနှင့် အဓိပ္ပါယ်

ထိုဝိရတီသည် သမ္မတ္တဝိရတီ,သမာဒါနဝိရတီ,သမုစ္ဆေဒဝိရတီအားဖြင့် ၃-ပါးအပြားရှိပါသည်။ထို ၃-ပါးတို့တွင် သိက္ခာပုဒ်ကို မဆောက်တည်ဘဲ မိမိ၏ဇာတ်အရွယ်အကြားအမြင်စသည်ကို ဆင်ခြင်၍ ရောက်လာသောဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်ခြင်းသည် သမ္မတ္တဝိရတီ မည်ပါသည်။

သိက္ခာပုဒ်ကို ဆောက်တည်သည်၏အစွမ်းဖြင့် ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတီ မည်ပါသည်။

အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ခြင်းဖြင့် ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒဝိရတီ မည်ပါသည်။

ဝိရတီ ၄၂-မျိုးဖြစ်ပုံ

ဝိရတီစေတသိက်သည် သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝအားဖြင့် ၃-ပါးအပြားရှိပါသည်။ထို ၃-ပါးတို့တွင် သမ္မာဝါစာသည် ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအားဖြင့် ၄-ပါးအပြားရှိပါသည်။

သမ္မာကမ္မန္တသည် ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအားဖြင့် ၃-ပါးအပြားရှိပါသည်။

သမ္မာအာဇီဝသည် ဝစီဒုစရိုက် ၄-ပါး၊ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်သောအားဖြင့် ၇-ပါးအပြားရှိပါသည်။

ထိုသမ္မာဝါစာ ၄-ပါး၊သမ္မာကမ္မန္တ ၃-ပါး၊သမ္မာအာဇီဝ ၇-ပါးတို့ကို ပေါင်းလိုက်သည်ရှိသော် ၁၄-ပါးဖြစ်ပါသည်။ထို ၁၄-ပါးတို့တွင် တစ်ပါးတစ်ပါး၌ သမ္မတ္တဝိရတီ, သမာဒါနဝိရတီ,သမုစ္ဆေဒဝိရတီ-အားဖြင့် ၃-ပါးစီပြား၍ ၄၎း ၁၄-ပါးကို သမ္မတ္တစသော ဝိရတီ ၃-ပါးနှင့် မြှောက်ပွားလိုက်သည်ရှိသော် ဝိရတီအပြား ၄၂-ပါးဖြစ်ပါသည်။

သမ္မာဝါစာ ၁၂-မျိုးဖြစ်ပုံ

သမ္မာဝါစာသည် ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်ရှောင်သောအားဖြင့် ၄-ပါးအပြားရှိပါသည်။ထို ၄-ပါးတို့တွင် တစ်ပါးတစ်ပါး၌ သမ္မတ္တဝိရတီ,သမာဒါနဝိရတီ,သမုစ္ဆေဒ

http://www.dhammadownload.com

ဝိရတိ ၃-ပါးစီပြား၍ ၄င်းသမ္မာဝါစာ ၄-ပါးကို သမ္မတ္တစသော ဝိရတိ ၃-ပါးနှင့် မြောက်လိုက်သည်ရှိသော် သမ္မာဝါစာဝိရတိအပြား ၁၂-ပါးဖြစ်ပါသည်။

သမ္မာကမ္မန္တဝိရတိ ၉-မျိုးဖြစ်ပုံ

သမ္မာကမ္မန္တသည် ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်သောအားဖြင့် ၃-ပါးအပြား ရှိပါသည်။ထို ၃-ပါးတို့တွင် တစ်ပါးတစ်ပါးစီ၌ သမ္မတ္တဝိရတိ,သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ ၃-မျိုးစီပြား၍ ၄င်းသမ္မာကမ္မန္တ ၃-ပါးကို သမ္မတ္တစသော ဝိရတိ ၃-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် သမ္မာကမ္မန္တဝိရတိ ၉-ပါးဖြစ်ပါသည်။

သမ္မာအာဇီဝ ၂၁-မျိုးဖြစ်ပုံ

သမ္မာအာဇီဝသည် ဝစီဒုစရိုက် ၄-ပါး၊ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ရှောင်သော အားဖြင့် ၇-ပါးအပြားရှိပါသည်။ထို ၇-ပါးတို့တွင် တစ်ပါးတစ်ပါး၌ သမ္မတ္တဝိရတိ, သမာဒါနဝိရတိ,သမုစ္ဆေဒဝိရတိ ၃-မျိုးစီပြား၍ ၄င်းသမ္မာအာဇီဝ ၇-ပါးကို သမ္မတ္တစသော ဝိရတိ ၃-ပါးနှင့် မြောက်ပွားလိုက်သည်ရှိသော် သမ္မာအာဇီဝဝိရတိ ၂၁-ပါးဖြစ်ပါသည်။

ဒုစရိုက်နှင့် ဒုစာရီဝအထူး
(မကောင်းသောအကျင့်နှင့် မကောင်းသောအသက်မွေးခြင်းအထူး)

ဒုစရိုက်နှင့် ဒုစာရီဝ ၂-ပါးအထူးကား... အသက်မွေးဝမ်းကျောင်းနှင့် မစပ်ယှဉ်သော ပါဏာတိပါတစသော အကုသိုလ်သည် ဒုစရိုက်မည်ပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် စပ်ယှဉ်၍ ပြုလုပ်အပ်သော ပါဏာတိပါတစသော အကုသိုလ်သည် ဒုစာရီဝမည်ပါသည်။ဤသို့ ထူးပါသည်။

အပ္ပမညာစေတသိက် ၂-ပါး

ကရုဏာမည်ပုံ

သူတစ်ပါး၏ ဆင်းရဲကိုတွေ့သော် သူတော်ကောင်းတို့အား စိတ်နှလုံးပင်ပန်းခြင်းကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊သူတစ်ပါးတို့၏ ဆင်းရဲကို ပယ်တတ်သောကြောင့်

http://www.dhammadownload.com

လည်းကောင်း၊သူတစ်ပါးတို့၏ ဆင်းရဲကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊ ဆင်းရဲသောသတ္တဝါတို့၌ ဖြန့်အပ်သောကြောင့်လည်းကောင်း ကရုဏာမည်ပါသည်။

မုဒိတာမည်ပုံ

သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာကို အာရုံပြု၍ ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် မုဒိတာမည်ပါသည်။

အတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် အပွမညာမည်ပါသည်။

စေတသိက်ဝိုင်း၌ အပွမညာ ၂-ပါးသာဆိုရခြင်းအကြောင်း

ကမ္မဋ္ဌာန်းဝိုင်း၌ အပွမညာ ၄-ပါးဆိုသော်လည်း အဒေါသဖြင့်မေတ္တာကို တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် ဤစေတသိက်ဝိုင်း၌ အပွမညာ ၂-ပါးသာ ဆိုရပါသည်။

ဗြဟ္မစိရ်တရား ၄-ပါးကို စေတသိက်ဝိုင်း၌ အပြည့်အစုံ မဖော်ပြခြင်းအကြောင်း

ဗြဟ္မာကြီးတို့ကဲ့သို့ နေ့စဉ်ကျင့်သုံးပွားများသင့်သော ဗြဟ္မစိရ်တရား ၄-ပါးရှိသော်လည်း အဒေါသဖြင့် မေတ္တာကို,တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် စေတသိက်ဝိုင်း၌ အပြည့်အစုံမဖော်ပြခြင်း ဖြစ်ပါသည်။

အပွမညာဒွေဟု သချိုမတပ်ခြင်းအကြောင်း

အပွမညာသည် ဤ ၂-ပါးသာမကသေး၊ကမ္မဋ္ဌာန်းဝိုင်း၌ အပွမညာ ၄-ပါး ဆိုလတ္တံ့ဖြစ်သောကြောင့် ဤစေတသိက်ဝိုင်း၌ ဒွေ-ဟု သချိုမတပ်ခြင်းဖြစ်ပါသည်။

မေတ္တာနှင့် ဥပေက္ခာတရားကိုယ် (ချစ်ခြင်းနှင့် လျစ်လျူရှုခြင်းတရားကိုယ်)

အပွမညာ ၄-ပါးတို့တွင် မေတ္တာ၏တရားကိုယ်အရကား... အဒေါသစေတသိက်

http://www.dhammadownload.com

ဖြစ်ပါသည်။

ဥပေက္ခာ၏ တရားကိုယ်အရကား..တတြမဇ္ဈတ္တတာစေတသိက် ဖြစ်ပါသည်။

အဒေါသ၏ မေတ္တာမည်ခြင်းကြောင်း
(မပြစ်မှားခြင်း၏ အချစ်မည်ခြင်းအကြောင်း)

သတ္တဝါတို့၏ အကျိုးစီးပွားကို အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်ခဲ့လေသောကြောင့် အဒေါသသည် မေတ္တာမည်ပါသည်။(မပြစ်မှားခြင်းသည် အချစ်မည်ပါသည်။)

တတြမဇ္ဈတ္တတာ ဥပေက္ခာမည်ခြင်းအကြောင်း

တတြမဇ္ဈတ္တတာသည်သတ္တဝါတို့၌ အမျက်ထွက်ခြင်း,ချစ်ခြင်းမှငြိမ်းစေသည့်၏ အစွမ်းဖြင့်ဖြစ်လာခဲ့သောကြောင့် ဥပေက္ခာမည်ပါသည်။

ဥပေက္ခာ ၂-ပါးအထူး

ပကိဏ်းဝိုင်း ဝေဒနာသင်္ဂဟ ဝေဒနာ ၅-ပါးလာ ဥပေက္ခာ၏ အရကား... ဝေဒနာစေတသိက်ကို ရပါသည်။

ကမ္မဋ္ဌာန်းဝိုင်း အပွမညာ ၄-ပါးလာ ဥပေက္ခာ၏အရကား.. တတြမဇ္ဈတ္တတာ စေတသိက်ကိုရပါသည်။ဤသို့ ထူးပါသည်။

ပညိန္ဒြေစေတသိက် ပညာမည်ပုံ

အပြားအားဖြင့် သိတတ်,အနိစ္စအစရှိသည်တို့၏အစွမ်းဖြင့် ထိုးထွင်း၍ သိတတ်ခဲ့လေသောကြောင့် ပညာမည်ပါသည်။

ပညိန္ဒြေမည်ပုံ

ထိုပညာသည်ပင်လျှင် အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍သိခြင်း၌ အစိုးရခြင်းနှင့် ယှဉ်သောကြောင့် ပညိန္ဒြေ မည်ပါသည်။

http://www.dhammadownload.com

သညာ ဝိညာဏ် ပညာ ၃-ပါးအထူး
(အသိ ၃-ပါးအထူး)

သညာ,ဝိညာဏ်,ပညာ ၃-ပါးအထူးကား (အသိ ၃-ပါးအထူးကား)...

သညာသည် အညို,အရွေ အစရှိသည်တို့၏ အစွမ်းဖြင့် သိခြင်းမျှကိုသာ ပြုတတ်ပါသည်။လက္ခဏာယာဉ် ၃-ပါးကို ထိုးထွင်း၍သိခြင်းငှာ **မစွမ်းနိုင်ပါ။**

ဝိညာဏ်သည် အညို,အရွေအစရှိသည်တို့၏အစွမ်းဖြင့် သိခြင်းကိုလည်း ပြုတတ်ပါသည်။လက္ခဏာယာဉ် ၃-ပါးကို ထိုးထွင်း၍ သိခြင်းကိုလည်း **ပြီးစေနိုင်ပါသည်။** လုံ့လပြု၍ မဂ်သို့ရောက်စေခြင်းငှာ မစွမ်းနိုင်ပါ။

ပညာသည် အညို, အရွေ အစရှိသည်တို့၏အစွမ်းဖြင့် သိခြင်းကိုလည်း ပြုတတ်ပါသည်။လက္ခဏာယာဉ် ၃-ပါးကို ထိုးထွင်း၍ သိခြင်းကိုလည်း **ပြီးစေနိုင်ပါသည်။** လုံ့လပြု၍မဂ်သို့ရောက်စေခြင်းငှာလည်း **စွမ်းနိုင်ပါသည်။**ဤသို့ထူးပါသည်။

ဥပမာအားဖြင့် -သညာသည် ကလေးသူငယ်တို့၏ အသပြာကိုသိခြင်းနှင့် ဥပမာတူပါသည်။ဝိညာဏ်သည် ရွာ၌နေသောသူတို့၏ အသပြာကိုသိခြင်းနှင့်ဥပမာတူပါသည်။ပညာသည် ရွှေပန်းတိမ်သည်တို့၏ အသပြာကို သိခြင်းနှင့်ဥပမာတူပါသည်။

စိတ္တဖြာဒ ၂-ပါး အရထူးပုံ

ဝိထိပိုင်းအစ စိတ္တဖြာဒါနမိစ္ဆေဝံစသော အခြားသောနေရာတို့၌ စိတ္တဖြာဒအရကား... စိတ်,စေတသိက် ၂-ပါးကိုရပါသည်။

တေသံ စိတ္တဝိယုတ္တာနံ စသောဂါထာလာ စိတ္တဖြာဒေသု ပစ္စေကံ-၌ စိတ္တဖြာဒ အရကား... စိတ်ကိုသာရပါသည်။ဤသို့ထူးပါသည်။

အညသမာန်းစေတသိက် သမ္မယောဂနည်း
ဒွေးပဥ္စဝိညာဏ် ၁၀-၌ ဝိတက်မယှဉ်ခြင်းအကြောင်း

ပကိဏ္ဏကေသု ပန် ဝိတက္ကော တာဝ စသောပါဠိ၌ ဒွေးပဥ္စဝိညာဏ် ၁၀-သည် သဘောအားဖြင့် ဝိတက်မရှိသည်၏ အဖြစ်ကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀-ကို ကြဉ်ရပါသည်။(ဝါ)ဒွေးပဥ္စဝိညာဏ် ၁၀-၌ ဝိတက်မယှဉ်နိုင်ပါ။

http://www.dhammadownload.com

မှတ်ချက် ။ ။ မြင်မှု,ကြားမှု,နမ်းမှု,အရသာခံမှု,တွေ့ထိမှုကိုသိသောစိတ်တို့၌ ကြံစည်ခြင်း(ဝိတက်)မဖြစ်နိုင်ခြင်းအကြောင်းရေးပါ-ဟုဆိုလျှင်လည်း အထက်ပါအတိုင်းဖြေပါ။

ဒုတိယဈာန်စသည် ကြဉ်ရခြင်းအကြောင်း

ဒုတိယဈာန်ကောဒသစသည်တို့သည် ဘာဝနာအစွမ်းဖြင့် ဝိတက်မရှိသည်၏ အဖြစ်ကြောင့် ဒုတိယဈာန်စသည်ကို ကြဉ်ရပါသည်။(ဝါ)ဒုတိယဈာန်စသည်တို့၌ ဝိတက်စေတသိက် မယှဉ်နိုင်ပါ။

သဘာဝအဝိတက္ကစိတ်နှင့် ဘာဝနာဗလအဝိတက္ကစိတ်များ

ဒွေးပဥ္စဝိညာဏ် ၁၀-သည် သဘာဝအဝိတက္ကစိတ်ဖြစ်ပါသည်။

ဒုတိယဈာန်စိတ်ကောဒသ,တတိယဈာန်စိတ်ကောဒသ,စတုတ္ထဈာန်စိတ်ကောဒသ,ပဉ္စမဈာန်စိတ်တေဝီသတို့သည် ဘာဝနာဗလ အဝိတက္ကစိတ်တို့ မည်ပါသည်။

စတုတ္ထဈာန်၌ ဝိတိမယှဉ်ခြင်းအကြောင်း

စတုတ္ထဈာန်ကောဒသကား... ဘာဝနာ၏ အစွမ်းဖြင့် ဝိတိကို ပယ်ထားသောကြောင့် ထိုစတုတ္ထဈာန်ကောဒသ၌ ဝိတိမယှဉ်ပါ။

သဘာဝ အဝိတိကစိတ်နှင့် ဘာဝနာဗလ အဝိတိကစိတ်

ဒေါသမူဒွေး,ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု,ကာယဝိညာဏ်ဒွေးတို့သည် သဘာဝအဝိတိကစိတ်တို့ ဖြစ်ပါသည်။

စတုတ္ထဈာန်စိတ်ကောဒသသည် ဘာဝနာဗလအဝိတိကစိတ် မည်ပါသည်။

အညသမာန်း စေတသိက် သမ္မယောဂနည်း အဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

အကုသိုလ် စေတသိက် သမ္မယောဂနည်း

သဗ္ဗေသုပိစသော စကားကို ထပ်ဆိုရခြင်းအကြောင်း

မောဟစသော စေတသိက် ၄-ပါးတို့၏ သဗ္ဗာကုသလသာဓာရဏ-ဟူသော အမည်ကိုသာလျှင် ပြီးစေခြင်းငှာ(သဗ္ဗာကုသလသာဓာရဏ-ဟုဆိုပြီး ဖြစ်သော်လည်း) သဗ္ဗေသုပိ-စသောစကားကို ထပ်၍ဆိုရပါသည်။

မောစတုတ် ၄-ပါးကို အကုသိုလ်စိတ်၌သာ ရအပ်ခြင်းအကြောင်း

သူအသက်သတ်ခြင်းစသည်ကို ပြုသောသူသည် မောဟဖြင့် အပြစ်ကိုမမြင်သော ကြောင့်လည်းကောင်း၊ အဟိရိကဖြင့် မစက်ဆုပ်သောကြောင့်လည်းကောင်း၊အနောတ္တပ္ပဖြင့် မကြောက်လန့်သောကြောင့်လည်းကောင်း၊ ဥဒ္ဓစ္စဖြင့် မငြိမ်သက်ဖျံ့လွင့်သောကြောင့် လည်းကောင်း၊သူ့အသက်သတ်ခြင်း စသည်ကိုပြု၏။ထို့ကြောင့် မောဟစသောစေတသိက် ၄-ပါးတို့ကို အလုံးစုံသော အကုသိုလ်စိတ် ၁၂-ခုတို့၌ ရအပ်ပါသည်။(ဝါ)မောစတုတ် ၄-ပါးတို့သည် အကုသိုလ်စိတ် ၁၂-ခုတို့၌ယှဉ်ပါသည်။

ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ခုတို့၌သာ ဒိဋ္ဌိယှဉ်ခြင်းအကြောင်း

သက္ကာယအစရှိသည်တို့၌ မှားသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ထိုသက္ကာယစသည်တို့၌ ငါ့ကိုယ်,ငါ့စွာ-ဟု မြတ်နိုးခြင်း၏ ဖြစ်သင့်ခဲ့လေသောကြောင့် ဒိဋ္ဌိကို လောဘသဟဂုတ်တို့၌သာ ရအပ်ပါသည်။(ဝါ)ဒိဋ္ဌိကို ဒိဋ္ဌိဂတသမ္မယုတ် ၄-ခုတို့၌သာ ရအပ်ပါသည်။

စိတ်တစ်ခုတည်း၌ ဒိဋ္ဌိ,မာန အတူတကွ မယှဉ်နိုင်ပုံ (အမြင်မှားခြင်းနှင့် ဘဝင်မြင့်ခြင်းတို့ အတူမဖြစ်နိုင်)

မာနသည်လည်း ငါဟူသောမာန်မာန၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်တူသည် သာလျှင်ဖြစ်ရကား ကေသရာဇာခြင်္သေ့မင်းနှစ်ကောင် ဂူတစ်ခုတည်း၌ အတူတကွ မနေနိုင် သကဲ့သို့ ဒိဋ္ဌိနှင့်မာနတို့သည်တစ်ခုသောစိတ်၌ အတူတကွမဖြစ်နိုင်ပါ။(ဝါ)မယှဉ်နိုင်ပါ။

http://www.dhammadownload.com

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခုဖြစ်သော မာနယှဉ်ခြင်းအကြောင်း

မာနသည် မိမိဖြစ်ချစ်ခြင်းလျှင် မှီရာရှိသည်၏အဖြစ်ဖြင့် စင်စစ်လောဘသာလျှင် နီးစွာသောအကြောင်းရှိသောကြောင့် ဒေါသမူစိတ်တို့၌လည်း မဖြစ်ပါ။ထို့ကြောင့် မာနကို ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခုတို့၌သာ ရအပ်ပါသည်။(ဝါ)ယှဉ်ပါသည်။

ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့ ဒေါသမူဒွေးခဲ့သော ယှဉ်ခြင်းအကြောင်း

သူတစ်ပါးစည်းစိမ်ကို ငြူစူသော ပုဂ္ဂိုလ်အားလည်းကောင်း၊မိမိစည်းစိမ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံသည်ကို အလိုမရှိသောပုဂ္ဂိုလ်အားလည်းကောင်း၊ပြုအပ်ပြီးသော ဒုစရိုက်,မပြုလိုက်မိသော သုစရိုက်တရားတို့၌ အဖန်တလဲလဲစိုးရိမ်သောပုဂ္ဂိုလ်အား လည်းကောင်းထိုသူတစ်ပါးစည်းစိမ်သည်တို့၌ ထိပါးခြင်း၏ အစွမ်းဖြင့်သာလျှင် ဖြစ်သော ကြောင့် ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ-စေတသိက်တို့ကို ပဋိဃသမ္ပယုတ်စိတ်တို့၌ ရအပ်ပါသည်။(ဝါ)ဒေါသမူဒွေးခဲ့သော ရအပ်ပါသည်။

ထိန,မိဒ္ဓကို သသခါရိကစိတ်တို့၌သာ ရအပ်ပုံ

အမှုန် မကောင်းသည်၏အဖြစ်တည်းဟူသော သဘောရှိသော ထိန,မိဒ္ဓ၏ သဘောအားဖြင့် ထက်ကုန်သော အသခါရိကစိတ်တို့၌ ဖြစ်ခြင်းနှင့် မယှဉ်သောကြောင့် ထိန,မိဒ္ဓကို သသခါရိကစိတ်တို့၌သာ ရအပ်ပါသည်။

အဏုသိုလ်စေတသိက် သမ္ပယောဇနည်း အဓိပ္ပါယ်ပြီး၏။

* * * * *

ဥဒ္ဒါန်စမ်းများ

သူတစ်ပါးကြီးပွားချမ်းသာသည်ကို မနာလိုသော ငြူစူသောသူ၏ သန္တာန်၌ လည်းကောင်းမိတ်ဆွေသင်္ဃာတို့အား ပေးရ,ချေးငှားရမည်စိုး၍ မိမိပိုင်ပစ္စည်းကို လှို့ဝှက် သိမ်းဆည်းနေသူ၏ သန္တာန်၌လည်းကောင်း၊ဒေါမနဿသဟဂုတ် အသခါရိကစိတ် ဖြစ်ပါသည်။

ဘဝင်ခြင့်၍ စိတ်ကြီးဝင်နေသူ၏သန္တာန်၌ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခုဖြစ်ပါသည်။

http://www.dhammadownload.com

သောဘဏစေတသိက် သမ္ပယောဂနည်း
လောကုတ္တရာစိတ်မှာ ဝိရတီအမြဲယှဉ်ခြင်းအကြောင်း

မင်္ဂသည် ကာယဒုစရိုက်စသည်တို့ကို အကြွင်းမဲ့ဖြတ်သည်၏ အစွမ်းဖြင့်ဖြစ်သော ကြောင့်လည်းကောင်း၊ဖိုလ်သည်လည်း ထိုမဂ်အားလျော်စွာ ဖြစ်သောကြောင့်လည်းကောင်း ဝိရတိစေတသိက်တို့သည် လောကုတ္တရာစိတ်၌ အမြဲယှဉ်ပါသည်။

လောကီဂိရတိနှင့် လောကုတ္တရာဝိရတိအထူး

လောကီ၌ဖြစ်သော ဝိရတိတို့သည် မုသာဝါဒ စသည်တို့ကို အသီးသီးတစ်ခုစီ တစ်ခုစီသာပယ်နိုင်ပါသည်။လောကုတ္တရာ ဝိရတိတို့ကား အကြွင်းမဲ့ပယ်နိုင်ပါသည်။ ဤသို့ထူးပါသည်။

တစ်နည်း... လောကီ၌ဖြစ်သော ဝိရတိတို့သည် မုသာဝါဒစသည်တို့ကို အသီးသီးတစ်ခုစီ တစ်ခုစီ ပယ်နိုင်ပါသည်။တစ်ပြိုင်နက်သောခဏ၌ အကြွင်းမဲ့မပယ်နိုင်ပါ။ လောကုတ္တရာ၌ဖြစ်သော ဝိရတိတို့သည် ထိုထိုသို့သောမဂ်ဖြင့် တစ်ပြိုင်နက် သောခဏ၌ အလုံးစုံသော ဒုစရိုက်,ဒုရာဇီဝတို့ကို အကြွင်းမဲ့ပယ်နိုင်ပါသည်။ ဤသို့ထူးပါသည်။

ဝိရတိတို့ လောကုတ္တရာစိတ်၌ မုသာဝါဒစသည်တို့ကို
တစ်ပြိုင်နက် ပယ်ခြင်းအကြောင်း

အလုံးစုံသော ဒုစရိုက်,ဒုရာဇီဝတို့ကို ထိုထိုသို့သောမဂ်ဖြင့် အချို့သောဒုစရိုက်, ဒုရာဇီဝတို့ကို အကြွင်းမရှိသောအားဖြင့် အချို့သော ဒုစရိုက်,ဒုရာဇီဝတို့ကို အပါယ်သို့ လားစေတတ်သည်၏အဖြစ် အစရှိသော အပိုင်းအခြားကို ပယ်သည်၏အစွမ်းဖြင့် တစ်ပြိုင်နက် သောခဏ၌ အကြွင်းမဲ့ပယ်ဖြတ်တတ်သောကြောင့် ဝိရတိတို့သည် လောကုတ္တရာစိတ်၌ မုသာဝါဒစသည်တို့ကို တစ်ပြိုင်နက်ပယ်ခြင်းဖြစ်ပါသည်။

သမ္မာထာပိပုဒ် ထပ်ဆိုရခြင်းအကြောင်း

အလုံးစုံသော ဒုစရိုက်,ဒုရာဇီဝတို့ကို ထိုထိုမဂ်ဖြင့် တစ်ပြိုင်နက်သောခဏ၌ ပယ်ဖြတ်ခြင်းဟူသော အနက်သည် ဧကတောပုဒ်ဖြင့်ပင် ပြီးကောင်းသော်လည်း ၃-ပါး

http://www.dhammadownload.com

ကုန်သော ဝိရတီတို့၏ တစ်ပြိုင်နက်ဖြစ်ခြင်းကို ပြကာမျှဖြင့် ၄-ပါး အပြားရှိသော ဝဇိဒုစရိုက် စသည်တို့၏ ဆန့်ကျင်ဘက် အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို မပြရသေးသော ကြောင့် သဗ္ဗထာပိပုဒ်ကို ထပ်၍ဆိုရပါသည်။

နိယတာပါဠိဖြင့်ပြသော အဓိပ္ပါယ်

နိယတာဟူသောပါဠိဖြင့် ဝိရတီစေတသိက်တို့သည် လောကီ ကာမာဝစရကုသိုလ် စိတ်တို့၌ကဲ့သို့ ရံခါဖြစ်သည်မဟုတ်၊လောကုတ္တရာစိတ်တို့၌ အမြဲဖြစ်သည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

ဧကတောဝပါဠိဖြင့်ပြသော အဓိပ္ပါယ်

ဧကတောဝ-ဟူသောပါဠိဖြင့် လောကုတ္တရာစိတ်တို့၌ သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော ဝိရတီစေတသိက် ၃-ပါးလုံး တစ်ပြိုင်နက် အတူတကွ ယှဉ်သည်၏ အဖြစ်ကို ပြပါသည်။

ဝိရတီတို့၏ လောကီ၌ ကဒါစိ၊လောကုတ္တရာ၌ နိယတယှဉ်ခြင်းကို သိရခြင်းအကြောင်း

ဝိရတီစေတသိက်တို့ကို လောကီ၌ သရုပ်မထုတ်ဘဲ သာမညယေဝါပနက-အားဖြင့် ဟောတော်မူသောကြောင့် လောကီ၌ ကဒါစိ (အနိယတ)၊

လောကုတ္တရာ၌ သမ္မာဝါစာ ဟောတိ-စသည်ဖြင့် သရုပ်ထုတ်၍ ဟောတော်မူ သောကြောင့် လောကုတ္တရာ၌ နိယတ-ဟုသိရပါသည်။

ဧဝသဒ္ဒါ၏ ဧဝတ္ထဖလ

ကာမာဝစရကုသလေသွေဝ-၌ ဧဝသဒ္ဒါသည် အဝဓာရဏအနက်ရှိပါသည်။ ထိုအဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါဖြင့် ဝိရတီစေတသိက်တို့၏ ကာမာဝစရဝိပါက်, ကြိယာစိတ်တို့၌လည်းကောင်း၊မဟဂ္ဂုတ်စိတ်တို့၌လည်းကောင်း ဖြစ်ခြင်းကို တားမြစ် ပါသည်။

http://www.dhammadownload.com

ကဒါစိပါဠိဖြင့်ပြသော အဓိပ္ပါယ်

ကဒါစိဟူသောပါဠိဖြင့် ဝိရတိစေတသိက်တို့သည် မဟာကုသိုလ်စိတ်တို့၌ ယှဉ်ရာ၌ အမြဲယှဉ်သည်မဟုတ်၊မုဿဝါဒအစရှိသော တစ်ပါးပါးသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ရာ၌သာ ယှဉ်သည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

ဝိသုံဝိသုံပါဠိဖြင့် ပြသောအဓိပ္ပာယ်

ဝိသုံဝိသုံ-ဟူသောပါဠိဖြင့် ဝိရတိစေတသိက်တို့သည် မဟာကုသိုလ်စိတ်တို့၌ တစ်ခါတစ်ရံ ယှဉ်ပြန်ပါလည်း ဝစီဒုစရိုက်မှရှောင်ကြဉ်၍ သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမယှဉ်၊ကာယဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ, သမာအာဇီဝမယှဉ်၊မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ,သမ္မာကမ္မန္တမယှဉ်၊ဤသို့ အသီးသီးသာ ယှဉ်သည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

ဝိရတိစေတသိက်တို့၏ လောကီ၌ ဝိသုံဝိသုံ လောကုတ္တရာ၌ ဧကတော ဖြစ်ရခြင်းအကြောင်း

ဝိရတိစေတသိက်တို့သည် ဝိတိက္ကမိတမ္မဝတ္ထုဟုဆိုအပ်သော မိမိ၏အာရုံတို့၏ ဖြစ်ခြင်းကို ငဲ့သောကြောင့် လောကီ၌ ဝိသုံ ဝိသုံ၊နိဗ္ဗာန်အာရုံတစ်ခုတည်း၏အစွမ်းဖြင့် အာရုံမပြားသောကြောင့် လောကုတ္တရာ၌ ဧကတော ဖြစ်ရပါသည်။(ဝါ)ယှဉ်ရပါသည်။

မဟဂ္ဂုတ်ပဌမစျာန်၌ အပွမညာဒွေး မယှဉ်နိုင်ပုံ

အပွမာညိုရောက်သော အပွမညာတို့၏ တစ်ရံတစ်ခါမျှ သောမနဿနှင့်ကင်း၍ မဖြစ်နိုင်ခဲ့လေသောကြောင့် ဥပေက္ခာဖြစ်သော ပဌမစျာန်၌ အပွမညာဒွေး မယှဉ်နိုင်ပါ။ (ဝါ) အပွမညာယောပန-စသောပါဠို၌ ပဌမစျာန်ကို ကြဉ်ရပါသည်။(ဝါ)ပဌမစ္ဈာန ဝဓိတာ-ဟု ဆိုရပါသည်။

မဟဂ္ဂုတ်အဓိပ္ပါယ်

နိဝရဏကင်းခြင်း အစရှိသောအဖြစ်ဖြင့် မြတ်သည်၏အဖြစ်သို့ ရောက်သောကြောင့် လည်းကောင်း၊မြတ်ကုန်သော စျာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်သောကြောင့် လည်းကောင်း မဟဂ္ဂုတ်မည်ပါသည်။

http://www.dhammadownload.com

အပွမညာဒွေး နာနာ(အသီးသီး) ယှဉ်ခြင်းအကြောင်း

ကရဏာသည် ဒုက္ခိတသတ္တဝါပညတ်ကို,မုဒိတာသည် သုခိတသတ္တဝါပညတ်ကို အာရုံပြုသည်ဖြစ်၍ အာရုံပြားသောကြောင့်လည်းကောင်း၊မိမိ၏အာရုံဖြစ်သော ဒုက္ခိတ, သုခိတသတ္တဝါတို့အား ထင်ခြင်းသို့ရောက်ခြင်းကို ငဲ့သောကြောင့်လည်းကောင်း အပွမညာစေတသိက်တို့သည် အသီးသီးယှဉ်ပါသည်။

ကဒါစိပါဠိဖြင့်ပြသော အဓိပ္ပါယ်

ကဒါစိ-ဟူသောပါဠိဖြင့် အပွမညာဒွေးသည် ၂၈-ပါးသောစိတ်တို့၌ ယှဉ်ရာ၌ အမြဲယှဉ်သည်မဟုတ်၊ဒုက္ခိတ,သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု, ဝမ်းမြောက်မှုဖြစ်ရာ တစ်ရံတစ်ခါ၌သာ ယှဉ်သည်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

နာနာပါဠိဖြင့်ပြသော အဓိပ္ပာယ်

နာနာဟူသောပါဠိဖြင့် အပွမညာဒွေးသည် ၂၈-ပါးသောစိတ်တို့၌ ယှဉ်ရာ၌လည်း ၂-ပါးစုံတစ်ပြိုင်နက် ယှဉ်နိုင်သည်မဟုတ်၊ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာယှဉ်၍ မုဒိတာမယှဉ်၊သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာယှဉ်၍ ကရုဏာမယှဉ်။ဤသို့ အသီးသီးယှဉ်သည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

ကာမာဝစရ ဥပေက္ခာသဟဂုတ်စိတ်တို့၌ အပွမညာဒွေးမယှဉ်ဟူသောဝါဒကို ကေစိဝါဒဟု ဆိုရခြင်းအကြောင်း

လေ့လာအပ်ပြီးသော ကျမ်းဂန်ကို ရွတ်အံသရဇ္ဈာယ် သောပုဂ္ဂိုလ်အား တစ်ခါတစ်ရံ အာရုံတစ်ပါးကို နှလုံးသွင်းမိသော်လည်း ရွတ်အံသရဇ္ဈာယ်နိုင်သကဲ့သို့ ထို့အတူ ကရုဏာ, မုဒိတာကို ပွားများသောအခါ အပွမာဝိထိမှ ရှေးအဖို့၌ လေ့လာခြင်း၏အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း စီးဖြန်းခြင်းပရိက် မဖြစ်နိုင်ခဲ့လေသောကြောင့် ကာမာဝစရဥပေက္ခာသဟဂုတ်စိတ်တို့၌ အပွမညာဒွေး မယှဉ်ဟူသောဝါဒကို ကေစိဝါဒဟု ဆိုရပါသည်။

http://www.dhammadownload.com

သမ္မယောဂနည်းနှင့် သင်္ကဟနည်းအထူး

ဤစေတသိက်ကို ဤမျှသောစိတ်တို့၌ ရအပ်,ယှဉ်အပ်၏ဟု စိတ်တို့ကို (စိတ်တို့၏အရေအတွက်ကို)ပိုင်းခြားသည်၏အစွမ်းဖြင့် ပြအပ်သောနည်းသည် သမ္မယောဂနည်းမည်ပါသည်။

ဤစိတ်၌ ဤမျှသောစေတသိက်တို့ကို ရအပ်,ယှဉ်အပ်၏ဟု စေတသိက်တို့၏အစုကိုပိုင်းခြားသည်၏ အစွမ်းဖြင့် ပြအပ်သောနည်းသည် သင်္ကဟနည်းမည်ပါသည်။ ဤသို့ထူးပါသည်။

သောဘဏစေတသိက် သမ္မယောဂနည်း အဓိပ္ပါယ်ပြီးပြီ။

* * * * *

လောကုတ္တရာစိတ်သင်္ကဟနည်း

အပွမညာဒွေး ကြဉ်ရခြင်းအကြောင်း

အပွမညာစေတသိက်တို့၏ သတ္တဝါပညတ်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊လောကုတ္တရာစိတ်တို့၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့် လည်းကောင်း၊ဤသို့ အာရုံပြားသောကြောင့် လောကုတ္တရာစိတ်သင်္ဂဟနည်း၌ အပွမညာဒွေးကို ကြဉ်ရပါသည်။(ဝါ) အပွမညာ ဝဇ္ဈိတာ-ဟုဆိုရပါသည်။

လောကုတ္တရာစိတ်ကို ပဋ္ဌာနျာန်ဟု ဆိုရပုံ

ဝိတက်,ဝိစာရတို့ကို အသီးသီးလွန်၍ ပွားများသော အလွန်မထက်သောဉာဏ်ရှိသော ပုဂ္ဂိုလ်၏အစွမ်းဖြင့် ဈာန်ငါးမျိုးခွဲ၍ ဟောသောကြောင့်(သဗ္ဗထာပိ အဋ္ဌသု လောကုတ္တရစိတ္တေသု ပဋ္ဌာနဈာနဥဝသေန)၌ ပဋ္ဌာနျာန်ဟုဆိုရပါသည်။(ဝါ) လောကုတ္တရာစိတ်ကို ပဋ္ဌာနျာန်ဟုဆိုရပါသည်။

ပဋ္ဌာနနည်းနှင့် စတုက္ကနည်း ၂-ပါးအထူး

ဝိတက်,ဝိစာရတို့ကို အသီးသီးလွန်၍ ပွားများသော မထက်သောဉာဏ်ရှိသော ပုဂ္ဂိုလ်၏အစွမ်းဖြင့် ဟောတော်မူအပ်သောနည်းသည် ပဋ္ဌာနနည်းမည်ပါသည်။

http://www.dhammadownload.com

ဝိတက်,ဝိစာရတို့ကို တစ်ပေါင်းတည်းလွန်၍ ပွားများသော ထက်သောဉာဏ်ရှိသော ပုဂ္ဂိုလ်၏အစွမ်းဖြင့် ဟောတော်မူအပ်သောနည်းသည် စတုက္ကနည်းမည်ပါသည်။ ဤသို့ထူးပါသည်။

မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း

မဟဂ္ဂုတ်စိတ်၌ ဝိရတီကြဉ်ရခြင်းအကြောင်း

သီလစင်ကြယ်သည်၏အစွမ်းဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယပယောဂ ဝစီပယောဂရှိသောပုဂ္ဂိုလ်အား သက်သက်စိတ်ကို အာရုံ၌ ကောင်းစွာထားကာမျှဖြင့် မဟဂ္ဂုတ်ဈာန်တို့ ဖြစ်နိုင်ခဲ့လေသောကြောင့် မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီကြဉ်ရပါသည်။ (ဝါ)ဝိရတီစေတသိက်ကို မယှဉ်နိုင်ပါ။ (ဝါ) ဝိရတိတ္တယဝန္ဓိတာဟု ဆိုရပါသည်။

မဟဂ္ဂုတ်ပဌမဈာန်၌ အပ္ပမညာမယှဉ်ရခြင်းအကြောင်း

အပ္ပနာသို့ရောက်ပြီးသော အပ္ပမညာသည် တစ်ခါတစ်ရံမျှ သောမနဿနှင့်ကင်း၍ မဖြစ်နိုင်ခဲ့လေသောကြောင့် ဥပေက္ခာဖြစ်သော မဟဂ္ဂုတ်ပဌမဈာန်၌ အပ္ပမညာဒွေး မယှဉ်နိုင်ပါ။ထို့ကြောင့် အပ္ပမညာဒွေးကို ကြဉ်ရပါသည်။(ဝါ) အပ္ပမညာယော နလဗ္ဘန္တိ-ဟု ဆိုရပါသည်။

ကာမာဝစရသောဘဏစိတ် သင်္ဂဟနည်း

အပ္ပမညာ,ဝိရတိတို့ ပစ္စေကယှဉ်ခြင်းအကြောင်း

အပ္ပမညာစေတသိက်တို့၏ သတ္တဝါပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ဝိရတိစေတသိက်တို့၏ ဝိရမိတဗ္ဗဝတ္ထုလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ထိုအပ္ပမညာ,ဝိရတိစေတသိက်တို့သည် တစ်ခုသောစိတ်၌ အတူတကွဖြစ်ခြင်းမရှိပါ။ထို့ကြောင့် ပစ္စေကယှဉ်ရပါသည်။(ဝါ) အသီးသီးယှဉ်ရပါသည်။

မဟာကြိယာစိတ်၌ ဝိရတိမယှဉ်ခြင်းအကြောင်း

လောကီဝိရတိတို့၏ စင်စစ်ကုသိုလ်သဘော ရှိခဲ့လေသောကြောင့် အဗျာကတသဘောရှိသော ကြိယာစိတ်၌ဖြစ်ခြင်းမရှိပါ။ထို့ကြောင့် မဟာကြိယာစိတ်တို့၌ ဝိရတိကို ကြဉ်ရပါသည်။(ဝါ) ဝိရတိဝန္ဓိတာဟု ဆိုရပါသည်။

http://www.dhammadownload.com

လောကုတ္တရာဝိရတီကို ဧကန္တကုသိုလ်ဟု မဟောခြင်းအကြောင်း

ဖိုလ်သည် မဂ်အားလျော်စွာဖြစ်သောကြောင့်လည်းကောင်း၊မဂ်သည် ပယ်အပ်ပြီးသော ဒုစရိုက်,ဒုရာဇီဝတို့ကို တစ်ဖန်ငြိမ်းစေတတ်သောကြောင့်လည်းကောင်း လောကုတ္တရာဝိရတီတို့ကို သိက္ခာပဒဝိဘင်း၌ ဧကန္တကုသိုလ်၏အဖြစ်ဖြင့် မဟောပါ။

မဟာဝိပါက်၌ အပွမညာ,ဝိရတီ မယှဉ်ခြင်းအကြောင်း

ကာမာဝစရ မဟာဝိပါက်စိတ်တို့၏ စင်စစ် ကာမတရားလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊အပွမညာစေတသိက်တို့၏ သတ္တဝါပညတ်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ဝိရတီစေတသိက်တို့၏ စင်စစ်ကုသိုလ်သဘောရှိသည်၏အဖြစ်ကြောင့်လည်းကောင်း မဟာဝိပါက်စိတ်တို့၌ အပွမညာ,ဝိရတီတို့ မယှဉ်နိုင်ပါ။ထို့ကြောင့် မဟာဝိပါက်စိတ်တို့၌ အပွမညာ,ဝိရတီတို့ကို ကြဉ်ရပါသည်။

မဟာဝိပါက်စိတ်တို့၏ ကုသိုလ်စိတ်တို့နှင့်တူသော အာရုံမရှိခြင်းအကြောင်း

ကာမတဏှာကိုစွဲ၍ဖြစ်သော ကာမာဝစရက်၏ အကျိုးဖြစ်၍ဖြစ်သည်၏အဖြစ်ကြောင့် မဟာဝိပါက်စိတ်သည် မဟာကုသိုလ်စိတ်တို့နှင့် တူသောအာရုံမရှိခြင်းဖြစ်ပါသည်။

ဥပမာနှင့်တကွဖြေဆိုပုံ

တစ်နည်း.... ကျွန်မမှမွေးသောသားသည် ကျွန်မသည်အလိုရှိအပ်သောအမှုကိုပြုခြင်းငှာ မစွမ်းနိုင်ဘဲ အရှင်သည်သာလျှင် အလိုရှိအပ်သောအမှုကိုပြုနိုင်သကဲ့သို့၊ ထို့အတူ ကာမတဏှာနှင့် စပ်သည်၏အဖြစ်ကြောင့် ကျွန်မနှင့်တူသော ကာမာဝစရက်၏အကျိုးဖြစ်သော(သားနှင့်တူသော)ဝိပါက်စိတ်သည် ကာမာဝစရက်သည် ယူအပ်သောအာရုံကို မယူဘဲ ကာမတဏှာ၏ အာရုံကိုသာ ယူရပါသည်။ထို့ကြောင့် မဟာဝိပါက်စိတ်တို့သည် မဟာကုသိုလ်စိတ်တို့နှင့် တူသောအာရုံမရှိခြင်းဖြစ်ပါသည်။

ကာမာဝစရသောဘဏ္ဍစေတသိက် သင်္ဂဟနည်းပြီးပြီ။

* * * * *

http://www.dhammadownload.com

အကုသိုလ်စိတ် သင်္ဂဟနည်း

ဣဿာစသည်တို့ အသီးသီးယှဉ်ခြင်းအကြောင်း

အာရုံပြားသောကြောင့် ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက်တို့သည် ဒေါသမူစိတ်၌ အသီးသီးယှဉ်ရပါသည်။(ဝါ)ပစ္ဆေကယှဉ်ရပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခမယှဉ်ခြင်းအကြောင်း

အဓိမောက္ခစေတသိက်သည် အာရုံကို ဆုံးဖြတ်သော အခြင်းအရာအားဖြင့် ဖြစ်ခဲ့လေသောကြောင့် နှစ်ဖြာကွဲသော သဘောရှိသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဖြစ်ခြင်းမရှိပါ။ ထို့ကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခကို ကြဉ်ရပါသည်။ (ဝါ)အဓိမောက္ခ ဝိရဟိတာ-ဟုဆိုပါသည်။

အဟိတ်စိတ်သင်္ဂဟနည်း

မနောဓာတ်နှင့် မနောဝိညာဏဓာတ်အထူး

အာရုံကို သိကာမျှဖြစ်သောဓာတ်သည် မနောဓာတ်မည်ပါသည်။

ထူးသောအာရုံကို သိခြင်းကိစ္စနှင့်ယှဉ်သောဓာတ်သည် မနောဝိညာဏဓာတ် မည်ပါသည်။ဤသို့ ထူးပါသည်။

စေတသိက်ဝိုင်း

ဦးကာကျော်အဓိပ္ပါယ်ပြီးပြီ။

* * * * *

http://www.dhammadownload.com

ပကိဏ်းပိုင်း

ပကိဏ္ဏကနှင့် ပကိဏ္ဏကသင်္ဂဟမည်ပုံ အဓိပ္ပါယ်

စိတ်,စေတသိက်တို့ကို ဝေဒနာစသည်တို့ဖြင့် ဖြိုးပြမ်း၍ ဝေဖန်သောကြောင့် လည်းကောင်း၊ထိုထိုဝေဒနာစသည်တို့၏ အပြားဖြင့်ပြားကုန်သော စိတ်,စေတသိက်တရား တို့ကို ခွဲခြမ်းဝေဖန်သောကြောင့်လည်းကောင်း ပကိဏ္ဏကမည်ပါသည်။

ထိုသို့ခွဲခြမ်းဝေဖန်ခြင်းကို အကျဉ်းအားဖြင့် ယူရာယူကြောင်းဖြစ်သောကြောင့် ပကိဏ္ဏကသင်္ဂဟ မည်ပါသည်။

ဘုရားဟောဝေဒနာ ၂-ပါးနှင့် အဋ္ဌကထာလာ ဝေဒနာ ၃-ပါးတို့ မဆန့်ကျင်ပုံ

(ဒွေ မာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ) ဟု ဝေဒနာ ၂-ပါးဟောတော်မူသည် ကား..... အပြစ်မရှိသော ဥပေက္ခာဝေဒနာကို(အဒုက္ခမသုခဝေဒနာကို)သုခ၌သွင်း၍, အပြစ်ရှိသော ဥပေက္ခာဝေဒနာကို(အဒုက္ခမသုခဝေဒနာကို)ဒုက္ခ၌သွင်း၍ ဟောတော်မူခြင်း ဖြစ်ပါသည်။ အရှင်အနုရုဒ္ဓါဆရာကား....ထိုသို့မသွင်းဘဲ အနုဘဝနလက္ခဏာအားဖြင့် သီးခြားထုတ်၍ တစ်ခုစီပြလိုသောကြောင့် ဝေဒနာ ၃-ပါးဆိုခြင်းဖြစ်ပါသည်။ထို့ကြောင့် ထိုစကားနှစ်ရပ် မဆန့်ကျင်ပါ။

ဝေဒနာ ၅-ပါးထပ်ဟောရခြင်းအကြောင်း

အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာ ၃-မျိုးဟောပြီးဖြစ်သော်လည်း ဣန္ဒြိယ ဝိဘင်းဒေသနာ၌ သုခိန္ဒြေစသော ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာ ၅-မျိုးဟောတော်မူသည်၏ အဖြစ်ကြောင့် ထို ၅-ပါးသော ဣန္ဒြေတို့၏အစွမ်းဖြင့် ဝေဒနာသင်္ဂဟ၌ ဝေဖန်ခြင်းကို ပြခြင်းအကျိုးငှာ ဝေဒနာ ၅-မျိုး ထပ်ဟောရပါသည်။

http://www.dhammadownload.com

ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာ ၅-ပါး ဟောရခြင်းအကြောင်း

ကာယိကသာတ,အသာတ,မာနသိကသာတ,အသာတ-အားဖြင့် ဝေဒနိန္ဒြေ အပြားကို ပြလိုသောကြောင့် ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာ ၅-ပါး ဟောရပြန်ပါသည်။

ဒုက္ခဝေဒနာတစ်မျိုးတည်း ဟောခြင်းအကြောင်း

ယံကိဉ္စိ ဝေဒယိတမိဒမေတ္တ ဒုက္ခသ-ဟု ဝေဒနာတစ်မျိုးတည်းဟောတော်မူသည် ကား... သခါရဒုက္ခ၏အဖြစ်ဖြင့် အလုံးစုံသောဝေဒနာတို့၏ ဒုက္ခသဘောရှိသောကြောင့် ဒုက္ခဝေဒနာတစ်မျိုးတည်း ဟောတော်မူခြင်းဖြစ်ပါသည်။ဤ၌ကား.. အနုဘဝနလက္ခဏာ အားဖြင့် ဝေဒနာ ၃-မျိုးဆိုခြင်းဖြစ်ပါသည်။

ဝေဒနာ ၅-မျိုးတို့ သဘောလက္ခဏာခြားနားချက် (ဝေဒနာ ၅-ပါး ခံစားပုံအထူး)

ဣန္ဒြိယဘေဒအားဖြင့်ပြားသော ဝေဒနာ ၅-ပါးတို့တွင် သုခဝေဒနာသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိပါသည်။

ဒုက္ခဝေဒနာသည် အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိပါသည်။

သောမနဿဝေဒနာသည် သဘာဝဣဋ္ဌာရုံ,ပရိကပ္ပဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။

ဒေါမနဿဝေဒနာသည် သဘာဝအနိဋ္ဌာရုံ,ပရိကပ္ပအနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိပါသည်။

ဥပေက္ခာဝေဒနာသည် မဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာရှိပါသည်။ဤသို့ ထူးပါသည်။

ဝေဒနာသင်္ဂဟပြီး၏။

* * * * *

http://www.dhammadownload.com

ဟေတုသင်္ဂဟ

ဟေတုသင်္ဂဟမည်ပုံ

လောဘအစရှိသော ဟိတ်တို့ကိုလည်းကောင်း၊ထိုလောဘအစရှိသော ဟိတ်တို့နှင့် ယှဉ်သော စိတ်တို့ကိုလည်းကောင်း ဆေဖန်ပြသောသင်္ဂဟဖြစ်သောကြောင့် ဟေတုသင်္ဂဟ မည်ပါသည်။

ဟိတ်မည်ပုံ

အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်နေရာဖြစ်သောကြောင့်လည်းကောင်း၊အကျိုး ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်လည်းကောင်း ဟိတ်မည်ပါသည်။

ဟိတ်တို့ကို မူလခေါ်ခြင်းအကြောင်း
(ဟိတ်တို့၏ သစ်မြစ်နှင့်တူခြင်းအကြောင်း)

သစ်မြစ်သည် သစ်ပင်ကို ခိုင်ခံ့တည်တန့်အောင် ပြုသကဲ့သို့ ထို့အတူ ဟိတ်တရား တို့သည်လည်း သမ္မယုတ်တရားတို့ကို ကောင်းစွာထောက်ရာ၊တည်ရာဖြစ်စေသောကြောင့် ဟိတ်တရားတို့ကို မူလဟုခေါ်ဆိုရပါသည်။ (၀၊) ဟိတ်တရားတို့သည် သစ်မြစ်နှင့်တူသည် ဟု ခေါ်ဆိုရပါသည်။

ကုသိုလ်စသောတရားတို့၏ ဖြစ်ကြောင်းနှင့်စပ်၍
ဖြစ်သောတရားများ

ကုသိုလ်ဖြစ်ခြင်း၏အကြောင်းကား… ယောနိသောမနသိကာရနှင့်စပ်၍ ဖြစ်ပါ သည်။

အကုသိုလ်ဖြစ်ခြင်း၏အကြောင်းကား…အယောနိသောမနသိကာရနှင့် စပ်၍ ဖြစ်ပါသည်။

အဗျာကတဖြစ်ခြင်းအကြောင်းကား… အနုသယကင်းသော ရဟန္တာသန္တာန်နှင့်စပ်၍ ဖြစ်ပါသည်။

တစ်နည်း… ကံနှင့်စပ်၍ ဖြစ်ပါသည်။

http://www.dhammadownload.com

တစ်နည်း.... အဝိပါကအပြစ်နှင့်လည်းစပ်၍ ဖြစ်ပါသည်။

မှတ်ချက် ။ ။ လောဘ, ဒေါသ, မောဟတို့သည် အကုသိုလ်ဟိတ်များဖြစ်၍ အလောဘ, အဒေါသ, အမောဟဟိတ်တို့သည် ကုသိုလ်ဟိတ်များဖြစ်ကြသော်လည်း အကုသိုလ်ဖြစ်မှု,ကုသိုလ်ဖြစ်မှုသည် ဟိတ်နှင့် သက်ဆိုင်ခြင်းမရှိပါ။

အကုသိုလ်ဖြစ်မှု,ကုသိုလ်ဖြစ်မှုသည် အယောနိသောမနသိကာရ,ယောနိသောမနသိကာရ တို့နှင့်သာ သက်ဆိုင်ခြင်းရှိပါသည်။

အဟိတ်,ဒွိဟိတ်,တိဟိတ်ပုဂ္ဂိုလ်သာရှိ၍ ဧကဟိတ်ပုဂ္ဂိုလ် မရှိခြင်းအကြောင်း

အဟိတ်ပုဂ္ဂိုလ်စသည် ခေါ်ခြင်းမှာ ပဋိသန္ဓေစိတ်ကိုစွဲ၍ ခေါ်ခြင်းဖြစ်ပါသည်။ ဧကဟိတ်စိတ်မှာ ပဋိသန္ဓေစိတ်မဟုတ်,ပဝတ္တိစိတ်သာဖြစ်သောကြောင့် ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ မရှိခြင်းဖြစ်ပါသည်။

ဟေတုသင်္ဂဟပြီး၏။

* * * * *

ကိစ္စသင်္ဂဟ

ကိစ္စသင်္ဂဟမည်ပုံ

ပဋိသန္ဓေအစရှိကုန်သော ကိစ္စတို့ကို ဝေဖန်သည်၏အစွမ်းဖြင့်လည်းကောင်း, ထိုပဋိသန္ဓေကိစ္စ စသည်ရှိကုန်သောစိတ်တို့ကို ဝိုင်းခြားသည်၏အစွမ်းအားဖြင့်လည်းကောင်း ပေါင်းရုံးသိမ်းကျုံး၍ ယူရာယူကြောင်းဖြစ်သော သင်္ဂဟသည် ကိစ္စသင်္ဂဟ မည်ပါသည်။

ပဋိသန္ဓေကိစ္စမည်ပုံ

အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ခြင်းသည် ပဋိသန္ဓေကိစ္စမည်ပါသည်။

http://www.dhammadownload.com

ဘဝင်ကိစ္စမည်ပုံ

မပြတ်ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ဥပယတ္တိဘဝ၏ အကြောင်း၏အဖြစ်သည် ဘဝင်ကိစ္စမည်ပါသည်။

စောကိစ္စမည်ပုံ

အာရုံ၌ ထိထိကိစ္စကို ပြီးစေခြင်း၏အစွမ်းဖြင့် အကြိမ်များစွာလည်းကောင်း၊ တစ်ကြိမ်လည်းကောင်း လျင်မြန်စွာပြေးသွားသော ယောက်ျားကဲ့သို့ ဖြစ်ခြင်းသည် ဇဝနကိစ္စ (စောကိစ္စ)မည်ပါသည်။

တဒါရမ္မဏကိစ္စမည်ပုံ

ထိထိစောသည် ယူအပ်ပြီးသောအာရုံကို အာရုံပြုခြင်းသည် တဒါရမ္မဏကိစ္စမည်ပါသည်။

စုတိကိစ္စမည်ပုံ

ဖြစ်ဆဲဖြစ်သောဘဝမှ လျှောကျရွေ့လျောခြင်းသည် စုတိကိစ္စမည်ပါသည်။

ဌာန ၁၀-ပါး

ပဋိသန္ဓေဌာနမည်ပုံ

စုတိနှင့် ဘဝင်တို့အကြားသည် ပဋိသန္ဓေဌာနမည်ပါသည်။

ဘဝင်ဌာနမည်ပုံ

ပဋိသန္ဓေနှင့် အာဝဇ္ဇန်းတို့၏လည်းကောင်း၊စောနှင့် အာဝဇ္ဇန်းတို့၏လည်းကောင်း၊ တဒါရုံနှင့် အာဝဇ္ဇန်းတို့၏လည်းကောင်း၊ဝုဋ္ဌောနှင့် အာဝဇ္ဇန်းတို့၏လည်းကောင်း၊ရုံခါစော နှင့် စုတိတို့၏လည်းကောင်း၊တဒါရုံနှင့် စုတိတို့၏လည်းကောင်း အကြားသည်ဘဝင်ဌာန မည်ပါသည်။

http://www.dhammadownload.com

အာဝဇ္ဇန်းဌာနမည်ပုံ

ဘဝင်နှင့် ပဉ္စဝိညာဏ်တို့၏လည်းကောင်း၊ဘဝင်နှင့် ဓောတို့၏လည်းကောင်း အကြားသည် အာဝဇ္ဇန်းဌာနမည်ပါသည်။

ပဉ္စဝိညာဏ်ဌာနမည်ပုံ

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိန်းတို့၏အကြားသည် ပဉ္စဝိညာဏ်ဌာနမည်ပါသည်။

သမ္ပဋိစ္ဆိန်းဌာနမည်ပုံ

ပဉ္စဝိညာဏ်နှင့် သန္တီရဏတို့၏အကြားသည် သမ္ပဋိစ္ဆိန်းဌာန မည်ပါသည်။

သန္တီရဏဌာနမည်ပုံ

သမ္ပဋိစ္ဆိန်းနှင့် ဝုဋ္ဌောတို့၏ အကြားသည် သန္တီရဏဌာန မည်ပါသည်။

ဝုဋ္ဌောဌာနမည်ပုံ

သန္တီရဏနှင့် ဓောတို့၏ လည်းကောင်း၊ သန္တီရဏနှင့် ဘဝင်တို့၏လည်းကောင်း၊ အကြားသည် ဝုဋ္ဌောဌာန မည်ပါသည်။

ဓောဌာနမည်ပုံ

ဝုဋ္ဌောနှင့် တဒါရုံတို့၏လည်းကောင်း၊ဝုဋ္ဌောနှင့် ဘဝင်တို့၏လည်းကောင်း၊ဝုဋ္ဌောနှင့် စုတိတို့၏လည်းကောင်း၊မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံတို့၏လည်းကောင်း၊မနောဒွါရာဝဇ္ဇန်းနှင့် ဘဝင်တို့၏လည်းကောင်း၊မနောဒွါရာဝဇ္ဇန်းနှင့် စုတိတို့၏လည်းကောင်း အကြားသည် ဓောဌာနမည်ပါသည်။

တဒါရမ္မဏဌာနမည်ပုံ

ဓောနှင့်ဘဝင်တို့၏လည်းကောင်း၊ဓောနှင့် စုတိတို့၏လည်းကောင်း အကြားသည် တဒါရမ္မဏဌာနမည်ပါသည်။

http://www.dhammadownload.com

စုတိဌာနမည်ပုံ

ဓောနှင့်ပဋိသန္ဓေတို့၏လည်းကောင်း၊တဒါရုံနှင့်ပဋိသန္ဓေတို့၏လည်းကောင်း၊ ဘဝင်နှင့်ပဋိသန္ဓေတို့၏လည်းကောင်း အကြားသည် စုတိဌာန မည်ပါသည်။

ဌာန ၁၀-ပါးသာ ရှိရခြင်းအကြောင်း

ပဋ္ဌဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိန်းတို့၏အကြား၌ ဖြစ်ခြင်းဟူ၍ ပဋ္ဌဝိညာဏ်ကို တစ်ဌာန တည်းပေါင်း၍ ယူထားသောကြောင့် ကိစ္စမှာ ၁၄-ပါးရှိသော်လည်း ဌာနမှာ ၁၀-ပါးသာ ရှိရပါသည်။

(မနောဒွါရာဝဇ္ဇန်း၏) ဝုဋ္ဌော၏ ဓောကိစ္စမတပ်ခြင်း အကြောင်း

(မနောဒွါရာဝဇ္ဇန်းသည်)ဝုဋ္ဌောသည် ပရိတ္တာရုံဝိထီ၌ နှစ်ကြိမ်,သုံးကြိမ်ဖြစ်သော်လည်း အာရုံ၏အရသာကို ခံစားခြင်းသဘောမရှိသောကြောင့် ဓောကိစ္စမတပ်ခြင်း ဖြစ်ပါသည်။

မဂ်စိတ်၏ ဓောကိစ္စတပ်ခြင်းအကြောင်း.

(မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သော်လည်း) ဓောသဘောရှိခဲ့လေသောကြောင့် (ဝါ)အာရုံ၏အရသာကို ခံစားခြင်းသဘောရှိခဲ့လေသောကြောင့် ဓောကိစ္စတပ်ရပါသည်။

ကိစ္စသင်္ဂဟအဓိပ္ပါယ်ပြီး၏။

* * * * *

ဒွါရသင်္ဂဟ

ဒွါရသင်္ဂဟမည်ပုံ

ဒွါရတို့ကိုလည်းကောင်း၊ ဒွါရ၌ဖြစ်သောစိတ်တို့ကိုလည်းကောင်း၊ပိုင်းခြားသည်၏ အစွမ်းဖြင့်ပြသော သင်္ဂဟဖြစ်သောကြောင့် ဒွါရသင်္ဂဟမည်ပါသည်။

http://www.dhammadownload.com

ဒွါရမည်ပုံ

ပကတိသောတံခါးသည် ဝင်ကုန်ထွက်ကုန်သောသူနှစ်ယောက်တို့၏ ဝင်ရာ, ထွက်ရာ ဝင်ကြောင်း,ထွက်ကြောင်းဖြစ်သကဲ့သို့ အာဝဇ္ဇန်းအစရှိကုန်သော နာမ်တရား တို့၏ ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် ဒွါရမည်ပါသည်။

စက္ခုဒွါရမည်ပုံ

အာဝဇ္ဇန်းအစရှိသော နာမ်တရားတို့၏ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် စက္ခု ပသာဒသည် စက္ခုဒွါရမည်ပါသည်။

မှတ်ချက် ။ ။ သောတဒွါရ-စသည်မည်ပုံကို စက္ခုဒွါရမည်ပုံကို နည်းမှီ၍သိပါ။

မနောဒွါရမည်ပုံအဓိပ္ပာယ်

အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် ဘဝင်ုပဏ္ဍေဒ ၁၉-ခုသည် မနောဒွါရမည်ပါသည်။

တစ်နည်း... ဘဝင်ုပဏ္ဍေဒ ၁၉-ခုသည်ပင် မနောဒွါရာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်ခဲ့လေသောကြောင့် မနောဒွါရမည်ပါသည်။

အရကောက်

မနောဒွါရံကို "မနာနံ ဒွါရန္တိ မနောဒွါရံ"ဟု ဝစနတ္ထပြုခိုက် မနအရ.. အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့ကို ရပါသည်။ဒွါရအရ.. ဘဝင်ုပဏ္ဍေဒ ၁၉-ခုကို ရပါသည်။

မနောဒွါရအရလည်း ဘဝင်ုပဏ္ဍေဒ ၁၉-ခုကိုပင်ရပါသည်။

တစ်နည်း.... မနောဒွါရံကို "မနောယေဝ ဒွါရန္တိ မနောဒွါရံ"ဟု ဝစနတ္ထပြုခိုက် မနအရ.. ဘဝင်ုပဏ္ဍေဒ ၁၉-ခုကို ရပါသည်။ ဒွါရနှင့် မနောဒွါရတို့အရလည်း ဘဝင်ုပဏ္ဍေဒ ၁၉-ခုကိုပင်ရပါသည်။

ဒွါရဝိမုတ်ဖြစ်ရခြင်းအကြောင်း

"စက္ခုနဝိသတိ ပဋိသန္ဓိဘဝင်ုစုတိဝသေန ဒွါရဝိမုတ္တာနိ"ဒွါ တစ်ခုယုတ် ၂၀-သော စိတ်တို့သည် စက္ခုအစရှိသော ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း၊မိမိတို့

http://www.dhammadownload.com

သည်ပင် မနောဒွါရဟုဆိုအပ်သော ဘဝင်စိတ်များ ဖြစ်နေသောကြောင့်လည်းကောင်း၊ က်၊ကမ္မနိမိတ်၊ဂတိနိမိတ်ဟုဆိုအပ်သော အာရုံမှ တစ်ပါးသောအာရုံကိုယူခြင်း၏အစွမ်းဖြင့် မဖြစ်သောကြောင့်လည်းကောင်း ဒွါရဝိမုတ်စိတ် ဖြစ်ရပါသည်။

၃၆-ပါးသောစိတ်တို့ တစ်ဒွါရဋ္ဌသာ ဖြစ်ရခြင်းအကြောင်း

ဒွေးပဥ္စဝိညာဏ် ၁၀-ပါးတို့သည် စက္ခုစသော မိမိတို့၏ ဒွါရဋ္ဌသာ ဖြစ်သောကြောင့်လည်းကောင်း၊ ၂၆-ပါးသော မဟဂ္ဂုတ်, လောကုတ္တရာစေတသိကတို့သည် မနောဒွါရဋ္ဌသာလျှင်ဖြစ်သောကြောင့်လည်းကောင်း၊ ၃၆-ပါးသောစိတ်တို့သည် ထိုက်သည့်အားလျော်စွာ မိမိတို့ ဒွါရအားလျော်စွာ တစ်ဒွါရဋ္ဌသာဖြစ်ပါသည်။

ဆဒွါရိက ဒွါရဝိမုတ်ဖြစ်ရခြင်းအကြောင်း

ပဥ္စဒွါရဋ္ဌ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ခုသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ တို့၏အစွမ်းဖြင့်လည်းကောင်း၊ မဟာဝိပါက်စိတ် ၈-ခုသည် တဒါရုံကိစ္စ၏ အစွမ်းဖြင့်လည်းကောင်းဖြစ်၍ မနောဒွါရဋ္ဌကား... ယင်းစိတ် ၁၀-ပါးတို့သည် တဒါရုံကိစ္စ၏အစွမ်းဖြင့်သာ ဖြစ်သောကြောင့် ဆဒွါရိကဖြစ်ရပါသည်။ (၀၊)ခြောက်ဒွါရဋ္ဌ ဖြစ်ရပါသည်။

ယင်းစိတ် ၁၀-ပါးတို့သည် ပဋိသန္ဓေကိစ္စ စသည်တို့၏ အစွမ်းဖြင့်လည်း ဖြစ်သောကြောင့် (ပဋိသန္ဓေကိစ္စစသည်တို့၏ အစွမ်းဖြင့်ဖြစ်သောအခါ) ဒွါရဝိမုတ္တ ဖြစ်ရပါသည်။ (၀၊) ခြောက်ဒွါရမှ လွတ်ရပါသည်။

ကာယဒွါရ ၂-ပါးအထူး

ပဥ္စဒွါရာဝဇ္ဇန်းအစရှိသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် ပကိဏ်းဝိုင်း၌ ကာယပသာဒရုပ်သည် ကာယဒွါရမည်ပါသည်။

ကာမာဝစရကုသိုလ်, အကုသိုလ်ကံတို့၏ ဖြစ်ကြောင်းဖြစ်ခဲ့လေသောကြောင့် ဝိထိမုတ်ဝိုင်း၌ ကာယဝိညတ်ရုပ်သည် ကာယဒွါရမည်ပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

မနောဒွါရ ၂-ပါးအထူး

ပကိဏ်းဝိုင်း၌ ဘဝင်္ဂုပဇ္ဇေဒ ၁၉-ခုသည် မနောဒွါရမည်ပါသည်။

ဝီထိမုတ်ဝိုင်း၌ လောကီကုသိုလ်, အကုသိုလ်စေ ၂၉-ခုသည် မနောဒွါရမည်ပါသည်။ ဤသို့ထူးပါသည်။

ဒွါရသင်္ဂဟအဓိပ္ပါယ်ပြီး၏။

* * * * *

အာရမ္မဏသင်္ဂဟ

အာရမ္မဏသင်္ဂဟမည်ပုံ

အာရုံတို့ကို သရုပ်အားဖြင့်လည်းကောင်း၊ ဝေဖန်သောအားဖြင့်လည်းကောင်း၊ ထိုအာရုံကို အာရုံပြုသောစိတ်အားဖြင့်လည်းကောင်း၊ သိမ်းရုံးပေါင်းကျုံး၍ ယူရာယူကြောင်းဖြစ်သော သင်္ဂဟသည် အာရမ္မဏသင်္ဂဟ မည်ပါသည်။

အာရမ္မဏ(အာရုံ)မည်ပုံ

အာရမ္မဏိကဖြစ်သော စေတသိက်တရားတို့သည် လာ၍မွေ့ လျော်ရာဖြစ်သောကြောင့် အာရမ္မဏမည်ပါသည်။ (ဝါ)အာရုံမည်ပါသည်။

တစ်နည်း... အားနည်းသောယောက်ျားသည် တောင်ဝှေးစသည်ကို စွဲကိုင်သကဲ့သို့ စိတ်, စေတသိက်တို့သည် စွဲလမ်းအပ်သောကြောင့် အာရမ္မဏမည်ပါသည်။

နိဗ္ဗာန်ပညတ်တို့ ကာလဝိမုတ်မည်ခြင်းအကြောင်း

ပျက်စီးခြင်းသဘော မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ အတိတ်အစရှိသောကာလတို့၏အစွမ်းဖြင့် မဆိုအပ်သောကြောင့်လည်းကောင်း နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလဝိမုတ်မည်ပါသည်။

http://www.dhammadownload.com

ယေဘုယျနှ ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-၌
ယေဘုယျသဒ္ဒါ-ထည့်ဆိုရခြင်းအကြောင်း

အသည်းသတ်ဘုံမှ စုတေကြကုန်သော သတ္တဝါတို့၏ ပဋိသန္ဓေ၏အာရုံကို အခြားမဲ့လွန်လေပြီးသော အသည်းသတ်ဘဝ၌ တစ်စုံတစ်ခုသော ဒွါရဖြင့် ယူခြင်းမည်သည်မရှိသောကြောင့် အသည်းသတ်ကို စင်စစ်ခြင်းငှာ ယေဘုယျသဒ္ဒါကို ထည့်ဆိုရပါသည်။

အသည်းသတ်ပြဟ္မာဘုံ၏ ပဋိသန္ဓေအာရုံ

အသည်းသတ်ဘုံမှ စုတေကြကုန်သောသတ္တဝါတို့၏အာရုံသည်ကံ၏အစွမ်း ကြောင့် သာလျှင်ထင်ပါသည်ကံ,ကမ္မနိမိတ်ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

မဟာဝိပါက်နှင့် သန္တီရဏ ၃-ခုတို့၏
ကာမအာရုံကို အာရုံပြုပုံ

မဟာဝိပါက်စိတ် ၈-ခု၊ သန္တီရဏ ၃-ခုဟုဆိုအပ်သော ကာမဝိပါက် ၁၁-ခုတို့သည် သန္တီရဏကိစ္စ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ ရူပါရုံစသော ကာမအာရုံ ၅-ပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ စသည်တို့၏အစွမ်းဖြင့် ဖြစ်သောအခါ ရူပါရုံစသော ကာမအာရုံ ၆-ပါးကို အာရုံပြုပါသည်။

ဟသိတုပ္ပါဒ်စိတ် ကာမအာရုံ ၆-ပါးကို အာရုံပြုပုံ

ကမ္မဋ္ဌာန်းအားထုတ်ရန် လျောက်ပတ်သောအရပ်ကို တွေ့မြင်၍ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် ရူပါရုံကို အာရုံပြုပါသည်။ ပစ္စည်းဘဏ္ဍာတို့ကို ဝေဖန်ရာအရပ်၌ ကျယ်လောင်သောအသံကို ကြား၍ "ငါသည် ဤသို့သဘောရှိသော လောလုပ္ပတဏှာကို (အလွန်အလိုရှိသောတဏှာ)ကို ပယ်အပ်ပြီ" ဟုနှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် သဒ္ဒါရုံကိုအာရုံပြုပါသည်။

ပန်း,နံ့သာ-စသည်တို့ဖြင့် စေတီပုထိုးကို ပူဇော်ရာအခါ၌ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် ဂန္ဓာရုံကိုအာရုံပြုပါသည်။

အရသာနှင့်ပြည့်စုံသောဆွမ်းကို သီတင်းသုံးဘော်တို့နှင့် ဝေဖန်၍ သုံးဆောင်သော

http://www.dhammadownload.com

အခါ၌ နှစ်သက်သောရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် ရသာရုံကို အာရုံပြုပါသည်။

အာဘိသမာစာရိကတို့ကို ဖြည့်ကျင့်သောအခါ၌ (ထူးမြတ်သောအကျင့်ကို အကြောင်းပြု၍ ပညတ်အပ်သောဝတ်ကို ဖြည့်ကျင့်သောအခါ၌) နှစ်သက်သောရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

ပုဗ္ဗေနိဝါသဉာဏ်စသည်တို့ဖြင့် ယူအပ်သော (ဆင်ခြင်အပ်သော) ကာမာဝစရတရားကို အာရုံပြု၍နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ ဟသိတုပ္ပါဒ်စိတ်သည် ဓမ္မာရုံကို အာရုံပြုပါသည်။

လောကုတ္တရာတရားကို အာရုံမပြုနိုင်ခြင်းအကြောင်း

(အကုသိလ်စိတ် ၁၂-ခု၊ မဟာကုသိလ်,ကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၈-ခု အားဖြင့် ဤ ၂၀-သောစိတ်တို့သည်) မိမိတို့၏ မိုက်မဲ့သည်၏ အဖြစ်,ဉာဏ်ကင်း သည်၏ အဖြစ်ကြောင့် လောကုတ္တရာတရားကို အာရုံပြုခြင်းငှာ မစွမ်းနိုင်သောကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်ခြင်းဖြစ်ပါသည်။ (ဝါ) လောကုတ္တရဝဇ္ဈိတသဗ္ဗာရမ္မဏာနီ-ဟု ဆိုရခြင်းဖြစ်ပါသည်။

မှတ်ချက် ။ ။ လောဘအားကြီးသူ,ဒေါသအားကြီးသူ,စိတ်ပြန့်လွင့်သူတို့သန္တာန်၌ ဖြစ်သော လောဘမူ,ဒေါသမူ,မောဟမူစိတ်တို့နှင့် ကလေးသူငယ်တို့သန္တာန်၌ အလျှဉ်ဒါနပြုသောအခါဖြစ်သော ကုသိုလ်စိတ်တို့သည် မဂ်,ဖိုလ်,လောကုတ္တရာကို အာရုံပြုနိုင်/ မပြုနိုင် အကြောင်းပြဆုံးဖြတ်ပါ-ဟု မေးလျှင် ဤအကြောင်းပြချက်ကိုရေး၍ အာရုံမပြုနိုင်ဟုဖြေပါ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့ အလျှဉ်ဒါနပြုသောအခါ ဖြစ်သောကုသိုလ်၏ အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်းအကြောင်း

မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ပါး၊ ကုသိုလ်အဘိညာဉ်စိတ် ၁-ပါး၊ ဤ ၅-ပါးသောစိတ်တို့သည် သေက္ခပုဂ္ဂိုလ်,ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်ခဲ့လေ

http://www.dhammadownload.com

သောကြောင့် အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်း ဖြစ်ပါသည်။ (ဝါ) အရဟတ္တမဂ္ဂဖလဝန္ဓိတ-ဟု ဆိုရခြင်းဖြစ်ပါသည်။

အခါခပ်သိမ်း သဗ္ဗာရမ္မဏာမဖြစ်ပုံ

မဟာကြီယာ ဉာဏသမ္မယုတ်စိတ် ၄-ပါး၊ ကြီယာအာဘိညာဏ်၊ ဝုဋ္ဌော-အားဖြင့် ဤ ၆-ပါးသောစိတ်တို့သည် အခါခပ်သိမ်း သဗ္ဗာရမ္မဏာမဖြစ်နိုင်ပါ။ (ဝါ) အလုံးစုံသော အာရုံကို အာရုံမပြုနိုင်ပါ။

ထို ၆-ပါးတို့တွင် မဟာကြီယာ ဉာဏသမ္မယုတ်အော ၄-ခုနှင့် ကြီယာအာဘိညာဏ် တို့သည် သဗ္ဗညုတဉာဏ်စသည်တို့၏ အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း၊ ဝုဋ္ဌော သည် ထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့သွားဖြစ်ရာအခါ၌လည်းကောင်း သဗ္ဗာရမ္မဏာ ဖြစ်နိုင်ပါသည်။ (ဝါ)အလုံးစုံသော အာရုံကို အာရုံပြုနိုင်ပါသည်။

အာရမ္မဏာသင်္ဂဟ အဓိပ္ပါယ်ပြီး၏။

* * * * *

ဝတ္ထုသင်္ဂဟ

ဝတ္ထုသင်္ဂဟမည်ပုံ

ဝတ္ထုတို့ကိုလည်းကောင်း၊ ဝတ္ထုကိုမှီ၍ဖြစ်သော စိတ်,စေတသိက်တို့ကိုလည်း ကောင်း ပိုင်းခြားဝေဖန်ပြသောသင်္ဂဟဖြစ်သောကြောင့် ဝတ္ထုသင်္ဂဟ မည်ပါသည်။

ဝတ္ထုမည်ပုံ

စိတ်,စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထုမည်ပါသည်။

ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးရခြင်းအကြောင်း

ပြည့်စုံသောကုန်ရှေ့ရှိသော ပုဂ္ဂိုလ်ကို ကာမဘုံ၌သာ ရအပ်ခဲ့လေသောကြောင့် ကာမဘုံ၌ဝတ္ထုရုပ် ၆-ပါးလုံးရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

သဗ္ဗာနိဝိ-၌ ဝိသဒ္ဒါဖြင့်သိစေအပ်သော အဓိပ္ပါယ်

သဗ္ဗာနိဝိ-၌ ဝိသဒ္ဒါဖြင့် ကန်းသောသူ,နားပင်းသောသူ စသည်တို့၏ အစွမ်းဖြင့် ကာမဘုံ၌ အချို့သောစက္ခု,သောတ,ဃာနတို့၏ မဖြစ်ခြင်းကို အရှင်အနုရုဒ္ဓါဆရာ သိစေပါသည်။

ဥာဏ်စမ်း

တာနိ ကာမလောကေ သဗ္ဗာနိဝိ လဗ္ဘန္တိ-ဟူသော သင်္ဂီဟပါဠိကိုထောက်၍ ပြည့်စုံသော ဣန္ဒြေရှိသောပုဂ္ဂိုလ်ကို ကာမဘုံ၌သာ ရအပ်ခဲ့လေသောကြောင့် လည်းကောင်း၊ ကာမဘုံ၌ ဇိဝှါယတနချို့တဲ့သောပုဂ္ဂိုလ် မရှိကောင်းသောကြောင့်လည်းကောင်း မိကျောင်းမှာ လျှာမရှိဟူသောစကား မမှန်ပါ။

ဓမ္မတ်ချက် ။ ။ သဗ္ဗာနိဝိ၌ ဝိသဒ္ဒါဖြင့် ကာမဘုံ၌ တစ်ရံတစ်ခါမရကောင်းသော (ချို့ကောင်းသော) ပသာဒဝတ္ထုတို့ကို ပြရာ၌ စက္ခု,သောတ,ဃာနဝတ္ထုတို့ကိုသာ ပြသောကြောင့် ကာမဘုံ၌ ဇိဝှါယတနချို့ကောင်းသော သူမရှိဟု သိရှိပါသည်။

မိကျောင်းမှာ လျှာပုံသဏ္ဌာန်ရှိမည်/ မရှိမည် ဧကန်မသိရသော်လည်း ရသာရုံ၏ ထိခိုက်ရာ ဇိဝှါပသာဒမှာမူ အဋ္ဌကထာ,ဋီကာစကားတို့အရ ဧကန်ရှိပေလိမ့်မည်။ ထို့ကြောင့် မိကျောင်းမှာ လျှာမရှိဟူသောစကား မမှန်-ဟုဆိုလိုက်ခြင်း ဖြစ်ပါသည်။

ရူပဘုံ၌ ဃာနာဒိတ္တယ မရှိခြင်းအကြောင်း

ရူပဗြဟ္မာတို့အား ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသော ကာမဝိရာဂဘာဝနာ၏အစွမ်းဖြင့် ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းကင်းရကား ထိုအာရုံလျှင် အာရုံရှိကုန်သော ဃာနတို့၌လည်း တပ်ခြင်းကင်းသော သဘောရှိသောကြောင့် ရူပဘုံ၌ ဃာနာဒိတ္တယမရှိခြင်းဖြစ်ပါသည်။

ရူပဘုံ၌ စက္ခု,သောတ ၂-ပါးရခြင်း အကြောင်း

ရူပဗြဟ္မာတို့အား ဘုရားဖူးခြင်း, တရားနာခြင်းစသောအကျိုးငှာ စက္ခု,သောတ

http://www.dhammadownload.com

၂-ပါးတို့၌ တပ်ခြင်းမကင်းသောကြောင့် (တပ်ခြင်းရှိသေးသောကြောင့်) ရူပဘုံ၌ စက္ခု၊ သောတ ၂-ပါးရခြင်းဖြစ်ပါသည်။

အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးမရှိခြင်းအကြောင်း

အရူပဗြဟ္မာတို့အား ရုပ်၌တက်ခြင်းကင်းသော ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် အရူပဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်းမရှိသောကြောင့် အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး မရခြင်း ဖြစ်ပါသည်။

သန္ဓိရဏနှင့် မဟာဝိပါက်တို့ အရူပဘုံ၌ မဖြစ်ခြင်းအကြောင်း

သန္ဓိရဏနှင့် မဟာဝိပါက်စိတ်တို့သည် အရူပဘုံ၌ စက္ခုစသော ဖြစ်ရာဒွါရမရှိသောကြောင့်လည်းကောင်း၊ တဒါရုံကိစ္စမရှိသောကြောင့်လည်းကောင်း အရူပဘုံ၌ မဖြစ်ပါ။

ရူပ အရူပဘုံ၌ ဒေါသမူဌေး မဖြစ်ခြင်းအကြောင်း

နိဝရဏအခိုက်အတန့်မှကင်းသော ဒေါသမရှိခြင်းကြောင့် ဒေါသမူဌေးသည် ရူပ၊ အရူပဘုံတို့၌ မဖြစ်ပါ။

မှတ်ချက် ။ ။ ရူပဗြဟ္မာကြီးများ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း ရှိ/မရှိဟု မေးလျှင် ဤအကြောင်းပြချက်ကို ထောက်ဆ၍ မရှိဟုဖြေပါ။

သောတာပတ္တိမဂ် အရူပဘုံ၌ မဖြစ်ခြင်းအကြောင်း

အရူပဗြဟ္မာတို့သည် ဘုရားစသော တစ်ပါးသောပုဂ္ဂိုလ်တို့၏တရားကို မနာရသောကြောင့် (၀၁) တစ်ပါးသော ဘုရားစသည်မှဖြစ်သော တရားဟောသံတည်းဟူသော အကြောင်းမရှိသောကြောင့် (၀၁) ပရတောဃောသပစ္စည်းမှ ကင်းသောကြောင့် သောတာပတ္တိမဂ်ကို မရနိုင်ရကား အရူပဘုံ၌ သောတာပတ္တိမဂ်မဖြစ်ပါ။

အရူပဘုံ၌ ဟသိတုပ္ပါဒ်မဖြစ်ခြင်းအကြောင်း

အရူပဘုံ၌ ရူပကာယမရှိ၍ ပြုံးခြင်းမဖြစ်နိုင်သောကြောင့် (ပြုံးရွှင်စရာ ကိုယ်ခန္ဓာ မရှိသောကြောင့်) အရူပဘုံ၌ ဟသိတုပ္ပါဒ် မဖြစ်ပါ။

http://www.dhammadownload.com

မှတ်ချက် ။ ။ အရှုပဋိဘာဂကြီးများ ပြုးခြင်း, ရယ်ခြင်းရှိ/မရှိ အကြောင်းပြ ဆုံးဖြတ်ပါဟု မေးလျှင် ဤအကြောင်းပြချက်ကိုရေး၍ မရှိဟုဖြေပါ။

အရှုပဘုံ၌ ရူပစိတ်များ မဖြစ်ခြင်းအကြောင်း

အရှုပဋိဘာတို့အား ရုပ်၌တပ်ခြင်းကင်းသော ရူပဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ထိုရုပ်လျှင် အာရုံရှိကုန်သော စျာန်တို့၌လည်း တပ်ခြင်းကင်းသောကြောင့် အရှုပဘုံ၌ ရူပစိတ်များ မဖြစ်ပါ။

ဝတ္ထုသင်္ဂဟ အဓိပ္ပါယ်ပြီး၏။

* * * * *

ပကိဏ်းဝိုင်း

ဦးကာကျော်အဓိပ္ပါယ်ပြီးပြီ။

စနစ်သစ်ပထမငယ်တန်းအတွက် ဦးကာကျော်အောက်သုံးဝိုင်း အဓိပ္ပါယ်ကောက်နုတ်ချက် ပြီးပြီ။

* * * * *

http://www.dhammadownload.com

ဝိထိပိုင်း

စိတ္တဖြွါဒအထူး

စေတသိက်ပိုင်းလာ "စိတ္တဖြွါဒေသု ပစ္ဆေကံ"၌ စိတ္တဖြွါဒအရ... စိတ်ကိုသာ ရပါသည်။

ဝိထိပိုင်းလာ "စိတ္တဖြွါဒါနမိစ္ဆေဝံ"၌ စိတ္တဖြွါဒအရကား... စိတ်,စေတသိက် တရား ၂-ပါးကို ရပါသည်။ ဤသို့ ထူးပါသည်။

ပကိဏ်းပိုင်း ဥတ္တရမည်ပုံ

ဝေဒနာသင်္ဂဟ အစရှိကုန်သော သင်္ဂဟတို့ကို ဝေဖန်သောကြောင့် ပကိဏ်းပိုင်း သည် ဥတ္တရမည်ပါသည်။

ဝိထိသင်္ဂဟကို ပဝတ္တိသင်္ဂဟဟု ဆိုရပုံ

ကာမ,ရူပ,အရူပဟူသော ဘုံအပြားအားဖြင့်လည်းကောင်း၊ ဒွိဟိတ်စသော ပုဂ္ဂိုလ်အပြားအားဖြင့်လည်းကောင်း "ဤစိတ်သည် ဤမျှသောစိတ်တို့မှ နောက်၌ဖြစ်၏။ ဤစိတ်၏အခြားမဲ့ရှေ့၌ ဤမျှသောစိတ်တို့သည် ဖြစ်ကုန်၏"ဟု ဤသို့ ရှေ့စိတ် နောက်စိတ်တို့ဖြင့် မှတ်အပ်သောကြောင့် ဝိထိသင်္ဂဟကို ပဝတ္တိသင်္ဂဟဟု ဆိုရပါသည်။

ဝတ္ထုသင်္ဂဟစသည်တို့ကို ဝိထိပိုင်း၌ ထပ်ဆိုရခြင်းအကြောင်း

ဝတ္ထု,ဒွါရ,အာရမ္မဏသင်္ဂဟတို့ကို ပကိဏ်းပိုင်း၌ ဆိုအပ်ပြီးဖြစ်သော်လည်း ဆက္က ၆-ခုကို ပြည့်စုံစွာပြု၍ ပဝတ္တိသင်္ဂဟအမည်ရှိသော ဝိထိသင်္ဂဟကို ပြခြင်းငှာ (ပြလိုသောကြောင့်) ဤဝိထိပိုင်း၌ ထပ်၍ ဆိုရပါသည်။

ဝိသယပွဝတ္တိအဓိပ္ပါယ်

အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်း,အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသဘောသည် ဝိသယပွဝတ္တိ မည်ပါသည်။

http://www.dhammadownload.com

စက္ခုဒ္ဒါရဝိထိ အဓိပ္ပာယ်

စက္ခုဒ္ဒါရဉ်ဖြစ်သောစိတ်တို့၏ အဆက်ဆက်ကို (ဝါ) စိတ်တို့၏ ဆက်ကာဆက်ကာ ဖြစ်သွားခြင်းသဘောကို စက္ခုဒ္ဒါရဝိထိဟု ခေါ်ပါသည်။

မှတ်ချက် ။ ။ သောတဒ္ဒါရဝိထိ စသည်တို့၏ အဓိပ္ပါယ်ကိုလည်း နည်းမှီ၍ သိပါ။

စက္ခုဝိညာဏဝိထိ အဓိပ္ပါယ်

စက္ခုဝိညာဏ်နှင့်တူသောအာရုံ, တူသောဒ္ဒါရရှိသည်၏အဖြစ်ဖြင့် တကွဖြစ်သောကြောင့် စက္ခုဝိညာဏ်နှင့်စပ်၍ ဖြစ်ခြင်းရှိသောစိတ်တို့၏ အဆက်ဆက်ကို (ဝါ) စိတ်တို့၏ ဆက်ကာဆက်ကာ ဖြစ်သွားခြင်းသဘောကို စက္ခုဝိညာဏဝိထိဟုခေါ်ပါသည်။

မှတ်ချက် ။ ။ သောတဝိညာဏဝိထိစသည်တို့၏ အဓိပ္ပါယ်ကိုလည်း နည်းမှီ၍သိပါ။

အတိမဟန္တာရုံမည်ပုံ

စိတ္တက္ခဏတစ်ချက်ကို လွန်သည်ဖြစ်၍ ထင်ခြင်းသို့ ရောက်သော စိတ္တက္ခဏ ၁၆-ချက် အသက်ကြွင်းရှိသော အာရုံသည် အတိမဟန္တာရုံ မည်ပါသည်။

မဟန္တာရုံမည်ပုံ

စိတ္တက္ခဏ ၂-ချက်, ၃-ချက်ကို လွန်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်သော စိတ္တက္ခဏ ၁၅-ချက်, ၁၄-ချက် အသက်ကြွင်းရှိသောအာရုံသည် မဟန္တာရုံမည်ပါသည်။

ပရိတ္တာရုံမည်ပုံ

စိတ္တက္ခဏ ၄-ချက်မှ ၉-ချက်တိုင်အောင် လွန်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်သော စိတ္တက္ခဏ ၁၃-ချက်မှ ၈-ချက်တိုင်အောင် အသက်ကြွင်းရှိသောအာရုံသည် ပရိတ္တာရုံ မည်ပါသည်။

အတိပရိတ္တာရုံမည်ပုံ

စိတ္တက္ခဏ ၁၀-ချက်မှ ၁၅-ချက်တိုင်အောင် လွန်သည်ဖြစ်၍ ထင်ခြင်းသို့ရောက်အောင် စိတ္တက္ခဏ ၇-ချက်မှ ၂-ချက်တိုင်အောင် အသက်ကြွင်းရှိသောအာရုံသည် အတိပရိတ္တာရုံ မည်ပါသည်။

http://www.dhammadownload.com

ဝိဘူတာရုံမည်ပုံ

ထင်ရှားပေါ်လွင်သောအာရုံသည် ဝိဘူတာရုံမည်ပါသည်။

အဝိဘူတာရုံမည်ပုံ

မထင်ရှား,မပေါ်လွင်သော အာရုံသည် အဝိဘူတာရုံ မည်ပါသည်။

ဥပါဒ်မည်ပုံ

ဥပ္ပန္နံ ဥပ္ပါဒေါ-ဟူသည်နှင့်အညီ ဖြစ်ခြင်းသည် (ဝါ) ပရမတ္ထသဘောတရားကို ရခြင်းသည် ဥပါဒ်မည်ပါသည်။

ဘင်မည်ပုံ

ဘဂ္ဂံ ဘင်္ဂေါ-ဟူသည်နှင့်အညီ ပျက်စီးခြင်း၊ (ဝါ)ပရမတ္ထသဘောတရားတို့၏ ပျက်စီးခြင်းသည် ဘင်မည်ပါသည်။

ဌီမည်ပုံ

ဥပါဒ်,ဘင်နှစ်ပါးတို့၏အလယ်၌ ဘင်သို့ရှေ့ရှုဖြစ်ခြင်းသည် ဌီမည်ပါသည်။

ဥပ္ပါဒဌီတိဘင်္ဂဝသေန-ဟု ဆိုရခြင်းအကြောင်း

စိတ္တယမိုက်၌ ဌီခဏကို ဘုရားမဟောသော်လည်း စိတ်တို့၌ ဌီခဏကို အလိုရှိအပ် သောကြောင့် ဥပ္ပါဒဌီတိဘင်္ဂဝသေန-ဟူသောစကားကို အရှင်အနုရုဒ္ဓါဆရာ ဆိုခြင်း ဖြစ်ပါသည်။

ဌီခဏမည်ပုံ

ဥပါဒ်အခိုက်အတန့်,ဘင်အခိုက်အတန့်မှ ပြားသော (ထူးသော) ဘင်သို့ ရှေ့ရှု ဖြစ်သော အခိုက်အတန့်သည် ဌီခဏမည်ပါသည်။

စိတ္တယမိုက်၌ ဌီခဏ မဟောခြင်းအကြောင်း

ယမိုက်ပါဠိတော်၌ကား… ဝေနေယျသတ္တဝါတို့၏ အလိုအား မဆန့်ကျင်သော အားဖြင့်လည်းကောင်၊ မိဂပဒဝဠဉ္ဇနနည်းကိုပြသည်၏ အစွမ်းအားဖြင့်လည်းကောင်း ဌီခဏကို မဟောခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

အဘိဓမ္မာဋ္ဌ ဝေနေယျစ္ဆာသယအားဖြင့် ဟောခြင်းအရာသင့်မြတ်ပုံ

ရုပ်၏ဖြစ်ဆဲတစ်ခုကိုပင် ဝေနေယျစ္ဆာသယအားဖြင့် ဥပစယ,သန္တတိနှစ်မျိုးခွဲ၍ ဟောအပ်သကဲ့သို့ အဘိဓမ္မာဒေသနာသည်လည်း တစ်ခါတစ်ရံ ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ မဆန့်ကျင်သောအားဖြင့် ဖြစ်သောအရာရှိသောကြောင့် အဘိဓမ္မာယမိုက် ပါဠိတော်၌ ဝေနေယျစ္ဆာသယအားဖြင့် ဌီခဏကို မဟောဟူသောစကား သင့်မြတ်ပါသည်။

သခ်ိတတရားချင်းတူပါလျက် စိတ်သက်တို့၌ ရုပ်သက်ရှည်ရခြင်းအကြောင်း

အာရုံကိုယူတတ်သောစိတ်သည် စိတ္တက္ခဏတစ်ချက်၏အစွမ်းဖြင့် လျင်သောအဖြစ် ပြီးသောကြောင့်လည်းကောင်း၊ အာရုံအဖြစ်ယူအပ်သော ရုပ်သည် စိတ္တက္ခဏ ၁၇-ချက်၏ အစွမ်းဖြင့်လေးသော (နှေးသော)အဖြစ် ပြီးသောကြောင့်လည်းကောင်း စိတ်မှာ အသက်တို့၌ ရုပ်မှာအသက်ရှည်ရပါသည်။

ဝိညတ်ခွေး လက္ခဏရုပ် ၄-ခု ကြဉ်ရခြင်းအကြောင်း

ဝိညတ်ခွေးသည် စိတ္တာနုပရိဝတ္တိတရားမျိုးဖြစ်၍ စိတ္တက္ခဏတစ်ချက်မျှ အသက်ရှည်၏။ လက္ခဏရုပ် ၄-ခုတွင် ဥပစယ,သန္တတိဟု ဆိုအပ်သော ဓာတိရုပ်သည် စိတ်၏ ဥပါဒ်ခဏမျှ,အနိစ္စတာသည် စိတ်၏ဘင်ခဏမျှ,ဖရတာသည်ခဏငယ် ၄၉-ချက်ခန့်မျှ အသက်ရှည်ရကား... ရုပ်သက်စိတ္တက္ခဏ ၁၇-ချက် မပြည့်သောကြောင့် ရူပဓမ္မာနမာယူ၌ ဝိညတ်ခွေး,လက္ခဏရုပ် ၄-ခုကို ကြဉ်ရပါသည်။

အတီတဘဝင်အဓိပ္ပာယ်

အာရုံနှင့် ဒွါရတို့ မထိခိုက်,မတိုက်ဆိုင်,မထင်မြင်မိ လွန်၍ချုပ်ပျောက်သွားသော ဘဝင်ဖြစ်သောကြောင့် အတီတဘဝင်မည်ပါသည်။

http://www.dhammadownload.com

ပဌာရုံတို့ ပဋ္ဌါရဟ် ထင်ခြင်းသို့ ရောက်ပုံအထူး

ရူပါရုံ,သဒ္ဒါရုံတို့သည် (မိမိတို့က မသွားဘဲ) မိမိတို့နေရာ၌ တည်၍သာလျှင် စက္ခုဒ္ဒါရ,သောတဒ္ဒါရတို့၌ အာရုံ၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်ပါသည်။

ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည် မိမိတို့က ဃာနဒ္ဒါရ,ဇိဝှါဒ္ဒါရ,ကာယဒ္ဒါရတို့ရှိရာသို့ သွားရောက်ကပ်ငြိသောအားဖြင့်သာလျှင် ထင်ခြင်းသို့ ရောက်ပါသည်။ ဤသို့ထူးပါသည်။

ဘဝင်လှုပ်ခြင်းအဓိပ္ပာယ်

ရှေးဘဝင်စိတ်နှင့်မတူသော အာဝဇ္ဇန်းအစရှိသော ဝိထိစိတ်တို့၏ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ဖြစ်လာခြင်းသဘော၊ အကြောင်း၏အဖြစ်သို့ ရောက်လာခြင်း သဘောကို ဘဝင်လှုပ်သည်ဟု ဆိုရပါသည်။

ဘဝင်တစ်ကြိမ်လှုပ်သင့်လျက် နှစ်ကြိမ်လှုပ်ရခြင်းအကြောင်း

အာရုံနှင့်ပသာဒ ထိခိုက်ခြင်း၏အစွမ်းကြောင့် ဘဝင်အစဉ်ပြတ်သော် လျင်မြန်စွာ မပြတ်ဘဲ (လျင်သောအဟုန်ဖြင့် ပြေးသွားသောယောက်ျားသည် ရုတ်တရက်ရပ်လိုသော်လည်း မရပ်နိုင်ဘဲ၊ ခြေတစ်လှမ်း,နှစ်လှမ်းလွန်ပြီးမှ ရပ်နိုင်သကဲ့သို့) နှစ်ကြိမ်ဖြစ်ပြီး, လှုပ်ပြီးမှသာ ပြတ်ရပါသည်။ ထို့ကြောင့် ဘဝင်နှစ်ကြိမ်လှုပ်သည်ဟု ဆိုရပါသည်။

ဘဝင်္ဂစလနနှင့် ဘဝင်္ဂုပစ္ဆေဒ အဓိပ္ပါယ်

ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ-အရ လှုပ်သောဘဝင်နှစ်ကြိမ်တွင် ရှေးဦးစွာဖြစ်သော ဘဝင်စိတ်သည် ဘဝင်အစဉ်ကို လှုပ်စေသကဲ့သို့ဖြစ်သောကြောင့် ထိုဘဝင်စိတ်ကို ဘဝင်္ဂ-စလနဟုခေါ်ရပါသည်။ နှစ်ခုမြောက် ဘဝင်စိတ်သည် ဘဝင်အစဉ်၏ပြတ်သော အခြင်း-အရာဖြင့် ဖြစ်သောကြောင့် ထိုဘဝင်စိတ်ကို ဘဝင်္ဂုပစ္ဆေဒဟု ခေါ်ရပါသည်။

ဘဝင်္ဂကလှုပ်ရခြင်းအကြောင်း

ရူပါရုံသည် စက္ခုပသာဒ၌ထိခိုက်၍ စက္ခုပသာဒကို မှီ၍ဖြစ်သော စက္ခုဝိညာဏ်က လှုပ်သင့်သော်လည်း မပြတ်ဖြစ်သောအစဉ်၏ အစွမ်းဖြင့် တစ်စပ်တည်း စပ်နေသောကြောင့်

http://www.dhammadownload.com

ဟဒယဝတ္ထုကို မှီ၍ဖြစ်သော ဘဝင်ကလူပ်ရပါသည်။

တမေဝ ရူပ် ပဿန္တံ့ စက္ခုဝိညာဏံ-ဟု ဆိုရပုံ

ရုပ်၏ကန်းသည်၏ အဖြစ်ကြောင့် ရူပါရုံကို မြင်ခြင်း၌ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဝိညာဏ်ကသာ မြင်နိုင်၍ တမေဝ ရူပ် ပဿန္တံ့ စက္ခုဝိညာဏံ-ဟု အရှင်အနုရုဒ္ဓါဆရာ ဆိုပါသည်။

ယေဘုယျသဒ္ဒါ ထည့်ဆိုရခြင်းအကြောင်း

အနည်းငယ် တွေ့ဝေမိနိုးမောသောအခါ,သေခါနီးအခါ-စသည်တို့၌ ကာမာဝစရစောတို့သည် ၆-ကြိမ်၊ ၅-ကြိမ်လည်း စောသေးသည်ဟူသော အဓိပ္ပါယ်ကို သိစေလိုသောကြောင့် ယေဘုယျန သတ္တက္ခတ္တုံ ဇဝတိ-၌ ယေဘုယျသဒ္ဒါကို ထည့်ဆိုရပါသည်။

တဒါရုံအဓိပ္ပါယ်

ရေညာသို့ ဆန်တက်သော လှေ,သင်္ဘောနောက်သို့ မြစ်ရေအယဉ် အနည်းငယ် အစဉ်လိုက်သကဲ့သို့ စောသို့ အစဉ်တစိုက် အနည်းငယ်လိုက်သောအားဖြင့် စော၏အာရုံကို အာရုံပြုခြင်းသဘောကို (အာရုံပြုသော ဝိပါက်စိတ်တို့ကို) တဒါရုံဟု ဆိုရပါသည်။

ယထာရဟံဖြင့်ပြသော အဓိပ္ပါယ်

ယထာရဟံ-ဟူသောပါဠိဖြင့်အာရုံ,သတ္တဝါအားလျော်စွာ တဒါရုံဖြစ်သည် ဟူသော အဓိပ္ပာယ်ကို ပြပါသည်။

ဘဝင်ပါတော-၌ ဘဝင်ကျပုံအဓိပ္ပါယ်

ဝီထိစိတ်၏အစွမ်းဖြင့် မဖြစ်မူ၍ စိတ်၏ဘဝင်ကိစ္စ၌ ကျရောက်ခြင်းကဲ့သို့ ဘဝင်၏အစွမ်းဖြင့် ဖြစ်ခြင်းသည် ဘဝင်ကျသည် မည်ပါသည်။

ဝီထိစိတ်တို့ဖြစ်ပုံ အမွှောပမာ

အသီးသီးသောသရက်ပင်ရင်း၌ ခေါင်းမြီးခြုံအိပ်သော ယောကျ်ားသည် အနီး၌ကြွေကျသော သရက်သီးသံကြောင့် နီးကာ ဦးခေါင်းမှအဝတ်ကိုဖယ်ပြီးလျှင် မျက်စိဖွင့်

http://www.dhammadownload.com

ကြည့်ပြီး တွေ့မြင်သောသရက်သီးကို ကောက်ယူနိုပ်နယ် နမ်းလျက် မှည့်သည်၏ အဖြစ်ကို သိသော် စား၍ ခံတွင်း၌ရှိသော သရက်သီးကို သလိပ်နှင့်တကွမျိုချ၍ သရက်ပင် ရင်း၌ပင် ပြန်၍အိပ်ပါသည်။

ဥပမာ ဥပမေယျ နှီးနှောတွဲစပ်ပုံ

အထက်ပါ ထိုဥပမာ၌ ယောဂျိုး၏အိပ်ရာအခါကဲ့သို့ ဘဝင်ဖြစ်ရာအခါ၊ သရက်သီး ကြွေကျရာအခါကဲ့သို့ အာရုံ၏ပသာဒ၌ ထိခိုက်ရာအခါ၊ သရက်သီးသံကြောင့် နိုးရာအခါကဲ့သို့ အာဝဇ္ဇန်း၏ ဖြစ်ရာအခါ၊ မျက်စိဖွင့်ကြည့်ရာအခါကဲ့သို့ စက္ခုဝိညာဏ်၏ ဖြစ်ရာအခါ၊ သရက်သီးကို ကောက်ယူရာအခါကဲ့သို့ သမ္ပဋိစ္ဆိန်း၏ ဖြစ်ရာအခါ၊ သရက်သီးကို နှိပ်နယ်ရာအခါကဲ့သို့ သန္တီရဏဖြစ်ရာအခါ၊ သရက်သီးကို နမ်းရာအခါကဲ့သို့ ဝုဋ္ဌော၏ဖြစ်ရာအခါ၊ သရက်သီးကို စားရာအခါကဲ့သို့ ဇော၏ဖြစ်ရာအခါ၊ ခံတွင်း၌ရှိသော သရက်သီးကို သလိပ်နှင့်တကွ မျိုရာအခါကဲ့သို့ တဒါရုံ၏ဖြစ်ရာအခါ၊ တစ်ဖန်အိပ်ရာ အခါကဲ့သို့ တစ်ဖန် ဘဝင်ဖြစ်ရာအခါကို မှတ်အပ်ပါသည်။

အမွှောပမာဖြင့်ပြအပ်သော အဓိပ္ပါယ်

အမွှောပမာဖြင့် အာရုံ၏ပသာဒ၌ ထိခိုက်ခြင်းသည်သာ ကိစ္စ၊ အာဝဇ္ဇန်း၏ အာရုံကို နှလုံးသွင်းခြင်းသည်သာကိစ္စ၊ စက္ခုဝိညာဏ်၏ မြင်ခြင်းမျှသည်သာကိစ္စ၊ သမ္ပဋိစ္ဆိန်း စသည်တို့၏ ခံယူခြင်းအစရှိသည်မျှသည်သာကိစ္စ၊ ဇော၏အာရုံ၏အရသာကို ခံစားခြင်း သည်သာကိစ္စ၊ တဒါရုံ၏ ဇောသည် ခံစားအပ်ပြီးသောအာရုံကို ခံစားခြင်းသည်သာ ကိစ္စတည်း။

ဤသို့ ကိစ္စတို့၏အစွမ်းဖြင့် အာရုံစသော တရားတို့၏ အချင်းချင်းမရောယှက် သည်၏ အဖြစ်ကိုပြပါသည်။

အာဝဇ္ဇန်းစသောဝိထိစိတ်တို့ ဖြစ်ပေါ်ပုံ

အာရုံနှင့်ပသာဒ ထိခိုက်ရာ၌ အာဝဇ္ဇန်းစသော ဝိထိစိတ်တို့ ဖြစ်လာရခြင်းသည် ထာဝရဘုရား၊ ဗြဟ္မာစသောပုဂ္ဂိုလ်တို့က တိုက်တွန်းဖန်ဆင်းပေး၍ ဖြစ်လာရခြင်းမဟုတ်ပါ။ ဥတုနိယာမ၊ ဗီဇနိယာမ စသည်တို့ကဲ့သို့ စိတ္တနိယာမ၏ အစွမ်းဖြင့်သာလျှင် ဖြစ်ပေါ်လာရ ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

နိယာမ ၅-ပါး မှတ်သားဖွယ်

နိယာမ ၅-ပါးကား... (၁) ဥတုနိယာမ၊ (၂) ဗီဇနိယာမ၊
(၃) ကမ္မနိယာမ၊ (၄) ဓမ္မနိယာမ၊
(၅) စိတ္တနိယာမ-တို့ ဖြစ်ပါသည်။

ဥတုနိယာမ

ထိုငါးပါးတို့တွင် ထိုထိုသို့သောအခါ၌ ထိုထိုသို့သော သစ်ပင်တို့၏ တစ်ပြိုင်နက် အပွင့်,အသီး,အညွှန့်ကိုယူခြင်းသည် ဥတုနိယာမ မည်ပါသည်။

ဗီဇနိယာမ

နေသို့ ရှေးရှုပွင့်သောပန်းတို့၏ နေသို့ရှေးရှုဖြစ်ခြင်းသည်လည်းကောင်း၊ ငြိန်းနွယ်၏ သစ်ပင်သို့ ရှေးရှုသွားခြင်းသည်လည်းကောင်း၊ အုန်းသီး၏ အထက်၌ အပေါက်ရှိသည်၏ အဖြစ်,အုန်းသီး၌ အရည်ရှိသည်၏ အဖြစ်သည်လည်းကောင်း၊ ဤသို့ ထိုထိုသို့သော မျိုးစေ့တို့၏ ထိုထိုသို့သောမျိုးစေ့တို့နှင့် တူကုန်သော အသီးအစရှိသည်တို့ကို ယူခြင်းသည် ဗီဇနိယာမ မည်ပါသည်။

ကမ္မနိယာမ

တိဟိတ်ကုသိုလ်ကံသည် တိဟိတ်,ဒွိဟိတ်ဝိပါက်တို့ကို ဖြစ်စေ၏၊ ဒွိဟိတ် ကုသိုလ်ကံသည် ဒွိဟိတ်,အဟိတ်ဝိပါက်တို့ကို ဖြစ်စေ၏။ တိဟိတ်ဝိပါက်ကို မဖြစ်စေ၊ ဤသို့ ထိုထိုသို့သော ကံ၏ ထိုထိုသို့သော ဝိပါက်ကိုဖြစ်စေခြင်းသည် ကမ္မနိယာမ မည်ပါသည်။

ဓမ္မနိယာမ

ပစ္စိမဘဝိကဖြစ်သော ဘုရားအလောင်းတို့၏ပဋိသန္ဓေယူသောအခါ၌လည်းကောင်း၊ အဓိဝမ်းမှ ဖွားသောအခါ၌လည်းကောင်း၊ ဘုရားဖြစ်သောအခါ၌လည်းကောင်း၊ မြတ်စွာဘုရား၏ ဓမ္မစကြာတရား ဟောသောအခါ၌လည်းကောင်း၊ အာယုသင်္ခါရကို လွှတ်သောအခါ၌ လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုသောအခါ၌လည်းကောင်း တစ်သောင်းသော စကြဝဠာလှုပ်ခြင်း သည် ဓမ္မနိယာမမည်ပါသည်။

http://www.dhammadownload.com

စိတ္တနိယာမ

အာရုံနှင့်ပသာဒတို့ တွေ့ထိခဲ့သည်ရှိသော် "သင်သည် အာဝဇ္ဇန်းဖြစ်လော့၊ သင်သည်ဓောဖြစ်လော့" ဟု တိုက်တွန်းသောသူ မရှိသော်လည်း မိမိတို့၏သဘောအား ဖြင့် အာရုံနှင့် ပသာဒထိခဲ့သည်မှစ၍ ကြိယာဖြစ်သောမနောဓာတ်သည် ဘဝင်ကိုလည်စေ၏။ စက္ခုဝိညာဏ်သည် ဒဿနကိစ္စကို ပြီးစေ၏။ ဤသို့ အစရှိသောအစဉ်ဖြင့် စိတ်တို့၏ ဖြစ်ခြင်းသည် စိတ္တနိယာမ မည်ပါသည်။ (နေရင်းမူ - ဋီကာကျော်နိသျ-နှာ၊ ၃၆၄။)

မဟန္တာရုံဝီထိ၌ တဒါရုံမဖြစ်ခြင်း အကြောင်း

စိတ္တက္ခဏ ၁၄-ချက် အသက်ကြွင်းရှိသော ဒုတိယမဟန္တာရုံဝီထိ၌ အာရုံ၏ သတ္တမဓောတွင် (စိတ္တက္ခဏ ၁၇-ချက် အသက်စေ့ကာ) ချုပ်သွားသောကြောင့် မဟန္တာရုံ ဝီထိ၌ တဒါရုံတို့၏ ဖြစ်ခြင်းမရှိပါ။

ပထမမဟန္တာရုံဝီထိ၌ တဒါရုံမဖြစ်နိုင်ခြင်းအကြောင်း

ပထမမဟန္တာရုံဝီထိ၌ သတ္တမဓောနောင် တဒါရုံတစ်ကြိမ်ကျလောက်သော အာရုံ ရှိသော်လည်း အလုံးစုံသောဝါရတို့၌ "တဒါရမ္မဏာနိ ဒွေ" ဟူ၍ တဒါရုံ ၂-ကြိမ်သာ လာရကား တဒါရုံ ၂-ကြိမ်ဖြစ်လောက်အောင် အာရုံမရှိသောကြောင့် ပထမမဟန္တာရုံ ဝီထိ၌လည်း တဒါရုံတို့၏ ဖြစ်ခြင်းမရှိပါ။

မလောက်သည်ဖြစ်၍ လွန်ပုံ

မဟန္တာရုံဝီထိ၌ တဒါရုံ ၂-ကြိမ်မဖြစ်လောက်ဘဲ အတီတဘဝင် ၂-ကြိမ်, ၃-ကြိမ် လွန်သည်ကို အပ္ပဟောန္တာတီတက်အရ မလောက်သည်ဖြစ်၍ လွန်သည်ဟုဆို ရပါသည်။

ပရိတ္တာရုံဝီထိ၌ ဓောမဖြစ်ခြင်းအကြောင်း

ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌောနောင် စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော်လည်း အတီတဘဝင်မှ ဥပါဒ်လာသော အာရုံသည် နည်းသော အသက်ကြွင်းရှိသည်၏ အဖြစ်ဖြင့် အားနည်းသောကြောင့် ဓောဖြစ်လောက်အောင် ကျေးဇူးမပြုနိုင်ရကား ပရိတ္တာရုံဝီထိ၌ ဓောဖြစ်ခြင်း မရှိပါ။

http://www.dhammadownload.com

ဝုဠ္ဍောသို့မရောက်ဘဲ စိတ်ဆုတ်နှစ်ခြင်းမဖြစ်ပုံ

ဝီထိစိတ်တစ်ခုဖြစ်ပေါ်ရာ၌ ဝုဠ္ဍောသို့မရောက်ဘဲ စက္ခုဝိညာဏ်စသော အကြား စိတ်တစ်ခုခု၌ (ရပ်၍ စိတ်ဖြစ်ခြင်း၏ ဆုတ်နှစ်ခြင်းမည်သည် မရှိသောကြောင့်) ဝုဠ္ဍောသို့ မရောက်ဘဲ စိတ်ဆုတ်နှစ်ပြီးဆုံးခြင်း မဖြစ်ပါ။

အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ်မဖြစ်ဘဲ ဘဝင်စိတ်ချည်းသာ ဖြစ်ရခြင်းအကြောင်း

လွန်သောအဖို့အားဖြင့် စိတ္တက္ခဏ ၇-ချက် အသက်ကြွင်းရှိသောကြောင့် အာရုံ၏ ဝုဠ္ဍော ၂-ကြိမ်, ၃-ကြိမ်ဖြစ်ခြင်းငှာ မလောက်သောကြောင့် (မစွမ်းနိုင်သောကြောင့်) ဝီထိစိတ်ဖြစ်ခြင်းမရှိပါ။ ထို့ကြောင့် အတိပရိတ္တာရုံဝီထိ၌ ဘဝင်စိတ်ချည်းသာ ဖြစ်ရပါသည်။

အကျိုးပြပါဠိ

ဘဝင်္ဂစလုနမေဝ-၌ ဧဝသဒ္ဒါ၏အကျိုးပြပါဠိကား... နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ ဖြစ်ပါသည်။

နောက်ဆုံးဝါရကို မောဃဝါရဟု ဆိုရခြင်းအကြောင်း

အချင်းခပ်သိမ်း ဝီထိစိတ်တို့၏ ဖြစ်ခြင်းမရှိသောကြောင့် ဤနောက်ဆုံးဝါရကိုသာ (အတိပရိတ္တာရုံဝီထိကိုသာ) မောဃဝါရဟု အရှင်အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။

မှတ်ချက် ။ ။ အင္ဒသာလိနီစသော တစ်ပါးသောကျမ်းတို့၌ ဒုတိယဝါရ, တတိယဝါရ ဟုဆိုအပ်သော မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိတို့ကိုလည်း တဒါရုံနှင့်ဓော တို့ဆိတ်သည်၏ အဖြစ်ကြောင့် မောဃဝါရဟု ဆိုကြပါသေးသည်။

မောဃဝါရ၏ အာရုံဟုဆိုသင့်ခြင်းအကြောင်း

မောဃဝါရက အတိပရိတ္တာရုံကို အာရုံမပြုသော်လည်း အတိပရိတ္တာရုံသည် မောဃဝါရဟု သိစေခြင်း၏ အကြောင်းဖြစ်သောကြောင့် အတိပရိတ္တာရုံကို မောဃဝါရ၏ အာရုံဟု ဆိုခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

မနောဒွါရ ကာမဇောဝါရ
မနောဒွါရိကစိတ်တို့၏ အာရုံကို ဝိဘူတ, အဝိဘူတအစွမ်းဖြင့် မှတ်ဆိုခြင်းအကြောင်း

မနောဒွါရိကစိတ်သည် ပစ္စုပ္ပန်အာရုံတစ်မျိုးတည်းကိုသာ အာရုံပြုသည်မဟုတ်၊ အတိတ်အာရုံ, အနာဂတ်အာရုံများကိုလည်း အာရုံပြုသောကြောင့် အတိမဟန္တာရုံစသည်ဖြင့် အာရုံမှတ်ခြင်းငှာ မစွမ်းနိုင်ရကား... ဝိဘူတ, အဝိဘူတအားဖြင့် အာရုံကိုမှတ်၍ ဆိုရပါသည်။

ကာမဇောဝါရ မနောဒွါရ၌ ကာမစိတ်အကုန်မရဘဲ ၄၁-ပါးသာ ရခြင်းအကြောင်း (ဓကစတ္တာလီသဟု ဆိုရခြင်းအကြောင်း)

ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခုတို့၏ အစွမ်းဖြင့် ပဉ္စဒွါရ၌ အသီးအခြားဖြစ်သော ၁၃-ပါးသောစိတ်တို့၏ မနောဒွါရ၌မဖြစ်သောကြောင့် ကာမဇောဝါရ မနောဒွါရ၌ ကာမစိတ်အကုန်မရဘဲ ၄၁-ပါးသာရပါသည်။ (ဝါ) ဓကစတ္တာလီသဟုသာ ဆိုရပါသည်။

မနောဒွါရ အပ္ပနာဇောဝါရ

အပ္ပနာဇောဝါရ, မနောဒွါရ၌ ဝိဘူတ, အဝိဘူတအပြား မရှိခြင်းအကြောင်း

ကသိဏ်းစသောအာရုံ၏ ထင်ရှားရာအခါ၌သာလျှင် အပ္ပနာဇောများဖြစ်သင့်သောကြောင့် အပ္ပနာဇောဝါရ မနောဒွါရဝီထိ၌ ဝိဘူတ, အဝိဘူတအပြားမရှိပါ။ ဝိဘူတာရုံတစ်မျိုးသာရှိပါသည်။

ပရိကံမည်ပုံ

အပ္ပနာကို ပြုပြင်စီရင်တတ်၊ အပ္ပနာဖြစ်ပေါ်လာအောင် ပြုတတ်သော်ကြောင့် (မဟာကုသိုလ်, ကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ခုတို့တွင် တစ်ခုခုသော ဇောစိတ်၏) (ပထမစိတ်သည်) ပရိကံမည်ပါသည်။

http://www.dhammadownload.com

ဥပစာမည်ပုံ

အပွနှာ၏အနီး၌ ဖြစ်တတ်သောကြောင့် ဒုတိယစိတ်သည် ဥပစာမည်ပါသည်။
တစ်နည်း… အပွနှာသို့ကပ်၍ဖြစ်တတ်သောကြောင့် ဒုတိယစိတ်သည် ဥပစာမည်ပါသည်။

အနုလုံမည်ပုံ

ရှေးအဖို့၌ ပရိကံတို့အားလည်းကောင်း၊ အထက်အဖို့၌ အပွနှာအားလည်းကောင်း လျော်သောကြောင့် (တတိယစိတ်သည်) အနုလုံမည်ပါသည်။
တစ်နည်း… ရှေးအဖို့ဖြစ်သော ပရိကံတို့အား ပစ္စယုပ္ပန်အဖြစ်ဖြင့်လည်းကောင်း၊ အထက်ဖြစ်သော အပွနှာအား ပစ္စည်းအဖြစ်ဖြင့်လည်းကောင်း လျော်သောကြောင့် (တတိယစိတ်သည်) အနုလုံမည်ပါသည်။

ဂေါတြဘုမည်ပုံ

ကာမအနွယ်, ပုထုဇဉ်အနွယ်ကို နှိပ်စက်ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်အနွယ်, လောကုတ္တရာအနွယ်ကို တိုးပွားစေတတ်သောကြောင့်လည်းကောင်း (စတုတ္ထစိတ်သည်) ဂေါတြဘုမည်ပါသည်။

ဒုတိယစိတ်ကို ဥပစာဟုဆိုရခြင်းအကြောင်း

အပွနှာ၏အနီး၌ဖြစ်သောကြောင့် ဥပစာဟုဆိုလျှင် ဂေါတြဘုသာ ဥပစာမည်သင့်သော်လည်း မနီးလွန်းသော်လည်း အလွန်ဝေးသောအရပ်၌ မဖြစ်သောကြောင့် ဒုတိယစိတ်ကိုပင် ဥပစာဟု ဆိုရပါသည်။

ဂေါတြဘုနှစ်ပါး ခြားနားချက်

ဈာနဝီထိ၌ပါသော ဂေါတြဘုကား… ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်သောကြောင့် လည်းကောင်း ဂေါတြဘုမည်ပါသည်။

မဂ္ဂဝီထိ၌ပါသော ဂေါတြဘုကား… ပုထုဇဉ်အနွယ်ကို နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ လောကုတ္တရာအနွယ်ကို ပွားစေတတ်သောကြောင့်လည်းကောင်း ဂေါတြဘုမည်ပါသည်။ ဤသို့ခြားနားပါသည်။

http://www.dhammadownload.com

ဂေါတြဘုနှင့် ဝေါဒါန်အထူး

သောတာပတ္တိမဂ်၏ အနန္တရပစ္စည်းဖြစ်သော (ရှေးဦးဖြစ်သော) ဉာဏ်သည် ဂေါတြဘုမည်ပါသည်။ အထက်မဂ် ၃-ခုတို့၏ ရှေးဦးဖြစ်သော ဉာဏ်သည် ဝေါဒါန်မည်ပါသည်။ ဤသို့ထူးပါသည်။

ကိလေသာတည်းဟူသော အညစ်အကြေးမှ စင်ကြယ်သောကြောင့် အထက်မဂ် ၃-ခု၏ရှေ့ဦး ဖြစ်သော ဂေါတြဘုစိတ်သည် ဝေါဒါန်မည်ပါသည်။

စတုက္ကတ္တဲ့ တိက္ကတ္တုမေဝဝါ-ဟု ဆိုရခြင်းအကျိုး

ပရိကံအစရှိကုန်သော အမည်တို့၏ အကြွင်းမရှိသောအားဖြင့် ရအပ်သောဝါရကို ပြခြင်းအကျိုးငှာ စတုက္ကတ္တဲ့၊ တိက္ကတ္တုမေဝ ဝါ-ဟု စတုသန္နိဿဒ္ဓါကို အစထား၍ ဆိုရပါသည်။

စတုတ္ထံ ပဉ္စမံ ဝါ-ဟု ဆိုရခြင်းအကျိုး

အရေအတွက်အစဉ်၏ အစွမ်းဖြင့် ဆိုထားသည်ဟု သိစေခြင်းအကျိုးငှာ စတုတ္ထံ၊ ပဉ္စမံ ဝါ-ဟု ပဉ္စမသန္နိဿဒ္ဓါကို အဆုံးဦးထား၍ ဆိုရပါသည်။

မှတ်ချက် ။ ။ ထိုသို့ ဆိုထားသော်လည်း လိုရင်းအဓိပ္ပါယ်မှာ ခိပ္ပါဘိညပုဂ္ဂိုလ်အား သုံးကြိမ်မြောက်ဖြစ်သော ဥပစာရသမာဓိစေတနာငှင်၊ လေးကြိမ်မြောက်၌ အပွနာစော "စော" သည်၊ ဒန္ဓာဘိညပုဂ္ဂိုလ်အား လေးကြိမ်မြောက်ဖြစ်သော ဥပစာရသမာဓိစေတနာငှင် ငါးကြိမ်မြောက်၌ အပွနာစော "စော" သည်ဟုမှတ်ပါ။

ယထာရဟံဖြင့် ပြသောအဓိပ္ပာယ်

ယထာရဟံ-ဟူသောပါဠိဖြင့် ခိပ္ပါဘိညပုဂ္ဂိုလ်တို့အား သုံးကြိမ်မြောက်ဖြစ်သော ကာမာဝစရဇော၏ အခြားမဲ့၌ လေးကြိမ်မြောက် အပွနာစောဖြစ်သည်ကိုလည်းကောင်း၊ ဒန္ဓာဘိညပုဂ္ဂိုလ်အား လေးကြိမ်မြောက်ဖြစ်သော ကာမာဝစရဇော၏အခြားမဲ့၌ ငါးကြိမ်မြောက် အပွနာစောဖြစ်သည်ကိုလည်းကောင်း ပြပါသည်။

http://www.dhammadownload.com

၄-ကြိမ်အောက်အယုတ်၊ ၅-ကြိမ်ထက်အလွန် အပွနှာဇောများ မဖြစ်ခြင်းအကြောင်း

အာသေဝနပစ္စည်းကို မရသော့ အနုလုံသည် ဂေါတြဘုဖြစ်စေခြင်းငှာ မစွမ်းနိုင်သောကြောင့် လေးကြိမ်အောက်အယုတ် သုံးကြိမ်မြောက်၌လည်းကောင်း အာသေဝနပစ္စည်းကိုရသော်လည်း ဘဝင်ကျခြင်းနှင့် နီးကပ်သောကြောင့် ငါးကြိမ်ထက်အလွန်ခြောက်ကြိမ်, ခုနစ်ကြိမ်မြောက်၌လည်းကောင်း အပွနှာဇောများ မဖြစ်ခြင်း ဖြစ်ပါသည်။

တစ်နည်း-ဥပမာဖြင့် ရှင်းပုံ

အာသေဝနပစ္စည်းကို မရသောအနုလုံသည် ဂေါတြဘုကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်၊ အာသေဝနပစ္စည်းကိုရသော်လည်း ဘဝင်ကျခြင်းနှင့် နီးကပ်နေသောကြောင့် ဂုဏ်းပါးပြတ်အနီးသို့ ပြေးသွားသောယောဂျီများသည် ရပ်တည်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ အပွနှာဇောများသည် အပွနှာဏ်အစွမ်းဖြင့် တည်ခြင်းငှာမစွမ်းနိုင်၊ ထို့ကြောင့် ၄-ကြိမ်အောက်အယုတ် ၃-ကြိမ်မြောက်၌လည်းကောင်း၊ ၅-ကြိမ်ထက်အလွန် ၆-ကြိမ်,၇-ကြိမ်မြောက်၌လည်းကောင်း အပွနှာဇောများမဖြစ်ခြင်း ဖြစ်ပါသည်။

ယထာဘိနီဟာရ အဓိပ္ပါယ်

ယထာဘိနီဟာရ၏ အဓိပ္ပါယ်ကား...ရူပဈာန်, အရူပဈာန်အားလျော်သော သမထဘာဝနာစိတ်, လောကုတ္တရာမဂ်ဖိုလ်စိတ်အားလျော်သော ဝိပဿနာဘာဝနာစိတ်ကို မိမိအာရုံသို့ ရှေးရှုဆောင်ခြင်းအားလျော်စွာ ၂၆-ပါးသောမဟဂ္ဂုတ်, လောကုတ္တရာဇောတို့တွင် တစ်ခုခုသောဇောသည် အပွနှာဇောအဖြစ်ဖြင့် ဖြစ်ပေါ်လာခြင်းကို ဆိုလိုပါသည်။

အပွနှာဝသာနေ-ဟု ထပ်ဆိုရခြင်းအကြောင်း

တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ-ဟု ဤမျှသာဆိုလျှင် ၄-ကြိမ်မြောက်, ၅-ကြိမ်မြောက်ဖြစ်သော အပွနှာဇောနောင် ဘဝင်သာကျသည်၊ မဂ္ဂဝီထိ, သမာပတ္တိဝီထိတို့၌ ဈာန်ဇော, ဖိုလ်ဇောတို့ ထပ်ပြန်တလဲလဲ (အကြိမ်များစွာ) ဖြစ်ခြင်းမရှိတော့ဟု မှတ်ယူမည်ဖြစ်သောကြောင့် အပွနှာဝသာနေဟု တစ်ဖန်ထပ်၍ ဆိုရပြန်ပါသည်။

http://www.dhammadownload.com

ဘဝင်္ဂပါတော်ဝ-၌ ဧဝသဒ္ဒါထည့်ဆိုရခြင်းအကျိုး

ဧတေဝနဝါသိ အာဃဂိရိရဟန်းတို့သည် လောကီအပ္ပနာတို့တွင် ရှေးဦးစွာဖြစ်သော အပ္ပနာ၌ (စျာနအာဒိကမ္မိက အပ္ပနာဝီထိ၌) စျာန်ဓောတစ်ကြိမ်နှောင် ဓော ၇-ကြိမ်ပြည့်စေခြင်းငှာ ကာမဓော ၂-ကြိမ်, ၃-ကြိမ်ဖြစ်သေးသည်ဟု အယူရှိကြသောကြောင့် ထိုအယူကို တားမြစ်ခြင်းအကျိုးငှာ ဘဝင်္ဂပါတော်ဝ-၌ အဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါကို ထည့်၍ဆိုရပါသည်။

သောမနဿကာမဓောနှောင် ဥပေက္ခာအပ္ပနာကို အလိုမရှိခြင်းအကြောင်း

ပြားသောဝေဒနာရှိကုန်သော ဓောတို့အချင်းချင်း အာသေဝနပစ္စည်း၏အဖြစ်ကို မထုတ်အပ်သောကြောင့် သောမနဿဉာဏသမ္ပယုတ် ကာမဓောနှောင် ဥပေက္ခာအပ္ပနာဓော ကို အလိုမရှိအပ်ခြင်း ဖြစ်ပါသည်။

ကာမကုသိုလ်ဓောနှောင် ကြိယာအပ္ပနာမဖြစ်ခြင်းအကြောင်း

ကုသိုလ်ဓောတို့ကား ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့ သန္တာန်၌ဖြစ်၍ ကြိယာဓောကား ရဟန္တာသန္တာန်၌ဖြစ်သဖြင့် ပြားသောပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သောကြောင့် ကာမကုသိုလ်ဓောနှောင် ကြိယာအပ္ပနာဓောများ မဖြစ်ခြင်းဖြစ်ပါသည်။

တဒါရမ္မဏနိယမလာ အဓိပ္ပါယ် ဣဋ္ဌမဇ္ဈတ္တာရုံကို ယူရခြင်းအကြောင်း

အတိဣဋ္ဌာရုံကို အသီးအခြားဆိုလတ္တံ့ဖြစ်သောကြောင့် "ဣဋ္ဌေ ကုသလဝိပါကာနိ" ၌ ဣဋ္ဌအရ ... ဣဋ္ဌမဇ္ဈတ္တာရုံကို ယူရပါသည်။

ကုသလဝိပါကာနိအရ... ကုသိုလ်အကျိုးဖြစ်သော (ကုသလဝိပါက်ဖြစ်သော) ပဋိဝိညာဏ်, သမ္ပဋိစ္ဆိန်း တို့ကိုယူရပါမည်။

http://www.dhammadownload.com

အနိဋ္ဌာရုံ၌ အကုသလဝိပါက် ဣဋ္ဌာရုံ၌ ကုသလဝိပါက် ဖြစ်ရခြင်းအကြောင်း

အနိဋ္ဌာရုံနှင့်တွေ့ကြုံရခြင်းသည် အကုသိုလ်ကံ၏ အကျိုးပေးဖြစ်သောကြောင့် အနိဋ္ဌာရုံ၌ အကုသလဝိပါက်၊ ဣဋ္ဌာရုံနှင့် တွေ့ကြုံရခြင်းသည် ကုသိုလ်ကံ၏ အကျိုးပေးဖြစ်ခြင်းကြောင့် ဣဋ္ဌာရုံ၌ ကုသလဝိပါက်စိတ်တို့ ဖြစ်ရပါသည်။

အတိဣဋ္ဌေ ပန-စသောစကားကို ဆိုရခြင်းအကြောင်း

(အတိဣဋ္ဌာရုံ၌ ဥပေက္ခာသန္တီရဏတဒါရုံတို့ ဖြစ်ကောင်းသော်လည်း)ဣဋ္ဌမဇ္ဈတ္တာရုံ၌ သန္တီရဏတဒါရုံတို့သည် ဥပေက္ခာသဟဂုတ်များသာ ဖြစ်ကြသောကြောင့် အတိဣဋ္ဌာရုံ၌ သောမနဿသာဖြစ်သင့်၍ အတိဣဋ္ဌေ ပန-စသောစကားကို အရှင်အနုဒ္ဒါဆရာ ဆိုရှုပါသည်။

အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏတဒါရုံ ဖြစ်ခြင်းအကြောင်း

ကြေးမုံပြင်၌ထင်လာသော မျက်နှာရိပ်သည် အထူးကြံခြင်းမရှိသည်၏ အဖြစ်ကြောင့် ကြံဆ၍ မယူရသကဲ့သို့ ဣဋ္ဌာရုံ၏အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်သည် အထူးကြံခြင်းမရှိသည်၏ အဖြစ်ကြောင့် ကြံဆ၍ယူခြင်းမရှိ၊ အာရုံအားလျော်စွာသာလျှင် စေဒနာယှဉ်မှုဖြစ်သောကြောင့် အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏတဒါရုံများ ဖြစ်ရပါသည်။

ကုသိုလ် အကုသိုလ်စေတို့ အာရုံအတိုင်း စေဒနာအယှဉ်မဖြစ်ခြင်းအကြောင်း

ကုသိုလ်, အကုသိုလ်စေတို့ကား မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာ၊ ဝိပွလ္လာသရှိသော ပုထုဇဉ်, သေက္ခတို့၏ သန္တာန်၌ဖြစ်၍ အတိဣဋ္ဌာရုံကို ဣဋ္ဌမဇ္ဈတ္တာရုံ၊ အနိဋ္ဌာရုံအခြင်းအရာအားဖြင့်လည်းကောင်း၊ အနိဋ္ဌာရုံကို ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံ အခြင်းအရာအားဖြင့်လည်းကောင်း (ပြောင်းလဲဖောက်ပြန်၍) ယူတတ်, ရူတတ်သောကြောင့် ထင်လာတိုင်းသောအာရုံအတိုင်း စေဒနာယှဉ်ခြင်း မဖြစ်နိုင်ပါ။

http://www.dhammadownload.com

ရဟန္တာတို့အား အာရုံအတိုင်း တဒါရုံဖြစ်ရခြင်းအကြောင်း

ရဟန္တာပုဂ္ဂိုလ်တို့အား စိတ္တဝိပလ္လာသမရှိသောကြောင့် အာရုံအတိုင်းသာလျှင် သောမနဿကြိယာဇောနောင် သောမနဿတဒါရုံ, ဥပေက္ခာကြိယာဇောနောင် ဥပေက္ခာတဒါရုံဖြစ်ရပါသည်။

ဒေါသဇောနောင် သောမနဿတဒါရုံနှင့် သောမနဿဘဝင် မကျခြင်းအကြောင်း

ဒေါသနှင့် သောမနဿတို့သည် အချင်းချင်းဆန့်ကျင်ခြင်းသဘော ရှိကြသောကြောင့် ဒေါသဇောနောင် သောမနဿတဒါရုံနှင့် သောမနဿဘဝင်တို့ မကျခြင်းဖြစ်ပါသည်။

ဇောဖြင့်သာ တဒါရုံကို မှတ်ခြင်းအကြောင်း

ဇောဖြင့် တဒါရုံကိုမှတ်ခြင်းသည်မှ ဧကန္တိကနည်းဖြစ်၍ ဉာဏသမ္မယုတ်, ဉာဏဝိပ္ပယုတ်ဖြင့် တဒါရုံကို မှတ်ခြင်းကား.. အနေကန္တိကနည်းဖြစ်သောကြောင့် ဇောဖြင့် တဒါရုံကိုမှတ်၍ ဉာဏသမ္မယုတ်, ဉာဏဝိပ္ပယုတ်ဖြင့် တဒါရုံကို မမှတ်ပါ။

တဒါရုံမကျခြင်းအကြောင်း

သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော တိတ္ထိစသောပုဂ္ဂိုလ်အား ဘုရားအစရှိသော အတိက္ကန္တာရုံကို တွေ့မြင်၍ ဒေါသဖြစ်ရာ၌ ယင်းဒေါသနောင် တဒါရုံမကျနိုင်ပါ။

အကြောင်းကား.. ဒေါသဇောနောင်ဖြစ်၍ သောမနဿတဒါရုံ၏မဖြစ်ခြင်းကြောင့် လည်းကောင်း၊ အတိက္ကန္တာရုံဖြစ်၍ ဥပေက္ခာတဒါရုံ၏လည်း မဖြစ်ခြင်းကြောင့် လည်းကောင်း ဖြစ်ပါသည်။

သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ဈာန်ရပုဂ္ဂိုလ်အား မလျောက်ပတ်သော ကာမအာရုံကြောင့် လျောကျပြီးသောဈာန်တို့ကို အာရုံပြု၍ စိတ်မချမ်းမသာဖြစ်ရာ၌လည်း ယင်းပုဂ္ဂိုလ်၏ ဒေါသဇောနောင် တဒါရုံမကျနိုင်ပါ။

အကြောင်းကား... အာရုံပြုသောဈာန်သည် မဟဂ္ဂုတ်အာရုံဖြစ်၍ ကာမာဝစရမဟုတ်သော မဟဂ္ဂုတ်အာရုံ၌ တဒါရုံ၏ ဖြစ်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက် ။ ။ ထိုသို့ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဓောနောင် တဒါရုံမကျနိုင်၍ ရှေ့ခြေလေ့ကျက်ဖူးသော ကာမအာရုံကို အာရုံပြုလျက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုကဘဝင်အဖြစ်ဖြင့် ကျပါသည်။

ထို့နောက် ထိုအာဂန္တုကဘဝင်စိတ်၏ အခြားမဲ့၌ သောမနဿဘဝင်ကျရပါသည်။ ယင်း ဥပေက္ခာသဟဂုတ် အာဂန္တုကဘဝင်စိတ်သည် အာဝဇ္ဇန်းကိစ္စကင်းလျက် ဖြစ်သည်။

ပရိစိတပုဗ္ဗ အဓိပ္ပါယ်

ယခုဘဝ၌ပင် အာဂန္တုကဘဝင်စိတ်ဖြစ်သော ခဏမှ ရှေ့အဖို့၌ အာရုံပြုခြင်းများသည်၏အစွမ်းဖြင့် အလေ့အကျက်ပြုဖူးသည်ကို ပရိစိတပုဗ္ဗဟု ဆိုပါသည်။ (ရှေးရှေးဘဝတွေက အလေ့အကျက်ပြုဖူးသည်ကို မဆိုလို။)

အာဝဇ္ဇန်းနှင့်ကင်း၍ ဖြစ်နိုင်သောစိတ်များ
(ဆင်ခြင်ခြင်းကင်း၍ ဖြစ်နိုင်သောစိတ်များ)

အာဝဇ္ဇန်းနှင့်ကင်း၍ ဖြစ်နိုင်သော စိတ်တို့ကား....

အာဂန္တုကဘဝင်စိတ် ၆-ခု၊ မဂ္ဂဝီထိ၌ပါသော ဂေါတြဘူနှင့် ဓေါဒါန်၊ ဖလသမာပတ္တိဝီထိ၌ပါသော ဖိုလ်ဓော၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဓော၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဓောတို့ဖြစ်ပါသည်။

အာဂန္တုကဘဝင်ကိစ္စ တပ်ရခြင်းအကြောင်း

သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဓောနောင်ဖြစ်ရသော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ဓော၏အာရုံကို မယူသောကြောင့် တဒါရုံကိစ္စဖြင့်လည်း မဖြစ်၊ သမ္ပဋိစ္ဆိန်းသည် ခံယူပြီးသော အာရုံကို စုံစမ်းသောအစွမ်းအားဖြင့် မဖြစ်သောကြောင့် သန္တီရဏကိစ္စဖြင့်လည်းမဖြစ်၊ ပဝတ္တိအခါ၌ဖြစ်၍ ပဋိသန္ဓေကိစ္စ, စုတိကိစ္စတို့ဖြင့်လည်း ဆိုဖွယ်မရှိ၊ ဖြစ်ဆဲဘဝအကြောင်း၏အဖြစ်ကြောင့် ဘဝင်အဖြစ်သာ သင့်လျော်ရကား.. အာဂန္တုကဘဝင်ကိစ္စတပ်၍ ဖြစ်ရပါသည်။

http://www.dhammadownload.com

ဝိထိမုတ်ပိုင်းလာစကားနှင့် မဆန့်ကျင်ခြင်းအကြောင်း

ဝိထိမုတ်ပိုင်းလာ ပဋိသန္ဓေ, ဘဝင်တို့သည် သမ္မယုတ္တဓမ္မ, အာရုံအားဖြင့် တူရမည် ဟူသောစကားသည် ယေဘုယျအားဖြင့်ဆိုသော စကားဖြစ်၍ အပွကအားဖြင့် မတူသော အရာလည်း အနည်းငယ်ရှိသေးသည်ဟူသော အဓိပ္ပါယ်သက်ရောက်သောကြောင့် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည် ရှေးဌိလေ့ကျက်ဖူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုက ဘဝင်ကိစ္စအဖြစ်ဖြင့် ဖြစ်၏ဟူသောစကားသည် ဝိထိမုတ်ပိုင်းလာစကားနှင့် မဆန့်ကျင်ပါ။

ကာမဇောအဆုံးဌိ တဒါရုံဖြစ်ရခြင်းအကြောင်း

တဒါရုံသည် ကာမတဏှာလျှင် အကြောင်းအရင်းရှိသော ကံကြောင့်သာလျှင် ဖြစ်သောကြောင့် ကာမဇော၏ အဆုံးဌိသာ တဒါရုံဖြစ်ရပါသည်။

မဟဂ္ဂုတ်, လောကုတ္တရာဇောအဆုံးဌိ တဒါရုံမဖြစ်ခြင်းအကြောင်း

မဟဂ္ဂုတ်, လောကုတ္တရာဇောတို့သည် (နီမိဟုဆိုအပ်သော)တဒါရုံကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ (မိမိဟုဆိုအပ်သော) တဒါရုံကို ဖြစ်စေတတ်သော ကာမဇောနှင့် (ဘုံအားဖြင့်) တူသည်၏အဖြစ်မရှိသောကြောင့်လည်းကောင်း မဟဂ္ဂုတ်, လောကုတ္တရာဇောတို့၏အဆုံးဌိ တဒါရုံဖြစ်ခြင်းမရှိပါ။

ဥပမာနှင့်ဖြေပုံ

အိမ်မှအပြင်သို့ထွက်လိုသော သူငယ်သည် ဖခင်, ထိုဖခင်နှင့်တူသော ဘကြီး, ဘထွေးတို့၏ လက်ကိုစွဲလျက်သာထွက်၍ မင်းချင်းယောက်ျား စသည်တို့၏ လက်ကိုစွဲလျက် မလိုက်သကဲ့သို့ ဘဝင်အာရုံမှ တစ်ပါးသောအာရုံဌိဖြစ်သော တဒါရုံသည်လည်း (ဘဝင်နှင့်တူသော) ကာမာဝစရကုသိုလ်, အကုသိုလ်ဇော (ဘကြီး,ဘထွေးနှင့်တူသော) ကာမာဝစရကြိယာဇောသို့သာလိုက်၍ သဘောမတူသော (မသိသော) (မင်းချင်းယောက်ျားနှင့်တူသော) မဟဂ္ဂုတ်, လောကုတ္တရာဇောသို့ မလိုက်ပါ။ (ဝါ)မဟဂ္ဂုတ်, လောကုတ္တရာဇောတို့၏ အဆုံးဌိ တဒါရုံမဖြစ်ပါ။

http://www.dhammadownload.com

ဗြဟ္မာတို့အား တဒါရုံမဖြစ်ခြင်းအကြောင်း

ဗြဟ္မာတို့သန္တာန်၌ တဒါရုံ၏ အားကြီးသောအကြောင်းဖြစ်သော ကာမာဝစရ ပဋိသန္ဓေတည်းဟူသော မျိုးစေ့မရှိသောကြောင့် ဗြဟ္မာတို့အား တဒါရုံမဖြစ်ပါ။

ကာမသတ္တဝါတို့အား တဒါရုံဖြစ်ရခြင်းအကြောင်း

ကာမသတ္တဝါတို့သန္တာန်၌ တဒါရုံ၏အားကြီးသောအကြောင်းဖြစ်သော ကာမာဝစရ ပဋိသန္ဓေတည်းဟူသော မျိုးစေ့ရှိသောကြောင့် ကာမသတ္တဝါတို့အားသာ တဒါရုံ ဖြစ်ရပါသည်။

မဟဂ္ဂုတ်, လောကုတ္တရာအာရုံ၌ တဒါရုံမဖြစ်ခြင်းအကြောင်း

တဒါရုံ၏ လေ့ကျက်ရာ, ကျက်စားရာအာရုံမဟုတ်သောကြောင့် မဟဂ္ဂုတ်, လောကုတ္တရာအာရုံတို့၌ တဒါရုံဖြစ်ခြင်းမရှိပါ။

ဥပမာဖြင့်ဖြေပုံ

အဘ, ဘကြီး, ဘထွေး တို့၏နောက်သို့ လိုက်သွားသောသူငယ်သည် မရောက်ဖူးသော တော-အစရှိသောအရပ်သို့ မလိုက်မူ၍ ရောက်ဖူးသောအိမ်ဦးကြမ်းပြင် စသော ရောက်ဖူးလေ့ကျက်ဖူးသောအရပ်သို့သာ လိုက်သကဲ့သို့ ထို့အတူ တဒါရုံသည်လည်း လေ့ကျက်ဖူးသော ကာမအာရုံ၌သာဖြစ်၍ မလေ့ကျက်ဖူးသော မဟဂ္ဂုတ်, လောကုတ္တရာအာရုံတို့၌မဖြစ်ပါ။

ကာမအာရုံ၌သာ တဒါရုံဖြစ်၍ မဟဂ္ဂုတ်စသောအာရုံ၌ တဒါရုံမဖြစ်ခြင်းအကြောင်း

ကာမတဏှာနှင့်စပ်သော ကံသည် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် ကာမအာရုံ၌သာလျှင် တဒါရုံဖြစ်၍ မဟဂ္ဂုတ်, လောကုတ္တရာအာရုံတို့၌ တဒါရုံမဖြစ်ပါ။

http://www.dhammadownload.com

ဗြဟ္မာတို့အား စက္ခုဝိညာဏ်စသောစိတ်တို့ ဖြစ်ရခြင်းအကြောင်း

ဗြဟ္မာတို့အား စက္ခုန္ဒြေ, သောတိန္ဒြေတို့၏ ဖြစ်ခြင်းဟုဆိုအပ်သော အာနုဘော်ကြောင့်လည်းကောင်း၊ စက္ခုဒ္ဝါရဝီထိ, သောတဒ္ဝါရဝီထိတို့၏ အပြားဌ သမ္ပဋိစ္ဆိန်း, သန္တီရဏစိတ်တို့၏ဖြစ်ခြင်းမြဲသောကြောင့်လည်းကောင်း ဗြဟ္မာတို့အား စက္ခုဝိညာဏ်-စသောစိတ်တို့ဖြစ်ရပါသည်။

တဒါရမ္မဏနိယမ ပြီး၏။

* * * * *

ဇဝနနိယမ

မရဏာသန္နအခါ ကာမဓော ၅-ကြိမ်စောရခြင်းအကြောင်း

ဟဒယဝတ္ထုရုပ် အားနည်းသည်ဖြစ်၍ အလွန်အားနည်းစွာဖြစ်သော ကာမဓောဟုဆိုအပ်သော အရှိန်အဟုန်ရှိသောကြောင့် ကာမာဝစရဓောတို့သည် မရဏာသန္နအခါ ၅-ကြိမ်သာ စောရပါသည်။

မရဏကာလာဒီသု-ဌ် အာဒိသဒ္ဒါဖြင့် တွေဝေမိန်းမောသောအခါကို ယူရပါသည်။

ပစ္ဆာဝေက္ခဏာဓောစောရာပုဂ္ဂိုလ်နှင့် စောသောအကြိမ်

ပစ္ဆာဝေက္ခဏာဓောတို့သည် ဘုရားရှင်အား ၄-ကြိမ်၊ ဘုရားရှင်မှ တစ်ပါးသော တရားစစ်သူကြီး အရှင်သာရိပုတ္တရာစသော မထေရ်တို့အား ၅-ကြိမ်စောပါသည်။

အကြောင်းကား... ဘဂဝတော-ဟူသောစကားသည် နိဒဿနနည်းမျှဖြစ်၍ ဘုရားရှင်မှတစ်ပါးသော တရားစစ်သူကြီး အရှင်သာရိပုတ္တရာစသော မထေရ်တို့အားလည်း ဤသို့သဘောရှိသော အဆောတလျင် ပြုအပ်သောကာလ၌ ၇-ကြိမ်မပြည့်သော "၄-ကြိမ်, ၅-ကြိမ်သော" ဓောတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

မှတ်ချက် ။　။ ၄-ကြိမ်, ၅-ကြိမ်သော ပစ္ဆာဝေက္ခဏာဓောတို့သည် တိက္ခိန္ဒြိယပုဂ္ဂိုလ်, မုဒိန္ဒြိယပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်ဖြစ်သည်ဟု အရှင်ဓမ္မပါလမထေရ်ဆိုသော

http://www.dhammadownload.com

ကြောင့် ယင်း...အရှင်ဓမ္မပါလမထေရ်အလိုအားဖြင့်လည်း ပစ္စဝေက္ခဏာ ဓောတို့သည် ဘုရားရှင်အား ၄-ကြိမ်, ဘုရားရှင်မှ တစ်ပါးသော ပုဂ္ဂိုလ်တို့အား ၅-ကြိမ်စောရသည်ဟု မှတ်ရပါမည်။

မဂ်စိတ်နောင် ဖိုလ်ဓော ၂-ကြိမ်၊ ၃-ကြိမ်ဖြစ်ရခြင်းအကြောင်း

တစ်ခုသောအာဝဇ္ဇန်းရှိသော ဝီထိ၌ ဓော ၇-ကြိမ်အတိုင်းအရှည်ရှိသည်၏အဖြစ်ကြောင့် (ဝါ)ဓော ၇-ကြိမ်မျှသာ ဖြစ်ခွင့်ရှိသောကြောင့် ၄-ကြိမ်မြောက်ဖြစ်သော မဂ်စိတ်နောင် ဖိုလ်ဓော ၃-ကြိမ်, ၅-ကြိမ်မြောက်ဖြစ်သော မဂ်စိတ်နောင် ဖိုလ်ဓော ၂-ကြိမ်ဖြစ်ရပါသည်။

အနာဂါမိဖလ် ဝါ အရဟတ္တဖလ် ဝါ-ဟု အထူးပြုဆိုရခြင်းအကြောင်း

အနာဂါမ်နှင့် ရဟန္တာဂို့လ်တို့သာလျှင် နိရောဓသမာပတ်ကို ဝင်စားနိုင်သောကြောင့် အနာဂါမိဖလ် ဝါ, အရဟတ္တဖလ် ဝါ-ဟု အထူးပြု၍ ဆိုရပါသည်။

သမာပတ္တိဝီထိ၌ ဓောအကြိမ်များစွာ ဖြစ်ရခြင်းအကြောင်း

နေ့, ည၌ပတ်လုံးလည်း သမာပတ်ဝင်စားခြင်းဖြစ်နိုင်သောကြောင့် ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိတို့၌ မဂ်ဓော, အတိညာဉ်ဓောမှကြွင်းသော မဟဂ္ဂုတ်, လောကုတ္တရာဓောတို့သည် အကြိမ်များစွာ ဖြစ်ကြသည်။

ဓေနာနီ ဗဟူနိဝိ-၌ အဝိသဒ္ဒါအနက်

ဓေနာနီ ဗဟူနိဝိ-၌ ဝိသဒ္ဒါသည် အာဒီကမ္မိကမဟဂ္ဂုတ်ဓောတစ်ကြိမ်၊ နိရောဓသမာပတ်မှထသောအခါ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့၏ အနာဂါမိဖိုလ်ဓော, အရဟတ္တဖိုလ်ဓောတစ်ကြိမ်၊ နိရောဓသမာပတ်မဝင်စားမီ ရှေ့အဖို့၌ဖြစ်သော နေဝသညာနာသညာယတန ဈာန်ဓောနှစ်ကြိမ်၊ မဂ္ဂါနန္တရဖိုလ်ဓော နှစ်ကြိမ်၊ သုံးကြိမ်တို့ဖြစ်ခြင်းကို ပေါင်းသောကြောင့် သမ္မိဋ္ဌာနအနက်ရှိပါသည်။

ဓေနနိယမ အဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

ပုဂ္ဂလဘေဒ

ဒွိဟိတ်နှင့် အဟိတ်ပုဂ္ဂိုလ် အဓိပ္ပါယ်

အလောဘ, အဒေါသဟိတ်နှစ်ပါးနှင့်ယှဉ်သော ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေနေခြင်း ရှိသောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်ဟုခေါ်ပါသည်။

ဟိတ်မရှိသောအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေခြင်းရှိသောကြောင့် အဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ဒွိဟိတ်, ဒုဂ္ဂတိ, သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့အား အပွနာဇော မရခြင်းအကြောင်း

အပွနာဇောများ ဖြစ်ခြင်းမရှိသောကြောင့် အရဟာတ္တဖိုလ်ဖြစ်ခြင်းမရှိ၊ အရဟာတ္တဖိုလ် ဖြစ်ခြင်းမရှိသောကြောင့် ထိုဒွိဟိတ်စသောပုဂ္ဂိုလ်တို့သည် ကြိယာဇောတို့ကို မရပါ။

ဒွိဟိတ်နှင့် သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့ ဉာဏသမ္မယုတ် ၄-ခုကို မရခြင်းအကြောင်း

မူလပဋိသန္ဓေ၏ တွေဝေမိုက်မဲဉာဏ်ကင်းသည်၏အဖြစ်ကြောင့် ဒွိဟိတ်နှင့်သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက်ဉာဏသမ္မယုတ်စိတ်လေးခုတို့ကို မရခြင်းဖြစ်ပါသည်။

သုဂတိ အဟိတ်ပုဂ္ဂိုလ် မဟာဝိပါက်ဉာဏသမ္မယုတ် ၄-ခုကို မရခြင်းအကြောင်း

သုဂတိအဟိတ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုကို မရသော်လည်း ပဝတ္တိအခါ (ပဋိသန္ဓေကို ပေးတတ်သောကံမှတစ်ပါး) အထူးထူးသောကံကြောင့် တဒါရုံ၏အဖြစ်ဖြင့် ရခြင်းဖြစ်ပါသည်။

တိဟိတ်ပုဂ္ဂိုလ်မည်ပုံ

ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော အလောဘ, အဒေါသ, အမောဟတို့၏ အစွမ်းဖြင့် ဟိတ်သုံးပါးရှိသောကြောင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့သည် တိဟိတ်ပုဂ္ဂိုလ်တို့ မည်ပါသည်။

http://www.dhammadownload.com

သေက္ခမည်ပုံ

သိက္ခာသုံးပါးကို ဖြည့်ကျင့်ခြင်းအမှု မပြီးသေးသည်ဖြစ်၍ ကျင့်ခြင်းအလေ့ရှိသည်၏အဖြစ်ကြောင့် သေက္ခဟု ခေါ်ပါသည်။

သေက္ခပုဂ္ဂိုလ်တို့အား ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာသမ္မယုတ်စိတ်ကိုမရခြင်းအကြောင်း

သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့အား သောတာပတ္တိမဂ်ဖြင့်သာလျှင် သက္ကာယဒိဋ္ဌနှင့် ဝိစိကိစ္ဆာတို့ကို ပယ်အပ်ပြီးဖြစ်သောကြောင့် ထိုသက္ကာယဒိဋ္ဌ, ဝိစိကိစ္ဆာတို့နှင့် တကွဖြစ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့ကို မရခြင်းဖြစ်ပါသည်။

သေက္ခနှင့်ပုထုဇဉ်တို့အား ကြိယာဇော မရခြင်းအကြောင်း

ကြိယာဇောသည် ရဟန္တာပုဂ္ဂိုလ်တို့၏ သီးခြားဥစ္စာဖြစ်သောကြောင့် သေက္ခနှင့် ပုထုဇဉ်တို့အား ကြိယာဇောတို့ကိုမရပါ။

လောကုတ္တရာစေတို့ အရိယာပုဂ္ဂိုလ်အားသာ ယထာရဟဖြစ်ရပုံ

မဂ်စိတ် ၄-ခုတို့သည် စိတ္တက္ခဏတစ်ခုစီသာရှိသဖြင့် မိမိမဂ်ပုဂ္ဂိုလ်မှ တစ်ပါးသော ပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့်လည်းကောင်း၊ အောက်အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် အထက်အထက်ဖြစ်သော သမာပတ်ကို မရသောကြောင့်လည်းကောင်း၊ အထက်အထက်၌ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း အောက်အောက်မဂ်တို့ဖြင့် အကြွင်းမဲ့မဖြတ်အပ်ကုန်သေးသော ကံ, ကိလေသာတို့ကို အကြွင်းမဲ့ချုပ်စေခြင်းဖြင့် သောတာပန်စသောပုဂ္ဂိုလ်မှ သကဒါဂါမ်စသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်၍ အောက်အောက်အမည်များ ငြိမ်းအေးပျောက်ကွယ်သောကြောင့်လည်းကောင်း လောကုတ္တရာစိတ်တို့သည် မိမိတို့ မဂ်ဖိုလ်အားလျော်စွာ အရိယာပုဂ္ဂိုလ်တို့အားသာ ထိုက်သည်အားလျော်စွာ အသီးသီးဖြစ်ရပါသည်။

ပုဂ္ဂလဘေဒအဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

ဘူမိဝိဘာဂ

ကာမဘုံ၌ အလုံးစုံသောဝိထိစိတ်တို့ရခြင်းအကြောင်း

ဒွါရ ၆-ပါးတို့၏လည်းကောင်း၊ အလုံးစုံသောပုဂ္ဂိုလ်တို့၏လည်းကောင်း ထိုကာမဘုံ၌ဖြစ်သောကြောင့် ကာမဘုံ၌ အလုံးစုံသောဝိထိစိတ်တို့ကို ရခြင်းဖြစ်ပါသည်။

ရူပဘုံ၌ အကုသလဝိပါက် စက္ခုဝိညာဏ်စသည်တို့ ရနိုင်ခြင်းအကြောင်း

ရူပဘုံ၌ အနိဋ္ဌာရုံမရှိ၍ အကုသလဝိပါက် စက္ခုဝိညာဏ်စသောစိတ်တို့ မရသင့်သော်လည်း ရူပဗြဟ္မာတို့သည် ရူပဘုံမှနေ၍ လူ့ဘုံသို့ လှမ်း၍ကြည့်သောအခါ အနိဋ္ဌာရုံဖြစ်နိုင်၊ မြင်နိုင်သောကြောင့် အကုသလဝိပါက်စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိန်း, သန္တီရဏစိတ် ၄-ပါးတို့ကို ရူပဘုံ၌ ရနိုင်ပါသည်။

တစ်ဘဝအတွင်း ဝိထိစိတ်ဖြစ်ရာကာလနှင့် ဝိထိစိတ်တို့ဖြစ်ပုံ

ဝိထိစိတ်တို့သည် ထိုထိုဘဝတို့တွင် ထိုထိုဒွါရတို့၌ ဖြစ်သင့်သည်အားလျော်စွာ အကြားကြား၌ ဘဝင်ခြားခြင်း၊ နိရောဓသမာပတ်ဝင်စားခြင်းမှတစ်ပါး ပဋိသန္ဓေနောင်ဖြစ်သော ဘဝနိကန္တိက မနောဒွါရိက ဝိထိစိတ်မှစ၍ စုတိအဆုံး သေသည့်ကာလတိုင်အောင် အတွင်း မပြတ်ဖြစ်၍ နေပါသည်။

ဘူမိဝိဘာဂ အဓိပ္ပါယ်ပြီး၏။

ဝိထိပိုင်း ဋီကာကျော် အဓိပ္ပါယ်ကောက်နုတ်ချက် ပြီး၏။

* * * * *

http://www.dhammadownload.com

ဝိဇိမ္ဗတ်ပိုင်း

အပါယ (အပါယ်မည်ပုံ)

ကောင်းမှုဟုသမုတ်အပ်သော ကုသိုလ်မှ များသောအားဖြင့် ကင်းသောကြောင့် အပါယ(အပါယ်)မည်ပါသည်။

ဘူမိ(ဘုံ)မည်ပုံ

သတ္တဝါတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဘူမိ(ဘုံ)မည်ပါသည်။

အပါယဘူမိ (အပါယ်ဘုံ)မည်ပုံ

ထိုအပါယသည်ပင် (ထိုကောင်းမှုဟု သမုတ်အပ်သော ကုသိုလ်မှ ကင်းခြင်းသည်ပင်) အပါယဘူမိ (အပါယ်ဘုံ) မည်ပါသည်။

သုဂတီမည်ပုံ

များသောအပြားရှိသော သမ္မတ္တိတို့၏တည်ရာဖြစ်၍ ကောင်းမှုပြုသောသူတို့သည် ရောက်အပ်သော လားရာဂတိဖြစ်သောကြောင့် သုဂတီမည်ပါသည်။

ကာမသုဂတီမည်ပုံ

ကာမတဏှာနှင့်တကွဖြစ်၍ (တင့်တယ်သော) ကောင်းမှုပြုသောသူတို့သည် ရောက်အပ်သော လားရာဂတိဖြစ်သောကြောင့် ကာမသုဂတီမည်ပါသည်။

နိရယ (နိရဲ-နရဲ-ငရဲ)မည်ပုံ

ကောင်းမှုကြောင့်ဖြစ်သောချမ်းသာမှ ထွက်မြောက်တတ်သောကြောင့် နိရယ (ငရဲ) မည်ပါသည်။

အယသဒ္ဒါ ၂-ခုအထူး

အပါယ-၌ အယသဒ္ဒါသည် ကောင်းမှုကုသိုလ်ဟူသောအနက်ကို ဟောပါသည်။
နိရယ-၌ အယသဒ္ဒါသည် ချမ်းသာသုခဟူသောအနက်ကို ဟောပါသည်။

http://www.dhammadownload.com

တိရစ္ဆာန (တိရစ္ဆာန်)မည်ပုံ

အောက်အဖို့အားဖြင့် သွားတတ်သောကြောင့်လည်းကောင်း၊ မဂ်ဖိုလ်မှ ဖီလာ-ကန်လန်သွားတတ်သောကြောင့်လည်းကောင်း (ဖီလာကန်လန်အားဖြင့် ကြီးပွားတတ်သောကြောင့်လည်းကောင်း) တိရစ္ဆာန(တိရစ္ဆာန်) မည်ပါသည်။

ယောနိမည်ပုံ

သတ္တဝါတို့၏ တူသောဇာတိရှိသည်၏အဖြစ်ဖြင့် မရောယှက်သော်လည်း ရောယှက်သကဲ့သို့ ဖြစ်တတ်သောကြောင့် သတ္တဝါတို့၏ ခန္ဓာကိုယ်ဖြစ်ခြင်း အထူးသည် ယောနိမည်ပါသည်။

တိရစ္ဆာနယောနိ၌ ယောနိအရ... တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်ကို ရပါသည်။

ပေတ(ပြိတ္တာ)မည်ပုံ

ချမ်းသာမှဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတ(ပြိတ္တာ)မည်ပါသည်။

ပေတ္တိဝိသယမည်ပုံ

နိဇ္ဈာမတဏှာ-စသည် အပြားရှိကုန်သော ပြိတ္တာတို့၏ဖြစ်ရာသည် ပေတ္တိဝိသယမည်ပါသည်။

တိရစ္ဆာနယောနိနှင့် ပေတ္တိဝိသယောတို့၌
တိရစ္ဆာန်နှင့် ပြိတ္တာဘုံတို့အရ ခန္ဓာကိုယ်ကို ယူရခြင်းအကြောင်း

တိရစ္ဆာန်,ပြိတ္တာတို့၏ နေရာဌာနသည် ငရဲဘုံ,အသူရကာယ်ဘုံတို့ကဲ့သို့ ပိုင်းခြားအပ်သောအရပ်ဌာန၏ မရှိခြင်းကြောင့် တိရစ္ဆာန်ဘုံ,ပြိတ္တာဘုံတို့အရ ယင်းတိရစ္ဆာန်,ပြိတ္တာတို့၏ ခန္ဓာကိုယ်ကို ယူရပါသည်။

တစ်နည်း... တိရစ္ဆာန်ဘုံ,ပြိတ္တာဘုံတို့၏အရ တိရစ္ဆာန်,ပြိတ္တာတို့၏ အမြဲနေရာဌာန ဖြစ်သောကြောင့်,တောင်ခြေရင်းစသော ဩကာသအရပ်ကိုလည်း ယူရပါသည်။

http://www.dhammadownload.com

အသုရာမည်ပုံ

အစိုးရခြင်း,မြူတူးပျော်ပါးကစားခြင်း စသည်တို့ဖြင့် နတ်,အသုရာတို့ကဲ့သို့ တောက်ပခြင်းမရှိသောကြောင့် အသုရာမည်ပါသည်။

အသုရာအမျိုးအစားနှင့် ဣတဝိပွေတအသုရာ

အသုရာသည် ပြိတ္တာအသုရာ,နတ်အသုရာအားဖြင့် ၂-မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် နတ်အသုရာတို့ကို တာဝတိံသာနတ်တို့၌ ယူခြင်းကို အလိုရှိအပ်သောကြောင့် အသုရကာယော၌ အသုရာအရ ပြိတ္တာအသုရာကိုသာ ယူရပါသည်။ နတ်အသုရာကို မယူရပါ။

နတ်အသုရာတို့အသုရာမည်ခြင်းအကြောင်း

တာဝတိံသာနတ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် နတ်အသုရာတို့သည် အသုရာမည်ပါသည်။

မနုဿ(လူ)မည်ခြင်းအကြောင်း

လွန်ကဲသောသတိရှိသည်၏အဖြစ်,ရဲရင့်သည်၏အဖြစ်,မြတ်သောအကျင့်အား လျော်ပတ်သည်၏အဖြစ် အစရှိသောဂုဏ်တို့ဖြင့် မြတ်သောစိတ်ရှိသည်၏အဖြစ်ကြောင့် (လွန်ကဲသောစိတ်ရှိသည်၏အဖြစ်ကြောင့်) မနုဿ မည်ပါသည်။(၀ါ)လူမည်ပါသည်။

ဥဏ်စမ်း

လူကောင်းလူတော်ဖြစ်ရန် လိုအပ်သောအင်္ဂါများ

(၁) လွန်ကဲသောသတိရှိခြင်း (အောက်မေ့ခြင်း)၊

(၂) ရဲရင့်သည်၏အဖြစ်၊

(၃) မြတ်သောအကျင့်အား လျော်ပတ်သည်၏အဖြစ်၊ မြတ်သောစိတ်ရှိသည်၏အဖြစ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

လူသာလျှင် အမြတ်ဆုံးဟူသော စကားမှန်ပုံ

လွန်ကဲသောသတိ,ပညာ,ဉာဏ်ဝုဏ်အထူးသို့ ရောက်ကုန်သော ဘုရားအစ ရှိသော ပုဂ္ဂိုလ်တို့သည်လည်း လူသားများပင်ဖြစ်သောကြောင့် "ဤလောကတစ်ခွင် လူသာလျှင်အမြတ်ဆုံး" ဟူသော လောကစကားသည် မှန်ပါသည်။(၀၊)အဘိဓမ္မာ သဘာဝနှင့် ညီပါသည်။

မနုဿ(လူ)တို့ကို မြတ်သောစိတ်ရှိသည်ဟု သိရခြင်းအကြောင်း

လွန်ကဲသောသတိ,ပညာ,ဉာဏ်ဝုဏ်အထူးသို့ရောက်ကုန်သော ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည်လည်း လူသားများပင်ဖြစ်ကြသောကြောင့် လူတို့ကိုမြတ်သောစိတ်ရှိသည်ဟု သိရပါသည်။

မနုဿအရ အရကောက်

မနုသော-၌ မနုဿအရကား.... ဓမ္မဒိဋ္ဌိပ်ကျန်း၌နေသောလူတို့ကို မုချအားဖြင့် ရပါသည်။ ဓမ္မဒိဋ္ဌိပ်ကျန်း၌နေသော လူတို့နှင့် အဆင်းသဏ္ဌာန်စသည်တူသော ကျန်းငယ် တို့၌နေသောလူ,ဓမ္မဒိဋ္ဌိပ်ကျန်းမှတစ်ပါးသော ကျန်းကြီးတို့၌နေသောလူတို့ကို သဒိသူပစာ အားဖြင့် ရပါသည်။

မှတ်ချက် ။　　။ လောကီသဒ္ဒါကျမ်းဆရာတို့ အလိုအားဖြင့် မနုမည်သော မဟာသမ္မတ မင်း၏သားများဖြစ်သောကြောင့်(မနုဿ)လူမည်သည်ဟု ဆိုရပါသည်။

မနုဿဘုံမည်ပုံ

လူတို့၏နေရာဖြစ်၍ဖြစ်သောဘုံသည် မနုဿဘုံ မည်ပါသည်။

စတုမဟာရာဇ်နတ်မည်ပုံ

နတ်မင်းကြီး ၄-ယောက်တို့၌ ခစားတတ်သောကြောင့်လည်းကောင်း၊ နတ်မင်းကြီး ၄-ယောက်တို့၏ နေရာဖြစ်သောဘုံ၌ဖြစ်သောကြောင့်လည်းကောင်း၊ စတုမဟာရာဇ်နတ် မည်ပါသည်။

http://www.dhammadownload.com

တာဝတိံသာနတ်မည်ပုံ

(မစလရွာသား)၊ မာဃလုလင်နှင့်တကွ ၃၂-ကျိပ် ၃၂-ယောက်သော ကောင်းမှု ပြုတတ်သောပုဂ္ဂိုလ်တို့၏ ဖြစ်ရာအရပ်၌ ဖြစ်တတ်သောကြောင့် တာဝတိံသာနတ် မည်ပါသည်။

ယာမာနတ်မည်ပုံ

ဆင်းရဲဒုက္ခမှ ကင်းဝေးတတ်သောကြောင့် ယာမာနတ်မည်ပါသည်။

တုသိတာနတ်မည်ပုံ

မိမိစည်းစိမ်၏ပြည့်စုံခြင်းဖြင့် နှစ်သက်ခြင်းသို့ ရောက်တတ်သောကြောင့် တုသိတာနတ်မည်ပါသည်။

နိမ္မာနရတိနတ်မည်ပုံ

အလိုရှိတိုင်း ဖန်ဆင်းအပ်သောစည်းစိမ်၌ မွေ့လျော်တတ်သောကြောင့် နိမ္မာနရတိနတ်မည်ပါသည်။

ပရနိမ္မိတဝသဝတ္တီနတ်မည်ပုံ

သူတစ်ပါးတို့သည် ဖန်ဆင်းအပ်သော စည်းစိမ်တို့ကို မိမိတို့အလိုသို့ လိုက်စေတတ်သောကြောင့် ပရနိမ္မိတဝသဝတ္တီနတ် မည်ပါသည်။

ရူပ ၁၆-ဘုံ

ဗြဟ္မပါရိသဇ္ဇာမည်ပုံ

မဟာဗြဟ္မာတို့၏ အလုပ်အကျွေးဖြစ်၍ ထိုမဟာဗြဟ္မာတို့၏ ပရိသတ်၌ဖြစ်သောကြောင့် ဗြဟ္မပါရိသဇ္ဇာ မည်ပါသည်။

ဗြဟ္မပုရောဟိတာမည်ပုံ

မဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ တည်တတ်သောကြောင့် ဗြဟ္မပုရောဟိတာမည်ပါသည်။

http://www.dhammadownload.com

ဗြဟ္မာမည်ပုံ

စျာန်အစရှိသော ဂုဏ်အထူးတို့ဖြင့် ထက်ဝန်းကျင်ကြီးပွားတတ်သောကြောင့် ဗြဟ္မာမည်ပါသည်။

မဟာဗြဟ္မာမည်ပုံ

အဆင်းလှခြင်း,အသက်ရှည်ခြင်း စသည်တို့ဖြင့် ဗြဟ္မပါရိသဇ္ဈာစသော ဗြဟ္မာတို့ထက် ကြီးမြတ်သောကြောင့် မဟာဗြဟ္မာ မည်ပါသည်။

မှတ်ချက် ။　။ ဗြဟ္မပါရိသဇ္ဈာ, ဗြဟ္မာပုရောဟိတာ, မဟာဗြဟ္မာဟူသော ပထမစျာန် ၃-ဘုံရှိ ဗြဟ္မာတို့သည် မြတ်သောရတနာရောင်ဖြင့် ထွန်းလင်းတောက်ပသော တူမျှသောဘုံအပြင်၌ တည်နေကြပါသည်။

ဒုတိယစျာန် ၃-ဘုံ

ပရိတ္တာဘာမည်ပုံ

အထက်ဘုံ၌ဖြစ်သော ဗြဟ္မာတို့အောက် နည်းသောအရောင်အလင်းရှိသောကြောင့် ပရိတ္တာဘာ မည်ပါသည်။

အပ္ပမာဏာဘာ မည်ပုံ

အတိုင်းအရှည်မရှိသော အရောင်အလင်းရှိသောကြောင့် အပ္ပမာဏာဘာ မည်ပါသည်။

အာဘဿရာ မည်ပုံ

ဝိတိနှင့်တကွသော စျာန်ကြောင့်ဖြစ်သော ခန္ဓာအစဉ်ရှိသည်ဖြစ်၍ တိမ်တိုက်မှ ထွက်သော လျှပ်စစ်နယ်ရောင်ကဲ့သို့ ခန္ဓာကိုယ်၏ ထိုထိုအရပ်မှထွက်သော အရောင်ရှိသောကြောင့် အာဘဿရာ မည်ပါသည်။

တစ်နည်း...　ဆီမီးတိုင်မှ မီးလျှံကဲ့သို့ ဗြဟ္မာတို့၏ ခန္ဓာကိုယ်မှ အရောင်တို့သည် ပြတ်၍ ပြတ်၍ ကျသကဲ့သို့ ထွက်သောကြောင့် အာဘဿရာမည်ပါသည်။

http://www.dhammadownload.com

ပရိတ္တသုဘာမည်ပုံ

အထက်ဗြဟ္မာတို့အောက်နည်းသော တခဲနက်မတုန်လှုပ်သော ကိုယ်၏အရောင်ရှိသောကြောင့် ပရိတ္တသုဘာ မည်ပါသည်။

အပ္ပမာဏသုဘာမည်ပုံ

အတိုင်းအရှည်မရှိ တခဲနက်တုန်လှုပ်သော ကိုယ်၏အရောင်ရှိသောကြောင့် အပ္ပမာဏသုဘာ မည်ပါသည်။

သုဘကိဏှာမည်ပုံ

တခဲနက် တင့်တယ်ကောင်းမြတ်သော အရောင်အပေါင်းတို့ဖြင့် ပြွမ်းသောကြောင့် သုဘကိဏှာမည်ပါသည်။

ဝေဟပ္ဖလ်မည်ပုံ

ဈာန်၏အာနုဘော်ကြောင့်ဖြစ်သော ကြီးကျယ်သောအကျိုးရှိသောကြောင့် ဝေဟပ္ဖလ် မည်ပါသည်။

အသညသတ်မည်ပုံ

သညာဋ္ဌိတပ်ခြင်းကင်းသော သညာဝိရာဂဘာဝနာ၏အစွမ်းဖြင့် ရုပ်တို့၏အစဉ်မျှ ဖြစ်၍ သညာနှင့်တကွသော နာမ်ခန္ဓာတို့မရှိသောကြောင့်လည်းကောင်း၊ ထိုသညာမရှိသော ဗြဟ္မာတို့သည်ပင် သတ္တဝါများဖြစ်သောကြောင့်လည်းကောင်း အသညသတ်မည်ပါသည်။

သုဒ္ဓါဝါသမည်ပုံ

စင်ကြယ်သောအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့၏သာ နေရာဖြစ်သောကြောင့် သုဒ္ဓါဝါသ မည်ပါသည်။

တစ်နည်း.... ချစ်ခြင်း, မုန်းခြင်းမရှိသည်ဖြစ်၍ စင်ကြယ်သောဗြဟ္မာတို့၏ နေရာဖြစ်သောကြောင့် သုဒ္ဓါဝါသ မည်ပါသည်။

ဓမ္မစက္ကံ။ ။ ဌာနဖြစ်သော စင်ကြယ်သောဗြဟ္မာတို့၏ သုဒ္ဓါဝါသအမည်ကို ဌာန

http://www.dhammadownload.com

ဖြစ်သောဘုံ၌ တင်စား၍ ဌာနဖြစ်သောဘုံကိုလည်း ဌာနျူပစာအားဖြင့် သုဒ္ဓါဝါသဟု ဆိုသည်။

အဝိဟာမည်ပုံ

သုဒ္ဓါဝါသ ၅-ဘုံတို့တွင် ပထမဘုံအပြင်၌နေကုန်သော ဗြဟ္မာတို့သည် အနည်းငယ်သော ကာလ၌ မိမိတို့နေရာဘုံကို မစွန့်သောကြောင့် အဝိဟာမည်ပါသည်။

အတပ္ပါမည်ပုံ

ဒုတိယဘုံအပြင်၌ နေကုန်သောဗြဟ္မာတို့သည် တစ်စုံတစ်ခုသောအကြောင်းကြောင့် မပူပန်တတ်သောကြောင့် အတပ္ပါ မည်ပါသည်။

သုဒဿာမည်ပုံ

တတိယဘုံအပြင်၌နေကုန်သော ဗြဟ္မာတို့သည် တင့်တယ်ကောင်းမြတ်သော အဆင်းရှိသည်ဖြစ်၍ ချမ်းသာသဖြင့် ရှုမြင်အပ်သောကြောင့် သုဒဿာ မည်ပါသည်။

သုဒဿီမည်ပုံ

စတုတ္ထဘုံအပြင်၌နေကုန်သော ဗြဟ္မာတို့သည် ကောင်းစွာစင်ကြယ်သော မြင်ခြင်းရှိသည်ဖြစ်၍ ချမ်းသာသဖြင့် ရှုမြင်အပ်သောကြောင့် သုဒဿီမည်ပါသည်။

အကနိဋ္ဌာမည်ပုံ

ပဉ္စမဘုံအပြင်၌နေကုန်သော ဗြဟ္မာတို့သည် မြတ်သောစည်းစိမ်ဂုဏ်သိရိနှင့် ပြည့်စုံသည်ဖြစ်၍ စည်းစိမ်ဂုဏ်သိရိသေးငယ်ခြင်းမရှိသောကြောင့် အကနိဋ္ဌာမည်ပါသည်။

မှတ်ချက် ။　။ စတုတ္ထစျာန်ဘုံ ၇-ဘုံတွင် ဓေဟပ္ပဓိလ်ဘုံနှင့် အသညသတ်ဘုံတို့သည် တစ်ပြိုင်တည်း၌တည်နေ၍ သုဒ္ဓါဝါသ ၅-ဘုံမှာ အဝိဟာဘုံမှဆက်လျှင် အထက်၌ အဆင့်ဆင့်တည်ရှိပါသည်။

http://www.dhammadownload.com

အရှုပ ၄-ဘုံ

အရကောက်

အာကာသာနဉ္စာယတနဘူမိ-၌ အာကာသာနဉ္စာယတနဘုံအရ... အပိုင်းအခြားမရှိသော ကသိုဏ်းကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်ဟုဆိုအပ်သော အာရုံ၌ဖြစ်သော ပထမာရုပ္ပဝိပါက်ဖြစ်သော နာမ်ခန္ဓာ ၄-ပါးကို ယူရပါသည်။

တစ်နည်း... အာကာသာနဉ္စာယတနဘုံအရ... ပထမာရုပ္ပဝိပါက်ဖြစ်သော နာမ်ခန္ဓာ ၄-ပါးတို့ဖြင့် ပိုင်းခြားအပ်သော ဖြစ်ရာအရပ်ကို ယူရပါသည်။

ပုထုဇ္ဇနာနသေက္ခာနံ-စသော ဂါထာအရ

ဘုံ, ပုဂ္ဂိုလ် ၇၊ အကျဉ်းချုပ်

ဘုံ ၃၁-ဘုံတို့တွင် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ မရနိုင်သော ဘုံကား.... သုဒ္ဓါဝါသ ၅-ဘုံဖြစ်ပါသည်။ အရိယာပုဂ္ဂိုလ်တို့ မရနိုင်သောဘုံကား... အပါယ် ၄-ဘုံနှင့် အသညသတ်ဘုံတို့ဖြစ်ပါသည်။

သုဒ္ဓါဝါသ, အပါယ်, အသညသတ်မှကြွင်းသော ကာမသုဂတိ ၇-ဘုံ၊ ဓေဟဂ္ဂိုလ် တိုင်အောင်သော ရူပဗြဟ္မာ ၁၀-ဘုံ၊ အရှုပ ၄-ဘုံအားဖြင့် ၂၁-ဘုံတို့ကား.... ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့လည်း ရနိုင်ပါသည်။

သောတာပန်နှင့် သကဒါဂါမ်မှကြွင်းသော အရိယာပုဂ္ဂိုလ်တို့လည်း ရနိုင်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သာ ရနိုင်သောဘုံကား... အပါယ် ၄-ဘုံ, အသညသတ်ဘုံတို့ ဖြစ်ပါသည်။

အနာဂါမ်, ရဟန္တာဟုဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့သာ ရနိုင်သောဘုံကား... သုဒ္ဓါဝါသ ၅-ဘုံ ဖြစ်ပါသည်။

ဘူမိစတုက္က ပြီး၏။

* * * * *

http://www.dhammadownload.com

ပဋိသန္ဓိစတုက္က

ဇောန အဓိပ္ပါယ်

စက္ခုဖြစ်ထိုက်သောကာလ၌ စက္ခုမဖြစ်သော ပုဂ္ဂိုလ်ကို ဇောန (ပဋိသန္ဓေအားဖြင့် ကန်းသောသူဟု)ဆိုရပါသည်။

ပဋိသန္ဓေအားဖြင့် ကန်းသူတိုင်းကို ဇောန မဆိုရခြင်းအကြောင်း

ဇာတိယာ အန္ဓော ဇောန္ဓော-အရ.... ပဋိသန္ဓေအားဖြင့် ကန်းသောသူကို ဇောန္ဓဟု ဆိုရသော်လည်း အဏ္ဏဇ, ဇလာဗုဇသတ္တဝါတို့မှာ ပဋိသန္ဓေခဏ၌ စက္ခုန္ဒြေမဖြစ်သေးသောကြောင့် ယင်းသတ္တဝါတို့ကို ဇောန္ဓဟု ဆိုရပါသည်။

အကြောင်းကား.... ယင်းအဏ္ဏဇ, ဇလာဗုဇသတ္တဝါတို့၏ စက္ခုန္ဒြေဖြစ်ခြင်းငှာ ထိုက်သောကာလ၌ စက္ခုန္ဒြေဖြစ်ခြင်းကို တားမြစ်တတ်သောအကုသိုလ်ကံကြောင့် စက္ခုန္ဒြေမဖြစ်ခြင်းကိုသာ ဇောန္ဓဟု အလိုရှိအပ်သောကြောင့် ဖြစ်ပါသည်။

တစ်နည်း.... ဇာတိယာ အန္ဓော ဇောန္ဓော-အရ... ပဋိသန္ဓေအားဖြင့် ကန်းသောသတ္တဝါတိုင်းသည် ဇောန္ဓမည်ပါသည်။

စက္ခုန္ဒြေစသည်ဖြစ်ထိုက်သောကာလ၌ စက္ခုန္ဒြေဖြစ်ခြင်းကို တားမြစ်တတ်သော အကုသိုလ်ကံသည် တားမြစ်အပ်သောအစွမ်းရှိသော ပေးအပ်သော ပဋိသန္ဓေရှိသောကံသည်လည်းကောင်း၊ တစ်ပါးသောပဝတ္တိအကျိုးကို ပေးတတ်သောကံသည်လည်းကောင်း မဖြစ်စေအပ်သော စက္ခုန္ဒြေရှိသောသတ္တဝါသည်သာ ဇောန္ဓ မမည်ပါ။

မှတ်ချက် ။ ။ သံသေဒဇ, ဩပပါတိကသတ္တဝါတို့အား စက္ခုန္ဒြေဖြစ်ချိန်ဖြစ်သော ပဋိသန္ဓေကာလ၌ စက္ခုန္ဒြေမဖြစ်သည်ကို ဇောန္ဓဟု ဆိုရသည်။ စက္ခုန္ဒြေဖြစ်ချိန် စက္ခုန္ဒြေဖြစ်ပြီးနောက် ပိုး, လေစသည်တို့ကြောင့် ပျက်စီးသော မွေးဖွားသောအခါ၌ စက္ခုချို့လာသောပုဂ္ဂိုလ်တို့အား ဇောန္ဓဟု မဆိုရ။ သို့အတွက် အဓိဝမ်းမှ စက္ခုန္ဒြေချို့လာခြင်းဖြင့် ဇောန္ဓဟုဆိုရန်မှာ ခဲယဉ်းလှပေတော့သည်။

http://www.dhammadownload.com

ဇစ္ဈန္ဓာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ယူရသောပုဂ္ဂိုလ်

ဇစ္ဈန္ဓာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ပဋိသန္ဓေအားဖြင့် အ,သောသူ, ပဋိသန္ဓေအားဖြင့် ဆွံ့သောသူ, ပဋိသန္ဓေအားဖြင့် ရူးသောသူ, ပဏ္ဍာက်, ဥဘတောဗျည်း, နပုံး, ချွတ်ချော်သောစကားရှိသူ (စကားတင်ငင်ရှိသောသူ) တို့ကို ယူရပါမည်။

ပါဠိလို

ဇစ္ဈန္ဓာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ဇစ္ဆဗိရ, ဇစ္ဆမူဂ, ဇစ္ဆဇ္ဇ, ဇစ္ဆမ္မတ္တက, ပဏ္ဍက, ဥဘတောဗျဉ္ဇနက, နပုံသက, မမ္မ-တို့ကို ယူရပါမည်။

မှတ်ချက်။ ။ ဤပုဂ္ဂိုလ်များသည် လူဖြစ်ပါလျက် လူစာရင်းမဝင်, လူအဆင့်အတန်း မမှီ,လူစဉ်မမှီသောပုဂ္ဂိုလ်များဖြစ်သည်။

ဘုမ္မသိတဝိနိပါတိကမည်ပုံ

ဘုမ္မဇိဝ်းနတ်တို့၏ ဖြစ်ခြင်းကဲ့သို့ ဖြစ်ခြင်းရှိသည်ဖြစ်၍ ဘုမ္မဇိဝ်းနတ်တို့ကိုမှီ၍ ဖြစ်တတ်သောကြောင့် ဘုမ္မသိတ မည်ပါသည်။

ချမ်းသာအပေါင်းမှ ဖောက်ပြန်၍ ကျရောက်ရာဖြစ်သောကြောင့် ဝိနိပါတိက မည်ပါသည်။

အပါယ်စသော သတ္တဝါတို့ အသက်အဝိုင်းအခြား မမြဲခြင်းအကြောင်း

အချို့သောသတ္တဝါတို့သည် ရှည်သောအသက်ရှိသောကြောင့်လည်းကောင်း၊ အချို့သော သတ္တဝါတို့သည် အလွန်ရှည်သော အသက်ရှိသောကြောင့်လည်းကောင်း၊ အပါယ်ဘုံသားနှင့် လူ, ဝိနိပါတိက အသူရာတို့သည် အသက်အဝိုင်းအရှည်ကို ရေတွက်ခြင်း၌ မြဲခြင်းမရှိပါ။

အပါယ်ဘုံသားစသည်တို့ အသက်တို,ရှည်ဖြစ်ရခြင်းအကြောင်း

အပါယ်ဘုံ၌ဖြစ်သော သတ္တဝါတို့သည် အကုသိုလ်ကံမကုန်သေးသမျှ စုတေခြင်း မရှိသောကြောင့်လည်းကောင်း၊ ၎င်းတို့၏ကံ၏သာလျှင် ပမာဏဖြစ်သောကြောင့်လည်း

http://www.dhammadownload.com

ကောင်း အသက်တို့, ရှည်ဖြစ်ရပါသည်။

ဘုမ္မဇိုဝ်းနုတ်တို့၏ အသက်သည်လည်း ကံသာလျှင် ပမာဏဖြစ်သောကြောင့် နုတ်ပြည်၌ဖြစ်သော အချို့သောဘုမ္မဇိုဝ်းနုတ်တို့သည် ၇-ရက်မျှ အသက်ရှည်ကြ၍ အချို့သော ဘုမ္မဇိုဝ်းနုတ်တို့သည် အာယုကပ်ပတ်လုံး အသက်ရှည်ကြပါသည်။

လူတို့သည် တစ်ခါတစ်ရံ အသင်္ချေယျအသက်ရှည်၍ တစ်ခါတစ်ရံ ၁၀-နှစ်မျှ အသက်ရှည်သောကြောင့် လူတို့အသက်တို့,ရှည်ဖြစ်ရခြင်းမှာလည်း ကံသာလျှင် ပမာဏဖြစ်ပါသည်။

လူဘုံ၌ အသက်အဝိုင်းအခြားမရှိဟု အရှင်အနုရုဒ္ဓါဆရာ ဆိုခြင်းအကြောင်း

ယော စိရံ ဇီဝတိ၊ သော ဝဿသတံ ဇီဝတိ။ အပ္ပံ ဝါ ဘိယျော ဒုတိယံ ဝဿသတံ နု ပါပုဏာတိ-ဟူသောပါဠိသည် ယခုကာလ အသက်ရာတမ်း၌ဖြစ်သောသူတို့ကို ရည်ရွယ်၍ ဟောသောပါဠိဖြစ်သောကြောင့် လူတို့၌ အသက်အဝိုင်းအခြားမရှိဟု အရှင်အနုရုဒ္ဓါဆရာဆိုခြင်းဖြစ်ပါသည်။

ဒီဗွာနိ ပဉ္စဝဿသတာနိ-၌ စတုမဟာရာဇ်နုတ် နုတ်သက်အနှစ် ၅၀၀-ဖြစ်ပုံ

လူပြည်၌ နှစ် ၅၀-သည် စတုမဟာရာဇ်နုတ်ပြည်၌ ၁-ရက်ဖြစ်ပါသည်။ ၄၀း ရက်ပေါင်း ၃၀-သည် တစ်လဖြစ်ပါသည်။ ၄၀း ၁၂-လသည် တစ်နှစ်ဖြစ်ပါသည်။ ၄၀းနှစ်ရပ်ပေါင်း ၅၀၀-သည် စတုမဟာရာဇ်နုတ်တို့၏ နုတ်သက်နှစ် ၅၀၀-ဖြစ်ပါသည်။

စတုမဟာရာဇ်နှင့် တာဝတိံသာတို့ကိုပုံစံထား၍ တတော စတုဂ္ဂုဏေ်အရ လေးဆတက်ပုံ

လူတို့၏အနှစ် ၅၀-ဖြင့် နှိုင်းယှဉ်အပ်သော စတုမဟာရာဇ်နုတ်တို့၏ရက်ကို နှစ်ဆတက်၍လည်းကောင်း၊ နုတ်၌ဖြစ်သော စတုမဟာရာဇ်နုတ်တို့၏ နုတ်သက်အနှစ် ၅၀၀-ကို နှစ်ဆတက်၍လည်းကောင်း၊ နုတ်၌ဖြစ်သောအနှစ် ၁၀၀၀-သည် တာဝတိံသာနုတ်တို့၏ အသက်ဖြစ်ပါသည်။ ဤသို့ ရက်နှစ်ဆ, နှစ်နှစ်ဆတက်သည်၏ အစွမ်းဖြင့်

http://www.dhammadownload.com

လေးဆတက်ခြင်းကို တတော စတုဂ္ဂုဏ်အရ လေးဆတက်သည်ဟုဆိုရပါသည်။

တတိယစျာန်ဝိပါက် ဒုတိယစျာန်ဘုံ၌ဖြစ်ပုံ

တတိယစျာန်ဝိပါက်သည် တတိယစျာန်ဘုံ၌ ဖြစ်သင့်ငြားသော်လည်း စတုတ္ထနည်း၏အစွမ်းဖြင့် ဒုတိယစျာန်ဆုံ၌သာ ဖြစ်ရပါသည်။

ကပ္ပအရ အသင်္ခါယျကပ် ယူရခြင်းအကြောင်း

ဗြဟ္မပါရိသဇ္ဈာ-စသော ပထမစျာန် ၃-ဘုံတို့သည် တစ်ခုသောကပ်၌လည်း မပျက်စီးခြင်းမည်သည်မရှိ၊ ပျက်စီးသည်သာလျှင်ဖြစ်၍ ပြည့်စုံစွာဖြစ်သောမဟာကပ်၌ မဖြစ်သင့်သောကြောင့် ဒေဝါနံ ကပ္ပဿ တတိယော ဘာဂေါ-၌ အသင်္ခါယျကပ်ကိုသာ ယူရပါသည်။

ဩကာသလောကပျက်စီးပုံ

၇-ကြိမ်မီးဖြင့်ပျက်စီးကာ ၈-ကြိမ်မြောက်၌ ရေ ၁-ကြိမ်၊ ထို့နောက် ၇-ကြိမ်၊ မီးဖြင့်ပျက်စီးကာ ၈-ကြိမ်မြောက်၌ ရေ ၁-ကြိမ်၊ ဤသို့ စသည်ဖြင့် တစ်လှည့်စီ ပျက်စီး၍ ၆၄-ကြိမ်မြောက် နောက်ဆုံးအချိန်၌ လေ ၁-ကြိမ်ဖြင့် ဩကာသလောကကြီး ပျက်စီးပါသည်။

မှတ်ချက်။ ။ မီးဖျက်သောအကြိမ်၌ ပထမစျာန် ၃-ဘုံပျက်စီး၍ ရေဖျက်သောအကြိမ်၌ ဒုတိယစျာန် ၃-ဘုံပျက်စီးကာ၊ လေဖျက်သောအကြိမ်၌ ဓောဠိလ်ဘုံအောက် အကုန်ပျက်စီးပါသည်။

ပထမစျာန် ၃-ဘုံ၌ အာယုပရိစ္ဆေဒကို အသင်္ခါယျကပ်ဖြင့် မှတ်ရခြင်းအကြောင်း

ပထမစျာန် ၃-ဘုံတို့သည် တစ်ခုသောမဟာကပ်၌ မပျက်စီးခြင်းမရှိသည်ဖြစ်၍ အလုံးစုံသော မဟာကပ်၌ ထိုပထမစျာန် ၃-ဘုံတို့၏ဖြစ်ခြင်း မရှိသည်၏အဖြစ်ကြောင့် အသင်္ခါယျကပ်ဖြင့် ပထမစျာန် ၃-ဘုံတို့၏ အာယုပရိစ္ဆေဒကို မှတ်ရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

အသန္ဓေါ်ယျကပ်၏ အပိုင်းအခြားကာလ ပမာဏ

အသန္ဓေါ်ယျကပ်တစ်ခု၏ အပိုင်းအခြားကာလပမာဏသည် အလျားတစ်ယူဇနာ, အနံ တစ်ယူဇနာရှိ၊ ဖြူသောမုန်ညင်းစေ့ပုံကြီးမှ အနှစ် ၁၀၀, အနှစ် ၁၀၀ လွန်တိုင်း မုန်ညင်းစေ့တစ်စေ့, တစ်စေ့ယူပစ်၍ ယင်းမုန်ညင်းစေ့အပုံကြီး ကုန်သွားသော်လည်း ကုန်ခြင်း သဘောမရှိသော မဟာကပ်တစ်ခု၏ လေးဖို့တစ်ဖို့ ပမာဏရှိပါသည်။

တစ်နည်း..... အသန္ဓေါ်ယျကပ်တစ်ခု၏ ကာလပမာဏသည် အန္တရကပ် ၆၄-ကပ် ပမာဏ ရှိပါသည်။

ပဋိသန္ဓိစတုက္က ပြီး၏။

* * * * *

ကမ္မစတုက္က

ဇနကက်မည်ပုံ

ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက်နာမကွန်္ဓာ, ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော (မနောဒွါရ၌ဖြစ်သော) ကုသိုလ်, အကုသိုလ်စေတနာသည် ဇနကက် မည်ပါသည်။

ဥပတ္ထမ္ဘကက်မည်ပုံ

(ဥပတ္ထမ္ဘကက်ဟုဆိုအပ်သော) မိမိသည် အကျိုးဖြစ်စေခြင်းငှာ မစွမ်းနိုင်သော်လည်း ဇနကက်၏ ကြာမြင့်စွာသောကာလပတ်လုံး အကျိုးကိုဖြစ်စေခြင်း၌ အကြောင်းဖြစ်၍ ဖြစ်သော ကုသိုလ်, အကုသိုလ်ကံသည် ဥပတ္ထမ္ဘကက် မည်ပါသည်။

တစ်နည်း.... ချမ်းသာ, ဆင်းရဲဖြစ်သောအကျိုးကို ပြတ်ခြင်း၏ အကြောင်းမဖြစ်ခြင်းငှာလည်းကောင်း၊ ပွားခြင်း၏ဖြစ်ခြင်းငှာလည်းကောင်း၊ ဇနကက်၏ အစွမ်းအားလျော်စွာ ကြာမြင့်စွာသော ကာလပတ်လုံးဖြစ်ခြင်း၏ အကြောင်းဖြစ်သောကုသိုလ်, အကုသိုလ်ကံသည် ဥပတ္ထမ္ဘကက် မည်ပါသည်။

http://www.dhammadownload.com

ဥပဝိဋ္ဌကက်မည်ပုံ

ဓနကက်သည်ဖြစ်စေအပ်သော အကျိုးကို (အနာစသည်တို့၏အကြောင်း,ဓာတ်, ညီညွတ်သည်၏အဖြစ် စသည်တို့၏အကြောင်းကို တားမြစ်သဖြင့်) ကြာမြင့်စွာသော ကာလပတ်လုံးဖြစ်ခြင်းကို တားမြစ်တတ်သောကုသိုလ်,အကုသိုလ်က်သည် ဥပဝိဋ္ဌကက်မည်ပါသည်။

ဥပဃာတကက်မည်ပုံ

နည်းသောအားရှိသောကုသိုလ်,အကုသိုလ်ဓနကက်၏ အစွမ်းသတ္တိကိုသတ်၍ (ဖြတ်ခြင်း၏အကြောင်းကို ဖြစ်စေသဖြင့်)ထိုနည်းသော အားရှိသောကုသိုလ်,အကုသိုလ် ဓနကက်၏အကျိုးကို တားမြစ်လျက် မိမိအကျိုးကို ဖြစ်စေသောက်သည် ဥပဃာတကက်မည်ပါသည်။

ဓနကက်နှင့် ဥပဃာတကက်အထူး

ဓနကက်သည် က်တစ်ပါး၏အကျိုးကို မဖြတ်မူ၍သာလျှင် မိမိအကျိုးကို ဖြစ်စေပါသည်။ ဥပဃာတကက်သည် က်တစ်ပါး၏အကျိုးကိုဖြတ်၍ မိမိအကျိုးကိုဖြစ်စေပါသည်။ ဤသို့ ထူးပါသည်။

ပါကဒါနအစွမ်းဖြင့်ပြားသော က် ၄-ပါး
(ဂရုက်မည်ပုံ)

တစ်ပါးသောက်သည် တားမြစ်ခြင်းငှါ မစွမ်းနိုင်ဘဲ ကြီးသောအာနုဘော်ရှိသော က်မျိုးသည် ကရုက် မည်ပါသည်။

မှတ်ချက်။ ။ ထိုဂရုက်အရ အကုသိုလ်အရာ၌ ပဌာနန္တရိကက်များနှင့် နိယတမိစ္ဆာဒိဋ္ဌိက်များကို ယူရ၍၊ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကုသိုလ်က်များကို ယူရမည်။

အာသန္နက်မည်ပုံ

သေခါနီးကာလ၌ အောက်မေ့အပ်,ပြုအပ်သောက်မျိုးသည် အာသန္နက် မည်ပါသည်။

http://www.dhammadownload.com

တစ်နည်း... ရှေးအခါက ပြုလုပ်ခဲ့ဖူး၍ သေခါနီးသောအခါ၌ အောက်မေ့အပ်သော ကုသိုလ်,အကုသိုလ်ကံသည်လည်းကောင်း၊သေခါနီးအခါ၌ပြုအပ်သော ကုသိုလ်,အကုသိုလ်ကံသည်လည်းကောင်း အာသန္နကံ မည်ပါသည်။

အာစိဏ္ဏကံမည်ပုံ

အမြဲမပြတ်ပြုလုပ်အပ်သောကုသိုလ်, အကုသိုလ်ကံသည်လည်းကောင်း၊ တစ်ကြိမ် ပြုပြီး၍သော်လည်း အမြဲမပြတ်ကောင်းစွာ မှီဝဲအပ်,အောက်မေ့အပ်,ဆင်ခြင်အပ်သော ကံမျိုးသည်လည်းကောင်း အာစိဏ္ဏကံ မည်ပါသည်။

ကဋတ္တာကံမည်ပုံ

ဂရုကံစသည်တို့၏အဖြစ်သို့မရောက်သော ပြုကာမျှသာဖြစ်သောကံသည် (**တစ်နည်း**) ဂရုကံစသည်တို့၏အဖြစ်သို့ မရောက်မူ၍ ပြုအပ်ကာမျှဖြစ်သောကြောင့်သာလျှင် ကံဟူ၍ ခေါ်ဆိုအပ်သောကံမျိုးသည် ကဋတ္တာကံ မည်ပါသည်။

ဂရုကံစသော ကံ ၄-ပါးတို့ အကျိုးပေးပုံအစဉ်

ဂရုကံစသော ကံ ၄-ပါးတို့ အကျိုးပေးပုံအစဉ်ကား... (ကြီးစွာသော ရေအယဉ်သည် အနည်းငယ်သောရေအယဉ်ကို လွှမ်းမိုးသွားသကဲ့သို့) တစ်ပါးသော အာသန္နကံစသော ကံတို့ရှိငြားသော်လည်း ထိုအာသန္နကံစသောကံတို့ကို လွှမ်းမိုး၍ ဂရုကံသည် ရှေးဦးစွာ အကျိုးပေးပါသည်။

ဂရုကံမရှိခဲ့သော် အာသန္နကံက အကျိုးပေးပါသည်။အာသန္နကံမရှိခဲ့သော် အာစိဏ္ဏကံက အကျိုးပေးပါသည်။အာစိဏ္ဏကံမရှိခဲ့သော် ကဋတ္တာကံ အကျိုးပေးပါသည်။

အာစိဏ္ဏကံထက် အာသန္နကံက အလျင်အကျိုးပေးပုံ

နွားခြံတွင်းသို့ နွားတို့ကိုသွင်းသောအခါ ဆုံးမအပ်သောနွား,အင်အားရှိသောနွား တို့သည် အလျင်ဝင်ကာ အားအင်မရှိသော နွားအိုကြီးမှာ နောက်မှဝင်ရ၏။ခြံဝတွင် အိပ်ရသဖြင့် နောက်နေ့နံနက် နွားခြံမှထွက်ရာ၌ နွားအိုကြီးမှာ အားအင်မရှိသော်လည်း ခြံဝနှင့်နီး၍ အလျင်ထွက်ရသကဲ့သို့ ဂရုကံမှတစ်ပါး အားကြီးသော အာစိဏ္ဏကံရှိငြားသော်

http://www.dhammadownload.com

လည်း အားနည်းသော အာသန္နကံသည် အားပင်နည်းစေကာမူ သေခြင်းကာလ၏ အနီး၌ ဖြစ်သည်၏ အဖြစ်ကြောင့် အာသန္နကံသာလျှင် ရှေးဦးစွာအကျိုးကို ပေးပါသည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ ၄-ပါးအဓိပ္ပါယ်

မျက်မှောက်သောကိုယ်၏အဖြစ်၌ ခံစားအပ်သောအကျိုးရှိသောကံသည်(အကျိုးရှိသောကံဖြစ်သောကြောင့်)**ဒိဋ္ဌဓမ္မဝေဒနီယကံ** မည်ပါသည်။

မျက်မှောက်သောကိုယ်၏အဖြစ်မှ အခြားမဲ့ဖြစ်သောကိုယ်၏အဖြစ်၌ (ဒုတိယဘဝ၌) ဖြစ်၍ ခံစားအပ်သောကံသည်(ခံစားအပ်သောကံဖြစ်သောကြောင့်)**ဥပပဇ္ဇဝေဒနီယကံ** မည်ပါသည်။

မျက်မှောက်သောကိုယ်၏ အဖြစ်မှလည်းတစ်ပါး,အခြားမဲ့သောကိုယ်၏အဖြစ်မှလည်းတစ်ပါးသော အမှတ်မရှိသော ကိုယ်၏အဖြစ်၌ ခံစားအပ်သောကံသည်၊(ဝါ)၃-ခုမြောက်သောဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးခြင်းလက္ခဏာရှိသောကံသည်(အကျိုးပေးခြင်းလက္ခဏာရှိသောကံဖြစ်သောကြောင့်)**အပရာပရိယဝေဒနီယကံ** မည်ပါသည်။

အကျိုးပေးပြီးသည်လည်းမဟုတ်၊ပေးဆဲလည်းမဟုတ်၊ပေးလတ်သည်လည်း မဟုတ်၊ဖြစ်ပြီးသာလျှင် ကံမည်သောကံသည်(ဖြစ်ပြီးသည်သာလျှင် . ကံမည်သောကံဖြစ်သောကြောင့်)**အဟောသိကံ** မည်ပါသည်။

ဓော ၇-ချက်ဖြင့် ပိုင်းပုံနှင့် အကျိုးပေးရာကာလကို ပြဆိုပုံ

ဓော ၇-ချက်တို့တွင် ပထမဓောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပါသည်။ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျိုးကိုပေးပါသည်။

သတ္တမဓောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်ပါသည်။ နှစ်ခုမြောက် ဒုတိယဘဝ၌ အကျိုးကို ပေးပါသည်။

မှတ်ချက် ။ ။ ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကိုပေးပါမှ ပဝတ္တိ အကျိုးကိုပေးပါသည်။ပဋိသန္ဓေအကျိုးကို မပေးသည်ရှိသော် ပဝတ္တိ အကျိုးကိုလည်း မပေးတော့ပါ။

http://www.dhammadownload.com

ပဋိသန္ဓေအကျိုးကိုပေးပြီးသော်ကား.... ဘဝအရာ,ဘဝအထောင်တိုင်အောင် လည်း ပဝတ္တိအကျိုးကိုပေးသည်ဟု ရှေးဆရာတို့ ဆိုကြသည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ မျက်မှောက်ဘဝ၌ အကျိုးပေးခြင်းအကြောင်း

ဆန့်ကျင်ဘက်ဖြစ်သောကုသိုလ်,အကုသိုလ်တရားတို့သည် မနှိပ်စက်အပ်သော ကြောင့်လည်းကောင်း၊အကြောင်းတရားတို့၏ အထူးသဖြင့်ရအပ်သော အကျိုးထူးရှိသော ကြောင့်လည်းကောင်း၊(နောက်ဘဝက ဆည်းပူးခဲ့သော အပရာပရိယအကြောင်းထူး၏ အစွမ်းဖြင့်ရအပ်သော သတ္တိထူးရှိသောကြောင့်)(ရှေးအဖို့၌ဖြစ်သော စေတနာဟုဆိုအပ် သော) ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းဖြင့် အားရှိသည်၏အဖြစ်သို့ရောက်သော ပဌမဇောစေတနာ ဟု ဆိုအပ်သော ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ အကျိုးကိုပေးပါသည်။

ပထမဇောစေတနာ ပဝတ္တိအကျိုးမျှကိုသာ ပေးရခြင်းအကြောင်း

ပထမဇောစေတနာသည် အားရှိသောဇော၏အစဉ်၌ ဂုဏ်အထူးနှင့်ယှဉ်သော ဘုရား စသည်တို့၌ ကျေးဇူးရှိသည်,ကျေးဇူးမရှိသည်၏အစွမ်းဖြင့် ဖြစ်ခြင်းကြောင်းလည်းကောင်း၊ အာသေဝနပစ္စည်းကို မရသဖြင့် နည်းသော အကျိုးရှိသောကြောင့်လည်းကောင်း၊နုသော (ငယ်သော)သစ်ပင်သည် အပွင့်မျှကိုသာပေးဘိသကဲ့သို့ အဟိတ်ဝိပါက်ခန္ဓာ ကဋ္ဌဘာရပ် ဟုဆိုအပ်သော ပဝတ္တိအကျိုးမျှကိုသာ ပေးရပါသည်။

အပရာပရိယဝေဒနီယကံ နိဗ္ဗာန်တိုင်အောင် အကျိုးပေးခြင်းကြောင်း

အလယ်ဇော ၅-ချက်စေတနာဟုဆိုအပ်သော အပရာပရိယဝေဒနီယကံသည် အကျိုးကိုပေးခြင်းသဘော၏ မပြတ်စဲသည်၏အဖြစ်ကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့၌ အကျိုးကိုပေးခြင်း ဖြစ်ပါသည်။

မှတ်ချက် ။　　။ အပရာပရိယက်,ပဋိသန္ဓေ,ပဝတ္တိအကျိုးကို ပေးခြင်းအကြောင်းကို မေးလျှင်လည်း ယင်းအကြောင်းကို ဖြေပါ။

http://www.dhammadownload.com

အဟောသိကံကို ပါကကာလ၏အစွမ်းဖြင့် ခေါ်ဝေါ်ခြင်းအကြောင်း

အဟောသိကံသည် ပိုင်းခြားအပ်သော အကျိုးပေးရာကာလမရှိသော်လည်း ဒိဋ္ဌမွေဝေဒနိယစသော ရှေးကံ ၃-ပါးတို့၏ ပိုင်းခြားအပ်သော အကျိုးပေးရာကာလကို လွန်ခြင်းကြောင့်သာလျှင် ယင်းအဟောသိကံကို ပါကကာလ၏အစွမ်းဖြင့် ခေါ်ဝေါ်ရခြင်းဖြစ်ပါသည်။

အကုသိုလ်ကာယကံ့ ၃-ပါးလာ အဓိပ္ပါယ်များ

ပါကဋ္ဌာနဝသေန-၌ အရကောက်များ

ပါကဋ္ဌာနဝသေန-၌ ပါကဋ္ဌာနကား.... အပါယ် ၄-ဘုံ,ကာမသုဂတိ၇-ဘုံ, ရူပ ၁၆-ဘုံ,အရူပ ၄-ဘုံတို့ကို ရပါသည်။

အကုသိုလ်ကံ၏ ပါကဋ္ဌာန

အကုသိုလ်ကံ၏ ပါကဋ္ဌာနကား... ပဋိသန္ဓေအခါ အပါယ် ၄-ဘုံ,ပဝတ္တိအခါ ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့ ဖြစ်ပါသည်။

ကာမကုသိုလ်၏ ပါကဋ္ဌာန

ကာမကုသိုလ်ကံ၏ ပါကဋ္ဌာနကား... ပဋိသန္ဓေအခါ ကာမသုဂတိ ၇-ဘုံ, ပဝတ္တိအခါကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့ ဖြစ်ပါသည်။

ကာယကံ ၃-ပါး

ပါဏာတိပါတ အဓိပ္ပါယ်

ဓိဝိတိန္ဒြေကို ဖြေးဖြေးကျစေခြင်းဟု မပေးမူ၍ လျင်မြန်စွာကျစေခြင်းသည် ပါဏာတိပါတ မည်ပါသည်။

အဒိန္နာဒါန အဓိပ္ပါယ်

အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းသည် အဒိန္နာဒါနမည်ပါသည်။

http://www.dhammadownload.com

ကာမေသုမိစ္ဆာစာရ အဓိပ္ပါယ်

မေထုန်လွန်ကျူးခြင်းဟုဆိုအပ်သော ဝတ္ထုကာမတို့၌ မှားယွင်း၍ကျင့်ခြင်းဟုဆိုအပ်သော ယုတ်မာသောအကျင့်သည် ကာမေသုမိစ္ဆာစာရ မည်ပါသည်။

အရကောက်များ

ပါဏာတိပါတော-၌ **ပါဏာအရ**... ဝေါဟာရအားဖြင့် သတ္တဝါ,ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကိုရပါသည်။

ပါဏာတိပါတအရ...ဇီဝိတိန္ဒြေကိုဖြတ်ကြောင်း လုံ့လပယောဂကို ဖြစ်စေတတ်သော ဝဓကစေတနာကို ရပါသည်။

ပါဏာတိပါတီအရ...(သတ်ခြင်း)ဝဓကစေတနာနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ရပါသည်။

အဒိန္နာဒါန-၌ **အဒိန္နအရ**...အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ရပါသည်။

အဒိန္နာဒါနအရ... အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို နိုးယူလိုကြောင်းဖြစ်သော ထေယျစေတနာကို ရပါသည်။(**အာဒါနအရဲ**...မေးလျှင်လည်း အတူတူပင် ဖြစ်သည်။)

ကာမေသုမိစ္ဆာစာရော-၌ **ကာမေသုအရ**... (သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ကို မှီဝဲသည်၏ အစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော) မသွားလာအပ်သော အဓိစောင်သော မိန်းမစသော နှစ်ကျိုးပေါ်သော မိန်းမဟုဆိုအပ်သော ဌာနကိုရပါသည်။

ကာမေသုမိစ္ဆာစာရအရ... မသွားလာအပ်သော အဓိစောင်သောမိန်းမစသော နှစ်ကျိုးပေါ်သောမိန်းမဟုဆိုအပ်သော ဌာနကို လွန်ကျူးကြောင်းဖြစ်သော ဝီတိက္ကမစေတနာကို ရပါသည်။

သုရာပါနကို ကာမသုမိစ္ဆာစာရ၌ သွင်းယူခြင်းအကြောင်း

ရဟန်းရဟုဆိုအပ်သော ကာမဂုဏ်တို့၌ ယုတ်မာသောအကျင့်ဖြစ်သောကြောင့် သုရာပါနကို ကာမေသုမိစ္ဆာစာရ၌သွင်း၍ ယူရပါသည်။

http://www.dhammadownload.com

အရက်သောက်သူကို ဒုစရိုက်မှုကျူးလွန်သူဟု ဆိုရခြင်းအကြောင်း

ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ ယုတ်မာသောအကျင့်ဖြစ်၍ သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူထားလေသောကြောင့် အရက်သောက်သူကို ဒုစရိုက်မှုကျူးလွန်သူဟုပင် ဆိုရပါသည်။

မှတ်ချက်။ ။ဘိန်းဖြူစသော မူးယစ်ဆေးဝါးသုံးစွဲသူများကိုလည်း အထက်ပါအကြောင်းအရာကို ထောက်၍ ဒုစရိုက်မှုကျူးလွန်သူများဟူ၍ ပင်ဆိုရပါမည်။

ကာယဝိညတ္တိသခ်ါရော-၌ ကာယဝိညတ်မည်ပုံ

မိမိလှုပ်သောကိုယ်ဖြင့် မိမိအလိုကို သူတစ်ပါးတို့အား သိစေတတ်သောကြောင့်လည်းကောင်း,သူတစ်ပါးတို့၏ လှုပ်သောကိုယ်ဖြင့် သူတစ်ပါးတို့၏ အလိုကို မိမိလည်း သိစေအပ်သောကြောင့်လည်းကောင်း ကာယဝိညတ်မည်ပါသည်။

ကာယဝိညတ်၏ တရားကိုယ်အရ

ကာယဝိညတ္တိအခါတေ-၌ ကာယဝိညတ်၏အရကား....ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း အစရှိသည်ကိုဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်လွန်ကဲသော ရုပ်ကလာပ်၏ဖောက်ပြန်သော ဂုဏ်သတ္တိအထူးကို ရပါသည်။

မှတ်ချက်။ ။ ကာယသည် သသမ္ဘာရကာယ,ပသာဒကာယ,စောပနကာယ အားဖြင့် ၃-မျိုးရှိရာတွင် ဤကာယဝိညတ္တိသခ်ါတေ-၌ပါသော ကာယအရ...ကာယဝိညတ်ဟုဆိုအပ်သော စောပနာကာယကို ရပါသည်။

ကာယဒွါရမည်ပုံ

လှုပ်သောကိုယ်၏အဖြစ်ကြောင့်လည်းကောင်း၊ကာယက်(ဝစီက်)တို့၏ ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း ကာယဝိညတ်သည် ကာယဒွါရမည်ပါသည်။

မှတ်ချက်။ ။ကာယဒွါရနှင့်ကမ္မဒွါရ အတူတူပင် ဖြစ်သည်။

http://www.dhammadownload.com

ဒုစရိုက် ၁၀-ပါး၌ သုရာပါနကံပါဝင်ပုံ

ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ဖြစ်၍ သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူပြီးဖြစ်သောကြောင့် သုရာပါနကံသည် အကုသလကမ္မပထ တရား ၁၀-ပါး၌(ဒုစရိုက် ၁၀-ပါး၌)ပါဝင်ပါသည်။

ဝိညတ်ကိုသာ ကံ၏ဖြစ်ကြောင်းဟု ဆိုရခြင်းအကြောင်း

ကံနှင့်တကွဖြစ်သော စိတ္တဇုပ္ပါဒ်သည် ဝိညတ်ကိုဖြစ်စေတတ်သော်လည်း ဝိညတ်သည် ကံဟုခေါ်ဝေါ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ထိုဝိညတ်ကိုသာ ကံ၏အကြောင်းဟု ဆိုခြင်းဖြစ်ပါသည်။ကံနှင့်တကွဖြစ်သော စိတ္တဇုပ္ပါဒ်ကို ကံ၏ဖြစ်ကြောင်းဟု မဆိုပါ။

ဗဟုလ္လသဒ္ဒါ ထည့်ဆိုရခြင်းအကြောင်း

ကာယကံသည် ကာယဒွါရ၌သာ များသောအားဖြင့်ဖြစ်၍ အပွကအားဖြင့် ဝစီဒွါရ၌ ဖြစ်သေးသည်ဟူသောအနက်ကို သိစေလိုသောကြောင့် ကာယဒွါရေ ဗဟုလ္လဝုတ္တိတော၌ ဗဟုလ္လသဒ္ဒါကိုထည့်၍ ဆိုရပါသည်။

ကာယကံ ဝစီဒွါရဖြစ်ပုံ

သူ့အသက်သတ်ခြင်းစသည်ကို နှုတ်ဖြင့်စေခိုင်းရာ၌ ကာယကံသည် အပွကအားဖြင့် ဝစီဒွါရ၌လည်း ဖြစ်ပါသေးသည်။

အရကောက်အထူး

ပကိဏ်းဝိုင်းလာ ကာယဒွါရအရကား.... ပဋ္ဌဒွါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ကာယာပသာဒကို ရပါသည်။

ဝိထိမုတ်ဝိုင်းလာ ကာယဒွါရအရကား.... ကာမာဝစရကုသိုလ်,အကုသိုလ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ကာယဝိညတ်ကို ရပါသည်။ဤသို့ ထူးပါသည်။

ပကိဏ်းဝိုင်းလာ မနောဒွါရအရကား.... ဘဝင်္ဂုပဏ္ဏေဒ ၁၉-ခုကိုရပါသည်။ ဝိထိမုတ်ဝိုင်းလာ မနောဒွါရအရကား.... လောကီကုသိုလ်,အကုသိုလ်တို့ ၂၉-ခုကို ရပါသည်။ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ဝစီကံ ၄-ပါး အရကောက်များ
သမ္မပ္ပလာပဝါစာမည်ပုံ

မုသာဝါဒေါ-၌ မုသာအရ...မဟုတ်မမှန်သော ဝတ္ထုကို ရပါသည်။

မုသာဝါဒအရကား...မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ဆိုကြောင်းဖြစ်သော စေတနာကို ရပါသည်။

မှတ်ချက်။ ။ မုသားပြောဆိုရာ၌ သူတစ်ပါး၏အကျိုးစီးပွားပျက်စီးခြင်းကို ပြုတတ်သော မုသာဝါဒသာလျှင် ဒုဂ္ဂတိ၏အကြောင်း မကောင်းသောကံဖြစ်ပါသည်။ (ဝါ)ကမ္မပထမြောက်သည်။(ဝါ) မုသာဝါဒကံထိုက်သည်။

သူတစ်ပါးအကျိုးစီးပွား ပျက်စီးခြင်းကို မပြုတတ်သော မုသာဝါဒသည် ဒုဂ္ဂတိ၏အကြောင်း၌ မမြဲသောကြောင့် ကံသာမည်ပါသည်။(ကမ္မပထမမြောက်ပါ။)မုသာဝါဒကံ မထိုက်ပါ။ဤကား အဘိဓမ္မာအလိုတည်း။

အရကောက်များ

ပိသုဏဝါစာ-၌ ပိသုဏအရ...သူနှစ်ယောက်တို့၏ ညီညွတ်နေမှုကို ပယ်တတ် ဖျက်ဆီးတတ်သော စကား၊ ချစ်သူနှစ်ယောက်တို့၏ ချစ်သည်၏အဖြစ်ကို ကင်းဆိတ်အောင် ဖြစ်တတ်သောစကားမျိုးကို ရပါသည်။

ပိသုဏဝါစာအရကား.... ကွဲပြားခြင်းကိုအလိုရှိ၊မိမိအား ချစ်ခြင်းကို အလိုရှိသည်၏အဖြစ်ဖြင့် သူတစ်ပါးတို့၏ ကွဲပြားခြင်းကိုပြုတတ်,ဝစီပယောဂကို ဖြစ်စေတတ်သော သံကိလိဋ္ဌစေတနာကို(သံကိလေသနှင့်ယှဉ်သော စေတနာကို)ရပါသည်။

မှတ်ချက်။ ။ ပိသုဏဝါစာစကားကိုပြောဆိုရာ၌ ပြောဆိုသောစကားကြောင့် ချစ်သူနှစ်ယောက်ကို ကွဲပြားသွားမှသာလျှင် ကမ္မပထမြောက်ပါသည်။ မကွဲပြားသော် ကမ္မပထမမြောက်ပါ။

အရကောက်

ဖရုသဝါစာ၌ ဖရုသအရကား... မိမိကိုလည်းကောင်း၊သူတစ်ပါးကိုလည်းကောင်း ကြမ်းတမ်းခြင်းကိုပြုတတ်သော လွှဲသွားကဲ့သို့ ကြမ်းတမ်းသောအတွေ့ရှိသောစကားမျိုးကို

http://www.dhammadownload.com

ရပါသည်။

ဖရုသဝါစာအရကား... လွှဲသွားကဲ့သို့ အတွေ့ရှိသောစကားမျိုးကို ပြောဆိုကြောင်း ဝစီပယောဂကို ဖြစ်စေတတ်သော ဓကန္တဖရုသစေတနာ(စင်စစ်ကြမ်းတမ်းသော စေတနာ)ကို ရပါသည်။

အထူး ။ ။ မိဘတို့ကလည်းကောင်း၊ဆရာသမားတို့ကလည်းကောင်း သားသမီး တပည့်စသူတို့ကို ဆုံးမခြင်းကို အဦးမူ၍ ကြမ်းတမ်းစွာ ရေရွတ်ပြောဆို ရာ၌ စိတ်ထားနူးညံ့သည်၏ အဖြစ်ကြောင့် ဖရုသဝါစာ မဖြစ်ပါ။

အရကောက်များ

သမ္မပ္ပလာပေါ-၌ **သမ္မအရကား**... စီးပွားချမ်းသာကို ဖျက်ဆီးတတ်၊ မိမိသူတစ်ပါး နှစ်ဦးသားတို့အား ကွဲကူးမပြုတတ်သော သီတာမိဖုရားကိုဆောင်ခြင်းစသော အကျိုးမရှိ သော စကားမျိုးကို ရပါသည်။

သမ္မပ္ပလာပအရကား.... စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော သီတာမိဖုရားကို ဆောင်ခြင်းစသော စကားမျိုးကို ဆိုကြောင်းဖြစ်သော သံကိလိဋ္ဌစေတနာကို ရပါသည်။

သမ္မပ္ပလာပ (အကျိုးမရှိသောစကား)ကို ပြောဆိုရာ၌ သူတစ်ပါးတို့က အဟုတ် တကယ်ထင်၍ မှတ်ယူမှုသာ ကမ္မပထမြောက်သည်။

ဝစီဝိညတ္တိသခ်ါတေ-၌ ဝစီဝိညတ်အဓိပ္ပါယ်

မိမိ၏လှုပ်သောဝါစာဖြင့် မိမိ၏အလိုကို တစ်ပါးသူတို့အား သိစေတတ်သော ကြောင့် လည်းကောင်း၊သူတစ်ပါးတို့၏ လှုပ်သောဝါစာဖြင့် သူတစ်ပါးအလိုကို မိမိသည် သိအပ်သောကြောင့်လည်းကောင်း ဝစီဝိညတ်မည်ပါသည်။

ဝစီဒ္ဒါရမည်ပုံ

လှုပ်သောဝါစာ၏အဖြစ်ကြောင့်လည်းကောင်း၊ ဝစီကံတို့၏ဖြစ်ခြင်းအကြောင်းဖြစ် သောကြောင့်လည်းကောင်း ဝစီဒ္ဒါရမည်ပါသည်။

http://www.dhammadownload.com

မနောကံ ၃-ပါး

အဘိဇ္ဈာမည်ပုံ

လောဘ၏အစွမ်းဖြင့် သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံတတ်သောကြောင့် အဘိဇ္ဈာမည်ပါသည်။

တစ်နည်း... ဤဥစ္စာသည် ငါ၏ဥစ္စာဖြစ်ပါမူကား ကောင်းလေစွ-ဟု သူတစ်ပါးတို့၏ ဥစ္စာကို ရှေးရှုကြံစည်ခြင်းသည် အဘိဇ္ဈာမည်ပါသည်။

အဘိဇ္ဈာ၏အရကား... လောဘစေတသိက်ကို ရပါသည်။

ဗျာပါဒမည်ပုံ

စီးပွါးချမ်းသာများ ပျက်စီးခြင်းသို့ ရောက်ကြောင်းဖြစ်သောကြောင့် ဒေါသ စေတသိက်သည် ဗျာပါဒ မည်ပါသည်။

တစ်နည်း... ဤသတ္တဝါသည် ပျက်စီးပါမူကား ကောင်းလေစွ-ဟု စိတ်ကို ဖျက်ဆီး နှောက်သော တရားသည် ဗျာပါဒမည်ပါသည်။

ဗျာပါဒအရကား... ဒေါသစေတသိက်ကို ရပါသည်။

မိစ္ဆာဒိဋ္ဌိမည်ပုံ

အလျှု၏အကျိုးသည်မရှိ-စသည်ဖြင့် မှားသောအားဖြင့် (ဖောက်ပြန်သောအားဖြင့်) မြင်ခြင်းသည် မိစ္ဆာဒိဋ္ဌိမည်ပါသည်။ ယင်းမိစ္ဆာဒိဋ္ဌိအရ ဒိဋ္ဌိစေတသိက်ကို ရပါသည်။

မှတ်ချက်။ ။ မိစ္ဆာဒိဋ္ဌိအရ ဒိဋ္ဌိဟူသမျှကို မယူရ။ (ဒိဋ္ဌိဟူသမျှ ကမ္မပထမမြောက်ပါ) သတ္တဝါတို့သေလျှင် ပြတ်၏-ဟူသော နတ္ထိကဒိဋ္ဌိ၊ သတ္တဝါတို့မှာ အကြောင်းမရှိ-ဟုယူသော အဟေတုကဒိဋ္ဌိ၊ ကုသိုလ်,အကုသိုလ်ကို ပြုသော်လည်း ခံစားရသည်မရှိ-ဟုယူသော အကြိယဒိဋ္ဌိ၊ဤဒိဋ္ဌိ ၃-ပါးကိုသာ ယူရသည်။ဤ ၃-ပါးသာ ကမ္မပထမြောက်သည်။ (ဝါ) အပါယ်လားခြင်း၏အကြောင်းကံဖြစ်ပါသည်။

http://www.dhammadownload.com

ကာယက်,ဝစီက်နှင့်တကွဖြစ်သော အဘိဇ္ဈာ,ဗျာပါဒတို့ ကမ္မပထ သီးခြားမဖြစ်ပုံ

ကာယက်,ဝစီက်ပြုလုပ်စဉ် စိတ်နှင့်ယှဉ်သော အဘိဇ္ဈာ၊ဗျာပါဒတို့သည်(၀၊) လောဘ,ဒေါသတို့သည် ကာယက်မှု,ဝစီက်မှုပြုလုပ်သောစေတနာ၏ အသင်းအပင်း စေတနာ၏ နောက်လိုက်များသာ ဖြစ်ကြသောကြောင့် သီးခြားအဘိဇ္ဈာ,ဗျာပါဒကမ္မပထ ဟု မဆိုရပါ။

ရယ်ရွှင်လျက် သတ်ခိုင်းသော်လည်း ဒေါသမူလကြောင့်ဖြစ်ပုံ

မင်းတို့သည် ရယ်ရွှင်လျက် ရာဇဝတ်သားကို သတ်ရန်စေခိုင်းသော်လည်း (ဒေါသနှင့်ယှဉ်သောစိတ်ဖြင့်သာ စေခိုင်းခြင်းဖြစ်သောကြောင့်) ယင်းပါဏာတိပါတကံသည် ဒေါသမူလကြောင့်သာဖြစ်ပါသည်။ လောဘမူသောမနသကြောင့် မဟုတ်ပါ။

ဗျာပါဒကံမြောက်ပုံ

ရယ်ရွှင်လျက် "ဤသတ္တဝါသေလျှင်ကောင်းမည်" ဟုပြောဆိုသူအား ဒေါသမူ စိတ်ဖြစ်၍ ဗျာပါဒမနောကံ မြောက်ပါသည်။

မိစ္ဆာဒိဋ္ဌိ လောဘမူလကြောင့်သာ ဖြစ်ခြင်းအကြောင်း

မိစ္ဆာဒိဋ္ဌိ၏ (မြဲမြံစွာယူအပ်သော အတ္ထ,အတ္ထနိယ-စသော ဝတ္ထုတို့၌) လောဘ ပြဋ္ဌာန်းခြင်းရှိသည်သာဖြစ်၍ မြဲမြံစွာ ယူတတ်သောကြောင့် မိစ္ဆာဒိဋ္ဌိသည် လောဘမူလကြောင့် သာဖြစ်ပါသည်။

အဒိန္နာဒါန်ကံ၏ မူလနှစ်ပါးကြောင့်ဖြစ်ပုံ

အလိုရှိအပ်သောဝတ္ထု,အလိုမရှိအပ်သောဝတ္ထုကို မိမိနှင့်တကွ ဆွေမျိုးတို့ကို စောင့်ရှောက်ခြင်းအကျိုးကို ရည်ရွယ်၍ ခိုးသောသူ၏ အဒိန္နာဒါန်သည် လောဘမူလကြောင့် ဖြစ်ပါသည်။

ရန်စလို,ရန်နှိမ်နင်းလို၍ ခိုးသောသူ၏အဒိန္နာဒါန်သည် ဒေါသမူလကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

မောဟမူလကြောင့် အဒိန္နာဒါန်ဖြစ်ပုံ

နိတိကျမ်းလာစကားကို ပမာပြုသောအားဖြင့် သူယုတ်ကိုနှိမ်နင်းလို၍ သူတစ်ပါးဥစ္စာကို ဆောင်ယူသောမင်း၊မိမိဥစ္စာဟူသောအမှတ်ဖြင့် သူတစ်ပါးဥစ္စာကို လုယူသော ပုဏ္ဏားကံ,ကံ၏အကျိုးကို တားမြစ်လေ့ရှိကုန်သော မိစ္ဆာဒိဋ္ဌိတို့၏ အဒိန္နာဒါန်သည် မောဟမူလကြောင့်ဖြစ်ပါသည်။

ကာမကုသိုလ်ကို ဒါန,သီလ,ဘာဝနာ ၃-ပါးဖြင့်သာ မှတ်ပြခြင်းအကြောင်း

ကာမာဝစရကုသိုလ်သည် အာရုံ ၆-ပါး,ကံ ၃-ပါးတို့၏ အစွမ်းဖြင့်ဖြစ်သော်လည်း ဤ၌ ကာမာဝစရကုသိုလ်ကံကို ဒါန,သီလ,ဘာဝနာဟုဆိုအပ်သော ၃-ပါး အပြားရှိသောမှတ်ခြင်းဖြင့် မှတ်ပြလိုသောကြောင့် "တထာ ဒါနသီလဘာဝနာ ဝသေန" ဟု ဆိုရခြင်းဖြစ်ပါသည်။

ပုညကြိယာဝတ္ထု ၁၀-ပါး၏ သာမညအဓိပ္ပါယ်များ

ဒါနဝတ္ထုကို ပေးလှူကြောင်းဖြစ်သောကြောင့် ဒါနမည်ပါသည်။

ကာယက်, ဝစီက်တို့ကို ကောင်းစွာထားတတ်သောကြောင့်လည်းကောင်း၊ကုသိုလ်ဓမ္မတို့ကိုကပ်၍ ဆောင်တတ်သောကြောင့်လည်းကောင်း သီလမည်ပါသည်။

ကုသိုလ်တရားတို့ကို ပွားစေကြောင်းဖြစ်သောကြောင့် ဘာဝနာမည်ပါသည်။

ပူဇော်ခြင်း၏ အစွမ်းဖြင့် အရိုအသေပြုကြောင်းဖြစ်သောကြောင့် အပစာယနမည်ပါသည်။

ထိုထိုအမှုကိစ္စကိုပြုခြင်း၌ အားထုတ်သောသူ၏ ဖြစ်ကြောင်းသည် ဝေယျာဝစ္စမည်ပါသည်။

မိမိသန္တာန်၌ဖြစ်သော ကုသိုလ်စေတနာကို (ကုသိုလ်အဖို့ဘာဂကို) သူတစ်ပါးတို့အား ပေးဝေကြောင်းဖြစ်သောကြောင့် ပတ္တိဒါန မည်ပါသည်။

သူတစ်ပါးတို့၏ သန္တာန်၌ဖြစ်သော ကုသိုလ်စေတနာကို (ကုသိုလ်အဖို့ကို) ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် ပတ္တာနုမောဒန မည်ပါသည်။

http://www.dhammadownload.com

တရားကိုနာယူကြောင်းဖြစ်သောကြောင့် ဓမ္မသဝန မည်ပါသည်။
တရားကို ဟောကြားကြောင်းဖြစ်သောကြောင့် ဓမ္မဒေသနာ မည်ပါသည်။
သမ္မာအယူကို ဖြောင့်မတ်စွာယူကြောင်းဖြစ်သောကြောင့် ဒိဋ္ဌုကမ္မ မည်ပါသည်။

ပုညကြိယာဝတ္ထု ၁၀-ပါးတို့၏ တရားကိုယ်နှင့် ဝိတ္ထာရ,ဝိသေသအဓိပ္ပါယ်

ဒါနတရားကိုယ်

အနုသယနှင့်တကွသော ခန္ဓာအစဉ်ရှိသောပုဂ္ဂိုလ်၏ သူတစ်ပါးတို့အား ပူဇော်လိုချီးမြှောက်လိုခြင်း မိမိ၏ထင်ရှားရှိသောဝတ္ထုကို စွန့်လွှတ်လှူဒါန်းသည်၏အစွမ်းဖြင့် ဖြစ်သော (ကုသိုလ်)စေတနာသည် ဒါနမည်ပါသည်။

မှတ်ချက်။　။လှူဖွယ်ဝတ္ထုကိုရှာမှီးသည်မှစ၍ဖြစ်သော ကုသိုလ်စေတနာ(ပုဗ္ဗစေတနာ) နှင့် လှူပြီးနောက် အဖန်ဖန်ဝမ်းမြောက်သော ကုသိုလ် စေတနာ (အပရစေတနာ)တို့ကိုလည်း ဒါနဟူ၍ပင် ဆိုရသည်။

ထောင်မြင်ရာစွန့်လှူခြင်းမျိုး ဒါနမမြောက်ပုံ

အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသောပုဂ္ဂိုလ်၏ သူတစ်ပါးတို့အား ပူဇော်လိုချီးမြှောက်လိုခြင်း မိမိ၏ထင်ရှားသော ဝတ္ထုကို စွန့်လွှတ်လှူဒါန်းသည်၏အစွမ်းဖြင့်ဖြစ်သော စေတနာသာ ဒါနမည်သောကြောင့် **"ထောင်မြင်ရာစွန့် ပေးလှူခြင်းမျိုး"**သည် ဒါန မမြောက်ပါ။

သီလတရားကိုယ်

နိစ္စသီလစသည်တို့၏အစွမ်းဖြင့် ငါးပါး,ရှစ်ပါး,ဆယ်ပါးသီလတို့ကို ဆောက် တည်သောပုဂ္ဂိုလ်,ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့အားလည်းကောင်း၊မဆောက်တည်သော်လည်း ရောက်လာသော ကာယ,ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်အားလည်းကောင်း၊ ရှင်ပြုသောပုဂ္ဂိုလ်,ရဟန်းအဖြစ်ကို ခံယူသော ပုဂ္ဂိုလ်အားလည်းကောင်း၊စတုပါရိသုဒ္ဓိကို ဖြည့်ကျင့်သောပုဂ္ဂိုလ်အားလည်းကောင်း ဖြစ်သောကုသိုလ်စေတနာသည် သီလမည်ပါသည်။

http://www.dhammadownload.com

ဘာဝနာကုသိုလ်

ကမ္မဋ္ဌာန်း ၄၀-တို့၌လည်းကောင်း၊ခန္ဓာစသောဝိပဿနာ၏ဖြစ်ရာ အာရုံတို့၌ လည်းကောင်း၊ပရိက်္ခ,သမ္မသနဉာဏ်တို့၏ အစွမ်းဖြင့်ဖြစ်သော အပွနာသို့မရောက်သေး သော ဂေါတြဘုအဆုံးရှိသော ကုသိုလ်စေတနာသည် ဘာဝနာမည်ပါသည်။

မှတ်ချက်။ ။ အပြစ်မရှိသော အတတ်ပညာတို့ကိုသင်ယူကြောင်းဖြစ်သော စေတနာနှင့် ပရိယတ္တိစာပေသင်ကြားခြင်း၊ ဘုရားဂုဏ်တော်ကိုပွားများခြင်း၊ ပုတီး စိပ်ခြင်း စသည်တို့၌ဖြစ်သော ကုသိုလ်စေတနာတို့ကိုလည်း ဘာဝနာ-ဟုပင်ဆိုရပါသည်။ ထို့ကြောင့် ပရိယတ္တိစာပေသင်ကြားခြင်း ကို ဘာဝနာဟူ၍ ဆိုနိုင်/မဆိုနိုင်ဟုမေးလျှင် "အပြစ်မရှိသော အတတ်ပညာကို သင်ယူကြောင်းဖြစ်သော စေတနာကိုလည်း ဘာဝနာ၌ပင် ပေါင်းယူရေတွက်အပ်သောကြောင့်" ဘာဝနာဟုပင် ဆိုနိုင်သည်ဟုဖြေပါ။

အပစာယနတရားကိုယ်

အရွယ်အားဖြင့်လည်းကောင်း၊သီလစသောဂုဏ်အားဖြင့်လည်းကောင်း၊ ကြီးသော သူတို့အား သင်္ကန်းစသည်တို့၌ တောင့်တခြင်းကင်းလျက် ညစ်နွမ်းခြင်းမရှိသော သမ္မာဆန္ဒ ဖြင့် ခရီးဦးကြိုဆိုခြင်း(ရှေးရှုဆောင်ခြင်း)နေရာခင်းခြင်းစသည်ဖြင့် များစွာမြတ်နိုးခြင်းကို ပြုကြောင်းဖြစ်သောစေတနာသည် အပစာယနမည်ပါသည်။

အကျဉ်းနည်း။ ။ အသင်္ဃာကြီးသူတို့အား လာဘ်လာဘကိုမငဲ့ဘဲ ခရီးဦးကြိုဆိုခြင်း စသည်ဖြင့် များစွာမြတ်နိုးခြင်းကိုပြုသော စေတနာသည် အပစာယန မည်ပါသည်။

မှတ်ချက် ။ သင်္ကန်းစသောလာဘ်လာဘကို မျှော်လင့်လျက် အသင်္ဃာကြီးသူ တို့အားလည်းကောင်း၊မိဘတို့အားလည်းကောင်း၊ဆရာသမားတို့အား လည်းကောင်း အရိုအသေပြုခြင်းသည် အပစာယန မဖြစ်ပါ။ **အကြောင်းကား...** လာဘ်လာဘကိုမငဲ့ဘဲ ညစ်နွမ်းခြင်းမရှိဘဲ သမ္မာ ဆန္ဒဖြင့် ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပေးခြင်း၊ မြတ်နိုးခြင်းစသော စေတနာသည်သာ အပစာယနမည်သောကြောင့် ဖြစ်သည်။

http://www.dhammadownload.com

ဝေယျာဝစ္စတရားကိုယ်

လာဘ်လာဘကိုမငဲ့သော သမ္မာဆန္ဒဖြင့် အသက်ဂုဏ်ကြီးသောပုဂ္ဂိုလ်,ဂိလာန ပုဂ္ဂိုလ်တို့၏ ထိုထိုအမှုကိစ္စတို့ကို ပြုကြောင်းဖြစ်သောစေတနာသည် ဝေယျာဝစ္စ မည်ပါသည်။

မှတ်ချက်။　။ သင်္ကန်းစသော လာဘ်လာဘကို မျှော်ကိုးလျက် အသက်ဂုဏ်ကြီးသူ တို့၏လည်းကောင်း၊မိဘတို့၏လည်းကောင်း၊ဆရာသမားတို့၏လည်း ကောင်း၊ဂိလာနတို့၏လည်းကောင်း၊ထိုထိုအမှုကိစ္စကို ဆောင်ရွက်ပေး ခြင်းဖြင့် ဝေယျာဝစ္စကုသိုလ်မရနိုင်ပါ။

အကြောင်းကား.... လာဘ်လာဘကိုမငဲ့(လ)ဖြစ်သော စေတနာသည် သာ ဝေယျာဝစ္စမည်သောကြောင့် ဖြစ်ပါသည်။

ပတ္တိဒါနတရားကိုယ်

မိမိသန္တာန်၌ဖြစ်သော ကုသိုလ်ကောင်းမှု၏ သူတစ်ပါးတို့နှင့် ဆက်ဆံသည်၏အဖြစ် ကို တောင့်တကြောင်းဖြစ်သော စေတနာသည် (ဝါ)မိမိသန္တာန်၌ဖြစ်သော ကုသိုလ် ကောင်းမှု ကို သူတစ်ပါးအား ရလိုသည်၏အဖြစ်ကို တောင့်တကြောင်းဖြစ်သော စေတနာသည် ပတ္တိဒါန မည်ပါသည်။

ပတ္တာနုမောဒနတရားကိုယ်

သူတစ်ပါးကိုပေးအပ်,မပေးအပ်သော ကုသိုလ်ကောင်းမှုကို ဝန်တိုမှုအညစ်အကြေး ကင်းသောစိတ်ဖြင့် အဖန်တလဲလဲဝမ်းမြောက်ကြောင်းဖြစ်သော စေတနာသည် ပတ္တာနုမောဒန မည်ပါသည်။

မှတ်ချက်။　။ သူတစ်ပါးတို့ပေးသော ကုသိုလ်အဖို့ကို ဝမ်းမြောက်စွာသာခုခေါ်မှသာ ပတ္တာနုမောဒန ဖြစ်သည်မဟုတ်၊မပေးသောကုသိုလ်အဖို့ကို ဝမ်းမြောက် စွာ သာခုခေါ်ခြင်းကိုလည်း ပတ္တာနုမောဒန ဟုဆိုရပါသည်။

ဓမ္မဿဝနတရားကိုယ်

ဤတရားကိုနာ၍ ထိုတရား၌ ဟောသောနည်းဖြင့် ကျင့်လျှင် လောကီ, လောကုတ္တရာအကျိုးထူးလည်းရှိ၊များသောအကြားအမြင်လည်းရှိ၍ သူတစ်ပါးတို့အား

http://www.dhammadownload.com

တရားဟောခြင်းစသည်ဖြင့် ချီးမြှောက်အံ့ဟု မိမိသူတစ်ပါး ၂-ဦးသားတို့၏ အကျိုးစီးပွားကို ပြီးစေခြင်း၏ အစွမ်းဖြင့်ဖြစ်သော ညစ်နွမ်းခြင်းမရှိသော အလိုဖြင့် အကျိုးစီးပွားကို ညွှန်ပြတတ်သောတရားကို နာယူကြောင်းဖြစ်သော ကုသိုလ်စေတနာသည် ဓမ္မဿဝန မည်ပါသည်။

မှတ်ချက်။ ။ အပြစ်မရှိသောအတတ်ပညာကို သင်ကြားနာယူကြောင်းဖြစ်သော စေတနာကိုလည်း ဓမ္မဿဝနဟူ၍ပင် ဆိုရသည်။ ထို့ကြောင့် ပရိယတ္တိစာပေ သင်ကြားပြသသည်ကို နာယူခြင်း၊နားထောင်ခြင်း၊ဆူးလေရင်ပြင်တော်၌ ပို့ချသင်ကြားသော ပဋ္ဌန်းသင်တန်းသို့ တက်ရောက်ခြင်း၊ နာယူခြင်းတို့ကိုလည်း ဓမ္မဿဝန-ဟူ၍ပင် ဆိုရပါသည်။

ဓမ္မဒေသနာတရားကိုယ်

လာဘ်,ပူဇော်သက္ကာရစသည်ကိုမငဲ့ဘဲ အသင့်နှလုံးသွင်းခြင်းရှိသော ပုဂ္ဂိုလ်၏ အကျိုးစီးပွားကိုညွှန်ပြ၍ တရားကိုဟောကြားကြောင်းဖြစ်သော စေတနာသည် ဓမ္မဒေသနာ မည်ပါသည်။

မှတ်ချက်။ ။ အပြစ်ကင်းသောအတတ်ပညာကို သင်ကြား,ညွှန်ပြကြောင်းစေတနာကိုလည်း ဓမ္မဒေသနာဟုပင် ဆိုရသည်။

တစ်ညတစ်ပွဲလျှင် ၅၀၀၊ ၁၀၀၀-ရှိမှ တရားဟောနိုင်မည်။ မရကမဟောနိုင်ဟု ဆိုလာလျှင် ယင်းဓမ္မကထိကတို့၏ တရားဟောကြောင်းစေတနာသည် ဓမ္မဒေသနာမမည်ပါ။

အကြောင်းကား... လာဘ်ပူဇော်သက္ကာရစသည်ကို မငဲ့ဘဲ အသင့်နှလုံးသွင်းခြင်းရှိသောပုဂ္ဂိုလ်၏ အကျိုးစီးပွားကို ညွှန်ပြ၍ တရားဟောကြောင်းဖြစ်သော စေတနာကိုသာ ဓမ္မဒေသနာဟုဆိုရသောကြောင့် ဖြစ်ပါသည်။

ဒိဋ္ဌဓမ္မတရားကိုယ်

အလျှူ၏အကျိုးသည်ရှိ၏-စသောနည်းဖြင့် မှန်ကန်စွာသိခြင်း၏အစွမ်းဖြင့် အယူကို ဖြောင့်မတ်စွာပြုခြင်းသည်(ဝါ)အယူကို ဖြောင့်မတ်စွာပြုကြောင်းဖြစ်သော ဉာဏ်နှင့် ယှဉ်သောစေတနာသည် ဒိဋ္ဌဓမ္မမည်ပါသည်။

http://www.dhammadownload.com

ဉာဏဝိပ္ပယုတ်စေတနာကို ဒိဋ္ဌဓမ္မအရကောက်ပုံ

အယူကို ဖြောင့်မတ်စွာပြုသောအခါ၌ ဉာဏသမ္မယုတ်ဖြစ်သင့်သော်လည်း ပုဗ္ဗ စေတနာ,အပရစေတနာတို့ကို ဒါနဒ္ဒသာ ပေါင်းယူခြင်းကြောင့်(ပေါင်းယူသကဲ့သို့၊ ထို့အတူ) ရှေ့အဖို့ နောက်အဖို့တို့၌ ဉာဏဝိပ္ပယုတ်ဖြစ်သင့်သောကြောင့် ဉာဏဝိပ္ပယုတ် စေတနာကိုလည်း ဒိဋ္ဌဓမ္မအရ ကောက်သင့်ပါသည်။

ပုဉ္ဇကြီယာ ၁၀-ပါးကို ဒါန, သီလ, ဘာဝနာ ၃-ပါးဦးပုံ

ပုဉ္ဇကြီယာဝတ္ထု ၁၀-ပါးတို့တွင် ပတ္တိဒါန,ပတ္တာနုမောဒန ၂-ပါးကို ဒါန သဘောရှိခဲ့လေသောကြောင့် ဒါနထဲသို့ သွင်းရပါသည်။

တစ်နည်း… ဒါနသည်လည်း ဣဿာ,မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ပတ္တိဒါန, ပတ္တာနုမောဒန ၂-ပါးတို့သည်လည်း ဣဿာ,မစ္ဆရိယတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ဤသို့ဆန့်ကျင်ဘက်ဖြစ်ခြင်းသဘော တူသောကြောင့် ပတ္တိဒါန,ပတ္တာနုမောဒန ၂-ပါးကို ဒါနထဲ၌ ထည့်သွင်းရပါသည်။

အပစာယန,ဝေယျာဝစ္စ ၂-ပါးကို သီလနှင့် စာရိတ္တသီလ၏အဖြစ်ဖြင့် တူခဲ့လေ သောကြောင့် သီလထဲ၌ ထည့်သွင်းရပါသည်။

ဓမ္မဿဝန,ဓမ္မဒေသနာ,ဒိဋ္ဌဓမ္မ ၃-ပါးတို့ကို ဘာဝနာနှင့် ကုသိုလ်တရားတို့ကို ပွါးစေတတ်သည်၏အဖြစ်ဖြင့် တူသောကြောင့် ဘာဝနာထဲသို့ ထည့်သွင်းရပါသည်။

လက်ဝါးကား ။　။ ဒါန, သီလ, ဘာဝနာ၊ သုံးဖြာစဉ်၍ခင်၊
စနှစ်ကိုလည်(လယ်)၊ လည်(လယ်)နှစ်ကိုစ၊
နောက်မှ နောက်ချင်းသွင်း-ဟူ၍ ဖြစ်ပါသည်။

ရူပါဝစရ (အရူပါဝစရ)ကုသိုလ်တို့၏ မနောက်စသည် ဖြစ်ရခြင်းအကြောင်း

ရူပါဝစရကုသိုလ် (အရူပကုသိုလ်)တို့သည် ဝိညတ်ကိုဖြစ်စေတတ်သော သဘော မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့်လည်း ကောင်း မနောက်သာ ဖြစ်ရပါသည်။

ဒါနစသည်အစွမ်းဖြင့် မဖြစ်ခြင်းကြောင့် ဘာဝနာမယသာ ဖြစ်ရပါသည်။

http://www.dhammadownload.com

ရူပါဝစရ(အရူပါဝစရ) ကုသိုလ်၏ ရှေ့အဖို့၌ဖြစ်ကုန်သော ဘာဝနာတို့၏ ကာမာဝစရတရားများသာ ဖြစ်ကြသောကြောင့် (ရူပ-အရူပ)ကုသိုလ်တို့သည် အပွနာပတ္တိဖြစ်ရပါသည်။

ရူပကုသိုလ် ၅-ပါးသာပြားရခြင်းအကြောင်း

ရူပါဝစရကုသိုလ်သည် ပဋိပဒါစသောအပြားအားဖြင့် များသောအပြားရှိသော်လည်း ဝိတက်စသော ရုန့်ရင်းသော စျာန်အင်္ဂါတို့ကို လွန်သည်၏အစွမ်းဖြင့်ဖြစ်သော စျာန်အင်္ဂါတို့၏ အပြားကား ၅-ပါးသာဖြစ်သောကြောင့် ရူပါဝစရကုသိုလ်သည် ၅-ပါးသာပြားရပါသည်။

အရူပကုသိုလ် ၄-ပါးပြားရခြင်းအကြောင်း

အရူပကုသိုလ်သည် ကသိုဏ်းကိုခွာ၍ရအပ်သော ကောင်းကင်ပညတ်အာရုံ၊ ကောင်းကင်ပညတ်လျှင် အာရုံရှိသော ပထမာရုပ္ပဝိညာဏ်ဟူသောအာရုံ၊ထိုပထမာရုပ္ပဝိညာဏ် မရှိသည်၏အဖြစ်တည်းဟူသော နတ္ထိဘောပညတ်အာရုံ၊ဤနတ္ထိဘောပညတ်လျှင် အာရုံရှိသော တတိယာရုပ္ပဝိညာဏ်ဟူသော အာရုံတို့၏အပြားဖြင့် ပြားသောကြောင့် ၄-ပါး ပြားရပါသည်။

ကာမကံ၏အကျိုးပေးရာဘုံ
ဥဒ္ဓစ္စစေတနာကြဉ်ရပုံ

ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိသောကြောင့် ''ဧတ္ထ ကုသလကမ္မမုဒ္ဓစ္စရဟိတံ''၌ ဥဒ္ဓစ္စစေတနာကို ကြဉ်ရပါသည်။

မှတ်ချက် ။ ။ အဓိမောက္ခကင်း၍ အလုံးစုံသောကုသိုလ်တို့အောက် အားနည်းသော ဝိစိကိစ္ဆာစေတနာသည် ပဋိသန္ဓေအကျိုးကိုပေးပါလျက် အဓိမောက္ခနှင့် ယှဉ်၍ အားကြီးသော ဥဒ္ဓစ္စစေတနာသည် အဘယ်ကြောင့် ပဋိသန္ဓေအကျိုးကို မပေးပါသနည်းဟုမေးလျှင်လည်း အထက်ပါအတိုင်း ''အားပင်ကြီးသော်လည်း ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိ

http://www.dhammadownload.com

သောကြောင့် ဥဒ္ဒစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးခြင်းဖြစ်ပါသည်'' ဟု ဖြေပါ။

ဥဒ္ဒစ္စစေတနာ ပဋိသန္ဓေအကျိုးကိုပေးခြင်းသဘောမရှိဟု သိရခြင်းအကြောင်း

ဥဒ္ဒစ္စစေတနာသည်(ဥဒ္ဒစ္စသဟဂုတ်ကံသည်)သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော အကုသိုလ်တရားတို့၌ မလာသောကြောင့် ဥဒ္ဒစ္စစေတနာကို (ဥဒ္ဒစ္စသဟဂုတ်ကံကို) ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိဟု သိရပါသည်။

တစ်နည်း-အကျယ်ဖြေပုံ

ဥဒ္ဒစ္စစေတနာသည် ဒဿနေနပဟာတဗ္ဗတရားတို့၌ မလာသောကြောင့်လည်းကောင်း၊ ဥဒ္ဒစ္စစေတနာကို ကမ္မပစ္စည်းအဖြစ်ဖြင့်သာ မြတ်စွာဘုရားထုတ်ဆောင်ဟော၍ နာနက္ခဏိကကမ္မပစ္စည်းအဖြစ်ဖြင့် ထုတ်ဆောင်မဟောသောကြောင့်လည်းကောင်း၊ နာနက္ခဏိက ကမ္မပစ္စည်းနှင့်ကင်း၍လည်း ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိသောကြောင့်လည်းကောင်း ဥဒ္ဒစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိပါ။ (ဤကား... **မစိုးရိမ်ဦးကာကျော်အဖြေ** ဆရာတော်အလိုတည်း။)

ဥဒ္ဒစ္စစေတနာ ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘော မရှိခြင်းအကြောင်း

ဥဒ္ဒစ္စစေတနာသည် နာနက္ခဏိကကမ္မပစ္စည်းမတပ်၍ နာနက္ခဏိကကမ္မပစ္စည်းနှင့်လည်း ကင်း၍ ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် ဥဒ္ဒစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိပါ။

ဒဿနေနပဟာတဗ္ဗနှင့်စပ်၍ သိရသော အကုသိုလ် ၃-မျိုးနှင့် တရားကိုယ်

ဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာနှင့်စပ်၍ သိအပ်သောအကုသိုလ်သည်-

၁။ ။ သောတာပတ္တိမဂ်သည်ပယ်အပ်သော ဒဿနေနပဟာတဗ္ဗအကုသိုလ်၊

http://www.dhammadownload.com

၂။ ။ အထက်မဂ် ၃-ခုသည်ပယ်အပ်သော ဘာဝနာယပဟာတဗ္ဗအကုသိုလ်၊

၃။ ။ ရဲခါ သောတာပတ္တိမဂ်သည်ပယ်အပ်သည်ဖြစ်၍ ရဲခါ အထက်မဂ် ၃-ခု သည် ပယ်အပ်သော သိယာ ဒဿနေန ပဟာတဗ္ဗ၊သိယာ ဘာဝနာယ ပဟာတဗ္ဗ အကုသိုလ်အားဖြင့် ၃-ပါးအပြားရှိပါသည်။

ထို ၃-ပါးတို့တွင် ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခု၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု အားဖြင့် ဤ ၅-ပါးသောစိတ်တို့သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည်၏အစွမ်းဖြင့် ဒဿနဟုရ အပ်သော အမည်ရှိသော သောတာပတ္တိမဂ်သည် ပယ်အပ်သောကြောင့် ဒဿနေနပဟာတဗ္ဗ အကုသိုလ် မည်ပါသည်။

ဥဒ္ဓစ္စသဟဂုတ်စိတ်သည် အရဟတ္တမဂ်သည် ပယ်အပ်သောကြောင့် ဘာဝနာယ ပဟာတဗ္ဗအကုသိုလ် မည်ပါသည်။

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ဒေါသမူဒွေးအားဖြင့် ဤ ၆-ပါးသော စိတ်တို့သည် အပါယ်၌ ဖြစ်စေတတ်သော အခိုက်အတန့်ကို "သောတာပတ္တိမဂ်ဖြင့်"၊ ထိုအခိုက်အတန့်မှ ကြွင်းသော အပါယ်သို့ မရောက်စေတတ်သော ရုန့်ရင်းသိမ်မွေ့သော အခိုက်အတန့်ကို ကြွင်းသော ထူထဲသောအခိုက်အတန့်၊ပါးသောအခိုက်အတန့်ကို အထက်မဂ် ၃-ခုဖြင့် ပယ်အပ်သောကြောင့် သိယာ ဒဿနေန ပဟာတဗ္ဗ၊သိယာ ဘာဝနာယ ပဟာတဗ္ဗ အကုသိုလ်မည်ပါသည်။

အထက်မဂ် ၃-ခုကို ဘာဝနာဟုဆိုရခြင်းအကြောင်း

အထက်မဂ် ၃-ခုသည် နိဗ္ဗာန်ကိုမြင်တတ်၍ ဒဿနဟုဆိုသင့်သော်လည်း သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော နိဗ္ဗာန်၌ ပွါးစေသည်၏အစွမ်းဖြင့်ဖြစ်သောကြောင့် အထက်မဂ် ၃-ခုကို ဘာဝနာဟူ၍သာ ဆိုရပါသည်။ ဒဿနဟူ၍ မဆိုရပါ။

ကာမကုသိုလ်ကံ၏ အပါယ်ဘုံတို့၌လည်း ပဝတ္တိအကျိုးကို ပေးခြင်းအကြောင်း

အပါယ်ဘုံ၌ဖြစ်သော နဂါး,ဂဠုန်,ဝေမာနိကပြိတ္တာတို့၏ ကြီးကျယ်သောစည်းစိမ် ချမ်းသာသည်လည်းကောင်း၊ငရဲ၌နေကုန်သော သူတို့၏ (ငရဲသူ,ငရဲသားတို့၏)ရှင်မဟာ

http://www.dhammadownload.com

မောဂ္ဂလာန်ထေရ်ကို ဖူးမြင်ရခြင်းစသည်တို့၌ ငရဲမီးငြိမ်းခြင်းစသောအကျိုးသည် လည်းကောင်း၊အကုသိုလ်၏အကျိုး မဖြစ်သင့်၊ကုသိုလ်၏အကျိုးသာဖြစ်သင့်သောကြောင့် ကာမ ကုသိုလ်သည် အပါယ်ဘုံတို့၌လည်း ပဝတ္တိအကျိုးကို ပေးပါသည်။(ထို့ကြောင့် အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ)ဟု အရှင်အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။

ကာမကုသိုလ်က ရူပဘုံ၌ ပဝတ္တိအကျိုးဝိပါက်ကို ဖြစ်စေခြင်းအကြောင်း

ရူပါဝစရကုသိုလ်ကြောင့် အဟိတ်ဝိပါက်တို့ ဖြစ်ခြင်းမရှိသောကြောင့် ကာမကုသိုလ်သည် ရူပဘုံ၌ အဟိတ်ကုသလဝိပါက်အကျိုးများကို ဖြစ်စေပါသည်။(၀၊) ပဝတ္တိအကျိုးကို ပေးပါသည်။

ရူပကုသိုလ်ကြောင့် အဟိတ်ဝိပါက်များ မဖြစ်ရခြင်းအကြောင်း

ရူပဘုံ၌ ရူပကုသိုလ်ကြောင့်ဖြစ်သော အဟိတ်ဝိပါက်မရှိခြင်းကြောင့်လည်းကောင်း၊ ကာမဂုဏ်၌ တပ်ခြင်းကင်းသော ရူပါဝစရကုသိုလ်ကို ပွားခြင်းဖြင့် ကာမတဏှာ၏ အာရုံသာရှိသောဝိညာဏ်ကို မဖြစ်စေတတ် သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်,လောကုတ္တရာကုသိုလ်တို့၏စင်စစ်တူသော အကျိုးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ရူပါဝစရကုသိုလ်ကြောင့် အဟိတ်ဝိပါက်တို့ ဖြစ်ခြင်းမရှိပါ။

တိဟေတုကမုက္ကဋ္ဌ-စသည်၌ ဥက္ကဋ္ဌမည်ပုံ

အကြင်ကုသိုလ်ကံကိုပြုသောအခါ ရှေးအဖို့,နောက်အဖို့တို့၌ ကုသိုလ်ကံတို့သည် ခိုရုံအပ်ခဲ့၏။ကုသိုလ်ပြုပြီးသည်မှ နောက်အဖို့၌လည်း အာသေဝနပစ္စည်းကိုရသဖြင့် အဖန်တလဲလဲ မှီဝဲလေ့လာခြင်းကိုပြုအပ်၏။ထိုကုသိုလ်ကံသည် ဥက္ကဋ္ဌမည်ပါသည်။

ဩမကအဓိပ္ပါယ်

အကြင်ကုသိုလ်ကံကိုပြုသောအခါ ရှေးအဖို့,နောက်အဖို့တို့၌ အကုသိုလ်ကံတို့သည် ခိုရုံအပ်ခဲ့၏။ ကုသိုလ်ပြုပြီးသည်မှ နောက်အဖို့၌လည်း(ငါသည် ဤကုသိုလ်ကို မကောင်းသဖြင့် ပြုအပ်ခဲ့၏)ဟု စိတ်မသက်သာနှလုံးနာခြင်းကို ဖြစ်စေသဖြင့် အဖန်တလဲလဲ မှီဝဲ ထုံအပ်၏။ထိုကုသိုလ်ကံသည် ဩမကမည်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ တစ်ခုသောကုသိုလ်ကံသည် တစ်ခုသောပဋိသန္ဓေကို ဖြစ်စေ၍ များစွာသော ဘဝတို့၌ ပဋိသန္ဓေအကျိုးကို မဖြစ်စေနိုင်ပါ။ ပဝတ္တိအကျိုးကို ကား ဘဝအရာ, ဘဝအထောင်တိုင်အောင် ဖြစ်စေနိုင်ပါသည်။

တိဟိတ်ဩမကကုသိုလ်ကံ ဒွိဟိတ်ပဋိသန္ဓေကို ပေးခြင်းအကြောင်း

ဉာဏ်သည် ဇစ္ဆန္ဒအစရှိသော ဝိပွတ္တိ၏အကြောင်းဖြစ်သော မောဟ၏၊ တစ်နည်း… အလုံးစုံသောအကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ထိုဉာဏ်နှင့် ယှဉ်သော တိဟိတ် ဩမကကုသိုလ်ကံသည် အလွန်အားနည်းသော်လည်း ဒွိဟိတ်ပဋိသန္ဓေကိုသာ ပေးပါသည်။အဟိတ်ပဋိသန္ဓေကို မပေးပါ။

ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံ ဒွိဟိတ်ပဋိသန္ဓေကိုသာ ပေးခြင်းအကြောင်း

ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံသည် ဉာဏ်နှင့်ယှဉ်ခြင်းမရှိသောကြောင့် ဉာဏသမ္မယုတ် ဝိပါက်ကိုဖြစ်စေခြင်း၌ မစွမ်းနိုင်ရကား ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်ကံသည် အလွန်အားရှိသော်လည်း ဒွိဟိတ်ပဋိသန္ဓေကိုသာ ပေးပါသည်။ တိဟိတ်ပဋိသန္ဓေကို မပေးပါ။

ကေစိဝါဒဆိုရခြင်းအကြောင်း

အကျိုးဝိပါက်၏ သခါရအပြားကို သေခါနီးကာလ၌ ထင်သောက်, ကမ္မနိမိတ်စသော အကြောင်းပစ္စယ၏အစွမ်းဖြင့်သာ အလိုရှိအပ်၏။ကံ၏အစွမ်းဖြင့် အလိုမရှိအပ်သောကြောင့် အသခါရိကကုသိုလ်ကံသည် သသခါရိကအကျိုးဝိပါက်ကို မဖြစ်စေနိုင်ဟူသော ဝါဒကို ကေစိဝါဒဟုဆိုရခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိ ဒတွာ-ကို ထောက်၍ တိဟိတ်ဖြစ်သောပုထုဇဉ်သည် တိဟိတ်အဖြစ်သို့ ပြန်ရောက်နိုင်သည်။

တိဟေတုကမောမကံ ဒွိဟေတုကမုက္ကဋ္ဌံ ကုသလံ ဒွိဟေတုကပဋိသန္ဓိ ဒတွာ-ထောက်၍ တိဟိတ်ဖြစ်ပြီးသော ပုထုဇဉ်သည် ဒွိဟိတ်အဖြစ်သို့လည်းကောင်း၊ပညာရှိသော ပုထုဇဉ်သည် ပညာမဲ့အဖြစ်သို့လည်းကောင်း ရောက်နိုင်ပါသည်။

http://www.dhammadownload.com

ပရိတ္တ မဏ္ဍိမ ပဏီတ အဓိပ္ပါယ်

ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သကဲ့သို့ နည်းသောအာနုဘော်ရှိသောကြောင့် ပရိတ္တ မည်ပါသည်။

မြတ်သည်၏အဖြစ်သို့ ဆောင်အပ်သောကြောင့် ပဏီတ မည်ပါသည်။

ပရိတ္တ,ပဏီတနှစ်ပါးတို့ အလယ်၌ဖြစ်သောကြောင့် မဏ္ဍိမမည်ပါသည်။ (ဦး-ပထမနည်းအဖွင့်။)

တစ်နည်း... အဋ္ဌကထာနည်းအလို- ရအပ်ကာမျှဖြစ်၍ ဝသီဘော်တို့ဖြင့်ပွါးများခြင်းရှိသေးသောစျာန်သည် ပရိတ္တမည်ပါသည်။

ဝသီဘော် ၅-ပါးတို့ဖြင့် လွန်စွာမပွားအပ်သေးသည်ဖြစ်၍ ဝသီဘော်မပြည့်စုံသေးသော် စျာန်သည် မဏ္ဍိမမည်ပါသည်။

အလွန်ပွါးများအပ်သည်ဖြစ်၍ ဝသီဘော်အားလုံး ပြည့်စုံသောစျာန်သည် ပဏီတမည်ပါသည်။

ဦးကာရောက်နည်းအလို ပရိတ္တ မဏ္ဍိမ ပဏီတ အဓိပ္ပါယ်

ယုတ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့် ဖြစ်စေအပ်,ပွါးစေအပ်သောစျာန် သည် ပရိတ္တမည်ပါသည်။

အလယ်ဖြစ်သော (အလယ်၌ဖြစ်သော) ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့် ဖြစ်စေအပ်, ပွားစေအပ်သောစျာန်သည် မဏ္ဍိမမည်ပါသည်။

မြတ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့် ဖြစ်စေအပ်,ပွားစေအပ်သော စျာန်သည် ပဏီတမည်ပါသည်။

အဘိညာဉ်အဖြစ်သို့ မရောက်သော ပဉ္စမစျာန်ကို ယူရခြင်းအကြောင်း

ပဉ္စမဈာန် ဘာဝေတွာ ဝေဟပ္ဖလေသု-၌ ပဉ္စမဈာန်အရ-အဘိညာဉ်အဖြစ်သို့ ရောက်ပြီးသော ပဉ္စမစျာန်သည် ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘောမရှိသောကြောင့် အဘိညာဉ်အဖြစ်သို့ မရောက်သေးသော ရူပါဝစရကုသိုလ်ပဉ္စမစျာန်ကို ယူရပါသည်။

http://www.dhammadownload.com

အဘိညာဉ်အဖြစ်သို့ရောက်သော ပဉ္စမစျာန်၏ အကျိုးပေးခြင်း သဘောမရှိခြင်းအကြောင်း

မဟာဂူတ်ကုသိုလ်တို့မည်သည် တူသောဘုံရှိသောစျာန်မှ အာသေဝနပစ္စည်းကို ၍ အားရှိမှသာ အကျိုးကိုပေးပါသည်။အဘိညာဉ်အဖြစ်သို့ ရောက်ပြီးသောကုသိုလ် ပဉ္စမစျာန်တို့သည် တူသောဘုံရှိသောစျာန်မှ အာသေဝနပစ္စည်းကိုမရ၍ အားနည်းသည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းသဘောမရှိပါ။(ဝါ)ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ။

အသညသတ်ဘုံရောက်အောင် ကမ္မဋ္ဌာန်းစီးဖြန်းပုံ

အသညသတ်ဘုံသို့ ရောက်လိုသောပုဂ္ဂိုလ်သည် ရူပါဝစရကုသိုလ်ပဉ္စမစျာန်ကိုပင် "သညာ ရောဂေါ၊သညာ ဂဏ္ဍော" စသည်ဖြင့်လည်းကောင်း၊ "ဓီ စိတ္တံ၊မိဗ္ဗတံ စိတ္တံ" စသည်ဖြင့်လည်းကောင်း နာမ်တရားဖြစ်ခြင်း၌ အပြစ်ကိုမြင်၍ နာမ်တရားမရှိခြင်း၌ ဖြတ်သည်၏အဖြစ်ကို ဆုံးဖြတ်လျက် ဝါယောကသိုဏ်း၊ အရှိသောဆရာတို့ အလိုအားဖြင့် ပရိဏ္ဍိန္နာကာသကသိုဏ်းကို သညာကင်းအောင် စီးဖြန်းပွါးများရပါသည်။

အသညသတ်ဘုံ၌ဖြစ်သောပုဂ္ဂိုလ်နှင့် ဖြစ်ပုံအနေအထား

ကံကိုပြုအပ်၏ဟု ဆိုလေ့ရှိကုန်သော ပဉ္စမစျာန်ကိုရပြီးသော ကမ္မကြိယာဝါဒီ တိတ္ထိတို့သည်သာ အသညသတ်ဘုံ၌ဖြစ်ကြပါသည်။ထိုပဉ္စမစျာန်ကိုရပြီးသော ကမ္မကြိယာ ဝါဒီတိတ္ထိတို့သည် အကြင်ဣရိယာပုထ်ဖြင့် လွှဲပြည်၌ သေကြကုန်၏။ထိုလွှဲပြည်၌ သေသောဣရိယာပုထ်အတိုင်းသာ အသညသတ်ဘုံ၌ ဖြစ်ကြရပါသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့ သုဒ္ဓါဝါသဘုံ၌ဖြစ်ပုံ

အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ ၅-ဘုံတို့တွင် ဖြစ်လိုရာဘုံ၌ မဖြစ်ကြပါ။ သဒ္ဓါစသော ငါးပါးသော ဣန္ဒြေတို့တွင် လွန်ကဲသောအစဉ်အားဖြင့်သာ ဖြစ်ကြပါသည်။

(ဝါ) သဒ္ဓိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်သည် အဝိဟာဘုံ၌ ဖြစ်ရပါသည်။

ဝီရိယန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်သည် အတပ္ပါဘုံ၌ ဖြစ်ရပါသည်။

သတိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်သည် သုဒဿာဘုံ၌ ဖြစ်ရပါသည်။

http://www.dhammadownload.com

သမာဓိဖြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်သည် သုဒ္ဒသီဘုံ၌ ဖြစ်ရပါသည်။
ပညာဖြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်သည် အကနိဋ္ဌာဘုံ၌ ဖြစ်ရပါသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့ ကာမဘုံ၌ မဖြစ်ခြင်းအကြောင်း

အနာဂါမ်ပုဂ္ဂိုလ်တို့သည် ကာမရာဂကို အကြွင်းမဲ့အားဖြင့် ပယ်ပြီးဖြစ်သောကြောင့် ကာမဘုံတို့၌ ဖြစ်လိုသောတပ်ခြင်း နိကန္တိမရှိ၍ ကာမဘုံ၌ မဖြစ်ပါ။

အနာဂါမ်ပုဂ္ဂိုလ်တို့ သုဒ္ဓါဝါသဘုံတို့၌သာ အမြဲမဖြစ်ပုံ

သုဒ္ဓါဝါသဘုံတို့၌ အနာဂါမ်ပုဂ္ဂိုလ်တို့သာ ဖြစ်ခြင်းမြဲသည်၊အနာဂါမ်ပုဂ္ဂိုလ်တို့ တစ်ပါးသောဘုံတို့၌ မဖြစ်ဟု မှတ်ခြင်းမရှိသောကြောင့် သုဒ္ဓါဝါသဘုံမှတစ်ပါးသော ဘုံတို့၌လည်း အနာဂါမ်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသေးသည်။

ပ,ဒု,တစ္စာနံ ၉-ပါးရပြီး ပုထုဇဉ်စသည်တို့ ကာမဘုံ၌ဖြစ်နိုင်ပုံ

"ဣဿတိ ဘိက္ခဝေ သီလဝတော ဧတောပဏိဓိ ဝိသုဒ္ဓတ္တာ" ဟု ဘုရားရှင်ဟော တော်မူသောကြောင့် စ္စာနံ ၉-ပါးရပြီးသော ပုထုဇဉ်,သောတာပန်,သကဒါဂါမ်တို့သည် ကာမဘုံ၌ဖြစ်လိုခဲ့သော် ဥပစာရစ္စာနံနှင့်ယှဉ်သော ကာမာဝစရဂုဏ်၏အစွမ်းကြောင့် ကာမ ဘုံ၌လည်းဖြစ်နိုင်ပါသည်။

ပ,ဒု,တ စ္စာနံရပြီးသူတို့ သတ်မှတ်ဘုံမှတစ်ပါးသော ဘုံတို့၌လည်းဖြစ်ပုံ

ပထမစ္စာနံစသည်ရပြီးသော ပုထုဇဉ်,သောတာပန်,သကဒါဂါမ်စသည်တို့သည် နိကန္တိရှိသော် (တပ်ခြင်းရှိသော်) မိမိတို့ရအပ်သောစ္စာနံ၏ ဖြစ်ရာဘုံဖြစ်၍ဖြစ်သော သုဒ္ဓါ ဝါသ-ကြဉ်သော အမှတ်မရှိဘုံတို့၌လည်း ဖြစ်နိုင်ကြပါသည်။

(ရူပါဝစရကုသလံ ပန ပထမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇေသု ဥပ္ပန္နတိ စသည်ဖြင့် သတ်မှတ်ဆိုထားခြင်းကား ထိုထိုစ္စာနံ၏ အသီးအခြားဥစ္စာဖြစ်သော အကျိုးပေးရာ ဘုံ၏အစွမ်းဖြင့် ဆိုထားခြင်း ဖြစ်ပါသည်။)

http://www.dhammadownload.com

သုက္ခဝိပဿက အနာဂါမ် (ဈာန်မရအနာဂါမ်)တို့ သုဒ္ဓါဝါသဘုံ၌ဖြစ်နိုင်ပုံ

သုက္ခဝိပဿကအနာဂါမ်ပုဂ္ဂိုလ်တို့သည် (ဝါ) ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် သမာဓိဖြည့်ကျင့်မှုကို ပြုပြီးဖြစ်သောကြောင့် သေကာနီးကာလ၌ ဧကန်အားဖြင့် ဈာန်ရမည်ဖြစ်သောကြောင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်ကြပါသည်။

မိန်းမများဗြဟ္မာဘုံသို့ သွားရောက်ဖြစ်နိုင်ပုံ

အရိယာဖြစ်စေ၊ပုထုဇဉ်ဖြစ်စေ သမာပတ် ၈-ပါးလုံးရပြီးသော မိန်းမတို့သည် ဗြဟ္မပါရိသဇ္ဈာဗြဟ္မာဘုံတို့၌သာ ဖြစ်နိုင်ပါသည်။မဟာဗြဟ္မာကြီးများ မဖြစ်နိုင်ပါ။

မှတ်ချက်။ ။ အချို့ကား ဗြဟ္မပါရိသဇ္ဈာ,ဗြဟ္မပုရောဟိတာဘုံတို့၌ ဖြစ်နိုင်သည်ဟု ဆိုသည်။

ဝေဟပ္ဖိုလ်,အကနိဋ္ဌ,နေဝသညာနာသညာရှိ အရိယာဗြဟ္မာများ တစ်ပါးဘုံပြောင်း၍ မဖြစ်ပုံ

ဝေဟပ္ဖိုလ်ဘုံ,အကနိဋ္ဌဘုံ,နေဝသညာနာသညာယတနဘုံတို့သည် အထူးသဖြင့် မြတ်သောဘုံများ ဖြစ်ခဲ့လေသောကြောင့် ထိုဘုံတို့ရှိ အရိယာဗြဟ္မာတို့သည် တစ်ပါးသောဘုံသို့ ပြောင်း၍မဖြစ်ပါ။

မှတ်ချက်။ ။ အကနိဋ္ဌဘုံ၌ဖြစ်သော အနာဂါမ်အရိယာဗြဟ္မာကား ဤဘဝ၌ပင် အရဟတ္တဖိုလ်ကိုရသောကြောင့် ထိုအကနိဋ္ဌာဘုံ၌ပင် နောက်ထပ်မဖြစ်တော့ပါ။

ကမ္မစတုက္က ပြီးပါပြီ။

* * * * *

http://www.dhammadownload.com

စုတိပဋိသန္ဓိကွန်မ

သေခြင်း ၄-ပါးအဓိပ္ပါယ်

ကံ၏တန်ခိုးရှိန်စော် အာနဘော်ရှိပါသော်လည်း ထိုထိုဘဝတို့၌ ပိုင်းခြားအပ်သော အသက်တမ်းကုန်ခြင်းကြောင့် သေရခြင်းသည် အာယုက္ခယမရဏ မည်ပါသည်။

ထိုထိုဘဝတို့၌ ပိုင်းခြားအပ်သော အသက်ကြွင်းသည်လည်းကောင်း၊ဂတိကာလ အစရှိသော အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည်လည်းကောင်း ရှိပင်ရှိပါသော်လည်း ထိုထိုဘဝကို ပြီးစေတတ်သော ကံ၏ပြီးဆုံးစေအပ်သော အကျိုး၏အဖြစ်ကြောင့်(ဖြစ်စေတတ်သော ဇနကကံအဟုန် ကုန်ခြင်းကြောင့်)သေရခြင်းသည် ကမ္မက္ခယမရဏမည်ပါသည်။

အသက်တမ်း,ကံနှစ်ပါးစုံတို့၏ အညီအမျှကုန်ခြင်းကြောင့် သေရခြင်းသည် ဥဘယက္ခယမရဏမည်ပါသည်။

အသက်တမ်း,ကံနှစ်ပါးစုံ ရှိပါသော်လည်း ရှေးဘဝကပြုခဲ့သော ဥပဏ္ဍေဒကကံ, ယခုဘဝ သီလစသော ဂုဏ်အားဖြင့်ကြီးကုန်သော သူတို့အပေါ်၌ပြုအပ်သော ဥပဏ္ဍေဒကကံတို့ကြောင့် အဆောတလျင် ဓား,လက်နက်စသည်တို့ဖြင့် သေရခြင်း,ဒုသိမာရမင်း, ကလာဗုမင်း စသည်တို့ကဲ့သို့ မြေမျိုး၍သေရခြင်းစသည်သည် ဥပဏ္ဍေဒကမရဏ မည်ပါသည်။

ဥပဏ္ဍေဒကမရဏဖြင့် မသေရသူများ

ဥပဏ္ဍေဒကမရဏဖြင့် မသေရသူများမှာ ငရဲသူ/ငရဲသား,မြောက်ကျွန်းသူ/မြောက်ကျွန်းသား,(ဘုမ္မဇိဝ်းနတ်မှတစ်ပါးသော)အချို့သောနတ်များ ဖြစ်ပါသည်။

ယထာရဟံသဒ္ဒါအထူးပြုပုံ

ထိုထိုသို့သော ဘုံဘဝတို့၌ ဖြစ်လတ္တံ့သောသတ္တဝါတို့ကို ရည်ရွယ်၍ ယထာရဟသဒ္ဒါကို အထူးပြု၍ ဆိုပါသည်။ (စာ-၆၃၆)

http://www.dhammadownload.com

ရဟန္တာတို့၏ စုတိအဆုံးရှိသောစိတ်၏အာရုံ

ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိအဆုံးရှိသောစိတ်သည် က်,ကမ္မနိမိတ်,ဂတိနိမိတ် တို့ကို အာရုံမပြုပါ။ထင်လာတိုင်းသော(ကံသည်ထင်စေအပ်သော)နာမ်တရား,ကသိဏ်း နိမိတ်စသည်ကိုသာ အာရုံပြုပါသည်။

ဥပလဒ္ဓကမ္မနိမိတ်နှင့် ဥပကရဏကမ္မနိမိတ်နှစ်ပါး အထူး

ကံပြုစဉ်အခါက ရအပ်သော စေတီကို ဖူးမြင်ရခြင်း,ရဟန်းသံဃာတို့ကို ဖူးမြင်ရ ခြင်း,တရားတော်ကို နာကြားရခြင်းစသည်သည် ဥပလဒ္ဓကမ္မနိမိတ်မည်ပါသည်။

ကံပြုစဉ်အခါက-အခြံအရံအကြောင်းဖြစ်သော ယန်း,ဆီမီးစသော အဆောက်အဦးကို မြင်ရခြင်းစသည်သည် ဥပကရဏကမ္မနိမိတ်မည်ပါသည်။ဤသို့ထူးပါသည်။

ဥပလဘိတဗ္ဗဂတိနိမိတ်နှင့် ဥပဘောဂဂတိနိမိတ်အထူး

သုခ,ဒုက္ခ၏အစွမ်းဖြင့် တိုက်ရိုက်ခံစားအပ်သော နတ်ဘုံဗိမာန်, ငရဲအိုးစသော ပဓာနအာရုံသည် ဥပလဘိတဗ္ဗဂတိနိမိတ် မည်ပါသည်။

သုခ,ဒုက္ခအာရုံ၏ အစွမ်းအားဖြင့် ခံစားအပ်သော အခြံအရံဖြစ်သော ဥယျာဉ်, ရေကန်,ငရဲထိန်း,ငရဲမီးလျှံစသော အပဓာနအာရုံသည် ဥပဘောဂဂတိနိမိတ်မည်ပါသည်။ ဤသို့ထူးပါသည်။

သုဂတိနိမိတ်နှင့် ဒုဂ္ဂတိနိမိတ်

နတ်သမီးဗိမာန်,ပဒေသာပင်,အဓိဝမ်းရေ-အစရှိသော အာရုံသည် သုဂတိနိမိတ် အာရုံဖြစ်ပါသည်။ ကုသိုလ်ဂတိနိမိတ်အာရုံလည်း မည်ပါသည်။

ငရဲမီး,ငရဲထိန်း-အစရှိသော အာရုံသည် ဒုဂ္ဂတိနိမိတ်အာရုံ ဖြစ်ပါသည်။အကုသိုလ် ဂတိနိမိတ်အာရုံလည်း မည်ပါသည်။

နိမိတ်တို့ ကံကြောင့်သာထင်ရပုံ

သေခါနီးကာလ၌ထင်သော က်,ကမ္မနိမိတ်,ဂတိနိမိတ်တို့သည် တစ်စုံတစ်ယောက် သော ပုဂ္ဂိုလ်တို့က ထင်စေသောကြောင့် ထင်လာရသည်မဟုတ်ပါ။ "ကမ္မဗလေန ဆန့်

http://www.dhammadownload.com

ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ" ဟူသော သင်္ဃာဒိသေသပါဠိကို ဆောက်၍ ကုသိုလ်, အကုသိုလ်တို့၏ အစွမ်းဖြင့်သာ ထင်လာခြင်းဖြစ်ပါသည်။

ဗဟုလ္လေနသဒ္ဒါဖြင့်ပြသော အဓိပ္ပါယ်

ဖြည်းဖြည်းနေးနေးသော သတ္တဝါတို့အား စိတ်အစဉ်မပြတ်ဖြစ်သကဲ့သို့ အဆော တလျင်သော သတ္တဝါတို့အား စိတ်အစဉ်မပြတ်ဖြစ်ခြင်းမရှိဟူသော အဓိပ္ပါယ်ကို ပြပါသည်။

အာဒိနဝကရဏဝသေန ဆိုလိုရင်းအဓိပ္ပါယ်

ရှေးဘဝများစွာက ပြုခဲ့သောကုသိုလ်ကံပင်ဖြစ်သော်လည်း သေခါနီးကာလ၌ပြုအပ် သော ကုသိုလ်ကံကဲ့သို့ဖြစ်၍ မနောဒွါရ၌ ဓောဓောသည်အစွမ်းဖြင့် ရောက်လာသည်ကိုပင် (ဇနကကံဟုဆိုအပ်သော) မိမိကိုယ်ကို အသစ်ပြုသည်၏အစွမ်းဖြင့် ဒွါရသို့ရောက်သည်ဟု ဆိုလိုပါသည်။

ပစ္စာသန္နမရဏကာလ အဓိပ္ပါယ်

တစ်ဝိထိပမာဏ, တစ်ဝိထိပမာဏထက် ဘဝင်တစ်ချက်မျှ အနည်းငယ်လွန်သော အသက်ကြွင်းရှိသောကာလကို အလွန်နီးသောသေခြင်းရှိသောကာလဟု ဆိုရပါသည်။ (ဝါ) ပစ္စာသန္နမရဏကာလဟု ဆိုရပါသည်။

တဿာနန္တရမေဝပါဠိ ဆိုရခြင်းအကျိုး

တဿာနန္တရမေဝ-ဟူသောပါဠိကို ဆိုရသဖြင့် လူတို့သေပြီးနောက် ၇-ရက်ရှိမှ အိမ်မှဆင်းသွားသည်၊ စုတိနှင့် ပဋိသန္ဓေတို့၏အကြားဠ်ဘဝရှိသည်ဟု ဆိုလေ့ရှိကုန်သော သူတို့၏ မိစ္ဆာအယူကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

အဝိဇ္ဇာနုသယပရိကို့တွေန-စသော စကားကိုဆိုရပုံ

မရဏာသန္နအောနှင့်တကွဖြစ်ကုန်သော အဝိဇ္ဇာ, တဏှာတို့သည်(အနာဂတ်ဖြစ်သော) အနုသယနှင့်သဘောတူ၍ အနုသယဟု ခေါ်ဝေါ်အပ်သည်၏အဖြစ်ကြောင့် အဝိဇ္ဇာ

http://www.dhammadownload.com

နုသယပရိက္ခိတ္တောန-စသော စကားကို အရှင်အနုရုဒ္ဓါဆရာဆိုခြင်း ဖြစ်ပါသည်။

အဝိဇ္ဇာ၏ အနုသယမည်ခြင်းအကြောင်း

အရိယာမဂ်ဖြင့် မပယ်သေးသောကြောင့်လည်းကောင်း၊အဖန်တလဲလဲကိန်းခြင်း ဖြစ်တတ်သောကြောင့်လည်းကောင်း၊အဝိဇ္ဇာသည်သာလျှင် အနုသယမည်ပါသည်။

သခ်ါရ အရကောက်

သခ်ါရေန ဇနိယမာနံ-၌ သခ်ါရအရ-ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံကိုလည်းကောင်း၊ထိုကံနှင့်တကွဖြစ်သော ဖဿစသော တရားအပေါင်းကို လည်းကောင်း၊မရဏာသန္နဘောနှင့်တကွဖြစ်သော သခ်ါရကိုလည်းကောင်း ယူရပါသည်။

အဝိဇ္ဇာ, တဏှာ, သခ်ါရတို့ တာဝန်ဝတ္တရားဆောင်ရွက်ပုံ

သတ္တဝါတစ်ဦး ဘဝဟောင်းမှစုတေ၍ ဘဝသစ်သို့ ကူးပြောင်းရာ၌ အဝိဇ္ဇာသည် ကံအစရှိသောအာရုံ၌ အပြစ်ကိုဖုံးလွှမ်းပေးပါသည်။တဏှာသည် ဝိညာဏ်ကို ညွှတ်စေခြင်း ကို ပြုပေးပါသည်။ကုသိုလ်,အကုသိုလ်ကံဟုဆိုအပ်သော သခ်ါရတို့သည် ဘဝတစ်ပါးသို့ ဝိညာဏ်ကို ပစ်ချပေးပါသည်။ဤသို့ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပါသည်။

ပဋိသန္ဓေ၏သဘောအဓိပ္ပါယ်

ရှေးဦးဖြစ်သော အတိတ်ဘဝအထူးနှင့် နောက်ဆုံး၌ဖြစ်သော ပစ္စုပ္ပန်ဘဝအထူးကို အချင်းချင်းတစ်စပ်တည်းကဲ့သို့ စပ်သည်၏အဖွဲ့မ်ားဖြင့် ဆက်စပ်ပေးတတ်သောကြောင့် (ဘဝသစ်၌ ဖြစ်ဆဲဖြစ်၍ဖြစ်သော ထိုစိတ်ကို) ပဋိသန္ဓေဟု ခေါ်ပါသည်။

ဘဝဟောင်းရှိတရားကို ဘဝသစ်သို့ပြောင်း၍ ဖြစ်/မဖြစ် အဆုံးအဖြတ်

ဘဝဟောင်း၌ရှိသော ပဋိသန္ဓေဝိညာဏ်စသော တစ်စုံတစ်ခုသောတရားတို့သည် ဘဝသစ်သို့ ပြောင်းရွေ့၍ မဖြစ်ပါ။ ဘဝဟောင်းက အဝိဇ္ဇာ,တဏှာ,ကံစသော အကြောင်းတို့နှင့် ကင်း၍လည်း ဘဝသစ်၌မဖြစ်ပါ။ ပဲတင်သံ,ဆီမီးလျှံ,တံဆိပ်ရေး

http://www.dhammadownload.com

(တံဆိပ်တုံး)ဥပမာတို့ကဲ့သို့ ဖြစ်ပါသည်။

ဥပမာနှင့်တကွ အကျယ်ရှင်းချက်

ရှေ့အသံဖြစ်ရာ အရပ်မှဖြစ်သော ပဲ့တင်သံသည် ထိုနေရာမှာပင်ချုပ်၍ ဤအရပ်သို့ လာသည်လည်းမဟုတ်၊ ရှေ့ကဖြစ်သောအသံနှင့်ကင်း၍လည်း ဤအရပ်၌ အသံဖြစ်သည် မဟုတ်သကဲ့သို့လည်းကောင်း၊

ရှေ့ဆီမီးလျှံသည် ရှေ့တွင်ချုပ်၍ နောက်ဆီမီးလျှံသို့မလာ၊ ရှေ့ဆီမီးလျှံနှင့်ကင်း၍ လည်း နောက်ဆီမီးလျှံ မဖြစ်သကဲ့သို့လည်းကောင်း၊

တံဆိပ်ရေး(တံဆိပ်တုံး)မှာရှိသော အမှတ်အသား စက္ကူပေါ်သို့ရောက်လာသည် မဟုတ်၊ ထိုတံဆိပ်အမှတ်အသားကင်း၍လည်း စက္ကူပေါ်မှာ တံဆိပ်အမှတ်အသား မထင် နိုင်သကဲ့သို့လည်းကောင်း၊

ထို့အတူ ဘဝဟောင်း၌ရှိသော ပဋိသန္ဓေ,ဝိညာဏ်စသော တစ်စုံတစ်ခုသော တရားတို့သည် ဘဝသစ်သို့ပြောင်းရွှေ့၍မဖြစ်ပါ။ ဘဝဟောင်းက အဝိဇ္ဇာ,တဏှာ,ကံ စသော အကြောင်းတို့နှင့် ကင်း၍လည်း ဘဝသစ်၌ မဖြစ်ပါ။

မရဏာသန္နဇောတို့ မန္ဒပ္ပဝတ္တာဖြစ်ရခြင်းအကြောင်း

ချုပ်ဖို့ရာနီးကပ်နေပြီဖြစ်၍ မိုရာဝတ္ထုတို့ အားနည်းခြင်းကြောင့် မရဏာသန္နဇော တို့သည် မန္ဒပ္ပဝတ္တ ဖြစ်ကြရပါသည်။

သတ္တဝါတို့ အာရုံပြုသေရာ ပစ္စုပ္ပန်အာရုံများ

ပစ္စုပ္ပန္နာရမ္မဏေသု အာပါထပါဂတေသု-အရ သတ္တဝါတို့ အာရုံပြုသေရာ ပစ္စုပ္ပန် အာရုံများမှာ မနောဒ္ဓါရ၌ ဂတိနိမိတ်,ပစ္စုပ္ပန်အာရုံ,ပဋ္ဌဒ္ဓါရ၌ ကမ္မနိမိတ်,ပစ္စုပ္ပန် အာရုံတို့ဖြစ်ပါသည်။

တစ်နည်း.... မနောဒ္ဓါရ၌ ဂတိနိမိတ် ပစ္စုပ္ပန်အာရုံ,ပဋ္ဌဒ္ဓါရ၌ ကမ္မနိမိတ် ပစ္စုပ္ပန် အာရုံများထင်ရှားရှိစဉ် ထိုအာရုံများကိုအာရုံပြု၍ သတ္တဝါများ သေပါသည်။

မှတ်ချက်။ ။ဆဒ္ဓါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဥ္စ-ဟု အဋ္ဌကထာ၌ဆိုသော်လည်း

http://www.dhammadownload.com

ကမ္မနိမိတ်ရော ဂတိနိမိတ်ပါ ဆဒ္ဒါရဂ္ဂဟိတဟု မမှတ်ရပါ။ကမ္မနိမိတ်သည် ဆဒ္ဒါရဂ္ဂဟိတ,ဂတိနိမိတ်သည် ၆-ခုမြောက် မနောဒ္ဒါရဂ္ဂဟိတဟု မှတ်ရပါသည်။

မရဏာသန္နဓော ပဋိသန္ဓေကို မဖြစ်စေပုံ

မရဏာသန္နဓောသည် ဆည်းပူးအပ်သောအဖြစ် မရှိသောကြောင့်လည်းကောင်း၊ တဏှာဖြင့် မသာယာအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း ပဋိသန္ဓေကို ဖြစ်စေခြင်း မရှိပါ။

ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ-ဟု ဆိုရခြင်းအကြောင်း

အထက်အထက် အရူပဘုံ၌ဖြစ်ကုန်သော ဗြဟ္မာတို့သည် အောက်အောက်ဘုံ၌ ဖြစ်သော ဈာန်နှင့်ယှဉ်သောက်ကို (အောက်အောက်ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောက်ကို) အားမထုတ်ကြသောကြောင့် ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ-ဟု ဆိုရပါသည်။

အရူပဘုံမှာစုတေ၍ ကာမဘုံ၌ဖြစ်သူ၏ တိဟိတ်ပဋိသန္ဓေသာ နေရခြင်းအကြောင်း

အရူပဘုံမှာစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား အရူပါဝစရဈာန်၏ အနီးဌဖြစ်သော ကာမာဝစရကုသိုလ်၏ (ကာမာဝစရကုသိုလ်ဟုဆိုအပ်သော ဥပစာရဈာန်၏) ထက်ဝန်းကျင်အားရှိသည်၏အဖြစ်ကြောင့် ထိုကာမာဝစရကုသိုလ်၏ အကျိုးဖြစ်သော (ထိုဥပစာရဈာန်၏ အကျိုးဖြစ်သော) တိဟိတ်ပဋိသန္ဓေသာ နေရပါသည်။

ရူပစုတိနောင် အဟိတ်ပဋိသန္ဓေကြဉ်ရခြင်းအကြောင်း

ရူပါဝစရဈာန်၏ အနီးဌဖြစ်သော ကာမာဝစရကုသိုလ်၏အစွမ်းကြောင့် ရူပါ-ဝစရစုတိနောင် အဟိတ်ပဋိသန္ဓေကို ကြဉ်ရခြင်းဖြစ်ပါသည်။

ရူပါဝစရစုတိနောင် ဒွိဟိတ်ပဋိသန္ဓေဖြစ်ခြင်းအကြောင်း

ရူပါဝစရဥပစာရဈာန်သည် (၀၊) ရူပါဝစရဈာန်၏ အနီးဌဖြစ်သော ကာမာဝစရ

http://www.dhammadownload.com

ကုသိုလ်ဟုဆိုအပ်သော ဥပစာရစျာန်သည် တိဟိတ်ဩမကက်လည်း ရှိကောင်းသောကြောင့် ရူပါဝစရစုတိနောင် ဒွိဟိတ်ပဋိသန္ဓေလည်း ဖြစ်ကောင်းပါသည်။

ပဋိသန္ဓေစိတ်ကိုပင် ဘဝင်စိတ်ဟု ခေါ်ရပုံ

ရှေးကသုံးဆောင်ခဲ့ဖူးသော ဆေးနှင့်တူသော နောက်ဆေးကိုလည်း ထိုဆေးပဲဟု ခေါ်ဆိုသကဲ့သို့ ချုပ်သွားသောပဋိသန္ဓေစိတ်နှင့် ဘဝင်(စုတိစိတ်)တို့၏ ဘူမိ,ဓာတိ, သမ္မယုတ္တဓမ္မ, သခ်ါရအာရုံအားဖြင့် တူသည်၏အဖြစ်ကြောင့်(ပဋိသန္ဓေဟု ခေါ်ဝေါ်အပ်သည်၏အဖြစ်ဖြင့် ဘဝင်စိတ်ဖြစ်သည်၏အဖြစ်ကြောင့်)သဒိသူပစာအားဖြင့် ချုပ်သွားသော ပဋိသန္ဓေစိတ်ကိုပင် ဘဝင်စိတ်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ဝိထိမုတ်ဝိုင်း ဦးကာကျော်အဓိပ္ပါယ်ပြီး၏။

* * * * *

http://www.dhammadownload.com

ရုပ်ဝိုင်း

မဟာဘုတ်မည်ပုံ

ကြီးသည်ဖြစ်၍ ထင်ရှားဖြစ်သောကြောင့်လည်းကောင်း၊မျက်လှည့်သမားစသည်တို့နှင့်တူသောကြောင့်လည်းကောင်း၊ မဟုတ်မမှန်သောအဆင်းကိုပြခြင်းစသည်ဖြင့် လှည့်ပတ်တတ်သောကြောင့်လည်းကောင်း၊ပထဝီစသော (၄)ပါးသည် မဟာဘုတ်မည်ပါသည်။

မဟာဘုတ်(၄)ပါး၏ လက္ခဏာ

ပထဝီဓာတ်သည် ကြမ်းတမ်းခက်မာခြင်း လက္ခဏာရှိပါသည်။
အာပေါဓာတ်သည် ပျော့အိယိုစီးခြင်း လက္ခဏာရှိပါသည်။
တေဇောဓာတ်သည် ပူလောင်ခြင်း လက္ခဏာရှိပါသည်။
ဝါယောဓာတ်သည် ထောက်ကန်ခြင်း လက္ခဏာရှိပါသည်။

မဟာဘုတ်(၄)ပါးအဓိပ္ပါယ်

ပကတိသောမြေကြီးသည် သစ်ပင်,တော,တောင် စသည်တို့၏ တည်ရာ၏ အဖြစ်ဖြင့် ထင်သကဲ့သို့ သဟဇာတ်ဖြစ်သော ရုပ်တရားတို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားဖြစ်တတ်သောကြောင့် ပထဝီမည်ပါသည်။

သဟဇာတ်ဖြစ်သောရုပ်တရားတို့အပေါ်၌ နှံ့၍ဖြစ်တတ်၊သဟဇာတ်ဖြစ်သော ရုပ်တရားတို့ကို ပွါးစေတတ်သောကြောင့် အာပေါမည်ပါသည်။

မိမိနှင့်အတူတကွဖြစ်သော ဘုတ်(၃)ပါးအပေါင်းကို ရင့်ကျက်စေတတ်သည်၏ အဖြစ်ဖြင့် ပူလောင်စေတတ်သောကြောင့် တေဇောမည်ပါသည်။

အရုပ်တစ်ပါး၌ ဘုတ်အပေါင်း၏ ဖြစ်ခြင်း၏အကြောင်းဖြစ်၍ ဘုတ်အပေါင်းကို အရုပ်တစ်ပါးသို့ ရောက်စေတတ်သောကြောင့် ဝါယောမည်ပါသည်။

ဓာတ်ဟုခေါ်ရခြင်းအကြောင်း

မိမိတို့၏လက္ခဏာကို ဆောင်ခြင်းအစရှိသော အနက်ကြောင့်လည်းကောင်း၊ သတ္တဝါလည်းမဟုတ်၊ဇီဝလည်းမဟုတ်သောအနက်ကြောင့်လည်းကောင်း၊

http://www.dhammadownload.com

ကိုယ်၏အစိတ်ဖြစ်သောဓာတ်,ကျောက်၏ အစိတ်ဖြစ်သော ဓာတ်တို့နှင့် တူသော ကြောင့်လည်းကောင်း (ပထဝီ- စသော-၄-ပါးကို)ဓာတ်ဟုခေါ်ပါသည်။

ပသာဒရုပ်မည်ပုံ

မဟာဘုတ် (၄)ပါး၏ ကြည်လင်သောအကြောင်းဖြစ်သောကြောင့် ပသာဒရုပ် မည်ပါသည်။

ပသာဒရုပ် ၅-ပါးတည်ရာအရပ်များ

စက္ခုပသာဒသည် မျက်စိအတွင်း,မျက်နှက်ဝန်း၏အလယ် သန်းဦးခေါင်းပမာဏရှိ သော သူငယ်ရိပ်ထင်ရာအရပ်၌ မျက်လွှာ ၇-လွှာကို ပံ့နှံ့၍တည်ပါသည်။

သောတပသာဒသည် နား၏အတွင်း လက်ဖွပ်ကွင်းသဏ္ဌာန်ရှိသော ပြည့်စုံသိမ်မွေ့ နူးညံ့၍ နီသောအမွေးရှိရာအရပ်ကို ပံ့နှံ့၍တည်ပါသည်။

ဃာနပသာဒသည် နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဌာန်ရှိသောအရပ်ကို ပံ့နှံ့၍ တည်ပါသည်။

ဇိဝှါပသာဒသည် လျှာ၏အလယ် ကြာရွက်ဖျားသဏ္ဌာန်ရှိသောအရပ်ကို ပံ့နှံ့၍ တည်ပါသည်။

ကာယပသာဒသည် ကမ္မဇတေဇော၏ တည်ရာအရပ်ကိုလည်းကောင်း၊ ဆံပင်ဖျား, မွေးညင်းဖျား,ခြေသည်းဖျား၊လက်သည်းဖျားနှင့် ခြောက်သောအရေတို့ကိုလည်းကောင်း ချန်ထား၍ တစ်ဂိုယ်လုံး၌ ပံ့နှံ့၍တည်ပါသည်။

ဖောဋ္ဌဗ္ဗာရုံအရာ၌ အာပေါဓာတ်ကြဉ်ရခြင်းအကြောင်း

အာပေါဓာတ်၏ သိမ်မွေ့နူးညံ့သည်၏အဖြစ်ဖြင့် တွေ့ထိခြင်းငှာ မတတ်ကောင်း သောကြောင့် ဖောဋ္ဌဗ္ဗာရုံအရာ၌ အာပေါဓာတ်ကို ကြဉ်ရပါသည်။(၀ါ)အာပေါဓာတု ဝိဝဇ္ဈိတံ-ဟုဆိုရပါသည်။

http://www.dhammadownload.com

အေးမြခြင်းကို တေဇောဟုသာ ဆိုရခြင်းအကြောင်း

အေးမြခြင်းသည် တွေ့ထိကောင်းသော်လည်း အေးမြသည်၏အဖြစ်သည် အာပေါဓာတ်မဟုတ်ပါ၊ တေဇောဓာတ်သာ ဖြစ်ပါသည်။

အပူအားနည်းလာသည့်အခါ ထိုအပူအားနည်းလာမှုကြောင့် အေး၏ဟုသိသော ဉာဏ်ဖြစ်ပေါ်လာပါသည်။ ထို့အေးမှုသည် အာပေါဓာတ်မဟုတ်၊တေဇောသာလျှင် ဖြစ်ပါသည်။

အကြောင်းကား... အေးမြသည်၏အဖြစ်ဟုဆိုအပ်သော သီတတေဇောမှတစ်ပါးသော အာပေါဓာတ်ဖြစ်သော တစ်စုံတစ်ခုသော တရားမရှိသောကြောင့် ဖြစ်ပါသည်။

အေးမြခြင်းကို အာပေါဓာတ်ဟုမယူနိုင်ခြင်းအကြောင်း

အေးမြသည်၏အဖြစ်ကို အာပေါဓာတ်ဟုယူခဲ့သော် ပူသည်၏အဖြစ်နှင့်တကွ အေးသည်၏အဖြစ်ကို တစ်ခုတည်းသောကလာပ်၌ ရခဲ့ရာ၏။ရကား မရခဲ့။ထိုသို့ ပူသည်၏အဖြစ်နှင့် အေးသည်၏အဖြစ်ကို တစ်ခုတည်းသောကလာပ်၌ မရကောင်းသောကြောင့် အေးမြသည်၏အဖြစ်ကို အာပေါဓာတ်ဟုမယူရပါ။

ဂေါစရမည်ပုံ

ပဉ္စဝိညာဏ်တို့၏ အာရုံဖြစ်ခဲ့လေသောကြောင့် ဂေါစရရုပ် မည်ပါသည်။

အာရုံ၏အမည်

စက္ခုစသော ဣန္ဒြေတို့၏ ကျက်စားရာအာရုံဖြစ်ခဲ့လေသောကြောင့် ဂေါစရဟူသော အမည်သည် အာရုံ၏အမည်သာ ဖြစ်ပါသည်။

ဣတ္ထိလိင်-စသည်တို့၏ အဓိပ္ပါယ်

မိန်းမဟူ၍ သိစေတတ်သောကြောင့် မိန်းမ၏အင်္ဂါဓာတ်သည် ဣတ္ထိလိင် မည်ပါသည်။မိန်းမဟူ၍ သိခြင်း၏အကြောင်းဖြစ်သောကြောင့် မိန်းမတို့၏အသံနှင့် အလိုဆန္ဒတို့သည် ဣတ္ထိနိမိတ္တ မည်ပါသည်။

http://www.dhammadownload.com

မိန်းမတို့၏ မသန့်ရှင်းသောသွေးခြင်း,ရုပ်ခြင်း,ထိုင်ခြင်းအစရှိသည်သည် ဣတ္တိကုတ္တမည်ပါသည်။

မိန်းမတို့၏ ခြေ,လက်-အစရှိသော သဏ္ဌာန်သည် ဣတ္တာကပွ မည်ပါသည်။

မှတ်ချက် ။ ။ မိန်းမဟုသိခြင်း၏ မှတ်ကြောင်းလက္ခဏာများကို ဖော်ပြပါဟုမေးလျှင် အထက်ပါတို့ကို ဖြေဆိုပါ။

အဋ္ဌသာလိနီအဋ္ဌကထာအလို လိင်္ဂစသည်အဓိပ္ပါယ်

မိန်းမတို့၏ လက်,ခြေ အစရှိသော သဏ္ဌာန်သည် လိင်္ဂမည်ပါသည်။ပြုံးရယ်ခြင်းစသည်သည် နိမိတ္တမည်ပါသည်။ ဗန်းငယ်,စကောငယ်စသည်ဖြင့် ကစားခြင်းသည် ကုတ္တမည်ပါသည်။သွားခြင်းစသည်သည် အာကပွ မည်ပါသည်။

ဘာဝရုပ်မည်ပုံ

ဣတ္ထိစသော သဒ္ဒါနှင့် မိန်းမဟုသိသော အသိဉာဏ် ၂-ပါး၏ဖြစ်ကြောင်းဖြစ်သောကြောင့် ဘာဝရုပ်မည်ပါသည်။

ဘာဝရုပ်တည်ရာဌာန

ထိုဘာဝရုပ်သည် ကာယိန္ဒြေကဲ့သို့ တစ်ကိုယ်လုံး၌ ပုံ့နှံ့၍တည်ပါသည်။

ဟဒယရုပ်မည်ပုံ

မနောဓာတ်,မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်ခဲ့လေသောကြောင့် ဟဒယဝတ္ထု မည်ပါသည်။ ထိုဟဒယဝတ္ထုသည် ဟဒယရုပ်မည်ပါသည်။

တည်ရာဌာန

ထိုဟဒယဝတ္ထုရုပ်သည် နှလုံးသား၏အတွင်း ပုန်းညက်ခေ့ပမာဏရှိသော တွင်းငယ်၌တည်သော တစ်လက်ဘက်၏ထက်ဝက် ပမာဏရှိသောသွေးကိုမှီ၍ ဖြစ်ပါသည်။

http://www.dhammadownload.com

ဇီဝိတရုပ် တည်ရာဌာန

ဇီဝိတရုပ်သည် ပါစကတောဇောဓာတ်နှင့်တကွ တစ်ကိုယ်လုံးပျံ့နှံ့၍ တည်ပါသည်။

အာဟာရရုပ်မည်ပုံ

အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရသည် အာဟာရရုပ်မည်ပါသည်။

အာဟာရအရကောက်

အာဟာရရုပ်သည် သက်ရှိသတ္တဝါများ စားသောက်နေကြသော အစိုင်အခဲ အရည် ဒြပ်ရုပ်ဝတ္ထုတို့ကို ဆိုသည်မဟုတ်ပါ။ ဣန္ဒြိယရုပ် ၈-ပါးနှင့်တကွဖြစ်သော ရုပ်အပေါင်းကို ထောက်ပံ့ခိုင်စေခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အင်္ဂါကြီးငယ်သို့လျှောက်၍ အရသာကို ဆောင်တတ်သော မျိုအပ်သောအာဟာရ၏ အစေးဖြစ်သော ဩဇာကို အာဟာရရုပ်ဟု ဆိုရပါသည်။

ရူပသဒ္ဒါတစ်ခု အထူးပြုဆိုရပုံ

ရူပသဒ္ဒါသည် ရုပ္ပနသဘောမရှိသော အနိပ္ပန္နရုပ်တို့၌လည်း ရုဋ္ဌိအားဖြင့် ဖြစ်သည်၏အဖြစ်ကြောင့် ရူပသဒ္ဒါတစ်ခုမျှကိုသာဆိုက ရုပ္ပနသဘောမရှိသော အနိပ္ပန္နရုပ်တို့ ပါလာမည်ဖြစ်၍ ထိုအနိပ္ပန္နရုပ်တို့ကို စင်စေခြင်းငှာ ရူပါသဒ္ဒါတစ်ခုဖြင့် အထူးပြု၍ ရူပရူပံဟု ဆိုပါသည်။

ဥပစယ သန္တတိအထူး

ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ အကြင်မျှလောက်သောကာလ၌ စက္ခုစသော ဒသကတို့၏ ဖြစ်ခြင်းသည်ရှိ၏။ထိုမျှလောက်သောကာလအတွင်း၌ နိပ္ပန္နရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယ မည်ပါသည်။ ထိုမှ နောက်၌ဖြစ်သော ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိ မည်ပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ဓာတိရုပ်တစ်ခုကိုပင် ဥပစယ၊ သန္ဋတိ ခွဲဆိုရပုံ

ရှေးဦးစွာဖြစ်ခြင်း၊ နောက်၌ဖြစ်ခြင်းဟုဆိုအပ်သော ဖြစ်ပုံအခြင်းအရာ ကွဲပြားသော ကြောင့်လည်းကောင်း၊ ဝေနေယျတို့၏ အလိုအားဖြင့် ဥပစယ၊သန္ဋတိဟု ၂-ပါးခွဲဝေ၍ (ရူပကဏ္ဍ၌) ဘုရားရှင်ဟောတော်မူသောကြောင့်လည်းကောင်း ဓာတိရုပ်တစ်ခုကိုပင်လျှင် ဥပစယ၊သန္ဋတိဟု ၂-ပါးခွဲ၍ ဆိုရပါသည်။

ရူပသမုဒ္ဒေသပြီး၏။

* * * * *

ရူပဝိဘာဂ

အဖျတ္တိကမည်ပုံ

ပသာဒရုပ် ၅-ပါးသည် အတ္တဘောဟုဆိုအပ်သော ခန္ဓာကိုယ်ကိုစွဲမှီ၍ ဖြစ်တတ် ခဲ့လေသောကြောင့် အဖျတ္တိက မည်ပါသည်။

တစ်နည်း....အတ္တဘောဟုဆိုအပ်သော ပဋဋ္ဌါရိကစိတ်တို့ကိုစွဲမှီ၍ ထိုပဋဋ္ဌါရိကစိတ်တို့၏ ဖြစ်ကြောင်း၏အဖြစ်ဖြင့် ဖြစ်တတ်ခဲ့လေသောကြောင့် အဖျတ္တိက မည်ပါသည်။

ပသာဒရုပ် ၅-ပါးကိုသာ အဖျတ္တိက (အတွင်းရုပ်)ဟု ဆိုရခြင်းအကြောင်း

ခန္ဓာကိုယ်ကို စွဲမှီ၍ဖြစ်သော တစ်ပါးသော ရုပ်များရှိသော်လည်း အဖျတ္တိကဟူသော အမည်သည် စက္ခုပသာဒစသော ၅-ပါးသောရုပ်တို့၌သာ ထင်သည်ဖြစ်၍ စက္ခုပသာဒ စသော ၅-ပါးသော ရုပ်တို့ကိုသာလျှင် အထင်ရှင်၏အစွမ်းဖြင့် အဖျတ္တိကဟု ဆိုရပါသည်။

တစ်နည်း... ခန္ဓာကိုယ်ကို စွဲမှီ၍ဖြစ်သော တစ်ပါးသောရုပ်များရှိသော်လည်း "စက္ခု ပသာဒစသော ၅-ပါးတို့သာမဖြစ်လျှင် သင့်ခန္ဓာကိုယ်သည် သစ်တုံးနှင့် တူသည်သာ ဖြစ်လိမ့်မည်ဟု မဆိုသော်လည်း ဆိုသကဲ့သို့" အတ္တဘော

http://www.dhammadownload.com

ဟုဆိုအပ်သော ခန္ဓာကိုယ်အား အတိုင်းထက်အလွန်ကျေးဇူးပြုတတ်ခဲ့လေသောကြောင့် စက္ခုပသာဒစသော ၅-ပါးသော ရုပ်တို့ကိုသာ အထူးအားဖြင့် အဒ္ဓဇတို့က (ခန္ဓာကိုယ်အတွင်းရုပ်)ဟု ဆိုရပါသည်။

ဣန္ဒြိယရုပ်

ဒွေပဉ္စဝိညာဏ် ၁၀-တို့၌လည်းကောင်း၊ ဣတ္ထိလိင်္ဂစသည်တို့၌လည်းကောင်း၊ သဟဇာတ်ဖြစ်သောရုပ်တို့ကို စောင့်ရှောက်ခြင်းတို့၌လည်းကောင်း အစိုးရခြင်းနှင့်ယှဉ်သည်၏ အဖြစ်ကြောင့် ၉-ပါးသောရုပ်တို့သည် ဣန္ဒြိယရုပ် မည်ပါသည်။

သြဠာရိကမည်ပုံ

အာရုံ၊အာရမ္မဏိကအဖြစ်သို့ ရောက်သည်၏အစွမ်းဖြင့် ရုန့်ရင်းကြမ်းတမ်းခဲ့လေသောကြောင့် (ထင်လွယ်၊မြင်လွယ်သည်၏အဖြစ်ကြောင့်) သြဠာရိကရုပ် မည်ပါသည်။

သန္တိကေမည်ပုံ

ထိုသို့ ရုန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့်သာလျှင် ထိုးထွင်း၍သိရခြင်း၏ လွယ်ကူသည်၏အဖြစ်ကြောင့် သန္တိကေရုပ်မည်ပါသည်။

သပ္ပဋိဃမည်ပုံ

ဝတ္ထုအာရုံတို့၏ အချင်းချင်းပေါင်းဆုံမိခြင်း၊ အချင်းချင်းတိုက်ဆိုင်မိခြင်းဖြင့် ထိခိုက်သကဲ့သို့ ဖြစ်ခြင်းရှိသောကြောင့် သပ္ပဋိဃရုပ် မည်ပါသည်။

အဝိနိဗ္ဘောဂရုပ်

ဝဏ္ဏမည်ပုံ

ရူမြင်အပ်သောကြောင့် ဝဏ္ဏမည်ပါသည်။

သြဇာမည်ပုံ

သြဇာဟုဆိုအပ်သော မိမိ၏ဥပါဒ်သည်၏ အခြားမဲ့ဖြစ်သော ဋီကာ၌ ရုပ်ကို ဖြစ်စေတတ်ခဲ့လေသောကြောင့် သြဇာမည်ပါသည်။

http://www.dhammadownload.com

အဝိနိဗ္ဘောဂမည်ပုံ

ပရမာဏုမြူလောက်သေးသော အနည်းငယ်သောဝတ္ထုဒြဗ္ဗလည်း အချင်းချင်း အသီးအသီး ခွဲခြားဖြစ်ခြင်း မရှိသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်ပါသည်။

ရူပသမုဋ္ဌာန

အရူပဝိပါက်တို့ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာကြောင့် ဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အကြောင်းဖြစ်သော အရူပကုသိုလ်ကံသည် ထိုရုပ်၏ဆန့်ကျင်ဘက် ဖြစ်ခဲ့လေသောကြောင့်လည်းကောင်း၊အရူပဘုံသည် ရုပ်ဖြစ်ရာဘုံမဟုတ်သောကြောင့်လည်းကောင်း၊ အရူပဝိပါက် ၄-ခုသည် ရုပ်ကို မဖြစ်စေနိုင်ပါ။

ဒွေးပဋ္ဌဝိညာဏ်-၁၀ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

ရုပ်ကိုဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်သောစျာနင်တို့နှင့် ယှဉ်ခြင်းမရှိခဲ့လေသောကြောင့် ဒွေးပဋ္ဌဝိညာဏ် ၁၀-သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

ရုပ်ကိုမဖြစ်စေနိုင်သော်လည်း
ပဋိသန္ဓေစိတ်နှင့် စုတိစိတ်ကို မကြဉ်ရပုံ

ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်သော်လည်း ဘဝင်စိတ်၌ အတွင်းဝင်သည်၏အဖြစ်ကြောင့် အရူပဝိပါက် ၄-ခုမှတစ်ပါးသော ဘဝင်စိတ်တို့သည် ရုပ်ကိုဖြစ်စေနိုင်ရကား ကြဉ်သော်လည်း စိတ်အရေအတွက် လျော့မည်မဟုတ်၍ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်ကိုမကြဉ်ရခြင်းဖြစ်ပါသည်။ (မကြဉ်သော်လည်း ပဋိသန္ဓေနှင့် စုတိစိတ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်ပါ။)

ပဋိသန္ဓေစိတ် ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

ပဋိသန္ဓေစိတ်သည် ပစ္စာဇာတပစ္စည်းမှ ကင်းသောကြောင့်လည်းကောင်း၊ အာဟာရအတ္ထိ, အဝိဂတပစ္စည်းတို့ဖြင့် မထောက်ပံ့အပ်သောကြောင့်လည်းကောင်း၊ အားနည်းသော ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သောကြောင့်လည်းကောင်း၊မိမိဟုဆိုအပ်သော ပဋိသန္ဓေစိတ်၏

http://www.dhammadownload.com

အာဂန္တုကဖြစ်သောကြောင့်လည်းကောင်း၊ကမ္မဇရုပ်နှင့်စိတ္တဇရုပ်တို့၏ တည်ရာကိုယူ၍ ဖြစ်သောကြောင့်လည်းကောင်း ရုပ်ကို မဖြစ်စေနိုင်ပါ။

ရဟန္တာတို့၏စုတိစိတ် ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

ရဟန္တာတို့၏ စုတိစိတ်သည် ငြိမ်းအေးပြီးသော ဝဋ်မြစ်ပြတ်ပြီးသော ရဟန္တာတို့၏ သန္တာန်၌ဖြစ်၍ အတိုင်းထက်အလွန် ငြိမ်သက်သောဖြစ်ခြင်းရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

စိတ်သည် ဥပ္ပါဒက္ခဏ၌သာ ရုပ်ကိုဖြစ်စေခြင်းအကြောင်း

ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ အနန္တရာဒိပစ္စယသတ္တိကို ရခြင်းဖြင့် ဥပ္ပါဒက္ခဏ၌သာလျှင် စိတ္တဇရုပ်ကို ဖြစ်စေတတ်သောဇနကသတ္တိနှင့် ယှဉ်သောကြောင့် စိတ်သည် ဥပ္ပါဒက္ခဏ၌သာ ရုပ်ကိုဖြစ်စေပါသည်။

ဇာဂရဏစိတ်သရုပ်

ဇာဂရစိတ်သရုပ်ကား... (ဝါ)နိုးကြားသောစိတ်သရုပ်ကား အပွနာဇောဆဗ္ဗီသ၊ ဝုဋ္ဌော၊ ကာမဇောတစ်ခုယုတ် ၃၀၊အဘိညာဏ်ဒွေး-အားဖြင့် ၅၈-ပါးဖြစ်ပါသည်။

ဥတု အာဟာရ သြဇာတို့ ဌီသို့ရောက်မှ ရုပ်ကိုဖြစ်စေခြင်းအကြောင်း

ဥတု၊သြဇာတို့သည် ပစ္စာဇောတစသောပစ္စည်းတို့၏ အထောက်အပံ့ကိုရသည်ဖြစ်၍ ဌီခဏ၌သာလျှင် အားရှိသည်၏အဖြစ်ကြောင့် ဌီသို့ရောက်မှသာ ရုပ်ကိုဖြစ်စေနိုင်ပါသည်။

ဟဒယနှင့် ဣန္ဒြိယတို့ ကံကြောင့်ဖြစ်ရခြင်းအကြောင်း

ဟဒယနှင့် ဣန္ဒြိယရုပ်တို့သည် ကံကြောင့်သာလျှင် ဖြစ်သည်၏အဖြစ်ကြောင့် ဇနကမ္မဇရုပ် ဖြစ်ပါသည်။(ဝါ)ကံကြောင့်သာလျှင် ဖြစ်ပါသည်။

လဟုတာဒီတ္တယ ကံကြောင့်မဖြစ်ခြင်းအကြောင်း

ပစ္ဆုပ္ပန်ဖြစ်သောအကြောင်းကို ငဲ့သည်၏အဖြစ်ကြောင့် လဟုတာစသောရုပ် ၃-ခု

http://www.dhammadownload.com

အပေါင်းသည် ကံကြောင့်မဖြစ်ပါ။

မှတ်ချက်။ ။ အကယ်၍ လဟုတာစသောရုပ် ၃-ခုအပေါင်းသည် ကံကြောင့်ဖြစ်သည်ဟု ဆိုလျှင် အခါခပ်သိမ်းဖြစ်သည်ဟူသော အဖြစ်သို့ ရောက်ပါသည်။

ရူပကလာပ

ဝစီဝိညတ္တိဒသကံဟုသာ ဆိုရခြင်းအကြောင်း

ဝစီဝိညတ်သည် သဒ္ဒနှင့် မကင်းကောင်းသောကြောင့် ဝစီဝိညတ်ကိုယူသဖြင့် သဒ္ဒကိုလည်း ယူပြီးဖြစ်သောကြောင့် ဝစီဝိညတ္တိသဒ္ဒဒသကံဟု မဆိုဘဲ ဝစီဝိညတ္တိဒသကံဟုသာ ဆိုရပါသည်။

ရူပပဝတ္တိကဏ္ဍမ

သံသေဒဇ ဩပပါတိကတို့အား ဒသက ၇-ပါး ရခြင်းအကြောင်း

ပြည့်စုံသော အာယတနရှိသည်၏အဖြစ်ဖြင့် ၇-ပါးသော ဒသကတို့ကို ရအပ်သောကြောင့် သံသေဒဇ,ဩပပါတိကတို့အား ဒသက ၇-ပါးလုံး ရပါသည်။

ကမ္မာဘိုးလူများ၌ ဘာဝမရှိသော်လည်း ပြည့်စုံသောဣန္ဒြေရှိသည်ဟုဆိုခြင်းအကြောင်း

ကမ္မာဘိုးလူတို့၏ ပဋိသန္ဓေခဏ၌ ဘာဝရုပ်များမရှိသည်မှန်သော်လည်း ၄င်းဘာဝရုပ် ၂-ခုအပေါင်းသည် ပဝတ္တိအခါ၌ ထိုက်သည်အားလျော်စွာ ဧကန်ဖြစ်လတ္တံ့ဖြစ်သောကြောင့် ကာမဘုံ၌ ပြည့်စုံသောဣန္ဒြေရှိသည်ဟု ဆိုရပါသည်။

သုဂတိဩပပါတိကတို့အား စက္ခု သောတ ဃာန-အာယတနများ မချို့ခြင်းအကြောင်း

ကာမသုဂတိဘုံ၌ အာနဘော်ကြီးသော ကံကြောင့်ဖြစ်သော ဩပပါတိကသတ္တဝါတို့အား ဣန္ဒြေချို့တဲ့ခြင်းနှင့် မယှဉ်ခဲ့လေသောကြောင့် စက္ခု,သောတ,ဃာနဣန္ဒြေများ မချို့တဲ့ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

သုဂတိ ဒုဂ္ဂတိဘုံရှိ သံသေဒဇ ဩပပါတိကတို့အား ချို့ကောင်းသောလူ့ဖွေ့ (ကလာပ်စည်း)များ

သုဂတိ သံသေဒဇသတ္တဝါတို့အား စက္ခု,သောတ,ဃာန,ဘာဝကလာပ် ၄-စည်း ချို့ကောင်းပါသည်။သုဂတိဩပပါတိကသတ္တဝါတို့အား ဘာဝဒသကကလာပ် သာ ချို့ကောင်းပါသည်။

ဒုဂ္ဂတိ သံသေဒဇသတ္တဝါတို့အား စက္ခု,သောတ,ဃာန,ဘာဝ ၄-စည်း ချို့ကောင်းပါသည်။

ဒုဂ္ဂတိ ဩပပါတိကသတ္တဝါတို့အား စက္ခု,သောတ,ဘာဝကလာပ် ၃-စည်း ချို့ကောင်းပါသည်။

ဂဗ္ဘသေယျကသတ္တဝါမည်ပုံ

အမိဝမ်း၌ ကိန်းတတ်, ဖြစ်တတ်သောကြောင့်လည်းကောင်း၊ ရူပါရုံစသည်တို့ကို တပ်နှစ်သက်တတ်သောကြောင့်လည်းကောင်း ဂဗ္ဘသေယျကသတ္တဝါ မည်ပါသည်။

ကလလရေကြည်၏ တရားကိုယ်အရ ပမာဏ သဘာဝများ

ဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋိသန္ဓေအခိုက်၌ရသော ကာယဒသကကလာပ်, ဘာဝဒသကကလာပ်,ဝတ္ထုဒသကကလာပ်ဟုဆိုအပ်သော ကလာပ် ၃-စည်းကို ကလလ ရေကြည်ဟု ခေါ်ပါသည်။

ရုပ်အားဖြင့် ရုပ်ပေါင်း ၃၀၊ အကျဉ်းအားဖြင့် အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ကာယဟဒ ရုပ် ၁-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထုရုပ် ၁-ပါးအားဖြင့် ၁၂-ပါးပါဝင်ပါသည်။

ထိုကလလရေကြည်သည် မွေးဖွားစသိုးငယ်၏ သိုးမွေးတစ်ပင်ကိုယူကာ ကြည်လင် သော နှမ်းဆီ၌နှစ်၍ ဆယ်ယူသောအခါ သိုးမွေးအဖျားဖြင့် ငြိကပ်ပါလာ၍တည်သော ဆီပေါက်ပမာဏမျှရှိပါသည်။ သဘာဝအားဖြင့် အလွန်ကြည်လင်ပါသည်။(ဤကား ဋီကာကျော်အလို။)

http://www.dhammadownload.com

ကမ္မဇရုပ်များ ဆက်လက်၍ မဖြစ်ခြင်းအကြောင်း

စုတိစိတ်မှပြန်၍ရသည်ရှိသော် ၁၇-ချက်မြောက်သော ဘဝင်စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်များ ဆက်လက်ဖြစ်ပွားနေလျှင် ဖီဝိတိန္ဒြေပြတ်ခြင်း မဖြစ်နိုင်သောကြောင့် (၀၀) သေခြင်းမဖြစ်နိုင်သောကြောင့် စုတိစိတ်မှပြန်၍ ရသည်ရှိသော် ၁၇-ချက်မြောက်သော ဘဝင်စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်များ မဖြစ်တော့ပါ။

သတ္တဝါများသေရာ၌ ချုပ်သွားသောတရား ၃-ပါး

ရုပ်, နာမ် ဖီဝိတဟူသောအသက်၊ကမ္မဇတေဇောဟူသော ကိုယ်ငွေ့၊ဝိပါက် ဝိညာဏ် ဤတရား ၃-ပါးချုပ်ဆုံးမှ သတ္တဝါများသေသည်ဟု ဆိုရပါသည်။

ကမ္မဇရုပ်ချုပ်ပြီးသော အသေကောင်၌ စိတ္တဇရုပ်နှင့် အာဟာရဇရုပ်တို့ မဖြစ်တော့ခြင်းအကြောင်း

ဖီဝိတိန္ဒြေကင်းသော ဥတုဇရုပ်အစဉ်၌ စိတ္တဇရုပ်,အာဟာရဇရုပ်တို့ဖြစ်ခြင်းမရှိခဲ့လေသောကြောင့် ကမ္မဇရုပ်ချုပ်ပြီးသော အသေကောင်၌ စိတ္တဇရုပ်,အာဟာရဇရုပ်တို့ မဖြစ်တော့ပါ။

ရူပဘုံ၌ ဘာဝရုပ် ၂-ခု မရခြင်းအကြောင်း

ဘာဝရုပ် ၂-ခုအပေါင်းသည် အားကြီးထူထဲသော ကာမရာဂကိုမှီ၍ဖြစ်သည်၏ အဖြစ်ကြောင့် ဗြဟ္မာတို့အား ထိုအားကြီးထူထဲသော ကာမရာဂမရှိခဲ့လေသောကြောင့် ရူပဗြဟ္မာတို့အား ဘာဝရုပ် ၂-ခုမဖြစ်ပါ။

ရူပဗြဟ္မာတို့အား အာဟာရဇကလာပ် မရခြင်းအကြောင်း

ရူပဗြဟ္မာတို့အား မျိုအပ်,စားသောက်အပ်သော(ဗဟိဒ္ဓ)အာဟာရ မရှိသောကြောင့် ရူပဗြဟ္မာကိုယ်၌တည်သော အဏုတ္တာဟာရ၏လည်း ရုပ်ကို မဖြစ်စေနိုင်ခဲ့လေသောကြောင့် ရူပဗြဟ္မာတို့အား အာဟာရဇကလာပ်ကို မရပါ။

http://www.dhammadownload.com

ဗြဟ္မာတို့ စုတေသောအခါ အသေကောင်မကျွန်ခြင်းအကြောင်း

စုတေသောအခါ ရူပဗြဟ္မာတို့၏ ကိုယ်ကောင်ကို ပစ်ချခြင်းမရှိခဲ့လေသောကြောင့် အသည်းသတ်မှကြွင်းသော ရူပဗြဟ္မာတို့အား ကမ္မဇ,စိတ္တဇ,ဥတုဇရုပ်တို့သည်လည်း ကောင်း၊ အသည်းသတ်ဗြဟ္မာတို့အား ကမ္မဇ,ဥတုဇရုပ်တို့သည်လည်းကောင်း၊စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ပါသည်။ အသေကောင် မကျွန်ရစ်တော့ပါ။

နိဗ္ဗာန်ကိုပြခြင်း

စတုမဂ္ဂဉာဏ်ဖြင့် သစ္စိကာတဗ္ဗံပါဠိဖြင့်ပြသော အဓိပ္ပါယ်

စတုမဂ္ဂဉာဏ်ဖြင့် သစ္ဆိကာတဗ္ဗံ-ဟူသောပါဠိဖြင့် နိဗ္ဗာန်ကို ထိုထိုအရိယာ ပုဂ္ဂိုလ်တို့၏ ပစ္စက္ခသိဒ္ဓိအားဖြင့် မျက်မှောက်ထင်ထင်သိမြင်သည်၏အဖြစ်ကို ပြပါသည်။

မဂ္ဂဖလာနုမာဂမ္မဏာဘူတံပါဠိဖြင့်ပြသော အဓိပ္ပါယ်

မဂ္ဂဖလာနုမာဂမ္မဏာဘူတံ-ဟူသောပါဠိဖြင့် နိဗ္ဗာန်ကို ထိုထိုကလျာဏပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့၏ အနုမာနသိဒ္ဓိအားဖြင့် မှန်းဆ၍ သိမြင်သည်၏အဖြစ်ကို ပြပါသည်။

သိဒ္ဓိ ၂-ပါးကို ပြရခြင်းအကျိုး

ထိုသို့ ပစ္စက္ခသိဒ္ဓိ,အနုမာနသိဒ္ဓိ ၂-ပါးကို ပြဆိုလိုက်သဖြင့် ရာဂစသည်တို့၏ မရှိခြင်းမျှသည် (မဖြစ်ခြင်းမျှသည်) နိဗ္ဗာန်မည်၏ဟု ဖောက်ပြန်သောမိစ္ဆာဉာဏ်ဖြင့် သိကုန်သော ပုဂ္ဂိုလ်တို့၏ မိစ္ဆာအယူကို တားမြစ်ရခြင်းအကျိုးရှိပါသည်။

နိဗ္ဗာန်၏

သုညတ,အနိမိတ္တ,အပ္ပဏိဟိတမည်ခြင်းအကြောင်း

အာရုံအားဖြင့်လည်းကောင်း၊ သမ္မယောဂအားဖြင့်လည်းကောင်း ရာဂ,ဒေါသ, မောဟတို့မှ ဆိတ်သည်၏အဖြစ်ကြောင့် နိဗ္ဗာန်သည် သုညတ မည်ပါသည်။

ရာဂ-အစရှိသည်တို့၏ နိစ္စ,ဓုဝစသော နိမိတ်တို့မှ ကင်းသည်၏အဖြစ်ကြောင့် နိဗ္ဗာန်သည် အနိမိတ္တ မည်ပါသည်။

ရာဂ-အစရှိသည်တို့၏ တောင့်တအပ်သော အာရုံမှကင်းသည်၏အဖြစ်ကြောင့်

http://www.dhammadownload.com

နိဗ္ဗာန်သည် အပွဏိဟိတ မည်ပါသည်။

တစ်နည်း… အလုံးစုံသောသခါရတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် သုညတနိဗ္ဗာန် မည်ပါသည်။

အလုံးစုံသောသခါရတို့၏ နိမိတ်၏ မရှိခြင်းကြောင့် အနိမိတ္တနိဗ္ဗာန် မည်ပါသည်။

တဏှာဟုဆိုအပ်သော တောင့်တခြင်းမရှိသောကြောင့် အပွဏိဟိတနိဗ္ဗာန် မည်ပါသည်။

ရုပ်ပိုင်း ဦးကာကျော်အဓိပ္ပါယ်ပြီးပြီ။

* * * * *

စနစ်သစ် ပထမလတ်တန်းအတွက်

ဦးကာကျော်အလယ် ၅-ပိုင်း အဓိပ္ပါယ်ကောက်နုတ်ချက် ကျွတ်ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

နိဂုံးနှင့် ဆုတောင်းဂါထာ

၁။ ဇာတေန ပြဿတိုက်ဂါမေ၊
မေ တေဇောတိ ဘိဓာနေန။
ကတော သင်္ဂီဟဝေါဟာရော၊
နိဋ္ဌိတော တံ ဝိစာရေန္တူ။

၂။ ဣမိနာ ပုညကမ္မေန၊
ဘဝေယျံ ဇာတိ ဇာတိယံ။
ပညာဒိက ဂုဏောပေတော၊
ခေမံ ပပ္ပေါမိ အန္တိမေ။

၁။ ပြဿတိုက်ဂါမေ၊ ရှုဖွယ်ရစ်သိုင်း ရန်ကုန်တိုင်းတွင် သမိုင်းမချို့ တွံတေးမြို့၏ နှစ်လိုဖွယ်ခင်း မြို့နယ်တွင်းဝယ် ရှုခင်းသာယာ ပြဿတိုက်ရွာ၌။ **ဇာတေန**၊ ပုဗ္ဗေကတ ရှေးပုညကြောင့် ဗီဇသန္ဓေ ဆယ်လနေ၍ နှစ်ရေတွက်စစ် တစ်ထောင့်နှစ်ရာ ခုနှစ်ဆယ့် နှစ်ခုနှစ်တွင် ရာသီမိဿ တန်ခူးလဝယ် ဆန်းထ၊ဆယ်ရက် စနေဖက်၍ နံနက်တစ်လီ ရှစ်နာရီ၌ ခါမှီပေါ်ပေါက် ဖွားမြင်ခြင်းသို့ရောက်သော။ **တေဇောတိ ဘိဓာနေန**၊တေဇဟူ၍ ဘွဲ့တော်ထင်ဘိ အမည်ရှိသော။ **မေ-မယာ**၊ ရုပ်၊နာမ်နှစ်ဝ သခ်ါရကို **ခန္ဓသမုတ်** အကျွန်ုပ်သည်။ **ကတော**၊ သင်ယူ၍ ဉာလာ နည်းဖြာဖြာနှင့် ဦကာကျမ်းလာ ဝတ္ထုနာကို မှီးကာဥဏ်ယှဉ် ပြုစီရင်အပ်သော။ **သင်္ဂီဟဝေါဟာရော**၊ စိတ်ဝယ်နိစ္စ မှတ်ဆောင်ရမည့် နာမမည်ဆန်း **"ကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်း"**သည်။ **နိဋ္ဌိတော**၊ တစ်ထောင့်သုံးရာ လေးဆယ့်ကိုးခု နှစ်အစုတွင် ဥတုရွှန်းစို လဝါဆို၏ ပိုမိုစွန်းထွက် ခုနစ်ရက်ဝယ် နှောက်ယှက်လွတ်ကင်း ဘယာရှင်း၍ ပြီးဆုံးခြင်းသို့ ရောက်ပြီ။ **တံ ဂန္ထံ**၊ သညာမည်ဆန်း ထိုကိုင်းကုန်းသင်္ဂြိဟ်ဆိုရိုးကျမ်းကို။ **သုတကာမာ**၊ သုတပြည့်လို စာသင်ဖျိုတို့သည်။ **ဝိစာရေန္တူ**၊ ဉာဏ်သမ္ဖဒ္ဓေ သတိယှဉ်လျက် ကြည့်ရှုဆင်ခြင်ကြစေကုန်သတည်း။

http://www.dhammadownload.com

၂။ ဣဓမိနာ ပုညကမ္မေန၊ ဗုဒ္ဓညာနံလတ် ဘိဓမ္မာမြတ်၌ ခဲရပ်မတွယ် ကူးမြောက်လွယ်အောင် စိတ်ဝယ်ကြံဆ ပြုစုရသော သဒ္ဓါရွှန်းစို ဤကုသိုလ်ကြောင့်။ စာတိစာတိယံ၊ ဖြစ်လေရာရာ သံသရာဒီလှိုင်း ဘဝတိုင်း ဘဝတိုင်း၌။ ပညာဒီကဝုဏ္ဏောပေတော၊ ဉာဏ်ပညာထူး အစကျူးသည့် ကျေးဇူးဂုဏ်အင် ပြည့်စုံလင်သည်။ ဘဝေယျံ၊ ပညာကြီးဘိ သာရိပုတြ ဆေရမဟာ ရဟန္တာသို့ ပမာတူစွာ ဖြစ်ရပါလို၏။ အန္ဓိမေ၊ ပါရမီပြည့်စုံ အဓိဂ်ကုန်၍ ကျွတ်တုံကာလ ဆုံးဘဝ၌။ ခေမံ၊ အို,နာ,သေရေး ဒုက္ခဘေးတို့ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်သို့။ ပပ္ပေါမိ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် အသိမြန်လျက် စကန်မုချ ရောက်ရပါလို၏။

* * * * *

http://www.dhammadownload.com

မှီငြမ်းပြု ကျမ်းများ

၁။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ

၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ

၃။ ဋီကာကျော်ပါဠိ

၄။ နေရင်းမူ-ဋီကာကျော်နိဿယ

၅။ မေဒိနီ-ဋီကာကျော်နိဿယ

၆။ မဏိသာရမဉ္ဇူသာဋီကာ (ပ-ဒု)

၇။ ပရမတ္ထသရုပ အနုဝတ္ထုနှဲကျမ်း (ပ-ဒု-တ)

၈။ အဘိဓမ္မတ္ထဒီပကကျမ်း (ပ-ဒု)

၉။ အဋ္ဌသာလိနီ အဋ္ဌကထာ

၁၀။ မစိုးရိမ်ဋီကာကျော်အဖြေ

၁၁။ အခြေပြုသင်္ကြိုဟ်

၁၂။ သင်္ကြိုဟ်ဘာသာဋီကာ

၁၃။ သင်္ကြိုဟ်သရုပ်ဆန်း

၁၄။ ဋီကာကျော် မြန်မာပြန် (ပ-ဒု-တ)

၁၅။ အဘိဓမ္မတ္ထဂုဠတ္ထဒီပနီကျမ်း (ပ-ဒု-တ)